# ခရစ်ယာန်အမှုထမ်းရွက်ခြင်း

Ellen G. White ရေးသားသော  Christian Service စာအုပ်ကို
သိက္ခာတော်ရဦးဖစ်တာရွှေကမြန်မာမှုပြုသည်။

(အသင်းတော်တွင်းကန့်သတ်)

## မာတိကာ


၁။ အမှုတော်ဆောင်ရန် သင့်အား ဘုရားသခင်ဖိတ်ခေါ်နေခြင်း---၁

၂။ ပျိုရွယ်မောင်မယ်တို့အား ဖိတ်ခေါ်နေခြင်း---------------၄၁

၃။ ဘုရားသခင်၏လူတို့အတွင်းရှိ အခြေအနေများ-----------၅၀

၄။ ခရစ်ယာန်အမှုတော်ဆောင်တို့ရင်ဆိုင်ကြရမည့် လောကအရာများ-----------------------------၇၇

၅။ သင်တန်းစခန်းတစ်ခုဖြစ်သောအသင်းတော်--------------၉၁

၆။ သင်တန်းကျောင်းတက်နေစဉ် ကျောင်းသားများသာသနာပြု အလုပ်လုပ်ကြရန်----------------------------------၁၀၁

၇။ ဓမ္မဆရာများနှင့်သာမန်အသင်းသားများပူးတွဲလုပ်ဆောင် ကြရန်-------------------------------------၁၀၆

၈။ ခရစ်ယာန်အင်အားစုများကိုဖွဲ့စည်းတည်ဆောက်ခြင်း------၁၁၄

၉။ နိုးထစေရန်ခေါ်ယူခြင်း----------------------------၁၂၁

၁၀။ နည်းစနစ်များ-----------------------------------၁၈၅

၁၁။ ဆေးဖက်ဆိုင်ရာသာသနာပြုအလုပ်--------------------၂၁၈

၁၂။ ကျမ်းစာအလိုတော်အတိုင်း ဧဝံဂေလိဟောပြောခြင်း--------၂၃၃

၁၃။ ခရစ်ယာန်စာပေသာသနာ-------------------------၂၄၀

၁၄။ ဘာသာရေးလွတ်လပ်မှု--------------------------၂၅၇

၁၅။ ကောက်လှိုင်းများရိတ်သိမ်းခြင်း----------------------၂၇၈

၁၆။ အသင်းတော်တိုးချဲ့ရေးလှုပ်ရှားမှု--------------------၂၉၇

၁၇။ ခရစ်ယာန်များ၏မစကူညီခြင်းလုပ်ငန်း----------------၃၁၁

၁၈။ ခရစ်ယာန်ဝတ်ပြုခြင်းကို ထောက်ကူသောစခန်းသွင်း စည်းဝေးပွဲများ-----------------------------၃၂၃

# မာတိကာ


၁၉။ ပြည်တွင်းပြည်ပသာသနာနယ်မြေ------------------၃၃၁

၂၀။ ငွေကြေးရတတ်သူ၊ ဩဇာရှိသူများထံသို့
လှမ်းရောက်ရှိခြင်း----------------------------၃၃၆

၂၁။ အိမ်ထောင်မိသားစုသည် သာသနာပြုစခန်းတစ်ခု---------၃၄၂

၂၂။ ဆုတောင်းခြင်းနှင့်မစ်ရှင်အစည်းအဝေး---------------၃၅၀

၂၃။ သာသနာပြုလုပ်ငန်းဆိုင်ရာလမ်းကြောင်းများ------------၃၅၆

၂၄။ ခရစ်ယာန်အမှုတော်ဆောင်အောင်မြင်ရေးအတွက်
အရည်အချင်းများ----------------------------၃၆၉

၂၅။ သန့်ရှင်းသောဝိညာဉ်တော်----------------------၄၁၇

၂၆။ အောင်မြင်ခြင်းစိတ်ချရမှု-----------------------၄၂၈

၂၇။ အမှုတော်မြတ်၌ပါဝင်ခြင်းအတွက် အကျိုးရခြင်း---------၄၄၃

# ဥပဒေသ

အယ်လင်ဂျီဝိုက် E.G. White ၏စာပေများတွင် အသက်ဝိညာဉ် ရှာဖွေရိတ်သိမ်းရေးအတွက် လိုအပ်သော၊ အရေးကြီးသောနည်းစနစ်များနှင့် ကြိုးစားမှု၏ရလဒ်များအတွက် အကြံကောင်းများနှင့်နည်းစနစ်များ အထူးပါရှိပါသည်။ ယခုသင်ဖတ်နေသောစာအုပ်မှာ သက်သေခံချက်စာစောင်များမှ အချက်များကို စုစည်းပေးထားပါသည်။ သို့ဖြစ်၍ ပင်ပန်းစရာမလိုဘဲ ခရစ်ယာန် အလုပ်အကျွေးပြုဝန်ဆောင်မှုစွယ်စုံကျမ်းတစ်အုပ်ကဲ့သို့ ဤစာအုပ်ကို အကျိုး ရှိစွာအသုံးပြုသွားနိုင်ပါသည်။

အခြားစာအုပ်များစွာမှ ရွေးချယ်ထားသည့်မှိုင်ငြမ်းချက်များကိုလည်း စာရေးဆရာက သင့်လျော်သလိုဖော်ပြပေးထားပါသည်။ သို့ဖြစ်၍ ဤစာအုပ်သည် အသင်းတော်လုပ်ငန်းအမျိုးပေါင်းစုံ၌ အကျွမ်းဝင်သောဓမ္မဝန်ဆောင်များနှင့်အသင်းတော်ခေါင်းဆောင်ကြီးများတို့အတွက် အကျိုးဖြစ်စေမည်ဟု ကျွန်ုပ်တို့ယုံကြည်ပါသည်။ အသက်ဝိညာဉ်အောင်နိုင်သူကြီးအရှင်သခင်၏ စိတ်သဘောကို မြတ်နိုးသူတိုင်းသည်လည်း ဤစာအုပ်ကိုမြတ်နိုးကြပါလိမ့်မည်။

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် ကမ္ဘာ့သာသနာဌာနချုပ်ရှိ အိမ်တွင်းသာသနာဌာနကို များစွာကျေးဇူးတင်ရှိပါသည်။ ဤစာအုပ်တွင် မူရင်းအချက်အလက်များပါဝင်သလို အခြားခရစ်ယာန်ဓမ္မဝန်ဆောင်တို့၏တန်ဖိုးရှိအတွေ့အကြုံများနှင့် ဖွဲ့စည်းထားသောသတင်းအချက်အလက်များကိုလည်း ပေါင်းစပ်ထည့်သွင်းထားပါသည်။ ထိုသူတို့၏အကြံပေးချက်များသည် ဤစာအုပ်၏ အရည်အသွေးကို ပြောင်မြောက်စေပါသည်။

ကျွန်ုပ်တို့သည် ဤစာအုပ်ကို အသက်ဝိညာဉ်အောင်နိုင်ရေးသိပ္ပံပညာအတွက် အဓိကမှိုင်ငြမ်းစရာစာအုပ်တစ်အုပ်အဖြစ် ဖတ်ရှုလေ့လာကြပါရန် လှိုက်လှဲစွာတိုက်တွန်းနှိုးဆော်ပါသည်။

ဥပုသ်စာဖြေကျောင်းနှင့်တစ်ဦးချင်းသာသနာဌာန
ကမ္ဘာ့ဌာနချုပ်

## အခန်း (၁)
## အမှုတော်ဆောင်ရန်သင့်အားဘုရားသခင်ဖိတ်ခေါ်နေခြင်း

လူအင်အားအပေါ်မှီခိုနေ

ထာဝရဘုရားသခင်သည် ကျရှုံးခြင်းမရှိသေးဘူးသောကောင်းကင်တမန်များကို မိမိ၏ကိုယ်စားလှယ်တော်များအဖြစ် လူသားတို့ထဲတွင် အမှုတော်ဆောင်ရန် မရွေးချယ်ခဲ့ပါ။ ကယ်တင်ခြင်းကိုရှာဖွေနေကြသူများနှင့်အတူ စိတ်ဓာတ်အဟုန်အားကြီးသူ လူသားများကိုသာ ရွေးချယ်ခဲ့ပါ၏။ လူသားများဆီသို့လက်လှမ်းရောက်ရန် ခရစ်တော်သည် လူသားဇာတိကို ခံယူခဲ့ပါသည်။ ဤလောကကမ္ဘာကြီးသို့ ကယ်တင်ခြင်းဆောင်ယူပေးရန် ဘုရားသခင်ဖြစ်သော လူသားကယ်တင်ရှင်ကို လိုအပ်သည်။ ထို့ကြောင့် "စစ်၍မကုန်နိုင်သော ခရစ်တော်၏ကြွယ်ဝပြည့်စုံခြင်း" (ဧဖက် ၃း၈) ၏အကြောင်းကို သိမြင်ခံစားနိုင်ကြရန် မြင့်မြတ်သောတာဝန်ကို လူသားတို့၏လက်ဝယ် အပ်နှံထားရခြင်းဖြစ်ပါသည်။ (ChS 7.1)

ဤကြည်နူးစရာမြင်ကွင်းကို အာရုံခံကြည့်ပါ။ ကောင်းကင်ဘုံ၏ဘုန်းတန်ခိုးတော်ကို ရွေးချယ်ခန့်အပ်ထားပြီးဖြစ်သောတပည့်တော်တစ်ဆယ့်နှစ်ပါးက ဝန်းရံထားပါသည်။ ကိုယ်တော်သည် ထိုသူတို့အား အလုပ်ကိုခွဲဝေပေးတော့မည်။ သူတို့သည် သာမန်အားနည်းသူများပင်ဖြစ်ကြသော်လည်း ကိုယ်တော်၏နှုတ်ထွက်စကားနှင့် ဝိညာဉ်တော်အားဖြင့် လူအပေါင်းတို့ထံသို့ ကယ်တင်ခြင်းသတင်းစကားရောက်ရှိစေရန် ဘုရားသခင်သည် ထိုသူတို့အား ပုံစံသွင်းထားနှင့်လေပြီ။ (ChS 7.2)

"ယခုမှာယုပ္ပေမြို့သို့လူကိုစေလွှတ်၍ ပေတရုအမည်သစ်ကိုရသော ရှိမုန်ကိုခေါ်ပင့်လော့" ဤသို့ဖြင့် ဘုရားသခင်သည် မိမိ၏ဖွဲ့စည်းထားပြီးဖြစ်သောအသင်းတော်နှင့် ဧဝံဂေလိသာသနာတော်အတွက် ဂရုစိုက်သည်မှာ ထင်ရှားပါသည်။ စစ်သူကြီးကော်နေလိအား လက်ဝါးကပ်တိုင်တော်အကြောင်းပြောပြပေးရန် ကောင်းကင်တမန်သည် စေခိုင်းခြင်းမခံရ။ တပ်မှူးကိုယ်တိုင်

ကဲ့သို့ပင် လူသားအားအင်ချည့်နဲ့ခြင်းနှင့် သွေးဆောင်ဖြားယောင်းခံရခြင်းဖြင့် ယိမ်းယိုင်တတ်သောလူသားအချင်းချင်းသည် ထိုကယ်တင်ရှင်၏အသေခံခြင်းနှင့်ရှင်ပြန်ထမြောက်ခြင်းအကြောင်းကို ပြောခွင့်ရပါသည်။ (ChS 7.3)

ဖိလိပ္ပုထံသို့စေလွှတ်ခဲ့သောကောင်းကင်တမန်သည် အဲသယောပိအမတ်ကြီးအတွက် အမှုတော်ကိုမိမိကိုယ်တိုင်ပြီးစီးအောင်လုပ်နိုင်ပါသည်။ သို့သော် ဤသည်ကား ထာဝရဘုရားသခင်ပြုတော်မူသောလမ်းစဉ်မဟုတ်။ လူသားအပေါင်းအသင်းများအတွက် လူသားသာလျှင် အမှုဆောင်ရမည်မှာ ဘုရားသခင်အကြံအစည်တော်ဖြစ်ပါသည်။

ဆက်လက်၍ တမန်တော်ကြီးပြောသည်မှာ "တန်ခိုးတော်၏ဂုဏ်အသရေသည် ငါတို့နှင့်မဆိုင်၊ ဘုရားသခင်နှင့်ဆိုင်မည်အကြောင်း၊ ထိုဘဏ္ဍာသည် မြေအိုးထဲမှာထည့်ထားလျက် ငါတို့၌ရှိ၏" ဟူ၍ဖြစ်သည်။ အမှန်အားဖြင့် ဘုရားသခင်သည် မိမိ၏သတင်းကောင်းကို အပြစ်မဲ့သောကောင်းကင်တမန်များကိုအသုံးပြုနိုင်သည်။ သို့သော်လည်း ကိုယ်တော်၏အကြံအစည်တော်မဟုတ်။ အားနည်းခြင်းနှင့် မျက်စိလည်နေသောလူသားကိုသာလျှင် ကိုယ်တော်ပုံစံချထားသောအမှုတော်မြတ်အထဲ၌ တန်ဆာပလာများအဖြစ်ရွေးကောက်အသုံးပြုတော်မူသည်။ ဘုရားသခင်သည် အဖိုးအနဂ္ဃထိုက်တန်သောရတနာကို မြေအိုးအထဲမှာ ထည့်ထားလိုက်ပါသည်။ လူသားများမှတစ်ဆင့် ဘုရားသခင်သည် မိမိ၏ကောင်းချီးမင်္ဂလာများကို လောကကြီးသို့ပို့ပေးနေပါသည်။ လူသားအားဖြင့်သာလျှင် ဘုန်းတော်ရောက်ခြည်သည် အပြစ်တရားအမှောင်ထုထဲသို့ ထိုးဖောက်ထွန်းလင်းစေရန်ဖြစ်ပါသည်။ မေတ္တာတော်သာသနာ၌ ထိုသူတို့သည် အပြစ်သားများနှင့်ဆင်းရဲသားများကိုတွေ့ဆုံ၍ သူတို့အား ကပ်တိုင်တော်သို့ ပို့ဆောင်ပေးရန်ဖြစ်ပါသည်။ သူတို့ပြုလေသမျှတိုင်း၌လည်း ဘုန်းတော်ထင်ရှားစေခြင်း၊ ချီးမွမ်းခြင်းနှင့်အရာအားလုံးတို့၏အထက်၌ရှိသောဘုရားသခင်ကို ကျေးဇူးတော်ချီးမွမ်းခြင်းရှိစေရန်ဖြစ်ပါသည်။

ကယ်တင်ရှင်သခင်သည် ကောင်းကင်ဘုံသို့တက်ကြွသွားပြီးနောက် ကောင်းကင်ဘုံမှနေ၍ လူသားတို့အတွက် ကြားဝင်ဖျန်ဖြေပေးခြင်းအလုပ်ကို လုပ်ဆောင်ရန်မှာ ကိုယ်တော်၏အကြံအစည်တော်ဖြစ်သည်။ ကိုယ်တော်၏ နောက်လိုက်များသည် ကိုယ်တော်စတင်လုပ်ခဲ့သောအလုပ်ကို ဆက်လက် လုပ်ဆောင်သွားကြလိမ့်မည်။ လူသားကိုယ်စားလှယ်များသည် အမှောင်ထဲ၌ ထိုင်နေကြကုန်သောလူသားချင်းတို့ကို ဧဝံဂေလိသတင်းကောင်းအလင်းရောင် ပေးရန် မလုပ်ဆောင်အပ်သလော။ လူတချို့တို့သည် ကမ္ဘာအဆုံးသို့တိုင် သွား၍ လူအများအတွက် သမ္မာတရားအလင်းသယ်ဆောင်ပို့ပေးလိုစိတ်ရှိကြ ပါ၏။ ဘုရားသခင်သည် သမ္မာတရားသိပြီးသူတိုင်းကို သမ္မာတရားမေတ္တာ နယ်သို့အခြားသူများရောက်ရှိအောင် ရှာဖွေပို့ဆောင်ပေးကြရန် မိန့်ဆိုပါလိမ့် မည်။ ပျက်စီးအံ့ဆဲဆဲရှိသောအသက်ဝိညာဉ်များကို ကယ်တင်နိုင်ရန်အလို့ငှာ ကျွန်ုပ်တို့သည် အထူးအနစ်နာခံဆောင်ရွက်လိုစိတ်မရှိပါက ဘုရားသခင်၏ မြို့တော်ထဲသို့ဝင်ရန် ထိုက်တန်သူဖြစ်ကြပါ့မလား။ (ChS 8.1)

ဉာဏ်ပညာတော်အောက်၌ ထာဝရဘုရားသခင်သည် သမ္မာတရား ရှာမှီးသူများကို သမ္မာတရားသိပြီးသောလူအပေါင်းအသင်းများနှင့် ထိတွေ့မှု ရှိလာ စေရန် ယူဆောင်ပို့ပေးတော်မူ၏။ အလင်းရပြီးသောလူသည် အမှောင် အောက် ၌ရှိနေသေးသောလူများအား အလင်းပေးရမည်မှာ ကောင်းကင်ဘုံရှင်၏ အကြံ အစည်တော်ဖြစ်သည်။ ဉာဏ်ပညာအရင်းအမြစ်ကြီးမှ စွမ်းအင်ဆွဲယူနိုင် သောလူသားသည် ကိုယ်စားလှယ်အမှုပြုနိုင်သောတန်ဆာပလာဖြစ်လာရ၏။ ထိုသူတို့ မှတစ်ဆင့် စိတ်နှလုံးအပေါ်သို့ တန်ခိုးတော်အသွင်ပြောင်းရောက်စေ ရန်သတင်း ကောင်းလေ့ကျင့်မှုရှိလာသည်။ (ယု ၈.၂)

ထာဝရဘုရားသခင်သည် ကျွန်ုပ်တို့၏အကူအညီမပါဘဲနှင့် အပြစ်သား များကို ကယ်တင်လိုက ကယ်တင်နိုင်ပါသည်။ သို့သော်လည်း ကျွန်ုပ်တို့ သည် ခရစ်တော်နည်းတူ အကျင့်စရိုက်ကြီးထွားလာရန် ထိုသခင်၏အမှုတော် မြတ်ကိုမျှဝေဆောင်ရွက်ရပါမည်။ ကိုယ်တော်၏ဝမ်းမြောက်ခြင်းတည်းဟူသော

မိမိကိုယ်ကို ယဇ်တင်လှူပူဇော်မှုကြောင့် ရွေးနုတ်ခြင်းခံရသောအသက်ဝိညာဉ် များကိုမြင်သောဝမ်းမြောက်ခြင်းအထဲသို့ ကျွန်ုပ်တို့လည်းဝင်စားနိုင်ရန် ထိုသခင်၏အသက်ဝိညာဉ်ကယ်ဆယ်ရေးအမှုတော်မြတ်၌ ကျွန်ုပ်တို့ပါဝင်ထမ်းရွက်ကြရမည်။ (ChS 8.3)

ထာဝရဘုရားသခင်သည် ကျရှုံးခြင်းမရှိဘူးသောကောင်းကင်တမန်များကို မိမိ၏ကိုယ်စားလှယ်တော်များအဖြစ် လူသားတို့ထဲတွင် အမှုတော်ဆောင်ရန် မရွေးချယ်ခဲ့ပါ။ ကယ်တင်ခြင်းကိုရှာဖွေနေသောသူများနှင့်အတူစိတ်ဓာအဟုန် အားကြီးသူလူသားများကိုသာ ရွေးချယ်ခဲ့ပါ၏။ လူသားများဆီသို့ လက်လှမ်းရောက်ရန် ခရစ်တော်သည် လူသားဇာတိကိုခံယူခဲ့ပါသည်။ ဤကမ္ဘာကြီးကို ကယ်တင်ရန် ဘုရားဇာတိနှင့်လူဇာတိနှစ်မျိုးစလုံးသည် ပူးတွဲလုပ်ဆောင်ရန် လိုအပ်သည်ဖြစ်သောကြောင့် ဘုရားသခင်သည် လူဖြစ်လာဖို့လိုအပ်ခဲ့သည်။ လူသားသည် ဘုရားသခင်နှင့် လူတို့အကြားဆက်သွယ်ရေးလမ်းကြောင်းကို ထွင်နိုင်သောကြောင့် ဘုရားသခင်သည် လူဖြစ်လာဖို့လိုအပ်ခဲ့သည်။ (ဃ ၈.၄)

ကောင်းကင်တမန်များသည် ကျွန်ုပ်တို့အတူပူးတွဲလုပ်ဆောင်လာကြ ရန် အလွန်စိတ်မရှည်နိုင်လောက်အောင် စောင့်ဆိုင်းနေရသည့်အကြောင်းမှာ လူလူချင်းဆက်သွယ်ရေးလမ်းကြောင်းသည် လူသာလျှင်ဖြစ်သောကြောင့်တည်း။ ကျွန်ုပ်တို့သည် မိမိကိုယ်ကိုခရစ်တော်၌ အကြွင်းမဲ့ဆက်ကပ်အပ်နှံသည်ရှိသော် ကောင်းကင်တမန်များသည် ကျွန်ုပ်တို့၏စကားသံအားဖြင့် ဘုရားသခင်၏မေတ္တာတော်ကို ဖွင့်ဟနိုင်ကြတော့မည်ဖြစ်သောကြောင့် ဝမ်းမြောက်ကြကုန်၏။(ဃ ၉.၁)

ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်အတူတကွ လုပ်ဆောင်ကြရမည်။ အကြောင်းမှာ ကျွန်ုပ်တို့လူသားကိုယ်စားလှယ်မပါဘဲနှင့် ကိုယ်တော်သည် အမှုတော်ကို ပြီးပြည့်စုံလိမ့်မည်မဟုတ်သောကြောင့်ပေတည်း။ (ဃ ၉.၂)

ကျွန်ုပ်တို့တစ်ဦးချင်းစီကိုခေါ်ယူနေခြင်း

ခရစ်ယာန်တိုင်းအတွက် ထူးခြားသောအမှုတော်လုပ်ငန်းတစ်ခုကို ဘုရားသခင်သတ်မှတ်ပေးအပ်ထားပါသည်။ (ChS 9.3)

ဘုရားသခင်သည် ကိုယ်တော်၏စပျစ်ဥယျာဉ်ထဲ အလုပ်ဝင်လုပ် ရန် လူတိုင်းကိုအလိုရှိပါ၏။ သင်သည် သင့်အတွက်ပေးအပ်ထားသော အလုပ်ကို သစ္စာရှိစွာလုပ်ဆောင်ရမည်။ (ဃ ၉.၄)

သင်တို့တစ်ဦးချင်းစီတိုင်းသည် သာသနာပြုများအဖြစ် နေထိုင်ကြမည် ဆိုလျှင် ဤခေတ်ကာလအတွက် သတင်းစကားသည် ကမ္ဘာတစ်ဝန်းရှိ တိုင်းပြည် အနှံ့နေထိုင်ကြကုန်သောလူမျိုးစု၊ ဘာသာစကားအမျိုးမျိုးပြောသူ တိုင်းဆီသို့ အမြန်နှုန်းဖြင့် ကြေညာပြောဆိုပြီးဖြစ်ပေလိမ့်မည်။ (ဃ ၉.၅)

စစ်မှန်သောတပည့်တော်တိုင်းသည် ဘုရားသခင်၏နိုင်ငံတော်အတွက် သာသနာပြုတစ်ဦးအနေဖြင့် မွေးဖွားခြင်းကိုခံရပါသည်။ အသက်ရေကိုသောက် သုံးသောသူမည်သည်ကား အသက်စမ်းရေတစ်ခုဖြစ်လာပါသည်။ ရယူသူသည် ပေးကမ်းသူတစ်ဦးဖြစ်လာသည်။ အသက်ဝိညာဉ်ထဲ၌ရှိသောခရစ်တော်၏ ကျေးဇူးတော်သည် သဲတောကန္တာရထဲက စမ်းချောင်းကဲ့သို့ဖြစ်၍ လူတိုင်းအား လန်းဆန်းအားပြည့်စေသည်။ ပျက်စီးခြင်းသို့ရောက်လုမတတ်ရှိနေကြသူများ အား အသက်ရေကို ပြင်းပြစွာသောက်ချင်စိတ်ဖြစ်လာရန်လည်း လုပ်ဆောင် ပေးသည်။ (ဃ ၉.၆)

ယနေ့အချိန်ကာလအတွက် သမ္မာတရားအသိရှိရန် ဘုရားသခင်လမ်းပြ ပြီးသူ လူတစ်ယောက်ချင်းစီတိုင်းကို အမှုတော်မြတ်၌ ပါဝင်လာကြရန် ကိုယ်တော်မျှော်လင့်နေပါသည်။ လူတိုင်းသည် ရပ်ဝေးမြေခြားနိုင်ငံများသို့ သာသနာ ပြုများအနေဖြင့် မသွားနိုင်ကြပါသော်လည်း မိမိတို့၏မိသားစုဝင်များ နှင့်အနီးပတ်ဝန်းကျင်လူနေရပ်ကွက်များ၌ အိမ်တွင်းသာသနာပြုများအနေဖြင့် လူတိုင်းအမှုဆောင်နိုင်ကြ၏။ (ဃ ၉.၇)

ခရစ်တော်သည် တပည့်တော်များအား စေခိုင်းချက်ကြီးကို ဆင့်ဆိုတော်မူစဉ်အခါ ကိုယ်တော်သည် ကောင်းကင်ပလ္လင်တော်နှင့် ခြေလှမ်းအနည်းငယ်အကွာ၌သာရှိနေပါသည်။ "သင်တို့သည် လောကီနိုင်ငံအရပ်ရပ်ရှိသမျှသို့သွား၍ ဝေနေယျသတ္တဝါအပေါင်းတို့အား ဧဝံဂေလိတရားကို ဟောကြားကြလော့" ဟု သခင်ဘုရားဆင့်ဆိုသောအခါ ယုံကြည်သူများအားလုံးကို ပြောနေပါ၏။ ဘုရားသခင်၏တန်ခိုးတော်သည် ထိုသူတို့နှင့်အတူ လိုက်ပါသွားမည်ဖြစ်ပါသည်။ (ChS 9.8)

ခရစ်တော်ကို အတိအလင်းဝန်ခံပြောဆိုသောသူအယောက်တိုင်းသည် ဝိညာဉ်ရှာဖွေရိတ်သိမ်းခြင်းအလုပ်ကို သက်ဆုံးတိုင်လုပ်ဆောင်သွားရသည်။ ကျွန်ုပ်တို့အား ဘုရားသခင်ပေးထားသောကျေးဇူးတော်ကြောင့်လည်းကောင်း၊ ကျွန်ုပ်တို့အပေါ်၌ ထွန်းလင်းပေးထားသောအလင်းရောင်ကြောင့်လည်းကောင်း၊ သမ္မာတရား၏အလှအပနှင့်တန်ခိုးတော်ကိုရှာတွေ့ခဲ့ရသည့်အတွက်ကြောင့်လည်းကောင်း ကျွန်ုပ်တို့သည် ဤကမ္ဘာကြီးမှာအကြွေးတင်လျက်ရှိနေပါသည်။ (ဃ ၁၀.၁)

နေရာတိုင်းတွင် တစ်ဦးချင်းကြီးပမ်းမှုထက် အဖွဲ့အစည်းများနှင့်လုပ်ဆောင်ခြင်းကို အစားထိုးရန်လိုလားနေကြပါသည်။ လူသားတို့၏ဉာဏ်ပညာသည် ဖွဲ့စည်းခိုင်မာခြင်းရှိစေရန်၊ ဗဟိုဦးစီးချုပ်စနစ်ဖြင့် အုပ်ချုပ်ခြင်းရှိလာရန်၊ အသင်းတော်ကြီးများ အဆောက်အအုံကြီးများတည်ဆောက်ကြရန်ဂရုစိုက်လာကြသည်။ လူအမြောက်အမြားသည် စေတနာအမှုတော်များကို အဖွဲ့အစည်းများနှင့် အသင်းကြီးများထဲမှာ စွန့်ပစ်လွှဲထားလာကြသည်။ လောက နှင့်ထိတွေ့မှုကို သူတို့ကိုယ်သူတို့ခွင့်လွှတ်စရာအကြောင်းရှာလွှဲထားနေကြသော ကြောင့် သူတို့၏နှလုံးသားသည် အေးစက်မာကျောမှုတိုးလာနေပါသည်။ ကိုယ့်အကြောင်းတစ်ခုတည်းတွေးမိနေပြီး ခံစားမှုများကင်းမဲ့လာကြသည်။ ဘုရားသခင်နှင့်လူသားအချင်းချင်းကို ချစ်သောစိတ်သည်လည်းကွယ်ပျောက် ၏။ ခရစ်တော်သည် သူ့နောက်လိုက်တစ်ဦးချင်းတို့၏အမှုတော်ကိုတာဝန်ခံယူသည်။ အခြားလက်ထောက်တို့က တာဝန်ခံမယူနိုင်သည့်အမှုတော်ဖြစ်၏။

ဖျားနာနေသူများနှင့်ဆင်းရဲသားများအား ကူညီမစပေးခြင်း၊ ပျောက်ဆုံးသူများအား သတင်းကောင်းပေးကမ်းခြင်းတို့သည် ကော်မတီလူကြီးများ (သို့မဟုတ်) စေတနာကူညီရေးအသင်းအဖွဲ့များသို့ လုပ်ဆောင်စေရန် လွှဲအပ်ထားရမည်မဟုတ်။ တစ်ဦးချင်းတာဝန်ယူမှု၊ တစ်ဦးချင်းကြိုးပမ်းမှု၊ မိမိကိုယ်ကိုငြင်းပယ်မှုများသည် ဧဝံဂေလိလုပ်ငန်းလိုအပ်ချက်ဖြစ်သည်။ (ဃ ၁၀.၂)

ဘုရားသခင်ထံတော်မှ အလင်းတရားကိုရထားပြီးသူတိုင်းသည် အသက်အလင်းကိုမရသေးသောသူများအား သူတို့၏သွားရာလမ်း၌ အလင်းထွန်းလင်းပေးကြရမည်။ (ဃ ၁၀.၃)

လူတစ်ယောက်စီတိုင်းအတွက် အလုပ်လုပ်ရန် အလုပ်ကိုလျာထားပြီးဖြစ်၍ လူတစ်ယောက်က အခြားလူတစ်ယောက်အတွက် အစားထိုးဝင်လုပ်လို့မရ။ လူတစ်ယောက်စီတိုင်းအားလည်း အရေးကြီးသောအံ့ဖွယ်မစ်ရှင်လုပ်ငန်းတစ်ခုကို ဘုရားသခင်အပ်နှင်းပေးထားတော်မူ၏။ ၎င်းကိုပေါ့ပေါ့ဆဆလျစ်လျူရှု၍ မရနိုင်ပါ။ ဝိညာဉ်တချို့၏ချမ်းသာခြင်းကို ဖြည့်စွမ်းပေးနိုင်သောကြောင့်ပေါ့ဆမျက်ကွယ်ပြုသူသည် သူ့အတွက် ခရစ်တော်အသေခံတော်မူခဲ့ခြင်းကိုလျစ်လျူရှုသည်ဖြစ်၍ သူ၌ဝမ်းနည်းစရာဖြစ်ရ၏။ (ဃ ၁၀.၄)

ကျွန်ုပ်တို့အားလုံးသည် ဘုရားသခင်နှင့်အတူတကွ လုပ်ဆောင်သောသူများဖြစ်ကြသည်။ လူပျင်းတစ်ယောက်တလေကိုမျှ ဘုရားသခင်အစေခံအဖြစ်ကိုယ်တော်အသိအမှတ်မပြု။ အသင်းတော်၏သက်တမ်းရှည်ကြီးပွားအောင်မြင်ခြင်းသည် အသင်းသားများ၏အလုပ်ပြီးစီးမှုအကြောင်းနှင့် ပတ်သက်နေသည်ဖြစ်၍ အသင်းသူ/အသင်းသားများအားလုံးက ကိုယ်စီကိုယ်ငသဘောပေါက်ထားကြရမည်။ (ဃ ၁၀.၅)

ခရစ်တော်ကယ်ဆယ်ထားတော်မူခဲ့သောလူတိုင်းသည် ပျောက်ဆုံးသောသူများကယ်တင်ခြင်းရစေရန် ကိုယ်တော်၏နာမ၌ အမှုဆောင်ရွက်ဖို့ခေါ်ယူခြင်းကိုခံကြရမည်။ ဤအမှုတော်ကို အစ္စရေးနိုင်ငံသည် လျစ်လျူရှုနေသည်။ ယနေ့ခရစ်တော်၏နောက်လိုက်များပါဟု အတိအလင်းကြေညာနေကြသောသူများသည် ယင်းအမှုတော်ကိုအလေးမထားပေါ့ပေါ့ဆဆနေကြရမည်မဟုတ်။ (ဃ ၁၀.၆)

လူတိုင်းအတွက် လုပ်စရာအလုပ်တစ်ခုရှိပါသည်။ သမ္မာတရားကို ယုံကြည်သူတိုင်းသည် မိမိရှိရာနေရာမှနေ၍ "အကျွန်ုပ်ရှိပါ၏၊ အကျွန်ုပ်ကို စေလွှတ်တော်မူပါ" ဟု တုံ့ပြန်ပြောဆိုရမည်။ (ဟေရှာယ ၆း၈)။ (ဃ ၁၀.၇)

ကျွန်ုပ်တို့၏သခင်ယေရှုခရစ်တော်ကြွလာတော်မူမည်ကို မျှော်လင့်စောင့်စားနေရုံမျှသာမက ကိုယ်တော်ကြွလာတော်မူခြင်း၌ အပူတပြင်းလုပ်ဆောင်နေရန်မှာ ခရစ်ယာန်တိုင်း၏အထူးအခွင့်အရေးဖြစ်သည်။ (ဃ ၁၁.၁)

ဘုရားသခင်၏သားသမီးတစ်ဦးသည် ယခုအချိန်မှစ၍ ဤကမ္ဘာလောကကြီးကိုကယ်တင်ရန် သံကြိုးကွင်းဆက်တစ်ခုအနေဖြင့် မိမိကိုယ်မိမိ ကြည့်မြင်ရမည်။ တစ်ဖက်တွင် ခရစ်တော်၏မေတ္တာတော်အကြံအစည်နှင့် ချိတ်ဆက်မိပြီး အခြားတစ်ဖက်တွင် ပျောက်သောသူများကိုရှာဖွေကယ်တင်ရန် ကိုယ်တော်နှင့်အတူ ရှေ့ဆက်သွားလာရမည်။ (ဃ ၁၁.၂)

လူတိုင်းသည် တစ်စုံတစ်ရာအလုပ်တစ်ခုခုကို ရှာတွေ့နိုင်သည်။ သခင်ခရစ်တော်အတွက် သူတို့ဝန်ဆောင်အလုပ်လုပ်ရန် နေရာမရှိဟူ၍ မည်သူတစ်ဦးတစ်ယောက်ကမျှ ယူဆမနေရပါ။ ကယ်တင်ရှင်သည် လူသားတစ်ဦးချင်းစီကို ကိုယ်တော်တိုင်မည်သူမည်ဝါဖြစ်ကြောင်း သိတော်မူသည်။ (ဃ ၁၁.၃)

အစေခံပဋိညာဉ်သစ္စာအောက်၌ ထာဝရဘုရားသခင်နှင့်ပေါင်းစည်းထားပြီးသူများသည် ကြီးကျယ်ခမ်းနားသောအသက်ဝိညာဉ်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းထဲတွင် ကိုယ်တော်နှင့်ပူးပေါင်းဆောင်ရွက်ပါမည်ဟု စာချုပ်ချုပ်ဆိုထားပြီးသူများဖြစ်ကြပါ၏။ (ဃ ၁၁.၄)

ရိတ်သိမ်းရန် လယ်ကွင်းသည် အလွန်ကျယ်ပြော၏။ ပုံစံဒီဇိုင်းသည်လည်း အလွန်ကျယ်ပြန့်စုံလင်ပါ၏။ ဆက်ကပ်လုပ်ဆောင်သောနှလုံးသားတိုင်းသည် ဘုရားသခင်တန်ခိုးတော်၏တန်ဆာပလာအဖြစ် အမှုတော်ကိုအားတက်သရောလုပ်ဆောင်ကြလိမ့်မည်။ (ChS 11.5)

လူသည် ဘုရားသခင်၏လက်တော်ထဲက တန်ဆာပလာများဖြစ် သည်။ ကိုယ်တော်၏ကျေးဇူးနှင့်ကရုဏာတော်ရည်ရွယ်ချက်များ ပြီးပြည့်စုံစေရန် စေခိုင်းခြင်းခံကြရသူများဖြစ်သည်။ ပါဝင်လုပ်ဆောင်ရန် အယောက်စီတိုင်းအတွက် နေရာရှိ၏။ လူတိုင်းကိုယ်စီရပြီးသောအလင်းပမာဏအတိုင်း အချိန်နှင့်တပြေးညီဘုရားပေးတာဝန်ကို ထမ်းရွက်ရန် လုံလောက်သောခွန်အားရှိကြပါသည်။ (ဃ ၁၁.၆)

အသင်းတော်တစ်ရပ်လုံး၌ အစေခံအမှုတော်ဆောင်လိုစိတ်ကို လက်ကိုင်ထားကြရန် ဘုရားသခင်သည် ကြာမြင့်စွာကတည်းက စောင့်မျှော်နေခဲ့ပါပြီ။ သို့ဖြစ်လျှင် လူတိုင်းကိုယ်စီသည် မိမိအစွမ်းရှိသည်အတိုင်း သခင့်အတွက် အလုပ်လုပ်လာကြရမည်။ (ဃ ၁၁.၇)

ဘုရားသခင်၏နိုင်ငံတော်အကြောင်းကြေညာရန် တပည့်တော်ဆယ့်နှစ်ယောက်နှင့် ထိုနောက်လူခုနစ်ဆယ်တို့ကို စေလွှတ်တော်မူခဲ့ပြီးသောအခါ ကိုယ်တော်သည် သူတို့အား သင်ကြားပေးပြီးသမျှတို့ကို သူတစ်ပါးတို့အားလည်း သင်ကြားပေးရန် သူတို့၌တာဝန်ရှိကြောင်း ဩဝါဒပေးတော်မူခဲ့သည်။ ကိုယ်တော်သည် အမှုတော်ကြီးတစ်ရပ်လုံး၌ တစ်ဦးချင်းအမှုဆောင်နိုင်ရန်၊ သူတို့အား သွန်သင်ပေးတော်မူခဲ့သည်ဖြစ်ရာ ယုံကြည်သူအရေအတွက် တိုးပွားလာစေရန်နှင့်နောက်ဆုံး၌ မြေကြီးစွန်းအဝေးထိ ရောက်သည့်တိုင်အောင် တိုးချဲ့ဖို့ဩဝါဒပေးတော်မူ၏။ (ဃ ၁၁.၈)

ဤအမှုတော်မြတ်ပြီးပြည့်စုံရေးရှေ့ဆက်သွားရန် တာဝန်ရှိမှုသည် ဘိသိက်ခံလက်တင်ရသင်းအုပ်ဆရာများအပေါ်၌သာလျှင် မူတည်နေသည်မဟုတ်ပါ။ ခရစ်တော်ကိုလက်ခံရပြီးကြသူတိုင်းသည် မိမိ၏အပေါင်းအသင်းဝင်လူများအား ကယ်တင်ရေးအမှုတော်၌ ခေါ်ယူခြင်းခံကြရမည်သာတည်း။ (ဃ ၁၁.၉)

အသင်းတော်၏ဂုဏ်သတင်းအမှန်ကို တိုင်းတာရာတွင် အသင်းတော်၌ အဆင့်မြင့်အတတ်ပညာကျွမ်းကျင်မှုရှိခြင်းအားဖြင့် မဟုတ်၊ အသင်းတော်များ မှတ်တမ်းစာရင်းဝင်ရှိခြင်းအားဖြင့်လည်း မဟုတ်ဘဲ၊ အသင်းတော်သည် အရှင်

သခင်အတွက် အမှန်ဘာလုပ်ပေးနိုင်ခဲ့သည်များနှင့် အသင်းတော်အား စောင့်ထိန်း သူ၊ သစ္စာခံသူအရေအတွက်အားဖြင့် တိုင်းတာသတ်မှတ်ပါသည်။ ကိုယ်တိုင် စိတ်ပါဝင်စားမှု၊ သတိဝီရိယရှိမှုနှင့် တစ်ဦးချင်းစီ၏ကြိုးစား အားထုတ်မှုတို့ သည် တရားဒေသနာဟောချက်များနှင့် အယူဝါဒ ရွတ်ဆိုခြင်းများထက် ပို၍ ခရစ်ယာန်အမှုတော်ကိုပြီးမြောက် စေနိုင်ပါသည်။ (ဃ၃ ၁၂.၁)

အသင်းတော်သည် မည်သည့်နေရာ၌မဆို၊ တည်ထောင်ထားပြီးသည် ရှိသော် အသင်းသူ/အသင်းသားအားလုံးသည် မစ်ရှင်လုပ်ငန်းထဲတွင် နိုးကြား စွာချိတ်ဆက်မိနေရမည်။ အနီးဝန်းကျင်လူနေရပ်ကွက်ရှိ မိသားစုနေအိမ်များ ဆီသို့ အလည်အပတ်သွားရောက်၍ သူတို့၏ဝိညာဉ်ရေးရာအခြေအနေများကို သိထားရမည်။ (ဃ၃ ၁၂.၂)

အသင်းတော်၏အသင်းသားတိုင်းသည် ပြည်ပဒေသများသို့ သာသနာ ပြုသွားရန် စေလွှတ်ခြင်းမခံရကြသော်လည်း ကမ္ဘာကြီးကိုအလင်းပေးသော အမှုတော်မြတ်ကြီး၏လုပ်ငန်းအစိတ်အပိုင်းထဲတွင် လူတိုင်းပါဝင်လုပ်ဆောင် ကြရမည်။ ခရစ်တော်၏သတင်းကောင်းတရားသည် အလွန်အမင်းပျံ့နှံ့လွယ် ၏။ ဘုရားသခင်၏နေ့ရက်ရောက်သောအခါ လူသည် မိမိ၏အတ္တဆန္ဒအပြစ် များခွင့်လွှတ်ခံရစေရန် မည်သူတစ်ဦးတစ်ယောက်မျှဆင်ခြေပေးနိုင်ကြမည် မဟုတ်ပါ။ စိတ်ရှိနေသူတိုင်း လက်ရှိသူတိုင်းအတွက် အလုပ်ရှိပါသည်။ ကွဲပြားခြားနားသောစိတ်နှင့် လိုက်လျောညီအလုပ်များအမျိုးမျိုးအဖုံဖုံရှိသလို အမျိုးမျိုးအထွေထွေစွမ်းဆောင်နိုင်ခြင်းများလည်းရှိပါသည်။ (ဃ၃ ၁၂.၃)

ဘုရားသခင်သည် မြင့်မြတ်သောသမ္မာတရားဖြင့် သင့်အား လမ်းညွှန် ပြပေးထားခဲ့သည်။ ခရစ်တော်သည် အသင်းတော်ရှိ အသင်းသားတိုင်း၌ ကိန်းအောင်းသဖြင့် ထာဝရအသက်အထဲသို့စီးဝင်သောအသက်စမ်းရေတွင်း ဖြစ်စေပါပြီ။ အကယ်၍သာ သင်သည် ထိုသက်စမ်းရေကို သူတစ်ပါးတို့ အား တတ်နိုင်သမျှဝေမျှပေးရန် မကြိုးစားပါလျှင် သင်သည် ဘုရားသခင် ရှေ့တော်၌ အပြစ်ရှိသည်။ (ဃ၃ ၁၂.၄)

ကျွန်ုပ်တို့သည် ခရစ်ယာန်များဖြစ်၍ ခရစ်တော်ထံဝိညာဉ်များစွာအောင်နိုင်ပို့ဆောင်ပေးခြင်းအလုပ်ကို အပုံနှစ်ဆယ်တွင် တစ်ပုံသော်မျှ မလုပ်ဆောင်နိုင်ကြသေးပါ။ ဤကမ္ဘာကြီးကို ကျွန်ုပ်တို့သတိပေးစကားပြောကြရမည်။ စေတနာစိတ်ရင်းကောင်းရှိကြသောခရစ်ယာန်များသည် သစ္စာတည်ခြင်း၌လည်းကောင်း၊ လက်ဝါးကပ်တိုင်ဝန်ထမ်းဆောင်ခြင်း၌လည်းကောင်း၊ တုံ့ဆိုင်းတွေဝေခြင်းမရှိ အားစိုက်လုပ်ဆောင်ခြင်း၌လည်းကောင်း၊ သမ္မာတရားအရေး၌ မယိမ်းမယိုင်သစ္စာမဏ္ဍိုင်တည်ကြည်ခြင်း၌လည်းကောင်း အခြားသူများအား လမ်းပြပေးနိုင်သူ၊ စံနမူနာပြပေးနိုင်သူများဖြစ်ကြရမည်။ ဘုရားသခင့်သတင်းကောင်းတိုးမြှင့်လုပ်ဆောင်ရာတွင်လည်း စွန့်လွှတ်အနစ်နာခံ၍ကြိုးစားလုပ်ဆောင်ကြရမည်။ (ဃ၄ ၁၂.၅)

သမ္မာတရားအလင်းရထားပြီးသူတိုင်းသည် သူ့၌အခွင့်အရေးအတိုင်းအတာတိုး၍ ပိုမိုရလာခဲ့ကြသည်နှင့်အမျှ ဘုရားစကားသံတော်ရောက်၍ ကြားခဲ့ကြသောရှေးခေတ်ဣသရေလပုရောဖက်များကဲ့သို့ တန်းတူတာဝန်ရှိကြပါသည်။ "အချင်းလူသား၊– သင့်ကိုဣသရေလအမျိုးတွင် ကင်းစောင့်အရာ၌ခန့်ထားသောကြောင့် ငါသတိပေးသောစကားကိုနားထောင်၍ သူတို့အားဆင့်ဆိုလော့။" (ယေဇကျေ ၃း၁၇)။ (ဃ၄ ၁၂.၆)

ကျေးဇူးတော်အောက်တွင် ပါဝင်ခံစားရသူအယောက်တိုင်းအား သခင်ဘုရားသည် အခြားသူများအဖို့ အမှုဆောင်ခြင်း၌ ခန့်ထားတော်မူမည်။ ကျွန်ုပ်တို့တစ်ဦးချင်းသည် ရှိရာနေရာ၌ မတ်တတ်ရပ်၍ "အကျွန်ုပ်ရှိပါ၏။ အကျွန်ုပ်ကိုစေလွှတ်တော်မူပါ" ဟုလျှောက်ထားရမည်။ နှုတ်ကပတ်တော်သာသနာပြုသူများအထဲတွင် မစ်ရှင်သူနာပြုဖြစ်စေ၊ ဆရာဝန်ခရစ်ယာန်ဖြစ်စေ၊ တစ်ဦးချင်းခရစ်ယာန်ဖြစ်စေ၊ ကုန်သည်ဖြစ်စေ၊ လယ်သမားဖြစ်စေ၊ အသက်မွေးဝမ်းကျောင်းပညာရှင်ဖြစ်စေ၊ စက်ပြင်ဆရာဖြစ်စေ လူအားလုံးအပေါ်၌ဤတာဝန် ရှိနေပါသည်။ လူအပေါင်းတို့အား ကယ်တင်ခြင်းသတင်းကောင်းတရားဖွင့်ပြ ပေးရန်မှာ ကျွန်ုပ်တို့၏အမှုတော်ဖြစ်သည်။ ကျွန်ုပ်တို့လုပ်ကိုင်နေကြသော

လုပ်ငန်းနေရာတိုင်းတွင် ဤအမှုတော်အဆုံးရောက်သည်အထိရှိရမည်။ (ဃ ၁၃.၁)

အိမ်ရှင်သခင်သည် မိမိ၏အစေခံများကိုခေါ်သောအခါ လူတိုင်းကို အလုပ်တာဝန်ပေးရန်ဖြစ်၏။ ဘုရားသခင်၏မိသားစုဝင်လူအားလုံးသည် ဘုရားသခင်၏ပစ္စည်းများကိုသုံးစွဲရာ၌ တာဝန်ရှိကြပါသည်။ လူတန်းစားမရွေး၊ အယုတ်အလတ်အမြတ်မရွေး၊ အကြီးမြတ်ဆုံးမှသည် အနိမ့်ကျဆုံးလူတိုင်အောင် လူသားတစ်ဦးချင်းစီတိုင်းအား စွမ်းရည်ကိုယ်စီဖြင့် ကိုယ်ကျင့်တရားအရာတစ်ခုကို ပေးအပ်ထားတော်မူပြီးဖြစ်လေရာ၊ နောက်ဆုံးနေ့၌ ထိုသူတို့သည် ဘုရားသခင်ကို သူတို့၏တာဝန်ရှိမှုအကြောင်း အဖြေပေးကြရမည်။ (ဃ ၁၃.၂)

ခရစ်ယာန်အင်အားစုများပေါင်းစည်းမှု

ယုံကြည်ခြင်း၌ရှိကြသူညီအစ်ကိုမောင်နှမအပေါင်းတို့ခင်ဗျား၊ သင်တို့၏စိတ်နှလုံးအထဲမှာ "အကျွန်ုပ်သည် ညီကိုစောင့်ရသောသူဖြစ်ပါသလော" ဆိုတဲ့မေးခွန်းမျိုးပေါ်လာဖူးသလား။ သင်သည် ဘုရားသခင်၏သားသမီးဖြစ်ပါသည်ဟု ကြေညာပြောဆိုလျှင် သင်သည် ညီကိုစောင့်ရသောသူဖြစ်ပါသည်။ ဘုရားသခင်သည် အသင်းတော်အား ကယ်တင်ခြင်းရနိုင်ကြသောသူများ၏အသက်ဝိညာဉ်များအတွက် တာဝန်ရှိမှုပေးအပ်ထားသည်။ (ဃ ၁၃.၃)

ဒုက္ခရောက်သူများ၊ ဝမ်းနည်းကြေကွဲနေသူများနှင့် စုံစမ်းနှောင့်ယှက်ခြင်းခံနေကြရသူများအား အစေခံကူညီပေးနိုင်စွမ်းရှိသောအသင်းတော်ကို တည်ထောင်နိုင်ရန်အလို့ငှါ ကယ်တင်ရှင်သည် မိမိ၏အဖိုးတန်အသက်ကို စွန့်ပေးခဲ့ပါသည်။ ယုံကြည်သူများအုပ်စုသည် ဆင်းရဲသားများ၊ ပညာမတတ်သူများ၊ မကျော်ကြားသူများဖြစ်ကြသော်လည်း ခရစ်တော်၏နာမ၌ မိမိတို့၏နေအိမ်၊ လူနေရပ်ကွက်နှင့် "နယ်ကျော်ဒေသ" များသို့ တိုင်အောင်သူတို့၏အမှုတော်ဆောင်ခြင်းရလဒ်သည် ထာဝရကာလအဆုံးရောက်သည်အထိ ရှိလိမ့်မည်။ (ဃ ၁၃.၄)

အသင်းတော်သည် အားနည်းခြင်းနှင့် အပြစ်အနာအဆာရှိလင့်ကစား ဘုရားသခင်သည် အထွတ်မြတ်ဆုံးအလေးထားအပ်သောအထူးအာရုံကို အသင်းတော်အပေါ်၌ ရည်မှန်းချက်တစ်ရပ်အဖြစ် အပ်နှင်းထားတော်မူခဲ့၏။ စိတ်နှလုံးများကို အသွင်ပြောင်းလဲစေရန် ဘုန်းတန်ခိုးတော်ကို ဖွင့်လှစ်သည်ဖြစ်၍ ကိုယ်တော်နှစ်သက်ကျေနပ်တော်မူရသော ကျေးဇူးတော်ပွဲရုံလည်းဖြစ်ပါသည်။(ဃ ၁၃.၅)

ခရစ်တော်၏စေခိုင်းချက်ကို တစ်ဦးတစ်ယောက်က ဖြည့်စွမ်းပေးရ၏။ နောက်တစ်ဦးတစ်ယောက်ကလည်း မြေကြီးပေါ်၌ ကိုယ်တော်စတင်လုပ်ဆောင်ခဲ့သောအမှုတော်ကို ဆက်လက်သယ်ဆောင်သွားရသည်။ ဤသို့ ဖြင့် အသင်းတော်သည် အထူးအခွင့်အရေးအပ်နှင်းတော်မူခြင်းခံရပါ၏။ ဤရည်ရွယ်ချက်ဖြင့်လည်း အသင်းတော်ကို ဖွဲ့စည်းထားရခြင်းဖြစ်ပါသည်။ ထိုသို့ဆိုလျှင် ဘယ်အတွက်ကြောင့် အသင်းသူ/အသင်းသားများသည် ဤတာဝန်ကိုလက်မခံလိုကြသနည်း။ (ဃ ၁၄.၁)

ဘုရားသခင်သည် အသင်းတော်ကို သူတို့အား ခန့်အပ်ပေးအပ်ထားသောတာဝန်ကို ထမ်းရွက်ကြရန် တောင်းဆိုနေပါ၏။ သူတို့ကိုယ်ပိုင်နယ်မြေတွင် မှန်ကန်စွာပြုပြင်ပြောင်းလဲမှုစံနှုန်းကို ထိန်းသိမ်းပေး၏။ ကွင်းသစ်များဆီသို့ သာသနာထိုးဖောက်ဝင်ရောက်ရန် လေ့ကျင့်ပြီးသောအတွေ့အကြုံရင့်ကျက်သူများအား စေလွှတ်ခဲ့ပါသည်။ (ဃ ၁၄.၂)

သက်သာလောနိတ်မြို့သားယုံကြည်သူတို့သည် စစ်မှန်သောသာသနာပြုများဖြစ်ကြ၏။ သမ္မာတရားတင်ဆက်ပေးခြင်းအားဖြင့် နှလုံးသားများကို အောင်နိုင်ရလိုက်ကြသည်။ ယုံကြည်သူများအရေအတွက်ထဲသို့ အသက်ဝိညာဉ်များစွာတိုးပွားထည့်ပေါင်းရလာသည်။ (ဃ ၁၄.၃)

အသင်းအုပ်စုအဖွဲ့အထဲ၌ တပည့်တော်ဆယ့်နှစ်ပါးအား ပထမအဆင့်ဘိသိက်တင်ဆက်ကပ်ပေးခဲ့သည်မှာ ခရစ်တော်တက်ကြွတော်မူပြီးသည်နောက် တပည့်တော်များသည် မြေကြီးပေါ်၌ ကိုယ်တော်၏အမှုတော်ကို ဆက်လက်လုပ်ဆောင်ကြစေရန်ဖြစ်သည်။ (ဃ ၁၄.၄)

ဘုရားသခင်၏အသင်းတော်သည် အမျိုးမျိုးသောဆုကျေးဇူးကြွယ်ဝစွာဖြင့် သန့်ရှင်းသောဝိညာဉ်တော်ပြည့်ဝသောသန့်ရှင်းသောအသက်နန်းတော်ဖြစ်ပေသည်။ အသင်းသူ/အသင်းသားများသည် သူတို့ကူညီခဲ့၍ ကောင်းချီးခံစားနေကြရသူများ၏ပျော်ရွှင်ခြင်းအထဲမှ ပျော်ရွှင်ခြင်းကို သူတို့ရှာတွေ့နိုင်ကြရပါမည်။ သခင်ဘုရားပုံစံချပေးထားခဲ့သည့်အမှုတော်ကို ကိုယ်တော်၏အသင်းတော်အားဖြင့် ပြီးစီးစေခြင်းအဲ့ဖွယ်ရာသည် နာမတော်ဘုန်းအသရေထင်ရှားစေခြင်းဖြစ်ပါသည်။ (ဃ ၁၄.၅)

ကျွန်ုပ်တို့လုပ်ဆောင်နေသောအမှုတော်သည် ဘုရားသခင်နှုတ်ကပတ်တော်၌ခြင်းကျင်းမြုပ်နှံထားရသည်။ ခရစ်ယာန်အချင်းချင်း၊ အသင်းတော်သည် အသင်းတော်အချင်းချင်းပေါင်းစည်းညီညွတ်ကြရမည်။ လူသားတန်ဆာပလာသည် ဘုရားသခင်နှင့်ပူးပေါင်းလုပ်ဆောင်ခြင်း၊ သခင့်ကိုယ်စားလှယ်တိုင်းသည် သန့်ရှင်းသောဝိညာဉ်တော်၏အုပ်စိုးမှုအောက်၌ရှိခြင်းနှင့် ကျေးဇူးတော်သတင်းစကားကောင်းမြတ်တော်မူကြောင်းကို ကမ္ဘာအနှံ့သိစေရန် လူအားလုံးကပေါင်းစည်းမှုရှိကြရမည်။ (ဃ ၁၄.၆)

ကျွန်ုပ်တို့၏အသင်းတော်များသည် ဝိညာဉ်တော်ထွန်ယက်ခြင်းလုပ်ငန်းမှာကောက်နှံစုသိမ်းရမည်ဟူသောမျှော်လင့်ချက်နှင့် လက်တွဲလုပ်ဆောင်ကြရသည်။ မြေဆီလွှာသည် မာကျောနေမည်ဖြစ်သော်လည်း ပလပ်ကွင်းမြေကိုကြေမွစေ၍ ဖြောင့်မတ်ခြင်းတရားမျိုးစေ့ကိုကြဲရမည်။ ဘုရားသခင်ချစ်တော်မူသောဆရာသမားများတို့ တာဝန်ထမ်းဆောင်ရင်းနှင့် ကြီးထွားလာနေသောအမှုတော်ဆောင်တစ်ဦးဦးကို စွဲချက်တင်ရန်ရှိသည်ဆိုသည့် အတွေးရောက်၍ တုံ့ဆိုင်းမနေလိုက်ကြပါနှင့်။ (ဃ ၁၄.၇)

အသင်းတော်သည် လူတို့ကိုကယ်တင်ရန်အတွက် ဘုရားသခင်ခန့်အပ်ထားသောအေဂျင်စီအဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ ဝတ်ပြုခြင်းအစေတော်ခံရန် ဖွဲ့စည်းထူထောင်ထားသည်ဖြစ်၍ အသင်းတော်၏မစ်ရှင်သည် လောကတစ်ဝန်းလုံးသို့ ဧဝံဂေလိသတင်းစကားသယ်ဆောင်ဟောကြားပေးရန်ဖြစ်သည်။ ဘုရားသခင်၏ပြည့်ဝစုံလင်မှုနှင့် အနန္တတန်ခိုးရှင်ဖြစ်ကြောင်းကို အသင်းတော်

မှတစ်ဆင့် ဤကမ္ဘာလောကသို့ ထင်ဟပ်သိစေရန်မှာ အစအဦးကပင် ဘုရားသခင်၏အကြံအစည်တော်ဖြစ်ပေသည်။ အသင်းတော်၏အသင်းသားတို့သည် သူတို့အား အမှောင်ထဲမှအံ့ဖွယ်အလင်းထဲသို့ ခေါ်သွင်းယူတော်မူခဲ့သော ကိုယ်တော်၏ဘုန်းတော်ရောင်ခြည်ကို ထွန်းတောက်စေရပါလိမ့်မည်။ (ဃ၃ ၁၅.၁)

ယနေ့ကာလအတွက် ဤကြီးမြတ်သောအမှုတော်၏ဩဇာသက်ရောက်မှုနှင့်အမှုတော်ဆောင်ခြင်းကို ကြိုးစားအားထုတ်ယူရန် အလွန်သေးငယ်နေပါသည်ဟူ၍ မည်သည့်အသင်းတော်မျှတွေးမနေရ။ (ဃ၃ ၁၅.၂)

ညီအစ်ကိုတို့၊ အလုပ်လုပ်ကြပါ။ ခမ်းနားသောစခန်းသွင်းအစည်းအဝေးပွဲကြီး (သို့မဟုတ်) ဘုရားသခင်အထူးမျက်နှာသာပေးသောအဖွဲ့ချုပ်ရုံးနှင့်ညီလာခံများတို့သည်သာလျှင်မဟုတ်၊ အတ္တကင်းသောချစ်ခြင်းမေတ္တာဖြင့် အနိမ့်ချဆုံးကြိုးစားလုပ်ဆောင်သူသည် ဘုရားကောင်းချီးမင်္ဂလာသရဖူဆောင်း၍ဆုလာဘ်ကြီးကို လက်ခံရလိမ့်မည်။ သင်တတ်နိုင်သမျှအလုပ်လုပ်ပါ။ ဘုရားသခင်သည် သင့်စွမ်းရည်ကို တိုးစေပါလိမ့်မည်။ (ဃ၃ ၁၅.၃)

## သက်သေများ

ကျွန်ုပ်တို့သည် ခရစ်တော်၏သက်သေများဖြစ်ကြသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့သည် လောကီစည်းစိမ်ခံစားခြင်း၊ အချိန်နှင့်အာရုံခံစားမှုများ၌ နစ်မြောနေရန် ကြံစည်ခြင်းတို့ကို ခွင့်ပြုမည်မဟုတ်ပါ။ (ဃ၃ ၁၅.၄)

"သင်သည် ငါ၏သက်သေဖြစ်သည်ဟု ထာဝရဘုရားသခင်မိန့်တော်မူသည်။ [12]ငါသည် ဗျာဒိတ်ထားနှင့်သည်အတိုင်း ကယ်တင်ပြီ။ ငါဖော်ပြနှင့်ပြီ။ သင်တို့တွင် အခြားတစ်ပါးသောဘုရားသည် ဖော်ပြနှင့်သည်မဟုတ်။ ငါသည် ဘုရားသခင်မှန်ပြီဟု သင်တို့သည် ငါ၏သက်သေဖြစ်ကြ၏။" (ဟေရှာ ၄၃) "[၆–၇]ငါထာဝရဘုရားသည် သင့်ကိုတရားသဖြင့် ခေါ်ထားသည်ဖြစ်၍ လက်ဆွဲလျက် ထောက်မမည်။ သင်သည် ကန်းသောမျက်စိတို့ကို ဖွင့်စိမ့်သောငှာလည်းကောင်း၊ ချုပ်ထားသောသူတို့ကို လွှတ်စိမ့်သောငှာလည်း

ကောင်း၊ မှောင်မိုက်၌နေသောသူတို့ကို အမိုက်ထောင်ထဲက နုတ်ယူစိမ့်သော ငှာလည်းကောင်း၊ သင့်ကိုလူများနှင့်ပဋိညာဉ်ဖွဲ့စရာဖို့၊ လူအမျိုးမျိုးလင်းစရာဖို့ခန့်ထားမည်။" (ဟေရှာ ၄၂) (ဃ ၁၅.၅)

လောကီသားတို့သည် မိစ္ဆာနတ်ဘုရားများကို ဝတ်ပြုကိုးကွယ်နေကြပြီ။ သူတို့သည် မှားယွင်းကိုးကွယ်မှုများမှ ကျောခိုင်းထွက်ခဲ့၍ သူတို့၏နတ်ဘုရားဆင်းတုများကိုလည်း လူသိရှင်ကြားစွန့်လွှတ်ရှုတ်ချကြောင်း ပြောနေရုံသက်သက်မဟုတ်၊ သာ၍ကောင်းသောအရာကို ရှုမြင်မှတ်သားခြင်းရှိကြရမည်ဖြစ်ပါသည်။ ဘုရားသခင်ကောင်းမြတ်တော်မူခြင်းအကြောင်းကို လူအများသိနိုင်ကြရမည်။ "သင်တို့သည် ငါ၏သက်သေများဖြစ်ကြ၏။ ငါသည်လည်း သင်တို့၏ဘုရားသခင်ဖြစ်သည်ဟု ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရားမိန့်တော်မူ၏။" (ဃ ၁၅.၆)

ဘုရားသခင်၏မြို့တော်အတွင်းသို့ ဝင်ရောက်မည့်သူအပေါင်းတို့သည် ဤမြေကြီးပေါ်၌ သူတို့အသက်ရှင်နေသည့်ကာလတစ်လျှောက် သူတို့၏ဆက်သွယ်ဖြေရှင်းမှုများတွင် ခရစ်တော်ကို ဦးထိပ်တင်ထားရှိကြသည်။ ထို့ကြောင့် ထိုသူတို့ကို ခရစ်တော်၏တမန်များ၊ ကိုယ်တော်၏သက်သေခံများဖြစ်ကြသည်ဟူ၍ ပြဌာန်းတော်မူ၏။ ထိုသူတို့သည် ဆိုးညစ်သောအကျင့်အားလုံးမှကင်းသောရှင်းလင်းခိုင်မာစွာသက်သေခံပေးခြင်း၊ ဤလောက၏အပြစ်များကိုဆောင်ယူသွားသောဘုရားသခင်၏သိုးသငယ်ဆီသို့ အပြစ်သားများအားလမ်းညွှန်ပြပေးခြင်းအမှုတို့ကို ပြုကြသည်။ (ဃ ၁၅.၇)

တပည့်တော်တို့သည် ခရစ်တော်၏သက်သေခံများအဖြစ် ကိုယ်တော်၌သူတို့မြင်ရသမျှ၊ ကြားရသမျှတို့ကိုကမ္ဘာသူ/ကမ္ဘာသားတို့အား ကြွေးကြော်ပြောပြရန်ဖြစ်ပါသည်။ သူတို့၏အသင်းရုံးတော်သည် လူသားတို့အမည်နာမအခေါ်အဝေါ်အားဖြင့် အရေးအကြီးဆုံးဖြစ်ပြီး ခရစ်တော်ကိုယ်တိုင်၏နာမနောက်ဒုတိယနေရာတွင်ရှိသည်။ လူသားတို့ကယ်တင်ခြင်းရရှိရေးအတွက် သူတို့သည် ဘုရားသခင်နှင့်တွဲဖက်လုပ်ဆောင်သူများဖြစ်ကြသည်။ (ဃ ၁၆.၁)

ကောင်းကင်ဘုံဆရာသမားပြောသည်မှာ "ငါ၏ဝိညာဉ်တစ်ပါးတည်းသာလျှင် လူကိုသင်ကြားပို့ချပေးနိုင်သောအထူးအစွမ်းရှိသည်ဖြစ်၍ လူကိုအပြစ်ရှိကြောင်း ထင်ရှားသိမြင်စေလိမ့်မည်။ အပြင်ပုံပန်းသဏ္ဌာန်များသည် လူ့စိတ်ကိုခဏမျှသာလွှမ်းမိုးနိုင်၏။ ငါသည် လူ၏ဩတ္တပ္ပစိတ်ထဲ၌ သမ္မာတရားကိုတည်စေမည်။ လူသည် ငါ၏သက်သေများဖြစ်လာကြကာ ကမ္ဘာတစ်လွှားရှိလူတို့၏အချိန်၊ ငွေကြေးနှင့်ဉာဏ်စွမ်းရည်များအပေါ်သို့ ငါ၏ကြေညာချက်ကိုမြဲမြံခိုင်ခံ့စေမည်။" (ဃ ၁၆.၂)

ကိုယ်တော်၏သစ္စာတည်တော်မူခြင်းကို ကျွန်ုပ်တို့ဝန်ခံခြင်းသည် ကမ္ဘာလောကကြီးအား ခရစ်တော်အကြောင်းဖော်ပြပေးရန် ဘုရားသခင်ရွေးချယ်တော်မူသောကိုယ်စားလှယ်အလုပ်လုပ်ခြင်းဖြစ်၏။ ကျွန်ုပ်တို့သည် သန့်ရှင်းသောရှေးဘိုးဘေးကြီးများအားဖြင့် ဘုရားကျေးဇူးတော်ကို သိခွင့်ရခဲ့ကြပါသော်လည်း အထိရောက်ဆုံးသိစေခဲ့သည်မှာ ကျွန်ုပ်တို့၏ကိုယ်ပိုင်အတွေ့အကြုံများကို သက်သေခံခြင်း၌ဖြစ်ပါသည်။ ဘုရားသခင်နှင့်ဆိုင်သောတန်ခိုးတော်တစ်ခု၏လုပ်ဆောင်ခြင်းကို ကျွန်ုပ်တို့၏အသက်တာတွင် ထင်ရှားစေတော်မူပါလျှင် ကျွန်ုပ်တို့သည် ဘုရားသခင်အတွက် သက်သေခံများဖြစ်ကြပါသည်။ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်တိုင်းသည် အခြားသူများအားလုံးနှင့်သိသာခြားနားသောအသက်တာများရှိကြသကဲ့သို့ သူတစ်ပါးနှင့်အခြေခံမတူသောအတွေ့အကြုံတစ်ခုစီလည်း ရှိတတ်ကြပါသည်။ ကျွန်ုပ်တို့ကိုယ်တိုင်တစ်ဦးချင်းစီက အမှတ်ပြုလိုက်သည့်ဘုရားကျေးဇူးတော်ချီးမွမ်းခြင်းသည် ကိုယ်တော်ထံသို့လွင့်တက်ရောက်လာမည်ကို ကိုယ်တော်အလိုတော်ရှိတော်မူပါ၏။ ခရစ်တော်နည်းတူ အသက်ရှင်နေထိုင်သောအခါ ဘုရားသခင့်ကျေးဇူးတော်ဂုဏ်အသရေချီးမွမ်းခြင်းကို အဖိုးထိုက်တန်သည်ဟု သိမှတ်ခြင်းသည် ဝိညာဉ်ကယ်တင်ခြင်းအတွက် အမှုတော်ထဲ၌ တားဆီးမရသောတန်ခိုးတော်ကိုရသည်ဖြစ်၏။ (ဃ ၁၆.၃)

ဘုရားသခင်သည် မိမိ၏သက်သေများကို ကမ္ဘာအနှံ့သို့ကြဲဖြန့်မရောက်ရှိစေဘဲနှင့် မိမိ၏အလိုတော်သိကျွမ်းစေခြင်းနှင့် ကျေးဇူးတော်၏အံ့ဖွယ်

ရာများကို မယုံကြည်သောလောကသားတို့အား ခင်းကျင်းမပြသပေးနိုင်ပါ။ ယေရှုခရစ်အားဖြင့် ဤကြီးမြတ်သောကယ်တင်ခြင်းအမှုတော်ကို ပါဝင်လုပ်ဆောင်သူများသည် သာသနာပြုသူများအဖြစ်လည်းကောင်း၊ ကမ္ဘာတစ်ဝန်းသို့အလင်းပေးသောခန္ဓာကိုယ်များအဖြစ်လည်းကောင်း လူတို့အား ပုဗ္ဗနိမိတ်ဆောင်သောသူ၊ အသက်ရှင်သောဩဝါဒစာစောင်များအဖြစ် လူအားလုံးကိုသိမှတ်ဖတ်ရှုစေခြင်းနှင့် သူတို့၏ယုံကြည်ခြင်း၊ အကျင့်ကျင့်ခြင်းများသည် ကယ်တင်ရှင်ကြွဆင်းလာလုနီးပြီကို သက်သေခံဖြစ်စေခြင်းစသည့်အကြောင်းများသည် ကိုယ်တော်၏အကြံအစည်တော်ဖြစ်သည်။ ထိုသို့သောအားဖြင့် သူတို့သည် ဘုရားသခင်ကျေးဇူးတော်ကို အလဟဿရခဲ့ကြသူများမဟုတ်ကြောင်း သက်သေပြကြပြီ။ ရောက်လာမည့်တရားစီရင်ခြင်းအတွက် ပြင်ဆင်ထားကြဖို့ လူတွေကိုသတိပေးရမည်။ (ဃာ ၁၆.၄)

တပည့်တော်များသည် ဘုရားသခင်၏ဖြူစင်သန့်ရှင်းသောအသက်တာကို အောက်မေ့ဆင်ခြင်၍ သူတို့၏ဘဝများထဲ၌ ခရစ်တော်၏နှစ်ခြိုက်စရာစရိုက်လက္ခဏာရပ်များအတိုင်း သက်သေခံနိုင်ကြသည်ဖြစ်လျှင် သူတို့သည် အလုပ်လုပ်ရသော်လည်း အလွန်ပင်ပန်းသည်မထင်၊ အလွန်ကြီးစွန့်လွှတ်အနစ်နာခံလိုက်ရသည်ဟူ၍လည်း မမြင်ကြတော့ပါ။ ‘ငါတို့သည် လွန်ခဲ့သောသုံးနှစ်လောက်ကတည်းက ဤသို့နေခဲ့ကြသည်’ ဟုတွေးမိလိုက်လျှင် အခုကျွန်ုပ်တို့၏အမှုအရာများအဘယ်မျှပြောင်းလဲနေပြီကိုသိလိမ့်မည်။ အကယ်၍သာသခင်ဘုရားကို သူတို့နောက်ထပ်တစ်ကြိမ်တွေ့ကြလေသော် ကိုယ်တော်အားအဘယ်မျှလေးစားချစ်ခင်ကြောင်း ပြသရန် သူတို့ဘယ်လောက်အင်တိုက်အားတိုက်ကြိုးစားခဲ့ရသည်နှင့် သူတို့၏မယုံကြည်သောစကားတစ်ခွန်း အပြုအမူတစ်ရပ်ကြောင့် ကိုယ်တော်အား ဝမ်းနည်းစေခဲ့ရခြင်းအတွက် သူတို့အဘယ်မျှဝမ်းနည်းကြေကွဲစွာခံစားခဲ့ရကြောင်းကို သိကြလိမ့်မည်။ သို့သော်သူတို့သည် အပြစ်ခွင့်လွှတ်ခြင်းခံရသည်ကို တွေးမိကြသဖြင့် စိတ်ဖြေလွှတ်နှစ်သိမ့်မှုကိုရခဲ့ကြပါသည်။ ရှေ့ဆက်အသက်တာတွင် ဖြစ်နိုင်သမျှ သခင်ဘုရားကို ရဲရင့်စွာဝန်ခံခြင်းဖြင့် ကမ္ဘာလောကကို သက်သေခံသွားကြမည်

ဖြစ်သောကြောင့် မယုံကြည်ခြင်းအတွက် အပြစ်ဖြေလွှတ်ခံရယူမည်ဟူ၍ သူတို့စိတ်၌ဆုံးဖြတ်ထားကြပါတော့သည်။ (ဃ ၁၇.၁)

နတ်ဆိုးစွဲခြင်းမှပြန်လည်ကောင်းမွန်သွားသောလူနှစ်ဦးသည် ဒေကာပေါလိနယ်တွင် ဧဝံဂေလိတရားဟောရန်ခရစ်တော်စေလွှတ်တော်မူခဲ့သော ပထမဦးဆုံးသောသာသနာပြုများဖြစ်ကြသည်။ ထိုလူနှစ်ဦးသည် ခရစ်တော်၏ဩဝါဒကို ခေတ္တမျှသာကြားနာခွင့်ရခဲ့ကြသည်။ ကိုယ်တော်ရှင်၏နှုတ်မှထွက်သောတရားဒေသနာတစ်ပုဒ်ကိုမျှ သူတို့နားနှင့်ကြားသွားခဲ့ကြရသည်မဟုတ်။ ခရစ်တော်နှင့်အတူနေ့စဉ်သွားလာနေထိုင်ခဲ့ကြသောတပည့်တော်ကြီးများအမှုဆောင်သကဲ့သို့သူတို့သည် လူများကိုသွန်သင်တတ်ကြမည်လည်းမဟုတ်ချေ။ သို့သော် သူတို့သည် မိမိတို့၏ကိုယ်တိုင်ဘဝအားဖြင့် ယေရှုသည် မေရှိယဖြစ်ကြောင်းကို အထောက်အထားနှင့်သက်သေထူပြခဲ့ကြသည်။ သူတို့သိသမျှ၊ မြင်တွေ့ခဲ့ရသမျှနှင့် ကြားခဲ့ရသမျှအရာများကို သူတို့ပြောပြနိုင်ခဲ့ကြပြီး ခရစ်တော်၏တန်ခိုးတော်ကိုလည်း သူတို့ခံစားခဲ့ကြရပါသည်။ ဤအရာသည် ဘုရားကျေးဇူးတော်နှင့်ထိတွေ့ခြင်းခံရသောစိတ်နှလုံးပိုင်ရှင်အယောက်စီတိုင်းက လုပ်ဆောင်နိုင်သောအရာဖြစ်ပါသည်။ ကိုယ်တော်ချစ်သောတပည့်တော်ရှင်ယောဟန်ရေးခဲ့သည်။ "၁ရှေးဦးစွာကပင်ဖြစ်၍ ငါတို့သည် ကိုယ်တိုင်ကြားလျက်၊ ကိုယ်မျက်စိနှင့်မြင်လျက် စေ့စေ့ကြည့်ရှု၍ လက်နှင့်စမ်းသပ်ခဲ့ပြီးသောအရာတည်းဟူသောအသက်ရှင်သောနှုတ်ကပတ်တော်နှင့်ဆိုင်သောအရာတို့ကို---ငါတို့ကြားရမြင်ရသောအရာကို သင်တို့အားပြသကြ၏။" (၁ယော ၁း၁-၃)။ ကျွန်ုပ်တို့သည် ခရစ်တော်၏သက်သေများအနေဖြင့် မိမိတို့သိရှိခဲ့သမျှ၊ ကြားခဲ့ရ၊ မြင်ခဲ့ရ၊ ခံစားခဲ့ရသမျှသောအရာများကို ပြောဟောကြရမည်။ အကယ်၍ကျွန်ုပ်တို့သည် ခရစ်တော်၏ခြေတော်ရာနောက်သို့ လိုက်လျှောက်နေခြင်းရှိခဲ့ကြလျှင် ခရစ်တော်လမ်းပြခဲ့သည့်နည်းလမ်းများနှင့် ပတ်သက်၍ထိထိမိမိ အမှန်တစ်ခုခုကို ပြောပြနိုင်ကြပါလိမ့်မည်။ ကိုယ်တော်၏ကတိတော်များကို ကျွန်ုပ်တို့မည်ကဲ့သို့ မြည်းစမ်းခဲ့ကြပြီးဖြစ်၍ ကတိတော်အတိုင်း ပြည့်စုံခဲ့ကြောင်းကိုပြောပြနိုင်ကြ

သည်။ ခရစ်တော်၏ကျေးဇူးတော်နှင့် ပတ်သက်၍ ကျွန်ုပ်တို့အဘယ်မျှသိရှိခံစားခဲ့ရကြောင်းကိုလည်း ကျွန်ုပ်တို့သက်သေခံများပြောပေးနိုင်ကြသည်။ ဤသက်သေသည် သခင်ဘုရားခေါ်ယူတော်မူခြင်းရှိသည့်အတွက်နှင့်ပျက်စီးနေကြသည့်မြေကြီးသားများအလိုရှိကြသည့်အတွက်ကြောင့် ကျွန်ုပ်တို့သည် သခင့်သက်သေများဖြစ်ကြရမည်။ (ဃ ၁၇.၂)

အလင်းတရားနှင့်မင်္ဂလာစီးဆင်းရာလမ်းကြောင်းများ

ကျွန်ုပ်တို့သည် ကျွန်ုပ်တို့မှတစ်ဆင့် သူတစ်ပါးဆီသို့ ကောင်းကင်ဘုံအသက်ရေစီးဆင်းသောပူဇော်ရာလမ်းကြောင်းများဖြစ်ကြရပါမည်။ သန့်ရှင်းသောဝိညာဉ်တော်သည် အသင်းတော်တစ်ခုလုံးကို လှုပ်ရှားနိုးကြားထိုးဖေါက်ပျံ့နှံ့စေ၍ လူ့စိတ်နှလုံးကို သခင်ဘုရား၌ ခိုင်မြဲစေပါသည်။ (ဃ ၁၈.၁)

ယေရှုနောက်လိုက်တိုင်းသည် သူ့နေအိမ်မိသားစု၊ အနီးဝန်းကျင်လူနေရပ်ကွက်များ၊ သူနေထိုင်ရာမြို့နယ်ဒေသကျေးလက်များတွင် ခရစ်တော်၏သာသနာပြုတစ်ယောက်အဖြစ် အမှုဆောင်ရမည်။ ဘုရားသခင်ထံတွင်ဆက်ကပ်ထားရှိပြီးသူတိုင်းသည် အလင်းရောင်ခြည်တန်းများဖြစ်ရမည်။ ဘုရားသခင်သည် ထိုသူတို့ကိုအခြားသူများအား သမ္မာတရားအလင်းဆက်သွယ်ပေးသောဖြောင့်မတ်ခြင်းတန်ဆာပလာအဖြစ် ပြုထားတော်မူ၏။ (ဃ ၁၈.၂)

ယေရှုအမှုဆောင်ခြင်း၏အကျိုးဆက်သည် ကိုယ်တော်မောပန်းခြင်း၊ ဆာလောင်မွတ်သိပ်ခြင်းဖြင့် ရေတွင်းဘေးနားထိုင်လျက်နေစဉ်တွင် ကောင်းချီးမင်္ဂလာနေရာအနှံ့ရောက်စေခြင်းဖြစ်သည်။ ကိုယ်တော်ရှာဖွေအကူအညီပေးလိုက်သောဝိညာဉ်တစ်လုံး (ရှမာရိသူ) သည် တခြားသူများဆီသို့ လက်လှမ်းရောက်နိုင်သောသူဖြစ်ခဲ့ပြီး သူတို့ကိုကယ်တင်ရှင်ဆီသို့ ပို့ဆောင်ပေးနိုင်ခဲ့ပါသည်။ ဤနည်းလမ်းသည် မြေကြီးပေါ်၌ နှုတ်ကပတ်တော်တိုး၍ရောက်စေရန် အစဉ်ပြုသောနည်းလမ်းဖြစ်ပါသည်။ သင့်အလင်းကိုထွန်းလင်းလိုက်ပါက တစ်ပါးသူတို့ရလိုက်သောအလင်းသည် ထပ်ဆင့်ထွန်းလင်းသွားပါလိမ့်မည်။ (ဃ ၁၈.၃)

အများသောသူတို့သည် သူတို့ရသောအလင်းနှင့်အတွေ့အကြုံများအရ မြေကြီးပေါ်၌ ခရစ်တော်အသိအမှတ်ပြုနောက်လိုက်တပည့်များ၏လွတ်လပ်ခြင်းအခွင့်ရှိသောကြောင့် သူတို့သာလျှင် ခရစ်တော်ကို တာဝန်ခံနိုင်ကြသည်ဟူ၍ အထင်ရှိကြသည်။ ယေရှုသည် အပြစ်သားများ၏မိတ်ဆွေဖြစ်၍ သူတို့၏ဝမ်းနည်းပူဆွေးခြင်းနှင့်အတူ ကိုယ်တော်၏နှလုံးသားထိတွေ့ခံစားရသူဖြစ်ပါသည်။ ကောင်းကင်ဘုံ၌လည်းကောင်း၊ မြေကြီးပေါ်၌လည်းကောင်း စီရင်ပိုင်သောအခွင့်တန်ခိုးယေရှု၌ရှိသော်လည်း လူတို့အား ဥာဏ်အလင်းနှင့်ကယ်တင်ခြင်းပေးရေးအတွက် ဘိသိက်တော်ခံယူတော်မူခဲ့ခြင်းကို ကိုယ်တော်ဦးထိပ်ထားခဲ့သည်။ ကိုယ်တော်သည် အပြစ်သားများကို အသင်းတော်ထဲသို့လမ်းပြပို့ဆောင်ပြီးလျှင် သူတို့ကိုလောကသားများအတွက် အလင်းပေးသောလမ်းကြောင်းဖြစ်စေခဲ့ပါသည်။ (ဃု ၁၈.၄)

ဘုရားသခင်သည် ကနဦးအသင်းတော်ကို အမှုတော်မရပ်မနားတိုးချဲ့လုပ်ဆောင်ကြရန် လမ်းညွှန်ခဲ့ပါသည်။ ၎င်းမှာခရစ်တော်၌အစေခံရန် သူတို့ကိုယ်သူတို့ပေးအပ်လိုသောဆန္ဒဖြင့် ရိုးသားဖြောင့်မတ်သောအသက်ဝိညာဉ်များရှိရာ မည်သည့်နေရာတွင်မဆို အလင်းနှင့်မင်္ဂလာတရား၏ဗဟိုကိုတည်ထောင်ခြင်းဖြစ်ပါသည်။ (ဃု ၁၈.၅)

နေမင်း၏အလင်းတန်းသည် ကမ္ဘာမြေကြီးထောင့်စွန်းအဝေးဆုံးသို့တိုင်ထိုးဖေါက်ရောက်သွားသကဲ့သို့ ထို့အတူ ဧဝံဂေလိအလင်းရောင်ခြည်သည်မြေကြီးပေါ်ရှိဝိညာဉ်အယောက်တိုင်းအပေါ်သို့ တိုးချဲ့ရောက်စေရန် ဘုရားသခင်သည် ပုံစံဒီဇိုင်းချပေးခဲ့ပါ၏။ ခရစ်တော်၏အသင်းတော်သည် သခင်ဘုရား၏ရည်ရွယ်ချက်ကို ဖြည့်စွမ်းပေးနိုင်သည်ရှိသော် အလင်းရောင်ခြည်သည်အမှောင်ထဲ၌ထိုင်နေကြသူများနှင့် သေမင်းအရိပ်အောက်၌ရှိကြသူများအားလုံးတို့အပေါ်သို့ ကြဲဖြန့်ကျရောက်လိမ့်မည်။ (ဃု ၁၈.၆)

ဘုရားသခင်၏ကျေးဇူးတော်ဆိုင်ရာ ဘဏ္ဍာရတနာများကိုလည်းကောင်း၊ စစ်၍မကုန်နိုင်သောခရစ်တော်၏ကြွယ်ဝမှုများကိုလည်းကောင်း ဤလောကသို့ဆက်သွယ်ဝေငှတော်မူရာတွင် အသက်ရှင်သောလမ်းကြောင်း

များဖြစ်လာရန် လူတိုင်း၏အထူးအခွင့်အရေးဖြစ်ပါသည်။ ကိုယ်တော်၏ဝိညာဉ်တော်နှင့်သိက္ခာတော်ကို ဤလောကသို့ပုံဆောင်တင်ဆက်စေရန် ကိုယ်စားလှယ်များအလိုတော်ရှိသည်ထက်ပို၍ ခရစ်တော်သည် ဘာမျှအလိုတော်မရှိပါ။ ကယ်တင်ရှင်၏လူသားအပေါ် သနားခြင်းမေတ္တာတော်ကို သိသာထင်ရှားပေါ်လွင်စေသည်ထက်ပို၍လည်း ဤလောကသည် လိုသောအရာဘာမျှမရှိ ပါ။ ကောင်းကင်သားများအားလုံးသည် လူ့နှလုံးသားများသို့ ဝမ်းမြောက်ခြင်းနှင့်ကောင်းချီးမင်္ဂလာစီးဆင်းစေသော၊ သန့်ရှင်းသောဆီကို သွန်းလောင်းပေးနိုင်ရန်အတွက် လူသားဆက်သွယ်ရေးလမ်းကြောင်းများကို စောင့်ဆိုင်းကြိုဆိုနေကြကုန်၏။ (ဃု ၁၉.၁)

ဘုရားသခင်၏အသင်းတော်ဘုန်းထင်ရှားခြင်းသည် အသင်းသူ/အသင်းသားများ၏ဘုရားတရားရိုသေကိုင်းရှိုင်းမှုအပေါ် မူတည်နေပါသည်။ အကြောင်းမှာ ဘုရားတရားကိုင်းရှိုင်းမှုတွင် ခရစ်တော်၏တန်ခိုးတော်သည် နောက်ကွယ်၌ရှိနေသောကြောင့်တည်း။ စိတ်ရင်းကောင်းရှိကြသောဘုရားသားသမီးတို့၏ဩဇာသက်ရောက်မှုသည် အရာမထင်ဖြစ်ကောင်းဖြစ်နိုင်သော်လည်း ခေတ်ကာလတစ်လျှောက်လုံးတွင် ထင်သာမြင်သာရပ်တည်လာကြသောကြောင့် အကျိုးပေးတော်မူသောနေ့ရက်၌ အမှန်ထင်ရှားပေါ်ထွန်းလာလိမ့်မည်။ စစ်မှန်သောခရစ်ယာန်တစ်ဦး၏အလင်းသည် တည်မြဲသောဘုရားတရားကိုင်းရှိုင်းမှုရှေ့ဆက်ထွန်းလင်းနေလျက် မယိမ်းမယိုင်သောသစ္စာတည်ကြည်ခြင်းဖြင့် အသက်ရှင်သောကယ်တင်ရှင်၏တန်ခိုးတော်အောက်၌ လောကသို့သက်သေခံဖြစ်လိမ့်မည်။ ခရစ်တော်၏နောက်လိုက်များအထဲတွင် ကိုယ်တော်သည် ရေတွင်းတစ်တွင်းမှ ထာဝရအသက်စမ်းရေပေါက်ထွက်သကဲ့သို့ ထင်ရှားပေါ်ထွန်းလာလိမ့်မည်။ လောကသားတို့အထဲ မထင်မရှားရှိနေကြပါသော်လည်း သူတို့သည် ဘုရားသခင်၏ထူးခြားပုဂ္ဂိုလ်များအဖြစ်လည်းကောင်း၊ ကိုယ်တော်ရွေးကောက်တော်မူသောကယ်တင်ခြင်းသဘော်များအဖြစ်လည်းကောင်း၊ လောကသို့အလင်းဆောင်သောကိုယ်တော့်လမ်းကြောင်းများအဖြစ်လည်းကောင်း အသိအမှတ်ပြုခြင်းခံကြရလိမ့်မည်။ (ဃု ၁၉.၂)

အသင်းသူ/အသင်းသားများအပေါင်းတို့၊ ရှေ့သို့အလင်းထွန်းလင်းပေးကြပါစို့။ သင်တို့၏နှုတ်ထွက်စကားသံများသည် စိတ်နှလုံးနိမ့်ချသောဆုတောင်းခြင်းများ၌လည်းကောင်း၊ အစွန်းရောက်မိုက်မဲပျော်ပါးနေကြသောလောကီသားတို့ကိုသက်သေခံခြင်း၌လည်းကောင်း၊ ယနေ့အတွက် သမ္မာတရားကိုကြွေးကြော်ရာ၌လည်းကောင်း လူတွေကိုကြားသိစေရမည်။ သင့်စကား၊ သင့်ဩဇာ၊ သင့်အချိန်များစသည့်အရာအားလုံးသည် ဘုရားသခင်ထံမှဆုကျေးဇူးများဖြစ်၍ ခရစ်တော်ထံ အသက်ဝိညာဉ်များစွာအောင်နိုင်ပို့ဆောင်ရေးအတွက် အသုံးတော်ခံကြရမည်။ (ဃ၃ ၁၉.၃)

ခရစ်တော်၏တပည့်များသည် ဤကမ္ဘာလောကကြီးထဲ၌ ကိုယ်တော်၏ကိုယ်စားလှယ်တော်များဖြစ်ကြောင်းကို ကျွန်ုပ်ဆိုခဲ့ပြီးသည်နှင့်အညီ ထိုသူတို့သည် ဤလောက၏စာရိတ္တအမှောင်ကို အလင်းထွန်းလင်းပေးရန်နှင့် တိုင်းပြည်မြို့နယ်၊ ကျေးလက်နှင့်မြို့ကြီးများသို့ အစက်အပြောက်များသဖွယ်ရောက်သွားကြရအောင် ဘုရားသခင်ဒီဇိုင်းပုံစံချရေးဆွဲထားပေးခဲ့သည်။ "အကြောင်းမူကား၊ ငါတို့သည် လောကီသားများနှင့် ကောင်းကင်တမန်များမျက်မှောက်၌ ပွဲဝင်သောသူများဖြစ်ကြ၏။" (၁ကော ၄း၉)။ (ဃ၃ ၁၉.၄)

ခရစ်တော်၏နောက်လိုက်များသည် ဤကမ္ဘာကြီးအတွက် အလင်းဖြစ်စေရပါမည်။ သို့သော်လည်း ဘုရားသခင်သည် ကြိုးစား၍ အလင်းထွန်းလင်းကြရန် သူတို့ကိုပြောနေမည်မဟုတ်။ ကိုယ်တော်သည် သူတို့၏ကိုယ့်စိတ်ကြိုက်ကြိုးစား၍ အမြင့်ဆုံးသောသာလွန်ကောင်းမြတ်ခြင်း ခင်းကျင်းပြလာသည်များကိုလည်း သဘောတူထောက်ခံမည်မဟုတ်ပါ။ သူတို့၏ဝိညာဉ်များသည် ကောင်းကင်ဘုံစည်းမျဉ်းအခြေခံအတိုင်း ခံယူကျင့်သုံးခြင်းရှိစေရန် ကိုယ်တော်လိုလားတော်မူသည်။ ထိုနောက်သူတို့သည် လောကနှင့်ဆက်ဆံလာကြသောအခါ သူတို့၌ရှိသောအလင်းကို ဖွင့်ပြနိုင်ကြလိမ့်မည်။ သူတို့၏ဘဝလုပ်ရပ်တိုင်း၌ တည်မြဲသောသစ္စာတရားသည် အလင်းထွန်းလင်းတောက်ပ ခြင်း၏ရည်ရွယ်ချက်ဖြစ်ရလိမ့်မည်။ (ဃ၃ ၁၉.၅)

ရှောလုသည် မိမိ၏မျက်ကန်းအမှားနှင့် ဘက်လိုက်အယူသီးခြင်း ဘောင်အတွင်း၌ရှိနေစဉ် သူညှဉ်းဆဲခဲ့သည့်ခရစ်တော်ထံမှရူပါရုံကို ရရှိခဲ့ပါသည်။ ထိုအခါသူသည် ဤလောကကို အလင်းပေးသည့်အသင်းတော်နှင့် တိုက်ရိုက်ဆက်သွယ်ရသောနေရာသို့ ရောက်သွားခဲ့သည်။ ဤကိစ္စရပ်တွင် အာနနိသည် ခရစ်တော်ကိုကိုယ်စားပြု၏။ ထိုသခင့်ကိုယ်စားအမှုတော်ကို ဆောင်ရွက်ရန် ခန့်အပ်ခြင်းခံရသောမြေကြီးပေါ်ရှိခရစ်တော်၏အမှုတော်ဆောင်အဖြစ်လည်း ကိုယ်စားပြုလေသည်။ ခရစ်တော်၏ကိုယ်စားအာနနိသည် ရှောလု၏မျက်စိကို မြင်ပြန်စေခြင်းငှာ လက်နှင့်တို့ထိ၏။ ခရစ်တော်၏ကိုယ်စားသူသည် ရှောလုအပေါ်မှာလက်ကိုတင်၍ ခရစ်တော်၏နာမ၌ ဆုတောင်းသဖြင့် သန့်ရှင်းသောဝိညာဉ်တော်ကို ရှောလုရလေ၏။ အမှုအားလုံးသည် ခရစ်တော်၏နာမနှင့်အခွင့်အာဏာတော်အားဖြင့် ပြီးမြောက်စေ၏။ သို့ဖြစ်၍ ခရစ်တော်သည် အခြေခံအုတ်မြစ်ဖြစ်ပြီး အသင်းတော်သည် ဆက်သွယ်ရေးလမ်းကြောင်းဖြစ်လာပါသည်။ (ဃ ၂၀.၁)

မှားယွင်းမှုသည် နေရာအနှံ့မှာ မကြာခဏဖြစ်လေ့ရှိနေသည်။ အသက်ဝိညာဉ်များ၏ရန်သူကြီးစာတန်သည် တပ်သားအင်အားကို စုစည်းတန်းစီခိုင်းနေပါပြီ။ ထိုရန်သူသည် ဆင်ခြေကန်အမှားလုပ်တတ်ကြသောလူတို့၏စိတ်ဓာတ်များရှုပ်ထွေးစေရန်အလို့ငှါ လက်နက်များပြင်ဆင်နေရာချထားသည်ဖြစ်၍ ဤနည်းဖြင့် အသက်ဝိညာဉ်များကို ဖျက်ဆီးလိုက်မည်ဖြစ်သည်။ ဘုရားသခင်၏သမ္မာတရားရတနာကို ကိုယ်တော်၏စိတ်ချအပ်နှံခြင်း ခံယူပြီးသူများသည် အကျင့်စာရိတ္တအမှောင်တွင်းထဲ၌ အလင်းထွန်းလင်းတောက်နေစေရမည်ဖြစ်သည်။ (ဃ ၂၀.၂)

ဘုရားသခင်သည် ဤလောကကြီးအထဲ၌ အလင်းကိုထွန်းလင်းပေးရန် မိမိလူများကို တောင်းဆိုနေသည်။ အသင်းတော်ရှိသင်းအုပ်များကိုသာလျှင် ဤသို့ပြုလုပ်ကြရန် တောင်းဆိုနေသည်မဟုတ်၊ ခရစ်တော်၏တပည့်တိုင်းက လိုက်နာရမည်။ သူတို့ပြောဆိုသည့်စကားတိုင်းသည် ကောင်းကင်နိုင်ငံတော်အကြောင်းဖြစ်သင့်သည်။ သူတို့သည် ဝမ်းမြောက်စွာဘုရားသခင်နှင့်အတူ

ဝင်စားနေကြစဉ် နလုံးသားများကို သက်ဝင်လှုပ်ရှားစေသောဘုရားသခင့်ချစ်ခြင်း မေတ္တာတော်အကြောင်း ပြောဆိုလေ့ကျင့်ခြင်းအားဖြင့် ဖွင့်ပြနိုင်ရန်အလို့ငှာ သူတို့၏မိတ်ဆွေရောင်းရင်းများနှင့် သူတို့ပေါင်းသင်းဆက်ဆံကြရလိမ့်မည်။ ဤနည်းဖြင့် သူတို့သည် လောက၏အလင်းဖြစ်လာကြသည်။ သူတို့မှတစ်ဆင့် ထုတ်လွှင့်သောအလင်းသည် မငြိမ်းနိုင်သလို၊ တခြားသို့လည်း ယူထုတ်သွား၍မရပါ။ (ဃ ၂၀.၃)

ခရစ်တော်၏နောက်လိုက်များသည် ဖြောင့်မတ်ခြင်းတန်ဆာပလာ များ၊ အလုပ်သမားများ၊ ရှင်သန်နေသောကျောက်တုံးများနှင့်အလင်းထုတ်လွှတ် ရာမီးအိမ်များဖြစ်ကြ၍ ထိုသို့သောအားဖြင့် ကောင်းကင်တမန်များအထင်အရှား ရှိသည်ကို အားပေးနိုင်ကြလိမ့်မည်။ သူတို့သည် ဆက်သွယ်ရေးလမ်းကြောင်း များဖြစ်ဖို့ လိုအပ်သည်။ သို့ဖြစ်လျှင် သမ္မာတရားဝိညာဉ်နှင့်ဖြောင့်မတ်ခြင်း တို့သည် ထိုလမ်းကြောင်းမှတစ်ဆင့် စီးဆင်းသွားလိမ့်မည်။ (ဃ ၂၀.၄)

သခင်ဘုရားသည် မိမိ၏အသင်းတော်အား ကောင်းကင်တန်ခိုးလွှမ်းမိုး ချထားရာနေရာဖြစ်စေပါပြီ။ ကောင်းကင်ဘုံစကြဝဠာသည် လောကသို့အသက် ရေစီးကြောင်းစီးဆင်းသောလမ်းကြောင်းများကို အသင်းသားများမှတစ်ဆင့် ဖြစ်လာရန်စောင့်စားနေတော်မူသည်။ ထိုသို့သောအားဖြင့် လူများစွာသည် ပြောင်းလဲခြင်းသို့ရောက်လာကြပြီးလျှင် သူတို့အလှည့်၌ ဖြစ်လာသောရေစီး လမ်းကြောင်းများမှတစ်ဆင့် ခရစ်တော်၏ကျေးဇူးတော်သည် သခင်ဘုရား၏စပျစ် ဥယျာဉ်အတွင်း၌ ခြောက်သွေ့ရာအပိုင်းများဆီသို့ စီးဝင်သွားစေရမည်။ (ဃ ၂၁.၁)

ဘုရားသခင်နှင့်အဆက်အသွယ်ရှိသူအယောက်တိုင်းသည် အခြားသူ များအား အလင်းပေးကြရလိမ့်မည်။ အကယ်၍ တစ်စုံတစ်ယောက်သည် သူ၌ပေးရန် အလင်းမရှိဟုဆိုလျှင် ထိုသူသည် အလင်းအိမ်ကြီးနှင့် ဆက်သွယ် မှုမရှိသောကြောင့်သာဖြစ်ရမည်။ (ဃ ၂၁.၂)

ဘုရားသခင်သည် တခြားသူများအား အလင်းပေးရန် ကိုယ်တော့် သားသမီးများကို ခန့်အပ်ထား၏။ ထိုအမှုကိုပြုလုပ်ရန် သူတို့ပျက်ကွက်ကြပါလျှင်

အသက်ဝိညာဉ်များစွာသည် အမှောင်ကမ္ဘာထဲ၌ ကျန်ရစ်နေကြကုန်မည်ဖြစ်၏။ သူတို့ လုပ်ရမည့်အလုပ်ကိုလုပ်ရန် ပျက်ကွက်ခဲ့သောကြောင့်လည်း သူတို့အထဲ သန့်ရှင်းသောဝိညာဉ်တော်သက်ဝင်နေခြင်းအတွက် ဘုရားသခင်ထံ သူတို့ အဖြေပေးကြရလိမ့်မည်။ ကျွန်ုပ်တို့သည် ခရစ်တော်၏ဂုဏ်ကျေးဇူးများကို ချီးမွမ်းဖော်ပြစေခြင်းငှာ မှောင်မိုက်ထဲမှအံ့ဖွယ်သောအလင်းတော်သို့ ခေါ်သွင်းတော်မူခြင်းခံကြရပါသည်။ (ဃ ၂၁.၃)

ဘုရားသခင်ထံ မိမိကိုယ်ကိုဆက်ကပ်ပြီးသူတိုင်းသည် အလင်းလမ်းကြောင်းများဖြစ်ကြရမည်။ ကိုယ်တော်သည် ကျေးဇူးတော်ကြွယ်ဝမှုများကို သူတစ်ပါးအား ဆက်သွယ်ဝေမျှပေးရန် သူတို့ကိုကိုယ်စားလှယ်တော်များအဖြစ် ခန့်အပ်ပေးခဲ့သည်။ သူတစ်ပါးအပေါ် ကျွန်ုပ်တို့၏သြဇာသက်ရောက်ခြင်းသည် ကျွန်ုပ်တို့၏ပြောစကားအပေါ်၌ များစွာမူမတည်။ ကျွန်ုပ်တို့၏အလုပ်အပေါ်၌သာ မူတည်ပါသည်။ လူတို့သည် ကျွန်ုပ်တို့၏ယုတ္တိတန်သောဘာသာစကားများကိုတိုက်ခိုက်၍ ကျွန်ုပ်တို့၏မေတ္တာစကားများကိုလည်း ခုခံပြောဆိုကောင်းပြောဆိုကြလိမ့်မည်။ သို့သော်လည်း အတ္တကင်းသောမေတ္တာတရားကိုကား သူတို့၏ငြင်းဆိုချက်မအောင်နိုင်ရာ။ ခရစ်တော်ကဲ့သို့ စိတ်နှိမ့်ချသောစရိုက်လက္ခဏာဖြင့် တစ်သမတ်တည်းနေထိုင်သောအသက်တာသည် ဤကမ္ဘာပေါ်၌ တန်ခိုးတစ်ခုဖြစ်ပါသည်။ (ဃ ၂၁.၄)

ဤကမ္ဘာလောကကြီးကို အလင်းပေးနေကြသည့်သူများသည် အလင်းကိုပေးနေကြသော်လည်း အလင်းသည် လျှပ်ယမ်းနေ၏။ ရောင်ခြည်တန်းအားပျော့၏။ အလင်းဆိုသည်မှာ အဘယ်နည်း။ အလင်းဆိုသည်မှာ ဘုရားတရားကြည်ညိုခြင်း၊ ကောင်းမြတ်ခြင်း၊ သစ္စာရှိခြင်း၊ သနားငဲ့ညှာခြင်း၊ မေတ္တာထားခြင်းတို့ဖြစ်သည်။ နှီးနှောင်းမှာအကျင့်စရိုက်နှင့် ဘဝအသက်တာအားဖြင့် သမ္မာတရားကို ဖော်ပြသွားရန်ဖြစ်သည်။ သတင်းကောင်းတရားဆိုသည်မှာ တန်ခိုးတော်တက်ကြွစီးနင်းမှုကြောင့် ယုံကြည်သူများ၏ပုဂ္ဂိုလ်ရေးဘာသာတရားကိုင်းရှိုင်းမှုအပေါ်၌ မူတည်လျက်ရှိ၏။ ဘုရားသခင်သည်လည်း ချစ်တော် မူသော၊ တစ်ပါးတည်းသောသားတော်ကို အသေခံစေ၍ ပေးအပ်ခဲ့သောကြောင့်

လူအားလုံးသည် ကောင်းသောအမှုအမျိုးမျိုးတို့ကို ပြုစုခြင်းအလိုငှာ ပြင်ဆင်သောသူဖြစ်လာနိုင်ကြသည်။ လူအားလုံးသည် တောက်ပထွန်းလင်းသောအလင်းတန်းဖြစ်လာကြပြီး မှောင်မိုက်ထဲမှအံ့ဖွယ်သောအလင်းထဲသို့ ခေါ်သွင်းတော်မူသောသူ၏ဂုဏ်ကျေးဇူးကို ဆက်လက်ဖော်ပြခွင့်ရကြ၏။ လုပ်ဆောင်သောသူတို့။ "ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်အတူ လုပ်ဆောင်သူများဖြစ်ကြ၏" ဟုဆိုကြသည်မှာ သခင်ဘုရား၏စပျစ်ဥယျာဉ်အထဲ ကြိုးစားလုပ်ဆောင်နေခြင်းဖြစ်ရပါ၏။ ကျွန်ုပ်တို့၏အသင်းတော်များ၌လည်းကောင်း၊ ဥပုသ်စာဖြေကျောင်းများ၌လည်းကောင်း၊ ပတ်ဝန်းကျင်လူနေရပ်ကွက်များ၌လည်းကောင်း ကယ်တင်ခြင်းခံယူရန် အသက်ဝိညာဉ်များစွာရှိနေပါသည်။ (ယု ၂၁.၅)

အခြားသူများအတွက် အမှုတော်ဆောင်ခြင်းသည် ကျွန်ုပ်တို့၏ကိုယ်ပိုင်အသက်ဝိညာဉ်ကို ရှင်သန်စေခြင်းဖြစ်ပါသည်။ အကယ်၍ သူတို့သည် ယေရှုနှင့်အတူ လုပ်ဆောင်သူများဖြစ်လာကြလျှင် ကျွန်ုပ်တို့၏အသင်းတော်များ၌ မှန်မှန်တိုးတက်ထွန်းလင်းနေသောအလင်းကိုမြင်ရပြီး သူတို့၏နယ်ကိုကျော်၍ အမှောင်ကိုထွင်းဖေါက်သောအလင်းရောင်ခြည်တန်းထုတ်လွှတ်ပေးနိုင်ပါလိမ့်မည်။ (ယု ၂၂.၁)

"သင်တို့သည် ဤလောက၏အလင်းဖြစ်ကြ၏" ဟုဆိုသော် ဂျူးလူမျိုးတို့သည် သူတို့၏ကိုယ်ပိုင်နိုင်ငံအတွက် ကယ်တင်ခြင်းရသည့်အကျိုးအမြတ်ကိုကန့်သတ်ရန် တွေးလိုက်ကြသည်။ သို့သော်လည်း ကယ်တင်ခြင်းသည် နေရောင်ထွန်းလင်းသကဲ့သို့ဖြစ်ကြောင်း ခရစ်တော်ပြသခဲ့သည်။ ကယ်တင်ခြင်းသည် ကမ္ဘာတစ်လောကလုံးနှင့်သက်ဆိုင်သည်။ (ယု ၂၂.၂)

သန့်ရှင်းသောဝိညာဉ်တော်၏လွှမ်းမိုးမှုအောက်၌ တုံ့ပြန်နာခံသောနှလုံးသားများသည် ဘုရားသခင်၏ကောင်းချီးမင်္ဂလာစီးဆင်းရာလမ်းကြောင်းများဖြစ်ကြသည်။ ဘုရားသခင်အား အစေခံနေကြသူများကို မြေကြီးပေါ်မှ ဖယ်ရှား၍ ဝိညာဉ်တော်ကိုလည်း လူသားတို့အထဲမှ ရုပ်သိမ်းလိုက်ပါလျှင် ဤကမ္ဘာလောကကြီးသည် စာတန်အုပ်စိုးရာအရပ်ဖြစ်သွားပြီး လွတ်လပ်လဟာ

နှင့်ပျက်စီးခြင်းဖြင့် ရပ်ဆိုးကျန်ရစ်ပါတော့မည်။ ဆိုးညစ်သူတို့သည် မသိ မှတ်ကြသော်လည်း ဤကမ္ဘာကြီးပေါ်တွင် သူတို့အထင်သေးညှဉ်းဆဲနှိပ်စက် ခဲ့သော၊ မျက်မှောက်ကာလ၏ဘုရားသားသမီးတို့ပေးခဲ့သော ဘဝကောင်းချီး များကို သူတို့ပြန်ဆပ်ရန် အကြွေးတင်နေကြပါသည်။ ခရစ်ယာန်များသည် အမည်ခံသက်သက်သာဖြစ်မည်ဆိုလျှင် အငန်အရသာပျောက်သောဆားကဲ့သို့ ဖြစ်မည်။ သူတို့သည် လောကအထဲမှာကောင်းသောသြဇာဖြင့် မလွှမ်းမိုးနိုင်။ ဘုရားသခင်ကို အမှားတင်ဆက်နေကြခြင်းကြောင့် သူတို့သည် မယုံကြည် သူများထက်ပင် ဆိုးသေး၏။ (ဃ ၂၂.၄)

## ထာဝရဘုရားသခင်၏စေခိုင်းချက်

ယေရှု၏တပည့်တော်များပြုလုပ်ခဲ့ကြသောအမှုတော်ကို ကျွန်ုပ်တို့ သည်လည်း လုပ်ဆောင်ကြရမည်။ ခရစ်ယာန်တစ်ယောက်စီတိုင်းသည် သာသနာပြုတစ်ယောက်ဖြစ်ကြရပါမည်။ ကျွန်ုပ်တို့သည် အကူအညီလိုအပ် သူများအား သနားကြင်နာခြင်း၊ မေတ္တာစိတ်ထားလျက် အစေခံပြုစုပေးကြရ မည်။ လူသားတို့ဒုက္ခဝေဒနာခံစားနေရခြင်းနှင့် ဝမ်းနည်းပူဆွေးနေရခြင်းတို့၌ ဝန်ပေါ့စေရန် အတ္တကင်းသောကြိုးစားခြင်းဖြင့် ကျွန်ုပ်တို့နည်းလမ်းရှာပေးကြ ရမည်။ (ဃ ၂၂.၄)

ခရစ်တော်သည် ကောင်းကင်ဘုံသို့မတက်ကြွမီ တပည့်တော်တို့အား အမှုတော်မြတ်ကြီးတစ်ခုကို ပေးအပ်ခဲ့ပါသည်။ ထိုအမှုတော်မြတ်သည် ကမ္ဘာ လောကကြီးအတွက် ဘုရားသခင်က အမွေပေးခဲ့သောထာဝရအသက်ရတနာ ပင်ဖြစ်၍ ထိုသူတို့ဦးစီးဆောင်ရွက်သွားကြရန် သခင်ဘုရားမိန့်မှာတော်မူခဲ့ သည်။ (ဃ ၂၂.၅)

ပထမဦးဆုံးသောတပည့်တော်များအား ယုံကြည်အပ်နှင်းပေးခဲ့သည် အတိုင်း ခေတ်ကာလတစ်လျှောက်လုံး၌ ယုံကြည်သူတိုင်းအားလည်း မျှဝေ ပေးထားပါသည်။ ဧဝံဂေလိသတင်းကောင်းကို လက်ခံရရှိပြီးသူ အယောက် တိုင်းသည် လောကကြီးအား မျှဝေပေးရန် အလေးအမြတ်ဆုံးသောသမ္မာတရားကို

အပ်နှင်းခံရသည်ဖြစ်၏။ထာဝရဘုရားသခင်၏သစ္စာရှိသားသမီးအပေါင်းတို့သည် အမြဲလိုပင်စိတ်အားကြီးသောသာသနာပြုများဖြစ်ရပါမည်။ ဧဝံဂေလိလုပ်ငန်းသည် နာမတော်ဂုဏ်သတင်းချီးမွမ်းခြင်းရှိစေရန် သူတို့၏စွမ်းအင်အရင်းအမြစ်များကို ဆက်ကပ်ကြရမည့်အပြင် သခင့်အမှုတော်မြတ်ထဲ၌ သူတို့၏ပင်ကိုယ်စွမ်းရည်များကိုလည်း ပညာသတိရှိစွာအသုံးတော်ခံကြရပါမည်။ (ဃ ၂၂.၆)

ဧဝံဂေလိအမှုတော်စေခိုင်းခြင်းသည် ခရစ်တော်၏နိုင်ငံတော်၌ မစ်ရှင်လုပ်ငန်းကြီးအတွက် လုပ်ပိုင်ခွင့်အမိန့်ရခြင်းဖြစ်သည်။ တပည့်တော်တို့သည် ဝိညာဉ်ကယ်ဆယ်ရေးလုပ်ငန်း၌ စိတ်အားကြီးစွာလုပ်ဆောင်ရန်နှင့် မေတ္တာနှင့်ဆိုင်သောဖိတ်ခေါ်စာကို လူအားလုံးကိုပေးရမည်။ သူတို့အနားလူအများရောက်လာရန် စောင့်ဆိုင်းနေကြရမည်မဟုတ်။ သူတို့ရပြီးသောသတင်းစကားနှင့်အတူ လူအများရှိရာသို့ သူတို့သွားကြရမည်။ (ဃ ၂၃.၁)

ဘုရားသခင်၏စေတမန်များသည် မြေကြီးပေါ်ခရစ်တော်ရှိစဉ်အခါက ပြုတော်မူသောအမှုတော်အတိုင်းပြုလုပ်ကြရန် စေစားတော်မူခြင်းခံရပါသည်။ သူတို့သည် ကိုယ်တော်ထမ်းဆောင်ပြုလုပ်ခဲ့သောသာသနာပြုလမ်းကြောင်းအလုံးစုံအထဲသို့ သူတို့ကိုယ်သူတို့ဆက်ကပ်ပေးအပ်ရမည်။ အလွန်စိတ်အားထက်သန်လျက် စိတ်ရင်းကောင်းထားခြင်းဖြင့် စစ်၍မကုန်နိုင်သောကြွယ်ဝခြင်းနှင့်မပျက်စီးတတ်သောကောင်းကင်ဘုံ၏ရတနာအကြောင်းကို လူအပေါင်းတို့အား သူတို့ပြောကြားရမည်။ (ဃ ၂၃.၂)

တပည့်တော်တို့အား ပေးအပ်ထားသောမဟာစေခိုင်းချက်ကြီးကို ကျွန်ုပ်တို့အားလည်း ပေးအပ်ထားပါသည်။ ယနေ့တွင်လည်း ယခင်ကာလများကဲ့သို့ ဤလောကကြီး၌ ဘုရားမရှိ၊ မျှော်လင့်ချက်မရှိဘဲ နေထိုင်ကြသူများ၏ရှေ့တွင် လက်ဝါးကပ်တိုင်ပေါ်အသေခံ၍ ရှင်ပြန်ထမြောက်တော်မူခဲ့သောကယ်တင်ရှင်အကြောင်းကို ကျွန်ုပ်တို့မြှောက်တင်ချီးမွမ်းပြောကြားကြရမည်။ သခင်ဘုရားသည် သင်းအုပ်ဆရာအမှုတော်ဆောင်များ၊ ဆရာများနှင့် သာသနာပြုများကို ခေါ်ဖိတ်နေပါသည်။ ဘုရားသခင်အစေခံတို့သည် တစ်အိမ်ဝင်တစ်အိမ်ထွက် ကယ်တင်ခြင်းသတင်းစကားကိုကြွေးကြော်ပေးနေကြပါသည်။

ခရစ်တော်အားဖြင့် အပြစ်ဖြေလွှတ်ခြင်းတရားကို နိုင်ငံတကာရှိတိုင်းပြည်၊ လူမျိုး၊ ဘာသာစကားကွဲပြောသူ လူအသီးသီးတို့ထံသို့ သယ်ဆောင်ယူသွားကြရမည်။ ထိုသတင်းစကားကို ထိုင်းမှိုင်းအသက်မပါသည့်နှုတ်မြွက်စကားမျိုးဖြင့် မတင်ဆက်ကြရ။ ရှင်းလင်း၍ ပြတ်သားနိုးကြွစေသောနှုတ်မြွက်စကားများဖြင့် ဟောပြောရမည်။ လူသားရာပေါင်းများစွာသည် မိမိတို့၏အသက်တာလွတ်မြောက်ရေးအတွက် သတိပေးစကားကို စောင့်မျှော်နေကြပါသည်။ ဤလောကကြီးသည် ခရစ်ယာန်ဘာသာယုံကြည်ခြင်း၏တန်ခိုးသက်သေကို ခရစ်ယာန်များအထဲ၌ မြင်တွေ့ရန် လိုအပ်နေပါပြီ။ နေရာအနည်းအကျဉ်းလေးထဲ၌တွင် မဟုတ်ဘဲ ဤကမ္ဘာနေရာအနှံ့အပြား၌ မေတ္တာသတင်းစကားကြားစေရန် လိုအပ်နေပါပြီ။ (ယှ ၂၃.၃)

ယေရှုသည် ကောင်းကင်ဘုံသို့တက်ကြွသွားပြီးသောအခါ ဧဝံဂေလိတရားအလင်းရပြီးသူတိုင်းသည် ကိုယ်တော်ပြုခဲ့သောအမှုတော်ကို မြေကြီးပေါ်မှာလုပ်ဆောင်ရန် လွှဲအပ်ပေးထားခဲ့သည်။ သူတို့သည် ထိုအလုပ်ကိုပြီးဆုံးသည့်တိုင် ရှေ့ဆက်လုပ်ဆောင်သွားရပါမည်။ ကိုယ်တော်၏သမ္မာတရားသတင်းကြေညာခြင်းကို အခြားမည်သည့်အေဂျင်စီသို့မျှ ကိုယ်စားလွှဲအပ်မထားခဲ့ပါ။ "သင်တို့သည် လောကီနိုင်ငံအရပ်ရပ်ရှိသမျှသို့သွား၍ ဝေနေယျသတ္တဝါအပေါင်းတို့အား ဧဝံဂေလိတရားကို ဟောကြလော့။ "ငါသည်လည်း ကပ်ကမ္ဘာကုန်သည်တိုင်အောင် သင်တို့နှင့်အတူ အစဉ်မပြတ်ရှိသည်။" ဤတည်ကြည်လေးနက်သောအမှုတော်မြတ်ကြီးသည် ယခုကာလအကျွန်ုပ်တို့ထံရောက်ရှိလို့နေပါပြီ။ ယင်းအမှုတော်ကို လက်ခံမည်လော၊ သို့တည်းမဟုတ် ငြင်းပယ်မည်လောဟူ၍ ဆုံးဖြတ်ရမည့်တာဝန်ရှိမှုကို ဘုရားသခင့်အသင်းတော်၌ ကိုယ်တော်ချန်ရစ်ထားခဲ့ပါပြီ။ (ယှ ၂၃.၄)

ကျွန်ုပ်တို့အပေါ်သို့ မြင့်မြတ်သောတာဝန်တစ်ရပ်ကို ချခင်းပေးထားခဲ့ပြီ။ မဟာအမှုတော်မြတ်ကို ကျွန်ုပ်တို့အား ပေးအပ်ထားပါသည်။ "သင်တို့သွား၍ လူမျိုးတကာတို့ကို ငါ့တပည့်ဖြစ်စေလျက် ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်၏နာမ၌ ဗတ္တိဇံကိုပေးကြလော့။ ငါသည်သင်တို့အား

ပေးသမျှသောပညတ်တော်တို့ကို စောင့်ရှောက်စေခြင်းငှါ ဆုံးမသြဝါဒပေးကြ
လော့။ ငါသည်လည်း ကပ်ကမ္ဘာကုန်သည်တိုင်အောင် သင်တို့နှင့်အတူ
အစဉ်မပြတ်ရှိသည်ဟု တပည့်တော်တို့အား မိန့်တော်မူ၏။” (မဿဲ ၂၈း၁၉၊၂၀)။
ထိုကယ်တင်ခြင်း၏ဧဝံဂေလိသတင်းကောင်းကို လူအများကြားသိစေခြင်းအမှု
တော်ရွက်ဆောင်ရန် သင့်အား ရည်စူးမှတ်သားထားသည်။ ကောင်းကင်ဘုံ
၏စုံလင်ခြင်းသည် သင့်တန်ခိုးသြဇာဖြစ်လာပါလိမ့်မည်။ (ဃ ၂၄.၁)

## သာမန်အသက်ရှင်နေထိုင်သူများအားဖိတ်ခေါ်နေခြင်း

သာမန်အသင်းသူ/အသင်းသားများသည် အမှုဆောင်များကဲ့သို့ သူတို့နေရာကို သူတို့ယူတတ်ကြရမည်။ လူသားတို့၏ပူဆွေးဝမ်းနည်းမှုများကို ကယ်တင်ရှင်သည် မျှဝေခံစားခဲ့သကဲ့သို့ သူတို့သည်လည်း ပတ်ဝန်းကျင် လူသားတို့၏ဝမ်းနည်းခြင်းများကို မျှဝေခံစားကြပါလျှင် သူတို့နှင့်အတူ အလုပ်လုပ်နေသောကိုယ်တော်ကို ယုံကြည်ခြင်းအားဖြင့် သူတို့မြင်ရကြပါ လိမ့်မည်။ (ဃ ၂၄.၂)

အနီးရောအဝေးမှာပါရှိသည့်လယ်ကွင်းထဲက တောင်သူလယ်သမား များမှသည် လူအများလုပ်ကိုင်နေသောပုံမှန်ကုန်သွယ်ရေး၊ စီးပွားရေး၊ သက်မွေး လုပ်ငန်းခွင်ရှိ လူများအထိ ကွင်းအားလုံးရှိလူအများကို ဘုရားသခင်ခေါ်ယူ၍ သူတို့ကိုအတွေ့အကြုံရှိပြီးသူများနှင့် ဆက်သွယ်ပေးကာ သင်ယူစေလိမ့်မည်။ ထိုသူတို့သည် ထိရောက်စွာအမှုတော်ဆောင်နိုင်ရန် လေ့လာမိသည်နှင့်အမျှ သမ္မာတရားကို တန်ခိုးနှင့်ကြွေးကြော်လာကြပါလိမ့်မည်။ ထာဝရဘုရားသခင်၏ အထောက်အမဖြင့် အံ့ဖွယ်အကောင်းဆုံးသောလုပ်ဆောင်ခြင်းသည် အခက်အခဲ တောင်ကြီးကိုရွှေ့စေ၍ ပင်လယ်ထဲသို့ကျစေလိမ့်မည်။ မြေကြီးပေါ်မှီတင်းနေထိုင် ကြကုန်သောလူတို့အတွက် ရည်ရွယ်သော ဤသတင်းစကားသည် သူတို့ကို ကြားသိနားလည်စေရပါမည်။ လူအပေါင်းတို့သည် သမ္မာတရားအမှန်ကို သိလာကြလိမ့်မည်။ ကမ္ဘာ့လူသားတစ်ရပ်လုံးကို သတိပေးစကားပြောကြား မပြီးမချင်းအမှုတော်သည်လည်း ရှေ့သို့သာမှန်မှန်တိုးတက်နေလိမ့်မည်။ သို့ပြီး မှအဆုံးသည်ရောက်လတ္တံ့။ (ဃ ၂၄.၃)

ဘုရားသခင်သည် လူသင်သောကျောင်းများ၌ အသေအချာပညာ မသင်ကြားခဲ့ရသူများကို အသုံးပြုနိုင်၏။ အသုံးပြုလိမ့်မည်။ ဤအမှုကိုပြုသော ကိုယ်တော်၏တန်ခိုးတော်ကို သံသယဖြစ်ခြင်းသည် မယုံကြည်ခြင်းကိုပြ၏။ ဤသို့ဖြစ်လျှင် မတတ်နိုင်၊ မဖြစ်နိုင်သောအရာတစ်စုံတစ်ခုမျှမရှိသော၊ တစ်ဆူတည်းသောအရှင်၏အနန္တတန်ခိုးတော်ကို ကန့်သတ်လိုက်ခြင်းဖြစ်တော့သည်။ ဤအမှုတော်၌ မခေါ်ယူဘဲ ကျန်ရစ်သူတို့အတွက် သံသယအဖြစ်ကို သတိထားကြပါ။ ဤသည်မှာ အသင်းတော်မှမသုံးဘဲ အင်အားများစွာကို ချန်ပစ်ထားခဲ့ကြခြင်းနှင့် လမ်းခရီးကို ပိတ်ပင်သည်ဖြစ်သောကြောင့် သန့်ရှင်းသောဝိညာဉ်တော်သည်လည်း လူကိုအသုံးပြုမရနိုင်တော့။ ခရစ်တော်၏လမ်းကြောင်းထဲ၌ စိတ်ပါလျက်နှင့်စိတ်စောလျက် အသုံးတော်ခံဝင်ရောက်လိုသူများအတွက် မလုပ်နိုင်အောင် ဆီးတားနေခြင်းဖြစ်သည်။ အကယ်၍သာ သူတို့သည် မျှမျှတတ ပါဝင်လုပ်ဆောင်ခွင့်သာရခဲ့ပါလျှင် ဘုရားသခင်နှင့်အတူ ထိရောက်စွာလုပ်ဆောင်သူများဖြစ်လာနိုင်ကြသောကြောင့် ယခုထိုသူတို့သည် အမှုတော်ထဲသို့ဝင်ရန် စိတ်အားလျော့နေကြရကုန်၏။ (ဃ ၂၄.၄)

ရှေ့သို့တိုးတက်မှုကိုပြုရန်မှာ လူတိုင်း၏အထူးအခွင့်အရေးဖြစ်သည်။ ခရစ်တော်နှင့်အဆက်ရှိသူတို့သည် လူတစ်ယောက်၏အစဉ်အတိုင်းကြီးထွားမှုစုံလင်သည့်တိုင် ကျေးဇူးတော်အရာ၌ ကြီးထွားလျက် ဘုရားသားတော်ကို သိကျွမ်းခြင်းရှိနေရလိမ့်မည်။ သမ္မာတရားကို ယုံကြည်ပါသည်ဟု ကြွေးကြော်သူတိုင်းသည် သူတို့၏စွမ်းရည်နှင့် အခွင့်အရေးများကို အကောင်းဆုံးသင်ယူလေ့ကျင့်နိုင်ကြပြီး ခရစ်တော်၌ အားကောင်းသူများဖြစ်လာကြပါလိမ့်မည်။ သူတို့၏သက်မွေးအလုပ်သည် မည်သို့ဖြစ်စေ၊ လယ်သမား၊ စက်ပြင်ဆရာ၊ ကျောင်းဆရာ (သို့မဟုတ်) သင်းအုပ်ဆရာစသည့်အလုပ်များလုပ်ကိုင်နေကြသည်ဖြစ်ပါစေ၊ ဘုရားသခင်ကိုသူတို့ကိုယ်သူတို့ အပြည့်အဝဆက်ကပ်အပ်နှံထားကြသူများဖြစ်ပါလျှင် သူတို့သည် ကောင်းကင်ဘုံရှင်သခင်ဘုရားအတွက် ထိထိရောက်ရောက်အမှုတော်ဆောင်နေကြသူများဖြစ်လာကြလိမ့်မည်တည်း။ (ဃ ၂၅.၁)

ဘဝသက်မွေးအလုပ်အကိုင်အမျိုးမျိုးအတွက် တစ်ခုခုလုပ်ကိုင်ရန် လုံလောက်သောအရည်အချင်းနှင့်တကွ ဥပမာ– ကျောင်းစာသင်ခြင်း၊ အဆောက် အအုံဆောက်လုပ်ခြင်း၊ ကုန်ပစ္စည်းထုတ်လုပ်ခြင်းနှင့် လယ်ယာ အလုပ်လုပ်ကိုင် ခြင်းစသည်ဖြင့် လုပ်ကိုင်လျက် အသင်းတော်ထဲ၌ ရှိနေကြသူများသည် ကော်မတီ အဖွဲ့ဝင်များအဖြစ် ပါဝင်လုပ်ဆောင်ခြင်း အားဖြင့်လည်းကောင်း၊ ဥပုသ်စာဖြေ ကျောင်းများ၌ ကျောင်းဆရာ၊ ကျောင်းဆရာမများအဖြစ်လည်းကောင်း၊ သာသနာ ပြုဝန်ဆောင်လုပ်ငန်းများ၌ ပါဝင်လုပ်ကိုင်ခြင်းအားဖြင့်လည်းကောင်း၊ (သို့မဟုတ်) အသင်းတော်နှင့် ပတ်သက်သောရုံးအမျိုးမျိုးသို့ ဝင်ရောက် ဖြည့်စွက်လုပ်ကိုင်ခြင်းအားဖြင့် လည်းကောင်း ယေဘုယျအနေနှင့် အသင်းတော် တည်ထောင်မြှင့်တင်သွားနိုင် ရန် သူတို့ပြင်ဆင်နေသင့်ပါသည်။ (ဃ ၂၅.၂)

ခရစ်တော်၏အမှုတော်ကိုထမ်းဆောင်ရေးအတွက် ကိုယ်တော်သည် စာတတ်ပေတတ် (သို့မဟုတ်) စကားအပြောအဟောကောင်းသောယုဒလူမျိုး ထဲမှ လူအကြီးအကဲ၊ ကျမ်းပြုဆရာ၊ လွှတ်အရာရှိတို့ကိုလည်းကောင်း၊ ရောမ လူမျိုးအာဏာရှိသူများကိုလည်းကောင်း မရွေးကောက်ပါ။ မိမိကိုယ်မိမိ၌သာ ဖြောင့်မတ်ခြင်းရှိသည်ဆိုသောယုဒဆရာဖါရိရှဲများကိုကျော်၍ သခင့်အမှုတော် ဆောင်များသည် လောကကမ္ဘာကို ပြောင်းလဲစေသောသမ္မာတရားကို ကြွေးကြော် ရန်စိတ်နှိမ့်ချသူ၊ ပညာမတတ်သောသူများကို ရွေးချယ်ခဲ့၏။ ထိုသူတို့ကို အသင်းတော်ခေါင်းဆောင်များအဖြစ် လက်တွေ့သင်တန်းနှင့် ပညာသွန်သင် ပေးရန် ကိုယ်တော်ရည်စူးလုပ်ဆောင်ခဲ့သည်။ တပည့်တော်တို့သည်လည်း အပြန်အလှန်အားဖြင့် သူတစ်ပါးကို ထပ်ဆင့်သွန်သင်ပေးကာ ဧဝံဂေလိ သတင်းစကားပြောကြားခြင်းအမှုတော်အတွက် စေလွှတ်ခဲ့ကြသည်။ အမှုတော် မြတ်၌ အောင်မြင်စွာလုပ်ဆောင်နိုင်ကြသောသူတို့အား သန့်ရှင်းသော ဝိညာဉ် တော် ၏တန်ခိုးကို အပ်နှင်းပေးတော်မူခဲ့ပါ၏။ လူ့အစွမ်းအား ဖြင့်မဟုတ်၊ လူ့ဉာဏ် ပညာအားဖြင့်မဟုတ်ဘဲ ဧဝံဂေလိသတင်းကောင်းပျံ့နှံ့စေရန် ကြေညာနိုင်ခဲ့ ကြသည်မှာ ဘုရားသခင်၏တန်ခိုးတော်အားဖြင့်သာဖြစ်ပါသည်။

"သင်တို့သွား၍ လူမျိုးတကာတို့အား ငါ့တပည့်ဖြစ်စေလျက် ဩဝါဒပေးကြရန်" ဟူ၍ ကယ်တင်ရှင်၏စေခိုင်းခြင်းကိုခံရသူတို့အထဲတွင် ရိုးရိုးသားသားစိတ်နှိမ့်ချအသက်ရှင်နေထိုင်ကြသောသခင်ဘုရားကို ချစ်တတ်ရန်သင်ယူသူနှင့် ကိုယ်ကျိုးမဖက်အစေခံရောက်လာသောကိုယ်တော်၏နမူနာအတိုင်းလိုက်ပါလုပ်ဆောင်ရန် စိတ်ဆုံးဖြတ်ထားသူလူယောကျ်ား၊ မိန်းမများစွာရှိကြပါသည်။ နှိမ့်ချနေထိုင်သူ ဤသူတို့သည် မြေကြီးပေါ်၌ ကယ်တင်ရှင်သာသနာပြုစဉ် လိုက်ပါခဲ့ကြသူတပည့်တော်များကဲ့သို့ပင် အဖိုးထိုက်တန်သောစိတ်ချယုံကြည်ခြင်းကို အပ်နှင်းခံကြရပါသည်။ ထိုသူတို့သည် ခရစ်တော်အားဖြင့် ကမ္ဘာအနှံ့ဝမ်းမြောက်ဖွယ်ရာကယ်တင်ခြင်းသတင်းစကားကို သယ်ဆောင်ယူသွားကြမည်ဖြစ်ပါသည်။ (ဃ ၂၅.၄)

## အောင်မြင်သောအသက်တာ

သမ္မာတရားကိုဟောပြောနေရုံသက်သက်မဟုတ်၊ စာပေရေးသားထုတ်ဝေနေရုံသက်သက်လည်းမဟုတ်ဘဲ ကျွန်ုပ်တို့သည် ဘုရားသခင်အတွက်သက်သေဖြစ်ကြရမည်။ ခရစ်တော်နည်းတူ အသက်ရှင်နေထိုင်ခြင်းသည်ခရစ်ယာန်ဘာသာရှေ့တိုးအသာစီးရရန် တန်ခိုးအပါဆုံးငြင်းဆိုခြင်းဖြစ်ကြောင်းကို ကျွန်ုပ်တို့မှတ်သားနာယူကြပါစို့။ သိမ်မွေ့ဖျင်းသောခရစ်ယာန်အကျင့်စရိုက်သည် လောကီအကျင့်စရိုက်ထက်ပို၍ လောကကိုထိခိုက်နစ်နာစေပါသည်။ (ဃ ၂၆.၁)

ရေးသားထုတ်ဝေသောစာအုပ်အားလုံးသည် သန့်ရှင်းသောအသက်တာတစ်ခုကို မပြုစုပေးနိုင်ပါ။ သင်းအုပ်ဓမ္မဆရာများ၏ဒေသနာများအပေါ်မှာတင်မဟုတ်ဘဲ အသင်းတော်ရှင်သန်နေခြင်းကို လူတွေယုံကြည်ကြလိမ့်မည်။ မကြာခဏဆိုသလိုပင် အသင်းတော်ပလ္လင်ထက်မှ ဟောလိုက်သောတရားဒေသနာ၏ဩဇာလွှမ်းမိုးခြင်းကို သမ္မာတရား၏အကျိုးဆောင်များဟူ၍ကြွေးကြော်အသက်ရှင်နေထိုင်သူတို့ ဟောပြောသောတရားဒေသနာများကချေဖျက်တတ်၏။ (ဃ ၂၆.၂)

ခရစ်တော်၏အသက်တာသည် အစဉ်အမြဲကျယ်ပြန့်ခြင်း၊ အကန့်အသတ်မဲ့သြဇာလွှမ်းမိုးခြင်းရှိ၍ ဘုရားသခင်နှင့်လူ့မိသားစုတစ်ရပ်လုံးကို ကိုယ်တော်၌ချည်နှောင်သောသြဇာလွှမ်းမိုးမှုရှိသည်။ ဘုရားသခင်သည် လူကို သူတို့ကိုယ်တိုင်ရပ်တည်၍ အသက်ရှင်ရန် မဖြစ်နိုင်သောလူ့အရှိန်အဝါအောက်၌ ခရစ်တော်အားဖြင့် အရင်းအနှီးပြုတော်မူခဲ့၏။ ကျွန်ုပ်တို့သည် တစ်ဦးတစ်ယောက်ချင်းအနေဖြင့် ထာဝရဘုရားသခင်၏မဟာအလုံးစုံအပိုင်းတစ်ပိုင်းဖြစ်သော လူမိတ်ဆွေအပေါင်းအသင်းများနှင့်ထိတွေ့ဆက်ဆံကြရပါသည်။ အပြန်အလှန် တာဝန်ရှိမှုအောက်၌လည်း နေထိုင်ကြရပါသည်။ မည်သူတစ်ဦးတစ်ယောက် ကမျှလည်း သူ့မိတ်ဆွေအပေါင်းအသင်းများနှင့်ကင်း၍ လွတ်ထွက်ရပ်တည် မနေနိုင်ကြပါ။ တစ်ဦးတစ်ယောက်၏ကောင်းစားခြင်းသည် အခြားသူများ၌ လည်း အကျိုးသက်ရောက်စေပါသည်။ လူတစ်ဦးချင်းသည် သူတစ်ပါးတို့ ၏ကောင်းကျိုးချမ်းသာနှင့်ပျော်ရွှင်ခြင်းဖြစ်စေအောင် လုပ်ဆောင်ပေးရန် သူတို့ ကိုယ်၌ လိုအပ်ချက်တစ်ရပ်ဖြစ်ကြောင်း ခံစားမိခြင်းသည် ထာဝရဘုရားသခင်၏ ရည်ရွယ်တော်မူခြင်းဖြစ်၏။ (ဃ ၂၆.၃)

သမ္မာကျမ်းစာတွင် ဖော်ပြထားသောဘာသာတရားသည် စာအုပ်အဖုံးအကာများအထဲ၌ ပိတ်လှောင်ထားရန်မဟုတ်သကဲ့သို့ အသင်းတော်တစ်ခု၏ နံရံများအတွင်း၌လည်း မြှုပ်ထားရမည်မဟုတ်ပါ။ ဤသည်ကိုမိမိကိုယ်ကျိုးအတွက် အခါအားလျော်စွာ ထုတ်ယူအသုံးပြုပြီးနောက် ဂရုတစိုက်တစ်ဖန်သိမ်းဆည်းထားသွားရန်လည်း မဟုတ်ချေ။ ဤဘာသာတရားအားဖြင့် ကျွန်ုပ်တို့၏နေ့စဉ်အသက်တာကို စင်ကြယ်စေခြင်းနှင့် စီးပွားရေးအလွှဲအပြောင်းအချိန်တိုင်း၌လည်းကောင်း၊ လူမှုဆက်ဆံရေးပြုသောအခါတိုင်း၌လည်းကောင်း ပေါ်လွင်ထင်ရှားစေရန် အသုံးပြုဖို့ဖြစ်ပါသည်။ (ဃ ၂၆.၄)

ထာဝရဘုရားသခင်သည် ကိုယ်တော်၏လူများအားဖြင့် ဤလောကသားတို့ ရှေ့၌ ဘုန်းထင်ရှားစေရန် ရည်ရွယ်တော်မူသည်။ သူတို့သည် ခရစ်တော် ၏နာမကိုဆောင်၍ သူတို့၏အတွေးအခေါ်၊ အပြောအဆို၊ အကျင့်အကြံအား ဖြင့် ဘုရားသခင့်ကိုယ်စား သက်သေထူကြရန် ကိုယ်တော်မျှော်လင့်သည်။

သူတို့၏အတွေးသည် စင်ကြယ်၍ သူတို့ဆိုစကားများသည်လည်း မြင့်မြတ်ခြင်းနှင့်ချီးမွမ်းခြင်းရှိလျက် သူတို့၏ပတ်ဝန်းကျင်ရှိလူသားများကို ကယ်တင်ရှင်အနီးသို့ ရောက်အောင်ဆွဲဆောင်ကြရမည်။ ခရစ်တော်၏ဘာသာသည် အပြောနှင့်အလုပ်ကိုက်ညီရမည်။ သူတို့၏စီးပွားရေးလုပ်ဆောင်မှုတိုင်းသည်လည်း ဘုရားသခင့်မျက်မှောက်တော်၌ မွေးကြိုင်နေရပါမည်။ (ဃ ၂၆.၅)

စီးပွားရေးသမားတစ်ယောက်သည် မိမိ၏သစ္စာရှိမှုဖြင့် မိမိ၏သခင့်ဘုန်းတော်ထင်ရှားစေသောလမ်းကြောင်းအတွင်း၌သာ စီးပွားရေးအလုပ်လုပ်ဆောင်ပါစေ။ မိမိလုပ်ဆောင်ပြီးစီးလေသမျှတို့တွင် မိမိ၏ဘာသာတရားကိုထင်ရှားစေ၍ ခရစ်တော်၏စိတ်တော်ကိုလည်း တစ်ပါးသူများအား ဖွင့်ပြပေးကြပါစေ။ စက်ပြင်ဆရာများဆိုလျှင်လည်း မိမိတို့၏လုံ့လဝီရိယနှင့် သစ္စာရှိခြင်းအားဖြင့် ယုဒပြည်၌ နိမ့်ချစွာအသက်ရှင်၍ အလုပ်လုပ်ခဲ့ရသော သခင်ဘုရားကို ကိုယ်စားပြုနိုင်ကြပါစေ။ ခရစ်တော်၏နာမ၌ရှိကြသူတိုင်းသည် မိမိတို့၏ကောင်းမှုများကို တစ်ပါးသူတို့မြင်တွေ့စေရအောင်လုပ်ဆောင်ခြင်း ဖြင့် မိမိကိုဖန်ဆင်းသောအရှင်နှင့် ရွေးနုတ်တော်မူသောအရှင်ကို ဘုန်းတော်ထင်ရှားစေခြင်းပြုနိုင်ကြပါစေ။ (ဃ ၂၇.၁)

## သာသနာပြုများအဖြစ်လုပ်ဆောင်နိုင်သောအမျိုးသမီးများ

ငံ့လျှိုးနေသောသမ္မာတရား၏အမှုတော်၌ ဖော်ထုတ်ခြင်း၊ ထင်ရှားစေခြင်းအလုပ်ကို အမျိုးသားများကဲ့သို့ အမျိုးသမီးများလည်း ပါဝင်လုပ်ဆောင်နိုင်ကြသည်။ ယခုကဲ့သို့သေရေးရှင်ရေးကာလတွင် အမျိုးသမီးများသည် အမှုတော်ထဲ၌ သူတို့နေရာကို သူတို့ယူနိုင်ကြသည်။ သခင်ဘုရားသည်လည်း သူတို့အားဖြင့် လုပ်ဆောင်တော်မူလိမ့်မည်။ အကယ်၍သာ ထိုအမျိုးသမီးတို့သည် တာဝန်သိစိတ်နှင့်ပြည့်၍ ဝိညာဉ်တော်လွှမ်းမိုးမှုအောက်၌ လုပ်ဆောင်ကြပါလျှင် ယနေ့ကာလအတွက်လိုအပ်သောအေးဆေးတည်ငြိမ်ခြင်းကို သူတို့ရကြလိမ့်မည်။ ကယ်တင်ရှင်သည် မိမိ၏မျက်နှာတော်အလင်းကို ထိုသို့အနစ်နာခံဆက်ကပ်ကြသောအမျိုးသမီးများအပေါ်သို့ ရောင်ပြန်ဟပ်စေမည်။ ဤသို့ဖြင့်

အမျိုးသားများလုပ်နိုင်သည်ထက် ပိုသောအစွမ်းတန်ခိုးကို သူမတို့ရကြလိမ့်မည်။ ယောကျ်ားများမလုပ်ဆောင်နိုင်သောမိသားစုထဲ၌ အတွင်းကျကျဘဝထိတွေ့မှုရှိသည့်အလုပ်မျိုးကို သူမတို့လုပ်နိုင်ကြသည်။ ယောကျ်ားများလက်လှမ်းမရောက်နိုင်သောသူများသို့ နှလုံးသားချင်းနီးကပ်စွာရှိစေခြင်းဖြင့် သူမတို့ရောက်သွားနိုင်ကြ၏။ သူမတို့အမှုဆောင်ခြင်းကို လိုအပ်သည်။ အပြောအဆိုလိမ္မာသိသိပ်၍ စိတ်နှိမ့်ချတတ်သည့်အမျိုးသမီးများသည် နေအိမ်များ၌ လူတို့အား သမ္မာတရားရှင်းပြပေးသောအလုပ်ကို ကောင်းကောင်းလုပ်နိုင်ကြသည်။ ရှင်းပြပြောဆိုသောနှုတ်ကပတ်တော်စကားသည်လည်း တဆေးကဲ့သို့ပွားများလာစေလိမ့်မည်။ ထိုသို့သောတရားသြဇာလွှမ်းမိုးခြင်းအားဖြင့် မိသားစုတစ်ခုလုံးသည် ခရစ်တော်၌ပြောင်းလဲခြင်းသို့ ရောက်လာကြပါလိမ့်မည်။(ဃ ၂၇.၂)

ဘုရားသခင်အတွက် အမှုတော်ဆောင်ရွက်သူအားလုံးသည် မာရိနှင့်မာသတို့၌ရှိသောအစေခံလုပ်ကျွေးပြုစုလိုသောဆန္ဒနှင့် သမ္မာတရားကိုချစ်သောစိတ်ရင်းကောင်းခြင်းဆိုသည့် ဂုဏ်ဒြပ်များရောစပ်လျက်ရှိသင့်ကြ၏။ ငါနှင့်ငါ့အတွက်ဆိုသည်ကို မျက်စိအောက်က ဖျောက်ပစ်ရမည်။ ဘုရားသခင်သည် အထူးကြိုးစားလုပ်ဆောင်သောအမျိုးသမီးများ၊ မြော်မြင်ဆင်ခြင်တတ်သောသူ၊ ဖော်ရွေပျူငှာသောသူ၊ သိမ်မွေ့သူနှင့် မှန်သောကိုယ်ကျင့်တရားကောင်းခြင်းရှိကြသည့်အမျိုးသမီးအမှုဆောင်များကို ခေါ်ယူတော်မူပါသည်။ ဘုရားသခင်သည် သူတို့ကိုယ်ကျိုးနှင့် တစ်ကိုယ်တော်သက်သောင့်သက်သာရှိခြင်းမှ စိတ်ခွာထွက်လာကြသောစိတ်ရှည်သည့်အမျိုးသမီးများကို ခေါ်ယူတော်မူပါသည်။ သူတို့သည် သမ္မာတရားစကားကိုပြောခြင်း၊ အပ်နှံရန်လမ်းပြပေးနိုင်သူများနှင့်အတူ ဆုတောင်းခြင်း၊ အသက်ဝိညာဉ်များပြောင်းလဲရေးအတွက် လုပ်ဆောင်ခြင်းများ၌ ဘုရားသခင်သည် သူတို့ကိုခရစ်တော်၌ ဗဟိုပြုရှိစေလိမ့်မည်။ (ဃ ၂၇.၃)

ညီအစ်မများသည် ဓမ္မစာစောင်မဂ္ဂဇင်းများ၊ ဝေစာများဖြန့်ချိခြင်း၌ ပုံမှန်ဝယ်ယူအသုံးပြုသူများကို ရှာတွေ့ရန် ထိရောက်စွာအမှုဆောင်နိုင်ကြသည်။

ဤနည်းအားဖြင့် စိတ်ဝိညာဉ်များစွာ၏ရှေ့မှောက်သို့ သမ္မာတရားအလင်းကို ပို့ဆောင်ပေးနိုင်ကြသည်။ (ဃ ၂၈.၁)

သက်သေခံခြင်းအရေး၌ သမ္မာတရားအလေးသာမှုကို အဆုံးအဖြတ်ပေးရန် စာရိတ္တသတ္တိကောင်းရှိကြသောအမျိုးမြင့်မြတ်သည့်အမျိုးသမီးကြီးများရှိကြပါသည်။ သူတို့သည် တာဝန်ရှိအသိစိတ်ဖြင့် သမ္မာတရားကို လက်ခံကြသည်။ သူတို့၌လိမ္မာပါးနပ်မှု၊ အမြော်အမြင်ရှိမှုနှင့် ကောင်းသောအစွမ်းအစများရှိကြသည်။ သူတို့သခင်အတွက် အောင်မြင်စွာအမှုဆောင်ကြသူများလည်းဖြစ်လာကြလိမ့်မည်။ ခရစ်ယာန်အမျိုးသမီးများကို သခင်ဘုရားခေါ်တော်မူပါ၏။ (ဃ ၂၈.၂)

ကျွန်ုပ်တို့၏ညီအစ်မများသည် စာပေကဏ္ဍ၌ ကြိုးစားလုပ်ဆောင်သူများဖြစ်နိုင်သည်။ ကျွန်ုပ်တို့၏ထုတ်ဝေစာစောင်များ၊ ဝေစာများလက်ခံရကြသောမိတ်ဆွေများ၏ခံယူချက်အမှန်ကို ခွဲခြားနားလည်တတ်ကြသည်။ ကိုယ်ကျင့်တရားတည်ကြည်၍ ဂုဏ်သိက္ခာမြဲမြဲသောအမျိုးသမီးများနှင့် နောက်ဆုံးသောနေ့ရက်များ၌ ကျွန်ုပ်တို့နေထိုင်အသက်ရှင်နေကြပါသည်ဟု ယုံကြည်သောအမျိုးသမီးများကို အလိုရှိနေပါသည်။ ဤကမ္ဘာလောကသို့ လေးနက်တည်ကြည်သောနောက်ဆုံးသတင်းစကားဖြင့် သတိပေးချက်သည် ကျွန်ုပ်တို့၌ရှိနေပါ၏။ ဤသူတို့သည် ဝေစာများနှင့် မစ်ရှင်အမှုဆောင်ခြင်း၌ ဘုရားသခင်အသုံးပြုနိုင်သောတစ်ဦးချင်းအမျိုးသမီးများဖြစ်ကြ၏။ ဤသူတို့သည် ဝေစာများနှင့် ကျွန်ုပ်တို့မြော်မြင်တွေးဆထုတ်ဝေထားသောပုဗ္ဗနိမိတ်စာစောင်များ (ငါညှ သ် အနှ ၈၈၇) ဖြန့်ဝေခြင်း၌ သခင့်အတွက် အဖိုးတန်အမှုတော်ကို လုပ်ဆောင်နိုင်ကြပါသည်။ (ဃ ၂၈.၃)

အမျိုးသမီးသည် သာသနာတော်၌ မဲပေးပိုင်ခွင့်ရှိသူတစ်ယောက် (သို့မဟုတ်) သာသနာရုံးအကြီးအကဲတစ်ဦးဖြစ်လာရမည်ကို ကျွန်ုပ်မထောက်ခံလိုပါ။ သို့သော် သာသနာပြုသူတစ်ယောက်ဖြစ်လာရမည်။ သမ္မာတရားအလင်း စာပေးစာယူသင်တန်းပို့ချခြင်း၊ ဝေစာများထွက်ဝေခြင်း၊ ဤကာလ၏ဗျာဒိတ်တော်အသံအကြောင်း ရေးသားထုတ်ဝေသောစာနယ်ဇင်းများ ပုံမှန်ဖတ်ရှု

သူများစာရင်းကောက်ယူခြင်းအလုပ်များကို သူမကောင်းကောင်းလုပ်နိုင်ပါသည်။ (ဃ ၂၈.၄)

ယခုလို အမျိုးသမီးအမှုတော်ဆောင်တစ်ယောက်တည်းရှိသည့်နေရာမှာ အမျိုးသမီးအမှုဆောင်အယောက်နှစ်ဆယ်ရှိမည်ဆိုလျှင် ဤသန့်ရှင်းသောသာနာပြုလုပ်ငန်းကို သူတို့သည် ယုယမြတ်နိုးစွာလုပ်ဆောင်လာကြမည်ဖြစ်သောကြောင့် သမ္မာတရားဘက်ဆီသို့ လူများစွာပြောင်းလဲရောက်လာကြသည်ကို ကျွန်ုပ်တို့မြင်တွေ့ရမည်။ (ဃ ၂၈.၅)

မိမိကိုယ်ကိုရှေ့တန်းမတင်၊ စိတ်နှလုံးနှိမ့်ချနူးညံ့သိမ်မွေ့သောခရစ်တော်၏စိတ်သဘောမျိုးဖြင့် နေရာမရွေး၊ အသက်ဝိညာဉ်ကယ်ဆယ်ရေးအတွက် အလုပ်လုပ်လိုကြသောအမျိုးသမီးများကို ယခုအခါအလိုရှိနေပါသည်။ (ဃ ၂၈.၆)

ကျွန်ုပ်တို့၏ညီအစ်မများ ရာပေါင်းများစွာသည် သူတို့လိုလားလျှင် အမှုတော်ဆောင်နိုင်ကြပါသည်။ သူတို့နှင့်သူတို့၏ရင်သွေးငယ်များသည် ရိုးရိုးလေးနှင့်သပ်သပ်ရပ်ရပ်ရေရှည်ခံသည့် အဝတ်အစားများကို အလှဆင်ယင်ပစ္စည်းတန်ဆာများမပါ ဝတ်ဆင်သင့်ကြပါသည်။ မလိုအပ်ဘဲ နေရာတကာသွားလာနေခြင်းမှသည် မစ်ရှင်အမှုတော်ထဲတွင် သူတို့၏အချိန်ကို အပ်နှံထားကြရမည်။ အဝေးရောက်မိတ်ဆွေများထံ မစ်ရှင်စာများရေးသားပေးပို့နိုင်ပါသည်။ ကျွန်ုပ်တို့၏ညီအစ်မများသည် အမှုဆောင်ခြင်းအကောင်းဆုံးနည်းဟန်များကို တိုင်ပင်ဆွေးနွေးရန် အတူတကွတွေ့ဆုံစည်းဝေးနိုင်ကြသည်။ အလှူတော်ငွေဆက်ကပ်ရန်နှင့် အဝေးရောက်မိတ်ဆွေများဆီသို့ ပေးပို့ရမည်ဖြစ်သောစာစောင်များ၊ ဝေစာများ၌ ရင်းနှီးသုံးစွဲရန် ငွေကိုစုဆောင်းကြရမည်။ အခုအလုပ်မလုပ်ဘဲနေကြသူတို့၊ အလုပ်လုပ်ကြပါစို့။ ဘုရားသခင်၏သားသမီးများဖြစ်ကြပါသည်ဟု ကြေညာပြောဆိုနေကြသောညီအစ်မအယောက်စီတိုင်းသည် သူမလက်လှမ်းရောက်ရှိသောလူအားလုံးကို ကူညီရန်တာဝန်ရှိသည်ဟု အမှန်ခံယူချက်ရှိရမည်။ (ဃ ၂၈.၇)

ဦးနှောက်စားသောခက်ခဲသည့်အလုပ်တာဝန်မျိုးကိုလုပ်ရန် ကျွန်ုပ်တို့၏ညီမငယ်များသည် အလွန်အကြောင်းရှာဆင်ခြေပေး၍ သူတို့ကိုယ်သူတို့ ခြွင်းချက်ထားလိုကြသည်။ သို့သော်လည်း ဤအလုပ်သည် ခရစ်ယာန်အတွေ့အကြုံစုံလင်စေရန် သူတို့၌လိုအပ်သည့်စည်းကမ်းဖြစ်နေပါသည်။ ကျွန်ုပ်တို့၏ယုံကြည်ချက် (၂၈ ချက်) ကို မှန်ကန်စွာဖော်ထုတ်နိုင်သောဝေစာများ၊ စာစောင်များဖြန့်ဝေခြင်း၌ ကိုယ်တိုင်စိတ်ပါဝင်တစားရှိခြင်းဖြင့် သူတို့သည် သာသနာကွင်းအထဲအမှုတော်ဆောင်သူများဖြစ်ကြရမည်။ (ဃ ၂၉.၁)

ညီအစ်မများတို့၊ သာသနာလုပ်ငန်းကို အလွန်ကြိုးစားလုပ်ဆောင်ရာတွင် ငြီးငွေ့အားနည်းခြင်းမဖြစ်လိုက်ပါနှင့်။ သင်တို့သည် ဆန္ဒရှိလျက် ဘုရားသခင်နှင့် ဆက်သွယ်နေပါလျှင် ဤအမှုသည် သင်ပါဝင်လုပ်ဆောင်သမျှတိုင်း၌ အောင်မြင်ခြင်းဖြစ်စေပါလိမ့်မည်။ စုံစမ်းမေးမြန်းခြင်းစာကိုမရေး မီ ဘုရားသခင်ထံဆုတောင်းရန် နှလုံးကိုအမြဲချီမလိုက်ပါ။ သို့ဖြစ်လျှင် မှန်သောစပျစ်နွယ်ပင်၌ ကိုင်းဆက်စိုက်ရသည့်ရိုင်းသောစပျစ်ကိုင်းတချို့စုဆောင်းယူရာတွင် အောင်မြင်စွာသင်လုပ်ကိုင်နိုင်၍ ဘုန်းတော်ထင်ရှားခြင်းအသီးများလည်း သီးလာပါလိမ့်မည်။ ဤအမှုတော်၌ စိတ်နှိမ့်ချလျက်ပါဝင်လုပ်ဆောင်ကြသူများအားလုံးသည် သခင်ဘုရား၏စပျစ်ဥယျာဉ်အတွင်းလုပ်ဆောင်သူများကဲ့သို့ သူတို့ကိုယ်သူတို့စဉ်ဆက်မပြတ် ပညာသင်ယူခြင်းရှိကြပါလိမ့်မည်။ (ဃ ၂၉.၂)

—၀—

# အခန်း (၂)
# ပျိုရွယ်မောင်မယ်တို့အားဖိတ်ခေါ်နေခြင်း

## ထာဝရဘုရားသခင်ခန့်အပ်တာဝန်ပေးခြင်း

ဘုရားသခင်သည် ပျိုရွယ်မောင်မယ်တို့အား မိမိ၏အကူလက်များအဖြစ် ခန့်အပ်တာဝန်ပေးထားပါသည်။ (ဃ၃ ၃၀.၁)

ကျွန်ုပ်တို့၏လူငယ်လူရွယ်များပါသော အမှုတော်ဆောင်တပ်တော်ကြီးသည် မှန်ကန်စွာသင်တန်းပေးထားခြင်း၊ ဖြည့်ဆည်းထောက်ပံ့ပေးထားခြင်းရှိခဲ့လျှင် လက်ဝါးကပ်တိုင်ပေါ်အသေခံ၍ ရှင်ပြန်ထမြောက်တော်မူပြီးနောက် မကြာမီပြန်ကြွလာတော့မည့် ကယ်တင်ရှင်၏သတင်းကောင်းစကားကို တစ်လောကလုံးသို့ အဘယ်မျှလောက်စောစောပြောပြီးလိုက်လေမလဲ။ (ဃ၃ ၃၀.၂)

အကယ်၍သာ ကျွန်ုပ်တို့သည် လူငယ်လူရွယ်များအား ကျကျနန လမ်းညွှန်ပေးခြင်းနှင့် အားပေးခြင်းပြုခဲ့မည်ဆိုလျှင် ယနေ့လူငယ်တပ်တော်တစ်ခုကို ကျွန်ုပ်တို့ရရှိခဲ့ပြီ။ ကျွန်ုပ်တို့၏သားသမီးများသည် သမ္မာတရား၌ သက်ဝင်ယုံကြည်သည်ကို ကျွန်ုပ်တို့လိုချင်ကြသည်။ သူတို့၌ ဘုရားသခင်ထံမှ ကောင်းချီးများစွာရရှိစေရန်လည်း ကျွန်ုပ်တို့လိုချင်ကြသည်။ ထို့အပြင် သူတို့သည် အခြားလူငယ်လူရွယ်များအား အကူအညီပေးနိုင်ရန် စနစ်တကျဖွဲ့စည်းထားသောစီမံချက်အောက်တွင် ပါဝင်လုပ်ကိုင်ကြရန်လည်း ကျွန်ုပ်တို့လိုချင်ကြသည်။ သို့ဖြစ်၍ လူငယ်များသည် သမ္မာတရားကို မှန်မှန်ကန်ကန်ပြောဆိုတတ်ကြရန်၊ သူတို့အထဲ၌ မျှော်လင့်ခြင်းရှိသည်ဆိုသည့်အကြောင်းပြသထားရှိရန်နှင့် သာသနာအလုပ်ခွင်ထဲ၌ သူတို့အရည်အချင်းပြည့်လုပ်ကိုင်ကြသောမည်သည့်အလုပ်ဌာနတွင်မဆို ဘုရားသခင်အား ချီးမွမ်းခြင်းရှိကြစေရန် သူတို့အားလုံးကို သင်တန်းပေးကြပါစို့။ (ဃ၃ ၃၀.၃)

အသင်းတော်အလုပ်ထဲ၌ရှိအပ်သောလူငယ်များ

စနစ်တကျဖွဲ့စည်း၍ စနစ်တကျသင်တန်းပေးထားသောလူငယ်များ၏ပင်ကိုယ်စွမ်းရည်များသည် အသင်းတော်ထဲမှာရှိဖို့လိုပါသည်။ လူငယ်တို့သည် ပိုလျှံအင်အားများနှင့် တစ်စုံတစ်ရာအလုပ်ကိုလုပ်နိုင်ကြသည်။ ယင်းစွမ်းရည်များကို မှန်ကန်သည့်လမ်းကြောင်းထဲသို့ရောက်အောင် လမ်းမပြနိုင်ခဲ့ပါလျှင် လူငယ်များကို ကိုင်တွယ်သူတို့၏ဝိညာဉ်ရေးရာထိခိုက်နာကျင်စေလောက်အောင် လူငယ်များက သုံးစားသွားပါလိမ့်မည်။ လူငယ်များနှင့်လက်တွဲလုပ်ကိုင်နေသူတို့၌ ရထားသည့်ဒဏ်ရာသည် သက်သေဖြစ်၏။ (ဃု ၃၀.၄)

လူငယ်များသည် သူတို့စိတ်နှလုံးကို ထာဝရဘုရားသခင်ထံ အပ်နှံလာသည့်အခါ သူတို့အတွက် ကျွန်ုပ်တို့၏တာဝန်ရှိမှုသည် ရပ်တန့်မသွားပါ။ သူတို့သည် သခင်ဘုရား၏အမှုတော်ကို စိတ်ပါဝင်စားရမည်။ သူတို့သည် သခင့်အမှုတော်ရှေ့တိုးစေဖို့ သူတို့တစ်စုံတစ်ရာပြုလုပ်နိုင်ကြကြောင်းကို သခင်မျှော်လင့်နေသည်ဟူ၍ သူတို့၌အမြင်ရှိနေစေရမည်။ လူငယ်များသည် အပိုင်းကဏ္ဍတစ်ခုခု၌ ပါဝင်လုပ်ဆောင်လာကြရန် ကျွန်ုပ်တို့အဘယ်မျှကြိုးစားရမည်၊ အဘယ်မျှတိုက်တွန်းပေးရမည်ဆိုသည်မှာ ပြောရန်ပင်မလုံလောက်ပါ။ သခင့်အတွက် မည်သို့လုပ်ဆောင်သွားရမည်ကိုသာ သူတို့အား သွန်သင်ပေးရမည်။ သူတို့အရွယ်လူငယ်အပေါင်းအသင်းများအား အကူအညီပေးရန် အေးအေးဆေးဆေးနှင့်ဟန်ဆောင်ခြင်းမရှိကြိုးစားသွားကြဖို့ သူတို့အား သွန်သင်ပေးရမည်။ သာသနာပြုကဏ္ဍအမျိုးမျိုးတို့ကို စနစ်တကျဖွဲ့စည်းထားသည့်အထဲသို့ လူငယ်များပါဝင်လာကြပါစေ။ လမ်းပြခြင်း၊ အကူအညီပေးခြင်းဖြင့် သူတို့ကိုလုပ်ဆောင်ကြပါစေ။ ဤနည်းဖြင့် သခင်ဘုရားအတွက် အမှုတော်ဆောင်ခြင်းကို သူတို့လေ့လာသင်ယူကြလိမ့်မည်။ (ဃု ၃၀.၅)

## ကလေးဘဝမှစ၍သွန်သင်ပါ

အမှုတော်ဆောင်သင်းအုပ်ဆရာ၏သနားကြင်နာတတ်မှု၊ ရည်မွန်မှုများကို ကလေးသူငယ်များအပေါ် သူ၏ဆက်ဆံရေး၌ မြင်ရမည်။ ကလေးများသည် လူကြီးအသေးစားများ၊ ဘုရားသခင်၏မိသားစုအထဲ လူငယ်အသင်းသားများဖြစ်ကြသည်ဟူ၍ သင်းအုပ်၏စိတ်ထဲ၌ စွဲမှတ်ထားသင့်သည်။ ဤကလေးများသည် သခင်ဘုရား၏အနီးသို့ ချစ်မြတ်နိုးစွာခေါ်ယူသွင်းခံရနိုင်ပါ၏။ သူတို့လေးတွေကို မှန်မှန်ကန်ကန်လမ်းပြပေးခြင်းနှင့် စည်းကမ်းထိန်းကျောင်းပေးပါလျှင် သူတို့သည် ငယ်ရွယ်စဉ်ချိန်၌ပင် သခင့်အတွက်အမှုတော်ဆောင်ကြပါလိမ့်မည်။ (ဃ၃ ၃၁.၁)

ပျိုရွယ်မောင်မယ်တို့ကို လျစ်လျူရှုမထားပါနှင့်။ သခင့်အမှုတော်ထဲ ၌ သူတို့မျှဝေတာဝန်ယူလုပ်ကိုင်ကြပါစေ။ အခြားသူများအား အကူအညီပေးရန်နှင့် ကောင်းချီးပေးရန် တစ်စိတ်တစ်ပိုင်းသူတို့ပါဝင်ဖို့လိုအပ်ကြောင်းကို သူတို့သိမြင်ခံယူကြပါစေ။ ကလေးသူငယ်များသည် သူတို့နှင့်နှိုင်းစာလျှင် အကြောင်းမလှသူများအား ချစ်ခြင်းနှင့်ညှာတာခြင်းတောက်တိုမည်ရ နည်းနည်းလုပ်ပေးတတ်ဖို့ကိုပင် သွန်သင်ပေးထားကြရမည်။ (ဃ၃ ၃၁.၂)

မိဘများသည် ကလေးသူငယ်များအား အချိန်၏တန်ဖိုးနှင့် အချိန်ကိုမှန်မှန်ကန်ကန်အသုံးချတတ်ဖို့ သွန်သင်ပေးကြရမည်။ ဘုရားသခင်ကို ဂုဏ်ပြုချီးမွမ်းခြင်းနှင့် လူသားများကို ကောင်းချီးမင်္ဂလာဖြစ်စေသောတစ်စုံတစ်ရာလုပ်ဆောင်ချက်များသည် ကြိုးစား၍လုပ်ဆောင်ရန် အဖိုးတန်ကြောင်းကို သူတို့အား သွန်သင်ပေးပါ။ သူတို့လေးတွေ အသက်ငယ်သောအရွယ်၌ပင် ဘုရားသခင်အတွက် သာသနာပြုများဖြစ်လာနိုင်ကြသည်။ (ဃ၃ ၃၁.၃)

## ပျိုရွယ်မောင်မယ်တို့၏ရှေ့ရေးအလားအလာ

ယနေ့ကာလ လူအများထဲက လုလင်သူငယ်တစ်ဦးသည် ယုဒပြည်နေအိမ်မှာ ဒံယေလကြီးပြင်းလာခဲ့သကဲ့သို့ဘုရားသခင်နှုတ်ကပတ်တော်စကားနှင့်

အမှုတော်အကြောင်းစုံကို လေ့လာခြင်း၊ သစ္စာရှိရှိအမှုတော်ထမ်းရွက်ရမည့် သင်ခန်းစာများကို လေ့လာခြင်းများပြီးစီးခဲ့ပြီဖြစ်သောကြောင့် ဥပဒေပြုလွှတ်တော်၌သော်လည်းကောင်း၊ တရားရုံးခန်းမ၌သော်လည်းကောင်း (သို့မဟုတ်) ရှင်ဘုရင့်နန်းတော်တွင်း၌သော်လည်းကောင်း သူသည် ဘုရင်တကာတို့၏ ဘုရင်အတွက် သက်သေခံသူတစ်ယောက်အဖြစ် ရပ်တည်ပြနိုင်လိမ့်မည်။(ဃု ၃၁.၄)

ရွေးကောက်ခံရစဉ်အခါကလုလင်သူငယ်တစ်ယောက်မျှသာ ရှိသေးသောတိမောသေ

ပေါလုသည် တိမောသေကို သစ္စာရှိခြင်း၊ တည်ကြည်ခြင်း၊ မှန်ကန်ခြင်းရှိသည်ဟု သိမြင်ခဲ့သည်ဖြစ်၍ အမှုတော်ဆောင်ခရီးထွက်ရာတွင် လက်တွဲဖော်တစ်ယောက်အဖြစ် ရွေးချယ်ခဲ့ပါသည်။ ငယ်စဉ်ကလေးဘဝ၌ တိမောသေလေးအား သွန်သင်ပေးခဲ့ကြသူများသည် သူတို့ပြုစုခဲ့သောသားလေးတစ်ယောက် တမန်တော်ကြီးနှင့် တရင်းတနှီးအပေါင်းအသင်းဝင်အဖြစ် ရောက်သွားသည်ကို မြင်လိုက်ရသည့်ဆုလာဘ်အကျိုးရခဲ့သည်။ တိမောသေသည် ဆရာတစ်ဦးအဖြစ် ဘုရားသခင်ရွေးချယ်ခဲ့စဉ်အခါက လုလင်သူငယ်တစ်ယောက်မျှသာ ရှိပါသေးသည်။ သို့သော်လည်း သူ၏အခြေခံကိုယ်ကျင့်တရားသည် စောစောပိုင်းပညာရေးအားဖြင့် တည်ဆောက်ပြီးစီးခဲ့သည်ဖြစ်၍ ရှင်ပေါလု၏ကူဖော်လောင်ဖက်တစ်ယောက်ဖြစ်သွားသောသူ့နေရာသည် သူနှင့်ကိုက်ညီစေခဲ့သည်။ ငယ်ရွယ်သော်လည်း တိမောသေသည် မိမိ၏တာဝန်ဝတ္တရားများကို ခရစ်ယာန်နူးညံ့သိမ်မွေ့မှုဖြင့် ခံယူခဲ့လေသည်။ (ဃု ၃၁.၅)

အဆင့်တိုးဖြည့်စွက်ရန်လျာထားချက်

သာသနာ့ဝန်ထမ်းများတချို့ ခရစ်တော်၌ အိပ်စက်အနားယူသွားကြပါပြီ။ သူတို့အထဲက လူများစွာသည်လည်း ကျွန်ုပ်တို့တည်ထောင်ခဲ့သည့် အသင်းတော်ပြန်လည်ပြုပြင်ရေးလုပ်ငန်းများကို အထင်ကရဆောင်ရွက်ပြီးစီး၍

လူတစ်ယောက်အနေဖြင့် ယခုတွင် အသက်တာ၏မွန်းတည့်အချိန်ကာလကို ကျော်လွန်ကာ၊ ရုပ်ခန္ဓာနှင့်ဉာဏ်စွမ်းအားများယုတ်လျော့လာခဲ့ကြပါပြီ။ ဤအတွက် အလေးအနက်ထား၍ မေးခွန်းမေးရမည်။ သူတို့နေရာမှာ မည်သူတွေအစားထိုးလုပ်ဆောင်ကြမည်နည်း။ အသင်းတော်စံနှုန်းအတိုင်း တာဝန်ထမ်းဆောင်ခဲ့သူများကွယ်လွန်ပြီးသောအခါ ဤသို့အလွန်အရေးကြီးသောအသင်းတော်အကျိုးအတွက် မည်သူတွေက တာဝန်ယူဆက်ခံသွားကြမည်နည်း။ ကျွန်ုပ်တို့မလုပ်နိုင်ကြဟုဆိုသော်လည်း ယနေ့လူငယ်များအပေါ်၌ ထိုတာဝန်များပစ်တင်၍ သူတို့၌တာဝန်ရှိစေရမည်ကို ကျွန်ုပ်တို့စိုးရိမ်တကြီးမျှော်ကြည့်နေကြပါသည်။ အနားယူသူယူ၍ အစားဝင်သူဝင်ရပါမည်။ သူတို့၏အမှုဆောင်ခြင်းနည်းလမ်းသည် စာရိတ္တအရာ၊ ဘာသာတရားအသိ၊ ပဓာနကျသောဘုရားဝတ်၌ မွေ့လျော်ခြင်းတို့၌ အောင်မြင်ကြောင်း သတ်မှတ်ခံရလိမ့်မည်။ သို့တည်းမဟုတ် ကိုယ်ကျင့်တရားဖေါက်ပြန်မှုနှင့် သစ္စာတရားကင်းမဲ့မှုသည် အဖိုးတန်အရာအားလုံးကို ပျက်စီးစေခြင်းနှင့် ညှိုးချုံးခြောက်ကပ်သွားစေပါမည်။ (ဃ ၃၂.၁)

## ပင်ပန်းကြီးစွာနှင့်ကိုယ်ကျိုးစွန့်လုပ်ဆောင်ခဲ့ကြသော ရှေ့ဆောင်လမ်းပြများ

ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏လူငယ်လူရွယ်များကို ယုံကြည်စိတ်ချကြောင်း ပြသရမည်။ ဘုရားသခင်အတွက် အပြင်းထန်ဆုံးထိုးနှက်အမှုဆောင်၍ ကိုယ်တော်ကိုရှာတွေ့ခဲ့ကြသူများကို အားပေးခြင်း၊ ကောင်းချီးပေးခြင်းဖြင့် ခရစ်တော်၌ ဖျစ်ညှစ်အစေခံပြီးကြသူများသည် ဆွေးနွေးအကြံပေးဆရာကြီးများအဖြစ် ယုယမြတ်နိုးစွာအမှုဆောင်လျက်နေကြစဉ် လူငယ်များသည် သာသနာလုပ်ငန်းဟူသမျှတိုင်း၌ ကိုယ်ကျိုးစွန့်အနစ်နာခံဆက်ကပ်ဆောင်ရွက်သူ ရှေ့ဆောင်လမ်းပြများဖြစ်လာသင့်ကြပါသည်။ (ဃ ၃၂.၂)

လူငယ်လူရွယ်များကို အလိုတော်ရှိနေပါသည်။ ဘုရားသခင်သည် သာသနာပြုနယ်မြေအထဲသို့ သူတို့ကိုခေါ်ယူနေသည်။ အခြားသူများနှင့်နှိုင်းယှဉ်

လျှင် သူတို့သည် စိုးရိမ်ပူပန်စရာတာဝန်များမရှိ၊ အားလပ်နေသူများဖြစ်သော ကြောင့် အိမ်ထောင်မိသားစုကြီးတစ်ခုကို သွန်သင်ထောက်ပံ့ပျိုးထောင်ပေး ဖို့တာဝန်ရှိသူများထက် ပို၍အမှုတော်အထဲပါဝင်ရန် အခြေအနေအသာစီးရ နေသည်။ ထို့ပြင် လူငယ်လူရွယ်များသည် အခြေအနေသစ်၊ လူ့အဖွဲ့အစည်း သစ်များနှင့် ပို၍လိုက်လျောညီချိန်ဆကာ နေထိုင်တတ်ကြပါသည်။ အဆင် မပြေမှုများနှင့် ခက်ခဲကြမ်းတမ်းမှုဒဏ်များကိုလည်း လူကြီးများထက် ပိုမို၍ ခံနိုင်ရည်ရှိကြပါသည်။ သူတို့၏အကင်းပါးမှုနှင့်လုံ့လဝီရိယရှိမှုများသည် သူတို့ရှိရာနေရာ၌ လူများစွာဆီသို့ သူတို့လက်လှမ်းရောက်နိုင်ကြပါသည်။(ယု ၃၂.၃)

အိမ်ထောင်မိသားစုအတွင်း၌ မှန်မှန်ကန်ကန်ပညာရေးမျိုးကို ရခဲ့ကြ သူလူငယ်များသည် အမှုဆောင်ရန်အတွက် သင်တန်းတက်ကာ နေရာသစ် တွေမှာ အစီအစဉ်ကောင်းကောင်းနှင့်သစ္စာရှိရှိလုပ်ဆောင်သွားခြင်းအားဖြင့် သမ္မာ တရားအဆင့်မြှင့်တင်ပေးကြရန် အားပေးခြင်းခံယူကြရမည်။ မြို့တော်သာသနာ လုပ်ငန်းထဲတွင်ရှိကြသော ကျွန်ုပ်တို့၏အသင်းတော်သင်းအုပ် ဆရာများနှင့်၊ ဝါရင့်ဓမ္မဝန်ဆောင်များနှင့် အပေါင်းအသင်းဖွဲ့ခြင်းအားဖြင့် အကောင်းဆုံး သင်တန်းအမျိုးအစားကို သူတို့ရရှိနိုင်ပါသည်။ သူတို့သည် ဘုရားသခင်၏ လမ်းညွှန်ချက်အောက်၌ လုပ်ဆောင်ခြင်းဖြင့်သော်လည်းကောင်း၊ ပိုမိုအတွေ့ အကြုံရှိကြသည့်သူတို့၏လုပ်ဖော်ကိုင်ဖက်ဓမ္မဝန်ဆောင်များ၏ ဆုတောင်းခြင်း အထောက်အထားအကူယူခြင်းအားဖြင့်သော်လည်းကောင်း ထိုလူငယ်များသည် ကောင်းမြတ်၍ မင်္ဂလာရှိသောအလုပ်ကို လုပ်ဆောင်နိုင်ကြ ပါသည်။ သက်ကြီး သူဓမ္မဝန်ဆောင်များ၏အတွေ့အကြုံများနှင့် သူတို့၏ လူငယ့်စွမ်းအားများကို အကောင်းဆုံးအသုံးချ၍ ပေါင်းစည်းလုပ်ဆောင်သွား ကြပါသော်လည်း သူတို့ သည် ကောင်းကင်တမန်များနှင့် အပေါင်းအသင်း ဝင်ဖြစ်ခြင်းကို ရလိမ့်မည်။ ဤကဲ့သို့ဘုရားသခင်နှင့်အတူ တွဲဖက်လုပ်ဆောင် ခြင်းဖြင့် သူတို့သည် ဂုဏ်တော် သီချင်းကျူးခြင်း၊ ဆုတောင်းခြင်းနှင့်ယုံကြည် ခြင်းတို့၌ အထူးအခွင့်အရေးခံစား ကြရသည်ဖြစ်၍ သတ္တိရှိရှိလွတ်လပ်စွာအမှု ဆောင်ကြသည်။ ယင်းသို့ဖြင့်

သူတို့နှင့်သူတို့လုပ်ဖော်ကိုင်ဖက်များကို ကောင်းကင်ဘုံသားတမန်များယူတင် ထင်ရှားစေခြင်းဖြင့် ယုံကြည်စိတ်ချရခြင်းသည် ဆုတောင်းခြင်း၊ ချီးမွမ်းခြင်း နှင့်သမ္မာတရားကို ရိုးရိုးယုံကြည်ခြင်းသို့ ဦးတည်စေလိမ့်မည်။ (ယု ၃၂.၄)

အမှုဆောင်ခြင်း၌လမ်းကြောင်းများ

ပျိုရွယ်မောင်မယ်တို့သည် ခွန်အားစိုက်၍ အကူအညီပေးနိုင်ရန် လမ်းကြောင်းများစွာ၌ အခွင့်အရေးကို ရှာတွေ့နိုင်ကြသည်။ သူနာပြုဝန်ထမ်း များ၊ ဧဝံဂေလိဆရာ၊ဆရာမများ၊ ကျမ်းစာသင်ဓမ္မဝန်ထမ်းများ၊ သာသနာ စည်းရုံးရေးမှူးများ၊ သင်းအုပ်ဆရာများနှင့်ဆေးကုသမှုဆိုင်ရာသာသနာပြုဆရာ၊ ဆရာမများအသီးသီးတို့ကို အုပ်စုများအဖြစ် ဖွဲ့စည်းထားပြီးလျှင် အသေအချာ ဂရုတစိုက်ပညာသင်ပေးသင့်ကြပါသည်။ (ယု ၃၃.၁)

လူငယ်အချင်းချင်းတစ်ဦးကိုတစ်ဦးကူညီတတ်ဖို့ ကျွန်ုပ်တို့သွန်သင် ပေးရမည်။ ဤအမှုကို သူတို့ရှာ၍လုပ်ဆောင်လာကြပြီဆိုသောအခါ အတွေ့ အကြုံရလာမည်ဖြစ်၍ ပိုမိုကျယ်ပြန့်သောသာသနာရပ်ဝန်း၌ ဆက်ကပ်သော ဓမ္မဝန်ဆောင်များဖြစ်ရန် သူတို့ကိုအရည်အချင်းပြည့်ဝလာစေလိမ့်မည်။ (ယု ၃၃.၂)

ပျိုရွယ်မောင်မယ်တို့သည် မိမိတို့၏အိမ်နီးနားချင်းများနှင့် အခြား သောနေရာများ၌ အမှုတော်ဆောင်များဖြစ်လာရန် သွန်သင်ခြင်းခံယူကြရမည်။ ယနေ့ကာလ၌ လိုအပ်သောအမှုဆောင်အလုပ်များအတွက် လိမ္မာပါးနပ်၍ ဉာဏ်ရည်ထက်လာစေရန် စိတ်နှလုံးကို အာရုံစူးစိုက်လျက် အကောင်းဆုံး လိုက်ဖက်ညီလုပ်ဆောင်နိုင်ရေးအတွက် သူတို့ကိုယ်သူတို့အရည်အသွေးတက် လာအောင် လုပ်ဆောင်လာကြလိမ့်မည်။ (ယု ၃၃.၃)

အောင်မြင်ခြင်း၏လျှို့ဝှက်ချက်

ဘုရားသခင်ကိုသိကျွမ်းရန် ဆက်လိုက်ကြပါ။ လူငယ်များတို့၊ သို့ဖြစ်လျှင် "ထွက်တော်မူချိန်သည် နံနက်ကဲ့သို့ဖြစ်လိမ့်မည်။ (ဟောရှေ ၆း၃)" ဟုသင်တို့သိရှိလာပါလိမ့်မည်။ တိုးတက်မှုကို မပြတ်တမ်းရှာဖွေကြ

ပါ။ ရွေးနုတ်ကယ်တင်ရှင်နှင့်အတူ သက်သေထူပြနိုင်ရန် အလွန်စိတ်အား ထက်သန်စွာကြိုးစားကြပါ။ ခရစ်တော်၌ယုံကြည်ခြင်းဖြင့် အသက်ရှင်ပါ။ ကိုယ်တော်လုပ်ဆောင်သမျှကို လုပ်ဆောင်ပါ။ ကိုယ်တော်အသက်ပေးအပ်၍ ချစ်သောအသက်ဝိညာဉ်များ၏ကယ်တင်ခြင်းအတွက် အသက်ရှင်နေထိုင်ပါ။ သင်တို့ထိတွေ့ဆက်ဆံကြရသည့်လူများအား အကူအညီပေးနိုင်ရန် နည်းလမ်း ပေါင်းစုံဖြင့်ကြိုးစားပါ။ သင်တို့၏ပညာရေးအတွက် လမ်းကြောင်းတစ်မျိုးပြီး တစ်မျိုး၊ ပညတ်ချက်တစ်ခုပြီးတစ်ခု၊ ဒီမှာနည်းနည်း ဟိုမှာနည်းနည်းနှင့် ပြီးပြည့်စုံအောင်လုပ်ပေးကြလိမ့်မည်ဖြစ်သော သင်တို့၏အစ်ကိုတော်ကြီးယေရှု နှင့်ဆုတောင်းခြင်းစကားပြောကြပါ။ ပျက်စီးဆုံးပါးနေသော ဤကမ္ဘာကြီးကို ကယ်ဆယ်အံ့သောငှါ အသက်ပေး၍ ကိုယ်ကိုကိုယ်ပေးကမ်းခဲ့သောသခင်ဘုရား နှင့်အနီးကပ်ဆက်ဆံခြင်းအမှုသည် သင်တို့ကိုလက်ခံသင့်လောက်သောအမှု တော်ဆောင်များဖြစ်လာစေပါလိမ့်မည်။ (ဃ ၃၃.၄)

## အမှုတော်ဆောင်ရန်ဖွဲ့စည်းခြင်း

ပျိုရွယ်မောင်မယ်အပေါင်းတို့၊ သင်တို့သည် အသက်ဝိညာဉ်များစွာကို ပြိုလဲပျက်စီးနေခြင်းမှ ကယ်တင်ပေးရန် ခရစ်တော်၏စစ်သည်တော်များအဖြစ် အမှုတော်လုပ်ငန်း၌ စာရင်းသွင်းဝင်ခြင်းနှင့် သင်တို့၏လိမ္မာပါးနပ်မှု၊ ကျွမ်းကျင် မှုနှင့်ပင်ကိုယ်အရည်အသွေးရှိသမျှတို့ကို သခင့်အမှုတော်အထဲ တင်ဆက်ခြင်း တို့ဖြင့် အုပ်စုများဖွဲ့စည်း၍ မနေနိုင်ကြပြီလော။ သို့ဖြစ်၍ ဤအမှုတော် အတွက် အသင်းတော်တိုင်း၌ အုပ်စုများဖွဲ့စည်းကြပါစို့။ ယေရှုကိုအမှန်ချစ် ကြသောပျိုရွယ်မောင်မယ်များသည် သတ္တမနေ့ဥပုသ်ကို စောင့်သည်ဆိုသော သူတို့အတွက်သာမက ကျွန်ုပ်တို့နှင့်ယုံကြည်ခြင်းမတူသူများအတွက်ပါ သိရှိ စေရန် မိမိတို့ကိုယ်တိုင်အမှုတော်ဆောင်များအဖြစ် ဖွဲ့စည်း၍မနေနိုင်ပြီလော။ (ဃ ၃၄.၁)

လူငယ်လူရွယ်နှင့်ကလေးသူငယ်များသည် ယေရှု၏နာမတော်၌ အမှုတော်ကိုထမ်းရွက်ကြပါစေ။ သူတို့ကိုစီမံချက်တချို့နှင့်လုပ်ဆောင်ချက် စနစ်တကျရှိမှုအပေါ်မှာ စည်းလုံးခြင်းရှိပါစေ။ သင်တို့သည် ဆုတောင်းရန် အချိန်သတ်မှတ်ခြင်း၊ သခင်ဘုရား၏ကျေးဇူးတော်ခံစားရဖို့ ဆုတောင်းယူခြင်း၊ စည်းလုံးညီညွတ်သောလုပ်ဆောင်မှုကိုဦးထိပ်တင်ထားခြင်းများဖြင့် အမှုတော် ဆောင်ဝိုင်းတစ်ခုကို သင်တို့ဖွဲ့စည်း၍မရနိုင်ပြီလော။ (ဃ ၃၄.၂)

–၀–

## အခန်း (၃)
# ဘုရားသခင်၏လူတို့အတွင်းရှိအခြေအနေများ

### သာသနာပြုစိတ်ကင်းမဲ့နေကြခြင်း

ခရစ်တော်ကြွလာတော်မူခြင်းကို မျှော်လင့်သောသတ္တမနေ့ဥပုသ်စောင့်ကြသူတို့အထဲတွင် သာသနာပြုစိတ်နည်းနည်းလောက်သာရှိနေပါသည်။ အကယ်၍ သင်းအုပ်ဆရာများနှင့်အသင်းသူ/အသင်းသားများသည် လုံလောက်သောနိုးထမှုသာရှိခဲ့ပါလျှင် ဘုရားသခင်သည် သူတို့ကိုပညတ်တရား၏ သိုလှောင်ရာအိမ်အဖြစ် ဖန်ဆင်းကာ ဂုဏ်ပြုထားလျက်ရှိစဉ် သူတို့၏စိတ်အာရုံအထဲ၌ ပုံနှိပ်သွင်း၍ သူတို့၏နှလုံးသားအတွင်း၌လည်း ရေးမှတ်ထားခြင်းရှိသဖြင့် သူတို့သည် ဤကဲ့သို့လျစ်လျူရှုနေသွားကြလိမ့်မည်မဟုတ်ပါ။ (ဃ ၃၅.၁)

စစ်မှန်သောသာသနာပြုစိတ်ဓာတ်သည် အသင်းတော်ကို စွန့်ခွါသွားသည်ဖြစ်သောကြောင့် သက်မွေးမှုဓမ္မဆရာအဖြစ် လုပ်စားနေသူတွေသာများစွာဂုဏ်မြင့်တက်နေကြ၏။ သူတို့၏စိတ်နှလုံးသည်လည်း အသက်ဝိညာဉ်များကို မေတ္တာရောင်အလင်းမပေးနိုင်တော့သလို ခရစ်တော်၏သိုးခြံထဲသို့ ဦးဆောင်မောင်းသွင်းလိုစိတ်လည်းမရှိတော့ပါ။ စိတ်အားထက်သန်သောဓမ္မဝန်ဆောင်များကို ကျွန်ုပ်တို့အလိုရှိသည်။ "ကျွန်ုပ်တို့ထံလာ၍ ကူညီမစပါဦး" ဟူ၍ နေရာအနှံ့မှအော်ခေါ်ငိုကြွေးသံကို တုံ့ပြန်မည့်သူမရှိတော့ပြီလော။(ဃ ၃၅.၂)

ကျွန်ုပ်တို့သည် ပြည့်စုံခြင်းမရှိကြောင်းကို လူတစ်ယောက်အနေဖြင့် ကျွန်ုပ်သက်သေပြခဲ့ပါသည်။ ကျွန်ုပ်တို့၏လုပ်ဆောင်မှုများသည် ကျွန်ုပ်တို့၏ယုံကြည်ချက်နှင့် တခြားစီဖြစ်နေ၏။ ကျွန်ုပ်တို့၏ယုံကြည်ခြင်းသည် သေမျိုးလူသားတို့အား အစဉ်ပေးကမ်းခဲ့သောတည်ကြည်လေးနက်ပြီး အရေးအကြီးဆုံးကြေညာခြင်းအောက်၌ ကျွန်ုပ်တို့အသက်ရှင်နေထိုင်ရကြောင်းကို သက်သေခံလျက်ရှိသည်။ သို့ပင်ဖြစ်ငြား ဤအမှန်တရား၏အလုံးစုံမြင်ကွင်း

ကိုကြည့်သော် ကျွန်ုပ်တို့၏ကြိုးပမ်းမှု၊ ကျွန်ုပ်တို့၏စိတ်အားကြီးမှု၊ ကျွန်ုပ်တို့၏ကိုယ်တိုင်စွန့်လွှတ်အနစ်နာခံသောစိတ်ဓာတ်များသည် အမှုဆောင်ခြင်းစရိုက်လက္ခဏာများနှင့် နှိုင်းယှဉ်ကြည့်လို့မရသလောက်ဖြစ်၏။ ကျွန်ုပ်တို့သည် သေရာမှနိုးထကြရမည်။ ခရစ်တော်သည်လည်း ကျွန်ုပ်တို့အား အသက်ကိုပေးလိမ့်မည်။ (ဃ ၃၅.၃)

ကျွန်ုပ်တို့၏အသင်းတော်သည် အသင်းသူ/အသင်းသားများ၏ဘုရားသခင်ကို အလေးအနက်တာဝန်ယူခြင်းအသိတရားအဘယ်မျှနည်းပါးနေသည်ကို ခံစားမိကြောင်း ကျွန်ုပ်တွေးမိသောအခါ ကျွန်ုပ်နှလုံးနာရပါသည်။ သင်းအုပ်ဆရာများသာလျှင် ခရစ်တော်၏စစ်သည်ဖြစ်ကြသည်မဟုတ်ပါ။ ခရစ်ယာန်တပ်တော်၌ စာရင်းဝင်သူယောကျ်ား၊ မိန်းမတိုင်းသည်လည်း ခရစ်တော်၏စစ်သည်များဖြစ်ကြပါသည်။ ခရစ်တော်သည် ကိုယ်အသက်ကိုကိုယ်ငြင်းပယ် စွန့်လွှတ်၍ ထိုသူတို့အတွက် ပေးအပ်ခဲ့သောနမူနာတစ်ရပ်ကဲ့သို့ ခရစ်ယာန် စစ်သည်တော်အမှုကို ပြုလိုသောဆန္ဒများသူတို့၌ ရှိကြပါ၏လော။ ကျွန်ုပ် တို့၏အသင်းတော်များ၌ အလုံးစုံပေါ်လွင်နေစေရမည့်ကိုယ်ကိုကိုယ်ငြင်းပယ် ခြင်းဆိုသည်မှာ ဘာလဲ။ သူတို့သည် ဆယ်ဖို့တစ်ဖို့နှင့်ပတ်သက်သောအလှူ ငွေများကို ပေးအပ်ထားကြ၏။ သို့သော်လည်း သူတို့ကိုယ်ကိုမူကား၊ မပေးဘဲ ထားကြ၏။ (ဃ ၃၅.၄)

ခရစ်တော်၏နောက်လိုက်များပါဟူ၍ ဆိုနေကြသောသူတို့သည် လောကီသားတို့နှင့်မခြား၊ ဝိညာဉ်များအတွက် ဝန်ဆောင်ပေးလိုသောစိတ်မျိုး သူတို့၌မရှိတော့ပါ။ မျက်စိ၏တပ်မက်ခြင်း၊ မာန်မာနတက်ခြင်း၊ ပကာသနကိုနှစ်သက်ခြင်း၊ စည်းစိမ်ခံစားလိုခြင်းများသည် ခရစ်ယာန်ဖြစ်သူများကိုဘုရား သခင်ထံတော်မှ ခွဲထုတ်ပစ်နေပါသည်။ ထိုသူတို့၌ သာသနာပြုလိုစိတ်အမှန် ရှိနေနိုင်သော်လည်း နည်းလှ၏။ ဇိအုန်မြို့ရှိ ဤအပြစ်သားများ၏မျက်လုံး များကိုဖွင့်ပေးရန်နှင့် သီလကြောင်းများကိုတုန်လှုပ်သွားစေရလောက်အောင် ဘာများလုပ်နိုင်ကြမလဲ။ (ဃ ၃၅.၅)

မေရောဇ (နှမ်သဖ) မြို့သားတို့နှင့်တူသောလူတန်းစားတစ်မျိုးရှိသည်။ သာသနာပြုစိတ်ဓါတ်သည် ဘယ်အခါမျှသူတို့၏ဝိညာဉ်ထဲ၌မရှိခဲ့ပါ။ နိုင်ငံခြားသာသနာပြုသွားရန် ဖိတ်ခေါ်သံကိုကြားရလည်း သူတို့အမှုအရာလှုပ်လှုပ်ရှားရှားဖြစ်မလာကြပါ။ ဘုရားသခင်အတွက် ဘာမျှမလုပ်၊ ခရစ်တော်ထံသို့ဝိညာဉ်များအောင်နိုင်ပို့ဆောင်ခဲ့သည်ဟူ၍လည်း ဘာမျှမရှိဘဲနှင့် ဤသူများကဲ့သို့သောလူတွေဘုရားသခင်ထံ ဘယ်ကဲ့သို့ဖြေရှင်းချက်ပေးကြမည်နည်း။ ထိုသူများသည် ဘုရားသခင်၏ "ဆိုးညစ်ပျင်းရိသောငယ်သား" ဟူ၍ စွပ်စွဲရှုတ်ချခြင်းကို ခံရလိမ့်မည်။ (ယှ ၃၆.၁)

သင့်၌ရှိခဲ့သည့်အထူးအခွင့်အရေးတစ်ရပ်အနေဖြင့် ထာဝရဘုရားသခင်၏အမှုတော်ကို ဆောင်ရွက်ပေးရသည့်သင့်အပိုင်း၌ သင်ရှုံးနိမ့်ခဲ့ရခြင်းကို သရုပ်ပြချက်တစ်ခုပေးရမည်ဆိုလျှင် ဤကျမ်းချက်ကို ကျွန်ုပ်ညွှန်းပြောလိုပါသည်။ "မေရောဇမြို့သားတို့သည် ထာဝရဘုရားဘက်၊ စစ်သူရဲတို့နှင့်ဝိုင်း၍ ထာဝရဘုရားဘက်သို့မကူကြသောကြောင့် မေရောဇမြို့သားတို့ကို ပြင်းစွာကျိန်ကြ လော့ဟု ထာဝရဘုရား၏ကောင်းကင်တမန်သည်မှာထား၏။" (တရားသူကြီး ၅:၂၃)။ (ယှ ၃၆.၂)

## မိမိကိုယ်ကိုမိမိကျေနပ်နေသောလူတန်းစား

ရက်ရက်ရောရောလုပ်လိုခြင်း၊ အချစ်အားကြီးသောခံစားချက်များနှင့်ကောင်းမှုကုသိုလ်လုပ်ရန် နှစ်သက်ခြင်းတို့ကို လက်ကိုင်ထားကြောင်းနှင့် သတိမလစ်နေတတ်သည်ဟုဆိုကြသောလူတန်းစားတစ်မျိုးသည် ကျွန်ုပ်၏အရှေ့သို့ရောက်လာကြသည်။ တစ်ချိန်တည်း၌ပင် ယခုတိုင်အောင် သူတို့လုပ်နေတာဘာမျှမရှိသေးပါ။ သူတို့၌မိမိကိုယ်ကို မိမိကျေနပ်နေသောခံစားချက်စိုးမိုးနေသည်။ အကယ်၍ သူတို့သာ အခွင့်အရေးရကြမည်ဆိုလျှင် ဒါမှမဟုတ်အခြေအနေအသာစီးရလာမည်ဆိုလျှင်ဟုပြောပြီး အကြီးမြတ်ဆုံးသောအမှုတော်ကို သူတို့လုပ်နိုင်သည်၊ လုပ်ရလိမ့်မည်ဟူ၍ သူတို့ကိုယ်သူတို့ ကိုယ်တိုင်အလွန်အကျွံမြှောက်ပင့်နေကြကုန်၏။ သို့တိုင်အခွင့်အရေးတစ်ခုသူတို့စောင့်

နေကြရသည်ဟုလည်းဆိုကြ၏။ သူတို့သည် ဆင်းရဲသားများအား မစို့မပို့ အစာနည်းနည်းလေးကိုပေးရန် နှမြောနေတတ်သောကပ်စေးနှဲသူ လူဆင်းရဲသား၏စိတ်ကို စက်ဆုပ်ရွံရှာသည်ဆိုပြန်၏။ ဟိုလူတွေတစ်ကိုယ်ကောင်းဆန်သည်၊ အများကောင်းကျိုးလုပ်ရန် ခေါ်ယူခြင်းခံကြရလိမ့်မည်မဟုတ်ဟူ၍လည်း သူတို့ရှုမြင်ကြကုန်သည်။ ထိုသူသည် ကောင်းချီးရထားကြသည်ဖြစ်၍ သူ့ကိုအခွင့်ပေးထားပြီးသည့်အတိုင်း အခြားသူများအား လွှမ်းမိုးနိုင်စွမ်းနှင့်ရည်ရွယ်ချက်ရှိရှိမျှဝေပေးရာ၌ မတရားလုပ်ပစ်သည်မရှိ၊ ယုံကြည်စိတ်ချအပ်နှံခြင်းကို မဖေါက်ဖျက်သော်လည်း သူ့ကောင်းချီးဘဏ္ဍာကို မြေမြှုပ်ထားကြသည်ဟု သူတို့မြင်ကြသည်။ မှန်ပါသည်။ သူတို့၏စေးနှဲခြင်းများနှင့်တစ်ကိုယ်ကောင်းဆန်ခြင်းများအတိုင်း နေထိုင်ခဲ့ကြသူများသည် မိမိတို့၏တွန့်တိုမှုလုပ်ရပ်များအတွက် ဖြေရှင်းချက်ပေးကြရမည်။ ပင်ကိုယ်စွမ်းရည်များကို အလွဲသုံးစားပြုခဲ့ခြင်းအတွက်လည်း ထာဝရဘုရားသခင်ထံ သူတို့စာရင်းရှင်းကြရပါမည်။ ထိုမျှမက ထိုထက်ပို၍ပင် စာရင်းရှင်းကြရမည့်သူများမှာ ရက်ရောစွာလုပ်ကိုင်လိုစိတ်ရှိသူများနှင့် ဝိညာဉ်ရေးရာကိစ္စများ၌ ပင်ကိုယ်အတိုင်း အလျင်အမြန်ခွဲခြမ်းစိတ်ဖြာနိုင်စွမ်းရှိသူများသည် သူတို့မှန်းဆထားသည့်အခွင့်အရေးရောက်မလာသေး၍ စောင့်မျှော်နေစဉ် အလုပ်မလုပ်ဘဲထိန်ချန်နေကြပါလျှင် သူတို့၏တွန့်တိုစေးနှဲလိုသောဆန္ဒအသင့်ရှိခြင်းနှင့် အခြေအနေကိုအလေးအနက်ထား၍ စဉ်းစားခြင်းတို့ကိုယှဉ်ကြည့်သော် သူတို့၏ကပ်စေးနှဲသောဝိညာဉ်ဖက်နီးစပ်မိတ်ဆွေများထက် ပိုမိုလိုလိုလားလားရှိနေတတ်ကြပါသည်။ ဤမျှလောက်သူတို့ကိုယ်သူတို့ လှည့်စားနေကြ၏။ မသုံးမစွဲဘဲထားသောအရည်အချင်းများပိုင်ဆိုင်ခြင်းသက်သက်သည် သူတို့၌တာဝန်များပိုတိုးလာရခြင်းများသာရှိလေမည်။ သူတို့၌ သခင့်စွမ်းရည်များရှိထားသည်ကို တိုးတက်အောင်လည်းမလုပ်၊ သို့မဟုတ် သိုမှီးသိမ်းဆည်းခြင်းလည်းမရှိခဲ့လျှင်သူတို့၏အခြေအနေသည် သူတို့စိတ်အထင်သေးနေကြသောမိတ်ဆွေအိမ်နီးချင်းများထက် ပိုကောင်းလာမည်လည်းမဟုတ်ပါ။ "သင်တို့သည် သင်တို့၏သခင့်အလိုတော်ကို သိကြပါလျက်နှင့် လုပ်ရမည့်အလုပ်ကို မလုပ်ကြပါတကား" ဟု ထိုသူတို့အား ပြောရလိမ့်မည်သာတည်း။ (ဃ ၃၆.၃)

**စာတန်၏သေဆေး**

ထာဝရဘုရားသခင်၏လူများသည် အချိန်ကာလ၏ပုဗ္ဗနိမိတ်များကို ရှုမြင် ဆင်ခြင်၍ သတိပြုမိကြရမည်။ ခရစ်တော်တစ်ဖန်ပြန်ကြွလာခြင်း၏နိမိတ် လက္ခဏာသည် သံသယမရှိ၊ အလွန်ရှင်းပါ၏။ ဤအာရုံအမြင်အောက်၌ သမ္မာတရားသိကြသူတိုင်းသည် အသက်ထင်ရှားရှိနေသောဒေသနာဆရာများ ဖြစ်ကြရမည်။ ဘုရားသခင်သည် ဒေသနာဆရာများ၊ ကိုယ်တော်လူများအပါ အဝင်အားလုံးကို နိုးထဖို့ခေါ်ယူနေပါ၏။ ကောင်းကင်ဘုံတစ်ခွင်လုံးသည် လည်း အုတ်အော်သောင်းတင်းရှိနေပါသည်။ မြေကြီးသမိုင်းပုံပြင်သည်လည်း အဆုံးသို့နီးကပ်လာနေပါပြီ။ ကျွန်ုပ်တို့သည် နောက်ဆုံးနေ့ရက်များ၏ဘေး အန္တရာယ်ကြီးအလယ်မှာ အသက်ရှင်နေကြရပါ၏။ ပို၍ကြီးသောကပ်ဘေး များသည် လာလိမ့်ဦးမည်။ သို့တိုင်ကျွန်ုပ်တို့နိုးထမှုမရှိကြသေး။ ဘုရားသခင် ၏အမှုတော်အထဲ ပါဝင်လုပ်ရှားခြင်း၊ စိတ်အားထက်သန်ခြင်းမရှိသည်မှာ ကြောက်မက်ဖွယ်ကောင်းလှပါသည်။ လူကိုထုံထိုင်းစေသော ဤသေဆေးသည် စာတန်ထံမှရောက်လာ၏။ (ဃ၃ ၃၇.၁)

လူသေအခေါင်းနှင့်တူသောမယုံကြည်ခြင်းသည် ကျွန်ုပ်တို့၏အသင်း တော်များပတ်လည်မှာ ဝန်းရံလျက်ရှိနေသည်။ အကြောင်းမှာ အသင်းသား များသည် အဖိုးတန်သမ္မာတရားမသိကြသေးသောသူတို့အား အလင်းပေးခြင်း ဖြင့် ဘုရားပေးသောစွမ်းရည်များကို လေ့ကျင့်ခြင်းမရှိကြသောကြောင့်ဖြစ်၏။ ဘုရားသခင်သည် သူတစ်ပါးတို့အား သမ္မာတရားသိစေရန်အတွက် အလင်း အောက်၌ ဝမ်းမြောက်ဝမ်းသာရှိနေကြကုန်သော အပြစ်ဖြေလွှတ်ခြင်းခံရသည့် ဝိညာဉ်များကို ခေါ်ယူနေပါသည်။ (ဃ၃ ၃၇.၂)

စာတန်သည် ဘုရားသခင်၏လူတို့ကို မလှုပ်နိုင်အောင် ကြံဆောင်၍ သမ္မာတရားကျယ်ပြန့်ရေးအတွက် လူတွေအလုပ်မလုပ်နိုင်အောင် တားဆီးထား ခြင်းဖြင့် နောက်ဆုံးသူတို့ကို ချိန်ခွင်အထဲထည့်ချိန်သောအခါ ချွတ်ယွင်းချက် တွေ့ရှိနေရစေဖို့ဖြစ်သည်။ (ဃ၃ ၃၇.၃)

လူသားအပေါင်းသည် ဘေးအန္တရာယ်ဆိုက်နေပါသည်။ လူအများ အပြားသည် ဆုံးပါးနေကြ၏။ သို့သော် ယင်းအသက်ဝိညာဉ်များအတွက် တာဝန်ထမ်းဆောင်နေကြသည့် ခရစ်တော်နောက်လိုက်များဟုဆိုကြသောသူများ အဘယ်မျှလောက်နည်းပါးနေရသနည်း။ ကမ္ဘာကြီး၏သေရေးရှင်ရေးသည် သို့လောသို့လောတွေးတောစရာဖြစ်နေပါသည်။ သေမျိုးလူသားတို့အား ပေးအပ်ခဲ့သမျှအထဲ၌ အထိရောက်ဆုံးဖြစ်သောသမ္မာတရားကို ယုံကြည်ပါသည်ဟု ကြွေးကြော်နေကြသူများပင်လျှင် ဤအခြေအနေ၌ တုန်လှုပ်ခြင်းမရှိကြသေး ပါ။ လူသားဇာတိအသွင်ဖြင့် လူသားကိုတွေ့ထိပြီး ယင်းလူသားကို ဘုရားသခင်၏အထံတော်သို့ခေါ်ဆောင်ရန် ခရစ်တော်သည် ကောင်းကင်ဘုံကိုစွန့်၍ လူဇာတိကိုခံယူရောက်လာရလေအောင် လမ်းပြပေးသည့်မေတ္တာမျိုး သူတို့၌ လိုအပ်နေပါသည်။ တာဝန်ချိန်ကို နားမလည်နိုင်လောက်အောင် ဘုရားသခင်၏လူတို့အထဲ၌ ထိုင်းမှိုင်းတွေဝေ၍ သွက်ချာပါဒရောဂါစွဲကပ်နေကြပါသည်တကား။ (ယှ ၃၇.၄)

စာတန်သည် မိမိတပ်ကိုအားကောင်းစေရန်နှင့် ဝိညာဉ်များစွာသူ့ဘက်သို့ရောက်လာစေရန် ခရစ်ယာန်များဟူ၍ ဟစ်ကြွေးနေကြသူတို့ထဲက နုံးခွေအားလျော့နေကြသူ၊ မထုံတက်သေးငိုက်မြည်းနေကြသူများကို အသုံးပြုသည်။ လူများစွာသည် ခရစ်တော်၏အမှုတော်ကို အမှန်မဆောင်ရွက်သော်လည်း ကိုယ်တော်၏ဘက်တော်သားများဖြစ်သည်ဟု ယူဆနေခြင်းအားဖြင့် ရန်သူစာတန်အတွက် ကြိုတင်နယ်မြေသိမ်းပိုက်ထားနိုင်ခြင်းနှင့် အခွင့်အရေးအသာရခြင်းရှိစေပါသည်။ သခင့်အတွက် လုံ့လဝီရိယစိုက်သည့်အမှုဆောင်များဖြစ်လာရန် ရှုံးနိမ့်ခဲ့ကြသောကြောင့်လည်းကောင်း၊ တာဝန်များကိုမကျေပွန်၊ နှုတ်ကပတ်စကားလည်းမဟောပြောဘဲ ထိန်ချန်ခဲ့ကြသောကြောင့်လည်းကောင်း ခရစ်တော်ဆီသို့ အောင်နိုင်ပို့ဆောင်ရမည့် အသက်ဝိညာဉ်များကို ထိန်းချုပ်ရယူသွားနိုင်ရန် စာတန်ကိုအခွင့်ပေးလိုက်ခြင်းသာဖြစ်နေပါတော့သည်။ (ယှ ၃၈.၁)

ကျွန်ုပ်သည် ဘုရားသခင်၏သမ္မာကျမ်းစာကို လေ့လာသည့်အခါ ဤနောက်ဆုံးနေ့ရက်များ၌ရှိနေသောထာဝရဘုရားသခင်၏ ဣသရေလလူမျိုးတို့အတွက် ရုတ်တရက်ကျွန်ုပ်စိတ်ပူနေမိပါသည်။ သူတို့သည် ရုပ်တုဆင်းတုကိုးကွယ်ခြင်းကင်းစင်ရန် အလေးအနက်တိုက်တွန်းခြင်းခံရပါ၏။ သူတို့မသိကျိုးကျွန်ပြုနေကြသည်ကို ကျွန်ုပ်စိုးရိမ်မိနေသည်။ ထိုလူမျိုးသည် ထာဝရဘုရားကို ကိုးကွယ်ကြသူများနှင့် ထာဝရဘုရားသခင်ကို မကိုးကွယ်ကြသူများတို့အကြား ကွာခြားချက်ကိုပင် ခွဲခြား၍မမြင်နိုင်လောက်အောင် လောကအများနည်းတူ အလွန်လမ်းရိုးလိုက်၍ နေနေကြကုန်၏။ ခရစ်တော်နှင့်ကိုယ်တော်နောက်တော်လိုက်များအကြား အကွာအဝေးသည် ကျယ်ပြောလှ၏။ သို့သော်သူတို့နှင့်လောကအကြား အကွာအဝေးသည် လျော့နည်းသွား၏။ ခရစ်တော်ကိုအတိအလင်းကိုးကွယ်သူများနှင့် လောကီသားတို့အကြား ခွဲခြားထားသည့်အမှတ်အသားသည် ပျောက်ကွယ်လုနီးဖြစ်နေပါပြီ။ ရှေးခေတ်ဣသရေလလူမျိုးများကဲ့သို့ သူတို့ပတ်လည်ရှိနိုင်ငံများ၏စက်ဆုပ်ရွံရှာဖွယ်နောက်သို့သူတို့လိုက်ပါနေကြပါပြီ။ (ဃ ၃၈.၂)

## ဝိညာဉ်ရေးရာခွဲခြမ်းစိတ်ဖြာမှုအမြင်များမှေးမှိန်သွားပါပြီ

ခရစ်တော်၏လမ်းကြောင်းထဲရှိအမှုတော်အား အသင်းတော်မှလျစ်လျူပြုနေခြင်းအကျိုးဆက်ကို ကျွန်ုပ်တို့မြင်ကြရသည်မှာ လောကအထဲ၌သာမဟုတ်၊ ယင်းကဲ့သို့လျစ်လျူရှုခြင်းအားဖြင့် အခြေအနေတစ်ရပ်သည် ဘုရားသခင့်အမှုတော်၏မြင့်မြတ်သန့်ရှင်းတော်မူသောအာရုံကို ‘လငပုပ်ဖမ်းသကဲ့သို့’ လွှမ်းမိုး၍ အသင်းတော်အထဲသို့ ဝင်ရောက်လာပါသည်။ ဝေဖန်ပြစ်တင်ခြင်းနှင့်ခါးသီးမုန်းတီးခြင်းစိတ်သည်လည်း အသင်းတော်ထဲမှာပေါ်လာသည်။ လူများစွာ၌ ဝိညာဉ်ရေးရာခွဲခြားသိမြင်ခြင်းများလည်း မှေးမှိန်လာပါ၏။ ဤအကြောင်းကြောင့် ခရစ်တော်၏သာသနာလုပ်ငန်းသည် ကြီးမားစွာဆုံးရှုံးခဲ့ရပါသည်။ (ဃ ၃၈.၃)

လူတစ်ယောက်အနေဖြင့် ကျွန်ုပ်တို့၏အခြေအနေကိုစဉ်းစားမိသော အခါ ကျွန်ုပ်ဝမ်းနည်းမိပါသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အတွက် ကောင်းကင်ဘုံကိုပိတ်မထားပါ။ သို့သော် ကျွန်ုပ်တို့၏ထပ်တလဲလဲနောက်ပြန် လှည့်ခြင်းများက ကျွန်ုပ်တို့ကိုဘုရားနှင့်ခွဲခြားပစ်နေ၏။ ကျွန်ုပ်တို့၏မာနကြီး မှု၊ လိုချင်တပ်မက်မှုနှင့်လောကကိုချစ်ခြင်းတို့သည် အတားအဆီးမရှိ၊ ပြစ်တင် ရှုတ်ချသည်ကို အကြောက်အလန့်မရှိ ကျွန်ုပ်တို့၏နှလုံးသားထဲမှာ နေရာ ယူထားကြပါ၏။ အလွန်ဆိုးရွားသော၊ အတင့်ရဲလွန်းသောဒုစရိုက်သည် ကျွန်ုပ် တို့အထဲတွင် နေရာယူထားကြပါပြီ။ သို့တိုင်အသင်းတော်ရှင်သန်နေပါသည် ဟူသောယေဘုယျယူဆချက်ရှိပါသေးသည်။ ငြိမ်းချမ်းခြင်းနှင့်ဝိညာဉ်ရေးရာ ကြွယ်ဝခြင်းသည် အသင်းတော်အနားစွန်းနေရာတိုင်း၌ ရှိနေသည်ဟုလည်း ယူဆချက်ရှိပါသည်။ အသင်းတော်သည် ခရစ်တော်၏ခေါင်းဆောင်မှုနောက် သို့လိုက်ပါနေရာမှ ကျော်ခိုင်းပြီး အပြစ်ကျွန်ခံရာအဲဂုတ္တုပြည်ဆီသို့ တရွေ့ ရွေ့ဆုတ်ခွါသွားနေကြပါပြီတကား။ သို့တိုင်မိမိတို့၌ ဝိညာဉ်တန်ခိုးလိုအပ် နေသည်ကို ထိတ်လန့်တုန်လှုပ်အံ့သြခြင်းရှိကြသူလူတချို့ရှိကြပါသည်။ ဘုရားသခင်၏ဝိညာဉ်တော်ထောက်ခံချက်များကို သံသယနှင့်မယုံကြည်မှုများ ပင်လျှင် ကျွန်ုပ်တို့၏အသင်းတော်နေရာအနှံ့၌ ဖေါင်းကြွရှိနေသည်။ ဤနည်း ဖြင့်စာတန်အလုပ်လုပ်နေပါသည်။ (ဃ ၃၈.၄)

ဝိညာဉ်ရေးရာအားနည်းမှုအခြေအနေတစ်ရပ်

ဘုရားသခင်၏လူများအပေါ်သို့ အလင်းစုပုံထိုးကျတောက်ပနေသော် လည်း လူများစွာသည် ထိုအလင်းနောက်သို့လိုက်ရန် ပျက်ကွက်ကြ၏။ ထိုသို့ဖြစ်သောကြောင့် သူတို့သည် ဝိညာဉ်ရေးရာအားနည်းမှုကြီးအခြေဆိုက် ရသည်။ ဤတွင် ဘုရားသခင်၏လူများယခုဆုံးပါးနေသည်ကို အသိမရှိကြ သောကြောင့်မဟုတ်ပါ။ သူတို့သည် လမ်းခရီး၊ သမ္မာတရားနှင့်အသက်ကို မသိသောကြောင့် ပြစ်ဒဏ်စီရင်ခံကြရလိမ့်မည်မဟုတ်။ သမ္မာတရားကို သူတို့ နားလည်သည့်အဆင့်ရောက်ခဲ့ပြီ။ အလင်းလည်း သူတို့၏ဝိညာဉ်အပေါ်မှာ

ထွန်းလင်းပေးခဲ့ပြီးလေပြီ။ သို့သော်လည်း သူတို့၏ပျက်ကွက်မှု၊ ငြင်းပယ်မှုများ သည် သူတို့အား ပြစ်ဒဏ်ပေးလိမ့်မည်။ ငြင်းပယ်ပစ်ရန် အလင်းကိုတစ်ခါ မျှမရခဲ့ကြသူများသည် ပြစ်ဒဏ်ကျခံရခြင်း၌ ရှိလိမ့်မည်မဟုတ်ပါ။ ထာဝရ ဘုရားသခင်၏စပျစ်ဥယျာဉ်တော်အတွက် လုပ်ဆောင်ခဲ့ပြီးသည်ထက် ဘာကို ပိုလုပ်ပေးဖို့ရှိနိုင်ရမည်နည်း။ ဘုရားသခင်၏လူများအပေါ် ထွန်းလင်းပေး ထားသောအလင်းသည် အဖိုးတန်သောအလင်းတော်ဖြစ်၏။ သို့သော် သူတို့သည် ထိုအလင်းတော်အားဖြင့် ကယ်တင်ခံရသည်ကို သဘောတူရယူခြင်း၊ အလင်းအောက်၌ အပြည့်အဝနေထိုင်ခြင်း၊ အမှောင်ထဲရှိအခြားသူများအား အလင်းထုတ်လွှင့်ပေးခြင်းများမလုပ်ဆောင်ကြလျှင် အလင်းတော်သည် သူတို့ကို ကယ်တင်ခြင်းမပေးပါ။ (ဃ၃ ၃၉.၁)

## ကောင်းကင်ဘုံမျက်စဉ်းဆေးလိုအပ်နေခြင်း

အသင်းတော်များသည် ကောင်းကင်ဘုံမျက်စဉ်းဆေးနှင့် မျက်စဉ်း ခတ်ပေးရန် လိုအပ်နေပါပြီ။ သို့မှသာလျှင် ဘုရားသခင်အတွက် အသုံးတော် ခံရန် သူတို့အနီးတစ်ဝိုက်ရှိ အခွင့်အရေးများစွာကို သူတို့မြင်နိုင်ကြမည်။ ဘုရားသခင်သည် ကိုယ်တော့်လူများအား လမ်းမကြီးများနှင့် လမ်းကြို့လမ်း ကြားများဆီသို့သွားပြီး အိမ်တော်၌ လူအပြည့်ရှိစေဖို့ လူများစွာကို အတင်း အကျပ်ခေါ်လာခဲ့ကြရန် ထပ်တလဲလဲခေါ်ယူမိန့်ဆိုနေတော်မူ၏။ သို့သော် လည်း ကျွန်ုပ်တို့၏အိမ်တံခါးအရိပ်အောက်ရှိ မိသားစုဝင်များကိုပင်လျှင် သူတို့ ဝိညာဉ်များကို ကျွန်ုပ်တို့ဂရုစိုက်ကြောင်း သူတို့အတွေးပေါက်စေရန် ကျွန်ုပ် တို့ထိထိရောက်ရောက်စိတ်ပါလက်ပါမလုပ်ပြနိုင်ဘဲ ရှိနေသေးသည်။ သခင် ဘုရားသည် ဤအလုပ်ကို အသင်းတော်မှယခုအခါ တာဝန်ယူလုပ်ဆောင် စေလိုကြောင်း မိန့်တော်မူသည်ဖြစ်၍ ကျွန်ုပ်တို့၏အနီးအပါး၌ ချခင်းထား လျက်ရှိနေပါ၏။ ကျွန်ုပ်တို့သည် မတ်တတ်ထရပ်ပြီး “အဘယ်သူသည် ကျွန်ုပ်၏နီးစပ်မိတ်ဆွေဖြစ်ပါသလဲ” ဟူ၍ မေးနေရမည်မဟုတ်ပါ။ ကျွန်ုပ်တို့၏ စာနာထောက်ထားမှုနှင့် အကူအညီကို လိုအပ်နေသူတစ်ဦးချင်းစီတိုင်းသည်

ကျွန်ုပ်တို့၏နီးစပ်မိတ်ဆွေများဖြစ်ကြောင်းကို ကျွန်ုပ်တို့အမှတ်ရနေကြရမည်။ ကျွန်ုပ်တို့၏နီးစပ်ရာမိတ်ဆွေများသည် ရန်သူ၏တိုက်ခိုက်မှုကြောင့် ထိခိုက်ဒဏ်ရာဝေဒနာများခံစားနေကြရသူတိုင်းဖြစ်ကြသည်။ ကျွန်ုပ်တို့၏နီးစပ်ရာမိတ်ဆွေများသည် ဘုရားသခင်ပိုင်ဆိုင်သောသူ လူတိုင်းဖြစ်ကြသည်။ ယုဒလူမျိုးများက သူတို့၏နီးစပ်ရာမိတ်ဆွေမည်သူဖြစ်ရမည်ကို ခွဲခြားသတ်မှတ်ခဲ့ခြင်းပညတ်သည် ခရစ်တော်၌ ပယ်ဖျက်ပစ်လိုက်ပါပြီ။ ယခုတွင် နယ်မြေမျဉ်းကြောင်းများဖြင့် သတ်မှတ်ချက်မထား၊ လူလုပ်ခွဲခြားဆက်ဆံခြင်းမျိုးလည်းမရှိ၊ လူတန်းစားဇာတ်ခွဲခြားမှုကိုမပြု၊ အထက်တန်းစားမင်းမျိုးမင်းနွယ်ဟူ၍လည်း သတ်မှတ်ချက်မရှိတော့ပါ။ (ဃ ၃၉.၂)

## အယူသီးခြင်းနှင့်ပုံသေကားကျစည်းကမ်းလိုက်လွန်လွန်းခြင်း

စာတန်သည် တတိယကောင်းကင်တမန်၏သတင်းစကားကို အင်အားကြီးမားသောတန်ခိုးဖြင့် လူတို့ကြေညာရန်ရှိသည့်အမှု၌ လမ်းလွဲသွားစေရန် သူ၏တီးတိုးစကားများ၊ လှည့်စားခြင်းစွမ်းအားအကုန်သုံး၍ ယခုပြုလုပ်နေသည်။ ဘုရားသခင်သည် မိမိလူတို့အား ကောင်းချီးပေး၍ ယုံမှားခြင်းကို ကောင်းစွာသိမြင်ရန် ပြင်ဆင်ပေးနေကြောင်းကို ရန်သူစာတန်သည် မြင်သောအခါ သူ့အဖို့ဝိညာဉ်များရိတ်သိမ်းပွဲတစ်ခုစုစည်းထားနိုင်ရန် တစ်ဘက်တွင် အယူသီးခြင်းနှင့် အခြားတစ်ဘက်တွင် ပုံသေကားကျစည်းကမ်းလိုက်လွန်လွန်းခြင်းဖြစ်စေသောသူ၏ကျွမ်းကျင်ပိုင်နိုင်သည့်တန်ခိုးကို အသုံးပြုလာလိမ့်မည်။ ဤအတွက် မရပ်မနားစောင့်ကြည့်နေရမည့်အချိန်ကျရောက်လို့လာပါပြီ။ ကျွန်ုပ်တို့ဆီသို့ ပထမခြေလှမ်းနှင့် တိုးဝင်လာနိုင်သောစာတန်ကိုသတိထားစောင့်ကြည့်နေကြရမည်။ (ဃ ၄၀.၁)

ကျွန်ုပ်တို့၏အသင်းတော်များ၌ ကိုယ်ကျင့်တရားဆိုင်ရာရေခဲကျွန်းမျောတောင်များစွာရှိနေသည်။ ဂုဏ်ထုထည်ဝါခန့်ညားခြင်းဖြင့် ဟန်ရေးပြနေကြသောပုံသေကားကျသမားများ အများအပြားရှိနေသည်ဖြစ်၍ သူတို့သည် ဤလောကသို့အလင်းမထွန်းလင်းပေးနိုင်ကြတော့ပါ။ (ဃ ၄၀.၂)

## ကိုယ်ကျိုးအတ္တစိတ်ကြောင့်သဘောထားကျဉ်းမြောင်းရခြင်း

ထာဝရဘုရားသခင်၏လူတို့၌ အဘယ်ကြောင့် ဝိညာဉ်ရေးခွန်အား မရှိကြဘဲ ယုံကြည်ခြင်းလည်း အားနည်းနေရခြင်း၏အကြောင်းရင်းကို ကျွန်ုပ်အား ဘုရားသခင်မြင်တွေ့စေခဲ့သည်မှာ ထိုသူတို့သည် သူတို့၏ကိုယ်ကျိုး စိတ်ထားကြောင့်ကျဆင်းနေရခြင်းဖြစ်ပါသည်။ သင်တို့၏အကြိမ်ပေါင်းများစွာ ပြုလုပ်ကျင်းပနေသောအစည်းအဝေးကြီးများသည်ဘုရားသခင်လက်ခံခြင်းကို ရကြသည်မဟုတ်ပါ။ မရေတွက်နိုင်အောင်ဆုတောင်းချက်များစွာပြု၍လည်း မရပါ။ သို့သော် မှန်သောအရာများကို မှန်ကန်သောအချိန်၌ ဖြောင့်မှန်စွာ လုပ်ဆောင်ရန်သာရှိပါသည်။ (ဃ ၄၀.၃)

## တပ်မက်ခြင်း

ပြောင်းလဲခြင်းသို့ရောက်လာဖို့ တချို့သူများက ငြင်းဆန်ကြသည်။ ထာဝရဘုရားသခင်၏လမ်းခရီးအတွင်းသို့ ဝင်ရောက်လိုက်ပါရန် အလိုမရှိတတ်ကြ။ ဘုရားသခင်၏အမှုတော်တိုးတက်ကြီးထွားလာစေရန် ရက်ရောစွာပေးလှူခြင်းကို နှိုးဆော်ခံယူရသောအခါ လူတချို့သည် မိမိတို့၏လောကဘဏ္ဍာများကို အတ္တစိတ်ဖြင့် တွယ်ဖက်နေကြကုန်၏။ ဤသို့ဥစ္စာတပ်မက်စိတ်ရှိသူများသည် ယုံကြည်သူအသိုက်အဝန်းမှခွဲထွက်သွားနေကြကုန်၏။ (ဃ ၄၀.၄)

## လူနှစ်ဆယ်မှာတစ်ယောက်ပြင်ဆင်မှုမရှိကြသေးခြင်း

အသင်းတော်အား ကျွန်ုပ်အလေးအနက်ပြောလိုသည်မှာ အသင်းတော်မှတ်တမ်းစာရင်းထဲတွင် အမည်ပေါက်ရှိကြကုန်သောလူများသည် မိမိတို့၏မြေကြီးအသက်ရှင်မှုပုံပြင်ကို နိဂုံးချုပ်ပစ်ဖို့ ပြင်ဆင်နေထိုင်ကြရန်၊ လူနှစ်ဆယ်တွင် တစ်ယောက်လောက်မျှမရှိဖြစ်နေသည်။ သူတို့သည် ဘုရားမရှိ၊ မျှော်လင့်ချက်မရှိနှင့် သာမန်လောကီဘုံသားအပြစ်သားများကဲ့သို့ပင် ရှိနေကြသည်ဟု အမှန်ဆိုရပါမည်။ ထိုသူတို့သည် ဘုရားသခင်ကို အစေခံကိုးကွယ်နေကြပါသည်ဟူ၍ ပြောနေကြသော်လည်း လောကီစည်းစိမ်ကို အစေခံခြင်း၌ ပိုမို

အလေးထားနေကြသည်ကို တွေ့ရ၏။ ဤသို့တစ်ဝက်တစ်ပျက်အပ်နှံနေကြသူများသည် ခရစ်တော်ကိုအပ်နှံဝန်ခံသည်ဆိုခြင်းထက် ခရစ်တော်ကို တစ်သမတ်တည်းငြင်းပယ်နေကြသူများသာဖြစ်ကြကုန်၏။ ထိုကြောင့် လူများစွာသည် မတည်မငြိမ်သောစိတ်ဓာတ်ဖြင့် အသင်းတော်အထဲဝင်လာ၍ ညစ်ပတ်သောအမှုများကို ပြုတတ်ကြ၏။ သူတို့၏ဝိညာဉ်ရေးရာအနှစ်သာရသည်လည်း ကိုယ်ကျင့်မကောင်းခြင်း၊ ဆိုးညစ်အောက်တန်းကျခြင်းအားဖြင့် ဖေါက်ပြန်ချွတ်ချော်နေကြကုန်၏။ စိတ်ဓာတ်၌လည်းကောင်း၊ နှလုံးအိမ်၌လည်းကောင်း၊ အကြံအစည်များ၌လည်းကောင်း လောကကိုသာ သူတို့ပုံဆောင်သင်္ကေတပြနေကြသည်ဖြစ်၍ လောကီတပ်မက်မှုသို့ ကိုယ်တိုင်လိုက်စားနေကြခြင်းအား ဖြင့် ခရစ်ယာန်ဘဝနှင့် သူတို့နေထိုင်ပါသည်ဟူသော သူတို့အဆိုအပြောများ သည် ထပ်ဆင့်ထပ်ဆင့်၍သာ လှည့်စားခြင်းအပြည့်ရှိနေပါတော့သည်။ အပြစ်သားများအတိုင်း နေထိုင်ကြပြီး ခရစ်ယာန်ပါဟု ပြောနေကြပါသလား။ မိမိကိုယ်မိမိခရစ်ယာန်များဖြစ်သည်ဟု ကြွေးကြော်၍ ခရစ်တော်၌ဝန်ခံအပ်နှံကြသူတို့သည် ထိုသို့သောလူများအထဲမှထွက်ခဲ့ပြီး မစင်ကြယ်သောအမှုများကို မပြုကြဘဲ လမ်းခွဲထွက်ခဲ့ကြရပါသည်။ (ဃ ၄၁.၁)

ကျွန်ုပ်သည် ကလောင်ကိုလက်မှချ၍ စိတ်ဝိညာဉ်ကိုမြှင့်တင်လျက် ဘုရားသခင်သည် အရိုးခြောက်များနှင့်တူနေသောမှားယွင်းသူတို့အပေါ်သို့ အသက်ရှင်စေဖို့ မှုတ်သွင်းတော်မူပါမည့်အကြောင်း ဆုတောင်းမိပါသည်။ နောက်ဆုံးအချိန်သည် နီးကပ်လာပါပြီ။ ကျွန်ုပ်တို့ဆီသို့ ခိုးကြောင်ခိုးဝှက်ဝင်လာနေသည်။ မသိမသာချွတ်နင်းဝင်လာပြီး အသံလည်းမပြည်၊ ညအခါ ခြေဖွနင်းဝင်လာသည့်သူခိုးကဲ့သို့ ညဉ့်အချိန်ငိုက်မျဉ်းနေသည့်ညကင်းစောင့်တို့ကို သူတို့အဆင်သင့်မရှိစဉ် ထိတ်လန့်စေရလောက်အောင် ရောက်လာနေပါပြီ။ ယခုသက်သောင့်သက်သာခပ်ပေါ့ပေါ့နေတတ်ကြသူတို့၏စိတ်နှလုံးများအပေါ်သို့ သန့်ရှင်းသောဝိညာဉ်တော်သည် ကြွလာ၍ သူတို့သည်လည်း အခြားသူများနည်းတူ မအိပ်မနေ၊ မမူးမယစ်၊ သတိမလစ်သောစောင့်ကြည့်ခြင်းတို့ဖြင့် နိုးကြားနေစေဖို့ သခင်ဘုရားကူမပေးတော်မူပါစေသော်။ (ဃ ၄၁.၂)

## တစ်ဖန်ပြန်လည်နိုးကြားမှုနှင့်ဘာသာရေးပြုပြင်ပြောင်းလဲမှု လိုအပ်နေခြင်း

ခရစ်ယာန်တို့သည် ဤကမ္ဘာမြေကြီးအပေါ် မကြာမီကျရောက်လာတော့မည့်အံ့ဖွယ်ဖိစီးမှုကြီးတစ်ခုအတွက် ပြင်ဆင်ဖို့လိုအပ်နေပါပြီ။ ဤပြင်ဆင်မှုကြီးအတွက် ထာဝရဘုရားသခင်၏သမ္မာကျမ်းစာကို လုံ့လဝီရိယရှိစွာလေ့လာမှတ်သားခြင်းဖြင့် ပြုနိုင်ပါသည်။ နှုတ်ကပတ်ကျမ်းစာ၏အဆုံးအမနှင့် အညီသူတို့ဘဝများပြောင်းလဲသွားရန် အထူးကြိုးပမ်းကြရမည်။ ထို့အတွက် ဝိညာဉ်ရေးနိုးထမှုနှင့် ဘာသာတရားပြန်လည်ပြုပြင်မှုပြုလုပ်ကြပါရန် ဘုရားသခင်ဖိတ်ခေါ်နေပါသည်။ (ဃ ၄၁.၃)

ကျွန်ုပ်တို့၌ တစ်ဖန်ပြန်လည်နိုးကြားရေးနှင့် မှန်သောဘုရားဝတ်မွေ့လျော်ခြင်းသည် ကျွန်ုပ်တို့အတွက် အကြီးမားဆုံးနှင့်အဆောတလျင်အဖြစ်ဆုံးသောလိုအပ်ချက်များဖြစ်သည်။ ဤအရာများကို ပထမနေရာမှာထား၍ကျွန်ုပ်တို့ရှာဖွေပြုလုပ်ကြရပါမည်။ (ဃ ၄၁.၄)

စေ့စပ်သေချာစွာသော ဘာသာရေးပြုပြင်ပြောင်းလဲပစ်ရန် အချိန်သည်ကျရောက်လို့လာပါပြီ။ ယင်းပြန်လည်ပြုပြင်ရေးလုပ်ငန်းစတင်သောအခါဆုတောင်းခြင်းစိတ်ဝိညာဉ်သည် ယုံကြည်သူတိုင်းအပေါ် နိုးဆွပေးလာပါလိမ့်မည်။ အသင်းတော်အတွင်း စိတ်ဝမ်းကွဲပြားမှုနှင့်အချင်းချင်းတိုက်ခိုက်မှုများလည်း ပျောက်ကွယ်သွားပါလိမ့်မည်။ (ဃ ၄၂.၁)

တစ်ဖန်ပြန်လည်နိုးကြားမှုနှင့် ဘာသာရေးပြုပြင်ပြောင်းလဲမှုသည်သန့်ရှင်းသောဝိညာဉ်တော်၏ပြုစုစီစဉ်မှုအောက်၌ ရှိနေရမည်။ တစ်ဖန်ပြန်လည်နိုးကြားမှုနှင့် ဘာသာရေးပြုပြင်ပြောင်းလဲမှုသည် မတူကွဲပြားသောအရာနှစ်ခုဖြစ်သည်။ တစ်ဖန်ပြန်လည်နိုးကြားမှုသည် ဝိညာဉ်ရေးရာအသက်တာကိုအသစ်ပြန်လည်ဆန်းသစ်စေခြင်း၊ စိတ်နှလုံးစွမ်းအင်များသွက်လက်လာစေ ခြင်း၊ ဝိညာဉ်အသေကောင်ကို ပြန်လည်ထမြောက်စေခြင်းတို့အတွက် အချက်ပြပေးလိုက်ခြင်းဖြစ်သည်။ ဘာသာရေးပြုပြင်ပြောင်းလဲမှုသည် အဖွဲ့အစည်း

ကိုပြန်လည်စီစဉ်စုစည်းခြင်း၊ အယူဝါဒနှင့်သဘောတရားဆိုင်ရာသီအိုရီများ၊ လုပ်ထုံးဓလေ့နှင့်လက်တွေ့အလေ့အကျင့်များကို ပြောင်းလဲစေဖို့အတွက် အချက်ပြပေးခြင်းဖြစ်သည်။ ဘာသာရေးပြုပြင်ပြောင်းလဲမှုသည် ဝိညာဉ်ပိုင်းဆိုင်ရာတစ်ဖန်ပြန်လည်နိုးကြားမှုနှင့် ဆက်နွယ်နေခြင်းရှိနေသည့်အခါမျိုးမှ အပဖြောင့်မတ်ခြင်းတရားကောင်းကျိုးဖြစ်ပေါ်မလာပါ။ တစ်ဖန်ပြန်လည်နိုးကြားမှုနှင့် ဘာသာရေးပြုပြင်ပြောင်းလဲမှုသည် လူတို့၌ ချိန်းချက်ခန့်အပ်မှုဖြင့် ဆောင်ရွက်ရသည်ဖြစ်ရာ ဤအမှုတော်ကို ဆောင်ရွက်ရာ၌လည်း သူတို့တစ်တွေရောစပ်၍ လိုက်ဖက်နေကြရမည်။ (ဃ ၄၂.၂)

ကျွန်ုပ်တို့မြင်ခဲ့ပြီးသည်များထက် ပို၍ဖြူစင်သန့်ရှင်းသောအလုပ်ကို လုပ်ဆောင်ရန် သမ္မာကျမ်းစာက ခေါ်ယူနေသည်မဟုတ်လော။ ဘာသာရေးပြုပြင်ပြောင်းလဲမှုအလုပ်ကို စေ့စပ်သေချာဦးစီးဆောင်ရွက်သွားရာတွင် သန့်ရှင်းသောဝိညာဉ်တော်၏အုပ်စိုးမှုကို လိုလားကြသူများအား ဘုရားသခင်ခေါ်ယူနေပါ၏။ အကျပ်အတည်းကာလတစ်ခု ကျွန်ုပ်ရှေ့ရောက်လာသည် ကိုအာရုံခံမြင်မိပါသည်။ ထိုစဉ်ဘုရားသခင်သည် လုပ်ဆောင်သူများအား တန်းစီရောက်လာကြဖို့ ခေါ်ယူနေပါသည်။ ယုံကြည်သူလူတိုင်းသည် လွန်ခဲ့ပြီးအချိန်နှစ်များကထက် ဘုရားသခင်ထံသို့ ပိုမိုလေးနက်၍ စစ်မှန်သောအပ်နှံခြင်းအဆင့်မျိုးဖြင့် ရပ်ပြလာနိုင်ကြရမည်။ ကျွန်ုပ်သည် ယင်းသို့ညဥ့်ယံကာလ၌ မျက်စိရှေ့အထင်အရှားဖြတ်သန်းပြသွားသည်ကို အာရုံခံမြင်လိုက်ရခြင်း၌ အလေးအနက်စွဲမက်ကျန်ရစ်နေခဲ့ပါ၏။ ကျွန်ုပ်အထင်ဆိုရပါလျှင် ကြီးစွာသောပြန်လည်နိုးထမှုတစ်ရပ်သည် ရှေ့ဆက်နေရာတကာတိုင်းမှာ လှုပ်ရှားမှုကြီးတစ်ခုအဖြစ် ရောက်လာပါတော့မည်။ ကျွန်ုပ်တို့၏လူများသည်လည်း သခင်ဘုရားခေါ်သံကိုတုံ့ပြန်သောအားဖြင့် တန်းစီရောက်လာကြလိမ့်မည်။ (ဃ ၄၂.၃)

ညဥ့်ကာလတင်ဆက်ဖွင့်ပြလာသည့်အာရုံခံအမြင်သည် ဘုရားသခင်၏လူများအပေါ်ဝယ် ဘာသာရေးပြုပြင်ပြောင်းလဲရေးလှုပ်ရှားမှုကြီးတစ်ခုဖြစ်လာမည်ကို ကျွန်ုပ်အရှေ့၌ ထင်ရှားလာခြင်းပင်တည်း။ လူများစွာသည် ထာဝရ

ဘုရားသခင်ကို ချီးမွမ်းကြ၏။ ဖျားနာသူတို့အနာရောဂါပျောက်ပြီ။ အခြားသော နိမိတ်လက္ခဏာများစွာသည်လည်း ထင်ရှားလာသည်။ ထောင်ပေါင်းများစွာသော လူတို့သည် အလည်အပတ်ရောက်လာကြသောမိသားစုတွေက သမ္မာကျမ်းစာ ဖွင့်ဖတ်ပေးလာကြသည်ကိုမြင်ရ၏။ နှလုံးသားများစွာသည် သန့်ရှင်းသော ဝိညာဉ်တော်တန်ခိုးအားဖြင့် လေးနက်ခိုင်မြဲစွာယုံကြည်လာကြသည်။ စစ်မှန် သောပြောင်းလဲခြင်းစိတ်ဓာတ်လည်း ထင်ရှားလာသည်။ သမ္မာတရားကြေညာ ဝင်ရောက်သွားရန် အိမ်တံခါးများသည်လည်း ဘက်ပေါင်းစုံမှဖွင့်ထားပေးကြ ပါပြီ။ ကောင်းကင်ဘုံအုပ်စိုးခြင်းနှင့်အတူ လောကကမ္ဘာအဝန်းအလင်းထွန်းညှိ နေပုံကိုမြင်လိုက်ရပြီ။ မှန်ကန်စွာစိတ်နှိမ့်ချနေကြကုန်သောဘုရားသခင်၏ လူတို့သည် ကြီးစွာသောကောင်းချီးမင်္ဂလာကို ခံယူရရှိကြပါသည်။ (ဃ ၄၂.၄)

ဘုရားသခင်၏လူတွေထဲမှာ ဘာသာရေးပြုပြင်ပြောင်းလဲမှုသည် ကြီးစွာသောလိုအပ်ချက်ဖြစ်ပါသည်။ မျက်မှောက်ခေတ်အသင်းတော်၏အဆင့် အတန်းသည် မေးစရာဖြစ်နေ၏။ "ကျွန်ုပ်တို့အတွက် အသက်ပေးတော်မူ ခဲ့သောအရှင်၊ သခင်ဘုရားကို အသင်းတော်သည် အမှန်အကန်ကိုယ်စားပြု နေပါသလော။" (ဃ ၄၃.၁)

အသင်းတော်အတွင်း မထုံတက်သေးနေခြင်းနှင့် ပျင်းရိထုံထိုင်းနေခြင်း တို့ကို ဆိုဆုံးမရမှုမရှိတော့ပါလျှင် ဘုရားသခင်၏ဝိညာဉ်တော်သည် ကရုဏာ သက်စွာပေါ်ထွန်းလာပါမည်။ ထာဝရဘုရားသခင်၏တန်ခိုးတော်သည်လည်း ထင်ရှားလိမ့်မည်။ ကောင်းကင်ဘုံဗိုလ်ခြေသခင်ဖြစ်သော ထာဝရဘုရားသခင်၏ ထောက်ပံ့မစတော်မူကြောင်းကိုလည်း အသင်းတော်မှမြင်ရလိမ့်မည်။ သမ္မာတရားအလင်းသည် ရှင်းလင်းထွန်းတောက်သောရောင်ခြည်တန်းဖြင့် လင်းလက်ရောက် လာလိမ့်မည်။ ရှေးတမန်တော်များခေတ်ကာလကဲ့သို့ ဝိညာဉ်များစွာသည် မှားယွင်းခြင်းမှသည် သမ္မာတရားဆီသို့ ပြောင်းလဲလာ ကြပေမည်။ ကမ္ဘာကြီး သည်လည်း ထာဝရဘုရားသခင်၏ဘုန်းတော်ဖြင့် ထွန်းတောက်နေပါလိမ့်မည်။ (ဃ ၄၃.၂)

## ကြန့်ကြာခြင်းသည်နိဂုံးချုပ်ခြင်းတည်း

ဘုရားသခင်၏လူတို့သည် သူတို့ကိုကိုင်ချုပ်ပြီး မဖြစ်မနေလုပ်ပေးလာမည့်တန်ခိုးတစ်ခုအားဖြင့် သူတို့၌ပြောင်းလဲမှုတချို့ရောက်လာမည်ကိုစောင့်မျှော်နေကြသည်ဟု ကျွန်ုပ်အား ဖော်ပြပေးလာနေသည်။ သို့သော် သူတို့သည် မှားကြသောကြောင့် သူတို့ပဲစိတ်ပျက်ကြရလိမ့်မည်။ သူတို့အလုပ်လုပ်ရမည်။ သူတို့ကိုယ်တိုင်က အလုပ်ထဲမှာရှိနေကြရမည်။ သူတို့ကိုယ်တိုင်အတွက် အမှန်သိကျွမ်းခြင်းဉာဏ်ရဖို့ ဘုရားသခင်ထံမှ အလွန်ကြိုးစား၍ဆုတောင်းယူကြရမည်။ ကျွန်ုပ်တို့အား ဖွင့်ပြပေးခဲ့သည့်ထိုအာရုံခံမြင်ကွင်းသည် ကျွန်ုပ်တို့ကိုနိုးထလာစေရန် လုံလောက်မှုကြီးတစ်ခုဖြစ်ခဲ့သည်။ နာခံကြသူများအားလုံးကို သူတို့နှလုံးအိမ်ထဲသို့ သမ္မာတရားစကားလှုံ့ဆော်သွင်းပေးကြပါ။ မြေကြီးကွင်းပြင်သည် ရိတ်သိမ်းရန် ဝင်းဝင်းမှည့်လုရှိနေပြီ။ (ဃ ၄၃.၃)

အခြားတစ်ဖက်တွင် လူတချို့သည် လက်ရှိအခွင့်အရေးကိုတိုးရစေဖို့ဉာဏ်သုံး၍ ရှာဖွေနေရမည့်အစား သူတစ်ပါးကိုသူတို့အလင်းပေးနိုင်စွမ်းကြီးစွာတိုးပွားလာစေမည်ဖြစ်သောဝိညာဉ်ရေးရာအားသစ်လောင်းအထူးကာလအချို့ကိုသာ သူတို့ဘာမျှမလုပ်မကိုင်ဘဲနှင့် စောင့်မျှော်ရယူလိုနေကြ၏။ သူတို့ဘက်က ဘာမျှကြိုးစားလုပ်ဆောင်ဖို့မလိုဘဲ အထူးကောင်းချီးမင်္ဂလာကို သူတို့လက်ခံရယူနိုင်ကြလိမ့်မည်။ ပြီးလျှင် သူတို့အသွင်ပြောင်း၍ အမှုတော်ကိုလိုက်ဖက်ညီထိုက်တန်စွာ လုပ်ဆောင်နိုင်ကြလိမ့်မည်ဟုဆိုသောထိုကာလကိုသူတို့ကြည့်မျှော်၍နေစဉ်တွင် လက်ရှိတာဝန်များနှင့် အခွင့်အရေးများကိုပစ်ပယ်လိုက်ကြ၍ သူတို့၏အလင်းကိုလည်း မှုန်မှုန်မွှားမွှားသာ ထွန်းညှိထားတတ်ကြပါတော့သည်။ (ဃ ၄၃.၄)

## စိုက်ပျိုးသူမဟုတ်၊ စားသုံးသူများဖြစ်နေကြ၏

ခရစ်တော်နောက်လိုက်များဖြစ်သည်ဟု ဝန်ခံပြောဆိုနေကြသူများသည် ကောင်းကင်ဘဝဂ်ထိပ်တွင် စမ်းသပ်စစ်ဆေးမှုကို ခံကြရ၏။ သို့သော်

ဘုရားသခင်၏အမှုတော်ထဲတွင် သူတို့သည် စိတ်အင်အားအေးတိအေးစက် နိုင်ခြင်းနှင့်ကြိုးစားမှုနည်းပါးခြင်းတို့ကြောင့် သစ္စာမရှိသူများအဖြစ် မှတ်ယူခံကြရသည်။ သူတို့သည် မိမိတို့၏စွမ်းအားရှိသမျှနှင့်အကောင်းဆုံးဆောင်ရွက်နေကြပါလျှင် သူတို့အပေါ်သို့ ပြစ်ဒဏ်စီရင်ချက်ကျရောက်လာမည်မဟုတ်ပါ။ သို့သော် သူတို့သည် အလုပ်ထဲတွင် စိတ်ပါဝင်စားခြင်းရှိကြလျှင် များစွာပို၍အမှုဆောင်နိုင်ကြပါလိမ့်မည်။ သူတို့သည် မိမိကိုယ်ကိုငြင်းပယ်သောစိတ်နှင့်လက်ဝါးကပ်တိုင်ကိုထမ်းလိုသောစိတ်များစွာယုတ်လျော့နေကြကြောင်း သူတို့ကိုယ်တိုင်သာမက လောကသားများလည်းသိကြသည်။ ကောင်းကင်စာရင်းစာအုပ်ထဲတွင် "စိုက်ပျိုးသူမဟုတ်၊ စားသုံးသူများဖြစ်ကြသည်" ဟူ၍ လူများစွာ တို့၏အမည်များကို ကွဲပြားခြားနားစွာရေးသွင်းထားကြောင်း တွေ့ကြရလိမ့် မည်။ ခရစ်တော်၏နာမအမည်ခံဝန်ဆောင်နေကြသူများစွာသည် ဘုန်းတော် မထင်ရှားခြင်း၊ မျက်နှာကျက်သရေတော်ကို ဖုံးအုပ်ပစ်ခြင်းနှင့် ဂုဏ်တော် ဖွင့်ချီးမွမ်းခြင်းမပေးဘဲ ထားတတ်ကြသည်။ အသင်းတော်၏အသင်းဝင်စာရင်း စာအုပ်ထဲတွင် အမည်ပေါက်သူများစွာရှိသော်လည်း သူတို့သည် ခရစ်တော် ၏အုပ်စိုးမှုအောက်၌မရှိကြပါ။ သူတို့သည် ကိုယ်တော်၏လမ်းညွှန်မှုကို ဥပေက္ခာပြုလျက် ကိုယ်တော်၏အမှုတော်ကိုလည်း မဆောင်ရွက်ဘဲနေကြ၏။ထို့ကြောင့် သူတို့သည် ရန်သူ၏ထိန်းချုပ်မှုအောက်သို့ ရောက်နေကြရသည်။ သူတို့သည် ကောင်းမှုအမှန်ကို မပြုကြသောကြောင့် မတိုင်းတာနိုင်လောက်အောင် နစ်နာမှုများကိုသာ ပြုနေကြကုန်၏။ အကြောင်းမူကား၊ ဥတို့၏ ဩဇာလွှမ်းမိုးခြင်းသည် အသက်ရှင်ခြင်းသဘောကိုမဆောင်၊ သေခြင်းနိဂုံးသို့သာ ဆိုက်ရောက်ရပါတော့သည်။ (ဃ ၄၃.၅)

ပညတ်တော်ကိုစောင့်ခြင်းသည် အပြစ်ဖုံးလွှမ်းဝတ်ရုံ

ထာဝရဘုရားသခင်၏ပညတ်တရားကို စောင့်ထိန်းရန် ဝန်ခံကြသူများအပေါ်၌ အလားတူအန္တရာယ်ယနေ့တိုင်ရှိနေဆဲဖြစ်သည်။ ထိုသူတို့သည် မိမိတို့ကိုယ်ကိုချီးမြှောက်ပြောဆိုကာ ပညတ်တော်ကိုစောင့်ခြင်းဖြင့်ထာဝရဘုရား

၏တရားစီရင်မှုတန်ခိုးမှ ချမ်းသာရမည်ဟု မှတ်ယူကြသည်။ အပြစ်အတွက် ဆုံးမခံရခြင်းကို သူတို့ငြင်းပယ်ကြသည်။ ထာဝရဘုရားသခင်၏အစေခံ သူများကိုလည်း အသင်းတော်အတွင်း အပြစ်များကိုပထုတ်ရန် အလွန်စိတ် ထန်လွန်းသည်ဟု စွပ်စွဲပြောဆိုကြသည်။ အပြစ်တရားကို မုန်းတီးသောထာဝရ ဘုရားသခင်သည် ပညတ်တော်ကိုစောင့်မည်ဟု ဝန်ခံပြောဆိုကြသူများကို ဒုစရိုက် အပေါင်းတို့မှ ခွဲခွာထွက်ခဲ့ရန် ခေါ်ထုတ်နေပါသည်။ စကားတော်ကို နားမထောင်၊ နောင်တရရန်ငြင်းဆန်မှုသည် ရှေးခေတ်ဣသရေလလူတို့အပေါ် အပြစ်သက်ရောက်ခဲ့သကဲ့သို့ ယနေ့ခေတ်ထာဝရဘုရားသခင်၏လူတို့အပေါ်သို့ လည်း ပြင်းထန်သောပြစ်ဒဏ်ရလဒ်ကြီး ကျရောက်လာပါလိမ့်မည်။ ထာဝရ ဘုရားသခင်သည် မိမိ၏တရားစီရင်မှုကို အချိန်ဆွဲထားလိမ့်မည်မဟုတ်သော ကာလသတ်မှတ်ချက်ရှိပါသည်။ (ဃ ၄၄.၁)

## မတော်မတရားလွန်ကျူးခြင်းနှင့်အပြစ်များ၌သေဆုံးကြရခြင်း

ယနေ့ကျွန်ုပ်တို့၏အသင်းတော်ဖွဲ့စည်းမှုထဲ၌ လူအများစုတစ်ခုသည် မတော်မတရားလွန်ကျူးခြင်းနှင့် အပြစ်တရားအောက်၌ သေဆုံးနေကြရသည်။ ပတ္တာပေါ်မှာ တွယ်ထားသည့်တံခါးမကြီးလို ဖွင့်လိုက်ပိတ်လိုက်နှင့် သူတို့ ထွက်ကြဝင်ကြပါသည်။ နှစ်ပေါင်းများစွာကပင် အလေးအနက်အရှိဆုံးနှင့် ဝိညာဉ်နှိုးဆော်ပေးသည့်သမ္မာတရားကို ကိုယ်စိတ်ကြိုက်ကြားနာခဲ့ကြပြီဖြစ် သော်လည်း လက်တွေ့လေ့ကျင့်မှုကို သူတို့မလုပ်ခဲ့ကြ။ သို့ဖြစ်၍ ထိုသူတို့ သည် သမ္မာတရား၏အဖိုးတန်ခြင်းကို အာရုံခံမှုနည်းသည်ထက် နည်းလာ ပါတော့သည်။ ခရစ်ယာန်ဟူ၍ ဝန်ခံပြောဆိုနေစဉ်တွင်ပင် ဘုရားဝတ်၌ မွေ့လျော်ခြင်းတန်ခိုးကို ငြင်းပယ်နေကြသည်။ ဤအခြေအနေအတိုင်းသာ သူတို့ရှေ့ဆက်သွားနေကြလျှင် ဘုရားသခင်သည် သူတို့ကိုစွန့်ပစ်လိမ့်မည်။ သူတို့သည် ဘုရားသခင်၏မိသားစုဝင်များဖြစ်ဖို့ မထိုက်တန်ကြတော့ပါ။(ဃ ၄၄.၂)

## လူသားကိုယ်ကျင့်တရား

ခရစ်ယာန်အမည်ခံသူ လူအများစုသည် လောကကျင့်ဝတ်လိုက်နာ နေရုံသက်သက်သာဖြစ်နေကြပါသည်။ သူတို့သည် လောကသားတို့ရှေ့၌ ခရစ်တော်ကိုပုံဆောင်ခြင်းအားဖြင့် ကိုယ်တော်ကိုဂုဏ်ပြုနိုင်မည့်တစ်ခု တည်းသောဆုကျေးဇူးကို သူတို့ငြင်းပယ်ခဲ့ကြ၏။ သန့်ရှင်းသောဝိညာဉ် တော်၏အမှုဆောင်ခြင်းသည် သူတို့အတွက် ထူးဆန်းသောအမှုဖြစ်နေပါသည်။ သူတို့သည် နှုတ်ကပတ်တော်ရှင်၏အမှုကို ပြုနေကြသူများမဟုတ်ပါ။ ခရစ်တော်နှင့်တစ်လုံးတစ်ဝတည်းဖြစ်သည်ကို ခွဲခြားသိမြင်နိုင်သည့်သူများ၏ ကောင်းကင်ဘုံဆိုင်ရာ ကိုယ်ကျင့်တရားသည် လောကသားများအတိုင်း နေထိုင်ကြသူများနှင့်ခွဲခြားမရနိုင်လောက်အောင် ဖြစ်လာပါသည်။ ခရစ်တော်၏နောက်လိုက်ပါဟူ၍ ပြောနေကြသူများကို လောကသားများနှင့် ဘယ်တော့မျှခွဲထုတ်ရနိုင်တော့မည်မဟုတ်ပါ။ သတ်မှတ်မျဉ်းကြောင်းသည် မထင်မရှား ရှိချေပြီ။ လူတွေအားလုံးသည် သူတို့ကိုယ်တိုင်က လောကအရာများ၊ အလေ့အကျင့်များ၊ ဓလေ့ထုံးစံများနှင့်ကိုယ်ကျိုးရှာမှုတို့၌ အမိန့်နာခံယူ နေကြပါသည်။ အသင်းတော်ဆိုသည်မှာလည်း ပညတ်တရားတော်ကို စောင့်သောအားဖြင့် လောကကိုလွှမ်းမိုးခြင်းရှိသင့်ပါလျက် ပညတ်တော်ကို ဖေါက်ဖျက်သောအားဖြင့် လောကနောက်သို့လိုက်ပါနေချေပြီ။ နေ့စဉ်နှင့်အမျှ အသင်းတော်သည် လောကပုံစံသို့ ကူးပြောင်းနေလေ၏။ (ဃ ၄၅.၁)

## စွန်းထင်းနေသောမှတ်တမ်းတစ်ခု

လူများစွာသည် ဘုရားဝတ်၌မွေ့လျော်သောပုံစံရှိကြသည်။ သူတို့ အမည်များကို အသင်းတော်စာရင်းထဲမှာ တွေ့ကြရမည်ဖြစ်သော်လည်း ကောင်းကင်ဘုံတွင်မူကား၊ စွန်းထင်းသောအမည်မှတ်တမ်းအဖြစ်ရှိနေကြသည်။ စာရင်းထိန်းကောင်းကင်တမန်သည် ထိုသူတို့၏လုပ်ဆောင်မှုမှန်သမျှတိုင်းကို မှန်မှန်ကန်ကန်ရေးသွင်းထားခဲ့သည်။ တစ်ကိုယ်ကောင်းဆန်သောလုပ်ရပ်၊ မဟုတ်မမှန်ပြောဆိုသောစကား၊ တာဝန်ဝတ္တရားမကျေပွန်မှု၊ လျှို့ဝှက်ထား

သောအပြစ်၊ ပညာပါပါပရိယာယ်သုံး၍ လှည့်စားခြင်းများ စသည့်အရာတိုင်း ကိုစာရင်းမှတ်သောကောင်းကင်တမန်သည် မှန်ကန်စွာနှစ်ကာလအစဉ်အတိုင်း မှတ်တမ်းစာအုပ်ထဲတွင် ရေးမှတ်သွင်းထားပါသည်။ (ဃ ၄၅.၂)

အမှုတော်ဝန်ဆောင်သူများအလွန်ပင်ပန်းနေကြပါပြီ

တချို့သောလူများသည် ဝန်ထုပ်များကို သူတို့ချီမနိုင်ပါလျက်နှင့်မချီ မကြသောကြောင့်လည်းကောင်း၊ သူတို့လုပ်ရမည့်အလုပ်များကို မလုပ်ကြ သောကြောင့်လည်းကောင်း၊ ခန့်အပ်လုပ်ဆောင်လျက်ရှိကြသူလူနည်းငယ် အတွက် အမှုတော်သည် အလွန်ကြီးလေးနေရပါသည်။ သူတို့တစ်တွေသည် လုပ်စရာအများကြီးကိုမြင်၍ ခွန်အားကိုဖျစ်ညှစ်ထုတ်သုံးနေရသောကြောင့် အလျင်အမြန်ပင်ပန်းနွမ်းနယ်နေကြရကုန်ပြီ။ (ဃ ၄၅.၃)

ယုံကြည်ခြင်းကိုဆင်ခြေဆင်လက်ဥာဏ်ထုတ်မပေးနိုင်ကြ

ဤနောက်ဆုံးသောနေ့ရက်ကာလများ၌ သမ္မာတရားကို ယုံကြည်ပါ သည်ဟု ပြောဆိုနေကြသောလူများသည် လိုချင်လောဘရှိကြောင်း တွေ့နေရ သည်။ သူတို့သည် လေးလွန်းသောဝန်ထုပ်ဝန်ပိုးများကို ငြင်းပယ်တတ်ကြ ၏။ သူတို့၏ပြောင်းလဲခြင်းသည်လည်း အပေါ်ယံမျှသာဖြစ်သည်။ လေးနက် မှု၊ ကြိုးစားမှု၊ စေ့စပ်သေချာမှုများမရှိကြပါ။ သူတို့ဘာကြောင့်သမ္မာတရားကို ယုံကြည်ခဲ့ရကြောင်း သူတို့မသိကြပါ။ အများက ယုံလို့သာ၊ လိုက်ယုံလိုက် ကြ၏။ သမ္မာတရားဆိုသည်ကို ပေးလို့သာယူလိုက်သည့်သဘောမျိုးနှင့်ယူခဲ့ ကြသည်။ သူတို့ဘာကြောင့် ယုံကြည်ခဲ့ရသည်ကို ဆင်ခြေဥာဏ်ထုတ်မပေး နိုင်ကြပါ။ သို့ဖြစ်၍ သူတို့ကြုံတွေ့ရချက်အားဖြင့်သော်လည်းကောင်း၊ သူတို့ ရခဲ့သောအထူးအခွင့်အရေးနှင့် အမှုတော်ဆောင်ရခြင်း၏အသိတရားအား ဖြင့်သော်လည်းကောင်း အခြားသူများအား အလင်းထွန်းလင်းပေးခြင်း၊ တည်ဆောက်မှုရစေခြင်းမပြုလုပ်နိုင်ကြပါ။ ခွန်အားနှင့်တည်ငြိမ်ခြင်းသည် သစ္စာခံနှလုံးသားပိုင်ရှင်တို့နှင့်အတူရှိ၏။ (ဃ ၄၅.၄)

အချို့လူများပုရောဖက်ပြုစကားသံကိုခြေရာကောက်ပေးလိမ့်မည်

ဤမြေကြီးပေါ်မှာ ဘုရားသခင်၏လူတစ်စုံတစ်ယောက်သည် သူ၏ယုံကြည်ခြင်း၊ သန့်ရှင်းသောဖျော်လင့်ခြင်းတို့အားဖြင့် အလျင်အမြန်ပြည့်စုံလာနေသည့်အနာဂတ္တိစကားသံကို ခြေရာကောက်ပုံဖေါ်ပေးရင်း ခရစ်တော်ကြွလာပေါ်ထွန်းသောအခါ၌ မင်္ဂလာပွဲထိုင်ဝတ်စုံမပါဘဲ သူတို့မှာမမြင်ရလေအောင် သမ္မာတရားကို နာခံခြင်းအားဖြင့် သူတို့အသက်ဝိညာဉ်များစင်ကြယ်စေရေးအတွက် ရှာဖွေပြုစုနေတတ်ကြပါ၏။ (ဃ ၄၆.၁)
မေ့မရနိုင်သောအိပ်မက်

၁၈၈၆ ခုနှစ်၊ စက်တင်ဘာလ (၂၉) ရက်နေ့ည အိပ်မက်ထဲမှာ ကျွန်ုပ် သည် ဘယ်ရီသီးရှာဖွေနေသူလူအုပ်ကြီးတစ်စုနှင့် လမ်းလျှောက်သွားနေပါ သည်။ လူအုပ်ကြီးထဲတွင် ဘယ်ရီသီးခူးရန် အကူအညီပေးကြမည့်လူငယ် လူရွယ်မောင်မယ်များစွာပါလာသည်။ ကျွန်ုပ်တို့သည် မြို့တစ်မြို့ .ထဲမှာရှိနေပုံရ သည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့ရှေ့မှာ မြေကွက်လပ်ငယ်လေးရှိနေ သည်။ သို့သော် မြို့ပြင်တစ်ဝန်းမှာ လယ်ကွင်းပြင်ကျယ်များ၊ လှပသောတောအုပ် များနှင့်စိုက်ပျိုးထားသောဥယျာဉ်ပန်းခြံများရှိကြသည်။ ကျွန်ုပ်တို့လူအုပ်အတွက် ထောက်ပံ့ပေးရန် အစာရိက္ခာတင်လှည်းကြီးတစ်စီး ကျွန်ုပ်တို့ရှေ့မှထွက်ခွာ သွားနေပါသည်။ (ဃ ၄၆.၂)

မကြာမီ ထိုလှည်းကြီးရပ်သွား၍ လူများသည် ဘယ်ရီသီးရှာတွေ့ ရန်နေရာအနှံ့ထွက်သွားနေကြပါသည်။ လှည်းပတ်ပတ်လည်မှာ ချုံပုတ်ကြီးငယ်တို့ရှိကြ၏။ လှပသောဘလူးဘယ်ရီသီးများလည်း မှည့်ဝင်းနေပါပြီ။ သို့သော် လူအုပ်ကြီးသည် အနီးအနားကိုမကြည့်၊ အဝေးကိုသာကြည့်ရှုရှာဖွေနေကြသည်။ ကျွန်ုပ်သည် အနီးရှိဘယ်ရီသီးများကို စတင်ဆွတ်ခူးပါသည်။ သတိထား၍ ဆွတ်ခြွေရသည်။ အကြောင်းမှာ ဝင်းမှည့်နေသည့်အသီးများနှင့်ရောလျက်ရှိသောအစိမ်းသီးများခူးမိသွားမှာစိုး၍ဖြစ်သည်။ ဘယ်ရီသီးပြွတ်တစ်ခိုင်လျှင် အသီးတစ်လုံးနှစ်လုံးမျှသာ ကျွန်ုပ်ဆွတ်ယူရနိုင်ခဲ့ပါသည်။ (ဃ ၄၆.၃)

အသီးဖြိုး၍လုပသောဘယ်ရီသီးတချို့မြေပေါ်မှာ ကြွေကျနေသည်။ တစ်ဝက်ပုပ်၍ ပိုးစားနေပါပြီ။ “အို၊ စောစောများဒီခြံဝင်းထဲကိုရောက်ခဲ့ရင် ဒီလိုတန်ဖိုးရှိအသီးကောင်းအတော်များများကို ဆွတ်ခူးရလိုက်မှာ အမှန်ပဲ။ အခုတော့၊ သိပ်နောက်ကျသွားပြီ။ သို့သော်လည်း မြေပေါ်မှာကျနေတဲ့အသီးတွေထဲက ကောင်းတာလေးတွေကို ကောက်ယူရမည်။ လုံးဝမကောင်းတော့သောဘယ်ရီသီးတချို့ကိုလည်း ကောက်ယူ၍ ညီအစ်ကိုတွေကိုပြပြီး သူတို့ကိုပြောရမည်။ ကျုပ်တို့ရောက်တာ နောက်မကျဘူးဆိုရင် ဒီအသီးတွေကို အကောင်းရလိုက်မှာပဲနော်” ဟူ၍ ကျွန်ုပ်တွေးမိပါ၏။ (ဃ ၄၆.၄)

ထိုစဉ် လူအုပ်ထဲကလူနှစ်ယောက်၊ သုံးယောက်သည် ကျွန်ုပ်ရှိရာအနီးသို့စိမ်ပြေနပြေလမ်းလျှောက်လာကြသည်။ သူတို့တစ်ယောက်နှင့်တစ်ယောက် စကားပြောလာကြသည်ကို ကြည့်ရင်၊ လူအုပ်ကြီးထဲမှာလိုက်ပါရင်း အဖွဲ့ ကျခဲ့သည်ဟု ထင်ရ၏။ ကျွန်ုပ်ကိုတွေ့သော်သူတို့လှမ်းပြောသည်။ “ကျွန်တော် တို့နေရာအနှံ့လိုက်ကြည့်တယ်။ ဘာအသီးမှမတွေ့ဘူး။” သို့သော် ကျွန်ုပ်မှာ ရှိနေသောဘယ်ရီသီးများကို သူတို့တွေ့သောအခါ အံ့သြသွားကြသည်။ ကျွန်ုပ်ကလည်း “အဲဒီချုံပုတ်ထဲမှာအသီးတွေခူးယူဖို့ အများကြီးရှိသေး တယ်” ဟုပြောရင်း သူတို့လည်းဆွတ်ကြပါသည်။ ဆွတ်ခူးနေရင်း သူတို့ ရပ်လိုက်ပြီး ပြောလာသည်။ “ဒါတော့ဘယ်တရားမလဲနော်၊ သင်တွေ့တဲ့ နေရာမှာဆိုတော့ သင့်အသီးတွေပဲပေါ့နော်” ဟုဆိုကြ၏။ ကျွန်ုပ်ကလည်း “ဒါပြဿနာမဟုတ်ဘူး လေ။ တွေ့တဲ့နေရာမှာ စုသိမ်းကြရမှာမဟုတ်လား။ ဒါဟာ ဘုရားသခင်ရဲ့ယာခင်းဖြစ်တယ်။ ဒါတွေအားလုံးဟာ ဘုရားသခင်ရဲ့ ဘယ်ရီသီးတွေပဲ၊ ဆွတ်ခူးရိတ်သိမ်းဖို့ဆိုတာ မင်းတို့ရဲ့အခွင့်အရေးပဲ” ဟု ကျွန်ုပ်ပြန်ဖြေဆိုလိုက်ရပါသည်။ (ဃ ၄၇.၁)

မကြာပါ။ ကျွန်ုပ်တစ်ဦးတည်း ကျန်ရှိနေသလိုခံစားရပါသည်။ နားထဲမှာလည်း လှည်းကြီးဆီမှစကားပြောသံ၊ ရယ်မောသံများကြားနေရသည်။ ကျွန်ုပ်သူတို့ကိုအော်ပြောလိုက်သည်။ “ဘာတွေလုပ်နေကြတာတုန်း” သူတို့ပြန်ဖြေလာသည်မှာ “ဘယ်ရီသီးတွေမတွေ့ရလို့ မောမောနဲ့၊ ဆာဆာနဲ့လှည်းနားလာ

ပြီး နေ့လယ်စာစားကြမလို့တွေးနေတာ။ အစာစားပြီး ခဏနားမယ်။ နောက်မှတစ်ခါထွက်ရှာရှူးကြမလားလို့” ဟူ၏။ (ဃ ၄၇.၂)

“ဒါပေမယ့်” ကျွန်ုပ်ဆို၏။ “မင်းတို့ဘာအသီးမျှမရသေးဘူးနော်။ ငါတို့အားလုံးရဲ့ရိက္ခာတွေကိုလည်း မင်းတို့အကုန်စားပစ်လိုက်ပြီ။ ငါတော့ မစားနိုင်သေးဘူး။ ရှူးစရာအသီးတွေအများကြီးရှိနေတယ်။ မင်းတို့ရှာမတွေ့တာသေသေချာချာမရှာလို့ မတွေ့ကြတာပါ။ ချုံအပြင်ပိုင်းကိုမကြည့်ပါနဲ့၊ ချုံအတွင်းထဲကို လှန်လှောရှာကြည့်ပါ။ လက်ထဲမှာအပြည့်ဆွတ်လို့မရတာတောင် အသီးစိမ်းတွေထဲကို သေသေချာချာရှာကြည့်ရင် ရင့်မှည့်နေပြီဖြစ်တဲ့အသီးကိုတွေ့ရမှာပါ။ (ဃ ၄၇.၃)

မကြာမီ ကျွန်ုပ်၏လက်ဆွဲပုံးကလေးထဲမှာ အသီးတွေနှင့်ပြည့်သွားသဖြင့် လှည်းဆီသို့ယူလာခဲ့ပါသည်။ ကျွန်ုပ်သူတို့ကို ပြောပြလိုက်သည်။ “ဒါတွေဟာ ငါစုသိမ်းရသလောက် အကောင်းဆုံးအသီးတွေပါပဲ။ မင်းတို့တစ်တွေဟာ အဝေးကိုမျှော်ကြည့်ပြီး ကိုယ်တိုင်ဘာအသီးမျှမရလို့၊ စိတ်မောလူမောဖြစ်နေချိန်မှာ ငါကဒီအနီးအနားမှာပဲရှာပြီး တွေ့လို့ဆွတ်ရှူးထားတာပါ။” (ဃ ၄၇.၄)

သူတို့အားလုံးက ကျွန်ုပ်ဆွတ်ယူခဲ့တဲ့ အသီးတွေကိုလာကြည့်ကြပြီး “ဒီအသီးတွေဟာ ချုံပုတ်ကြီးတွေထဲက ဘယ်ရီသီးတွေပဲ။ အသီးလုံးကြီးပြီးလှတယ်။ ငါတို့တစ်တွေချုံပုတ်ကြီးတွေထဲမှာ အသီးရှိမယ်လို့မထင်မိဘူး။ အဲဒါကြောင့် ချုံပုတ်ငယ်တွေမှာပဲ ရှာထွက်ခဲ့ကြတာ။ ဒီလိုနည်းနည်းပဲရတာပေါ့” လို့ပြောကြပါသည်။ (ဃ ၄၇.၅)

“ဒါဆိုရင် ဒီအသီးတွေကို မင်းတို့သိမ်းထားလိုက်ပါ။ အသီးတွေများများရဖို့ ငါနဲ့အတူလိုက်ခဲ့ပြီး ချုံပုတ်ကြီးတွေထဲမှာ အရှာထွက်ကြရအောင်” လို့ ကျွန်ုပ်ပြောလိုက်ပါသည်။ သို့သော်လည်း သူတို့သည် အသီးကိုသိမ်းဆည်းရန် ပြင်ဆင်မှုဘာမျှမလုပ်ကြသေး။ သူတို့မှာပန်းကန်လုံးနှင့်အိတ်တွေအမြောက်အမြားရှိနေပါလျက် အစားအသောက်လက်ကျန်တွေနဲ့အလွတ်ရှိမနေပါဘူး။ ကျွန်ုပ်လည်း သူတို့ထွက်အလာကိုစောင့်ရင်း မအောင့်

အည်းနိုင်လို့ မေးလိုက်ရတော့၏။ "အသီးသွားခူးဖို့မလာကြသေးဘူးလား။ အဲဒီဘယ်ရီသီးတွေကို သိမ်းဖို့ကော မစီစဉ်ရသေးဘူးလား။" (ဃ ၄၇.၆)

လူတစ်ယောက်ကမေးလာသည်။ "မမဝှိုက်ရယ်၊ အိမ်အများကြီးမှာ လူအများကြီးကလည်း သွားလာနေကြတဲ့နေရာမှာ အသီးတစ်စုံတစ်ရာရှာတွေ့ဖို့ကျုပ်တို့မျှော်လင့်မထားဘူးခင်ဗျ။ ဒါပေမယ့် သင်ကဒီလောက်တောင်အသီးခူးဖို့စိတ်အားကြီးနေမှတော့ ကျုပ်တို့လည်း သင့်နောက်ကိုလိုက်ဖို့ ဆုံးဖြတ်ခဲ့ရတာပါ။ ကျုပ်တို့ရဲ့အတွေးထဲမှာ အသီးဆွတ်ခူးလို့မရခဲ့ရင် ရိက္ခာလုံလုံလောက်လောက်ယူလာပြီပဲ၊ နားနားနေနေ ပျော်ပျော်ရွှင်ရွှင် စားကြသောက်ကြရမယ်လို့ထင်ခဲ့ပါတယ်။" (ဃ ၄၈.၁)

ကျွန်ုပ်ပြန်ဖြေရပါသည်။ "ဒီလိုလုပ်တာမျိုး နားမလည်နိုင်ပါဘူးရှင်။ ကျွန်မတော့ချုံပုတ်တွေဆီ အခုပဲ တစ်ခါထပ်သွားဦးမယ်။ နေ့တာကုန်လို့မကြာမီ ညဘက်ရောက်လာတော့မှာမို့ ဘာအသီးမျှခူးလို့မဖြစ်နိုင်တော့ဘူး" သို့နှင့်လူတချို့ကျွန်ုပ်နောက်လိုက်ခဲ့ကြ၍ တချို့လူတွေလှည်းအနားမှာ စားသောက်ဖို့နေခဲ့ကြ၏။ (ဃ ၄၈.၂)

တစ်နေရာတွင် လူအုပ်စုငယ်တစ်ခုစုဝေးနေကြပြီး သူတို့အတွက် ပိုစိတ်ဝင်စားစရာကောင်းသည့်အကြောင်းအရာများကို ဆွေးနွေးပြောဆိုအလုပ်ရှုပ်နေကြပါသည်။ ကျွန်ုပ်သူတို့အနီးသို့ ချဉ်းကပ်ရောက်သွားသောအခါ အမျိုးသမီးတစ်ဦး၏ရင်ခွင်ထဲ၌ရှိသည့်ကလေးငယ်အကြောင်းကို စိတ်ဝင်တစားပြောနေကြောင်း တွေ့ရ၏။ ကျွန်ုပ်ပြောလိုက်ပါသည်။ "မင်းတို့မှာအချိန်အနည်းငယ်ပဲကျန်တော့တယ်။ လုပ်နိုင်တုန်းအလုပ်လုပ်ကြရင် ကောင်းမှာ ပဲ။" (ဃ ၄၈.၃)

လူများစွာကိုဆွဲဆောင်နေသည့်အာရုံတစ်ခုမှာ လူငယ်အမျိုးသားတစ်ဦးနှင့်အမျိုးသမီးတစ်ဦး လှည်းကြီးဆီသို့အပြေးပြိုင်ပွဲဖြစ်သည်။ လှည်းဆီသူတို့ရောက် သွားသောအခါ မောလွန်း၍ ထိုင်နားလိုက်ကြသည်။အခြားသူတွေလည်း မြက်ခင်းပေါ်မှာကျောခင်းပြီး အနားယူကြကုန်၏။ (ဃ ၄၈.၄)

ဤသို့ဖြင့် တစ်နေ့တာကုန်လေ၏။ နည်းနည်းလေးပဲ အလုပ်ပြီးစီးသည်။ နောက်ဆုံး၌ ကျွန်ုပ်ဤသို့ပြောလိုက်ပါသည်။ "ညီအစ်ကိုတို့၊ မင်းတို့ကဒီအမှုကို အောင်မြင်မှုမရှိတဲ့ စွန့်စားရှာဖွေခရီးလို့ ဆိုကြလိမ့်မည်။ ဒီအတိုင်းသာအလုပ်လုပ်နေကြရင် မင်းတို့အောင်မြင်မှုမရတာ အံ့သြစရာမရှိပါဘူး။ မင်းတို့ရဲ့အောင်မြင်ခြင်း၊ မအောင်မြင်ခြင်းဆိုတာ ဘယ်လိုအလုပ်လုပ်သလဲဆိုတဲ့အပေါ်မူတည်နေပါတယ်။ အခုဒီမှာ ဘယ်ရီသီးတွေ၊ ကျွန်မတွေ့လို့ ခူးခဲ့တာပါ။ မင်းတို့တချို့ကတော့ ချုံပုတ်ငယ်တွေမှာ အချည်းနှီးအချိန်ကုန်ခံပြီး ရှာဖွေနေခဲ့ကြတာ၊ တချို့တော့လည်း အနည်းအကျဉ်းရတာပေါ့လေ။ ဒါပေမယ့် ချုံပုတ်ကြီးတွေကိုတော့ ဘယ်သူကမျှသတိပြုပြီး မရှာကြဘူး။ ဘာအသီးမျှတွေ့မှာမဟုတ်ဘူးဆိုပြီး ကျော်သွားခဲ့ကြတယ်။ ကျွန်မကောက်လာတဲ့ဘယ်ရီသီးတွေဟာ များလည်းများတယ်၊ မှည့်လည်းမှည့်တယ်မဟုတ်လား။ မကြာခင်မှာ တခြားအသီးစိမ်းတွေ မှည့်လာတော့မယ်။ အဲဒီကိုတစ်ခေါက်ထပ်သွားကြစို့။ ဒီလိုအသီးဆွတ်ခူးဖို့ ကျွန်မသင်ယူခဲ့တာ။ မင်းတို့လည်း လှည်းနားကချုံကြီးတွေထဲမှာ အသီးကိုရှာကြမယ်ဆိုရင် ကျွန်မလိုပဲ အသီးတွေဆွတ်ခူးရနိုင်ပါလိမ့်မယ်။" (ဃ ၄၈.၅)

"ယနေ့သင်ခန်းစာသည် ဤသို့သောအလုပ်မျိုးကို ဘယ်လိုလုပ်ရမည့်အကြောင်း လေ့လာနေသူများအား သင်ပေးနေခြင်းဖြစ်၍ သူတို့သည် ထပ်မံပွားထုတ်ကြရမည်။ ဘုရားသခင်သည် လူအများအလျင်အမြန်အခြေချနေထိုင်လာကြသောဒေသထဲမှာ အသီးအောင်သော ဤချုံပုတ်ပင်များကို နေရာချထားရှိပြီး သူတို့ကိုရှာတွေ့ရန် သင့်အားကိုယ်တော်မျှော်လင့်ထားပါသည်။ သို့သော် သင်တို့သည် အတူတူစားလိုက်ကြ၊ သောက်လိုက်ကြနှင့် ကိုယ်ဖို့ပျော်စရာရှာအချိန်ဖြုန်းနေကြကုန်သည်။ သင်တို့သည် အသီးတွေကို တွေ့ရမည်ဟူသောအခိုင်အမာဆုံးဖြတ်ချက်နှင့် သခင့်လယ်ခင်းသို့ ဝင်လာကြသူများမဟုတ်ပါတကား။" (ဃ ၄၈.၆)

ယခုမှစ၍ သင်တို့၏အတွေးအမြင်ကို ပြင်ဆင်ကာ စိတ်အားကြီးစွာကြိုးစားလုပ်ဆောင်ရမည်။ သို့မဟုတ်က သင်တို့၏ဝန်ဆောင်မှုသည်ဘယ်သော

အခါမျှအောင်မြင်လိမ့်မည်မဟုတ်ပါ။ သင်သည် လမ်းကြောင်းမှန်မှန်ကန်ကန် လုပ်ဆောင်ပြခြင်းဖြင့် လူငယ်အမှုဆောင်သူတို့အား စားသောက်ခြင်းနှင့်အပန်း ဖြေခြင်းသည် ငယ်သောအမှုဖြစ်ကြောင်းကို သွန်သင်ပေးလာနိုင်ပါလိမ့်မည်။ အစားအစာရိက္ခာများစွာသယ်ဆောင်လာသောလည်းကို ယာခင်းအထိ သယ်ပို့ ရသောအလုပ်သည် ခက်ခဲပင်ပန်းသည်မှန်ပါ၏။ သို့သော် သင့်ဝန်ဆောင်မှု ရလဒ်အားဖြင့် ဘယ်ရီသီးများကို ရှာဖွေသိမ်းဆည်း၍ နေအိမ်သို့ပြန်ယူသွား ရမည်မှာ အစားအသောက်ပုံပိုးခြင်းထက်ပို၍ သင်၌စိတ်တမ်းနေရမည့်အရာ ဖြစ်သည်။ ပထမအနီးမှာရှိသောဘယ်ရီသီးကို လုံ့လဝီရိယရှိစွာ ကောက်သိမ်း ပါ။ နောက်မှဝေးသောနေရာများသို့သွား၍ ရှာဖွေသိမ်းဆည်းပါ။ တစ်ဖန် သင်သည်ပြန်လာ၍ အနီးအနားမှာရှိသောဘယ်ရီသီးများကို ထပ်မံရှာဖွေစုသိမ်း ပါ။ ဤသို့ပြုလျှင် သင်သည်အောင်မြင်လိမ့်မည်။ (ဃ ၄၉.၁)

## ကြုံတွေ့ရမည့်စမ်းသပ်မှု

ကြီးမြတ်သူလူအနည်းအကျဉ်းသည် လေးနက်ခန့်ညားသော၊ နောက်ဆုံးသောအမှုတော်ကြီးကို ဝင်ရောက်လုပ်ကိုင်ကြလိမ့်မည်။ သူတို့သည် ကိုယ်စိတ်တိုင်းကျလုပ်ဆောင်သူ၊ ဘုရားသခင်နှင့်လွတ်ကင်းနေသူများဖြစ်၏။ ဘုရားသခင်သည် သူတို့ကိုအသုံးမပြုနိုင်ချေ။ လှုပ်ယမ်းခါချစစ်ဆေးသောကာလ များ၌ မကွယ်မဝှက်နေပြကြသည့်သစ္စာရှိအစေခံများ ဘုရားသခင်၌ရှိပါသည်။ သူတို့သည် ဗာလဘုရားရှေ့မှာ ဒူးမထောက်သောသူများကဲ့သို့ ယခုတွင် ကွယ်ဖုံးနေသောအဖိုးတန်သူတစ်ဦးချင်းတိုင်းတို့ဖြစ်သည်။ သူတို့သည် သင့်အပေါ်သို့စူးရှသောမီးလျှံထိုးပေးနိုင်လောက်အောင် တောက်ပသည့်အလင်း ရောင်သူတို့၌မရှိသော်လည်း ကြမ်းတမ်းသော၊ မမျှော်လင့်ထားသောကာလများ တွင် မှန်ကန်သောခရစ်ယာန်တို့၏သန့်စင်သောစာရိတ္တအလင်းရောင်ကို သူတို့ ထင်ရှားပြလာကြလိမ့်မည်။ နေ့အခါ ကောင်းကင်သို့မျှော်ကြည့်လေသော် ကြယ်များကိုမမြင်ရကြ။ သို့သော်လည်း ထိုကြယ်တို့သည် မိုးကောင်းကင်မှာ အမှန်ရှိနေသော်လည်း လူမျက်စိသည် ခွဲခြားမမြင်စွမ်းနိုင်။ ညအခါတွင်မူကား

ထိုကြယ်များ၏မှန်သောဝင်းလက်တောက်ပြောင်ခြင်းကို ကျွန်ုပ်တို့မြင်တွေ့ကြရသည်။ (ဃ ၄၉.၂)

အချိန်သည် မဝေးလှတော့ပါ။ လူဝိညာဉ်တိုင်းကို စစ်ကြောလေသောအခါ ထိုအချိန်သည် အသင်းတော်ထဲမှာ ရွှေစင်ကိုအချော်အချွတ်ထဲမှ ခွဲထုတ်ယူဆောင်သွားလိမ့်မည်။ စစ်မှန်သောဘုရားဝတ်မွေ့လျော်ခြင်းသည် အပြင်ပန်းဟန်ဆောင်ခြင်းများမှ ထင်ထင်ရှားရှားခွဲခြားထုတ်ပြကြလိမ့်မည်။ ရေပန်းစားလူကြိုက်များသောကြယ်တစ်ပွင့်ကဲ့သို့ လူများစွာသည် အမှောင်ထဲသို့ဝင်သွားရကြလိမ့်မည်။ တိမ်တိုက်ကဲ့သို့သောအမှိုက်သရိုက်များသည် လေနှင့်အတူလွင့်ထွက်သွား၏။ ထိုနေရာများ၌ ကြွယ်ဝဖြစ်ထွန်းနေသောဂျုံခင်းများသာမြင်ရပါတော့သည်။ အထွတ်အမြတ်အဆင်တန်ဆာအဖြစ် ယူဆတင်ဆောင်ထားကြသူအားလုံးသည် ခရစ်တော်၏ဖြောင့်မတ်ခြင်းအဝတ်ကို မဝတ်ဆင်ဘဲနေကြလေသော် သူတို့ကိုယ်တိုင်၏အမှောင်ထဲ၌ အရှက်ရခြင်းထင်ရှားလာပါလိမ့်မည်။ (ဃ ၄၉.၃)

–၀–

# အခန်း (၄)
# ခရစ်ယာန်အမှုတော်ဆောင်တို့ရင်ဆိုင်ကြရမည့်လောကအရာများ

## လောကဇာတ်ခုံ

လောကကြီးသည် ဇာတ်ခုံတစ်ခုဖြစ်သည်။ သရုပ်ဆောင်သူများ၊ ပါဝင်ကြသူများသည် နောက်ဆုံးသောဇာတ်ကွက်ကြီးမှာ သူတို့၏အပိုင်းအလိုက် သူတို့ပါဝင်ကပြနေကြရသည်။ လောကလူသားအုပ်စုကြီးသည် သူတို့၏ ကိုယ်ကျိုးရည်ရွယ်ချက်ကို မဟာမိတ်ဖွဲ့လုပ်ဆောင်ပြီးစီးစေသည်မှလွဲလျှင် လူတွေစည်းရုံးမှုမရှိကြပါ။ ဘုရားသခင်သည် ကြည့်ရှုလျက်နေ၏။ ဘုရားသခင်သည် ပုန်ကန်ကြသောလူသားတို့၌ မေတ္တာထားလျက် အလိုတော်ကို ပြီးပြည့်စုံစေခဲ့ပါသည်။ အချိန်ရာသီအလိုက် လောက၏ကမောက်ကမဖြစ်ခြင်းနှင့် ကစဉ့်ကလျားဖြစ်ခြင်းအရာများကို လူသားတို့အား ယိမ်းထိုးထမ်းဆောင်စေခဲ့သည့်တိုင် ဘုရားသခင်သည် လောကကြီးကိုလူသားတို့လက်ထဲမှာ အပ်နှင်းမထားခဲ့ပါ။ အောက်အရပ်မှတန်ခိုးတစ်ခုသည် ပြဇာတ်၏နောက်ဆုံးသောဇာတ်ဝင်ခန်းကြီးတစ်ခုကို တင်ဆက်ပေးရန် ရောက်လာပါတော့သည်။ စာတန်သည် ခရစ်တော်အသွင်ဖြင့် လာနေပါသည်။ စာတန်သည် လျှို့ဝှက်သောလူသားအုပ်စုထဲတွင် မိမိကိုယ်မိမိချည်နှောင်ထားသူများအပေါ်သို့ ဖြောင့်မတ်ခြင်းမှ တိမ်းစောင်းစေသောလှည့်ကွက်များအားလုံးကို ယူတင်ပေးလာနေသည်။ လူသားမဟာမိတ်အဖွဲ့အစည်းအတွက် စိတ်ဓာတ်အဟုန်စွဲကပ်ကျရောက်နေသူများသည် ရန်သူစာတန်၏စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်နေကြသည်ဖြစ်၏။ ဤအကြောင်းအတွက် အကျိုးဆက်ကို ရကြပါလိမ့်မည်။ (ဃ ၅၀.၁)

ပြဇာတ်၏နောက်ဆုံးသောဇာတ်ကွက်

ဤသတင်းစကားကို ကြီးမားသောအင်အားနှင့် အသုံးချခဲ့မှုသည် ယနေ့အချိန်၌ အသုံးချသည်ထက် ပို၍ပြုခဲ့သည်မှာ ဘယ်အခါမျှမရှိခဲ့ဖူးပါ။ လောကကြီးသည် ထာဝရဘုရား၏ကြွေးကြော်ထားရှိသည်ကို ပို၍ပို၍ အချည်းအနှီးအမှတ်ပြုလာကြသည်။ လူတို့သည်လည်း ဒုစရိုက်ပြုခြင်းအမှု၌ လက်ရဲဇက်ရဲရှိလာကြသည်။ ကမ္ဘာပေါ်နေထိုင်ကြသူများ၏ဆိုးညစ်ခြင်းများသည် သူတို့ပြုသည့်ဒုစရိုက်အတိုင်းအဆ အထွတ်သို့ပြည့်လျှံလို့ရောက်နေပါပြီ။ ဤကမ္ဘာကြီးသည် ဖျက်ဆီးသူ၏စိတ်တိုင်းကျဆောင်ရွက်တော့မည်ကို ဘုရားသခင်အခွင့်ပေးသည့်အခါသမယသို့ ရောက်လုနီးပါးရှိနေပါပြီ။ လူတို့လုပ်သောဥပဒေများကို ထာဝရဘုရားသခင်၏ပညတ်နေရာ၌ အစားထိုးခြင်း၊ လူ့ညဩဇာသက်သက်မျှလောက်ဖြင့် ဂုဏ်မြောက်နေခြင်း၊ ကျမ်းစာအလိုဥပုသ်နေ့အစားတနင်္ဂနွေနေ့ကို သတ်မှတ်ခြင်းများသည် ပြဇာတ်ထဲက နောက်ဆုံးသောဇာတ်ကွက်တွေဖြစ်လာကြသည်။ ဤသို့အစားထိုးလုပ်နေကြသည်မှာ တစ်ကမ္ဘာလုံးအတိုင်းအတာအထိဖြစ်လာသော် ထာဝရဘုရားသခင်သည် ကိုယ်တော်တိုင်ထင်ရှားဖော်ပြလာလိမ့်မည်။ ကိုယ်တော်သည် ဘုန်းအာနုဘော်တော်ကိုဖွင့်၍ မြေကြီးကိုပြင်းစွာတုန်လှုပ်စေလိမ့်မည်။ ကိုယ်တော်သည် မိမိနေရာမှထွက်၍ ကမ္ဘာပေါ်၌ နေထိုင်သူလူသားတို့အား သူတို့၏အပြစ်များအတွက် ပြစ်ဒဏ်ပေးလိမ့်မည်။ မြေကြီးသည် မိမိအသွေးကိုဖွင့်ချလိုက်မည်။ မြေကြီးသည် အသေကောင်များကို မြေမြှုပ်သင်္ဂြိုဟ်ပေးတော့မည်မဟုတ်ပါ။ (ဃ ၅၀.၂)

ခေတ်၏အကျပ်အတည်းကာလများ

ကျွန်ုပ်တို့သည် ခေတ်၏အကျပ်အတည်းကာလများရှေ့တွင် ရောက်နေကြသည်။ ဘုရားသခင်၏တရားစီရင်ခြင်းသည် တစ်ခုပြီးတစ်ခုဆက်တိုက်ရောက်လာလိမ့်မည်။ မီးဘေး၊ ရေဘေး၊ မြေငလျင်လှုပ်ခြင်း၊ စစ်ပွဲများနှင့် တကွ သွေးချောင်းစီးလာပါလိမ့်မည်။ ဤသို့ကြီးမားသော၊ နောက်ဆုံးဖြစ်သော

အဖြစ်အပျက်များကြောင့် ဤခေတ် ဤအချိန်တွင် ကျွန်ုပ်တို့အဖို့ အံ့ဩနေကြရမည်မဟုတ်။ အဘယ်ကြောင့်ဆိုသော် ကရုဏာရှင်ကောင်းကင်တမန် သည် နောင်တမရသူများကို ကာကွယ်ပေးရန် ကာလကြာကြာရှိနေမည် မဟုတ်တော့ပါ။ (ဃ ၅၁.၁)

အကျပ်အတည်းကာလသည် ကျွန်ုပ်တို့အနီးသို့ တဖြည်းဖြည်းချင်း ချဉ်းကပ်ရောက်လာနေပါသည်။ နေသည် မိုးကောင်းကင်၌ ထွန်းတောက် လျက်နှင့်ဝင်လျက်ထွက်လျက် ပုံမှန်ရှိနေစဉ်တွင် မိုးကောင်းကင်သည် ဘုရားသခင်၏ဘုန်းအသရေကို ကြားပြောနေသေး၏။ လူတို့သည် စားလျက်၊ သောက်လျက်၊ စိုက်ပျိုးလျက်၊ အိမ်ဆောက်လျက်၊ လက်ထပ်ခြင်းနှင့်ထိမ်းမြားပေးစားခြင်းတို့ဖြင့် ပြုမြဲပြုနေဆဲရှိကြသည်။ ကုန်သည်တို့သည်လည်း ရောင်းဝယ်ဖေါက်ကားလျက်ရှိကြသေး၏။ လူတို့သည် တစ်ဦးနှင့်တစ်ဦး တိုးဝှေ့တိုက်ခိုက်ကာ အဆင့်အတန်းအမြင့်ဆုံးနေရာရဖို့အတွက် ဖက်ပြိုင်နေကြဆဲရှိသည်။ အပျော်အပါးလိုက်စားကြသူများသည်လည်း ရုပ်ရှင်ရုံများ၊ ဇာတ်ရုံများ၊ မြင်းပွဲများနှင့်လောင်းကစားပွဲငရဲထဲတွင် စုပြုံတိုးနေကြဆဲရှိသည်။ အမြင့်ဆုံးသောစိတ်လှုပ်ရှားစရာများခံစားနေရဆဲဖြစ်သည့်တိုင် စမ်းသပ်ကာလအချိန်နာရီသည် အမြန်ကုန်လုနီးပါပြီ။ အမှုအသီးသီးမှာ ထာဝရအကျိုးထွက်စေဖို့ ဆုံးဖြတ်လုပ်ဆောင်ကြရပါတော့မည်။ စာတန်သည် သူ့အချိန်အလွန်တိုသည် ဟုရှုမြင်ထားသည်။ ထို့ကြောင့် လူတွေအလိမ်ခံရခြင်း၊ ယုံမှားမှုရှိခြင်း၊ ပိုင်စိုးပိုင်နင်းရှိခြင်း၊ အကြိုက်တွေ့ခြင်းများရှိနေစေဖို့ ဤစမ်းသပ်ကာလအဆုံးသို့ မရောက်မချင်းနှင့် ကရုဏာတံခါးနောက်ဆုံးပိတ်သွားသည်အထိ စာတန် ကိုယ်စားလှယ်များက လုပ်ဆောင်နေကြမည်။ (ဃ ၅၁.၂)

ဒုစရိုက်လုပ်ရပ်သည် အမြင့်ဆုံးအဆင့်သို့ ရောက်လုနီးပြီ။ လောကကြီးသည် ရှုပ်ထွေးလျက်ရှိလာနေသည်။ အလွန့်အလွန်ထိတ်လန့်ကြောက်ရွံ့ခြင်းသည် လူသားတို့အပေါ် စိုးမိုးလာသည်။ နောက်ဆုံးချိန်သည် အလွန်နီးနေပြီ။ သမ္မာတရားကိုသိကြသောကျွန်ုပ်တို့သည် ကမ္ဘာလောကကို အပြတ်အံ့ဩသွားလောက်အောင် မကြာမီကြေညာပြောဆိုဖို့ ပြင်ဆင်နေသင့်ကြပါပြီ။(ဃ ၅၁.၃)

မကောင်းမှုများစိုးမိုးနေသည့်ဤအချိန်တွင် နောက်ဆုံးအကျပ်အတည်း ကာလကြီးကို ကျွန်ုပ်တို့ရင်ဆိုင်နေရပြီဖြစ်ကြောင်း သိရှိနိုင်ပါသည်။ ဘုရားသခင်၏ပညတ်တော်များကို မနာခံဖီဆန်ခြင်းသည် တစ်ကမ္ဘာလုံးအတိုင်း အတာအထိ ဖြစ်လာသောအခါနှင့် ဘုရားသခင်၏လူများသည် သူတို့လုပ်ဖော်ကိုင်ဖက်များ၏ဖိနှိပ်မှု၊ ညှဉ်းဆဲမှုကိုခံနေကြရသောအခါများတွင် ထာဝရဘုရားသခင်ကြားဝင်ဖြေရှင်းတော်မူလိမ့်မည်။ (ဃ ၅၁.၄)

ကျွန်ုပ်တို့သည် ကြီးကျယ်ခန့်ညားလေးနက်လွန်းသောအဖြစ်အပျက်များ၏တံခါးဝတွင် ရပ်နေကြရသည်။ ပရောဖက်ပြုစကားများသည်လည်း ပြည့်စုံလာကြပြီ။ ထူးဆန်းထွေလာကမ္ဘာဖြစ်ရပ်မှန်များကိုလည်း ကောင်းကင်ဘုံ၏စာအုပ်ထဲ၌ မှတ်တမ်းထိုးလျက် ထားရှိ၏။ ကမ္ဘာပေါ်ရှိအရာအားလုံးသည် မီးတောက်နေပါပြီ။ စစ်ပွဲများနှင့်စစ်ဖြစ်မည့်သတင်းစကားများကြားနေရသည်။ လူမျိုးတို့သည်လည်း ဒေါသထွက်သဖြင့် သေခြင်းသည်ရောက်လာ၏။ ထိုသို့အားဖြင့် သူတို့သည် တရားစီရင်ခံရမည်။ ဖြစ်ရပ်များသည် ပြောင်းလဲမြန်လွန်းသဖြင့် ထာဝရဘုရား၏နေ့ရက်သည် အလျင်စလိုရောက်လာတော့မည်။ အချိန်တစ်ခဏသာကျန်ပါတော့သည်။ လူမျိုးတို့သည် အချင်းချင်းရန်းရင်းဆန်ခတ်နေချိန်၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံရန်ပြုခြင်းသည် စေ့စပ်မရနိုင်သည့်အထွေထွေအခြေအနေဆိုက်နေသည်။ ဘုရားသခင့်လူများ၏နဖူးပေါ်မှာ တံဆိပ်ခတ်ခြင်းအမှုမပြုမချင်း၊ အရပ်လေးမျက်နှာသည် ချုပ်နှောင်ထားလျက်ရှိသေး၏။ ထိုနောက် မြေကြီးတန်ခိုးများသည် နောက်ဆုံးသောတိုက်ပွဲကြီးကိုအင်အားနှင့်ခေါ်ယူသွားပါလိမ့်မည်။ (ဃ ၅၁.၅)

## ဘုရားသခင်၏ထိန်းချုပ်ဝိညာဉ်တော်ဆုတ်ခွာသွားခြင်း

ဘုရားသခင်၏ထိန်းချုပ်ဝိညာဉ်တော်သည် ယခုအခါ ဤကမ္ဘာမှ ဆုတ်ခွာသွားလျက်ရှိနေပါသည်။ ဟာရီကိန်းမုန်တိုင်းကြီးများ၊ မိုးသက်မုန်တိုင်းများ၊ လေပြင်းမုန်တိုင်းများ၊ မီးဘေးနှင့်ရေဘေးများ၊ ကုန်းပေါ်ရေပေါ်၌ ကြုံရသည့်ဘေးဒုက္ခအဖြာဖြာသည် အလျင်အမြန်ဆက်တိုက်ရောက်လာနေပါသည်။

သိပ္ပံပညာသည် ဤအရာအားလုံးကို ရှင်းပြဖို့ကြိုးစားရှာဖွေနေသည်။ နိမိတ်လက္ခဏာများဖြင့် ကျွန်ုပ်တို့အနီးတစ်ဝိုက်တွင် အထပ်ထပ်ဖွင့်ပြလာသည်မှာ ဘုရားသခင်၏သားတော်ကြွလာတော်မူမည့် အချိန်နီးလျက်ရှိသည်ကို ကြားပြောနေသည်ဖြစ်၍ ထိုအကြောင်းကိုမှန်သောအမှုတစ်ခုခုမှတစ်ပါး မှတ်ယူထားကြရမည်။ ဘုရားသခင်၏လူများ၌ တံဆိပ်ခတ်ခြင်းအမှုမပြုမချင်း၊ ကင်းစောင့်ကောင်းကင်တမန်တို့သည် အရပ်လေးမျက်နှာ၏လေကို မတိုက်ခတ်ရလေအောင် ထိန်းချုပ်ထားခြင်းအမှုကို လူသည်ခွဲခြားမသိရနိုင်ကြပါ။ သို့ရာတွင် ဘုရားသခင်သည် ထိုလေးမျက်နှာအရပ်မှလေကို သူ၏ကောင်းကင်တမန်များအား လွှတ်စေတော်မူပါလျှင် အဘယ်ပန်းချီစုတ်ချက်အားဖြင့်မျှ ရေးမမီနိုင်သည့်ခိုက်ရန်ဖြစ်ခြင်းမြင်ကွင်းဆိုက်ရောက်လာပါလိမ့်မည်။ (ဃ ၅၂.၁)

ကျွန်ုပ်တို့အသက်ရှင်ရသောနေ့ရက်များသည် လေးနက်၍အရေးကြီးလှပါသည်။ ထာဝရဘုရားသခင်၏ဝိညာဉ်တော်သည် တဖြည်းဖြည်းချင်းနှင့်အသေအချာဆုတ်ခွာသွားနေပါပြီ။ ကာလနာဘေးများနှင့် တရားစီရင်ခြင်းတို့သည် ဘုရားကျေးဇူးတော်ကို တန်ဖိုးမထားသူတို့အပေါ်သို့ အသင့်ကျရောက်နေပါပြီ။ မြေပေါ်နှင့်ရေပေါ်မှာ ကျရောက်သောဘေးဒုက္ခများ၊ လူ့ဘောင်အဖွဲ့အစည်းမတည်ငြိမ်မှုများ၊ စစ်ပွဲနိုးဆော်သံများသည် အတိတ်နိမိတ်ပြလာပါသည်။ ထိုအရာများသည် အကြီးမားဆုံးသောအရေးအကြောင်းဖြစ်ရပ်များရောက်လာမည်ကို ကြိုတင်ဟောကိန်းထုတ်ပေးနေခြင်းဖြစ်သည်။ ဒုစရိုက်အဖွဲ့အစည်းများသည်လည်း သူတို့အင်အားများစုစည်းကာ၊ ခိုင်မာတောင့်တင်းအောင်လုပ်နေကြပြီ။ နောက်ဆုံးအကျပ်အတည်းကာလအတွက် သူတို့အားဖြည့်ယူနေကြသည်။ ပြောင်းလဲမှုဖြစ်ရပ်ကြီးများ ဤကမ္ဘာပေါ်တွင် မကြာမတင်နေရာယူလာပါလိမ့်မည်။ နောက်ဆုံးသောလှုပ်ခတ်မှုသည် အလျင်စလိုအမှုတစ်ခုဖြစ်လိမ့်မည်။ (ဃ ၅၂.၂)

ကမ္ဘာပေါ်တွင် ဝမ်းနည်းရခြင်းများမကြာမီဖြစ်လာရသောအခါ နောက်ဆုံးအချိန်ရောက်ပြီဖြစ်၍ ဤအနာကိုအဘယ်လူသားဖြေသိမ့်ပေးသူကမျှ

မငြိမ်းစေနိုင်ပါ။ ဘုရားသခင်၏ဝိညာဉ်တော်သည် ရုပ်သိမ်းလျက်ရှိနေပါပြီ။ ရေဘေးဒုက္ခ၊ မြေဘေးဒုက္ခများသည် တစ်ခုပြီးတစ်ခုဆက်တိုက်အမြန်ရောက်လာလို့နေပါသည်။ မြေငလျင်လှုပ်ခတ်ခြင်း၊ လေပြင်းမုန်တိုင်းတိုက်ခတ်သွားခြင်း၊ မီးလောင်ဆုံးရှုံးခြင်း၊ ရေလွှမ်းမိုးပျက်စီးခြင်းများကြောင့် အသက်အိုးအိမ်များဆုံးပါးခဲ့ကြရသည်ကို ကျွန်ုပ်တို့မကြာမကြာကြားနေရသည်။ ဤသို့အထင်အရှားဖြစ်လာသည့်ဘေးဆိုးကြီးများသည် လောကသဘာဝတရား၏ထိန်းမနိုင်၊ သိမ်းမနိုင်သောအပြောင်းအလဲမြန်လွန်းခြင်းဖြင့် ကျရောက်လာသည်ဖြစ်၍ လူတို့ထိန်းချုပ်မှုထက် လုံးလုံးလျားလျားကျော်လွန်၏။ သို့သော် ထိုအရာများထဲ၌ ဘုရားသခင်၏အကြံအစည်တော်ကို သိရှိနိုင်သည်။ ထိုအရာများအားဖြင့်လည်း လူသားအပေါင်းတို့ကို သူတို့ကြုံရသည့်ဘေးဒုက္ခမှနိုးထလာစေဖို့ ကိုယ်တော်ပြုစုနေရသည့်ကိုယ်စားနိမိတ်များဖြစ်လေသည်။ (ဃ ၅၂.၃)

## ပိုးကောင်အိမ်နှင့်တူသောကမ္ဘာမြေကြီး

လူသားသည် မိမိတို့၏အံ့ဩဖွယ်တိုးတက်ကြီးပွားမှုနှင့် ဉာဏ်ပညာအလင်းရရှိမှုတို့ကို မမြင်မစမ်းကြွားဝါနေတတ်ကြပါသည်။ သို့သော် ကောင်းကင်ဘုံမှကြည့်ရှုသူများအတွက်မူကား၊ ဤကမ္ဘာမြေကြီးပေါ်၌ ဖေါက်ပြန်မှုနှင့်အကြမ်းဖက်မှုများသာလျှင် အပြည့်ရှိနေသည်ကို မြင်တွေ့နေကြရသည်။ အပြစ်တရားကြောင့် ကျွန်ုပ်တို့ကမ္ဘာမြေကြီး၏ရုပ်ဝန်းကျင်သည် ပိုးကောင်အိမ်နှင့်တူသောရုပ်ဝန်းကျင်တစ်ခုဖြစ်လာရသည်။ (ဃ ၅၃.၁)

## ပြစ်မှုလုပ်ခြင်းကူးစက်ရောဂါ

"ပြစ်မှုလုပ်သည့်ကူးစက်ရောဂါ" ကျရောက်နေသည့်အထဲ၌ ကျွန်ုပ်တို့အသက်ရှင်နေထိုင်ကြရသည်ဖြစ်၍ ဤအကြောင်းကိုတွေးမိကြသောဘုရားသခင်အား ကြောက်ရွံ့ခြင်းရှိသူများသည် နေရာအနှံ့တွင် တုန်လှုပ်ချောက်ချားနေကြရ၏။ အကျင့်ပျက်မှုများက အနိုင်ယူနေသည်မှာ လူတို့ကလောင်စွမ်း ဖြင့်ရေးပြပြီးပေးနိုင်သည်ထက် ကျော်လွန်သွားပါသည်။ နေ့စဉ်နှင့်အမျှ နိုင်ငံရေးအငြင်းပွားမှုများ၊ လာဘ်ပေးလာဘ်ယူမှုများနှင့်လိမ်လည်မှုများကို ကြားသိ

နေရသည်။ နေ့စဉ်နှင့်အမျှလည်း စိတ်နှလုံးထိခိုက်ရသည့်အကြမ်းဖက်မှုများ နှင့်ဥပဒေမဲ့ကျူးလွန်မှုများ၊ လူသားဒုက္ခများကိုလျစ်လျူပြုခြင်းများနှင့်လူ့အသက် ကိုရက်ရက်စက်စက်သရဲမရဲစီးသတ်ဖြတ်နေကြခြင်းတို့ကို ကြားနေကြရသည်။ နေ့စဉ်နှင့်အမျှ စိတ်မနှံ့မှုများ၊ လူသတ်မှုများနှင့်ကိုယ်အသက်ကို အဆုံးစီရင် သူတို့၏အကြောင်းများကို ကြားနေရသည်။ စာတန်မာရ်နတ်၏တမန်များ သည် လူသားများ၏ကိုယ်ခန္ဓာကို ချိုးနှိမ်ဖျက်ဆီးရန်နှင့်စိတ်ကို ညစ်ညူးခြင်း ဖြင့် အကျင့်ပျက်စေရန် တိုး၍လုပ်ဆောင်လျက်ရှိလာသည်ကို မည်သူမျှမငြင်း နိုင်ပါ။ (ဃ ၅၃.၂)

ဤမင်းမဲ့စရိုက်များသည် တိုင်းပြည်အားလုံး၌ စိမ့်ဝင်လျက်ရှိပါသည်။ ကမ္ဘာကြီးအား အချိန်အခါအလိုက် ကြောက်လန့်စိုးရိမ်မှုများကိုဖြစ်စေသော အဓိကရုဏ်းပြုမှုများသည် ကိလေသာစိတ်များနှင့် တရားလက်လွှတ်လုပ်ဆောင် စိတ်များကို အောင့်အည်းနေရခြင်း၏လက္ခဏာများဖြစ်၍ ထိုအရာများတစ်ကြိမ် တစ်ခါထိန်းချုပ်မှုလွတ်သွားပါလျှင် ကမ္ဘာကြီးသည် အမင်္ဂလာများ၊ ပျက်သုဉ်း မှုများနှင့် ပြည့်ကျန်နေပေလိမ့်မည်။ ရေမလွှမ်းမိုးမီက တည်ရှိခဲ့သောကမ္ဘာ ကြီးအကြောင်းဖွင့်ဆိုထားသည့်ရုပ်ပုံလွှာသည် မျက်မှောက်လူသားများဆီသို့ အလျင်အမြန်ချဉ်းကပ်လာနေသောအခြေအနေနှင့် တစ်ထပ်တည်းရုပ်လုံးပေါ် လျက်ရှိပါသည်။ ယခုရာစုနှစ်အတွင်း လက်ရှိအခြေအနေပင်လျှင် ခရစ်ယာန် နယ်မြေဟူ၍ ဝန်ခံကြေညာနေသူတို့ဒေသများ၌ နေ့တိုင်းလိုလိုဒုစရိုက်ထူပြော လာနေသည်မှာ ကမ္ဘာဟောင်းကာလ အပြစ်သားများအား ရေလွှမ်းမိုးဖျက်ဆီး လိုက်သည့်ချိန်ခါကဲ့သို့ ကြောက်လန့်ဖွယ်အမှောင်ဖုံးအုပ်နေလေသည်။ ရေလွှမ်း မိုးခြင်းမဖြစ်မီ လူတွေနောင်တရကြပြီး ပျက်စီးခြင်းဘေးအန္တရာယ်မှ လွတ်ကင်း လာကြစေရေးအတွက် ကမ္ဘာသို့သတိပေးရန် ထာဝရဘုရားသခင်သည် နောဧကို စေလွှတ်ခဲ့သည်။ ခရစ်တော်ဒုတိယအကြိမ်ကြွလာခါနီးတွင် ဘုရားသခင်သည် လူသားများအား ထိုအဖြစ်အပျက်ကြီးအတွက် ပြင်ဆင်နေထိုင်ကြရန် မိမိ၏ အစေခံများအား ကမ္ဘာသို့သတိပေးခြင်းစေလွှတ်တော်မူပါ၏။ လူအများစုကြီး သည် ဘုရားသခင်၏ပညတ်တော်ကို လွန်ကျူးလျက်ရှိကြပါသည်။ ကိုယ်တော်

သည် သူတို့အား ပညတ်တော်အတိုင်းကျင့်ကြရန် ကရုဏာတော်အားဖြင့် ဆင့်ခေါ်တော်မူနေပါသည်။ ဘုရားသခင်ထံသို့နောင်တရခြင်းနှင့် ခရစ်တော်၌ ယုံကြည်ခြင်းအားဖြင့် မိမိတို့၏အပြစ်များကို စွန့်ပစ်ကြသူအပေါင်းတို့အား အပြစ်လွှတ်ခြင်းအခွင့်ကို ထာဝရဘုရားသခင်ပေးသနားတော်မူနေပါသည်။ (ဃ ၅၃.၃)

ကမ္ဘာ့ရေးရာအခြေအနေများသည် ကျွန်ုပ်တို့ခေတ်မှာ ဘေးဒုက္ခကပ်ကာလရောက်နေပြီဖြစ်ကြောင်း ပြောနေပါသည်။ နေ့စဉ်ထုတ်သတင်းစာတွေမှာလည်း မကြာမီအနာဂတ်ကာလတွင် ကြောက်မက်ဖွယ်တိုက်ပွဲများဖြစ်ပေါ်မည့်အကြောင်းကို အပြည့်ဖေါ်ပြနေကြသည်။ ရဲတင်းသောဓားပြတိုက်မှုများသည် မကြာမကြာဖြစ်ပွားနေ၏။ ရုန်းရင်းဆန်ခတ်မှုများသည်လည်း ပုံမှန်ဖြစ်နေတတ်ပြီ။ ခိုးမှု၊ လူသတ်မှုများသည် နေရာတကာ၌ လွှမ်းကျူးခြင်းရှိလာသည်။ မကောင်းဆိုးဝါးပူးကပ်နေသောသူများသည် ယောကျာ်း၊ မိန်းမ၊ ကလေးငယ်များ၏အသက်ကို သတ်ပစ်နေကြသည်။ လူတို့သည် ဒုစရိုက်လောကထဲမှာ ယစ်မူးနေကြပြီ။ မကောင်းမှုများနေရာတိုင်းမှာ ကြီးစိုးမင်းမူနေကြ၏။ (ဃ ၅၄.၁)

## လူလိမ်ကြီးစာတန်အလုပ်လုပ်နေပြီ

ယခုမျက်မှောက်ကာလသည် ကမ္ဘာကုန်ဆုံးချိန်အလျင်အမြန်ချဉ်းကပ်လာနေသည်ဖြစ်ရာ စာတန်သည် ကမ္ဘာတစ်လောကလုံးကို ထောင်ချောက်ထဲသွင်းဖို့ ကြမ်းကြမ်းတမ်းတမ်းရှေ့သို့ကြိုးပမ်းလုပ်ဆောင်လာပါသည်။ စာတန်သည် လူသားတို့၏စိတ်ကိုထိန်းချုပ်၍ ကယ်တင်ခြင်းလိုအင်များကိုပြသောသမ္မာတရားလမ်းမှ အာရုံလွှဲသွားစေရန် စီမံချက်များစွာကို ဖန်တီးပေးနေပါသည်။ မြို့ကြီးတိုင်းမှာ စာတန်၏စေတမန်တို့သည် ဘုရားပညတ်တော်ပါအချက်များကို ကန့်ကွက်ဆန့်ကျင်ရန် အုပ်စုဖွဲ့စည်းတည်ထောင်ခြင်းဖြင့်အလုပ်များလာနေပါ၏။ မာယာရှင်ကြီးသည် လူသားတို့ထဲ၌ ရှုပ်ထွေးဆန့်ကျင်ပုန်ကန်ထကြွလာစေဖို့လိုအပ်ချက်များကို မိတ်ဆက်ပေးခြင်းအလုပ်လုပ်နေသည်။

လူတို့သည် ဥာဏ်ပညာမဲ့မာနစိတ်ကြီးမွေးလျက် ပူပန်နေကြကုန်၏။ (ယု ၅၄.၂)

စာတန်သည် လုံ့လရှိသောကျမ်းစာကျောင်းသားတစ်ဦးဖြစ်သည်။ မိမိ၌အချိန်သိပ်မကျန်တော့ကြောင်းကို သူသိ၏။ သို့ဖြစ်၍ ဤမြေကြီးပေါ်၌ သခင်ဘုရား၏အမှုတော်ကို ဆန့်ကျင်သည့်လုပ်ရပ်တိုင်းကို ရှာဖွေလုပ်ကိုင်နေပါသည်။ (ယု ၅၄.၃)

ယခုအခါ စာတန်သည် ထာဝရဘုရားသခင်၏လူတို့ဘာမျှအလုပ်မလုပ်ဘဲနေကြရန် သွေးဆောင်လုပ်ကိုင်လျက် သမ္မာတရားတိုးပွားစေရေးအတွက် လူတွေလုပ်ကြရမည့်အပိုင်းကိုလည်း ပစ်ပယ်ထားစေသဖြင့် နောက်ဆုံးတွင် လူတို့၏တန်ဖိုးကို စစ်ကြောလေသော် လိုအပ်ချက်များတွေ့ရမည်သာတည်း။(ယု ၅၄.၄)

## စစ်သွေးကြွနေသောကမ္ဘာကြီး

ကမ္ဘာလောကသည် စစ်တိုက်ဖို့စိတ်ကြွနေကြသည်။ ဒံယေလအနာဂတ္တိကျမ်းအခန်းကြီး (၁၁) ၏ပုရောဖက်ဟောချက်များလုံးဝပြည့်စုံလုနီးပါးဖြစ်နေပါပြီ။ မကြာမီပုရောဖက်စကားအတိုင်း ဘေးဒဏ်ကျရောက်ခြင်းအမှုများမြင်လာရပါတော့မည်။ (ယု ၅၄.၅)

ကမ္ဘာ့လူသားတို့သည် စိတ်ရှုပ်ထွေးမှုအမြင့်ဆုံးသို့ ရောက်ရှိနေပြီဖြစ်ကြောင်းကို ကျွန်ုပ်မြင်တွေ့ရပါသည်။ စစ်တိုက်ခြင်း၊ သွေးချောင်းစီးခြင်း၊ သီးခြားခွဲထွက်ခြင်း၊ ဆင်းရဲခြင်း၊ အစာရေစာခေါင်းပါးခြင်း၊ ကပ်ရောဂါကျရောက်ခြင်းများသည် မြေကြီးဒေသထဲသို့ ဝင်ရောက်လာသည်။ ထိုဖြစ်ရပ်များသည် ကျွန်ုပ်၏အာရုံကို ခေါ်ယူနေပါသည်။ ကမ္ဘာပေါ်တွင် ငြိမ်သက်ခြင်းအချိန်အနည်းအကျဉ်းသာလျှင် ရှိတော့ပြီဟုမှတ်ရ၏။ ကျွန်ုပ်၏ရှေ့မှောက်တွင် ကမ္ဘာပေါ်မှီတင်းနေထိုင်ကြသူများပုံရိပ်ထင်ဟပ်လာပြန်ပါသည်။ ဤတစ်ခါလည်း အရာခပ်သိမ်းသည် ရှုပ်ထွေးမှုအမြင့်ဆုံးသို့ ရောက်နေပြန်သည်။ ခိုက်ရန်ပဋိပက္ခများ၊ စစ်ပွဲများနှင့်သွေးချောင်းစီးခြင်းများ၊ အစာရေစာခေါင်းပါး

ခင်းနှင့်ကပ်ရောဂါကျရောက်ခြင်းတို့သည် နေရာအနှံ့ဖြစ်နေသည်။ အခြားသော တိုင်းနိုင်ငံများသည်လည်း စစ်ပွဲအထဲရောက်လာ၍ စိတ်ရှုပ်ထွေးနေကြကုန် ၏။ စစ်ပွဲသည် အစာခေါင်းပါးခြင်းဖြစ်စေ၏။ အနေအထိုင်ဆင်းရဲခြင်းနှင့် သွေးချောင်းစီးသည်မှာလည်း ကပ်ရောဂါများကို ဖိတ်ခေါ်နေ၏။ သို့နှင့် လူ့နှလုံးသားများအထဲ၌ အကြောက်တရားသည် စိုးမိုးလာနေသည်။ "မြေကြီး ပေါ်မှာဖြစ်လတ္တံ့သောဘေးများကို မျှော်၍ကြောက်လန့်ခြင်းဖြင့်" (လုကာ ၂၁) နေထိုင်ကြကုန်၏။ (ဃ ၅၅.၁)

ဝိညာဉ်ရေးရာအမှောင်ကာလ

ယနေ့ကမ္ဘာ့အသင်းတော်များ၌ ဝိညာဉ်ရေးရာအမှောင်ကျနေပါသည်။ ဘုရားသခင်နှင့်ပတ်သက်သောအရာများကို လူတို့သည် ဂရုမစိုက်ကြသော ကြောင့် သူတို့၏အမြင်၌ ဘုရားနှင့်သမ္မာတရားပျောက်ဆုံးနေသည်။ မိစ္ဆာ စွမ်းအင်များသည် အာယူစုစည်းနေကြပါသည်။ စာတန်သည် မိမိ၏လုပ်ဆောင် ဖက်များကို မြှောက်ပင့်၍ ဤကမ္ဘာကို ဖမ်းချုပ်ထိန်းထားလိုက်တော့မည် ဟု ကြွားလုံးထုတ်နေသည်။ အသင်းတော်များထဲတွင် လှုပ်ရှားမှုမရှိဘဲ အသေ ဖြစ်လာနေသည့်အခါ စာတန်နှင့်သူ့နောက်လိုက်တို့သည် အသည်းအသန် လှုပ်ရှားလာနေကြသည်။ ပညာသည် ခရစ်ယာန်အသင်းများသည် ဤကမ္ဘာ ကြီးကိုပြောင်းလဲစေမည်မဟုတ်။ အကြောင်းမူကား၊ သူတို့သည် ကိုယ်ကျိုး ရှာမှု၊ မာနကြီးမှုများဖြင့် ကိုယ်တိုင်စာရိတ္တအကျင့်ပျက်ပြားနေကြသောကြောင့် တည်း။ သူတို့၏လိုအပ်ချက်မှာ သူတို့သည် သူတစ်ပါးတို့အား စင်ကြယ် စေခြင်း၊ အဆင့်မြှင့်တင်ပေးခြင်းအတွက် ဦးဆောင်မှုမပေးနိုင်မီ ဘုရားသခင် ၏ပြောင်းလဲစေနိုင်သောတန်ခိုးတော်ကို သူတို့ခံယူကြရမည်။ (ဃ ၅၅.၂)

ရှေးယခင်အချိန်ကာလကဲ့သို့ပင် ကျွန်ုပ်တို့ခေတ်ကာလတွင်လည်း ဘုရားသခင်၏နှုတ်ထွက်တရားတော်အထူးအရေးပါမှုကို လူတို့၏သီအိုရီများ နှင့်တွေးဆချက်များအတွက် နေရာဖယ်ပေးထားပါသည်။ ကျမ်းစာတတ်ပညာ ရှင်ဇဝ်ဂေလိဆရာများစွာသည် ကျမ်းစာတစ်အုပ်လုံးကို ဘုရားမှုတ်သွင်းနိုးဆော်

ထားသောနှုတ်ထွက်စကားများအဖြစ် လက်မခံကြပါ။ ပညာတတ်တစ်ယောက်က ကျမ်းစာအစိတ်အပိုင်းတစ်ခုကို ငြင်းပယ်သည်။ အခြားအပိုင်းကိုလည်း နောက်ထပ်မေးခွန်းများမေးထားကြသည်။ သူတို့၏စစ်ကြောစီရင်ခြင်းကို ဘုရားသခင်နှုတ်ကပတ်စကားအထက်မှာ တင်စားထားကြသည်။ သူတို့ သွန်သင်ပေးနေကြသောကျမ်းစာသည်လည်း သူတို့၏အာဏာဖြင့်သာ မူတည်လျက်ရှိနေပါ၏။ စစ်မှန်သောဘုရားသခင်၏နှုတ်ကပတ်တရားတော်ကို ဖျက်ဆီးနေကြကုန်၏။ ဤသို့ဖြင့် ဘုရားသခင်ကို မကြည်ညိုသောမျိုးစေ့များနေရာအနှံ့အပြားကြဲဖြန့်ကြ၏။ လူတို့သည်လည်းစိတ်ရှုပ်ထွေး၍ ဘာကို ယုံကြည်ရမည်မသိလောက်အောင် ဖြစ်လာကြသည်။ ထိုအခါ စိတ်မနှော ဆိုသည်မှာ နှလုံးပိုက်၍ စွဲမှတ်ယူရသည့်အခွင့်မရှိဟူ၍ လူအများက ယုံနေကြလေပြီ။ (ဃ ၅၅.၃)

ဆိုးသွမ်းညစ်ပတ်မှုသည် ယခင်ကမရောက်ခဲ့ဖူးသောအမြင့်ဆုံးထိပ်သို့ရောက်ရှိနေလေပြီ။ သို့သော်လည်း ဧဝံဂေလိသတင်းကောင်းဟောပြောသူ သင်းအုပ်ဆရာများစွာသည် "ငြိမ်သက်ခြင်းနှင့်စိတ်ချရခြင်း" ဟုအော်ဟစ်နေကြပါသေးသည်။ ဘုရားသခင်၏သစ္စာခံသတင်းစကားပြောသူများမူကား၊ သူတို့အမှုဆောင်ခြင်းအတွက် မှန်မှန်ရှေ့သို့တိုးကာ သွားနေကြသည်။ ကောင်းကင်ဘုံရှိပိတာန်ပန်းဆိုင်းဝတ်စုံကိုဝတ်ဆင်လျက် မကြောက်မရွံ့ဘဲ အောင်မြင်ခြင်းရလိမ့်မည်ဟူ၍ ရှေ့သို့တိုးကာ သူတို့လက်လှမ်းမီသမျှလူတိုင်းသည် ဤအချိန်ကာလအတွက် သမ္မာတရားဆိုင်ရာသတင်းစကားကို လက်ခံကြသည့်တိုင်အောင် သူတို့တိုက်နေသည့်တိုက်ပွဲကို သူတို့ဘယ်သောအခါမျှ ရပ်ပစ်လိုက်ကြမည်မဟုတ်တော့ပါ။ (ဃ ၅၅.၄)

ယနေ့ဘာသာရေးလောကအခြေအနေသည် ထိတ်လန့်စရာသတိပေးရန်အတွက် အကြောင်းရင်းတစ်ရပ်ရှိနေပါသည်။ ၎င်းမှာဘုရားသခင်၏သနားခြင်းကရုဏာတော်ကို အသေးအဖွဲသဘောထားရှိနေခြင်းဖြစ်ပါသည်။ လူအုပ်စုကြီးသည် "လူတို့စီရင်သောပညတ်တို့ကို သွန်သင်၍ နည်းဥပဒေသများပေးလျက်ပင်" ထာဝရဘုရားသခင်၏ပညတ်တော်တို့ကို အချည်းနှီးဖြစ်စေလျက်ရှိကြပါသည်။ ကျွန်ုပ်တို့၏ဒေသနယ်ရှိ အသင်းတော်များစွာ၌ သစ္စာမဲ့ခြင်းသည်

အနိုင်ယူစိုးမိုးနေသည်။ အကျယ်ပြန့်ဆုံးသောစိတ်အာရုံထဲ၌ သစ္စာမဲ့ကြသည် မဟုတ်၊ သူတို့သည် ကျမ်းစာကိုပွင့်ပွင့်လင်းလင်းငြင်းပယ်နေကြပြီ။ ယင်းသို့ သစ္စာမဲ့မှုတစ်ခုသည် ဘုရားသခင့်ထံတော်မှ ဗျာဒိတ်ပေးသကဲ့သို့ဖြစ်သော ကျမ်းစာ၌ယုံကြည်ခြင်းကို အခြေပျက်စေသည်ဖြစ်၍ ခရစ်ယာန်ဝါဒကို ကိုင်စွဲလျက်ပင် ခိုးယူခြင်းအမှုကိုပြုကြ၏။ စိတ်အားထက်သန်သောဆက်ကပ်မှုနှင့် အရေးပါသောဘုရားတရားကိုင်းရှိုင်းမှု၏နေရာတွင် အနှစ်သာရမပါသောသမားရိုးကျပုံစံသွင်းဝါဒကို အစားထိုးလာကြပါသည်။ ထိုသို့အားဖြင့် အကျိုးဆက်သည် ဘာသာရေးဖေါက်ပြန်မှုနှင့် ကာမဂုဏ်လိုက်စားသည့်ဝါဒတို့ စိုးမိုးလာပါသည်။ "လောတလက်ထက်နေ့ရက်ကာလများ၌ ဖြစ်ခဲ့သကဲ့သို့ လူသားပေါ်ထွန်းလေသောရက်များတွင် ဖြစ်လာလိမ့်မည်။" နေ့စဉ်ဖြစ်ပျက် ခဲ့ပြီးသော အဖြစ်အပျက်များသည် နှုတ်ကပတ်တရားစကားပြည့်စုံလာခြင်းကို သက်သေခံပေးနေပါသည်။ ကမ္ဘာကြီးသည် ပျက်စီးခြင်းသို့အလျင်အမြန် ချဉ်းကပ်လျက်ရှိပါသည်။ မကြာမီတွင် ထာဝရဘုရားသခင်၏တရား စီရင်ခြင်းသည် ကျရောက်လာကာ အပြစ်နှင့်တကွ အပြစ်သားများသည် လောင်ကျွမ်းပျက်စီးကုန်ကြပေတော့မည်။ (ဃ ၅၆.၁)

## ဂျုံစပါးထဲမှအဖျင်းများကိုဖယ်ထုတ်လိုက်ခြင်း

ထာဝရဘုရားသခင်၏ဖျက်ဆီးရာ၊ တရားစီရင်ရာနေ့ရက်ဆိုသည်များမှာ သမ္မာတရားကို လေ့လာခွင့်မရခဲ့သူများအတွက် သက်ညှာမှုပေးချိန်ပင်ဖြစ်ပါသည်။ ချစ်ခင်သနားသောစိတ်အလိုတော်ဖြင့် သူတို့အပေါ် ထာဝရဘုရားသခင်ကြည့်ရှုတော်မူပါ၏။ မဝင်လာလိုသူများအတွက် တံခါးပိတ်ထားလျက်ရှိစဉ်တွင် ကိုယ်တော်၏ကရုဏာနှလုံးသားသည် ယိုဖိတ်လျက် သူတို့ကိုကယ်တင်ရန် လက်တော်ကိုဆန့်ထားဆဲရှိပါ၏။ (ဃ ၅၆.၂)

ဘုရားသခင်ကို အစေခံသောသူတို့နှင့် ဘုရားသခင်ကိုအစေမခံလိုသောသူတို့အကြား၌ ဖြစ်လာမည့်ပြင်းထန်သောတိုက်ပွဲကို မကြာမီဆင်နွှဲရပါ

တော့မည်။ တုန်လှုပ်မည့်အရာအားလုံးသည် မကြာမီတုန်လှုပ်လာကြလိမ့်မည်။ မတုန်လှုပ်သောအရာများအားလုံးသည် ကျန်ရစ်လိမ့်မည်။ (ဃ ၅၆.၃)

လူအမျိုးမျိုးတို့သည် မငြိမ်မသက်စိုးရိမ်ကြောင့်ကြနေချိန်မှာ လောကီစည်းစိမ်ညစ်ညမ်းမှုများနှင့် စာတန်၏အစေခံခြင်းနောက်သို့ လုံးဝမလိုက်ကြသူများစွာသည် ဘုရားသခင်ရှေ့တော်မှောက်၌ စိတ်နှိမ့်ချနေလျက်နှင့် စိတ်နှလုံးပါလျက် ကိုယ်တော်ဘက်သို့ လှည့်ရောက်သောသူများဖြစ်လေရာ ဘုရားသခင်၏လက်ခံတော်မူခြင်း၊ သနားငဲ့ညှာတော်မူခြင်းကို ခံရကြလိမ့်မည်။ (ဃ ၅၆.၄)

လူများစွာသည် အမှန်အာရုံဖြင့် နားလည်ခြင်းမရဘဲ သမ္မာကျမ်းစာကိုဖတ်နေကြကုန်၏။ လူအားလုံးသည်လည်း ကောင်းကင်ဘုံသို့ တောင့်တောင့်တတသွားလိုကြ၏။ ဆုတောင်းလျက်၊ မျက်ရည်ကျလျက်၊ စူးစမ်းလျက်နေကြသည်မှာလည်း အလင်းတရားရဖို့၊ ကျေးဇူးတော်ခံရဖို့နှင့် သန့်ရှင်းသောဝိညာဉ်တော်ရဖို့ သူတို့ဝိညာဉ်များမှာ တက်ကြွလျက်ရှိနေသည်။ ဘုရားသခင်နိုင်ငံတော်အနီးအထဲမှာနေလျက် ကြွလာခြင်းကို မျှော်လင့်နေကြသူများသာလျှင်စုသိမ်းခံကြရလိမ့်မည်။ (ဃ ၅၇.၁)

## ပုရောဖက်ဧလိယ၏အတွေ့အကြုံမှသင်ခန်းစာများရယူခြင်း

စိတ်ပျက်စရာများနှင့် သိသိသာသာရှုံးနိမ့်ခြင်းများရင်ဆိုင်ခဲ့ရသောဧလိယအချိန်တုန်းက အတွေ့အကြုံများမှ ကျွန်ုပ်တို့သည် သင်ခန်းစာများစွာရယူနိုင်ပါသည်။ ယနေ့ခေတ်ထာဝရဘုရားသခင်၏အစေခံကျွန်တို့အဖို့ တန်ဖိုးမဖြတ်နိုင်သောသင်ခန်းစာများသည် အမှန်တရားမှလမ်းခွဲထွက်ခြင်းကို အမှတ်ပြပေးနေခြင်းဖြစ်သည်။ ယနေ့ကာလသင်းခွဲဖေါက်ပြန်ခြင်းများ ကြီးစိုးမှုဖြစ်နေသည်မှာ ပုရောဖက်ဧလိယ၏အချိန်က ဣသရေလလူတို့အထဲ၌ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်နေသကဲ့သို့ပေတည်း။ ဘုရားသခင်အစား လူကိုချီးမွမ်းနေကြခြင်း၊ လူကြိုက်များရေပန်းစားသောခေါင်းဆောင်များကို ချီးမြှောက်ကြခြင်း၊ လောကစည်းစိမ်ငွေကြေးကို တပ်မက်ကိုးကွယ်ခြင်း၊ သမ္မာတရားက ဖွင့်ပြပေးသည့်

အထက်၌ သိပ္ပံပညာသွန်သင်ခြင်းကို အတည်ယူခြင်းများအားဖြင့် လူတို့သည် ဗာလရုပ်တုဘုရားနောက်သို့လိုက်ကြပြီ။ တွေးတောမှုနှင့်မယုံကြည်မှုများသည် သူတို့စိတ်နှလုံးအထဲ၌ မကောင်းသောပယောဂအဖြစ် စွဲကပ်နေ၏။ လူအများသည် ဘုရားသခင်၏ပညတ်တော်အမိန့်နေရာတွင် လူတို့၏သဘောတရားသီအိုရီများကို အစားထိုးနေကြကုန်၏။လူသားတို့၏ကျိုးကြောင်းဆင်ခြင်မှုသည် ဘုရားနှုတ်ကပတ်တော်သွန်သင်ခြင်း၏အထက်တွင် ဂုဏ်ပြုခြင်းခံရသောအချိန်အခါတစ်ခုဆီသို့ ကျွန်ုပ်တို့ရောက်ကြရမည်ဟု လူသိရှင်ကြားသွန်သင်ပေးနေကြလေပြီ။ ဘုရားပညတ်တော်၊ ဖြောင့်မတ်ခြင်းတရား၏ဘုရားစံနှုန်းတော်များသည် အကျိုးသက်ရောက်မှုမရှိဟုလည်း ကြေညာနေကြပြီ။ ဤသို့ဖြင့် ဥသုံသမ္မာတရား၏ရန်သူဖြစ်သောစာတန်သည် ဘုရားသခင်ရှိနေရမည့်လူသားအဆောက်အအုံထဲ၌ လူယောကျ်ားမိန်းမတို့အားလုံးကို ထိခိုက်စေရန် လှည့်စားလုပ်ဆောင်နေပါသည်။ ထို့အပြင် လူ့အနွယ်တစ်ရပ်လုံးအတွက် ဝမ်းမြောက်ခြင်း၊ ကယ်တင်ခြင်းများအပ်နှင်းပေးထားသည်ကိုလည်း မေ့ပစ်စေရန်လည်း လုပ်ဆောင်နေပါ၏။ သို့တိုင် ဤသို့သင်းခွဲဖေါက်ပြန်မှုကျယ်ကျယ်ပြန့်ပြန့် ပေါ်ပေါက်လာနေသည်မှာ တစ်ကမ္ဘာလုံးအတိုင်းအတာမဟုတ်ပါ။ တစ်လောကလုံးသည် ပညတ်တရားမဲ့လျက်၊ ဒုစရိုက်လုပ်နေကြသည်မဟုတ်။ တစ်လောကလုံးသည် ရန်သူစာတန်ဘက်သို့ လိုက်သွားကြသည်မဟုတ်။ ဗာလဘုရားအရှေ့၌ဒူးမထောက်ဦးမချသူ၊ လူထောင်ပေါင်းများစွာ ဘုရားသခင်ဆီမှာရှိပါသည်။ ခရစ်တော်နှင့်ပညတ်တော်များကို လေးစားခြင်း၌ ပို၍ပြည့်စုံစွာသိကျွမ်းလိုကြသူလူများစွာလည်းရှိပါ၏။ အပြစ်တရားနှင့်သေခြင်းတရားစိုးမိုးနေသည်ကို အဆုံးသတ်စေမည့်ယေရှုသခင် မကြာမီကြွလာတော့မည်ကို မျှော်လင့်ရင်းမျှော်လင့်ခြင်းဖြင့် စောင့်နေကြသူလူများစွာလည်း ရှိပါ၏။ ထိုသို့နှင့်ဗာလဘုရားကိုမဆင်မခြင်ကိုးကွယ်နေတတ်ကြသူလူများစွာရှိနေမည်ဖြစ်သော်လည်း သူတို့အဖို့ ဘုရားဝိညာဉ်တော်သည် ကြိုးပမ်းသွေးဆောင်နေဆဲရှိပါ၏။ (ဃ၃ ၅၇.၂)

# အခန်း (၅)
# သင်တန်းစခန်းတစ်ခုဖြစ်သောအသင်းတော်

## လိုအပ်နေသောအချိန်

ကျွန်ုပ်တို့၏အသင်းတော်များကို တည်ထောင်ရန် လိုအပ်သည့်အရာမှာ အသင်းတော်ထဲ၌ အစွမ်းအစများကို ခွဲခြားသိမြင်ပြီး ကြီးထွားလာစေရန် ပညာပေးပါအမှုဆောင်ကြသူများ၏ကောင်းသောအလုပ်များဖြစ်သည်။ အစွမ်းအစများကို သခင်ဘုရားအသုံးရစေဖို့ သွန်သင်ပေးကြရမည်။ ကြီးကြီးငယ်ငယ်အရွယ်အစားအမျိုးမျိုးရှိသည့်ကျွန်ုပ်တို့၏အသင်းတော်များသို့ အရောက်သွားရန်နှင့် အသင်းတော်မည်သို့တည်ထောင်ရမည်အကြောင်း အသင်းသားများအားသွန်သင်ပေးသွားကြရန်၊ အမှုတော်ဆောင်များခန့်ထားရေးအတွက် စီမံချက်များကို ကောင်းစွာရေးဆွဲဖွဲ့စည်းထားရမည်။ ထို့အတူ မယုံကြည်သူများအတွက်လည်း စီမံချက်ရှိရမည်။ ထိုအရာမှာ သင်တန်းပေးခြင်း၊ ပညာပေးခြင်းလိုအပ်ချက်ဖြစ်သည်။ အသင်းတော်များသို့ အလည်အပတ်သွားရောက်ကြသူအမှုတော်ဆောင်များသည် မစ်ရှင်အမှုလက်တွေ့လုပ်နည်းစနစ်များကို အသင်းတော်ရှိညီအစ်ကို၊ ညီအစ်မများအား လမ်းညွှန်သင်တန်းပေးကြရမည်။ (ဃ ၅၈.၁)

ဘုရားသခင်သည် လောကကိုအလင်းဆောင်ပေးစေရန်၊ ကိုယ်တော်အသင်းတော်၏အသင်းသားများ၌ စည်းကမ်းကောင်းခြင်း၊ သင့်လျော်ခြင်းရှိစေဖို့ မြော်မြင်တော်မူပါ၏။ တန်ဖိုးရှိစွမ်းရည်များကို ဖလှယ်အသုံးချပေးနိုင်သောအမှုတော်ဆောင်များကိုလည်း ရာနှင့်ချီကာ ပညာပေးပျိုးထောင်ကြရမည်။ ဤစွမ်းရည်များကို သုံးခြင်းဖြင့် ယုံကြည်စိတ်ချရပြီး ဩဇာကောင်းသောအဆင့်အတန်းနေရာများ၌ ဖြည့်တင်းရှိစေရန်နှင့် စင်ကြယ်သော၊ မညစ်မညမ်းသောအခြေခံစည်းမျဉ်းများကို ထိန်းသိမ်းစေရန်၊ ပြင်ဆင်ခံယူကြသူများသည်တိုးတက်နေကြရလိမ့်မည်။ ဤသို့လျှင် သခင်ဘုရားအတွက် ကောင်းမြတ်သောအမှုတော်ကြီးကို ပြီးမြောက်စေရပါ၏။ (ဃ ၅၈.၂)

အမှုတော်ဆောင်တိုင်း ထိထိမိမိ၊ နိုက်နိုက်ချွတ်ချွတ်သဘောပေါက်နားလည် ထားရပါမည်။ သို့မှသာလျှင် သူသည် ယေရှု၏အလိုတော်အတိုင်း သမ္မာတရား ကိုအဆင့်မြင့်မြင့် အကျယ်တဝင့်တင်ဆက်နိုင်လိမ့်မည်။ (ဃ၃ ၅၈.၃)

အသင်းတော်၏အသင်းသားများအား ပညာပေးရန် ကောင်းသောစီမံချက်ချမှတ်ခြင်း အားထုတ်မှုကို မနှောင့်နှေးစေသင့်ပါ။ (ဃ၃ ၅၈.၄)

ကျွန်ုပ်တို့၏အသင်းသူ/အသင်းသားများအား အကြီးမားဆုံးအကူအညီပေးနိုင်သည်မှာ သူတို့ကိုဘုရားသခင်အတွက် အမှုဆောင်ကြရန်နှင့် သင်းအုပ်ဆရာများကို မမှီခိုဘဲ ဘုရားသခင်ကိုသာလျှင် မှီခိုကိုးကွယ်ကြရန် သွန်သင်ပေး ခြင်းဖြစ်သည်။ (ဃ၃ ၅၈.၅)

ဟောကြားသောဒေသနာများအားလုံးသည် မိမိကိုယ်ကိုငြင်းပယ်သောအမှုတော်ဆောင်အများအပြားကို မတိုးပွားစေနိုင်သည်မှာ သက်သေဖြစ်နေပါ၏။ ဤအချက်သည် ကျွန်ုပ်တို့အတွက် အလေးနက်ဆုံးသောရလဒ်ဖြစ်နေသည်ကို စဉ်းစားရပါမည်။ ကျွန်ုပ်တို့၏အနာဂတ်ကာလထာဝရအသက်အတွက်လည်း ရင်လေးဖွယ်ဖြစ်နေသည်။ အသင်းတော်များသည် အလင်းတရားပျံ့နှံ့စေရန် မိမိတို့၌ရှိသောစွမ်းရည်များကို အသုံးတော်ခံမှုပျက်ကွက်သောကြောင့် ညှိုးနွမ်းနေကြရပါသည်။ သခင်ဘုရားထံမှ သင်ခန်းစာများ ပမာအသင်းသူ/အသင်းသားများအားလုံးသည် မိမိတို့အလင်းကို လက်တွေ့အသုံးချသွားကြစေရန် အသေအချာလမ်းပြသွန်သင်ခြင်းခံယူကြရမည်။ (ဃ၃ ၅၈.၆)

လူတွေအလွန်အမင်းတရားဒေသနာ နာယူပြီးကြပြီ။ သို့သော်လည်း သူတို့အတွက် အသေခံသွားခဲ့သောခရစ်တော်၏အမှုတော်ကို ထမ်းရွက်တတ်ဖို့သွန်သင်ခြင်းခံယူခဲ့ကြရပါသလား။ သူတို့တစ်ဦးစီတိုင်းသည် အမှုတော် ထဲ၌ကဏ္ဍအလိုက် ပါဝင်ထမ်းရွက်ရမည့်လိုအပ်ချက်များမြင်ရသောလမ်းကို သူတို့ရှေ့မှာ ဝန်ဆောင်လမ်းကြောင်းတစ်ခုအဖြစ် တီထွင်ချခင်းပေးထားပါသလား။(ဃ၃ ၅၉.၁)

ကျွန်ုပ်တို့၏လူတို့သည် နိုးထလာမည့်အရေးပေါ်တစ်စုံတစ်ရာ အကြောင်းနှင့် အညီ အရည်အချင်းရှိလာသည်မှာ သွန်သင်လေ့ကျင့်ပေးခြင်း ကြောင့်ဖြစ်သည်။ ပညာပါသောစီမံချက်ကိုလည်း သူတို့တစ်ဦးချင်းစီတိုင်း၏ ပုံမှန်ဝန်းကျင်၌ ချခင်းပေးထားဖို့လိုအပ်သည်။ ထိုသို့အားဖြင့် သူသည် တာဝန်ယူတတ်အောင် သူနှင့်လျော်ညီသောအတွေ့အကြုံများကို ရနိုင်လိမ့်မည် ဖြစ်သည်။ (ဃ ၅၉.၂)

အသင်းတော်သာသနာဆိုင်ရာသင်ရိုးပညာရပ်

လူများစွာသည် သူတို့မည်သို့အလုပ်စတင်လုပ်ရမည်ကို သွန်သင် ပေးခြင်းခံရပြီးလျှင် အမှုတော်ကို လုပ်ကိုင်လိုစိတ်ရှိကြပါသည်။ သူတို့ကို လမ်းပြပေးဖို့၊ အားပေးဖို့လိုသည်။ အသင်းတော်တိုင်းသည် ခရစ်ယာန်အမှု တော်ဆောင်များအတွက် သင်တန်းကျောင်းတစ်ကျောင်းဖြစ်သင့်၏။ အသင်းသူ/ အသင်းသားများသည် မည်သို့ကျမ်းစာဖတ်ရမည်ကိုလည်းကောင်း၊ ဥပုသ် စာဖြေသင်တန်းများကို မည်သို့လမ်းပြသင်ကြားပေးရမည်ကိုလည်းကောင်း၊ ဆင်းရဲသူများကို ကူညီခြင်းနှင့်ဖျားနာသူများကို စောင့်ရှောက်ခြင်းတို့၌အကောင်း ဆုံးမည်သို့လုပ်ကြရမည်ကိုလည်းကောင်း၊ မပြောင်းလဲသေးသူများကို မည်သို့ ဝန်ဆောင်ပေးရမည်ကိုလည်းကောင်း သွန်သင်ခြင်းခံယူကြရမည်။ ကျန်းမာ ရေးသင်တန်းစခန်းများ၊ ချက်ပြုတ်နည်းသင်တန်းစခန်းများနှင့် အခြားခရစ် ယာန်အထောက်အကူပြုလုပ်ငန်းများအတွက် သင်တန်းကျောင်းများအမျိုးမျိုး ရှိပါသည်။ စာတွေ့သာမဟုတ်ဘဲ အတွေ့အကြုံရှိသောသင်တန်းဆရာ လက်အောက်၌ လက်တွေ့လုပ်ဆောင်ကြရမည်။ သင်တန်းဆရာများသည် အသင်းသူ/အသင်းသားများနှင့် အခြားသူတို့ကို စည်းရုံးမှုရှိစေခြင်းဖြင့် လမ်းပြ ဦးဆောင်သွားပြီး လူတွေဆီက နမူနာများကိုလည်း လေ့လာရလိမ့်မည်။ နမူနာစံတစ်ရပ်သည် စည်းကမ်းများစွာထက် ပိုတန်ဖိုးရှိသည်။ (ဃ ၅၉.၃)

အထူးသင်တန်း

ကျန်းမာရေးပြုပြင်ပြောင်းလဲမှုများဆိုင်ရာအခြေခံစည်းကမ်းများနှင့် ပတ်သက်၍ လူတွေကိုအားသွန်ခွန်စိုက်ပညာပေးကြရမည်။ အချက်အပြုတ်သင်တန်းများဖွင့်ပေးရမည်။ အာဟာရပြည့်မီသောအစားအစာကို ချက်တတ် ရန်တစ်အိမ်တက်ဆင်းချက်နည်းပြုတ်နည်းပညာပေးရမည်။ လူကြီးလူငယ် မရွေးလူတိုင်းက ပိုမိုရိုးစင်းသောျအစားအစာကို ချက်တတ်ရန် သင်ယူကြရမည်။ သမ္မာတရားကိုသွန်သင်သောနေရာတိုင်းမှာ ရိုးရိုးနှင့်အရသာရှိသောအစားအစာကိုပြင်ဆင်ချက်ပြုတ်တတ်ဖို့ လူတွေကိုသွန်သင်ပေးကြပါ။ အာဟာရပြည့်ဝသောအစားအစာဆိုသည်မှာ အသားစိမ်းများချက်ပြုတ်စားသည့်အပေါ် မူမတည်ကြောင်းကိုလည်း သူတို့အား မြင်သာအောင်သင်ကြားပေးကြရမည်။ (ဃ ၅၉.၄)

အသင်းတော်ရှိသောနေရာတိုင်းမှာ ကျန်းမာရေးစည်းမျဉ်းများအတိုင်းနေထိုင်သွားလိုသူတို့အတွက် ရိုးရိုးနှင့်အာဟာရပြည့်ဝသောအစားအစာကိုချက်ပြုတ်ပြင်ဆင်ခြင်းပညာရပ်ကို သင်ကြားပေးရမည်။ အသင်းသူ/အသင်းသားများကလည်း ဤဘာသာရပ်နှင့်ပတ်သက်၍ သူတို့ရခဲ့သောအလင်းကိုမိမိတို့၏အိမ်နီးနားချင်းမိတ်ဆွေအပေါင်းတို့အား ဝေမျှသင်ကြားပေးရပါမည်။(ဃ ၆၀.၁)

သင်ကြားပို့ချချက်ကိုအလိုက်သင့်ပြောင်းလဲပေးခြင်း

ဘုရားသခင်၏အမှုတော်အတွက် အသုံးတော်ခံနေကြသောဂဏ်သရေရှိအမှုတော်ဆောင်ဘယ်လောက်များများက သူတို့ဘဝထဲမှာ အနိမ့်ဆုံးအဆင့်ဖြင့် နိမ့်ချစွာတာဝန်ထမ်းရွက်တတ်ဖို့သင်တန်းတစ်ခုခုတက်ခဲ့ဖူးကြလေသလော။ မောရှေသည် အီဂျစ်ပြည်၏အလားအလာရှိသောအိမ်ရှေ့မင်းသားဖြစ်ခဲ့ပါသည်။ သို့သော် ဘုရားသခင်သည် သူ့အတွက် ခန့်အပ်သောအလုပ်ကိုလုပ်စေရန်၊ သူ့ကိုရှင်ဘုရင်၏နန်းတော်ထဲမှာရှိနေစဉ် မရွေးကောက်ခဲ့ပါ။ မောရှေသည် အနှစ်လေးဆယ်ပတ်လုံး သစ္စာရှိသောသိုးထိန်းတစ်ဦးဖြစ်စေခဲ့ပြီးမှ သူ့လူမျိုးကိုကယ်နုတ်ဖို့ စေလွှတ်ခြင်းခံခဲ့ရပါ၏။ ဂိဒေါင်သည်လည်း

အစ္စရေးတပ်မကြီးကို ဦးဆောင်မိန့်ပေးနိုင်ရန်၊ ဘုရားသခင်၏လက်တော်ထဲ၌ အသုံးကျသောတန်ဆာပလာအဖြစ် ကောက်နယ်တလင်းထဲမှ ရွေးချယ်ခြင်းခံခဲ့ရသည်။ ဧလိရှဲသည် ထွန်တုံးကိုပစ်၍ ထာဝရဘုရားသခင်၏အမှုတော်ကို ထမ်းရွက်ဖို့ ခေါ်တော်မူခြင်းခံခဲ့ပါသည်။ အာမုတ်သည် ထာဝရဘုရားသခင်၏ သတင်းစကားကို ကြွေးကြော်ဖို့ တာဝန်ပေးအပ်ခြင်းခံရစဉ်အချိန်မှာ တောင်ယာသမားအိမ်ထောင်ဦးစီးတစ်ယောက်ဖြစ်ခဲ့သည်။ ခရစ်တော်နှင့်အတူ တွဲဖက်လုပ်ဆောင်သူများအားလုံးသည် အလွန်ခက်ခဲ၍ သဘာဝချင်းမတူသော အလုပ်များကို လုပ်ဆောင်ကြရလိမ့်မည်။ သူတို့အတွက် လမ်းညွှန်သင်ခန်းစာများကိုလည်း ကောင်းကောင်းစိစစ်ပေးဖို့လိုပါသည်။ သူတို့၏ထူးခြားသော ကိုယ်ပိုင်စရိုက်လက္ခဏာများနှင့်အညီ အလိုက်သင့်ပြောင်းလဲပေးခြင်းနှင့် သူတို့လိုက်ပါလုပ်ဆောင်နေသောအလုပ်နှင့်လည်း အဆင်ပြေဖို့လိုပါသည်။ (ဃ ၆၀.၂)

## သင်တန်းစီစဉ်ပေးရန်တာဝန်ရှိခြင်း

ကတိတည်သော၊ အစွမ်းအစရှိသောလူများ ပြောင်းလဲရောက်လာသောအခါ တိမောသေအတွက် ကိစ္စရပ်မှာကဲ့သို့ ပေါလုနှင့်ဗာနဗတို့သည် စပျစ်ဥယျာဉ်တော်အတွင်း လိုသောအလုပ်များကို သူတို့အား ပြပေးနိုင်ရန် ကြိုးစားခဲ့ရပါသည်။ တမန်တော်ကြီးများသည် အခြားဒေသသို့ခရီးသွားရောက်သော အခါ ထိုသူများ၏ယုံကြည်ခြင်းသည် မပျက်စီးဘဲ သည့်ထက်ပို၍သာ တိုးပွား လျက်ရှိခဲ့၏။ သူတို့သည် သခင်ဘုရား၏လမ်းခရီးတော်အတိုင်းလိုက်၍ မိမိ တို့၏အပေါင်းအသင်းများအား ကယ်တင်နိုင်ရန်အလို့ငှါ မည်သို့ကိုယ်ကျိုးမဖက် မဆုတ်မနစ်သည်းခံကြိုးစားလုပ်ဆောင်ပေးရမည်ကို တမန်တော်တို့ထံ သစ္စာခံလျက် လမ်းပြသွန်သင်ခြင်းခံယူခဲ့ရသည်။ ဤသို့ဖြင့် ပြောင်းလဲလာသူလူသစ်များအား သင်တန်းပေးခြင်းသည် ပေါလုနှင့်ဗာနဗတို့ဘုရားတရားမရှိသူများ၏ဒေသသို့ ဧဝံဂေလိသွားရောက်ဟောပြောလေသောအခါ တစ်မှု

ထူးခြားအောင်မြင်မှုရစေခဲ့သည့်အရေးပါသောအခြေခံအကြောင်းရင်းတစ်ရပ်ဖြစ်ခဲ့ပါသည်။ (ဃ၃ ၆၀.၃)

အသင်းတော်များတည်ထောင်ပြီးပြီဆိုသည်နှင့် ထိုအသင်းသူ/အသင်းသားများအထဲမှပင် သူတို့သည် သူတစ်ပါးဆီသို့ သမ္မာတရားသယ်ဆောင်ပို့ပေးခြင်းနှင့် အသင်းတော်အသစ်များ ထပ်ဆင့်တည်ဆောက်ခြင်းတို့ကို လုပ်ကြရမည့်တာဝန်များအဖြစ် ချမှတ်ထားရမည်။ သို့ဖြစ်ပါသောကြောင့် သူတို့လူတိုင်းအလုပ်လုပ်ကြရမည်။ ဘုရားသခင်သူတို့အား ပေးတော်မူခဲ့သော စွမ်းရည်များကိုလည်း အစွမ်းကုန်ပြုစုပျိုးထောင်၍ သခင်ဘုရား၏အမှုတော်ထဲမှာ ပါဝင်လုပ်ဆောင်နိုင်ရန် သူတို့စိတ်ဆုံးဖြတ်ချက်ချလျက် သင်တန်းတက်ရောက်သင်ယူကြရမည်။ (ဃ၃ ၆၁.၁)

သာသနာပြုမစ်ရှင်လုပ်ငန်းတွေမှာ စိတ်ထားအမှန်ရှိသည့်အပြင် ကျွန်ုပ်တို့၏ယုံကြည်ခြင်းကို မှန်ကန်စွာကိုယ်စားပြုနိုင်ကြသောဘုရားဝတ်၌ စိတ်တမ်း၍မွေ့လျော်သူအမှုဆောင်များလိုအပ်နေခြင်းသည် အစဉ်အမြဲအခက်ကြုံနေရသည့်ကိစ္စဖြစ်သည်။ သာသနာပြုများဖြစ်လိုကြသူလူများစွာသည် သာသနာနယ်အထဲသို့ ဘယ်တော့မျှရောက်မလာနိုင်သည်များရှိနေပါသည်။ အဘယ်ကြောင့်ဆိုသော် သူတို့ကိုထိတွေ့ဆက်ဆံနေကြသောကျွန်ုပ်တို့၏အသင်းတော်ရုံးများ၊ (သို့မဟုတ်) ကျွန်ုပ်တို့၏လုပ်ဆောင်ဖက်များက သူတို့နှင့်အတူဝန်ဆောင်မှုဆန္ဒမရှိကြခြင်း၊ ဘုရားသခင်၏စကားသံတော်ကို အစွမ်းကုန်သူတို့အား ဖွင့်ပြပေးသည်လည်း မရှိ၊ သူတို့နှင့်အတူသော်လည်းကောင်း၊ သူတို့အတွက်သော်လည်းကောင်း ဆုတောင်းခြင်းလည်းမပြုကြသောကြောင့်ဖြစ်သည်။ (ဃ၃ ၆၁.၂)

အသင်းတော်၌ ဝိညာဉ်ရေးရာကြီးကြပ်ရသူများသည် နည်းလမ်းများ၊ ရည်မှန်းချက်များကို ချမှတ်တီထွင်ထားရှိခြင်းအားဖြင့် အသင်းသူ/အသင်းသားတိုင်းက ဘုရားအမှုတော်အပိုင်းတချို့ကို ဝင်ရောက်လုပ်ကိုင်လာရန် အခွင့်အရေးများရရှိစေလိမ့်မည်။ ယခင်အခါများက ဤသို့မကြာခဏမလုပ်ဖြစ်ခဲ့ကြပါ။ အစွမ်းအစရှိသူများအားလုံးက တက်ကြွသောအမှုတော်ဆောင်များအဖြစ်

လုပ်ကိုင်လာနိုင်ကြရမည့်စီမံကိန်းတွေကို အထင်အရှားရေးဆွဲပြီး အပြည့်အဝ အကောင်အထည်ဖော်ခြင်းမရှိခဲ့ကြသေးပါ။ ဤအကြောင်းကြောင့် လူတွေ အဘယ်မျှပျောက်ဆုံးနေကြရသည်ကို သိသူအနည်းအကျဉ်းသာရှိပါသည်။(ဃ ၆၁.၃)

အသင်းတော်တိုင်း၌ အသင်းသားတိုင်းသည် ခရစ်တော်ဆီသို့ဝိညာဉ်များအောင်နိုင်ပို့ဆောင်ရေးအတွက် သူတို့အချိန်ကို ဆက်ကပ်ကြရန် သင်တန်းတက်ရောက်သင်ယူကြရမည်။ အသင်းတော်မှအသင်းသားများသည် သူတို့၏အလင်းကို အမှန်တကယ်မပေးကြမချင်း၊ "သင်တို့သည် လောက၏အလင်းဖြစ်သည်" ဟူ၍ အသင်းတော်ကိုမည်သို့ပြောရပါ့မလဲ။ ခရစ်တော်၏သိုးစုတော်ကို တာဝန်ခံအုပ်ချုပ်ရသူများသည် တာဝန်၌နိုးထကြပါစို့။ ဝိညာဉ်ချစ်သူများစွာကို အလုပ်ခွင်သို့ပို့ကြပါစို့။ (ဃ ၆၁.၄)

## သင်တန်းပို့ချရန် အရည်အသွေးပြည့်ဝန်ထမ်းများကိုရွေးချယ်ပါ

အသင်းတော်သစ်များအတွက် ဝန်ထမ်းများရွေးချယ်ပေးရာတွင် အထူးဂရုစိုက်၍ ပြုစုရမည်။ ထိုသူများသည် ခရစ်တော်၌ဇွဲစပ်သေချာစွာ ပြောင်းလဲရောက်လာသူဖြစ်ရမည်။ အကောင်းဆုံးလမ်းညွှန်ပေးနိုင်သူ၊ အပြောနှင့်အလုပ်နှစ်ခုစလုံးနှင့် ညီအောင်နေနိုင်သူများကို ရွေးချယ်ကြပါစို့၊ လုပ်ငန်းကဏ္ဍတိုင်းအတွက် နက်နက်နဲနဲလိုအပ်ချက်များရှိနေပါသည်။ (ဃ ၆၁.၅)

အသင်းတော်လူကြီးများနှင့် အသင်းတော်အတွင်း ဦးစီးနေရာများမှာ လုပ်ကိုင်ဆောင်ရွက်ရသောသူတို့သည် သူတို့၏အလုပ်အတွက် စီမံချက်ကို ပိုမိုတွေးဆလုပ်ဆောင်ကြရမည်။ ကိစ္စရပ်များစွာကို သူတို့စီစဉ်ပေးခြင်းအားဖြင့် အသင်းတော်ရှိအသင်းသားတိုင်းသည် ကဏ္ဍအလိုက်ဝင်ရောက်လုပ်ကိုင်ကြရမည်ဖြစ်သောကြောင့် မည်သူတစ်ဦးတစ်ယောက်မျှ ရည်ရွယ်ချက်ကင်းမဲ့သောဘဝ၌ မရှိစေရဘဲ သူတို့၌ရှိသည့်အစွမ်းအစအချို့ကိုသုံး၍ အလုပ်ပြီးစီး အောင်လုပ်ဆောင်သွားကြပါလိမ့်မည်။ အသင်းတော်ရှိအသင်းသူ/အသင်းသားတိုင်းအား ကိုယ်ကျိုးမဖက်၊ ဆက်ကပ်မှုရှိရန်နှင့် ဘုရားသခင်အတွက်ထိရောက်

သော၊ အမှုတော်ဆောင်များဖြစ်လာကြစေနိုင်သောသွန်သင်ပညာပေးခြင်းအမှုသည် အထူးလိုအပ်ချက်ဖြစ်နေပါသည်။ ဤသို့သင်တန်းပေးခြင်းအမှုတစ်ခုတည်းသာလျှင် အသင်းတော်ကို အသီးမသီးခြင်း၊ သေနေခြင်းတို့မှ ကာကွယ်ပေးနိုင်လိမ့်မည်။ အသင်းတော်ရှိအသင်းသူ/အသင်းသားတိုင်းသည် တက်ကြွသောဝန်ထမ်း၊ အသက်ရှင်သောကျောက်၊ ဗိမာန်တော်မှအလင်းဖြန့်သောသူတစ်ယောက်ချင်းစီဖြစ်လာကြပေမည်။ (ဃ ၆၂.၁)

## ကိုယ်တိုင်ပညာသင်ယူတတ်သောအသင်းသူ/အသင်းသားများ

အသင်းသူ/အသင်းသားတိုင်းအလုပ်လုပ်ကြရမည်။ သူတို့ကိုယ်တိုင်ပညာသင်ယူကြရမည်။ သူတို့အတွက်ချမှတ်ပေးထားသောအဆင့်မြင့်စံနှုန်းရောက်အောင်သူတို့ကြိုးစားကြရမည်။ ဤသို့ဖြင့် ဘုရားသခင်နှင့်အတူ သူတို့ပူးပေါင်းလုပ်ဆောင်ကြလျှင် သူတို့အဆင့်မီအောင် ကိုယ်တော်ကူညီမစတော်မူမည်။ (ဃ ၆၂.၂)

ဘုရားသခင်၏အမှုတော်ကိုဆောင်ရန်အတွက် ကျွန်ုပ်တို့ကိုဉာဏ်ပညာအရည်အချင်းပြည့်မီစေသောမည်သည့်အခွင့်အရေးတစ်စုံတစ်ရာကိုမျှ ကျွန်ုပ်တို့ထံမှလွဲမသွားစေသင့်ပါ။ (ဃ ၆၂.၃)

## ဘုရားသခင်အလိုတော်စံနှုန်း

မိမိတတ်မြောက်သောပညာကို သူတစ်ပါးတို့အား ဝေမျှသင်ကြားပေးလိုသောသဘောထားဖြင့် ဖြစ်နိုင်သမျှပညာရပ်အားလုံးကို သင်ယူကြရန်ဘုရားသခင်လိုလားတော်မူ၏။ မည်သည့်အရပ်ဒေသမှာ မည်ကဲ့သို့အမှုတော်ဆောင်ကြရန် သူတို့ခေါ်ယူခံကြရမည်၊ သို့တည်းမဟုတ် ဘုရားသခင်အတွက်သူတို့စကားပြောကြရမည်ဆိုသည်ကို မည်သူတစ်ဦးတစ်ယောက်မျှ မသိကြ ပါ။ ကျွန်ုပ်တို့၏ကောင်းကင်ဘုံရှင် ခမည်းတော်တစ်ပါးသာလျှင် လူတွေဘာလုပ်ကြရမည့်အကြောင်း စီမံကြည့်ရှုတော်မူသည်။ ကျွန်ုပ်တို့၏ရှေ့မှောက်တွင် ကျွန်ုပ်တို့၏တုန်လှုပ်နေသောယုံကြည်ခြင်းက ခွဲခြားမသိမြင်ရသော

ဖြစ်နိုင်ခြေအရာများစွာရှိနေသည်။ ကျွန်ုပ်တို့၏စိတ်သည် အလွန်ပင်သွန်သင်ခံယူထားကြသောကြောင့်သာလျှင် လိုအပ်သောအချိန်တွင် ကျွန်ုပ်တို့သည် အမြင့်ဆုံးသောမြေကြီးအုပ်စိုးပိုင်ရှင်သခင်၏ရှေ့တော်မှောက်၌ နာမတော်ဘုန်းထင်ရှားစေသောနည်းအတိုင်း ကိုယ်တော်၏နှုတ်ကပတ်တော်သမ္မာတရားကို တင်ဆက်ပေးနိုင်ကြသည်။ (ဃ ၆၂.၄)

မည်သူသည် ဘုရားသခင်၏စပျစ်ဥယျာဉ်ခြံမှာ အလုပ်သွားလုပ်ဖို့ မိမိကိုယ်မိမိပြင်ဆင်ပြီး နေကြပါသလဲ။ တစ်ပါးသူအပေါ် မှီခိုနေရသေးသည့် လက်သင့်အဆင့်ကို ကိုယ်တော်နှစ်သက်သည်မဟုတ်။ ကျွန်ုပ်တို့အား ကိုယ်တော် ပေးအပ်ထားသောစွမ်းရည်များကို ဖြစ်နိုင်သမျှအကောင်းဆုံးနှင့် အဆင့်အမြင့်ဆုံး ထုတ်သုံးသူများကိုသာလျှင် ကိုယ်တော်အလိုရှိပါသည်။ (ဃ ၆၂.၅)

## သာဓကသရုပ်ဖော်ချက်

လူတစ်ယောက်ဖြူဖွေးသောပိတ်အုပ်တစ်အုပ်ကို ကျွန်ုပ်ထံသို့ယူလာသည်ဟု ကျွန်ုပ်အိပ်မက်ရခဲ့၏။ ထို့နောက် ကိုယ်တိုင်းအမျိုးမျိုး၊ စရိုက်အကြိုက်အမျိုးမျိုး၊ ဘဝအခြေအနေအမျိုးမျိုးနှင့် လူအားလုံးအတွက် ဝတ်စုံချုပ်လုပ်ရန် ကျွန်ုပ်အား ပိတ်စဖြတ်ခိုင်းပါသည်။ ပိတ်စဖြတ်ပြီးလျှင် လူတွေကိုအသင့်ခေါ်ပေးနိုင်ရန် ကြိုးတန်းပေါ်မှာ ချိတ်တင်ထားဖို့ ကျွန်ုပ်အား ပြောပါသည်။ ကျွန်ုပ်စိတ်ထဲမှာ ကျွန်ုပ်ဖြတ်ပေးလိုက်ရမည့်ဝတ်စုံနှင့် မထိုက်သူများလှသည်ဟု ခံစားမိ၏။ ဤသို့ဖြင့် ကျွန်ုပ်ယခုညှပ်နေရသောပိတ်အုပ်အစသည် နောက်ဆုံးတစ်ခုပေလောဟု ကျွန်ုပ်မေးကြည့်ရာ မဟုတ်ကြောင်း ဖြေလာသည်။ ဤပိတ်အုပ်နောက်ဆုံးအစကို ကျွန်ုပ်ဖြတ်ပြီးသည်နှင့် အခြားပိတ်အုပ်အစကို ကျွန်ုပ်ကိုင်မိနေရလေပြီ။ (ဃ ၆၃.၁)

ကျွန်ုပ်လုပ်နေခဲ့သောအလုပ်ရှေ့မှာ စိတ်ပျက်ခံစားမိသည်။ ကျွန်ုပ်သည် သူတစ်ပါးတို့အတွက် ပိတ်စညှပ်ပေးခဲ့သည်မှာ နှစ်ပေါင်းနှစ်ဆယ်ကျော်ခဲ့ပြီဖြစ်သော်လည်း ကျွန်ုပ်၏အလုပ်ကို မည်သူကမျှ တန်ဖိုးမထား။ ကျွန်ုပ်ပြီးစီးအောင်လုပ်ခဲ့သည့် အလုပ်များသည်လည်း သိပ်မကောင်းလှကြောင်းကို

မြင်နေမိတော့သည်။ ထိုစဉ် ကျွန်ုပ်ထံသို့ အဝတ်စကိုင်ယူလာသောသူ၊ အထူးသဖြင့် အမျိုးသမီးတစ်ဦးသည် သူမအတွက် ဝတ်စုံချုပ်ပေးဖို့ ပြောထားလို့ ရောက်လာပါသည်။ ကျွန်ုပ်ပြောခဲ့ပြီးသည့်အတိုင်း သူမသည် ဝတ်စုံဆုမရထိုက်သူတစ်ယောက်၊ သူမအတွက် ချုပ်ပေးရမည်ဆိုလျှင်လည်း အချိန်ကုန်၊ ပစ္စည်းကုန်ရုံဖြစ်မည့်အကြောင်းတည်း။ ပြီးတော့ သူမသည် ဆင်းရဲလွန်းသည်။ ဉာဏ်နိမ့်သည်။ အနေစရိုက်လည်း ညစ်ပေသောကြောင့် ဝတ်စုံသည် မကြာမီ စွန်းထင်းပျက်စီးဖို့သာရှိလေမည်။ ပိတ်အုပ်ပေးသောသူက ပြောလာသည်။ "ဝတ်ရုံကိုချုပ်သာချုပ်ပေးလိုက်ပါ။ ဒါမင်းရဲ့တာဝန်ပဲ။ မင်းရှုံးတာမဟုတ်။ ငါရှုံးရတာပါ။ ဘုရားသခင်သည် လူမြင်သကဲ့သို့မမြင်။ ကိုယ်တော်လုပ်မည့်အလုပ်ကို ကိုယ်တော်ချခင်းလုပ်နေတာဖြစ်တယ်။ ဟိုဟာ၊ ဒီဟာ၊ ဘယ်ဟာ အကျိုးရှိလာမည်ကို သင်မသိရနိုင်ပါ။ ဆင်းရဲမွဲတေသောသူများစွာသည် ကောင်းကင်နိုင်ငံထဲ ဝင်လာနိုင်ကြသည်။ ထိုစဉ်ဘဝ၌ ကောင်းချီးအလုံးစုံ ကြွယ်ဝပြည့်စုံလျက် တိုးတက်မှုအကျိုးအမြတ်အားလုံးကိုလည်း ခံစားလျက်ရှိနေကြသောအခြားသူများသည် ကျန်ရစ်နေကြရလိမ့်မည်။" (ဃ ၆၃.၂)

စစ်သားများသည် သူတို့၏ဝန်ထုပ်ကျောပိုးအိတ်များကို ကျောမှချခြင်း၊ ကိုယ်ပေါ်အမြန်ပြန်တင်ခြင်းအလုပ်ကို နာရီများစွာလေ့ကျင့်ကြရသည်။ သေနတ်များကို စုပုံထားတတ်ရန်နှင့် အမြန်ပြန်ယူတတ်ရန်လည်း သင်ယူကြရသည်။ ရန်သူကိုထိုးစစ်ဆင်တိုက်ခိုက်ရန် လေ့ကျင့်ရသလို၊ စစ်ဗျူဟာအမျိုးမျိုးကိုလည်း သင်တန်းတက်ရောက်သင်ယူရသည်။ ဤသို့လေ့ကျင့်နေရသည်နှင့်အမျှ အရေးပေါ်အခြေအနေတစ်စုံတစ်ရာအတွက်လည်း ပြင်ဆင်နေထိုင်ကြရသည်။ ဤသို့ဧမာနွေလမင်းသားအတွက် တိုက်ပွဲဝင်နေရသူများသည် ဝိညာဉ်စစ်ပွဲအတွက် ပြင်ဆင်ရာတွင် အင်တိုက်အားတိုက်အဆင်းရဲခံကြိုးစားမှုနည်းနေသင့်ပါသလား။ (ဃ ၆၃.၃)

# အခန်း (၆)
# သင်တန်းကျောင်းတက်နေစဉ်ကျောင်းသားများ သာသနာပြုအလုပ်လုပ်ကြရန်

ပညာရေးရည်မှန်းချက်

စစ်မှန်သောပညာရေးသည် သာသနာပြုတတ်ရန် သင်တန်းပေးခြင်း ဖြစ်ပါသည်။ ဘုရားသခင်၏သားသမီးတိုင်းသည် သာသနာပြုတစ်ဦးဖြစ်လာ ရန် ခေါ်ယူခြင်းခံရပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်ကျွန်ုပ်တို့၏ အပေါင်းအသင်းများအတွက် အစေခံဝန်ထမ်းပေးရန်နှင့် ကျွန်ုပ်တို့၏ပညာ ရေးရည်မှန်းချက်သည်လည်း ဤသို့အစေခံအမှုဆောင်ခြင်းအတွက် ကိုက်ညီ အောင်လုပ်ဆောင်ရန် ခေါ်ယူတော်မူခြင်းခံကြရပါ၏။ (ဃ ၆၄.၁)

ကျွန်ုပ်တို့သည် ကျောင်းများကိုတည်ထောင်ရခြင်းမှာ လူငယ်တို့ သည် ရန်သူစာတန်၏သွေးဆောင်လှည့်ဖြားမှုကို တွန်းလှန်ခုခံရာတွင် အခိုင် အခံ့ရှိလာစေဖို့ဖြစ်သည်။ သူတို့သည် ထိုနေရာမှထာဝရအဖြစ်သို့ရောက်သည့် တိုင်အောင် ယခုဘဝ၌ ဘုရားအမှုတော်အတွက် အသုံးရစေသောအရည်အချင်း များပြည့်မီလာစေဖို့ဖြစ်သည်။ (ဃ ၆၄.၂)

အသိဉာဏ်အလွန်နည်းပြီး မိုက်မဲပျက်စီးနေသူများအတွက် အကျိုး ဆောင်ပေးနိုင်ရန် ဉာဏ်ပညာကိုကြိုးစားရှာဖွေနေသူများသည် လူသားမျိုးနွယ် တစ်ခုလုံးအတွက် ထားရှိသောထာဝရဘုရားသခင်၏ရည်ရွယ်ချက်ကြီးကို ပြီးပြည့်စုံစေရန် သူ့အပိုင်းသူလုပ်ဆောင်နေသောသူဖြစ်ကြသည်။ ကိုယ်ကျိုး မဖက်အများအကျိုးအတွက် အလုပ်အကျွေးပြုဝန်ဆောင်နေသောသူတို့ သည် ခရစ်ယာန်ပညာရေးစနစ်၏မြင့်မားသောစံနမူနာကို ဖော်ကျူးနေခြင်းဖြစ်ပါ သည်။ (ဃ ၆၄.၃)

ဘုရားသခင်သည် အားကောင်းသန်မာ၊ ဆက်ကပ်မှုရှိကြသူ၊ ကိုယ်တိုင်လည်း အနစ်နာခံစိတ်ရှိကြသူ၊ စာသင်ကျောင်းများတွင် သူတို့၏

အချိန်ကို တိုတိုနှင့်ပြီးစေပြီးနောက် ရှေ့တန်းသို့သွား၍ လောကကိုသတင်းစကားပြောပေးရန် ဆက်လက်ပြင်ဆင်နေကြသူ၊ လူငယ်ယောကျာ်းမိန်းမများ ကို ခေါ်ယူနေတော်မူပါသည်။ (ဃှ ၆၄.၄)

အလုပ်လုပ်ရင်းလေ့လာခြင်း

ကျောင်းသူ/ကျောင်းသားများသည် သာသနာပြုအလုပ်လုပ်ဆောင် ရန် အချိန်ပေးကြရမည်ဖြစ်၍ သူတို့၏ပညာရေးကို ပြီးမြောက်စေဖို့ လိုအပ် သည်။ ထိုအချိန်သည် သူတို့၏ဝန်းကျင်လူနေရပ်ကွက်ရှိ အိမ်ထောင်မိသားစုများ၏ဝိညာဉ်ရေးရာ လိုအပ်ချက်များနှင့် ရင်းနှီးကျွမ်းဝင်လုပ်ယူကြရမည့် အချိန်ဖြစ်သည်။ သူတို့သည် လေ့လာဆည်းပူးခဲ့ရသည့်ဉာဏ်ပညာကို အသုံးချဖို့ အချိန်မရနိုင်လောက်အောင် ကျောင်းစာများအထဲ နစ်မြုပ်နေကြရန် မသင့်ပါ။ သူတို့သည် အမှားလုပ်နေကြသူများနှင့် ရင်းနှီးကျွမ်းဝင်လာစေရန်၊ ထိုသူတို့ကိုသမ္မာတရားပြောကြားရန် သာသနာပြုအမှုအတွက် အလွန်ကြိုးစားအားထုတ်ကြရမည့်အကြောင်း တိုက်တွန်းခံယူကြရမည်။ နှိမ့်ချစွာအမှုတော်ဆောင်ခြင်းအားဖြင့် ခရစ်တော်ထံမှဉာဏ်ပညာကို ရှာမှီးယူ၍ ဆုတောင်းခြင်းနှင့် ဆုတောင်းချက်များအပေါ် စောင့်မျှော်နေကြကုန်သောသူတို့သည် သူတို့၏ ဘဝတာကြွယ်ဝပြည့်စုံခြင်းအသိတရားကို အခြားသူများအား ပေးဝေနိုင်ကြသည်။ (ဃှ ၆၄.၅)

ကျောင်းသူ/ကျောင်းသားများသည် စာသင်နှစ်အတွင်းဖြစ်နိုင်လျှင် မြို့ပြသာသနာပြုအလုပ်ထဲမှာ ဝင်ရောက်လုပ်ကိုင်ကြရမည်။ သူတို့သည် စာသင်ကျောင်းအနီးရှိမြို့နယ်ရပ်ကွက်ကျေးရွာများ ဝန်းကျင်တစ်ဝန်းတွင် သာသနာပြုအလုပ်ဝင်လုပ်ကြရမည်။ ခရစ်ယာန်အကူအညီပေးလုပ်ငန်းဝင်လုပ်ကြရန် သူတို့အတွင်း၌ အစုအဖွဲ့များဖွဲ့စည်းထားနိုင်သည်။ ကျောင်းသားများသည် ဘုရားသခင်ထံ သူတို့၏လတ်တလောတာဝန်ရှိမှု၌ ကျယ်ကျယ်ပြန့်ပြန့်အမြင်ထားရှိသင့်၏။ သူတို့သည် ကျောင်းစာသင်ချိန်ကုန်ဆုံးသွားပြီးမှ ဘုရားသခင်အတွက် ကြီးကြီးမားမားအမှုတော်တချို့ကို လုပ်ကိုင်ကြလိမ့်မည်ဟူ၍ အခါ

အခွင့်ကို မျှော်ကြည့်မနေသင့်ကြပေ။ သို့သော် သူတို့သည် ကျောင်းသားဘဝအချိန်အတွင်း၌ပင်လျှင် သူတစ်ပါးတို့အတွက် ကိုယ်ကျိုးမဖက်သောအမှုတော်ကို ခရစ်တော်နှင့်အတူ မည်သို့ဝန်တင်ထမ်းဆောင်နိုင်ရမည်ကို လေ့လာသင်ယူသင့်ကြ၏။ (ဃ ၆၅.၁)

လူငယ်တို့၏စိတ်နှလုံးထဲသို့ အလွန့်အလွန်အရေးကြီးသောသင်ခန်းစာများထည့်သွင်းပေးပြီးဆိုသည်နှင့် လုံလောက်သည်မဟုတ်ပါ။ သူတို့ရရှိပြီးသောပညာများကို မျှဝေပေးတတ်ရန် သူတို့လေ့လာသင်ယူရပါဦးမည်။ (ဃ ၆၅.၂)

ကျွန်ုပ်တို့၏ကောလိပ်ကျောင်းများနှင့် စာသင်ကျောင်းများမှနေ၍ ရပ်ဝေး ဒေသများဆီသို့ သာသနာပြုများကို ဆက်ဆက်စေလွှတ်ရပါမည်။ ကျောင်းတက် နေစဉ်ကာလအတွင်းမှာပင် ဤအမှုတော်အတွက် ပြင်ဆင်နေကြရင်း၊ ကျောင်းသားများသည် အခွင့်အရေးတိုင်းကို တိုးချဲ့ယူတတ်ကြပါစို့။ သူတို့သည်အထက်အရပ်၌ အမှန်ဆုပ်ကိုင်ထားနိုင်သည်၊ မထားနိုင်သည်ကို သူတို့တွင် လိုက်လျောညီရှိကြောင်း အများမြင်ရစေရန် ဤစာသင်ကျောင်းမှနေ၍ သူတို့စမ်းသပ်သက်သေခံပြကြရမည်။ (ဃ ၆၅.၃)

## သာသနာပြုစိတ်ရှိကြရန်အားပေးတိုက်တွန်းခြင်း

ကျွန်ုပ်တို့၏ကျောင်းများမှ ဆရာများနှင့်တပည့်များသည် ဘုရားသခင်၏ဘိသိက်ကို လိုအပ်သည်။ ဘုရားသခင်သည် ကိုယ်တော်ပြုတော်မူပြီးသမျှထက်ပို၍ သူတို့ကိုမစတော်မူပါသည်။ အဘယ်ကြောင့်ဆိုသော် ယခင်ကလမ်းခရီးတော်အကန့်အသတ်ထားတော်မူခဲ့သောကြောင့်တည်း။ သူတို့အထဲ၌ သာသနာပြုစိတ်ရှိဖို့ အားပေးခြင်းရှိခဲ့လျှင် ထို့အပြင် ပုံမှန်စာသင်ချိန်အစီအစဉ်များတချို့ရှိနေလျှင်လည်း ကောင်းကင်ဘုံရှင်၏ကောင်းချီးမင်္ဂလာများနှင့်ကြွယ်ဝပါပေ၏။ ယုံကြည်ခြင်းနှင့်ဝိညာဉ်စိတ်အားပိုကြီးလာခြင်း၊ ပိုမိုမစတော်မူခြင်းများကို အမှန်အကန်သိရှိလာခြင်းတို့ဖြင့် ဘုရားသခင်ပေးကမ်းတော်မူပါလိမ့်မည်။ (ဃ ၆၅.၄)

ကျောင်းပိတ်သောအခါ

ကျောင်းပိတ်သောအခါ ကျောင်းသူ/ကျောင်းသားများသည် ဧဝံဂေလိ စည်းရုံးသူများအဖြစ် သာသနာနယ်မြေထဲသို့ သွားရောက်နိုင်ကြပါသည်။ သစ္စာရှိသောဓမ္မစာစောင်ရောင်းသူသည် ယနေ့အတွက် သမ္မာတရားအကြောင်း ရေးသားထားသောစာအုပ်စာစောင်များကို ဖတ်စရာအဖြစ် ပေးကမ်း၍ အိမ်များ စွာသို့ရောက်နိုင်သည့်လမ်းကို တွေ့မြင်ရ၏။ ကျွန်ုပ်တို့၏ကျောင်းသားတို့ သည်လည်း ဘယ်လိုစာအုပ်ရောင်းချရမည်ကို လေ့လာသင့်ကြသည်။ ခရစ်ယာန် အတွေ့အကြုံရင့်ကျက်သူများ၊ စဉ်းစားချင့်ချိန်ဉာဏ်ရည်ရှိသူများ၊ ခွန်အား ကောင်းသူများ၊ ပညာတတ်သောသူများသည် ဤအမှုတော်ထဲသို့ ဝင်ရောက် လုပ်ကိုင်လာရန် လိုအပ်နေပါသည်။ အချို့သူများသည် ပင်ကိုယ် စွမ်းရည်၊ ပညာရေးနှင့် အတွေ့အကြုံများရှိကြသောကြောင့် ယခုလုပ်ဆောင် ပြီးသမျှထက် ပိုမို၍ပြီးစီးစေနိုင်သောနည်းလမ်းဖြင့် စည်းရုံးဆွဲဆောင်အမှုတော် ဆောင်သွား စေရန် လူငယ်များကို ပညာသွန်သင်ပေးနိုင်ကြလေသည်။ ဤသို့သောအတွေ့ အကြုံရှိကြသူများသည် အခြားသူတို့အား သင်ကြားပေးခြင်း၌ ပါဝင် ထမ်းဆောင်ရန် အထူးတာဝန်တစ်ရပ်ရရှိကြသည်။ (ဃ ၆၅.၅)

ဓမ္မသီချင်းသာသနာ

ဧဝံဂေလိဓမ္မသီချင်းကောင်းများကို တေးသွားအလိုက်ထူးခြားစွာသီဆို ကျူးအေးနိုင်ကြသောကျောင်းသူ/ကျောင်းသားတို့သည် သီချင်းသည် ဧဝံဂေလိ ဆရာများအဖြစ် ကောင်းစွာအမှုတော်ဆောင်နိုင်ကြပါသည်။ သူတို့သည် သူတို့ ၌ဘုရားပေးထားသောပင်ကိုယ်စွမ်းရည်များအဖြစ် တေးသံသာသီဆိုခြင်းကို ပြသရန် အခွင့်အရေးရှာတွေ့နိုင်ကြသည်။ ဝမ်းနည်းခြင်းနှင့် ဒုက္ခခံစားနေရ သူများ၏အမှောင်ဖုံးနေသောအထီးကျန်နေရာများစွာကို နေရောင်ထိုးပေးနိုင် သည်။ အသင်းတော်၌ အခွင့်ထူးမကြုံရစဖူးသူတို့ကိုလည်း သီချင်းဆိုဖြေသိမ့် ပေးနိုင်သည်။ (ဃ ၆၆.၁)

ကျောင်းသူ/ကျောင်းသားများတို့ သာသနာပြုရန် လမ်းမကြီးများနှင့် လမ်းကြိုလမ်းကြားများသို့ သွားကြပါ။ လူတန်းစားအမြင့်အနိမ့်၊ ချမ်းသာ ဆင်းရဲမရွေး သူတို့ဆီရောက်နိုင်အောင်ကြိုးစားကြပါ။ သူတို့အိမ်များသို့ဝင်ကြပါ။ အခွင့်အရေးရလျှင်ရသလို "ကျွန်တော်တို့ဓမ္မတေးသီချင်းဆိုပြရင် ကြိုက်နှစ်သက်မလား" ဟုမေးပါ။ ထိုသူများသည် စိတ်ပျော်မွေ့လာသောအခါ သူတို့အား ဘုရားသခင်ကောင်းချီးပေးစေရန် ဆုတောင်းစကားအနည်းငယ်ရွတ်ဆိုပေးဖို့ သင့်အတွက် လမ်းပွင့်လာနိုင်ပါသည်။ လူအများအပြားသည် နားသောတ ဆင်ရန် ငြင်းဆန်ကြလိမ့်မည်မဟုတ်ပါ။ ဤကဲ့သို့သာသနာပြုခြင်းသည် စစ်မှန်သောသာသနာပြုမှုဖြစ်ပါသည်။ (ဃ ၆၆.၂)

–၀–

# အခန်း (၇)
# ဓမ္မဆရာများနှင့်သာမန်အသင်းသားများ ပူးတွဲလုပ်ဆောင်ကြရန်

## သာသနာနယ်သို့ညီညွတ်စွာဝင်ရောက်အမှုဆောင်ခြင်း

ဝင်းမှည့်နေသောလယ်ကွင်းများဆီသို့ လုပ်ဆောင်သူသင်းအုပ်များနှင့်သာမန်အသင်းသားများတို့လှမ်းဝင်သွားကြပါစို့။ ကျမ်းစာထဲက သူတို့မေ့လျော့နေသောသမ္မာတရားကို သူတို့တစ်တွေကြွေးကြော်နိုင်ရလောက်အောင် ရိတ်သိမ်းခြင်းအမှုကို သူတို့ပြုကြရလိမ့်မည်။ ကွင်းထဲ၌ သမ္မာတရားကို လက်ခံကြမည့်သူများနှင့် ခရစ်တော်ထံသို့ ဝိညာဉ်များအောင်နိုင်ပို့ဆောင်ရန် သူတို့ဘဝများကို ဆက်ကပ်အပ်နှံလာကြမည့် လုပ်ဆောင်သူများကို တွေ့ကြရပါလိမ့်မည်။ (ဃ ၆၇.၁)

အသင်းတော်သင်းအုပ်များသာလျှင် သမ္မာတရားမျိုးစေ့ကြဲခြင်းအမှုတော်၏အကြီးဆုံးပိုင်းကို လုပ်ဆောင်ကြရမည်ဟူ၍ သခင်ဘုရားရည်ရွယ်ချက်ပေးမထားပါ။ သင်းအုပ်လုပ်ရန် ခေါ်ယူတော်မူခြင်းမခံကြရသူအမျိုးသားများသည် သူတို့၏အစွမ်းအစအမျိုးမျိုးအလိုက် သခင်ဘုရားအတွက် လုပ်ဆောင်ကြရန် အားပေးတိုက်တွန်းမှုခံယူကြရမည်။ မလှုပ်မရှားအချိန်ဖြုန်းနေတတ်ကြသည့်ရာဂဏာန်းရှိသောယောကျ်ား၊ မိန်းမအသင်းသားများသည် သူတို့လက်ခံနိုင်သည့်ဝန်ကို ထမ်းရွက်နိုင်ကြပါသည်။ သူတို့ယုံကြည်သောသမ္မာတရားကိုလည်း သူတို့၏မိတ်ဆွေအိမ်နီးချင်းများဆီသို့အရောက် ပို့ဆောင်ပေးခြင်းအားဖြင့် သခင်ဘုရားအတွက် ကြီးမားသောအမှုတော်ဆောင်ရွက်ခြင်းကို ပြုနိုင်ကြ၏။ (ဃ ၆၇.၂)

ဘုရားသခင်သည် အသင်းတော်၏သင်းအုပ်များအား သမ္မာတရားသတင်းကောင်းကြေညာစေရန် အခွင့်ပေးထားသည်။ ဤသည်ကို အသင်းတော်များက လက်ခံရယူခြင်းနှင့် ဖြစ်နိုင်သမျှသောနည်းပေါင်းစုံဖြင့် သမ္မာ

တရားအလင်း၏ရောင်ခြည်ဦးကို ဆက်သွယ်ဆုပ်ကိုင်မိပြီးလျှင် လူအများစုထံသို့ ပျံ့နှံ့ရောက်ရှိသွားစေရန်ဖြစ်သည်။ (ဃ ၆၇.၃)

အသင်းတော်သင်းအုပ်များက ချီမရသောအရာများကို အသင်းသူ/ အသင်းသားများကလည်း ဝင်ရောက်ကူညီချီမကြရမည်။ ဆိုလိုသည်မှာ သင်းအုပ် ဆိုင်ရာကြိုးပမ်းခြင်းကို ထောက်ကူပေးခြင်းနှင့် ဝန်ထုပ်ကိုဝိုင်း ထမ်းပေးခြင်း တို့အားဖြင့် သင်းအုပ်၌ ဝန်ပိခြင်း၊ စိတ်ပျက်အားလျော့ခြင်း မဖြစ်စေဖို့ဖြစ် သည်။ အခြေခံစည်းကမ်းအရ အသင်းသူ/အသင်းသားများသည် အမှုတော် ကိုရှေ့ဆက်လုပ်ဆောင်ဖို့ သူတို့တတ်နိုင်သမျှအားလုံးကို လုပ်ဆောင်ရန် ဉာဏ်စွမ်းရည်သုံး၍ လှုပ်ရှားရမည်။ မလှုပ်မရှားနေခဲ့ကြလျှင် အသင်းတော် တစ်ပါးအနေဖြင့် အစွန့်ရှည်ကြာတည်တံ့နေရလောက်အောင် ဩဇာသက် ရောက်ခြင်းမြင်ကြရမည်မဟုတ်ပါ။ (ဃ ၆၇.၄)

## ယုံကြည်လောက်သောပေါင်းစပ်မှုတစ်ရပ်

တရားပလ္လင်ထက်က သွန်သင်ခြင်းများကြောင့်မဟုတ်ဘဲ အသင်း တော်အသက်ရှင်ရပ်တည်နေခြင်းကြောင့်သာလျှင် လောကကြီးသည် ယုံကြည် ခြင်းမြင်တွေ့လာစေရမည်။ ပလ္လင်ခုံထက်က တရားဟောဆရာသည် ဧဝံဂေလိ သဘောတရားများကို ဟောပြောနေ၏။ ထိုစဉ်အခါ အသင်းတော်၏လက်တွေ့ ဘာသာတရားကိုင်းရှိုင်းမှုက ဘုရားဘုန်းတန်ခိုးတော်ကို ဖွင့်လှစ်ပြသနေပါ သည်။ (ဃ ၆၇.၅)

ကျွန်ုပ်တို့၏အသင်းတော်၌ အဖွဲ့ဝင်များအဖြစ် ရှိနေကြသောအမျိုး သား၊ အမျိုးသမီးများသည် ဘုရားသခင်အမှုတော်ကို ဝိုင်းလုပ်လာကြပြီး သင်းအုပ်သင်းထောက်များ၊ အမှုဆောင်အရာရှိများနှင့် ပူးပေါင်းကြိုးပမ်း လုပ်ဆောင်လာကြသည့် ကာလမရောက်ရှိမီတိုင်အောင် မြေကြီးပေါ်၌ ဘုရားသခင်အမှုတော်သည် မပြီးသေး။ (ဃ ၆၈.၁)

ဟောပြောခြင်းဆိုသည်မှာ ဝိညာဉ်ကယ်တင်ရေးအတွက် လုပ်ခဲ့ကြ သည့်အထဲမှ အပိုင်းငယ်တစ်ရပ်သာဖြစ်၏။ ဘုရားသခင်၏ဝိညာဉ်တော်သည်

အပြစ်သားများကို သမ္မာတရားအလင်းမြင်စေ၍ အသင်းတော်၏လက်ထဲ၌ နေရာတကျရှိစေပါသည်။ သင်းအုပ်များသည် သူတို့အမှုကို သူတို့လုပ်ကြရမည်။ သို့သော် အသင်းတော်လုပ်ရမည့်အမှုကိုမူကား သူတို့မတတ်နိုင်ကြ ပါ။ အသင်းသားများအားလုံးက ဝိုင်းလုပ်မှပြီးစီးမည်။ (ဃ ၆၈.၂)

သမ္မာတရားတော်၏ဖြန့်ကြက်သက်ရောက်မှုသည် ဘိသိက်ခံသင်းအုပ် အနည်းအကျဉ်းဆီသို့သာလျှင် ဘောင်ခတ်သတ်မှတ်ပေးထားခြင်းမဟုတ်ပါ။ သမ္မာတရားသည် ခရစ်တော်၏တပည့်များအဖြစ် ခံယူကြသူအားလုံးအပေါ် ဝယ်ပျံ့နှံ့ရောက်ရှိနေသည်။ ရေရှိရာအရပ်တိုင်း၌ မျိုးစေ့ချရမည်။ (ဃ ၆၈.၃)

သင်းအုပ်များသည် ကျေနပ်အားရစွာနှင့် ကောင်းကောင်းအားစိုက် ဟောပြောလာကြရာတွင် တာဝန်ခံဝန်ထမ်းဆောင်မှုများစွာဖြင့် အသင်းတော်ကိုတည်ဆောက်ဖြစ်ထွန်းအောင်မြင်စေခဲ့ပါသည်။ သို့တိုင်အသင်းတော်၌ တစ်ဦးချင်းသောအသင်းသားများက ယေရှုခရစ်တော်၏အစေခံများကဲ့သို့ သူတို့အပိုင်းကို သူတို့လုပ်မလာနိုင်ကြဘူးဆိုပါလျှင် အသင်းတော်သည် အမြဲတမ်းအမှောင်ထဲရှိနေပြီး အားအင်ချည့်နဲ့နေပါလိမ့်မည်။ လောကကြီးသည် ခဲယဉ်း၍ မှောင်မိုက်ထဲမှာရှိနေစဉ် အမှန်အားစိုက်လုပ်ဆောင်နေသည့် ပုံစံနမူနာများစွာထင်ရှားလာမှသာလျှင် ကောင်းကျိုးဆောင်သောတန်ခိုးတော်တစ်ရပ် ရှိလာပါလိမ့်မည်။ (ဃ ၆၈.၄)

## သေလောက်အောင်မှားသည့်အမှားတစ်ခု

ဝိညာဉ်ကယ်တင်ခြင်းအလုပ်သည် သာသနာပြုခြင်းအပေါ်၌သာ တည်သည်ဟု အထင်ရောက်နေပါလျှင် မဟာအမှားကြီးတစ်ခုဖြစ်၏။ စပျစ်ဥယျာဉ်သခင်က ဝိညာဉ်များအတွက် ဝန်တင်ခံရသူဟူ၍ စိတ်နှိမ့်ချခြင်း၊ ဆက်ကပ်မြုပ်နှံခြင်းရှိသူ၊ ယုံကြည်သူကို သခင်ဘုရားသည် ခေါ်ယူ၍ တာဝန်ကြီးကြီးမားမားပေးအပ်ထားခံရခြင်းနှင့်အတူ လူအများ၏အားပေးခြင်းကို ခံထိုက် သည်ဟု မှတ်ယူရမည်။ ဘုရားသခင်၏အသင်းတော်၌ ခေါင်းဆောင်များ

အဖြစ် ရပ်တည်နေကြသူများသည် ကိုယ်တော်၏နာမ၌ ယုံကြည်ခြင်းရှိသူများအား ကယ်တင်ရှင်၏မဟာအမှုတော်မြတ်ကို အပ်နှင်းတော်မူကြောင်း သိမှတ်ထားရမည်။ ဘုရားသခင်သည် လက်တင်ရသင်းအုပ်ဆရာအဖြစ် ရည်ညွှန်းမထားသောလူများစွာကို ကိုယ်တော်၏စပျစ်ဥယျာဉ်အထဲသို့စေလွှတ်တော်မူလိမ့်မည်။ (ဃ၄ ၆၈.၅)

သင်းအုပ်ခေါင်းဆောင်များသည် ဝန်ထုပ်အကုန်ထမ်း၍ အမှုတော်အားလုံးကို သူတို့သာလုပ်ရမည်ဆိုသောအယူအဆသည် မဟာအမှားကြီးဖြစ်ပေ၏။ အလုပ်ပိ၊ စိတ်ပျက်လူပန်းကျ၍ သူတို့အမြန်သေသွားနိုင်ပါသည်။ သခင်ဘုရားပုံစံချပေးထားသည့်အတိုင်း တာဝန်များခွဲဝေလုပ်ကိုင်လာကြသော် သူတို့အသက်ရှည်၍ ကျန်းမာကြလိမ့်မည်။ တာဝန်များကို ခွဲဝေချထားပေးရမည်။ ခရစ်တော်နောက်သို့လိုက်စေရန်နှင့် သခင်ဘုရားပြုတော်မူသည့်အတိုင်း လိုက်လျှောက်နိုင်ရန် အပေါင်းအသင်းများအား သွန်သင်ပေးနိုင်ကြသူတို့သည် အသင်းတော်ရှိယုံကြည်သူများအား သင်တန်းပေးသွားရမည်။ (ဃ၄ ၆၈.၆)

ခေါင်းဆောင်သင်းအုပ်များသည် ဟောပြောခြင်းအလုပ်၊ ဝန်ထမ်းခြင်းအလုပ်၊ ဆုတောင်းခြင်းအလုပ် အလုပ်အားလုံးသည် သူတို့၌သာ တာဝန်ရှိသည်ဟု မခံယူသင့်ပါ။ အသင်းတော်အားလုံး၌ အထောက်အကူပြုသူများကို သွန်သင်ပေးကြရမည်။ အသင်းသားတစ်ယောက်ယောက်အား အစည်းအဝေးများကိုဦးဆောင်ရန် တာဝန်ပေးအပ်ခြင်း၊ အခြားတစ်ဦးဦးကို ကျမ်းစာဖတ်စေခြင်းစသည်ဖြင့် ပြုစေပါက ထိုသူများသည် ဘုရားသခင်ပေးအပ်ထားသည့် ပင်ကိုယ်စွမ်းအင်ရှိကြသည်အတိုင်း အသုံးတော်ခံရန် ခေါ်ယူတော်မူခြင်းခံကြရလိမ့်မည်။ တစ်ချိန်တည်း၌ပင် အသင်းတော်အတွက် အမှုဆောင်များအား သင်တန်းပေးခြင်းလည်းဖြစ်စေပါသည်။ (ဃ၄ ၆၉.၁)

သင်းအုပ်တို့သည် အသင်းတော်မှလုပ်ရမည့်အလုပ်များကို ဝင်မလုပ်သင့်ကြပါ။ ဝင်လုပ်ပါက သူတို့ကိုယ်၌ စိတ်ပန်းလူပန်းကျခြင်းနှင့်တကွ အခြားသူများ၏တာဝန်ယူပါဝင်မှုကို တားဆီးနေခြင်းဖြစ်လာမည်။ သင်းအုပ်တို့သည် အသင်းသူ/အသင်းသားများအား အသင်းတော်ထဲနှင့်ရပ်ကွက်တွင်း၌

မည်သို့နေထိုင်လုပ်ကိုင်သင့်ကြသည်များကို သွန်သင်ပေးကြရမည်။ (ဃ ၆၉.၂)

ကျွန်ုပ်တို့၏ယုံကြည်ခြင်းကို မယုံကြည်သူများအား ပြောပြရန် ကြိုးစားအားထုတ်နေကြရာတွင် အသင်းသူ/အသင်းသားများသည် မကြာမကြာ နောက်ဆုတ်နေတတ်ကြပြီး ထိုအုပ်စု၌ သူတို့စိတ်ပါဝင်စားခြင်းမရှိကြောင်းနှင့် သင်းအုပ်တစ်ဦးတည်းအပေါ်၌သာ တာဝန်ရှိစေရအောင် လွှဲပစ်ထားတတ်ကြ၏။ ဤအကြောင်းကြောင့် ကျွန်ုပ်တို့အထဲတွင် အကောင်းဆုံးလုပ်ဆောင်နိုင်ကြသူသင်းအုပ်များ၏လုပ်ဆောင်မှုသည် အချိန်နှင့်အမျှ ကောင်းကျိုးအနည်းငယ်သာထွက်တတ်ပါသည်။ (ဃ ၆၉.၃)

## သင်းအုပ်များ၏တာဝန်ဝတ္တရားများ

သင်းအုပ်များသည် အသင်းတော်ရှိ အသင်းသားများကို အကောင်းဆုံးအကူအညီပေးနိုင်သည့်အရာမှာ ဒေသနာဟောပြောချက်များမဟုတ်ပါ။ ထိုသူတို့အတွက် စီမံချက်ရေးဆွဲထားခြင်းဖြစ်သည်။ အသင်းသားအားလုံးကို သူတို့၌ ခရစ်တော်၏ကျေးဇူးတော်ခံစားရသည်ဖြစ်၍ အခြားသူများအား တစ်စုံတစ်ရာလုပ်ကိုင်ပေးကြရန် တစ်ခုခုရေးဆွဲပေးထားရမည်။ ခရစ်တော်၏ကျေးဇူးခံစားရသူများက ကိုယ်တော်အတွက် အမှုဆောင်ရွက်ရန် သူတို့၌တာဝန်ရှိကြောင်းကို လူတိုင်းမြင်ရစေဖို့ အကူအညီပေးပါ။ လူတိုင်းသည် သူတို့ဘယ်လိုလုပ်ဆောင်ရမည်ကိုလည်း သူတို့အား သွန်သင်ပေးကြပါ။ အထူးသဖြင့် ယုံကြည်ခြင်းသို့အသစ်ဝင်ရောက်လာကြသူများအား ဘုရားသခင်နှင့်အတူတကွ အမှုဆောင်တတ်ကြရန် သင်တန်းပေးကြရမည်။ (ဃ ၆၉.၄)

သင်းအုပ်များတို့ ခရစ်တော်မရကြသေးသူတို့အတွက် ယုံကြည်သူများက ပုဂ္ဂိုလ်ရေးအရ ဝင်ရောက်လုပ်ကိုင်ပေးကြရန်နှင့် သမ္မာတရားသတင်းကောင်းဟောပြောသွန်သင်ပေးကြပါ။ ထိုသူများအား ဖြစ်နိုင်သမျှနည်းအမျိုးမျိုးဖြင့် အားပေးကြရန် ကိုယ်တိုင်ကြိုးပမ်းအားထုတ်ကြပါ။ (ဃ ၆၉.၅)

ခေါင်းဆောင်သင်းအုပ်များသည် အသင်းတော်ရှိအသင်းသားများအား ဝိညာဉ်ရေး၌ ကြီးထွားလာစေဖို့ သွန်သင်ပေးကြပါ။ သူတို့အပေါ်၌ ဘုရားသခင်တင်သောဝန်ကို သူတို့ကိုယ်တိုင်ထမ်းဆောင်ကြရမည်။ ထိုဝန်သည် ပျောက်ဆုံးဝိညာဉ်များသမ္မာတရားလမ်းသို့ရောက်လာစေဖို့ လုပ်ကြရမည့်တာဝန်ဖြစ်၏။ ယင်းတာဝန်ကို ပြည့်မီအောင်မဆောင်ရွက်နိုင်ကြသူများထံ ဝင်ရောက်ပြီး သူတို့နှင့်အတူ ဆုတောင်းခြင်း၊ ဝိုင်းကူတာဝန်ထမ်းခြင်းဖြင့် ကူညီပေးကြရမည်။ သင်းအုပ်များအပေါ်၌ မှီခိုနေကြဖို့သက်သက်လူတွေကို ရောက်မလာပါစေနှင့်။ သူတို့အနီးဝန်းကျင်ရှိလူတွေကို သမ္မာတရားအလင်းပြပေးဖို့ သူတို့၌အစွမ်းအစရှိကြောင်း သင်းအုပ်များက သွန်သင်ပြောပြထားရမည်။ ယင်းသို့သာလုပ်ကိုင်သွားကြပါလျှင် ကောင်းကင်တမန်များ၏ပူးပေါင်းပါဝင်မှုကို သူတို့တစ်တွေမြင်ကြရ၍ သူတို့၏ယုံကြည်ခြင်းသည်လည်း တိုးတက်လာသည့်အတွေ့အကြုံရလိုက်ခြင်းနှင့်အတူ ဘုရားသခင်၌ ရဲရင့်စွာအမှုဆောင်နိုင်ခြင်းကိုလည်း ရကြလိမ့်မည်။ (ဃ ၆၉.၆)

ယုံကြည်ခြင်းသို့ရောက်လာကြသူအချို့ကို ရလိုက်ပြီးသည့်အခါ သင်းအုပ်တစ်ယောက်အနေဖြင့် လုပ်ဆောင်ရာ၌ မယုံကြည်သူအမြောက်အမြားပြောင်းလဲရောက်ရှိလာဖို့ ပထမနေရာထားမရှာဖွေသင့်ပါ။ အသင်းသားများကိုပူးပေါင်းပါဝင်လုပ်ဆောင်ကြရန် လက်ခံလာနိုင်အောင် လေ့ကျင့်သင်တန်းပေးနေရမည်။ တစ်ဦးချင်းစီက သူတို့လုပ်ရမည့်အလုပ်ကို သူတို့လုပ်ဆောင်ကြပါစေ။ သူတို့ကိုယ်တိုင်ကလည်း လေးလေးနက်နက်အတွေ့အကြုံရစေဖို့ သူတစ်ပါးအတွက် ဝန်ဆောင်တတ်ဖို့ ရှာဖွေကြိုးပမ်းလုပ်ကိုင်စေရန် တွန်းအားပေးကြရမည်။ သူတို့သည် သူတို့၏ဆုတောင်းခြင်း၊ ဝန်ဆောင်လုပ်ကိုင်ခြင်းအားဖြင့် သင်းအုပ်ကိုအထောက်အကူပြုစေရန် စီစဉ်ပေးနိုင်ခဲ့လျှင် သင်းအုပ်၏ကြိုးပမ်းဆောင်ရွက်မှုသည် ကြီးစွာအောင်မြင်ရလိမ့်မည်တည်း။ (ဃ ၇၀.၁)

တစ်နည်းအားဖြင့်ဆိုရလျှင် သင်းအုပ်သည် အလုပ်သမားဂိုဏ်းတစ်ခုကိုကြီးကြပ်သူ (သို့မဟုတ်) သင်္ဘောသားများ၏မာလိန်မှူးတစ်ယောက်ကဲ့သို့

အလားတူအဆင့်တစ်ခုကို ကိုင်စွဲထားရသူတစ်ယောက်ဖြစ်ပါသည်။ ထိုသူသည် သူတာဝန်ချပေးထားသောသူ့အလုပ်သမားများကို ကြီးကြပ်၍ သူတို့မှန်မှန်ကန်ကန်နှင့်မြန်မြန်ဆန်ဆန်အလုပ်လုပ်ကြဖို့ စစ်ဆေးနေရပါမည်။ အရေးပေါ်ကိစ္စပေါ်ပေါက်လာသောအခါကျမှသာလျှင် အသေးစိတ်ကို တိတိကျကျသူကိုယ်တိုင်ဝင်ရောက်လုပ်ကိုင်ပေးရပါမည်။ တစ်ခါက စက်ရုံကြီးကြပ်ရေးမှူးတစ်ယောက်သည် စက်ရုံလှည်းဘီးကြီးကျင်းထဲ၌ ပြင်ဆင်စရာအနည်းငယ်ကိုတစ်ယောက်တည်းဆင်း၍ ပြင်ဆင်နေသည်ကိုတွေ့ရပြီး နံဘေး၌ အလုပ်သမားခြောက်ယောက်က အလုပ်မလုပ်ဘဲ ဝိုင်းကြည့်နေသည်ကိုလည်း မြင်လိုက်ရသောအခါ စက်ရုံပိုင်ရှင်ကြီးက အဖြစ်သနစ်ကို လေ့လာဆင်ခြင်ပြီးနောက် ထိုကြီးကြပ်ရေးမှူးအပေါ်မှာ မတရားဆုံးဖြတ်ရာလည်းမကျရလေအောင် ထိုသူကိုသူ့ရုံးခန်းသို့ခေါ်ယူပြီး လစာအပြည့်ထုတ်ပေး၍ ကြီးကြပ်ရေးမှူးအလုပ်မှရပ်စဲလိုက်ပါသည်။ ကြီးကြပ်ရေးမှူးက တအံ့တဩဖြစ်ပြီး မေးခွန်းမေးလိုက်မိသည်။ စက်ရုံပိုင်ရှင်ကြီးက ဤသို့ပြန်ဖြေခဲ့သည်။ "လူခြောက်ယောက်ကို အလုပ်လုပ်နေစေဖို့၊ ကြီးကြပ်ဖို့ခင်ဗျားကို ခန့်ထားတာ။ အခုလူခြောက်ယောက်အလုပ်မလုပ်ဘဲ ရပ်ကြည့်နေကြတယ်။ ခင်ဗျားလုပ်နေတဲ့အလုပ်ကို သူတို့ခြောက်ယောက်ထဲက တစ်ယောက်ယောက်ကလည်း လုပ်နိုင်ရမယ်။ ဟိုလူခြောက်ယောက်ကို အလုပ်မလုပ်စေဘဲ ရပ်ကြည့်ခိုင်းထားပြီး သင်ပေးနေရအောင် ခင်ဗျားအပါအဝင်လူခုနစ်ယောက်အတွက် လခပေးဖို့ကျုပ်မတတ်နိုင်ဘူးဗျ" ဟူ၍ဖြစ်၏။ (ဃ ၇၀.၂)

ဤအဖြစ်အပျက်သည် အချို့ကိစ္စရပ်များ၌ အသုံးဝင်မည်ဖြစ်သော်လည်း အမြဲတမ်းတော့မဆိုနိုင်ပါ။ သို့သော်လည်း ခေါင်းဆောင်သင်းအုပ်ဆရာများစွာသည် ဘယ်လိုဖြေရှင်းရမည်မသိ၊ ဘယ်လိုကြိုးစားဆောင်ရွက်ရမည်မသိနှင့် အသင်းတော်ရှိဌာနခွဲအမျိုးမျိုးအထွေထွေထဲသို့ အချိန်ပြည့်အသင်းသူ/အသင်းသားများတက်တက်ကြွကြွပါဝင်လုပ်ကိုင်လာစေဖို့ မစွမ်းဆောင်နိုင်ကြပါချေ။ အကယ်၍သာ ခေါင်းဆောင်သင်းအုပ်များသည် သူတို့၏သိုးတော်စုကိုအမှုတော်ခွင်ထဲ၌ တက်ကြွစွာပါဝင်လုပ်ကိုင်လာစေရန် ပို၍ဂရုတစိုက်

ထိန်းသိမ်းပြုစုပေးသွားနိုင်မည်ဆိုပါက ပိုကောင်းသောအမှုဆောင်ချက်များကို ပြီးမြောက်လာစေမည့်အပြင် သူသည်လည်း ကျမ်းစာလေ့လာခြင်းနှင့် ဘာသာရေးဝတ်ကို ပိုမိုလုပ်ဆောင်နိုင်မည်ဖြစ်သောကြောင့် အသင်းတော်အထဲ၌လည်း အုပ်စုစွဲနှင့်ကွဲပြားခြင်းကို ရှောင်ရှားနိုင်ပါလိမ့်မည်။ (ဃ ၇၀.၃)

## နမူနာကောင်းတစ်ရပ်

တမန်တော်ပေါလုသည် သူ့အမှုဆောင်ခြင်းအားဖြင့် ပြောင်းလဲလာသူများ၏ဝိညာဉ်ရေးရာတိုက်ပွဲအတွက် သူ၌အလွန်ကျယ်ပြန့်သောတာဝန်ကြီးတစ်ရပ်ရှိနေသည်ဟူ၍ ခံယူခဲ့သည်။ ထိုသူတို့အတွက် သူ၏ဆန္ဒသည် တစ်ဆူတည်းမှန်သောဘုရားသခင်နှင့် စေလွှတ်တော်မူသောယေရှုခရစ်တော်ကို သိကျွမ်းခြင်း၌ သူတို့တိုးတက်လာစေဖို့ဖြစ်သည်။ ပေါလုသည် သူ၏သာသနာနယ်မြေ၌ရှိစဉ်အခါ ယေရှုကိုချစ်ကြသူလုပ်ဖေါ်ကိုင်ဖက်အမျိုးသား၊ အမျိုးသမီးအနည်းငယ်တို့နှင့်အတူတကွ မကြာမကြာဆုတောင်းဝတ်ပြု၍ ကိုယ်တော်နှင့်အတူ ဆက်သွယ်အသက်ရှင်နေထိုင်သွားနိုင်ရန်လည်း မည်သို့စောင့်ထိန်းရမည်ကို သွန်သင်ပေးပါမည့်အကြောင်း ဆုတောင်းခဲ့ကြပါသည်။ မကြာခဏဆိုသလိုလည်း ထိုသူတို့သည် သူတစ်ပါးတို့အား ဧဝံဂေလိသမ္မာတရားအလင်းကိုအကောင်းဆုံးမည်သို့သွန်သင်ပေးရမည့်အကြောင်း အကြံပေးဆွေးနွေးခဲ့ပါသည်။ ထို့အပြင် သူတာဝန်ယူပြုစုခဲ့သူများနှင့် ခွဲခွာသွားရသောအခါ၌ ထိုသူတို့သည် မကောင်းမှုဒုစရိုက်မှကင်းစင်၍ ရိုးသားကြိုးစားနေထိုင်ပြီး မစ်ရှင်အလုပ်ကိုတက်ကြွစွာလုပ်ကိုင်လာစေရန် ဘုရားသခင်ထံ မကြာမကြာပေါလုဆုတောင်းပေးနေခဲ့ပါသည်။ (ဃ ၇၁.၁)

# အခန်း (၈)
# ခရစ်ယာန်အင်အားစုများကိုဖွဲ့စည်းတည်ဆောက်ခြင်း

ဖွဲ့စည်းခြင်းလိုအပ်ချက်

အချိန်သည် ကုန်လွယ်၏။ ကျွန်ုပ်တို့၏အင်အားစုများသည် ကျယ်ကျယ်ပြန့်ပြန့်အမှုဆောင်ချက်တစ်ရပ်လုပ်နိုင်ရန် ဖွဲ့စည်းမှုရှိရမည်။ (ဃ ၇၂.၁)

ခရစ်ယာန်ကြိုးပမ်းမှုအခြေခံအဖြစ် အုပ်စုအဖွဲ့ငယ်ကလေးများဖွဲ့စည်းခြင်းကို အမှားကင်းသောသူ၊ တစ်ပါးတည်းသောပုဂ္ဂိုလ်က ကျွန်ုပ်အား ပေးအပ်ချီးမြှင့်ခဲ့ပါသည်။ (ဃ ၇၂.၂)

အသင်းတော်အနီးဝန်းကျင်တစ်ဝိုက် အမှုတော်ဝန်ဆောင်မှုပေးကြရန် ကောင်းစွာဖွဲ့စည်းထားသည့် လုပ်ဆောင်သူအုပ်စုများကို အသင်းတော်တိုင်းက တည်ဆောက်ကြပါစို့။ (ဃ ၇၂.၃)

မြို့တိုင်းမှာစည်းကမ်းကောင်းသောလုပ်ဆောင်သူများဖြင့် ဖွဲ့စည်းထားသည့်အုပ်စုအဖွဲ့တစ်ခုရှိရမည်။ ထိုအဖွဲ့တွင် တစ်ယောက်နှစ်ယောက်နှင့်သာ မဟုတ်ဘဲ အဖွဲ့ဝင်အရေအတွက် သတ်မှတ်ချက်ချမှတ်၍ အမှုဆောင်စေရမည်။ (ဃ ၇၂.၄)

ကျွန်ုပ်တို့၏အသင်းတော်ထဲ၌ အမှုဆောင်ရွက်စေရန် အုပ်စုများဖွဲ့စည်းထားရှိရမည်။ သီးခြားလူတစ်ဦးတစ်ယောက်ချင်းစီကိုလည်း လူကိုမျှားသောတံငါများအဖြစ် ဝန်ဆောင်စေရန် စုစည်းပေးကြပါစို့။ ထိုသူတို့သည် လောကကြီး၏ဆိုးညစ်ရာထဲမှ ဝိညာဉ်များစွာကို စုသိမ်း၍ စင်ကြယ်သော ခရစ်တော်၏မေတ္တာကရုဏာတော်ထဲသို့ ကယ်တင်ဝင်ရောက်လာစေရမည်။(ဃ ၇၂.၅)

မြေကြီးပေါ်ရှိ ခရစ်တော်၏အသင်းတော်သည် သာသနာပြုရန် ရည်ရွယ်ချက်နှင့် ဖွဲ့စည်းထားပါသည်။ အသင်းတော်တစ်ရပ်လုံး၌ နည်းလမ်းတီထွင်မှုနှင့် ရည်ရွယ်ချက်အားဖြင့် လူတန်းစားအနိမ့်အမြင့်၊ ဆင်းရဲချမ်းသာ

မရွေး သမ္မာတရားသတင်းကောင်းကို ကြားသိစေရန် သခင်ဘုရားအလိုရှိလေသည်။ (ဃ ၇၂.၆)

အသင်းတော်ကြီးဖြစ်လျှင် အသင်းဝင်များကို အုပ်စုငယ်များအဖြစ်ဖွဲ့စည်းပေးထားပြီး အသင်းသားများအတွက်သာလျှင် အလုပ်လုပ်ပေးကြရန် မဟုတ်ဘဲ မယုံကြည်သူများအတွက်လည်း ဝန်ဆောင်ကြစေပါ။ တချို့နေရာမျိုး၌ သမ္မာတရားကို သိကျွမ်းသူတစ်ဦးနှစ်ဦးသာ အမှန်ရှိပါလျှင် သူတို့ကိုကိုယ်တိုင်အုပ်စုအဖွဲ့ဖွဲ့စည်းခိုင်းပါ။ (ဃ ၇၂.၇)

တိုက်ပွဲ၌အောင်မြင်သောလှုပ်ရှားမှုအတွက် လိုအပ်ချက်သည် စည်းကမ်းနှင့်စနစ်ကျမှုဖြစ်ပါလျှင် ထိုနည်းတူ ကျွန်ုပ်တို့အောင်မြင်ဖို့ ရည်မှန်းတိုက်ပွဲဝင်နေသည့်ဝိညာဉ်တိုက်ပွဲ၌ ပို၍များစွာလိုအပ်သောအရာသည် စစ်မြေပြင် ၌ဆန့်ကျင်ဘက်အင်အားစုကို ယှဉ်ပြိုင်တိုက်ခိုက်ရသောအခါ၌ လိုအပ်ချက်ထက် ကြီးစွာသောတန်ဖိုးနှင့် အကျင့်စာရိတ္တ၌ ပို၍တိုးမြှင့်နေထိုင်ရခြင်းဖြစ်ပါသည်။ ကျွန်ုပ်တို့ဆင်နွှဲနေသည့်တိုက်ပွဲ၌ အနိုင်အရှုံးသည် ထာဝရအကျိုးတရား ဖြစ်လေသည်။ (ဃ ၇၂.၈)

ဘုရားသခင်သည် စနစ်တကျရှိသောဘုရားဖြစ်သည်။ ကောင်းကင်ဘုံနှင့်ဆက်စပ်နေသောအရာတိုင်းသည် ကောင်းကင်ဗိုလ်ခြေတပ်လှုပ်ရှားမှု၏ အမှတ်သင်္ကေတဖြစ်သောစုံလင်သည့်စနစ်၊ ကိုယ်ပိုင်ခံစားချက်များနှင့် စေ့စပ်သေချာသောစည်းကမ်းများဖြစ်ရသည်။ အောင်ပွဲကိုစနစ်တကျနှင့် တက်ညီလက်ညီတိုက်ခိုက်မှသာရနိုင်သည်။ ဘုရားသခင်သည် ယနေ့အမှုတော်မြတ်ထဲတွင် ဣသရေလလူမျိုးတို့၏နေ့ကာလများ၌ထက် မလျှော့သောစည်းကမ်းနှင့်စနစ်တကျရှိခြင်းကို လိုလားတော်မူသည်။ ဘုရားသခင်အတွက် အလုပ်လုပ်နေကြသူအားလုံးသည် ဂရုမစိုက်ဖြစ်ကတတ်ဆန်းမဟုတ်ဘဲ ဉာဏ်ရည်ထက်မြက်စွာဖြင့် လုပ်ဆောင်ကြရမည်။ ကိုယ်တော်သည် ယုံကြည်ခြင်း၊ တိကျမှုရှိခြင်းတို့နှင့်အတူ အမှုတော်ကိုပြီးစီးစေတော်မူလိမ့်မည်ဖြစ်၍ ယင်းအပေါ် ကိုယ်တော်၏သက်သေခံတံဆိပ်တော်ခတ်နှိပ်ပေးတော်မူပါလိမ့်မည်။(ဃ ၇၃.၁)

ကောင်းစွာဖွဲ့စည်းပြုလုပ်သောအမှုတော်လုပ်ငန်းသည် အသင်းတော်၌ လုပ်ဆောင်ပြီးစီးစေရမည်။ ဤသို့ဖြင့် အသင်းသားများက အခြားသူတို့အား မည်သို့တရားအလင်းပေးရမည်ကို နားလည်ကြပြီ။ သူတို့၏ကိုယ်ပိုင်ယုံကြည်ခြင်းသည် အားကောင်းလာ၍ သူတို့၏အသိဉာဏ်သည်လည်း တိုးပွားလာမည်။ ဘုရားသခင့်အထံတော်မှ သူတို့ရခဲ့သည်များကို သူတို့ပေးကမ်းလိုက်နိုင်သည့်အခါ သူတို့၏ယုံကြည်ခြင်းသည်လည်း တည်တံ့နေပါလိမ့်မည်။ အလုပ်လုပ်သောအသင်းတော်သည် အသက်ရှင်သောအသင်းတော်ဖြစ်သည်။ ကျွန်ုပ်တို့သည် အသက်ရှင်သောကျောက်တုံးများအဖြစ် ဖွဲ့စည်းတည်ထောင်နေ၏။ ကျောက်တုံးတိုင်းသည် အလင်းကိုထုတ်လွှင့်ပေးရသည်။ ခရစ်ယာန်တိုင်းသည် အဖိုးတန်သောကျောက်မျက်ရတနာကဲ့သို့ဖြစ်၍ ဘုန်းတော်ရောင်ခြည်ကို ဖမ်းယူကာ ရောင်ပြန်ထုတ်လွှင့်နိုင်ကြပါသည်။ (ဃ ၇၃.၂)

စုံလင်သောဖွဲ့စည်းခြင်း၏သင်ခန်းစာ

ထာဝရဘုရားသခင်သည် ဣသရေလလူမျိုးသူငယ်များ၏အကျိုးအတွက် မောရှေ၏နေ့ရက်များ၌ စတင်ပြုစုပေးခဲ့သည့်စုံလင်သောနည်းစနစ်မှ စနစ်တကျရှိခြင်းနှင့်ဖွဲ့စည်းမှုရှိခြင်းသင်ခန်းစာများကို ကျွန်ုပ်တို့လေ့လာမိကြစေရန် ဘုရားသခင်ပုံစံချထားပေးခဲ့ပါသည်။ (ဃ ၇၃.၃)

အသင်းတော်ဖွဲ့စည်းခြင်း၏ပထမခြေလှမ်း

ခရစ်တော်ကောင်းကင်သို့တက်ကြွတော်မူပြီးသောအခါ မြေကြီးပေါ်၌ ကိုယ်တော်၏အမှုတော်ကို ဆက်လက်သယ်ယူသွားစေရန် အသင်းတော်ဖွဲ့စည်းခြင်း၏ပထမခြေလှမ်းသည် တပည့်တော်တစ်ဆယ့်နှစ်ပါးတို့အား ဘိသိက်ပေးတော်မူခဲ့ခြင်းပင်တည်း။ (ဃ ၇၃.၄)

အသင်းတော်အဖွဲ့အစည်းပုံစံပြ

ယေရုရှလင်မြို့ရှိ အသင်းတော်အဖွဲ့အစည်းသည် သမ္မာတရားသတင်းပေးသူများက ဧဝံဂေလိတရားဘက်ဆီသို့ ပြောင်းလဲသူများကို အောင်နိုင်

ရစေသောနေရာတိုင်းရှိ အသင်းတော်အဖွဲ့အစည်းများအတွက် နမူနာပုံစံတစ်ခု အဖြစ် ရပ်တည်ပေးခဲ့ပါသည်။ ကနဦးအသင်းတော်များသမိုင်း၏နောက်ပိုင်း ကာလများတွင် ကမ္ဘာ့နေရာဒေသအသီးသီး၌ရှိကြသော ယုံကြည်သူအုပ်စု များသည် အသင်းတော်ကို စုစည်းခဲ့ကြပါသည်။ အသင်းတော်အဖွဲ့အစည်း များသည်လည်း ဆက်လက်ပြည့်ဝစုံလင်မှုရှိလာသည်။ စနစ်တကျနှင့်ဝိုင်းညီ လုပ်ဆောင်သောလှုပ်ရှားမှုကို ထိန်းသိမ်းလာခဲ့ကြသည်။ အသင်းသားတိုင်း ကိုယ်စီသည်လည်း သူ၏ဆိုင်ရာအပိုင်းအလိုက် ကောင်းစွာလုပ်ဆောင်ကြရန် တိုက်တွန်းအားပေးခြင်းကိုခံယူခဲ့ကြသည်။ လူတိုင်းကလည်း သူ၌အပ်နှံထား သည့်အစွမ်းအစကို အမြော်အမြင်ရှိစွာသုံးစွဲလာခဲ့ကြပါသည်။ (ဃ ၇၃.၅)

## ကိုယ်စီကိုယ်ငနေရာတကျရှိစေခြင်း

အသင်းတော်သို့ ပြောင်းလဲမှုအဆင့်သို့ရောက်ရှိလာသူတိုင်းသည် သူ၏တာဝန်ပိုင်းကိုလည်း ချမှတ်ခွဲဝေယူကြရမည်။ တစ်ဦးတစ်ယောက်စီတိုင်း ကလည်း ဤကာလဝိညာဉ်ရေးရာတိုက်ပွဲတွင် ဘာမဆိုဝင်ရောက်လုပ်ကိုင် လိုသောစိတ်ဆန္ဒရှိနေရမည်။ (ဃ ၇၄.၁)

ဘုရားသခင်အလိုရှိသည်မှာ အုပ်စုများများ၊ အဆောက်အဦကြီးကြီး နှင့်ခမ်းနားသောအပြင်အဆင်မျိုးတွေမဟုတ်ပါ။ ဘုရားသခင်ရွေးကောက်တော် မူ၍ အဖိုးတန်ခြင်းနှင့်တစ်မူထူးခြားစွာနေထိုင်ကြသောလူများ၏သင့်မြတ်စွာ လက်ညီတက်ညီလှုပ်ရှားမှုကို လိုလားတော်မူသည်။ လူတိုင်းသည် သူ့နေရာ နှင့်သူလျော်ညီစွာတွေးခြင်း၊ ပြောခြင်း၊ လှုပ်ရှားခြင်းများ၌ ဘုရားဝိညာဉ်တော် အားဖြင့် ညီညွတ်မှုရှိနေရမည်။ နောင်အခါနှင့် နောင်ကာလမရောက်မီ၌ပင် ဥသဘ်အချိုးညီသောအမှုတော်မြတ်သည် ပြည့်ဝစုံလင်ခြင်းရှိလာလိမ့်မည်ဖြစ် သတည်း။ (ဃ ၇၄.၂)

တပ်မကြီးတစ်ခု၏အင်အားသည် စစ်သည်တော်များ၏အစွမ်းကို ကြီးစွာတွက်ဆကြည့်ယူရပါမည်။ ဥာဏ်ကောင်းသောဗိုလ်ချုပ်သည် သူ့လက်အောက်အရာရှိများကို စစ်သားတိုင်းတက်ကြွစွာတာဝန်ထမ်းဆောင်

နေစေဖို့ သွန်သင်ပေးထားရန် လမ်းညွှန်မိန့်ဆိုထားရမည်။ စစ်တပ်တစ်တပ်လုံး၏ကဏ္ဍတိုင်း၌ အမြင့်ဆုံးစွမ်းရည်တိုးတက်မှုရှိနေစေရန်မှာ ဗိုလ်ချုပ်တစ်ယောက်၏လိုလားချက်ဖြစ်၏။ ဗိုလ်ချုပ်သည် သူ့လက်အောက်အရာရှိများ၌သာ မှီခိုနေရပါလျှင် အောင်မြင်သောတိုက်ပွဲတစ်ခုကို ရယူနိုင်ဖို့ သူ၌ဘယ်အခါမျှဖြစ်မလာပါ။ သူ့တပ်တစ်ခုလုံးရှိ လူတိုင်းက တပ်မအပေါ် သစ္စာရှိခြင်းနှင့် လုံးလုံးလျားလျားဝန်ဆောင်တိုက်ပွဲဝင်ကြမည်ကို ဗိုလ်ချုပ်တန်ဖိုးထားတတ်သည်။ ထို့ကြောင့် တာဝန်ရှိမှုအပိုင်းသည် တပ်သားများအပေါ်ဝယ် ကျယ်ကျယ်ပြန့်ပြန့်တည်နေပါ၏။ (ဃ ၇၄.၃)

သခင်ဘုရားသည် ဧဝံဂေလိအမှုဆောင်ရန် ခေါ်ယူနေပါသည်။ မည်သူလိုက်ပါမည်နည်း။ တပ်မကြီးတစ်ခုထဲသို့ဝင်သောသူတို့သည် ဗိုလ်ချုပ်များ၊ ဗိုလ်ကြီးများ၊ အကြပ်အရာရှိများ (သို့မဟုတ်) တပ်ကြပ်ငယ်များအားလုံး ဖြစ်လာကြရမည်မဟုတ်ပါ။ လူတိုင်းသည်လည်း ဂုဏ်ပြုခံ၊ တာဝန်ရှိသော ခေါင်းဆောင်ပိုင်းကိုမရနိုင်ပါ။ အဆင့်အမျိုးမျိုး၌လုပ်နိုင်ဖို့ကြီးစွာကြိုးစားရပါသည်။ တချို့ကတုတ်ကျင်းတူး၊ တချို့ရဲတိုက်များဆောက်၊ တချို့ကင်းစောင့်တာဝန်ယူ၊ တချို့လူများက သတင်းပေးပို့ခြင်းတာဝန်နှင့်ပြေးလွှားနေကြရမည်။ စစ်တပ်မှာအရာရှိအနည်းအကျဉ်းသာရှိတတ်ပြီး အခြားအဆင့်အကြပ်တပ်သားများ များစွာလိုအပ်သည်။ သို့တိုင်အောင်မြင်မှုသည် စစ်သားတိုင်း၏သစ္စာရှိမှုအပေါ်၌တည်ပါ၏။ တစ်ယောက်ယောက်၏သူရဲဘောကြောင်မှု (သို့မဟုတ်) သစ္စာဖေါက်ပုန်ကန်မှုသည် တပ်မကြီးတစ်ရပ်လုံးအပေါ်ဝယ် ဆိုးကျိုးရောက်စေပါသည်။ (ဃ ၇၄.၄)

## အောင်မြင်မှုလျှို့ဝှက်ချက်

အမှုတော်မြတ်ထဲ၌ ကျွန်ုပ်တို့အောင်မြင်ခြင်း၏လျှို့ဝှက်ချက်ကို ကျွန်ုပ်တို့၏လူများက တက်ညီလက်ညီလုပ်ဆောင်နေမှုအပေါ်၌ မြင်ရမည်။ သူတို့အားလုံးသည် အာရုံစူးစိုက်လှုပ်ရှားမှုရှိနေကြရမည်။ ခရစ်တော်၏ခန္ဓာထဲ၌ရှိနေကြသောလူတိုင်းသည် ဘုရားသခင့်ဘုန်းတော်အောက်ရှိ သူ့အပိုင်းကို

ဘုရားပေးသောသူ၏အစွမ်းအစနှင့်တကွ ပါဝင်လုပ်ရှားနေကြရမည်။ အဖျက် အမှောင့်နှင့် အခက်အခဲများကို ပခုံးချင်းယှဉ်၍သော်လည်းကောင်း၊ နှလုံးသား ချင်းချစ်၍သော်လည်းကောင်း အတူတကွရင်ဆိုင်ဖြေရှင်းလိုက်ကြမည်။ (ဃ ၇၅.၁)

ဇာတ်ပွဲတစ်ခု၌ ခရစ်ယာန်များပါဝင်လှုပ်ရှားကြမည်ဆိုပါလျှင် ရည်မှန်း ချက်တစ်ရပ်ပြီးမြောက်စေရန် အာဏာတစ်ခုအောက်၌ စီစဉ်ညွှန်ကြားမှုကိုခံ ယူ၍ တညီတညွတ်တည်းရှေ့သို့တိုးဝင်တတ်ကြသကဲ့သို့ သူတို့သည် လောက ကိုရွှေ့စေလိမ့်မည်။ (ဃ ၇၅.၂)

ကောင်းကင်တမန်များသည် ဝိုင်းညီစုံညီတင်ဆက်တတ်ကြသည်။ စုံလင်သောစနစ်တကျရှိခြင်းသည် သူတို့လှုပ်ရှားမှုတစ်ရပ်လုံး၏လက္ခဏာဖြစ် သည်။ ထိုသို့သောကောင်းကင်ဗိုလ်ခြေများ၏ဝိုင်းညီစုံညီစနစ်တကျရှိခြင်းကို ကျွန်ုပ်တို့သည် နည်းယူ၍ အချင်းချင်းပိုမိုနီးကပ်စွာရှိလာလေလေ၊ ကျွန်ုပ်တို့ ၏ကိုယ်စားဖြစ်သောကောင်းကင်ကိုယ်စားလှယ်များ၏အားထုတ်မှုများသည် လည်း ကျွန်ုပ်တို့အတွက် ပိုမို၍အောင်မြင်ခြင်းကို ရရှိစေလိမ့်မည်ဖြစ်သတည်း။ အကယ်၍ ကျွန်ုပ်တို့၌ တက်ညီလက်ညီလှုပ်ရှားမှုလိုအပ်ချက်မတွေ့ရခြင်း၊ ပရမ်းပတာဖြစ်နေခြင်း၊ စည်းမဲ့ကမ်းမဲ့ရှိခြင်း၊ လှုပ်ရှားမှုတိုင်း၌လည်း ဖွဲ့စည်း ဆောင်ရွက်ခြင်းမရှိဖြစ်ခဲ့သော် အသေအချာဖွဲ့စည်း၍ စုံလင်သောစနစ်ဖြင့် လှုပ်ရှားနေသောကောင်းကင်တမန်များသည် ကျွန်ုပ်တို့အတွက် အောင်ခြင်းကို ပြသမပေးနိုင်ကြပါ။ သူတို့ဝမ်းနည်း၍ ဆုတ်ခွာသွားကြလိမ့်မည်။ စိတ်ညစ် စရာများ၊ စိတ်သောကရောက်စရာများနှင့်ဖွဲ့စည်းခြင်းမရှိသည်များကို ကောင်းချီး ပေးဖို့ အာဏာသည် ကောင်းကင်တမန်များ၌မရှိပါ။ ကောင်းကင်ဘုံသတင်း ပေးတမန်များနှင့် ပူးပေါင်းပါဝင်မှုကိုလိုလားကြသူအားလုံးသည် သူတို့နှင့် ညီညီညာညာလုပ်ဆောင်တတ်ကြရမည်။ အထက်အရပ်မှ ဆီလောင်းဘိသိက် ခံယူလိုသူတိုင်းသည် လှုပ်ရှားကြိုးပမ်းမှုအားလုံး၌ စနစ်တကျရှိမှု၊ စည်းကမ်း ရှိမှု၊ ညီညာလှုပ်ရှားမှုများကို တိုက်တွန်းခံယူကြရမည်။ သို့မှသာလျှင် ဘုရား သခင်၏ကောင်းကင်တမန်များသည် သူတို့နှင့်အတူ စုပေါင်းပါဝင်လုပ်ကိုင်

ပေးလာလိမ့်မည်။ သို့ရာတွင် ကောင်းကင်ဘုံသတင်းပေးတမန်များသည် မညီမညွတ်နှင့်စနစ်တကျမရှိ၊ ဖွဲ့စည်းခြင်းမရှိမှုများအပေါ် သူတို့၏ထောက်ခံခြင်းကိုဘယ်သောအခါမျှ ပေးလိမ့်မည်မဟုတ်ကြောင်း သိထားကြရမည်။ (ဃ ၇၅.၃)

အချိန်အခါအလိုက်သတိပေးချက်

စနစ်တကျလုပ်ဆောင်တတ်ရန်မှာ လိုအပ်ချက်ဖြစ်သည်။ သို့ရာတွင် လူတချို့သည် ဖန်တီးချက်၊ စီမံချက်၊ အလုပ်အတွက် ပြင်ဆင်ချက်များ၌ အချိန်အကြာကြီးယူနေခဲ့ကြသည်။ ထိုအချိန်အတွင်း စာတန်သည် ကြောက်ဒူးတုန်နေသူများကို ညို့ယူဖမ်းစားခြင်းဖြင့် အမှုဆောင်မည့်သူများ၏အာရုံသည်လည်း လှည့်စားပြုစားတတ်သူ၏ထင်ယောင်ထင်မှားဖြစ်စေခြင်းအောက်သို့ ဆွဲသွင်းဝင်ရောက်သွားရလေ၏။ (ဃ ၇၅.၄)

စာတန်သည် ထိုလူစုထဲသို့ သူဝင်ရှုပ်ခွင့်ရသဖြင့် သိသိသာသာ ဖွဲ့စည်းဆောင်ရွက်ဖို့လိုအပ်ချိန်တွင် အဖွဲ့အစည်းဖြစ်မလာ၊ အလွဲအမှားအယောင်ဆောင်စကားများနေကြခြင်းက အမှောင်တန်ခိုးကို ဖြစ်စေ၍ နောက်ဆုံး၌ အုပ်စုအလိုက်လှုပ်ရှားမှုသည်
နှုတ်ကပတ်တော်အမှန်အကန်စေစားခြင်းမရှိကြောင်း
ထုတ်ပြောလာကြသည့်တိုင်အောင်ဖြစ်လာစေသဖြင့် စာတန်သည် အဘယ်မျှဝမ်းသာနေလေမလဲ။ သို့ဖြစ်၍ ကျွန်ုပ်တို့သည် ပုံစံမှန်သောစည်းမျဉ်းများကို ဆုပ်ကိုင်ထားရမည်။ အဖွဲ့အစည်းနှင့် စနစ်တကျတည်ရှိမှုစနစ်သည် ဉာဏ်ပညာနှင့်ချင့်ချိန်၍ အသေအချာတာဝန်ပေးအပ်တည်ဆောက်ပေးထားသည်ဖြစ်သောကြောင့် ဖြိုချဖျက်ဆီးခြင်းမပြုလုပ်ရပါ။ စနစ်မရှိ၊ ပရမ်းပတာမိမိစိတ်တိုင်းကျရောက်လာ၍ အမှုတော်မြတ်ကို ထိန်းချုပ်လိုသောသဘောနှင့်ဝင်လာကြသူများကို ဤအချိန်တွင် ခွင့်ပြုမိန့်လိုင်စင်ထုတ်ပေးခြင်းမပြုရပါ။(ဃ ၇၅.၅)

# အခန်း (၉)
# နိုးထစေရန်ခေါ်ယူခြင်း

ဒေသနာများ (လှုံ့ဆော်သံများ)

ဇဝ်ဂေလိဟောပြောချက်များသည် ကျွန်ုပ်တို့၏အသင်းတော်များမှ တစ်ဆင့် ခေါင်းလောင်းထိုးသံပေး၍ တစ်ကမ္ဘာလုံးဆိုင်ရာလှုပ်ရှားမှုကို ဆင့်ခေါ်ကြရမည်။ အသင်းတော်ရှိအသင်းသူ/အသင်းသားများသည် သူတို့ မျက်မြင်မရသောကောင်းကင်ဘုံသားမဟာမိတ်များထံမှသော်လည်းကောင်း၊ သူတို့၏မနွမ်းမနယ်သောအရင်းအမြစ်ဉာဏ်ပညာမှသော်လည်းကောင်း၊ သူတို့ ပါဝင်လုပ်ကိုင်နေသောလုပ်ငန်းကြီး၏ခမ်းနားခြင်းနှင့် ခေါင်းဆောင်များ၏ အစွမ်းအစများဆီမှသော်လည်းကောင်း ယုံကြည်ခြင်းတိုးတက်စေ၍ စိတ်အား ကြီးလာခြင်းကို အမြတ်ထုတ်ယူတတ်ကြပါစို့။ဘုရားသခင်၏ဦးဆောင်လမ်းညွှန် ခြင်းကိုခံယူရန် ကိုယ်တော်၏ထိန်းချုပ်မှုအောက်၌ ကိုယ်တိုင်နေရာချထား သူများသည် ကိုယ်တော်ခင်းကျင်းသောဖြစ်စဉ်များအထဲပါဝင်နိုင်ရန် ဟန်ချက် ညီသောခြေလှမ်းများဖြင့် တိုးဝင်ကြရမည်။ လောကီသားတို့၏အသက်ရဖို့ အတွက် အသက်ပေးအပ်ခဲ့သူ၊ ခရစ်တော်ဝိညာဉ်နှိုးဆော်ခြင်းကိုခံရလျက်နှင့် သူတို့မလုပ်တတ်၊ မကိုင်တတ်ဟုဆို၍ ဘယ်တော့မျှရပ်တန့်မနေကြရ။ မလုပ် နိုင်၊ မကိုင်နိုင်ဟုဆို၍လည်း လက်ညှိုးထိုးပြမနေကြရ။ ကောင်းကင်ဘုံမှ ပေးသောလက်နက်စုံကို ဝတ်ဆင်လျက် ဘုရားသခင်အတွက် လုပ်ရဲသည်။ ရင်ဆိုင်ရဲသည်ဆိုသည့်စိတ်ကိုမွေးကာ ဝိညာဉ်တိုက်ပွဲဆီသို့ သူတို့ရှေ့ဆက် ချီတက်တိုက်ပွဲဝင်ရလိမ့်မည်။ သူတို့လိုအပ်သမျှကိုလည်း အရာရာပေးကမ်း နိုင်စွမ်းသောအနန္တတန်ခိုးရှင်မှ ပေးကမ်းလိမ့်မည်ဆိုသည်ကို သူတို့သိထားကြ ပါသည်။ (ဃ ၇၇.၁)

နိုးထကြပါစို့၊ တိုက်ပွဲဆင်နွှဲနေကြသည်။ သမ္မာတရားနှင့် မိစ္ဆာတရား တို့ယှဉ်ပြိုင်မှုနိဂုံးရောက်လုနီးပြီ။ ဇမာနွေလမင်းသား၏သွေးစွန်းသောရဲတံခွန် တိုင်အောက်မှာ ကျွန်ုပ်တို့ချီတက်ကြမည်။ ယုံကြည်ခြင်းတိုက်ပွဲအတွက်

ကောင်းစွာတိုက်လှန်မည်။ သမ္မာတရားအောင်ပွဲအတွက် ထာဝရဂုဏ်ပြုခြင်းကို ခံယူမည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကိုချစ်တော်မူသောသခင်ဘုရားမှတစ်ဆင့် အောင်ခြင်းကို ပို၍ရနိုင်ကြပြီး အဖိုးတန်စမ်းသပ်ကာလနာရီများသည် နိဂုံး ရောက်ပေတော့မည်။ ကောင်းကင်ဘုံရှင်ကျွန်ုပ်တို့၏ခမည်းတော်ဘုရားသခင် ဘုန်းတော်ကို ထင်ရှားစေရန် ထာဝရအသက်အတွက် အမှုတော်ကို ကျွန်ုပ် တို့အသေအချာလုပ်ဆောင်ကြပါစို့။ သို့ပြုလျှင် ခရစ်တော်အသက်ပေး၍ ချစ်ခဲ့ ရသောဝိညာဉ်များစွာ၏ကယ်တင်ခြင်းအဓိပ္ပါယ်ကို ပေါ်လွင်လာစေမည်ဖြစ် သတည်း။ (ဃ ၇၇.၂)

## ချီတက်မိန့်

ခရစ်ယာန်အုပ်စုများသည် ဘုရားတရားမရှိသူများဆီသို့ သာသနာ ပြုဝင်ရောက်ကြိုးပမ်းခြင်းအောင်မြင်ရန် ဖြစ်နိုင်ချေများကို ဆွေးနွေးနေကြစဉ် ဝယ်လင်တန်မြို့စားကြီးသည် တစ်ချိန်တစ်ခါပါဝင်ဆွေးနွေးခဲ့ပါသည်။ တက်ရောက်ခဲ့ကြသူများကလည်း ယင်းကြိုးပမ်းမှုပြုရာ၌ အောင်မြင်ခြင်းရဖို့ အတွက် ညီမျှသောကုန်ကျစရိတ်တစ်ရပ်ကို မြို့စားကြီးအမိန့်ချမှတ်ရေးပေးဖို့ လိုအပ်ကြောင်း တောင်းဆိုခဲ့ကြသည်။ ထိုစဉ်စစ်သားအိုတစ်ဦးထပြောလိုက် သည်။ "လူကြီးမင်းများခင်ဗျား၊ သင်တို့ချီတက်မိန့်ကြားကြသလား။ အောင်မြင် ခြင်းဆိုတာ ဒီနေရာမှာမေးခွန်းထုတ်ဆွေးနွေးဖို့မဟုတ်ပါဘူး။ ကျွန်ုပ်တို့ဟာ ချီတက်မိန့်ရလိုက်ပြီဆိုတာနဲ့ ပြေးတက်လိုက်ဖို့ပါပဲ။ "၁၇သင်တို့သည် လောကီနိုင်ငံ အရပ်ရပ်ရှိသမျှသို့သွား၍ ဝေနေယျသတ္တဝါအပေါင်းတို့အား ဧဝံဂေလိတရားကိုဟောကြားကြလော့" တဲ့ လူကြီးမင်းများခင်ဗျား။ ချီတက် မိန့်ကို သင်တို့နာခံကြပါ။ (ဃ ၇၇.၃)

## နှောင့်နှေးဖို့အချိန်မရှိ

"ထာဝရဘုရား၏နေ့ကြီးနီးပြီ။ အလျင်အမြန်လာ၏" (ဇေဖနိ ၁း၁၄)။ ဧဝံဂေလိသတင်းကောင်းတည်းဟူသောခြေနင်းကို ကျွန်ုပ်တို့စီး၍ သတိပေး

ချက်ရသည်နှင့်တစ်ပြိုင်နက် ချီတက်ဖို့အဆင်သင့်ရှိနေကြရပါမည်။ (ဃ ၇၈.၁)

အသင်းသူ/အသင်းသားများခင်ဗျား၊ သခင်ဘုရား၏အမိန့်တော်ကို နာခံကြရန် လူပ်ရှားမှုအနဲ့အပြားရောက်သွားစေဖို့ အမြဲအဆင်သင့်ရှိနေကြပါ။ အလုပ်ပြီးစီးအောင် လုပ်ဆောင်စရာကျွန်ုပ်တို့တွေ့ရသည့်အခါတိုင်း သခင်ယေရှုကို စေ့စေ့မျှော်ကြည့်လျက် အလုပ်ကိုယူတင်ရွက်ဆောင်ကြမည်။ အကယ်၍သာ အသင်းတော်အထဲမှ အသင်းသားများသည် ရှင်သန်သောသာသနာပြုစိတ် ရှိကြပါလျှင် နိုင်ငံတိုင်း၊ လူတိုင်း၊ လူအမျိုးမျိုးနှင့်ဘာသာစကားအမျိုးမျိုး ပြောသူတိုင်းဆီသို့ ဧဝံဂေလိသတင်းစကားကြွေးကြော်ခြင်းသည် လျင်မြန်စွာ ရောက်သွားပါလိမ့်မည်။ (ဃ ၇၈.၂)

ဤကမ္ဘာကြီး၏သမိုင်းကြောင်း ကုန်ဆုံးလုနီးနေပြီ။ ကြီးသောအမှုတစ်ခုကျွန်ုပ်တို့အရှေ့၌ရှိနေသည်။ ဒုစရိုက်ပြုနေကြသောလောကကြီးအား နောက်ဆုံးသတိပေးသတင်းစကားပြောရန် တံခါးပိတ်အမှုတစ်ခုရှိနေသည်။ လယ်ထွန်နေကြသူများ၊ စပျစ်ခြံအလုပ်သမားများ၊ အခြားလုပ်ငန်းအမျိုးမျိုးကိုလုပ်ကိုင်နေကြသူများအထဲက ရွေးနုတ်ခံကြရသောသူများသည် လောကကြီးသို့ ဤနောက်ဆုံးသတင်းစကားပြောကြားကြရန် သခင်ဘုရားက သူတို့ကိုရှေ့တန်းတင်စေလွှတ်နေပါသည်။ (ဃ ၇၈.၃)

မြေကြီးတစ်လျှားတစ်နံတစ်လျှောက်လုံးဆီသို့ ခေါင်းလောင်းထိုး၍ နှိုးဆော်အသံပေးကြပါစို့။ သခင်ဘုရား၏နေ့ရက်ရောက်လုနီးပြီဖြစ်သောကြောင့် အလျင်အမြန်လာကြဟူ၍ လူတွေကိုပြောရမည်။ သတိပေးခြင်းမခံရသူတစ်ယောက်မျှမကျန်စေရ။ ကျွန်ုပ်တို့သည် အမှားလုပ်နေကြသည့်သနားစရာ ဝိညာဉ်များစွာတို့၏ဒေသတွင်း၌ ရောက်နေနိုင်သည်။ လူရိုင်းတို့၏ဒေသအထဲ၌လည်း ကျွန်ုပ်တို့ကိုနေရာချထားခဲ့နိုင်သည်။ သမ္မာတရား၏အဆိုအရသူတစ်ပါးဆီက ကျွန်ုပ်တို့အခမဲ့ယူခဲ့ကြသည်ဖြစ်သောကြောင့် ထိုနည်းတူ အခြားသူများဆီသို့လည်း ဖြန့်ဝေပေးကြဖို့ ကျွန်ုပ်တို့အကြွေးတင်လျက်ရှိ၏။ (ဃ ၇၈.၄)

ကျွန်ုပ်၏ညီအစ်ကိုညီအစ်မများတို့ခင်ဗျား၊ ကိုယ်ကျိုးရှာဖို့ မိမိအချိန်နှင့်ခွန်အားကို စိတ်စွဲလမ်းနေရန် အလွန်နောက်ကျလို့နေပါပြီ။ နောက်ဆုံးနေ့တွင် ကောင်းကင်ဘဏ္ဍာကင်းမဲ့နေခြင်း သင်၌မဖြစ်ပါစေနှင့်။ လက်ဝါးကပ်တိုင်၏အောင်ပွဲဆီသို့ ချဉ်းကပ်ပါ။ ဝိညာဉ်များကိုလင်းစေရန် ရှာဖွေ ပါ။ သင့်အပေါင်းအသင်းတို့၏ကယ်တင်ခြင်းအတွက် လုပ်ဆောင်ပါ။ ထိုအခါ သင့်အမှုသည် မီးနှင့်စစ်၍ကျန်လိမ့်မည်။ (ဃ ၇၈.၅)

ဤသတင်းစကားကို စည်းမျဉ်းအပေါ် စည်းမျဉ်း၊ ပညတ်အပေါ် ပညတ်တို့ဖြင့် ကျွန်ုပ်တို့အမြန်ဟောပြောပေးရလိမ့်မည်။ လူတွေလည်း ဆုံးဖြတ်ချက်ကြီးမားစွာပြု၍ အနိုင်ရောက်လာလိမ့်မည်။ သူတို့တစ်တွေသည် သမ္မာတရားကို နားလည်နိုင်သောအခွင့်အရေးရစေဖို့နှင့် မှန်သောဘက်သို့ သူတို့ဉာဏ်ပညာသုံး၍ ရောက်လာကြဖို့ ကျွန်ုပ်တို့ဖြစ်စေလိုကြသည်မှာ ကျွန်ုပ်တို့၏တာဝန်ဖြစ်ပါ၏။ ဘုရားသခင်၏လူများသည် အမှုဆောင်ရာတွင် စမ်းသပ်အချိန်ကျန်ရှိနေသေးသည့်ကာလအတွင်း စိတ်အားထက်သန်စွာနှင့် ပညာသုံး၍လုပ်ဆောင်ကြရန် ကိုယ်တော်ခေါ်ယူနေပါသည်။ (ဃ ၇၉.၁)

ပျောက်ဆုံးနေဖို့ ကျွန်ုပ်တို့၌ အချိန်မပေးနိုင်တော့ပါ။ နောက်ဆုံးအချိန်ရောက်လုနီးပြီ။ သမ္မာတရားဖြန့်ဝေခြင်းသည် တစ်နေရာမှတစ်နေရာဖြတ်သန်းလာခဲ့ရာ မကြာမီအန္တရာယ်သည် ညာဘက်၊ ဘယ်ဘက်တို့၌ဝေ့လည်ဝန်းရံလာလိမ့်မည်။ အရာရာတိုင်းသည်လည်း သခင်ဘုရား၏သတင်းစကားပြောသူများ၏လမ်းကို တားဆီးရန် နေရာယူလာကြလိမ့်မည်။ ယခုသူတို့လုပ်လျှင် ဖြစ်နိုင်သေးသည့်ထိုအမှုကို ထိုအခါ၌ သူတို့ကိုမလုပ်နိုင်၊ မကိုင်နိုင်ဖြစ်သွားစေလိမ့်မည်။ ကျွန်ုပ်တို့သည် မျှတစွာမျက်နှာရှာ၍ လုပ်ကိုင်တတ်ရမည်။ ဖြစ်နိုင်သမျှ အမြန်ဆုံးနှုန်းဖြင့် တက်ကြွသောတိုက်ပွဲဆီ၌ ရှေ့တိုးလုပ်နေရမည်။ ဘုရားသခင်ပေးသောဉာဏ်အလင်းဖြင့် ကျွန်ုပ်သိရသည်မှာ အမှောင်တန်ခိုးသည် အောက်ခြေမှပြင်းထန်သောအားနှင့် တွန်းနေသည်။ စာတန်သည် သူခိုးခြေလှမ်းဖြင့် ယခုအိပ်ပျော်နေသူများအနီးအပါးသို့ ချဉ်းကပ်လာနေသည်မှာ မြေခွေးတစ်ကောင်သည် သားကောင်ချောင်းနေသည်နှင့်တူ

ပါ၏။ ကျွန်ုပ်တို့ပေးနိုင်သောသတိပေးချက် ကျွန်ုပ်တို့၌ယခုရှိသည်။ လုပ်နိုင်သည့်အလုပ်လည်း ကျွန်ုပ်တို့၌ယခုရှိနေသည်။ သို့သော် မကြာမီ ကျွန်ုပ်တို့တွေးထင်သည်ထက် ပိုမိုခက်ခဲခြင်းရောက်လာလိမ့်မည်။ အလင်းရောင်လမ်းကြောင်းအတွင်းမှာ ကျွန်ုပ်တို့ကိုထိန်းထားပေးဖို့ ဘုရားသခင်ကျွန်ုပ်တို့အား ကူညီမစတော်မူပါ။ ကျွန်ုပ်တို့၏သခင်ဘုရားယေရှုကို မြဲစွာစေ့စေ့ဆင်ခြင်ကြည့်ရှုပြီး လုပ်ဆောင်နိုင်ရန်လည်း ပြသတော်မူပါ။ အောင်မြင်ခြင်းကိုရဖို့ရာ ကျွန်ုပ်တို့သည် စိတ်ရှည်ခြင်း၊ သည်းခံနိုင်ခြင်းတို့ဖြင့် အရောက်ခေါ်တော်မူပါဘုရားသခင်။ (ဃ ၇၉.၂)

အန္တရာယ်သည် နှောင့်နှေးနေသေး၏။ သင်တွေ့ရနိုင်သည်မှာ ဝိညာဉ်တစ်ခု၊ ထိုသူကိုပင် သင်သည် ကျမ်းစာဖွင့်ပြပေးနိုင်ပါသော်လည်း သင်လက်လှမ်းမရောက်နိုင်သေးပြီ။ စာတန်သည် ထိုသူ၏ခြေလှမ်းကို ဖမ်းမိရန်ပိုက်ကွန်ဖြန့်ကြက်ထားခဲ့သည်။ နောက်တစ်နေ့မှာ ထိုသူသည် ဘုရားသခင့်ရန်သူကြီး၏အကြံအစည်အောက်သို့ ကျရောက်သွားရလေပြီ။ တစ်ရက်လောက်ကိုဘာကြောင့်နှောင့်နှေးနေရသလဲ။ ဘာကြောင့် ချက်ချင်းသွားရောက်အမှုမဆောင်ကြပါသလဲ။ (ဃ ၇၉.၃)

သတိဝီရိယရှိခြင်းနှင့် သစ္စာတရားသည် အသက်အရွယ်တိုင်းရှိခရစ်တော်၏နောက်လိုက်များ၌ ရှိရမည့်လိုအပ်ချက်ဖြစ်သည်။ သို့ရာတွင် ယခုအခါ ထာဝရကမ္ဘာကြီး၏အစွန်ဆုံးအဖျားတွင် ကျွန်ုပ်တို့ရပ်တည်နေကြရပြီ။ သမ္မာတရားကို ဆုပ်ကိုင်ထားလျက် အလင်းကြီးကိုလည်းရ၍ အရေးကြီးသောအမှုတော်မြတ်တစ်ရပ်အတွက် ကြိုးစားမှုဝီရိယနှစ်ဆသည် ကျွန်ုပ်တို့၌ထားရှိရမည်။ လူတိုင်းသည် သူ့အစွမ်းကို အားကုန်သုံး၍ အလုပ်လုပ်ကြရမည်။ ညီအစ်ကိုတို့၊ ယခုသင်နောက်ဆုတ်သွားလျှင် သင်၏ကိုယ်ပိုင်ကယ်တင်ခြင်းကို အန္တရာယ်ပေးနေလေပြီ။ ဘုရားသခင်သည် သင့်အတွက်ချမှတ်ပေးထားသည့်အလုပ်ကိုလုပ်ရန် သင်သည် ပျက်ကွက်လျှင် ရှင်းပြပေးဖို့သင့်ကိုခေါ်ယူလိမ့်မည်။ (ဃ ၇၉.၄)

အရေးကြီးသောမေးခွန်းများ

ထာဝရကမ္ဘာကို ကျွန်ုပ်တို့ရှေ့မှာဖြန့်ကြဲထားသည်။ ခန်းဆီးလိုက်ကာကိုဆွဲတင်ရန် အသင့်ဖြစ်နေပြီ။ ကျွန်ုပ်တို့ဘာကိုတွေးနေသလဲ။ သက်သောင့်သက်သာတစ်ကိုယ်ကောင်းဆန်တဲ့အတ္တကို တွယ်ဖက်နေသလား။ ကျွန်ုပ်တို့ပတ်ပတ်လည်မှာ အသက်ဝိညာဉ်တွေပျက်စီးနေသည်ကို မမြင်လေသလော။(ဃ ၈၀.၁)

ကျွန်ုပ်တို့၏နှလုံးသားများသည် လုံးလုံးလျားလျားထိုင်းမှိုင်းနေပါသလား။ (ဃ ၈၀.၂)

သူတစ်ပါးအတွက် ကျွန်ုပ်တို့အမှုဆောင်ပေးရမည်ကို ကျွန်ုပ်တို့မမြင်နိုင်၊ သဘောမပေါက်နိုင်ဖြစ်နေကြပါသလား။ (ဃ ၈၀.၃)

ကျွန်ုပ်၏ညီအစ်ကို၊ ညီအစ်မများတို့၊– သင်တို့သည် မျက်စိရှိလျက်နှင့်မမြင်၊ နားရှိလျက်နှင့်မကြားသောအမျိုးဖြစ်နေကြပါသလား။ (ဃ ၈၀.၄)

ဘုရားသခင်အလိုတော်ကို သိသောဉာဏ်သင့်အားပေးထားသည်မှာ အသုံးမကျဖြစ်နေသလား။ (ဃ ၈၀.၅)

နောက်ဆုံးနေ့ရောက်လုနီးပြီဆိုသည့်အကြောင်းကို သတိပေးခြင်း၊ ထပ်ဆင့်သတိပေးခြင်းဖြင့် သင့်ကိုပြောခိုင်းထားသည်မှာ သင့်အတွက် အသုံးမကျဖြစ်နေပါသလား။ (ဃ ၈၀.၆)

ကမ္ဘာလောကကြီးအပေါ်သို့ ဖြစ်လာမည့်အကြောင်းနှင့်ပတ်သက်၍ ဘုရားသခင်၏နှုတ်ကပတ်တော်ကြေညာခြင်းကို သင်ယုံကြည်မှုရှိပါသလား။(ဃ ၈၀.၇)

ဘုရားသခင်၏တရားစီရင်ခြင်းသည် မြေကြီးပေါ်မှာ နေထိုင်ကြသူအားလုံးအပေါ်သို့ကျရောက်မည်ကို သင်ယုံကြည်ပါသလား။ (ဃ ၈၀.၈)

ဒါဆိုရင်ဘာယ်လိုလုပ်ပြီး သင်ဟာ သက်သောင့်သက်သာ၊ အမှုမထား၊ မလှုပ်မယှက်နေနေရပါသလဲ။ (ဃ ၈၀.၉)

အိပ်ရာထဖို့နိုးသံ

အမှုတော်သည် လျင်မြန်စွာတံခါးပိတ်နေပြီး ဘက်ပေါင်းစုံမှဆိုးညစ်မှုလည်း တိုးပွားနေ၏။ ထိုအတွက် လုပ်ဆောင်ရန် ကျွန်ုပ်တို့မှာအချိန်တိုတစ်ခုသာရှိပါတော့သည်။ ဝိညာဉ်ရေးရာပျင်းရိနေခြင်းမှ နိုးထကြပါ။ ကျွန်ုပ်တို့၌ရှိသောအရာအားလုံးကို သခင်ဘုရားအဖို့ တင်လှူဆက်ကပ်လိုက်ကြပါ။ သန့်ရှင်းသောဝိညာဉ်တော်သည် မှန်သောသာသနာပြုသူများအထဲ၌ ရှိနေလိမ့်မည်။ သူတို့အမှုဆောင်ဖို့အတွက် တန်ခိုးနှင့်တကွ သူတို့ကိုဖြည့်ဆည်းပေးနေသည်။ (ဃ ၈၀.၁၀)

နိုးထကြပါ။ ညီအစ်ကိုမောင်နှမများတို့ နိုးထကြပါ။ ဆက်မအိပ်ကြပါနှင့်တော့။ "သင်တို့ဘာကြောင့် ဒီမှာအလုပ်မလုပ်ဘဲ ရပ်နေကြသလဲ။" ယေရှု သင့်ကိုခေါ်ယူနေသည်။ "ငါ့စပျစ်ခြံထဲမှာ ဒီနေ့သွားအလုပ်လုပ်ကြ။" သန့်ရှင်းသောဝိညာဉ်တော်ကို လက်ခံရရှိသူတိုင်းသည် ပေါ်လွင်ထင်ရှားပြလိမ့်မည်။ အကြောင်းမူကား၊ တန်ခိုးတော်အလုံးစုံသည် တက်ကြွဝန်ဆောင်မှုအကောင်းဆုံးဖြင့် အသုံးတော်ခံလေ၏။ ယုံကြည်ခြင်းနှင့်ခရစ်တော်ကို အမှန်တကယ်ရကြသူများအားလုံးသည် အမှုတော်ဆောင်ရွက်ရမည်။ ဝိညာဉ်များ၏ဝန်ထုပ်ကို သူတို့ခံစားမိကြသည်။ သမ္မာတရားအသိဉာဏ်ကိုရကြသူလူတိုင်း၊ အထွတ်အမြတ်ဖြစ်သောသစ္စာကို သိလျောင်ထားရှိသူတိုင်းသည် နိုးထ၍ အခြားသူများအတွက် ကောင်းကင်အလင်းကို ဖြန့်ဝေပေးကြရန် ယနေ့ဘုရားသခင်ခေါ်ယူနေပါသည်။ (ဃ ၈၀.၁၁)

နိုးထကြပါ၊ ညီအစ်ကိုများတို့၊– သင့်ဝိညာဉ်ရေးအဖို့ နိုးကြပါ။ ခရစ်တော်၏ကျေးဇူးတော်သာမရှိလျှင် သင်ဘာမျှမလုပ်နိုင်ပါ။ သင်လုပ်နိုင်သည့်အချိန်မှာ သင်လုပ်လိုက်ပါ။ (ဃ ၈၀.၁၂)

ကျွန်ုပ်တို့သည် ကျဆုံးခဲ့သောကောင်းကင်တမန်များ၏လုပ်ချက်များကို ခွဲခြားသိမြင်နိုင်စွမ်းရှိပါလျှင် သက်သောင့်သက်သာနေထိုင်ကြပြီး သူတို့

ကိုယ်သူတို့လုံခြုံလုပါသည်ဟု အထင်ရောက်နေကြသူများအပေါ်မှာ သူတို့ အလွန်လုံခြုံနေသည်ဟု မခံစားမိတော့ပြီ။ စာတန်၏နတ်ဆိုးတမန်များသည် ကျွန်ုပ်တို့၏ခြေရာလမ်းကြောင်းပေါ်သို့ အချိန်မရွေးရောက်လာနိုင်ပါသည်။ (ဃ ၈၁.၁)

တရားဟောဆရာများနှင့် လူများအားလုံးကို နိုးထကြရန် ဘုရားသခင် ခေါ်ယူနေပါသည်။ ကောင်းကင်တစ်ခွင်တစ်ပြင်လုံးသည် အုတ်အော်သောင်း တင်းဖြစ်နေပြီ။ မြေကြီးသမိုင်းပုံပြင်သည်လည်း အမြန်ပိတ်တော့မည်။ နောက်ဆုံးသောနေ့များ၏ဘေးအန္တရာယ်အလယ်တွင် ကျွန်ုပ်တို့ရောက်ရှိနေ ကြပြီ။ ပို၍ကြီးမားသောဘေးအန္တရာယ်သည် ကျွန်ုပ်တို့အရှေ့သို့ရောက်နေသည့် တိုင် ကျွန်ုပ်တို့မနိုးကြ။ ဘုရားသခင့်အလိုတော်ဖြစ်သောနိုးထခြင်းနှင့် အလွန် ကြိုးစားခြင်းကင်းမဲ့သည်မှာ ကြောက်မက်ဖွယ်ဖြစ်၏။ ဤသို့သေခြင်းနှင့်ဆိုင် သောသတိလစ်မေ့မြောနေခြင်းသည် စာတန်မာရ်နတ်၏လက်ချက်ဖြစ်သည်။(ဃ ၈၁.၂)

ဘုရားသခင်၏လူအကြွင်းအကျန်များကို အိပ်ရာမှနိုးထစေရန် အကျွန်ုပ် ဘာပြောရပါ့မလဲ။ ကြောက်မက်ဖွယ်မြင်ကွင်းကြီးသည် ကျွန်ုပ်တို့အရှေ့ရောက် နေပြီကို ကျွန်ုပ်ပြောပြခဲ့ပြီးပြီ။ စာတန်နှင့်သူ၏တမန်ဆိုးများသည် ဘုရားသခင် ၏လူများအပေါ်သို့ သူတို့အမှောင်တန်ခိုးအားလုံးကို ယူတင်ပေးနေသည်။ သူတို့သိကြ၏။ လူတွေနည်းနည်းပိုအချိန်ယူအိပ်ပျော်ကြလျှင် သူတို့၌ပျက်စီး ခြင်းဖြစ်လာတော့မည့်အကြောင်း စာတန်သည် အသေအချာသိနေ၏။ (ဃ ၈၁.၃)

လူတို့၏သားသမီးများအတွက် ဤနောက်ဆုံးနာရီအချိန်စမ်းသပ် ကာလထဲမှာ ဝိညာဉ်အားလုံး၏ကံကြမ္မာသည် ထာဝရအဖို့အမြန်ဆုံးအဆုံး အဖြတ်ပေးရပေတော့မည်။ ကောင်းကင်နှင့်မြေကြီးအရှင်သခင်သည် ယခင် ကနှင့်ဘယ်လိုမျှမတူသောလှုပ်ရှားမှုဖြင့် နိုးထလာကြရန် အသင်းတော်ကို မျှော်လင့်နေပါ၏။ အဖိုးတန်သမ္မာတရားဉာဏ်အလင်းအားဖြင့် ခရစ်တော်၌ လွတ်ခြင်းအခွင့်ရခဲ့ကြသူများသည် ရွေးကောက်တော်မူခြင်းခံရသူများအဖြစ်

သခင်ယေရှု၏မြတ်နိုးခြင်းကိုခံရကြပြီး မြေကြီးမျက်နှာပြင်ပေါ်ရှိ လူအပေါင်းတို့ထက် သာ၍အခွင့်အရေးရကြပါသည်။ သခင်ယေရှုသည်လည်း အမှောင်ထဲမှထူးကဲအံ့ဖွယ်အလင်းထဲသို့ ခေါ်ယူခြင်းခံရသူများက ကျေးဇူးတော်ချီးမွမ်းခြင်းကိုရှေ့ထွက်ပြသကြရန် သူတို့၌မျှော်လင့်လျက်ရှိနေပါသည်။ ဤကောင်းချီးမင်္ဂလာသည် သူတို့၌လွတ်လပ်စွာအပ်နှင်းထားသည်ဖြစ်၍ သူတစ်ပါးနှင့်ဆက်သွယ်ဝင်ရောက်သွားစေဖို့ဖြစ်သည်။ ကယ်တင်ခြင်းသတင်းကောင်းသည်အားလုံးသောတိုင်းပြည်၊ လူမျိုးနွယ်၊ ဘာသာစကားအမျိုးမျိုးပြောသူ လူအုပ်စုများဆီသို့ ရောက်သွားရမည်။ (ဃ ၈၁.၄)

ကျွန်ုပ်တို့အထဲက လူတစ်ရာလျှင် တစ်ယောက်ယောက်သည် ပုံမှန်လောကစီးပွားလုပ်ငန်းအထဲ ဆက်သွားနေလျှင် သူသည် ထိုအရာကိုကျော်၍ဘာတစ်ခုခုကိုမျှ မလုပ်လိုတော့။ အဖိုးတန်ဝိညာဉ်များစွာအတွက် ခရစ်တော်အသေခံပေးခဲ့သည်ဖြစ်၍ မနိုးတစ်ဝက်နိုးတစ်ဝက်နှင့် တစ်ဝက်တစ်ပျက်ကျွန်ုပ်တို့ရှိနေရမည်မဟုတ်။ (ဃ ၈၁.၅)

ယနေ့ကာလ၌ ခရစ်တော်၏နောက်လိုက်များသည် တာဝန်နှင့်အတူနိုးထလျှင် တစ်ယောက်တည်းရှိရာမှ ထောင်ပေါင်းများစွာရှိလာလိမ့်မည်။ သူတို့သည် ဘာသာတရားမရှိသောဒိဋ္ဌိနယ်မြေအထဲသို့ သတင်းကောင်းတရားကိုဝင်ရောက်ကြေညာရပါလိမ့်မည်။ ဤအမှုတော်သို့ ကိုယ်တိုင်မဆက်မိကြသူလူတိုင်းသည် သူတို့၏ရည်စူးခြင်း၊ စာနာခြင်း၊ ဆုတောင်းခြင်းတို့ဖြင့်ထောက်ပံ့လုပ်ကိုင်နိုင်ကြသည်။ ယနေ့ခရစ်ယာန်တိုင်းပြည်များအထဲ၌ရှိသောဝိညာဉ်များစွာအတွက် အားစိုက်လုပ်ဆောင်နေကြသူများလိုနေသေးကြောင်းတွေ့ရလိမ့်မည်။ (ဃ ၈၁.၆)

လူထောင်ပေါင်းများစွာသည် ကြီးမြတ်သောအလင်းနှင့် ဤတန်ဖိုးရှိသောအခွင့်အရေးကို ယူတတ်ကြပါ၏။ သို့ရာတွင် သူတစ်ပါးကိုအလင်းပေးဖို့သူတို့၏အရှိန်ဩဇာနှင့် သူတို့ပိုင်ငွေကြေးကိုကား ဘာတစ်ခုမျှမသုံးလိုကြ။ ထို့အတူ ဘုရားသခင်၏မေတ္တာအောက်၌ရှိသောသူတို့ကိုယ်ပိုင်ဝိညာဉ်များကို စောင့်ထိန်းရန် တာဝန်ရှိမှုအပိုင်းကိုလည်း သူတို့မခံယူလိုကြ။ အသင်း

တော်၏ဝန်ထုပ်တစ်ခုအဖြစ်လည်း သူတို့ယူပြမလာကြ။ ထိုကဲ့သို့သောလူတိုင်းသည် ကောင်းကင်ဘုံ၏ဝန်ထုပ်တစ်ခု၊ အပိတ်အဆို့တစ်ခုဖြစ်နေရလိမ့်မည်။ ခရစ်တော်အတွက်၊ သမ္မာတရားအလင်းအတွက်၊ ထိုသူတို့၏ကိုယ်တိုင်အတွက် သူတို့သည် အိပ်ပျော်နေရာမှ နိုးထကြ၍ ထာဝရအကျိုးအလို့ငှါ ကြိုးပမ်းအားထုတ်အလုပ်လုပ်ကြရမည်။ (ဃ ၈၂.၁)

ခရစ်တော်၏အသင်းတော်သည် စစ်တပ်ကြီးတစ်ခုနှင့် ယှဉ်၍ပြောရမည်။ စစ်သားတိုင်း၏ဘဝသည် အလုပ်ပင်ပန်း၊ အလုပ်ကြမ်းတမ်းနှင့် အန္တရာယ်ဘဝဖြစ်သည်။ စစ်မျက်နှာစာအသီးသီး၌ ဘယ်သောအခါမျှ မပျင်းမရိ၊ ဘယ်သောအခါမျှ တာဝန်ကျနေရာမှ မခွါတတ်သောအမှောင်တန်ခိုးရှင်၏နိုးကြားထကြွနေသည့်ရန်သူများရှိနေသည်။ ခရစ်ယာန်စစ်သည်တစ်ယောက်သည် အသင့်အနေအထားပျက်ပြီဆိုသည်နှင့် ထိုအမှောင်တန်ခိုးပြိုင်ဘက်၏ရုတ်တရက်ပြင်းထန်စွာတိုက်ခိုက်ခြင်းကို ခံရပေမည်။ အသင်းတော်၌ အသင်းသားများသည် နိုးကြား၍ သတိဝီရိယရှိနေကြပါလျှင် စာတန်၏လက်နက်ကိုရင်ဆိုင်ရာတွင် အောင်မြင်နိုင်လိမ့်မည်။ (ဃ ၈၂.၂)

တပ်မကြီးတစ်ခု၌ စစ်သားတစ်ဝက်လောက်သည် တာဝန်ထမ်းဆောင်ရန် အမိန့်ပေးနေစဉ် မနာခံခြင်း (သို့မဟုတ်) အိပ်ပျော်နေခြင်းရှိခဲ့ကြသော် ဘာဖြစ်သွားမလဲ။ အဖြေကတော့ တိုက်ခိုက်ခံရမည်။ အဖမ်းခံပါသွားမည်။ သေဆုံးကြမည်ဖြစ်၏။ ရန်သူလက်က လွတ်ထွက်သွားမည့်သူများရှိသလား။ သူတို့သည်လည်း ဆုတံဆိပ်ရထိုက်သည်ဟု တွေးနေကြမလား။ မဖြစ်နိုင်။ သူတို့လည်း အနေးနှင့်အမြန်သေပြစ်ဒဏ်ခံရဖို့ရှိပါသည်။ ခရစ်တော်၏အသင်းတော်သည် အလေးမထား၊ ဂရုမစိုက်နှင့်သစ္စာတရားကင်းမဲ့သည်ဖြစ်သော် အရေးပါသောနောက်ဆက်တွဲဖြစ်ရပ်ကြီးများရောက်လာပေမည်။ အိပ်ပျော်နေသောခရစ်ယာန်စစ်သားများ၏တပ်မကြီးတစ်ခုသည် ဘယ်လောက်ပိုပြီးကြောက်စရာကောင်းလိုက်မလဲ။ လောကကိုရင်ဆိုင်ဖို့ ဘာရှေ့တိုးလုပ်နိုင်မလဲ။ အမှောင်တန်ခိုးမင်းသားကို ဘယ်သူကဘယ်လိုထိန်းချုပ်ထားနိုင်မလဲ။ တိုက်ပွဲရက်တွေမှာ တိုက်သူများနှင့် အတူမနေနောက်ဆုတ်နေတတ်တဲ့သူများသည်

တိုက်ပွဲကိုဝင်တိုက်လျှင် သူတို့၌အကျိုးမရှိ၊ တာဝန်လည်းမရှိဟု တွေးဆ
နေကြသူများဖြစ်သောကြောင့် သူတို့ကိုနေရာမှဆွဲထုတ် (သို့မဟုတ်) ချက်ချင်း
ပဲစစ်သူရဲအဖြစ်ကနေ ထုတ်ပစ်ရမည်။ (ဃ ၈၂.၃)

အရေးယူလုပ်ဆောင်သင့်၏

ဘုရားသခင်၏လူများသည် သူတို့အပေါ်မှာ တစ်စုံတစ်ရာအပြောင်း
အလဲဖြစ်လာမှာကို အထူးသဖြင့် အနိုင်အထက်ပြုသည့် တန်ခိုးရှင်က သူတို့
ကိုကိုင်ပြောင်းပေးလိုက်မှာကို စောင့်မျှော်နေကြကြောင်း ကျွန်ုပ်တွေ့ရဖူးသည်။
သူတို့ဒီလိုဖြစ်နေတာ မှားတယ်ပြောလျှင် သူတို့စိတ်မကောင်းဖြစ်ကြမည်။
သူတို့လှုပ်ရှားအလုပ်လုပ်သင့်ကြ၏။ သူတို့ကိုယ်တိုင်အလုပ်လုပ်ဖို့ အလုပ်ရှိ
နေကြရမည်။ သူတို့ကိုယ်တိုင်၌ အလုပ်လုပ်ခြင်းအသိဉာဏ်အမှန်ဝင်လာရန်
ဘုရားသခင်ထံ စိတ်ပါလက်ပါငိုကြွေးဆုတောင်းခံယူကြရမည်။ ကျွန်ုပ်တို့
အရှေ့မှာ ဖြတ်သန်းကျော်သွားနေသောမြင်ကွင်းသည် ကျွန်ုပ်တို့အား နိုးထ
စေရန် အကြောင်းလုံလောက်မှုကြီးတစ်ရပ်ဖြစ်ပါ၏။ ဤစကားကို နားကြား
ကြသူများအားလုံးသည် သူတို့နှလုံးအိမ်ထဲသို့ သမ္မာတရားကို မောင်းသွင်း
ပေးကြရမည်။ မြေကြီးပေါ်၌ ကောက်ရိတ်သိမ်းရန် လယ်ကွင်းပြင်သည်
တဝင်းဝင်းရှိလုပြီ။ (ဃ ၈၂.၄)

တတိယကောင်းကင်တမန်၏သတင်းပေးစကားအတိုင်း သူတို့အား
သိစေအပ်ပြီးဖြစ်သည့် သမ္မာတရားကြွေးကြော်ပေးခြင်းအတွက် သူတို့ကိုယ်တိုင်
က လုံးလုံးလျားလျားဆက်ကပ်ထားပြီးဖြစ်သည်ကို သူတို့အမှန်သိပြီး ဖြစ်ကြ
သူများကို စကြဝဠာအနှံ့အပြားအရာအားလုံးက ဟစ်ခေါ်နေကြပါ၏။ ထိုအခါ
ကျွန်ုပ်တို့တာဝန်ထမ်းရန် ကျွန်ုပ်တို့အားခေါ်သံကို ကျွန်ုပ်တို့မြင်ရ၊ ကြားရ
လေပြီ။ စာတန်ကိုယ်စားလှယ်များလှုပ်ရှားလာခြင်းသည် ခရစ်ယာန်တိုင်းက
သူကျရာနေရာ၌ ခံရပ်ဖို့ ဖိတ်ခေါ်ခံယူလိုက်ခြင်းဖြစ်၏။ (ဃ ၈၃.၁)

မကြာမီအတွင်း ခရစ်တော်ကြွဆင်းလာတော့မည်ဟူသောသတင်း
စကားကို ကမ္ဘာအနှံ့လူမျိုးအပေါင်းတို့အား ပြောကြားရပေမည်။ရန်သူစာတန်၏

တိုက်အားကို တွန်းလှန်ရန်နှင့် မရပ်မနားကြိုးပမ်းမှုနှင့် သတိဝီရိယရှိဖို့ လိုအပ်သည်။ ကျွန်ုပ်တို့သည် လက်ကိုပိုက်ကာ ထိုင်ပြီးငိုမနေရပါ။ ထာဝရကာလအတွက် အချိန်ရှိစဉ်ထဲ၌ အလုပ်လုပ်ကြရမည်။ (ဃ ၈၃.၂)

ကိုယ်အင်အားကိုအကုန်သုံး၍ တစ်ခုခုလုပ်လိုက်ပါ။ အမြန်လုပ်လိုက်ပါ။ မနားမနေတာရှည်လျှင် ကောင်းကင်တမန်တောင်ပံပြုတ်ကျလာမည်။ မလှုပ်မယှက်နေသောသူကို ဘုရားသခင်ကောင်းချီးမပေးတော့ပါ။ (ဃ ၈၃.၂၈)

လူတစ်ယောက်က သူသည် သူ၏လက်ကိုဆုပ်ကိုင်၍ ဘာမျှမလုပ်မကိုင်ဘဲနှင့် လွတ်လပ်ခွင့်ရနေပါပြီဟု အထင်ရောက်မသွားပါစေနှင့်။ ပျင်းရိနေပြီး မလှုပ်မရှားနေကြသူမည်သူဖြစ်ဖြစ်၊ ကယ်တင်ခြင်းခံရမည်ဆိုသည်မှာ လုံးလုံးမဖြစ်နိုင်သောအရာသာတည်း။ ခရစ်တော်သည် မြေကြီးပေါ်၌ သာသနာပြုစဉ် အမှုပြီးပြီဟုဆိုခဲ့သည်ကို စဉ်းစားကြည့်ပါ။ ဘယ်လောက်စိတ်ပြင်းထန်သလဲ။ ဘယ်လောက်အနားမရဖြစ်လိုက်သလဲ။ ကိုယ်တော်ဟာ အားစိုက်၍ ကြိုးစားပေးခဲ့ရတာပါ။ ယေရှုသည် သူ့ကိုပေးအပ်ခဲ့သည့်အမှုတော်ကို ဘေးချထား၍ ထွက်သွားရန် ဘာတစ်ခုကိုမျှ အခွင့်မပေး။ ယေရှု၏ခြေရာကို ကျွန်ုပ်တို့နောက်လိုက်လှမ်းဝင်နိုင်ပါသလား။ (ဃ ၈၃.၃)

ကောင်းကင်ဘုံနှင့်လူသားကိုယ်စားလှယ်များသည် ဝိညာဉ်ကယ်တင်ရေးအမှုတော်မြတ်၌ ပူးတွဲလုပ်ဆောင်ကြသည်။ ဘုရားသခင်သည် သူ့အပိုင်းကိုသူလုပ်ဆောင်ပြီးစီးခဲ့ပြီ။ ခရစ်ယာန်များယခုအခါ လှုပ်ရှားကြဖို့လိုပါပြီ။ ဤအတွက် ဘုရားသခင်ခေါ်ယူနေသည်။ ဘုရားသခင်၏လူများသည် တိုင်းနိုင်ငံ အနှံ့သို့ သမ္မာတရားအလင်းတင်ဆက်ခြင်းအပိုင်းကို လုပ်ဆောင်ကြမည်ဟူ၍ ကိုယ်တော်မျှော်လင့်နေပါ၏။ သခင်ယေရှုခရစ်တော်နှင့်ပေါင်းဖက်ပါဝင်သော ဤအမှုတော်အထဲသို့ မည်သူဝင်လာမလဲ။ (ဃ ၈၃.၄)

အသက်ရှင်သောအသင်းတော်မှန်လျှင် အလုပ်လုပ်သောအသင်းတော်တစ်ပါးဖြစ်ရမည်။ အပြစ်တရားနှင့်မိစ္ဆာတို့၏တိုက်အားကို ဆန့်ကျင်သော

မြေပေါ်မှာရှိနေရုံသက်သက်နှင့် အားရကျေနပ်မနေသင့်ပါ။ နေးကွေးသော ခြေလှမ်းဖြင့် ရှေ့တိုးနေပါသည်ဟူ၍လည်း အားရမနေသင့်။ ထိုထက်ခရစ်တော်၏ထမ်းပိုးကို ထမ်းသင့်ကြ၏။ အလင်းရှင်ခေါင်းဆောင်၏ခြေလှမ်းကို လိုက်နင်းပါ။ ခရီးတစ်လျှောက်လုံး၌ တပ်သားအသစ်၊ လူသစ်များကိုအနိုင်ရအောင်စုဆောင်းသွားပါ။ (ယု ၈၃.၅)

ကျွန်ုပ်တို့၌ ဝိညာဉ်တိုက်ပွဲဝင်ရန် ပြောဆိုနေဖို့အချိန်အနည်းငယ်သာ ရှိပါသည်။ မကြာမီ ခရစ်တော်ကြွရောက်လာလိမ့်မည်။ ပုန်ကန်ထကြွနေသော မြင်ကွင်းသည်လည်း အဆုံးရောက်တော့မည်။ ထိုနောက်ကျွန်ုပ်တို့၏နောက်ဆုံးကြိုးပမ်းခြင်းသည် ခရစ်တော်နှင့်အတူ လုပ်ဆောင်လျက်ရှိနေပြီး ဘုရားသခင်၏နိုင်ငံတော်သည် ထင်ရှားလာမည်။ ရှေ့တန်းစစ်မြေပြင်၌ ရပ်တည်ခုခံနေကြသူအချို့တို့သည် ဝင်လာသည့်မကောင်းဆိုးဝါးများကို အရှုံးမပေးခုခံတိုက်နေလိမ့်မည်။ တာဝန်ကျနေရာ၌ပင် သူတို့သေဆုံးမည်။ အချို့တို့က ကျဆုံးသည့်အာဇာနည်များကို ဝမ်းနည်းပက်လက်ငေးစိုက်ကြည့်နေကြလိမ့်မည်။ သို့သော် သူတို့တိုက်ပွဲရပ်ပစ်ရန် အချိန်မဟုတ်သေး။ စစ်သူရဲရာထူးအဆင့်ဆင့်ကို သူတို့ပိတ်ပစ်လိုက်ကာ တိုက်ပွဲကျ၍ လက်အန်သေပြီး ထိုသူဆုပ်ကိုင်ထားသည့်အလံတော်ကို ဆွဲဖြုတ်ယူတင်ကြမည်။ သမ္မာတရားကို သက်ဘရှင်းရှင်းမြင်၍ ခွန်အားအသစ်နှင့် လန်းလန်းဆန်းဆန်းခရစ်တော်ကို ဂုဏ်ပြုကြမည်။ သူတို့၌ တစ်ကြိမ်တစ်ခါဖူးမျှ မဖြစ်ဘူးသောဒုစရိုက်ပြုခြင်းကိုမုန်း၍ အမှောင်တန်ခိုးများကိုလည်း ဆန့်ကျင်တိုက်ခိုက်ကြလိမ့်မည်။ အားစိုက်လှုပ်ရှားဖို့အချိန်ကျရောက်လို့နေပါပြီ။ လက်တွေ့သမ္မာတရားကို ယုံကြည်ကြသူများသည် ကိုယ်ဆိုင်ရာကဏ္ဍအလိုက် တက်ကြွစွာပါဝင်ကြဖို့ စိတ်ဆုံးဖြတ်ကြရမည်။ အကျင့်သီလအားဖြင့်လည်းကောင်း၊ ပုံသက်သေအားဖြင့်လည်းကောင်း သမ္မာတရားကိုခံယူ၍ သူတို့သွန်သင်ပေးကြရပေမည်။ (ယု ၈၄.၁)

ဒေသတိုင်း၌ရှိကြကုန်သောသတ္တမနေ့ မြော်လင့်ခြင်းအသင်းတော်၏ အသင်းသူ/အသင်းသားများသည် ဘုရားသခင်ထံ သူတို့ကိုယ်သူတို့ဆက်ကပ်ပူဇော်

ကြရန်နှင့် မိမိ၏ပကတိအခြေအနေအတိုင်း အကောင်းဆုံးအလုပ်လုပ်၍ အမှုတော်ကိုပါဝင်ကူညီကြရန် ဘုရားသခင်ယနေ့ခေါ်ယူနေပါသည်။ (ဃ ၈၄.၂)

အကျင့်မရှိ၊ ပျင်းရိခြင်းနှင့်ဘာသာရေးကိုးကွယ်ခြင်းတို့သည် လက်တွဲချိတ်ဆက်မရပါ။ ထို့အတူ ခရစ်ယာန်အသက်ရှင်မှုဘဝနှင့် အတွေ့အကြုံများ ၌ အကြီးဆုံးချို့တဲ့ခြင်းဖြစ်ရသည့်အကြောင်းသည် အမှုတော်မြတ်ထဲမှာ တက်ကြွပါဝင်မှုမရှိခြင်းဖြစ်သည်။ ခန္ဓာကိုယ်သည် လေ့ကျင့်ခန်းဆက်လုပ်နေခြင်းမရှိလျှင်ကြွက်သားများအားနည်း၍ အသုံးမရဖြစ်လာလိမ့်မည်။ ထိုနည်းတူ ဝိညာဉ်ခန္ဓာ၌လည်းဖြစ်၏။ သင်သည် အားကောင်းသန်မာလိုလျှင် သင့်အစွမ်းအစကို လေ့ကျင့်ပေးရမည်။ (ဃ ၈၄.၃)

ကျွန်ုပ်တို့သည် လုံ့လဝီရိယရှိသောအလုပ်သမားများဖြစ်ရမည်။ မလှုပ်မယှက်နေသောသူသည် စိတ်ပျက်စရာကောင်းသောသတ္တဝါဖြစ်၏။ လူတစ်ယောက်သည် ခရစ်တော်ပေးထားသောသူ့ဘဝကို အဆုံးတိုင်အောင် လုပ်သွားရန် တာဝန်ကြီးရှိနေလျက်နှင့် မလှုပ်မယှက်နေနိုင်ရလောက်အောင် ဘာဆင်ခြေများ သူရထားလို့လဲ။ သူတို့လေ့ကျင့်ခန်းမလုပ်ကြလျှင် ဝိညာဉ်ရေးရာအာရုံခံနိုင်စွမ်းအားသည် ကုန်ဆုံးလိမ့်မည်။ ဤသို့ဖြစ်ရန် စာတန်သည် ပုံစံချ၍ သူတို့ကိုဖျက်ဆီးပစ်နေသည်။ ကောင်းကင်တစ်ခွင်တစ်ပြင်လုံးသည် ဤကမ္ဘာလောကကြီးသို့ ခရစ်တော်ဒုတိယအကြိမ်ကြွလာတော်မူခြင်းအတွက် လူတိုင်းက ပြင်ဆင်လုပ်ကိုင်နေရာ၌ အလုံးစုံတက်ကြွလှုပ်ရှားချိတ်ဆက်နေပါသည်။ "အကျွန်ုပ်တို့သည် ဘုရားသခင်နှင့်အတူတကွ လုပ်ဆောင်နေကြသူများဖြစ်ကြပါ၏။" အရာရာကုန်ဆုံးခြင်းသည် လက်တွေ့ဖြစ်လာနေပြီ။ ယခုကျွန်ုပ်တို့၏အခွင့်အရေးသည် အမှုတော်ဆောင်ဖို့ဖြစ်ပါသည်။ (ဃ ၈၄.၄)

စိတ်နှလုံးပါလျက်နှင့် မစ်ရှင်အမှုဆောင်ရွက်ခြင်းသည် လိုအပ်ချက်ဖြစ်၏။ ပြတ်တောင်းပြတ်တောင်း ကြိုးစားပြုလုပ်ခြင်းသည် နည်းနည်းသာ အကောင်းရှိတတ်သည်။ ဂရုပြုလျက် အားစိုက်လုပ်ဆောင်နေကြရမည်။ စိတ်ပါလက်ပါလေးလေးနက်နက်လုပ်ဆောင်နေကြရမည်။ (ဃ ၈၅.၁)

ကျွန်ုပ်တို့အထဲမှလူအချို့သည် သူတို့အလုပ်လုပ်ဖို့ဆိုလျှင် အချိန်ယူစဉ်းစားရဦးမည်ဟု ပြောသူများရှိကြပါသည်။ သူတို့အား ဘုရားသခင်ပေးထားသောအစွမ်းအစများကို သူတို့အပြစ်လုပ်၍ လွှင့်ပစ်တတ်သူများအဖြစ် ဘာမျှမလုပ်ဘဲနေကြသူ၊ လူပျင်းများအဆင့်၌ ထား၍သတ်မှတ်လိုက်ကြရလိမ့်မည်။ (ဃ ၈၅.၂)

လောကထဲ၌ ကျွန်ုပ်တို့၏အဆင့်အတန်းသည် ဘာပါလိမ့်။ ကျွန်ုပ်တို့သည် အချိန်ကိုမျှော်လင့်နေသူများဖြစ်ကြ၏။ သို့သော် ထိုကာလကို စိတ်ကူးသက်သက်နစ်မြှုပ်နေခြင်းဖြင့် ကုန်လွန်နေစေသည်မဟုတ်။ မျှော်လင့်ခြင်း၊ ကင်းစောင့်ကြည့်ရှုခြင်းနှင့် ကြိုးပမ်းအားစိုက်လုပ်ကိုင်နေခြင်းသည် ပေါင်းစပ်နေရသည်။ ကျွန်ုပ်တို့၏အသက်တာသည် လောကအရာအားလုံး၌ အလုပ်ရှုပ်လျက်၊ မောင်းနှင်လျက်၊ ကြံစည်လျက်နှင့်ရှိနေကြရသည်မဟုတ်။ ဘုရားသခင်အလိုရှိတော်မူသော ပုဂ္ဂိုလ်ရေးကိုးကွယ်ကိုင်းရှိုင်းခြင်းနှင့်ဝတ်ပြုအမှုဆောင်ခြင်းကိုလည်း ကျွန်ုပ်တို့လျစ်လျူရှုမသွားကြပါ။ မိမိစီးပွားရေးလုပ်ငန်းများ၌ မပျင်းမရိလုပ်ကိုင်နေလျက်နှင့် စိတ်ဓာတ်ထက်သန်စွာ ဘုရားသခင်အား ဝတ်ပြုကိုးကွယ်ခြင်းပြုလျက်နေကြမည်။ ဝိညာဉ်မီးအိမ်ညှိထွန်းထားသည်။ ကျွန်ုပ်တို့၏မီးအိမ်ခွက်ထဲ၌ ကျေးဇူးတော်ဆီကို ဖြည့်ထားကြမည်။ ဝိညာဉ်ရေးရာသေဆုံးမှုကို တားဆီးသွားရန် ကြိုတင်ကာကွယ်ခြင်းအမှုတိုင်းကိုလည်း ပြုစုသွားမည်။ သခင်ဘုရား၏နေ့သည် သူခိုးကဲ့သို့ ကျွန်ုပ်တို့၏အပေါ်သို့ ရောက်ရှိပါစေသော။ (ဃ ၈၅.၃)

ဝိညာဉ်ရေးရာပျင်းရိခြင်းမရှိသောအချိန်ကာလထဲမှာ ကျွန်ုပ်တို့အသက်ရှင်နေကြရပါသည်။ ဝိညာဉ်တိုင်းသည် ကောင်းကင်ဘုံ၏အသက်စမ်းရေဖြင့်အားဖြည့်ယူနေကြရမည်။ (ဃ ၈၅.၄)

သင်သည် တတ်စွမ်းနိုင်သမျှ ဤဘဝ၌ ကောင်းသောအကျင့်သီလအလုံးစုံနှင့်ပြည့်စေပါ။ (ဃ ၈၅.၅)

ယေရှုနာမ၌ ယုံကြည်အပ်နှံကြသူအပေါင်းသည် အလုပ်ကြိုးစားလုပ်ကြသောသူများဖြစ်လာကြရန် ကိုယ်တော်လိုလားပါသည်။ လူပုဂ္ဂိုလ်

တစ်ယောက်ချင်းစီတိုင်းသည် ကျောက်တည်းဟူသောယေရှုခရစ်တော်၏အပေါ်၌တည်ဆောက်မှုရှိရန် လိုအပ်သည်။ လူတိုင်း၏ဝိညာဉ်ရေးအခြေခံကို အစွမ်းကုန်လိမ်ချိုးစမ်းသပ်ရန် မုန်တိုင်းတစ်ခုထကြွနေပါ၏။ ထို့ကြောင့် သဲအိတ်ကိုမရှာနှင့်။ ကျောက်ကိုရှာပါ။ နက်နက်တူး၍ သင်၏အုတ်မြစ်ကို အသေအချာစိုက်ပါ။ ဆောက်ကြ၊ ထာဝရအိမ်တော်အတွက် ဆောက်ကြပါ။ မျက်ရည်ကျလျက်၊ စိတ်နှလုံးပါလျက် ဆုတောင်းကြပါ။ သူတို့လူအယောက်စီတိုင်းသည် ဤအချိန်မှစ၍ ကောင်းသောအကျင့်သီလဖြင့် လုပသောဘဝများကိုတည်ဆောက်ကြရမည်။ ဤနောက်ဆုံးနေ့များ၌ ကာလက်လိုလူမျိုးတွေကိုအလိုအပ်ဆုံးဖြစ်နေပါပြီ။ (ဃ ၈၅.၆)

## ကောင်းကင်ဘုံ၌အတိုင်းအတာပမာဏ

စရိုက်လက္ခဏာ၏ပမာဏသည် အမြဲတမ်းတိုးတက်နေသည်။ ဘုရားသခင်၏ကောင်းကင်တမန်များသည် သင်၏စာရိတ္တတန်ဖိုးကို ခန့်မှန်းတွက်ဆနေသည်။ သင့်လိုအပ်ချက်ကို အသေအချာစိစစ်ပေးနေသည်။ ဘုရားသခင်ထံသို့ သင့်အမှုကို တင်ဆက်ပေးနေသည်။ (ဃ ၈၅.၇)

ကျွန်ုပ်တို့သည် ကျွန်ုပ်တို့လုပ်နိုင်သည့်စွမ်းပကားထက် စိုးစဉ်းမျှငယ်သောအလုပ်တစ်ခုကိုပင် လုပ်ဆောင်နိုင်ရန် တစ်ယောက်ချင်းစီတိုင်း၌တာဝန်ရှိနေစေရမည်။ ဘုရားသခင်သည် လုပ်ဆောင်မှုအတွက် ဖြစ်နိုင်ခြေအရာအားလုံး၏တိကျမှုကို တိုင်းတာနေပါသည်။ မသုံးဘဲထားသောလုပ်နိုင်စွမ်းရည်ကို တိုးတက်ကောင်းမွန်စေ၍ တန်ဖိုးထားယူတင်ပေးတော်မူသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အား ပေးအပ်ထားသောပင်ကိုယ်စွမ်းရည်ကို မှန်မှန်ကန်ကန်အသုံးချသွားဖို့ အားလုံးကိုဖြစ်လာစေလိုသည်။ ကျွန်ုပ်တို့လုပ်သင့်သည်ကို လုပ်ခဲ့သည့်အတိုင်း ကျွန်ုပ်တို့တစ်တွေစစ်ကြောစီရင်ခံကြရမည်။ သို့တိုင်အမှုပြီးစီးအောင်မလုပ်ခဲ့ကြသည့်အကြောင်းမှာ ဘုရားသခင်၏ဘုန်းတော်ထင်ရှားစေရသောကျွန်ုပ်တို့၌ရှိသည့်စွမ်းအင်ကို မသုံးခဲ့ကြသောကြောင့်ဖြစ်သည်။ ကျွန်ုပ်တို့၏ဝိညာဉ်များ မပျောက်ဆုံးခဲ့သည့်တိုင် ကျွန်ုပ်တို့မသုံးခဲ့

မိသောပင်ကိုယ်စွမ်းရည်၏ရလဒ်ကို ထာဝရကမ္ဘာရောက်လျှင် အသိတရား အမှန်ရမိကြလိမ့်မည်။ ကျွန်ုပ်တို့အတွက် အကျိုးရသင့်သော ဤအလုံးစုံ ဉာဏ်နှင့်ပင်ကိုစွမ်းရည်ကို အသုံးမပြုခဲ့သည့်အတွက် ထိုအခါ ထာဝရဆုံးရှုံး မှုတစ်ခုရှိနေလိမ့်မည်ဖြစ်၏။ (ဃ ၈၆.၁)

ဘာဖြစ်နေကြသလဲ

ခရစ်တော်၏စစ်သည်တိုင်းသည် ကိုယ့်တာဝန်ကိုယ်ကျေပွန်ခဲ့သော် လည်းကောင်း၊ ဇိအုန်မြို့တံတိုင်းပေါ်၌ ကင်းစောင့်သူတိုင်းသည် မှန်သော အသံနှင့်ခရာမှုတ်ခဲ့သော်လည်းကောင်း၊ လောကကြီးသည် ဤသတိပေးသတင်း စကားကို မကြာမတင်ကပင် ကြားခဲ့ကြပေလိမ့်မည်။ သို့သော် အမှုတော်သည် နှစ်များစွာနောက်ကျကျန်နေ၏။ လူတွေအိပ်ပျော်နေကြစဉ်အခါကပင် စာတန် သည် ကျွန်ုပ်တို့ကိုကျော်ဖြတ်၍ ချီတက်သွားနှင့်ပြီ။ (ဃ ၈၆.၂)

ကျွန်ုပ်တို့အားပေးထားသောအလုပ်ကို ယခုပင်လုပ်ကြပါစို့။ လူယောကျ်ား၊ လူမိန်းမအပေါင်းတို့အား သူတို့၌အန္တရာယ်ကျရောက်ပြီဆိုသည် ကို သိစေပြီး အိပ်ရာမှနိုးထကြရန် သတင်းစကားကြေညာပေးကြပါစို့။ အကယ် ၍သာ သတ္တမနေ့မြော်လင့်ခြင်းအသင်းတော်သည် သူ့အပေါ်၌ အပ်နှင်းထား သည့်အလုပ်ကို ပြီးစီးအောင်လုပ်နိုင်ခဲ့လျှင် ယုံကြည်သူအရေအတွက်သည် ဒီထက်ပိုများလာစရာအကြောင်းရှိပါသည်။ အမေရိကန်တိုင်းပြည်ရှိ မြို့အားလုံး ၌ ဤသတင်းစကားကို ဂရုတစိုက်ရှိကြသူများအားလုံးသည် ဘုရားသခင်၏ ပညတ်တော်ကို စောင့်ရှောက်လာကြလိမ့်မည်။ (ဃ ၈၆.၃)

ဘုရားသခင်၏အကြံအစည်တော်အတိုင်း ကိုယ်တော်၏လူများက ကမ္ဘာလောကကြီးသို့ ကရုဏာထားသော ဤသတင်းစကားကို သယ်ဆောင် ပေးသွားကြနိုင်ပါ့မလားဆိုသော် ခရစ်တော်ပြုတော်မူလိမ့်မည်တည်း။ ဤအရာမတိုင်မီ မြေကြီးပေါ်သို့ကြွလာတော်မူခဲ့ပြီးသည်ဖြစ်၍ သန့်ရှင်းသူ များသည် ဘုရားသခင်၏မြို့တော်၌ ကြိုဆိုခြင်းကို ခံယူကြရလိမ့်မည်။ (ဃ ၈၆.၄)

ကောင်းကင်ဘုံစာရင်း

ကမ္ဘာလောကကြီးသည် မစ်ရှင်သာသနာပြုများလိုအပ်နေသည်။ နေအိမ်၌ သာသနာပြုခြင်းဆက်ကပ်နစ်မြုပ်သူများလိုအပ်နေသည်။ မစ်ရှင်သာသနာပြုစိတ်မရှိကြသူခရစ်ယာန်တစ်ဦးတစ်ယောက်မျှ ကောင်းကင်ဘုံစာအုပ်ထဲမှာ စာရင်းသွင်းခံကြရလိမ့်မည်မဟုတ်။ (ဃ ၈၆.၅)

ဤအမှုတော်ကို ပုဂ္ဂိုလ်ရေးအနေဖြင့် မဆောင်ရွက်သောအသင်းတော်၏အသင်းသားများသည် ဘုရားသခင်နှင့်အဆက်ရသောအသက်ရှင်ခြင်း သူတို့၌မရှိဟု သူတို့ပြောနေသည်နှင့်တူပါ၏။ သူတို့၏အမည်များကိုလည်း ပျင်းရိသောအစေခံငယ်သားအဖြစ် စာရင်းသွင်းလိမ့်မည်။ (ဃ ၈၇.၁)

ဘာသာရေးလှုပ်ရှားမှုတိုင်း၌ လူအချို့သည် ဘုရားသခင်စေခိုင်းခြင်းအကြောင်းကို သူတို့မငြင်းပယ်သော်လည်း သူတို့ကိုယ်သူတို့တစ်သီးတခြားနေနေတတ်ကြသေးသည်။ အကူအညီပေးရန် တစ်စုံတစ်ရာကြိုးစားလုပ်ပေးရမည်။ လုပ်ပေးရန်လည်း သူတို့ငြင်းဆန်နေတတ်ကြသည်။ ဤသို့ဖြစ်လျှင် ထိုကဲ့သို့သောသူတစ်ဦးချင်းစီတိုင်းကို အမြင့်ဘုံ၌ စာရင်းပြုစုသောအခါ အမှတ်ရလိုက်ကြပါမည်။ ယင်းစာအုပ်တွင် မြုပ်ကွက်မရှိ၊ အမှားမှာရှိသည်ဖြစ်သောကြောင့် သူတို့လုပ်ချက်များကို စီရင်ခြင်းသို့ ပစ်ချထားလိုက်ကြမည်။ ဘုရားသခင် အတွက် ဝန်ထမ်းရန် အခွင့်အရေးရှိလျက်နှင့် ဘေးဖယ်ချထားသူတိုင်းကို ထိုသို့မှတ်သားစာရင်းရှိပါ၏။ ထိုနည်းတူ ယုံကြည်ခြင်းနှင့်မေတ္တာပါသော လုပ်ဆောင်ချက်တိုင်းသည် ထာဝရအလို၌ အမှတ်ရလျက်ရှိနေပါသည်။ (ဃ ၈၇.၂)

၁၈၇၉ ခုနှစ်၊ အောက်တိုဘာ (၂၃) ရက်၏နံနက်အချိန်နှစ်နာရီလောက်တွင် ဘုရားသခင်၏ဝိညာဉ်တော်သည် ကျွန်ုပ်အပေါ်၌ နားလာ၏။ ကျွန်ုပ်သည်လည်း ရောက်လာမည့်စီရင်ခြင်းကို အာရုံခံမြင်လိုက်ရ၏။ ထောင်ပေါင်းဆယ်လီဆယ်ဂဏန်းရှိကြသောလူများသည် ကြီးသောပလ္လင်ရှေ့၌ စုရုံးရောက်နေကြပြီး ပလ္လင်ထက်၏အာနုဘော်တော်အရောင်နှင့် ပုဂ္ဂိုလ်တစ်ပါးထိုင်နေသည်။ ထိုပုဂ္ဂိုလ်၏ရှေ့တွင် စာအုပ်တချို့တင်ထားသည်။ စာအုပ်တိုင်း၏အဖုံးပေါ်တွင် ရွှေစာလုံးနှင့်စာရေးသားထားသဖြင့် မီးစွယ်မီးညွန့်

တောက်လောင်နေသည်နှင့်တူ၏။ "ကောင်းကင်ဘုံစာရင်းစာအုပ်" ဖြစ်၏။ ထိုစာအုပ်များအနက် စာအုပ်တစ်အုပ်တွင် သမ္မာတရားကို ယုံကြည်ပါသည်ဟု ပြောဆိုကြသောသူများ၏အမည်နာမများပါရှိသည်။ ထိုစာအုပ်ကိုဖွင့်ခဲ့ပြီး ချက်ချင်းဆိုသလိုပင် ပလ္လင်ရှေ့၌ မရေမတွက်နိုင်သောသန်းပေါင်းများစွာ သောလူများသည် ကျွန်ုပ်၏မြင်ကွင်းမှ ပျောက်ဆုံးကုန်၏။ အလင်းနှင့် သမ္မာတရား၏သားသမီးများဖြစ်သည်ဟု ဝန်ခံပြောဆိုသောသူများကိုသာလျှင် ကျွန်ုပ်မြင်ရပါတော့သည်။ (ဃ ၈၇.၃)

အခြားစာအုပ်ကိုဖွင့်လိုက်ပြန်သည်။ ဤစာအုပ်အထဲတွင် အမှန်တရား ကိုဝန်ခံပြောဆိုသောသူတို့၏ဒုစရိုက်များကို ရေးသွင်းထားသည်။ အတ္တဆို သောယေဘုယျခေါင်းစဉ်အောက်၌ အခြားသောဒုစရိုက်များအားလုံးပါဝင်သည်။ အတန်းအစားတစ်ခုတွင် မြေကြီးလေးသူများအဖြစ် စာရင်းသွင်းထားသည်။ တရားသူကြီး၏စူးရှသောမျက်လုံးက သူတို့အပေါ်သို့ရောက်လေသော် သူတို့ မဆင်မခြင်ပြုခဲ့သောဒုစရိုက်များသည် သဲသဲကွဲကွဲပေါ်ထင်လာ၏။ ဖျော့တော့ တုန်ယင်သောနှုတ်ခမ်းနှင့် သူတို့အသိထဲသို့ ထိုးဖေါက်ဝင်ရောက်လာသည် မှာ သူတို့သည် သူတို့၏သန့်ရှင်းသောသခင်ကို သစ္စာဖေါက်ခဲ့လေပြီဆိုသည့် အကြောင်းပင်တည်း။ ထိုစဉ်က သူတို့သတိပေးခံခဲ့ရသည်။ အခွင့်အရေးလည်း အပေးခံခဲ့ရပါသည်။ သို့သော် သူတို့မနာယူသလို၊ တိုးတက်မှုလည်း လုပ်မပြ ခဲ့ကြချေ။ ဘုရားသခင်၏သနားခြင်းမေတ္တာတော်ကို သူတို့အလွန်ကြီးမှတ်ယူ ပြီးရောက်လာကြကြောင်း၊ ယခုအခါမှာသူတို့မြင်လိုက်ရ၏။ မှန်ပါ၏။ သူတို့ သည် မျက်နှာဖုံးအောက်၌ သူတို့၏အခြေခံပျက်စီးဖေါက်ပြန်နေခြင်းကို အပြစ် ဝန်ခံခြင်းမပြုခဲ့ကြပါ။ သဘော်သဖန်းပင်ကဲ့သို့ သူတို့၌အကျိန်အမင်္ဂလာရှိလေ ပြီ။ အဘယ်ကြောင့်ဆိုသော် သူတို့အသီးမသီးခဲ့ကြပါ။ သူတို့ကိုစိတ်ချ၍ ပေးအပ်ခဲ့သောပင်ကိုယ်စွမ်းရည်ကိုလည်း သူတို့ထုတ်မသုံးခဲ့ကြပါ။ ဤအတန်း အစားသည် မိမိကိုယ်ကျိုးကိုသာဦးထိပ်ထားပြီး အတ္တဆန္ဒအတွက်သာ လုပ်ဆောင်ခဲ့ကြသည်။ သူတို့သည် ဘုရားသခင်ရှေ့၌ ချမ်းသာသူများမဟုတ် ကြ။ သူတို့အပေါ်၌ ကိုယ်တော်ရှက်ဆောင်စေလိုတော်မူသည်များကိုလည်း

သူတို့တုံ့ပြန်မလုပ်ဆောင်ခဲ့ကြပါ။ ခရစ်တော်၏အစေခံများဖြစ်သည်ဟု သူတို့ပြောဆိုခဲ့ကြသော်လည်း ကိုယ်တော်ထံ ဝိညာဉ်တစ်လုံးမျှ ယူတင်မပို့ပေးခဲ့ကြပါ။ ဘုရားသခင်၏အမှုတော်သည် ထိုသူတို့လုပ်ကွက်အပေါ်၌သာ တည်နေရမည်ဆိုလျှင် အမှုတော်ကျဆင်းသွားမည်သာဖြစ်၏။ အဘယ်ကြောင့်ဆိုသော် သူတို့အပေါ်ဘုရားသခင်ချေးငှါးပေးထားသောအရာများအားလုံးကို ကိုင်ရုံကိုင်ထားကြသူများဖြစ်ကြ၏။ သူတို့ကိုယ်တိုင်သည်လည်း ရပ်တန့်နေခဲ့ကြသည်။ သခင်ဘုရား၏စပျစ်ခြံထဲသို့ အလုပ်ဝင်လုပ်ရန် သူတို့အခွင့်ရခဲ့ကြသည်။ စပျစ်ခြံထဲ၌ အားစိုက်လုပ်ဖို့ သူတို့တာဝန်ရှိသည်။ သို့သော်လည်း သူတို့သည် ကိုယ်ပိုင်လောကီရေးရာအမြတ်ရဖို့လောက်သာ တစ်ကိုယ်ကောင်းဆန်ဆန်အလုပ်လုပ်ခဲ့ကြသူများဖြစ်သည်။ (ဃ ၈၇.၄)

တရားသူကြီးအမိန့်ချပြီ။ "သူတို့ယုံကြည်ခဲ့သည်များကို တရားထင်ရှားစေရလိမ့်မည်။ သူတို့၏အကျင့်အားဖြင့် သူတို့ကိုစီရင်မည်။" ထိုသူတို့ငြင်းပယ်ပစ်ခဲ့ခြင်းပေါ်လာသည်မှာ ကွက်ကွက်ကွင်းကွင်းထင်ရှားနေ၏။ ဘုရားသခင်၏အမှုတော်ကို တိုးမြှင့်ပြီး လုပ်ဖော်ကိုင်ဖက်များအား ကယ်တင်ပေးရန် လူသားတိုင်းကို အမှုဆောင်ကြဖို့ တာဝန်ပေးထားခဲ့သည့်ကိုယ်တော်၏စီမံတော်မူချက်များသည် ဉာဏ်ပညာကြီးမြတ်ပေစွတကား။ လူတစ်ဦးချင်းစီတိုင်းသည် ဆင်းရဲသားကို သနားကြင်နာမှုပေးခြင်း၊ ဒုက္ခရာအနာရသူများကိုစာနာကူညီခြင်း၊ သာသနာပြုအလုပ်၌ပါဝင်ခြင်း၊ ကိုယ်တော်ကြံစည်သောအမှုတော်ကို ထောက်ပံ့ကူညီပေးခြင်းတို့အားဖြင့် မိမိ၏မိသားစုနှင့်အိမ်နီးချင်း မိတ်ဆွေများအထဲတွင် အသက်ရှင်နေသောယုံကြည်ခြင်းကို သရုပ်ဖော်ပြသကြရမည်။ သို့သော် (နမှသဖ) မီရောအမျိုးသည် သူတို့မလုပ်ဆောင်ခဲ့သည့်အပေါ်၌ ဘုရားသခင်၏အကျိန်အမင်္ဂလာကျရောက်လို့နေလေပြီ။ ထိုသူတို့သည် ဤဘဝ၌ အကျိုးကြီးစွာထွက်မည့် အလုပ်များကိုသာ လုပ်ကိုင်ရန်လိုလားခဲ့ကြသည်။ သူတို့၏အမည်များတစ်ဖက်၌ ကောင်းသောအမှုများလုပ်ခဲ့သည့်စာရင်းရေးရန် စာတိုင်ထဲတွင် ဝမ်းနည်းဖွယ်ကွက်လပ်ဖြစ်နေရလေပြီ။(ဃ ၈၈.၁)

## ကျွန်ုပ်တို့၏ဖခင်များ၌လိုအပ်သည်ထက်ကျွန်ုပ်တို့၌ပိုလိုအပ်သည်

ကြီးစွာသောအလင်းသည် ကျွန်ုပ်တို့၏ဘိုးဘေးများအပေါ်၌ လင်းခဲ့သည်ထက် ကျွန်ုပ်တို့အပေါ်မှာ ပိုမိုထွန်းလင်းနေပါ၏။ ဘိုးဘေးတို့နှင့်တူညီသောအမှုတော်အတိုင်းအတာလောက်ကိုသာ ကျွန်ုပ်တို့သည် တင်ဆက်ပြီးစီးစေမည်ဆိုပါက ဘုရားသခင်ကို ဂုဏ်ပြုချီးမွမ်းသည်ဟု မဆိုနိုင်သေး။ သူတို့နည်းတူ ကျွန်ုပ်တို့သည် ထာဝရဘုရား၏ကောင်းချီးမင်္ဂလာကို လက်ခံရရှိရန် သူတို့၏သစ္စာစောင့်သိမှုနှင့် စိတ်အားကြီးမှုကို ကျွန်ုပ်တို့အတုယူသင့်ကြပါသည်။ ထိုသူတို့က သူတို့ရရှိသောအလင်းတရားကို တိုးတက်ပြသခဲ့သည့်နည်းတူ ကျွန်ုပ်တို့၏အလင်းကိုလည်း တိုးတက်ထွန်းလင်းစေရပါမည်။ ကျွန်ုပ်တို့အပေါ်ဝယ် ထွန်းလင်းပေးထားသောအလင်းတရားအောက်၌ ကျွန်ုပ်တို့ သည် လျှောက်လှမ်းနေကြရမည်။ သို့မဟုတ်လျှင် ထိုအလင်းသည် အမှောင်ဖြစ်သွားပါလိမ့်မည်။ (ဃ ၈၈.၂)

## ပျင်းရိသောအသင်းတော်သို့မေတ္တာရပ်ခံချက်တစ်ရပ်

လူရာဂဏန်းလောက် အလုပ်လုပ်နေကြရမည့်နေရာ၌ တစ်ယောက်တည်းကသာလုပ်ဆောင်နေသည်ကိုတွေ့ရသောကြောင့် နားမလည်နိုင်ဖြစ်ရပါ၏။ ဘုရားသခင်၏သားသမီးများဖြစ်ကြသည်ဟု ဝန်ခံပြောဆိုခဲ့ကြသူများက စိတ်လက်မပါ၊ မသာမယာနှင့် နုံးခွေချည့်နဲ့နေကြသည်ကို ကောင်းကင်စကြဝဠာအရှင်သည် တအံ့တဩဖြစ်နေရ၏။ သမ္မာတရားထဲမှာ အသက်ရှင်သောတန်ခိုးပါရှိ၏။ (ဃ ၈၈.၃)

ပျင်းရိခြင်းနှင့်မလှုပ်မရှားနေခြင်းအားဖြင့် ကျွန်ုပ်တို့ဘယ်တော့မျှကယ်တင်ခြင်းခံကြရမည်မဟုတ်။ အမှန်တကယ်ပြောင်းလဲရောက်လာသောလူတစ်ယောက်သည် အကူအညီမဲ့၊ အသုံးမရသောဘဝနှင့်အသက်ရှင်နေသည်ဆိုသည်မှာ မဖြစ်နိုင်ပါ။ ကောင်းကင်ဘုံထဲသို့ ကျွန်ုပ်တို့အလိုလိုလွင့်ပါဝင်သွားမည်ဆိုသည်မှာလည်း မဖြစ်နိုင်ပါ။ ပျင်းရိသောသူတစ်ယောက်မျှထိုအရပ်

သို့ဝင်၍မရ။ မြေကြီးပေါ်မှာ ဘုရားသခင်နှင့်ပူးပေါင်းအလုပ်လုပ်ရန် ငြင်းဆန်သူသည် ကောင်းကင်ဘုံ၌ ကိုယ်တော်နှင့်ပူးပေါင်းလုပ်ဆောင်ခွင့်ရလိမ့်မည် မဟုတ်။ ကောင်းကင်ဘုံသို့ သူတို့ဝင်ရန်အတွက် ကယ်တင်ခံကြရမည်လည်း မဟုတ်။ (ဃ ၈၉.၁)

ကောင်းကင်တစ်ခွင်သည် အသင်းတော်အပေါ်၌ ပြင်းပြသောစိတ်ဝင်စားခြင်းဖြင့် ကြည့်နေသည်။ အသင်းတော်၏တစ်ဦးချင်းသောအသင်းသားများက အမှောင်ထဲ၌ရှိသောသူများအား အလင်းပေးရန် လုပ်ဆောင်ခြင်းရှိမရှိကို ရှုမြင်လိုကြခြင်းဖြစ်သည်။ (ဃ ၈၉.၂)

သင်သည် ကြီးမြတ်တော်မူသောဘုရားသခင်နှင့် ရင်ဆိုင်နေသည်ဖြစ်သောကြောင့် လေးနက်တည်ငြိမ်စွာနှင့် စဉ်းစားလုပ်ဆောင်သင့်ပါသည်။ ထို့အတူ ဘုရားသခင်သည် ပြက်ချော်ချော်အလုပ်ခံရအောင် ကလေးဖြစ်သည် မဟုတ်ဆိုသည်ကိုလည်း အမြဲမှတ်သားသင့်၏။ ဘုရားဝန်တာကို ဆန္ဒရှိမှ သင်လုပ်ရမည်မဟုတ်ပါ။ ဝမ်းမြောက်ဝမ်းသာဖြစ်လျက်နှင့် သက်သက်ဖြင့် သာသင်လုပ်ဆောင်ရ၏။ (ဃ ၈၉.၃)

ကောင်းကင်ဘုံဥာဏ်ကြီးရှင်များသည် လူသားကိုယ်စားလှယ်များနှင့် ပူးပေါင်းလုပ်ဆောင်ရန် စောင့်မျှော်နေကြသည်။ သို့သော် သူတို့ရောက်ရှိတည်နေသည်ကို ကျွန်ုပ်တို့က ခွဲခြားမသိမြင်နိုင်ကြပါ။ (ဃ ၈၉.၄)

ကောင်းကင်ဘုံသားတမန်များသည် လူသားကိုယ်စားလှယ်များဖြစ်ကြသောအသင်းတော်ရှိ အသင်းသားများနှင့် အမှုတော်မြတ်ကြီးပြီးစီးသွားစေရေးအတွက် ပူးပေါင်းလုပ်ဆောင်သွားကြရန် စောင့်မျှော်နေခဲ့ကြသည်မှာ ကြာမြင့်ခဲ့ပါပြီ။ သင့်ကိုကောင်းကင်တမန်များစောင့်မျှော်နေပါသည်။ (ဃ ၈၉.၅)

ဘုရားသခင်၏နေ့ရက်နီးကပ်လာပြီးဖြစ်သည့်တိုင် ဘာမျှမလုပ်ဘဲ နေကြသူလူများစွာရှိနေသေးသည်။ တာဝန်ယူရမည့်အပိုင်းကို သူတို့ရှောင်ရှားနေတတ်ကြသည်။ သူတို့တစ်တွေသည် ဘာသာရေးကြောင်သူတော်တွေအဖြစ် အဖြေထွက်လာ၏။ ဘုရားသခင်၏အမှုတော်ရှင်သန်ပတ်သက်နေသမျှကာလ

ပတ်လုံးသူတို့၏အသက်ခရီးမှတ်တမ်းစာမျက်နှာသည် ဝမ်းနည်းပူဆွေးစရာနှင့်ကွက်လပ်ဗလာဖြစ်နေဦးမည်။ သူတို့သည် ဘုရားသခင်၏ဥယျာဉ်ထဲ၌ရှိသောသစ်ပင်များဖြစ်သော်လည်း မြေလေးအောင်နေရာယူရုံသက်သက်ဖြစ်၍ အသီးမသီးသည့်ကိုင်းမကြီးများနှင့်မြေကြီးပေါ် အရိပ်မည်းမည်းထိုးထားခြင်းဖြင့် အသီးသီးမည့်အပင်တွေနေရာယူဖို့ အခက်ကြုံရသလိုဖြစ်၏။ (ယု ၈၉.၆)

ခရစ်တော်အတွက် နည်းနည်းလေး (သို့မဟုတ်) ဘာမျှမလုပ်မကိုင်သူများအတွက် အန္တရာယ်ရှိနေပြီ။ ဘုရားကျေးဇူးတော်သည် ထိုသူဝိညာဉ်ထဲမှာ ကြာစွာနေမည်မဟုတ်။ အဘယ်ကြောင့်ဆိုသော် ထိုသူ၌အထူးအခွင့်အရေးကြီးနှင့်အခွင့်အလမ်းများရှိသည်ကို သူတို့ခပ်မဆိတ်ချန်ပစ်ထားကြလေ၏။ (ယု ၈၉.၇)

ယခုအိပ်နေကြဖို့အချိန်မရှိတော့ပါ။ အသုံးမရသောဝမ်းနည်းခြင်းတွေနှင့်လွမ်းဆွေးနေရန် အချိန်မရတော့ပါ။ ပျင်းရိခြင်းအကြောင်းကို ယခုပြောနေသောသူသည် ကောင်းသောအလုပ်လုပ်ဖို့ အဖိုးတန်အခွင့်အရေးဆုံးရှုံးရမည်သာတည်း။ ကျွန်ုပ်တို့သည် ကောက်ရိတ်သိမ်းပွဲ၌ ကောက်လှိုင်းများကိုစုစည်းယူရန် အထူးအခွင့်အရေးနှင့် ကျေးဇူးတော်ခံယူထားကြရသည်။ ဝိညာဉ်ကယ်တင်ခြင်းခံရသူတိုင်းသည် ချစ်သောရွေးနုတ်ကယ်တင်ရှင်သခင်ယေရှု၏သရဖူပေါ်တွင် အပိုကြယ်ပွင့်တစ်ပွင့်ဖြစ်လာလိမ့်မည်။ တိုက်ပွဲကိုအချိန်နည်းနည်းအပိုဆွဲ၍ ဖိတိုက်လိုက်ပြီးမှ အောင်ပွဲအသစ်နှင့်ထာဝရအိမ်၌ဆုဖလားအများကို စုသိမ်းရလိုက်ပြီးမှသာလျှင် ကိုယ်၌လက်နက်စုံကို ဖြုတ်ချတော့မည်ဟု စိတ်အားထက်သန်သူမည်သူတို့ရှိကြသေးသနည်း။ (ယု ၉၀.၁)

ကောင်းကင်ဘုံမှ သတင်းစကားပြောတမန်သည် သူ့အလုပ်သူလုပ်နေပါ၏။ ကျွန်ုပ်တို့ဘာလုပ်နေကြသလဲ။ ညီအစ်ကိုညီအစ်မများတို့ အချိန်ကိုရွေးနုတ်ယူဖို့ သင့်ကိုဘုရားသခင်ခေါ်ယူနေပြီ။ ဘုရားသခင်ဆီသို့ နီးစွာကပ်နေပါ။ သင့်အား ပေးထားသောဆုကျေးဇူးကို ဆွဲထုတ်သုံးလိုက်ပါ။ ကျွန်ုပ်တို့၏ယုံကြည်ခြင်းအကြောင်းနှင့် ပိုမိုရင်းနှီးကျွမ်းဝင်လာရန် အခွင့်အရေး

ရှိကြသူလူတိုင်းသည် ယခုအခါ ရည်ရွယ်ချက်ရှိရှိ ဤဥာဏ်ကိုထုတ်သုံးကြရလိမ့်မည်။ (ယှ ၉၀.၂)

သခင်ဘုရား၏ပတ္တနာကို ထပ်ကာထပ်ကာ သင်ဘယ်လိုရွတ်ဆိုနေသလဲ။ "နိုင်ငံတော်တည်ထောင်ပါစေသော၊ အလိုတော်သည် ကောင်းကင်ဘုံ၌ပြည့်စုံသကဲ့သို့ မြေကြီးပေါ်မှာပြည့်စုံပါစေသော" ဟုဆိုနေပြီး အိမ်မှာ အေးအေးဆေးဆေးထိုင်၍ သူတစ်ပါးကိုသမ္မာတရားအလင်းပြပေးရန် မကူမညီနေနေကြမလား။ သင်သည် သူတစ်ပါးကို စိုးစဉ်းမျှသာ ကူညီပေးခဲ့ပြီးတော့ ဘုရားသခင့်ရှေ့တော်မှောက်၌ သင့်အတွက်နှင့် သင့်မိသားစုအတွက် ဘုရားသခင့်ကောင်းချီးကိုခံယူရန် သင့်လက်ကိုသင်ဘယ်လိုမြှောက်တင်နိုင်မည်နည်း။ (ယှ ၉၀.၃)

ကျွန်ုပ်တို့အထဲ၌ရှိကြသူတချို့သည် သူတို့ကိုယ်သူတို့အချိန်ယူတွေးမိကြလျှင် သူတို့အား ဘုရားပေးထားသောအစွမ်းအစများကို အပြစ်မြင်ဘေးချထားပြီး ဘာမျှမလုပ်မကိုင်နေတတ်ကြသူတွေဖြစ်ကြောင်း မှတ်ယူလာကြလိမ့်မည်။ ညီအစ်ကိုတော်များ၊ ညီအစ်မများတို့ သင်၏ရွေးနုတ်ကယ်တင်ရှင်နှင့် သန့်ရှင်းသောကောင်းကင်တမန်များအားလုံးသည် သင့်နှလုံးသားမာကျောနေသည်ကို စိတ်မချမ်းမသာဖြစ်နေကြပါ၏။ ခရစ်တော်သည် ဝိညာဉ်များကယ်တင်ခံရရေးအတွက် ကိုယ်အသက်ကိုပေးခဲ့ပြီ။ သင်သည် ယေရှု၏မေတ္တာတော်ကို သိပြီးဖြစ်သော်လည်း ကိုယ်တော်အသေခံပေးခဲ့သောလူသူများစွာသို့ ကျေးဇူးတော်တရားကောင်းချီးမင်္ဂလာဖြန့်ဝေပေးရန် အနည်းငယ်မျှသာလျှင် သင်အားစိုက်လုပ်ကိုင်နေ၏။ ဤသို့တာဝန်ကိုအလေးမထားဂရုမစိုက်နေခြင်းသည် ကောင်းကင်တမန်များကို အကြီးအကျယ်အံ့အားသင့်စေပါသည်။ တရားစီရင်ရာနေ့တွင် သင်ပစ်ပယ်ထားခဲ့သောဝိညာဉ်များကို သင်တွေ့ဆုံရလိမ့်မည်။ ထိုနေ့ရက်ကြီးတွင် သင်သည် ကိုယ်ပြုသည့်အမှုနှင့် ကိုယ်စီရင်ခံရလိမ့်မည်။ သခင်ဘုရားသည် သင့်အား ယခုပင်နောင်တရစေခြင်းရှိပါစေသော။ သခင်ဘုရား၏စပျစ်ဥယျာဉ်တွင်းသို့ အလုပ်လုပ်ရန် စေခိုင်းခံရသူများသည် အလုပ်မလုပ်ဘဲနေသည့်အတွက် ထိုသူများ၌သခင်ဘုရားအပြစ်ခွင့်လွှတ်ခြင်းရှိပါစေသော။ (ယှ ၉၀.၄)

ပျင်းရိဖင့်နွဲ့သောအသင်းတော်သင်းဝင်များအား သူတို့၏ပင်ကိုယ်စွမ်းရည်ကို မြေတွင်းမှဖော်ထုတ်ပြီး အလဲအလှယ်ယူတင်အသုံးပြုလာဖို့ အမှန်သိမြင်လာကြစေရန် ကျွန်ုပ်တို့ဘယ်လိုပြောရပါ့မလဲ။ ကောင်းကင်နိုင်ငံတော် ၌ မလှုပ်မယှက်နေသူ၊ ပျင်းရိဖင့်နွှဲနေသူတစ်ယောက်တလေမျှ တွေ့ရလိမ့် မည်မဟုတ်ပါ။ အိုဘုရားသခင်၊ အိပ်ပျော်နေသောအသင်းတော်များရှေ့၌ ဤကိစ္စအရေးကြီးကြောင်း သိအပ်စေတော်မူပါ။ အိုဇိအုန်မြို့ကြီး၊ နိုးထ၍ လှပသောဝတ်စုံကို သူမဆင်မြန်းပါလေစေ။ အိုသခင်၊ သူမတောက်ပလင်းလက် နေပြီကော။ (ဃ ၉၀.၅)

သင်သည် အမှောင်ထဲ၌ရှိစဉ်အခါက သင့်အတွက် လုပ်ပေးခဲ့ရသည့်အလုပ်ရှိသည့်အတိုင်း၊ သမ္မာတရားမသိသေးသူများအတွက် သင်အလုပ်လုပ်ပေးရမည့်အလုပ်များရှိသည်။ အိပ်နေဖို့အချိန်မဟုတ်၊ ဘာမျှမလုပ်ပျင်းရိထိုင်းမှိုင်းနေဖို့အချိန်မဟုတ်တော့ပါ။ အိမ်ကြီးရှင်သခင်သည် လူတိုင်းကိုအလုပ်တစ်ခုခုပေးနေသည်။ ကျွန်ုပ်တို့ရှေ့ဆက်ကြမည်။ နောက်မဆုတ်ဘူး။ နေ့စဉ်ပြောင်းလဲလာသူများကို ကျွန်ုပ်တို့မြင်ချင်သည်။ ယေရှု၏မေတ္တာကိုကျွန်ုပ်တို့၏နှလုံးထဲ၌ တဒုတ်ဒုတ်ခုန်ထနေရလောက်အောင် ကျွန်ုပ်တို့လိုချင်ကြပြီ။ သို့နှင့်ဝိညာဉ်များစွာကို ကယ်တင်ခြင်းသို့ရောက်အောင် ကျွန်ုပ်တို့သည် တန်ဆာပလာများဖြစ်ကြရမည်။ (ဃ ၉၁.၁)

ဘုရားသခင်၏သားသမီးများဟူ၍ မိမိကိုယ်မိမိကြေညာပြီးသောဝိညာဉ်ပိုင်ဆိုင်သူတိုင်းသည် မကောင်းမှုအရပ်ရပ်ကိုစွန့်၍ သူတစ်ပါးအားကူညီလိုသောမေတ္တာစိတ်ကြွယ်ဝနေစေလိုကြောင်း သခင်ဘုရားယေရှုလိုလားတော်မူ၏။ မိမိကိုယ်ကိုမိမိငြင်းပယ်နိုင်ရမည်။ စိတ်နှလုံးနူးညံ့သိမ်မွေ့သူများဖြစ်လာစေရမည်။ ထိုသို့သောစိတ်ထားနှင့် အကျင့်ပိုင်းဆိုင်ရာပညတ်တော်တစ်ချက်ကို သခင်ဘုရားချမှတ်ပေးထားသည်ဖြစ်၍ ကျွန်ုပ်တို့အလုပ်လုပ်သောအခါ သတိပေးလျက်ရှိသည်။ ယေရှုပြောခဲ့သည်။ "အကြင်သူသည် ဆင်းရဲ၏။ ထိုသူ၌ရှိသမျှကိုပင်နုတ်လိမ့်မည်။" သူတို့၌အခွင့်အရေးရလျက်မသုံးစွဲခဲ့ကြသူများ၊ ဘုရားသခင်ပေးထားသောကျေးဇူးတရားကို လေ့ကျင့်ခံ ဃ-၁၀

ယူခြင်းမရှိသူများ၊ ထိုအရာများကို လုပ်ကိုင်လိုစိတ်လည်းမရှိ၍ နောက်ဆုံး၌ ထုံထိုင်းအိပ်ငိုက်နေကြသူများသည် တစ်ခါက သူတို့ပိုင်ဆိုင်ခဲ့သည်များအားလုံး နုတ်ယူခြင်းခံကြရမည်။ ထိုသူများသည် အတွေ့အကြုံကြီးကြီးမားမားရဖို့နှင့် ကောင်းကင်ဘုံအရာ၌ ဉာဏ်ပညာတိုးတက်ရလာစေဖို့အတွက် ပြင်ဆင်ခြင်းမရှိကြသောကြောင့် စုံစမ်းခြင်း၊ သွေးဆောင်ခြင်းသို့ ရောက်သော အခါ ရပ်တည်နေနိုင်ကြလိမ့်မည်မဟုတ်ပါ။ညှဉ်းဆဲခြင်းနှင့်စုံစမ်းခြင်းရောက်လာသောအခါ၌လည်း ဤလူမျိုးသည် သတ္တိမရှိ၊ ယုံကြည်ခြင်းလည်းပျောက်၏။ သူတို့၏အခြေခံအုတ်မြစ်သည် ပြိုပျက်မည်။ အဘယ်ကြောင့်ဆိုသော် အုတ်မြစ်ခိုင်မာသေချာမှုလိုအပ်ချက်များကို သူတို့မလုပ်ဆောင်ခဲ့ကြ၍ ဖြစ်သည်။ သူတို့၏ဝိညာဉ်များကို ထာဝရကျောက်မြတ်အထဲ သံမှိုစွဲသလိုနေအောင် သူတို့မလုပ်ခဲ့ကြပါ။ (ဃ ၉၁.၂)

နောက်ဆုံးသောနေ့ကြီးအရောက်၌ ကျွန်ုပ်တို့တရင်းတနှီးရှိခဲ့ကြသူများသည် ကျွန်ုပ်တို့နှင့်ထာဝရခွဲခြားထုတ်ပယ်ခြင်းခံရသည်ကို တွေ့ရလျှင် ကျွန်ုပ်တို့၏မိသားစုဝင်များ၊ ကိုယ့်သားသမီးများသည်လည်း အကယ်၍ ကယ်တင်ခြင်းမရှိဟု တွေ့လိုက်ရလျှင် ကျွန်ုပ်တို့အိမ်သို့ အလည်အပတ် ရောက်ခဲ့ကြပြီး စားပွဲ၌အတူစားဖူးခဲ့ကြသူများသည်လည်း ပျောက်ဆုံးစာရင်းထဲမှာတွေ့ကြရလျှင် ကျွန်ုပ်တို့ဘယ်လောက်စိတ်မအီမသာခံစားရလိုက်လေမလဲ။ ကျွန်ုပ်တို့ကိုယ့်ကိုကိုယ်ပြန်မေးခွန်းထုတ်ပြီး မေးကြည့်ကြရမည်။ ဤသို့ဖြစ်ရသည်မှာ ကျွန်ုပ်၏စိတ်မရှည်မှုများ၊ ခရစ်တော်နည်းတူမရှိသောကျွန်ုပ်၏ပင်ကိုယ်စရိုက်လက္ခဏာများကြောင့် ဖြစ်ရလေလား။ ဤသို့ဖြစ်ရသည်မှာ အတ္တကိုမထိန်းချုပ်နိုင်၍ ခရစ်တော်၏ဘာသာသည် သူတို့၌မနှစ်မြို့ဖွယ်ဖြစ်ခဲ့ရလေသလား။ (ဃ ၉၁.၃)

ခရစ်တော်မကြာမီကြွလာတော့မည်ဖြစ်ကြောင်း လောကကြီးကို သတိပေးရတော့မည်။ ဤအမှုအတွက်ဆောင်ရွက်ရန် ကျွန်ုပ်တို့၌အချိန်အနည်းငယ်သာ ကျန်တော့သည်။ နှစ်များသည် ထာဝရအဖြစ်သို့ ဖြတ်ကျော်နေပြီ။ ဘုရားသခင်၏နိုင်ငံတော်နှင့် ဖြောင့်မတ်ခြင်းတရားတော်ကို ဦးစွာ

ရှာဖွေနေကြခြင်းဖြင့် တိုးတက်ဖြစ်ပေါ်နေခဲ့သည်ဖြစ်၏။ အခြားသူများဆီသို့ အလင်းပျံ့နှံ့ရောက်စေရပါတော့မည်။ ယခုမှာ ဘုရားသခင်သည် ကြီးသော အလင်းနှင့်သမ္မာတရား၌တည်ဆောက်ပြီးကြသောကိုယ်တော်၏လူများကို သူတို့အပေါ်၌ အပ်နှင်းထားရှိသောအမှုများအားလုံး ဆောင်ရွက်ကြရန် ခေါ်ယူ နေပါသည်။ ထိုသူတို့သည် သူတို့အတွက်ရော၊ အခြားသူများအတွက်ပါ ယခင်အခါက တစ်ကြိမ်ဖူးမျှမလုပ်ဖူးသောအလုပ်ကို လုပ်ဖို့ခေါ်ယူခြင်းဖြစ်သည်။ သူတို့သည် အစွမ်းရှိသမျှအသုံးချခြင်း၊ အခွင့်တန်ခိုးရှိသမျှအားလုံးဖြင့် လက်တွေ့လုပ်ဆောင်ခြင်း၊ ကိုယ့်စွမ်းကိုယ်စရသည့်အရာအားလုံးနှင့်လုပ်ဆောင် ခြင်း၊ ဘုရားသခင်ပေးသောအလင်းကိုလည်း အကုန်အသုံးပြုခြင်းတို့ဖြင့် အခြားသူများကောင်းကျိုးကို လုပ်ဆောင်ပေးကြရမည်။ တရားဟောဆရာ ဖြစ်ဖို့ မကြိုးစားပါနှင့်။ ဘုရားသခင်အတွက် အစေခံအမှုဆောင်သူများဖြစ် လာအောင်ကြိုးစားကြပါ။ (ဃ ၉၂.၁)

အားမာန်ပါသောသရုပ်ဖော်ချက်များ

ဘုရားမေတ္တာတော်သည် လူသားများအတွက် စစ်၍မရသောနက်ရှိုင်း ခြင်းထဲသို့ ထိုးမွှေခဲ့သည်။ မြေကြီးပေါ်တွင် ထာဝရဘုရား၏မေတ္တာတော် ကိုကျေးဇူးတင်တန်ဖိုးထားခြင်း၌ ပေါ့ပေါ့တန်တန်နေကြကုန်သောလူတို့ကို ကောင်းကင်တမန်များသည် အံ့သြခြင်းဖြစ်နေကြကုန်၏။ ကောင်းကင်ဘုံသား တမန်များသည် လူဝိညာဉ်များက ဂရုတစိုက်မရှိလုပ်ပြနေသည်ကို ဒေါသ ဖြစ်နေကြသည်။ ဤအကြောင်းနှင့်ပတ်သက်၍ ခရစ်တော်ဘယ်လိုမြင်မည်ကို ကျွန်ုပ်တို့သိရနိုင်မလား။ ကလေးငယ်လေးများသည် နှင်းလွင်ပြင်အအေးထဲ ပိတ်မိနေသည်ကို ဖြတ်ကျော်ခဲ့သူများက ပစ်ထားခဲ့၍ ကလေးများသေဆုံး ရသည်အထိ ဖြစ်လာခဲ့ပါလျှင် ဖြတ်ကျော်ခဲ့ကြသူများက ကယ်ဆယ်သင့်ပါ လျက်နှင့်မကယ်ဆယ်ခဲ့ကြသောကြောင့် ကလေးအဖေနှင့်အမေတွေဘယ်လို ခံစားနေမိကြမှာလဲ။ ကြောက်စရာကောင်းလောက်အောင်သူတို့စိတ်ဆင်းရဲကြ ပါလိမ့်မည်။ ရိုင်းရိုင်းစိုင်းစိုင်းဒေါသထွက်ကြမည်မဟုတ်ပေလော။ ထိုလူသတ်

သမားများကို သူတို့၏ကလေးချစ်စိတ်ပြင်းထန်အားနှင့်မျက်ရည်ကြီးစွာကျလျက် အမျက်လေပူမှုတ်ပြီး ကျိန်ဆဲကြလိမ့်မည်။ လူသားတိုင်း၌ဝေဒနာခံစားနေရခြင်းသည် ဘုရားသခင့်ကလေးငယ်များ၏ဝေဒနာခံစားနေရခြင်းဖြစ်သည်။ အသက်ဆုံးရှုံးကြတော့မည့်သူတို့၏အပေါင်းအသင်းများအား အကူအညီမပေးဘဲ နေခဲ့ကြသူများသည် ဘုရားသခင်၏ဖြောင့်မတ်သောအမျက်တော်ကို နှိုးဆွပေးနေခြင်းဖြစ်သည်။ (ဃု ၉၂.၂)

ကျွန်ုပ်လူတစ်ယောက်အကြောင်း ဖတ်ရဖူးသည်။ သူသည် ဆောင်းရာသီတစ်ရက်မှာ ခရီးသွားနေရင်း ထုထည်ကြီးမားသော တရွေ့ရွေ့မျောနေသည့်နှင်းထုအတွင်းရောက်သွားသောကြောင့် အေးလွန်း၍ ကိုယ်လက်မခံစားနိုင်လောက်အောင် ထုံကျဉ်လာပြီး သူ့ရဲ့သေရေးရှင်ရေးစွမ်းအင်သည်ပင် ဘယ်အချိန်ကုန်ဆုံးတော့မည်မသိရသည့်အခြေအနေသို့ ရောက်သွားပါသည်။ နှင်းထုကြီးသူ့အပေါ်ကျလာနေသည်ကို တွန်းပစ်ရင်း သေလောက်မတတ်အအေးဒဏ်ခံစားနေရချိန်နှင့် အသက်ရှင်ဖို့ကြိုးစားနေသည်ကိုလည်း ရပ်ပစ်လိုစိတ်ရှိနေချိန်တွင် ခရီးသွားညီအစ်ကိုတစ်ယောက်၏ညည်းသံကို သူကြားလိုက်သည်။ ထိုသူသည်လည်း သူ့နည်းတူ အအေးဒဏ်နှင့်အသက်ဆုံးရှုံးဖို့ရင်ဆိုင်နေရသူဖြစ်သည်။ သူ၏ကိုယ်ချင်းစာစိတ်သည် ထိုသူကိုကယ်တင်ဖို့ သူ့ကိုနှိုးကြွလာစေသည်။ သူသည် ကံမကောင်းသောထိုသူ၌ နှင်းထုရေခဲချွန်တုတ်ချောင်းများကို သူ့ကိုယ်မှဖယ်ရှားပစ်ပေးခဲ့သည်။ အားစိုက်လုပ်ပြီးတဲ့နောက် ထိုသူမတ်တတ်ရပ်နိုင်ခဲ့သည်။ သို့သော် ထိုသူလမ်းမလျှောက်နိုင်တော့ပါ။ ထိုသူကိုအသာအယာလက်မောင်းတွဲ၍ ဆွဲခေါ်လာခဲ့ရသည်။ သူ့အနေနဲ့လူတစ်ယောက်တည်းနှင့်ပင် ပြိုကျလာနေသောနှင်းထုကို ထိုးဖေါက်ပြီး ဘယ်လိုမှရုန်းမထွက်နိုင်ဟု တွေးခဲ့သည်။ သို့သော် သူနှင့်သူ့ရောင်းရင်းတို့နှစ်ယောက်သည် လုံခြုံသောနေရာတစ်ခုသို့အရောက် ကြိုးစားသွားနိုင်ခဲ့ပြီးသောအခါ အမှန်တစ်ခုသည် သူ့နှလုံးအိမ်သို့ ဖျတ်ခနဲဝင်ရောက်ဖော်ပြလာသည်။ သူ့မိတ်ဆွေကို ကယ်တင်ဖို့ သူကြိုးစားခဲ့ရာက သူ့ကိုယ်သူလည်း ကယ်တင်ပြီးဖြစ်နေပါကလား။ သူတစ်ပါးကို ကယ်ဆယ်ဖို့သူ၏အားစိုက်

ကိုးပမ်းလိုက်ခြင်းသည် သူ့သွေးကြောမကြီးအထဲ၌ အေးခဲလုနေပြီးဖြစ်သော သွေးများကို အလျင်အမြန်ထကြွစေပြီး သူ့ခန္ဓာကိုယ်ကို အမြင့်ဆုံးလှုပ်ရှားနိုင်ရန် ကျန်းမာလုံလောက်သောအနွေးဓာတ်ဖြစ်စေခဲ့ပါသည်။ ဤသင်ခန်းစာသည် ယုံကြည်သူလူငယ်များအတွက် ဆက်ဆက်မှတ်သားဖွယ်ဖြစ်စေရမည်။ သူတို့သည် အကျင့်တရားကို ကျင့်နေရုံသက်သက်မဟုတ်ဘဲ နမူနာတစ်ရပ်ရှိနေစေရမည်။ သူတို့၏ခရစ်ယာန်အတွေ့အကြုံများ၌ ဤသို့အလားတူအကျိုးရလဒ်ထွက်စေဖို့ သူတို့အမှန်သိမှတ်ကြရမည်။ (ဃ၄ ၉၂.၃)

သင်သည် ကိုယ့်အတွက်ကိုယ်လုပ်နေရရုံလောက်နှင့် ကျေနပ်တင်းတိမ်မနေသင့်ပါ။ အဘယ်ကြောင့်ဆိုသော် သမ္မာတရားအသိတရားကြောင့် သင်ကောင်းချီးမင်္ဂလာခံစားနေရသည်ကိုမှတ်ပါ။ သမ္မာတရားကို သင့်ဆီဘယ်သူယူလာပေးသလဲ။ ဘုရားနှုတ်ကပတ်တော်အလင်းကို သင့်အားဘယ်သူပြပေးသလဲ။ ဘုရားသခင်သည် သူ့အလင်းကိုသင့်အားပေးထားသည်မှာ တောင်းအောက်၌ဖုံးအုပ်ထားဖို့မဟုတ်။ စူးစမ်းရှာဖွေရေးခရီးတစ်ခုအကြောင်းကို ကျွန်ုပ်ဖတ်ရှုခဲ့ရဖူးသည်။ Sir John Franklin (ဆာဂျွန်ဖရင့်ကလင်) ကို ရှာဖွေရန်စေလွှတ်ခံရသောအဖွဲ့အကြောင်းဖြစ်သည်။ ရဲ့ရင့်သတ္တိရှိသူတွေ သူတို့အိမ်ကိုစွန့်ခဲ့ကြသည်။ မြောက်ဝင်ရိုးစွန်းပင်လယ်ဆီသို့ အံ့သြခြင်းနှင့် ထွက်ခဲ့ကြပြီး ဆင်းရဲဒုက္ခ၊ အစာငတ်ခြင်း၊ အအေးဒဏ်နှင့်စိတ်ဖိစီးမှုကို ခံစားခဲ့ကြရသည်။ ဒါတွေဘယ်သူ့အတွက်နှင့် ဘာကြောင့် သူတို့ခါးစည်း ခံယူခဲ့ကြသလဲ။ စူးစမ်းလေ့လာရေးထွက်သွားသူတို့၏အသေကောင်များကို ရှာတွေ့လို့ဂုဏ်ပြုခံယူလိုကြသည်မဟုတ်။ ဖြစ်နိုင်ရင် စွန့်စားရေးသမား များအထဲက ကြောက်စရာ သေဘေးအမှန်ကြုံနေရစဉ် ကယ်ဆယ်သူသာ အချိန်မီရောက်မသွားပါက သေဆုံးတော့မည့်အခြေအနေ၌ သူတို့ရောက်သွားပြီး လူတချို့ကိုကယ်တင်လိုက်နိုင်ဖို့ ရည်ရွယ်သွားခြင်းဖြစ်သည်။ အကယ်၍သာ ဒုက္ခကြီးရောက်နေကြသူများအနက် တစ်ယောက်လောက်ကိုသာ သူတို့ ကယ်တင်နိုင်ခဲ့လျှင် သူတို့ခံစားခဲ့ရသမျှအတွက် ပေးဆပ်ရကျိုးနပ်သည်ဟု တွက်ယူကြလိမ့်မည်။ ဤသို့စွန့်စားအနစ်နာခံခြင်းကို သူတို့သည် သက်သောင့် သက်သာနှင့် ပျော်ပျော်ရွှင်ရွှင် လုပ်ဆောင်ခဲ့ကြပါသည်။ (ဃ၄ ၉၃.၁)

တွေးကြည့်ပါ။ ကျွန်ုပ်တို့ပတ်လည်ဝန်းကျင်ရှိဝိညာဉ်များကို ကယ်တင်ဖို့အတွက် ကျွန်ုပ်တို့၌လိုအင်ဆန္ဒအဘယ်မျှနည်းပါးနေသည်ကိုတွေးကြည့်ပါ။ ကျွန်ုပ်တို့သည် အိမ်နှင့်ဝေးဝေးတစ်နေရာဆီကို ငွေကြေးဖွယ်ရက်ရှည်ခရီးသွားရောက်ပြီး ပျက်စီးသေဆုံးတော့မည့်သူတစ်ဦးဦးကို ကယ်ဆယ်ရန် အတင်းအကျပ်အလုပ်မလုပ်ကြရသေးပါ။ ကျွန်ုပ်တို့၏အိမ်အနီးဝန်းကျင်၌ ကျွန်ုပ်တို့ရဲ့အသိမိတ်ဆွေတွေနဲ့ နေရာအသီးသီးမှာရှိကြတဲ့ ဝိညာဉ်များကို ကယ်တင်ဖို့လိုအပ်သည်။ ဝိညာဉ်များစွာပျက်စီးဆုံးပါးနေကြသည်။ အမျိုးသမီး/အမျိုးသားများစွာသည် မျှော်လင့်ခြင်းမရှိ၊ ဘုရားမရှိဘဲ သေလွန်နေကြရသည်။ ဒါလည်း ကျွန်ုပ်တို့သည် ကိုယ်နှင့်မပတ်သက်သလိုနေနိုင်ကြသေးသည်။ စကားအားဖြင့်သာမဟုတ်ရင် ကျွန်ုပ်တို့၏ကိုယ်အမူအရာများနှင့် ဤသို့ပြောလုနီးနီးရှိ၏။ “ကျွန်ုပ်သည် ညီကိုစောင့်ရသောသူဖြစ်ပါသလား။” သူတစ်ပါး၏အသက်ကိုကယ်ဆယ်ဖို့ကြိုးစားရင်း အသက်ဆုံးပါးခဲ့ကြရသူများကို ကမ္ဘာကသူရဲကောင်းအာဇာနည်များအဖြစ် ဂုဏ်ပြုချီးကျူးခဲ့ကြသည်။ အကယ်၍လူဝိညာဉ်များကယ်တင်နိုင်ရန်အတွက် ကျွန်ုပ်တို့ကိုဘုရားသခင်အလိုရှိ၍ကျွန်ုပ်တို့အနည်းအကျဉ်းအနစ်နာခံကာ အလုပ်မလုပ်ခဲ့ကြပါလျှင် လူတွေထာဝရအသက်ရဖို့ အလားအလာရှိနေသည်ကို ကျွန်ုပ်တို့ဘယ်လိုများခံစားနေမိကြပါသလဲ။ (ဃု ၉၃.၂)

နယူးအင်္ဂလန်ပြည်နယ်ရှိ မြို့တစ်မြို့တွင် တွင်းကြီးတစ်တွင်းတူးပြီး၍ အလုပ်လက်စသတ်နီးလောက်အချိန်မှာ တွင်းအောက်ခြေ၌ လူတစ်ယောက်ရှိနေစဉ် ရုတ်တရက်တွင်းပြိုကာ ထိုသူကိုမြေမြှုပ်လိုက်သလိုဖြစ်သွားသည်။ ချက်ချင်းဆိုသလို အရေးပေါ်ခေါင်းလောင်းထိုးလိုက်ကြသည်။ စက်ပြင်ဆရာများ၊ လယ်သမားများ၊ ကုန်သည်များနှင့် ဥပဒေအကျိုးဆောင်များသည် ထိုနေရာသို့အပြေးအလွှားကယ်ဆယ်ရေးအတွက် ရောက်လာကြ၏။ ကြိုး၊ လှေကား၊ ဂေါ်ပြား၊ ငန်းပြားတွေနှင့်သူတို့အားစိုက်တူးဖော်ကြသည်။ စာနာသနား စိတ်နှင့်သူတို့အော်ငိုနေကြသည်မှာ “သူ့ကိုကယ်ကြပါဦး၊ အိုဘုရားသခင် ကယ်တော်မူပါ” ဟူ၏။ (ဃု ၉၄.၁)

လူတွေအားစိုက်တူးနေကြသည်။ ချွေးသီးချွေးပေါက်တွေသူတို့နဖူးနဲ့မျက်ခုံးပေါ်မှစီးဆင်း၏။ သူတို့လက်မောင်းတွေညောင်းလို့ တုန်ခါနေပါပြီ။ ပိုက်လုံးရှည်တစ်ချောင်းကို မြေထဲသူတို့စိုက်ချလိုက်ပြီးသည့်နောက် ထိုပိုက်ကနေ အောက်မှာထိုသူအသက်ရှင်နေပါရဲ့လားဆိုပြီး အော်ဟစ်မေးလိုက်ကြ၏။ ပြန်ထူးသံကြားလိုက်ရသည်။ "ရှိတယ်၊ မြန်မြန်လုပ်ကြပါ။ ဒီမှာကြောက်စရာကြီး။" သူတို့ပျော်လွန်းလို့ အော်လိုက်ကြပြီး ကြိုးစားလုပ်ရန်အားသစ်တွေဝင်လာကြသည်။ နောက်ဆုံးတော့ ထိုသူထံအရောက်တူး၍ကယ်ထုတ်လိုက်နိုင်ခဲ့ကြပါသည်။ အောင်ပွဲအော်သံသည် ထက်ကောင်းကင်အထိ ထိုးဖေါက်ရောက်သွားသည်ဟု ထင်ရသည်။ "သူ့ကိုကယ်ထုတ်လိုက်နိုင်ပြီ" ဆိုသောပဲ့တင်သံသည် တစ်မြို့လုံးရှိလမ်းမတကာဆီသို့ ရောက်သွားလေ၏။ (ယု ၉၄.၂)

ဤအကြောင်းသည် လူတစ်ယောက်ကိုကယ်တင်ရန် အထူးစိတ်အားကြီးလျက်၊ အထူးစိတ်ထက်သန်လျက်၊ အထူးတလည်တက်ကြွလျက် လုပ်ခဲ့ကြသည်ဆိုရမလား။ အမှန်ပြောရလျှင် မဟုတ်လောက်သေး။ ဤလူ့ဘဝတစ်ခဏရတဲ့အသက်ဆုံးပါးသွားသည်နှင့် ဝိညာဉ်တစ်ခုပျောက်ဆုံးသွားမှာကို နှိုင်းယှဉ်ကြည့်ပါလေ။ ဤသို့အသက်တစ်ချောင်းသေဆုံးမည့်ချောက်ကမ်းပါးစွန်းအနားရောက်နေစဉ် လူသားတွေရဲ့စိတ်ထဲ၌ သနားခြင်းအပြင်းအထန်ခံစားနေကြရ၍ နိုးထလာကြသည်ဆိုလျှင် အကယ်၍ ဝိညာဉ်တစ်လုံးပျောက်ဆုံးမည့်အရေး၌ ခရစ်တော်နှင့်လမ်းခွဲထွက်သောကြောင့်ဘေးရောက်မည်အမှန်သိသည်ဟု ပြောနေကြသောသူများသည် သနားစာနာစိတ်ဖြင့် လေးလေးနက်နက်နိုးထမလုပ်သင့်ကြပေဘူးလား။ ဘုရားသခင်၏အစေခံများသည် အထက်ကအဖြစ်အပျက်အတိုင်း တွင်းထဲ၌မြေမြုပ်ခံနေရသူတစ်ဦး၏အသက်တစ်ချောင်းကို ကယ်ဆယ်ခဲ့သကဲ့သို့ ဝိညာဉ်ကယ်တင်ရေးအတွက် အလုပ်လုပ်ကြရာ၌ အလွန်စိတ်အားကြီးစွာလုပ်ဆောင်သင့်ကြ၏။ (ယု ၉၄.၃)

အလုပ်အကိုင်နှင့်မျက်နှာထား

စိတ်နှလုံးထဲရောက်သွားသောအရေးကြီးသည့် သမ္မာတရားတိုင်းသည် ဘဝမျက်နှာထားအမူအရာ၌ တွေ့ရပေမည်။ ဤအချက်သည် လူ၌ခရစ်တော်၏မေတ္တာတော်ကို လက်ခံရရှိခြင်းနှင့် အချိုးညီလျက်ရှိသည်။ လူ၏ဆန္ဒသည် သူ့အစွမ်းကိုသူအခြားသူများသို့ ပြောဆိုကြေညာပေးလို၏။ ထိုသို့ကြေညာပေးလိုက်သည်နှင့် ထိုသူများ၏ဝိညာဉ်ရေးရာတန်ဖိုးသည် လေးနက်လာပြီး အရှိန်မြင့်တင်လုပ်ဆောင်လာကြပါသည်။ (ဃ ၉၄.၄)

ကျွန်ုပ်တို့၏ယုံကြည်ခြင်းသည် ကောင်းသောအကျင့်များပေါပေါလှိုင်လှိုင်ပေါ်ထွက်နေရမည်။ အဘယ်ကြောင့်ဆိုသော် အကျင့်မရှိသောယုံကြည်ခြင်းသည် အသေဖြစ်သတည်း။ (ဃ ၉၄.၅)

ဧဝံဂေလိသတင်းကောင်းကို နှလုံးသားထဲ၌ လက်ခံရပြီးသူတိုင်းသည် ထိုသတင်းကောင်းကို ကြေညာဟောပြောဖို့ လိုလားတောင့်တကြကုန်၏။ ကောင်းကင်ဘုံမှမွေးလာသော ခရစ်တော်ကိုချစ်သည့်မေတ္တာသည် မျက်နှာထားအမူအရာ၌ ပေါ်လွင်နေသည်။ (ဃ ၉၅.၁)

ကျွန်ုပ်တို့သည် လက်ဆုပ်လက်ကိုင်ပြနိုင်သောဝန်ဆောင်မှုဖြင့်လည်းကောင်း၊ သခင်ဘုရား၏နာမ၌ ဘုန်းတော်ထင်ရှားစေရန် ကျွန်ုပ်တို့အစွမ်းကုန်အမှုတော်ဆောင်ခြင်းဖြင့်လည်းကောင်း ဘုရားသခင်ကိုချီးမွမ်းကြရမည်။ (ဃ ၉၅ .၂)

ဤအချိန်၌ ကျွန်ုပ်တို့၏ယုံကြည်ခြင်းသည် တတိယကောင်းကင်တမန်၏သတင်းစကားသီဝရီအတိုင်း အရောက်တက်လှမ်းပြီး ရပ်နေမည်။ (သို့မဟုတ်) ယုံသည်ဆိုရုံမျှနှင့်မဖြစ်ပါ။ ကျွန်ုပ်တို့၌ ခရစ်တော်၏ကျေးဇူးတော်ဖြစ်သောဆီကို ဆီမီးခွက်အထဲသို့ ဖြည့်ပေးရလိမ့်မည်။ သို့မှသာ အသက်၏အလင်းသည် အရောင်ထွန်းတောက်ပြီး အမှောင်ထဲ၌ရှိနေကြသူများအား လမ်းပြပေးနိုင်လိမ့်မည်။ (ဃ ၉၅.၃)

သင်၏ဝိညာဉ်ခွန်အားနှင့် ကောင်းချီးမင်္ဂလာသည် သင်ရှက်ဆောင်သည့်ကောင်းသောအကျင့်ကျင့်ခြင်း၊ မေတ္တာပြခြင်းတို့နှင့် အချိုးညီစေရမည်။(ဃ ၉၅.၄)

သမ္မာတရားအလင်းရ၍ သမ္မာတရားနှင့်အတူ ကျင့်ကြံအသက်ရှင်သူတိုင်းသည် ခရစ်တော်အတွက် ပို၍ပို၍ အမှုဆောင်ပေးကြရမည်။ (ဃ ၉၅.၅)

ကျွန်ုပ်တို့သည် ချို့တက်မှုရှိကြသူလူများဖြစ်ကြောင်းကို ကျွန်ုပ်မြင်မိပါသည်။ ကျွန်ုပ်တို့ပြုသောအမှုတိုင်းသည် ကျွန်ုပ်တို့ယုံကြည်သည့်အတိုင်းဖြစ်မလာပါ။ ကျွန်ုပ်တို့၏ယုံကြည်ခြင်းသည် သေမျိုးလူသားတို့ကို အစဉ်ပြောနေသည့် အရေးပါအလေးနက်ဆုံးသော သတင်းစကားကြွေးကြော်ခြင်းဖြင့် ကျွန်ုပ်တို့အသက်ရှင်နေရပါကြောင်း သက်သေခံလျက်ရှိပါ၏။ ဤအဖြစ်မှန်ကိုချိုကြည့်လိုက်လျှင် ကျွန်ုပ်တို့၏ကြိုးပမ်းမှု၊ ကျွန်ုပ်တို့၏စိတ်အားကြီးမှု၊ ကျွန်ုပ်တို့၏ကိုယ်တိုင်အနစ်နာခံသောစိတ်များသည် အမှုတော်၏ဂုဏ်ဒြပ်နှင့်နှိုင်းယှဉ်လို့မရသေး။ ကျွန်ုပ်တို့သည် သေရာမှနိုးထရမည်။ သို့ဖြစ်လျှင် ခရစ်တော်သည် ကျွန်ုပ်တို့အား အသက်ပေးပါလိမ့်မည်။ (ဃ ၉၅.၆)

ယုံကြည်ခြင်းဖြင့် ရှေ့ဆက်တက်ပါ။ သင်ယုံကြည်ခဲ့သည့်အတိုင်း သမ္မာတရားကို ကြေညာပါ။ သင်ဝင်ရောက်လုပ်ဆောင်ပေးရသည့်သူများက သင့်အား အစစ်အမှန်အသက်ရသူတစ်ယောက်အဖြစ် အမှန်တကယ်မြင်ကြပါစေသော်။ (ဃ ၉၅.၇)

ခရစ်တော်နည်းတူ နေထိုင်အသက်ရှင်သောဘဝတစ်ခုသည် ခရစ်ယာန်ယုံကြည်ခြင်းကို ရှေ့ဆက်တိုးတက်စေသောတန်ခိုးအရှိဆုံးငြင်းချက်တစ်ရပ်ဖြစ်၏။ (ဃ ၉၅.၈)

ခရစ်တော်၏နာမကို ဝန်ခံပြောဆိုနေကြပြီး သူတို့နှလုံးသားများက ကိုယ်တော်၏အမှုတော်နှင့်မချိတ်ဆက်မိဘဲ နေကြသူများစွာရှိပါသည်။ ထိုသူတို့သည် ဘုရားဝတ်မွေ့လျော်ခြင်းကို အလုပ်တစ်ခုအနေဖြင့် သူတို့ကိုယ်တိုင်က ခင်းကျင်းပြင်ဆင်ကြသည်။ ဤနည်းဖြင့် သူတို့ပြုလေတိုင်း၌ ကြီးစွာ

ပစ်ဒဏ်ကျခံရာဖို့ဖြစ်သည်။ သူတို့သည် ပိုမိုလှည့်ဖြားလာကြပြီး အသက်ဝိညာဉ် များကို ဖျက်ဆီးသည့်စာတန်၏အောင်မြင်သောကိုယ်စားလှယ်များဖြစ်လာ ကြကုန်သည်။ (ဃ ၉၅.၉)

သခင်ဘုရားအား စောင့်မျှော်နေကြကုန်သောသူများသည် သမ္မာတရားကိုနာခံသောအားဖြင့် သူတို့၏ဝိညာဉ်များ သန့်ရှင်းစင်ကြယ်ခြင်းရလာသည်။ သတိဝီရိယထားစောင့်မျှော်ခြင်းနှင့်အတူ ကြိုးပမ်းအားစိုက်လုပ်ဆောင်ခြင်းကို ပေါင်းစပ်ယူလိုက်သည်။ အဘယ်ကြောင့်ဆိုသော် သခင်ဘုရားသည် တံခါးဝနားရောက်နေပြီကို သူတို့သိထားကြ၏။ သူတို့၏စိတ်အားကြီးခြင်းသည်လည်း ဝိညာဉ်များကယ်တင်ရေးအတွက် အလုပ်လုပ်နေကြသော ကောင်းကင်တမန်များနှင့် ပူးပေါင်းလုပ်ဆောင်ရန် အရှိန်မြှင့်တင်နေကြသည်။ ထိုသူများသည် ဘုရားသခင်၏အိမ်တော်အတွက် “ရာသီအလိုက် သူတို့အဖို့အစာတုံး” ပေးလာသောသစ္စာရှိ၍ ဉာဏ်ထက်သည့်အစေခံများဖြစ်ကြသည်။ သူတို့သည် သမ္မာတရားကိုကြေညာနေကြသည်မှာ ယခုအခါ အထူးအသုံးဝင်နေပါသည်။ ဧနောက်၊ နောဧ၊ အာဗြဟံနှင့်မောရှေတို့သည် သူတို့အချိန် မှာ သမ္မာတရားကို ကြွေးကြော်ပေးခဲ့ကြသလို ခရစ်တော်၏အစေခံများသည် လည်း ယခုအချိန်တွင် ဤကာလမျိုးဆက်အတွက် အထူးသတိပေးစကားကိုပြောပေးနေကြရ၏။ (ဃ ၉၆.၁)

ဘုရားသခင်၏ရှေ့တော်မှောက်၌ ကျွန်ုပ်တို့ရပ်ပြရမည်မှာ ကျွန်ုပ်တို့ရခဲ့လိုက်သောအလင်းပမာဏအပေါ်မူမတည်။ ကျွန်ုပ်တို့ရခဲ့သည်ကို အဘယ်ကဲ့သို့ကျွန်ုပ်တို့အသုံးချခဲ့သည်များအပေါ် မူတည်လိမ့်မည်။ ပြောရရင် ဘုရားတရားမရှိသူများပင်လျှင် သူတို့ခွဲခြားသိနိုင်သမျှ အမှန်လောက်ကိုသာ ခွဲထုတ်နိုင်ကြပါသည်။ ကြီးစွာသောအလင်းရပြီးသူများအတွက်ဆိုလျှင် ပို၍ ရွေးချယ်မှုအလေးသာသောအခြေအနေရှိနေရမည်။ ဘုရားသခင်ကို အစေခံမည်ပြောပြီး အလင်းကိုအလေးမထားနေထိုင်သွားလျှင် သူတို့၏အလုပ်အကိုင်သည် နေ့စဉ်ပဋိပက္ခဘဝနှင့်တကွ ရှိနေပါလိမ့်မည်တည်း။ (ဃ ၉၆.၂)

ခရစ်ယာန်တိုင်းအတွက် အထူးအခွင့်အရေးကြီးတစ်ရပ်မှာ သခင်ယေရှုခရစ်ကြွလာတော်မူမည်ကို မျှော်ကြည့်နေရုံတင်မဟုတ်ဘဲ အပူတပြင်းလှုပ်ရှားအမှုဆောင်နေကြရမည်။ သခင်ဘုရားနာမတော်၌ ဝန်ခံသူတိုင်းသည် ဘုန်းတော်ထင်ရှားခြင်းအသီးသီးနေပါက ကမ္ဘာတစ်လောကလုံး၌ ဧဝံဂေလိမျိုးစေ့ကို အလွန်လျင်မြန်စွာကြဲချနိုင်ပါလိမ့်မည်။ နောက်ဆုံးနေ့၏ကောက်စပါးရိတ်သိမ်းပွဲကြီးသည်လည်း ဝင်းဝင်းမှည့်လျက် အသင့်အမြန်ရှိနေပြီ။ ခရစ်တော်သည် အဖိုးတန်စပါးကို စုစည်းရိတ်သိမ်းရန် ကြွရောက်လာတော်မူလိမ့်မည်။ (ဃှ ၉၆.၃)

ခရစ်ယာန်များသည် သူတို့ကိုယ်တိုင်က အိပ်ရာမှနိုးထလာကြရမည်။ သူတို့မေ့ချန်ထားခဲ့သောတာဝန်ကို ပြန်လည်ယူတင်ထမ်းရွက်ကြရမည်။ သူတို့ကိုယ်တိုင်၏ဝိညာဉ်များ ကယ်တင်ခံရဖို့အတွက် သူတို့တစ်ဦးချင်းကြိုးပမ်းလုပ်ဆောင်မှုအပေါ်တွင် မူတည်နေပါသည်။ (ဃှ ၉၆.၄)

စစ်မှန်သောကိုးကွယ်မှုသည် ခရစ်တော်နှင့်အတူတကွ ပါဝင်လုပ်ဆောင်မှုရှိရမည်။ ဆုတောင်းခြင်း၊ တွန်းအားပေးခြင်းနှင့် ဒေသနာဟောပြောခြင်းတို့သည် မကြာမကြာချည်နှောင်ခြင်းရှိသည့် ဈေးပေါ်သောအသီးများကဲ့သို့ဖြစ်ရလိမ့်သည်။ သို့သော် ကောင်းသောအကျင့်၌ တည်သောအသီး၊ ဆင်းရဲသားများ၊ မိဘမဲ့ကလေးများနှင့် မုဆိုးမတို့ကိုစောင့်ရှောက်ခြင်းများသည် စစ်မှန်သောအသီးများဖြစ်ကြ၍ ကောင်းသောအပင်၌ သဘာဝအတိုင်းကြီးထွားစည်ပင်လျက်ရှိနေလိမ့်မည်။ (ဃှ ၉၆.၅)

အသင်းတော်အထဲရှိ အသင်းသားတိုင်းသည် အလင်းကိုလက်ခံရခဲ့သကဲ့သို့ အလင်းဖြန့်ဝေခြင်းအလုပ်ကို တာဝန်တစ်ရပ်အနေဖြင့် လုပ်ကိုင်ကြရမည်။ သခင်ဘုရား၏စပျစ်ဥယျာဉ်ထဲ၌ အလုပ်မလုပ်ဘဲနေသည့်မည်သူတစ်ဦးတစ်ယောက်ကိုမျှ ခွင့်ချက်မပေးရပါ။ (ဃှ ၉၆.၆)

အလုပ်၏အခြေခံသဘောတရားသည် ခရစ်တော်အလိုရှိသောအသီးကိုသီးကြစေရန်ဖြစ်သည်။ အကျိုးဆောင်သောအကျင့်ကိုကျင့်ခြင်း၊ ကြင်နာသောစကားကိုပြောခြင်းနှင့် ဆင်းရဲသူ၊ ချို့တဲ့သူ၊ ဒဏ်ရာအနာရသူများအား

သနားစိတ်ဖြင့် ပြုစုထောက်ပံ့ခြင်းအလုပ်များကို လုပ်ပြကြရမည်။ (ယှ ၉၇.၁)

ယာကုပ်၏ရေတွင်းနားမှာ ယေရှုနှင့်စကားပြောခဲ့သောရှမာရိအမျိုးသမီးသည် ကယ်တင်ရှင်ကိုတွေ့ခဲ့ရသည်ဆိုပြီး မကြာမီကိုယ်တော်ထံသို့ အခြားသူများကို ခေါ်ယူလာခဲ့သည်။ သူမသည် ယေရှု၏အနီးကပ်တပည့်တော်များထက် ပို၍ထိရောက်သောမစ်ရှင်အလုပ်ကို လုပ်ခဲ့ကြောင်း သူမကိုယ်တိုင်သက်သေပြခဲ့၏။ တပည့်တော်များသည် ရှမာရိပြည်ကို ခွန်အားပေးရမည့်နေရာဒေသတစ်ခုလောက်ကလွဲ၍ ဘာကိုမျှမမြင်ခဲ့ကြပါ။ သူတို့၏အတွေးများထဲ၌လည်း နောင်အခါ လုပ်ဆောင်ကြရမည့်အမှုတော်မြတ်ကြီးလောက်ကိုသာ စိတ်ရောက်နေကြ၏။ လက်ရှိသူတို့အနီးဝန်းကျင်၌ ရိတ်သိမ်းရမည့်လယ်ကွင်းတစ်ခုရှိနေသည်ကို သူတို့မတွေ့မမြင်ကြ။ သူတို့အထင်သေးသောရှမာရိအမျိုးသမီးသည် တစ်မြို့လုံးရှိလူတွေကို သတင်းကောင်းကြားရန် ယေရှုထံ ယူဆောင်ပေးလာနိုင်ခဲ့သည်။ သူမသည် သူမ၏ဌာနီလူတွေဆီကို ချက်ချင်းအလင်းသယ်ဆောင်ပေးခဲ့သူဖြစ်၏။ ဤအမျိုးသမီးသည် ခရစ်တော်၌ ယုံကြည်ခြင်းကို လက်ငင်းလုပ်ဆောင်တင်ဆက်သူဖြစ်သည်။ (ယှ ၉၇.၂)

သတ္တမနေ့မြော်လင့်ခြင်းအသင်းသားများသည် တိုးတက်မှုရှိနေသည်။ အသင်းသားနှစ်ဆတိုးလာခြင်း၊ မစ်ရှင်လုပ်ငန်းထူထောင်ခြင်းနှင့် မြေကြီးပေါ်ရှိအမှောင်ဒေသများသို့ သမ္မာတရားအလံတော်ကို လွှင့်ထူခြင်းလုပ်ခဲ့နိုင်ကြသော်လည်း သူတို့သည် ဘုရားသခင်အလိုတော်ရှိသည်ထက် များစွာနေးကွေးကြပါသည်။ (ဘာကြောင့်လဲ)။ အသင်းတော်ရှိအသင်းသားများသည် သူတို့လုပ်နိုင်ကိုင်နိုင်ကြသောအလုပ်ကို ရှေ့ဆက်ကြိုးပမ်းလုပ်ဆောင်ရန် လူတိုင်းကမနိုးထကြသေးဘူးဖြစ်နေသည်။ အမှုတော်အကိုင်းအခက်များသည်လည်း စိတ်အား ကြီးသောဘာသာရေးကိုင်းရှိုင်းမှု၊ ဆက်ကပ်မှု၊ စိတ်နှိမ့်ချမှု၊ ဘုရားသခင် အား ကြောက်ရွံ့ခြင်းအမှုတို့၌ ပေါ့လျော့နေကြသည်ကို တွေ့ရ၏။ ခရစ် တော်၏ကပ်တိုင်စစ်သည်တော်များ ဘယ်ရောက်နေကြသလဲ။ ဘုရားသခင် ကိုကြောက်ရွံ့သူများ၊ ရိုးသားသူများ၊ စိတ်နှလုံးတစ်လုံးတစ်ဝတည်းရှိသူများ၊

ဘုရားသခင်ဘုန်းတော်ထွန်းတောက်သည်ကို ကြည့်မျှော်သူများသည် မိစ္ဆာကိုဆန့်ကျင်သောတိုက်ပွဲအတွက် သူတို့ကိုယ်သူတို့အရံသင့်ပြင်ဆင်ထားကြပါစေ။ ဝိညာဉ်ရေးရာထိပ်တိုက်ဖြစ်သည့်အချိန်တွင် အတုအပနှင့် သူရဲဘောကြောင်သူ အမြောက်အမြားရှိလာမည်ဆိုပါစို့၊ သူတို့အားနည်းသော်လည်း အားယူ၍ တက်လာကြမည်။ တိုက်ပွဲတွင် ပျော့သောဖရောင်းက သတ္တိပြောင်ပြောင်တိုက်၍ ငရဲသားများ၏တပ်ကို မောင်းနှင်တိုက်ထုတ်နေကြပါ၏။ (ယု ၉၇.၃)

ဘုရားသခင်ပေးထားသောအစွမ်းကို ထုတ်သုံးရန် ငြင်းဆန်သူတစ်ဦးတစ်ယောက်သည် သူ၌စွမ်းအင်များယိုယွင်း၍ ပျက်စီးသွားလိမ့်မည်ဆိုသည် မှာလောကအခြေခံသဘောတရားဖြစ်သည်။ သမ္မာတရားသည် သူ၌ရှိမနေ။ ပေးကမ်းထားခြင်းလည်း မခံခဲ့ရ။ အသက်ပေးသောတန်ခိုးသည် သူ၌ပျောက်၏။ အနာငြိမ်းစေသည့်ပါရမီသည်လည်း သူ၌ပျက်၏။ (ယု ၉၇.၄)

မေတ္တာကိုချည်နှောင်ထုံးဖွဲ့ရမည့်အစား အပြောသက်သက်ဖြင့် အလုပ်လုပ်နေခြင်းသည် သင်၏ဘာသာတရားကိုင်းရှိုင်းခြင်းအထဲသို့အရိုးနှင့်ကြွက်သားများဘာမျှတိုးပွားစေလိမ့်မည်မဟုတ်ပါ။ (ယု ၉၈.၁)

ခရစ်ယာန်ဘဝဖြင့် အသက်ရှင်နေထိုင်ခြင်းကို ထိန်းသိမ်းရန် ကြိုးပမ်းအားထုတ်သူသည် ကျေးဇူးတော်သက်သက်ဖြင့် ရေလိုက်သောကောင်းချီးများကို ငြိမ်ငြိမ်ယူနေကာ ခရစ်တော်အတွက် ဘာမျှမလုပ်ဘဲနေလျှင် အလုပ်မလုပ်ဘဲနှင့် အစားသက်သက်ဖြင့် အသက်ရှင်ဖို့ကြိုးစားနေသူဖြစ်လိမ့်မည်။ သူ၏ဝိညာဉ်ရေးသည် ဇာတိလောကဓမ္မတာကဲ့သို့ပင် သူသည် အဆင့်နိမ့်ကျ၍ ယိုယွင်းပျက်စီးခြင်းအဖြစ်သို့ အမြဲရောက်လိမ့်မည်။ (ယု ၉၈.၂)

## သာသနာပြုလုပ်ရှားမှုအထဲပါလာသောအန္တရာယ်

လှုပ်ရှားမှုများတိုးလာသည်နှင့်အမျှ မမေ့ဖို့လိုသည်။ ပြီးစီးစေရမည့်အမှုတော်ကိုလုပ်ဆောင်ရာ၌ ကျွန်ုပ်တို့အောင်မြင်မှုရလာကြပါသည်။ သို့သော်လူလုပ်သောအကြံအစည်များနှင့် နည်းစနစ်များ၌ ကျွန်ုပ်တို့ယုံစားနေခြင်း

သည် အန္တရာယ်ရှိသည်။ ဆုတောင်းမှုနည်းလာခြင်း၊ ယုံကြည်မှုလျော့ပါးလာခြင်းတို့ကြောင့် ယိမ်းယိုင်ဖြစ်တတ်မှုဓမ္မတာရှိလာလိမ့်မည်။ ကျွန်ုပ်တို့သည် ဘုရားသခင်အပေါ်၌ မှီခိုသောအာရုံပျက်ခြင်းအန္တရာယ်ရရှိလာကြလိမ့်မည်။ ဘုရားသခင်သည်သာလျှင် ကျွန်ုပ်တို့လုပ်ဆောင်မှုအောင်မြင်ရေးအတွက် ဖန်တီးပေးသူဖြစ်သည်ကို မေ့လျော့ပြီးနေတတ်သည်။ ဤကဲ့သို့ဒယိမ်းဒယိုင်ဖြစ်တတ်သည်ဆိုသော်လည်း လူ၏တန်ဆာပလာသည် လျော့နည်းလုပ်ဆောင်စေရမည်ဟု မတွေးပါ။ ဤသို့မဖြစ်ရ။ လူသည် အလုပ်လျှော့လုပ်ရမည်မဟုတ်။ သန့်ရှင်းသောဝိညာဉ်တော်ဖြစ်သည့် ကောင်းကင်ဆုကျေးဇူးကို လက်ခံရပြီးသောကြောင့် ပိုလို့သာလုပ်ဆောင်ကြရမည်။ (ဃ ၉၈.၃)

အသင်းတော်သည် ဘုရားသခင့်တန်ခိုးတော်အားဖြင့် လှုပ်လှုပ်ရှားရှားဖြစ်လာမည်ဆိုသောအချိန်ရောက်လာပါလိမ့်မည်။ အထူးကြိုးပမ်းလုပ်ဆောင်ခြင်းသည် အဖြေဖြစ်လိမ့်မည်။ အဘယ်ကြောင့်ဆိုသော် သန့်ရှင်းသောဝိညာဉ်တော်မှ အသက်ပေးသောတန်ခိုးသည် အသင်းသူ/အသင်းသားများအား ရှေ့သို့ချီတက်ရန် အားပေးခြင်းနှင့်ခရစ်တော်ဆီသို့ ဝိညာဉ်များယူတင်ပေးခြင်းရှိစေလိမ့်မည်။ ဤကဲ့သို့သောလှုပ်ရှားမှုထင်ရှားလာသောအခါ အတည်ကြည်ဆုံးလုပ်ဆောင်သူများသည် ဘုရားသခင်ထံ သူတို့တစ်သမတ်တည်းကြိုးစားဆုတောင်းခြင်းဖြင့် မှီခိုနေကြသူများသာလျှင် လုံခြုံစိတ်ချရလိမ့်မည်။ ခရစ်တော်၏ကျေးဇူးတော်အားဖြင့်သာလျှင် သူတို့အလုပ်ထဲ၌ မာနစိတ်ကြီးဝင်ခြင်းမှသော်လည်းကောင်း၊ သို့မဟုတ် သူတို့လုပ်ရပ်ကို ကယ်တင်ရှင်တစ်ယောက်အဖြစ်မှတ်ယူနေခြင်းမှသော်လည်းကောင်း ကယ်လွတ်ခြင်းခံရကြလိမ့်မည်။ ယေရှု ကိုသူတို့အစဉ်မပြတ်မျှော်လင့်နေကြရမည်။ သို့မှသာယေရှု၏တန်ခိုးတော်သည်သာလျှင် အမှုတော်ဆောင်ခြင်းဖြစ်ကြောင်းနှင့် ထိုသို့ဖြင့်
ဘုန်းတော်ထင်ရှား ခြင်းအလုံးစုံ၏အကြောင်းတရားအဖြစ် မှတ်ယူရမည်ကို သူတို့နားလည်သဘော ပေါက်လာနိုင်ကြပေမည်။ ကျွန်ုပ်တို့သည်ဘုရားသခင်၏ အမှုတော်မြတ်တိုးချဲ့ ရေးကို အပြတ်သားဆုံးကြိုးစားအားထုတ်ကြရန်ခေါ်ယူခြင်းခံကြရမည်။ ခမည်း တော်ဘုရားသခင်ထံဆုတောင်းခြင်းသည်လည်း
အခြေခံအကျဆုံးသောအလုပ်

ဖြစ်နေရပါမည်။ တံခါးပိတ်ခန်းမအထဲ၌လည်းကောင်း၊ မိသားစုအထဲ၌သော် လည်းကောင်း၊ အသင်းတော်အထဲ၌သော်လည်းကောင်း ဆုတောင်းခြင်းများ၌ ချိတ်ဆက်ပါဝင်ရန် မဖြစ်မနေလုပ်ဆောင်ရမည့်ကျွန်ုပ်တို့၏အလုပ်ဖြစ်နေရ မည်။ (ဃ၄ ၉၈.၄)

ဘာသာရေးဆိုင်ရာလုပ်ဆောင်မှုများ၌ အမြဲတမ်းပျာယာခတ်ဖြစ်နေ ခြင်းသည် ဘာသာရေး၏အနှစ်ချုပ်ဖြစ်သည်ဟု ကျမ်းတတ်ဆရာရဗ္ဗိများက တွက်ဆခဲ့ကြပါသည်။ သူတို့၏ဘုရားတရာကိုင်းရှိုင်းမှုကိုပြသရန် အပေါ်ယံ အပြင်ပန်းလုပ်ဆောင်မှုများကို သူတို့အားထားခဲ့ကြပါသည်။ ဤနည်းဖြင့် သူတို့၏ဝိညာဉ်များသည် ဘုရားသခင်ထံမှလမ်းခွဲထွက်၍ မိမိကိုယ်မိမိအား ကိုးခြင်းများဖြင့် သူတို့ဘဝကို သူတို့တည်ဆောက်ယူခဲ့ကြသည်။ ထိုအန္တရာယ် မျိုးသည် ယခုခေတ်တွင်လည်း ဆက်လက်တည်ရှိဆဲဖြစ်ပါသည်။ လှုပ်ရှား မှုများတိုးတက်လာသည်နှင့်အမျှ လူသည် ဘုရားသခင်အတွက် မည်သည့် လုပ်ဆောင်မှုများ၌မဆို အောင်မြင်စွာလုပ်ကိုင်လာကြသောအခါ လူသားများ ရေးဆွဲသည့်စီမံကိန်းများနှင့်လုပ်နည်းလုပ်ဟန်များကို စိတ်ချယုံကြည်လာသည့် အန္တရာယ်ရှိလာပါသည်။ ထိုအခါမျိုးတွင် ဆုတောင်းရန် အလားအလာ နည်းပါးသွားပြီး ယုံကြည်ခြင်းလျော့နည်းလာပါသည်။ ရှေးတပည့်တော်ကြီး များနည်းတူ ကျွန်ုပ်တို့သည် ဘုရားသခင်အပေါ် မှီခိုအားထားခြင်း၌ မျက်ခြည် ပြတ်ကာ မိမိတို့၏လုပ်ရပ်များကိုသာ ကယ်တင်ရှင်တစ်ယောက်ကဲ့သို့ မှတ်ယူဆည်းပူးနေသည့်အန္တရာယ်ထဲသို့ ရောက်နေကြ၏။ ကျွန်ုပ်တို့သည် ယေရှုကိုစေ့စေ့ဆင်ခြင်ကြည့်ရှုနေကြရန်နှင့် ကိုယ်တော်၏တန်ခိုးသည် အမှု တော်ကိုရွက်ဆောင်ပါကြောင်း အမှန်သဘောပေါက်နားလည်ကြရမည်။ ပျောက်ဆုံးနေသောလူသားများကို ကယ်တင်ရန် ကျွန်ုပ်တို့အားတက်သရော လုပ်ဆောင်နေကြစဉ် ဘုရားသခင်၌ စိတ်အာရုံစုစည်းထားခြင်း၊ ဆုတောင်း ခြင်း၊ နှုတ်ကပတ်တော်ကိုလေ့လာခြင်းတို့အတွက် ကျွန်ုပ်တို့အချိန်ပေးကြရ မည်။ များစွာသောဆုတောင်းခြင်းအမှုပြီးစီးခြင်းနှင့် ခရစ်တော်၏ကောင်းမြတ် ခြင်းအားဖြင့် စင်ကြယ်မှုရယူခြင်းများသာလျှင် နောက်ဆုံး၌ကောင်းရာဘုံသို့ ရောက်ဖို့လုံလောက်ကြောင်း သက်သေထင်ရှားစေလိမ့်မည်။ (ဃ၄ ၉၈.၅)

## ခရစ်ယာန်ဝန်ဆောင်မှုအစပြုသူများကိုအားပေးခြင်း

အအောင်မြင်ဆုံးအလုပ်လုပ်နိုင်ကြသူများသည် ဘုရားသခင်၏အစေခံ အမှုတော်ကို ငယ်သောအမှုများ၌ပင် ရွှင်လန်းစွာယူတင်လုပ်ဆောင်ခဲ့ကြသူ များဖြစ်ကြသည်။ လူသားတိုင်းသည် သူ၏ဘဝချည်မျှင်ကြိုးကိုယူ၍ အဝတ် အစားပုံစံစိုလင်လာစေရန် အထည်ရက်လုပ်ခြင်းအလုပ်ကို လုပ်ကြရမည်။(ဃ ၉၉.၁)

ကျွန်ုပ်တို့သည် ဝတ်ပြုကိုးကွယ်ခြင်းအမှုကို အသုံးတော်ခံခြင်း၌ အစဉ်မပြတ်တိုးတက်ဖြစ်ထွန်းနေစေရန် နေ့စဉ်တာဝန်အဖြစ် ကျွန်ုပ်တို့ကျင်းပ ကြရမည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့သည် ထာဝရအလင်းရောင် အောက်တွင် အမှုဆောင်နေရပါကြောင်း ရှုမြင်မိသောကြောင့်တည်း။ (ဃ ၉၉.၂)

ဘုရားသခင်၏မဟာအကြံအစည်တော်ထဲ၌ လူသားတိုင်းအတွက် နေရာတစ်နေရာရှိထားသည်။ မလိုအပ်သောစွမ်းရည်များကို ကိုယ်တော်အပ်နှင်း တော်မူမည်မဟုတ်ပါ။ (ဃ ၉၉.၃)

ကောင်းကင်ဘုံရှင်၏ထာဝရစီမံကိန်းထဲတွင် လူတိုင်းအတွက် နေရာ ရှိပါသည်။ လူတိုင်းသည် ခရစ်တော်နှင့်အတူပူးပေါင်း၍ အသက်ဝိညာဉ် ကယ်ဆယ်ရေးလုပ်ငန်းကို ဆောင်ရွက်ရပါမည်။ မြေကြီးပေါ်မှာ ဘုရားသခင့် အမှုတော်ကိုဆောင်ရန် သတ်မှတ်ထားရှိနေရာသည် ကောင်းကင်စံအိမ်တော် ၌ကျွန်ုပ်တို့အတွက် ပြင်ဆင်ပေးထားသောနေရာရှိသည်ထက် ပို၍သေချာသော နေရာမရှိလေပြီ။ (ဃ ၉၉.၄)

ဘုရားသခင်၏လူများတစ်ယောက်ချင်းစီတိုင်း၏အပေါ်တွင် ကိုယ်တော်ကြည့်မြင်တော်မူသည်။ ကိုယ်တော်၏အကြံအစည်တော်သည် တစ်ယောက်ချင်းစီတိုင်းနှင့်သက်ဆိုင်သည်။ (ဃ ၉၉.၅)

လူတိုင်းသည် အမှုတော်မြတ်အထဲတွင် တစ်စုံတစ်ခုခုဆောင်ရွက် နိုင်ကြသည်။ ထိုသူများသည် အသက်ဝိညာဉ်ကယ်ဆယ်ရေးအတွက် အလွန်

စိတ်ထက်သန်စွာဖြင့် ကိုယ်ကျိုးမဖက်ဆောင်ရွက်ခဲ့ခြင်းမရှိခဲ့လျှင် ဘုရားသခင်ရှေ့တော်မှောက်၌ အပြစ်မရှိပြီဟူ၍ သူတို့ပြောဆိုခွင့်ရနိုင်ကြလိမ့်မည်မဟုတ်ပါ။ (ဃ ၁၀၀.၁)

သင့်အလုပ်တာဝန်များကို အခြားတစ်ယောက်အပေါ်သို့ ပခုံးပြောင်းပေးလိုက်နိုင်မည်မဟုတ်။ သင့်အလုပ်ကို သင်ကိုယ်တိုင်လုပ်ရမည်ဖြစ်၍ အခြားတစ်ယောက်ယောက်အစားထိုးလို့မရပါ။ သင့်အလင်းကို သင်မပေးဘဲ ထိန်ချန်ထားခဲ့လျှင် သင်ထိန်ချန်ခဲ့သည့်အတွက်နှင့် တစ်စုံတစ်ယောက်သည် အမှောင်ထဲ၌ ကျန်ရစ်လေမည်။ (ဃ ၁၀၀.၂)

ဘုရားသခင်၏ခေါ်တော်မူခြင်းကို လိုလားစွာတုံ့ပြန်သည့်စိတ်နှလုံးနှိမ့်ချသောအမှုဆောင်သည် ဘုရားသခင်ဖေးမတော်မူခြင်းကို ဧကန်မုချခံစားရပါလိမ့်မည်။ ဤမျှမြင့်မြတ်သန့်ရှင်းသောတာဝန်ကို လက်ခံလိုက်ခြင်းသည်ပင်လျှင် အကျင့်စာရိတ္တကို မြှင့်တင်ခြင်းဖြစ်သည်။ ဤသည်မှာအမြင့်ဆုံးသောကိုယ်ကျင့်သိက္ခာနှင့်ဝိညာဉ်တန်ခိုးတို့ကို နိုးကြွလှုပ်ရှားစေပြီးလျှင် ဦးနှောက် နှင့်နှလုံးကို အားဖြည့်ပေး၍ စင်ကြယ်စေပါသည်။ အင်အားချည့်နဲ့သောသူ တစ်ယောက်သည် ဘုရားသခင်၏တန်ခိုးတော်ကိုယုံကြည်သောအားဖြင့်မည်မျှသန်စွမ်းလာမည်ကိုလည်းကောင်း၊ ကြိုးစားအားထုတ်ရာတွင် မည်မျှစိတ်ဆုံးဖြတ်ထားခြင်းရှိလာမည်ကိုလည်းကောင်း၊ ကြီးစွာသောအကျိုးကျေးဇူးများမည်မျှဖြစ်ထွန်းလာမည်ကိုလည်းကောင်း အံ့သြချီးမွမ်းဖွယ်ရာသိလာလိမ့်မည်။ အနည်းငယ်မျှသောအတတ်ပညာဖြင့် စိတ်နှလုံးနှိမ့်ချစွာလုပ်ငန်းအစပြုပြီးလျှင် တိုးတက်တတ်မြောက်ရန် လုံ့လဝီရိယစိုက်ထုတ်၍ အတတ်ပညာဆည်းပူးရင်း မိမိတတ်သမျှကို သူတစ်ပါးအား ပြောဟောဝေငှသောသူသည်အလိုရှိသမျှအားလုံးကိုရရှိနိုင်သည့် ကောင်းကင်ဘဏ္ဍာတစ်ရပ်လုံးကို သူတွေ့မြင်ရလိမ့်မည်။ ထိုသူသည် အလင်းတရားကို ကြိုးစားအားထုတ်၍ ဝေငှလေလေ၊ သာ၍များသောအလင်းတရားကို ကိုယ်တိုင်ရရှိလေလေဖြစ်၏။ အသက်ဝိညာဉ်များကို ချစ်မြတ်နိုးသောအားဖြင့် ဘုရားသခင်၏နှုတ်ထွက်တရားတော်ကို သူတစ်ပါးအား ကြိုးစား၍ရှင်းပြလေလေ၊ သူကိုယ်တိုင်၌ ပို၍

ရှင်းလင်းစွာသိမြင်ရလေလေဖြစ်လိမ့်မည်။ ကျွန်ုပ်တို့၏အတတ်ပညာကို အသုံး ချ၍ စွမ်းအင်ကိုလေ့ကျင့်ပေးလေလေ၊ ပို၍များသောအတတ်ပညာနှင့်စွမ်းအင် များကို လက်ခံရလေလေဖြစ်လိမ့်မည်။ (ဃ ၁၀၀.၃)

ဘုရားသခင်အတွက် ဝိညာဉ်များကယ်ဆယ်ရေးအတွက် လူ တစ်ယောက်ချင်းစီတိုင်းက လုပ်ဆောင်ကြပါစို့။ လူတိုင်းကိုယ်စီသည် မိမိ ဉာဏ်ပညာကို သုံး၍နေပြပါ။ တစ်စုံတစ်ယောက်က ကိုယ့်အတွက် အလုပ် လာပေးမည်ကိုစောင့်ရင်း လူပျင်းတစ်ယောက်လို ဘယ်အခါမျှရှိမနေပါနှင့်။ သင့်အားအလုပ်လာချပေးနိုင်သောထိုသူ "တစ်စုံတစ်ယောက်" သည် သင့်ကို တာဝန်များစွာဖြင့် စုပုံပေးထားလိမ့်မည်။ သူ၏လမ်းညွှန်ချက်များကိုစောင့်ရင်း သင့်အချိန်ဆုံးရှုံး၏။ ဘုရားသခင်သည် ချက်ချင်းပြုပြင်ပြောင်းလဲခြင်းဉာဏ် အလင်းကို သင့်အားပေးထားသည်။ အဘယ်ကြောင့်ဆိုသော် ခေါ်ယူတော် မူခြင်းရှိနေသေး၍ဖြစ်သည်။ "ချစ်သားတို့၊ ငါ၏စပျစ်ဥယျာဉ်ထဲသို့လာ၍ အလုပ်လုပ်ကြ" "ယနေ့တွင် သင်တို့သည် ဗျာဒိတ်တော်အသံကိုကြားလျက် ရှိသည်ဖြစ်၍ ခိုင်မာသောစိတ်နှလုံးမရှိကြနှင့်။" (ဟေဗြဲ ၃း၇–၈)။ သခင် ဘုရားသည် "ချစ်သားတို့" ဟုဆိုပြီး ချစ်သောစိတ်ဖြင့် စကားနိဒါန်းပျိုးပေး ခဲ့ပါသည်။ အဘယ်မျှကြင်နာစိတ်ရှိလေသနည်း၊ အဘယ်မျှမေတ္တာကရုဏာ ပြည့်ဝလေသနည်း။ ထို့အပြင်ရှိသေး၊ အဘယ်မျှအရေးတကြီးလောဆော်နေ သနည်း။ ကိုယ်တော်၏ဖိတ်ခေါ်ခြင်းသည် အမိန့်ပညတ်တော်ဖြစ်သတည်း။

အားကြိုးမာန်တက်လျက် အမှုတော်ကို ရွက်ဆောင်သောအားဖြင့် မကောင်းမှုကို တွန်းလှန်ရန် အကောင်းဆုံးသောခွန်အားကို အမြတ်ရ၏။

တရားမျှတခြင်းဖြင့် လုပ်ဆောင်မှုတိုင်း၊ ကျင့်ကြံမှုတိုင်းနှင့်သနား ကြင်နာခြင်း၊ စေတနာထက်သန်ခြင်းအမှုတိုင်းသည် ကောင်းကင်ဘုံ၌ ဂီတ သံများဖြစ်လေသည်။ (ဃ ၁၀၀.၆)

ခရစ်တော်၏ဝိညာဉ်သည် သာသနာပြုစိတ်ဝိညာဉ်ဖြစ်လေသည်။ အသစ်ရလိုက်သောနလုံးသား၏အဦးအကျဆုံးရတ်ခြည်းစိတ်လှိုင်းသည် အခြားသူများကို ခေါ်ယူနိုင်၍ ကယ်တင်ရှင်ဆီသို့ပို့ပေးလေ၏။ (ChS 101.1)

ကျေးဇူးတော်အရာ၌ ကြီးထွားမှုရစေဖို့ တစ်ခုတည်းသောနည်းလမ်းသည် ခရစ်တော်မှကျွန်ုပ်တို့အပေါ်သို့လုပ်ဆောင်ရန် ချိတ်ဆက်ပေးသော အမှုတော်ရပ်အားလုံးကို စိတ်ပါလက်ပါကျွန်ုပ်တို့လုပ်ဆောင်နေခြင်းဖြစ်ပါသည်။ (ဃ ၁၀၁.၂)

သင်သည် ဘုရားသခင်အတွက် အမှုတော်ကို ဆောင်ရွက်ခြင်းမပြုမီတွင် အခမ်းအနားကြီးတစ်ရပ်ကို စောင့်မျှော်ခြင်း (သို့မဟုတ်) ဆန်းကြယ်ထွေပြားသောစွမ်းရည်များကို မျှော်လင့်ခြင်း ရှိနေရမည်မဟုတ်။ (ဃ ၁၀၁.၃)

အပေါင်းအဖော်အသင်းအပင်းများအား ကောင်းချီးပေးသောသူ၊ အောင်မြင်သောဘဝဖြင့် နေထိုင်အသက်ရှင်သောသူသည် ပညာတတ်သည်ဖြစ်စေ၊ မတတ်သည်ဖြစ်စေ ဘုရားသခင်အတွက်နှင့် သူ့အပေါင်းအသင်းများအတွက် သူ့စွမ်းရည်အားလုံးကို အသုံးချသူတစ်ယောက်ဖြစ်လေသည်။ (ဃ ၁၀၁.၄)

ငယ်သောအမှုများကို ထူးချွန်စွာနှင့် ပြီးစီးအောင်ဆောင်ရွက်နိုင်ရန် ဘုရားသခင်မှအရည်အချင်းပြည့်စေခဲ့သောလူများစွာသည် ငယ်သောအမှုများ၌ကြိုးပမ်းလုပ်ကိုင်ခဲ့ကြသောကြောင့်ဖြစ်သည်။ (ဃ ၁၀၁.၅)

သင်သည် အကြိမ်တစ်ရာတွင် ကိုးဆယ့်ကိုးကြိမ်အရှုံးနှင့်ရင်ဆိုင်ခဲ့ရပါသော်လည်း ပျက်စီးခြင်းထဲမှ အသက်ဝိညာဉ်တစ်လုံးကို ကယ်တင်ခြင်းသို့ပို့ဆောင်အောင်မြင်ခဲ့သည်ဆိုပါလျှင် သခင့်အကျိုးအတွက် မြင့်မြတ်သောအမှုတော်တစ်ရပ်ကို ပြုစုပြီးခဲ့သည်ဖြစ်သတည်း။ (ဃ ၁၀၁.၆)

ဘုရားသခင်နှင့်ဝိညာဉ်တစ်ဦးချင်းစီတို့အကြား ဆက်နွယ်မှုသည် ကိုယ်တော်၏ဂရုစိုက်စောင့်ကြည့်တော်မူခြင်းကို ဝေမျှပေးရန် မြေကြီးပေါ်၌ အခြားသောဝိညာဉ်များမရှိသကဲ့သို့ သို့တည်းမဟုတ် ကိုယ်တော်၏တစ်ပါးတည်းသော၊ ချစ်မြတ်နိုးစွာသောသားတော်ကို ပေးခဲ့ရသည့်လူတို့အတွက်မှအပ

အခြားသောဝိညာဉ်များမရှိသကဲ့သို့ပင် သိသိသာသာထင်ရှားခြင်းနှင့်ပြည့်စုံလေ၏။ (ဃ ၁၀၁.၇)

အကယ်၍သာသင်သည် သင့်အစွမ်းအစကို ဘုရားသခင်၏အမှုတော်၌ ဆက်ကပ်မှုဆုကျေးဇူးတစ်ခုအဖြစ် အပ်နှံသည်ဖြစ်လျှင် သင်၌အားနည်းခြင်းရှိသည်ဖြစ်ပါစေ၊ ကိုယ်တော်သည် သင့်ကိုရှုမြင်နားလည်၍ အသုံးပြုသွားပါလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ကိုယ်ကျိုးမဖက် တတ်တက်ကြွကြွ အမှုတော်ဆောင်ခြင်း၌ အားနည်းသူများသည် အားကောင်းလာကြပြီးလျှင် ကိုယ်တော်၏အဖိုးတန်ချီးကျူးမှုကို နှစ်သက်ခံစားရကြ၏။ သခင်ဘုရား၌ ဝမ်းမြောက်ပျော်ရွှင်ခြင်းသည် ခွန်အား၏မူလအရင်းခံဖြစ်လေသည်။ သင်သည် သစ္စာတရားနှင့်ပြည့်ဝသူဖြစ်ပါလျှင် လူတို့နားလည်မှုအလုံးစုံဖြင့် မရယူနိုင်သောငြိမ်သက်ခြင်းသည် ဤဘဝ၌ပင် သင့်အတွက် အကျိုးကိုပေးလိမ့်မည်။ နောင်ဘဝ၌လည်း ငါတို့သခင်ဘုရား၏ဝမ်းမြောက်ခြင်းထဲသို့ဝင်စားရလိမ့်မည်။ (ဃ ၁၀၁.၈)

အစွမ်းအစအနည်းအကျဉ်းသာရှိသောသူများသည် အကယ်၍သာသူတို့၏နှလုံးသားထဲ၌ ဘုရားသခင်ကို ချစ်သောသစ္စာစောင့်သိခြင်းစိတ်ရှိပါလျှင် ခရစ်တော်ဆီသို့ ဝိညာဉ်များစွာကိုအောင်နိုင်၍ ပို့ဆောင်ကြလိမ့်မည်။ ဟာလန်ပိဂျ် (မှုသြေ ဏဓါန) ဆိုသူသည် အရည်အချင်းနည်းပါး၊ ပညာနည်းပါးသောစက်ပြင်ဆရာတစ်ယောက်ဖြစ်သော်လည်း ဘုရားသခင့်အမှုတော်ရှေ့တိုးရေးအတွက် ရှာဖွေခြင်းကို သူ့စီးပွားရေးလုပ်ငန်းတစ်ရပ်အဖြစ် သူလုပ်ဆောင်ခဲ့ရာ သူ၏ကြိုးပမ်းလုပ်ဆောင်ခြင်းအားဖြင့် အောင်မြင်မှုအသိအမှတ်ပြုခံရခြင်းနှင့်တကွ သရဖူဆောင်းခဲ့ရလေသည်။ သူသည် သူ၏အပေါင်းအသင်းရောင်းရင်းများ ကယ်တင်ခြင်းရနိုင်ရန် ပုဂ္ဂိုလ်ရေးစကားစမြည်ပြောခြင်း၊ ကြိုးစားဆုတောင်းခြင်းတို့ဖြင့် ဝန်ဆောင်ခဲ့သည်။ ဆုတောင်းအစည်းအဝေးများကို သူပြုစုတည်ဆောက်ခဲ့သည်။ တနင်္ဂနွေဥပုသ်စာဖြေကျောင်းများကို စီစဉ်ဆောင်ရွက်ခြင်းနှင့် ဝေစာများ၊ အခြားဘာသာရေးစာစောင်များကို ထုတ်ဝေဖြန့်ဖြူးခဲ့သည်။ နောက်ဆုံးသူလဲလျောင်းရာသချိုင်းစာတိုင်ပေါ်တွင်

သူ၏မျက်နှာထားအရိပ်၌ ထာဝရအသက်အရိပ်ထိုးကျလျက်နှင့် သူထုတ်ပြောပြနိုင်ခဲ့ပါသည်။ "ဘုရားသခင်၏ကျေးဇူးတော်သက်သက်ကြောင့်သာဖြစ်သည်။ ကျွန်ုပ်ပြုခဲ့သမျှသောတစ်စုံတစ်ရာကောင်းမှုကုသိုလ်ကြောင့်မဟုတ်ရပါ။ သို့သော် ကျွန်ုပ်၏လူပုဂ္ဂိုလ်တန်ဆာပလာအားဖြင့် အသက်ဝိညာဉ်တစ်ရာကျော်ကျော်သည် ဘုရားသခင်ဆီသို့ ပြောင်းလဲရောက်ရှိခဲ့သည်ကို ကျွန်ုပ်၌သက်သေရှိသည်ဟု ကျွန်ုပ်တွေးမိပါသည်။" (ဃ ၁၀၁.၉)

ဤလောကကမ္ဘာသည် ခရစ်ယာန်များ၏ကောင်းကင်ဘုံမဟုတ်။ ဘုရားသခင်၏အလုပ်ရုံသက်သက်မျှသာဖြစ်၏။ ဤနေရာ၌ ကျွန်ုပ်တို့သည် သန့်ရှင်းသောကောင်းကင်ဘုံတစ်ခုဆီသို့ အပြစ်ကင်းသောကောင်းကင်တမန်များနှင့်ပေါင်းစည်းရန် အလို့ငှာ လိုက်ဖက်ညီစွာ နေထိုင်သွားဖို့ဖြစ်ပါသည်။(ဃ ၁၀၂.၁)

စိတ်နှလုံးအနှိမ့်ချဆုံးနှင့် အဆင်းရဲဆုံးသောယေရှုခရစ်၏တပည့်တော်များသည် အခြားသူများအား ကောင်းချီးမင်္ဂလာပေးနိုင်ကြသည်။ ထိုသူများသည် သူတို့အထူးထူးအထွေထွေကောင်းမှုတစ်ခုပြုနေသည်ဟူ၍ အမှန်မသိကြသော်လည်း သူတို့သည် မသိမသာသြဇာလွှမ်းမိုးခြင်းအားဖြင့် ပို၍ကျယ်ပြန့်နက်ရှိုင်းသောကောင်းချီးများစွာတိုးပွားလာခြင်းကို သူတို့စတင်လုပ်ဆောင်ပေးနိုင်ကြသည်။ အကျိုးပေးလိမ့်မည်ဖြစ်သောနောက်ဆုံးနေ့မရောက်မချင်း သူတို့သည် ကောင်းချီးပေးခြင်းရလဒ်ကို ဘယ်တော့မှသူတို့သိနိုင်ကြမည်မဟုတ်ပါ။ ကြီးသောအရာတစ်ခုခုသူတို့လုပ်ဆောင်နေကြပါသည်ဟူ၍လည်း သူတို့မခံစားမိ၊ မသိရှိကြပါ။ ထို့ပြင်သူတို့သည် အောင်မြင်ဖို့စိုးရိမ်စိတ်နှင့် သူတို့ကိုယ်သူတို့မောပန်းငြီးငွေ့နေကြလိမ့်မည်လည်းမဟုတ်ပါ။ သူတို့သည် ရှေ့သို့တိတ်ဆိတ်ငြိမ်သက်စွာဖြင့် လုပ်ဆောင်ရန်သာ အလိုရှိ၏။ သူတို့သည်ဘုရားသခင်ထောက်ပံ့ပေးအပ်တော်မူသောတာဝန်အရ အမှုတော်ကိုသစ္စာရှိရှိဆောင်ရွက်နေကြသည်။ သူတို့၏ဘဝများသည် အချည်းနှီးမဖြစ်ရ။ သူတို့၏ဝိညာဉ်အသက်တာများသည် ခရစ်တော်နည်းတူ ပို၍ပို၍ ကြီးထွားလာပြီးဤဘဝ၌ ဘုရားသခင်နှင့်အတူ လုပ်ဆောင်သူများဖြစ်ကြလေ၏။ ဤသို့ဖြင့်

အမှုတော်ကို မြင့်တင်ရွက်ဆောင်နိုင်ကြသည်နှင့်အမျှ သူတို့ဆီသို့ အရိပ်မထိုးသောဝမ်းမြောက်ခြင်းအသက်တာများသည် ရောက်လာပါလိမ့်မည်။ (ဃ ၁၀၂.၂)

ကိုယ်ကိုကိုယ်ခရစ်တော်အား အပ်နှံထားသူအများရှိကြသော်လည်း ကိုယ်တော်အတွက် ကြီးမြတ်သောအမှုတော်တစ်ရပ်ကို ဆောင်ရွက်ရန်၊ သို့မဟုတ် ကြီးမားစွာအနစ်နာခံ၍ လုပ်ဆောင်ရန် အခွင့်အရေးမရကြ၊ မသိကြသေးသောသူများရှိပါသည်။ ဘုရားသခင်လက်ခံတော်မူဆုံးသောမာတုရအဖြစ် စွန့်လွှတ်အပ်နှံခြင်းမျိုးကို မလိုအပ်ဟူ၍လည်းကောင်း၊ ဤသည်မှာလည်း ကောင်းကင်ဘုံမှတ်တမ်းထဲတွင် အမြင့်ဆုံးစံနှုန်းဖြစ်သောဘေးအန္တရာယ်နှင့်သေခြင်းကို နေ့စဉ်ရင်ဆိုင်နေကြရသည့် သာသနာပြုများမဟုတ်နိုင်ကြဟူ၍လည်းကောင်း၊ ယင်းအတွေးများနှင့်သူတို့ကိုယ်သူတို့ သက်သောင့်သက်သာရှာနိုင်ကြပါသည်။ ခရစ်ယာန်တစ်ဦးသည် သီးသန့်နေထိုင်အသက်ရှင်ခြင်း၌ ကိုယ်ကိုကိုယ်နေ့စဉ်အပ်နှံခြင်းဖြင့်လည်းကောင်း၊ စစ်မှန်သောရည်မှန်းချက်နှင့် စင်ကြယ်သောအတွေးများဖြင့်လည်းကောင်း၊ အမျက်ဒေါသနှိုးဆွပေးလာသောအခါ နူးညံ့သိမ်မွေ့စွာရင်ဆိုင်ခြင်းဖြင့်လည်းကောင်း၊ ယုံကြည်ခြင်း၊ ဘာသာတရားကိုင်းရှိုင်းခြင်းဖြင့်လည်းကောင်း၊ သစ္စာတည်ကြည်ခြင်းအနည်းငယ်လောက်ကိုပြသခြင်းဖြင့်လည်းကောင်း နေအိမ်၌နေထိုင်မှုဘဝတွင် ခရစ်တော်၏စရိုက်လက္ခဏာကို ပုံဆောင်တင်ဆက်ပြသူတစ်ယောက်ဖြစ်ရသည်။ ထိုသူသည် ကမ္ဘာပေါ်တွင် ကျော်ကြားသောသာသနာပြုသူဆရာ (သို့မဟုတ်) မာတုရတစ်ယောက်ထက် ဘုရားသခင်၏ရှေ့တော်မှောက်တွင် ပို၍အဖိုးထိုက်တန်သူတစ်ဦးဖြစ်ပါ၏။ (ဃ ၁၀၂.၃)

လုပ်ငန်းဆောင်ရွက်ပြီးစီးမှုပမာဏအပေါ်၌မတည်၊ မျက်မြင်အကျိုးရလဒ်များအပေါ်၌လည်းမတည်၊ သို့သော် အမှုတော်ကိုပြီးစီးစေသောစိတ်ဝိညာဉ်အပေါ်၌တည်၍ ဘုရားသခင်တန်ဖိုးထားတော်မူ၏။ (ဃ ၁၀၃.၁)

ကြီးမားသောလုပ်ငန်းများဆောင်ရွက်ပြီးစီးခြင်းကြောင့် သခင်၏သဘောကျမှုကို ခံယူကြရမည်မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် အရာများစွာကို

အမြတ်ရခဲ့သော်လည်း အနည်းငယ်သောအမှု၌ သစ္စာတည်ကြည်ခြင်းကိုသာ လျှင် သခင်သဘောကျထောက်ခံသောကြောင့်ဖြစ်သည်။ ကျွန်ုပ်တို့ရလိုက်သောအကျိုးရလဒ်ကြီးများကြောင့်မဟုတ်ရဘဲ ဘုရားသခင်အလေးထားသော ကျွန်ုပ်တို့၏ပြုမူလုပ်ဆောင်ခြင်းမှ အကြောင်းရင်းများဖြစ်ရသည်။ ကိုယ်တော်သည် လုပ်ငန်းပြီးစီးမှုကြီးမားသည်ထက်ပို၍ ကောင်းမြတ်ခြင်းနှင့် သစ္စာစောင့်သိခြင်းကိုဆုချပေးတော်မူသည်။ (ဃ ၁၀၃.၂)

ငယ်သောအမှုများကို မျက်စိကျော်၍ ကြီးကျယ်သောအမှုများကို မကြည့်မျှော်ပါနှင့်။ သင်သည် ငယ်သောအမှု၌ အောင်မြင်စွာလုပ်နိုင်ခဲ့မည်ဖြစ်သော်လည်း ကြီးသောအမှုတစ်ခုကို ကြိုးပမ်းလုပ်ကိုင်ရာတွင် လုံးလုံးလျားလျားကျရှုံးလေသော် စိတ်ပျက်အားလျော့ခြင်းသို့ရောက်၏။ သင်မြင်ရသမျှဆောင်ရွက်ရန်အမှု၌ အာရုံစိုက်ထားပါ။ သင်သည် ချမ်းသာသည်ဖြစ်စေ၊ ဆင်းရဲသည်ဖြစ်စေ၊ ကြီးမြတ်သူဖြစ်စေ၊ စိတ်နှိမ့်ချသူဖြစ်စေ၊ ဘုရားသခင်အတွက် တက်တက်ကြွကြွအမှုဆောင်ဖို့သင့်အား ကိုယ်တော်ခေါ်ယူနေတော်မူသည်။ သင်သည် ဘုရားသခင်၏အမှုတော်အတွက် သင့်စွမ်းရည်နှင့်ပါရမီများကို တိုးတက်စေ၍ လက်တွေ့ပြုလုပ်ရန် အမှုများကို သင့်ခွန်အားနှင့် တကွလုပ်ဆောင်ရခြင်းဖြစ်လိမ့်မည်။ နေ့စဉ်ရသည့်အခွင့်အရေးများကို စွန့်ပစ်ထားခြင်းသည် သင့်ကိုအသီးမသီးစေဘဲ အပင်ညှိုးနွမ်းခြောက်သွေ့စေပါသည်။ ဤသည်မှာ ဘုရားသခင်၏ဥယျာဉ်တော်အတွင်း၌ အသီးမသီးသောအပင်များစွာရှိနေရခြင်းအကြောင်း ဖြစ်တော့သည်။ (ဃ ၁၀၃.၃)

ကျွန်ုပ်တို့ရရှိထားသောဆုကျေးဇူးတိုင်းကို အသုံးချရန် ဘုရားသခင်အလိုတော်ရှိတော်မူသည်ဖြစ်၍ ကျွန်ုပ်တို့လိုက်နာပါက အသုံးချရန် ပိုကြီးသောဆုကျေးဇူးများကို ပေးသနားတော်မူလိမ့်မည်။ ကျွန်ုပ်တို့၌ အရည်အချင်းမရှိသည်များကို ဘုရားသခင်သည် သဘာဝလွန်ပေးကမ်းလာမည်မဟုတ်ပါ။ သို့သော် ကျွန်ုပ်တို့၌ရှိသည်များကို ကျွန်ုပ်တို့ထုတ်သုံးနေတတ်ကြမည်ဆိုလျှင် ကျွန်ုပ်တို့၏ဆင်ခြင်တုံဉာဏ်များတိုး၍ အားပြည့်လာစေရန် ကိုယ်တော်သည် ကျွန်ုပ်တို့နှင့်အတူ လုပ်ဆောင်တော်မူလိမ့်မည်။သခင့်အမှုတော်အတွက်အားတက်

သရောနှင့် အလွန်စိတ်ပါလက်ပါ အနစ်နာခံလုပ်ဆောင်ခြင်းအားဖြင့် ကျွန်ုပ်တို့၏စွမ်းအင်များသည် တိုးလာပါလိမ့်မည်။ (ဃ ၁၀၃.၄)

ခရစ်တော်၏စိတ်နှလုံးသည် လောကအာရုံများ၌ စိတ်မသာညည်းတွားခြင်းရှိသူများကို ဩဘာပေး၏။ မိမိအား လာရောက်စော်ကားသောသူများအပေါ်၌ စိတ်နူးညံ့သိမ်မွေ့ခြင်းအမြင်ရှိထားသူများကို ဩဘာပေး၏။ ဖြောင့်မတ် ခြင်းပါရမီကို မရောင့်ရဲနိုင်လောက်အောင် ဆာငတ်သူများကို ဩဘာပေး၏။ ထိုသို့အစပြုရန် စွမ်းပကားများစွာအပေါ်၌ လူတို့ကိုချီးမွမ်းဩဘာပေးတော် မူပါသည်။ ကိုယ်တော်သည် အများသောသင်းအုပ်ဆရာများစိတ်ပျက်ရလောက် အောင် အကြောင်းတရားအခြေခံများကို ရှိသည်အတိုင်းကြို့ဆိုအားပေးတော် မူလေသည်။ (ဃ ၁၀၃.၅)

ခရစ်တော်အတွက် အမှုတော်ဆောင်ရန် ကျွန်ုပ်တို့၏တာဝန်သည် ဤနေရာ၌ရှိသည်ဆိုပါလျှင် ကျွန်ုပ်တို့သည် ဘုရားတရားမရှိသူတို့၏နယ်ဒေသသို့သွားကြရမည်မဟုတ်။ နေအိမ်နယ်မြေဝန်းကျင်ငယ်လေးအထဲမှလည်း စွန့်ခွာထွက်မသွားကြရ။ နေအိမ်နယ်မြေဝန်းကျင်ငယ်လေးအထဲ၌လည်းကောင်း၊ အသင်းတော်အထဲ၌လည်းကောင်း၊ ကျွန်ုပ်တို့ပေါင်းသင်းဆက်ဆံကြသူများအထဲ၌လည်းကောင်း၊ ကျွန်ုပ်တို့၏စီးပွားရေးလုပ်ကိုင်ဖက်များအထဲ၌လည်းကောင်း ဤအမှုကိုကျွန်ုပ်တို့ပြုနိုင်ကြ၏။ (ဃ ၁၀၃.၆)

အကယ်၍သာ ကျွန်ုပ်တို့သည် ခရစ်တော်၏သက်တော်စဉ်နှင့်ဩဝါဒများကို သွန်သင်ပေးနေကြသည်ဆိုပါလျှင် အမှတ်မထင်ဖြစ်ရပ်တိုင်းသည် အလွန်စွဲမက်ဖွယ်ကောင်းသောစကားပြောများဖြင့် စာသားဖြည့်ဆည်းပေးပါလိမ့်မည်။ (ဃ ၁၀၄.၁)

မြေကြီးပေါ်၌ ဘဝအသက်တာသည် ကောင်းကင်ဘုံ၌ အသက်တာအစဖြစ်ပါသည်။ မြေကြီးပေါ်၌ပညာရေးသည် ကောင်းကင်ဘုံ၏အခြေခံစည်းမျဉ်းထဲသို့ အစပြုခြင်းဖြစ်ပေသည်။ ဤနေရာ၌ အသက်ရှင်မှုအလုပ်များသည် ထိုဘုံဒေသ၌ အသက်ဘဝအတွက် သွန်သင်ခံယူနေခြင်းဖြစ်သည်။ ပင်ကိုယ်လက္ခဏာနှင့် သန့်ရှင်းသောအမှုဆောင်ခြင်း၌ လက်ရှိကျွန်ုပ်တို့၏

ဘဝသည် နောင်ဖြစ်လာမည့်ဘဝ၏သေချာသောအတိတ်နိမိတ်ဖြစ်ပါ၏။ (ဃ ၁၀၄.၂)

အမှုဆောင်ရာတွင် ခရစ်တော်နှင့်ဆက်ဆံခွင့်ရခြင်းအထူးအခွင့်အရေးကို ငြင်းပယ်လိုက်သောသူသည် ဘုန်းတော်ထင်ရှားခြင်း၌ ကိုယ်တော်နှင့် ဝင်စားရခြင်းအတွက် လိုက်လျောညီထွေဖြစ်စေသောသွန်သင်မှုကို ပစ်ပယ်လိုက်ခြင်းဖြစ်ပေသည်။ (ဃ ၁၀၄.၃)

တစ်ကိုယ်ကောင်းဆန်သောဘဝနှင့် နေထိုင်နိုင်သည်ဟုဆိုပြီး မိမိအကျိုးစီးပွားကိုသာ ရှာနေကြသူများသည် သခင်ဘုရား၏ဝမ်းမြောက်ရာပွဲသို့ ဝင်ရလိမ့်မည်ဟု မထင်မှတ်လေနှင့်။ အတ္တကင်းသောမေတ္တာ၏ဝမ်းမြောက်ခြင်းထဲသို့ သူတို့ပါဝင်ဆင်နွဲခွင့်မရနိုင်ပါ။ သူတို့သည် ကောင်းကင်ဘုံနန်းတော်အတွင်းသို့ဝင်ဖို့ ထိုက်တန်သူများမဟုတ်ပါ။ သူတို့သည် ကောင်းကင်ဘုံသို့ထိုးဖေါက်ဝင်ရောက်နိုင်သောစင်ကြယ်သည့် မေတ္တာစရိုက်လက္ခဏာကို တန်ဖိုးမထားတတ်ခဲ့ကြပါ။ ကောင်းကင်တမန်များ၏စကားသံနှင့် ဂီတစောင်းသံများသည်လည်း သူတို့ကိုကျေနပ်နှစ်သိမ့်စေလိမ့်မည်မဟုတ်ပါ။ ကောင်းကင်သိပ္ပံပညာသည် သူတို့၏စိတ်ထဲတွင် ပဟေဠိဆန်နေလိမ့်မည်။ (ဃ ၁၀၄.၄)

အပြစ်နွံတွင်းကျဆင်းနေသူများ၊ ကုန်းမြေအနှံ့ပြန့်ကျဲနေသူများ၊ တစပြင်ကမ်းခြေ၌ ဆိုက်ကပ်နေသောသင်္ဘောပျက်များအလား ဆုံးပါးခြင်းသို့ ရောက်နေကြရသည့်လူထောင်ပေါင်းများစွာအတွက် စိတ်ရှည်ရှည်နှင့် ဖွဲ့နပဲ ဖြင့် ဝန်ဆောင်ပေးကြရန် ကျွန်ုပ်တို့ကိုခရစ်တော်ခေါ်ယူနေပါသည်။ ခရစ်တော်၏ဘုန်းတော်၌ မျှဝေခံစားနိုင်ကြသောသူများသည် ကိုယ်တော်၏သာသနာ ထဲ၌ အားနည်းသူများ၊ ဆင်းရဲငြိုငြင်နေသူများ၊ ဒုက္ခဆိုက်ရောက်နေသူများ ကိုလည်း ကူညီခြင်းဖြင့် ဝေမျှပေးကြရလိမ့်မည်။ (ဃ ၁၀၄.၅)

သာမန်လူတို့သည် ဝန်ဆောင်သူများအဖြစ် သူတို့နေရာသူတို့ယူတတ်ကြရမည်။ သူတို့ကိုကယ်တင်တော်မူခဲ့သောအရှင်သည် လူသားများ၏ဝမ်းနည်းခြင်းကို မျှဝေယူခဲ့သကဲ့သို့ သူတို့အပေါင်းအသင်းများ၏ဆင်းရဲခြင်းများကို မျှဝေယူခြင်းဖြင့် ကိုယ်တော်သည် သူတို့နှင့်အတူ လုပ်ဆောင်နေသည်ဟု ယုံကြည်ခြင်းဖြင့် မြင်ကြရလိမ့်မည်။ (ဃ ၁၀၄.၆)

တပည့်တော်တိုင်း၏အပေါ်၌ ခရစ်တော်၏ရုပ်ပုံလွှာတော်တည်ရှိနေပါသည်။ ဘုရားသခင်ခွဲခန့်မှတ်သားတော်မူခြင်းရှိသည့်လူတိုင်းသည် "သားတော်၏ပုံသဏ္ဌာန်နှင့်တညီတည်းဖြစ်ကြ၏။" "လူတိုင်းအပေါ်၌ ခရစ်တော်၏သည်းခံစောင့်မျှော်နေသည့်မေတ္တာတော်၊ ကိုယ်တော်၏သန့်ရှင်းတော်မူခြင်း၊ စိတ်နှိမ့်ချတော်မူခြင်း၊ စာနာသနားတော်မူခြင်း၊ သစ္စာတည်တော်မူခြင်းများကို ကမ္ဘာလောကသို့ ထင်ရှားစေရပါမည်။" (ဃ ၁၀၄.၇)

အမှုတော်ဆောင်ခြင်းပလ္လင်ခုံပေါ်သို့ အရာအားလုံးတင်လှူကြပါရန်လူတစ်ဦးချင်းစီတိုင်းကို ခေါ်ယူနေပါ၏။ ကျွန်ုပ်တို့အားလုံးသည် ဧလိရှဲအစေခံခဲ့သလို အစေခံရန် အခေါ်ခံကြရမည်မဟုတ်။ ထို့အပြင် မိမိပိုင်ဆိုင်မှုများအားလုံးကို ရောင်းပစ်ရန်လည်း သခင်ပြောနေမည်မဟုတ်ပါ။ သို့သော်လည်း ဘုရားသခင်သည် ကိုယ်တော့်အမှုတော်ကို ကျွန်ုပ်တို့၏နေ့စဉ်ဘဝ၏ပထမနေရာမှာထားဖို့နှင့် မြေကြီးပေါ်၌ အမှုတော်ရှေ့တိုးရေးအတွက် တစ်စုံတစ်ခုမပြုစုဘဲ ကုန်ဆုံးသွားသောနေ့ဟူ၍ မရှိရလေအောင် အသက်ရှင်နေထိုင်ကြဖို့တောင်းဆိုနေသည်။ လူတိုင်းထံမှမျိုးတူအမှုဆောင်ခြင်းကို ကိုယ်တော်မျှော်လင့်နေသည်မဟုတ်ပါ။ တစ်စုံတစ်ယောက်ယောက်သည် ပြည်ပဒေသများသို့သာသနာပြုသွားရန် စေလွှတ်ခြင်းခံရနိုင်သည်။ အခြားတစ်ယောက်ယောက်သည် သူ့ဥစ္စာများကို သာသနာလုပ်ငန်းထောက်ပံ့ရေးအတွက် ပေးလှူပါရန် တောင်းဆိုခြင်းခံရနိုင်သည်။ ဘုရားသခင်သည် လူတစ်ဦးချင်းစီ၏အပ်နှံမှုကို လက်ခံပါသည်။ ဤသည်မှာ အသက်တာအပ်နှံခြင်းနှင့်မရှိမဖြစ်လိုအပ်ချက်များဖြစ်သောအာရုံခံယူမှုအလုံးစုံပင်ဖြစ်သည်။ ဤကဲ့သို့အသက်တာအပ်နှံသူသည် ကောင်းကင်ဘုံမှခေါ်သံကိုကြား၍ နာခံခြင်းရှိလိမ့်မည်။ (ဃ ၁၀၅.၁)

စီမံချက်များကို လေးလေးနက်နက်တွေး၍ စိတ်ထဲမှာအမြဲစီးပွားရေးကိုသာ အာရုံထားသောလောကဆန်သည့် ပညာရှိသည် ထာဝရဖြစ်သောအကျိုးကိစ္စများ၌ ဉာဏ်ပညာတိုးလာရန် ရှာဖွေသင့်သည်။ အကယ်၍ ထိုသူသည် လောကအကျိုးအမြတ်အတွက် စိတ်ချရလောက်အောင် သူဆောင်ရွက်ခဲ့သည့်အတိုင်း ကောင်းကင်ဘဏ္ဍာလုံခြုံစေရန်နှင့် ဘုရားသခင်၏အသက်တော်

နှင့်ချိန်မှီသောသူ့ဘဝကို အားအင်ကြီးစွာဖြင့် ရှေ့တိုးလုပ်ဆောင်ခဲ့ပါသော် မပြီးစီးစေနိုင်သောအရာဘာရှိသေးသနည်း။ (ဃှ ၁၀၅.၂)

ဘုရားသခင်သည် မျက်မှောက်ထင်ရှားရှိနေသောသမ္မာတရားသတင်းစကားကို ကြွေးကြော်ရန် စိတ်နှိမ့်ချခြင်းအဆင့်မီသူများကို ရွေးချယ်တော်မူသည်။ ထိုသို့သောလူများစွာကို ဟိုနေရာဒီနေရာတို့တွင် ကပျာကယာလုပ်ကိုင်နေခြင်း၊ အမှောင်အထဲရှိနေသူများကို အလင်းပေးနိုင်ရန် ဝိညာဉ်တော်အားဖြင့် မဖြစ်မနေလုပ်ဆောင်နေခြင်းများဖြင့် တွေ့မြင်ရလိမ့်မည်။ ပညာမတတ်သူလူများစွာသည်လည်း ဘုရားသခင့်နှုတ်ကပတ်စကားများကို ကြေညာကြလိမ့်မည်။ ကလေးသူငယ်များသည်လည်း ကောင်းကင်ဘုံသတင်းစကားကို ကြွေးကြော်ဖို့ ရှေ့ထွက်လာကြရန် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် တိုက်တွန်းခြင်းခံရလိမ့်မည်။ ဝိညာဉ်တော်သည် ချက်ချင်းတုံ့ပြန်လာနိုင်သောသူများအပေါ်သို့ သွန်းလောင်းပေးတော်မူလိမ့်မည်။ လူတို့ချည်နှောင်သောစည်းမျဉ်းများကို ဖြေလွှတ်ခြင်း၊ သတိဖြင့်လှုပ်ရှားနေထိုင်ခြင်းရှိသူတို့သည် ဘုရားသခင်၏တပ်တော်ထဲသို့ ဝင်ရောက်နိုင်ကြ၏။ (ဃှ ၁၀၅.၃)

**ခရစ်ယာန်ဘဝရှုခင်း** (The Christian Life In Landscape)

ဘုရားသခင်၏နှုတ်ထွက်စကားသံများကို စိတ်နှလုံးအထဲ၌ သိုမှီးထားသောသူသည် အငွေ့ပျံခန်းခြောက်သွားမည့်ရေကန်တစ်ခုလိုမဟုတ်ပါ။ ၎င်းမှာတောင်ပေါ်စမ်းချောင်းတစ်ခုကဲ့သို့ ရေမပြတ်ထွက်နေသောစိမ့်စမ်းရေစီးကြောင်းတစ်ခုအားဖြင့် အေးမြကြည်လင်သောရေစက်ရေပန်းသည် ကျောက်ကြိုကျောက်အကြားမှ ပန်းထွက်ကာ မောပန်းသူ၊ ရေငတ်သူ၊ ဝန်ထုပ်ဝန်ပိုးထမ်းလျက်ရောက်လာသူများကို အားဖြည့်ပေးစွမ်းနိုင်လေသည်။ ၎င်းသည် ရေမပြတ်စီးဆင်းနေသောမြစ်တစ်မြစ်ကဲ့သို့လည်းဖြစ်၏။ ထိုမြစ်သည် ကမ္ဘာမြေပေါ်အနှံ့အပြားသို့ အသက်ပေးသောရေကို ဖြန့်ဝေပေးမှုမပြီးမချင်း၊ ပို၍နက်စွာ၊ ပို၍ကျယ်ပြန့်စွာဖြင့် ရှေ့ဆက်စီးဆင်းနေ၏။ ရေကြောင်းသည် စီးဆင်းရာလမ်းကြောင်းတစ်လျှောက် သီချင်းသီကျူးသွားလျက် စိမ်းလန်းစိုပြည်ခြင်း

နှင့်အသီးအနှံပေါများခြင်းကို ကောင်းချီးမင်္ဂလာအဖြစ် ချန်ထားခဲ့ပါသည်။ မြစ်ကမ်းပေါ်ရှိမြက်ခင်းသည် စိမ်းလန်းသောမြက်ခင်းလွင်ပြင်တစ်ခုဖြစ်၏။ သစ်ပင်တန်းများသည်လည်း စိမ်းလန်းစိုပြည်ကြွယ်ဝခြင်းနှင့်တကွ ပန်းပေါင်းစုံပိုမိုဖူးပွင့်နေလေ၏။ နွေရာသီရောက်သောအခါ ပူလောင်ခြောက်သွေ့မှုဖြင့် မြေကြီးသည် ဗလာကျင်း၍ ညိုမှိုင်းကျက်သွားမည်ဖြစ်သော်လည်း အစိမ်းရောက်တောတန်းများသည် မြစ်ကြောင်းအလှကို မှတ်သားပေးနေလေသည်။(ဃ ၁၀၅.၄)

ထိုအရာသည် ဘုရားသခင်၏မှန်သောသားသမီးများနှင့်အတူ ရှိပါသည်။ ခရစ်တော်၏ဘာသာသည် အသက်စွမ်းအင်ပေးခြင်း၊ အခြေခံစည်းကမ်းများထိုးဖေါက်သက်ဝင်စေခြင်း၊ အသက်ရှင်ခြင်း၊ ဝန်ဆောင်စေခြင်းနှင့် ဝိညာဉ်ခွန်အားများကို ဖေါ်ဆောင်ပေးလေသည်။ နှလုံးသားတံခါးသည် ကောင်းကင်ဘုံမှသမ္မာတရားတော်နှင့် မေတ္တာတော်လွှမ်းမိုးစေဖို့ဖွင့်ပေးသည်ရှိသော် ဤအခြေခံစည်းမျဉ်းများသည် ကန္တာရအထဲမှ စမ်းချောင်းပေါက်ထွက်သကဲ့သို့ အသစ်တစ်ဖန်ရှေ့တိုးစီးဆင်းသွားမည်ဖြစ်သောကြောင့် သေခြင်းကျတ်တီးမြေလွင်ပြင်ပေါ်တွင် အသီးများစွာသီးခြင်းအကြောင်းရှိလာပါလိမ့်မည်တည်း။ (ဃ ၁၀၆.၁)

## ခရစ်ယာန်များ၏ကြွေးကြော်သံ (The Christian’s Watchwords)

ခရစ်ယာန်အသက်ရှင်နေထိုင်မှုတွင် ကြွေးကြော်သံသုံးခုရှိသည်။ အခေါ်အဝေါ်အားဖြင့် “စောင့်ကြည့်၊ ဆုတောင်း၊ အမှုဆောင်” ဟူ၍ဖြစ်၏။ ယင်းတို့ကိုကျွန်ုပ်တို့ဆီသို့ စာတန်စစ်ချီရောက်လာ၍ တိတ်တဆိတ်ခိုးယူထုတ်မသွားရလေအောင် ကျွန်ုပ်တို့ဂရုစိုက်ကြရမည်။ (ဃ ၁၀၆.၂)

ခရစ်တော်ကိုရသည်ဟု အတိအလင်းကြွေးကြော်နေကြသူလူအားလုံးသည် ဝိညာဉ်ရေးရာအမှုဆောင်သူတစ်ဦးချင်းကိုယ်စီဖြစ်ကြောင်းနှင့် သခင့်အမှုတော်၌ တက်ကြွသူ၊ စိတ်အားကြီးသူ၊ ကျွမ်းကျင်သူဖြစ်နိုင်ချေရှိကြောင်းကို သူတို့ကိုယ်တိုင်က လူတိုင်းအား ကတိပေးနိုင်ကြရပါမည်။ ခရစ်တော်

သည် လူတိုင်းကိုယ်စီတာဝန်ကို ယူတင်လုပ်ဆောင်ကြရန် မျှော်လင့်နေတော်မူသည်။ ဤအချက်သည် ခရစ်တော်၏နောက်လိုက်များအလွှာအသီးသီးတို့၌ ကြွေးကြော်သံဖြစ်နေရပါမည်။ (ဃ ၁၀၆.၃)

ဝိညာဉ်ရေးရာသွက်ချာပါဒ (A Spiritual Paralytic)

ခွန်အားသည် လေ့ကျင့်ခြင်းဖြင့်ရောက်လာသည်။ ဘုရားသခင်ပေးထားသောစွမ်းရည်များဖြင့် အလုပ်လုပ်လိုကြသောလူအားလုံးသည် ကိုယ်တော့်အမှုတော်လုပ်ငန်းအတွက် စိတ်တမ်းလျက် စွမ်းရည်တိုးတက်နေရလိမ့်မည်။ ဘုရားသခင်၏အမှုတော်အတွက် ဘာမျှမလုပ်ကြသူများသည် ကျေးဇူးတော်၌ကြီးထွားခြင်း၊ သမ္မာတရားသိကျွမ်းခြင်းတို့၌ ဆုံးရှုံး၏။ လူတစ်ယောက်သည် ပျင်းရိလဲလျောင်းနေပြီး သူ၏ခြေဆံလက်ဆံများကို လေ့ကျင့်မှုငြင်းပယ်ထားလိုက်လျှင် လှုပ်ရှားနိုင်သောအစွမ်းအားလုံးသည် မကြာမီလွတ်ထွက်ကုန်လိမ့်မည်။ ဤသို့ဖြင့် ခရစ်ယာန်တစ်ဦးသည် သူ့အားဘုရားပေးထားသောစွမ်းရည်များကို မလေ့မကျင့်နေခြင်းဖြင့် ခရစ်တော်၌ကြီးထွားခြင်းဆုံးရှုံးသလိုသူ၌ရှိသည့်ခွန်အားများလည်း လျော့နည်းကျဆင်းကုန်၏။ သူသည် ဝိညာဉ်ရေးရာသွက်ချာပါဒရောဂါရလာသည်။ ဘုရားသခင်နှင့်မိမိအပေါင်းအသင်းလူများကို ချစ်ကြသောသူတို့သည် အခြားသူများအားကူညီရန်ကြိုးစားလုပ်ဆောင် နေကြသည်ဖြစ်သောကြောင့် သမ္မာတရား၌ တည်ဆောက်မှု၊ အားရှိမှု၊ နေရာ အထိုင်ကျမှုတို့ရလာကြသည်။ စစ်မှန်သောခရစ်ယာန်သည် ဘုရားသခင် အတွက် အလုပ်လုပ်သည်မှာ ရတ်ခြည်းစိတ်ပေါက်လာ၍မဟုတ်ဘဲ အခြေခံ စည်းကမ်းအားဖြင့် လုပ်ဆောင်သည်။ တစ်ရက်၊ တစ်လ၊ အချိန်အတွက်သာ လုပ်ကြသည်မဟုတ်ဘဲ ဘဝတစ်သက်တာကာလတစ်လျှောက်လုံး၌ အပ်နှံလုပ်ဆောင်ကြလေသည်။ (ဃ ၁၀၆.၄)

သေချာပေါက်ကုစားပေးခြင်း (The Sure Remedy)

စိတ်ဓာတ်ကျဆင်းနေသူအတွက် သေချာပေါက်ကုစားပေးရန် ဆေးအဆင်သင့်ရှိနေပါ၏။ ၎င်းမှာယုံကြည်ခြင်း၊ ဆုတောင်းခြင်းနှင့်အမှုတော်

ဆောင်ခြင်းတို့ဖြစ်သည်။ ယုံကြည်ခြင်းနှင့်လှုပ်ရှားမှုသည် နေ့စဉ်နှင့်အမျှ တိုးပွားနေရမည်ဖြစ်သောစိတ်ချရမှုနှင့် ကျေနပ်မှုတို့ကိုပေး၏။ သင်သည် စိုးရိမ်ကြောက်ရွံ့မှု၊ လုံးဝစိတ်မချမ်းမြေ့မှုများကို ခံစားချက်လမ်းဖွင့်ပေးမိရန် သွေးဆောင်ခြင်းခံနေရပါသလား။ အမှောင်ဆုံးနေ့ရက်များ၌ ကြောက်မက် ဖွယ်အကောင်းဆုံးပေါ်ထွက်လာသည်ဟု သင်ထင်မြင်မိသောအခါ မကြောက် ပါနှင့်။ ဘုရားသခင်ကို ယုံကြည်ပါ။ သင်လိုအပ်နေသည်များကို ကိုယ်တော် သိသည်။ ဘုရားသခင်သည် အနန္တတန်ခိုးတော်ရှင်ဖြစ်သည်။ ကိုယ်တော် ၏အနှိုင်းမဲ့ချစ်ခြင်းမေတ္တာနှင့် သနားခြင်းကရုဏာတော်သည် ဘယ်သောအခါ မျှအင်အားကုန်ခန်းသွားသည်မရှိပါ။ ကိုယ်တော်သည် ကတိတော်ကိုပြည့်စုံစေ ခြင်း၌ ပျက်ကွက်မေ့လျော့သွားလိမ့်မည်ဟူ၍ ကြောက်ရွံ့မနေပါနှင့်။ ကိုယ်တော် သည် ထာဝရသစ္စာရှိသူဖြစ်တော်မူသည်။ ဘုရားသခင်ကို ချစ်တော်မူသော သူတို့နှင့်ချုပ်ဆိုထားသောပဋိညာဉ်ကတိတော်များကို ဘယ်သောအခါမျှ ကိုယ်တော်မပြောင်းပစ်ပါ။ သို့ဖြစ်၍ ဘုရားသခင်သည် သစ္စာရှိသောအစေခံ များအား အကူအညီလိုအပ်၍ တောင်းခံလာပြီဆိုလျှင် ကိုယ်တော်သည် လုံလောက်သောစွမ်းဆောင်နိုင်မှုကို အတိုင်းအဆဖြင့် အပ်နှင်းပေးတော်မူပါ လိမ့်မည်။ (ဃ ၁၀၇.၁)

ဝိညာဉ်ပျင်းရိခြင်းကို အစစ်အမှန်ကုစားပေးနိုင်သည့်အရာတစ်ခုတည်း သာရှိသည်။ ၎င်းမှာအလုပ်လုပ်ခြင်းပင်ဖြစ်သည်။ (ဃ ၁၀၇.၂)

သူရဲဘောကြောင်သူ၊ သံသယဝင်သူ၊ တုန်လှုပ်တတ်သူလူများအတွက် ခရစ်တော်ပြဋ္ဌာန်းပေးထားသောလုပ်ထုံးလုပ်နည်းရှိသည်။ ဘုရားသခင်၏ရှေ့ မှောက်၌ ညည်းတွားနေတတ်ကြသောဝမ်းနည်းခံစားတတ်ကြသူတစ်ဦးချင်း စီတိုင်းသည် အကူအညီလိုအပ်နေသူတစ်ယောက်ယောက်ကိုထ၍ရှာပြီး အကူ အညီပေးလိုက်ပါစို့။ (ဃ ၁၀၇.၃)

စိတ်အားထက်သန်မှု၊ စိတ်အားကြီးမှု၊ မေတ္တာထားမှုတို့၌ အစဉ် မပြတ်ကြီးထွားနေသောခရစ်ယာန်များသည် ဘယ်သောအခါမျှ လျော့ပါး ဆုတ်ယုတ်၍ ဒုံရင်းပြန်ကျသွားမည်မဟုတ်ပါ။ (ဃ ၁၀၇.၄)

ဤသို့အတ္တကင်းသောဝန်ဆောင်မှုလုပ်ငန်းများတွင် ချိတ်ဆက်ပါဝင်လိုခြင်းမရှိကြသူများသည် စစ်မှန်သောဘာသာရေးဖြစ်ထွန်းစေရေးအမြင်အားလုံး သူတို့၌ ပျောက်ဆုံးမသွားမချင်း၊ အတွေ့အကြုံများချုံချာလာကြမည်။ ရုန်းကန်ခြင်း၊ တွေးတောခြင်း၊ အပြစ်လုပ်ခြင်း၊ နောင်တရခြင်းတို့နှင့်တကွလည်း အလွန်မောပန်းနွမ်းနယ်လာကြလိမ့်မည်။ သူတို့သည် လောကအလုပ်ကို ပြန်မလုပ်လိုတော့ဟု ခံစားလာမိကြမည်။ ထို့ကြောင့် ဇိအုန်စကတ်ကိုဝတ်၊ မနာလိုတိုရှည်အသေးအဖွဲကလေးတွေနှင့် မရှုဆိတ်ခြင်း၊ မကျေမနပ်ဖြစ်ခြင်း၊ ရက်စက်ခြင်းတို့ဖြင့် တွဲလွဲဖြစ်နေကြမည်။ သူတို့သည် အပြစ်ရှာပြောဆိုခြင်း အပြည့်နှင့် ညီအစ်ကိုများ၏အမှားများ၊ အားနည်းမှားယွင်းခြင်းများအပေါ်တွင် မောက်မာနေကြကုန်၏။ သူတို့၏ဘာသာတရားအသက်တာသည် မျှော်လင့်ခြင်းမရှိ၊ ယုံကြည်ခြင်းမရှိ၊ အတွေ့အကြုံဝေဝါးထုံထိုင်းခြင်းဖြစ်ကုန်ကြပါ၏။(ဃ ၁၀၇.၅)

### ကျိုးကြောင်းဆီလျော်မှုမရှိသောဆင်ခြေများ (Unwarranted Excuses)

ယေရှုကောင်းကင်သို့တက်ကြွတော်မူပြီးနောက် ကိုယ့်အလုပ်ကိုယ်လုပ်ကြရန် လူတိုင်းတွင် ချန်ထားခဲ့သည်။ “ဘာမျှလုပ်စရာမရှိ” ဟု ဆိုသည်မှာကျိုးကြောင်းဆီလျော်မှုကင်းမဲ့သောဆင်ခြေပေးခြင်းပင်တည်း။ “ဘာမျှလုပ်စရာမရှိ” ဟုဆိုသည်မှာ ညီအစ်ကိုများအထဲ၌ ဒုက္ခပေးသောအကြောင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် စာတန်သည် လူပျင်းများ၏စိတ်အတွင်းသို့ ကိုယ့်စိတ်ကြိုက်ကိုယ်နေထိုင်ကြဖို့ အယူသွင်းပေးလိမ့်မည်။ ထိုကြောင့် “ဘာမျှလုပ်စရာမရှိ” ဟုဆိုခြင်းသည် ညီအစ်ကိုများအထဲ မိစ္ဆာသက်သေခံခြင်းများ ယူလာ၍ ခရစ်တော်၏အသင်းတော်များအတွင်း သဘောထားကွဲလွဲခြင်းများဖြစ်စေသည်။ ယေရှုမိန့်တော်မူခဲ့သည်။ “ငါနှင့်အတူ စုသိမ်းခြင်းမရှိသောသူသည် အခြားသို့ပြန့်ကျဲလွင့်စဉ်သွားမည်။ (ဃ ၁၀၈.၁)

ညီအစ်ကိုများ၊ ညီအစ်မများတို့၊– သူတစ်ပါးအတွက် လုပ်ကိုင်ပေးရန် မဖြစ်နိုင်ပါဟူသောလျှောက်လဲချက်ဖြင့် သင်တို့အထဲတွင် အမှုတော်ဆောင်ခြင်းမှထွက်ပြေးရန် အကြောင်းရှာနေကြသူများစွာရှိနေသည်။ သင်တို့ကိုမစွမ်းဆောင်နိုင်ရလေအောင် ဘုရားသခင်ဖန်ဆင်းခဲ့ပါသလား။ ကိုယ်မလုပ်ချင်လို့မစွမ်းဆောင်နိုင်ပါဟု ဆိုနေပါသလား။ သို့မဟုတ် တမင်သက်သက်ရည်ရွယ်ရွေးချယ်၍ ထိန်းသိမ်းနေပါသလား။ သင့်အတွက် အနေချောင်စေရန်၊ ဝမ်းသာပျော်ရွှင်ဖွယ်မှုဖြစ်စေရန်မဟုတ်ဘဲ ဘုရားသခင်အတွက် သင်၏ပင်ကိုယ်စွမ်းရည်အနည်းဆုံးတစ်ခုခုတိုးစေရန် ကိုယ်တော်မအပ်ပေးခဲ့လေသလော။ သင်သည်ဘုရားသခင်၏အစေခံတစ်ဦးအဖြစ် ဤကဲ့သို့စိတ်ချအပ်နှံထားသောငွေရင်းကိုပညာသတိရှိရှိကျွမ်းကျွမ်းကျင်ကျင်အသုံးပြု၍ ကိုယ်တော်အား အခွန်တော်ငွေအပ်နှံထားရန် သင့်မှာတာဝန်ရှိသည်ကို အမှန်မသိလေသလော။ ပြောရလျှင်လည်း ဘုရားသခင်အပေါ် ကိုယ်တော်၏လူများက တာဝန်ရှိသည့်အကြောင်းအမြင်မှန်ခံစားမိကြသူအနည်းအကျဉ်းလောက်သာရှိကြပေသည်။ (ဃ ၁၀၈.၂)

လူများစွာတို့အတွေးရှိကြသည်မှာ အကယ်၍ သူတို့၏ဘဝသည်စီးပွားရေးဘဝများ၌သာ ကျင်လည်နေခဲ့ကြသော် ဝိညာဉ်များကယ်တင်ရေးအတွက် သူတို့ဘာမျှမလုပ်ပေးနိုင်၊ ရွေးနုတ်ကယ်တင်ရှင်အကျိုးတိုးစေဖို့လည်းသူတို့မလုပ်ပေးနိုင်ကြဟူ၍ဖြစ်သည်။ သူတို့က တစ်ဝက်တစ်ပျက်ဘဝနှင့်သူတို့အလုပ်မဖြစ်နိုင်ကြဟုဆိုပြီး ဘာသာရေးတာဝန်များ၊ ဘာသာရေးလေ့ကျင့်မှုများမှလည့်ထွက်သွားကြကုန်၏။ သူတို့ဘဝကိုသူတို့လောကအထဲ၌မြှုပ်ထားလိုက်ကြသည်။ ဘုရားကိုမေ့ပစ်ပြီး စီးပွားရေးလုပ်ငန်းများကိုသာအဓိကနေရာမှာထား၍ နေသွားကြသောကြောင့် ဘုရားသခင်သည် သူတို့ကိုကျေနပ်အားရတော်မမူ။ သူတို့သည် ဘုရားသခင်ကို ကြောက်ရွံ့သောအားဖြင့်ထာဝရအသက်တာနှင့်ပြည့်စုံသောသန့်ရှင်းခြင်းသို့ရောက်စေနိုင်သည့် စီးပွားရေးလုပ်ငန်းများထဲ၌ သူတို့ချိတ်ဆက်ရှိမနေဘူးဆိုရင် အချိန်နာရီမပြတ်ယေရှုကိုရနိုင်သောစီးပွားရေးလုပ်ငန်းများကို သူတို့ပြောင်းလဲလုပ်ကိုင်သင့်ကြပါသည်။(ဃ ၁၀၈.၃)

## အကြီးစားသရဖူတစ်ခုအတွက်ရည်မှန်းချက် (Aim for a Heavy Crown)

ကျွန်ုပ်တို့သည် မောပန်းငြီးငွေ့ခြင်း၊ သူရဲဘောကြောင်ခြင်းမဖြစ်ရ။ ထိုသို့ဖြစ်လျှင် သာယာမှု၊ အနေချောင်မှုနှင့်အပျော်လိုက်စားမှု (သို့မဟုတ်) ကာမအလိုလိုက်စားမှုတို့အတွက် မိမိဂုဏ်အသရေခိုင်မြဲတည်ကြည်ခြင်းကို စွန့်ပစ်လဲလှယ်လိုက်ရသည်ဖြစ်၍ ကြောက်ခမန်းလိလိဆုံးရှုံးရမှုနှင့် ကြုံရလေဦးမည်။ ကျော်လွန်လာခဲ့ကြသောသူများအတွက် ဘုရားသခင်လက်တော်မှ ဆုတစ်ခုရရန်ရှိနေပါသည်။ ကျွန်ုပ်တို့တစ်ယောက်တလေမျှ ထိုဆုကိုခံထိုက်ကြသည်မဟုတ်ပါ။ ကိုယ်တော့်ဘက်မှ မေတ္တာရိအခမဲ့သက်သက်ပေးခြင်းဖြစ်သည်။ ဤဆုကျေးဇူးသည် အံ့သြဖွယ်ဂုဏ်အသရေနှင့် ပြည့်စုံလေ၏။ သို့သော် ကျွန်ုပ်တို့အမှတ်ရနေကြရမည်။ "ကြယ်တို့၏ဂုဏ်အသရေသည် လည်း အသီးသီးအခြားခြားဖြစ်ကြ၏။" ကျွန်ုပ်တို့သည် သခင့်အတွက် ကြိုးပမ်းအမှုဆောင်ရန် တိုက်တွန်းခံရကြသည်ရှိသော် ကြယ်အပေါင်းဝန်းရံ သောအကြီးစားသရဖူကိုဆောင်းရဖို့ ယေရှု၏ခွန်အားဖြင့် ကျွန်ုပ်တို့ရည်မှန်း လုပ်ဆောင်ကြပါစို့။ (Daniel 12:3) "ပညာရှိသောသူတို့သည်လည်းကောင်းကင်မျက်နှာကြက်၏ အရောင်အဝါကဲ့သို့လည်းကောင်း၊ လူအများတို့ ကိုဖြောင့်မတ်ခြင်းတရားလမ်း ထဲသို့သွင်းသောသူတို့သည်လည်း ကြယ်များကဲ့သို့ လည်းကောင်း အစဉ်အမြဲထွန်းလင်းကြလိမ့်မည်။" (ဃ ၁၀၈.၄)

## အမှုတော်ဆောင်ရသည့်အကြောင်းမှာ (Service Has Been Paid For)

သခင်ဘုရားသည် ကြွလာတော်မူရာ၌ လူတိုင်း၏ပင်ကိုယ်စွမ်းရည်များကို အသေအချာစိစစ်တော်မူမည်။ ကိုယ်တော်အပ်နှင်းပေးခဲ့သောငွေရင်းမှအတိုးကို ကိုယ်တော်တောင်းဆိုပါလိမ့်မည်။ ခရစ်တော်သည် အရှက်ရခဲ့ခြင်း၊ ပြင်းထန်စွာဝေဒနာခံစားခဲ့ရခြင်းအားဖြင့်လည်းကောင်း၊ ကြမ်းတမ်းသောအသက်ရှင်နေထိုင်ခဲ့ရခြင်း၊ ရှက်ဖွယ်သိက္ခာမဲ့အသတ်ခံရခြင်းအားဖြင့်လည်းကောင်း ကိုယ်တော်၏နာမကိုယူတင်လျက် အစေခံနေကြပါသည်ဟု ပြောဆိုနေကြသူ

များအားလုံး၏အမှုတော်ဆောင်ခြင်းအတွက် ပေးဆပ်ခဲ့ရပြီးဖြစ်သည်။ (ဃ၃ ၁၀၉.၁)

လူတိုင်းသည် ခရစ်တော်ထံ ဝိညာဉ်အောင်နိုင်ပို့ဆောင်ခြင်းအမှုတော်အတွက် စွမ်းဆောင်နိုင်မှုအရပ်ရပ်တိုးစေရန် လေးနက်သောတာဝန်ရှိနေကြသည်။ ခရစ်တော်မိန့်တော်မူခဲ့၏။ "မိမိတို့ကိုမိမိတို့ မပိုင်ကြောင်းကိုလည်းကောင်း မသိကြသလော။" "သင်တို့သည် အဖိုးနှင့်ဝယ်တော်မူသောသူဖြစ်သောကြောင့်" လူတို့ကိုဒုစရိုက်လောကမှ ဖြောင့်မတ်စွာနေထိုင်ခြင်းသို့ရောက်စေရန် သင်၏အမှုတော်ဆောင်ခြင်းအသက်တာအားဖြင့် ဘုရားသခင်၏ဂုဏ်တော်ကို ထင်ရှားစေကြရမည်။" ကျွန်ုပ်တို့သည် ခရစ်တော်ကိုယ်တိုင်အသက်ပေး၍ အဖိုးငွေဖြင့် ဝယ်ယူတော်မူခြင်းခံရသူဖြစ်ကြသည်။ ကိုယ်တော်ကိုသစ္စာရှိစွာအစေခံခြင်းအတွက် ဘုရားသခင်ထံ ကျွန်ုပ်တို့လှည့်ပြောင်းရောက်စေရအောင် ဝယ်ယူတော်မူခြင်းခံကြရသူများဖြစ်ကြ၏။ (ဃ၃ ၁၀၉.၂)

ဘုရားသခင်သည် ကိုယ်တော့်လူတွေအတွက် ကျွန်ုပ်အား သတင်းစကားတစ်ခုပေးလာသည်။ သူတို့နိုးထကြရမည်။ တဲအိမ်ကိုဖြန့်ထုတ်ရမည်။ စည်းရိုးနယ်မြေကိုလည်း တိုးချဲ့ရမည်။ ကျွန်ုပ်ချစ်သောညီအစ်ကိုများ၊ ညီအစ်မများတို့၊– သင်တို့ကိုအဖိုးနှင့် ဝယ်ယူခဲ့သည်ဖြစ်သောကြောင့် သင်တို့၌ရှိသမျှသောအရာအားလုံးနှင့်တကွ သင်တို့သည် ဘုရားသခင်၏ဘုန်းတော်ကိုထင်ရှားစေဖို့နှင့် မိတ်ဆွေအပေါင်းအသင်းများ၏ကောင်းကျိုးများရှိစေဖို့ဖြစ်ရပါမည်။ ခရစ်တော်သည် လောကကိုအပြစ်တရားအောက်၌ ဆုံးပါးခြင်းမှကယ်တင်ရန် လက်ဝါးကပ်တိုင်ပေါ်မှာ အသေခံတော်မူခဲ့ပါသည်။ ထို့ကြောင့် ဤအမှုတော်၌ ပူးတွဲပါဝင်လုပ်ဆောင်ပေးရန် ကိုယ်တော်တောင်းဆိုနေပါသည်။ သင်သည် သခင်ဘုရား၏လက်ထောက်ကူညီဖက်တစ်ယောက်ဖြစ်လာသည်။ သင်သည် အလွန်စိတ်အားထက်သန်စွာဖြင့် မောပန်းညည်းတွားခြင်းမရှိစေရဘဲ ပျောက်သောသူများအား ကယ်တင်ခြင်းပေးရန် ကြိုးစားရှာဖွေရမည်။ လက်ဝါးကပ်တိုင်တရားဖြစ်ပေါ်လာရသည်မှာ သင့်အပြစ်ကြောင့်ဖြစ်ကြောင်း မှတ်သားမိနေရမည်။ (ဃ၃ ၁၀၉.၃)

ခရစ်တော်၏နောက်လိုက်များသည် အမှုတော်ဆောင်ရွက်ရန်အတွက် ရွေးနုတ်ခံထားကြရသောသူများဖြစ်ကြပါသည်။ ကျွန်ုပ်တို့၏စစ်မှန်သောဘဝ ရည်မှန်းချက်မှာ အမှုတော်ဆောင်ရွက်ရန်ဖြစ်သည်ဟု ကျွန်ုပ်တို့အား သခင်ဘုရားသြဝါဒပေးထားတော်မူပါ၏။ ကိုယ်တော်သည် အမှုတော်ကို ကိုယ်တိုင်ဆောင်ရွက်ခဲ့ပါသည်။ ထိုကြောင့်ကိုယ်တော့်နောက်လိုက်တိုင်းအားလည်း ဘုရားသခင်နှင့် သူတို့၏အပေါင်းအသင်းများအတွက် အမှုတော်ဆောင်ရွက်ခြင်းတရားဥပဒေကို ပေးအပ်ထားတော်မူသည်။ ဤအမှုတော်ဆောင်ရွက်ခြင်းဆိုင်ရာတရားဥပဒေသသည် ဘုရားသခင်နှင့်လည်းကောင်း၊ ကျွန်ုပ်တို့၏အပေါင်းအသင်းများနှင့်လည်းကောင်း ကျွန်ုပ်တို့၌ချည်နှောင်ဆက်စပ်ပေးလာသည့်သံကြိုးကွင်းဆက်များဖြစ်ပါသည်။ (ဃ၄ ၁၀၉.၄)

ရှေ့သို့ချီတက်လော့ (Go Forward)

ခရစ်ယာန်များအသက်တာတွင် မကြာခဏအန္တရာယ်များဝန်းရံနေတတ်၏။ အမှုဆောင်ခြင်း၌လည်း ခက်ခဲနေတတ်သည်။ စိတ်ကူးရုပ်ပုံလွှာသည် ပျက်စီးယိုယွင်းခြင်းအရင် တွဲလွဲရောက်လာ၍ ကျွန်ဘဝရောက်ရခြင်းနှင့်သေဆုံးရခြင်းနောက်ကလိုက်လာ၏။ သို့တိုင် ဘုရားစကားသံတော်ကို ရှင်းလင်းစွာကြားလိုက်ကြရမည်။ ရှေ့သို့သာချီတက်ပါဆို၏။ ကျွန်ုပ်တို့၏အမြင်သည် အမှောင်ကိုထိုးဖေါက်မမြင်ရသည့်တိုင် မိန့်တော်မူချက်ကို လိုက်နာကြပါစို့။ ကျွန်ုပ်တို့၏တိုးတက်မှုကို နှောင့်ယှက်သည့်အတားအဆီးများသည် ရပ်တန့်တွေးတောခြင်းရှိသည့်စိတ်ဝိညာဉ်အရှေ့မှ ဘယ်တော့မျှ ပျောက်ကွယ်သွားလိမ့်မည်မဟုတ်ချေ။ မသေချာမှုအားလုံးပျောက်ကွယ်သွားသည့်တိုင်နှင့်အရှုံးပေးရခြင်း၊ အရေးနိမ့်သွားခြင်းမျိုးမရှိစေဘဲ ကျန်ရစ်နေရလောက်သည်အထိ နာခံခြင်းကို ရွှေ့ဆိုင်းလိုက်သူများသည်လည်း ဘယ်သောအခါမျှ နာခံခြင်းသို့ရောက်နိုင်ကြလိမ့်မည်မဟုတ်ပါ။ ယုံကြည်ခြင်းသည် အခက်အခဲများကို ကျော်မြင်၏။ မမြင်ရသောအရာကို မျက်မှောက်ပြု၏။ ထို့ကြောင့် အနန္တတန်ခိုးရှင်သည် စိတ်ရှုပ်ထွေးစေမှုမဖြစ်စေနိုင်ပါ။ ထို့ကြောင့်

ယုံကြည်ခြင်းသည် အရေးပေါ်အရာတိုင်းတွင် ခရစ်တော်၏လက်နှင့် ချိတ်ဆက်ထားခြင်းဖြစ်ပါသည်။ (ဃ ၁၁၀.၁)

ကျွန်ုပ်တို့၏စိတ်ကူးယူဆချက်များသည် လုံးလုံးလျားလျားအလွန်ကျဉ်းမြောင်းလှပါသည်။ အလင်းတရားပျံ့နှံ့စေရေးအမှုတော်၌ ဆက်လက်ရှေ့တိုးလုပ်ဆောင်ကြရန် ဘုရားသခင်ခေါ်ယူနေပါသည်။ ကျွန်ုပ်တို့သည်နည်းလမ်းတိုးတက်ကောင်းမွန်လာစေရန် လေ့လာ၍ လူတွေဆီလက်လှမ်းရောက်စေဖို့ ရည်ရွယ်လုပ်ဆောင်ကြရပါမည်။ "ရှေ့သို့ချီတက်" ဟူ၍ ခွန်အားကြီးတော်မူသောကောင်းကင်ဗိုလ်ခြေသခင်မိန့်ဆိုသည်ကို ယုံကြည်ခြင်းနားဖြင့်ကျွန်ုပ်တို့ကြားကြဖို့လိုသည်။ ကျွန်ုပ်တို့လှုပ်ရှားကြရမည်။ ဘုရားသခင်သည်ကျွန်ုပ်တို့ကိုရှုံးစေလိမ့်မည်မဟုတ်ပါ။ ကျွန်ုပ်တို့သည် ယုံကြည်ခြင်းဖြင့်ကိုယ့်အပိုင်းကိုယ်လုပ်ကြသောအခါ ဘုရားသခင်သည် ကတိတော်အတိုင်းမစတော်မူပါလိမ့်မည်။ သမ္မာတရားကို တောင့်တကြသောညီအစ်ကို၊ ညီအစ်မများတို့၊– သင်တို့သည် ဘုရားသခင်ပြုစေလိုသောအမှုတော်ကို မလုပ်ဆောင်ခဲ့ကြသေးပါ။ ဝိညာဉ်များကို သင်တို့ချစ်သည်ဆိုသည်မှာ ဘယ်မှာလဲ။ (ဃ ၁၁၀.၂)

အသက်ဝိညာဉ်များကို ကယ်တင်ခြင်းဆိုသည်မှာ ခရစ်တော်ဝမ်းမြောက်တော်မူသောအလုပ်ဖြစ်၏။ ဤအမှုကို သင့်အလုပ်၊ သင့်ဝမ်းမြောက်ခြင်းဟူ၍မှတ်ယူကြပါစို့။ ခရစ်တော်အတွက် တာဝန်အားလုံးကို ထမ်းဆောင်၍အနစ်နာခံစွန့်လွှတ်ခြင်းကိုလည်း အလုံးစုံအပ်နှံကြပါ။ ကိုယ်တော်သည်သင်တို့၏အမြဲတမ်းဥပဇ္ဈာယ်ဆရာတစ်ပါးအဖြစ် ရှိနေပါလိမ့်မည်။ ခေါ်ယူတော်မူသောအသံကြားရာဆီသို့ ဖြောင့်တန်းစွာချီတက်သွားကြပါ။ သင့်ကိုဟန့်တားနေသောအခက်အခဲများရှိသည်ဟု မထင်မှတ်ဘဲ ဆက်သွားပါ။ သင်တို့သည်ဘုရားသခင်ပေးထားသောတာဝန်များကို ယူတင်၍ သွားစဉ်တွင် တစ်ခါတစ်ရံလေးလွန်းသောဝန်ကို ထမ်းနေကြရသည်ဆိုလျှင်လည်း "ဘာမျှတင်မထမ်းဘဲ ဘာကြောင့်အားအားယားယားရှိနေရတာလဲ ညီအစ်ကို" ဟု စစ်ကြောမေးခွန်းမမေးကြပါနှင့်။ သင့်အနီးအနားက အလုပ်တာဝန်များကို လုပ်လိုက်ပါ။

သသေချာချာကောင်းကောင်းမွန်မွန်လုပ်ပြလိုက်ပါ။ ချီးမွမ်းခံယူလိုစိတ်ကို ချိုးနှိမ်ပါ။ သင့်ကိုသခင်ပိုင်ဆိုင်သည်ဖြစ်သောကြောင့် သခင့်အတွက် တာဝန်ထမ်းဆောင်နေကြရသည်ဖြစ်ပါစေ။ (ဃ ၁၁၀.၃)

ဘုရားသခင်၏လူများတို့၏အမှုဆောင်လမ်းကြောင်းသည် အဆင့်မြင့်၍ အောင်ခြင်းဆီသို့ရောက်ရမည်။ ဣသရေလတပ်တော်ကို ဦးဆောင်သောယောရှုထက် ကြီးမားစွာယခုဦးဆောင်ပေးနေကြသည်။ ကျွန်ုပ်တို့အထဲရှိ တစ်ပါးတည်းသောအရှင်၊ ကယ်တင်တော်မူသောသခင်သည် "ငါသည်လည်း ကပ်ကမ္ဘာကုန်သည့်တိုင်အောင် သင်တို့နှင့်အတူ အစဉ်မပြတ်ရှိသည်ဟု" အားပေးစကားမိန့်ဆိုတော်မူခဲ့ပါသည်။ "သို့သော်လည်း မစိုးရိမ်ကြနှင့်။ ငါသည် လောကကိုအောင်ပြီဟု" မိန့်တော်မူခဲ့သောသခင်ဘုရားသည် ကျွန်ုပ်တို့ကို အောင်ခြင်းဆီသို့ ဦးဆောင်ခေါ်ယူသွားပါသည်။ ကတိတော်ကို ဆောင်ရွက် ပေးရန် အချိန်မရွေးဘုရားသခင်တတ်စွမ်းနိုင်ပါသည်။ ကိုယ်တော်၏ လူများအတွက် ပေးအပ်တော်မူခဲ့သောအလုပ်များကိုလည်း ထိုသူတို့အားဖြင့် ပြီးမြောက်အောင်မြင်စေပါလိမ့်မည်။ (ဃ ၁၁၀.၄)

ခရစ်တော်၏ဝိညာဉ်၌ ကျွန်ုပ်တို့အဘယ်ကြောင့် အပ်နှံထားလိုခြင်း မရှိသနည်း။ လောကသားတို့၏ဒုက္ခခံစားရခြင်း၌ သနားစဖွယ်ငိုကြွေးသံများကို ကျွန်ုပ်တို့အဘယ်ကြောင့် အာရုံအရောက်နည်းရလေသနည်း။ စာတန်ချည်နှောင်ထားသည့်လှောင်အိမ်တွင်းမှ လွတ်လာသောလူ့ဝိညာဉ်တစ်ခု၊ ဘုရားသခင်၏နိုင်ငံတော်ထဲသို့ ဝင်ရောက်လာခွင့်ရခြင်းအားဖြင့် ခရစ်တော်၏သရဖူသို့ ကြယ်တစ်လုံးတိုးပေါင်းပေးရသောကြောင့် အခွင့်ထူးဂုဏ်ပြုခံဖြစ်ရခြင်းအတွက် ကျွန်ုပ်တို့မစဉ်းစားမိကြပြီလော။ အသင်းတော်သည် လက်ရှိသမ္မာတရားသတင်းကောင်းတရားကို လူသတ္တဝါတိုင်းဆီသို့အရောက် သယ်ပို့ပေးရန်အမှန်နားလည်သဘောပေါက်ရမည်။ ကျွန်ုပ်သည် သင့်အား ဇာခရိအနာဂတ္တိကျမ်းအခန်းကြီး (၃၊၄) ကိုဖတ်ရှုရန် တောင်းဆိုလိုပါ၏။ အကယ်၍သာ ထိုကျမ်းစာပါအချက်များကို သဘောပေါက်၍ လူတွေကိုလည်း လက်ခံသည်ဆိုပါလျှင် ဖြောင့်မတ်

ခြင်းကိုဆာငတ်လိုလားကြသူတို့အတွက် ဝန်ဆောင်ခြင်းအမှုကို ပြုကြလိမ့်မည် ဖြစ်သောကြောင့် အသင်းတော်၏ရည်ရွယ်ချက်သည် "ရှေ့သို့ချီတက်၊ အဆင့်မြင့်တက်ကြ" ဖြစ်လာမည်။ (ဃ ၁၁၁.၁)

ဤကမ္ဘာ၌မှီတင်းနေထိုင်ကြသူလူအများစုကြီးသည် ရန်သူစာတန်အား သစ္စာခံမှုပေးအပ်နေကြကုန်၏။ သို့သော် ကျွန်ုပ်တို့သည် လှည့်စားခံနေကြရသည်မဟုတ်ပါ။ ခရစ်တော်သည် စာတန်၏အပြင်ပန်းအောင်ပွဲကို ဆီးတားတော်မူ၍ ကောင်းကင်ဘုံဗိမာန်နှင့်မြေကြီးပေါ်မှာ ကိုယ်တော်၏အမှုတော်ကို ရှေ့ဆက်သယ်ဆောင်သွားတော်မူသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်သည် နောက်ဆုံးနေ့တိုင်သည်အထိ ရှိနေမည့်ဆိုးယုတ်ခြင်း၊ စာရိတ္တပျက်စီးခြင်း အကြောင်းများကို သရုပ်ဖွင့်ပြလျက်ရှိ၏။ အနာဂတ္တိစကားပြည့်စုံခြင်းကို ကျွန်ုပ်တို့မြင်ကြရလျှင် ခရစ်တော်၏နိုင်ငံတော်နောက်ဆုံးသောအောင်ပွဲခံသောအခါ ကျွန်ုပ်တို့၏ယုံကြည်ခြင်းသည် ခွန်အားရှိသင့်ပါသည်။ ကျွန်ုပ်တို့အတွက် ခန့်အပ်ထားသောအမှုတော်ကို သတ္တိအသစ်မွေး၍ ဆောင်ရွက်သွားကြရန် ကျွန်ုပ်တို့သည် ရှေ့သို့ချီတက်ကြရမည်။ (ဃ ၁၁၁.၂)

## စိတ်ထဲစွဲကျန်ခဲ့သည့်အဖြစ်အပျက် (An Impressive Scene)

ည၏အမြင်အာရုံထဲ၌ စိတ်ထဲစွဲကျန်ရစ်ခဲ့သောရှုခင်းတစ်ရပ်ကို ကျွန်ုပ်၏ရှေ့မှောက်တွင် မြင်ခဲ့ရသည်။ ကြီးမားသောမီးလုံးကြီးတစ်လုံးသည် လှပသည့်အိမ်ကြီးရခိုင်များအပေါ်သို့ ထိုးကျခဲ့ရာ ချက်ချင်းပင်ပျက်စီးကုန်သည်။ လူတစ်ယောက်မှတ်ချက်ချသည်ကို ကျွန်ုပ်ကြားလိုက်ရသည်။ "မြေကြီးပေါ်ကိုဘုရားသခင်စီရင်ခြင်းကျရောက်လာမှာကို ငါတို့သိကြတယ်။ ဒါပေမယ့် ဒီလောက်အမြန်ကြီးရောက်လာမှာကိုတော့ ငါတို့တစ်တွေမသိကြဘူး။" တခြားတစ်ယောက်က ဝေဒနာခံစားရချက်နှင့် အော်ပြောတယ်။ "ဒါဆိုမင်းသိနေတာပဲ။ ဘာကြောင့် ငါတို့ကိုမပြောပြခဲ့တာလဲ။ ကျုပ်တို့မသိရဘူးလားဗျ။" ဒီလို

အလားတူမျိုးပြစ်တင်ဝေဖန်စကားများကို ဘက်ပေါင်းစုံမှ ပြောဆိုနေကြသည်ကို ကျွန်ုပ်ကြားခဲ့ရလေ၏။ (ဃျ ၁၁၁.၃)

စိတ်မကောင်းခြင်းကြီးစွာဖြင့် ကျွန်ုပ်နိုးခဲ့ရသည်။ နောက်ကျွန်ုပ်ပြန်အိပ်ရပြန်သည်။ လူအုပ်ကြီးအကြားထဲသို့ ကျွန်ုပ်ရောက်သွားခဲ့သည်ဟုထင်မိသည်။ လူအုပ်စုတစ်ခုကို အာဏာပိုင်တစ်ယောက်က သူ့လက်ထဲရှိကမ္ဘာမြေပုံကားချပ်ကိုဖြန့်၍ စကားပြောနေပါသည်။ သူကမြေပုံကားချပ်ကြီးသည် ဘုရားသခင်၏စပျစ်ဥယျာဉ်ဖြစ်ကြောင်းနှင့်ရိတ်သိမ်းဖို့အချိန်ရောက်နေပြီဟု မိန့်ခွန်းခြွေနေခြင်းဖြစ်သည်။ ကောင်းကင်ဘုံမှအလင်းတန်းသည်တစ်ဦးတစ်ယောက်အပေါ်သို့ ဖြာကျလာနေသော် ထိုအလင်းသည် အခြားသူဆီသို့ရောင်ပြန်ဟပ်လိမ့်မည်။ အလင်းသည် နေရာများစွာ၌ ဆင့်ကဲမီးပွားပေးလိမ့်မည်။ ထိုနည်းတူ ထိုအလင်းများသည် အခြားအလင်းများအဖြစ်မီးထိုးပေးလိမ့်မည်ဖြစ်သတည်း။ (ဃှ ၁၁၁.၄)

ကျမ်းစကားအပြန်အလှန်ရွတ်ဖတ်နေရမည်။ "သင်တို့သည်ဤလောက၏ဆားဖြစ်ကြ၏။ ဆားမူကား၊ အငန်ကင်းပျောက်လျှင် ငန်သောအရသာကို အဘယ်သို့ရပြန်မည်နည်း။ ပြင်သို့ပစ်လိုက်၍ ကျော်နင်းခြင်းမှတစ်ပါး အဘယ်အသုံးမျှမဝင်။ သင်တို့သည် ဤလောက၏အလင်းဖြစ်ကြ၏။ တောင်ထိပ်၌ တည်သောမြို့ကိုမကွယ်နိုင်။ ဆီမီးထွန်း၍ တောင်းဇလားအောက်၌ဖုံးထားလေ့မရှိ။ အိမ်သူအိမ်သားအပေါင်းတို့သည် အလင်းကိုရစေခြင်းငှါဆီမီးခုံပေါ်မှာတင်ထားလေ့ရှိ၏။ ထိုနည်းတူ၊ သူတစ်ပါးတို့သည် သင်တို့၏ကောင်းသောအကျင့်ကိုမြင်၍ ကောင်းကင်ဘုံ၌ရှိတော်မူသောသင်တို့အဘ၏ဂုဏ်တော်ကိုချီးမွမ်းစေခြင်းငှါ သူတစ်ပါးရှေ့၌ သင်တို့အလင်းကို လင်းစေကြလော့။" (မဿဲ ၅း၁၃–၁၆)။ (ဃှ ၁၁၂.၁)

မြို့များ၊ ရွာများအပေါ်သို့ အလင်းတန်းများထိုးကျတောက်ပနေသည်ကိုကျွန်ုပ်မြင်ခဲ့ရသည်။ ၎င်းတို့မှာမြေကြီးအမြင့်ဆီမှသော်လည်းကောင်း၊အနိမ့်ဆီ

မှသော်လည်းကောင်း ဖြာထွက်လျက်ရှိနေ၏။ ဘုရားသခင်၏စကားများကို နာခံနေကြပြီ။ အကျိုးထွက်အားဖြင့် မြို့တိုင်း၊ ရွာတိုင်းမှာခရစ်တော်အောက် မေ့ဖွယ်ချီးမွမ်းပွဲများကျင်းပနေကြသည်။ သမ္မာတရားသတင်းကောင်းတရား ကို ကမ္ဘာအရပ်ရပ်၌ ကြေညာဟောပြောနေကြလေပြီ။ (ဃု ၁၁၂.၂)

—၀—

## အခန်း (၁၀)
# နည်းစနစ်များ

**တစ်အိမ်တက်ဆင်း**

လူထုအကြား အထူးကြိုးစားခြင်းနှင့်အတူ ညီမျှသောအရေးတကြီး အချက်မှာ လူတို့၏နေအိမ်များသို့ တစ်အိမ်တက်ဆင်းသာသနာပြုခြင်းဖြစ် သည်။ မြို့ကြီးတွေမှာ လူထုအစည်းအဝေးများအားဖြင့် မရောက်နိုင်သော လူတန်းစားတချို့ရှိလေသည်။ သိုးထိန်းသည် သူ၏ပျောက်သောသိုးများကို ရှာရသကဲ့သို့ သူတို့ကိုလိုက်ရှာထွက်ကြရမည်။ သူတို့ကိုယ်စား လုံ့လဝီရိယ နှင့်ပုဂ္ဂိုလ်ရေးကြိုးစားခြင်းကို ရှေ့တိုးလုပ်ပြကြရမည်။ ပုဂ္ဂိုလ်ရေးအမှုဆောင် ခြင်းကိုမေ့ပစ်ကြသောအခါ အဖိုးတန်အခွင့်အရေးများစွာ ဆုံးရှုံးလိမ့်မည်။ သူတို့တစ်တွေတိုးတက်ကောင်းမွန်လာခဲ့သော် အမှုတော်ဆုံးဖြတ်ချက်တိုးချဲ့ နိုင်မြဲလာပါလိမ့်မည်။ (ဃ ၁၁၃.၁)

အလုပ်အားဖြင့်သာမက သနားကြင်နာသောစကားများသည်လည်း လိုအပ်သည်။ ခရစ်တော်သည် အကြင်နာမေတ္တာနှင့် စေတနာသဒ္ဒါတရားဖြင့် သူ၏သတင်းစကားကို အစပျိုးပေးကမ်းခဲ့သည်။ ဤလိုမျိုးအမှုဆောင်ကြသူ များကို တစ်အိမ်တက်ဆင်းသွားရောက်စေကြပါစို့။ အကူအညီလိုနေသူများ အား အကူအညီပေးပြီး အကယ်၍ အခွင့်အရေးရလျှင် လက်ဝါးကပ်တိုင် တရားအ ကြောင်းကို ဟောပြောကြပါစို့။ ခရစ်တော်သည် သူတို့၏ပြဋ္ဌာန်း စာအုပ်ဖြစ်နေရမည်။ ဝါဒရေးရာအကြောင်းကိစ္စအပေါ်တွင် သူတို့ တည်မှီနေရန်မလို။ သူတို့၏အလုပ်နှင့်ခရစ်တော်၏စွန့်လွှတ်ခဲ့ခြင်း အကြောင်းများကိုဟောပြောကြရမည်။ ခရစ်တော်၏ဖြောင့်မတ်ခြင်းတရား ကို လက်ကိုင်ထား၍ သူတို့ဘဝ၌ ကိုယ်တော်၏မြင့်မြတ်စင်ကြယ်ခြင်းကို ဖော်ကျူးပေးကြပါစို့။ (ဃ ၁၁၃.၂)

ဘုရားသခင်သည် လူမျက်နှာကြည့်သူမဟုတ်ပါ။ ကိုယ်တော်သည် နှိမ့်ချစိတ်ရှိသူ၊ စိတ်တမ်းအပ်နှံသူခရစ်ယာန်များအား သူတို့၌အခြားသူများလို

ပညာရေးစုံစုံစေ့စေ့မရှိခဲ့ကြသော်လည်း အသုံးပြုတော်မူလိမ့်မည်။ ထိုသို့သော သူကို တစ်အိမ်တက်ဆင်းသွားရောက်စေလျက် ကိုယ်တော်အတွက် အမှုတော်ထဲ၌ ပါဝင်လုပ်ဆောင်စေကြပါ။ နေအိမ်မီးလင်းဖိုရှေ့မှာ ထိုင်နေကြရင်း သူတို့တစ်တွေစိတ်နှလုံးနှိမ့်ချလျက် အပြောအဆိုလိမ္မာစွာဖြင့် ဘုရားတရားကိုင်းရှိုင်းခြင်း ပြုနိုင်ကြပါသည်။
သိက္ခာတော်ရပြီးသောဓမ္မဆရာတစ်ဦးလုပ်ဆောင် သည်ထက်ပို၍ မိသားစုများ၏အမှန်တကယ်လိုအပ်ချက်များကို ဖြည့်ဆည်း ပေးကြပါ။ (ဃ ၁၁၃.၃)

ကျွန်ုပ်တို့၏အသင်းတော်မှ အသင်းသူ/အသင်းသားများသည် ကျမ်းစာဖတ်ခြင်းနှင့်လက်ကမ်းဓမ္မစာစောင်များဝေငှခြင်းအားဖြင့် တစ်အိမ်တက်ဆင်း ပို၍အမှုတော်ဆောင်ရွက်သင့်ကြသည်။ (ဃ ၁၁၃.၄)

တစ်အိမ်တက်ဆင်းအမှုဆောင်ကြသူများသည် သာသနာနယ်၏အပိုင်းကဏ္ဍအများအပြားအတွက် အခွင့်အရေးများကို တွေ့ကြရလိမ့်မည်။ သူတို့သည် ဖျားနာသူများအား ဆုတောင်းပေးနိုင်သည်။ ဒုက္ခဝေဒနာခံစားနေရသူများအား သက်သာရာရစေရန် သူတို့အစွမ်းကုန်လုပ်ပေးနိုင်ကြသည်။ သူတို့သည် လူမှုအဆင့်အတန်းနိမ့်ကျဆင်းရဲသူများ၊ အဖိနှိပ်ခံလူတန်းစားတို့အထဲတွင် အမှုဆောင်သင့်ကြသည်။ စိတ်ဓာတ်ကျ၍ မိမိအလိုဆန္ဒကို ထိန်းသိမ်းရန်အင်အားမရှိကြသည့်မျှော်လင့်ချက်ကင်းမဲ့နေကြသူအယောက်စီတိုင်းတို့နှင့်အတူ (သို့မဟုတ်) သူတို့အတွက် ဆုတောင်းပေးနေသင့်ကြ၏။ နှလုံးသားပွင့်လင်း၍ နိုးထလာကြသူတို့အတွက် ကယ်တင်ခြင်းရစေရန် လေးလေးနက်နက် နှင့်တည်ကြည်စွာဖြင့် အားထုတ်ကြိုးပမ်းကြရမည်။ အတ္တကင်းစင်၍ ကြင်နာ တတ်သောအပြုအမူသည်သာလျှင် လူများစွာသို့လှမ်းရောက်နိုင်ကြသည်။ သူတို့ ဘဝလိုအပ်ချက်များသည် ပထမဦးဆုံးသက်သာခွင့်ရရှိစေရမည်။ သူတို့သည် ကျွန်ုပ်တို့၏ကိုယ်ကျိုးမရှာသောမေတ္တာနှင့် ချဉ်းကပ်မှုကို သက်သေအဖြစ် သူတို့မြင်ကြလေသော် ခရစ်တော်၏မေတ္တာကို သူတို့လက်ခံရန် လွယ်ကူလာပါလိမ့်မည်။ (ဃ ၁၁၃.၅)

အမှုဆောင်များသည် တစ်အိမ်တက်ဆင်းသွားလာ၍ ကျမ်းစာအုပ် ဖွင့်ဖတ်ခြင်း၊ အသင်းတော်ထုတ်စာစောင်များဖြန့်ဝေပေးခြင်း၊ မိမိအသက်ဝိညာဉ် ကိုကောင်းချီးမင်္ဂလာပေးသောအလင်းတရားအကြောင်းကို သူတစ်ပါးအား ဟောပြောနေကြရမည်။ (ဃ ၁၁၄.၁)

ကျွန်ုပ်တို့၏ကယ်တင်ရှင်သခင်ဘုရားသည် တစ်အိမ်တက်ဆင်းသွား လာ၍ နာမကျန်းသူများကို အနာငြိမ်းစေခြင်း၊ စိတ်မသာညည်းတွားနေကြ သူများကို သက်သောင့်သက်သာရှိစေခြင်း၊ ဒုက္ခရောက်သူများကို ချော့မြူ စကားပြောပေးခြင်း၊ စိတ်ပျက်လက်ပျက်ဖြစ်နေသူများကို ချမ်းသာစကားပြော ခြင်းများပြုလုပ်ခဲ့သည်။ ကိုယ်တော်သည် ကလေးသူငယ်များကို လက်တော် နှင့်ပွေ့ဖက်၍ ကောင်းချီးပေးလေ၏။ ပန်းလျှန်မ်းနယ်သောမိခင်ကို မျှော်လင့် ခြင်းသက်သာစကားပြောတော်မူ၏။ မပျက်ပြယ်သောကြင်နာမှု၊ နူးညံ့သိမ်မွေ့ မှုများနှင့်အတူ ကိုယ်တော်သည် လူတို့၏ပူဆွေးသောကနှင့်ဝေဒနာပုံစံအမျိုး မျိုးတို့ကို ဖြေသိမ့်ပေးတော်မူခဲ့ပါသည်။ မိမိကိုယ်ဖို့ (သို့မဟုတ်) သူတစ်ပါး တို့အတွက် ကိုယ်တော်အမှုဆောင်ခြင်းပင်တည်း။ ကိုယ်တော်သည် လူတိုင်း အတွက် အစေခံဖြစ်ခဲ့သည်။ ထိုအမှုသည်ပင်လျှင် သခင်ဘုရားဆက်ဆံအစေ ခံတော်မူခဲ့သောသူလူအပေါင်းတို့အဖို့ မျှော်လင့်ခြင်းနှင့်ခွန်အားယူဆောင်ပေး လာသောကိုယ်တော်၏အသားနှင့် အသွေးဖြစ်ရလေသည်။ (ဃ ၁၁၄.၂)

သမ္မာတရားကို ဟောပြောခြင်း၊ မေတ္တာနှင့်ရိုးစင်းမှုရှိခြင်း၊ တစ်အိမ် တက်ဆင်းအမှုဆောင်ခြင်းသည် ခရစ်တော်မှသူ၏တပည့်များကို ပထမဦးဆုံး သောသာသနာပြုစေလွှတ်တော်မူသည့်အခါက ကိုယ်တော်ပေးသောလမ်းညွှန် ချက်နှင့်အညီ အလိုက်သင့်ဖြစ်စေရမည်။ ဂုဏ်တော်သီချင်းသီဆိုခြင်းအားဖြင့် သော်လည်းကောင်း၊ နှိမ့်ချခြင်းအားဖြင့်သော်လည်းကောင်း၊ စိတ်နှလုံးပါလျက် ဆုတောင်းခြင်းအားဖြင့်သော်လည်းကောင်း၊ လူများစွာဆီသို့ဝင်ရောက်နိုင်သည်။ ဘုရားသခင်၏အမှုဆောင်သည် သူ့စိတ်နှလုံးအထဲသို့ ခိုင်မြဲသောယုံကြည် ချက်အပ်နှင်းတော်မူခြင်းခံရလိမ့်မည်။ "ငါသည် သင်တို့နှင့်အတူ အစဉ်အမြဲ ရှိသည်" ဟူ၍ ကိုယ်တော်ကတိတော်ရှိလေသည်။ ယင်းသို့ဥပဇ္ဈာယ်ဆရာ

တစ်ပါး၏စွဲမြဲစွာထင်ရှားရှိနေကြောင်း စိတ်ချရမှုနှင့်အတူ ကျွန်ုပ်တို့သည် ယုံကြည်ခြင်း၊ မျှော်လင့်ခြင်းနှင့်ခွန်အားသတ္တိများဖြင့် အမှုဆောင်နိုင်ကြပါသည်။ (ဃ ၁၁၄.၃)

တစ်အိမ်တက်ဆင်းသာသနာလုပ်ငန်းလုပ်ဖို့လိုသည်။ နှုတ်ကပတ်ကျမ်းစာမှ သမ္မာတရားအကြောင်းကို လုံးဝမသိသေးသူများနေထိုင်ရာဒေသဆီသို့ စေလွှတ်ရန် စိတ်ဆုံးဖြတ်အားထုတ်ကြသူများကို ဘုရားသခင်သည် ဖိတ်ခေါ်နေပါ၏။ သူတို့အိမ်တွေမှာ ဓမ္မသီချင်းကျူးအေးခြင်း၊ ဆုတောင်းခြင်း၊ ကျမ်းစာဖတ်ခြင်းများပြုလုပ်ပေးဖို့ လိုအပ်နေပါသည်။ "ငါသည် သင်တို့အားပေးသမျှသောပညတ်တော်တို့ကို စောင့်ရှောက်စေခြင်းငှါ ဆုံးမသြဝါဒပေးကြလော့" ဟူသောစေစားခြင်းအမှုတော်မြတ်ကိုနာခံရန် အချိန် သည် ယခုပင်အချိန်ရောက်လို့နေပါပြီ။ ဤအမှုကိုလုပ်ဆောင်နေသော သူတို့သည် နှုတ်ကပတ်တော်သိကျွမ်းခြင်းရှိနှင့်ထားပြီးသူဖြစ်ရပါမည်။ "ကျမ်းစာလာသည်ကား" ဟူသောအချက်သည် သူတို့အတွက် တိုက်ပွဲဝင်လက်နက်ဖြစ်နေရပါမည်။ (ဃ ၁၁၄.၄)

ညီအစ်ကိုမောင်နှမအပေါင်းတို့၊– သင်တို့အိမ်နားနေသူများထံ အလည်အပတ်သွားကြပါ။ ကိုယ်ချင်းစာစိတ်နှင့် ကြင်နာစိတ်ထားပြီး သူတို့၏နှလုံးသားထဲကိုဝင်ရောက်ဖို့ ကြိုးစားပါ။ အမြင်စောင်းပြီး တစ်ဖက်သတ်ဆန့်ကျင်မှုတွေကိုမဖန်တီးဘဲ ၎င်းတို့ကိုဖယ်ရှားပစ်နိုင်သည့် နည်းလမ်းဖြင့် လုပ်ဆောင်ကြပါ။ ယနေ့အတွက် သမ္မာတရားကို သိနားလည်ပြီးဖြစ်သော်လည်း သူတို့၏ဦးတည်ကြိုးပမ်းမှုကို မိမိအသင်းတော် ထဲမှာသာလျှင်ရှိစေပြီး မပြောင်းလဲသေးသောနီးစပ်ရာမိတ်ဆွေများအတွက် ဝန်ဆောင်ပေးရန် ငြင်းပယ်ခဲ့ကြသောသူများသည် ထိုသို့မပြည့်မဝတာဝန်ယူခဲ့ ခြင်းအတွက် ဖြေရှင်းချက်ပေးဖို့ ခေါ်ထုတ်ခြင်းခံကြရလိမ့်မည်။ (ဃ ၁၁၅.၁)

တပည့်တော်များ၏ပထမဦးဆုံးလေ့လာစစ်ဆေးခြင်းခရီးသည် ယေရှုသွားလာခဲ့ဖူးသည့်ဒေသသို့သွားကြရန်သာဖြစ်၍ မိတ်ဆွေများရှာရန်ဖြစ်သည်။ ခရီးအတွက် သူတို့ပြင်ဆင်ရသည်မှာအရိုးရှင်းဆုံးအမျိုးအစားဖြစ်သည်။

သူတို့၏အမှုတော်ကြီးမှ သူတို့စိတ်လမ်းကြောင်းပြောင်းသွားစေနိုင်သောမည်သည့်အရာများကိုမျှ ယူဆောင်သွားခွင့်မပြုခဲ့။ သို့တည်းမဟုတ် အတိုက်အခံဖြစ်စေဖို့ လှုံ့ဆော်သောလမ်းတစ်မျိုးမျိုးနှင့် ရှေ့ဆက်ဝန်ဆောင်ပေးဖို့ တံခါးပိတ်သွားစေနိုင်သောမည်သည့်နည်းတစ်ခုခုကိုမျှ အခွင့်မပေးချေ။ သူတို့သည် ဘာသာရေးဆရာများ၏အဝတ်အစားမျိုး ရွေးချယ်ဝတ်ဆင်ရန် မလို သလို၊ နှိမ့်ချသောသူဆင်းရဲလယ်သမားဖြစ်ကြောင်းသိစေဖို့ အယောင်ဆောင်ဝတ်စုံကိုလည်း ဝတ်ဆင်ခွင့်မပြုပါ။ တရားဇရပ်ထဲသို့ ဝင်သွားပြီးလူတွေကိုအတူတကွစုဝေးဝတ်ပြုကြဖို့ ခေါ်ထုတ်ကြရမည်လည်းမဟုတ်။ သူတို့ကြိုးစားလုပ်ဆောင်ကြရမည်မှာ တစ်အိမ်တက်ဆင်းဝန်ဆောင်မှုပေးရန် ရှေ့ဆက်လုပ်သွားဖို့ဖြစ်သည်။ သူတို့သည် မလိုအပ်ဘဲနှင့် လူတွေကိုအရိုအသေပေးနေကြရမည်မဟုတ်။ ဧည့်ခံဖျော်ဖြေဖို့အတွက်သာ တစ်အိမ်တက်ဆင်းဝင်နေကြရမည်လည်းမဟုတ်။ သို့ပါသော်လည်း နေရာတိုင်း၌ ထိုက်တန်သောသူများက သူတို့အား ဧည့်ခံပြုစုလာသည့်အခါနှင့် ခရစ်တော်ကိုယ်တိုင်အား ပြုစုပေးလာသည့်အတိုင်း သူတို့ကိုကြိုဆိုကြသောသူများအားလက်ခံပေးကြရန်ဖြစ်သည်။ သူတို့နေထိုင်ရမည့်အိမ်သို့ အဝင်တွင် လုပသောပဋိသန္ဓာရစကားဖြင့် နှုတ်ခွန်းဆက်ကြရမည်မှာ "ဤအိမ်၌ မင်္ဂလာရှိပါစေသော" ဟူ၍ဖြစ်သည်။ ထိုအိမ်သည် တပည့်တော်တို့၏ဆုတောင်းသံများ၊ ဂုဏ်တော်ချီးမွမ်းခြင်းသီချင်းသံများနှင့် မိသားစုအတွင်း အလုပ်ညှို့ကျကျမ်းစာဖတ်ခြင်းများဖြင့် ကောင်းချီးမင်္ဂလာခံစားရပါလိမ့်မည်။ (ဃ ၁၁၅.၂)

သင်၏နီးစပ်ရာမိတ်ဆွေများဆီသို့ မိတ်ဆွေရင်းချာပမာအလည်အပတ်သွားလာပါ။ သူတို့နှင့်ခင်မင်ရင်းနှီးသိကျွမ်းနေရအောင် ပြုလုပ်ပါ။ ---ဤကဲ့သို့မနေထိုင်ကြသူများနှင့်ဂရုမစိုက်ကြောင်း ပေါ်လွင်ထင်ရှားနေထိုင်ပြကြသူများသည် သူတို့၏ဦးစွာသောအချစ်ဆုံးရှုံး၍သူ၏ညီအစ်ကိုများကို ဝေဖန်ခြင်း၊ အပြစ်ရှာခြင်းနှင့်ရှုတ်ချခြင်းတို့ကိုမကြာမီလုပ်လာကြတော့မည်။ (ဃ ၁၁၅.၃)

တမန်တော်ပေါလု၏ကြိုးပမ်းအားထုတ်မှုများသည် လူထုတရားဟော ပြောပွဲများအတွက်လောက်သာကန့်သတ်မထားပါ။ ထိုနည်းဖြင့် မကြားရနိုင် သူတွေများစွာရှိနေပါသည်။ သို့ဖြစ်၍ သူသည် အချိန်များများယူပြီး တစ်အိမ် တက်ဆင်းသာသနာပြုပါသည်။ ဤနည်းဖြင့် အိမ်ထောင်မိသားစုဝင်များစွာနှင့် ရင်းနှီးအောင်အခွင့်အရေးရှာယူခဲ့ပါသည်။ ဖျားနာသူတို့ထံ အလည်အပတ် သွားပြီး ဒုက္ခဝေဒနာခံစားနေသူများအား နှစ်သိမ့်စကားပြောကြားပေးခြင်း နှင့်အနိမ်ခံဘဝ၌ရှိသူများကို အားပေးမြှင့်တင်ခဲ့၏။ သူပြောဆိုလုပ်ဆောင် သမျှ၌ ယေရှုခရစ်၏နာမတော်ကို ကြီးမြတ်စေဖို့သာဖြစ်လေ၏။ ဤသို့ဖြင့် သူသည် "ခွန်အားနည်းစဉ်၊ ကြောက်ရွံ့နေစဉ်နှင့်တုန်လှုပ်ချောက်ချား နေစဉ်မှာပင်" သခင့်အတွက် အမှုဆောင်ခဲ့သူဖြစ်ပါသည်။ သူ၏ဩဝါဒ များသည် ကောင်းကင်ဘုံရှင်ဘုရားသခင်ထက် လူ၏အထင်ကြီးမှုပေါ်လွင် လာမည်ကိုစိုး၍သာ သူ၌တုန်လှုပ်နေရခြင်းရှိပါသည်။ (ဃ ၁၁၅.၄)

သင့်အိမ်နီးချင်းမိတ်ဆွေများတစ်ဦးချင်းဆီသို့ အလည်အပတ်သွားပါ။ သင်၏ကိုယ်ကျိုးမဖက် အမှန်တကယ်စိတ်ဝင်စား၍ ချစ်မြတ်နိုးကြောင်း သူတို့၏ရင်ထဲ၌ နွေးထွေးမှုကို ခံစားနေရသည့်တိုင်အောင် အကျွမ်းတဝင် မိတ်ဆွေဖွဲ့ပါ။ သူတို့နှင့်ထပ်တူ ကိုယ်ချင်းစာနာစိတ်ထားပါ။ သူတို့နှင့်အတူ ဆုတောင်းပါ။ သူတို့ကောင်းတာလုပ်ဖို့ အခွင့်အလမ်းရှာပြပေးပါ။ သင်တတ် နိုင်လျှင် လူအနည်းငယ်ကို အတူတကွစုစည်းပြီး မှောင်နေသောသူတို့၏စိတ် နှလုံးကို လင်းစေဖို့ ဘုရားသခင်နှုတ်ကပတ်တော်ကျမ်းစာကို ဖွင့်ဖတ်ပြပါ။ လူ့အသက်ဝိညာဉ်ကို တန်ဖိုးထားရှာဖွေနေသူကဲ့သို့ စောင့်ကြည့် နေပါ။ ဘုရားသခင်၏သိက္ခာတော်စပျစ်ဥယျာဉ်ထဲမှာ ကိုယ်တော် နှင့်အတူတကွ လုပ်ဆောင်ရန် သင့်အား အခွင့်ပေးထားသော ဤအထူး အခွင့်အရေးကို အကောင်းဆုံးအသုံးချပါ။ သင့်နီးစပ်မိတ်ဆွေများနှင့် စကားစမြည်ပြောရန် မပစ်ပယ်ကြပါနှင့်။ သင်၌ခွန်အားရှိသမျှနှင့် ကြင်နာနှစ် လိုဖွယ်အလုံးစုံတို့ဖြင့် သူတို့ကိုဆက်ဆံခဲ့သောအခါ သင်သည် "လူတချို့ကို ကယ်တင်ခြင်းရစေကောင်း၏" ဟု မှတ်ယူရမည်။ ကျွန်ုပ်တို့သည် တမန်တော်

ပေါလု၏စိတ်ဓာတ်ကဲ့သို့ အသက်ဝိညာဉ်များကိုချစ်မြတ်နိုးသောစိတ်သဘောနှင့် တစ်အိမ်တက်ဆင်းမျက်ရည်ကျလျက် "ထာဝရဘုရားသခင်ထံတော်သို့ နောင်တနှင့်ပြန်လာပါ။ ငါတို့၏သခင်ယေရှုခရစ်တော်ကို ယုံကြည်ကိုးစားပါ" ဟူ၍ သွန်သင်ဟောပြောကြပါစို့။ (ဃ ၁၁၆.၁)

ကျွန်ုပ်တို့၏မြို့ကြီးများတွင် ပြီးစီးအောင်လုပ်ရမည့်အလုပ်ကို ထာဝရဘုရားသခင်သည် ကျွန်ုပ်အား ဖော်ပြပါ၏။ ဤမြို့ကြီးများတွင်ရှိသောယုံကြည်သူများသည် မိမိတို့၏အိမ်နီးနားချင်းလူနေရပ်ကွက်တွင်းရှိ နေအိမ်များ၌ ဘုရားသခင်အတွက် သူတို့အမှုဆောင်ပေးရန်ဖြစ်သည်။ သူတို့သည် ငြိမ်းချမ်းစွာနှင့် စိတ်နှလုံးနူးညံ့သိမ်မွေ့စွာဖြင့် အမှုတော်ဆောင်ကြစဉ် သူတို့ရောက်လေရာနေရာတိုင်းမှာ ကောင်းကင်ဘုံ၏ဝန်းကျင်အခြေအနေမျိုးကို ဖော်ဆောင်ဖွင့်ပြကြရမည်။ (ဃ ၁၁၆.၂)

## တစ်ဦးချင်းပရိသတ်

ခရစ်တော်၏အမှုတော်မြတ်သည် လူပုဂ္ဂိုလ်တစ်ဦးချင်းတွေ့ဆုံမေးမြန်းခြင်းအားဖြင့် ကျယ်ပြန့်စွာပုံစံပြုထားပေးခဲ့သည်။ ကိုယ်တော်သည် တစ်ဦးချင်းပရိသတ်ကို ယုံကြည်အားထားလေ့လာမှတ်သားတော်မူ၏။ ထိုသူတစ်ဦးတစ်ယောက်၏ဉာဏ်ရည်ထက်မြက်မှုကိုရလိုက်ခြင်းသည် လူထောင်ပေါင်းများစွာသို့ သတင်းကောင်းသယ်ဆောင်သွားလေ၏။ (ဃ ၁၁၆.၃)

ယေရှုသည် အားနည်း၍ မောပန်းလာခဲ့သည်။ သို့တိုင်ကိုယ်တော်သည် ဣသရေလလူမဟုတ်သော သူစိမ်းတစ်ရံဆံဖြစ်သူ၊ အပြစ်နယ်ထဲလွတ်လွတ်လပ်လပ်နေထိုင်နေသူ ရှမာရိအမျိုးသမီးတစ်ယောက်နှင့် စကားပြောရသည့်အခွင့်အရေးကို လျစ်လျူရှုတော်မမူခဲ့ပါ။ (ဃ ၁၁၆.၄)

ကယ်တင်ရှင်သည် တရားနာပရိသတ်များစွာစုရုံးလာသည်အထိစောင့်ဆိုင်းနေတော်မမူ။ ကိုယ်တော်သည် သူ့ဘေးနားရောက်လာသောလူအနည်းငယ်နှင့် သင်ခန်းစာများကို မကြာခဏစတင်လေ့ရှိ

သည်။ သို့သော်လည်း အနားမှဖြတ်သွားသောလူများသည် တစ်ယောက်ပြီး တစ်ယောက်ရပ်တန့်နားထောင်ကာ နောက်ဆုံးတွင် လူအမြောက်အမြားသည် ကောင်းကင်ဘုံမှ စေလွှတ်သောဆရာသခင်ဘုရား၏တရားစကားများကို အံ့ဩခြင်း၊ လေးစားခြင်းတို့ဖြင့် ကြားကြရသည့်တိုင်အောင်ဖြစ်သတည်း။ ခရစ်တော်၏အမှုတော်ဆောင်များသည် လူအုပ်ကြီးကြီးကို စကားပြောရသောအားစိုက်ရမှုမျိုးဖြင့် လူအနည်းငယ်ကို မဟောပြောနိုင်ဟူ၍ မခံယူသင့်ကြပါ။ သတင်းစကားကြားလိုက်ရသူတစ်ဦးတစ်ယောက်သာ ရှိမည်ဆိုသော်လည်း အဘယ်သူသည် တရားဩဇာထိရောက်မှုမရှိသည့်အကြောင်းကို ထုတ်ဖော်ပြောဆိုနိုင်ကြပါ့မလဲ။ ကယ်တင်သောအရှင်သည် ရှမာရိအမျိုးသမီးတစ်ယောက်အတွက် အချိန်ပေးခဲ့ရသည်ကို ကိုယ်တော်တပည့်များပင်လျှင် သေးငယ်သောအမှုဟု ထင်ကြလိမ့်မည်။ သို့သော်လည်း ကိုယ်တော်သည် ဘုရင်များ၊ မှူးမတ်များနှင့်ယဇ်ပုရောဟိတ်မင်းတို့ထက်ပိုပြီး သူမနှင့်အလေးအနက်တန်ဖိုးထား၍ စကားလက်ဆုံကျခဲ့ပါသည်။ ထိုရှမာရိအမျိုးသမီးတစ်ယောက်အားကိုယ်တော်သွန်သင်ပေးလိုက်သောသင်ခန်းစာသည် ကမ္ဘာဝေးလံအစွန်အဖျားအထိတိုင် သတင်းကောင်းအကြိမ်ကြိမ်ရောက်သွားလေ၏။(ဃ ၁၁၆.၅)

## အနီးကပ်ပုဂ္ဂိုလ်ရေးထိတွေ့ခြင်း

ကိုယ်တိုင်ကိုယ်ကျကြိုးစားအားထုတ်ခြင်းအားဖြင့် လူအများနှင့်အနီးကပ်ဆက်ဆံရန် လိုအပ်သည်။ လူပုဂ္ဂိုလ်တစ်ဦးချင်း သဘာသနာနယ်ထဲတွင် တရားဟောပြောခြင်းအချိန်ကို အနည်းအကျဉ်းထား၍ လူပုဂ္ဂိုလ်ရေးဆက်ဆံခြင်း၌ အချိန်ကိုပိုမိုပေးခဲ့ပါလျှင် အကျိုးကြီးမားစွာ ရှိကြောင်းတွေ့မြင်ရလိမ့်မည်။ (ဃ ၁၁၇.၁)

ထာဝရဘုရားသခင်သည် မိမိ၏ကျေးဇူးတော်နှုတ်ထွက်စကားကို လူတိုင်း အိမ်သို့သယ်ဆောင်ယူသွားကြရန် အလိုတော်ရှိသည်။ မိမိတို့ကိုယ်တိုင်ကိုယ်ကျလုပ်ဆောင်ခြင်းအားဖြင့် အဆင့်အမြင့်ဆုံးထား၍ ပြီးစီးအောင်လုပ်ဆောင်

ကြရလိမ့်မည်။ ဤအမှုတော်သည် ခရစ်တော်၏နည်းစနစ်ဖြစ်သည်။ (ဃ ၁၁၇.၂)

ဝိညာဉ်များကယ်ဆယ်ရေး၌အနိုင်ရ၍ အအောင်မြင်ဆုံးသောလုပ်ဆောင်ပေးနိုင်သူများမှာ မိမိတို့၏အစွမ်းအစအပေါ် မာနမထားတတ်သောသူ လူယောကျ်ား၊ လူမိန်းမတို့ဖြစ်ကြသည်။ သူတို့သည် သူတို့၏အနီးအနား၌ရှိသူများအား အကူအညီပေးရန် နှိမ့်ချအောက်ကျို့ခြင်းနှင့် ယုံကြည်ခြင်းအားဖြင့် ရှာဖွေတတ်ကြသူများဖြစ်သည်။ ဤအလုပ်ကို ယေရှုခရစ်အစဉ်လုပ်ဆောင်ခဲ့ပါ၏။ ကိုယ်တော်သည် လက်လှမ်းရောက်လိုတော်မူသောသူများဆီသို့ အနီးအနားထိရောက်အောင် ချဉ်းကပ်တော်မူခဲ့ပါသည်။ (ဃ ၁၁၇.၃)

ခရစ်တော်နည်းတူ ကြင်နာမှုရှေ့ထားလျက် ကျွန်ုပ်တို့သည် လူတစ်ဦးချင်းဆီသို့ အနီးကပ်ရင်းနှီးရောက်သင့်သည်။ ထာဝရအသက် ရဖို့ မဟာအကြောင်းအရာ၌ သူတို့စိတ်ပါဝင်စားလာမှုကို နှိုးဆွပေးနိုင်ရန် ရှာဖွေပေးကြရမည်။ သူတို့၏နှလုံးသားများသည် ကျောက်ခင်းလမ်းပမာ မာကျောခက်ထန်နေမည်။ အပြင်ပန်းအားဖြင့် သိရနိုင်သည်မှာလည်း သူတို့အားကယ်တင်ရှင်ကို ပေးကမ်းလျှင် အချည်းနှီးကြိုးစားမှုတစ်ခုအဖြစ်သို့ ရောက်သွားနိုင်ပါသည်။ သို့ပါသော်လည်း ဆင်ခြင်တုံတရားအရသော်လည်းကောင်း၊ ဆွေးနွေးနှီးနှောခြင်းအားဖြင့်သော်လည်းကောင်း အောင်မြင်မှုကိုမရသည့်တိုင်အောင် ခရစ်တော်၏မေတ္တာတော်သည် ပုဂ္ဂိုလ်တစ်ဦးချင်းအပေါ် အမှုတော်ဆောင်ရွက်ရာ၌ ထင်ရှား၍ ကျောက်နှင့်တူသောသူတို့၏ စိတ်နှလုံးကို ပျော့ပျောင်းစေပြီးလျှင် ဘုရားသခင်၏တရားမျိုးစေ့ကို အမြစ်စွဲစေပါလိမ့်မည်။ (ဃ ၁၁၇.၄)

ပုဂ္ဂိုလ်ရေးအရ သာသနာပြုသောအားဖြင့် သင့်အနီးအနားမှာရှိနေသောသူများထံ အရောက်သွားပါ။ သူတို့နှင့်မိတ်သဟာယဖွဲ့ရင်းနှီးမှုကိုရယူ ပါ။ လူအများကို တရားဟောပြောနေခြင်းဖြင့် အလုပ်မဖြစ်သည်များရှိပါ၏။ ထာဝရဘုရားသခင်၏ကောင်းကင်တမန်များသည် သင်သွားရောက်လည်ပတ်သောလူနေအိမ်များဆီသို့ သင်နှင့်အတူသွားလာနေပါသည်။

ဤအမှုတော်ကို ကိုယ်စားလှယ်လွှဲအပ်လုပ်ဆောင်စေ၍ မရနိုင်ပါ။ ငွေချေးပေး၍သော်လည်းကောင်း၊ ပေးကမ်း၍သော်လည်းကောင်း အလုပ်မပြီးမြောက်နိုင်ပါ။ တရားဟောပြော၍လည်း အလုပ်ဖြစ်နိုင်လိမ့်မည်မဟုတ်။ လူတွေထံ အလည်အပတ်သွားရောက်ပြီး သူတို့နှင့်အတူ စကားပြောခြင်း၊ ဆုတောင်းခြင်းနှင့်ကိုယ်ချင်းစာနာတတ်ခြင်းတို့အားဖြင့်သာလျှင် သူတို့၏စိတ်နှလုံးကို အောင်မြင်နိုင်လိမ့်မည်ဖြစ်ပါသည်။ ဤသို့သောသာသနာအလုပ်သည် အမြင့်ဆုံးသောသာသနာအလုပ်ဖြစ်၏။ ထိုသို့ပြုရန်မှာ သင်သည် ယုံကြည်ခြင်း၌ မဆုတ်မနစ်သောခွဲရှိမှု၊ စိတ်လက်မကုန်မခန်းသောခန္တီတရားနှင့်ဝိညာဉ်များကို ချစ်မြတ်နိုးမှုရှိခြင်းတို့ကို လိုအပ်ပါလိမ့်မည်။ (ဃ ၁၁၇.၅)

ယောဟန်၊ အန္ဒြေ၊ ရှိမုန်၊ ဖိလိပ္ပု၊ နာသနေလတို့ကိုခေါ်တော်မူခြင်းသည် ခရစ်ယာန်အသင်းတော်၏တိုက်မြစ်ကို အစပျိုးပေးခဲ့ခြင်းဖြစ်ပါသည်။ ယောဟန်သည် မိမိ၏တပည့်နှစ်ယောက်ကို ခရစ်တော်ထံသို့ လမ်းညွှန်ပြခဲ့ပါသည်။ သူတို့အနက် တစ်ယောက်ဖြစ်သူအန္ဒြေက မိမိ၏အစ်ကိုဖြစ်သူကိုကယ်တင်ရှင်ထံသို့ ပို့ဆောင်ပေးခဲ့သည်။ ထိုနောက် ဖိလိပ္ပုကို ခေါ်ယူတော်မူပြီးလျှင် ဖိလိပ္ပုသည် နာသနေလကို ထွက်ရှာခဲ့သည်။ ဤဥပမာဖြစ်ရပ်များသည် ကျွန်ုပ်တို့၏ဆွေမျိုးသားချင်းများ၊ မိတ်ဆွေများနှင့် အိမ်နီးနားချင်းများအား ကျွန်ုပ်တို့တိုက်ရိုက်ဆွဲခေါ်ယူနိုင်ရန် ပုဂ္ဂိုလ်ရေးကြိုးပမ်းမှုအရေးကြီးပုံကို ကျွန်ုပ်တို့အား သင်ကြားပေးနေသည်။ ခရစ်တော်နှင့် တစ်သက်လုံးရင်းနှီးဆက်ဆံလာကြပါသည်ဟုဆိုသူများရှိပါ၏။ သို့တိုင်လည်း သူတို့သည် ကယ်တင်ရှင်ထံသို့ ဝိညာဉ်တစ်လုံးကို ပို့ပေးနိုင်လောက်သည့် ကိုယ်တိုင်ကိုယ်ကျအားစိုက်မှုတစ်ကြိမ်မျှ မပြုခဲ့ဘူးသူများဖြစ်နေပါသည်။ သူတို့သည် အလုပ်တွေအားလုံးကို သင်းအုပ်ဆရာလက်ထဲ၌ ပစ်ထားခဲ့ကြသည်။ ထိုသူသည် ခေါ်တော်မူခြင်းခံရသည်မှာ အရည်အချင်းပြည့်စုံနိုင်ခဲ့ပါသော်လည်း အသင်းတော်၏အသင်းသူ/အသင်းသားများသို့ ဘုရားသခင်ချန်ရစ်ပေးထားခဲ့သောအမှုတော်မြတ်ကို သူမလုပ်ဆောင်နိုင်ပါလေပြီ။ (ဃ ၁၁၈.၁)

လူများစွာသည် ချစ်တတ်သောနှလုံးသားပိုင်ရှင် ခရစ်ယာန်တို့၏အစေခံပြုစုမှုကို လိုအပ်နေကြပါသည်။ အကယ်၍သာ လူအများ သည် သူတို့၏အိမ်နီးချင်းမိတ်ဆွေများနှင့် အများသူငါလူယောကျ်ားမိန်းမတို့ က သူတို့အတွက် ပုဂ္ဂိုလ်ရေးအရကြိုးစားပေးကြလျှင် ကယ်တင်ခြင်းရနိုင်ပါလျက်နှင့် ပျက်စီးသွားကြသူတွေများစွာရှိနေပါသည်။ လူအများအပြားသည်လည်း သူတို့ထံ ပုဂ္ဂိုလ်ရေးအရ လာရောက်စကားပြောဖို့ မျှော်နေကြကုန်၏။ အနီးအနားအိမ်ထောင်စုများ၊ ဝန်းကျင်ဒေသများ၊ ကျွန်ုပ်တို့နေထိုင်သောမြို့များ၌ ခရစ်တော်အတွက် သာသနာပြုများအဖြစ်ဆောင်ရွက်ကြရန် ကျွန်ုပ်တို့၌အလုပ်ရှိနေပါသည်။ ကျွန်ုပ်တို့သည် ခရစ်ယာန်များဖြစ်လျှင် ဤအမှုတော်သည် ကျွန်ုပ်တို့အတွက် ပျော်ရွှင်ဝမ်းသာစရာဖြစ်ရပါမည်။ လူတစ်ယောက်ပြောင်းလဲခြင်းသို့ရောက်လာ၍ များမကြာမီ သူသည် သခင်ယေရှုကိုရလိုက်ခြင်းအတွက် အလွန် အဖိုးတန်သောမိတ်ဆွေအကြောင်းကို တစ်ပါးသူတို့အား တစ်ဆင့် ကြားပြောလိုသည့်ဆန္ဒသည် သူ့ရင်တွင်း၌ ပေါက်ဖွားလာလေ၏။ သမ္မာတရားကို သိမ်းဆည်းခြင်း၊ သန့်ရှင်းစင်ကြယ်စေခြင်းသည် သူ့စိတ်နှလုံး အထဲမှာ ဖွင့်လှစ်ထားလို့နေပါပြီ။ (ဃှ ၁၁၈.၂)

အလင်းတရားကို ဆက်သွယ်ဖြန့်ဖြူးရေး၌ အထိရောက်ဆုံးနည်းလမ်းတစ်ခုသည် ပုဂ္ဂလိကကိုယ်တိုင်ကိုယ်ကျ ကြိုးစားအားထုတ်မှုဖြစ်သည်။ နေအိမ်စားပွဲဝိုင်းများနှင့် အိမ်နီးချင်းမိတ်ဆွေများ၏မီးလင်းဖိုရှေ့တွေမှာ၊ နာမကျန်းဖြစ်နေသူတို့၏ကုတင်နံဘေးတွေမှာ သင်သည် ငြိမ်သက်စွာဖြင့် ကျမ်းစာကိုဖတ်ပြနိုင်သလို ယေရှု၏နူတ်ကပတ်စကားနှင့် သမ္မာတရားကိုလည်း ဟောပြောနိုင်ပါသည်။ ဤနည်းဖြင့် သင်သည် တန်ဖိုးမဖြတ်နိုင်သောမျိုးစေ့ကိုကြဲချနိုင်ပြီး ထိုမျိုးစေ့သည်လည်း အပင်ပေါက်ကာ ရှေ့ဆက်အသီးသီးလာပါလိမ့်မည်။ (ဃှ ၁၁၈.၃)

ဆားမှာပေါင်းစပ်ထည့်သွင်းပေးလိုက်သောဒြပ်ထုအတွင်း ရောနှောစိမ့်ဝင်သွားရမည်။ အရာဝတ္ထုများကို တာရှည်ခံစေဖို့ ဆားသည် ထိုးဖေါက်

စိမ့်ဝင်နေရ၏။ ထို့ကြောင့် ပုဂ္ဂလိကကိုယ်တိုင်ကိုယ်ကျ ဆက်ဆံပေါင်းသင်းခြင်းမှတစ်ဆင့် လူသည် သတင်းကောင်းတရား၏ကယ်တင်ခြင်းတန်ခိုးကို ခံစားရရှိလေသည်။ လူအစုလိုက်အပြုံလိုက်အထဲမှ သူတို့ကယ်တင်ခြင်းရခဲ့သည်မဟုတ်၊ တစ်ဦးချင်းစီက လက်ခံရခဲ့ခြင်းဖြစ်၏။ ပုဂ္ဂိုလ်ရေးသြဇာသည် တန်ခိုးတစ်ခုဖြစ်သည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့အကျိုးကျေးဇူးရစေလိုသူများနှင့်ချဉ်းကပ်ရင်းနှီးယူကြရမည်။ (ဃ၃ ၁၁၉.၁)

ယေရှုသည် လူတိုင်းတစ်ယောက်ချင်းစီကို မိမိ၏နိုင်ငံတော်သို့ခေါ်ယူအပ်နှံခံကြရသူများအဖြစ် ရှုမြင်တော်မူသည်။ ကိုယ်တော် သည် သူတို့၏ကောင်းကျိုးကိုဆောင်လိုသူတစ်ဦးအဖြစ် သူတို့နှင့်အတူတကွ သွားလာ၍ သူတို့၏စိတ်နှလုံးကို ထိတွေ့တော်မူခဲ့သည်။ ကိုယ်တော်သည် ထိုသူတို့အား လူသွားလမ်းမပေါ်မှာ၊ နေအိမ်များမှာ၊ လှေများအထဲမှာ၊ တရားဇရပ်အထဲမှာ၊ ရေအိုင်ကမ်းစပ်နံဘေးမှာ၊ လက်ထပ်မင်္ဂလာပွဲတွေထဲမှာ ရှာဖွေခေါ်ယူတော်မူခဲ့သည်။ သူတို့၏အသက်မွေးမှုလုပ်ငန်းခွင်ထဲသို့လည်း ကိုယ်တော်သွားရောက်တွေ့ဆုံ၍ သူတို့၏လောကီရေးရာကိစ္စများ၌ မိမိစိတ်ဝင်စားကြောင်းကိုထင်ရှားစေခဲ့ပါသည်။ ကိုယ်တော်သည် မိသားစုများကို နေအိမ်ထဲမှာသြဝါဒပေး၍ သူတို့၏နေအိမ်များသို့ ဘုရားသခင်ထင်ရှား အုပ်စိုးတော်မူခြင်းကို ယူဆောင်ပေးသည်။ ကိုယ်တော်၏ကိုယ်တိုင်ကိုယ်ကျသနားကြင်နာစိတ်အားကြီးခြင်းသည် နှလုံးသားများစွာကိုအောင်နိုင်ရန် အထောက်အကူဖြစ်စေခဲ့သည်။ (ဃ၃ ၁၁၉.၂)

ခရစ်တော်၏နည်းစနစ်တစ်ခုတည်းသာလျှင် လူတွေဆီ လှမ်းရောက်နိုင်ရန် စစ်မှန်သောအောင်မြင်ခြင်းပေးပါလိမ့်မည်။ ကယ်တင်ရှင်သည် လူသားတို့အား ကောင်းကျိုးပေးလိုသူတစ်ဦးအဖြစ် ရပ်တည်၍ လူတွေနှင့်ရောနှော နေထိုင်ဆက်ဆံခဲ့သည်။ ကိုယ်တော်သည် လူတွေကိုသနားကြင်နာစိတ်ပြ၍ သူတို့လိုအပ်ချက်များကို ပြုစုပေးသည်။ ထို့ကြောင့် သူတို့၏ယုံကြည်အပ်နှံခြင်းကိုခံရသည်။ ထို့နောက်လူတွေကို "ငါ့နောက်သို့လိုက်လော့" ဟု မိန့်ဆိုတော်မူ၏။ (ဃ၃ ၁၁၉.၃)

ကျွန်ုပ်တို့သည် ခရစ်တော်ပြုတော်မူသည်နည်းတူ လုပ်ဆောင်ကြရမည်။ ကိုယ်တော်သည် တရားဇရပ်မှာဖြစ်စေ၊ လမ်းဘေးမှာဖြစ်စေ၊ ကမ်းနှင့်ခပ်ခွာခွာလျောချထားသောလှေပေါ်မှာဖြစ်စေ၊ ဖာရိရှဲ (သို့မဟုတ်) အခွန်ခံတို့၏ ဧည့်ခံစားပွဲမှာဖြစ်စေ၊ ဘယ်နေရာမှာပဲရှိရှိ တွေ့ရသောလူများအား အဆင့်မြင့်ဘဝနှင့်ဆက်စပ်နီးနွှယ်သောအကြောင်းများကို ဟောပြောခဲ့သည်။ သဘာဝလောကအကြောင်းအရာများနေ့စဉ်ဘဝ၏အဖြစ်အပျက်များသည် ကိုယ်တော်မိန့်ဆိုနေသောသမ္မာတရားသတင်းစကားများနှင့် ဆက်နွှယ်ပတ်သက်လျက်ရှိပါသည်။ ကိုယ်တော်၏ဒေသနာစကားကြားရသူများသည် ကိုယ်တော့်ထံအာရုံစိုက်လာကြသည်။ အဘယ်ကြောင့်ဆိုသော် ကိုယ်တော်သည် နာမကျန်းသူများကို အနာငြိမ်းပေးခြင်း၊ ဝမ်းနည်းပူဆွေးနေကြသူများအား သက်သာစေခြင်းနှင့် သူတို့၏ကလေးသူငယ်များကို လက်မောင်းနှင့်ပွေ့ယူ၍ ကောင်းချီးပေးခြင်းများဖြင့် ပြုစုတော်မူခဲ့သောကြောင့်ဖြစ်သည်။ ကိုယ်တော်သည် နှုတ်တော်ကိုဖွင့်၍ ဟောပြောလေတိုင်း လူတို့၏အာရုံကို စူးစိုက်ဖမ်းယူခဲ့သည်။ နှုတ်တော်ထွက်စကားများသည်လည်း ဝိညာဉ်များအဖို့ အသက်တာအဆင့်ဆင့်၌ အနှစ်အရသာဖြစ်ရလေ၏။ (ဃ ၁၁၉.၄)

ထို့ကြောင့် ကျွန်ုပ်တို့လည်း လိုက်လုပ်သင့်ကြသည်။ ကျွန်ုပ်တို့ မည်သည့်နေရာ၌ ရှိနေကြပါစေ၊ သူတစ်ပါးတို့အား ကယ်တင်ရှင် အကြောင်းဟောပြောပေးရန် အခွင့်အရေးရှာဖွေသင့်သည်။ အကယ် ၍သာ ကျွန်ုပ်တို့သည် ကောင်းကျိုးဆောင်ရာ၌ ခရစ်တော်၏နမူနာအတိုင်း လုပ်ဆောင်ကြပါလျှင် ကိုယ်တော်အား လူတွေလေးစားကြသကဲ့သို့ လူတို့ နှလုံးသားများပွင့်လင်းလာကြလိမ့်မည်။ ကြွပ်ဆတ်သောသဘောထားမရှိစေဘဲ ဘုရားသခင့်မေတ္တာတော်ဖြင့် လိမ္မာပါးနပ်စွာမွေးဖွားလာခြင်းနှင့်အတူ “လူအထောင်အသောင်းတို့တွင် အထွတ်အမြတ်ဖြစ်တော်မူ” ၍ “ချစ်ဖွယ် သောဂုဏ်တော်အပေါင်းနှင့်ပြည့်စုံတော်မူ” သော ယေရှု၏အကြောင်းကို ကျွန်ုပ်တို့ဟောပြောနိုင်ကြပါသည်။ ဤအချက်သည် ကျွန်ုပ်တို့အတွက် ဟောပြောနိုင်စွမ်းရည်ထက်စေသော အမြင့်ဆုံးထား၍ လုပ်နိုင်သည့်အမှုတော်

ဆောင်ချက်ဖြစ်ပါသည်။ ဤသို့ဖြင့် ကျွန်ုပ်တို့သည် အပြစ်သားကို သနားကြင်နာသောကယ်တင်ရှင်၏အကြောင်းကို လောကသို့တင်ဆက်ပေးရန် အပ်နှင်းတော်မူခြင်းခံကြရပါသည်။ (ဃ၃ ၁၁၉.၅)

သခင်ဘုရားထင်ရှားတော်မူခြင်းသည် နေအိမ်တွင် စင်ကြယ်သောဝန်းကျင်လေပြည်ရောက်လာခြင်းဖြစ်သည်။ သက်တော်စဉ်သည်လည်း လူတန်းစားအလွှာလိုအပ်ချက်ထဲ၌ ဝင်းလက်တောက်ပြောင်သောအမှုတော်ဆောင်ချက်များဖြစ်လေသည်။ အန္တရာယ်မပေး၊ ညစ်ညမ်းမှုမရှိစေရဘဲ ကိုယ်တော်သည် စဉ်းစားဆင်ခြင်မှုမရှိသူများ၊ ရိုင်းပျသူများ၊ မယဉ်ကျေးသူများ၊ မတရားသောအခွန်ခံများ၊ ဖြောင့်မတ်စွာမနေကြသောရှမာရိလူများ၊ ဘုရားတရားမရှိကြသောစစ်သားများ၊ ကြမ်းတမ်းသောလယ်သမားများနှင့် အမျိုးမျိုးအဖုံဖုံလူပေါင်းစုံတို့၏အထဲတွင် အသက်တာဘဝလျှောက်လှမ်းတော်မူခဲ့ပါသည်။ ကိုယ်တော်သည် လူတွေမောပန်းနွမ်းလျ၍ လေးသောဝန်ကို မနိုင်မနင်းအတင်းထမ်းနေကြရသည်ကိုမြင်သောအခါ ဒီမှာသနားကြင်နာသောစကားဆို၍ ဟိုမှာတရားရေအေးတိုက်ကျွေးတော်မူခဲ့သည်။ လူတွေရဲ့ဝန်ထုပ်ကိုလည်း ကိုယ်တော်မျှဝေထမ်းပေးပြီးနောက် သူတို့ကိုလောကထဲမှ ကိုယ်တော်လေ့လာသင်ယူခဲ့သောမေတ္တာအကြောင်း၊ ကြင်နာမှုအကြောင်း၊ ဘုရားသခင်ကောင်းမြတ်တော်မူခြင်းအကြောင်း သင်ခန်းစာများကို အထပ်ထပ်သြဝါဒပေးတော်မူခဲ့သည်။ (ဃ၃ ၁၂၀.၁)

ဘုရားသခင်သည် လူခပ်သိမ်းတို့အား အဖိုးတန် ပင်ကိုယ်စွမ်းရည်များပေးသနားထားကြောင်း၊ ထိုစွမ်းရည်များကို မှန်ကန်စွာအသုံးပြုလျှင် ထာဝရငြိမ်းအေးချမ်းသာကို ရရှိနိုင်လိမ့်မည် ဖြစ်ကြောင်း မိမိကိုယ်ကိုရှုမြင်နေကြရန် သွန်သင်တော်မူခဲ့ပါသည်။ ကိုယ်တော်သည် လောကပကာသနများကို ဖယ်ရှားပစ်ရန်နှင့် သူ၏နမူနာ သွန်သင်ခြင်းများအရ ဘဝ၏မျက်စိတစ်မှိတ်ကာလအဖြစ်အပျက်တိုင်းသည် ထာဝရအသက်ရဖို့ ဗျာများနေရကြောင်း ဤအတွက် ကျွန်ုပ်တို့သည် အဖိုး တန်ရတနာကို ရင်ဝယ်ပိုက်သကဲ့သို့ သန့်ရှင်းသောရည်မှန်းချက်ဖြင့် လုပ်ဆောင်

သွားကြဖို့ဖြစ်သည်။ မည်သည့်လူသားတစ်ဦးတစ်ယောက်ကိုမျှ တန်ဖိုးမရှိသကဲ့သို့ မဆက်ဆံဘဲ ဝိညာဉ်တိုင်းအတွက် ကယ်တင်ခြင်းကုစားချက်ကို အသုံးပြုစေရန် ကြိုးစားခဲ့ပါသည်။ မည်သည့်ပရိသတ်ထဲသို့ ကိုယ်တော်ရောက်ရှိနေသည်ဖြစ်စေ၊ အခြေအနေအချိန်အခါနှင့်ဆီလျော်သော သင်ခန်းစာတစ်ခုခုကို တင်ပြမြဲဖြစ်ပါသည်။ ဘုရားသားသမီးများကဲ့သို့ စရိုက်လက္ခဏာမျိုးနှင့်သူတို့ရပ်တည်နိုင်ကြစေရန် သူတို့အဖို့ အပြစ်တင်ခံရခြင်းမရှိ၊ ထိခိုက်နစ်နာခြင်းမရှိခြင်းများကို ပြဋ္ဌာန်းချမှတ်ပေးထားပြီးလျှင် ခရော်ခရွတ်ကတိမဲ့သောဘာဝထဲ၌ မျှော်လင့်ခြင်းကို ကိုယ်တော်လှုံ့ဆော်ရှာဖွေပေးတော်မူခဲ့သည်။ မကြာမကြာကိုယ်တော်သည် စာတန်၏ထိန်းချုပ်မှုအောက်၌ မျောပါနေသူ များ၊ ထောင်ချောက်ထဲမှလည်း ရုန်းထွက်ရန် မစွမ်းနိုင်ကြသူများကို တွေ့ဆုံအားပေးခဲ့၏။ ထိုသို့စိတ်ဓာတ်ကျခြင်း၊ ဖျားနာခြင်း၊ စုံစမ်းခံရခြင်းနှင့် ဆုံးရှုံးနေရခြင်းရှိသူတစ်ဦးဦးအတွက် ယေရှုသည် လိုအပ်နေသော နားလည်လွယ်နိုင်သည့်စကား၊ အကြင်နာဆုံးသောကရုဏာစကားများကို ပြောဆိုပေးပါသည်။ လူသားတို့၏ရန်သူစာတန်နှင့် လက်တစ်ကမ်းတိုက်ပွဲဝင်နေကြသူ၊ အခြားသူများကိုလည်း ကိုယ်တော်တွေ့ဆုံပါသည်။ ထိုအခါမှာလည်း သူတို့ကိုသည်းခံစိတ်ရှည်နေကြရန် အားပေးတိုက်တွန်းပြီး သူတို့အောင်မြင်လိမ့်မည်ဆိုသည်ကိုလည်း အာမခံပေးခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ကောင်းကင်တမန်များသည် သူတို့ရဲ့ဘက်တော်သားများဖြစ်၍ အောင်ခြင်းကိုဆောင်နှင်းပေးကြပါလိမ့်မည်။ (ဃ ၁၂၀.၂)

ဝိညာဉ်ရေးရာပြန်လည်နိုးကြားမှုနှင့်တစ်ဦးချင်းသာသနာပြုခြင်းကို ပေါင်းစပ်ပေးခြင်း

အသင်းတော်များပြန်လည်နိုးကြားလာရခြင်းအကြောင်း ရင်းမှာ အသင်းတော်အတွင်းရှိ တချို့သောတစ်ဦးချင်းလူများသည် ဘုရားသခင်၏ကောင်းချီးမင်္ဂလာကိုခံရရန် အားသွန်ခွန်စိုက် ကြိုးစားရှာဖွေကြသောကြောင့်ဖြစ်သည်။ အကြင်သူသည် ဘုရားသခင်ကိုဆာမွတ်

တမ်းတ၍ ယုံကြည်ခြင်းဖြင့် ကိုယ်တော်ထံဆုတောင်းသောအခါ လျော်ညီစွာ လက်ခံရရှိလေ၏။ သူသည် ဘုရားသခင်အား စိတ်အားကြီးစွာ အားကိုး မှီခိုခြင်းဖြင့် အလွန်အလေးအနက်ထားလုပ်ဆောင်သွားသောအခါ ဝိညာဉ်များ စွာသည် နိုးထလာကြပြီးလျှင် လူသားတို့၏နှလုံးသားများအပေါ် လန်းဆန်း သောကာလရာသီကျဆင်းလာပါ၏။ တိုးချဲ့အမှုတော်ကို လျစ်လျူရှုနေကြရ လိမ့်မည်မဟုတ်။ အချိန်တန်လျှင် ပို၍ကြီးသောစီမံကိန်းများချမှတ်လုပ်ဆောင် လာနိုင်ပါလိမ့်မည်။ သို့သော် မိမိ၏အပေါင်းအသင်းများနှင့် အိမ်နီးချင်း များကောင်းကျိုးအတွက် ပုဂ္ဂိုလ်ရေးတစ်ဦးချင်းကြိုပမ်းလုပ်ဆောင်မှုသည် မျှော်မှန်းထားသည်ထက် ပို၍ပြီးစီးနိုင်လိမ့်မည်။ ဤအမှုတော်သည် ခရစ်တော် အသေခံပေးခဲ့သောအသက်ဆုံးရှုံးနေကြရသည့်ဝိညာဉ်များအတွက် ဝန်ဆောင် မှုလိုအပ်ချက်အမျိုးအစားဖြစ်ပါသည်။ (ဃ ၁၂၁.၁)

ဝိညာဉ်တစ်လုံးသည် အလွန်အမင်းတန်ဖိုးရှိလှ၏ဟု ကရာနီ တောင်ကုန်းပေါ်မှ အော်ပြောနေပါသည်။ သမ္မာတရားဘက်သို့ ကူးပြောင်း ရောက်လာသောဝိညာဉ်တစ်လုံးသည် အခြားလူများစွာကို အောင်နိုင်ရန် အသုံး ကျသောတန်ဆာပလာဖြစ်လာပါလိမ့်မည်။ ကောင်းချီးမင်္ဂလာနှင့်ကယ်တင်ခြင်း အကျိုးသည်လည်း အစဉ်တိုး၍နေပါလိမ့်မည်။ သင့်လုပ်ဆောင်မှုသည် ပုဂ္ဂိုလ် ရေးကြိုးပမ်းမှုမရှိသောအကျယ်တဝင့်အစည်းအဝေးများထက်ပို၍ အမှန် တကယ်ကောင်းစွာပြီးစီးနိုင်ပါသည်။ ဘုရားသခင်၏ကောင်းချီးမင်္ဂလာနှင့်အတူ ဤအရာနှစ်ခုကို အတူပေါင်းပြီးလုပ်ဆောင်သောအခါ သာ၍ပြည့်ဝစုံလင်၍ သေချာသောအမှုဆောင်ခြင်းပေါ်ပေါက်လာလိမ့်မည်။ သို့တိုင် ကျွန်ုပ်တို့သည် အပိုင်းတစ်ပိုင်းကို ပြီးအောင်လုပ်နိုင်ကြမည်ဆိုပါလျှင် အိမ်ထောင်စုအတွင်း၌ ကျမ်းစာဖွင့်ဖတ်ခြင်းကို တစ်ဦးချင်းဝန်ဆောင်မှုပေးခြင်းနှင့်ပုဂ္ဂိုလ်ရေးစည်းရုံး ဆွဲဆောင်ခြင်းများပြုကြပါစို့။ မိသားစုဝင်များနှင့် ရင်းနှီးစွာဖြင့် ကျွန်ုပ်တို့သွား စကားပြောသောအခါတွင်လည်း အရေးမကြီးသည့် အကြောင်းများကို မပြော မဆိုဘဲ ရွေးနုတ်ခြင်းဆိုင်ရာ အဓိကအကြောင်းကြီးကို ပြောဆိုဆွေးနွေးကြပါစို့။ သင့်စိတ်နှလုံးသည် ဝိညာဉ်များကယ်တင်ခြင်းရစေရေးအတွက် ဝန်တင်အမှုတော် ဆောင်နေကြောင်း သူတို့ကိုမြင်စေကြပါစို့။ (ဃ ၁၂၁.၂)

## လူတွေရှိသည့်နေရာသို့သွားပါ

ကျွန်ုပ်တို့ဆီသို့ လူတွေရောက်လာရန် စောင့်မျှော်နေရမည်မဟုတ်။ သူတို့ရှိသည့်နေရာသို့ ကျွန်ုပ်တို့သွားရမည်။ ပလ္လင်ပေါ်မှာ နှုတ်ကပတ်တော်ဟောပြောရပြီဆိုသောအခါ အမှုတော်မြတ်အစပြုလေပြီ။ ဧဝံဂေလိသတင်းကောင်းကို သူတို့ထံ သယ်ယူပို့ဆောင်မပေးမချင်း၊ ဘယ်တော့မျှသတင်းကောင်းမကြားရသူတွေ အမြောက်အမြားရှိနေပါသည်။ (ဃ ၁၂၁.၃)

သတင်းကောင်းအမှုတော်မြတ်သည် ခရစ်တော်၏နိုင်ငံတော်မှထုတ်ပေးသောမစ်ရှင်လုပ်ခွင့်ပဋိညာဉ်စာတမ်းကြီးဖြစ်လေသည်။ တပည့်တော်များသည် ဝိညာဉ်များအတွက် လေးနက်တည်ကြည်စွာအမှုဆောင်၍ ကရုဏာတော်နယ်အထဲသို့ ခေါ်ဖိတ်သွင်းကြရမည်။ သူတို့သည် လူတွေသူတို့ဆီရောက်လာကြရန် မျှော်နေကြရမည်မဟုတ်။ သတင်းကောင်းစကားပြောရန်လူတွေရှိရာသို့ သူတို့သွားကြရမည်။ (ဃ ၁၂၁.၄)

## သင်၏အိမ်မှာကျမ်းစာသင်ပေးဖို့ဖိတ်ခေါ်လိုက်ပါ

သင့်အိမ်နီးချင်းများကို သင့်အိမ်သို့ဖိတ်ခေါ်၍ သူတို့နှင့်အတူ အဖိုးတန်သောသမ္မာကျမ်းစာနှင့်သမ္မာတရားအနက်ဖွင့်စာအုပ်များကို ဖွင့်ဖတ်ဆွေးနွေးပါ။ သူနှင့်အတူ စည်းစည်းလုံးလုံးဓမ္မသီချင်းသီဆိုခြင်းနှင့် ဆုတောင်းခြင်းအမှုတို့ကိုပြုပါ။ ဤသို့စုရုံးမှုကလေးတွေမှာ ကတိတော်အတိုင်းခရစ်တော်ပါရှိနေသည်ဖြစ်၍ လူ့နှလုံးသားများသည် ကျေးဇူးတော်ကို ထိတွေ့ခံစားရပါလိမ့်မည်။ (ဃ ၁၂၂.၁)

အာပေါလုသည် ဧဖက်မြို့မှာရှိစဉ် "တရားဇရပ်ထဲ၌ ရဲဝံ့စွာဟောပြောနေလေ၏။" သူ၏တရားနာပရိသတ်ထဲတွင် ပြစ်ကိလနှင့်အာကုလတို့လည်းရှိနေသည်။ အာပေါလုသည် ဧဝံဂေလိတရားအလင်းပြည့်ဝစွာမရရှိသေးကြောင်း သူတို့နှစ်ဦးသတိမူမိသောအခါ "သူ့ကိုယူ၍ ဘုရားသခင်၏ဘာသာတရားကို သာ၍သေချာစွာသင်ကြားကြ၏။" အာပေါလုသည် သူတို့၏

သွန်သင်ခြင်းကြောင့် နှုတ်ကပတ်တော်ကို ရှင်းရှင်းလင်းလင်းသိမြင်လာရသည်ဖြစ်၍ ခရစ်ယာန်ယုံကြည်ခြင်း၏အကျိုးတော်ဆောင်အကျော်အမော်တစ်ဦးဖြစ်လာခဲ့သည်။ (ဃ ၁၂၂.၂)

လူမှုရေးအသိစိတ်ရှိပါ

ခရစ်တော်နှင့်အတူ လုပ်ဆောင်နေကြသူအားလုံးကို ကျွန်ုပ်ပြောလိုသည်မှာ သင်သည် မီးလင်းဖိုရှေ့၌ လူတွေနှင့်တွေ့ဖို့ လမ်းစရသည့်အခါတိုင်း သင့်အခွင့်အရေးကို တိုးတက်ကောင်းမွန်အောင်လုပ်ပါ။ ကျမ်းစာအုပ်ကိုယူ၍ သူတို့ရှေ့မှာ ဖွင့်ဖတ်ခြင်းဖြင့် သမ္မာတရား၏ကြီးမြတ်သောအလင်းကို ရှင်းပြပါ။ သင့်အောင်မြင်မှုသည် သင်၏အသိဉာဏ်နှင့်ထူးချွန်မှုအပေါ် မူမတည်၊ လူ့စိတ်နှလုံးလမ်းကိုရှာတွေ့နိုင်သော သင်၏အစွမ်းအစ ပေါ်မှာရှိပါသည်။ လူတွေနဲ့ရောနှောကာ အနီးကပ်ပေါင်းသင်းဆက်ဆံ ခြင်းအားဖြင့် သင်သည် သူတို့ကိုအကျယ်တဝင့်ဟောပြောရှင်းပြနိုင်ဆုံးထက် ပို၍သူတို့၏အတွေးရေစီးကြောင်းကို အသင့်လမ်းလွှဲပေးနိုင်သည်။ အိမ်ထောင် မိသားစုဝိုင်း၊ မီးလင်းဖိုနံဘေး၊ ပုဂ္ဂလိကနေအိမ်တွေမှာ လူစုငယ်ကလေးများ ကို ခရစ်တော်အကြောင်းမိတ်ဆက်ပေးခြင်းသည် လဟာပြင်တရားပွဲ၊ တရား ဟောစင်အမျိုးမျိုးနှင့်ခန်းမကြီးများ၊ အသင်းတော်အဆောက်အအုံများအတွင်း ဟောပြောသွန်သင်နေသောဒေသနာများထက် ဝိညာဉ်များကိုယေရှုထံသို့ အောင်နိုင်ပို့ဆောင်ခြင်း၌ မကြာခဏပိုမိုအောင်မြင်စွာလုပ်ဆောင်နိုင်ကြပါ သည်။ (ဃ ၁၂၂.၃)

လူသားအကျိုးအတွက်နှင့် ခရစ်တော်ကိုယ်တိုင်ဆက်စပ်ယူခဲ့သည့်နမူနာသည် နှုတ်ကပတ်တော်ဟောပြောသူအားလုံးနှင့် သတင်းကောင်းကျေးဇူးတော်ကို ခံစားရကြပြီးသူအားလုံးတို့က လိုက်လျှောက်ရမည့်ပုံစံဖြစ်သည်။ ကျွန်ုပ်တို့သည် လူမှုဆက်ဆံရေးကို မစွန့်ပယ်ရ။ အခြားသူများနှင့်မပေါင်းသင်းဘဲ တစ်သီးတခြားမနေသင့်ပါ။ လူတန်းစားအလွှာအသီးသီးကိုလက်လှမ်းမီဖို့ သူတို့ထံသွားရောက်တွေ့ဆုံရ

မည်။ လူတွေသူတို့သဘောနှင့်သူတို့ ကျွန်ုပ်တို့ထံရှာဖွေရောက်လာသည်မှာ ကြိုတောင့်ကြိုခဲဖြစ်ပါသည်။ တရားပလ္လင်တစ်ခုတည်းမှသာ သမ္မာတရား သတင်းစကားကို လူသားနှလုံးထိစေအောင်ပြုနိုင်သည်မဟုတ်။ အခြား နည်းလုပ်ဆောင်မှုရှိပါသည်။ နှိမ့်ချမှုရှိသောသူသည် ကတိထားသည့်အတိုင်း လုံးလုံးလျားလျားအပ်နှံလျှင် ရနိုင်ပါသည်။ ဤအတွက် လူတန်းစားနိမ့်သူ များနေအိမ်၌လည်းကောင်း၊ အထက်တန်းစားအိမ်ကြီးကြီးများ၌လည်းကောင်း၊ ဧည့်ခံပွဲများ၌လည်းကောင်း၊ အပြစ်ကင်းသောလူမှုပျော်ပွဲရွှင်ပွဲစုရုံးခြင်းများ၌ လည်းကောင်း ရှာဖွေတွေ့ရသည်။ (ဃု ၁၂၂.၄)

ခရစ်တော်သည် လူတွေနဲ့အထူးသီးသန့်ခွဲထွက်နေခဲ့သည်မဟုတ်၊ ကိုယ်တော်သည် ဖါရိရှဲတို့၏တင်းကျပ်သောစည်းကမ်းသတ်မှတ်ချက်များကို ပြောင်းလဲခြင်းအမှုတော်အတွက် သူတို့ကိုတိုက်လှန်ခဲ့ခြင်းဖြစ်သည်။ ဖါရိရှဲ တို့၏မမြင်ကွယ်ရာမှာ နံရံအမြင့်ကြီးကာလျက် ဘာသာရေးစည်းခြားအုပ်စိုး မင်းမူနေသည်ကို သခင်ဘုရားတွေ့မြင်ခဲ့သည်။ ထိုနံရံအပိုင်းအကန့်များကို သခင်ဖြိုဖျက်ပစ်ခဲ့သည်။ လူတွေနဲ့ဆုံတွေ့သောအခါ၌ “သင်တို့၏ ယုံကြည်သောအယူဝါဒဟာဘာလဲ။ ဘယ်အသင်းတော်ကပါလဲ” ဟု မမေးခဲ့။ ကိုယ်တော်သည် အကူအညီလိုနေသူအားလုံးကို သူ၏မစတော်မူခြင်းတန်ခိုးဖြင့် ပြုစုပေးခဲ့သည်။ ဘုရားသခင်၏သိက္ခာ တော်နှင့်အညီ ဖွင့်ပြနိုင်ရန်အလို့ငှါ ကျောင်းသင်္ခမ်းဇရပ်အထဲ သီးသန့်ခွဲခြား နေမည့်အစား ကိုယ်တော်သည် လူသားအကျိုးအတွက် အထူးကြိုးစား ဝန်ဆောင်ခဲ့လေသည်။ သမ္မာကျမ်းစာ ဘာသာရေးသည် ခန္ဓာကိုယ်အရှက်ရစေဖို့ မပါဝင်ကြောင်းကို အခြေခံသဘော တရားအဖြစ် စွဲမှတ်နေအောင်သွန်သင် ဩဝါဒပေးတော်မူခဲ့ပါသည်။ ညစ်ညမ်းခြင်းကင်းပြီး သန့်ရှင်းသောဘာသာ တရားသည် သတ်မှတ်ကာလနှင့် အထူးအကြောင်းအတွက် သက်သက်မရည် ရွယ်ထားကြောင်းကိုလည်း ကိုယ်တော်သွန်သင်ပြောပြခဲ့သည်။ အချိန်တိုင်း၊ နေရာတိုင်းတွင် ကိုယ်တော် သည် လူတွေကိုချစ်သည့်စိတ်ပေါ်လွင်ထင်ရှား စေခဲ့သည်။ရွှင်ရွှင်လန်းလန်းဖြင့် ဘုရားတရားကြည်ညိုခြင်းအလင်းကို ကိုယ်တော့်တစ်ဝန်း၌ ဖြန့်ကြက်ချခင်း ပေးထားလေ၏။ (ဃု ၁၂၃.၁)

လူတွေရဲ့အခြေအမြစ်မရှိသောအစွဲအလမ်းရှေ့၌ပင် ကိုယ်တော်သည် လူတွေစက်ဆုပ်ရွံရှာကြသည့် လူတို့၏ဧည့်ခံပြုစုခြင်းကိုလက်ခံခဲ့သည်။ ကိုယ်တော်သည် သူတို့၏အိမ်အမိုးအောက်တွင်အိပ်၍ သူတို့၏ထမင်းစားပွဲတွင် သူတို့နှင့်အတူဝင်စားသည်။ ထို့ပြင်သူတို့ချက်ပြုတ်ပြင်ဆင်၍ လက်ကမ်းပေးလာသောအစာကိုလည်း ယူစားသည်။ ထိုသူတို့၏လမ်းမထဲမှာပင် သူတို့ကိုဟောပြောသွန်သင်၍ အတတ်နိုင်ဆုံးကြင်နာခြင်း၊ ရည်မွန်ခြင်းတို့ဖြင့် ဆက်ဆံ ပေးတော်မူခဲ့ပါသည်။ (ဃ ၁၂၃.၂)

## စာနာသနားစိတ်ထားပါ

အခက်အခဲကြီးများအထဲ ဘဝတိုက်ပွဲဆင်နွှဲနေကြသူများသည် အဖိုးသိပ်မတန်သည့်ဂရုစိုက်မှုအနည်းအကျဉ်းကလေးမျှဖြင့် ပြန်လည်လန်းဆန်းလာပြီး အားပြန်မွေးနိုင်သည်။ ရိုးရိုးလေးနှင့် ကြင်နာစကားပြောပေးခြင်း၊ ရိုးရိုးလေးနှင့်ဂရုစိုက်မှုပြုပေးခြင်းသည် စုံစမ်းခြင်းတိမ်တိုက်နှင့် စိတ်ဝိညာဉ်အပေါ် စုပုံလာသောသံသယအတွေးများကို လွှင့်ထုတ်ပစ်လိုက်နိုင်သည်။ စစ်မှန်သောစေတနာစိတ်ဖြင့် ခရစ်တော်နည်းတူ စာနာသနားခြင်းကို ရိုးရိုးကလေးပေးခြင်းသည် ခရစ်တော်၏စိတ်ဝိညာဉ်ဖြင့် နူးညံ့သိမ်မွေ့စွာ ရိုးရိုးကလေးထိတွေ့ဆက်ဆံပေးရန် လိုအပ်နေသောနှလုံးသားတံခါးများကို ဖွင့်ပေးနိုင်သည့်တန်ခိုးဖြစ်လာပါသည်။ (ဃ ၁၂၃.၃)

နှလုံးသားထောင်ပေါင်းများစွာကို အရိုးသားဆုံး၊ အနိမ့်ချဆုံးသောနည်းလမ်းဖြင့် ချဉ်းကပ်ဝင်ရောက်ရနိုင်သည်။ ကမ္ဘာပေါ်တွင် အထုံပါရမီအရှိဆုံးလူယောကျ်ားလူမိန်းမများအဖြစ် လူသူလေးစားချီးမွမ်းခြင်းခံကြရကုန်သောဉာဏ်ကြီးရှင်များသည် ဘုရားသခင်ချစ်သောသူတစ်ဦးတစ်ယောက်၏နှလုံးသားထဲက ရိုးရိုးလေးထုတ်ပြောလိုက်သောစကားကလေးနှင့် မကြာခဏသူတို့ပြန်လည်စိတ်လန်းဆန်းမှုရလိုက်ကြသည်။ ထိုသူသည် သူ့စိတ်နှလုံးအထဲသို့ စိတ်အေးလက်အေးနှင့် အာရုံဝင်လာသည့်အကြောင်းအရာတို့ကို လောကသားများပြောနေကျအတိုင်း ပင်ကိုယ်စိတ်သဘောနှင့်မေတ္တာထားလျက် ထုတ်ပြော

လိုက်ခြင်းဖြစ်သည်။ နှုတ်ကပတ်တော်ကို ပြင်ဆင်၍ လေ့လာခြင်းသည် မကြာခဏအနည်းအကျဉ်းသာ ဩဇာသက်ရောက်ခဲ့သည်။ သို့ရာတွင် ဘုရားသားသမီးတစ်ဦးဦး၏စင်ကြယ်ရိုးသားစကားများဖြင့် ပင်ကိုယ်သဘာဝအတိုင်း ထုတ်ပြောလိုက်ခြင်းသည် ကြာမြင့်စွာကတည်းက ပိတ်နေသောနှလုံးသားတံခါးကိုဖွင့်ပေးလိမ့်မည်။ (ဃ ၁၂၄.၁)

မိမိကိုယ်ပိုင်အတွေ့အကြုံကိုသာတိုက်ရိုက်ကိုးကားပါ

ခရစ်တော်နှင့်အကျွမ်းတဝင်မိတ်သဟာယဖွဲ့သောသူတို့သည် ဘုရားသခင်နှင့်ကိုယ်တော်စေလွှတ်သောယေရှုခရစ်ကို သိကျွမ်းခြင်း၌ ဆာမွတ်တောင့်တခြင်းဖြင့်လည်းကောင်း၊ နှုတ်ကပတ်တော်ကို ဖွေရှာတွေ့သောအကျိုးတရားအားဖြင့်လည်းကောင်း၊ ဆုတောင်းခြင်းအားဖြင့်လည်းကောင်း၊ ဝိညာဉ်စိတ်မသာညည်းတွားခြင်း၌လည်းကောင်း၊ "သင့်အပြစ်ကိုလွှတ်ပြီ" ဟု ဆိုသောခရစ်တော်၏စကားသံကြားရခြင်းဖြင့်လည်းကောင်း စသည်ဖြင့် ဘုရားသခင်ဖွင့်ပြတော်မူသောနောက်သို့ တစ်လှမ်းချင်းခြေရာခံလိုက်လျှောက်ကြသည်။ ဤအကြောင်းအရာများတစ်စုံတစ်ခုကို လျှို့ဝှက်သိမ်းထားလျှင် လောကသဘာဝမကျသလို ခရစ်တော်၏မေတ္တာနှင့်ပြည့်ဝသူတို့သည်လည်း ထိုသို့မပြုကြပါ။ ဘုရားသခင်က သူတို့အတွက် အထွတ်အမြတ်သမ္မာတရားပေးကမ်းခြင်း၏အစိတ်အပိုင်းတစ်ရပ်သည် သူတို့ရလိုက်သည့်ကောင်းချီးများအတိုင်း သူတစ်ပါးတို့ကို သူတို့ပေးကမ်းလိုသောစိတ်ဆန္ဒရှိလာစေလိမ့်မည်ဖြစ်သည်။ ကြွယ်ဝသောဘုရားသခင်ကျေးဇူးတော်ဘဏ္ဍာကို သူတို့ပေးကမ်းဝေမျှနေကြသည်နှင့်အမျှ သူတို့သည် ပို၍ခရစ်တော်၏ကျေးဇူးတော်ကို ပိုမိုရရှိနေကြလိမ့်မည်ဖြစ်သတည်း။ (ဃ ၁၂၄.၂)

ဝိညာဉ်ရေးရာစွမ်းအားကို သက်ဝင်လှုပ်ရှားလာရန် နိုးဆော်ပေးကြပါ။ သင်အလည်အပတ်ရောက်သောသူများအား နောက်ဆုံးဖြစ်သည့်အရာများအားလုံးလက်တွေ့ရှိပြီဆိုသည့်ကြောင်း ပြောပြပါ။ သခင်ယေရှုခရစ်သည် သူတို့၏စိတ်နှလုံးတံခါးများကို ဖွင့်ပေးတော်မူလိမ့်မည်။ သူတို့၏စိတ်နှလုံး

အပေါ်ဝယ် ခိုင်မြဲသောသဘောထားကိုလည်း မစတော်မူလိမ့်မည်။ ဝိညာဉ်ရေးရာမခံစားတတ်ခြင်းမှ လူယောကျ်ားလူမိန်းမတို့ နိုးထကြဖို့ ကြိုးပမ်းလုပ်ဆောင်ကြပါ။ သင်ဘယ်လိုခရစ်တော်ကိုရခဲ့ကြောင်းနှင့် ကိုယ်တော်၏အမှုကို ဆောင်ရွက်ရခြင်း၌ အတွေ့အကြုံရရှိလာပြီးကတည်းက သင်ဘယ်လိုကောင်းချီးခံစားရခဲ့ကြောင်းတို့ကို သူတို့အားပြောပြပါ။ သင်သည် ယေရှု၏ခြေတော်ရင်း၌ ပျပ်ဝပ်လျက် နှုတ်ကပတ်တော်မှ အဖိုးတန်သင်ခန်းစာများကိုသင်ယူနေစဉ် မည်သည့်ကောင်းချီးများခံစားရကြောင်းကိုလည်း ထိုသူတို့အားပြောပြပါ။ ခရစ်ယာန်တစ်ဦး၏ဘဝအသက်တာ၌ ဝမ်းမြောက်ဝမ်းသာရှိခြင်းအကြောင်းများကိုလည်း ပြောပြပါ။ သင်၏နွေးထွေးခြင်း၊ စိတ်ထက်သန်ခြင်းဖြင့် ပြောသောစကားများအားဖြင့် သူတို့သည် တန်ဖိုးကြီးပုလဲရတနာကိုသင်ရှာတွေ့နေပြီဖြစ်ကြောင်း အခိုင်အမာယုံကြည်လာကြပါလိမ့်မည်။ သင်၏အားရွှင်ပျသောအားပေးစကားများဖြင့်လည်း သင်သည် အဆင့်မြင့်လမ်းမပေါ်အမှန်ပဲရောက်နေကြောင်း သူတို့ကိုသက်သေဖြစ်စေပါ။ ဤအကြောင်းသည်သာသနာပြုအမှုအစစ်အမှန်ဖြစ်ကြောင်းနှင့် အမှုတော်ပြီးစီးခဲ့သော် လူများစွာသည် အိပ်မက်နေရာမှ နိုးထလာကြကုန်လိမ့်မည်။ (ဃ ၁၂၄.၃)

ဘုရားသခင်၏တန်ဆာပလာများအဖြစ် ခန့်အပ်ခြင်းခံကြရသူများအထဲတွင် အချို့သူများသည် အစွမ်းမရှိကြဟူ၍ သတ်မှတ်ခံကြရမည့်သူများရှိလိမ့်မည်ဖြစ်သော်လည်း သူတို့ဆုတောင်းကြလေသော် (သို့မဟုတ်) သူတို့ချစ်မြတ်နိုးသောသမ္မာတရားကို ရိုးသားစွာဖြင့် ထုတ်ပြောနိုင်ကြပါသော် သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးအားဖြင့် လူများစွာသို့လက်လှမ်းရောက်နိုင်ကြသည်။ အကယ်၍သာ သူတို့သည် သမ္မာတရားကို ရိုးရိုးလေးပြော၍ကျမ်းစာကိုဖတ်ခြင်း (သို့မဟုတ်) သူတို့၏အတွေ့အကြုံဖြစ်ရပ်များကို ပြန်ပြောနိုင်ကြလျှင် သန့်ရှင်းသောဝိညာဉ်တော်သည် စိတ်နှလုံးနှင့်စရိုက်အပေါ်တွင်သဘောထားအာရုံထင်ဟပ်ပေးလာပါလိမ့်မည်။ မိမိဆန္ဒများသည်လည်းဘုရားသခင်၏အလိုတော်အတိုင်း လိုက်နာခြင်းရှိလာပြီး သည့်အရင်က မသိရှိခဲ့သည့်သမ္မာတရားအကြောင်းသည် စိတ်နှလုံးအထဲသို့ အသက်ရှင်သော

ခံယူချက်အဖြစ် ဝင်ရောက်လာ၍ ဝိညာဉ်တော်မျက်မြင်ကိုယ်တွေ့ထင်ရှား လာလိမ့်မည်။ (ဃ ၁၂၅.၁)

## သရုပ်ပြချက်များ၏ထိရောက်မှု

သခင်ဘုရား၏ကရုဏာသတင်းစကားများသည် မိမိပရိသတ်နှင့် ကိုက်ညီအောင် အမျိုးမျိုးပြောင်းလဲပေးခဲ့သည်။ "နွမ်းနယ်ပန်းလျနေသူကို အချိန်မီစကားတစ်လုံးမည်သို့ပြောပေးရမည်" ကို ကိုယ်တော်သိ၏။ အဘယ်ကြောင့်ဆိုသော် ကျေးဇူးတော်သည် ကိုယ်တော့်နှုတ်မှပွင့်အံထွက်ကျလာ၍ ဖြစ်၏။ သို့မှသာ သမ္မာတရားဘဏ္ဍာသိုက်ကို လူတို့အား အဆွဲဆောင်နိုင်ဆုံးနည်းလမ်းဖြင့် ပို့ပေးနိုင်မည်ဖြစ်သည်။ ကိုယ်တော်သည် လူတို့၏မလိုမုန်းထားစိတ်အစွဲအလမ်းကို ပရိယာယ်ဖြင့် တို့ထိပြနိုင်၍ သူတို့ကိုဆွဲဆောင်အောင်နိုင်ရန် သရုပ်ဖော်ခြင်းများနှင့်အတူ တအံ့တသြရှိစေခဲ့သည်။ လူ့နှလုံးသားကို စိတ်ကူးနိုင်စွမ်းအားဖြင့် ကိုယ်တော်ထိုးဖေါက်ထိတွေ့ခဲ့သည်။ ကိုယ်တော်၏သရုပ်ဖေါ်ပြောပြချက်များသည် လူတို့ဘဝနေ့စဉ်အကြောင်းအရာများမှဖြစ်ပြီး ရိုးရိုးလေးဖြစ်သော်လည်း သူတို့အား အံ့သြဖွယ်အဓိပ္ပာယ်နက်ရှိုင်းစွာဖွင့်ပြပေးခဲ့သည်။ လေထဲက ငှက်၊ ကွင်းပြင်ထဲက နှင်းပန်း၊ မျိုးစေ့၊ သိုးထိန်းနှင့်သိုးစသည်ဖြင့်၊––– ဤအကြောင်းအရာများကို အသုံး ပြု၍ မဖောက်ပြန်မပျက်စီးနိုင်သည့်သမ္မာတရားကို သာဓကဆောင်၍ သွန်သင်ပေးတော်မူခဲ့ပါသည်။ ထို့ထက်နောက်ပိုင်းတွင် ကိုယ်တော်၏ပရိသတ်များသည် ယင်းအကြောင်းများကို သဘာဝလောကအထဲ မြင်ကြရလေတိုင်း တရားစကားများကို သူတို့အမှတ်ရနေခဲ့ကြတော့သည်။ ခရစ်တော်၏ပုံဆောင်သာဓကပြချက်များသည် သွန်သင်တော်မူသောသင်ခန်းစာများကို အစဉ်အမြဲထပ်တလဲလဲအမှတ်ရနေစေသည်။ (ဃ ၁၂၅.၂)

တမန်တော်တို့သည် ရုပ်တုကိုးကွယ်နေကြသူများအား ဖန်ဆင်းရှင်ဘုရားသခင်နှင့် လူသားမျိုးနွယ်တို့၏ကယ်တင်သခင်၊ တစ်ပါးတည်းသောသားတော်ဆိုင်ရာအကြောင်းများကို ပညာဗဟုသုတပေးခဲ့သည်။ ကိုယ်တော်

သည် ပထမဦးစွာ ဖန်ဆင်းတော်မူသောအရာများကို လူတို့အာရုံစိုက်စေဖို့ ညွှန်ပြခဲ့သည်။ နေ၊ လနှင့်ကြယ်များ၊ လှပစွာအစဉ်အမြဲအဖန်တလဲလဲကျ ရောက်လာသည့်ဥတုရာသီများ၊ ရောမဆီးနှင်းဖုံးတောင်ကုန်းကြီးများ၊ အလွန် မြင့်သောသစ်ပင်ကြီးများနှင့် အခြားသဘာဝအံ့ဖွယ်အမျိုးမျိုးစသည်တို့ဖြင့် လူတို့သဘောပေါက်နားလည်နိုင်စွမ်းအဆင့်ထက် လွန်သောကျွမ်းကျင်မှုကို ကိုယ်တော်ပြထား၏။ ထိုသို့တန်ခိုးကြီးသောအရှင်၏ဖန်ဆင်းသောအရာများ ကိုပြသ၍ တမန်တော်များသည် ဘုရားတရားမရှိသူများ၏စိတ်နှလုံးကို စကြ ဝဠာအုပ်စိုးသူမင်းကြီးဆီသို့ အလေးအနက်ဆင်ခြင်စဉ်းစားမိစေရန် ဦးဆောင် ပို့ပေးခဲ့သည်။ (ဃ ၁၂၅.၃)

## လက်တွေ့အခြေခံများနှင့်ဖြေရှင်းပါ

ပေါလုသည် စကားပြောကောင်းသူတစ်ဦးဖြစ်၏။ သူမပြောင်းလဲမီက ဆိုလျှင် စကားပြိုင်အနိုင်ယူခြင်းဖြင့် သူ့ပရိသတ်များ၏အထင်ကြီးမှုကို ရှာယူ နိုင်ခဲ့သည်။ သို့သော် ထိုအရာအားလုံးကို ယနေ့သူစွန့်ပစ်ချလိုက်ပြီ။ ကဗျာ ဆန်ဆန်၊ စာသံပေသံနှင့် အဆန်းတကြယ်တင်ဆက်စကားတို့ဖြင့် အရသာ တွေ့မွေ့လျော်နေမည့်အစား ယင်းသို့အာရုံခံစား၍ အတွေးရေယာဉ်ကြော မျောပါသွားနေသည်မှာ နေ့စဉ်ကြုံတွေ့ရခြင်းများမဟုတ်ကြောင်း သိလာခဲ့သော ပေါလုသည် သေရေးရှင်ရေးအလွန်အရေးကြီးသောသမ္မာတရားကို လူ့နှလုံး အိမ်သို့ပို့ဆောင်ရန် ရိုးရိုးစကားများဖြင့်သာ ကြိုးစားပြောဆိုတော့သည်။ သမ္မာ တရားကိုစိတ်ကူးယဉ်တင်ဆက်ခြင်းသည် ဘဝင်ခိုက်၍ စိတ်ကြွတက်ခြင်း ရလာစေနိုင်သော်လည်း အားလုံးမကြာမီ ဤနည်းဖြင့် ပြောဆိုတင်ဆက်သော သမ္မာတရားသည် ယုံကြည်သူများ၏ဘဝတိုက်ပွဲအတွက် အားကောင်း ခိုင်ခံ့စေသောလိုအပ်ချက်များကို မဖြည့်ဆည်းပေးနိုင်ပါချေ။ လက်ရှိစုံစမ်းခံ ရခြင်းဖြင့် ရှန်းကန်နေရသောဝိညာဉ်အတွက် လက်ငင်းလိုအပ်ချက်သည် ခရစ်ယာန်ကိုးကွယ်ခြင်းအခြေခံသဘောတရား၌ ခြေခြေမြစ်မြစ်ရှိသော လက်တွေ့တကျ လမ်းညွှန်ချက်များနှင့်ကိုက်ညီနေစေရမည်။ (ဃ ၁၂၆.၁)

အခိုင်အမာဖြစ်သောသမ္မာတရားကိုစွဲကိုင်ပါ

သင်သည် သမ္မာတရားကို တင်ပြသည်နှင့်အမျှ ဆန့်ကျင်ဘက်အုပ်စုသည် လှုပ်ရှားလေ့ရှိ၏။ ထိုဆန့်ကျင်ဘက်အုပ်စုနှင့်ငြင်းခုံနေမည်ဆိုပါက ဆန့်ကျင်မှုတွေပိုလို့တိုးပွားလာဖို့သာရှိ၏။ သင်ထိန်း၍ရနိုင်မည်မဟုတ်ပါ။ ခိုင်မာချက်တစ်ရပ်ကတော့ သင်ဆွဲကိုင်ထားရမည်။ ထာဝရဘုရားကောင်းကင်တမန်များသည် သင့်အား စောင့်ကြည့်နေပါသည်။ သူတို့သည် သင်အငြင်းအခုံမပြုရန် ရင်ဆိုင်လိုက်သည့်ဆန့်ကျင်ဘက်အုပ်စုကို မည်သို့သဘောကျစွဲမှတ်လာစေရန် လုပ်ပေးရမည်ကို သိထားကြသည်။ ဘေးအန္တရာယ်ကျရောက်အောင် နှိုးဆွပေးသည့်မေးခွန်းများအပေါ်မှာ တည်မနေဘဲ သင့်စိတ်ထားကို ခိုင်မြဲသောသမ္မာတရား၌ စုစည်းစွဲကိုင်ထားပါ။ အလွန်ကြိုးစားဆုတောင်းခြင်းနှင့် သင့်နှလုံးသားအပ်နှံခြင်းတို့ဖြင့် တည်မြဲတည်နေပါ။ (ဃ ၁၂၆.၂)

ခရီးသွားလမ်းမပေါ်ရှိကိုယ်စားလှယ်များ

သခင့်အလုပ်သမားများအဖြစ် အလုပ်ဝင်ရန် အချိန်နာရီအလိုက် အခေါ်ခံရခြင်းကို တုံ့ပြန်ဝင်ရောက်ကြရမည့်သူများသည် အလုပ်ခွင်ထဲ၌ သခင့်နည်းစနစ်ကို ကောင်းကောင်းလေ့လာသင်ယူထားကြရပါမည်။ ကယ်တင်ရှင်သည် မြေကြီးပေါ်မှာ သာသနာပြုစဉ် ခရီးသွားလမ်းမကြီးတစ်လျှောက်၌ တွေ့ရသည့်အခွင့်အရေးကို အကျိုးရှိရှိရယူခဲ့သည်။ ထိုနေရာသည် ကိုယ်တော်ဟိုမှဤသို့ခရီးဆန့်သွားလာရင်း နားနေရာကြားရပ်စခန်းဖြစ်သောကပေရနောင်မြို့ဖြစ်သည်။ "ယေရှု၏နေရပ်မြို့" ဟုလည်း ကျော်ကြားနေခဲ့သည်။ ဤမြို့သည် ကယ်တင်ရှင်အမှုတော်ဆောင်ရာဗဟိုနေရာအဖြစ် ကောင်းစွာလိုက်လျောညီဖြစ်ခဲ့သည်။ ထိုမြို့သည် ဒမာသက်မြို့မှသည် ယေရုရှလင်မြို့နှင့်အဲဂုတ္တုတိုင်းပြည်သို့လည်းကောင်း၊ မြေထဲပင်လယ်သို့လည်းကောင်း သွားရာအဝေးသွားလမ်းမကြီးပေါ်တွင်ရှိ၍ ခရီးသွားအချက်အချာမဟာလမ်းမတစ်ခုလည်းဖြစ်၏။ ဒေသအသီးသီးမှလူများသည် ခရီးသွားရင်း ဤမြို့ကိုဖြတ်သွားရသည်။ သို့မဟုတ် သူတို့ဟိုမှဒီမှ ခရီးသွားရင်း ဤမြို့တွင် အချိန်ဆွဲအနားယူ

တတ်ကြသည်။ ဤနေရာတွင် ယေရှုသည် နိုင်ငံအသီးသီးမှ လူတန်းစား အမျိုးမျိုးကိုဆုံခဲ့ရသည်။ ချမ်းသာသူ၊ ကြီးမြတ်သူ၊ ထို့အတူဆင်းရဲသားနှင့် အောက်တန်းလူတန်းစားများအသီးသီးတို့နှင့် တွေ့ဆုံရသည်ဖြစ်၍ ကိုယ်တော် သွန်သင်သောသင်ခန်းစာများသည် အခြားနိုင်ငံများနှင့် လူနေအိမ်များစွာသို့ ထိုသူတို့က သယ်ယူသွားခဲ့ကြသည်။ အနာဂတ္တိဟောကိန်းများစုံစမ်းစစ်ဆေး ခြင်းသည် စိတ်လှုပ်ရှားစေခဲ့ပါသည်။ ဂရုစိုက်ကြည့်ခြင်းသည် ကယ်တင်ရှင် ဆီသို့ လမ်းပြနေသည်။ ကိုယ်တော်၏သာသနာပြုအလုပ်ကို ကမ္ဘာလောက အရှေ့သို့ယူတင်ပြကြရမည်။ (ဃ၃ ၁၂၆.၃)

ကမ္ဘာပေါ်ကြော်ကြားသောကျန်းမာရေးခိုကိုးရာစခန်းများနှင့် ခရီးသွား ကူးသန်းဗဟိုစခန်းများတွင် ကျန်းမာရေးနှင့် ပျော်ရွှင်ရေးအတွက် ရှာမှီးလို ကြသောသူလူထောင်ပေါင်းများစွာသည် စုပြုံရောက်နေတတ်ကြသည်။ ထိုနေရာ တွင်လူအုပ်ကြီးကို စိတ်ဝင်စားအောင်လုပ်နိုင်စွမ်းသောသင်းအုပ်များနှင့် ဆွဲဆောင် စည်းရုံးသူများနေရာချထားသင့်သည်။ ယင်းအမှုဆောင်လုပ်သားများ သည် ဤကာလသတင်းစကားများကို ဟောပြောရန် အခွင့်အရေးရဖို့ မျှော်လင့် နေကြပါစို့။ အခြေအနေပေးလျှင် ဝတ်ပြုစည်းဝေးခြင်းပြုလုပ်ကျင်းပကြကုန် အံ့။ လူတွေကို စကားပြောခွင့်ရဖို့ သူတို့အမြန်ရှာယူတတ်ကြရမည်။ သန့်ရှင်း သောဝိညာဉ်တော်၏တန်ခိုး ပါရှိခြင်းအားဖြင့် (မဿဲ ၃း၂) ဖော်ပြချက်အတိုင်း "ကောင်းကင်နိုင်ငံတော်သည် တည်လုနီးပြီ။ ထို့ကြောင့် နောင်တရကြလော့" ဟု ဗတ္တိဇံဆရာယောဟန်ကြွေးကြော်ခဲ့သောသတင်းစကားနှင့်အတူ လူတွေ ကိုသူတို့ဆုံတွေ့ကြရမည်။ ကြားစရာနားရှိကြသောသူများသည် သမ္မာတရား ကိုကြားကြရမည့်ထိုက်တန်သူတို့အား ဘုရားသခင်စကားသံတော်ကို ရှင်းလင်း ပီသစွာနှင့် တန်ခိုးပြည့်ဝစွာဖြင့် ဟောပြောတင်ဆက်ပေးရမည်။ ဤသို့အားဖြင့် သမ္မာတရားသတင်းကောင်းသည် မသိရှိကြသေးသူများ၏လမ်းမပေါ်တွင် ခင်းကျင်းပြထားနိုင်ပြီး လူအနည်းအကျဉ်းလောက်က လက်ခံသွားကြသည် မဟုတ်ဘဲ ကမ္ဘာအနှံ့မှရောက်လာကြသူများက သူတို့၏နေအိမ်များသို့ ယူဆောင်၍ ရောက်သွားကြလိမ့်မည်။ (ဃ၃ ၁၂၇.၁)

"အနာငြိမ်းသာသနာ" နှင့် "ခရစ်တော်၏ရည်မှန်းသင်ခန်းစာ များ" စာစောင်သည် ခရီးသွားဗဟိုနေရာများတွင် အသုံးပြုရန် ကျွန်ုပ် တို့အတွက် ထူးခြားစွာကိုက်ညီပါသည်။ ဤစာအုပ်စာစောင်များသည် နားနားနေနေဖတ်လို ကြသောထိုခရီးသွားတို့၏လက်ထဲသို့ ရောက်သွားစေရန် ဖြစ်နိုင်သမျှ အားလုံး လုပ်ကြရမည်။ (ဃ ၁၂၇.၂)

ကျန်းမာရေးစားသောက်ခန်းမဆိုင်များနှင့် ဆေးကုခန်းများကို ဖွင့်လှစ် သင့်သည်။ ဤကဏ္ဍများအတွက် ကျွန်ုပ်တို့၏ကြိုးပမ်းခြင်းထဲတွင် ပင်လယ် ကမ်းခြေအပန်းဖြေစခန်းများလည်းပါရမည်။ ဗတ္တိဇံဆရာယောဟန်၏တောထဲ၌ဟစ်ကြော်သောအသံအတိုင်း "ထာဝရဘုရားသခင်ကြွတော်မူရာလမ်းကို ပြင်ကြလော့" ဟု ဆိုသကဲ့သို့ ဘုရားသခင့်စေတမန်များ၏စကားသံများ သည်လည်း ခရီးသွားစခန်းနှင့် ပင်လယ်ကမ်းခြေအပန်းဖြေစခန်းတွေမှာ လူတွေအားလုံးကြားကြရပါစေ။ (ဃ ၁၂၇.၃)

## နှစ်ယောက်တစ်တွဲစေလွှတ်ပါ

ယေရှုသည် တပည့်တော်တစ်ကျိပ်နှစ်ပါးတို့ကို မိမိအနီးသို့ခေါ်ယူ ပြီးလျှင် မြို့ရွာများသို့နှစ်ယောက်တစ်တွဲစေလွှတ်တော်မူခဲ့သည်။ မည်သူ့ကိုမျှ တစ်ယောက်တည်းစေလွှတ်တော်မမူ။ ညီအစ်ကိုအချင်းချင်း၊ မိတ်ဆွေအချင်း ချင်းတို့ကိုပေါင်းသင်းစေ၍ စေလွှတ်တော်မူခဲ့သည်။ ဤသို့အားဖြင့် သူတို့ သည် တစ်ဦးကိုတစ်ဦးကူညီခြင်း၊ အားပေးခြင်းနှင့်အတူတကွ ညှိနှိုင်းတိုင် ပင်ခြင်း၊ ဆုတောင်းခြင်းပြုသွား၍ တစ်ယောက်ကိုတစ်ယောက်လည်း အားနည်း ချက်များကို အားအင်ဖြည့်ဆောင်းပေးသွားနိုင်ကြလိမ့်မည်ဖြစ်သည်။ ထိုနည်း ဟန်အတိုင်း နောင်အခါတပည့်ခုနစ်ဆယ်ကိုလည်း စေလွှတ်တော်မူခဲ့ပါသည်။ ဤအကြောင်းမှာ ဧဝံဂေလိသတင်းစကားပြောသူများသည် ထိုနည်းအတိုင်း ပေါင်းသင်းသွားကြရန် သခင်ဘုရားရည်မှန်းချက်ထားခဲ့သည်။ ကျွန်ုပ်တို့ခေတ် ဧဝံဂေလိအမှုတော်ဆောင်ခြင်းသည် ထိုနည်းနမူနာအတိုင်း နီးကပ်စွာလိုက်နာ ကြပါလျှင် အောင်မြင်မှုပိုမိုရကြလိမ့်မည်ဖြစ်သည်။ (ဃ ၁၂၇.၄)

## နယ်လှည့်ဆေးကုဧဝံဂေလိအဖွဲ့

သခင်ဘုရားသည် အချိန်အခါအလိုက် ကျွန်ုပ်အား ဖွင့်ပေးလာသော လမ်းညွှန်ခြင်းထဲမှ ကျွန်ုပ်သိလိုက်ရသည်မှာ မြို့များ၊ ရွာများသို့ နယ်လှည့်ဆေးကုဧဝံဂေလိအဖွဲ့စေလွှတ်အမှုဆောင်စေခြင်းပင်တည်း။ ဤအမှုကို ဆောင်ရွက်သောသူတို့သည် အဆင့်မြင့်၊ အဆင့်နိမ့်လူတန်းစားနှစ်ရပ်စလုံးမှ ဝိညာဉ်များစွာကို ကြွယ်ဝစွာစုစည်းရိတ်သိမ်းနိုင်ကြလိမ့်မည်။ ဤအမှုတော်ဆောင်နည်းလမ်းသည် သစ္စာရှိစည်းရုံးဆွဲဆောင်သူများကြိုးစားခြင်းအထဲတွင် အကောင်းဆုံးပြင်ဆင်ချက်ဖြစ်လေသည်။ (ဃု ၁၂၈.၁)

## ဆေးကုသပေးခြင်းဧဝံဂေလိမစ်ရှင်

အမှုဆောင်သူများတို့၊ ဆေးကုဧဝံဂေလိမစ်ရှင်ကို ယနေ့လုပ်ဖို့လိုပါပြီ။ ဤအမှုတော်ပြင်ဆင်ရေးအတွက် နှစ်များစွာသင်၌အချိန်ရမည်မဟုတ်ပါ။ သမ္မာတရားသို့ ယခုဖွင့်ပေးထားသောတံခါးသည် မကြာမီအမြဲတမ်း ပိတ်သွားတော့မည်။ ယခုပင် သတင်းစကားသွားပြောကြပါ။ သင့်အတွက် ယခုဖွင့်ပေးထားသောကွင်းထဲတွင် ရန်သူဝင်စီးနေရာယူခွင့်ရသွားသည်အထိ စောင့်မနေကြပါနှင့်။ အဖွဲ့ငယ်ကလေးဖွဲ့၍ ခရစ်တော်သည် တပည့်များကို ခန့်အပ်စေလွှတ်သကဲ့သို့ ယင်းအတွက် အမှုဆောင်ရန် စေလွှတ်လိုက်ပါ။ သူတို့ကိုဧဝံဂေလိဆရာများကဲ့သို့လည်း အမှုဆောင်စေပါ။ ကျွန်ုပ်တို့၏အသင်းမှထုတ်ဝေသောစာစောင်များကို ဖြန့်ဝေစေပါ။ သူတို့တွေ့ဆုံရသောသူများအား သမ္မာတရားအကြောင်း ပြောခိုင်းပါ။ နာမကျန်းသူများအား ဆေးဝါးပေးခြင်းဖြင့်မဟုတ်ဘဲ သဘာဝတရားကုစားခြင်းမျိုးဖြင့် ဆုတောင်းပေးခြင်း၊ လိုအင်များဖြည့်ဆည်းပြုစုပေးခြင်းတို့ကို လုပ်ဆောင်စေပါ။ လူတွေကိုအနာရောဂါ မဖြစ်စေရန်နှင့် ကျန်းမာစေရန် မည်သို့နေထိုင်ရယူရမည်ကို သွန်သင်ပေး ပါ။ (ဃု ၁၂၈.၂)

ညီအစ်ကိုမောင်နှမများတို့၊– အမှုတော်ဆောင်ရန် သခင်ဘုရားထံ သင့်ကိုယ်သင်ကိုယ်တိုင်အပ်နှံပါ။ တိုးတက်မှုမရှိသောအခြေအနေကို ကိုယ်၌ ခွင့်မပြုပါနှင့်။ ဖျားနာနေသူများနှင့် ဒုက္ခရောက်ခံစားနေရသူများထံ အလည်အပတ်သွားရောက်၍ သူတို့အပေါ် အကျိုးလိုလားသောသနားကြင်နာခြင်း ဖြင့် ဆက်ဆံပြောဆိုပါ။ သူတို့သက်သာစေဖို့ တစ်စုံတစ်ရာလုပ်ပေးပါ။ ဤသို့ရည်ရွယ်ပြုစုပေးခြင်းအားဖြင့် သူတို့၏စိတ်နှလုံးအထဲသို့ သင်ရောက်နိုင်ပြီး သူတို့ကိုခရစ်တော်အကြောင်း စကားတစ်ခွန်းပြောနိုင်ပါလိမ့်မည်။ ဤသို့အမှုဆောင်ကဏ္ဍသည် အဘယ်မျှဝေးဝေးရောက်သည်အထိ လုပ်နိုင်သည်ဖြစ်စေ၊ ထာဝရအသက်ရခြင်းတစ်ခုတည်းသာလျှင် ဖွင့်ချပြနိုင်ပါလိမ့်မည်။ ဤအမှုတော်ကဏ္ဍအသုံးဝင်ခြင်းအကြောင်းကိုလည်း ဝန်ဆောင်ဖို့ သူတို့ကိုယ်သူတို့အလေးအနက်စိတ်ထားရှိသူတို့၏အရှေ့မှာသာလျှင် ဖွင့်ပြပေးပါလိမ့်မည်။ (ဃ၃ ၁၂၈.၃)

## လုပ်ငန်းပညာသင်ကြားရေး

ဆင်းရဲသောမိသားစုများအမြောက်အမြားရှိနေသည်ဖြစ်ရာ သူတို့အထဲသို့ သာသနာပြုလုပ်ငန်းကောင်းကောင်းတစ်ခု လုပ်ဆောင်ပြီးစီးဖို့ မလွယ်ကူသည်ဖြစ်၍ သူတို့ကိုမြေယာနေရာချထားပေးရန်နှင့် အသက်မွေးလုပ်ငန်းဖြစ်ထွန်းအောင်လုပ်တတ်ကြရန်ကိုသာ အကူအညီပေးဖို့ရှိပါသည်။ ဤသို့ကူညီခြင်း၊ လမ်းညွှန်ခြင်းအတွက် လိုအပ်ချက်သည် မြို့များအထဲ၌ ပိတ်လှောင်လုပ်ကိုင်နေကြရမည်မဟုတ်ပါ။ ကျေးလက်တောရွာများ၌ပင်လျှင် လူတွေဘဝကောင်းစားရေးအတွက် ဖြစ်နိုင်သမျှအားလုံးကို လုပ်ပေးကြရန်နှင့် ဆင်းရဲသားအမြောက်အမြားတို့သည်လည်း ကြီးစွာတောင့်တနေကြကုန်၏။ ယင်းဒေသလူနေရပ်ကွက်အုပ်စုတစ်ခုလုံးသည် သက်မွေးအလုပ်အကိုင်နှင့် ရေသန့်အတွက် ကျန်းမာရေးညီညွတ်စွာနေတတ်ရန် ပညာရေးကင်းမဲ့လျက်ရှိကြသည်။ မိသားစုများသည် တဲစုတ်တွေအထဲမှာနေ၍ သာမန်ကာလျှံကာ ပရိဘောဂနှင့် မစုံမပိုအဝတ်အစားတွေဝတ်ပြီး ပစ္စည်းကင်းမဲ့၊ စာအုပ်စာပေ

မရှိနှင့် သက်သောင့်သက်သာနေမရရှိကိုးရာမဲ့ဘ၀များ၌ ရှိနေကြကုန်သည်။ ယဉ်ကျေးမှုအဆင့်အတန်းလည်း နိမ့်ကျရ၏။ သရဲမရဲစီးနေသည့်ဝိညာဉ်တွေ၊ ခန္ဓာကိုယ်အားနည်းချက်များနှင့် ရုပ်ပျက်ဆင်းပျက်မြင်ရခြင်းများသည် နတ်ဆိုးဇာတိပုံနှင့် မိစ္ဆာစရိုက်လက္ခဏာများဖွင့်ပြလာသည်ကဲ့သို့ဖြစ်၏။ ဤလူတွေ ကို အခြေခံအုတ်မြစ်ကအစ သွန်သင်ပေးဖို့လိုပါသည်။ သူတို့သည် ကလေကလွင့်၊ ပျင်းရိ၊ အကျင့်ပျက်အသက်ရှင်နေထိုင်လာခဲ့ကြသောကြောင့် စာရိတ္တ ပြုပြင်ရေးသင်တန်းပေး၍ သွန်သင်သွားကြရမည်။ (ဃ ၁၂၉.၁)

စက်ရုံလုပ်ငန်းမျိုးစုံထူထောင်ထားရှိသည်ကို လူတွေအာရုံပြုမိစေရန် ပြုလုပ်ပေးရမည်။ သို့မှသာ ဆင်းရဲသားမိသားစုဝင်များအလုပ်ဝင်လုပ်နိုင်ကြ မည်။ လက်သမားဆရာများ၊ ပန်းပဲဆရာများစသည်ဖြင့် အသုံးကျသောအလုပ် မျိုးအချို့ကို အမှန်တကယ်တတ်ကျွမ်းသူတိုင်းသည် ကလေကလွင့်နေထိုင်ပြီး အလုပ်လက်မဲ့နေကြသူများကို သွန်သင်ပေးခြင်း၊ အကူအညီပေးခြင်း၌ သူတို့ တာဝန်ရှိကြောင်း ခံစားသင့်ကြသည်။ (ဃ ၁၂၉.၂)

ခရစ်ယာန်လယ်သမားများသည် ဆင်းရဲသားများကို မြေယာရာအိမ် ဆောက်နေထိုင်ကြရန် အကူအညီပေးနိုင်ကြသည်။ သူတို့ကိုမည်သို့မြေယာ ထွန်ယက်စိုက်ပျိုး၍ အကျိုးဖြစ်ထွန်းစေမည်ကို သွန်သင်ပေးနိုင်သည်။ သူတို့ ကိုဘယ်လိုစိုက်ပျိုးရေးအကောင်အထည်ဖော်ရမည်ကိုလည်းကောင်း၊ ရာသီ အလိုက်သီးနှံမျိုးစုံကို ဘယ်လိုစိုက်ပျိုးထွန်ယက်ရမည်ကိုလည်းကောင်း သစ်သီးခြံတစ်ခုကို ဘယ်လိုစိုက်ပျိုးပြုစုရမည်ကိုလည်းကောင်း သင်ကြားပေး ကြပါ။ (ဃ ၁၂၉.၃)

သူဆင်းရဲတို့အတွက် သာသနာနယ်ထဲတွင် အမျိုးသား၊ အမျိုးသမီး တို့ဝင်ရောက်အမှုဆောင်ရန် နေရာကျယ်ကျယ်ပြန့်ပြန့်ရှိပါသည်။ ကျွမ်းကျင် သောချက်ပြုတ်သမား၊ အပ်ချုပ်စက်ချုပ်သမားများ၊ သူနာပြုများ၊ အထောက် အကူပေးနိုင်သူများအားလုံးကို လိုအပ်သည်။ ဆင်းရဲသားအိမ်ထောင်မိသားစု ဝင်များသည် မည်သို့ချက်ပြုတ်ရမည်ကိုလည်းကောင်း၊ ကိုယ်ပိုင်အဝတ်အစား များ မည်သို့ချုပ်လုပ်ဝတ်ဆင်ကြရမည်ကိုလည်းကောင်း၊ နေမကောင်းသူများ

အားမည်သို့သူနာပြုစုပေးရမည်ကိုလည်းကောင်း သင်ယူကြရမည်။ လူငယ်ကျားမအားလုံးအတွက် ကုန်သွယ်သက်မွေးဝမ်းကျောင်းအလုပ်ကို ကျကျနနသွန်သင်ပေးကြပါစို့။ (ဃ ၁၂၉.၄)

ဧဝံဂေလိအစည်းအဝေးများသို့ဖိတ်ခေါ်ပါ

လူသည် အလုပ်လုပ်ရန် စိတ်ရှိလျှင် လုပ်စရာအလုပ်များစွာရှိနေပါသည်။ ဘုရားကျောင်းသို့သွား၍ သမ္မာတရားဟောပြောသည်ကို နားမထောင်ကြသူများစွာလည်းရှိနေသည်။ ရိုးရိုးလေးနှင့်ပညာသတိရှိစွာကိုယ်တိုင်ကိုယ်ကျကြိုးစားခြင်းဖြင့် ထိုသူများကို ထာဝရဘုရား၏အိမ်တော်သို့ ခြေဦးလှည့်ရောက်လာစေဖို့ ဖျောင်းဖျစည်းရုံးရမည်။ သူတို့သည် ယနေ့ကာလ၏သမ္မာတရားသတင်းစကားအကျယ်တဝင့်ဟောပြောချက်ကို ပထမအကြိမ်ကြားနာလိုက်ရသည်ပင်လျှင် သူတို့၏စိတ်နှလုံးအပေါ်တွင် ခိုင်မြဲသောယုံကြည်ခြင်းအလျင်အမြန်ရလာနိုင်သည်။ သင်၏ဂရုတစိုက်အလေးအနက်ထားခြင်းငြင်းပယ်ခံရမည်ဆိုလျှင်လည်း စိတ်ဓာတ်မကျကြပါနှင့်။ အောင်မြင်မှုရသည့်တိုင် သည်းခံလျှင် သင့်ကြိုးပမ်းခြင်းများ သရဖူဆောင်းရလိမ့်မည်။ (ဃ ၁၃၀.၁)

ဥပုသ်စာဖြေကျောင်းထဲသို့စုသိမ်းခြင်း

လူတိုင်းပါဝင်ရမည့်အခြားအမှုဆောင်ချက်တစ်ရပ်သည် ကလေးများနှင့်လူငယ်များကို ဥပုသ်စာဖြေကျောင်းထဲသို့ ခေါ်သွင်းစုစည်းရန်ဖြစ်ပါသည်။ လူငယ်မောင်မယ်များသည် သူတို့ချစ်သောကယ်တင်ရှင်အတွက် ဤနည်းဖြင့်ကျွမ်းကျင်စွာအမှုဆောင်နိုင်ကြသည်။ သူတို့သည် ဝိညာဉ်ရေးအလားအလာကိုပုံဖော်ယူနိုင်ကြသည်။ အသင်းတော်အတွက်လည်း သူတို့အလုပ်လုပ်ပေးနိုင်ကြသည်။ နောက်ဆုံးသောတရားစီရင်ရာနေ့သို့ မရောက်မချင်းကောင်းသောသူ၊ သစ္စာတည်သောသူများကို "သာဓု" ဟူ၍ ခေါ်ဆိုသံကြားလိုက်ကြရလေသော် ဤကမ္ဘာလောကအကျယ်အပြန့်၊ ကြီးမြတ်ခြင်းများသည် ဘယ်သောအခါမျှသိနိုင်ကြရလိမ့်မည်မဟုတ်ပါ။ (ဃ ၁၃၀.၂)

ကလောင်အားဖြင့်၊ အသံအားဖြင့်

ကျွန်ုပ်တို့အတွက် ကိုယ်စားပြုဆုတောင်းပေးရန် ယေရှုအသက်ရှင်လျက်ရှိနေကြောင်း ကလောင်အားဖြင့်လည်းကောင်း၊ အသံအားဖြင့်လည်းကောင်း ကြွေးကြော်ဟောပြောနိုင်ကြသည်။ မြေကြီးပေါ်မှာ မေတ္တာနှင့်ဝတ်ပြုခြင်းအားဖြင့် မိမိကိုယ်မိမိကိုယ်တော်တိုင် ငြင်းပယ်ခဲ့သောရွေးနုတ်ကယ်တင်ရှင်၏နောက်တော်သို့လိုက်ပါလျက် မဟာအမှုတော်ဆောင်သခင်ဘုရားနှင့်အတူပေါင်းစည်းကြပါစို့။ (ဃ ၁၃၀.၃)

သူတို့ကိုဘုရားသခင်ခေါ်ယူလမ်းပြသည့်အတိုင်း အချို့သောသူများသည် နည်းတစ်နည်းဖြင့်လည်းကောင်း၊ အခြားသူများက အခြားနည်းလမ်းတစ်နည်းဖြင့်လည်းကောင်း အမှုဆောင်ကြလိမ့်မည်။ သို့ပါသော်လည်း သူတို့အားလုံးသည် ဥသျှံပြည့်ဝစုံလင်သောအမှုတော်မြတ်ကြီးကို ဖွေရှာလျက် အတူတကွကြိုးပမ်းကြရမည်။ ကလောင်အားဖြင့်၊ နှုတ်ဆော်အသံအားဖြင့် သခင်ဘုရားအတွက် သူတို့ဝန်ထမ်းဆောင်ပေးကြရမည်။ (ဃ ၁၃၀.၄)

ခရစ်တော်လက်ဝါးကပ်တိုင်ပေါ်မှာ အသေခံခဲ့ကြောင်းကိုပြောပါ။ ဆုတောင်းပါ။ ဂုဏ်တော်ချီးမွမ်းသီချင်းဆိုပါ။ နှလုံးသားများစွာကျိုးပဲ့ခြင်းရှိလာစေ၍ အောင်နိုင်ရလိမ့်မည်။ (ဃ ၁၃၀.၅)

ကလောင်သည် လူတို့၏စိတ်နှလုံးရင်ပြင်ပေါ်တွင် တောက်လောင်နေသောအမှန်တရားကို ခံစားမိသူ၏လက်ထဲတွင်ရှိလျှင် တန်ခိုးရှိသည်။ ကလောင်ရှင်သည် ဘုရားသခင်အတွက် ဥာဏ်ရည်စိတ်ကြီးခြင်းဖြင့် ကောင်းစွာစိတ်ဆုံးဖြတ်ချိန်ညှိတတ်သူဖြစ်လေ၏။ စင်ကြယ်သောသမ္မာတရားစမ်းရေတွင်းမှ ဇာစ်မြစ်ခံယူသောကလောင်သွားသည် လောက၏အမှောင်ထောင့်စွန်းများဆီသို့ အလင်းတန်းထိုးပေးနိုင်ပြီး ထိုအလင်းတန်းသည် ရောင်ပြန်ဟပ်ရောက်လာသောအခါ ပြန်လည်အားဖြည့်သွင်းပေး၍ နေရာအနှံ့သို့ အလင်းရောင်ဖြန့်ကြက်တိုးတက်ရောက်သွားလေ၏။ (ဃ ၁၃၀.၆)

ကျွန်ုပ်တို့၏သင်းအုပ်ဆရာများသည် ဒေသနာအကျယ်တဝင့်ဟောပြော၍ ထိုနေ့မှာပဲ လုပ်စရာကုန်သွားရလောက်အောင် သူတို့စွမ်းအားအကုန်

လုံးကိုထုတ်မသုံးသင့်ကြပါ။ သူတို့သည် အသင်းသူ/အသင်းသားများအား ဤအမှုတော်၏အပိုင်းများဖြစ်သည့် (မစ်ရှင်စာပေးစာယူလုပ်ငန်းစသည်ဖြင့်) ကျွန်ုပ်တို့မစ်ရှင်လုပ်ငန်းအဖွဲ့အစည်းထုတ်စာအုပ်စာစောင်များကို လှည်းဘီး အကြီးအထဲ ဝင်ရိုးဘီးငယ်လိုမ့်နေသကဲ့သို့ မည်သို့အောင်မြင်စွာကိုင်တွယ်၍ ဆက်လက်လုပ်ဆောင်သွားကြရမည်ကို လမ်းညွှန်ပေးနေရမည်။ ယင်းဘီးငယ် ကလေး၏လှုပ်ရှားမှုသည် အပြင်ဘီးကြီးကို ကောင်းစွာနှင့်အားပြည့်အင်ပြည့် လိမ့်သွားနိုင်စေသည်။ ထိုအတွင်းဘီးလှုပ်ရှားမှုကို ရပ်စေမည်ဆိုပါစို့။ ဆုတ်ယုတ် ကျဆင်းလာသောဘဝနှင့်အတူ မစ်ရှင်အဖွဲ့အစည်း၏ထုတ်ဝေစာ စောင်လှုပ်ရှား မှုလည်းကျဆင်းလာသည်ကို ရလဒ်အနေဖြင့် မြင်ကြရလိမ့် မည်ဖြစ်သတည်း။(ဃ ၁၃၁.၁)

နိုးနိုးကြားကြားရှိနေသည့်မစ်ရှင်ဝန်ဆောင်ခြင်းကို ငြီးငွေ့အားလျော့ ခြင်းမရှိလိုက်ကြပါနှင့်။ သင်လုပ်ဆောင်နေသမျှအားလုံးထဲက ဤအမှုတော် ဆောင်ခြင်းသည် အကယ်၍ ဘုရားသခင်နှင့်သင်ဆက်သွယ်နေမည်ဆိုလျှင် အောင်မြင်ခြင်းရနိုင်သောအလုပ်ဖြစ်သည်။ စုံစမ်းရေးစာလွှာသင်မရေးချမီ သင့်နှလုံးကို အမြဲကြွ၍ ဘုရားသခင်ထံ ဆုတောင်းခြင်းဖြင့် မှန်သောစပျစ် နွယ်ပင်ဆီသို့ ကိုင်းဆက်ကူးပေးနိုင်သောပကတိရိုင်းသောအကိုင်းများကို အောင်မြင်စွာစုစည်းနိုင်ပြီးလျှင် ဘုရားသခင်၏ဘုန်းတော်ထင်ရှားစေရန် အသီး သီးလာကြပါလိမ့်မည်။ ဤအမှုတော်၌ နှိမ့်ချသောစိတ်နှလုံးနှင့်တကွ ပါဝင် လုပ်ကိုင်ကြသူအားလုံးသည် ဘုရားသခင်၏စပျစ်ဥယျာဉ်ထဲတွင် ဝင်ရောက် လုပ်ကိုင်နေသူများအဖြစ် သူတို့ကိုယ်သူတို့ အစဉ်အမြဲပညာသင်ယူခြင်းရှိနေ ကြပါလိမ့်မည်။ (ဃ ၁၃၁.၂)

–၀–

# အခန်း (၁၁)
# ဆေးဖက်ဆိုင်ရာသာသနာပြုအလုပ်

ပထမဦးဆုံးအရေးကြီးသောအလုပ်တစ်ခု

ယေရှုသည် မိမိ၏သာသနာပြုစဉ်ကာလအတွင်း တရားဟောပြောခြင်းထက် ဖျားနာသူများကို အနာငြိမ်းစေရန် ပို၍အချိန်ယူဆက်ကပ်လုပ်ဆောင်ခဲ့သည်။ (ဃ ၁၃၂.၁)

မှန်သောပြုပြင်ပြောင်းလဲရေးဝါဒီများမပေါ်မီ ဆေးဖက်ဆိုင်ရာသာသနာပြုအလုပ်သည် အိမ်တံခါးပေါက်များစွာကို ဖွင့်နိုင်ခဲ့သည်။ (ဃ ၁၃၂.၂)

စစ်မှန်သောဆေးဖက်ဆိုင်ရာသာသနာပြုအလုပ်သည် ဧဝံဂေလိလေ့ကျင့်ခန်းဖြစ်သည်။ (ဃ ၁၃၂.၃)

ဆေးကုသမှုသာသနာပြုအလုပ်သည် ဧဝံဂေလိလုပ်ငန်း၏ရှေ့ဆောင်လမ်းပြဖြစ်ပါသည်။ နှုတ်ကပတ်တော်သာသနာနှင့် ဆေးကုသမှုသာသနာလုပ်ငန်းတို့အထဲတွင် ဧဝံဂေလိသတင်းကောင်းတရားကို ဟောပြောခြင်း၊ လေ့ကျင့် ခြင်းများလုပ်ကြရမည်။ (ဃ ၁၃၂.၄)

လောကကိုကယ်တင်သောအရှင်သည် တရားဟောပြောခြင်းအလုပ်ထက် ဒုက္ခရောက်နေသူများနှင့်ရောဂါခံစားနေရသူများအား အနာငြိမ်းစေခြင်းအမှုကို ပို၍အချိန်ယူဆက်ကပ်လုပ်ဆောင်ခဲ့သည်။ ကိုယ်တော့်တမန်တော်များအား နောက်ဆုံးပေးသောအမိန့်စကားအရ ကိုယ်တော်၏မြေကြီးပေါ်အမှုဆောင်သောကိုယ်စားလှယ်များသည် နာမကျန်းသူများအား နေပြန်ကောင်းလာဖို့ လက်တင်ဆုတောင်းပေးကြရန်ဖြစ်သည်။ သခင်ဘုရားပြန်ကြွလာသောအခါ ဖျားနာသူများထံ အလည်အပတ်သွားရောက်ခဲ့သူ၊ ဒုက္ခရောက်သူများ၏လိုအင်များကိုပြုစု၍ သက်သာစေခဲ့သူတို့ကို ချီးကျူးဂုဏ်ပြုပါလိမ့်မည်။ (ဃ ၁၃၂.၅)

ဆေးကုသမှုသာသနာပြုလုပ်ငန်းသည် တတိယကောင်းကင်တမန်၏သတင်းစကားတည်းဟူသောယနေ့အတွက် ကယ်တင်ခြင်းဆိုင်ရာသမ္မာတရားကို

ဟောပြောတင်ဆက်နိုင်ရေးအတွက် လမ်းဖွင့်ပေးလိမ့်မည်ဖြစ်ကြောင်း ကိုယ်တော် ပုံစံချပေးခဲ့ခြင်းဖြစ်သည်။ အကယ်၍သာ ဤပုံစံအတိုင်းလုပ်ဆောင်ခဲ့လျှင် သတင်းကောင်းစကားမည်သို့နှမ်းသွားနိုင်သလို တိုးတက်မှုတွင်လည်း အတား အဆီးမရှိပါချေ။ (ဃ ၁၃၂.၆)

ပထမဦးဆုံးလုပ်ပေးရမည်မှာ ဆင်းရဲသူများ၏လောကီလိုအင်များကို ဖြည့်ဆည်းပေးရန်နှင့် သူတို့၏ခန္ဓာကိုယ်မကျန်းမာခြင်းဝေဒနာများကို သက်သာ စေရန်ဖြစ်သည်။ ထိုသို့အားဖြင့် သင်သည် ကောင်းသောအကျင့်သီလမျိုးစေ့ နှင့်ဘာသာတရားကို စိုက်ပျိုးပေးရမည့်လူတို့၏နှလုံးသားများဆီသို့ လမ်းပွင့် သွားသည်ကို မြင်ရပါလိမ့်မည်။ (ဃ ၁၃၂.၇)

ဖျားနာသူများနှင့်စိတ်မချမ်းမြေ့နေကြသူများထံ အလည်အပတ်သွား ရောက်၍ ပြုစုပေးခြင်း၊ သူတို့ကိုအလင်းရစေဖို့ အကူအညီပေးခြင်းနှင့်ယေရှု အပေါ် သူတို့ယုံကြည်ခြင်းမြဲမြံစေရန် အမှုဆောင်ခြင်းထက် ဝိညာဉ်ခွန်အား ပိုကောင်းအောင်၊ ကြိုးပမ်းခြင်းပိုမိုတိုးတက်လာအောင်၊ အလေးအနက်ခံစားရမိ အောင် အဘယ်အရာမျှ လုပ်ပေးနိုင်သည်မရှိတော့ပြီ။ (ဃ ၁၃၂.၈)

## ကောင်းကင်ဘုံရှင်၏နမူနာ

ဆေးကုသာသနာပြုသမားတော်ကြီးခရစ်တော်သည် ကျွန်ုပ်တို့၏စံနမူ နာဖြစ်သည်။ ကိုယ်တော်သည် ဖျားနာသူများကို အနာငြိမ်းစေပြီး သတင်း ကောင်းတရားဟောပြောသည်။ ကိုယ်တော်၏အမှုတော်ထဲတွင် အနာ ငြိမ်းစေခြင်းနှင့်ဟောပြောသွန်သင်ခြင်းတို့ကို အတူနီးကပ်စွာ ဆက်စပ် ထားသည်။ ယနေ့ ဤအမှုတော်နှစ်ခုကို ခွဲခြားပစ်လို့မရပါ။ (ဃ ၁၃၃.၁)

ခရစ်တော်၏အစေခံများသည် ကိုယ်တော်၏နမူနာနောက်ကို လိုက်လျှောက်ရမည်။ ကိုယ်တော်သည် တစ်နေရာမှတစ်နေရာသို့ ရောက်သွား ခဲ့လေတိုင်း ဝေဒနာသည်များကို နှစ်သိမ့်မှုပေး၍ ဖျားနာသူများကို အနာငြိမ်း စေခဲ့ပါသည်။ ထိုနောက် ကိုယ်တော်၏နိုင်ငံတော်အကြောင်းနှင့်ပတ်သက်၍ မဟာသမ္မာတရားကို သူတို့ရှေ့မှာချခင်းပြခဲ့သည်။ (ဃ ၁၃၃.၂)

ခရစ်တော်၏နမူနာသည် ကိုယ်တော့်သားသမီးများဖြစ်လိုသည်ဟု ပြောဆိုကြသူများအားလုံးက လိုက်နာဖို့ဖြစ်သည်။ သင့်အပေါင်းအသင်းလူတွေရဲ့ကာယလိုအင်များကို သက်သာစေရန် ဖြည့်ဆည်းပေးပါ။ သူတို့၏ကျေးဇူးသိတတ်မှုသည် အတားအဆီးရှိနေသည်များကို ချိုးဖျက်ပေး၍ သူတို့နှလုံးသားထဲသို့ သင်ရောက်သွားနိုင်သည်။ ဤကိစ္စကိုအလေးအနက်ထား၍ သင်စဉ်းစားကြည့်ပါ။ (ဃ ၁၃၃.၃)

အထူးသဖြင့် ဆေးကုသာသနာပြုများသည် သူတို့၏စိတ်ဓာတ်၊ အပြောအဆိုနှင့်အကျင့်စရိုက်များ၌ ယေရှုခရစ်တော်၏နောက်သို့လိုက်ပါလျက်ရှိကြောင်းနှင့်ဆေးကုသာသနာပြုကြိုးပမ်းခြင်း၌ ကောင်းကင်ဘုံရှင်၏နမူနာကို ပေါ်လွင်ထင်ရှားစေရပါမည်။ (ဃ ၁၃၃.၄)

## ဧဝံဂေလိသာသနာနှင့်တွဲဖက်အမှုဆောင်ခြင်း

ဧဝံဂေလိဟောပြောခြင်းနှင့် ဆေးကုသမှုသာသနာပြုအလုပ်သည် အတူတကွတိုးတက်နေရမည်။ ဧဝံဂေလိသာသနာသည် စစ်မှန်သောကျန်းမာရေးပြုပြင်ပြောင်းလဲမှုအခြေခံစည်းမျဉ်းများနှင့်တစ်ပေါင်းတစ်စည်းတည်းရှိရပါမည်။ သို့မှသာလျှင် ခရစ်ယာန်ဘာသာရေးသည် လက်တွေ့ဘဝအထဲသို့ ရောက်လာနိုင်မည်။ အလွန်ကြိုးပမ်းခြင်း၊ စေ့စပ်သေချာခြင်း၊ စာရိတ္တပြုပြင်ခြင်းအမှုတို့ကိုပြုပြီးဖြစ်နေရမည်။ ကျွန်ုပ်တို့သည် လူအများ၏ရှေ့မှောက်တွင် ကျန်းမာရေးပြုပြင်ပြောင်းလဲခြင်းအခြေခံစည်းကမ်းများကို တင်ဆက်ရန် ထိုစည်းကမ်းများ၏လိုအပ်ချက်များကိုမြင်၍ လူယောကျ်ားမိန်းမတို့ကို လေ့ကျင့်လာကြစေရေး ဦးဆောင်ပေးရန် ကျွန်ုပ်တို့၏အစွမ်းအစအကုန်လုံးကိုသုံး၍ ကြိုးစားလုပ်ပေးကြရမည်။ (ဃ ၁၃၃.၅)

ကျွန်ုပ်တို့သည် တပည့်တော်များလုပ်ဆောင်ခဲ့ကြသည့်အတိုင်း အလုပ်လုပ်ကြရန်ဆိုသည်မှာ ကောင်းကင်ဘုံရှင်၏အကြံအစည်တော်ဖြစ်လေသည်။ ကိုယ်ခန္ဓာအနာငြိမ်းစေခြင်းသည် ဧဝံဂေလိသတင်းကောင်းအမှုတော်မြတ်နှင့်တွဲကပ်နေလျက်ရှိရပါမည်။ ဧဝံဂေလိလုပ်ဆောင်

ခြင်းထဲတွင် သွန်သင်ခြင်းနှင့်အနာငြိမ်းစေခြင်းတို့သည် ဘယ်သော အခါမျှ ခွဲခြားရှိနေလို့မရပါ။ (ဃ ၁၃၃.၆)

ဆေးကုသာသနာပြုအလုပ်နှင့် ဧဝံဂေလိသာသနာပြုအလုပ်တို့သည် ထာဝရဘုရားသခင်၏ကောင်းမြတ်ခြင်းကို အစဉ်သွန်းလောင်းပေးရန် ဖွေရှာတော် မူသောရေစီးကြောင်းများကဲ့သို့ ဖြစ်လေသည်။ ယင်းအမှုတော် များသည် အသင်း တော်အဖို့ ဆည်ရေသောက် ဆက်ပေးသော အသက်မြစ် ဖြစ်လေသည်။ (ဃ ၁၃၃.၇)

တရားဟောပြောအမှု၌ အတွေ့အကြုံရှိကြသည့် ကျွန်ုပ်တို့၏ အသင်းအုပ်များသည် ရိုးရိုးလေးနှင့်ကုသပြုစုခြင်း မည်သို့လုပ်ပေး ရမည်ကိုလေ့လာထားရမည်။ ထိုနောက် ဆေးကုသာသနာပြုဧဝံဂေလိ ဆရာများအဖြစ် ထက်မြက်စွာဝန်ဆောင်မှုပေးကြရမည်။ (ဃ ၁၃၄.၁)

ဧဝံဂေလိစည်းရုံးရေးမှူးသည် နေရာအနှံ့ရောက်ကြသောအခါ ဖျားနာ သူများစွာကိုလည်း သူတို့တွေ့ရလိမ့်မည်။ သူသည် အနာရောဂါဖြစ်ရသည့် အကြောင်း လက်တွေ့ဗဟုသုတရှိထားသင့်သည်။ ရောဂါရနေသူတစ်ဦးကို သက်သာစေရန် ဘယ်လိုရိုးရိုးပြုစုကုသပေးရမည်ကိုလည်း လေ့လာထားသင့် သည်။ ထိုထက်ပို၍ သူသည် လူနာကိုရိုးရိုးလေးယုံကြည်ခြင်းဖြင့် ဆုတောင်း ပေးပြီး သမားတော်ကြီးသခင်ဘုရားဆီသို့ ညွှန်ပြပေးသင့်သည်။ သူသည် ယင်းသို့ဘုရားသခင်နှင့်အတူ လိုက်ပါလုပ်ဆောင်သူဖြစ်လျှင် အစေခံ ကောင်းကင်တမန်များသည် သူ့အနီးတွင်ရှိ၍ နှလုံးသားဆီသို့ ရောက်နိုင် သောလမ်းကို သူ့အားပြပေးလိမ့်မည်။ သစ္စာခံအပ်နှံကြသူဧဝံဂေလိစည်းရုံးရေး မှူးများ၏အရှေ့တွင် သာသနာပြုကြိုးပမ်းမှုလုပ်ဖို့ ကွင်းနယ်ဘယ်လောက် ကျယ်လိုက်လေသလဲ။ သူကြိုးပမ်းပြုစုခဲ့သောအမှုတော်ဆောင်ရွက်ခြင်းအတွက် သူဘယ်လောက်ကောင်းချီးရလိုက်လေမလဲ။ (ဃ ၁၃၄.၂)

ဧဝံဂေလိအမှုဆောင်ကြသူတိုင်းသည် သူ့အတွက် ခန့်အပ်ထားသည့် အလုပ်ကဏ္ဍတစ်ရပ်အနေဖြင့် ကျန်းမာစွာနေထိုင်ခြင်း၏အခြေခံစည်းကမ်းများ ကို လမ်းညွှန်ခြင်းရထားသည်ဟူ၍ ခံယူသင့်သည်။ ဤအလုပ်အတွက်

လိုအပ်ချက်ကြီးကြီးမားမားရှိနေသော်လည်း လောကသည် တံခါးဖွင့်ပေးထား သည်။ (ဃ ၁၃၄.၃)

သတင်းစကား၏လက်ရုံးတော်

ခန္ဓာကိုယ်တွင် လက်မောင်းနှင့်လက်သည် တစ်ဆက်တည်းနေသလို ဆေးကုသာသနာပြုအလုပ်သည် တတိယကောင်းကင်တမန်၏သတင်းစကား အမှုတော်ကို ဆောင်ရွက်ခြင်းနည်းတူ ဆက်ဆံရေးအတိုင်းပါရှိစေဖို့ ကျွန်ုပ် အား ထပ်ကာတလဲလဲ လမ်းညွှန်နေတော်မူပါသည်။ ကောင်းကင်ဘုံဦးခေါင်း ဖြစ်သောသခင်ဘုရား၏လမ်းညွှန်မှုအောက်တွင် သူတို့သည် ခရစ်တော်ကြွလာ တော်မူရာလမ်းကို ပြင်ဆင်ပေးရန် ညီညွတ်စွာအလုပ်လုပ်ကြရသည်။ သမ္မာ တရားခန္ဓာကိုယ်၏လက်ရုံးတော်သည် တစ်သမတ်တည်းနိုးကြားမှု၊ တစ်သမတ် တည်းလုပ်ဆောင်မှုရှိပြီး ဘုရားသခင်သည်လည်း အားဖြည့်ပေးပါလိမ့်မည်။ သို့ရာတွင် လက်ရုံးသည် ခန္ဓာကိုယ်ဖြစ်သည်ဟု မဆိုရပါ။ တစ်ချိန်တည်း ၌လည်း ခန္ဓာကိုယ်သည် လက်ရုံးလက်မောင်းကို "သင့်ကိုငါမလိုပြီ" ဟု မပြောနိုင်ပါ။ ခန္ဓာကိုယ်သည် နိုးကြားတက်ကြွထက်သန်စွာလှုပ်ရှားရန် လက်မောင်းကိုလိုသည်။ နှစ်ခုစလုံးသည် သတ်မှတ်ထားသည့် အလုပ်ရှိသည်။ တလွဲတချော်စီလွတ်လွတ်လပ်လပ်လုပ်နေကြလျှင် ကြီးမားသောဆုံးရှုံးမှုကို တစ်ဦးချင်းစီတိုင်းက ခံစားရကြလိမ့်မည်။ (ဃ ၁၃၄.၄)

ဆေးကုသာသနာပြုအလုပ်ကို လုပ်ကြရမည်။--- လက်သည် ခန္ဓာ ကိုယ်နှင့်ဆက်နေသကဲ့သို့ ထိုအလုပ်သည် ဘုရားသခင်အမှုတော်ထဲတွင် ရှိနေရ မည်။ (ဃ ၁၃၄.၅)

ဘုရားသခင်ပူးပေါင်းလုပ်ဆောင်ခြင်း

ဒုက္ခရောက်သူတိုင်း၏ပူဆွေးသောကကို ခရစ်တော်ခံစားမိ သည်။ စာတန်၏စိတ်ဝိညာဉ်သည် လူ့ဘောင်ခွင်ကို ဆုတ်ဖြဲသောအခါ တိုင်းလည်း ခရစ်တော်ခံစားရစမြဲဖြစ်သည်။ အသက်ရေစီးကြောင်းထဲ၌ ရောဂါ

ဘယထူပြောကျလာသောအခါတွင်လည်း သခင်ပူပန်သောကရောက်ရပြန် သည်။ ကိုယ်တော်သည် မြေကြီးပေါ်ရှိစဉ် ဖျားနာသူများကို ကိုယ်တိုင် ကိုယ်ကျ အနာငြိမ်းစေတော်မူခဲ့သကဲ့သို့ ယခုတွင်လည်း လူတွေကိုရောဂါ ပျောက်ကင်းစေလိုသောဆန္ဒရှိပါ၏။ ခရစ်တော်၏အစေခံများသည် ကိုယ်တော့် ကိုယ်စားလှယ်တော်များဖြစ်ကြပြီး အမှုဆောင်လုပ်ငန်းလမ်းကြောင်းများဖြစ် ရသည်။ သခင်သည် သူ့ကိုယ်စားလှယ်များက အနာငြိမ်းစေခြင်းတန်ခိုးကို အသုံးချကြရန် အလိုဆန္ဒရှိတော်မူပါသည်။ (ဃ ၁၃၅.၁)

ခရစ်တော်အစေခံခြင်းမှတစ်ဆင့် ထာဝရဘုရားသခင်ပုံစံချပေးထား သည်မှာ ဖျားနာသူများ၊ အကြောင်းမလှသူများနှင့် နတ်ဆိုးစွဲသူများသည် ဘုရားသခင်စကားသံတော်ကြားရစေဖို့ဖြစ်သည်။ ဘုရားသခင်သည် သူ၏ လူသားကိုယ်စားလှယ်တော်များမှတစ်ဆင့် လောကကိုနှစ်သိမ့်မှုပေးသူအဖြစ် ဆန္ဒရှိကြောင်းကို လောကသားများသည် မသိလေစွတကား။ (ဃ ၁၃၅.၂)

ခရစ်တော်သည် ဆေးကုသာသနာပြုလုပ်ဆောင်နေသူများနှင့်အတူ ပူးပေါင်းပါဝင်လုပ်ဆောင်သည်။ (ဃ ၁၃၅.၃)

သခင်ဘုရားသည် ထိုသူတို့မှတစ်ဆင့် ပေါ်ထွန်းနေခဲ့သည်။ သူတို့ တစ်တွေရောက်လေရာနေရာတိုင်းမှာ လူနာများကျန်းမာခဲ့ကြ၏။ သူဆင်းရဲ များလည်း ဧဝံဂေလိသတင်းကောင်းကို ကြားနာခဲ့ကြရသည်။ (ဃ ၁၃၅.၄)

ခရစ်တော်သည် ဖျားနာသူများအား အနာငြိမ်းစေရန် ဤကမ္ဘာပေါ်ရှိ မြို့ကြီး၊ မြို့ငယ်၊ ကျေးလက်တောရွာများသို့ လူပုဂ္ဂိုလ်အနေဖြင့် သွားရောက် မည်မဟုတ်တော့ပါ။ သို့သော်လည်း ကိုယ်တော်သည် သူစတင်ခဲ့သောဆေးဝါး ကုသမှုသာသနာပြုအလုပ်ကို ရှေ့ဆက်လုပ်ဆောင်ရန် ကျွန်ုပ်တို့ကိုခိုင်းစေ ထားပါပြီ။ (ဃ ၁၃၅.၅)

## အသင်းတော်တိုင်းလုပ်ရမည့်အလုပ်

ကျန်းမာရေးအတွက် ပြုပြင်ပြောင်းလဲမှုလုပ်ပေးကြရန် ဤသတင်း စကားကို အသင်းတော်တိုင်းက ကြားသိကြရမည်။ (ဃ ၁၃၅.၆)

ဆေးကုသာသနာပြုအလုပ်သည် ကျွန်ုပ်တို့နယ်မြေရှိ အသင်းတော်တိုင်း၏အမှုတော်အပိုင်းတစ်ပိုင်းအဖြစ်ရှိနေရမည်။ (ဃ၃ ၁၃၅.၇)

အသင်းသားတိုင်းက ဆေးကုသာသနာပြုလုပ်ငန်းထဲ ပါဝင်ဆောင်ရွက်သောအချိန်ရောက်လာသည်ကို ကျွန်ုပ်တို့မြင်ရပါပြီ။ (ဃ၃ ၁၃၅.၈)

ကျန်းမာရေးပြုပြင်ပြောင်းလဲမှုအလုပ်သည် ကျွန်ုပ်တို့၏ကမ္ဘာမြေပေါ်မှာ ခံစားရသောဝေဒနာများလျော့ပါးသွားရန်နှင့် အသင်းတော်သန့်စင်လာစေရေးအတွက် သခင်ဘုရား၏ရည်စူးချက်ဖြစ်သည်။ လူအပေါင်းတို့သည် ကာယဝိညာဉ်နှစ်ဖြာကျန်းမာရေးပြန်လည်ထိန်းသိမ်းနိုင်ရန် သခင်ဘုရား၏အမှုတော်ဆောင်များနှင့် ပူးပေါင်းလုပ်ကိုင်လာခြင်းအားဖြင့် ထာဝရဘုရား၏မစတော်မူခြင်းလက်များကဲ့သို့ သူတို့လှုပ်ရှားလာနိုင်ကြမည်ဖြစ်ကြောင်းကို သူတို့အား သွန်သင်ပေးရမည်။ ဤအမှုတော်သည် ကောင်းကင်ဘုံလက်မှတ်ကိုရခြင်းဖြစ်၏။ အခြားမြတ်နိုးအပ်သောသမ္မာတရားအဝင်လမ်း၏တံခါးပေါက်များကိုလည်း ဖွင့်ပေးလိမ့်မည်။ ဤအလုပ်ကိုဉာဏ်ရည်ထက်စွာပါဝင်လုပ်ဆောင်လိုကြသူများအားလုံးအတွက် လစ်လပ်သောနေရာများရှိပါသည်။ (ဃ၃ ၁၃၅.၉)

ကျွန်ုပ်တို့အရှေ့မှာ လောကမှန်တိုင်းရှိနေသည်ဖြစ်သော်လည်း မယုံကြည်ခြင်း (သို့မဟုတ်) အားလျော့စိတ်ပျက်သောစကားတစ်ခွန်းတလေကိုမျှ ကျွန်ုပ်တို့မဟဘဲ နေကြပါစို့။ အပြစ်နွံကျွံ၍ ဖျားနာနေသည့်ဝိညာဉ်များနှင့်အပြည့်ရှိနေသောကမ္ဘာလောကကြီးထဲသို့ အနာငြိမ်းကြောင်း သတင်းစကားကျွန်ုပ်တို့သယ်ပို့ပေးရမည်ကို အမှတ်တရရှိကြပါစို့။ (ဃ၃ ၁၃၆.၁)

ဤဆေးကုသာသနာပြုအလုပ်ကို အသေအချာကြီးကြပ်လုပ်ကိုင်ခြင်းသည် အသင်းတော်မှလျစ်လျူရှုထားသောဆင်းရဲသားအပြစ်သားများစွာကို ကယ်တင်ပေးနိုင်ပါလိမ့်မည်။ ကျွန်ုပ်တို့နှင့်ယုံကြည်ခြင်းမတူသောလူများစွာသည်လည်း ခရစ်ယာန်တို့၏တာဝန်အဖြစ် ပေးလာမည့်အကူအညီကိုမျှော်လင့်တောင့်တနေကြကုန်၏။ အကယ်၍သာ ဘုရားသခင်၏လူတို့သည် သူတို့အိမ်နီးချင်းမိတ်ဆွေများ၏အကျိုးကို အမှန်လိုလားကြောင်း ပြနိုင်ကြလျှင် ယနေ့ကာလအတွက် အထူးသမ္မာတရားသည် လူများ

စွာဆီသို့ရောက်နိုင်သည်။ လူတွေသူတို့ရှိတဲ့နေရာမှာ သူတို့ကိုအကူအညီပေးနေခြင်းမျိုးအလုပ်ထက် ဘယ်မှာမှ၊ ဘယ်တော့မှအကျင့်စရိုက်မရနိုင်ပြီ။ ဘုရားသခင်ကိုချစ်ပြီး ပညတ်တော်တို့ကိုစောင့်ရှောက်ကာ ခရစ်တော်ပြုတော်မူသည့်အတိုင်း ပြုလုပ်သူတို့က ကြွေးကြော်ဟောပြောကြလေသော် ယနေ့ထောင်ပေါင်းများစွာသောလူများသည် ထိုသတင်းစကား၌ ဝမ်းမြောက်ဝမ်းသာရှိကြလိမ့်မည်။ ယင်းသို့ဆေးကုသာသနာပြုအလုပ်သည် လူယောကျ်ားမိန်းမတို့အား ခရစ်တော်နှင့်သူ၏သမ္မာတရားမှ ကယ်တင်ခြင်းအသိကို ပေးနိုင်သည်ဆိုလျှင် ငွေကြေးနှင့်ကြိုးစားလုပ်ကိုင် ခြင်းများကို စိတ်ချစွာဖြင့် ရင်းနှီးမြှုပ်နှံသွားနိုင်သည်။ အဘယ် ကြောင့်ဆိုသော် အစဉ်တည်တံ့မည့်အမှုတော်တစ်ခုဖြစ်သောကြောင့်တည်း။ (ဃ ၁၃၆.၂)

ကျွန်ုပ်တို့၏အသင်းသားများသည် ဤဆေးကုသာသနာပြုအလုပ်၌ စိတ်ပါဝင်တစားလှုပ်ရှားနေကြသည်ကိုပြကြပါစို့။ ဤအကြောင်းအရာများ၌ လမ်းညွှန်ပညာရဖို့အတွက် ရေးသားထုတ်ဝေထားသည့်စာအုပ်များကို လေ့လာသွားခြင်းအားဖြင့် အသုံးရသောသူများဖြစ်လာကြစေဖို့ သူတို့ကိုယ်သူတို့ ပြင်ဆင်နေသွားစေကြပါစို့။ ယင်းစာအုပ်များသည် သူတို့တွေ့ရသမျှအနက် ပို၍စိတ်ဝင်စားစရာကောင်းပြီး ပို၍လည်းတန်ဖိုးရှိလှပါ၏။ လူအားလုံးအတွက် အကျိုးရှိရစေသောအကြောင်းများမှာ ကျန်းမာရေးဆိုင်ရာအခြေခံစည်းမျဉ်းများကိုအထူးတလည်ရှည်ညွှန်းလမ်းပြ၍ နားလည်လွယ်အောင်ရေးသားပေးထားသောကြောင့်ပင်တည်း။ ဤအခြေခံကျန်းမာရေးစည်းမျဉ်းများကို လေ့လာလိုက်စားသောသူတို့သည် ကာယဝိညာဉ်နှစ်ဖြာကြီးစွာသောကောင်းချီးမင်္ဂလာရလေသည်။ ကျန်းမာရေးဆိုင်ရာဒဿနပညာကို နားလည်ခြင်းသည် လူကိုအဆက်မပြတ်ထိုးနက်တိုက်ခိုက်နေသောစာတန်နတ်ဆိုး ကိုပြန်လည်တွန်းလှန်နိုင်သည့် ဘေးဆီးရန်ကာဖြစ်ပါသည်။ (ဃ ၁၃၆.၃)

လူတွေပျက်စီး၍ အဆင့်နိမ့်ကျနေခြင်းမှကုစားရန် ဆေးကုသာသနာပြုအလုပ်ကို ဖေါ်ထုတ်ပေးရလိမ့်မည်ဟု အကျွန်ုပ်ညွှန်ကြားတော်မူခြင်းခံရသည်။ ထိုလူတွေသူတို့ကိုယ်သူတို့ မဆင်မခြင်အပျော်အပါးလိုက်စားမွေ့လျော်ခြင်းစရိုက်အတွင်း၌ အပ်နှင်း၍ ကျဆင်းနေကြရကုန်သော်လည်း မှန်ကန်သောလုပ်ဆောင်ချက်မျိုးဆီသို့ တုံ့ပြန်လာကြပါလိမ့်မည်။ သို့ရာတွင် သူတို့ကိုအသိအမှတ်ပြုရန်၊ အားပေးရန် သူတို့လိုလားနေကြသည်။ တည်တည်ကြည်ကြည်နှင့်စိတ်ရှည်စွာအလွန်ကြိုးစားအားထုတ်ခြင်းသည် ထိုသူတို့အား ဘဝမြှင့်တင်ပေးနိုင်ရေးအတွက် လိုအပ်ချက်ဖြစ်လိမ့်မည်။ သူတို့ကိုယ်သူတို့ပြန်လည်ထိန်းမတ်လာနိုင်ကြမည်တော့မဟုတ်ပါ။ ခရစ်တော်၏ခေါ်သံကို သူတို့ကြားရနိုင်ပါသော်လည်း အဓိပ္ပါယ်ကိုသိဖို့ သူတို့ရဲ့နားများက အလွန်ထုံထိုင်းနေကြသည်။ သူတို့၏မျက်စိသည်လည်း သူတို့အတွက် တစ်စုံတစ်ရာအကောင်းမြင်လာဖို့ ကန်းနေကြကုန်သည်။ သူတို့သည် ကျူးလွန်ကျော်နင်းအပြစ်များနှင့်သေနေကြရသည်။ သို့တိုင်သူတို့ကို သတင်းကောင်းစားပွဲသဘင်မှ ဖယ်ထုတ် ပစ်ကြရမည့်တော့မဟုတ်။ သူတို့အား “လာကြ” ဟူ၍ ဖိတ်ကြားခြင်းပြုရမည်။ သူတို့ကိုယ်သူတို့ မထိုက်မတန်ခံစားနေမိကြမည်ဆိုလျှင်လည်း သခင်ဘုရားမိန့်ဆိုနေသည်ဟုပြောပါ။ “သူတို့ကိုအနိုင်အထက်ပြုခေါ်သွင်းပါ” ဟူ၍ ဆင်ခြေပေးလာသည်ကိုလည်း နားမထောင်ပါနှင့်။ ချစ်ခြင်းမေတ္တာ၊ သနားကြင်နာခြင်းတို့ဖြင့် သူတို့ကိုရစ်ပတ်လျက် ခေါ်သွင်းကြရမည်။ (ဃ ၁၃၆.၄)

ဤသို့ကျန်းမာရေးဆိုင်ရာ ထုတ်ဝေစာအုပ်စာစောင်များဖြန့်ဝေခြင်းအလုပ်မျိုးကို လုပ်ဆောင်နေကြသူတို့သည် ဆေးကုသာသနာပြုလုပ်ငန်းတွင်အမှုဆောင်ကြရန် ပြင်ဆင်ထားရမည်။ ဖျားနာသူများနှင့် ဒုက္ခရောက်နေကြသူများအား အကူအညီပေးကြရမည်။ ဤသို့ကရုဏာအမှုတော်ဆောင်ရွက်ကြသူများသည် အသက်ရှင်သောနှုတ်ကပတ်တော်ကို ကြားနိုင်၊ လက်ခံလာနိုင်ကြလိမ့်မည်။ (ဃ ၁၃၇.၁)

ဆေးကုသာသနာပြုလုပ်ငန်းကို အပီအပြင်နားလည်အောင်မည်သူ တွေပြင်ဆင်နေကြပြီလဲ။ အမှုတော်ဆောင်တိုင်းက ထိထိရောက်ရောက်နားလည် သဘောပေါက်ထားကြရမည်။ ထိုနောက်ပိုင်းတွင် အဆင့်မြင့်အမြင်ကျယ် အာရုံရလာကြသောသူတို့သည် ယေရှုပြုတော်မူသည်အတိုင်း သမ္မာတရားကို ဟောပြောတင်ဆက်နိုင်ကြသည်။ (ဃ ၁၃၇.၂)

သခင်ဘုရား၏အမှုတော်ကို ရှေ့တိုးလုပ်ဆောင်ကြပါစို့။ ဆေးကု သာသနာပြုအလုပ်နှင့် ပညာရေးအလုပ်တို့ကိုလည်း ရှေ့တိုးလုပ်ဆောင်ကြ ပါစို့။ ဤလုပ်ငန်းများတွင် အလွန်စိတ်ပါသူ၊ စိတ်တမ်းဆက်ကပ်သူ၊ တော် တည့်သူ၊ စွမ်းဆောင်နိုင်သူဝန်ထမ်းများအလွန်ချို့တဲ့နေကြောင်း ကျွန်ုပ်အသေ အချာခံစားနေမိပါသည်။ (ဃ ၁၃၇.၃)

ကျန်းမာရေးအခြေခံစည်းကမ်းများကို ပစ်ပယ်နေထိုင်ကြသည့်လူအုပ်စု ကြီးများရှိရာ ရပ်ကွက်အတွင်းသို့ ဤရှင်သန်သောကျန်းမာရေးပြုပြင်ပြောင်းလဲ ခြင်း၏အခြေခံစည်းမျဉ်းများကိုင်စွဲလျက် ဝင်ရောက်ကူညီကြပါစို့။ (ဃ ၁၃၇.၄)

ကျွန်ုပ်သည် ကျန်းမာရေးပြုပြင်ပြောင်းလဲမှုပညာပေးသူများကို ရှေ့ဆက် လုပ်ပါပြောဖို့ ညွှန်ကြားတော်မူခြင်းခံရပြန်ပါ၏။ ဤကမ္ဘာလောကသည် စာရိတ္တအကျင့်ဆိုးအမင်္ဂလာဒီရေတိုးနေသည်ကို တွန်းလှန်ဖို့သင့်အနေနှင့်တစိုး တစိသြဇာလွှမ်းမိုးမှုတိုင်းကို အလိုရှိနေပါသည်။ တတိယကောင်းကင်တမန် ၏သတင်းစကားကို သွန်သင်နေကြသောသူများသည် သူတို့၏ရပ်တည်ချက် အမှန်ကို ဖေါ်ပြနိုင်ကြရမည်။ (ဃ ၁၃၇.၅)

## ဆေးကုသမှုတိုးချဲ့ရေးစီမံချက်

ဘုရားသခင်သည် အသင့်တည်ဆောက်ထားပြီး ရှိနေသည့်နာတာ ရှည်လူနာများအတွက် ဆေးကုခန်း (ချမ်းငြိမ်းရိပ်သာဆေးကုဌာနကဲ့သို့) များက အသစ်တည်ဆောက်သောစီမံချက်များကို ထောက်ပံ့ပေးရန် ကိုယ်တော်နှင့်အတူ

ပူးပေါင်းလုပ်ဆောင်ဖို့ အခွင့်အရေးပေးအပ်ထားသည်။ ယင်းသို့အသစ်တည်ဆောက်မှုတိုင်းသည် တတိယကောင်းကင်တမန်၏သတင်းစကားကြွေးကြော်ခြင်းမဟာအမှုထဲ၌ ညီအစ်မချင်းကူပံ့သူအဖြစ် အသိအမှတ်ပြုကြရမည်။ ဘုရားသခင်သည်လည်း ကျွန်ုပ်တို့၏နာတာရှည်လူနာများအတွက်ဆေးကုခန်းကို မမြင်ရနိုင်သည့်လက်အားဖြင့် လိုမ့်၍တိုးသွားသည့်ကျောက်တုံးကဲ့သို့မဖြစ်မနေအလိုလိုလုပ်တတ်သည့် ပင်ကိုစရိုက်ဘဝဖြစ်စေသောလုပ်ငန်းလည်ပတ်မှုကို တည်ထောင်ရန် အခွင့်အရေးတစ်ရပ်ပေးအပ်ထားတော်မူပါ၏။ ယင်းသို့ထူးခြားဆန်းပြားသောကျောက်သည် လှုပ်ရှားလျက်၊ တံ့လျက်နေပါစေသော။ (ဃ၄ ၁၃၇.၆)

## အဖွဲ့အစည်းနှင့်ဆိုင်သောအလုပ်

ကျန်းမာရေးစားသောက်ခန်းမဆိုင်များနှင့် ဆေးကုခန်းများကို ဖွင့်လှစ်သင့်သည်။ ဤကဏ္ဍများအတွက် ကျွန်ုပ်တို့၏ကြိုးပမ်းခြင်းထဲတွင် ပင်လယ်ကမ်းခြေအပန်းဖြေစခန်းများလည်း ပါရမည်။ ဗတ္တိဇံဆရာယောဟန်၏တောထဲ၌ဟစ်ကြော်သောအသံအတိုင်း "ထာဝရဘုရားသခင်ကြွတော်မူရာလမ်းကိုပြင်ကြလော့" ဟုဆိုသကဲ့သို့ ဘုရားသခင့်စေတမန်များ၏စကားသံများသည်လည်း ခရီးသွားစခန်းနှင့် ပင်လယ်ကမ်းခြေအပန်းဖြေစခန်းတွေမှာလူတွေအားလုံး ကြားကြရပါစေ။ (ဃ၄ ၁၃၈.၁)

ကျွန်ုပ်အလင်းတစ်ချက်မြင်လိုက်ရသည်မှာ မြို့များတွင်ရှိကြသည့်စားသောက်ဆိုင်တွေဆေးကုခန်းနှင့် အဆက်အစပ်ရှိနေဖို့သင့်ကြောင်းပင်တည်း။ ယင်းနှစ်ခုသည် စည်းကမ်းနည်းလမ်းအမှန်ဖြင့် ထိန်းသိမ်း၍ ပူးပေါင်းလုပ်ဆောင်နိုင်ကြရမည်။ ဤကိစ္စနှင့်ပတ်သက်၍ ဖျားနာသူများအား ပြုစုပေးနိုင်သည့်နားနေခန်းမများကိုလည်း တစ်ခါတလေရှိထားသင့်ကြသည်။ ဤသို့တည်ထောင်ထားရှိခြင်းသည် ကျေးလက်တောရွာများ၌ တည်ရှိသောနာလန်ထရောဂါသည်ဆေးကုခန်းမကြီးကြပ်သူများကဲ့သို့ အသုံးတော်ခံကြပါလိမ့်မည်။ (ဃ၄ ၁၃၈.၂)

ကျွန်ုပ်တို့၏မြို့များအတွက် သခင်ဘုရား၏သတင်းစကားရှိသည်။ ထိုသတင်းစကားသည် စခန်းသွင်းအစည်းအဝေးများတွင် ကြေညာပြောဆိုရန်ရှိသည်။ ထိုပြင်လူထုအတွင်း ကြိုးပမ်းခြင်းအားဖြင့်သော်လည်းကောင်း၊ ကျွန်ုပ်တို့ထုတ်ဝေသောလက်ကမ်းစာအုပ်၊ စာစောင်များမှတစ်ဆင့်သော်လည်းကောင်း ကြေညာပေးကြရမည်။ နောက်ထပ်ဖြည့်စွက်ချက်တစ်ခုအနေဖြင့် မြို့များတွင် သန့်ရှင်းသောစားသောက်ဆိုင်များတည်ထောင်ဖွင့်လှစ်ပေးရမည်။ ထိုဆိုင်များ၌ အရက်သေစာသောက်စားရှောင်ကြဉ်ကြဖို့ သတင်းစကားကို ကြေညာပေးကြရမည်။ ကျွန်ုပ်တို့၏စားသောက်ဆိုင်များဆက်သွယ်ရေးအတွက် အစည်းအဝေးကျင်းပကြဖို့ သဘောတူညီချက်ရှိထားကြရမည်။ ဖြစ်နိုင်သည့်နေရာတိုင်းမှာစားသုံးသူဖေါက်သည်များကို ခေါ်ဖိတ်နေရာပေး၍ ကျန်းမာရေးသိပ္ပံပညာရပ်နှင့်ခရစ်ယာန်တို့ အရက်သေစာရှောင်ခြင်းအကြောင်း၊ အာဟာရပြည့်ဝသောအစားအစာများပြင်ဆင်ခြင်းအတွက် လမ်းညွှန်ချက်များရစေရန်နှင့် အခြားအရေးကြီးသောဘာသာရပ်များဟောပြောပေးနိုင်ရန် အခန်းတစ်ခန်းကိုလည်း စီစဉ်ပေးထားရမည်။ (ဃ ၁၃၈.၃)

ကျွန်ုပ်တို့၏စားသောက်ဆိုင်များသို့ ရောက်လာကြသူများဖတ်ဖို့ စာအုပ်စာစောင်များကို စီစဉ်ထားပါ။ သူတို့စိတ်ဝင်စားလာရန် ဆွဲဆောင်နိုင်သည့်စာပေများအနက် အရက်သေစာသောက်စားမှုရှောင်ကြဉ်ခြင်းအကြောင်းနှင့် အစာအာဟာရပြုပြင်ပြောင်းလဲစားသုံးခြင်းအကြောင်းများ ထုတ်ဝေစာစောင်များအပြင်၊ ခရစ်တော်၏သင်ခန်းစာဖေါ်ပြချက်များပါဝင်သည့်လက်ကမ်းစာရွက်များကိုလည်း ပေးလိုက်ရမည်။ ကျွန်ုပ်တို့လူတွေအားလုံးကလည်း ဤဖတ်စရာစာစောင်များဖြန့်ဝေခြင်းတာဝန်ကို မျှဝေထမ်းဆောင်ကြရမည်။ စားသုံးရန် ရောက်လာသူများအားလုံးဖတ်စရာတစ်ခုခုရသွားစေရမည်။ ပေးကမ်းလိုက်တဲ့စာစောင်များကို မဖတ်ဘဲ လွှင့်ပစ်လိုက်ကြသူများရှိမည်ဖြစ်သော်လည်း သင်လက်ကမ်းထည့်ပေးလိုက်၍ ရလိုက်သောသူများအနက် အချို့သည် အလင်းကိုရှာဖွေနေသူဖြစ်နိုင်သည်။ သူတို့သည် သင်ပေးလိုက်သည်ကို ဖတ်ကြည့်လေ့လာပြီးလျှင် အခြားသူများကို လက်ဆင့်ကမ်းပေးသွားကြလိမ့်မည်။ (ဃ ၁၃၈.၄)

ကျွန်ုပ်ညွှန်ကြားတော်မူခြင်းခံရပြန်သည်မှာ မြို့ကြီးများ၏ဗဟိုတွင် သန့်ရှင်းသောစားသောက်ဆိုင်များနှင့်ဆေးကုခန်းများအဘယ်ကြောင့်တည်ထောင်ထားသင့်ကြောင်း၏အခြေခံအကြောင်းပြချက်များအနက် တစ်ချက်သည် ဤသို့ပြုခြင်းကြောင့် ခေါင်းဆောင်ပိုင်းလူကြီးများက တတိယကောင်းကင်တမန်၏သတင်းစကားဆီသို့ခေါ်ယူခြင်းခံရပြီး အာရုံစိုက်လာကြစေဖို့ဖြစ်သည်။ ဤစားသောက်ဆိုင်များအား စီမံခန့်ခွဲပြင်ဆင်ထားသောနည်းလမ်းသည် အခြားသာမန်စားသောက်ဆိုင်အခင်းအကျင်းနှင့်မတူ ကွဲပြားလျက်ရှိသည့်အတွက် ဉာဏ်ထက်သောသူများက စီးပွားရေးနည်းစနစ်ခြားနားမှုများကို သတိပြုစုံစမ်းလာကြမည်ဖြစ်ပြီး အဆင့်မြင့်အစားအစာများကို ကျွန်ုပ်တို့တည်ခင်းကျွေးမွေးနိုင်ရသည့်အခြေခံစည်းကမ်းများအကြောင်းကိုလည်း စူးစမ်းမေးမြန်းလာကြပါလိမ့်မည်။ ဤသို့ဖြင့် သူတို့တစ်တွေသည် ယနေ့ကာလသတင်းစကားအကြောင်း သိကျွမ်းခြင်းသို့ရောက်ကြကုန်လတ္တံ့။ (ဃ၃ ၁၃၉.၁)

အချက်အပြုတ်နည်းပြကျောင်းများ

ဆေးကုသာသနာပြုအလုပ်တည်မြဲရာနေရာတိုင်း၌ အချက်အပြုတ်နည်းပြကျောင်းများစီမံခန့်ခွဲဖွင့်လှစ်သွားရန် အားပေးရမည်ဖြစ်ကြောင်း ကျွန်ုပ်အား ညွှန်ကြားချက်ပေးတော်မူပြန်သည်။ လူတွေကိုပြုပြင်ပြောင်းလဲခြင်းသို့ရောက်လာဖို့တိုက်တွန်းဆွဲဆောင်ခြင်းပြုလေတိုင်း သူတို့အရှေ့မှာ လက်ဆုပ်လက်ကိုင်ပြထားနိုင်ရမည်။ သူတို့အပေါ်သို့တတ်နိုင်သမျှအလင်းဖြာဆင်းစေကြပါစို့။ အစားအသောက်ပြင်ဆင်ခြင်းပညာတွင် သူတို့အဖို့ ပိုမိုတိုးတက်တတ်ကျွမ်းစေမည့်အရာမှန်သမျှကို သူတို့အား သင်ကြားပေးပါ။ သူတို့သင်ယူခဲ့သည်များကိုလည်း သူတစ်ပါးတို့အား သင်ပေးကြရန် တိုက်တွန်းပါ။ (ဃ၃ ၁၃၉.၂)

အချက်အပြုတ်နည်းပြကျောင်းများဖွင့်လှစ်ရမည်။ အာဟာရပြည့်အစားအစာများဘယ်လိုပြင်ဆင်ပေးရမည့်ပညာကို လူတွေသင်ယူကြရမည်။ ကျန်းမာရေးနှင့်မညီညွတ်သောအစာများကို လွှင့်ပစ်ဖို့လိုအပ်ကြောင်း သူတို့ကိုလုပ်ပြ

ရမည်။ သို့ပါသော်လည်း အတိုင်းအချင့်နှင့်စား၍ အငတ်ခံနေခြင်းမျိုးကို ဘယ်သောအခါမျှ ကျွန်ုပ်တို့မထောက်ခံကြောင်း ပြောပြပါ။ လက်ဖက်ရည်၊ ကော်ဖီနှင့်အမဲသားငါးများမပါဘဲနှင့်လည်း အာဟာရပြည့်ဝသောအစားအစာ အာဟာရများလွယ်ကူစွာရရှိနိုင်ကြောင်း ပြောပြပါ။ လူတွေကိုအရသာရှိရှိ စားကောင်းသောအာဟာရပြည့်ဝသည့် အစားအစာများကို ဘယ်လိုပြင်ဆင်ချက်ပြုတ်ရမည့်အကြောင်း သင်ကြားပေးခြင်းသည် အဆုံးစွန်ထိအရေးကြီးပါသည်။ (ဃ၃ ၁၃၉.၃)

အချိန်တန်ပြီဖြစ်သောသတင်းစကား

ကျွန်ုပ်အနေနှင့် ပုရောဖက်ဟေရှာယ၏အနာဂတ္တိကျမ်းအခန်းကြီး (၅၈) ပါသတင်းစကားကို ခြုံငုံစဉ်းစားမိကြရန် အသင်းသူ/အသင်းသားများအားလုံးကိုဖြစ်စေ၊ သာသနာပြုအမှန်အကန်များအားလုံးကိုဖြစ်စေ၊ တတိယကောင်းကင်တမန်၏သတင်းစကားယုံကြည်ကြသူများအားလုံးကိုဖြစ်စေ၊ ဥပုသ်နေ့ကိုရှောင်၍ ကျောခိုင်းနေကြသူများအားလုံးကိုဖြစ်စေ အလွန်ကြီး မတိုက်တွန်းနိုင်ပါ။ ဤအခန်းကြီးထဲက ကောင်းကျိုးရရှိခံစားလိုက်ရသောအလုပ်သည် ယနေ့ကာလတွင် ဘုရားသခင်၏လူများကို ကိုယ်တော်လုပ်ဆောင်စေလိုသောအမှုတော်ပေတည်း။ ကျမ်းစာသတင်းစကားအတိုင်းဖြစ်လာမည်ကိုလည်းကောင်း၊ ပြည့်စုံလာမည့်သတ်မှတ်ကာလကိုလည်းကောင်း သံသယစိတ်ဖြင့် ကျွန်ုပ်တို့နောက်ချန်မနေရစ်ပါ။ အကြောင်းမှာ ကျမ်းစာထဲတွင် ကျွန်ုပ်တို့ဖတ်ခဲ့ရ၏။ "၁၂ သင်၏အမျိုးအနွယ်သည် ရှေးပြိုပျက်ရာတို့ကို ပြုပြင်ကြလိမ့်မည်။ ရှေးကာလ၌တည်ဖူးသောတိုက်မြစ်များအပေါ်မှာ ထပ်ဆင့်၍ တည်ဆောက်ကြလိမ့်မည်။ ၁၂ သင်သည်လည်း ပြိုပျက်သောမြို့ရိုးကို ပြုပြင်သောသူ၊ လူနေရာလမ်းများကိုပြင်ဆင်သောသူဟူ၍ သမုတ်ခြင်းကိုခံရလိမ့်မည်။" (ဃ၃ ၁၃၉.၄)

ထာဝရဘုရားအောက်မေ့ဖွယ်ရာနေ့၊ သတ္တမနေ့ဥပုသ်၊ ကမ္ဘာမြေကြီးကိုဖန်ဆင်းစဉ်က အမှုတော်မြတ်၏အမှတ်သင်္ကေတသည် လူတို့၏ဒုစရိုက်အောက်၌ ဖုံးအုပ်အစားထိုးခံလိုက်ရလေပြီ။ ဘုရားသခင်ပညတ်တော်ပေး၍

တည်စေခဲ့သည့်မြို့ရိုးပြိုကျပျက်စီးနေခြင်းကို ပြုပြင်ရန် ကိုယ်တော့်လူများသည် အထူးပြုအမှုတော်ဆောင်ကြဖို့ရှိသည်။ နောက်ဆုံးနေ့သို့နီးနီးနားနားချဉ်းကပ်ရောက်လာလေလေ၊ ဤအမှုဆောင်ခြင်းပို၍အရေးတကြီးလိုအပ်လာလေလေပေတည်း။ ဘုရားသခင်ကိုချစ်မြတ်နိုးသူအပေါင်းသည် ပညတ်တော်များကိုစောင့်ရှောက်ခြင်းအားဖြင့် ကိုယ်တော်၏အမှတ်တံဆိပ်ကို ခံယူသူဖြစ်ကြောင်း ပြသရလိမ့်မည်။ ထိုသူတို့သည် လူနေရာလမ်းကို ပြင်ဆင်သောသူများဟုခေါ်ဝေါ်သမုတ်ရမည်။ စစ်မှန်သောဆေးကုသာသနာပြုအလုပ်သည် ဘုရားသခင်၏ပညတ်တော်များကို စောင့်ခြင်းအမှုနှင့်ခွဲခြားထုတ်မရဘဲ တွဲလျက်ရှိနေသည်။ ယင်းအထဲတွင် ဥပုသ်နေ့သည် ထာဝရဘုရား၏ဖန်ဆင်းခြင်းအမှုတော်မြတ်၌ အောက်မေ့ဖွယ်ရာနေ့အဖြစ် အထူးဖော်ပြချက်ရှိထားသည်။ ဥပုသ်နေ့ကိုစောင့်ခြင်းသည် ထာဝရဘုရား၏ကိုယ်ကျင့်တရားပုံသဏ္ဍာန်တော်ကို ပြန်လည်တည်ဆောက်ရယူသည့်အလုပ်နှင့်တွဲဆက်လျက်ရှိနေသည်။ ဤအရာသည် ဘုရားသခင်၏လူများက ယနေ့ကာလ၌ ရှေ့သို့ဆက်လက်လုပ်ဆောင်နေကြသည်။ နက်နဲဆန်းကြယ်ခြင်းလည်းဖြစ်သည်။ ဤအမှုတော်ကို မှန်မှန်ကန်ကန်ဆောင်ရွက်ခြင်းသည် အသင်းတော်သို့ ကောင်းချီးမင်္ဂလာကြွယ်ဝစွာရောက်ရှိလာစေပါလိမ့်မည်။ (ဃ ၁၃၉.၅)

–၀–

## အခန်း (၁၂)
# ကျမ်းစာအလိုတော်အတိုင်းဧဝံဂေလိဟောပြောခြင်း

ကောင်းကင်ဘုံမှပေးလာသောအတွေးအခေါ်

သမ္မာကျမ်းစာကို ကိုင်စွဲဖတ်ရှုခြင်းသည် ကောင်းကင်ဘုံမှပေးလာသောအတွေးတစ်ခုဖြစ်သည်။ မစ်ရှင်လုပ်ငန်းလုပ်ဆောင်နေသော ဤဌာနခွဲတွင် ပါဝင်လုပ်ကိုင်နေကြသူအမျိုးသား/ အမျိုးသမီးနှစ်မျိုးစလုံးများစွာရှိနေပါသည်။ ဘုရားအမှုတော်ဆောင်များသည် ဘုရားသခင်၏ခွန်အားကြီးသောသူများအဖြစ်သို့ ဤနည်းဖြင့် တိုးတက်ရောက်ရှိလာနိုင်ကြသည်။ ဤရည်ရွယ်ချက်နှင့် ဘုရားနှုတ်ကပတ်တော်စကားသည်လည်း ထောင်ပေါင်းများစွာသောလူတို့က လက်ခံရလိုက်ကြပြီး လုပ်ဆောင်သူများသည် လူမျိုးတကာနှင့်ဘာသာစကားကွဲအမျိုးမျိုးပြောသူများဆီသို့ ကိုယ်တိုင်ကိုယ်ကျထိတွေ့ဖို့ ရောက်သွားကြပါလိမ့်မည်။ သမ္မာကျမ်းစာအုပ်သည် မိသားစုနေအိမ်များဆီသို့ ရောက်သွားပြီးလျှင် အလေးအမြတ်ထားအပ်သောသစ္စာတရားသည် ကောင်းမကောင်းသိကျွမ်းရာကိုယ်ကျင့်အသိတရားအဖြစ် နေအိမ်များဆီသို့ ယူတင်ပေးနေသည်။ လူတွေကျမ်းစာဖတ်ဖို့၊ စစ်ဆေးကြည့်ဖို့၊ သူတို့ကိုယ်သူတို့ စစ်ကြောကြည့်ဖို့ပန်ကြားခံကြရ၏။ သူတို့သည် ဘုရားသခင်ပေးသောဉာဏ်အလင်းကို လက်ခံယူမည် (သို့မဟုတ်) ငြင်းပယ်ပစ်မည်ဆိုသည်ကို ကိုယ်တိုင်တာဝန်ယူဆုံးဖြတ်ရတော့မည်။ ဘုရားသခင်သည် အကျိုးမရှိစေဘဲ ကိုယ်တော့်အတွက် ဤအဖိုးတန်သောအမှုတော်ကို အခွင့်ပေးလိမ့်မည်မဟုတ်ပါ။ ကိုယ်တော်သည် နာမတော်၌စိတ်နှိမ့်ချကြိုးပမ်းလုပ်ဆောင်ခဲ့သူတိုင်းကို အောင်ခြင်းသရဖူဆောင်းပေးလိမ့်မည်။ (ဃ၃ ၁၄၁.၁)

ကျွန်ုပ်တို့လုပ်ဆောင်ချက်များကို ကျွန်ုပ်တို့၏ခမည်းတော်ဘုရားသခင်သည် ကျွန်ုပ်အတွက် စည်းချမှတ်သားပေးခဲ့သည်။ ကျွန်ုပ်တို့သည်လည်း သမ္မာကျမ်းစာအုပ်ကို ကိုင်စွဲလျက် လောကသို့သတိပေးသတင်းစကားပြောရန် ရှေ့ဆက်ချီတက်ကြရမည်။ ကျွန်ုပ်တို့သည် ဝိညာဉ်များကယ်တင်ခြင်း၌ ထာဝရ

ဘုရား၏လက်တိုလက်တောင်းအကူများဖြစ်သည်။ ပျက်စီးဆုံးပါးနေကြရကုန်သောလူများဆီသို့ ဘုရားသခင်၏မေတ္တာရေစီးကြောင်း သွယ်ပေးရသောမြောင်းများလည်း ကျွန်ုပ်တို့ဖြစ်ကြ၏။ (ဃ ၁၄၁.၂)

အမှန်အကန်ခေါ်တော်မူသံ

လူများစွာသည် သာသနာနယ်ထဲတွင် တစ်အိမ်တက်ဆင်းအရောက်သွား၍ အမှုဆောင်ပေးကြရန်နှင့်စိတ်ပါဝင်တစားရှိကြသူများနှင့်အတူတကွ သမ္မာကျမ်းစာဖတ်ပေးခြင်း၊ ဆုတောင်းခြင်းပြုလုပ်ကြရန် ခေါ်ယူတော်မူခြင်းခံရကြလိမ့်မည်။ (ဃ ၁၄၁.၃)

အမှုဆောင်ရွက်ကြသူများစွာသည် သူတို့၏တစ်အိမ်တက်ဆင်းတာဝန်ပိုင်းကို လူပ်ရှားခြင်းနှင့်မိသားစုအတွင်း ကျမ်းစာဖတ်ပြပေးခြင်းအမှုတို့ကိုဆောင်ရွက်ကြရမည်။ (ဃ ၁၄၁.၄)

ဆက်ကပ်ထားပြီးသောအမျိုးသမီးများသည် တစ်အိမ်တက်ဆင်းသမ္မာကျမ်းစာဖတ်ခြင်းအမှုတော်၌ ပါဝင်ကြရမည်။ (ဃ ၁၄၁.၅)

ကျွန်ုပ်တို့သည် ခရစ်တော်ခြေလှမ်းအတိုင်း လိုက်လျှောက်နေကြပါလျှင် ကျွန်ုပ်တို့အစေခံပြုစုသည်ကို လိုလားကြသူတို့နှင့် ရင်းနှီးစွာဆက်ဆံကြရမည်။ ကျွန်ုပ်တို့သည် ကျမ်းစာကိုနားလည်သည်အထိ ဖတ်ပြရမည်။ ပညတ်တော်ကြေညာချက်များဟောပြောရမည်။ ချီတုံချတုံဖြစ်နေသူတို့ကို ကတိတော်များအကြောင်း ဖတ်ပြမည်။ သတိလက်လွတ်နေသူတို့ကို လှုပ်နိုးမည်။ အားနည်းသူများကို အားဖြည့်ပေးမည်။ (ဃ ၁၄၁.၆)

ဖိလိပ္ပုနှင့်အဲသယောပိအမတ်တို့ အတွေ့အကြုံများထဲ၌ ဘုရားသခင်ခေါ်ယူတော်မူသောသူများလုပ်ရမည့်အလုပ်ကို ပြထားခဲ့သည်။ အဲသယောပိအမတ်နေရာတွင် အဆင့်မြင့်လူတန်းစားတို့ ဖိလိပ္ပုကဲ့သို့သောသာသနာပြုလိုအပ်ကြောင်း တင်ဆက်ထားသည်ဖြစ်၍ ဘုရားသခင်၏စကားသံကို ကြားကြရသောသာသနာပြုများသည်လည်း ကိုယ်တော်ပို့သောနေရာသို့ သွားကြရမည်။ ဤကမ္ဘာထဲမှာ နှုတ်ကပတ်တော်သမ္မာကျမ်းစာဖတ်ပြီး ဆိုလိုရင်းအဓိပ္ပါယ်ကို

နားမလည်ကြသူတို့ရှိနေပါသည်။ ဘုရားသခင်ကိုသိကျွမ်းကြသောသူလူ ယောကျာ်းမိန်းမများသည် ထိုဝိညာဉ်များအား နှုတ်ကပတ်တော်အဓိပ္ပါယ်ရှင်းပြပေးဖို့လိုသည်။ (ဃ ၁၄၂.၁)

ကျွန်ုပ်တို့၏အသင်းသူ/အသင်းသားများအထဲတွင် တစ်အိမ်တက်ဆင်း ကျမ်းစာဖတ်ခြင်းအမှုတော်ကို ပို၍လုပ်ပေးသင့်ကြသည်။ (ဃ ၁၄၂.၂)

အမှုဆောင်ရွက်ကြသူများစွာသည် တစ်အိမ်တက်ဆင်းသွားပြီး လူတွေကိုကျမ်းစာဖွင့်ပြဖတ်ပြပေးရမည်။ (ဃ ၁၄၂.၃)

ပြည်နယ်များစွာတွင်လည်း ယနေ့ကာလအတွက် သမ္မာတရားကို တစ်ကြိမ်တစ်ခါမျှမကြားဘူးသေးသည့် စက်မှုလုပ်ငန်းဖြင့် အခြေကျနေသူများ၊ ကြွယ်ဝသောလယ်သမားများရှိနေကြသည်။ ယင်းသို့သောဒေသများသို့ အမှုဆောင်ဖို့သွားကြရမည်။ ကျွန်ုပ်တို့အထဲမှ သာမန်အသင်းသားများသည် ဤအစေခံအမှုမျိုးကို ယူတင်လုပ်ဆောင်ကြပါစို့။ စာအုပ်များငှါးပေးခြင်း၊ ရောင်းချခြင်းဖြင့်လည်းကောင်း၊ စာစောင်သတင်းစာများပို့သူအဖြစ်လည်းကောင်း၊ ကျမ်းစာဖတ်ပြပေးခြင်းဖြင့်လည်းကောင်း ကျွန်ုပ်တို့၏သာမန်အသင်းဝင်များသည် သူတို့၏အိမ်နီးရပ်ကွက်မိတ်ဆွေများနှင့် များစွာဝင်ဆံ့နိုင်ကြပါသည်။ ဝိညာဉ်များကို ချစ်မြတ်နိုးမှုနှင့်အတူ သူတို့တစ်တွေသည် သတင်းစကားကို တန်ခိုးနှင့်ကြေညာနိုင်၍ လူများစွာကိုပြောင်းလဲခြင်းသို့ရောက်လာစေလိမ့်မည်။(ဃ ၁၄၂.၄)

## အထင်ကြီးလောက်သောမြင်ကွင်းများ

ရာပေါင်းများစွာ၊ ထောင်ပေါင်းများစွာသောသူတို့သည် မိသားစုအိမ်များစွာသို့ အလည်အပတ်ရောက်ကြပြီး လူတွေကိုနှုတ်ကပတ်တော်ဖွင့်ဖတ်ပြနေကြသည်ကို မြင်ရ၏။ နှလုံးသားများသည် သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးအားဖြင့် ခိုင်မြဲစွာယုံကြည်လာကြပြီး စစ်မှန်သောပြောင်းလဲခြင်းစိတ်ဓာတ်များထွန်းကားလာနေပြီ။ (ဃ ၁၄၂.၅)

မိသားစုဝိုင်းတစ်ခုတွင် ကျမ်းစာဖတ်အမှုဆောင်သူနှစ်ဦးထိုင်နေကြသည်။ လူတွေအရှေ့မှာ သမ္မာကျမ်းစာအုပ်ကိုဖွင့်လျက် အပြစ်ကိုခွင့်လွှတ်ပေးသောကယ်တင်ရှင်သခင်ယေရှုခရစ်တော်အကြောင်းကို သူတို့နှစ်ဦးက ပြောပြနေကြသည်။ ဘုရားသခင်ကို အလွန်စိတ်ထက်သန်စွာဆက်ကပ်ဆုတောင်းခဲ့ကြ၍ သန့်ရှင်းသောဝိညာဉ်တော်လွှမ်းမိုးအုပ်စိုးလာသောအခါ နှလုံးသားများသည် အရည်ပျော်ပြီး ထိန်းချုပ်လာနိုင်ခဲ့ကြသည်။ သူတို့ဆုတောင်းခြင်းများသည် ရှင်လန်းခြင်း၊ တန်ခိုးနှင့်ပြည့်စုံခြင်းတို့ဖြင့် ရွတ်ဆိုကြ၏။ ဘုရားနှုတ်ကပတ်တော်စကားများကို ရှင်းပြနေကြစဉ် ဖျော့တော့ရောင်ခြည်ဖြာထွက်နေသောအလင်းသည် သမ္မာကျမ်းစာကို ထွန်းလင်းပေးနေသည်ကိုမြင်၍ ကျွန်ုပ်ဖြည်းညင်းစွာဆိုမိပါသည်။ “[၂၃]သခင်က မြို့ပြင်၊ လမ်းမ၊ ခြံနားသို့သွားဦးလော့။ ငါ့အိမ်ကိုပြည့်စေခြင်းငှါ အနိုင်အထက်ခေါ်သွင်းလော့။ (ဃ၃ ၁၄၂.၆)

ဤကမ္ဘာထဲမှာ နှုတ်ကပတ်တော်သမ္မာကျမ်းစာဖတ်ပြီး ဆိုလိုရင်းအဓိပ္ပါယ်ကို နားမလည်ကြသူတို့လူများစွာရှိနေကြပါသည်။ ကမ္ဘာကြီးထဲရှိ ကြကုန်သောလူအပေါင်းတို့သည် ကောင်းကင်ဘုံကို တမ်းတမ်းတတကြည့်မျှော်နေကြသည်။ ဆုတောင်းခြင်း၊ မျက်ရည်ကျခြင်း၊ မေးမြန်းခြင်းတို့သည် လူ့ဝိညာဉ်များစွာထံမှထွက်လာပြီး အလင်းရဖို့၊ ကျေးဇူးတော်ခံရဖို့နှင့် သန့်ရှင်းသောဝိညာဉ်တော်ရဖို့ သူတို့တောင့်တကြကုန်၏။ လူများစွာသည် ဘုရားသခင့်နိုင်ငံတော်အထဲ ဝင်လုနီးဖြစ်နေကြသည်မှာ ရိတ်သိမ်းမည့်သူအား စောင့်မျှော်နေခြင်းသာရှိနေကြပါတော့သည်။ (ဃ၃ ၁၄၃.၁)

## အလုပ်အတွက်ပြင်ဆင်ခြင်း

ယေရှု၏နောက်လိုက်များသည် ကိုယ်တော့်စကားကို နားမလည်ခြင်းထဲမှာနေ၍ ကျေနပ်နေကြပါလျှင် ဘုရားသခင်၏စိတ်နှလုံးနှင့်အလိုတော်များကို တွေ့ကြရမည်မဟုတ်။ လူအားလုံးကျမ်းစာကျောင်းသားများဖြစ်နေရမည်။ ခရစ်တော်သည် နောက်လိုက်တပည့်များအား မိန့်ဆိုခဲ့သည်။ “[၃၉]ကျမ်းစာအားဖြင့် ထာဝရအသက်ကိုရမည်ဟု စိတ်ထင်နှင့်သင်တို့သည် ကျမ်းစာကို

စေ့စေ့ကြည့်ရှုကြ၏။ ထိုကျမ်းစာပင် ငါ၏သက်သေဖြစ်၏။" ပေတရုကလည်း ကျွန်ုပ်တို့အား တိုက်တွန်းဆိုထားခဲ့သည်မှာ "၁၅ စိတ်နှလုံးထဲ၌ ထာဝရအရှင် ဘုရားသခင်ကို ရိုသေခြင်းရှိကြလော့။ သင်တို့မျှော်လင့်ခြင်း၏အကြောင်းကို မေးမြန်းသောသူရှိသမျှတို့အား နူးညံ့သောသဘော၊ ကြောက်ရွံ့သောသဘော နှင့်ပြန်ပြောခြင်းငှါ ကာလအစဉ်မပြတ်အသင့်ရှိနေကြလော့။" (ဃ ၁၄၃.၂)

အမှန်အကန်ပြောင်းလဲယုံကြည်ခြင်းသို့ ရောက်လာသောသူများသည် သမ္မာကျမ်းစာနားလည်ခြင်းတွင် ပို၍ပို၍တော်လာကြ၏။ ထိုသို့အားဖြင့် သူတို့ သည် အမှောင်ထဲ၌ရှိကြသောသူများ၊ အပြစ်နွံတွင်းမှာပျက်စီးနေကြရသူများ အား နှုတ်ကပတ်တရားအလင်းဟောပြော၍ ကယ်တင်ခြင်းသို့ရောက်ကြစေရန် ဆောင်ရွက်ပေးနိုင်စွမ်းရှိကြပါသည်။ (ဃ ၁၄၃.၃)

ကျွန်ုပ်တို့သည် လူအပေါင်းတို့အား ဘုရားသခင်၏နောက်ဆုံးသတိ ပေးစကားကို ကြေညာပေးနေရသောကြောင့် သမ္မာကျမ်းစာကို အလွန်ကြိုးစား သင်ယူခြင်းနှင့်အလင်းတရားပျံ့နှံ့ရောက်ရှိစေရေးစိတ်အားကြီးနေရခြင်းအကြောင်း များတွင် ကျွန်ုပ်တို့ဘာဖြစ်သင့်သလဲ။ ကောင်းကင်ဘုံမှအလင်းရောင်လက်ခံ ရကြသူ (ဝိညာဉ်) များသည် ထိုအလင်းကိုထပ်ဆင့်ပေးကမ်းကြပါစို့။ အမှု ဆောင်ရွက်ကြသူများသည် တစ်အိမ်တက်ဆင်းသွားရောက်၍ လူတွေကို ကျမ်းစာဖွင့်ဖတ်ပြခြင်း၊ လက်ကမ်းထုတ်ဝေစာစောင်များဖြန့်ဝေပေးခြင်း၊ သူတို့ ဝိညာဉ်များအား ကောင်းချီးပေးသောအလင်းတရားကို သူတစ်ပါးအား ဟောပြော ခြင်းတို့ကို ဆောင်ရွက်ကြပါစို့။ (ဃ ၁၄၃.၄)

ကျမ်းစာကျောင်းဆင်းအမှုတော်ဆောင်များသည် တိုးတက်လာကြ သောအခါ ကောင်းစွာချိန်ညှိလုပ်ဆောင်သည့်အမှုတော်တစ်ရပ် ရှေ့ဆက်သွား နိုင်ပါသည်။ ကျမ်းစာကျောင်းများ (သို့မဟုတ်) မြို့ပြသာသနာနယ်နှင့် ဆက်သွယ်၍ လူထုအစည်းအဝေးကြီးများကျင်းပသောအခါ ကျမ်းစာကျောင်း သားများကို နေ့စဉ်လမ်းညွှန်ချက်ပေးနိုင်သောသူများ၊ အထွေထွေညီလာခံ အတွက် လူထုကြိုးပမ်းခြင်းကို ရှေ့တန်းတင်စိတ်ပါလက်ပါစည်းရုံးလုပ်ဆောင် နိုင်သူများဖြစ်ကြသည့် ဝိညာဉ်ရေးရာနက်ရှိုင်းစွာသိကျွမ်းသူ အတွေ့အကြုံရှိ အမှုတော်ဆောင်ကြီးများပါဝင်သင့်ပါသည်။ (ဃ ၁၄၃.၅)

အောင်မြင်ခြင်းလျှို့ဝှက်ချက်

သင့်ဆုတောင်းခြင်း၊ ကျမ်းစာဖတ်ခြင်း၊ ဟောပြောခြင်းအထဲသို့ အလွန်အလေးအနက်ထားခြင်းနှင့် စိတ်အားထက်သန်ခြင်းတို့ကို ယူတင်ပါ။ ထိုသို့ပြုလျှင် သူတစ်ပါးတို့ကို သင်ဟောပြောပေးခဲ့သည့်အထွတ်အမြတ်ဖြစ်သည့် သမ္မာတရားခံစားမှုကို သင်ပေးကမ်းလိုက်နိုင်သည်ဖြစ်၍ သင်၌အသက်ရှင်သောလက်တွေ့ဘဝကိုရလိမ့်မည်။ သခင်ယေရှုအတွက် သင်ဘာလုပ်လုပ်၊ သင်အလွန်အလေးအနက်ထားလုပ်နိုင်ရန် သင့်ခွန်အားအလုံးစုံကိုသုံးပါ။ အမြင့်ဆုံးသောအဆင့်သို့ သင်ရောက်လိုက်ပြီဖြစ်သောကြောင့် ပိုမြင့်မြင့်တက်လို့မရနိုင်ဟူ၍ ဘယ်တော့မျှခံစားမနေရ။ လူတွေကိုစိတ်ပါဝင်စားလာစေရန် အမှုအရာတစ်မျိုးဖြင့် သမ္မာတရားကို သင်ဟောပြောနိုင်ရအောင် ထိုတာဝန်ကြီးအပေါ် သင့်စိတ်ပိုင်းဖြတ်ထားရှိပါ။ သူတို့ရှေ့၌ သင်ပြသပေးနိုင်သောစိတ်ပါဝင်စားစရာအကောင်းဆုံးနှုတ်ကပတ်တော်အပိုင်းကို ဆုပ်ကိုင်ဟောပြောပါ။ အချက်ကျကျတင်ပြခြင်း၊ သူတို့စိတ်ပါဝင်စားမှုကိုမြဲအောင် ထိန်းပေးထားခြင်းနှင့်အတူ သခင်ဘုရား၏လမ်းခရီးအထဲသို့ဝင်ဖို့ သူတို့ကိုလမ်းပြပေးပါ။ (ဃ ၁၄၄.၁)

လူတွေကိုမိတ်ဆက်ပေးလိုက်နိုင်သည့် အမှုတော်မြတ်ကြီးတစ်ခုသည် သမ္မာကျမ်းစာကို ဖတ်ပြလိုက်ခြင်းသာဖြစ်သည်။ လူတိုင်းအိမ်တံခါးပေါက်ဆီသို့ ဘုရားနှုတ်ကပတ်တော်ယူသွားပါ။ လူတိုင်း၏အသိတရားထဲသို့ ရိုးရိုးထုတ်ဖော်ချက်ဖြင့် တိုက်တွန်းပြောဆိုပါ။ "ကျမ်းစာကိုစေ့စေ့ဖွေရှာပါ" ဆိုသည့် သခင်ဘုရားမိန့်တော်မူခဲ့သည်ကို အထပ်ထပ်ပြောပြပါ။ ကျမ်းစာဖော်ပြချက်အတိုင်း ကောက်ယူရန်နှင့်ဘုရားသခင်၏ဉာဏ်အလင်းကို တိုးလျှိုးဆုတောင်းယူရန် သူတို့ကိုသတိပေးတိုက်တွန်းရမည်။ သူတို့အပေါ် အလင်းထွန်းတောက်လာသောအခါ အဖိုးတန်ရောင်ခြည်တန်းတစ်ခုချင်းကို ဝမ်းမြောက်ဝမ်းသာလက်ခံကြရန်နှင့် အကျိုးဆက်များကိုလည်း မကြောက်မရွံ့ သည်းခံယူဖို့ သွန်သင်ပေးပါ။ (ဃ ၁၄၄.၂)

## ဝမ်းမြောက်ပျော်ရွှင်ဖွယ်အမှုတစ်ခု

တခြားသူများအား နှုတ်ကပတ်တော်ဖွင့်လှန်ပြရသည်မှာ ဝမ်းမြောက်ဖွယ်အလုပ်တစ်ခုဖြစ်၏။ (ဃ၃ ၁၄၄.၃)

အမှောင်ထဲရှိကြသူတစ်ယောက်ယောက်ကို နှုတ်ကပတ်တရားဖွင့်ပြပေးပါ။ သင်သည် သမ္မာတရားအကျိုးအတွက် အားလျော့ခြင်း၊ စိတ်မပါခြင်းဆင်ခြေပေးနိုင်လိမ့်မည်မဟုတ်။ သင့်စိတ်သည် ဝိညာဉ်များအတွက် ပူပန်ခြင်းဖြင့် နိုးထနေလိမ့်မည်။ ယုံကြည်ခြင်း၌ သက်သေခံရခြင်းအားဖြင့် ရွှင်လန်းမှုသည် သင့်စိတ်နှလုံးကိုပြည့်စေလိမ့်မည်။ "၂၅ သူတစ်ပါးကို ရေလောင်းသောသူသည် ကိုယ်တိုင်ရေလောင်းခြင်းအကျိုးကို ခံရလိမ့်မည်" ကို သင်သိလာရလိမ့်မည်။ (ဃ၃ ၁၄၄.၄)

—၀—

## အခန်း (၁၃)
## ခရစ်ယာန်စာပေသာသနာ

### ဦးစွာအရေးကြီးသောအလုပ်တစ်ခု

အခြားအလုပ်တစ်ခုခုထက် ပိုအရေးကြီးသည့်အလုပ်ရှိသည်ဆိုလျှင် ထိုအလုပ်သည် ကျွန်ုပ်တို့ပုံနှိပ်ထုတ်ဝေသောစာအုပ်၊ စာစောင်များကို လူထုရှေ့မှောက်သို့ အရောက်ပို့ဆောင်ပေးသောအလုပ်ဖြစ်ရမည်။ ဤနည်းဖြင့် လူတွေသမ္မာကျမ်းစာကို ဖွေရှာဖတ်ကြည့်ကြလိမ့်မည်။ မစ်ရှင်အလုပ်ဆိုသည်မှာ မိသားစုများဆီသို့ ကျွန်ုပ်တို့ပုံနှိပ်ထုတ်ဝေသောစာပေများကို မိတ်ဆက်ပေးခြင်း၊ စကားစမြည်ပြောခြင်းနှင့် သူတို့အတွက် သူတို့နှင့်အတူ ဆုတောင်းခြင်းစသည်ဖြင့် ကောင်းသောအလုပ်တစ်ခုဖြစ်သည်။ (ဃ ၁၄၅.၁)

ခရစ်တော်ကိုမြော်လင့်သောသတ္တမနေ့အသင်းသားတိုင်း မိမိကိုယ်မိမိ မေးကြည့်ပါ။ "တတိယကောင်းကင်တမန်၏သတင်းစကားကို ကြွေးကြော်ရန် ကျွန်ုပ်ဘာလုပ်ပေးနိုင်သလဲ။" ခရစ်တော်သည် မိမိတပည့်များက ဤသတင်းစကားကို အသင်းတော်သို့ ဟောပြောပေးစေလို၍ ကမ္ဘာမြေကြီးသို့ ဆင်းကြွလာခဲ့သည်။ ဤသတင်းစကားကို လူမျိုးအသီးသီး၊ တိုင်းနိုင်ငံရှိသမျှနှင့် ဘာသာစကားအမျိုးမျိုးပြောသူအနန္တလူသတ္တဝါအပေါင်းတို့အား ကြေညာပြောပြဖို့ဖြစ်ပါသည်။ ကျွန်ုပ်တို့ဘယ်လိုဟောပြောရပါ့မလဲ။ ကျွန်ုပ်တို့၏စာအုပ်စာပေများဖြန့်ချိခြင်းသည် ထိုသတင်းစကားကို ကြေညာပေးနိုင်သည့်နည်းတစ်နည်းဖြစ်ပါ၏။ ယုံကြည်သူတိုင်းသည် ယနေ့ကာလအတွက် သတင်းစကားပါဝင်သည့် အသံလွှင့်ချက်သတင်းလက်ကမ်းစာစောင်များနှင့် စာအုပ်စာပေများကို ကြဲဖြန့်ပေးကြရမည်။ နေရာဒေသအသီးသီးသို့ ကျွန်ုပ်တို့ပုံနှိပ်ထုတ်ဝေထားသောစာပေများကို ဖြန့်ဝေခြင်းလုပ်ငန်းလုပ်ဆောင်ရန် နယ်လှည့်ဓမ္မစာပေ ရောင်းချသူကိုလည်း ခန့်ထားဖို့လိုအပ်သည်။ (ဃ ၁၄၅.၂)

စာနယ်ဇင်းစာအုပ်စာစောင်များသည် ယနေ့အတွက် သတင်းစကားကို လူတို့ထံသို့ အမြဲပို့ပေးနိုင်ရန် ဘုရားသခင်ရည်ရွယ်တော်မူခဲ့ခြင်းဖြစ်သည်။ လူတွေကိုဥာဏ်အလင်းရစေ၍ သမ္မာတရား၌ ခိုင်မြဲနေစေရန် ပုံနှိပ်ထုတ်ဝေ စာအုပ်စာစောင်များသည် တရားဟောသာသနာတစ်ခုတည်းက ပြီးစီးအောင် လုပ်ပေးနိုင်သည်ထက် ပိုမို၍ကြီးစွာသောအမှုကို လုပ်ပေးနိုင်သည်။ စည်းရုံးဆွဲဆောင်သူ၏လုပ်ဆောင်ချက်ကြောင့် အိမ်တွေထဲက လူတွေရဲ့အရှေ့ရောက်နေသောအသံတိတ်တမန်များဖြစ်သည့်စာအုပ်စာစောင်များသည် နည်းမျိုးစုံဖြင့် ဧဝံဂေလိသာသနာကို အားကောင်းစေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် သန့်ရှင်းသောဝိညာဉ်တော်သည် စာအုပ်ဖတ်သူတို့၏စိတ်နှလုံးကို စွဲလမ်းစေလိမ့်မည်။ နှုတ်ကပတ်တရားဒေသနာကြားရသူများ၏စိတ်ဘဝင်ကို စွဲလမ်းစေသကဲ့သို့ စွဲလမ်းစေလိမ့်မည်။ သင်းအုပ်ဆရာများ၏အမှုတော်ထဲတွင် သာသနာ့ကောင်းကင်တမန်များစောင့်ရှောက်သကဲ့သို့ သမ္မာတရားပါသောစာအုပ်စာစောင်များ၌လည်း နည်းတူစောင့်ရှောက်လျက်ရှိကြသည်။ (ဃ ၁၄၅.၃)

စည်းရုံးဆွဲဆောင်မှုအလုပ်သည် အားပျော့နုံးခွေကျသွားခြင်းမရှိရ။ လက်ငင်းအမှန်တရားအကြောင်း ဖော်ပြပါဝင်သောစာအုပ်စာစောင်များသည် ဖြစ်နိုင်သမျှလူများစွာတို့၏ရှေ့တွင် ချခင်းပေးထားရမည်။ အသင်းတော်ယူနီယံဌာနချုပ်ဥက္ကဋ္ဌမှအစ တိုင်းဌာနချုပ်မှသာသနာ့ဝန်ထမ်းတာဝန်ရှိပုဂ္ဂိုလ်များအားလုံးသည် ဤကိစ္စကိုတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်ကြရမည်။ (ဃ ၁၄၅.၄)

ဤကမ္ဘာလောကကြီးသည် ကျွန်ုပ်တို့၏အချိန်အခါအလိုက် ထုတ်ဝေသောစာအုပ်စာပေလက်ကမ်းစာစောင်များအထဲမှတစ်ဆင့် ဧဝံဂေလိနှုတ်ကပတ်တော်သာသနာပြုခြင်းအားဖြင့် သမ္မာတရားအလင်းကိုရကြဖို့ဖြစ်သည်။ ကျွန်ုပ်တို့ပုံနှိပ်ထုတ်ဝေသောစာစောင်များသည် အရာအားလုံးလက်ရှိ နောက်ဆုံးရောက်နေပြီဆိုသည်ကို ပြသရန်ဖြစ်သည်။ (ဃ ၁၄၆.၁)

ဘုရားသခင်သည် မိမိလူတို့ကိုခေါ်ယူသည်မှာ အသက်ရှင်သောသူများကဲ့သို့လှုပ်ရှားဖို့ဖြစ်သည်။ လူဖျင်း၊ လူပျင်း၊ လူနုံအ၊ လူခပ်ညံ့ညံ့များကို

ခေါ်ယူသည်မဟုတ်ပါ။ ကျွန်ုပ်တို့ပုံနှိပ်ထုတ်ဝေသောစာအုပ်စာစောင်များကို လူတွေဆီသို့ သယ်ယူသွားကြပြီး လူတွေလက်ခံရန် တိုက်တွန်းနှိုးဆော်ကြရမည်။ (ဃ၃ ၁၄၆.၂)

ကျွန်ုပ်တို့ပုံနှိပ်ထုတ်ဝေသောစာအုပ်စာစောင်များသည် ဧဝံဂေလိမျိုးစေ့များကို ယခုကြဲချလိုက်ခြင်းဖြစ်ပြီး တရားဒေသနာများကဲ့သို့ ဝိညာဉ်များစွာ ကို ခရစ်တော်ဆီယူတင်ပို့ပေးနိုင်သောတန်ဆာပလာများဖြစ်လေသည်။ သူတို့ဖြန့်ဝေပေးနိုင်သောအကျိုးအားဖြင့် အသင်းတော်တစ်ရပ်လုံးသည် နိုးထလာခဲ့ကြသည်။ ဤအမှုတော်အထဲတွင် ခရစ်တော်၏တပည့်တိုင်းသည် အပိုင်းတစ်ပိုင်းပိုင်း၌ ပါဝင်လှုပ်ရှားနိုင်ကြသည်။ (ဃ၃ ၁၄၆.၃)

ကောင်းကင်ဘုံမှတမန်တစ်ပါးသည် ကျွန်ုပ်တို့၏အလယ်မှာပေါ်လာ၍ဩဝါဒနှင့်သတိပေးစကားများကို ပြောလာပါသည်။ သူသည် နိုင်ငံတော်သတင်းစကားမှာ ပျက်စီးဆုံးပါးနေသော ဤကမ္ဘာလောကအတွက် ဖြစ်ကြောင်းရှင်းလင်းစွာနားလည်စေခဲ့ပါသည်။ ထိုသတင်း စကားသည် ကျွန်ုပ်တို့အသင့်ပုံနှိပ်ထုတ်ဝေပြီးသောစာနယ်ဇင်းများနှင့် နောက်ထပ်ထုတ်ဝေမည့်စာစောင်များအထဲတွင်ပါဝင်ပြီး ရပ်နီးရပ်ဝေး၌ရှိကြကုန်သောကမ္ဘာ့လူသားအပေါင်းတို့ထံဖြန့်ဝေပေးသင့်ကြသည်။ (ဃ၃ ၁၄၆.၄)

စာအုပ်လုပ်ငန်းသည် အလေးအမြတ်ထားအပ်သောလက်ရှိသမ္မာတရားအလင်းကို ကမ္ဘာလောကသို့ အလျင်အမြန်ထွန်းလင်းပေးရမည့်ရည်ရွယ်ချက်ဖြစ်သင့်သည်။ (ဃ၃ ၁၄၆.၅)

စာတန်သည် ပျိုရွယ်မောင်မယ်တို့၏ကိုယ်ကျင့်တရားကျဆင်းခြင်းနှင့် စိတ်ဓာတ်အဆိပ်သင့်စေသောညစ်ညမ်းစာပေများ ဖြန့်ဖြူးရေးအလုပ်ဖြင့် ဝင်လာနှောင့်ယှက်ရန် ကျွန်ုပ်တို့လုပ်ငန်းဌာနထဲတွင် အလုပ်များနေသည်။ မိစ္ဆာတရားစာနယ်ဇင်းများသည် နယ်မြေတစ်လွှားတွင် များစွာပျံ့နှံ့လျက်၊ ဟောပြောလျက်ရှိနေသည်။ အသင်းသူ/အသင်းသားတိုင်းသည် လူတို့စိတ်ဓာတ်ကိုမြှင့်တင်ပေးရန် သူတို့အရှေ့သို့ သမ္မာတရားတိုက်ရိုက်ပို့ပေးနိုင်သောပုံနှိပ်ထုတ်ဝေစာအုပ်စာစောင်များဖြန့်ဝေပေးခြင်းအလုပ်ကို စိတ်ပါဝင်တစား

အလေးအနက်ထားမလုပ်သင့်ကြပြီလော။ ယင်းစာနယ်ဇင်းများနှင့် လက်ကမ်းစာစောင်များသည် လောကကိုအလင်းပေးရန်ဖြစ်ပြီး လူတွေပြောင်းလဲရောက်ရှိလာစေဖို့ မကြာမကြာအသုံးဝင်သောတန်ဆာပလာများဖြစ်ကြသည်။ (ဃ ၁၄၆.၆)

ကျွန်ုပ်တို့သည် ကောင်းမွန်စွာပြင်ဆင်ထားသောစာအုပ်စာပေများ ပျံ့နှံ့စေရေးအလုပ်ကို ပြီးဆုံးအောင်လုပ်ရမည့်အကြောင်းနှင့်ပတ်သက်၍ လက်ရှိလည်း အိပ်ပျော်နေဆဲဖြစ်ပါသည်။ ယခုတွင် ကျွန်ုပ်တို့သည် ပုံနှိပ်ထုတ်ဝေထားသောစာအုပ်စာစောင်များကို ကောင်းကောင်းအသုံးချခြင်းဖြင့် စိတ်ဆုံးဖြတ်ခိုင်မြဲစွာ၊ နှုတ်ကပတ်တရားကို ဟောပြောကြပါစို့။ သို့ပြုမှသာ ပတ်မုကျွန်းတွင် ယောဟန်အား ခရစ်တော်ပေးခဲ့သောသတင်းစကားကို ဤလောကကြီးက သဘောပေါက်နိုင်လာကြလိမ့်မည်။ (ဃ ၁၄၆.၇)

အသင်းသူ/အသင်းသားအပေါင်းတို့ ကျွန်ုပ်တို့၏ခမ္မစာပေဖြန့်ချိရေးအလုပ်အတွက် အရေးတကြီးထားလုပ်ကြရန် နိုးထကြပါစို့။ လူနေအိမ်တွေ မှာ လက်ကမ်းစာစောင်၊ စာအုပ်စာပေစာနယ်ဇင်းများ အရောက်ပို့ထား၍ အပိုင်းကဏ္ဍပေါင်းစုံဖြင့် သတင်းကောင်းတရားကို ဟောပြောကြပါစို့။ အချိန်တွေမကုန်ဆုံးသွားစေကြရ။ လူများစွာသည် ကိုယ်တိုင်စိတ်ပါလျက် ကိုယ်ကျိုးမဖက်ဆွဲဆောင်စည်းရုံးခြင်းအလုပ်ကို လုပ်ကြဖို့လိုသည်။ သို့နှင့်သူတို့ကို ကြောင်းကျိုးခိုင်လုံသောသတိပေးစကားများပြောလာရန် ကူညီနိုင်လိမ့်မည်။ အသင်းတော်သည် ခန့်အပ်အမှုကိုဆောင်သည်ရှိသော် ရှေ့တိုးတက်လိမ့်မည်။ "လကဲ့သို့တင့်တယ်၍ နေကဲ့သို့ရှင်းလင်းကာ အောင်လံတလွင့်လွင့်နှင့်ခန့်ညားသောတပ်မဟာကြီးတစ်ခုကဲ့သို့သောအသင်းတော်" ဖြစ်လတ္တံ့။ (ဃ ၁၄၇.၁)

သာသနာလုပ်ငန်းပိုင်းဆိုင်ရာကြိုးစားမှုများကြောင့် ကမ္ဘာလောကကြီးသို့သမ္မာတရားအလင်းရောင်ခြည်တန်းထိုးကျနေပါသည်။ ပုံနှိပ်စာပေဖြန့်ချိရေးလုပ်ငန်းသည် အသင်းတော်သာသနာ့လုပ်ငန်းအားဖြင့် ရောက်နိုင်ချေမရှိသောလူများစွာဆီသို့ သတင်းစကားအရောက်ပို့ပေးနိုင်သည့်တန်ဆာပလာကောင်းတစ်ခုဖြစ်ပါသည်။ (ဃ ၁၄၇.၂)

စစ်ကြောရေးညကာလကုန်လုနီးပါပြီ။ စာတန်သည် မိမိကာလ တစ်ခဏသာရှိသည်ကိုမြင်သောကြောင့် ပိုင်နိုင်သောအာဏာစက်ဖြင့် ထိန်းချုပ်လာနေပါသည်။ ထာဝရဘုရား၏ဆုံးမပဲ့ပြင်မှုသည်လည်း ဤကမ္ဘာပေါ်၌ တည်နေသဖြင့် သမ္မာတရားကို သိနားလည်ကြသူများကျောက်ဆောင်တည်း ဟူသောခရစ်တော်ကို အကာအကွယ်ယူလျက် ဘုရားသခင်၏ဘုန်းတော် ထင်ရှားခြင်းကို ရှုစားရန်ဖြစ်ပါသည်။ ယခုတွင် သမ္မာတရားသည် ဖုံးအုပ် မနေရ။ ရှင်းလင်းသောကြေညာချက်ပြုရတော့မည်။ အရှိအတိုင်းဖြစ်သော သမ္မာတရားကို စာအုပ်စာပေများဖြင့်တစ်မျိုး၊ လက်ကမ်းစာစောင်များဖြင့် တစ်ဖုံ၊ ဆောင်းဦးရာသီသစ်ရွက်များကဲ့သို့ ကမ္ဘာ့နေရာအနှံ့ကို ကြဲဖြန့်ရောက် စေသင့်ပါသည်။ (ဃ ၁၄၇.၃)

လူတို့၏ဝန်ဆောင်မှုကိုလိုလားသူ၊ အလင်းတရားရှာနေသူများအား အချိန်မီဟောပြောပေးနိုင်ကြသည့် စည်းရုံးဆွဲဆောင်သူများသည် ဤသမ္မာ တရား၏အသံတိတ်တမန်များကဲ့သို့သောဓမ္မစာစောင်များကို လူတွေဆီအရောက် ပို့ဆောင်ပေးရန် လိုအပ်ပါသည်။ "ကျွန်ုပ်သည် သင်းအုပ်ဆရာမဟုတ်၊ တရားမဟောတတ်" ဟု လူအချို့ဆိုပါမည်။ သင်သည် တရားမဟောနိုင် သော်လည်း သင်နှင့်ထိတွေ့ဆက်ဆံလာသူများ၏လိုအပ်ချက်များကို အစေခံ ပြုစုပေးရသောဧဝံဂေလိဆရာတစ်ဦးဖြစ်နိုင်ပါသည်။ သင်သည် တပည့်တော် များလုပ်ဆောင်ခဲ့သည့်အတိုင်း ဘုရားသခင်၏အကူလက်အဖြစ် လုပ်ပေးနိုင် သည်။ သခင်ယေရှုကို ချစ်သောသူများနှင့် သင်တွေ့ဆုံရလျှင် အတူတကွ စကားစမြည်ပြောခြင်း၊ ဆုတောင်းခြင်းလုပ်နိုင်သည်။ (ဃ ၁၄၇.၄)

## ထက်မြက်သောအေဂျင်စီများဖြစ်သည့်စာပုံနှိပ်တိုက်

ခရစ်တော်ကိုမြော်လင့်သောသတ္တမနေ့အသင်းသူ/အသင်းသားများ သည် လောကမှခွဲခြား၍ တစ်မူထူးသောလူတစ်စုအဖြစ် ဘုရားသခင်ရွေးကောက် တော်မူခြင်းခံကြရသူများဖြစ်ပါသည်။ ဘုရားသခင်သည် လောကကျောက်မိုင်း မှသမ္မာတရားကျောက်စဉ်းစားကြီးဖြင့် ဖြတ်ထုတ်လိုက်သောကျောက်ကဲ့သို့

သူတို့ကိုကိုယ်တော်နှင့် ဆက်ဆံခွင့်ယူတင်ပေးခဲ့သည်။ ကိုယ်စားလှယ်တော်များအဖြစ်လည်း ခန့်အပ်ပေး၍ သူတို့ကိုနောက်ဆုံးသောကယ်တင်ခြင်းအမှုတော်ထဲမှာ ကိုယ်တော့်အတွက် သံတမန်များအဖြစ် ခေါ်တော်မူခဲ့သည်။ သေမျိုးဖြစ်သောလူတို့အတွက် အစဉ်အပ်ပေးတော်မူသောအကြီးမြတ်ဆုံးသမ္မာတရားကြွယ်ဝမှု၊ လူတွေကိုဘုရားသခင်လွှတ်ပေးနေသောအလေးနက်ဆုံးနှင့်ကြောက်စရာအကောင်းဆုံးသတိပေးချက်များသည် လောကသို့ထပ်ဆင့်သတင်းပေးရန် သူတို့ထံအပ်နှံတော်မူခဲ့ပါသည်။ ဤအမှုတော်ပြီးစီးအောင်ဆောင်ရွက်ခဲ့ခြင်းတွင် ကျွန်ုပ်တို့၏စာပုံနှိပ်တိုက်များသည် အထက်မြက်ဆုံးလုပ်နိုင်သောကိုယ်စားလှယ်အေဂျင်စီများဖြစ်ကြလေသည်။ (ဃ၇ ၁၄၇.၅)

ကျွန်ုပ်တို့၏စာပေပုံနှိပ်ထုတ်ဝေဖြန့်ချိရေးလုပ်ငန်းသည် ဘုရားသခင်၏ညွှန်ကြားချက်ဖြင့် ကိုယ်တော်၏အထူးစီမံကြီးကြပ်မှုအောက်၌ တည်ထောင်ခဲ့ခြင်းဖြစ်သည်။ (ဃ၇ ၁၄၈.၁)

အထက်ကောင်းကင်ဘုံမှ မဟာတန်ခိုးတော်နှင့် ဆင်းသက်ရောက်လာသောအခြားကောင်းကင်တမန်သည် မြေကြီးပေါ်တွင် ဘုရားဘုန်းတော်ရောင်ခြည်ထွန်းတောက်ခြင်းနှင့်အတူ ကျွန်ုပ်တို့၏စာပုံနှိပ်ထုတ်ဝေရေးလုပ်ငန်းသည် အမြင်ကျယ်သောအဆင့်တစ်ခု၌ လုပ်ဆောင်ပြီးမြောက်ခြင်းရှိစေရမည်။ (ဃ၇ ၁၄၈.၂)

ကျွန်ုပ်တို့စာပုံနှိပ်တိုက်များသို့ ကျွန်ုပ်အား နှုတ်ခွန်းဆက်စကားပြောစေခဲ့သည်မှာ "စံနှုန်းကိုမြှင့်တင်လော့၊ ပို၍မြင့်မြင့်မြှင့်တင်ကြ၊ တစ်လောကလုံးကြားလောက်အောင် တတိယကောင်းကင်တမန်၏သတင်းစကားကို ကြွေးကြော်လော့။ '၁၂ ဘုရားသခင်၏ပညတ်တို့ကိုလည်းကောင်း၊ ယေရှု၏ယုံကြည်ခြင်းကိုလည်းကောင်း စောင့်ရှောက်သောသန့်ရှင်းသူတို့ (ဗျာဒိတ် ၁၄:၁၂)' ကိုဒီနေရာမှာ သူတို့အား မြင်စေကြပါ။ ကျွန်ုပ်တို့၏စာပေသည် တစ်လောကလုံး၏သက်သေအဖြစ် သတင်းစကားကို ကြေညာကြပါစို့။" (ဃ၇ ၁၄၈.၃)

## စာပုံနှိပ်ထုတ်ဝေဖြန့်ချိရေးကိုတိုးချဲ့ခြင်း

ယနေ့အတွက် သမ္မာတရားကို ယုံကြည်ကြသူအပေါင်းတို့ နိုးထကြကုန်လော့။ သမ္မာတရားကို သိရှိနားလည်၍ ကြွေးကြော်နေကြသောသူတို့အား အကူအညီပေးရန် ဖြစ်နိုင်သမျှ နည်းလမ်းပေါင်းစုံဖြင့် လုပ်ဆောင်ရမည်မှာ ယနေ့ကာလသင်တို့၏တာဝန်ဖြစ်သည်။ ကျွန်ုပ်တို့၏ဓမ္မစာပေရောင်းချခြင်းမှရရှိသောဝင်ငွေအကျိုးအမြတ်တချို့ကို ကျွန်ုပ်တို့၏စာပေထုတ်လုပ်မှုတိုးပွားရန် လိုအပ်သည့်နေရာများမှာ အသုံးပြုသွားခြင်းဖြင့် ဝိညာဉ်မျက်လုံးကန်းနေသူတို့အား အလင်းပေး၍ မာကျောနေသောနှလုံးသားကို ပျော့ပျောင်းစေလိမ့်မည်။ (ဃ ၁၄၈.၄)

အမေရိကတိုက်၊ ဥရောပတိုက်နှင့် အခြားကမ္ဘာ့ဒေသနေရာအနှံ့မှာ လက်ရှိကာလသမ္မာတရားအလင်းအကြောင်းပါဝင်သောစာပေများပုံနှိပ်ထုတ်ဝေရန် အဆောက်အအုံများဆောက်လုပ်ရမည်ဟု နှစ်များစွာကတည်းက ကျွန်ုပ်အား သခင်ဘုရားအထူးညွှန်ကြားတော်မူခဲ့ပါသည်။ ကိုယ်တော်လမ်းညွှန်တော်မူခဲ့သည်မှာ ဖိတ်ခေါ်သတိပေးခြင်းသတင်းစကားများရေးသားပုံနှိပ်ထားသည်များကို ကမ္ဘာလောကသို့ ဆက်လက်ဖြန့်ချိပေးရန် အားစိုက်ကြိုးပမ်းမှုအလုံးစုံပြုရမည်ဟူ၍ဖြစ်သည်။ လူတချို့သည် အခြားနည်းလမ်းတစ်ခုခုဖြင့် မရောက်နိုင်သည့်နေရာကို ကျွန်ုပ်တို့၏စာပေအားဖြင့် ထိုးဖေါက်ဝင်ရောက်သွားလိမ့်မည်။ ကျွန်ုပ်တို့စာအုပ်စာပေများ၏တောက်ပသောအလင်းရောင်ခြည်တန်းသည် ယနေ့ကာလသမ္မာတရားအကြောင်းကို လောကသို့ဉာဏ်အလင်းပေးရန် တောက်ပဝင်းလက်စွာအလင်းထိုးပေးထားလိမ့်မည်။ (ဃ ၁၄၈.၅)

ကျွန်ုပ်တို့၏ပုံနှိပ်စာအုပ်စာပေများသည် တိုးတက်သောတိုင်းနိုင်ငံအသီးသီးတွင် ဖြန့်ဝေနိုင်ရန် မည်မျှပင်ကုန်ကျပါစေ။ ဘာသာစကားအမျိုးမျိုးဖြင့် ပုံနှိပ်ထုတ်ဝေရမည်ဟု ကျွန်ုပ်လမ်းပြသွန်သင်ခံရပါသည်။ ယနေ့ငွေကြေးသည် ဝိညာဉ်များ၏အဖိုးတန်ခြင်းနှင့်နှိုင်းစာလျှင် ဘာတန်ဖိုးရှိနေသလဲ။ ကျွန်ုပ်တို့ရှာရသောငွေတစ်ပြားတစ်စမှန်သမျှသည် ဘုရားသခင်ပေး

သောဥစ္စာဖြစ်သည်ကို သိထားရမည်။ ကျွန်ုပ်တို့အပေါ် ဘုရားသခင်မြတ်နိုး အပ်နှံထားသည်ကို ကျွန်ုပ်တို့သည် မလိုလားအပ်သောဖိမ်ခံခြင်းအတွက် ဖြုန်းတီးပစ်လိုက်ကြရမည်မဟုတ်။ သို့သော် လူယောကျ်ား၊ လူမိန်းမများပျက်စီး နေခြင်းမှကယ်တင်ရန် ဘုရားသခင့်အမှုတော်အထဲတွင် သတိထားသုံးစွဲသွား ကြရမည်။ (ဃ ၁၄၉.၁)

ပုံနှိပ်ထားပြီးသောနှုတ်ကပတ်တော်သမ္မာတရားစာအုပ်များကို ဘာသာ စကားအမျိုးမျိုးသို့ ဘာသာပြန်ပေးရမည်။ ဤကပ်ကမ္ဘာကုန်သည့်တိုင် သယ်ယူဖြန့်ဝေပေးရမည်။ (ဃ ၁၄၉.၂)

ပုံနှိပ်ထုတ်ဝေထားသော ဤစာနယ်ဇင်းများကို ဘာသာစကားတိုင်း သို့ဘာသာပြန်ဆိုပေးရမည်။ အဘယ်ကြောင့်ဆိုသော် တစ်လောကလုံး၌ ဧဝံ ဂေလိသတင်းကောင်းဟောပြောနိုင်ရန်ဖြစ်သည်။ လုပ်ဆောင်သူတိုင်းအပေါ်၌ ခရစ်တော်ကတိထားခဲ့သည်မှာ ကောင်းကင်ဘုံရှင်၏စွမ်းရည်တော်က ကိုယ်တော့်ဝန်ဆောင်သူများအား အောင်ခြင်းအခွင့်ပေးလိမ့်မည်ဟူ၍ဖြစ်သည်။(ဃ ၁၄၉.၃)

ကျွန်ုပ်တို့၏ဓမ္မစာပေများသည် နေရာအနှံ့ထိုးဖေါက်ရောက်နေရမည်။ စာအုပ်များကို ဘာသာစကားအမျိုးမျိုးဖြင့် ပုံနှိပ်ထုတ်ဝေကြပါစို့။ တတိယ ကောင်းကင်တမန်၏သတင်းစကားသည် ဤဆက်သွယ်ရေးနည်းလမ်းနှင့် အသက်ရှင်သောသခင်ဆရာအားဖြင့် ပေးကမ်းသွားကြရမည်။ ယနေ့ကာလ သမ္မာတရားကို ယုံကြည်သောအသင်လူသားတို့၊ နိုးထကြလော့။ (ဃ ၁၄၉.၄)

ထာဝရဘုရား၏လူများစွာသည် ကျွန်ုပ်တို့ပုံနှိပ်ထုတ်ဝေသောစာအုပ် စာပေနှင့်အတူ တတိယကောင်းကင်တမန်၏သတင်းစကားဘယ်အခါကမျှ မကြေညာရသေးသောနေရာများသို့ သယ်ဆောင်ရောက်သွားကြရမည်။ ကျွန်ုပ် တို့၏စာအုပ်စာစောင်များကိုလည်း ဘာသာစကားအမျိုးမျိုးသို့ ဘာသာပြန် ဖြန့်ဝေပေးကြရမည်။ ဤစာအုပ်များနှင့်အတူ စိတ်နှလုံးနှိမ့်ချ၍ သစ္စာရှိကြ သောသူများက အိမ်လှည့်ဧဝံဂေလိဆရာများကဲ့သို့ အမှုဆောင်ထွက်သွားခြင်း

အားဖြင့် ယခင်တစ်ခါဖူးမျှ ဉာဏ်အလင်းမရကြသေးသူများထံသို့ သမ္မာတရားကိုသယ်ဆောင်ပို့ပေးရမည်။ (ယု ၁၄၉.၅)

တစ်မြို့မှတစ်မြို့သို့ တစ်နိုင်ငံမှတစ်နိုင်ငံသို့ မကြာမီကယ်တင်ရှင်ကြွလာတော်မူမည်ဟူသောကတိတော်ပါသည့် ပုံနှိပ်ထုတ်ဝေစာအုပ်စာစောင်များကို သူတို့သယ်ဆောင်သွားကြရမည်။ (ယု ၁၄၉.၆)

ကျွန်ုပ်တို့ထုတ်ဝေခဲ့သောစာအုပ်စာနယ်ဇင်းများသည် ပြည်ပတိုင်းပြည်အများအပြားတွင် အချို့လူများ၏စိတ်ထဲမှ မလိုမုန်းထားအစွဲအလမ်းနှင့်အယူသီးအစွဲကြီးခြင်းနံရံကို ချိုးဖေါက်ပေးခြင်းအမှုတော်တစ်ရပ်လုပ်ဆောင်ပြီးစီးစေခဲ့သည့်အကြောင်း ကျွန်ုပ်အား ဖေါ်ပြလာပါသည်။ လူယောကျ်ားမိန်းမတို့သည် လက်ရှိဖြစ်ပေါ်နေသည့်သမ္မာတရားအကြောင်းပါဝင်သည့် စာနယ်ဇင်းများနှင့်ဝေစာ စာမျက်နှာအနည်းငယ်အပေါ်တွင် စိတ်ပါဝင်တစားအထူးအာရုံစိုက်လေ့လာနေကြကြောင်းကို ကျွန်ုပ်အား စိတ်ဘဝင်ထင်ရှားစေခဲ့သည်။ ထိုသူများသည် သက်သေခံချက်များစွာကို တအံ့တသြဖတ်ခဲ့ကြရပြီး သူတို့အတွက် အသစ်အဆန်းလည်းဖြစ်၍ သမ္မာကျမ်းစာကို လေးလေးနက်နက်စိတ်ဝင်စားမှုအသစ်ဖြင့် ဖွင့်လှစ်လေ့လာခဲ့ကြရာတွင် တစ်ချိန်က သူတို့အတွက်မသိခဲ့ရသောသမ္မာတရားအကြောင်းအရာများသည် ယခုသူတို့ကိုရှင်းရှင်းသိစေခဲ့ပြီ။ အထူးသဖြင့် ထာဝရဘုရား၏လေးချက်မြောက် ပညတ်တော်မူခြင်းဥပုသ်နေ့မြတ်အကြောင်းကို အလင်းရခဲ့ကြသည်။ ကျမ်းစာကိုသူတို့စေ့စေ့ကြည့်ရှုဖွေရှာလေ့လာ၍ ဤအကြောင်းအမှန်ကို သိလာကြလျှင် ကောင်းကင်တမန်များသည် သူတို့အပေါ် လှုပ်ရှားပျံဝဲနေသောကြောင့် သူတို့နားလည်မှုများကို အလင်းသစ်ထွန်းလင်းပေးခဲ့သည်။ သူတို့ဖတ်ရှုနေခဲ့သည့်ပုံနှိပ်စာအုပ်စာစောင်များထဲက သမ္မာတရားသည်လည်း သူတို့စိတ်ဝိညာဉ်ကို စွဲလမ်းမှတ်သားစေခဲ့သည်။ (ယု ၁၄၉.၇)

စာအုပ်စာစောင်များနှင့်ဝေစာများသူတို့လက်တစ်ဖက်မှာကိုင်၍ အခြားလက်တစ်ဖက်မှာ သမ္မာကျမ်းစာအုပ်ကိုင်ထားကြသည်ကို ကျွန်ုပ်မြင်ရ၏။ သူတို့ပါးပြင်ပေါ်မှာ မျက်ရည်များဝဲလျက် ဘုရားသခင်၏ရှေ့တော်မှောက်တွင်

အလေးအနက်ထားစိတ်နှိမ့်ချဆုတောင်းခြင်းဖြင့် အလုံးစုံသောသမ္မာတရားထဲ၌ လမ်းပြမှုကိုသူတို့ခံယူနေကြသည်။ ဤအတွက် သူတို့ဆုမတောင်းမီကတည်းကပင် ဘုရားသခင်ပြုနှင့်တော်မူလေပြီ။ သူတို့အသည်းနှလုံးထဲမှာ သမ္မာတရားကိုလက်ခံပြီးသောအခါ သင့်မြတ်သောအမှန်တရားအစဉ်အတန်းကြီးကို သူတို့မြင်ကြရ၏။ သမ္မာကျမ်းစာအုပ်သည် သူတို့အတွက် စာအုပ်အသစ်၊ သူတို့စိတ်နှလုံး၌ အလွန်ပျော်ရွှင်စွာ စာအုပ်ကိုရင်ဝယ်ပိုက်လျက် သူတို့မျက်နှာရိပ်မျက်နှာထားသည်လည်း ပျော်ရွှင်ခြင်း၊ သန့်ရှင်းသောဝမ်းမြောက်ခြင်းတို့နှင့်အတူ အလုံးစုံတောက်ပထွန်းလင်းလျက်ရှိကြသည်။ (ဃ ၁၅၀.၁)

ဤသို့ဖြင့် သမ္မာတရားအလင်း၌ သူတို့ကိုယ်တိုင်ဝမ်းမြောက်ခြင်းသက်သက်ရှိရသည်ကို ကျေနပ်မနေဘဲ သူတစ်ပါးကိုလည်း ဝမ်းမြောက်စေဖို့အလုပ်စလုပ်ကြသည်။ အချို့တို့သည် သမ္မာတရားအတွက်နှင့် အမှောင်ထဲရှိကြကုန်သောသူတို့၏မိတ်ဆွေညီအစ်ကိုများအား အကူအညီပေးရန် ကြီးစွာသောစွန့်လွှတ်အနစ်နာခံခြင်းကို ပြုကြ၏။ ဤသို့ဖြင့် ပုံနှိပ်စာအုပ်စာစောင်များနှင့်ဝေစာများကို အခြားဘာသာစကားဖြင့် ဘာသာပြန်ဖြန့်ချိနိုင်ရေးအတွက်နည်းလမ်းကိုပြင်ဆင်လာကြ၏။ (ဃ ၁၅၀.၂)

## အခမဲ့ဖြန့်ချိနိုင်ရန်အခွင့်အရေးများ

ကျွန်ုပ်တို့၏စာအုပ်စာစောင်များကို မီးရထားပေါ်မှာ၊ လမ်းမတွေပေါ်မှာ၊ ပင်လယ်ပြင်ခေါက်တုံ့ခေါက်ပြန်ပေးဆွဲနေသောသင်္ဘောကြီးတွေပေါ်မှာ၊ ထို့ပြင်စာပို့လုပ်ငန်းများမှတစ်ဆင့် အမြော်အမြင်ရှိရှိဖြန့်ချိပေးကမ်းကြပါစို့။(ဃ ၁၅၀.၃)

ဤယနေ့ကာလခရီးလမ်းများထဲတွင် လူတန်းစားပေါင်းစုံနှင့်တိုင်းနိုင်ငံအသီးသီးမှ လူယောကျ်ားမိန်းမအများအပြားကို ဆက်သွယ်ရယူနိုင်သောအခွင့်အရေးသည် ဟိုယခင်ဣသရေလလူမျိုးတို့၏နေ့ကာလကထက် ပိုပြီးကြီးစွာရ၏။ လုံးလုံးလျားလျားခရီးသွားစရိတ်သည်လည်း အဆတစ်ထောင်မက ပိုကြီး

လာသည်။ ထာဝရဘုရားသည် လမ်းခရီးကို အံ့ဩဖွယ်ပြင်ဆင်ပေးလေ၏။ စာပုံနှိပ်လုပ်ငန်းသည်လည်း အမျိုးစုံစွာပစ္စည်းပစ္စယတွေနဲ့ ကျွန်ုပ်တို့၏ခန့်ခွဲမှုအောက်မှာရှိလာသည်။ ဘာသာစကားအမျိုးမျိုးနှင့် ပုံနှိပ်ထုတ်ဝေသောသမ္မာကျမ်းစာအုပ်များ၊ ဓမ္မပညာစာနယ်ဇင်းများစွာသည်လည်း ဆက်လက်ဖြန့်ဝေပေးရန် ကျွန်ုပ်တို့လက်ထဲရှိလာသည်။ ထို့ကြောင့် ဤအမှုတော်အတွက် ကျွန်ုပ်တို့သည် ကမ္ဘာ့ဒေသတိုင်းဆီကို သယ်ဆောင်သွားကြရမည်။ (ဃ ၁၅၀.၄)

ကျွန်ုပ်တို့၏လက်ကမ်းစာစောင်များ၊ ဝေစာများ၊ စာစောင်ဂျာနယ်များနှင့်စာအုပ်များကို အရပ်မျက်နှာအနှံ့နေရာတိုင်းသို့ ယူဆောင်သွားကြပါစို့။ သင်သွားလေရာရာလက်ရွေးစင်ဝေစာထုပ်ကို ယူသွားပြီး သင့်အဖို့အခွင့်သာလျှင်သာသလို ပေးကမ်းဝေငှလိုက်ပါ။ စာနယ်ဇင်းများကို သင့်အတွက်လိုအပ်မည်ထင်လျှင် ရောင်းချနိုင်သည်၊ အငှါးချထားနိုင်သည်၊ (သို့မဟုတ်) အခမဲ့ပေးဝေလိုက်နိုင်သည်။ သို့ပြုလျှင် တန်ဖိုးရှိသောအကျိုးကိုရလိမ့်မည်။(ဃ ၁၅၁.၁)

ပုံနှိပ်ထုတ်ဝေစာစောင်ငယ်များ မေတ္တာရိဖြန့်ချိရေးတွင် ကျွန်ုပ်တို့တာဝန်မကျေကြဟူ၍ ကျွန်ုပ်အား ဖေါ်ပြလာပါသည်။ ထိုစာစောင်ငယ်တစ်ခုတည်းဖြင့်သာလျှင် ယနေ့သမ္မာတရားကို လက်ခံယုံကြည်လာနိုင်သောရိုးသားနှိမ့်ချသူလူများစွာရှိနေသည်။ ဤကဲ့သို့စိတ်နှလုံးတို့ထိသူထံမှ အလှူငွေဖြင့်ထုတ်ဝေထားရသည့်စာမျက်နှာလေးငါးရှစ်မျက်နှာလောက်သာပါသည့်စာစောင်ငယ်လေးသည် နည်းနည်းလောက်တော့ အမှုတော်ကိုပြီးစီးစေနိုင်သည်။ မိတ်ဆွေတစ်ဦးတစ်ယောက်ဆီသို့ သင်စာရေးပို့သောအခါ စာအိတ်အထဲတွင် စာပို့ခအပိုမလို၊ ဝေစာတစ်စောင်နှစ်စောင်ကို သင်ထည့်ပို့လိုက်နိုင်သည်။ သင်သည် ခရီးသွားစဉ် ကားပေါ်၊ လှေပေါ်၊ စင်ပေါ် (သို့မဟုတ်) ပြောစကားနားထောင်လိုသူများကို ဝေစာစာရွက်တစ်ရွက်ကမ်းပေးလိုက်နိုင်သည်။ (ဃ ၁၅၁.၂)

## စိတ်ချရသောစာစောင်မှာယူသူများ

အသင်းတော်မှ ညီအစ်မများသည် ကျွန်ုပ်တို့ပုံနှိပ်ထုတ်ဝေသော စာနယ်ဇင်းစာစောင်များကို ပုံမှန်မှာယူသူစာရင်းရရှိရန် ကျွမ်းကျင်စွာလုပ်ကိုင်နိုင်ကြသည်။ ဤနည်းဖြင့် လူများစွာကိုသမ္မာတရားအလင်းသို့ ပို့ဆောင်ပေးနိုင်ကြပါ၏။ (ဃ ၁၅၁.၃)

ယခုအခါ ကျွန်ုပ်တို့သည် သမ္မာတရားပျံ့နှံ့စေရေးအတွက် လိုအပ်သောအထောက်အပံ့ပစ္စည်းအဆောက်အအုံများရရှိလာပြီဖြစ်သော်လည်း ကျွန်ုပ်တို့၏လူများသည် သူတို့ရနေသည့် ဤအထူးအခွင့်အရေးကို ကိုင်ယူပြီးလျှင် ရှေ့ထွက်မလာကြသေးပါ။ အသင်းတော်တိုင်းမှာ ထိုသူတို့သည် ဝိညာဉ်များကို ကယ်တင်ရန် သူတို့၏စွမ်းရည်များကို လိုသလိုအသုံးပြုဖို့ သူတို့မမြင်မိ၊ မခံစားမိကြသေးပါ။ ကျွန်ုပ်တို့ပုံနှိပ်ထုတ်ဝေသောကျန်းမာရေးဂျာနယ်အပါအဝင်စာနယ်ဇင်းများကို လစဉ်မှာယူသူစာရင်းကောက်ယူရန်နှင့် စာအုပ်များ၊ လက်ကမ်းစာစောင်များကို မိတ်ဆက်ပေးရန် သူတို့၌တာဝန်ရှိသည်ကို သူတို့အမှန်တကယ်မခံယူမိကြသေးပါ။ (ဃ ၁၅၁.၄)

## ဓမ္မစာပေစာအုပ်ရောင်းချခြင်း

လူများစွာသည် ဝမ်းနည်းစိတ်ပျက်အားလျော့၍ ယုံကြည်စိတ်ချရမှု၌ အားနည်းနေကြကုန်၏။ သူတို့ကိုယ်သူတို့ကိုယ်တိုင်လိုအပ်နေသည်ထက် ပို၍ သူတစ်ပါးကိုကူညီရန် တစ်စုံတစ်ရာလုပ်စေပါ။ သို့ပြုလျှင် ဘုရားပေးသောအစွမ်းဖြင့် သူတို့အားအင်တိုးလာပါလိမ့်မည်။ ကျွန်ုပ်တို့ပုံနှိပ်ထုတ်ဝေထားသောစာအုပ်များရောင်းချခြင်းအမှုတော်ထဲမှာ သူတို့ကိုပါဝင်လာစေပါ။ ဤသို့ဖြင့် သူတစ်ပါးကိုသူတို့ကူညီလာကြသောကြောင့် သူတို့ရလိုက်သောအတွေ့အကြုံများသည် သူတို့ကိုဘုရားသခင်၏အကူလက်များအဖြစ် စိတ်ချရခြင်းသို့ရောက်လာစေလိမ့်မည်။ သူတို့ကိုကူညီပါရန် ဘုရားသခင်ထံ သူတို့ဆုတောင်းအသနားခံလျှင် ကိုယ်တော်သည် အလင်းတရားရှာနေသူများဆီသို့ သူတို့ကိုလမ်းပြပို့ပေးလိမ့်မည်။ ခရစ်တော်သည် သူတို့နံဘေးတွင် အတူလိုက်

ပါလျက်ရှိပြီး သူတို့ကိုမည်သို့ပြောဆိုလုပ်ကိုင်ရမည်ကို သွန်သင်ပေးနေလိမ့်မည်။ သူတစ်ပါးအား နှစ်သိမ့်မှုပေးသူသည် ကိုယ်တိုင်နှစ်သိမ့်မှုကိုရလိမ့်မည်။ (ဃ ၁၅၁.၅)

## မြို့ကြီးများတွင်အလုပ်လုပ်ခြင်း

အမှုတော်ကြီးတစ်ခုပြုလုပ်ရမည့်ကာလအထဲတွင် ကျွန်ုပ်တို့အသက်ရှင်နေထိုင်နေကြရသည်။ စစ်မှန်သောသတင်းကောင်းရောက်ရမည့်နယ်မြေအထဲတွင် အစာခေါင်းပါးခြင်းဖြစ်နေသည်။ ဆာမွတ်နေသောဝိညာဉ်များစွာကိုအသက်မုန့်ပေးကြရမည်။ ခန့်အပ်ထားသောစည်းရုံးရေးမှူးဆရာတွေဆီအပ်နှံထားသည့်အလုပ်ထက် ဤအမှုကိုဆောင်ရွက်ခြင်းအတွက် ရနိုင်ကောင်းသည့်အခွင့်အရေးသည် တခြားမှာမရှိတော့လေပြီ။ ယနေ့ကာလ၏အဖိုးတန်သမ္မာတရားအလင်းအကြောင်း ရေးသားထားသည့်စာအုပ်ထောင်ပေါင်းများစွာကိုမြို့ကြီးများရှိ လူနေအိမ်များသို့အရောက်ဖြန့်ဝေပေးပို့ကြပါစို့။ (ဃ ၁၅၂.၁)

မင်္ဂလာရှိသောဝိညာဉ်ကယ်တင်ရေးဆိုင်ရာ သတင်းကောင်းသမ္မာတရားကိုကျွန်ုပ်တို့၏စာနယ်ဇင်းများတွင် ပုံနှိပ်ဖော်ပြထားသည်။ ကျွန်ုပ်တို့၏စာနယ်ဇင်းစာစောင်များကို ရောင်းချရန်အလုပ်တွင် ကူညီနိုင်သူများစွာရှိသည်။ ပျက်စီးဆုံးရှုံးနေသောဝိညာဉ်များကို ရှာဖွေကယ်တင်ကြရန် ကျွန်ုပ်တို့အား သခင်ဘုရားခေါ်ယူတော်မူနေပါသည်။ စာတန်သည် ရွေးကောက်ထားသူများကို လှည့်စားဖို့အလုပ်လုပ်နေသည်။ ယခုအခါ လုံ့လဝီရိယထား၍လုပ်ဆောင်ရန် ကျွန်ုပ်တို့၏အချိန်ရောက်နေပြီ။ ကျွန်ုပ်တို့၏စာအုပ်စာစောင်များကို လူတွေမြင်သာသည့်နေရာများတွင် ချထားပေးရမည်။ အချိန်ဆွဲမနေ ဘဲလက်ရှိသမ္မာတရားသတင်းကောင်းကို ကျွန်ုပ်တို့၏မြို့ကြီးများတွင် ဝေငှကြရမည်။ ကျွန်ုပ်တို့၏တာဝန်ရှိမှုကို မနှိုးဆွစေသင့်ကြပြီလော။ (ဃ ၁၅၂.၂)

## ကျန်းမာရေးဆိုင်ရာစာအုပ်စာပေများ

စည်းရုံးရေးမှူးအမှုဆောင်များသည် ကျွန်ုပ်တို့၏ကျန်းမာရေးပညာပေး စာအုပ်စာပေများ၊ တာဝန်ယူဖြန့်ဝေနေသူများနှင့် ခေါ်ယူတွေ့ဆုံ၍ ဤသို့ပုံမှန် ပုံနှိပ်ထုတ်ဝေထားသည့်စာစောင်များသည် ဖျားနာသူများအား ပြုစုခြင်းနှင့် အနာရောဂါများကုသခြင်းအကြောင်းများ၌ အဖိုးတန်ညွှန်ကြားချက်များရေး သားထားကြောင်းကို ပြောပြရမည်။ ယင်းလမ်းညွှန်ချက်များကို လေ့လာ ကျင့်သုံးမည်ဆိုပါက အိမ်ထောင်မိသားစုဝင်များကို ကျန်းမာစေမှာဖြစ်ကြောင်း လည်းပြောပြပါ။ လူ့အသက်တာသိပ္ပံကိုနားလည်ရန် မိသားစုတိုင်း၌ အဘယ် မျှအရေးကြီးလှကြောင်းကိုလည်း ရှင်းပြခိုင်းပါ။ လူ့ခန္ဓာကိုယ်၏အံ့ဩဖွယ် အသက်ရှင်လှုပ်ရှားနေသည်ကို ဖန်ဆင်း၍စောင့်ထိန်းနေတော်မူသောအရှင်ထံ သို့ လူတွေစိတ်ရောက်ကြဖို့ကိုလည်း လမ်းပြပေးရန်ပြောပါ။ လူတွေကို သူတို့၏စိတ်အာရုံများနှင့်ခန္ဓာကိုယ်များအားလုံးအတွက် ကောင်းစွာပြုစုစောင့် ရှောက်သွားရန် ဖန်ဆင်းရှင်ဘုရားသခင်နှင့်သူတို့ပူးပေါင်းလုပ်ဆောင်သွားကြ ရမည့်လူတို့၏တာဝန်ပိုင်းကို ပြောပြကြရမည်။ (ဃ ၁၅၂,၃)

ခန္ဓာကိုယ်ကို စနစ်တကျစောင့်ရှောက်ပြုစုခြင်းသည် တာဝန်ကြီး တစ်ရပ်ဖြစ်သလို ကိုယ်အင်္ဂါအစိတ်အပိုင်းများအကြောင်း ခန္ဓာဗေဒကိုလည်း ပညာဗဟုသုတရှိဖို့လိုသည်။ လူသည် မိမိ၏ဘဝတဏှာအလိုရမ္မက်ကြီးခြင်း နှင့်ခန္ဓာကိုယ်အသက်ရှင်မှုကို တလွဲသုံးခြင်းတို့ကြောင့် သူ့ခန္ဓာသည် အားအင် ချည့်နဲ့၍ ခက်ခက်ခဲခဲနေထိုင်လာရသောအခါ သူ့ကိုဖန်ဆင်းသောဘုရား သခင်၏အသရေကို ရှုတ်ချရာရောက်ကြောင်း ပြောပြပါ။ သင့်လက်တွင် ရှိသောစာအုပ်များသည် လူ့ခန္ဓာကျန်းမာရေးနှင့်ပတ်သက်၍ လမ်းညွှန်ချက် များဖော်ပြထားကြောင်းနှင့် ဤလမ်းညွှန်ချက်အတိုင်း လိုက်နာလေ့ကျင့်မည် ဆိုလျှင် သူတို့ခံစားနေရတဲ့ဝေဒနာများသက်သာစေမည့်အပြင် ထိုထက်မက ဆေးကုသစရိတ်ကုန်ကျငွေကိုပင် စုဆောင်းမိလိမ့်မည်ဖြစ်ကြောင်းကို သူတို့ အား ပြောပြကြရမည်။ ထို့အပြင် ဤစာအုပ်များတွင် ရေးသားထားသည့်

ကျန်းမာရေးအကြံပေးချက်များသည် ဆရာဝန်ဆီသို့ အချိန်တိုတစ်ကြိမ်တစ်ခါ သွားပြလို့မရနိုင်သောအချက်များဖော်ပြထားကြောင်းကိုလည်း လူတွေကိုပြော ပြကြရမည်။ (ဃ ၁၅၂.၄)

လူငယ်များသည် စည်းရုံးရေးမှူးအမှုကိုဆောင်၍ သူတို့မိတ်ဆွေ အပေါင်းအသင်းတို့၏ကယ်တင်ခြင်းအတွက် ပြင်းပြသောစိတ်ဖြင့် လိုလား တောင့်တကြပါသော် လူတွေပြောင်းလဲရောက်လာကြသည်ကို သူတို့တွေ့ကြ ရလိမ့်မည်။ သူတို့လုပ်ဆောင်သောအမှုတော်မှ သခင်ဘုရားအတွက် ရိတ်သိမ်း ပွဲတစ်ခုကို ပြုကြရလိမ့်မည်။ ထို့ကြောင့်လူငယ်တွေကို ယနေ့လက်ရှိသမ္မာ တရားအကြောင်းပါသောစာအုပ်စာစောင်များသွားရောက်ဖြန့်ဝေကြဖို့ သာသနာ ပြုသူများအဖြစ် စေလွှတ်လိုက်ကြပါစို့။ သူတို့အမှုတော်ထဲတွင် ဝန်လေးပင်ပန်း လာသောအချိန်အခါများတွင်လည်း မည်သို့စကားပြောတတ်ရမည့်အကြောင်း အလင်းဗဟုသုတရစေရန် ကျွန်ုပ်တို့အစဉ်မပြတ်ဆုတောင်းပေးကြပါစို့။ သူတို့ သည် သနားကြင်နာတတ်သောစရိုက်ကောင်းများအတွက် အခွင့်ရှာ၍ တိုးတက် လုပ်ဆောင်သင့်ကြသည်။ ဘုရားသခင်အတွက် အထူးတာဝန်တစ်ရပ်အနေဖြင့် သူတို့လုပ်နေရကြောင်း အမှတ်ရနေကြပါစေ။ သူတို့လုပ်ဆောင်မှုအထဲတွင် ကျန်းမာရေးဆိုင်ရာစာအုပ်အချို့ကို လက်ထဲတွင် အမြဲကိုင်စွဲသွားသင့်ကြ၏။ အဘယ်ကြောင့်ဆိုသော် ကျန်းမာရေးပြုပြင်ပြောင်းလဲခြင်းသည် သတင်းကောင်း ၏ညာလက်ရုံးဖြစ်သောကြောင့်တည်း။ (ဃ ၁၅၃.၁)

ခွဲခြားဆက်ဆံမှုမရှိဘဲဖြန့်ဝေပေးပါ

သင်းအုပ်ဆရာများ၏တရားဟောစကားသံမကြားရနိုင်သောနေရာ အရပ်များရှိ၍ ထိုနေရာများသို့စာပေဖြန့်ချိရေးအားဖြင့်သာလျှင် ထိုးဖေါက် ရောက်နိုင်သည်။ စာအုပ်များ၊ စာနယ်ဇင်းများနှင့်လက်ကမ်းဝေစာများသည် လူတွေအတွက် လိုအပ်သောကျမ်းစာသမ္မာတရားကို ရေးသားဖော်ပြထား၏။ ကျွန်ုပ်တို့၏စာအုပ်စာပေများကို နေရာအနှံ့တွင် ဖြန့်ဝေပေးရမည်။ သမ္မာ တရားကို ရေပေါ်ကြဲချထားလိုက်ရမည်။ အဘယ်ကြောင့်ဆိုသော် ဟိုမှာ၊

ဒီမှာဘယ်အရာကြီးထွားအောင်မြင်မည်ကို ကျွန်ုပ်တို့မသိရနိုင်သောကြောင့် တည်း။ ကျွန်ုပ်တို့သည် သမ္မာတရားကို လက်ခံရန်အသင့်ဖြစ်နေပြီဆိုသော လူတိုင်းကို စာအုပ်စာပေများဖြန့်ဝေပေးလိုက်ဖို့မသင့်ကြောင်း အမှားစစ်ကြော ခြင်းဖြင့် အထင်ရှိနိုင်ပါသည်။ ယနေ့အတွက် သမ္မာတရားပါဝင်သည့် လက်ကမ်းစာရွက်တစ်စောင်တလေကို ပေးကမ်းလိုက်ခြင်းအားဖြင့် မည်သို့ ကောင်းသောအကျိုးမှာ ရရှိလာနိုင်မည်ကို ကျွန်ုပ်တို့မသိရသေးပါ။ (ဃ ၁၅၃.၂)

## အပိုင်းအစတိုင်းကိုတန်ဖိုးထားပါ

မုန့်နှင့်ငါးအနည်းငယ်မျှဖြင့် လူအုပ်ကြီးကိုကျွေးမွေးခဲ့သောတန်ခိုးပြ ခြင်းထဲ၌ အစားအစာသည် ခရစ်တော်လက်မှတစ်ဆင့် လက်ခံရရှိသူများဆီသို့ လက်ကမ်းရောက်လာသောအခါ တိုးပွားလာခဲ့သည်။ ဤနည်းအားဖြင့် ကျွန်ုပ်တို့၏စာပေဖြန့်ချိရေးတွင် ဖြစ်နေရလိမ့်မည်။ ထာဝရဘုရား၏သမ္မာ တရားသည် လက်ကမ်းပေးလိုက်သောအခါတိုင်း အဆကြီးစွာတိုးပွားရမည်။ ခရစ်တော်၏လမ်းညွှန်ခြင်းအရ တပည့်တော်များအနေဖြင့် တစ်စုံတစ်ခုမျှ ပျောက်မသွားရလေအောင်အပိုင်းအစများကို ကောက်ယူစုသိမ်းကြရမည်။ ထိုသို့ သောအားဖြင့် ယနေ့အတွက် သမ္မာတရားရေးသားထားသောကျွန်ုပ်တို့၏စာပေ စာစောင်အပိုင်းအစအားလုံးကို တန်ဖိုးထားသင့်ကြသည်။ တတိယကောင်းကင် တမန်၏သတင်းစကားအမှန်ရေးသားဖော်ပြချက်ပါသည့် စာရွက်စုတ်အပိုင်းအစ ကလေးသည်ပင်လျှင် သမ္မာတရားကို ရှာဖွေနေသူအချို့၏စိတ်နှလုံးနှင့် တွေ့ထိနိုင်သည်ကို မည်သူတစ်ဦးတစ်ယောက်ကမျှ ခန့်မှန်းသိရှိနိုင်ကြလိမ့် မည်မဟုတ်ပါ။ (ဃ ၁၅၃.၃)

## ဓမ္မစာပေသိုလှောင်ထားရန်နေရာတည်ဆောက်ပါ

အရေးပါသောဒေသတိုင်းမှာ ဓမ္မစာပေသိုလှောင်ထားရန် နေရာ တည်ဆောက်ပါ။ သမ္မာတရားကို တကယ်မြတ်နိုးသူတစ်ဦးဦးသည် စာဖတ်

သူများလက်ထဲသို့ ဤစာအုပ်များဖြန့်ဝေပေးရန် စိတ်ဝင်တစားနှင့်ရောက်လာပါလိမ့်မည်။ (ဃ ၁၅၄.၁)

## ကောင်းကင်တမန်များလမ်းပြင်ဆင်ပေးထားသည်

ယနေ့လက်ရှိသမ္မာတရားအတွက် အမှုတော်မြတ်ထဲတွင် လူတိုင်းစိတ်ပါဝင်တစားပါဝင်သင့်ကြောင်းကို ကျွန်ုပ်ရှုမြင်မိပါသည်။ သမ္မာတရားအကြောင်းပါသည့်ပုံနှိပ်ထုတ်ဝေစာပေသည် ဘုရားသခင်ဘိသိက်ပေးတော်မူသောဝစီမံချက်ဖြစ်ပေသည်။ သတိပေးရန်၊ နှစ်သိမ့်မှုပေးရန်၊ ဆုံးမပဲ့ပြင်ရန်၊ တိုက်တွန်းနှိုးဆော်ရန်၊ သို့တည်းမဟုတ် အသံတိတ်စကားသံမဲ့တမန်များယူတင်ပေးလာသည်ကို အာရုံရသူများအားလုံးက စွဲမြဲယုံကြည်လာကြစေရန်ရည်ရွယ်တော်မူခြင်းဖြစ်ပါသည်။ ဘုရားသခင်၏ကောင်းကင်တမန်များသည် ပုံနှိပ်ထုတ်ဝေသောသမ္မာတရားစာပေအားဖြင့် စင်ကြယ်စေရသောနှလုံးသားများပြင်ဆင်ရာတွင် လူသူအရှေ့အိန္ဒြေရှိသောမြင်ကွင်းတစ်ခုရရှိနိုင်ဖို့ အပိုင်းတစ်ပိုင်း၌ ပါဝင်လှုပ်ရှားကြရ၏။ (ဃ ၁၅၄.၂)

―ဝ―

# အခန်း (၁၄)
# ဘာသာရေးလွတ်လပ်မှု

ဆီလျော်သောဆုတောင်းချက်တစ်ခု

"အိုထာဝရဘုရား၊ စီရင်တော်မူသောအချိန်ရောက်ပါပြီ။ သူတစ်ပါး တို့သည် တရားတော်ကိုပယ်ကြပါ၏" ဟူ၍ ဒါဝိဒ်ဆုတောင်းခဲ့သည်။ ဤဆုတောင်းချက်သည် ယနေ့ကာလအတွက် အကျုံးဝင်မှုလျော့နည်းမသွား ပါ။ လောကကြီးသည် ဘုရားသခင်ထံတော်ပါးမှ ရှောင်ထွက်သွားနေပြီ။ တရားဥပဒေမဲ့အခြေအနေသည်လည်း လူ့စိတ်နှလုံးကို ထိတ်လန့်ကြောက်ရွံ့ စေသည်။ ကြီးမြတ်သောကောင်းကင်ဘုံရှင်ဘုရင်ကို သစ္စာစောင့်သူတို့ သည် ပြုပြင်ပြောင်းလဲရေးအမှုတော်အတွက် ဦးဆောင်ထွက်လာခဲ့ ကြသည်။ ပါပရဟန်းမင်း၏အာဏာစက်သည် ယေဟောဝါဘုရား၏ပညတ် တော်အထဲတွင် အတုအယောင်ဥပုသ်နေ့ကို အစားထိုးပြောင်းလဲရန် တွေးတော ခဲ့သည်။ ဘာသာရေးလောကတစ်ခွင်လုံးသည် ဥပုသ်နေ့အမှားကို လေးစား၍ အစစ်အမှန်ဥပုသ်နေ့ကို မသန့်ရှင်းသောသူတို့ခြေအောက်မှာ နင်းခြေပစ်နေ ကြကုန်၏။ (ဃ ၁၅၅.၁)

ဘုရားသခင်၏ပညတ်တော်အပေါ်မှာ အငြင်းပွားရသောနောက်ဆုံး ရုန်းကန်ရမှုကြီးတစ်ရပ်သည် ခရစ်တော်နှင့်သူ၏ကောင်းကင်တမန်များနှင့် စာတန်နှင့်သူ၏တမန်များအုပ်စုနှစ်ခုအကြားတွင် ထင်ရှားလာတော့မည်။ ထိုအခါ တစ်လောကလုံးကလည်း ဆုံးဖြတ်ရမည့်အချိန်ရောက်လာလိမ့်မည်။ "တာဝန် ရှိအဆင့်သို့ရောက်နေသောလူများသည် သူတို့ကိုယ်တိုင်ဥပုသ်နေ့ကို ဂရုမစိုက်ရွံ့ရှာလာနေကြသည်မဟုတ်သေး၊ အလေးအမြတ်ထားရာစားပွဲထိပ်မှနေ၍ လူတွေကို ရက်သတ္တပတ်ပထမနေ့ကို စောင့်ကြဖို့နှင့် လူလုပ်အဖွဲ့အစည်းများက ပြဋ္ဌာန်းထားသောဓလေ့ထုံးတမ်းများကို လိုက်နာကြဖို့ ထောက်ခံပြောဆိုနေ ကြကုန်၏။ သူတို့သည် မြေပေါ် ရေပေါ်ဖြစ်လာသည့်ကပ်ဘေးဒုက္ခများ၊ လေပြင်းမုန်တိုင်းများ၊ ရေကြီး

ခြင်း၊ မြေငလျင်လှုပ်ခြင်း၊ မီးဘေးသင့်ပျက်စီးခြင်းများကိုထောက်ပြ လာကြပြီးလျှင် တနင်္ဂနွေနေ့ကို အလေးအမြတ်ထားမစောင့်ကြသော ကြောင့် ဘုရားသခင်၏အမျက်တော်ကို နိုးဆွနေကြ၍ စီရင်တော် မူခြင်းဖြစ်ကြောင်းကို ညွှန်ပြပြောဆိုနေကြလိမ့်မည်။" ယင်းကပ်ဘေး ဒုက္ခများသည် ပို၍ပို၍တိုးဖြစ်လာလိမ့်မည်။ ပျက်ကိန်းသည် တစ်ခုပြီးတစ်ခု ခြေထောက်ပေါက်ရောက်လာကြမည်။ ဘုရားပညတ်တော်ကို ဖယ်ရှားသူများ သည် စတုတ္ထမြောက်ပညတ်တော်ဖြစ်သည့်ဥပုသ်နေ့မြတ်ကို စောင့်ထိန်းကြ သူလူအနည်းကို လက်ညှိုးထိုး၍ ကမ္ဘာပေါ်သို့ အမျက်တော်ကျသင့်စေသူ များဟု ဆိုကြလိမ့်မည်။ ဤမမှန်ကန်သောထွက်ဆိုချက်သည် သတိမမူနေ ထိုင်ကြသူများကို ဖမ်းစားသောစာတန်၏လှည့်ကွက်ဖြစ်သည်။ (ဃ ၁၅၅.၂)

## ဖြစ်လာမည့်ဖြစ်ရပ်များ

ကျွန်ုပ်၏လူများသည် တန်ဖိုးထားဂရုစိုက်ခံရဖို့ မရေမရာအညတရ များဟု မှတ်ယူခြင်းခံရပါသော်လည်း ပြောင်းလဲမှုတော့ဖြစ်လာလိမ့်မည်။ ခရစ်ယာန်လောကသည် ပညတ်စောင့်သူများပေါ်လွင်ထင်ရှားလာစေရန် လိုအပ် မည့်လှုပ်ရှားမှုများကို ယခုလုပ်ကိုင်နေကြပါပြီ။ လူလုပ်အယူဝါဒသီအိုရီများ နှင့်မိစ္ဆာဩဝါဒများသည် ဘုရားသခင်၏သမ္မာတရားကို အစဉ်အစားထိုးနေရာ ယူလာနေသည်။ လှုပ်ရှားမှုများသည်လည်း ဘုရားသခင်အား သစ္စာခံသူတို့ ၏အသိတရားကို ကျွန်ပြုဖို့ခြေလှမ်းရောက်လာနေသည်။ ဥပဒေပြုအာဏာစက် သည် ဘုရားသခင်၏လူတို့ကိုရန်လုပ်ကြ၏။ လူတိုင်းစမ်းသပ်ခံနေကြရပြီ။(ဃ ၁၅၅.၃)

လူတို့သည် ဘုရားသခင်၏ပညတ်တော်နှင့် တိုက်ရိုက်ဆန့်ကျင် သောတင်းကျပ်သည့်ဥပဒေစည်းကမ်းများကို ပြဋ္ဌာန်းခြင်းဖြင့် ဘဝင်ခိုက်နေ ကြသည်။ သူတို့၏ကိုယ်ပိုင်ပညတ်ချက်များကို စိတ်ကြီးဝင်လျက် ပြဋ္ဌာန်း လိုက်ခြင်းအားဖြင့် သူတို့သည် "ထာဝရဘုရားမိန့်တော်မူသည်ကား" ဆိုသည် နှင့်ရှင်းရှင်းခြေလှမ်းလှည့်ထွက်သွားကြလိမ့်မည်။ အတုအယောင်နားရက်တစ်ရက်

ကို ဂုဏ်တင်နေခြင်းဖြင့်လည်း ယေဟောဝါဘုရားသခင်၏ဂုဏ်တော်ဖော်ပြ ချက်များဖြစ်သောကိုယ်တော်၏ပညတ်တရားကို မလေးမစားလုပ်၍ လူတွေ ကိုလည်း အတင်းအကျပ်လုပ်နေကြကုန်သည်။ အပြစ်ရှိနေရာမှ အပြစ်လွတ် ခံရသောဘုရားသခင်၏အစေခံများသည် စာတန်လှုံ့ဆော်သောအားဖြင့် မနာ လိုခြင်း၊ ဘာသာရေးတစ်ယူသန်ခြင်းစိတ်များဖြင့် ပြည့်နေသောသူတို့၏လက် ထဲသို့ အရှက်တကွဲနှင့်ညှဉ်းဆဲနှိပ်စက်ခြင်းခံကြရန် အပ်နှံခြင်းခံကြရလိမ့်မည်။(ဃ ၁၅၆.၁)

သိုးသငယ်၏လက္ခဏာကိုရ၍ ကောင်းကင်ဘုံနှင့်ဆက်နွယ်မှုရှိပါ သည်ဟု ပြောဆိုကြွေးကြော်နေသောဘာသာရေးအာဏာစက်သည် နဂါး တစ်ကောင်၏နှလုံးသားသူတို့မှာရှိသည်ကို သူတို့အပြုအမူအားဖြင့် ပြနေ၏။ သူတို့သည် စာတန်၏သွေးထိုးမှု၊ အုပ်စိုးမှုအောက်မှာရှိနေကြသည်။ ဘုရား သခင်၏လူများသည် သန့်ရှင်းသောဥပုသ်နေ့ကို စောင့်ထိန်းသောကြောင့် ညှဉ်းပန်းနှိပ်စက်သူများ၏လက်ထဲတွင် ခံစားလာရသောအခါ ထိုအချိန်ရောက် လာတော့မည်။ သို့သော်လည်း ဘုရားသခင်၏လူများသည် ကိုယ်တော့် အတွက် မြဲမြဲရပ်နေမည်။ ဘုရားသခင်သည်လည်း သူတို့ကိုယ်စားလုပ်ဆောင် ပေး၍ ကိုယ်တော်သည် ဘုရားတကာတို့၏ဘုရားသခင်ဖြစ်ကြောင်းကို ရှင်းလင်း စွာဖွင့်ပြလိမ့်မည်ဖြစ်သတည်း။ (ဃ ၁၅၆.၂)

စော်ကားမော်ကားပြုခြင်း၊ အပြစ်ဖို့ခြင်း၊ အကြင်နာတရားခေါင်းပါး ခြင်းတို့ဖြင့် လူ့နှလုံးသားထဲသို့ စာတန်သွေးထိုးလုပ်ကြံထည့်ပေးလိုက်နိုင် သည့်အရာအားလုံးသည် ယေရှုနောက်လိုက်များအပေါ်သို့ ဘေးသင့်ရောက်လာ ပါသည်။ မှတ်သားဖွယ်နည်းဟန်တစ်ရပ်နှင့်လည်း ပြည့်စုံလာလိမ့်မည်။ အကြောင်းမူကား သွေးသားနှင့်ဆိုင်သောစိတ်နှလုံးသည် ဘုရားပညတ်တော် နှင့်ရန်ဘက်ဖြစ်နေသေးခြင်းနှင့် ပညတ်တရား၌ မူတည်ခြင်းရှိနေလိမ့်မည် မဟုတ်သောကြောင့်တည်း။ ယနေ့လောကသည် တမန်တော်ကြီးများနေ့ကာလ များကထက် ခရစ်တော်၏အခြေခံစည်းကမ်းများနှင့် လိုက်လျောညီခြင်းပို၍ ရှိမလာပါ။ မျိုးတူအမုန်းတရားဖြင့်လည်း အော်ဟစ်နေကြသေးသည်။ "သူ့ကို

လက်ဝါးကပ်တိုင်မှာရိုက်ထားပါ။ လက်ဝါးကပ်တိုင်မှာ ရိုက်ထားပါ" ဟူ၍ တပည့်တော်များအား ညှဉ်းပန်းနှိပ်စက်ရန် လမ်းပြပေးနေသောထိုအမုန်းတရားမျိုးသည် မနာခံသားတွေအထဲမှာ ရှိနေသေးသည်။ ထိုသို့သောမျိုးတူစိတ်ဓာတ်သည် လူယောကျ်ား၊ လူမိန်းမတို့ကို ထောင်ထဲသို့ပို့ရန်၊ အဝေးနယ်နှင်ပစ် ရန်၊ သေစေရန် အပ်နှံကြသောအမှောင်ခေတ်ကာလကကဲ့သို့လည်းကောင်း၊ ရှေးဘုရင်ဂျီဂိုဏ်း၏စစ်ကြောရေး၌ အသည်းခိုက်အောင်နှိပ်စက်သည့်ကြဲစည်ခြင်းကဲ့သို့သော်လည်းကောင်း၊ ရှင်ဗာသောလမဲတို့အုပ်စုကို အစုလိုက်အပြုံလိုက်သတ်ပစ်ရန် ကြံစည်ခြင်းကဲ့သို့သော်လည်းကောင်း၊ စမစ်ဖီးလ်လူသတ်ကွင်းထဲမှာ မီးတင်ရှို့ဖို့မီးမွှေးနေသူများကဲ့သို့လည်းကောင်း ပြန်လည်မသန့်စွမ်းလာနိုင်သောရောဂါရအင်အားနှင့်အတူ အလုပ်လုပ်လျက်ရှိသေးသည်။ သမ္မာတရားသမိုင်းကြောင်းတစ်လျှောက်တွင်လည်း အမှန်နှင့်အမှားကြားတွင် ယှဉ်ပြိုင်ရန်းကန်မှုမှတ်တမ်းများအစဉ်ရှိခဲ့သည်။ သတင်းကောင်းကြွေးကြော်ခြင်းသည်လည်း ကန့်ကွက်သူများ၏မျက်မှောက်၌ ဘေးသင့်ခြင်း၊ ဆုံးရှုံးရခြင်းနှင့် ဝေဒနာခံစားရခြင်းတို့ဖြင့် လောကအထဲမှာ အစဉ်ရှေ့သို့သယ်ဆောင်သွားနေပါသည်။ (ဃ၃ ၁၅၆.၃)

ကျန်ကြွင်းသောအသင်းတော်သည် ကြီးမားသောစမ်းသပ်မှုနှင့် ထိခိုက်နာကျင်မှုများခံစားရပါလိမ့်မည်။ ဘုရားသခင်ပညတ်တော်နှင့် ခရစ်တော်၏ယုံကြည်ခြင်းကို စောင့်ထိန်းသူများသည် နဂါးနှင့်သူ့အုပ်စု၏ဒေါသကိုခံစားသတိပြုမိကြလိမ့်မည်။ စာတန်သည် လောကကိုသူ့လက်အောက်ခံအဖြစ်တွက်ချက်ပြီးသားဖြစ်သည်။ ဖေါက်ပြန်သွားသောအသင်းများကိုလည်း ထိန်းချုပ်ထားနိုင်သည်။ သို့သော် သူ့သာလွန်အုပ်စိုးမှုကို တားဆီးရခံသည့်အဖွဲ့ငယ်တစ်စုရှိနေသည်။ စာတန်သည် သူတို့ကိုမြေကြီးပေါ်မှ ပယ်ထုတ်လိုက်နိုင်မည်ဆိုလျှင် သူ့အောင်ပွဲလုံးဝပြည့်စုံလိမ့်မည်။ စာတန်သည် ဣသရေလနိုင်ငံကိုဖျက်ဆီးရန် ဘုရားတရားမဲ့နိုင်ငံများအား လွှမ်းမိုးတွန်းထိုးနိုင်ခဲ့သလို မကြာမီအနာဂတ်ကာလတွင်လည်း ဘုရားသခင်၏လူတွေကို ဖျက်ဆီးရန် ကောက်ကျစ် စဉ်းလဲသောမြေကြီးပေါ်မှ အာဏာစက်ကို ထိုးမွှေပေးလိမ့်မည်။ လူအားလုံး

သည် ကောင်းကင်ဘုံရှင်၏ပညတ်တော်ကို ချိုးဖဲ့လိုက်သောလူတို့၏ တည်းဖြတ်ချက်များကို နာခံကြဖို့ လိုအပ်ချက်ဖြစ်လာလိမ့်မည်။ ဘုရားသခင်နှင့်တာဝန်ခံမှုအမှန်ရှိကြသူများသည် “မိဘ၊ ညီအစ်ကိုဆွေမျိုးအုပ်စုနှင့် အပေါင်းအသင်းအားလုံး” တို့၏သစ္စာဖေါက်အပ်နှံခြင်းကို ခံကြရလိမ့်မည်။ (ဃ ၁၅၇.၁)

လူတိုင်းအပေါ်သို့ စစ်ကြောခြင်းရောက်လာတော့မည့်အချိန်သည် သိပ်မဝေးတော့ပါ။ မှားယွင်းသောဥပုသ်ကိုစောင့်ကြဖို့ ကျွန်ုပ်တို့ကိုတိုက်တွန်းလာကြလိမ့်မည်။ ဘုရားသခင်ပညတ်တော်အချက်များနှင့် လူလုပ်ပညတ်ချက်များအကြားတွင် ပြိုင်ပွဲဖြစ်လာလိမ့်မည်။ လောကအလိုကိုလိုက်၍ လောကထုံးတမ်းနောက်သို့ လိုက်လျှောက်ပြီး တစ်လှမ်းချင်းအလျှော့ပေးလှမ်းဝင်သွားကြသူများသည် အာဏာစက်အောက်မှာ အရှုံးပေးလိုက်ရသည်ထက် လှောင်ပြောင် ခံရခြင်း၊ စော်ကားခံရခြင်း၊ ထောင်ကျရန်၊ အသတ်ခံရရန် ခြိမ်းခြောက်ခံ ရခြင်းအောက်သို့ သူတို့ကိုယ်တိုင်ရောက်သွားသည်ကို ပိုလိုလားနေကြသည်။ “ထိုကာလ၌ ရွှေကိုအဖျင်းမှ ရွေးထုတ်ယူသွားလိမ့်မည်။ ကျွန်ုပ်တို့ချီးမွမ်းခဲ့ သည့်တောက်ပသောကြယ်များစွာသည်လည်း ညအမှောင်ထဲ ကြွေကျကွယ် ပျောက်လိမ့်မည်။” ခိုလှုံရာအိမ်အထဲမှာ အလှဆင်တန်ဆာများစွာနှင့် နေကြသူ တို့သည် ခရစ်တော်၏ဖြောင့်မတ်ခြင်းဝတ်ရုံကို ယူတင်ခြင်း မရှိကြလေသော် သူတို့ကိုယ်၌ ဝတ်လစ်စားလစ်ဖြစ်၍ အရှက်ရကြလိမ့်မည်။ (ဃ ၁၅၇.၂)

လူလုပ်ပညတ်ချက်များရှင်းထုတ်ထားသောထာဝရဘုရား၏ပညတ်တော်များကို စောင့်ထိန်းကာကွယ်ရာတွင် ထောင်ကျခံရမည်။ ပစ္စည်းဥစ္စာဆုံးရှုံးမည်။ အသက်ကိုပင်အသတ်ခံရမည်စသည်တို့ကို အရဲစွန့်၍ ဆက်လက်ရန်းကန်နေကြရခြင်းအတွက် ကျွန်ုပ်တို့အရှေ့မှာ မျှော်လင့်ချက်အလားအလာရှိပါသည်။ (ဃ ၁၅၇.၃)

သမ္မာတရားဘက်၌ ရပ်တည်ကာကွယ်နေကြသူများသည် ခရစ်တော်ခံစားချက်များတွင် သက်ဝင်ရခြင်း၏မည်သည့်အဓိပ္ပါယ်ရှိသည်ကို သိလာရသောအခါ အချိန်သည် အလောတကြီးဖြစ်လာပါတော့သည်။ ဖိနှိပ်ချုပ်ချယ်သူကြီးစာတန်သည် သူ၌အလုပ်လုပ်ဖို့ အချိန်နည်းနေပြီ။ လူတွေကိုမကြာမီ

သူလက်လွှတ်ပေးရတော့မည်။ သူ၌အပ်ထားသောတန်ခိုးလည်း အသိမ်းခံရတော့မည်ကိုမြင်နေ၏။ သူသည် လူတွေသေဆုံးကုန်စေဖို့ ကောက်ကျစ်စဉ်းလဲသောလှည့်စားခြင်းမျိုးစုံနှင့် အလုပ်လုပ်လာလိမ့်မည်။ အယူသီးတစ်ယူသန်ခြင်းနှင့်အမှားလုပ်နေကြခြင်းသည် သစ္စာတရား၊ တရားမျှတခြင်းနှင့်ညီမျှခြင်းမဏ္ဍိုင်များအပေါ် နင်းခြေထားလိမ့်မည်။ သမ္မာတရားကိုရန်လိုစိုးမိုးသောတန်ခိုးမျိုးအားလုံးသည် အားကောင်းလာလိမ့်မည်။ (ဃ ၁၅၇.၄)

ငြိမ်သက်ခြင်း၊ ကြီးပွားချမ်းသာခြင်းရှိရမည့်ကာလ၌ ဆုံးရှုံးကြရသောအသင်းတော်၏အမှုဆောင်ခြင်းများသည် စိတ်အပျက်ရဆုံးကြောက်မက်ဖွယ်အခြေအနေဆိုးများအောက်တွင် ဆိုးဆိုးရွားရွားသေရေးရှင်ရေးကာလအထဲ သူတို့လုပ်ကိုင်ကြရလိမ့်မည်။ လောကထုံးတမ်းနောက်လိုက်ပါနေခြင်းကို သတိပေးခြင်းသည် အသံတိတ် (သို့မဟုတ်) ထိမ်ချန်နေရပြီး ယုံကြည်ခြင်း၏ရန်သူများကြမ်းကြမ်းကြုတ်ကြုတ်ရန်လိုမှုအောက်မှာ အပ်ထားခံရမည်။ အမှုတော်တိုးတက်မှုကို ပုံမှန်နှောင့်နှေးသွားအောင်သြဇာရှိကြသူ၊ ရေပေါ်ဆီလူတန်းစားကွန်ဆာဗေးတစ်ရှေးရိုးစွဲသမားများသည် ယုံကြည်ခြင်းကို ကျောခိုင်းစွန့်ခွါသွားကြလိမ့်မည်။ သူတို့၏သနားကြင်နာတတ်ခြင်းသည်လည်း ကြာမြင့်စွာကတည်းက ယိမ်းယိုင်နေသည်ဖြစ်၍ ရှင်းရှင်းဘွင်းဘွင်းမိုက်သောရန်သူများနှင့်အတူ သူတို့ရပ်တည်နေကြလိမ့်မည်။ ယင်းသို့ဖေါက်ပြန်သူများသည် သူတို့၏ခါးသီးစွာရန်လိုစိတ်ကို အပေါ်လွင်ဆုံးပြသလာကြပြီး သူတို့၏ယခင်ကညီအစ်ကိုတော်များကို ဖိနှိပ်ပြစ်တင်မကောင်းပြောခြင်းနှင့် မခံမရပ်နိုင်ဖြစ်လာအောင် လှုပ်ဆွပေးခြင်းတို့ကို အစွမ်းကုန်သူတို့လုပ်လာကြလိမ့်မည်။ ဤနေ့သည် ကျွန်ုပ်တို့အရှေ့မှာရောက်နေပြီ။ အသင်းတော်အဖွဲ့ဝင်များသည် တစ်ဦးချင်းစစ်ဆေးခံကြရမည်။ သက်သေခံကြရမည်။ သူတို့သည် သမ္မာတရားအတွက် သက်သေခံကြဖို့အားယူရမည့်အခြေအနေအောက်မှာ ချထားခံရလိမ့်မည်။ လူများစွာသည်လည်း ဒေသန္တရအာဏာပိုင်များအဖွဲ့နှင့်တရားခံများရှေ့သို့ဖြေရှင်းရန် ဆင့်ခေါ်ခံကြရလိမ့်မည်။ လူခွဲထုတ်၍ တစ်ယောက်တည်းလည်းဖြစ်နိုင်သည်။ ဤအတွေ့အကြုံသည် အရေးပေါ်အခြေအနေ၌ သူတို့

သတိမထားမိခဲ့သည်များကိုပြန်ရဖို့ သူတို့ကိုကူညီလိမ့်မည်။ သူတို့၏စိတ်ဝိညာဉ်သည်လည်း သူတို့ဖြုန်းတီးပစ်ခဲ့သည့်အခွင့်အရေးများနှင့် လျစ်လျူရှုထားခဲ့သည့်အထူးအခွင့်အရေးများအတွက် ဝမ်းနည်းနောင်တရခြင်းနှင့်အတူ ဝန်ထုပ်ကိုခံယူကြမည်။ (ဃ ၁၅၈.၁)

လူအများအကြား ရေပန်းစားသောရိုးရာဓလေ့ထုံးတမ်းများကို အသိတရားနှင့်ငြင်းပယ်၍ စိတ်နှိမ့်ချနေကြသူလူအနည်းစုတို့ကို သူတို့စိတ်ဆိုးဒေါသထွက်ရလေအောင် စာတန်နှိုးဆွပေးလာလိမ့်မည်။ ရာထူးဂုဏ်သိမ်နှင့်နေကြသူများသည် ဘုရားလူများနှင့်ဆန့်ကျင်သောသြဝါဒများကိုခံယူရန် ပညတ်တရားမဲ့ဆိုးညစ်မှုနောက်သို့ လိုက်သွားကြလိမ့်မည်။ ကြွယ်ဝခြင်း၊ ဉာဏ်ထက်မြက်ခြင်းနှင့် ပညာရေးဂုဏ်ရှိခြင်းများသည် တွဲချိတ်လျက် သူတစ်ပါးအားမခန့်လေးစားပြုခြင်းဖြင့် သူတို့၌ မောဟလွှမ်းနေလိမ့်မည်။ အသင်းတော်အုပ်ချုပ်သူများ၊ သင်းအုပ်များနှင့်အသင်းသားများအား ညှဉ်းပန်းနှိပ်ကွပ်သူတို့သည် လျှို့ဝှက်ပူးပေါင်းကြံစည်လာကြလိမ့်မည်။ အသံဖြင့်လည်းကောင်း၊ ကလောင်ဖြင့်လည်းကောင်း၊ သူတို့၏ကြွားဝါခြင်း၊ ခြိမ်းခြောက်ခြင်း၊ လှောင်ပြောင် ခြင်းများဖြင့် သူတို့၏ယုံကြည်ခြင်းကိုပင် သူတို့ဖျက်ပစ်ရန် လမ်းရှာလာကြ မည်။ အမှားတင်ဆက်ခြင်း၊ စိတ်ဆိုးမာန်ဆိုးတောင်းပန်ခြင်းတို့ဖြင့် လူတွေ ရဲ့စိတ်ပြင်းပြမှုကို သူတို့ထိုးမွှေနှောင့်ယှက်လာကြမည်။ "ကျမ်းစာ၌လာသည် ကား" ဟူ၍မရှိဘဲ ကျမ်းစာအလိုဥပုသ်နေ့မြတ်အကျိုးဆောင်တို့ကို သူတို့ ဆန့်ကျင်ပြောလာကြမည်။ ချို့တဲ့မှုကိုပေးနေသည့် ဖိနှိပ်ချုပ်ချယ်သောဥပဒေ ထုတ်ပြန်ချက်များကို သူတို့အားကိုးအားထားပြုလာကြလိမ့်မည်။ လူအများ ရေပန်းစားထောက်ခံမှုနှင့် အားပေးမှုအတွက် စိတ်ချရစေရန် ဥပဒေပြုအာဏာ ပိုင်များသည် 'တနင်္ဂနွေဥပဒေ' ကိုလိုက်လျောပေးလာလိမ့်မည်။ အမှန်နှင့် အမှားအကြား ဤသို့အငြင်းပွားနေရသည့် နောက်ဆုံးပဋိပက္ခသည် ဤစစ်တလင်း ပြင်အပေါ်သို့ ရောက်လာနေပြီ။ (ဃ ၁၅၈.၂)

ညှဥ်းပန်းနှိပ်စက်ခံရမှုလိုအပ်ခြင်း

ညှဥ်းဆဲခြင်းကိုခံရသောကြောင့် ပြန့်ကျဲရောက်သွားကြသောသူတို့သည် သာသနာပြုစိတ်အားကြီးပြည့်လျက် ရှေ့ဆက်သွားခဲ့ကြသည်။ သူတို့ သာသနာပြုရမည့်တာဝန်အပေါ်တွင်လည်း သူတို့အမှန်သဘောပေါက်ကြသည်။ ငတ်မွတ်နေသောလောကသားများအား ပေးဖို့အတွက် အသက်မုန့်သူတို့လက်ထဲမှာပါလာသည်ကို သူတို့သိကြသည်။ ဤအသက်မုန့်လိုချင်နေသူများအား မုန့်ဖွဲ့ပေးရန် ခရစ်တော်၏မေတ္တာသည် သူတို့ကိုအတင်းလုပ်ခိုင်းနေပါသည်။(ဃ ၁၅၉.၁)

ဘုရားသခင်၏ရည်စူးချက်မှာ သမ္မာတရားကိုစမ်းသပ်ခံဖို့ ရှေ့ကိုယူဆောင်သွားကြရန်ဖြစ်သည်။ ယင်းသမ္မာတရားအပေါ်သို့ အထင်သေးခြင်းရောက်လာသည်ပင်လျှင် စစ်မေးခံယူခြင်း၊ ဆွေးနွေးခြင်းပြုရန် ဘာသာရပ်ဖြစ်လာစေလိုတော်မူသည်။ လူတို့၏စိတ်များသည် လှုပ်ရှားတောင်းဆိုလာကြရမည်။ အငြင်းပွားရမှုတိုင်း၊ ဆုံးမပဲ့ပြင်မှုတိုင်း၊ အသရေပျက်အောင်လုပ်ကြံပြောဆိုမှုတိုင်းသည် လူတွေစုံစမ်းမေးမြန်းလာရန် ဆွပေးခြင်းဖြစ်၍ ဘုရားသခင်သည်လည်း ရည်ရွယ်ခဲ့သည်။ ဤသို့ဖြင့် လူ့စိတ်ဝိညာဉ်များနိုးကြားလာမည်။ သို့မဟုတ်လျှင် သူတို့အိပ်ပျော်နေကြလိမ့်မည်။ (ဃ ၁၅၉.၂)

ဘာကြောင့်လူပျင်းများကိုညှဥ်းဆဲရမည်နည်း

တမန်တော်ကြီးပေါလုပြောခဲ့သည်။ "၁၂ ယေရှုခရစ်၏တရားတော်နှင့်အညီ ဘုရားဝတ်၌မွေ့လျော်၍နေခြင်းငှါ အလိုရှိသောသူအပေါင်းတို့သည် ညှဥ်းဆဲခြင်းကို ခံရကြလိမ့်မည်။" ဤသို့ဆိုလျှင် လူပျင်းတွေကို အဆင့်အမြင့်ကြီးနှင့် ညှဥ်းဆဲမှုရှိလိမ့်မည်ဟု အဘယ်ကြောင့် ထင်ရပါသလဲ။ တစ်ခုတည်းသောအကြောင်းမှာ "အသင်းတော်သည် လောကစံနှုန်းအတိုင်း လိုက်လျောနေလာသောကြောင့် ဆန့်ကျင်ဘက်တွေနိုးထရန် သတိမပြုမိကြတော့ပြီ။ ကျွန်ုပ်တို့နေ့မှာလက်ရှိဖြစ်နေသောဘာသာရေးသည်

ခရစ်တော်နှင့် သူ့တမန်တော်ကြီးများနေ့ကကဲ့သို့ ခရစ်ယာန်ယုံကြည်ခြင်းအမှတ်လက္ခဏာဖြစ်သောစင်ကြယ်မှုနှင့် သန့်ရှင်းသောအကျင့်စရိုက်များမရှိတော့လေပြီ။” ဤသို့ဖြစ်ရသည်မှာ လူ့စိတ်ဓာတ်များသည် အပြစ်တရားနှင့် ရောနှောနေကြသောကြောင့်လည်းကောင်း၊ ဘုရားသခင့်စကားတော်ဖြစ်သောသမ္မာတရားမြတ်ကြီးကို ဂရုမစိုက်ဟန်ဖြင့် သဘောပိုက်နေကြသောကြောင့်လည်းကောင်း၊ အသင်းတော်အထဲမှာ အလွန်အရေးတကြီးဖြစ်နေရမည့်ဘုရားဝတ်မွေ့လျော်ခြင်းနည်းလွန်းသောကြောင့်လည်းကောင်း ကမ္ဘာကြီးသည် ခရစ်ယာန်ဘာသာရေးကို အပြင်းပန်းအားဖြင့်သာလျှင် လူသိများသလိုဖြစ်နေပါသည်။ ယုံကြည်ခြင်းပြန်လည်နိုးထစေ၍ ကနဦးအသင်းတော်၏တန်ခိုးကိုခံယူကြပါစို့။ ညှဉ်းဆဲခြင်းဝိညာဉ်များပြန်လည်သတိရလာပြီး ညှဉ်းဆဲခြင်းမီးသည်လည်း ပြန်လည်ထွန်းတောက်လာလိမ့်မည်။ (ဃ ၁၅၉.၃)

## သုံးခေါက်ချိုးညှဉ်းဆဲသည့်အဖွဲ့အစည်း

ဝိညာဉ်မသေနိုင်ဘူးအဆိုနှင့် တနင်္ဂနွေနေ့အထွတ်အမြတ်ထားခြင်းဟူသောမဟာအမှားကြီးနှစ်ခုမှတစ်ဆင့် စာတန်သည် လူတွေကို သူ့လှည့်စားခြင်းအောက်မှာ ချထားနိုင်ခဲ့သည်။ အလျင်ကျသောအချိန်က ကွယ်လွန်သူ၏ဝိညာဉ်နှင့်ဆက်သွယ်နိုင်သည်ဟု ယုံကြည်ခြင်း (သို့မဟုတ်) လိပ်ပြာခေါ်မှော်အတတ်သည် အခြေခံရှိလာသောအခါ နောက်ပိုင်းရောမမြို့အရောက်တွင် ရောမတို့၏စာနာမှုနှောင်ကြိုးအဖြစ် ဖန်တီးလာခဲ့သည်။ အမေရိကန်နိုင်ငံ၏ပရိုတက်စတင့်အုပ်စုသည် ဝိညာဉ်ခေါ်မှော်အတတ်၏လက်ကိုကိုင်ဆွဲမိရန် ပင်လယ်ပြင်ကိုဖြတ်၍ သူတို့လက်များကို ဆန့်တန်းထုတ်နေခြင်းတွင် အကျော်ဇေယျဖြစ်လာနေသည်။ သူတို့သည် ရောမမြို့တန်ခိုး၏လက်ကို မြဲမြဲကိုင်ဆွဲမိသည်အထိ အသူတစ်ရာနက်သောချောက်ထဲသို့တိုင်အောင်ရောက်သွားလိမ့်မည်။ ဤသုံးခေါက်ချိုးအဖွဲ့အစည်း၏ဩဇာအောက်မှာ ဤနိုင်ငံသည်အသိတရားဖြောင့်မတ်ခြင်းကို နင်းချေမှုန်းလာသောရောမတို့၏ခြေလှမ်းနောက်သို့လိုက်လိမ့်မည်။ (ဃ ၁၆၀.၁)

ပဇာတ်ထဲမှာနောက်ဆုံးသရုပ်ဆောင်ချက်

လူတို့၏အာဏာစက်သက်သက်ဖြင့် တနင်္ဂနွေနေ့ကို ကျမ်းစာအလိုတော်ကိုဥပုသ်နေ့မြတ်နေရာတွင်ထားခြင်း၊ ပညတ်တော်အထဲတွင် လူလုပ်ဥပဒေများကို အစားထိုးခြင်းဖြင့် ဘဝင်ခိုက်နေကြခြင်းတို့သည် ပြဇာတ်ထဲကနောက်ဆုံးပြမည့်သရုပ်ဆောင်ချက်ဖြစ်ပေမည်။ ဤသို့အစားထိုးခြင်းသည် တစ်ကမ္ဘာလုံးအတိုင်းအတာအထိဖြစ်လာလျှင် ဘုရားသခင်သည် ကိုယ်တိုင်ဖွင့်ပြလာလိမ့်မည်။ ဘုရားသခင်သည် ဘုန်းအာနုဘော်တော်ဖြင့် ထင်ရှား၍မြေကြီးကို ကြောက်ခမန်းလိလိတုန်လှုပ်စေမည်။ ကိုယ်တော်ထွက်ကြွလာသောအခါ မြေကြီးပေါ်နေထိုင်ကြသူတို့ပြုသောဒုစရိုက်အတွက် ပြစ်ဒဏ်ခတ်လိမ့်မည်။ မြေကြီးသည် သူ့မ၏အသွေးကို ဖွင့်ထုတ်လိမ့်မည်။ အသေကောင်များကို ဘယ်တော့မှအုပ်ဖုံးပေးတော့မည်မဟုတ်ပါ။ (ဃ ၁၆၀.၂)

ကျွန်ုပ်တို့၏နိုင်ငံသည် သူ့အစိုးရ၏ 'တနင်္ဂနွေဥပဒေ' ထုတ်ပြန်ချက်အတိုင်းလိုက်နာ၍ အခြေခံကိုယ်ကျင့်တရားများကို စွန့်ပယ်လိုက်သောအခါ ပရိုတက်စတင့်များသည် ဤအက်ဥပဒေများကို စင်စစ်ကြိုဆိုလက်တွဲလာကြလိမ့်မည်။ ဤသို့ဖြင့် တက်ကြွသောသက်ဦးဆံပိုင်စနစ်သည် တစ်ဖန်ပြန်လည်မွေးဖွားလာရန် သူ့အခွင့်အရေးကို ကြာမြင့်စွာကတည်းက စောင့်လာခဲ့သည့်အတိုင်း မင်းဆိုးမင်းညစ်အုပ်စိုးမှုပေါ်လာသောကြောင့် ကျွန်ုပ်တို့၏အသက်များကို အပ်လိုက်ရခြင်းကလွဲ၍ ဘာမျှမတတ်နိုင်တော့ပါ။ (ဃ ၁၆၀.၃)

ဘုရားသခင်၏ပညတ်တော်များကို ချိုးဖေါက်၍ ပုပ်ရဟန်းမင်း၏အုပ်စိုးမှုအာဏာကို ထူထောင်ရန်အတွက် အာဏာတည်သောအမိန့်ကို ပြဋ္ဌာန်းခြင်းအားဖြင့် ကျွန်ုပ်တို့နိုင်ငံသည် ဖြောင့်မတ်ခြင်းတရားလမ်းမှ လုံးလုံးအဆက်ဖြတ်လိုက်ခြင်းဖြစ်သွားလိမ့်မည်။ ပရိုတက်စတင့်အုပ်စုသည် ရောမမြို့တန်ခိုး၏လက်ကိုမြဲမြဲကိုင်ဆွဲမိရန် ပင်လယ်ကိုဖြတ်၍ သူ့မ၏လက်ကိုဆန့်တန်းထုတ်ရလိမ့်မည်။ ဤသုံးခေါက်ချိုးအဖွဲ့အစည်း၏ဩဇာအောက်သို့ရောက်လျှင် ကျွန်ုပ်တို့၏တိုင်းပြည်သည် ပရိုတက်စတင့်နှင့်ရီပတ်ဗလစ်ကန်အစိုးရ၏ဖွဲ့စည်း

ပုံအခြေခံဥပဒေအတိုင်းလိုက်နာ၍ အခြေခံကိုယ်ကျင့်တရားတိုင်းကို ငြင်းပယ်ကြလိမ့်မည်။ ပုပ်ရဟန်းမင်း၏ဩဇာအောက်မှာ မမှန်မကန်ထွက်ဆိုချက်များနှင့်ထင်ယောင်ထင်မှားစကားများအယူသွင်းခံရဖို့ကိုလည်း နေရာပေးကြရလိမ့်မည်။ ထိုအခါ ထူးထူးကဲကဲအလုပ်လုပ်တတ်သောစာတန်အတွက် အချိန်ရောက်လာပြီကို ကျွန်ုပ်တို့သိနိုင်ကြလိမ့်မည်။ ထိုအခါ နောက်ဆုံးသည်နီးနေပါပကော။ (ဃ၃ ၁၆၀.၄)

ဤအချိန်ရောက်လာဖို့ မဝေးလှတော့ပြီဖြစ်သောကြောင့် ထိုအခါ ကျွန်ုပ်တို့သည် ကနဦးတပည့်တော်ကြီးများကဲ့သို့ စည်းလုံးညီညွတ်စွာဖြင့် လူသူကင်းမဲ့တိတ်ဆိတ်သောအရပ်သို့ ကွန်းခိုဖို့နေရာကို အတင်းရှာကြဖို့သာ ရှိပါတော့သည်။ ယခင်ရောမခေတ်စစ်တပ်ကြီးက ယေရုရှလင်မြို့ကိုသိမ်းပိုက်လာစဉ် ယုဒပြည်တစ်လွှားခရစ်ယာန်များသည် ရှောင်ပြေးဖို့အချက်ပြလက္ခဏာရလိုက်ခြင်းဖြစ်ခဲ့သည်။ "ထိုနည်းအတိုင်း ပုပ်ရဟန်းမင်းကြီး၏အမိန့် ဒီဂရီကို ဥပဒေကဲ့သို့ အာဏာတည်စေခြင်းသည် ကျွန်ုပ်တို့၏နိုင်ငံအပိုင်းကြီးများထဲတွင် တန်ခိုးတစ်ခုအဖြစ် မှတ်ယူလာသောအခါ ထိုအချိန်သည် ကျွန်ုပ်တို့အတွက် သတိပေးချက်ဖြစ်လိမ့်မည်။" ထိုအခါ ကျွန်ုပ်တို့သည် မြို့ကြီးတွေကိုစွန့်ခွာရမည့်အချိန်ရောက်လေပြီ။ ဝေးခေါင်သောတောတောင်အရပ်ရှိခိုလှုံရာ အိမ်များတည်ဆောက်ထားတဲ့ နေရပ် ရွာကလေးများဆီကို သွားနေကြဖို့ပြင်ဆင်ကြရတော့မည်။ (ဃ၃ ၁၆၁.၁)

## မျက်စိမမြင်သူများစွာရှိနေသည်

တနင်္ဂနွေကိုအမိန့်အာဏာတည်စေဖို့ ထိုလှုပ်ရှားမှုအထဲရောက်နေကြသူများအပါအဝင်လူများစွာသည် မျက်စိမမြင်နိုင်ဖြစ်လာပြီး ယင်းလှုပ်ရှားမှုနောက်သို့သာ တစ်ကောက်ကောက်လိုက်နေလိမ့်မည်။ ထိုသူတို့သည် ဘာသာရေးလွတ်လပ်စွာကိုးကွယ်ခွင့်ကို တိုက်ရိုက်ဆန့်ကျင်တိုက်ခိုက်နေကြသည်ဟူ၍ မမြင်နိုင်ဖြစ်နေကြသည်။ ကျမ်းစာအလိုတော်ဥပုသ်နေ့မြတ်၏ကြေညာခြင်းနှင့်တနင်္ဂနွေနေ့ဓလေ့ထုံးတမ်းတည်စေရန် လုပ်ထားသောအခြေခံ

အမှားများကို ဘယ်တော့မှနားမလည်နိုင်ဖြစ်နေသူများစွာရှိနေသည်။ (ဃ ၁၆၁.၂)

ဘုရားသခင့်လူတို့၏တာဝန်နှင့်ဝတ္တရားများ

ယခုမှစ၍ ဖြတ်သန်းလာခဲ့ပြီးသောရာစုနှစ်တစ်လျှောက် သတင်းကောင်းအလိုအသင်းတော်များအားဖြင့် ဘုရားသခင်၏လူများက လေထဲကိုင်မြှောက်ယူလာခဲ့ကြသည့်သမ္မာတရားနှင့် ဘာသာရေးလွတ်လပ်စွာကိုးကွယ်ခွင့်အောင်လံတံခွန်သည် ဤနောက်ဆုံးသောပဋိပက္ခအထဲတွင် ကျွန်ုပ်တို့၏လက်ဝယ်ရောက်လို့နေပါပြီ။ ဤဆုလက်ဆောင်အတွက် တာဝန်ရှိမှုသည် ဘုရားစကားသံတော်ကိုသိကျွမ်း၍ ကိုယ်တော်ကောင်းချီးပေးနေသည့်သူတို့၏အပေါ်တွင် တည်ရှိနေသည်။ ဤစကားသံတော်ကို အချုပ်အခြာအာဏာကဲ့သို့ ကျွန်ုပ်တို့လက်ခံရလိုက်သည်။ ကျွန်ုပ်တို့သည် လူသားအစိုးရကို ထာဝရဘုရားခန့်အပ်ထားသောအာဏာပိုင်ကဲ့သို့ အသိအမှတ်ပြုပြီး တရားဝင်ပိုင်နက်နယ်မြေအထဲမှာ အလေးအမြတ်ထားအပ်သောတာဝန်ကဲ့သို့ နာခံဖို့သွန်သင်ခြင်းပြုကြရမည်။ သို့ပါသော်လည်း ယင်းကြေညာခြင်းများသည် ဘုရားသခင်၏ကြေညာခြင်းများနှင့်ပဋိပက္ခဖြစ်လာလျှင် ကျွန်ုပ်တို့သည် လူကိုနာခံသည်ထက် ဘုရားသခင်ကိုသာ နာခံကြမည်။ ဘုရားသခင်၏စကားကို လူသားတို့၏ဥပဒေပြဌာန်းမှုအထက်မှာထား၍ အသိအမှတ်ပြုကြမည်။ "ထာဝရဘုရားမိန့်တော်မူသည်ကား" ဆိုသည်ကို "အသင်းတော်ပြောသည်မှာ" သို့မဟုတ် "နိုင်ငံတော်ဆိုသည်မှာ" အတွက်နှင့်ဘေးချပစ်လိုက်ကြရမည်မဟုတ်။ ခရစ်တော်၏အောင်ပန်းသရဖူကို မြေကြီးဘုရင်အစိုးရမင်းတို့၏ဦးရစ်ပန်းကုံးအထက်မှာတင်ထားကြရမည်။ (ဃ ၁၆၁.၃)

ကျွန်ုပ်တို့သည် လူသားတစ်ဦးအနေဖြင့် ဘုရားသခင်အပ်နှင်းပေးထားသောအမှုတော်ကို ပြီးစီးအောင်မလုပ်ခဲ့ကြသေးပါ။ ကျွန်ုပ်တို့ဆီဝင်လာသည့်တနင်္ဂနွေဥပဒေပြဌာန်းခြင်းပြဿနာပြီးဆုံးခြင်းသို့ရောက်စေဖို့လည်း အသင့်ရှိမနေကြသေးပါ။ ဘေးအန္တရာယ်နီးကပ်လာသည်ကို ကျွန်ုပ်တို့မြင်နေရသော

အခါ လူပ်ရှားနိုးထလာဖို့ဆိုသည်မှာ ကျွန်ုပ်တို့၏တာဝန်ဖြစ်ပါသည်။ စာတန်မာရ်နတ်တိုက်လာမှာကိုမျှော်ပြီး မည်သူမျှစောင့်မနေရ။ သူတို့ကိုယ်သူတို့ယုံကြည်ခြင်းဖြင့် နှစ်သိမ့်မှုရှိနေရမည်မှာ ဤအမှုတော်ဆက်လုပ်ကြရမည်။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်သည် သူ့လူတွေကို ခိုလှုံရန်နေရာပေးလိမ့်မည်ဆိုသည်ကို အနာဂတ္တိကျမ်းစကားအရ ကတိတော်ရထားပြီးသောကြောင့်တည်း။ ကျွန်ုပ်တို့သည် အသိအမြင်လွတ်လပ်ခွင့်ကို ထိန်းသိမ်းထားပြီး ငြိမ်းအေးသက်သာထိုင်နေလျှင် အလိုတော်ကိုဆောင်သောသူများမဟုတ်ကြပါ။ စိတ်အားမလျော့ဘဲ ထိထိရောက်ရောက်ဆုတောင်းခြင်းသည် ကောင်းကင်ဘုံထိတိုင် ရောက်သွားလိမ့်မည်ဖြစ်၍ ဤဘေးဒုက္ခဆိုက်ရခြင်းကို ကျွန်ုပ်တို့အနေနှင့် ကြာမြင့်စွာကတည်းက မေ့ပစ်ထားလိုက်ရမည့်အလုပ်ပြီးစီးသွားသည်အထိ ဘုရားသခင်ရွှေ့ဆိုင်းပေးတော်မူလိမ့်မည်။ ပို၍အလွန်ကြိုးစားဆုတောင်းခြင်းပြုကြပါစို့။ ကျွန်ုပ်တို့ဆုတောင်းခြင်းများနှင့်လိုက်ဖက်ညီအောင်လည်း လုပ်ဆောင်ကြပါစို့။ (ဃ ၁၆၂.၁)

"ခြိမ်းခြောက်လာသောဘေးအန္တရာယ်ကို ရှောင်လွှဲပစ်ရန် ကျွန်ုပ်တို့အစွမ်းကုန်လုပ်ကြရမည်မှာ ကျွန်ုပ်တို့၏တာဝန်ဖြစ်သည်။" မလိုမုန်းထားအစွဲအလမ်းကို ဖျက်သိမ်းနိုင်ရန် လူတွေရှေ့မှာ စစ်မှန်သောအလင်းကို ကိုယ်တိုင်ထွန်းလင်းပြပေးခြင်းဖြင့် ကျွန်ုပ်တို့အထူးကြိုးစားအားထုတ်ကြရမည်။ လူတွေကိုတကယ့်စိန်ခေါ်ချက်အမှန်မေးခွန်းများမေးလာစေရန် ဆော်ဩရမည်။ ဤသို့ဖြင့် အသိအမြင်လွတ်လပ်ခွင့်ကို ကန့်သတ်သည့် အတိုင်းအတာများကို အထိရောက်ဆုံးကန့်ကွက်ချက်များဖြင့် ကြားဖြတ်မေးခွန်းမေးလာစေရန်ဖြစ်သည်။ (ဃ ၁၆၂.၂)

ဘုရားသခင်သည် ကျွန်ုပ်တို့ကိုရှေ့တွင် ဘေးဒုက္ခရှိကြောင်း မြင်ရအောင်အလင်းပေးပြီးသောအခါ ထိုအလင်းကိုလူတို့အရှေ့တင်ပြရန်အတွက် အစွမ်းကုန်ကြိုးပမ်းမှုတိုင်း၌ ကျွန်ုပ်တို့မေ့လျော့ပျက်ကွက်ထားခဲ့ကြလျှင် ဘုရားသခင်ရှေ့တော်မှောက်အရောက် ကျွန်ုပ်တို့ဘယ်လိုရပ်ပြနိုင်မလဲ။ ဤအရေးကြီးလှသောအကြောင်းကို သတိပေးမခံရဘဲ လူတွေရင်ဆိုင်ရစေရန် သူတို့ကိုမေ့ချန်ထားခြင်းအားဖြင့် ကျွန်ုပ်တို့ကျေနပ်နေနိုင်ပါသလား။ (ဃ ၁၆၂.၃)

နိုင်ငံပြုပြင်ပြောင်းလဲရေးသမားတို့သည် ဘာသာရေးလွတ်လပ်စွာ ကိုးကွယ်ခွင့်ကန့်သတ်ရန် အတိုင်းအတာများကို တိုက်တွန်းလာသောအခါ ကျွန်ုပ်တို့၏ရှေ့တန်းခေါင်းဆောင်များသည် ယင်းအခြေအနေကိုရင်ဆိုင်ဖို့ သတိရှိသင့်ကြပြီ။ ထိုသို့ပြုလုပ်ချက်များကို ချေဖျက်ရန်လည်း အလွန်အလေး အနက်ထား၍ ဝန်ဆောင်ကြရမည်။ ကျွန်ုပ်တို့၏လူများသည် ယနေ့ကာလ အတွက် လက်ရှိသမ္မာတရားအလင်းကို မသိဘဲနေနေရအောင် ဘုရားသခင် ၏အလိုတော်မဟုတ်ပါ။ တတိယကောင်းကင်တမန်၏သတင်းစကားကို ဟောပြောနေကြသည့်ကျွန်ုပ်တို့၏အသင်းတော်မှ သင်းအုပ်ဆရာများသည် လည်း ထိုသတင်းစကားအထဲ ဘာပါသည်ကို အားလုံးက အမှန်ကိုနားမလည် ကြသေးပါ။ နိုင်ငံပြုပြင်ပြောင်းလဲရေးလုပ်ငန်းကို လူတချို့အနည်းငယ်သာအရေး ကြီးသည်ဟု သဘောထားနေကြသည်မှာ သူတို့သည် များစွာအချိန်ပေး၍ အာရုံစိုက်နေရန် လိုအပ်မည်ဟု မတွေးမိကြလေပြီ။ ဂရုစိုက်နေရမည်ဆိုလျှင် လည်း ယင်းကိစ္စသည် တတိယကောင်းကင်တမန်သတင်းစကားနှင့်သိသာ ထင်ရှားကွဲပြားချက်များကို မေးခွန်းထုတ်မေးရန်အတွက် အချိန်ပေးရလိမ့်မည် ဟု သူတို့ခံစားနေမိကြပါသည်။ ယနေ့ကာလအတွက် သတင်းစကားကို ဤသို့အဓိပ္ပါယ်ကောက်ယူနေကြသည့် ကျွန်ုပ်တို့၏ညီအစ်ကိုတော်များကို ဘုရားသခင်အပြစ်လွှတ်တော်မူပါစေသော်။ (ဃ ၁၆၂.၄)

ကျွန်ုပ်တို့၏နယ်ဒေသထဲတွင် တနင်္ဂနွေဥပဒေအတည်ပြုပြဋ္ဌာန်းလာ မည်ကို နှစ်များစွာကတည်းက ကြည့်နေခဲ့ကြသည်။ ယခုထိုလှုပ်ရှားမှုသည် ကျွန်ုပ်တို့အပေါ်ရောက်လို့လာပြီ။ ကျွန်ုပ်တို့မေးခွန်းထုတ်ကြရမည်။ ဤကိစ္စ အတွက် ကျွန်ုပ်တို့လူတွေတာဝန်အသိရှိကြပါ့မလား။ စံနှုန်းကိုမြှင့်တင်ဖို့၊ ဘာသာရေးဖြောင့်မတ်မှုနှင့်အထူးအခွင့်အရေးများကို လေးစားကြသူများအား ရှေ့တန်းခေါ်ယူတင်ဖို့ ကျွန်ုပ်တို့မထောက်ခံနိုင်ကြပြီလော။ အချိန်သည် အမြန် နီးကပ်လာနေပြီဖြစ်၍ လူထက်ဘုရားသခင်ကို နာခံကြသူများသည် ဖိနှိပ်သူ များ၏လက်ထဲတွင် ခံစားကြရလိမ့်မည်။ ဘုရားသခင်၏သန့်ရှင်းသောပညတ် တော်များကို ခြေအောက်ချနင်းနေစဉ် ကျွန်ုပ်တို့ငြိမ်ငြိမ်လေးနေခြင်းအားဖြင့်

ဘုရားသခင်၏ဂုဏ်အသရေကို ရှုတ်ချနေကြမည်လား။ ပရိုတက်စတင့်လောက သည် ရောမမြို့သို့သူမ၏အမူအရာအားဖြင့် အလျှော့ပေးနေစဉ် ယင်းအခြေ အနေကို နားလည်ကြရန်နှင့် ဟန်အမူအရာအမှန်ဖြင့် ကျွန်ုပ်တို့ရှေ့မှာ မသင့် ကြောင်းထောက်ပြရဲသောအမြင်ရလာစေရန် ကျွန်ုပ်တို့နိုးထကြပါစို့။ ကျွန်ုပ် တို့၏ကင်းစောင့်သည် သူ့အသံကိုမြှင့်၍ ယနေ့ကာလအတွက် လက်ရှိသတင်း စကားကို အော်ပြောပါစေ။ ကျွန်ုပ်တို့သည် အနာဂတ္တိကျမ်းသမိုင်းအကြောင်း အတိုင်းရှိကြောင်းကို လူတွေကိုပြကြပါစို့။ စစ်မှန်သောပရိုတက်စတင့်ဝါဒ စိတ်ဓာတ်နိုးထစေရန် နည်းလမ်းရှာဖွေကြပါစို့။ ကျွန်ုပ်တို့ကြာမြင့်စွာ ဝမ်းမြောက်ဝမ်းသာမျှော်လင့်နေရသောဘာသာရေးကိုးကွယ်မှုလွတ်လပ်ခွင့်၏ အဖိုးတန်အမြင်ဖြင့် ကမ္ဘာလောကကို လှုပ်နှိုးကြရမည်။ (ဃ၃ ၁၆၃.၁)

ကျွန်ုပ်တို့၏နယ်ဒေသတွင် နေထိုင်ကြသူများသည် မြို့ပြပြည်သူနှင့် ဘာသာရေးကိုးကွယ်မှုလွတ်လပ်ခွင့်တို့၏အန္တရာယ်အရှိဆုံးသောရန်သူချီတက် လာသည်ကို ဆီးတားရန် နိုးထဖို့လိုအပ်သည်။ (ဃ၃ ၁၆၃.၂)

ကျွန်ုပ်တို့သည် လက်ကိုပိုက်လျက်၊ ဘာမျှမလုပ်ဘဲ ထိုင်လျက်၊ နေသင့်ကြသလော။ ကျွန်ုပ်တို့အထဲမှာ နှစ်များစွာတာဝန်မဲ့နေလာခဲ့ပြီး မိန်းမောနေကြသူများကို လှုပ်နိုးနိုင်ရန် ကျွန်ုပ်တို့ကိုဘုရားသခင်ကူမပါစေ သော်။ (ဃ၃ ၁၆၃.၃)

## ပညာပါပါလိုက်လုပ်ရမည့်နည်းလမ်းတစ်ရပ်

တနင်္ဂနွေဥပဒေကို ဆန့်ကျင်မည်ဆိုလျှင် ယင်းကိုအမိန့်အာဏာ ကဲ့သို့တည်စေရန် လမ်းရှာနေကြသောဘာသာရေးတက်ကြွလွန်းသူတို့၏နှိပ်စက် ညှဉ်းဆဲမှုကို အားပေးရာရောက်သွားလိမ့်မည်။ သင့်ကိုဥပဒေချိုးဖေါက်သူဟု ခေါ်ရန် အခွင့်မပေးလိုက်ပါနှင့်။ အကယ်၍ သူတို့သည် ဘုရားမကြောက်၊ လူမကြောက်သူများကို ဇက်ကြိုးဆွဲလျက်ထိန်းထားကြမည်ဆိုလျှင်လည်း မကြာမီသူတို့အတွက် အသစ်အဆန်းဆိုသည့်အထိန်းပြေထွက်သွားလိမ့်မည်။ တနင်္ဂနွေနေ့စောင့်ရန် ကန့်သတ်မှုသည်လည်း သူတို့အတွက် တစ်သမတ်

တည်းမဖြစ်၊ အဆင်လည်းမပြေကြောင်းကို လူတွေမြင်လာကြလိမ့်မည်။ သင်တို့၏မစ်ရှင်အလုပ်နှင့် လက်ထဲတွင်ကျမ်းစာအုပ်ကို မြဲမြဲကိုင်စွဲထားပါ။ ရန်သူသည် သူပြုသောအမှုနှင့် သူ့မှာအမင်္ဂလာရှိလာသည်ကို မြင်သွားလိမ့်မည်။ သားရဲအမှတ်တံဆိပ်ကို လက်ခံမရနိုင်သည့်လူတစ်ယောက်ဆိုသည် မှာ ထိုးနှက်တိုက်ခိုက်သည့်အလုပ်ကို ရှောင်ကြဉ်ခြင်းနှင့်တစ်ချိန်တည်း၌ အရေးအကြီးဆုံးအလုပ်ကို လုပ်ကိုင်ခြင်းအားဖြင့် ငြိမ်သက်ခြင်းစောင့်ထိန်းနိုင်သော ဉာဏ်ပညာရကြောင်းကို သူ့၌ဖော်ပြနိုင်သောကြောင့်ဖြစ်သည်။ (ဃ ၁၆၃.၄)

"မစ်ရှင်အလုပ်ထဲမှာ တနင်္ဂနွေနေ့တွင်လည်း အမြဲလုပ်ကိုင်သွားသောအခါ သတ္တမနေ့မြော်လင့်ခြင်းအသင်းသားများအား အရှက်ရစေရန်ဝမ်းမြောက်ဝမ်းသာဖြစ်နေကြမည့် ဖိနှိပ်စီရင်စိတ်ကြီးဝင်နေသူတို့၏လက်ထဲမှကြိမ်လုံးသည် လွတ်ထွက်သွားလိမ့်မည်။" ကျွန်ုပ် တို့သည် တနင်္ဂနွေနေ့တွင်လည်း ကိုယ်တိုင်အလုပ်လုပ်လျက် လူတွေဆီ အလည်အပတ်ရောက်ခြင်း၊ သူတို့နှင့်အတူ ကျမ်းစာဖတ်ခြင်းများလုပ်နေကြ သည်ကို ထိုဖိနှိပ်သူများမြင်ကြလျှင် တနင်္ဂနွေဥပဒေထုတ်၍ ကျွန်ုပ်တို့အား တားဆီးနှောင့်ယှက်ရန် ကြိုးစားမှုသည် သူတို့အတွက် အသုံးမဝင်ကြောင်းကို သူတို့သိလာကြလိမ့်မည်။ (ဃ ၁၆၄.၁)

တနင်္ဂနွေနေ့သည် သခင်ဘုရားအတွက် များစွာသောအမှုတော်ပြီးစီးရန် အသင်းတော်၏အလုပ်ဌာနမျိုးစုံကို ရှေ့တိုးလုပ်ဆောင်နိုင်ကြသည်။ ဤနေ့များတွင် လဟာပြင်အစည်းအဝေးများနှင့် အိမ်တွင်းစုဝေးခြင်းများလုပ်နိုင်ကြသည်။ တစ်အိမ်တက်ဆင်းအမှုတော်လည်း လုပ်နိုင်ကြသည်။ ဓမ္မစာပေဆောင်းပါးရေးနိုင်ကြသူများသည်လည်း ထိုနေ့တွင် ဆက်ကပ်ရေးသားနိုင်ကြသည်။ "ဖြစ်နိုင်သည့်အခါတိုင်း ဘာသာရေးအစည်းအဝေးဝတ်ကို တနင်္ဂနွေနေ့မှာကျင်းပနိုင်ကြသည်။ ဤအစည်းအဝေးများကို စိတ်အားတက်တက်ကြွကြွနှင့်ကျင်းပရမည်။" ပြန်လည်နိုးကြွသက်ဝင်စေသောဓမ္မသီချင်းစစ်များဖြင့် ချီးမွမ်းသီချင်းသီကျူးဆို၍ တန်ခိုးဖြင့်တရားဟောခြင်း၊ ကယ်တင်ရှင်၏အချစ်မေတ္တာတော်စိတ်ချရသည့်အကြောင်းများကို သွန်သင်

ပေးပါ။ အရက်သေစာရှောင်ခြင်း၊ ဆင်ခြင်နေထိုင်ခြင်းအကြောင်း ဩဝါဒ စကားနှင့်အတူ အစစ်အမှန်ဘာသာရေးအတွေ့အကြုံများကို ဝေမျှကြပါ။ (ဃ ၁၆၄.၂)

ကျွန်ုပ်တို့၏ကျောင်းမှဆရာများသည် တနင်္ဂနွေနေ့တွင် မစ်ရှင်အလုပ် များကို ကြိုးစားလုပ်ဆောင်ကြပါစို့။ ကျွန်ုပ်လမ်းညွှန်တော်မူခြင်းခံရသည်မှာ ဤသို့သောအားဖြင့် ဆရာများသည် ရန်သူကိုအောင်နိုင်ရန် အကြောင်းရရှိ နိုင်ကြသည်။ သူတို့ကျောင်းသားများကိုလည်း သူတို့နှင့်အတူလိုက်ပါစေပြီး သမ္မာတရားမသိကြသေးသူများကို စုစည်း၍ အစည်းအဝေးလုပ်နိုင်ကြသည်။ ထိုကြောင့် သူတို့သည် အခြားသောနည်းတစ်ခုခု၌ သူတို့လုပ်နိုင်ခဲ့သည်ထက် ပို၍ ဤအမှုတော်အားဖြင့် များစွာပြီးစီးအောင်ဆောင်ရွက်နိုင်ကြသည်။ (ဃ ၁၆၄.၃)

## အောင်ပွဲခံသမ္မာတရား

ဘုရားပညတ်တော်လိုက်နာဖို့ ကြွေးကြော်သည်ကို လက်မခံသူများ သည် အပြောင်အပြက်လုပ်၍ သရော်စကားများနှင့်ငြင်းချက်တွေပြောလာကြ လိမ့်မည်။ ထိုလောကီအာရုံစိတ်သဘောများသည် လူအများအပြားကို အဆိပ် အတောက်ပေး၍ အချို့ကိုထိန်းချုပ်လာနိုင်သည်။ ဘုရားသခင်၏အမှုတော် သည် ကြီးစွာသောကြိုးပမ်းအားထုတ်မှုနှင့် ဆက်လက်အနစ်နာခံသွားခြင်း အားဖြင့်သာလျှင် ရပ်တည်နိုင်ကြမည်။သမ္မာတရားအဆုံးရောက်လျှင် ဘုန်းတော် ထင်ရှားလျက် အောင်ပွဲခံလိမ့်မည်။ (ဃ ၁၆၄.၄)

မြေကြီးပေါ်မှာ ဘုရားသခင်၏အမှုတော်ကြီးပိတ်သောအခါ ကိုယ်တော် ၏ပညတ်တရားစံနှုန်းသည် တစ်ဖန်ဂုဏ်တင်ချီးမြှောက်ခံရလိမ့်မည်။ မိစ္ဆာ ဘာသာရေးအနံ့အပြားရှိလာနိုင်သည်။ ဒုစရိုက်ပြုခြင်းပေါ်လှိုင်၍ လူအများ ၏ချစ်ခြင်းသည် ဖရောင်းခဲလိုအေးခဲတောင့်မာလာလိမ့်မည်။ ကရာနီတောင်ကုန်း ပေါ်က လက်ဝါးကပ်တိုင်တရားသည် မျက်ခြည်ပြတ်ခံရပြီးလျှင် မသာခေါင်း တလားပိတ်သကဲ့သို့ အမှောင်ကြီးစိုးခြင်းသည် မြေပြင်တစ်လောကလုံးအပေါ်

မှာ ပျံ့နှံ့အုပ်မိုးနေလိမ့်မည်။ ပေါ်ပင်ရေပန်းစားသောအင်အားစုတစ်ရပ်လုံး သည်လည်း သမ္မာတရားကို ဆန့်ကျင်တိုက်ခိုက်လာမည်။ ဘုရားသခင်၏ လူများကို ဆဲဖွဲဖြတ်ရန်အလို့ငှါ လျှို့ဝှက်ပူးပေါင်းကြံစည်မှုတစ်ခုပြီး တစ်ခု ပေါ်လာမည်။ သို့သော်လည်း အကြီးဆုံးဘေးဒုက္ခရောက်ရသည့်အချိန်တွင် ဧလိယ၏ဘုရားသခင်သည် အမြဲတေလူသားတို့ကို အသံမစဲသတင်းစကား ဟောပြောစေရန် မြှောက်တင်တော်မူလိမ့်မည်။ လူနေထူထပ်သောမြို့ကြီးများရှိရာ နယ်မြေဒေသတွေထဲက အမြင့်ဆုံးသောထာဝရဘုရားကို ဆန့်ကျင်တိုက်ခိုက် ပြောဆိုမှုတစ်ရှည်တစ်လျားပြောဆိုနေကြသောအခါ တင်းမာစွာဆုံးမသည့် စကားအသံကို ကြားကြရလိမ့်မည်။ ဘုရားသခင်ခန့်အပ်သောလူများသည် လောကကမ္ဘာဘက်၌ရှိသောအသင်းတော်အဖွဲ့ချုပ်ကို လူသိရှင်ကြားရှုတ်ချ လေမည်။ သူတို့အလွန်ကြီးစားအားထုတ်ခြင်းဖြင့်လည်း လူယောကျ်ား မိန်းမအပေါင်းတို့အား လူလုပ်အဖွဲ့အစည်း၏စည်းကမ်းများစောင့်နေကြသည် ကိုစွန့်ပယ်၍ အစစ်အမှန်ဥပုသ်နေ့ကိုစောင့်ကြဖို့ ပြောဆိုကြပါလိမ့်မည်။ (ဃ ၁၆၅.၁)

အမှောင်ထဲကအလင်းရောင်

နယ်မြေဒေသအသီးသီး၌ မြေကြီးပေါ်နေထိုင်ကြကုန်သောလူတို့အထဲ တွင် ဗာလဘုရားရုပ်တုကို ဦးမညွတ်မကိုးကွယ်သူများရှိကြပါသည်။ မြေကြီး ကိုအမှောင်ဖုံးလွှမ်းစဉ် ကမ်းကုန်အောင်မိုက်မှောင်ခြင်းလူတို့အပေါ် ရောက်လာ သောအခါ ညအချိန်ကောင်းကင်ထက် ထွန်းတောက်သောဘုရားသခင်၏ ကောင်းကင်ကြယ်များကဲ့သို့ ဤသစ္စာခံအယောက်စီတိုင်းသည် လင်းလက် ထင်ပေါ်နေကြမည်။ ဘုရားတရားမကိုးကွယ်ကြသည့်အာဖရိကတိုက်ဒေသအချို့၊ ဥရောပနှင့်တောင်အမေရိကတိုက်ရှိ ကာသိုလစ်နယ်မြေများ၊ တရုတ်ပြည်၊ အိန္ဒိယပြည်၊ ပင်လယ်ပြင်ကျွန်းဒေသများနှင့်မြေကြီးပေါ်ရှိ အမှောင်ထောင့် နေရာများအားလုံးတွင် အမှောင်ကိုခွင်း၍ ထွန်းလင်းပေးမည့်ဘုရားသခင် ရွေးကောက်ခံရသူအယောက်စီတိုင်းအတွက် အာကာသပြင်တစ်ခုကို သီးသန့်

ထားပေးတော်မူလိမ့်မည်။ ထိုသူတို့သည် ဘုရားသခင်၏ပညတ်တော်ကိုနာခံရန် အသွင်ပြောင်းစေသောတန်ခိုးကို သင်းကွဲသွေဖည်ခဲ့ကြသူများအား ထင်ရှားစွာထုတ်ပြောကြပါလိမ့်မည်။ ယခုပင်လျှင် သူတို့သည် တိုင်းနိုင်ငံတိုင်း၊ ဘာသာစကားအသီးသီးပြောနေကြသူတိုင်းတို့အား လိုက်လိုက်လဲ့လဲ့တင်ပြပြောဆိုနေပါသေးသည်။ အဆိုးဆုံးသွေလှန်ဖေါက်ပြန်ခြင်းအချိန်ထဲ၌ စာတန်၏အပြင်းထန်ဆုံးကြိုးစားမှုသည် သေခြင်းပြစ်ဒဏ်ကိုလည်းကောင်း၊ အမှားနားရက်ကိုသစ္စာခံခြင်းသင်္ကေတကိုလည်းကောင်း လက်ခံကြရန် "အကြီးအငယ်၊ ဆင်းရဲချမ်းသာ၊ လူလွတ်၊ အစေခံကျွန်စသည်ဖြင့် အမျိုးမျိုးသောလူအပေါင်းတို့" ကို သွေးဆောင်လာသောအခါ သတ္တမနေ့နားရက်အမှန်သစ္စာခံကြသူအယောက်စီတိုင်းသည် "အပြစ်တင်ခွင့်မရှိ၊ ထိခိုက်မှုမရှိ၊ ပြစ်တင်မောင်းမဲခြင်းမခံရသောဘုရားသားသမီးများ" အဖြစ် "လောကကိုအလင်းရောင်ထွန်းညှိ" ပေးလိမ့်မည်။ ညအမှောင်နက်လေလေ ပို၍တောက်ပစွန်းလက်သောအလင်းကို သူတို့ထွန်းလင်းပေးကြလိမ့်မည်။ (ဃ၃ ၁၆၅.၂)

ကျွန်ုပ်တို့အပေါ် ညှဉ်းဆဲသတ်ဖြတ်ခြင်းနှင့် မုန်တိုင်းတကယ်ရောက်လာသောအခါ မှန်သောသိုးများသည် မှန်သောသိုးထိန်း၏အသံကို ကြားကြလိမ့်မည်။ ကိုယ်ကိုငြင်းပယ်ခြင်းအမှုသည် သူတစ်ပါးအား ကယ်တင်နိုင်ရန်ရှေ့တန်းတင်ကြိုးစားလုပ်ဆောင်လာရမည်။ သိုးခြံမှလမ်းလွဲသင်းကွဲနေသောသိုးများသည်လည်း သိုးထိန်းအကြီး၏နောက်သို့လိုက်ရန် ပြန်လာကြလိမ့်မည်။ (ဃ၃ ၁၆၆.၁)

## ဘုရားသခင်ကွယ်ကာတော်မူခြင်း

ပဋိပက္ခအငြင်းပွားမှုသည် မရပ်မနားရှိနေမည်ဖြစ်သော်လည်း ရန်းကန်တိုက်ပွဲအထဲတွင် တစ်ယောက်တည်းသာကျန်ရစ်နေမည်မဟုတ်ပါ။ ဘုရားသခင်အရှေ့တွင် နှိမ့်ချစွာလျှောက်လှမ်းနေကြသူများအား ကောင်းကင်တမန်ကူညီကာကွယ်ပေးနေသည်။ ဘုရားသခင်၌ စိတ်ချအပ်နှံသူအယောက်စီတိုင်း

အပေါ် ကိုယ်တော်သည် ကတိတော်ကို ဘယ်တော့မှဖျက်ပစ်လိမ့်မည် မဟုတ်။ ဘုရားသားသမီးများဖြစ်သောကြောင့် စာတန်မာရ်နတ်ရန်မှကာကွယ်ပေးရန် ကိုယ်တော်သည် သနားခြင်းမေတ္တာတော်နှင့် သူ့အနီးသို့ဆွဲယူပြီး ရန်သူကိုတိုက်ခိုက်ရန် စံနှုန်းတစ်ရပ်ဆီသို့ သူတို့ကိုတင်မြှောက်ထားတော်မူလိမ့်မည်။ "သူတို့ငါ့လူတွေဖြစ်တယ်၊ မထိကြနှင့်" ဟူ၍ ကိုယ်တော်အမိန့်ပေးနေသည်။ "ငါ့လက်ဝါးပေါ်မှာ သူတို့ကိုအသေအချာယူတင်ထားမည်။" (ဃ ၁၆၆.၂)

ဖြောင့်မတ်ခြင်းတရားတော်အတွက် ဒုက္ခခံနေကြရသောသူတို့သည် ကောင်းကင်ဘုံနှင့်အလွန်နီးသူဖြစ်သည်။ ခရစ်တော်သည် သစ္စာခံတပည့်တော်များ၏အကျိုးနှင့်အတူ ကိုယ်တော့်အကျိုးကို ဖေါ်ဆောင်လုပ်ကိုင်တော်မူ၏။ ကိုယ်တော်သည် သူ၏သန့်ရှင်းသူတပည့်များကိုယ်စားခံစားရသည်။ တစ်ယောက်ယောက်က သူ့တပည့်ကိုထိလျှင် သူ့ကိုထိသကဲ့သို့ ခံစားရသည်။ ခန္ဓာကိုယ်ထိခိုက်နာကျင်ခြင်း၊ စိတ်သောကရောက်ရခြင်းများကို ကယ်လွှတ်နိုင်သောတန်ခိုးသည် ဘေးဒုက္ခကြီးမှလွတ်မြောက်နိုင်ရန်လည်း နီးစပ်သည်။ အခြေအနေအရပ်ရပ်အောက်တွင် လူ့ဂုဏ်သိက္ခာကိုစောင့်ထိန်းနိုင်ရန် ဘုရားသခင်၏အစေခံဖြစ်သူတို့အဖို့ အဖြစ်နိုင်ဆုံးဆောင်ရွက်နိုင်စွမ်းပင်တည်း။ (ဃ ၁၆၆.၃)

သခင်ဘုရားသည် ကိုယ်တော်၏အသင်းတော်၌ ဘေးအန္တရာယ်ကြုံနေရခြင်း၊ ရန်သူတိုက်ခိုက်၍ အနာရလိုက်ခြင်းများကို မေ့လျော့နေတော်မူလေပြီဟု အချိန်အခါအလိုက်အထင်ရောက်နိုင်ကြသည်။ သို့သော် ကိုယ်တော်သည် မေ့လျော့နေတော်မမူ။ ဘုရားသခင်၏အသင်းတော်ကို ကိုယ်တော့်နှလုံးအထဲ ချစ်မြတ်နိုးတော်မူသည်မှာ တူသည့်အရာလောကတွင် ဘာမျှမရှိလေပြီ။ "လောကမူဝါဒများအားဖြင့် အသင်းတော်မှတ်တမ်းကို မှားယွင်းစေလိမ့်မည်ဆိုသည်မှာ ဘုရားအလိုတော်မဟုတ်ပါ။" စာတန်၏ သွေးဆောင်ဖြားယောင်းခြင်းမှ ကျော်လွှားလွတ်မြောက်လာကြရန် ကြိုးပမ်းမှုတွင်

ဘုရားသခင်သည် သူ့လူများကို မေ့ချန်ထားလိမ့်မည်မဟုတ်ပါ။ ဘုရားသခင်အကြောင်းအမှားတင်ဆက်သူများကို ကိုယ်တော်ပြစ်ဒဏ်ပေးလိမ့်မည်။ စိတ်ပါလက်ပါနောင်တနှင့်ပြန်လာသူများအားလုံးအပေါ်တွင် ဘုရားသခင်ဘုန်းတော်ရောက်ခြည်ဖွင့်လှစ်ပေးပါလိမ့်မည်။ (ဃ ၁၆၆.၄)

—၀—

## အခန်း (၁၅)
# ကောက်လှိုင်းများရိတ်သိမ်းခြင်း

သပွတ်အူလိုပြဿနာ

ကျွန်ုပ်တို့ရှေ့မှောက်မှာ ရှုပ်ထွေးလျက်နေသောမေးခွန်းတစ်ရပ်သည် နှစ်များစွာကြာညောင်းခဲ့ပါပြီ။ ထိုမေးခွန်းမှာ "ကျွန်ုပ်တို့၏အရှေ့၌ ထာဝရဘုရားလမ်းဖွင့်ပေးသောသာသနာလုပ်ငန်းများအတွက် ပံ့ပိုးရန်လိုအပ်သောရန်ပုံငွေကို မည်ကဲ့သို့မြှင့်တင်နိုင်ပါသနည်း" ဖြစ်သည်။ ဧဝံဂေလိလုပ်ပါဆိုသောအမိန့်တော်ကို ကျွန်ုပ်တို့ရှင်းလင်းစွာကြားသိခဲ့ရပြီ။ ပြည်တွင်း၊ ပြည်ပသာသနာနယ်မြေတွေမှာ လိုအပ်သည်များကိုလည်း သိမြင်ပါပြီ။ ရည်ညွှန်းချက်များလည်း မှန်ပါ၏။ စီမံကိန်းအရှင် ဘုရားသခင်၏အပြုသဘောနှင့် ဖေါ်ပြချက်များသည် ကျွန်ုပ်တို့အား စောင့်ဆိုင်းလျက်နေသောသာသနာအမှုတော်မြတ်ကို လျင်မြန်စွာလုပ်ဆောင်ကြရန် နှိုးဆော်လျက်ရှိနေပြီမဟုတ်လောမိတ်ဆွေ။ (ဃ၃ ၁၆၇.၁)

အောင်မြင်သောစီမံချက်တစ်ရပ်

သာသနာလုပ်ငန်းသည် မယုံကြည်သူများဆီသို့ အရောက်လှမ်းရောက်စေမည်။ စီမံချက်သစ်များတွင် အသင်းတော်များအတွက် ကောက်နှံစုသိမ်းခြင်းသည် လုပ်ငန်းစီမံချက်တစ်ခုဖြစ်ပါသည်။ လွန်ခဲ့သည့်နှစ်များအတွင်းနေရာအတော်များများမှာ ဤစီမံချက်သည် အောင်မြင်ကြောင်းတွေ့မြင်ရပါသည်။ လူများစွာကို မင်္ဂလာဖြစ်စေ၍ သာသနာဘဏ္ဍာရေးရန်ပုံ ငွေများလည်း မပြတ်စီးဝင်လာ၏။ တိုးမြင့်လာပါ၏။ "ကျွန်ုပ်တို့နှင့် ယုံကြည်ချက်ချင်းမတူသူများပင်လျှင် ဘုရားတရားမရှိသူတို့၏ နေထိုင်ရာဒေသများတွင် တတိယကောင်းကင်တမန်၏သတင်းစကား ပျံ့နှံ့ကျယ်ပြန့်စေရေးအတွက် စိတ်ဝင်စားစွာချဉ်းကပ်လာကြပြီး အကူအညီပေးကြပါလိမ့်မည်။"

စိတ်ဝင်စားလာရုံမျှမက ကိုယ်ချင်းစာနာစိတ်တချို့ ရှိသူများဆိုလျှင် လူ့စိတ်နှလုံးနှင့်အသက်တာများစွာကို ပြောင်းလဲစေနိုင်သော၊ တန်ခိုးရှိသော ထိုသမ္မာတရားကို သိမြင်ခံစားလိုကြသဖြင့် လေ့လာရှာဖွေလာ ကြပါသည်။ ထိုသို့နှင့်အညီ လူ့အလွှာအသီးသီးဆီသို့ ထိုသတင်းကောင်း သည်ရောက်ရှိသဖြင့် ထာဝရဘုရား၏နာမတော်သည် ဘုန်းတော်ထင်ရှား ခြင်းရှိလာရပါသည်။ (ဃ ၁၆၇.၂)

တချို့သောသူတို့သည် မယုံကြည်သူများထံမှ တော်လျော်သောဆုလက်ဆောင်များကို လက်ခံရယူခြင်းနှင့်ပတ်သက်၍ မေးခွန်းမေးတတ်ကြပါသည်။ မိမိတို့ကိုယ်ကိုမိမိတို့ပြန်မေးကြည့်ပါ။ "မည်သူသည် ဤကမ္ဘာမြေကြီးကို အမှန်တကယ်ပိုင်ဆိုင်သူဖြစ်ပါသလဲ။ ဤကမ္ဘာမြေကြီးပေါ်ရှိ အိုးအိမ်များ၊ ပြည်နယ်ဒေသများနှင့်သယံဇာတဖြစ်သောရွှေနှင့်ငွေ၊ ကျောက်မြတ်ရတနာများသည် မည်သူပိုင်သည့်ပစ္စည်းလဲ။" ထာဝရဘုရားသခင်သည် ကျွန်ုပ်တို့၏ကမ္ဘာမြေကြီးကိုပိုင်သလို၊ မြေကြီးသားအပေါင်းတို့၏လက်ထဲသို့ ယင်းပစ္စည်းများအပ်နှင်းထားပါသည်။ စကားတော်ကို နားထောင်သောသူ၊ နားမထောင်သောသူဟူ၍ မခွဲခြားထားပါ။ "ကိုယ်တော်ရှင်၏အမှုတော်မြတ်အတွက် လောကဆန်သောလူများသည် စိတ်ရပ်တု၊ ရုပ်ဆင်းတုများကိုရှိခိုးနေကြသည်ဖြစ်စေ၊ ထိုသူတို့၏စိတ်နှလုံးကိုပင် တို့ထိကာ ရက်ရောစွာပေးကမ်းစွန့်ကြဲစေနိုင်ပါသည်။ ထာဝရဘုရား၏လူတို့ သည် ထိုကဲ့သို့သောသူများကို ပညာသတိဖြင့် ချဉ်းကပ်နည်းခံပြီး ဆိုပါက ကိုယ်တော်ရှင်သည် မိမိကြံစည်ထားရှိသည့်အတိုင်း ချက်ချင်း လုပ်ဆောင်ပါလိမ့်မည်။" ကျွန်ုပ်တို့သည် ဤအမှုတွင် အခွင့်အရေးယူသင့် ကြပါ၏။ ဤကဲ့သို့ ပစ္စည်းနှင့်ဩဇာရှိသူများကို တော်လျော်သောအလင်း တရားထွန်းလင်းပေးမည်ဆိုက ထိုသူတို့သည် မျက်မှောက်ခေတ်သမ္မာတရား အလင်းထွန်းပြောင်စေရေးအတွက် ဆောင်ရွက်မှုအဖုံဖုံတို့တွင် ကူညီမစလာ ကြပါလိမ့်မည်။ အကယ်၍သာ ထာဝရဘုရား၏လူတို့သည် ဤကမ္ဘာလောက ကြီးနှင့်သီးခြားလွတ်လပ်စွာရပ်တည်ရန် မရွေးချယ်ဘဲ အများအကျိုးပြုရန်

မိတ်သဟာယဖွဲ့၍ ဆက်နွယ်နေကြမည်ဆိုလျှင် ကျန်းမာရေးသာသနာသတင်း ကောင်းပျံ့နှံ့စေရန် အခွင့်အရေးများစွာကို ဆုံးရှုံးရလိမ့်မည်မဟုတ်ပါ။ (ဃ ၁၆၇.၃)

ထာဝရဘုရားသခင်သည် လောကီရှင်ဘုရင်များနှင့် အုပ်ချုပ်သူတို့၏စိတ်နှလုံးထဲမှာ မိမိ၏လူများ၏ကိုယ်စားနိုးဆော်နေဆဲဖြစ်ပါသည်။ ကိုယ်တော်ရှင်မြတ်အတွက် အမှုတော်ဆောင်နေသောသူများသည် သာသနာတော်ပြန့်ပွားရေးအတွက် အကူအညီရရှိရန် ထာဝရဘုရားခန့်အပ်ထားသောလူများစွာရှိပါသည်။ ဤလက်ဆောင်ပစ္စည်းများစွန့်ကြဲသောပရဟိတအကျိုးတော်ဆောင်များအားဖြင့် အမှောင်ဖုံးနေသောအရပ်ဒေသများစွာတို့တွင် သမ္မာတရားအလင်းရရှိရန် လမ်းပွင့်သွားနိုင်ပါသည်။ "ဤလူတို့သည် ထာဝရဘုရားသခင်၏အမှုတော်မြတ်ကို မခံစားတတ်၊ ခရစ်တော် ကိုလည်း မယုံကြည်၊ သမ္မာကျမ်းစာနှင့်လည်း ထိတွေ့မှုမရှိဖြစ်ပါ သော်လည်း ဤဆောင်ရွက်မှုမျိုးအတွက် သူတို့၏လက်ဆောင်ပစ္စည်းများကိုမငြင်းပယ်ရပါ။" (ဥပမာ–ADRA) (ChS 168.1)

ထာဝရဘုရားသည် မိမိ၏ဥစ္စာပစ္စည်းများစွာကို ယုံကြည်သူများ၏လက်တွင်ဖြစ်စေ၊ မယုံကြည်သူများ၏လက်တွင်ဖြစ်စေ အပ်နှင်းထားပါသည်။ အားလုံးသောဥစ္စာပစ္စည်းများသည် ဤကုန်ဆုံးကမ္ဘာကို ပြန်လည်သက်ရှင်လန်းဆန်းစေသောအမှုတော်မြတ်အတွက် အသုံးပြုရန် ပြန်ပေးရပါသည်။ ကမ္ဘာမြေပေါ်၌ ကျွန်ုပ်တို့အသက်ရှင်နေသမျှကာလပတ်လုံး ထာဝရဘုရား၏ဝိညာဉ်တော်သည်လည်း မိမိ၏လူတို့တွင် လှုပ်ရှားနေသဖြင့် ကျွန်ုပ်တို့သည် ထိုစေတနာရှင်ပေးကမ်းစွန့်ကြဲသည့် ဥစ္စာပစ္စည်းများကို လက်ခံရကြသလို လက်ဆင့်ကမ်းမျှဝေ၊ ပေးကမ်း၊ စွန့်ကြဲကြရပါမည်။ ကျွန်ုပ်တို့သည် နှုတ်ကပတ်ကျမ်းစာ၏ဖေါ်ပြချက်အတိုင်း ဤကမ္ဘာကြီးကို သမ္မာတရားအလင်းထွန်းလင်းပေးရပါမည်။ ထိုသခင့်အမှုတော်မြတ်ကိုယ်စား ထာဝရဘုရားက စိတ်နှလုံးတို့ထိသဖြင့် စွန့်ကြဲလိုက်သောဤကမ္ဘာလောကကြီး၏ဘဏ္ဍာများကိုလည်း ကျွန်ုပ်တို့သည် လက်ခံရရှိကြသူများဖြစ်လာကြပါသည်။ (ဃ ၁၆၈.၂)

ယခုအချိန်ကာလ၌ မတရားသောသူတို့၏လက်ထဲမှာ အများစုပိုင်ဆိုင်နေသောကမ္ဘာ့ချမ်းသာကြွယ်ဝမှုရတနာအပေါင်းတို့ကို ထာဝရဘုရားပိုင်တော်မူ၏။ နှုတ်ကပတ်ကျမ်းစာအဆိုအရ "ရွှေနှင့်ငွေကိုငါပိုင်သည်ဟု ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရားမိန့်တော်မူ၏။" (ဟဂ္ဂဲ ၂း၈)။ "[၁၀]တောတိရစ္ဆာန်ရှိသမျှတို့နှင့် တစ်ထောင်သောတောင်ပေါ်မှာရှိသောတိရစ္ဆာန်တို့သည် ငါ၏ဥစ္စာဖြစ်ကြ၏။ [၁၁]တောင်ပေါ်မှာနေတတ်သောငှက်အပေါင်းတို့ကိုငါသိ၏။ [၁၂]တောသားရဲတို့သည် ငါ၌ရှိကြ၏။ ငါသည် ငတ်မွတ်လျှင် သင့်ကိုမပြော။ လောကဓာတ်နှင့်လောကဥစ္စာသည် ငါ၏ဥစ္စာဖြစ်၏။" (ဆာလံ ၅၀း၁၀–၁၂)။ သို့ဖြစ်၍ ခရစ်ယာန်တို့သည် ထာဝရဘုရားသခင်၏နိုင်ငံတော် ဤကမ္ဘာမြေပေါ်မှာ ကျယ်ပြန့်တိုးပွားစေရေးအတွက် ကောင်းကင်ဘုံက ပို့ပေးလိုက်သောအခွင့်အရေးကို အကျိုးရှိစွာအသုံးချပါ။ မှန်ကန်သော အခြေခံမူစည်းမျဉ်းများကို ကျွန်ုပ်တို့သည် မြတ်နိုးသည်နှင့်အမျှ ဘုရားသခင် ပေးတာဝန်နှင့်အခွင့်အရေးကို ပို၍ပို၍ ပြည့်ဝစွာအသုံးတော်ခံရန်သတိရ သင့်ကြပေသည်။ (ဃ ၁၆၈.၃)

အမှုတော်ဆောင်များသို့သတိပေးနှိုးဆော်ချက်

"ကောက်နှံသိမ်းစု–လှုပ်ရှားမှု" အစီအစဉ်၏အထူးသာသနာပြုလုပ်ငန်း၌ ပါဝင်လိုသဖြင့် ပုံစံဖြည့်ရေးနေကြသောသူတို့အားလုံးကို ကျွန်ုပ်ပြောလိုသည်မှာ "သင့်လုပ်ငန်း၌ ကြိုးစားအားထုတ်၍ လုံ့လဝီရိယရှိကြပါ။ သန့်ရှင်းသောဝိညာဉ်တော်၏သြဇာလွှမ်းမိုးမှု၊ လမ်းညွှန်မှုအောက်၌ အသက်ရှင်ပါ။" နေ့တိုင်းအစဉ်ခရစ်ယာန်အတွေ့အကြုံများရှိနေပါစေ။ အထူးပါရမီအရည်အသွေးရှိသူတို့သည် လူ့အလွှာအသီးသီး၌ရှိကြသောမယုံကြည်သူများအတွက် အလုပ်လုပ်ပေးပါ။ ပျက်စီးဆုံးပါးနေသောအသက်ဝိညာဉ်များကို လုံ့လဖက်၍ စေ့စေ့ရှာဖွေကယ်တင်ပါ။ လမ်းလွဲနေသူများကို ခရစ်တော်သခင်သည် မိမိ၏သိုးခြံအတွင်း ပြန်သယ်ဆောင်လာရန် သခင်မည်မျှစိတ်အားကြီးကြောင်းကိုစဉ်းစားဆင်ခြင်ပါ။ သခင်ဘုရားထံ ပြန်လည်စာရင်းရှင်းတင်ပြရမည်ဟူ

သောအတွေးဖြင့် အသက်ဝိညာဉ်များကို စောင့်ရှောက်ပါ။ သင့်အသင်းတော်၏အတွင်းနှင့်အပြင် သာသနာလုပ်ငန်းရပ်တွေမှာ သင့်အလင်းကို ကြည်လင်စွာထွန်းလင်းရောင်ခြည်ဖြာစေခြင်းဖြင့် တရားစီရင်ရာနေ့၌ သင့်အား အဘယ်သူမျှ "ဒီသမ္မာတရားကို ဘာကြောင့်ငါတို့အား လာမပြောတာလဲ။ သင်သည် ကျွန်ုပ်၏အသက်ဝိညာဉ်ကို ဘာကြောင့်ဂရုမစိုက်ခဲ့တာလဲ" ဟူသည့်မေးခွန်းမျိုးအမေးမခံရပါစေနှင့်။ သို့ဖြစ်၍ "ကျွန်ုပ်တို့နှင့်ယုံကြည်ချက်ခြင်းမတူသောသူတို့အတွက် အထူးသဖြင့် ပြင်ဆင်ပုံနှိပ်ထားပေးသော လက်ကမ်းစာစောင်များကို လုံ့လဖက်၍ ဖြန့်ဝေပါ။" ဖြစ်နိုင်သမျှနည်းလမ်းကောင်းများစွာဖြင့် မယုံကြည်သူတို့ကို သေသပ်စွာဖြင့် သင့်ဆီ သို့ဆွဲဆောင်ယူပါ။ လက်ကမ်းစာစောင်များရရှိလိုသူတိုင်းထံ ဝေစာကိုဝေငှပါ။ ကျွန်ုပ်တို့သည် တတိယကောင်းကင်တမန်သတင်းစကားကြွေးကြော်ရေး၌ မိမိကိုယ်မိမိအပ်နှံကြပါစို့။ "သခင်ဘုရားသွားမည့်လမ်းခရီးကို ပြင်ဆင်ပေးကြ ပါ။" ငါတို့၏ထာဝရဘုရားအတွက် သဲကန္တာရထဲမှာ လျှောက်မည့်လမ်းကို ဖြောင့်တန်းနေအောင်ဖေါက်လုပ်ပေးကြပါ။ (ဃ ၁၆၉.၁)

## အောင်မြင်ရန်မရှိမဖြစ်လိုအပ်ချက်များ

ယနေ့အတွက် သမ္မာတရားအလင်းကို သူတစ်ပါးတို့ထံ ပို့ဆောင်ပေးသည့်စီမံချက်ကို အကောင်အထည်ဖော်လုပ်ဆောင်ရာတွင်သော်လည်းကောင်း၊ ထိုလုပ်ဆောင်မှုတိုးတက်စေရန် ဆက်နွယ်နေသောအဖွဲ့ဖွယ်အစီအမံများကြောင့်သော်လည်းကောင်း ကျွန်ုပ်တို့သည် မိမိတို့ချီးမြှင့်လိုသောနာမတော်၌ ဥသုံလုံးဝပထမဦးစွာ အပ်နှံကြပါစို့။ ကျွန်ုပ်တို့အလည်အပတ်ရောက်ပြီး သတင်းကောင်းပေးလိုသောသူတို့အတွက် စိတ်အားကြီးစွာ ဆုတောင်းပေးကြပါစို့။ "အသက်ရှင်သောယုံကြည်ချက်ထားရှိခြင်းဖြင့် ကျွန်ုပ်တို့သည် ထိုသူတို့ကိုတစ်ယောက်ပြီးတစ်ယောက် ထာဝရဘုရား၏မျက်မှောက်တော်သို့ယူဆောင်လာရမည်။" ထာဝရဘုရားသည် လူ၏ကြံစည်ချက်နှင့်ရည်ရွယ်ချက်များကိုသိမြင်သဖြင့် ကျွန်ုပ်တို့ကိုလွယ်လွယ်ကူကူနှင့်အရည်ပျော်

သွားစေနိုင်ပါ၏။ ကိုယ်တော်ရှင်၏ဝိညာဉ်တော်သည် မီးလျှံကဲ့သို့ဖြစ်သော ကြောင့် မိုးကြိုးသွားနှင့်တူသောစိတ်နှလုံးကို နူးညွတ်ပျော့ပျောင်းစေကာ နှိမ်နင်း နိုင်ပါသည်။ ကိုယ်တော်ရှင်သည် လူ့အသက်ဝိညာဉ်ကို ချစ်ခြင်းမေတ္တာနှင့် နူးညံ့သိမ်မွေ့ခြင်းဖြင့် ဖြည့်ဆည်းပေးနိုင်ပါ၏။ ကိုယ်တော်ရှင်ဘုရားသခင်၏ သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့အား ကျေးဇူးတော်များနှင့် ဖြည့်ဆည်း ပေးသဖြင့် ကျွန်ုပ်တို့သည် အသက်ဝိညာဉ်များစွာအတွက် ထာဝရအသက် လမ်းကိုတွေ့ရှိရန် ဝင်ထွက်သွားလာလုပ်ကိုင်နိုင်ပါလိမ့်မည်။ (ဃ ၁၆၉.၂)

ထာဝရဘုရား၏အမှုတော်မြတ်သည် ယခုလက်ရှိအခြေအနေမှာ မျက်နှာပွင့်လန်းသည်ထက် ပိုမို၍ပွင့်လန်းနေသင့်ပါပြီ။ အကယ်၍သာ ကျွန်ုပ် တို့သည် ပတ်ဝန်းကျင်ရှိလူများကို ပညာသတိနှင့်ချဉ်းကပ်၍ လူသားအကျိုး ဆောင်လုပ်ငန်းများနှင့် ရင်းနှီးအကျွမ်းဝင်စေကာ ကျွန်ုပ်တို့လုပ်ဆောင်ကြမည့် တိုးတက်ကြီးပွားရေးအလုပ်များ၌ သူတို့အားလည်း အခွင့်အရေးပေး၍ ပါဝင် လုပ်ဆောင်စေရပါမည်။ အကယ်၍သာ ကျွန်ုပ်တို့သည် ထာဝရဘုရားသခင် ၏အစေခံများအဖြစ် အမှုတော်မြတ်တွင် လုပ်ဆောင်လေသမျှ၌ ပညာသတိ နှင့်လုံ့လအားစိုက်ကာ လုပ်ဆောင်နေကြပါက ကိုယ်တော်ရှင်၏ကောင်းမြတ် သောလက်တော်သည် ကျွန်ုပ်တို့၏အားထုတ်မှုများကို ကောင်းချီးပေး၍ တိုးတက်ဖွံ့ဖြိုးစေပါလိမ့်မည်။ (ဃ ၁၇၀.၁)

အကယ်၍ ထာဝရဘုရား၏အမှုတော်မြတ်မှာ ပါဝင်လုပ်ဆောင်နေ ကြသောသူအပေါင်းတို့သည် မိမိတို့၏သစ္စာစောင့်သိခြင်းနှင့် ဉာဏ်အမြော် အမြင်အပေါ် များစွာတည်နေကြောင်း သိမှတ်နားလည်ခဲ့ပါသော် ထိုသူတို့ ၏အားထုတ်မှုများသည် အမှန်တကယ်သာ၍တိုးတက်လာပါလိမ့်မည်။ ကျွန်ုပ် တို့သည် မဝံ့မရဲနှင့်နောက်ဆုတ်ဖို့ကိုသာ စဉ်းစားမိကြသောကြောင့် မိမိရရှိ မည့်အခွင့်အရေးမှာ လုံခြုံမှုမရှိတော့ဘဲ ဆုံးရှုံးခဲ့ရသည်။ သို့ဖြစ်၍ အထက်မှ လာသောတန်ခိုးကို (မကြာခဏ) တောင့်တလျက် ထာဝရဘုရားကူညီမစ မည်ဟု ယုံကြည်မျှော်လင့်လျက် မိမိဆောင်ရွက်ရမည့်အပိုင်းကို လုပ်ဆောင် ရန် အသင့်ရှိနေကြရမည်။ (ဃ ၁၇၀.၂)

## ပြည်တွင်းသာသနာနှင့်ပြည်ပသာသနာ

ပြည်တွင်းသာသနာ့အလုပ်သည် နည်းလမ်းပေါင်းစုံဖြင့် ရှေ့သို့ တိုးတက်ကြီးပွားလာရသည့်အကြောင်းသည် ပြည်ပသာသနာလုပ်ငန်းတိုးတက်စေရေးအတွက် ပိုမို၍ရက်ရောခြင်း၊ ကိုယ်ကျိုးစွန့်ခြင်းနှင့်အပ်နှံလုပ်ဆောင်သွားခြင်းအပေါ်၌ တည်နေပါလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ပြည်တွင်းတိုးတက်အောင်မြင်မှုသည် ထာဝရဘုရား၏အလိုတော်ညွှန်ကြားသည့်အတိုင်း အခြားပြည်ပဒေသများ၌ မည်ကဲ့သို့ဧဝံဂေလိမျိုးစေ့ကြဲလုပ်ဆောင်နေ၍ မည်မျှအလိုလိုတုံ့ပြန်သြဇာသက်ရောက်သည့်အပေါ် များစွာတည်မှီနေပါသည်။ ဤသည်မှာ တန်ခိုးတော်အပေါင်း၏မှီငြမ်းရာဖြစ်သောဘုရားသခင်နှင့် အမြဲထိတွေ့နေစေရန် ကျွန်ုပ်တို့၏ဝိညာဉ်များကို ယူတင်ရသောကိုယ်တော်၏အမှုတော်၌လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် နိုးကြားစွာကျွန်ုပ်တို့လုပ်ဆောင်နေခြင်းဖြစ်ပါသည်။ (ဃ ၁၇၀.၃)

ခရစ်ယာန်အမေရိကန်စီးပွားရေးသမားတစ်ယောက်သည် မိမိ၏လုပ်သားချင်းနှင့်အတူ စကားစမြည်ပြောရာတွင် သူသည် တစ်နေ့လျှင် (၂၄) နာရီ ခရစ်တော်အတွက် အလုပ်လုပ်နေကြောင်း ပြောပြပါသည်။ သူဆက်၍ ပြောပါသည်။ “ကျုပ်ရဲ့စီးပွားရေးဆက်ဆံမှုတိုင်းမှာ သခင်ယေရှုကိုကိုယ်စားပြုဖို့ ကြိုးစားပါတယ်။ အခွင့်အရေးရတိုင်းလည်း လူတွေကိုဘုရားသခင်ထံ ပို့နိုင်ဖို့ ကြိုးစားပါတယ်။ တစ်နေကုန်ကျုပ်ဟာ ခရစ်တော်အတွက် အလုပ်လုပ်ပေးနေပါတယ်။ ညအခါ အိပ်ပျော်နေစဉ်မှာလည်း တရုတ်ပြည်မှာ ခရစ်တော်အတွက် သာသနာပြုရောက်နေတဲ့ ကျုပ်ရဲ့လူတစ်ယောက်ရှိတာကို တွေးမိပါတယ်။ တကယ်တော့ ကျွန်ုပ်ဟာ အခြားတိုင်းပြည်တစ်ပြည်မှာ သာသနာပြုလုပ်ဖို့ ဆုံးဖြတ်ပြီးသား လူငယ်တစ်ယောက်ပါပဲ။ ဒါပေမယ့် အဖေသေသွားတော့ ကျုပ်ဟာ အိမ်စီးပွားရေးအလုပ်ကို ဦးစီးလုပ်ရမည့်တာဝန်ကျရောက်လာတာကြောင့် ပြည်ပကိုကိုယ်တိုင်မသွားနိုင်ပေမယ့် သာသနာပြုဆရာတစ်ယောက်ကိုတော့ ထောက်ပံ့ပေးနိုင်ခဲ့ပါတယ်။ ကျုပ်ရဲ့လူဟာ တရုတ်

ပြည်မြို့တစ်မြို့မှာရှိတယ်။ အဲဒါကြောင့် ကျုပ်အိပ်ပျော်နေစဉ်မှာလည်းကျုပ်ဟာ ကျုပ်ရဲ့အဲဒီကိုယ်စားလှယ်အားဖြင့် ခရစ်တော်သခင်အတွက် အမှုတော် ထမ်းဆောင်နေဆဲဖြစ်တယ်လို့ ပြောရတာပါ။ (ဃ ၁၇၀.၄)

သတ္တမနေ့မြော်လင့်ခြင်းအသင်းသူ/အသင်းသားတွေထဲမှာ အဲဒီလို လုပ်နေတာမရှိကြဘူးလား။ သမ္မာတရားကိုသိနှင့်ထားပြီးဖြစ်တဲ့ အသင်းတော် ရဲ့ဓမ္မဝန်ဆောင်တွေကို အသင်းတော်ထဲမှာပဲ အလုပ်ရှုပ်နေစေမည့်အစား သာမန်အသင်းသားများက သူတို့ကို ဤသို့ပြောကြပါစို့။ "အမှောင်ကမ္ဘာ ထဲမှာ ပျက်စီးဆုံးရှုံးမည့်အသက်ဝိညာဉ်များကို ကယ်ဆယ်ဖို့သွားလုပ်ကြပါ။ ကျုပ်တို့ကိုယ်တိုင်အသင်းတော်လုပ်ငန်းတွေကို ဆက်လက်ဆောင်ရွက်မယ်။ ဓမ္မစည်းဝေးခြင်းအမှုကို အမြဲပြုပြီး ခရစ်တော်သခင်၌ မြဲစွာရှိနေခြင်းအားဖြင့် ကျုပ်တို့ရဲ့ဝိညာဉ်ရေးအသက်တာတွေကို ထိန်းသိမ်းသွားပါ့မယ်။ ကျုပ်တို့ ရဲ့အနီးအနားမှာရှိကြတဲ့ အသက်ဝိညာဉ်တွေအတွက်လည်း ကျုပ်တို့အလုပ် လုပ်ပါ့မယ်။ ပြီးတော့ အကူအညီပိုပြီးလိုအပ်နေတဲ့ ခိုကိုးရာမဲ့သာသနာ့နယ်မြေ တွေမှာရှိနေကြတဲ့ သခင့်အမှုတော်ဆောင်တွေကို ကျွန်ုပ်တို့ရဲ့ဆုတောင်းခြင်း၊ လက်ဆောင်ပစ္စည်းပေးပို့ခြင်းတွေနဲ့ ထောက်ပံ့ပေးပါ့မယ်။ (ဃ ၁၇၁.၁)

## မြတ်နိုးစုံမက်စရာနမူနာတစ်ခု

ဆင်းရဲသောမုဆိုးမသည် ထာဝရဘုရား၏ဘဏ္ဍာတိုက်ထဲသို့ ကြေးပြား နှစ်ပြားထည့်လိုက်ပါသည်။ မိမိဘာလုပ်နေသည်ကို အနည်းငယ်သာသိသော သူဖြစ်၏။ ယင်းသို့သူမ၏ကိုယ်ကျိုးစွန့်အပ်နှံခြင်းပုံစံသည် ခေတ်အဆက် ဆက်နေရာဒေသတိုင်းရှိ ထောင်သောင်းမကသောစိတ်နှလုံးများကို ထိတွေ့ကာ နည်းယူစေခဲ့ပါသည်။ ထိုသာဓကသည် အသင်းတော်သာသနာလုပ်ငန်းများစွာ ကိုထိန်းသိမ်းကူညီနေပါ၏။ ဆေးရုံ၊ ဆေးခန်းများကိုလည်း တည်ဆောက် စေပါ၏။ ငတ်မွတ်နေသူများကိုအစာကျွေးခြင်း၊ အဝတ်မရှိသူများကို အဝတ် အထည်ပေးခြင်း၊ ဖျားနာသူများကို ကုသပေးခြင်း၊ ဆင်းရဲသားများကို ဧဝံ ဂေလိသတင်းဟောပြောခြင်းစသည့်အမှုများကို ပြီးစီးစေပါသည်။ ထိုမုဆိုးမ

၏ကိုယ်ကျိုးစွန့်လုပ်ဆောင်မှုအားဖြင့် သိန်းသန်းမက များစွာသောလူများသည် ကောင်းချီးမင်္ဂလာကို ခံစားကြရပါ၏။ (ဃ ၁၇၁.၂)

ပုရောဖက်နေဟမိ၏အသက်တာမှရယူနိုင်သောသင်ခန်းစာများ

လွန်ခဲ့သောနှစ်များအတွင်းက အသင်းတော်သာသနာစီမံချက်လုပ်ငန်း နှင့်ပတ်သက်၍ ထိုအမှုတော်လုပ်ငန်းတိုးတက်အောင် ဘယ်လိုလုပ်ရမှာလဲ ဆိုသည့်အကြောင်းကို လုပ်ဖော်ကိုင်ဖက်ညီအစ်ကိုမောင်နှမ၊ မိတ်ဆွေတို့နှင့် စကားစပ်မိခဲ့ရာ နေဟမိကိုနမူနာထား၍ ညွှန်းဆိုပြောပြခဲ့ဖူးပါသည်။ ယခုအခါ ၌လည်း ထိုပုဂ္ဂိုလ်၏အတွေ့အကြုံများကို လေ့လာမှတ်သားကာ နည်းယူရန် ကျွန်ုပ်နှိုးဆော်လိုပါသည်။ ထိုသူသည် ယုံကြည်ချက်အားကြီးသူ၊ ဆုတောင်း ခြင်းကိုတန်ဖိုးထားသူ၊ ဆုံးဖြတ်ခြင်းအရာမှာ လိမ္မာပါးနပ်သောသူဖြစ်ပါ၏။ ထာဝရဘုရား၏အမှုတော်အတွက် အကျိုးရှိ၍ တိုးတက်အောင်မြင်စေရန် မိမိ၏မိတ်ဆွေ၊ ဧကရာဇ်ဘုရင်ကြီးအာတဇေရဇ်၏ရှေ့တော်သို့ပင် ရဲဝံ့စွာ ဝင်ရောက်အကူအညီတောင်းခံနိုင်ခဲ့သူတစ်ဦးဖြစ်ပါသည်။ (ဃ ၁၇၁.၃)

ပေးနိုင်သူတို့ထံမှအသနားခံတောင်းကြ––– ဆုတောင်းသောသူများသည် လက်တွေ့လည်းရှိရသည်။ အသင့်ရှိသူ၊ အလိုဆန္ဒရှိကြသူတိုင်းသည် အလုပ် လုပ်ရန် နည်းလမ်းများနှင့် လိုအပ်သည်များကို တွေ့မြင်သည်။ နေဟမိ သည် မသေချာမရေရာသောအရာများ၌ မှီခိုအားထားခဲ့သည်မဟုတ်။ သူ၌ မရှိသည့်အရာများကို ပံ့ပိုးပေးနိုင်သူတို့ထံမှ တောင်းခံခဲ့ခြင်းဖြစ်သည်။

လုပ်ငန်းအတွက်သတ္တိသည် တန်ခိုးတော်အားဖြင့်ရ၏––– နေဟမိ နှင့်အာတဇေရဇ်မင်းကြီးတို့သည် မျက်နှာချင်းဆိုင်ရပ်၍ စကားပြောခဲ့ကြ၏။ နေဟမိမှာစစ်ရှုံးသုံ့ပန်းအနှင်းခံလူမျိုးထဲက အစေခံကျွန်တစ်ဦး၊ အခြားတစ်ဦး မှာ ကမ္ဘာ့အင်ပါယာကြီးတစ်ခု၏ဧကရာဇ်မင်းဖြစ်သည်။ သို့ရာတွင် လူ့ရာထူး ရာခံအဆင့်အားဖြင့် ကွာခြားမှုထက် အတိုင်းအဆမရှိပိုကြီးသောကွာခြားမှု သည် သူတို့နှစ်ဦးကိုပိုင်းခြားပေးသည့် စာရိတ္တအကွာအဝေးဖြစ်လာသည်။

နေဟမိသည် ကောင်းကင်ထက်က ဘုရင်တကာ့ဘုရင်၏ဖိတ်ခေါ်ခြင်းကို လိုက်လျောနာခံခဲ့လေ၏။ "သူသည် ငါ (ဘုရား) နှင့်ငြိမ်းချမ်းရေးစေ့စပ်သဖြင့် ငြိမ်းချမ်းမှုရမည့်အကြောင်း ငါ (ဘုရား) ၏ခွန်အားသတ္တိကို ကိုင်စွဲပါစေသော်" ဤအသံတိတ်အသနားခံတောင်းလျှောက်ချက်သည် ယခင်ရက်ပေါင်းများစွာကတည်းက ကောင်းကင်ထက်သို့ ပို့လိုက်သောနေဟမိ၏ရင်ဖွင့်သံဖြစ်ပါသည်။ ထာဝရဘုရား၏ကြွယ်ဝခြင်းသည် မိမိ၏တောင်းခံချက်ကို ပြည့်စုံစေရမည်ဟုလည်း မျှော်လင့်ခဲ့ပါသည်။ ယခုမှာနေဟမိက ထိုမိတ်ဆွေကြီးထာဝရဘုရားသည် အနန္တဥာဏ်တော်နှင့် အနန္တတန်ခိုးတော်အရှင်ဖြစ်သည်ကို စွဲမှတ်လျက် သတ္တိမွေးကာ မိမိ၏ကိုယ်စားအလုပ်လုပ်ပေးပါရန် ကောင်းကင်ဘုံရှင်ဖခင်ကို အကူအညီတောင်းခံပြီး ရှင်ဘုရင်ကြီးအား မိမိ၏ဆန္ဒကို တင်ပြပါသည်။ ထိုဆန္ဒမှာ မိမိအား နန်းတော်ရင်ပြင်ရုံးတော်မှ ခွင့်ရက်ပေးပြီး ယေရုရှလင်မြို့ပြိုပျက်ရာများကို ပြန်လည်တည်ဆောက်ခွင့်အမိန့်ကို ထုတ်ပေးရန်ဖြစ်ပါသည်။ နေဟမိအနေဖြင့် ထိုပျက်စီးနေသောမြို့တော်ဟောင်းကို တစ်ဖန်ခွန်အားနှင့်ပြည့်ဝသောအကာအကွယ်မြို့တော်အဖြစ်ပြန်လည်တည်ဆောက်လိုသည်မဟုတ်လော။ ယုဒမြို့တော်နှင့် နိုင်ငံသားတစ်ရပ်လုံး၏အရေးသည် ထိုအသနားခံလွှာအပေါ်မှာ မူတည်နေပါသည်။ ထိုအခါ နေဟမိက "သနားတော်မူပါဟု တောင်းလျှောက်သည်အတိုင်း ငါ၏ဘုရားသခင့်တန်ခိုးကျေးဇူးတော်ကြောင့် ရှင်ဘုရင်သည် ပေးသနားတော်မူ၏" ဟု ဆိုခဲ့ပါသည်။ (ဃ၃ ၁၇၂.၁)

ရုံးတော်ထောက်ခံချက်ကိုရ၍ လုံခြုံစိတ်ချရသည်––– နေဟမိ၏တောင်းခံချက်ကို ရှင်ဘုရင်သည် နှစ်သက်သောကြောင့် နေဟမိသည် မိမိ၏စီမံချက်အကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် လိုအပ်သောအထောက်အပံ့များကိုတောင်းရန် သတ္တိရှိလာခဲ့ပါသည်။ မိမိ၏လုပ်ငန်းစဉ်ဖော်ဆောင်နိုင်ရန်မှာ သိက္ခာ၊ အာဏာနှင့်ခရီးစဉ်များလုံခြုံရေးလိုအပ်သဖြင့် ကိုယ်ရံတော်တံဆိပ်တစ်ခုကို နေဟမိရယူခဲ့သည်။ ယူကရေးတီးမြစ်တစ်ဖက်မှာရှိသောနယ်မြေဒေသများ၌ လုံခြုံရေးအဆင်ပြေစေရန် ရှင်ဘုရင်ထံမှ ထိုဒေသအစိုးရမင်း

များထံသို့ ရေးသည့်အမိန့်တော်စာလွှာများကိုလည်း ရယူခဲ့ပါ၏။ ထို့အပြင် လေဗနန်တောင်ပေါ်မှာရှိသောသစ်များကို ရယူနိုင်ရန် ဘုရင့်သစ်တောထိန်းထံသို့ရေးသည့်စာတစ်စောင်ကိုလည်း ရယူခဲ့ပါသည်။ ထိုစာအရ နေဟမိသည် ယေရုရှလင်မြို့ဟောင်းနှင့် မြို့ရိုးကိုပြန်လည်တည်ဆောက်မည်ဖြစ်၍ ထင်းရှူးသစ်နှင့်အခြားသစ်များလိုသလောက်ရရန် စီမံညွှန်ကြားထားပါသည်။ နေဟမိသည် မိမိလုပ်ဆောင်မည့်အလုပ်တွင် အထစ်အငေါ့မရှိစေရေးနှင့် ညည်းတွားအပြစ်တင်စရာမရှိရလေအောင် အစိုးရအမိန့်နှင့် အခွင့်အရေးများကို ရနိုင်သလောက်ရအောင် သတိကြီးစွာဖြင့် စီမံရယူထားပါသည်။ ထိုလုပ်ဆောင်မှုအတွက် ရှင်းလင်းပီပြင်စွာဖြင့် နေဟမိတင်ပြတောင်းခံခဲ့ပါ၏။ (ဃ ၁၇၂.၂)

နေဟမိ၏ခရီးစဉ်တစ်ကြောမှာ ဖြတ်ကျော်သွားရမည့်ဒေသများကို အုပ်ချုပ်သောအစိုးရမင်းများအတွက် ဘုရင့်စာများပါလာသောကြောင့် နေဟမိသည် ဂုဏ်ကျက်သရေရှိစွာဧည့်ဝတ်ပြုခြင်းခံရပါသည်။ လိုအပ်သောထောက်ပံ့မှုများကိုလည်း ရရှိခဲ့ပါသည်။ ပါရှားဧကရာဇ်မင်းကြီး၏အာဏာစက်နှင့် လွှမ်းခြုံခြင်းခံရသဖြင့်လည်း အဘယ်ရန်သူကမျှ နေဟမိကို စော်ကားခြင်း မပြုဝံ့ကြပါ။ အားလုံးသောအစိုးရမင်းများက နေဟမိကို ရှင်ဘုရင်ဧည့်သည်တော်အဖြစ် သတ်မှတ်အောက်မေ့ကြပါသည်။ နေဟမိ၏ခရီးစဉ်သည် လုံခြုံ၍ပွင့်လန်းခဲ့ပါ၏။ (ဃ ၁၇၂.၃)

ဆူးငြောင့်ခလုတ်များကြုံတွေ့ရခြင်း––– နေဟမိသည် ကိုယ်ရံတော်တစ်စိတ်နှင့်အတူ ယေရုရှလင်မြို့ပျက်ဆီသို့ ရောက်ရှိလာပါပြီ။ စစ်တပ်ကြောင့် အရေးကြီးလုပ်ငန်းတစ်ခုလုပ်ဖို့ ရောက်လာမှန်းထင်ရှားသဖြင့် ယုဒတို့၏ရန်သူများသည် မနာလိုအမုန်းပွားခဲ့ပါသည်။ ယေရုရှလင်မြို့ပျက်နားမှာ နေထိုင်ကြကုန်သောတစ်ပါးအမျိုးသားအုပ်စုများသည် ယုဒလူမျိုးဆိုလျှင် ဆန့်ကျင်ရုံမျှမက အတင့်ရဲကာ ဒုက္ခပေးသူပေး၊ စော်ကားသူစော်ကားနှင့် အနိုင်ကျင့်တတ်ကြပါသည်။ ဤသို့သူတစ်ပါးငိုမှပျော်တတ်သည့် လူမျိုးအုပ်စုကွဲအကြီးအကဲများအထဲတွင် ဟောရနိလူသမ္ဘာလတ်၊ အမ္မုန်အမျိုးသားတောဘိ၊ အာရပ်အမျိုးသားဘေရှင်တို့သည် ထင်ရှား၏။ ထိုသူတို့သည်

နေဟမိစရောက်လာကတည်းက မနာလိုသောစိတ်နှင့် မျက်စိဒေါက်ထောက်ကြည့်နေကြပါသည်။ နေဟမိ၏စီမံချက်နှင့်လုပ်ဆောင်မှုများကိုလည်း တတ်နိုင်သမျှနည်းပရိယာယ်နှင့်အာဏာကိုသုံး၍ သူတို့ကြိုးစားဖျက်ဆီးကြပါသည်။(ဃ ၁၇၃.၁)

တောဘိနှင့်အဖော်တို့သည် ပြန်လည်တည်ထောင်ရေးအလုပ်များလုပ်ဆောင်နေကြသောအလုပ်သမားများအချင်းချင်းကို သွေးခွဲကြ၏။ ပြောင်လှောင်သရော်ကြ၏။ သို့ပြုမှ ထိုလုပ်သားအချင်းချင်းတို့သည် တစ်ယောက် ကိုတစ်ယောက်သံသယဝင်သဖြင့်ယုံကြည်စိတ်ချမှုမရှိဖြစ်လာကြပါမှ ထိုရန်သူ တို့၏အကြံမှာ အောင်မြင်မည်မဟုတ်လော။ မဖြစ်နိုင်သောပြန်လည်တည်ထောင် ရေးကို အချည်းနှီးခွန်အားဖြုန်းတီးကာ လုပ်နေကြသည်ဟု ပြောင်လှောင်သရော် ကြကုန်၏။ အရှက်တကွဲအကျိုးနည်းစွာတပ်ခေါက်ပြန်ကြရတော့မည်ဖြစ် ကြောင်း နိမိတ်ဖတ်ဟောပြောကြ၏။ မြို့ရိုးကိုပြန်လည်တည်ဆောက်သူများသည် ကြာသော်စိတ်ပျက်လာကြပါတော့သည်။ နေ့ညမပြတ်မအိပ်ဘဲ အပြစ် ရှာနေကြသည့်ရန်သူတစ်ပါးအမျိုးသားတို့၏ အနိုင်အထက်ပြုခြင်းများကတစ်မျိုး၊ မှားယွင်းသောသတင်းများပေးပို့ကာ ပျက်စီးစေရန် ဖျက်ဆီးခြင်းကတစ်မျိုးနှင့် အဖျက်လုပ်ငန်းကို လျှို့ဝှက်လုပ်ဆောင်ရန် စေလွှတ်လိုက်သောရန်သူတို့၏ ကြိုးစားအားထုတ်ခြင်းများက တစ်ဖုံတို့ကြောင့် ပြန်လည်တည်ထောင်ရေးလုပ်ငန်း ခွင်ထဲတွင် သပွတ်အူလို ရှုပ်ယှက်ခတ်နေပါသည်။ ခေါင်းဆောင်ကြီးနေဟမိ ကိုလည်း သူတို့စည်းရုံးကြပါသည်။ သို့ဖြစ်၍ သဘောထားမမှန်သောယုဒ လူတို့သည် ထိုသစ္စာဖေါက်တို့၏ခြယ်လှယ်မှုကို ထောက်ခံရန် ပြင်ဆင်လာ ကြပါတော့သည်။ ရန်သူတို့၏ တိုးတိုးတိတ်တိတ်ဖျက်ဆီးလိုစိတ်နှင့် ကြံစည် မှုများ၊ မိတ်ဆွေအယောင်ဆောင်ကြသူများသည် မြို့ရိုးပြန်လည်ထူထောင်ရေး၌ လုပ်နေကြသူများနှင့်ရောကာ စိမ့်ဝင်နေပြီဖြစ်သဖြင့် ဤစီမံကိန်းကြီး ကို ပြောင်းလဲပစ်ရန် အကြံပေးခြင်း၊ လုပ်သားတို့၏စိတ်အာရုံကို ပြောင်းလဲ စေခြင်းတို့ကြောင့် ရှုပ်ထွေးပွေလီမှုနှင့် သံသယစိတ်များ၊ တစ်ဦးအပေါ်တစ်ဦး မယုံကြည်ခြင်းများဖြင့် လုပ်ငန်းခွင်အတွင်း တိုးပွားလာနေပါသည်။ (ဃ ၁၇၃.၂)

အလားတူသောအဟန့်အတားများယနေ့ခေါင်းဆောင်များရင်ဆိုင်နေကြ ရ––– နေဟမိ၏အတွေ့အကြုံမျိုးကို ယနေ့ကာလဘုရားသခင်၏လူတို့၏သမိုင်း စဉ်၌လည်း တစ်ကျော့ပြန်လည်ရောက်ရှိလာပါသည်။ သမ္မာတရားအလင်း ပျံ့နှံ့စေရေး၌ ပါဝင်အသုံးတော်ခံနေကြသောသူများသည် သမ္မာတရားကို ဆန့်ကျင်သောရန်သူတို့၏အမျက်ဒေါသနှိုးဆွမှုကို မတားဆီးနိုင်ကြပါ။ ထိုသူတို့သည် ထာဝရဘုရားသခင်၏ဖိတ်ခေါ်မှုကြောင့် အမှုတော်မြတ်၌ ပါဝင်လုပ်ဆောင်ရသလို ထာဝရဘုရားသခင်၏ထောက်ခံမှုကိုရသည့်တိုင်အောင် ရန်သူ၏ခနဲ့တဲ့တဲ့နာကြည်းအောင်ပြောဆိုလှောင်ပြောင်မှုမှ မလွတ်ကင်းနိုင်ကြ ပါ။ သူတို့သည် အမြော်အမြင်မရှိသောသူများ၊ အားကိုးမရသောသူများ၊ တစ်ဖက်သတ်ပြစ်တင်ဝေဖန်တတ်ကြသူများဟု ရှုတ်ချခြင်းကို ခံရလိမ့်မည်။ ဤကား ရန်သူတို့အကြိုက် ရန်သူတို့၏ရည်ရွယ်ချက်နှင့်ကိုက်ညီနေပါလိမ့်မည်။ အထူးသဖြင့် သန့်ရှင်းမြင့်မြတ်သောအရာများကို ဘုရားတရားမကိုင်းရှိုင်းသူတို့ သည် ပြက်ရယ်ပြုကြလိမ့်မည်။ သိမ်ဖျင်းသောစကားများ၊ သူတစ်ပါးနာကြည်း အောင်ငေါ့တော့တော့ပြောသောစကားအနည်းငယ်နှင့် မနာလိုဝန်တိုမှု၊ ဘုရား တရားမရှိသေမှု၊ မကိုင်းရှိုင်းမှု၊ မုန်းတီးမှုစသည်တို့သည် ဘုရားတရား မှားယွင်းဖောက်ပြန်သူများကို ရွှင်မြူးစေပါသည်။ ဘုရားတရားမလေးမစား ပြုသူတို့သည် ဤအမှုများကို ကျေနပ်နေကြပါလိမ့်မည်။ မိမိအလိုနှင့်ညီညွတ် အောင်ဖန်တီးပြုပြင်ထားသောယုံကြည်ခြင်းအတုအယောင်၌ ရွှင်မြူးနေကြ သူတို့သည် ထာဝရဘုရားအား ပြစ်မှားခြင်းအလုပ်ကို ရဲရင့်စွာလုပ်လာကြ ပါသည်။ အမှန်အားဖြင့် သူတစ်ပါးကိုအထင်အမြင်သေးခြင်း၊ ပြောင်လှောင် ကဲ့ရဲ့ခြင်းတို့သည် လူကိုစိတ်နာစေပါ၏။ သို့သော်လည်း ထာဝရဘုရား၌ သစ္စာရှိသူတို့သည် ဤမနှစ်မြို့စရာအတွေ့အကြုံများကို ခံကြရပါမည်။ ဤကား ထာဝရဘုရားပေးသောအမှုတော်ကို ထမ်းဆောင်နေသူတို့အား စာတန် မာရ်နတ်သည် လုံးဝမနှစ်မြို့သောကြောင့် ပြုသောအလုပ်ဖြစ်၏။ ဘုရားနှင့်ဝေးရန် လူတွေပြင်ဆင်ထားသောပေါ်လစီမူဝါဒလည်းဖြစ်ပါသည်။ (ယု ၁၇၃.၃)

စိတ်ပျက်အားလျော့နေသောအင်အားစုများကိုပြန်လည်စုစည်းခြင်း–

နေဟမိသည် မည်သူမျှမသိ၊ တိတ်ဆိတ်စွာဖြင့် ညအချိန်ထ၍ ယေရုရှလင်မြို့ ရိုးမည်မျှပျက်စီးနေကြောင်း လေ့လာမှုကိုပြုခဲ့ပါသည်။ မှတ်တမ်းအရ "အဘယ်အရပ်သို့သွားသည်။ အဘယ်သို့ပြုသည်ကို မင်းတို့သည် မသိကြ။ ယုဒလူ၊ ယဇ်ပုရောဟိတ်၊ မှူးမတ်၊ မင်းအရာရှိ၊ လုပ်ဆောင်သောသူ တစ်စုံတစ်ယောက်ကိုမျှ ငါသည် ကိုယ်အမှုကိုမပြောသေး" ဟုဆိုသည်။ ယခုလိုစိတ်နာကြည်းစရာမြို့ရိုးဟောင်းကို လေ့လာကြည့်ရှုနေသည်ကို နေဟမိသည် အဘယ်မိတ်ဆွေများ (သို့မဟုတ်) ရန်သူများကိုသော်မျှ အသိမပေးလို၊ အာရုံမစိုက်လာစေလိုပါ။ အကြောင်းရင်းမှာ ကောင်းသည် ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ၊ သိရှိသူတို့စိတ်လှုပ်ရှားလာကြပြီး သတင်းဖြန့်သဖြင့် မလိုလားအပ်သောအနှောင့်အယှက်ဝင်ကာ မိမိအလုပ်ပျက်မှာ စိုးရိမ်သော ကြောင့်တည်း။ ကျန်ရှိနေသောညအချိန်မှာ နေဟမိသည် ဆုတောင်းခြင်းဖြင့် ဘုရားသခင်နှင့်စကားပြော၍ နံနက်မိုးသောက်သောအခါမှာ လုံးဝခွန်အား ယူလျက် သံသယဒွိဟမဖြစ် စည်းလုံးသောစိတ်ဓာတ်ဖြင့် နိုင်ငံသားတို့အား အလုပ်တာဝန်ကို ခွဲဝေထမ်းဆောင်စေခဲ့ပါသည်။ (ဃ၃ ၁၇၄.၁)

နေဟမိသည် ဘုရင့်အမိန့်တော်ဖြင့် မြို့ရိုးအဟောင်းကို ပြန်လည် ပြုပြင်တည်ဆောက်ရန် ဒေသခံမြို့သားများ၏စုပေါင်းလုပ်အားကို ရရှိလာရန် သူသည် ဘုရင့်အာဏာစက်သက်သက်ကို ဦးစားပေး၍ အားကိုးလုပ်ဆောင် ခဲ့သူတစ်ယောက်မဟုတ်ပါ။ လူတို့၏စိတ်စေတနာနှင့် ကိုယ်ချင်းစာတရား ယုံကြည်စိတ်ချထားမှုများကို ရှာဖွေယူသူတစ်ဦးဖြစ်ပါသည်။ အကြောင်းမှာ မိမိတာဝန်ယူလုပ်ဆောင်ရသောအလုပ်သည် တန်ခိုးအာဏာနှင့်မပြီးနိုင်၊ စုပေါင်း ညီညာအောင်ကြောင်းဖြာဆိုသလို တစ်စိတ်တစ်သဘောတည်း ညီညွတ်စွာ လုပ်ကိုင်ပါမှ ထိရောက်မည်ဆိုသည်ကို သူသည် ကောင်းစွာသိရှိထားပြီးဖြစ် ပါသည်။ သို့ဖြစ်၍ လူတို့၏ယုံကြည်အားကိုးခြင်းနှင့် 'စည်းလုံးခြင်းသည် အင်အား' ဟူသောဆောင်ပုဒ်ကို သူသည် ရင်ဝယ်ပိုက်ထားပါသည်။ (ဃ၃ ၁၇၄.၂)

နံနက်ခင်းအချိန်မှာ နေဟမိသည် မိမိလူတို့အား နှုတ်ဆက်စကား ပြောကြားသဖြင့် ပြန့်ကျဲနေသောသူတွေပေါင်းစည်းလာကြသည်။ စည်းလုံးခြင်း၏အင်အားစုသည် နေ့ချင်းနှိုးထလာပါသည်။ ထိုအခါ နေဟမိသည် မိမိ၏အကြံအစည်ကို အသေးစိတ်တင်ပြကာ ဤစီမံချက်သည် ပါရှားဧကရာဇ်မင်းကြီးနှင့်ယုဒတို့၏ထာဝရဘုရားအမိန့်တော်တို့ပေါင်းစပ်၍ တည်ဆောက်ထားသောအစီအစဉ်ဖြစ်ကြောင်း "ဤစီမံချက်ကို သင်တို့တစ်တွေအခွင့်ကောင်းယူ၍ ကျွန်ုပ်နှင့်အတူ မြို့ရိုးကိုတည်ဆောက်ကြမည်မဟုတ်လော" ဟု တိုက်ရိုက် မေးခွန်းကိုမေး၍ လှုံ့ဆော်ပေးလိုက်နိုင်ခဲ့သည်။ဤပန်ကြားချက်သည် လူအပေါင်းတို့၏စိတ်နှလုံးကိုတို့ထိသဖြင့် ကောင်းကင်ဘုံရှင်ထာဝရဘုရားသခင်၏မျက်မှောက်တော်၌ မျက်နှာရသောကြောင့် သူတို့၏ယခင်က စိုးရွံ့မှုသည် ရုက်ဖွယ်ကောင်းလှပေစွဟု ခံစားကြရကုန်၏။ ထို့နောက် အင်းအားအသစ်နှင့်တညီတညွတ်တည်းကြွေးကြော်ကြသည်ကား "ငါတို့သည်ထ၍ မြို့ရိုးတို့ကို ပြုပြင်တည်ဆောက်ကြကုန်အံ့" ဖြစ်သတည်း။ (ဃု ၁၇၄.၃)

နေဟမိ၏သန့်ရှင်းသောအားအင်နှင့် မြင့်မားသောမျှော်လင့်ချက်တို့ ကို လူအပေါင်းတို့ကြားသိရသဖြင့် အားတက်လာကြ၏။ ထိုခေါင်းဆောင် နေဟမိ၏စိတ်ဓာတ်မြင့်မားသန့်ရှင်းမှုကို တွေ့မြင်ခံစားရကြသောအခါ လမ်းမှားသူများသည် စိတ်ဓာတ်ကိုမြှင့်တင်ပေးသောခေါင်းဆောင်ကြီး၏ဆန္ဒကို ဖြည့်ဆည်းပေးဖို့ အသင့်ဖြစ်လာကြပါသည်။ တစ်ဦးချင်းစီ၌လည်း နေဟမိလိုစိတ်ဓာတ်မျိုးရှိလာကြပါသည်။ တစ်ဦးကိုတစ်ဦးလုပ်ငန်းခွင်တာဝန်များ၌ အချင်းချင်းအားပေးကာ လက်ကမ်းတည်ဆောက်လာကြသည်။ (ဃု ၁၇၅.၁)

ဦးဆုံးတုံ့ပြန်လာသောယုဒယဇ်ပုရောဟိတ်များရှိလာသည်။---
နေဟမိ၏ သဘောထားကြီးမားမှုနှင့် စိတ်ဓာတ်ကြံ့ခိုင်ပြင်းပြမှုကို မြင်တွေ့ခံစားမိသူများအထဲတွင် ယုဒ (အစ္စရေး) ယဇ်ပုရောဟိတ်များဖြစ်ကြသည်။ ထိုသူတို့သည် ဦးဆောင်သူများဖြစ်ကြသဖြင့် မည်သည့်အလုပ်ကိုမဆို မြန်ဆန်စေနိုင်သလို၊ နှေးလည်းနှေးကွေးစေနိုင်ပါသည်။ ထိုသူများကို ပူးပေါင်းလုပ်

ဆောင်စေမည်ဆိုသောအစီအစဉ်သည် အောင်မြင်ရန်ကျိန်းသေသည်။ အလား တူပင် သန့်ရှင်းသောအလုပ်ဟူသမျှ၌ ဘုရားတရားကိုင်းရှိုင်းသူခေါင်းဆောင် များပါဝင်ရမည်။ ဩဇာသက်ရောက်မှုရှိသောတာဝန်ဝတ္တရားကိုယူထားသည့် အသင်းတော်ခေါင်းဆောင်ကြီးများသည် ထာဝရဘုရား၏အမှုတော်မြတ်၌ ဦးဆောင်ရမည်။ သူတို့က ဖင့်နွဲလေးကန်လျှင် အခြားသူများလည်း မလှုပ် ရှားကြတော့ပါ။ သို့သော် “ခေါင်းဆောင်များစိတ်တမ်းလျှင် လူများစွာကို နိုးထစေ၏။” ထိုသူတို့၏အလင်းသည် ပို၍ထွန်းတောက်သောအခါ တစ်ထောင် သောမီးရှူးတိုင်များသည် ထိုအလင်းမှမီးပွားသဖြင့် မီးတောက်မီးလျှံ ကြီးထွန်း တောက်နေပါလိမ့်မည်။ (ဃ ၁၇၅.၂)

နေဟမိသည် စည်းရုံးရေးမှူးကဲ့သို့ဖြစ်သည်။-- လူအပေါင်းတို့၏ စိတ်ဘဝင်သည် တစ်သွေး၊ တစ်သံ၊ တစ်မိန့်၊ မျိုးချစ်စိတ်နှင့်ဖြစ်ပြီး ဝမ်းမြောက်ရွှင်လန်းစွာလုပ်ဆောင်ကြသည်။ အရည်အချင်းရှိသူများနှင့် ဩဇာ ကြီးသူတို့သည် ပြည်သူ့အလွှာအမျိုးမျိုးကို အုပ်စုဖွဲ့ပေးကာ အုပ်စုခေါင်းဆောင် တစ်ဦးစီက မြို့ရိုးအပိုင်းအခြားတစ်ခုစီကို ပြန်လည်ပြင်ဆင်တည်ဆောက်ရန် တာဝန်ယူကြရပါသည်။ ဤမြင်ကွင်းသည် ထာဝရဘုရားနှင့် ကောင်းကင် တမန်များရှေ့မှောက်၌ နှစ်သက်ဖွယ်ဖြစ်ရပါ၏။ ယေရုရှလင်မြို့ပျက်အုတ်နံရံ များကို ညီညွတ်စွာပြန်လည်တည်ဆောက်ရေးအလုပ်ခွင်မှ ထွက်ပေါ်လာသော ပျော်ရွှင်ဝမ်းမြောက်သံ၊ ကျောက်ခွဲ၊ လွှဖြတ်၊ သံတူရွှင်းသံတို့သည် နံနက် ဝေလီဝေလင်းအချိန်မှစ၍ ညအချိန်ကြယ်များပေါ်ထွန်းလာသည့်အချိန်အထိ ကြားရသည်မှာ ပီတိဖြစ်စရာဖြစ်ပါ၏။ (ဃ ၁၇၅.၃)

စစ်မှန်သောခေါင်းဆောင်မှု၏သရုပ်ပြသွန်သင်ချက်များ--- နေဟမိ၏ စိတ်အားကြီးမှုအစွမ်းသည် လျော့နည်းမသွားပါ။ ယခုအခါမှာ သူလုပ်ရမည့် အလုပ်ကို အမှန်တကယ်သူစတင်လိုက်ပါပြီ။ ဝန်ပေါ့သွားစေရန် သူသည် လက်ပိုက်ကြည့်မနေခဲ့ပါ။ မလျော့သောဇွဲလုံ့လနှင့် မမောမပန်းနိုင်ဘဲ အလုပ်ကို

မပြတ်ကြပ်မတ်ခဲ့ပါသည်။ လုပ်သားများကို နှေးကွေးမှုမရှိအောင် အရေးပေါ် လိုအပ်ချက်တိုင်း၌ အသင့်ရှိရန် စီမံကွပ်ကဲခဲ့ပါ၏။ သူ၏ဩဇာလွှမ်းမိုးမှုနှင့်မပြတ်သောဇွဲလုံ့လကြောင့် သုံးမိုင်အဝန်းရှိသောမြို့ရိုးသည် ပြီးမြောက်ရ၏။ ထိုကဲ့သို့သောအလုပ်ကိုလုပ်ရင်း ကြောက်လန့်နေသူတို့ကိုလည်း အချိန်အခါ အလိုက် အားပေးခဲ့သည်။ ဇွဲနှင့်အလုပ်လုပ်ရန် အားပေးပြောဆိုသည်။ နှေးကွေးသူတို့ကို နိုးကြားတက်ကြွလာရန် တိုက်တွန်းသည်။ တစ်ချိန်တည်းမှာပင် သူ့ရန်သူတို့၏လှုပ်ရှားမှု အဖုံဖုံကိုလည်း ထောင့်စေ့အောင်ရွှေလင်းယုန်မျက်လုံးကဲ့သို့ စူးရှစွာစောင့်ကြည့်၏။ အကြောင်းမူကား၊ ထိုရန်သူတို့သည် ပြန်လည်တည်ဆောက်ပြုပြင်သည့်မြို့ရိုးနှင့်မဝေးလှသောနေရာ၌ရှိကြပါသည်။ ရန်သူတို့၏မြှောက်ထိုးပင့်ကော်စကားများကြောင့် သူတို့၏လုပ်ငန်းမပျက်သွားအောင်နှင့်မနှေးကွေးသွားအောင် သတိထားပြီးသူတို့လုပ်ဆောင်နေကြရသည်။

ယေရုရှလင်မြို့ရိုးကို ပြန်လည်တည်ဆောက်သောလုပ်သားတိုင်း၏ မျက်လုံးအစုံသည် နေဟမိကိုကြည့်မှတ်လေ့ရှိသဖြင့် အနည်းငယ်သတိပေး ချက်ကိုပင် လိုက်နာရန်ပြင်ဆင်ကြဘိသကဲ့သို့ နေဟမိ၏မျက်လုံးနှင့်နှလုံးသား တို့သည်လည်း ထာဝရဘုရားကို မျှော်ကြည့်၍ နေတတ်ပါ၏။ အကြောင်း ရင်းကား ထာဝရဘုရားသည် ထိုလုပ်ငန်းခွင်စီမံချက်တစ်ခုလုံး၏ဦးစီးချုပ်ဖြစ် သည်မဟုတ်လော။ ထိုသခင်ကြီး၏စေခိုင်းချက်ကြောင့် နေဟမိသည် ယုံကြည် ခြင်းနှင့်ရဲရင့်ခြင်းစိတ်အားကြီးကာ အများကြားရအောင်နှင့် ကြားရသူလုပ်သား တိုင်းတစ်ချိန်လုံး နှလုံးသည်းပွတ်အထဲ၌ ပဲ့တင်ထပ်တုန်ခါသွားရလေအောင် ကြွေးကြော်လိုက်သည်မှာ "ကောင်းကင်ဘုံရှင်ထာဝရဘုရားသခင်သည် ငါတို့ အား ကြွယ်ဝချမ်းသာစေလိမ့်မည်တကား" ဟူ၏။ (ယု ၁၇၆.၁)

နေဟမိနှင့်သူ၏အဖော်တို့သည် အလုပ်ကြမ်းများကြောင့် နောက်သို့ မတွန့်သွားပါ။ ပင်ပန်းသောအလုပ်ကြောင့်လည်း ဆင်ခြေမပေးကြပါ။ နေ့ဖြစ်စေ၊ ညဖြစ်စေ၊ အချိန်တိုကလေးမှာပင် မပျင်းရိကြပါ။ အလုပ်လုပ်နေစဉ် အဝတ် မလဲ၊ မချွတ်ကြပါ။ လက်နက်များကိုလည်း ဘေးမှာချမချန်ရစ်ထား။ မှတ်တမ်း

ရေးထိုးခဲ့သည်။ "ထိုသို့ငါနှင့်ငါ့ညီ၊ ငါ့ကျွန်၊ ငါ့နောက်၌လိုက်သောတပ်သား
တို့သည် ကိုယ်အဝတ်ကို မချွတ်ဘဲနေရကြ၏။" (နေဟမိ ၄း၂၃) (ဃ ၁၇၆.၂)

တန်ပြန်ဩဇာသက်ရောက်မှုသည်ဘာသာရေးလှုပ်ရှားမှုတိုင်း၌ရှိ၏။–
အစ္စရေးတို့၏လူကြီးလူကောင်း၊ အုပ်ချုပ်ရေးသမားအများစုသည် မိမိတို့၏
တာဝန်ထမ်းဆောင်မှုတို့၌ ဂုဏ်ယူတတ်ကြပါသည်။ သို့သော်လည်း
"အနည်းစုဖြစ်သောတေကောမင်းမှုထမ်းတို့သည် မိမိတို့အရှင်၏အမှုကို ဝိုင်းညီ
၍ မပြုကြပါ။" သစ္စာရှိသောမြို့ရိုးတည်ဆောက်သူတို့၏နာမည်များကို ထာဝရ
ဘုရား၏မှတ်တမ်းစာအုပ်ထဲ၌ ဂုဏ်ယူအပ်သူများအဖြစ် ထည့်သွင်းဖော်ပြထား
နေစဉ်တွင် လုံ့လမစိုက်၊ ပျင်းရိသောအစေခံတို့၏မှတ်မိစရာများမူကား ရှက်ဖွယ်
လိလိဖြစ်၍ နောင်လာမည့်မျိုးဆက်သစ်အားလုံးတို့က သတိထားရမည့်
မှတ်တမ်းဆိုးအဖြစ် လက်ဆင့်ကမ်းရောက်သွားသည်။ (ဃ ၁၇၆.၃)

ဘာသာတရားလှုပ်ရှားမှုတိုင်းမှာ လူတချို့ရှိပါသည်။ ထိုသူတို့သည်
ထာဝရဘုရား၏အမှုတော်လုပ်ရပ်ကို မငြင်းပယ်နိုင်သောအခါ သူတို့သည်
မိမိကိုယ်ကိုအမှုတော်မြတ်တိုးတက်အောင် ရှေ့ဆက်ပါဝင်အားစိုက်ကာ
လုပ်ဆောင်ရမည့်အစား မိမိကိုယ်ကိုခပ်ခွာခွာလေးထားတတ်ကြပါမည်။ သို့သော်
လည်း ထိုသူများသည် မိမိတို့၏တစ်ကိုယ်ကောင်းဖို့ စိတ်ဝင်စားစရာများကို
လုပ်ကြတော့မည်ဆိုလျှင် အထူးသဖြင့် ခြေလှမ်းတိုင်းမှာပေါ့ပါးအားပြည့်
နေကြသည်။ ဤနေရာတွင် ကျွန်ုပ်တို့၏သဘောထားလုပ်ဆောင်သမျှသည်
အထက်ကောင်းကင်ဘုံရှိ ထာဝရဘုရား၏စာအုပ်ကြီးထဲ၌ ရေးမှတ်ထား
လျက်ရှိကြောင်း ထိုစာရင်းကား ထိန်ချန်လုပ်ထားသောအချက်မရှိ၊ အမှား
အယွင်းမရှိ၊ ဖြစ်ပျက်ခဲ့သည့်အတိုင်း တရားစီရင်ခြင်းခံရမည်ဖြစ်ကြောင်းကို
လုံးလုံးသတိရပါ။ ထာဝရဘုရားအတွက် အမှုဆောင်ရန် အခွင့်အရေးမယူ၊
ဂရုမစိုက်၊ ပျက်ကွက်မှုတိုင်းကို ကောင်းကင်တမန်သည် သစ္စာရှိစွာရေးမှတ်
ထားသည့်အတိုင်း တင်ပြပါလိမ့်မည်။ မေတ္တာပါသောယုံကြည်ခြင်းဖြင့်

လုပ်ဆောင်ချက်တိုင်း၌ နိမ့်ချခြင်းရှိပါလေစေ၊ ထိုအရာကို ထာဝရကာလ ပတ်လုံးတွင် အမြဲသတိရနေစေမည်ဖြစ်ပါသည်။ (ဃ ၁၇၆.၄)

## ခေတ်သစ်နေဟာမိများခေါ်ယူခြင်း

ယနေ့အသင်းတော်များ၌ နေဟာမိလိုလူများစွာလိုအပ်နေပါသည်။ ဆုတောင်းခြင်း၊ တရားဟောခြင်းသက်သက်ကိုသာ လုပ်ဆောင်နိုင်သူမဟုတ် ဘဲ တန်ခိုးပါသောဆုတောင်းချက်နှင့် ရည်ရွယ်ချက်ပြည့်ပြည့်နှင့် အခိုင်မြဲ ဆုံးဖြစ်သောဒေသနာများကို ပေးနိုင်သူဖြစ်ရမည်။ ဟေဗြဲမျိုးချစ်စိတ်ရှိသူနေဟာမိ သည် မိမိ၏စီမံချက်ကို အဆုံးတိုင်ပြီးမြောက်စေခဲ့သလို ယနေ့ဓမ္မဝန်ဆောင် ကြီးများနှင့်အသင်းတော်ခေါင်းဆောင်တို့သည်လည်း အတုယူကျင့်သုံးကြရမည် ဖြစ်သည်။ မိမိတို့၏အကြံအစည်များကို အသင်းတော်သို့တင်ပြပြီး အသင်း တော်တစ်ခုလုံး၏စိတ်ဝင်စားမှုနှင့် ပါဝင်လုပ်ဆောင်မှုကိုရယူပါ။ အသင်းသူ/ အသင်းသားများသည် ထိုစီမံချက်များကို နားလည်သဘောပေါက်ပြီး ထိုလုပ်ငန်းတွင် မျှဝေပါဝင်လုပ်ဆောင်စေရပါမည်။ သို့ပြုလျှင် တစ်ဦးချင်း စီတို့၏စိတ်ဝင်စားမှုကြောင့် အောင်မြင်ကြီးပွားရပါလိမ့်မည်။ နေဟာမိ၏ အားထုတ်မှုအောင်မြင်ရခြင်း၌ ယုံကြည်ခြင်းဖြင့် ဆုတောင်းခြင်း၊ ပညာသတိ ရှိစွာအားစိုက်လုပ်ဆောင်ခြင်းတို့ပါဝင်၏။ အသက်ရှင်သောယုံကြည်ခြင်းသည် အားအင်နှင့်အမှုတော်ကိုဆောင်ရွက်စေပါသည်။ ခေါင်းဆောင်ကောင်း၏ သဘောထားကို နောက်လိုက်လူတို့၏ဆောင်ရွက်ခြင်းများ၌ မြင်တွေ့နိုင်ရ ပါသည်။ အကယ်၍သာ ခေါင်းဆောင်များသည် ယနေ့အတွက် အရေးကြီး သောမြင့်မြတ်သန့်ရှင်းသည့်သမ္မာတရားကို အပေါ်ယံကြော (ဟန်ဆောင်) ယုံကြည်နေမည်ဆိုလျှင် ထာဝရဘုရား၏နေ့ရက်ကြီး၌ လူများကိုအင်အား ပြည့်ဝသောအခြေအနေမျိုးကို မပြင်ဆင်ပေးနိုင်သဖြင့် အသင်းတော်သည် သမ္မာသတိမရှိ၊ ပေါက်ကရနေ၊ ပျင်းရိပြီးသကာလ အပျော်အပါး၌သာ မွေ့လျော်သောအခြေအနေမျိုးသို့ ရောက်သွားမည်ဖြစ်ပါ၏။ (ဃ ၁၇၇.၁)

–၀–

# အခန်း (၁၆)
# အသင်းတော်တိုးချဲ့ရေးလှုပ်ရှားမှု

**ထာ၀ရဘုရား၏စီမံချက်**

ထာ၀ရဘုရား၏လူတို့သည် သူတစ်ပါးနယ်မြေကိုရယူချဲ့ထွင်ရန် (သို့မဟုတ်) အတူတကွလူ့အဖွဲ့အစည်းကြီးထူထောင်ရေးလုပ်ကြရမည်ဆိုသည်မှာထာ၀ရဘုရား၏အကြံအစည်တော်မဟုတ်ပါ။ ခရစ်တော်၏တပည့်တို့သည် ဤကမ္ဘာလောကကြီးထဲ၌ သခင့်ကိုယ်စားလှယ်များဖြစ်ကြရပါမည်။ ထိုသူတို့သည် လောကကြီး၏အမှောင်ကို အလင်းပေးသကဲ့သို့ ဤကမ္ဘာပေါ်ရှိ တိုင်းပြည်၊ မြို့ကြီး၊ မြို့ငယ်၊ ကျေးရွာများဆီသို့ ပျံ့နှံ့ရောက်သွားစေရမည်။(ဃ ၁၇၈.၁)

သူတစ်ပါးနယ်မြေကို ရယူချဲ့ထွင်ရေးစီမံချက် (သို့မဟုတ်) သာသနာဩဇာလွှမ်းမိုးမှုအင်အားနည်းသောဒေသများ၌ ထိုမှအခြားဒေသသို့ ရွှေ့ပြောင်းသွားခြင်း (သို့မဟုတ်) ဒေသခံတစ်ခုတည်း၌ပင် လူများစွာကို သာသနာဩဇာလွှမ်းမိုးစေရန် အာရုံစိုက်လုပ်ဆောင်ခြင်းတို့သည် ဘုရားသခင်က အလင်းထွန်းလင်း၍ ထွန်းလင်းစေသောဒေသများ၏အလင်းကို ဖယ်ရှားပစ်ခြင်းဖြစ်နေသည်။ (ဃ ၁၇၈.၂)

အကယ်၍သာ ခရစ်တော်၏အသင်းတော်သည် ထာ၀ရဘုရား၏အကြံအစည်တော်ကို ဖြည့်စွက်နိုင်ခဲ့မည်ဆိုပါလျှင် အမှောင်ထုစိုးမိုးရာ၊ သေမင်းအရိပ်လွှမ်းမိုးရာဒေသများ၌ နေထိုင်သူအပေါင်းတို့အပေါ်သို့ အလင်းထွန်းလင်းပေးနေပါလိမ့်မည်။ ခရစ်ယာန်မိသားစုများသည် စုပေါင်းသင်းဖွဲ့၍ ဘုရားသခင်ပေးသောတာ၀န်များကို ရှောင်ရှားနေမည် (သို့မဟုတ်) ပခုံးလွှဲပြောင်းနေကြမည့်အစား အသင်းသူ/အသင်းသားများသည် နယ်မြေဒေသအနှံ့ပျံ့နှံ့နေထိုင်ကာ သူတို့ဆီမှခရစ်တော်၏အလင်းကို ပတ်၀န်းကျင်လူတို့အား ထွန်းလင်းစေလိုက်ပါ။ ၀ိညာဉ်များစွာကိုကယ်တင်ရန် ကိုယ်တော်လုပ်

ဆောင်တော်မူခဲ့သည့်အတိုင်း ကျွန်ုပ်တို့လုပ်ဆောင်ပါက "နိုင်ငံတော်သတင်းကောင်း" သည် ကမ္ဘာအနှံ့ဆီသို့ လျင်မြန်စွာပျံ့နှံ့ရောက်သွားပါလိမ့်မည်။(ဃ ၁၇၈.၃)

"ညီအစ်ကိုမောင်နှမအပေါင်းတို့၊ ဘယ်အတွက်ကြောင့် အသင်းတော်ရှိရာနေရာများ၌ပင် ရစ်သီရစ်သီလုပ်ကာ နေထိုင်နေကြပါသလဲ။ ပျောက်သောသိုးဥပမာကို စေ့စေ့လေ့လာလျက် စစ်မှန်သောသိုးထိန်း များအဖြစ် အပြစ်တရားတောထဲမှာ ပျောက်ဆုံးနေသောလူများကို ရှာဖွေ ကယ်တင်ရန် ရှေ့သို့ခရီးချီပါလော့။ မိတ်ဆွေ၊ ပျက်စီးနေသူများကို ကယ်တင် ကြပါစို့။" (ဃ ၁၇၈.၄)

အသင်းတော်ရှိ အသင်းသူ/အသင်းသားများသည် ယခင်က မလုပ်ခဲ့ဖူးသောအလုပ်ကို ယခုပြီးမြောက်အောင်လုပ်ဆောင်နိုင်ကြသည်။ လောကီအကျိုးရအံ့သောငှာ ရည်ရွယ်ချက်သက်သက်နှင့် နေရာသစ်များဆီသို့ မပြောင်းရွှေ့သင့်ပါ။ သို့ရာတွင် စားဝတ်နေရေးလည်းကောင်းမည်၊ သမ္မာတရားအသိလည်း အာမခံရှိထားမည်ဆိုပါက ထိုနေရာသစ်ဆီသို့ သာသနာပြုများအဖြစ် အိမ်ထောင်စုတစ်ခု (သို့မဟုတ်) နှစ်စုမျှသွားရောက်နေထိုင်သင့်ပါ၏။ "ထိုသူ တို့သည် လူကိုချစ်တတ်ပြီး လူအများကို ဘုရားသခင်ထံသို့ ပို့ဆောင်လိုသောစိတ်ရှိရမည်။" အဘယ်ကဲ့သို့ သခင့်ထံပို့ဆောင်ပေးနိုင်မည်ဟူသော နည်းစနစ်ကိုလည်း လေ့လာမှတ်သားလိုက်နာရပေမည်။ ထိုသူတို့သည် အသင်းတော်ထုတ်ဝေစာများ၊ စာအုပ်စာပေများကိုလည်း အနှံ့အပြားဝေငှရောင်းချနိုင်သည်။ မိမိတို့နေအိမ်မှာ တရားဟောစည်းပေးပွဲများကျင်းပပေးနိုင်သည်။ ဤသို့ဖြင့် ရပ်ဆွေရပ်မျိုး၊ ခုနစ်ရက်သားသမီးများနှင့်အကျွမ်းဝင်ကာ သူတို့ကိုဝတ်ပြုစည်းဝေးပွဲများဆီသို့ ဖိတ်ခေါ်ယူနိုင်ပါသည်။ သူတို့၌ အကျင့်သီလကောင်းခြင်း၏အလင်းသည် ထွန်းတောက်လျက်နေပါသည်။ (ဃ ၁၇၈.၅)

အိမ်မြေနေရာပြောင်းရွှေ့လိုသောသူများသည် ထာဝရဘုရား၏ဘုန်းတော်ကို ထွန်းလင်းစေလိုသောအမြင်နှင့် လူ့အကျိုးဆောင်လုပ်ရပ်များကို လုပ်ရန် သူတို့တွင် တာဝန်ရှိသည်ဟု အတွေးရှိသူများနှင့် ခရစ်တော်မှအဖိုးတန်

သောကိုယ်တော်၏အသက်ကို စွန့်ပေးခဲ့၍ ကယ်တင်ရန် ထိုက်တန်သူဝိညာဉ် လူအပေါင်းတို့အတွက် ကယ်တင်ခြင်းအကျိုးရစေလိုသောသူများဖြစ်လျှင် အခြားမြို့ရွာများသို့ ပြောင်းရွှေ့နေထိုင်ကာ ဒေသခံလူတို့အတွက် အများ အကျိုးသယ်ပိုးရင်းဖြင့် သမ္မာတရားအလင်းကို ထွန်းလင်းပေးနိုင်ကြပါသည်။ ထိုသာသနာပြုများသည် ရောက်ရှိသည့်မြို့ရွာဒေသအသီးသီးတွင် သမ္မာတရား စံနှုန်းကို မြှင့်တင်ပေးနိုင်၏။ "ထာဝရဘုရားသည်လည်း မိမိအစေကို ခံသောသက်သေခံများကို နေရာဒေသအသီးသီးသို့ ပျံ့နှံ့ရောက်ရှိ စေပါသည်။ သူတို့သည် သမ္မာတရားအလင်းမရောက်သေးသော ဒေသများတွင် သမ္မာတရားစံနှုန်းကို မြှင့်တင်ပေးနိုင်ကြပါသည်။" (ဃ၃ ၁၇၉.၁) သူတစ်ပါးတို့အတွက် အကျိုးဆောင်ခြင်းထက် မည်သည့်လုပ်ဆောင် ချက်ကမျှ မိမိကိုယ်ကိုငြင်းပယ်သောစိတ်နှင့် အကျင့်စာရိတ္တတို့ကို ပိုမိုခိုင်မြဲ လာစေရန် မစွမ်းဆောင်နိုင်ပါ။ ခရစ်ယာန်မြောက်မြားစွာသည် သူတို့ကိုယ်ကျိုး ရဖို့အတွက်သာ စဉ်းစားထားပြီး အသင်းတော်နှင့်နီးနီးနေဖို့ ရှာဖွေနေတတ် ကြပါသည်။ ထိုသူတို့သည် အသင်းတော်၏မိတ်သဟာယဖွဲ့ခြင်းနှင့်သင်းအုပ် ဆရာများ၏ကူညီစောင့်ရှောက်ခြင်းကိုသာ ခံယူလိုကြ၏။ သူတို့သည် ကြီးမား ကြွယ်ဝသောဘုရားကျောင်းမှ အသင်းသူ/အသင်းသားများအဖြစ် ခံယူလိုကြ ပြီး သူတစ်ပါးကို အနည်းငယ်သာ ကူညီလိုကြ၏။ ဤကဲ့သို့လုပ်ဆောင် ခြင်းဖြင့် တန်ဖိုးအရှိဆုံးကောင်းချီးမင်္ဂလာများကို သူတို့လက်လွှတ်ဆုံးရှုံးကြ ရလိမ့်မည်။ ထိုသူတို့သည် မိမိတို့အတွက် သာယာမှု၊ အဆင်ပြေမှုလောက် ကိုသာ တစ်ဖက်သတ်ကြည့်သည့်အသိုက်အဝန်းကို စွန့်ခွာ၍ သခင့်အတွက် အပ်နှံအသက်ရှင်မည်ဆိုပါက များစွာသောအကျိုးကို ရရှိကြပါလိမ့်မည်။ သူတို့သည် ခရစ်ယာန်ဝန်ဆောင်မှုလိုအပ်နေသောဒေသများ၌ မိမိတို့၏စွမ်းအင် များကိုထုတ်သုံးရန် လိုအပ်နေပါသည်။ ဤသို့ဖြင့် ခရစ်ယာန်တာဝန် ဝတ္တရားများမည်သို့သယ်ပိုးရမည်ဆိုသည်ကို သူတို့ဆည်းပူးနားလည်လာနိုင် ကြပါသည်။ (ဃ၃ ၁၇၉.၂)

အမေရိကန်တိုင်းပြည်တွင် သမ္မာတရားစံနှုန်းမြှင့်တင်ဖို့နေနေသာသာ သမ္မာတရားကြေညာခြင်းကို တစ်ကြိမ်တစ်ခါမျှ မလုပ်ရသေးသောဒေသများ စွာရှိနေပါသေး၏။ ထောင်သောင်းမကသောလူများသည်လည်း ဝိညာဉ်စပါး ရိတ်သိမ်းဖို့ အလုပ်ဝင်လိုကြ၏။ သို့သော် ယခုအခါ သူတို့၌ဘာသာရေး စိတ်ထားလေးနက်မှုမရှိကြ။ ကောင်းကင်ဘုံသို့ သွားရာလမ်းဝမှာ ဒုက္ခိတဖြစ် နေသဖြင့် မိမိကိုယ်ကို ခရစ်ယာန်များမှဟုတ်သေးရဲ့လားဟူသောသံသယစိတ် သည် သူတို့၌ဖြစ်နေ၏။ သူတို့တစ်တွေလိုအပ်နေသည်မှာ ယေရှုခရစ်တော် နှင့်အတူရှိသောခွန်အားကြီးသောပေါင်းစပ်မှုဖြစ်ပါသည်။ သို့မှသာလျှင် "သင်တို့ သည် ထာဝရဘုရားနှင့်အတူတကွ လုပ်ဆောင်သောသူများဖြစ်ကြပါ၏" ဟု ပြောနိုင်ပါလိမ့်မည်။ လူများစွာကို ကျွန်ုပ်ပြောလိုသည်မှာ သင်တို့သည် ထာဝရဘုရား၏စပျစ်ဥယျာဉ်ခြံထဲ၌ အလုပ်လုပ်ဖို့လာခေါ်မည့်သူကိုသာ စောင့်မျှော်နေကြကုန်၏။ ထိုသို့စောင့်မျှော်နေရင်း သင်တို့၏တန်ဖိုးရှိသော အချိန်ကို မကုန်လွန်ပါစေနှင့်။ အချည်းနှီးမဖြစ်ပါစေနှင့်။ သင်သည် အထက် သို့မျှော်ကြည့်လျှင် အသက်ဝိညာဉ်လယ်ပြင်မှာ စပါးများမှည့်နေပြီဖြစ်ကြောင်း ကို မြင်တွေ့ရပါလိမ့်မည်။ ဘယ်ကိုပဲကြည့်ကြည့် လယ်ကွင်းပြင်၌ ဝိညာဉ် စပါးများဝင်းမှည့်နေပြီဖြစ်သောကြောင့် တံစဉ်ကိုအသင့်ပြင်ထားဖို့သာရှိပါ သည်။ ရပ်နီးရပ်ဝေးဒေသများ၌ အလုပ်အကိုင်အသင့်ရှိနေကြောင်းကို သင်မြင် ရပါလိမ့်မည်။ သို့သော်လည်း ခရစ်တော်သည် လူဘယ်လောက်များများကို "သာခု၊ သစ္စာရှိသောငယ်သားကောင်း" ဟု ပြောပါမည်လဲ။ ယခုအခါ ကောင်းကင်တမန်များသည် ဤကမ္ဘာ၏ကပ်ကာလအဆုံးသို့ရောက်နေကြောင်း ကိုတွေ့မြင်ခံစားဖွင့်ပြနေကြပါပြီ။ ထာဝရဘုရားနှင့် စေလွှတ်တော်မူသော ယေရှုခရစ်ကို ကျွန်ုပ်တို့သိကျွမ်းပါသည်ဟု ပြောဆိုနေကြသူများသည် အတူ တကွစုဝေးကြခြင်း၊ သာသနာနယ်မြေချဲ့ထွင်ခြင်းများလုပ်တတ်ကြပြီး ဘုရား ကျောင်းထဲမှာ သူတို့အတွက် ဝိညာဉ်ခွန်အားမဖြစ်သောတရားဟောချက်များ ကိုသာကြားရပါသည်ဟု ပြောနေတတ်ကြပြီး အမှန်တကယ်ပြောရရင် သူတို့ လုပ်တာဘာတစ်ခုမျှမရှိ။ အကယ်၍သာ ထိုသူတို့၏ခဏတစ်ဖြုတ်ငွေကြေး

ကြွယ်ဝချမ်းသာမှုသည် သူတို့ပြောင်းရွှေ့သွားသောဒေသသစ်များ၌ ဆက်လက်၍ ကြွယ်ဝချမ်းသာမှုကို မပေးနိုင်ခဲ့ပါလျှင် ထိုပြင်ထိုနေရာဒေသသစ်များသည် သမ္မာတရားမကြွေးကြော်ဖူးသောဒေသ (သို့မဟုတ်) သမ္မာတရားအလင်း မှေးမှိန်နေသောဒေသဖြစ်မည်ဆိုလျှင် ယေရှုခရစ်သည် သူတို့အတွက် ကိုယ်ကျိုးစွန့်ကယ်တင်တော်မူခဲ့သည့်နည်းအတိုင်း အလားတူအမှုကို သူတို့မလုပ်ဘဲ နေကြရမည်လော။ (ဃ ၁၇၆.၃)

သမ္မာတရားနေရာအနှံ့ရောက်သွားရန် သာသနာပြုလုပ်ငန်းသည် အထူးလိုအပ်နေပါ၏။ ပြည်ပနိုင်ငံများသို့ဖြစ်စေ၊ ကျွန်ုပ်တို့အနီးရှိဒေသများ သို့ဖြစ်စေ သာသနာပြုနိုင်ပါသည်။ ကျွန်ုပ်တို့၏ပတ်ဝန်းကျင်ရှိမြို့ကြီး၊ မြို့ငယ် များ၌ နေထိုင်ကြသောဝိညာဉ်များစွာကို ကယ်တင်ရန် ကြိုးစားလုပ်ဆောင် နေသည်ကို မတွေ့ရပါ။ လက်တွေ့သမ္မာတရားကို သိသောမိသားစုတို့သည် ဤကဲ့သို့သောမြို့ကြီး၊ မြို့ငယ်များ၌ အခြေချနေထိုင်ကြပြီး "ခရစ်တော်၏စံနှုန်း အတိုင်းအသင်းတော်တည်ထောင်ပေးရန်နှင့် မိမိကိုယ်ပိုင်နည်းဖြင့် မဟုတ်၊ ဘုရားပြသောနည်းလမ်းဖြင့် စိတ်နှိမ့်ချစွာအလုပ်လုပ်၍ သမ္မာတရားမသ သူများအား အလင်းပြပေးရန် မလုပ်သင့်ကြပြီ လော။" (ဃ ၁၈၀.၁)

အသင်းတော်သည် အမှန်တကယ်သတင်းစကားဖြန့်လိုသောဆန္ဒ စိတ်သဘောရှိလာပြီဆိုလျှင် ခရစ်တော်သည်ချစ်၍ အသေခံခဲ့ပေးသောအသက် ဝိညာဉ်များကိုကယ်တင်ရန် ခွန်အားစိုက်ထုတ်ကာ သူတို့လုပ်ဆောင်လာကြ ပါလိမ့်မည်။ နေရာသစ်များဆီသို့လည်း သူတို့သွားရောက်ကြပါလိမ့်မည်။ ဘိသိက်မခံရသောယုံကြည်သူအချို့သည်လည်း ဘုရားသခင်နှင့်အတူ လုပ်ဖော်ကိုင်ဖက်အဖြစ် အသင်းတော်များသို့ အလည်အပတ်ရောက်၍ သေလု နီးပါးအားနည်းသောအရာများကို ခွန်အားတိုးစေရန် အလုပ်လုပ်ပေးလာ ကြပါလိမ့်မည်။ မြို့ကြီးမြို့ငယ်များနှင့် လမ်းမပေါက်သေးသည့်ဒေသများသို့ ရွှေ့ပြောင်းနေထိုင်ကြသောသာမန်အသင်းသားများသည်လည်း သူတို့အား ဘုရားပေးသောအလင်းကို သူတစ်ပါးတို့အပေါ်မှာ ထွန်းလင်းပေးကြပါလိမ့်

မည်။ သူတို့အားဖြင့် ပြောင်းလဲလာကြသူများအချို့တွင် အဆုံးတိုင်တည်ကြည်မည့်ပုံမပေါ်သော်လည်း သူတို့အတွက် တစ်ခုတည်းသောမေးခွန်းမှာ ထိုသူတို့သည် ခရစ်တော်နှင့်လိုက်ဖက်ရောက်လာနိုင်ကြပါမည်လား။ ထိုသူတို့သည် ယေရှုသခင်၏စိတ်သဘောမျိုးကိုရယူကာ သူတို့၏ဩဇာလွှမ်းမိုးမှု၊ အပြောအဆိုလုပ်ပုံကိုင်ပုံတို့သည် သမ္မာတရားနှင့်ဖြောင့်မတ်ခြင်းတရားအရှင်ဘုရားသခင်၏ဆွဲဆောင်မှုကို ဖော်ကျူးပြနိုင်ကြပါမည်လော။ (ဃ ၁၈၀.၂)

သမ္မာတရားမကြားဘူးသေးသောဒေသများ၌ အမှုတော်ဆောင်သောသူတို့သည် သတင်းကောင်းပြောရန် ခန်းမကြီးတစ်ခု (သို့မဟုတ်) ဖိတ်ခေါ်ရောက်လာသမျှသောလူများအားလုံးဝင်ဆန့်နိုင်သောသင့်လျော်သည့်ခန်းမတစ်ခုခုကို ငှားရမ်းရမည်။ ထိုနေရာသို့စုဝေးရောက်လာသူများကို သမ္မာတရားကိုသင်ယူရန်ပြောပါ။ တရားဒေသနာပေးရန် မလိုသေး။ သမ္မာကျမ်းစာစာအုပ်ကိုကိုင်၍ နှုတ်ကပတ်တော်ဖွင့်လှစ်ပေးခြင်းအားဖြင့် သူတို့ကိုဘုရားသခင်တိုက်ရိုက်စကားပြောပါစေ။ လူနည်းမည်ဆိုလျှင် ထုတ်ကြွားခြင်းမရှိ၊ စိတ်လှုပ်ရှားခြင်းမရှိစေဘဲ သူတို့ကိုယ်တိုင်ကျမ်းစာဖတ်၍ "ထာဝရဘုရားမိန့်တော်မူသည်" ဆိုသောဇဝ်ဂေလိသစ္စာစကားကို ရိုးရိုးရှင်းရှင်းသိနားလည်စေနိုင်ပါသည်။ သူတို့နှင့်အတူ သီချင်းဆို၍ ဆုတောင်းကြပါ။ (ဃ ၁၈၁.၁)

## မြတ်နိုးဖွယ်ရာအာဗြဟံ၏နမူနာ

အာဗြဟံ၏စမ်းသပ်ခံရမှုသည် မပေါ့ပါ။ သူ၏အပ်နှံမှုသည်လည်းမသေးပါ။ သူသည် သူ့တိုင်းပြည်မှာလူကုံထံတစ်ဦးဖြစ်၍ သူ့ဆွေမျိုးအသိုက်အဝန်းနှင့် သူ၏မိသားစုတို့စပ်ကြား ကြီးမားသောသံယောဇဉ်ရှိပါသည်။ သို့သော်လည်း ထာဝရဘုရား၏စကားတော်ကို နားထောင်ရန် သူမနှေးကွေးခဲ့ပါ။ ကတိတော်ပြည်နှင့်ပတ်သက်၍လည်း သူမေးခွန်းမထုတ်ပါ။ ထိုပြည် မှာမြေဩဇာကောင်းရဲ့လား။ ရာသီဥတုမျှတသလား။ လူကိုကျန်းမာစေရဲ့ လား။ တိုင်းပြည်ပတ်ဝန်းကျင်အခြေအနေကောင်းရဲ့လား။ ချမ်းသာကြွယ်ဝ

စရာလမ်းမြင်ရနိုင်သလား စသည့်မေးခွန်းများသူ့နှုတ်မှမထွက်ပါ။ ထာဝရဘုရားပြောသမျှကို ဘုရားသခင်၏အစေခံကျွန်သည် နားထောင်ရမည်။ သူ့အတွက် အပျော်ရွှင်ရဆုံးနေရာဒေသကို သူနေဖို့ ဘုရားသခင်ပြင်ဆင်ထားပြီးဖြစ်ပါသည်။ (ဃု ၁၈၁.၂)

လူများစွာသည် အာဗြဟံကဲ့သို့စမ်းသပ်ခြင်းမျိုးကို ခံနေရဆဲရှိပါ ၏။ ထိုသူတို့သည် ကောင်းကင်ဘုံမှစကားသံတော်ကို တိုက်ရိုက်ကြားရသည်တော့မဟုတ်ပါ။ သို့သော်လည်း ထာဝရဘုရားသည် သူတို့ကိုနှုတ်ကပတ်တော်နှင့်သွန်သင်ပြီး ဖြစ်ရပ်မှန်များအားဖြင့် ကိုယ်တော်၏စီမံချက်များကို ဖော်ပြပါသည်။ ထိုသူတို့သည် ကြွယ်ဝချမ်းသာပြီး ဂုဏ်အသရေမြင့်မား စေဖို့ ဘုရားကတိတော်များကို စွန့်လွှတ်ရနိုင်ပါသည်။ မိမိ၏ဝါသနာကောင်းများနှင့်အကျိုးပေးသောအပေါင်းအသင်းဆွေမျိုးရင်းချာများကို ချန်ထားခဲ့ပြီး မိမိကိုယ်ကိုမိမိငြင်းပယ်ရုံမျှမက ကြမ်းတမ်းသောခရီးလမ်းကို ရွေးချယ်၍ အနစ်နာခံအပ်နှံလျှောက်လှမ်းရသည့်အဖြစ်မျိုးနှင့်လည်း ရင်ဆိုင်ရနိုင်ပါသည်။ ထိုသူတို့အတွက် လုပ်စရာအလုပ်သည် ထာဝရဘုရားမှာရှိပါသည်။ သို့သော်လည်း သက်သောင့်သက်သာအဆင်ပြေသောဘဝမျိုးနှင့် ဆွေမျိုးရင်းချာမိတ်ဆွေများသည် အမှုတော်မြတ်ကြီးပြီးမြောက်စေရန် မရှိမဖြစ်လိုအပ်သောစရိုက်ကောင်းတစ်ခုတိုးတက်ရေးကို ဟန့်တားစေနိုင်သည်။ ဘုရားသခင်သည် လူသားတို့၏ဩဇာလွှမ်းမိုးမှုနှင့်ထောက်ပံ့မှုများကို ဝေးဝေးရှောင်စေကာ ကိုယ်တော်၏အကူအညီကိုသာ အမှန်လိုအပ်ကြောင်း၊ ကိုယ်တော်ကိုသာ လုံးဝမှီခိုအားကိုးစေလိုကြောင်းကို သိစေလိုပါသည်။ သို့မှသာလျှင် ဘုရားသခင်သည် ထိုသူတို့အား မိမိကိုယ်ကိုထင်ရှားပြသနိုင်မည်။ (ဃု ၁၈၁.၃)

မည်သူသည် မြတ်နိုးတွယ်တာစရာကောင်းသည့်စီမံကိန်းနှင့်ရင်းနှီးသောမိတ်ဆွေအသိုက်အဝန်းများကိုစွန့်ကာ ဘုရားသခင်၏ခေါ်တော်မူသံကို လက်ခံရန် အသင့်ရှိပါသလဲ။ မည်သူသည် ခရစ်တော်သခင်အတွက်ဆုံးရှုံးမှုများကို အကျိုးအမြတ်များဟုမှတ်ယူကာ ထာဝရဘုရား၏အမှုတော် ကိုခိုင်မြဲတက်ကြွသောစိတ်နှလုံးဖြင့် ထမ်းဆောင်လျက် ဒေသသစ်များသို့

သွားရောက်၍ အသစ်သောတာဝန်များကို လက်ခံထမ်းဆောင်ကြလိမ့်မည် နည်း။ ဤကဲ့သို့လုပ်ဆောင်သောသူများ၌ အာဗြဟံ၏ယုံကြည်ခြင်းမျိုးရှိသော ကြောင့် ထိုသူတို့သည် "မျက်မှောက်၌ခံရသောဒုက္ခဆင်းရဲနှင့်မယှဉ်နိုင်လောက် အောင်" "အတိုင်းထက်အလွန်များပြားစွာသောနိစ္စထာဝရဘုန်းအသရေတော်" ကို အာဗြဟံနှင့်အတူ မျှဝေစံစားရကြပါလိမ့်မည်။ (ဃ ၁၈၁.၄)

သင်ဒီမှာဘာလာလုပ်တာလဲ

ထာဝရဘုရား၏စကားတော်ကို နားထောင်၍ အမှုတော်မြတ်မှာ မှန်ကန်သစ္စာရှိစွာမပြတ်သောလုံ့လနှင့် လုပ်ကိုင်ဆောင်ရွက်နေသောသခင့်အစေ ခံတို့အား စာတန်မာရ်နတ်သည် ဖြစ်နိုင်သမျှနည်းလမ်းစုံလင်စွာနှင့် အမှုတော် မြတ်ကို သူတို့မျက်ခြည်ပြတ်သွားရန် လုပ်ဆောင်၍ ယခုဤလူ့ဘဝ၌ ပျော်ပါးခြင်းများနှင့်သာ ကျေနပ်နေစေရန် ကြိုးပမ်းနေပါသည်။ စည်းစိမ် ကြီးငယ်များတွင် အဆင်ပြေပြေနေထိုင်အသက်ရှင်ဖို့ လောကအကျိုးစီးပွား ရှာဖွေတွေ့ရှိခံစားနိုင်မည့်နေရာသို့ အမှုတော်ကိုချန်လုပ်ကာ ကိုယ်ကျိုးရှာထွက် စေပါ၏။ ဆန့်ကျင်မှုများ၊ နိပ်စက်ခံရခြင်းများကို ကြုံတွေ့စေ၍ သာသနာ တာဝန်ထမ်းဆောင်ရာ၌ စိတ်ဓာတ်ကျပြီး ထွက်ပြေးချင်စိတ်ပေါ်ပေါက်လာ အောင်လည်း သူလုပ်ပါ၏။ သို့ရာတွင် ထိုသို့သောသူအားလုံးကို ကောင်းကင် ဘုံမှအကြင်နာတရားကြီးမားစွာဖြင့် အသိအမှတ်ပြုဂရုစိုက်နေပါသည်။ သို့ဖြစ်၍ ဝိညာဉ်ရေးရန်သူစာတန်၏နှုတ်ပိတ်ကျီစယ်မှုကို ခံနေရသူဘုရားသခင့်သား သမီးအပေါင်းတို့အတွက် သခင်မေးမည့်မေးခွန်းတစ်ခုမှာ "သင်ဒီမှာဘာလာ လုပ်တာလဲ" ဟူ၍ဖြစ်သတည်း။ ငါဘုရားသည် သင့်အား လောကီနိုင်ငံ အရပ်ရပ်ရှိသမျှသို့သွား၍ ဧဝံဂေလိတရားဟောပြောရန်နှင့် ထာဝရဘုရား၏ နေ့ရက်အတွက် လူသားများအား ပြင်ဆင်ပေးထားရန် စေခိုင်းခဲ့ပြီမဟုတ် လော့။ သင်ဘာကြောင့် ဒီကိုရောက်နေရသလဲ။ သင့်ကိုဘယ်သူစေလွှတ် လိုက်သလဲ။ (ဃ ၁၈၂.၁)

အိမ်ထောင်မိသားစုများကို တစ်ဦးချင်းမေးသကဲ့သို့ သခင်ကမေးနေပါသည်။ "သင်ဒီမှာဘာလာလုပ်တာလဲ" အသင်းတော်များစွာမှ အိမ်ထောင်စုအတော်များများသည် ထာဝရဘုရား၏သမ္မာကျမ်းစာပါအမှန်တရားများကို ကောင်းကောင်းလေ့လာသိမှတ်ပြီး ဖြစ်ပါ၏။ ထိုသူတို့သည် အမှုတော်မြတ်မထွင်းဖေါက်သေးသောနေရာသစ်တွေမှာ ရွှေ့ပြောင်းနေထိုင်၍ မိမိ တို့၏ဩဇာသက်ရောက်မှုကျယ်ပြန့်သည့်အတိုင်း ဓမ္မဒါနပြုကာ သခင် ကောင်းမြတ်ကြောင်းကို ဖော်ကျူးကြရပါမည်။ (ဃ ၁၈၂.၂)

## ခရစ်ယာန်အိမ်ထောင်စုများကိုဖိတ်ခေါ်ခြင်း

သာသနာပြုဆရာမိသားစုတို့သည် သူတစ်ပါးပစ်ပယ်ထားသောနေရာဒေသများဆီသို့သွား၍ အခြေချနေထိုင်ရန် လိုအပ်ပါသည်။ တောင်သူလယ်သမားများ၊ ငွေကြေးနှင့်အလုပ်လုပ်သူများ၊ နေအိမ်၊ တိုက်ခန်း၊ ရုံးခန်း၊ ဆောက်လုပ်ရေးသမားများ၊ လက်မှုပညာကျွမ်းကျင်သူအနုပညာရှင်များ စသည်တို့သည် စွန့်ပစ်လယ်မြေများဆီသို့သွား၍ မြေယာများကို ကောင်းမွန်လာအောင်လုပ်ဆောင်ပေးခြင်း၊ စက်ရုံအလုပ်ရုံများကို တည်ဆောက်ပေးခြင်းဖြင့် ဆင်းရဲနုံချာသောမိသားစုများအတွက် စားဝတ်နေရေးပြင်ဆင်ပေးရုံမျှမက ထိုသူတို့မှတစ်ဆင့် ထိုသူတို့၏အိမ်နီးနားချင်းရပ်ဆွေရပ်မျိုးများကို ကူညီမစရန်ဖြစ်ပါသည်။ (ဃ ၁၈၂.၃)

ထာဝရဘုရားသည် အမှောင်ထုမှားယွင်းမှုဇုန်ထဲ၌ ရှိကြကုန်သောလူ့အသိုက်အဝန်းများထဲတွင် ပညာသတိရှိ၍ လုံ့လဝီရိယစိုက်ကာ သခင်ယေရှုအတွက် အလုပ်လုပ်ပေးရန် ခရစ်ယာန်မိသားစုများကို ဖိတ်ခေါ်နေပါ ၏။ ဤဖိတ်ခေါ်မှုကို အနစ်နာခံဆက်ကပ်ရန်လိုပါသည်။လူများစွာသည် အခက်အခဲဘေးဒုက္ခများကိုဖယ်ရှားရန် စောင့်ဆိုင်းနေစဉ်မှာပင်လူ့အသက်ဝိညာဉ် များစွာသည် မျှော်လင့်ချက်မရှိ၊ ဘုရားမရှိနှင့် အသက်ဆုံးပါးလုနီးဖြစ်နေ ရလေပြီ။ လူများစွာသည် ဤလောကီအကျိုးအလို့ငှာသော်လည်းကောင်း၊

သိပ္ပံနည်းကျအတတ်ပညာကိုရရှိဖို့ အလို့ငှာသော်လည်းကောင်း၊ ကာလနာ ဘေးကျရောက်ရာဒေသများသို့ ဒုက္ခခံ၍ စွန့်စားရှာဖွေမှုကို ပြုကြပါလိမ့် မည်။ ယေရှုသခင်ကယ်တင်ရှင်အကြောင်းပြောပြရန် အဘယ်သူသည် ထိုဒေသမျိုးသို့ သွားရောက်ကာ အနစ်နာခံဆက်ကပ်လုပ်ဆောင်မည်နည်း။ ဧဝံဂေလိသတင်း စကားကြားသိရန် လိုအပ်သောထိုဒေသများသို့ သွားရောက် အမှုတော်ဆောင် မည့်လူယောကျ်ား၊ လူမိန်းမတို့သည် အဘယ်မှာရှိကြသနည်း။ အမှောင်ထုထဲမှာ ရှိသောထိုသူတို့ကို ရွေးနုတ်ကယ်တင်ပေးနိုင်သောယေရှု ခရစ်တော်အကြောင်းကို ပြောပြရန် အထူးလိုအပ်နေပါသည်။ အိုမိတ်ဆွေ။ (ဃ၄ ၁၈၂.၄)

သခင်ကြီးယေရှုအတွက် လက်ကြောတင်း၍ ဦးနှောက်ဖျတ်လတ် သူများ၊ သာသနာပြုဆရာ၊ ဆရာမများအဖြစ် ကိုယ့်ထမင်းကိုယ်စားပြီး အမှု တော်မြတ်အောင်မြင်ရေးအတွက် နည်းလမ်းအသစ်ထွင်ကာ သွေးချွေးရင်း၍ လုပ်ဆောင်ကြမည့်သူအိမ်ထောင်မိသားစုအဖွဲ့များဒီမှာရှိပါတယ်မိတ်ဆွေ။ (ဃ၄

အကယ်၍သာ မိသားစုတွေကမ္ဘာ့အမှောင်ထုဒေသတွေမှာ သွားရောက် နေထိုင်ပြီး ထိုသူတို့၏ဝိညာဉ်ရေးမျက်မှောင်ကြုတ်ခြင်းကို ယေရှုခရစ်တော် ၏အသက်တာအလင်းနှင့် ပစ်ခွင်းကြရမည်ဆိုလျှင် ထိုနေရာမှာအမှုတော် မြတ်ကြီးတစ်ခုပြီးမြောက်သွားနိုင်ပါသည်။ ထိုမိသားစုများသည် ရိုးသားတိတ် ဆိတ်စွာနှင့် မရမကဝင်ရောက်နှောင့်ယှက်တတ်သောလမ်းစဉ်ကိုရှောင်၍ အသင်း တော်ဌာနချုပ်က စိတ်ဝင်စားလာသည့်တိုင်အောင် အမှုတော်မြတ်ကြီးတိုးတက် ကြီးပွားနေကြောင်းကို ကြားသိမြင်တွေ့နိုင်ပါစေ။ ထိုသို့တိုးတက်မှုနှုန်းကို သင်တစ်ဦးတည်းက မတတ်စွမ်းနိုင်ကြောင်းနှင့်အသင်းတော်က ဆက်လက် ပံ့ပိုးကာ တာဝန်မျှဝေယူနိုင်ရန် ဌာနချုပ်၏အကူအညီများကို တောင်းဆိုရ ယူအပ်သည်။ (ဃ၄ ၁၈၃.၂)

နေရာပြောင်းရွှေ့နေထိုင်သူများသည် ပညာသတိရှိသောပျိုးခင်းထိန်းများလိုအပ်မည်

အမှုတော်ဆောင်များကို လူနေလမ်းကြိုလမ်းကြား၊ လမ်းမကြီးများဆီသို့ သွားရောက်စေပါ။ မတူညီသောမြေနေရာများ၌ အပင်များကို ပြောင်းရွှေ့စိုက်ပျိုးသည့်အခါ နားလည်တတ်စွမ်းသောပျိုးခင်းထိန်းဥယျာဉ်မှူးများလိုအပ်သည်။ သူတို့တစ်တွေပျိုးထောင်နိုင်ဖို့ သူတို့ကိုလည်း ဦးစီးလုပ်ခွင့်ပေးပါ။ ထာဝရဘုရား၏လူတို့အဖို့ ထိုဒေသများထက်ကျော်လွန်အောင်သွားရန် တာဝန်ရှိပါသည်။ ဒေသသစ်များတွင် အထိုင်ကျအောင် လူအင်အားချထားရပါသည်။ ထိုသို့ပြုမှ ဩဇာလွှမ်းနိုင်မည့်နေရာသစ်များပေါ်ထွန်းလာမည်ဖြစ်၏။ စစ်မှန်သောသာသနာပြုစိတ်ဓာတ်အခံရှိသူအမှုတော်ဆောင်များကို အားစိုက်၍ အမြန်စုရုံးပေးပါ။ ထိုသူတို့သည် နီးဝေးအရပ်များဆီသို့ အလင်းဆောင်လျက် ခရီးဆက်ကြပါလိမ့်မည်။ (ဃ ၁၈၃.၃)

အသင်းတော်ကြီးများ၌ရှိသော အသင်းသူ/အသင်းသားများစွာတို့သည် မှတ်တမ်းတင်ထိုက်လောက်အောင်အလုပ်မလုပ်ကြသေးပါ။ ထိုသူတို့သည် စုဝေးကာနေကြရမည့်အစား ဒေသအနှံ့သို့ပြန့်ကျဲ၍ သမ္မာတရားအလင်းမရှိသေးသောနေရာဒေသများသို့ အခြေချနေထိုင်လုပ်ဆောင်မည်ဆိုပါက ကောင်းမှုတစ်ခုတော့ပြီးမြောက်စေနိုင်ကြပါလိမ့်မည်။ အပင်များစုနေလျှင် ဝေဝေဆာဆာမသီးမပွင့်နိုင်ပါ။ ဥယျာဉ်မှူးက ထိုအပင်များလွတ်လပ်စွာရှင်သန်နိုင်ရေးအတွက် ရွှေ့ပြောင်းစိုက်ရပါမည်။ သို့မဟုတ်ပါက အပင်မသန်ဘဲ ညှိုးကျသွားနိုင်ပါသည်။ အလားတူသောစည်းကမ်းဥပဒေကို အသင်းတော်ကြီးတွေမှာ ကျင့်သုံးရမည်။ ဤကဲ့သို့သောအမှုတော်မျိုးလုပ်ဆောင်ရန် လိုအပ်နေချိန်တွင် ဘာတစ်ခုမျှအလုပ်မလုပ်ဘဲနေကြသောကြောင့် ထိုသူတို့၏ဝိညာဉ်ရေးမှာ သေလုနီးပါးဖြစ်ရသည်။ သူတို့တစ်တွေဝိညာဉ်ရေးဖျားနာပြီး ရှင်လန်းထက်မြက်မှုမရှိလာကြပါ။ ထိုသူတို့အား နေရာသစ်၌ ပြောင်းရွှေ့စိုက်ပျိုးလိုက်ပါက သူတို့၏ဝိညာဉ်သည် အားကောင်းပြီး သန်မာကြံ့ခိုင်လာမည်ဖြစ်ပါသည်။ (ဃ ၁၈၃.၄)

သေချာပေါက်ရလဒ်များ

အကယ်၍ သာမန်အသင်းသူ/အသင်းသားများသည် အသက်ဝိညာဉ်များစွာသခင်ယေရှုထံရောက်လာကြသည်ကို မြင်လိုကြသောကြောင့် အမှုတော်မြတ်ထဲ၌ မိမိတို့ပါဝင်ကူညီလုပ်ကိုင်နိုင်သောအလုပ်များကို မိမိတို့စရိတ်၊ မိမိတို့ဆန္ဒအလျောက်လုပ်လာကြမည်ဆိုလျှင် များစွာသောလူတို့သည် စာတန်၏တပ်မတော်မှထွက်ခွာခဲ့ပြီး ခရစ်တော်၏အလံတော်အောက်သို့ ရောက်ရှိလာကြမည့်သူများလှကြောင်းကို ကျွန်ုပ်တို့မြင်တွေ့ကြရပါလိမ့်မည်။ "အကယ် ၍ ကျွန်ုပ်တို့၏လူများသည် ဩဝါဒစကားလုံးအတိုင်းရရှိသည့် အလင်းတရားနှင့်အညီ လုပ်ဆောင်နေထိုင်သွားကြမည်ဆိုပါလျှင် ထာဝရဘုရား၏ကယ်တင်မစတော်မူခြင်းကို ကျွန်ုပ်တို့သည် ဧကန်မုချမြင်တွေ့ကြရပါလိမ့်မည်။ အံ့ဩဖွယ်ပြန်လည်နိုးထခြင်းများ လည်း ဖြစ်ပေါ်လာပါလိမ့်မည်။" (ဃ ၁၈၄.၁)

ကျွန်ုပ်တို့၏အသင်းသူ/အသင်းသားများသည် အိမ်တွင်းအိမ်ပြင်သာသနာများကို လေးနက်စွာစိတ်ဝင်စားရပါမည်။ ဒေသသစ်တွေမှာ သမ္မာတရားစံနှုန်းကို တည်ထောင်စိုက်ပျိုးခြင်း၌ ကိုယ်ကျိုးမဖက်အားစိုက်လျက်လုပ်ဆောင်ကြသည်နှင့်အမျှ ထာဝရဘုရားထံတော်မှ ကြီးစွာသောကောင်းချီးမင်္ဂလာကို ရရှိကြပါလိမ့်မည်။ ထိုဒေသသစ်များ၌ မြှုပ်နှံလိုက်သောငွေကြေးအတွက် ကြွယ်ဝခြင်းအကျိုးကိုလည်း တုံ့ပြန်ခံစားရနိုင်ပါလိမ့်မည်။ နှုတ်ကပတ်တော်၏အလင်းကို ယုံကြည်သူလူသစ်များရရှိသဖြင့် ဝမ်းမြောက်ကြလိမ့်မည်။ "ထိုသူတို့သည်လည်း ဘုရားသခင့်ကျေးဇူးတော်ကို တုံ့ပြန်သော အားဖြင့် မိမိတို့ပိုင်ပစ္စည်းဥစ္စာများကို သာသနာတော်ထွန်းကားရေး အတွက် ပေးကမ်းစွန့်ကြကြပါလိမ့်မည်။" ဤသို့ဖြင့် အခြားသူတို့သည် သမ္မာတရားအလင်းကို ဆက်လက်ဆောင်နှင်းလာကြပါလိမ့်မည်။ (ဃ ၁၈၄.၂)

အမှုတော်ဆောင်များမသွားလိုသောနေရာဒေသတချို့ရှိပါသည်။ ထိုဒေသမျိုး၌ ဆန့်ကျင်မှုများ၊ စိတ်ပျက်စရာများစွာရှိပါ၏။ "ဒီမှာလာပြီး

သာသနာမပြုနဲ့ ” ဟု သူတို့ကိုအော်ငေါက်ပြောဆိုတတ်ပါသည်။ ထိုသို့သော ဒေသမျိုးတွင် လူများကိုအပြောင်မြောက်ဆုံးနှင့် အကောင်းဘက်သို့ပြောင်းလဲ ပေးနိုင်သူတို့သည် ကိုယ်ကျိုးမဖက်ဆက်ကပ်ကြိုးစားအားထုတ်ကြသောသာမန် အသင်းသူ/အသင်းသားများပင်ဖြစ်ပါသည်။ ထိုကဲ့သို့စိတ်နှလုံးနှိမ့်ချသော ထာဝရဘုရား၏အစေခံလူတို့သည် သည်းခံခြင်း၊ လုံ့လဝီရိယစိုက်ထုတ်ခြင်း၊ လူ့ဩဇာတန်ခိုးအပေါ်၌ အားမကိုးခြင်း၊ ထာဝရဘုရားကိုသာ အားကိုးသဖြင့် ကိုယ်တော်၏ရှေ့တော်၌ မျက်နှာရသူများဖြစ်သောကြောင့် သူတို့ကိုအကျိုး များစွာပေးလျက် အမှုတော်မြတ်ကြီးပြီးမြောက်သွားရသည်။ ဤကဲ့သို့သော ဘုရားအစေခံကျွန်တို့၏ကောင်းမှုကုသိုလ်များကို ဤလောကကြီးထဲမှာ လူအများ သည် ဘယ်သောအခါမျှ သိနားလည်နိုင်ကြမည်မဟုတ်ပါ။ (ဃ ၁၈၄.၃)

ရှေးခေတ်ဣသရေလလူတို့၏ဆုံးရှုံးမှုမှရရှိသောသင်ခန်းစာတစ်ရပ်

ဣသရေလလူတို့ ခါနာန်ပြည်ထဲဝင်ရောက်လာသောအခါ ပြည်တော် တစ်လျှောက်လုံးကို သိမ်းပိုက်ရန်ဟူသောထာဝရဘုရား၏ရည်ရွယ်မျှော်မှန်း ချက်ကို သူတို့တစ်တွေမဖြည့်စွက်ခဲ့ကြပါ။ ပြည်တော်၏တစ်စိတ်တစ်ဒေသ ကိုသာ ပိုင်စိုးအောင်နိုင်လိုက်သည်နှင့် သူတို့၏အောင်မြင်မှုများ၌ ဝမ်းမြောက်ကာ အခြေချနေထိုင်ကြတော့သည်။ သူတို့၏မယုံကြည်ခြင်းနှင့် စည်းစိမ်ကြီးငယ်တို့၌ ယစ်မူးနေထိုင်ခြင်းကြောင့် နယ်ပယ်အသစ်များဆီသို့ ထိုးဖေါက်ဝင်ရောက် သိမ်းပိုက်ရမည့်အစား အောင်မြင်ပြီးသောနယ်မြေပေါ်၌သာ လူအုပ်ကြီးကို စုစည်း၍ နေထိုင်ကြရန် တာဝန်ယူခဲ့ကြပါသည်။ ဤနည်းဖြင့် သူတို့သည် ထာဝရဘုရားအထံတော်မှ မသိမသာတဖြည်းဖြည်းချင်းလမ်းခွဲ၍ ဝေးကွာ လာခဲ့ကြတော့သည်။ သူတို့သည်ဘုရားသခင့်အလိုတော်ကိုပြီးပြည့်စုံရန် ပျက်ကွက်မှုကြောင့် ကိုယ်တော်သည်လည်း ကတိပေးထားပြီးဖြစ်သော ကောင်းချီးမင်္ဂလာများကို သူတို့အားဖြည့်စွက်ပေးရန် မဖြစ်နိုင်တော့ချေ။ ယနေ့အသင်းတော်သည်လည်း အလားတူပြုလုပ်နေကြပါသလား။ သူတို့

ရှေ့မှောက်၌ရှိသောတစ်လောကလုံး၏လူများသည် ဧဝံဂေလိသတင်းကောင်း ကိုကြားသိဖို့လိုအပ်နေပါသည်။ နာမည်ခံခရစ်ယာန်များသည် ဧဝံဂေလိကို အမှီပြု၍ ခံစားရသောကောင်းချီးမင်္ဂလာများ၌ ဝမ်းမြောက်ပီတိဖြစ်ကာ သူတို့ အချင်းချင်းစုဝေးနေထိုင်လျက်သာ နေနေကြသည်။ နယ်မြေအသစ်ပေါ်မှာ သူတို့တစ်တွေနေရာယူဝင်ဆန့်ဖို့လိုအပ်နေကြောင်းကို သူတို့ခံစားသိမြင်ခြင်း မရှိကြပါ။ ထိုသို့ဆိုလျှင် သူတို့နေထိုင်ရာဒေသထက် ကျော်လွန်သောနေရာ ဒေသများသို့ မည်သူသည် ကယ်တင်ခြင်းသတင်းကောင်းကို သယ်ဆောင် သွားပါမည်နည်း။ ခရစ်တော်သခင်၏စေခိုင်းချက်တည်းဟူသော "သင်တို့ သည် လောကီနိုင်ငံအရပ်ရပ်သို့သွား၍ ဧဝံဂေလိသတင်းကောင်းကို လူအများ တို့အား ပြောကြားကြလော့" ဆိုသည့်အမိန့်တော်ကို သူတို့ဖြည့်စွက်ရန် ငြင်းပယ်နေကြလေပြီတကား။ (ဃ ၁၈၄.၄)

—၀—

## အခန်း (၁၇)
## ခရစ်ယာန်များ၏မစကူညီခြင်းလုပ်ငန်း

### ဘုရားသခင်၏ခြေတော်ရာအတိုင်းလိုက်ခြင်း

လူများစွာသည် ခရစ်တော်ဤလောက၌ရှိစဉ်က သွားလာလှုပ်ရှားခဲ့သောနေရာများ၊ ရေအိုင်နံဘေးတရားပေးသောနေရာများနှင့် ကိုယ်တော်ကြည့်မျှော်၍ အနားယူခဲ့သောတောင်ပေါ်တောင်ကြားဒေသများဆီသို့ သွားရောက်လည်ပတ်ကြည့်ရှုခွင့်ရခဲ့ပါသော် အခွင့်ထူးရပေသည်ဟု ခံစားမိကြမည်။ သို့ရာတွင် ကျွန်ုပ်တို့သည် ယေရှု၏ခြေလှမ်းအတိုင်းလိုက်၍ နာဇရက်မြို့၊ ကပေရနောင်မြို့နှင့် ဗေသနိရွာများသို့ အမှန်သွားရောက်ရန်မလိုအပ်ပါ။ ကိုယ်တော်ရှင်၏ခြေရာတော်များသည် လူနာကုတင်ဘေးမှာ၊ လူဆင်းရဲများ၏တဲအိုတဲစုတ်တွေမှာ၊ မြို့တော်ကြီး၏လူစည်ကားသောလမ်းကြိုလမ်းကြားတွေမှာရှိ၍ နှစ်သိမ့်မှုပေးရန် လိုအပ်နေသောလူများစွာရှိနေသည်ကို ကျွန်ုပ်တို့မြင်တတ်ရမည်။ မြေကြီးပေါ်မှာ ယေရှုပြုတော်မူခဲ့သည့်အတိုင်းပြုခြင်းသည် ကိုယ်တော်၏ခြေတော်ရာနောက်သို့ အမှန်လိုက်ပါခြင်းပင်ဖြစ်သည်။ (ဃ ၁၈၆.၁)

ယေရှုသည် တွေ့မြင်ခဲ့သမျှသောဒုက္ခဝေဒနာခံစားရသူများကို အနာငြိမ်းပျောက်ကင်းစေခဲ့ပါ၏။ ကိုယ်တော်၌ မစပေးကမ်းရန် ငွေအနည်းအကျဉ်းသာရှိသော်လည်း မကြာခဏအစာကိုမစားဘဲ အစာရှောင်ခြင်းဖြင့် မိမိထက် ငတ်မွတ်နေသူများကို ခံစားနေရခြင်းသက်သာစေခဲ့ပါသည်။ ယေရှု၏သြဇာသက်ရောက်မှုသည် ငတ်မွတ်နေသူများ၏ခံစားရခြင်းကို တိုက်ဖျက်နိုင်ဖို့ အလှမ်းဝေးလှသည်ဟု ကိုယ်တော့်နောက်လိုက်ညီအစ်ကိုများခံစားမိကြသည်။ ယေရှု၏လိမ္မာပါးနပ်မှုမျိုးသည် သူတို့တစ်ယောက်၌မျှ မရှိသလိုလိုချင်စိတ်လည်းမမွေးကြပါ။ သူတို့သည် ဆင်းရဲသားများကို ကြမ်းတမ်းစွာပြော၍ ချိုးနှိမ်ဆက်ဆံကြသောအခါ ကိုယ်တော်သည် ထိုခံစားရသူတစ်ဦးချင်းစီတိုင်းကိုရှာဖွေ၍ နှစ်သိမ့်အားပေးစကားပြောကြားခဲ့ပါသည်။ ကိုယ်တော်ရှင်သည် ငတ်မွတ်သောသူများကို ရေအေးတစ်ခွက်ပေးမည်။ မိမိစားရမည့်

အစာကို တိတ်တဆိတ်ထိုသူတို့၏လက်ထဲသို့ ထည့်ပေးမည်ဖြစ်သည်။ ကိုယ်တော်ရှင်သည် ထိုသူတို့ခံစားနေရသောဝေဒနာများကို သက်သာပျောက်ကင်းစေခြင်း၊ သွန်သင်တော်မူသောသမ္မာတရားများသည် သနားခြင်းကရုဏာပြသခြင်းဖြစ်သောကြောင့် ယနေ့တိုင်အာရုံပြုသတိရအောက်မေ့စရာများဖြစ်ရပါသည်။ (ဃ ၁၈၆.၂)

ထောက်ခံချက်

ခရစ်တော်၏နောက်လိုက်များသည် ကိုယ်တော်လုပ်ခဲ့သည့်အတိုင်းလုပ်ကြရမည်။ အစာငတ်သူကို အစာပေးပါ။ အဝတ်မရှိသူကို အဝတ်ခြုံပေးပါ။ ဒုက္ခဝေဒနာခံစားနေရသူကို နှစ်သိမ့်မှုပေးပါ။ ကျွန်ုပ်တို့သည် စိတ်ပျက် အားလျော့နေသူများကိုအစေခံပြုစုရန်နှင့်မျှော်လင့်ချက်ကင်းမဲ့နေသူများကို မျှော်လင့်ခြင်းနှိုးဆော်ပေးကြရမည်။ ထိုသို့ပြုလျှင် "သင်၏ဖြောင့်မတ်ခြင်းသည် သင်၏ရှေ့၌သွား၍ ထာဝရဘုရား၏ဘုန်းတော်သည် သင့်အတွက်ဆုလဒ်ဖြစ်လိမ့်မည်" ဟူသောကတိတော်သည် ကျွန်ုပ်တို့၌ ပြည့်စုံရပါလိမ့်မည်။ (ဃ ၁၈၆.၃)

ခရစ်ယာန်များ၏ကူညီမစခြင်းလုပ်ငန်း၌ ဝင်ရောက်လုပ်ကိုင်နေသူတို့သည် သခင်ဘုရားက ကျွန်ုပ်တို့အား လုပ်ကိုင်စေလိုသောအလုပ်ကို ကျွန်ုပ်တို့လုပ်ကိုင်ကြရခြင်းဖြစ်ပါသည်။ ထိုသူတို့၏အလုပ်များကိုလည်း ကိုယ်တော်လက်ခံတော်မူ၏။ ဤအလုပ်မျိုးကို သတ္တမနေ့မြော်လင့်ခြင်းအသင်းသူ/အသင်းသားတိုင်းက လှိုက်လှိုက်လှဲလှဲကိုယ်ချင်းစာစိတ်ဖြင့် အားသွန်ခွန်စိုက်လုပ်ဆောင်ရပါမည်။ (ဥပမာ– ဒေါ်ကာ အလုပ်လိုမျိုး)။ ဤအလုပ်မျိုးကိုလုပ်နိုင်ပါလျက် ဂရုမစိုက်လျစ်လျူရှုခြင်းအားဖြင့် သူတစ်ပါး၏ဝန်ထုပ်များပေါ့ပါးစေခြင်းကို ငြင်းဆန်သောကြောင့် အသင်းတော်သည် ကြီးစွာသောအရှုံးနှင့် ရင်ဆိုင်ခဲ့ရပေသည်။ အကယ်၍သာ အသင်းတော်သည် လုပ်သင့်သည်အတိုင်း ယင်းအလုပ်မျိုးကို တွဲဖက်၍သော်လည်းကောင်း၊ တိုက်ရိုက်အားဖြင့်သော်လည်းကောင်း လုပ်ဆောင်ပါက ပျောက်ဆုံးနေသောအသက်ဝိညာဉ်များစွာကို ကယ်တင်နိုင်ပါလိမ့်မည်။ (ဃ ၁၈၇.၁)

ထာဝရဘုရားပေးထားသောဆုကျေးဇူးအားလုံးသည် လူသားတို့ကို ကောင်းချီးဖြစ်စေရန်နှင့် ဒုက္ခရောက်သူ၊ ဆင်းရဲသူများကို သက်သာစေရန် ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် မွတ်သိပ်သောသူကို အစာကျွေးခြင်း၊ အဝတ်မရှိသူကို အဝတ်ပေးခြင်း၊ မိဘမဲ့နှင့်မုဆိုးမများကို ကြည့်ရှုပြုစုခြင်း၊ ဆင်းရဲပင်ပန်းသောသူနှင့် အလွန်အခက်အခဲရောက်သည့်အနိမ့်ခံလူတန်းစားများကို အစေခံပြုစုခြင်းများလုပ်ဆောင်ပေးကြရမည်။ ဤကမ္ဘာလောကကြီးထဲ၌ ဆင်းရဲဒုက္ခများပြန့်ပွားနေစေရန် ဘုရားသခင်အလိုတော်မရှိပါ။ လူတစ်ဦးတစ်ယောက်၏ဘဝ၌ စည်းစိမ်ဥစ္စာမြောက်မြားစွာကိုခံစား၍ အခြားသူတို့၏ကလေးများမှုကား စားစရာမလုံလောက်နှင့် ငိုနေကြရမည်ကို ဘုရားသခင်အလိုတော်မရှိပါ။ အသက်ရှင်ရန် အမှန်တကယ်လိုအပ်သည့်အရာများကိုသုံးစွဲ၍ ပိုလျှံသောဥစ္စာပစ္စည်းများကို လူ၌ယုံကြည်စွာလွှဲအပ်ထားခြင်းမှာ လူသည် လူသားကောင်းကျိုးအတွက် ကောင်းချီးပေးစေရန်ဖြစ်သည်။ ထို့ကြောင့် ထာဝရဘုရားမိန့်တော်မူပါသည်။ "သင်တို့ဥစ္စာများကိုရောင်း၍ ဆင်းရဲသားတို့အား စွန့်ကြကြလော့။" (လုကာ ၁၂:၃၃)။ "စွန့်ကြဲလိုသောစေတနာစိတ်ရှိခြင်း၊ အချင်းချင်းဆက်ဆံခြင်း-- ပညတ်ထားလော့။" (၁တိ ၆:၁၈)။ "သင်သည် ပွဲခံသောအခါ ဆင်းရဲသောသူ၊ အင်္ဂါချို့တဲ့သောသူ၊ ခြေမစွမ်းသောသူ၊ မျက်စိကန်းသောသူများကို ဖိတ်ခေါ်လော့။" (လုကာ ၁၄:၁၃)။ "မတရားသောအချည်အနှောင်ကိုချွတ်ခြင်း၊ ထမ်းပိုးရှိသမျှကိုချိုးခြင်း--- မွတ်သိပ်သောသူကို အစာကျွေးခြင်း၊ နေရာမရှိဆင်းရဲသောသူများကို ကိုယ်အိမ်သို့ဆောင်ခြင်း၊ အဝတ်မရှိသောသူတို့ကိုမြင်လျှင် အဝတ်ပေးခြင်း-- ဆင်းရဲခံရသောသူကိုသနားစိတ်နှင့် ချမ်းသာပေးလော့။" (ဟေရှာယ ၅၈:၆၊၇)။ "သင်တို့သည် လောကီနိုင်ငံအရပ်ရပ်ရှိသမျှသို့သွား၍ ဝေနေယျသတ္တဝါလူအပေါင်းတို့အား ဧဝံဂေလိတရားကို ဟောပြောလော့။" (မာကု ၁၆:၁၅)။ ဤပညတ်များသည် ထာဝရဘုရား၏စေစားခြင်းအမိန့်များဖြစ်ကြပါသည်။ ခရစ်ယာန်ဟုဆိုကြကုန်သောလူထုကြီးတစ်ရပ်လုံးသည် ဤအလုပ်ကိုလုပ်ကြပါ၏လော။(ဃ ၁၈၇.၂)

ကောင်းသောအကျင့်များသည် ကျွန်ုပ်တို့၌ရှိစေရန် ခရစ်တော်၏အလိုတော်ဖြစ်သည်။ အကြင်နာစကားပြောခြင်း၊ သဘောကောင်းစိတ်မွေးခြင်း၊ ဆင်းရဲသူ၊ ငတ်မွတ်သူ၊ ရောဂါဝေဒနာခံစားနေရသူများကို ကြင်နာစွာဂရုစိုက်ပေးခြင်းတို့ကို ကျွန်ုပ်တို့လုပ်ကြရမည်။ လူသားအချင်းချင်းကိုယ်ချင်းစာစိတ်နှင့်တစ်ဦးကိုတစ်ဦးအကျိုးဆက်ပါလျှင် စိတ်ဓာတ်ကျဆင်းမှုနှင့် ဝမ်းနည်းပူဆွေးမှုများရော့ဆင်းသွားမည်ဖြစ်၏။ ချို့တဲ့သူများအား ရက်ရောစွာပေးကမ်းခြင်း၊ အဝတ်ချည်းစည်းရှိသူများကို အဝတ်ပေးခြင်း၊ ဧည့်သည်များကို အိမ်တွင်း မှာထား၍ စိတ်ပါလက်ပါကြိုဆိုဧည့်ခံခြင်းအားဖြင့် ကောင်းကင်တမန်များ သည် သင့်အနီးသို့ချဉ်းကပ်ပြီး ကောင်းကင်ဘုံ၏တေးသံ သာနှင့်သင့်အား အဖြေပေးနှုတ်ဆက်ကြပါလိမ့်မည်။ တရားမျှတစွာပြုမူချက်တိုင်းနှင့် ကရုဏာ ကျေးဇူးပြုလုပ်ချက်တိုင်းသည် ကောင်းကင်ဘုံ၌တေးသံသာကဲ့သို့ဖြစ်ပါ၏။ကောင်းကင်ဘုံပလ္လင်ထက်၌ရှိသောခမည်းတော်ဘုရားသခင်သည် ဤကရုဏာ လုပ်ရပ်များလုပ်ဆောင်သောသူများကို ကိုယ်တော်၏အဖိုးတန်ကောင်းကင် ရတနာများအဖြစ် ရေတွက်ထားပါသည်။ "ထိုသူတို့သည် ငါစီရင်သောနေ့ရက် ၌ငါပိုင်ထိုက်သောဘဏ္ဍာတော်ရတနာများဖြစ်ကြလိမ့်မည်။" ချို့တဲ့သူတို့ နှင့်ဒုက္ခဝေဒနာခံစားနေရသူတို့အား သနားခြင်းကရုဏာစိတ်ဖြင့် ကူညီမစမှု တိုင်းသည် ယေရှုခရစ်ကိုပြုစုသကဲ့သို့ မှတ်ယူပါသည်။ သင်သည် ဆင်းရဲ သားများဒုက္ခရောက်နေစဉ် ကူညီမစ၍ အဖိနှိပ်ခံရသူတို့အား ကိုယ်ချင်းစာနာစိတ်ဖြင့် လိုအပ်သည်များကို ဖြည့်ဆည်းပေးလျှင်လည်းကောင်း၊ မိဘမဲ့တို့နှင့်မိတ်ဆွေဖွဲ့၍ သူတို့ဘဝကို ရွှင်လန်းစေခြင်းသည်လည်းကောင်းသင်သည် ကိုယ်တိုင်ယေရှုခရစ်နှင့် နီးကပ်စွာဆက်ဆံလာနိုင်ပြီဖြစ်ကြောင်းကို မှတ်ယူရမည်။ (ဃ၃ ၁၈၇.၃)

ချို့တဲ့သူများ၊ အဖိနှိပ်ခံရသူများ၊ ဒုက္ခဝေဒနာခံစားနေရသူများ၊ ဆင်းရဲနွမ်းပါးသူများကို စုစည်းထားကာ သူတို့၏လိုအပ်ချက်များကို တတ်နိုင်သမျှကူညီမစလုပ်ဆောင်ပေးရမည့်လုပ်ရပ်ကို ယနေ့ကာလသမ္မာတရားကို ယုံကြည်သူတို့၏စဝေးရာအသင်းတော်တိုင်း၌ လုပ်ဆောင်နေသင့်ကြပါပြီ။

ရှမာရိလူပြုခဲ့သောသနားကြင်နာခြင်းလုပ်ရပ်မျိုးကို ကျွန်ုပ်တို့၌ရှိစေ၍ ဆာမွတ်နေသူကိုကျွေးမွေးခြင်း၊ စွန့်ပစ်ခံရသူများကို အိမ်သို့ခေါ်ဆောင်လာခြင်း၊ နေ့စဉ်ရက်ဆက်ဘုရားကျေးဇူးတော်ကို ချီးမွမ်းခြင်းနှင့် လူသားဆင်းရဲတွင်းအောက်ခြေအထိ ဆင်းရောက်သွားပြီး ကူညီမစနိုင်သောခွန်အားပေးပါရန် ဆုတောင်းခြင်း၊ သူတို့ကိုယ်တိုင်မရပ်တည်နိုင်သူများကို အကူအညီပေးခြင်းများကို ကျွန်ုပ်တို့လုပ်ပြကြရမည်။ ဤသို့ပြုလုပ်ခြင်းအားဖြင့် လက်ဝါးကပ်တိုင်ပေါ်၌ အသေခံခဲ့သောခရစ်တော်ကို ယူတင်ရသောအခွင့်ထူးနှင့် ကျွန်ုပ်တို့သည် ဘုရားရှေ့၊ လူရှေ့၌ မျက်နှာရကြလိမ့်မည်။ (ဃ၃ ၁၈၈.၁)

လူများစွာသည် သူတို့ဆုတောင်းချက်များအသက်မဝင်၊ သူတို့ယုံကြည်ခြင်းသည်လည်း အားနည်း၍ ဇဝေဇဝါ၊ သူတို့၏ခရစ်ယာန်ဘဝသည်လည်း အမှောင်လွှမ်း၍ မသေမချာဖြစ်နေပါသည်တကားဟု အံ့ဩနေကြပါသည်။ "ငါတို့အစာမရှောင်သလော" "ကောင်းကင်ဗိုလ်ခြေသခင်ထာဝရဘုရားသခင်မျက်မှောက်တော်၌ ငါတို့စိတ်မသာမညည်းမတွားလေသလော" ဟုသူတို့ဆိုကြမည်။ (ဟေရှာယ ၅၈း၆၊၇) ကိုဖတ်ကြည့်ကြပါလျှင် ဤအကြောင်းအရာအခြေအနေမည်သို့နားလည်ရမည်ကို ခရစ်တော်ပြောပြနေ ပါ၏။ ဤကျမ်းပိုဒ်သည် နလုံးအားနည်းသူ၊ သံသယစိတ်ရှိသူ၊ ဝိညာဉ် တုန်လှုပ်နေသူများအတွက် ခရစ်တော်ညွှန်းဆိုခဲ့သည့် ဆေးကုထုံးတစ်ခုဖြစ် ပါသည်။ ထာဝရဘုရားရှေ့တော်မှောက်၌ စိတ်မသာညည်းတွားငိုကြွေးလျက် လျှောက်လှမ်းနေကြသူများသည် အကူအညီလိုအပ်နေသူတစ်ဦးတစ်ယောက် ကိုထ၍ကူညီမစပေးကြရမည်သာဖြစ်ပါ၏။ (ဃ၃ ၁၈၈.၂)

ကောင်းကင်နိုင်ငံ၏ဘုန်းတန်ခိုးတော်သည် လဲသူကိုထူမမည်။ စိတ်ပျက်နေသူကို နှစ်သိမ့်ပေးနေပါသည်။ ခရစ်တော်သခင်ကိန်းအောင်းသောလူ့နလုံးသားထဲမှာလည်း ထိုလမ်းစဉ်အတိုင်း ထာဝရဘုရားသည် ဖော်ထုတ်ပေးပါလိမ့်မည်။ ထိုလုပ်ဆောင်မှုမျိုးကို ဘယ်မှာပင်လုပ်လုပ် ခရစ်တော်၏သာသနာသည် မင်္ဂလာရှိပါလိမ့်မည်။ လုပ်ဆောင်သောနေရာမှန်သမျှ၌ ဘုရားသခင်၏ရောင်ခြည်တော်သည် ကွန့်မြူးနေပါလိမ့်မည်။ (ဃ၃ ၁၈၈.၃)

ဇာရတ္တမြို့မှမုဆိုးမသည် မိမိအသက်ရှင်ရန် အစာတစ်လုတ်စာကို ပုရောဖက်ဧလိယအား ဝေမျှပေးလိုက်သည်။ အကျိုးကျေးဇူးကား သူမနှင့် သူမ၏သားငယ်တို့သည် အစာခေါင်းပါးရာကာလ၌ မသေမပျောက်ဘဲ ကျန်ခဲ့၏။ ယခုအချိန်၌လည်း မည်သူမဆိုဒုက္ခဆင်းရဲနှင့် စားနပ်ရိက္ခာချို့တဲ့ နေချိန်မျိုးတွင် သနားသောစိတ်နှင့် လိုအပ်နေသူများကို ကျွေးမွေးသော် ကြီးစွာသောကောင်းချီးမင်္ဂလာရမည်ဟု ထာဝရဘုရားကတိတော်ပေးနေပါပြီ။ ကိုယ်တော်သည် ကတိတော်အရာမှာ ပြောင်းလဲခြင်းမရှိပါ။ ထာဝရဘုရား၏ တန်ခိုးတော်သည် ဧလိယခေတ်အချိန်များမှာထက် ယခုအချိန်မှာလည်းနည်းပါး မသွားပါ။ (ဃ ၁၈၈.၄)

ကိုယ့်အကျိုးမဖက်သောအမှုဆောင်ခြင်းမျိုး၌ ခရစ်တော်၏ချစ်ခြင်း မေတ္တာကို ထင်ရှားပြသခြင်းသည် ဒုစရိုက်သားတို့အား ပြန်လည်ပြုပြင်ရေး တွင် ဓား (သို့မဟုတ်) စစ်ကြောစီရင်ခြင်းထက် ပိုမို၍ထိရောက်မှုရှိပါလိမ့် မည်။ ဥပဒေကိုချိုးဖျက်သောသူတို့ကြောက်ရွံ့စေရန် ထိုအရာများလိုအပ်ပါ သော်လည်း ချစ်ခြင်းမေတ္တာနှင့်ပြည့်သောသာသနာပြုတစ်ယောက်သည် ထိုထက် မကဆောင်ရွက်နိုင်ပါသည်။ ဆုံးမခြင်းကိုခံစဉ်၌ နှလုံးသားမာကျောလေ့ရှိ သူများသည် ခရစ်တော်၏ချစ်ခြင်းမေတ္တာတော်အောက်မှာတော့ အရည်ပျော် သွားပါလိမ့်မည်။ (ဃ ၁၈၉.၁)

## သတိရအောက်မေ့ရန်

ကျွန်ုပ်တို့၏လူမှုဆက်ဆံရေးပုံစံမျိုးစုံထဲမှာ အခြားသူတို့၏အတွေ့ အကြုံဖြစ်ရပ်များစွာကို သေမျိုးလူ့အမြင်ဖြင့်သာ မှတ်ကျောက်တင်မြင်တွေ့ တတ်ကြပါသည်။ သို့ဖြစ်၍ ဝမ်းနည်းစရာလူ့သမိုင်းစဉ်များကို စာအုပ်များ အားဖြင့် သတိရစေနိုင်သည်မဟုတ်လော။ ထိုလူ့သမိုင်းဖြစ်ရပ်များကို သိလိုစိတ် ပြင်းသောမျက်လုံးများသည် ကြောက်ရွံ့လျက် ဖတ်ကြည့်ပါသည်။ပတ်ဝန်းကျင် လူမှုဆက်ဆံရေးအခြေအနေများနှင့် ပြင်းထန်စွာတိုက်ပွဲဝင်ခဲ့ရသောမှတ်တမ်း များလည်းရှိပါ၏။ အိမ်တွင်းရေးဘဝနှင့် ပတ်သက်သောမတော်တဆဒုက္ခ

များလည်း ပါဝင်ပါလိမ့်မည်။ ထိုဆင်းရဲဒုက္ခများသည် နေ့စဉ်နှင့်အမျှ ဖိစီးလာသောကြောင့် ရဲရင့်ခြင်း၊ စိတ်ချရခြင်းနှင့်ဘုရားတရားယုံကြည်ခြင်းတို့သည် အားနည်းလာရ၏။ ထိုသို့သောဘဝတိုက်ပွဲကို ထစ်ထစ်ငေါ့ငေါ့ဆင်နွှဲနေရသူတို့အား မေတ္တာပြအကျိုးဆောင်ပေးမှုအနည်းငယ်မျှနှင့် သူတို့တစ်တွေ ခွန်အားနှင့် သတ္တိပြန်ရရှိနိုင်ပါသည်။ ထိုကဲ့သို့ခွန်အားပေးတတ်သောမိတ်ဆွေစစ်တစ်ယောက်ဆုပ်ကိုင်ထားသောလက်သည် ရွှေ၊ ငွေထက်မက တန်ဖိုးရှိပါသည်။ အကြင်နာမေတ္တာစကားများသည် အပြုံးနှင့်ဆီးကြိုနေသောကောင်းကင်တမန်များကဲ့သို့ဖြစ်ပါသည်။ (ဃ၃ ၁၈၉.၂)

လူမြောက်မြားစွာသည် ဆင်းရဲတွင်းနက်လျက် ရုန်းကန်နေကြပါသည်။ အသက်ရှင်ရုံမျှအတွက်နှင့် အနည်းငယ်သောဝင်ငွေရရန် ပင်ပန်းစွာရှာဖွေစားသောက်နေကြရပါသည်။ ပင်ပန်းခြင်းနှင့်စွန့်ပယ်ခြင်းတို့ကိုခံရပြီး ဘဝအတွက် မျှော်လင့်ချက်မရှိခြင်းသည် သူတို့၏ထမ်းပိုးကို ပို၍လေးစေပါ၏။ ဖျားနာခြင်းနှင့်ရောဂါဝေဒနာများပေါင်းစပ်လိုက်ပါက သူတို့၏ထမ်းပိုးသည် မသယ်နိုင်လောက်အောင်သူတို့၌ ဝန်ပိလျက်ရှိပါ၏။ ပင်ပန်း၍ ဖိနှိပ်ခြင်းခံကြရသောကျန်လူများသည် သက်သာမှုကိုမရှာဖွေတတ်ဘဲ ရှိနေပါသည်။ သူတို့ရင်ဆိုင်နေရသောစုံစမ်းနှောင့်ယှက်မှုများ၊ ဝမ်းနည်းကြေကွဲမှုများနှင့် စိတ်ပျက်ခြင်းတို့ကို သူတို့နှင့်အတူ မျှဝေခံစားကြပါ။ ဤကဲ့သို့ကိုယ်ချင်းစာတရားလုပ်ရပ်များကြောင့် သင်သည် သူတို့အား ကူညီမစရန် လမ်းစပွင့်လာပါလိမ့်မည်။ ထိုသူတို့အား ထာဝရဘုရား၏ကတိတော်များကို ပြောပြ ပါ။ သူတို့နှင့်အတူ သူတို့အတွက် ဆုတောင်းပေးကြပါ။ သူတို့၌ မျှော်လင့်ချက်ရောင်ခြည်သန်းလာပါစေ။ (ဃ၃ ၁၈၉.၃)

အသက်ရှင်ရေးအတွက် ပင်ပန်းစွာကြိုးစားရုန်းကန်လှုပ်ရှားရသူတွေများစွာရှိပါ၏။ ချို့တဲ့မှုကြောင့်ခံပြင်းပြီး ယုံကြည်မှုနှင့်ဝေးနေကြပါသည်။ သူတို့အနေနှင့်ကျေးဇူးတရားသိတတ်ဖို့မလိုဟု သဘောထားကြပါသည်။ အကြင်နာစကားများ၊ ကိုယ်ချင်းစာစိတ်နှင့် အကြည့်များ၊ နားလည်မှုပေးသောသဘောထားများသည် တစ်ကိုယ်တည်းရုန်းကန်နေရသူအဖို့ ရေငတ်

နေသူအား သောက်ရေတစ်ခွက်ပေးသည်နှင့်အလားတူပါ၏။ စာနာထောက်ထား သောစကားတစ်ခွန်း၊ အကြင်နာပေးသောလုပ်ရပ်တစ်ချက်တို့သည် ဝန်လေး၍ ပင်ပန်းနေသူအား ဝန်ထုပ်ဝန်ပိုးများပေါ့ပါးသွားစေနိုင်ပါသည်။ ကိုယ်ကျိုး မဖက်သောကြင်နာမှုဖြင့် ပြောဆိုသောစကားအခွန်းတိုင်း (သို့မဟုတ်)ဆောင်ရွက် မှုတိုင်းသည် ပျောက်ဆုံးနေသောလူသားများအတွက် ခရစ်တော်၏မေတ္တာကို ဖော်ပြပေးနိုင်ခြင်းဖြစ်သည်။ (ဃ၄ ၁၈၉.၄)

ကူညီသောလက်များကိုဆန့်တန်းတိုးချဲ့ခြင်း

အပြစ်သည် ဒုစရိုက်ပေါင်းစုံ၌ အကြီးမားဆုံးဖြစ်၏။ သို့ဖြစ်၍ အပြစ်ရှိသူကိုသနားစိတ်ဖြင့် ကူညီခြင်းသည် ကျွန်ုပ်တို့၏အလုပ်ဖြစ်ရမည်။ ဝိညာဉ်ရေးရာဆာငတ်နေသည်ကို ဖုံးဝှက်ထားသူများစွာရှိပါ၏။ ထိုသူတို့ အတွက် စာနာစကားတစ်ခွန်း (သို့မဟုတ်) မေ့မရနိုင်သောအကြင်နာလုပ်ရပ် တစ်ကွက်အားဖြင့် သူတို့ကိုကြီးမားစွာအကူအညီပေးလိမ့်မည်။ မိမိ၌လိုအပ် သည့်အဓိကအချက်ကိုမသိသူတွေများစွာရှိပါ၏။ ထိုသူတို့သည် ကြောက်စရာ အသက်ဝိညာဉ်၏လွင်တီးခေါင်လွင်ပြင်အခြေအနေကို သတိမမူမိကြပါ။ ထောင်သောင်းသိန်းသန်းမကသောလူထုကြီးသည် အပြစ်နွံ၌ နစ်မွန်းနေကြ ပါသဖြင့် နိစ္စထာဝရဆိုင်ရာတကယ့်ဖြစ်ရပ်မှန်များရှိနေသည်ဆိုသောအသိစိတ် သည် ပျောက်ဆုံးသွား၏။ ထာဝရဘုရားရှိကြောင်း၊ ကောင်းမြတ်ကြောင်းကို မသိကြတော့ပါ။ သို့ဖြစ်၍ သူတို့၏အသက်ဝိညာဉ်များကယ်တင်ခြင်းရမည်၊ မရမည်ကို သူတို့သေချာပေါက်မသိကြတော့ပါ။ ထာဝရဘုရားကိုမယုံကြည် နိုင်သလို လူလူချင်း၌လည်း စိတ်ချမှုမထားတော့ပါ။ ထိုကဲ့သို့သောလူများ ဆီသို့ ကိုယ်ကျိုးမဖက်အတ္တကင်းသောအကြင်နာလုပ်ရပ်များဖြင့်သာလျှင် ဆက်သွယ်ရောက်လှမ်းနိုင်ပါသည်။ သူတို့၏ခန္ဓာကိုယ်လိုအပ်မှုများကို ပထမ ဦးစွာဂရုစိုက်ပေးသင့်ပါသည်။ အစာကျွေး၍ ရှင်သန်စေပြီး သင့်တင့်လျောက် ပတ်သောအဝတ်ဖြင့် လုံခြုံစေရပါမည်။ သင်၏အတ္တမဖက်သောမေတ္တာသက်သေ ကိုသူတို့မြင်တွေ့ရသည်နှင့်အမျှ သူတို့သည် ခရစ်တော်၏မေတ္တာကို ယုံကြည် စိတ်ချလာရန် လွယ်ကူစေပါလိမ့်မည်။ (ဃ၄ ၁၉၀.၁)

ဒုစရိုက်ဘဝဖြင့် အသက်ဆက်နေရသောဝိညာဉ်သည် သက်သာရာအကြောင်းရှာမတွေ့ဖြစ်နေပါက ကယ်တင်ရှင်၏မေတ္တာကရုဏာတော်နှင့်ထိတွေ့ပေးပါ။ ထိုသူကိုလက်ဆွဲ၍ထစေပြီး သတ္တိမွေးရန် အားပေးစကားနှင့်အတူ မျှော်လင့်ခြင်းပြပေးပါ။ ကယ်တင်ရှင်၏လက်ကို မြဲစွာကိုင်ဆွဲရန် သူ့ကိုကူညီပါ။ (ဃ ၁၉၀.၂)

## ခရစ်ယာန်တို့၏ဧည့်ဝတ်ကျေပွန်မှုတာဝန်

ဤလောကကြီးထဲ၌ ကျွန်ုပ်တို့လုပ်ကြရမည့်အလုပ်သည် သူတစ်ပါးကောင်းကျိုးဆောင်ရန်၊ သူတစ်ပါးအား ကောင်းချီးပေးရန်နှင့်ဧည့်ဝတ်ကျေပွန်စွာလုပ်ပေးကြရန်ဖြစ်ပါသည်။ မကြာခဏဆိုသလို ကျွန်ုပ်တို့၏လူ့အဖွဲ့အစည်းနှင့်ကျွန်ုပ်တို့၏နေအိမ်မှ အမှန်ဂရုစိုက်ပေးခြင်း၊ အကျိုးပေးခြင်းဖြင့် လူတွေကိုဧည့်ခံပြုစုခြင်း၌ အဆင်မပြေမှုတချို့ကျွန်ုပ်တို့၌ရှိလာပါသည်။ ဤမရှိမဖြစ်သောဝန်ထုပ်ကို တချို့သောသူများရှောင်လွှဲလိုကြ၏။ သို့သော် တစ်စုံတစ်ယောက်ကတော့ သယ်ပိုးလုပ်ဆောင်ရမည်။ ညီအစ်ကိုများသည် ယေဘုယျအားဖြင့် ဧည့်ခံခြင်းအလုပ်ကိုလုပ်ရန် နှစ်သက်ကြသည်မဟုတ်သောကြောင့် ဤခရစ်ယာန်တာဝန်မျိုးကို ညီတူမျှဝေမထမ်းဆောင်နိုင်ကြပါ။ သူတစ်ပါးကိစ္စကို မိမိကိုယ်ပိုင်တာဝန်အမှုကဲ့သို့ ယူအပ်သည်ဟု ကြည်ဖြူသောစိတ်ရှိ သူ၊ လုပ်ပေးလိုသောဆန္ဒရှိသူတချို့ရှိတတ်ပါသည်။ (ဃ ၁၉၁.၁)

"အချို့သောသူတို့သည် ဧည့်သည်ဝတ်ကိုပြုသည်တွင် ကောင်းကင်တမန်တို့ကို အမှတ်တမဲ့ဧည့်ခံကြပြီ။" ဤစကားများ၏အစွမ်းသည် အချိန်တွေကုန်ဆုံးကုန်သည့်တိုင် မပျောက်သွားခဲ့ပါချေ။ ကျွန်ုပ်တို့၏ကောင်းကင်ဘုံရှင်ခမည်းတော်သည် ရုပ်ဖျက်ရောက်လာပြီး ကောင်းချီးပေးနိုင်သည့်အခွင့်အရေးလမ်းကြောင်းပေါ်၌ ကိုယ်တော်၏သားသမီးများအား ဆက်လက်နေရာချပေးနေပါသေးသည်။ ထိုအခွင့်အရေးများကို တိုး၍ယူနိုင်သောသူသည် ကြီးစွာသောဝမ်းမြောက်ခြင်းကိုရကြ၏။ (ChS 191.2)

စမ်းသပ်မှုဖြစ်စဉ်

ဘုရားသခင်သည် ကျွန်ုပ်တို့၏ပုံမှန်ဖြစ်ရပ်များအားဖြင့် ကျွန်ုပ်တို့အား စမ်းသပ်သက်သေပေးနေသည်။ ယင်းသည် နှလုံးသားကဏ္ဍကို ဖွင့်ပေးနေသည့်အနည်းငယ်သောအကြောင်းအရာများဖြစ်၏။ ထို့အပြင် ဘဝအကြောင်းစုံပျော်ရွှင်မှုကိုဖြစ်စေသော ဂရုစိုက်မှုအနည်းအကျဉ်းဖြစ်ရပ်ငယ်အများအပြားနှင့်ဘဝ၏ရိုးသားရည်မွန်ခြင်းလည်းဖြစ်သည်။ ထို့ပြင်လည်း ဘဝအကြောင်းစုံပြိုငြင်စရာများကို ဖွဲ့ဆိုသီကုံးပေးသောသနားခြင်း၊ အားပေးခြင်း၊ ကရုဏာစကားပြောခြင်းများကို ပစ်ပယ်လိုက်ခြင်းဖြစ်သည်။ နောက်ဆုံးမြင်တွေ့ရနိုင်သည်မှာ ကျွန်ုပ်တို့၏ဝန်းကျင်ရှိ လူအများကောင်းကျိုးနှင့်ပျော်ရွှင်မှုအတွက် မိမိကိုယ်ကိုမိမိငြင်းပယ်ပြုစုခြင်းသည် ကောင်းကင်ဘုံရှိ အသက်မှတ်တမ်းတွင် ဝေစုကြီးကြီးပါဝင်ခွင့်ရခြင်းဖြစ်ပါသည်။ (ဃ၃ ၁၉၁.၃)

ဘုရားသခင်၏မစတော်မူခြင်းထဲတွင် မုဆိုးမများ၊ မိဘမဲ့များ၊ မျက်စိမမြင်နားမကြားခြေလက်မသန်မစွမ်းသူများနှင့် အကြောင်းမျိုးစုံဖြင့် ဒုက္ခရောက်နေကြသူများကို ကိုယ်တော့်အသင်းတော်၏ခရစ်ယာန်များဆက်ဆံရေးနှင့်နီးကပ်စွာနေရာချပေးထားသည်။ ဤသို့ပြုသည်မှာ ကိုယ်တော်၏လူများကို သက်သေဖြစ်စေရန်နှင့် သူတို့၏စစ်မှန်သောစရိုက်လက္ခဏာများတိုးတက်လာစေဖို့ဖြစ်သည်။ ထာဝရဘုရား၏ကောင်းကင်တမန်များသည်လည်း ကျွန်ုပ်တို့၏သနားကြင်နာ၊ မေတ္တာနှင့်အတ္တကင်းသောစေတနာဖြင့် ထိုသူများကို ကျွန်ုပ်တို့မည်သို့ဆက်ဆံပြုမူနေသည်ကို စောင့်ကြည့်နေကြပါသည်။ ဤအရာသည် ကျွန်ုပ်တို့၏စရိုက်လက္ခဏာများကို ဘုရားသခင်စမ်းသပ်စစ်ဆေးခြင်းဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ကျမ်းစာအတိုင်းမှန်သောဘာသာရေး၌ရှိလျှင် ခရစ်တော်၏ညီအစ်ကိုများကိုယ်စားပြုစုပေးရန် မေတ္တာတရား၊ အကြင်နာတရားနှင့် အကျိုးဆောင်ခြင်းများသည် ကိုယ်တော်၌ပေးဆပ်ရန် အကြွေးတင်နေသည်ကို ခံစားမိကြလိမ့်မည်။ ကျွန်ုပ်တို့သည် ကျေးဇူးတော်နှင့်မထိုက်မတန်ဘဲ အပြစ်သားအဖြစ်၌ရှိစဉ်တွင်ပင် ကျွန်ုပ်တို့အား

အတိုင်းအဆမဲ့မေတ္တာတော်နှင့်ချစ်တော်မူခဲ့သော သခင်ဘုရားအတွက် ထိုထက် မနည်းသောကျေးဇူးတရားကို ကျွန်ုပ်တို့ပြသနိုင်ကြရမည်။ (ဃ ၁၉၁.၄)

အသုံးချပုံဥပမာတစ်ခု

ထာဝရဘုရား၏ပညတ်တော်အခြေခံအချက်ကြီးနှစ်ခုမှာ ဘုရားသခင်ကိုအကြီးမားဆုံးချစ်ခြင်းနှင့် ကျွန်ုပ်တို့၏နီးစပ်သူများကို ကိုယ်ကျိုးမဖက်ချစ်မြတ်နိုးရခြင်းဖြစ်ပါသည်။ ပညတ်တော်၏ပထမလေးချက်နှင့် နောက်ဆုံးခြောက်ချက်တို့သည် ဤအခြေခံတရားနှစ်ပါးအပေါ်၌တည်၍ ကြီးထွားနေပါသည်။ မည်သူသည် နီးစပ်သောသူဖြစ်မည်ဟု ဆိုသည့်အကြောင်း မေးလာသောကျမ်းတတ်ဖါရိရှဲများကို ခရစ်တော်ရှင်းပြခဲ့ပါသည်။ လူတစ်ယောက်သည် ယေရုရှလင်မှယေရိခေါမြို့သို့ခရီးသွားစဉ် လမ်းပေါ်တွင် သူခိုးဓားပြတို့က ဖမ်းဆီး၍ ဥစ္စာလုယူပြီး လမ်းဘေး၌ သေမတတ်ရိုက်နှက်ပစ်ထားသည့်ဇာတ်လမ်းကို ပုံဥပမာပေး၍ ခရစ်တော်သရုပ်ပြရှင်းပြခဲ့ရာ၌ ယဇ်ပုရောဟိတ်တစ်ယောက်နှင့် လေဝိလူတစ်ယောက်တို့က ထိုသူဒုက္ခရောက်နေသည်ကို မခံစားမိ၍ မျက်နှာလွှဲရှောင်ထွက်ခဲ့ကြ၏။ ထိုနောက် ရှမာရိလူတစ်ယောက်သည် သူစိမ်းတစ်ယောက်အကူအညီမဲ့ဖြစ်နေသည်ကို မြင်လေသော် သူ့အမျိုး၊ သူ့အရပ်သား၊ သူ့ဘာသာတူလူအနွယ်ဖြစ်မည်ကို မတွေးတောဘဲနှင့် ဒုက္ခဝေဒနာခံစားနေရသူကို အကူအညီပေးရန် လိုအပ်သောကြောင့် ကူညီလုပ်ဆောင်ပေးခဲ့၏။ သူသည် ဝေဒနာသည်ကို သက်သာစေပြီး မိမိတိရစ္ဆာန်အပေါ်တွင်တင်၍ တည်းခိုဆောင်တစ်ခု၌ နေရာချထားပေးခဲ့သည်။ လူနာအတွက် လိုအပ်သမျှကုန်ကျစရိတ်ကိုလည်း သူ၏ငွေကြေးဖြင့် အကုန်အကျခံပေးခဲ့သည်။ (ဃ ၁၉၂.၁)

ဤရှမာရိလူသည် ဓားပြတို့လက်ထဲ၌ ဒုက္ခရောက်ရသောသူ၏နီးစပ်သောသူမိတ်ဆွေဖြစ်ကြောင်းကို ခရစ်တော်ပြောခဲ့သည်။ ယဇ်ပုရောဟိတ်နှင့် လေဝိလူသည် စာနာသနားခြင်းဖြင့် အကူအညီလိုနေသူအယောက်စီတိုင်းကို လျစ်လျူရှုလွှဲရှောင်ထွက်သွားတတ်ကြသော ယနေ့အသင်းတော်ရှိ လူတန်းစား

တစ်ခုကိုကိုယ်စားပြုပြောနေသည်။ ထိုလူတန်းစားသည် အသင်းတော်ထဲတွင် အဆင့်ရှိသည်ဆိုသော်ငြားလည်း ပညတ်တော်ချိုးဖေါက်ကြသူများဖြစ်လေ၏။ ရှမာရိလူသည် ခရစ်တော်နှင့်အတူ ကူညီတတ်သူ၊ ခရစ်တော်၏ကောင်းသော အမှုပြုခြင်းကို နည်းယူသူများအဖြစ်ကို ကိုယ်စားပြုနေပါသည်။ (ဃ ၁၉၂.၂)

အကြောင်းမလှသူများ၊ မျက်စိမမြင်၊ နားမကြား၊ ကိုယ်ဆွံ့အသူ များ၊ ဝေဒနာခံစားနေရသူများ၊ မုဆိုးမများ၊ မိဘမဲ့များနှင့် ဆင်းရဲသူများကို ညှာတာသနားတတ်သူတို့သည်ပညတ်တော်ကိုစောင့်သူများဖြစ်၍ ထာဝရ အသက်ကိုရလိမ့်မည်ဟု ခရစ်တော်မိန့်တော်မူခဲ့သည်။ စေတနာသဒ္ဒါတရားဖြင့် ပြုသောအမှုများနှင့် အကြောင်းမလှသူများ၊ မျက်စိမမြင်နားမကြားကိုယ်ဆွံ့ အသူများ၊ အနာရောဂါရသူများ၊ မုဆိုးမနှင့်မိဘမဲ့များတို့ကို ခရစ်တော်ကို ပြုစုသကဲ့သို့ အမြင်ကြည်လင်စွာဖြင့် ပြုစုလုပ်ဆောင်ခြင်းများသည် ကောင်းကင် ဘုံမှတ်တမ်းထဲတွင် ရေးသွင်းထားသည်ဖြစ်၍ အကျိုးကိုရလိမ့်မည်။ အခြား နည်းဆိုရလျှင် ဤမှတ်တမ်းစာသည် အကြောင်းမလှဒုက္ခရောက်သူကို လွှဲရှောင်ထွက်သွားသောယဇ်ပုရောဟိတ်နှင့် လေဝိလိုလူစားမျိုး၊ အကြောင်း မသင့်၍ ကျဆင်းဒုက္ခရောက်သူများထံမှ အကျိုးအမြတ်ရယူသူလူစားမျိုး၊ ကိုယ်ကျိုးရဖို့ကိုယ့်အတွက်သာကြည့်၍ အခြားသူများဝေဒနာတိုးစေသော လူစားမျိုးတို့ကို ရေးသွင်းသည့်စာရင်းနှင့် ဆန့်ကျင်ဘက်စာမျက်နှာ၌ရှိလိမ့် မည်။ ဘုရားသခင်သည် မတရားစွာပြုသောအမှုတိုင်းနှင့် ကျွန်ုပ်တို့အထဲရှိ ဒုက္ခရောက်နေသူများကိုပစ်ပယ်၍ အလေးမထားဂရုမစိုက်နေသူတိုင်းကို စိုက်သည့်အတိုင်း ပြန်ပေးဆပ်စေလိမ့်မည်။ ခရစ်တော်၏အမှုတော်ကို ပြီးစီးအောင်လုပ်ခဲ့ကြသူအယောက်တိုင်းသည် နောက်ဆုံး၌ အကျိုးကိုရမည် မှာသေချာပါ၏။ (ဃ ၁၉၂.၃)

—o—

# အခန်း (၁၈)
# ခရစ်ယာန်ဝတ်ပြုခြင်းကိုထောက်ကူသော စခန်းသွင်းစည်းဝေးပွဲများ

## အရေးပါမှု

စခန်းသွင်းအစည်းအဝေးသည် အမှုတော်မြတ်ထဲ၌ အရေးပါဆုံးသော ကိုယ်စားပြုလုပ်ငန်းတစ်ခုဖြစ်သည်။ လူတို့၏စိတ်ပါဝင်စားမှုကို ဆွဲယူနိုင်သော၊ အထိရောက်ဆုံးသောနည်းစနစ်တစ်ခုလည်းဖြစ်သည်။ (ဃ၃ ၁၉၃.၁)

ကျွန်ုပ်တို့အမှုဆောင်ရာ၌ လောကအရာများနှင့် အစွဲအလမ်းများ ဆီးတားနေမှုတို့ကို ဘယ်လိုထိုးဖေါက်ဖြတ်ကျော်ရမည်မသိဘဲ စိတ်ရှုပ်ခဲ့ကြရပါသည်။ လူတွေအတွက် အကျိုးများစေမည့်သမ္မာတရားစစ်စစ်ကို ချခင်းပေးရန်လည်း မည်သို့ပြုရမည်မသိ၍ ဦးနှောက်ခြောက်ခဲ့ရပါသည်။ ထာဝရဘုရားက ကျွန်ုပ်တို့အား လမ်းညွှန်ပြသပေးခဲ့သည်မှာ စခန်းသွင်းအစည်းအဝေးသည် အမှုတော်မြတ်ပြီးစီးစေဖို့ အရေးကြီးဆုံးဖြစ်သောတန်ဆာပလာတစ်ခုဖြစ်ကြောင်းပင်တည်း။ (ဃ၃ ၁၉၃.၂)

## ရည်ရွယ်ချက်

အတူတကွစည်းဝေးခြင်း၏ရည်ရွယ်ချက်ကား အဘယ်သို့နည်း။ ဤသည်မှာ ကျွန်ုပ်တို့၏ဆုတောင်းခြင်း၌ ဘုရားသခင်ကိုပြောဆိုတင်ပြသော အရာစကားများအားလုံးသည် ကိုယ်တော်အား အသိပေးခြင်း၊ လမ်းပြပေးခြင်းမျိုးဖြစ်နေပါသလား။ ကျွန်ုပ်တို့အတူတကွစည်းဝေးရခြင်းသည် ကျွန်ုပ်တို့၏အတွေးအခေါ်နှင့် ခံစားရရှိခြင်းများအားဖြင့် တစ်ဦးနှင့်တစ်ဦးတည်ဆောက်မှုရှိစေဖို့ဖြစ်သည်။ တစ်ယောက်အပေါ်တစ်ယောက် မျှော်လင့်ခြင်းများနှင့် နိုးဆော်ခြင်းများအားဖြင့် ရင်းနှီးမှုရလာစေရန်သော်လည်းကောင်း၊ ယုံကြည်ခြင်း၌အမြစ်တည်၍ အလွန်စိတ်အားထက်သန်စွာဖြင့် စိတ်နှလုံးပါလျက် ဆုတောင်းခြင်းအားဖြင့် ကျွန်ုပ်တို့၌ ခွန်အား၊ အလင်းနှင့်သတ္တိတို့ကို ရရှိလာ

စေရန်သော်လည်းကောင်း၊ ကျွန်ုပ်တို့၏စွမ်းရည်အရင်းအမြစ်များမှသည် လန်းဆန်းမှုနှင့်အားမာန်ကို ခံစားရယူရန်ဖြစ်သည်။ (ဃ ၁၉၃.၃)

စခန်းသွင်းစည်းဝေးပွဲများ၌ အခြားသောရည်ရွယ်ချက်ရှိပါသေးသည်။ မိမိလူတို့အထဲ၌ ဝိညာဉ်ရေးရာဘဝကို တိုးမြှင့်ပေးရန်ဖြစ်သည်။ အမြတ်ဆုံးသောအမှုတော်တစ်ခုကို ကျွန်ုပ်တို့လက်ထဲသို့ ဘုရားသခင်အပ်နှံပေးခဲ့ပါပြီ။ ထို့ကြောင့် ဤအမှုတော်ကို လုပ်ဆောင်ရန် ကျွန်ုပ်တို့၌ အံ့ဝင်ခွင်ကျဖြစ်လာစေဖို့ လမ်းညွှန်ခြင်းများခံယူသွားနိုင်ရန် ကျွန်ုပ်တို့အတူတကွတွေ့ဆုံစည်းဝေးကြရမည်။ ဘုရားသခင်၏သန့်ရှင်းသောပညတ်တော်သည် ကဲ့ရဲ့ပြစ်တင်ခြင်းနှင့်ကင်း၍ "ဤလောက၏အပြစ်ကိုဆောင်ယူသွားသောဘုရားသခင်၏သိုးသငယ်" (ယော ၁း၂၉) ဟူ၍ ကယ်တင်သောအရှင်ကို ချီးမြှောက်မြှင့်တင်ရာ၌ မြေကြီးပေါ်တွင် ဘုရားသခင်၏အကြောင်းအရာများကို တည်ဆောက်မိစေရန် ကျွန်ုပ်တို့ကိုယ်စီကိုယ်ငမည်သို့ခေါ်ယူတော်မူခြင်းခံရကြောင်းကို ကျွန်ုပ်တို့တစ်တွေနားလည်ထားဖို့လိုအပ်မည်။ ကျွန်ုပ်တို့အတူတကွဆုံတွေ့စည်းဝေးဖို့ လိုအပ်လှ၏။ ဘုရားသခင်ထံမှ ထိတွေ့ခြင်းကိုခံယူကြရမည်။ သို့မှသာ ကိုယ့်အိမ်ရောက်၍ လုပ်ဆောင်ဖွယ်ရာများကို ကျွန်ုပ်တို့သိရှိနားလည်ကြပေမည်။ (ဃ ၁၉၄.၄)

မှန်မှန်ကန်ကန်လမ်းပြမှုခံယူသွားလျှင် စခန်းသွင်းအစည်းအဝေးသည် သင်းအုပ်များ၊ သင်းထောက်လူကြီးများ၊ သင်းထောက်ခေါင်းဆောင်များအတွက် သူတို့၏မဟာပညာဘွဲ့ကို ပို၍စုံစုံလင်လင်ပြုစုလေ့လာသွားနိုင်သောစာသင်ကျောင်းတစ်ကျောင်းဖြစ်ပါသည်။ အသင်းတော်ထဲမှ လူကြီးလူငယ်၊ အသင်းသား၊ အသင်းသူများအားလုံးသည် သခင်ဘုရား၏လမ်းခရီးအကြောင်းကို ပိုမိုပြည့်စုံစွာလေ့လာသွားနိုင်ရန် အခွင့်အလမ်းဖွင့်ပေးထားသောစာသင်ကျောင်းတစ်ကျောင်းကဲ့သို့လည်းဖြစ်ရမည်။ ယုံကြည်သူများအားလုံးအတွက်လည်း အခြားသူများအား အကူအညီပေးဖို့ သူတို့ကိုအထောက်အကူပြုပေးသောပညာရေးတစ်ရပ်ကို လက်ခံသင်ယူရရှိနိုင်သည့်နေရာလည်းဖြစ်ပါ၏။(ဃ ၁၉၅.၁)

လွန်ခဲ့သောနှစ်များ၌ ကျွန်ုပ်တို့ပြုလုပ်ခဲ့ကြသောစခန်းသွင်းအစည်းအဝေးများ၏ဆက်စပ်မှုအရ ဘုရားသခင့်အစေခံများစွာသည် မိမိလူတို့ကို သူတို့၏မိတ်ဆွေအပေါင်းအသင်းရင်းနှီးသူများစွာတို့အား တတိယကောင်းကင်တမန်၏ကယ်တင်ခြင်းသမ္မာတရားသတင်းစကားများလက်တွေ့နည်းကျပြောပြတတ်အောင် နည်းပြသွန်သင်ပေးနိုင်ခဲ့သည့်အတွက် အဖိုးမဖြတ်နိုင်သည့်အခွင့်အရေးများတိုးတက်ရရှိခဲ့ကြပါသည်။ ထိုသူတို့အား သူတို့ရပ်ကွက်နေအိမ်ဝန်းကျင်မှာ ကိုယ်ထူကိုယ်ထမည်သို့သာသနာပြုတတ်လာစေရန် သွန်သင်ပေးနိုင်ခဲ့ပါသည်။ စခန်းသွင်းစည်းဝေးပွဲများမှ အိမ်ပြန်ရောက်သွားကြတဲ့သူတို့များစွာသည်လည်း ယခုချိန်ထိတိုင် စိတ်အားကြီးစွာထက်မြက်စွာဖြင့် လုပ်နေကြပါသေးသည်။ စခန်းသွင်းဝင်ပြီးခဲ့ကြသောအသင်းသူ၊ အသင်းသားများကို လွန်ပြီးသောနှစ်များ၌ ပုံမှန်သွန်သင်ပေးနိုင်ခဲ့သည်ထက် ယခုလည်း ပို၍သာလက်တွေ့ပြုစုလမ်းညွှန်သွန်သင်ပေးသွားနိုင်ကြမည်ဆိုလျှင် ဘုရားသခင်ကို ဝမ်းမြောက်စေပါလိမ့်မည်။ ကျွန်ုပ်တို့၏လုပ်ဖော်ကိုင်ဖက်များ၊ ညီအစ်ကိုများနှင့်မောင်နှမများသည် ညီလာခံတက်ရောက်ပြီးတိုင်း၌ ဤသို့နှစ်စဉ်အစည်းအဝေးပြုလုပ်ရသည့်ရည်ရွယ်ချက်တစ်ရပ်ကို ရင်ဝယ်ပိုက်ထားမိကြရပါမည်။ မိမိတို့ကိုယ်တိုင်က မစ်ရှင်အမှုပြုတတ်ကြဖို့ လက်တွေ့နည်းစနစ်တစ်ရပ်ကို အပိုင်ရလိုက်သည်ဟူ၍ မှတ်သားကြရမည်။ (ဃ ၁၉၅.၂)

အချို့သောညီလာခံအစည်းအဝေးများ၌ ဤလက်တွေ့နည်းစနစ်များ ကို လမ်းညွှန်သွန်သင်ပေးရန် ညီလာခံခေါင်းဆောင်များက တွန့်ဆုတ်နေခဲ့ကြသည်။ အချို့ခေါင်းဆောင်များသည် လက်တွေ့သွန်သင်ပေးဖို့ထက် တရား ဟောဒေသနာမျိုးကဲ့သို့ ပြုကုန်ကြသည်။ သို့ဖြစ်၍ နှစ်စဉ်စခန်းသွင်းအစည်း အဝေးပုံမှန်ကျင်းပသွားကြလေတိုင်း၊ ယုံကြည်သူများအားလုံးကို သူတို့ နေရပ်ဒေသ၌ လက်တွေ့မစ်ရှင်အမှုတော်ကို သူတို့ပြုတတ်ကြဖို့ သွန်သင် ပေးအပ်လိုက်ရမည်ဖြစ်သော ဤအခွင့်အရေးကြီးကို ကျွန်ုပ်တို့မျက်ခြည်မပြတ် သတိချပ်လုပ်သွားကြရမည်။ (ဃ ၁၉၅.၃)

မစ်ရှင်နည်းစနစ်လက်တွေ့သရုပ်ဖော်ရှင်းလင်းခြင်း

စခန်းသွင်းအစည်းအဝေး၌ စိတ်ပါဝင်စားစွာဖြင့် တက်ရောက်ခဲ့သူတိုင်းသည် မိမိတို့နေထိုင်ရာဒေသ၏အသင်းတော်သို့ ပြန်ရောက်သွားသောအခါ ဘယ်လိုအောင်မြင်စွာအမှုတော်ဆောင်ရွက်ကြရမည့်အကြောင်း သင်ယူသွားနိုင်ကြ၏။ (ဃ ၁၉၅.၄)

စခန်းသွင်းအစည်းအဝေးတချို့၌ အစည်းအဝေးလာသူများအထဲ စိတ်အားကြီးသူများကို စုစည်းပြီး မြို့တွင်းမြို့ပြင်အနှံ့အရောက်သွား၍ အသင်းတော်ဝေစာများကမ်းခဲ့ကြရာ လူတွေကိုဝတ်ပြုအစည်းအဝေးတက်ဖို့ ဖိတ်ခေါ်နိုင်ခဲ့ကြသည်။ ဤသို့ဖြင့် လူရာဂဏန်းများစွာသည် ယခင်ပြီးခဲ့သောကာလ၌ဝတ်ပြုပွဲများသို့ ပုံမှန်တက်ရောက်လာကြသောကြောင့် ကယ်တင်ခြင်းရခဲ့ကြသည်။ ဒါကိုရေးရေးလေးသာလူတွေတွေးမိတတ်ကြ၏။ (ဃ ၁၉၅.၅)

ကျွန်ုပ်တို့သည် စခန်းသွင်းအစည်းအဝေးကို သွားတက်ဖို့သက်သက်ဆိုသည်ထက် ဝင်ပါလုပ်ပေးဖို့ လိုပါသည်။ ခရစ်တော်၏ကယ်လွှတ်ခြင်းမေတ္တာတရားကို ပါဝင်ဆင်နွှဲကြသောသူတစ်ဦးချင်းစီတိုင်း၌သော်လည်းကောင်း၊ ဝိညာဉ်တော်အလင်းပေး၍ သစ္စာတရားဆီသို့ ပြောင်းလဲရောက်ရှိလာကြသူတစ်ယောက်ချင်းစီတိုင်း၌သော်လည်းကောင်း ဤအဖိုးတန်ကောင်းချီးမင်္ဂလာများသည် ဘုရားသခင်နှင့်ဆက်မိသူ ဝိညာဉ်သားတိုင်းအပေါ်သို့ ကိုယ်တော်၏ကျေးဇူးတော်အကြွေးတင်လျက်ရှိကြောင်း ခံစားမိကြလိမ့်မည်။ ထိုအထဲမှအသင်းတော်၌ စိတ်နှလုံးနိမ့်ချသောသူများကို ဘိသိက်ခံဆရာများမရောက်နိုင်သည့်ဝိညာဉ်များထံသို့ရောက်စေရန် သခင်ဘုရားအသုံးချတော်မူလိမ့်မည်။ သူတို့သည် ခရစ်တော်၏ကယ်တင်ခြင်းကျေးဇူးတရားကိုရ၍ စကားအားဖြင့်ထုတ်ပြောလာနိုင်ကြလိမ့်မည်။ (ဃ ၁၉၆.၁)

သခင်ဘုရား၏ကယ်လွှတ်တော်မူခြင်းအစီအမံနောက်သို့ လိုက်နေကြသောကျွန်ုပ်တို့သည် "ဘုရားသခင်နှင့်အတူ လုပ်ဆောင်သူများ" ဖြစ်ကြသည်။ ကျွန်ုပ်တို့သည် အလုပ်လုပ်သည့်အဆင့်၌ရှိနေသူဖြစ်နေပါစေ၊ ညီလာခံသဘာပတိသင်းအုပ်များ၊ ဆရာများ၊ ကျောင်းသားများ (သို့တည်းမဟုတ်)

သာမန်အသင်းသားများဖြစ်နေပါစေ၊ သမ္မာတရားသိလိုသောသူများအား ဖွင့်ပြပေးရန် ကျွန်ုပ်တို့သည် အခွင့်အရေးရယူလုပ်ဆောင်တတ်ဖို့ သခင်ဘုရားတာဝန်ပေးထားကြောင်းကို ကျွန်ုပ်တို့မှတ်သားကြရမည်။ အခြေခံလုပ်ဆောင်မှုတစ်ခုအနေဖြင့် ကျွန်ုပ်တို့အား ဘုရားသခင်အပ်နှင်းထားသည့်အရာသည် ပုံနှိပ်ဝေစာများဖြစ်၏။ ကျွန်ုပ်တို့၏ကျောင်းနှင့်ဆေးကုခန်းတွေဆီမှာ နေအိမ်အသင်းများ၊ အထူးသဖြင့် ကျွန်ုပ်တို့၏နှစ်ပတ်လည်စခန်းသွင်းအစည်းအဝေးပွဲများတွင် ဤအဖိုးတန်ပုံနှိပ်ဝေစာများကို ကောင်းစွာအသုံးချတတ်ဖို့ လေ့လာသွားကြရမည်။ စိတ်ရှည်ရှည်ထား၍ ကြိုးစားစိတ်ရှိကြသောဝါရင့်လုပ်ဆောင်သူများသည် မိမိတို့၏လူများကို မယုံကြည်သူများထံ မည်သို့ကြင်ကြင်နာနာနှင့်မြော်မြင်စွာချဉ်းကပ်ပြီး ဝေစာများကို ထိုသူတို့လက်ထဲသို့ပေးကမ်း၍ ရှင်းပြကာ တန်ဖိုးရှိသော ဤယနေ့ခေတ်သမ္မာတရား၏သတင်းစကားကို မည်သို့ပြောပြပေးရန် ဆိုသည်ကိုလည်း လမ်းညွှန်သွန်သင်ပေးကြရမည်။ (ဃ ၁၉၆.၂)

စခန်းသွင်းအစည်းအဝေးများ၌ လမ်းပြနာယူမှုသည် လူတို့လုပ်သောပရိယာယ်ဟူ၍ မဖြစ်စေရဘဲ ခရစ်တော်အမှုဆောင်သောအမှုအရာနောက်သို့လိုက်ပါလုပ်ဆောင်ရမည်။ အသင်းသူ/အသင်းသားများသည် လုပ်တတ်သူများဖြစ်ကုန်ကြရမည်။ (ဃ ၁၉၆.၃)

## နောက်ဆုံးနေ့၏စခန်းသွင်းစည်းဝေးပွဲအထူးအစီအစဉ်

ကျွန်ုပ်တို့၏စခန်းသွင်းအစည်းအဝေးများသည် အကျိုးများ၍ အောင်မြင်ခြင်း၊ တိုးပွားခြင်းရှိနေစေရမည်ဟူ၍ ကျွန်ုပ်တို့အား ဖော်ပြပေးခဲ့ ပါသည်။ ကျွန်ုပ်တို့သည် နောက်ဆုံးသောနေ့သို့ ပို၍ပို၍ နီးကပ်စွာရောက်သွားလေတိုင်း၊ ဤစည်းဝေးပွဲများ၌ တရားဟောပြောခြင်းနည်းလာပြီး ပို၍ပို၍သမ္မာကျမ်းစာလေ့လာခြင်းရှိလာလိမ့်မည်ကို အကျွန်ုပ်မြင်ပါသည်။ မြေကြီးတစ်ပြင်လုံးပေါ်မှာ ကျမ်းစာအုပ်ကိုင်ထားကြသူများအုပ်စုသည် အနည်းငယ်သာရှိပါလိမ့်မည်။ သီးခြားလူအယောက်စီတိုင်းသည် နှုတ်ကပတ်တရားကိုလွတ်လပ်စွာလေ့လာဟောပြောဦးဆောင်သွားနေကြလိမ့်မည်ဖြစ်သတည်း။

## နောက်ကျကျန်ရစ်သူများ၌စိုးရိမ်ရသောဆုံးရှုံးမှု

ကျွန်ုပ်တို့၏စခန်းသွင်းစည်းဝေးပွဲများကို တန်ဖိုးကြီးပေး၍ စီစဉ်ကျင်းပခဲ့ရပါသည်။ ဤကဲ့သို့ကျယ်ပြန့်သောစည်းဝေးပွဲများတွင် သနားစဖွယ်ကျဆုံးအပြစ်သားများအတွက် အသေခံရွေးနုတ်ပေးတော်မူခဲ့သောကယ်တင်ရှင်၏မေတ္တာကရုဏာသတင်းစကားအကြောင်းကို အထူးပြုပိုလွန်ကဲပြောဆိုခြင်းအားဖြင့် ခေတ်မစားသောကျမ်းစာစကားရှေ့နေသင်းအုပ်ကြီးတွေ ရှိနေတတ်ပါသည်။ ယင်းသတင်းစကားမျိုးပြောလာသည်ကို ဥပေက္ခာပြု၍ ဘေးဖယ်ထားရန်မှာ ထာဝရဘုရား၏ကရုဏာတော်နှင့်ကိုယ်တော်၏စကားသံတော်အားဖြင့် သတိပေးခြင်း၊ အသနားခံခြင်းကို အနည်းငယ်လျော့ပေါ့ထားရန် သာရှိ၏။ သူတို့ကိုပြောပြရမည်။ ဤကဲ့သို့သောအစည်းဝေးများကို သင်တို့မတက်ရောက်ခဲ့ခြင်းကြောင့် သင်တို့၏ဝိညာဉ်ရေးရာတိုက်ပွဲသည် အလွန်အန္တရာယ်ရှိနေပါပြီ။ သင်တို့အနေဖြင့် ဘုရားသခင်အကြောင်း ဒေသနာစကားများကို နားထောင်နာယူခဲ့ကြပြီးလည်း ယုံကြည်သူများ၏သမ္မာတရားနှင့်အတူရောနှောမွှေနှောက်ပစ်ခဲ့ကြသောကြောင့် သင်တို့ရဲ့ခွန်အားများလွဲချော်နေခဲ့ရခြင်းဖြစ်ပါသည်။ (ဃ၃ ၁၉၇.၁)

ယေရှု၏ကိုယ်စားလှယ်တော်များအဖြစ် ရပ်တည်သောမိသားစုတစ်စုအနေဖြင့် မယုံကြည်သူများ၏ရပ်ကွက်အထဲမှာ ဘုရားပညတ်တော်ကိုစောင့်ရှောက်နေခြင်းသည် ငယ်သောအမှုမဟုတ်ပါချေ။ ကျွန်ုပ်တို့သည် အသက်ရှင်သောဩဝါဒစာစောင်များဖြစ်နေဖို့လိုသလို အခြားလူတိုင်းအားလည်း သိမှတ်ဖတ်ရှုပေးစေနိုင်ရမည်။ ဤအခြေအနေတွင် အကြီးအကျယ်တာဝန်ရှိမှုနှင့် ပတ်သက်ရမည်။ အလင်းအောက်၌ အသက်ရှင်နေထိုင်ကြမည်ဆိုလျှင် အလင်းအိမ်ထဲမှ သင်ထွက်လာသည်ဖြစ်ရမည်။ သင်သည် သမ္မာတရားကိုချစ်သောသူများ၏နှစ်စဉ်ပြုသောအစည်းအဝေးကို သင့်မိသားစုနှင့်အတူ

တက်ရောက်ရမည်ဟူ၍ လေးနက်သောတာဝန်အဖြစ်ခံယူပါလျှင် သင်သည် မည်သည့်စွန့်လွှတ်မှုမျိုးကိုမဆို စွန့်ပစ်နိုင်ရမည်။ သင့်ကိုခွန်အားနှင့်ပြည့်စေသကဲ့သို့ အခြားသူများအဖို့လည်း စုံစမ်းမှုနှင့်တာဝန်ကို နာခံယူစေရမည်။ ယုံကြည်ခြင်းနှင့်ဆက်ဆံဖက်စပ်ခွင့်ရကြသောထိုသူတို့၌ အထူးအခွင့်အလမ်းတစ်ရပ်ပျောက်ဆုံးသွားစေမည်ဆိုလျှင် မကောင်းပါ။ အဘယ်ကြောင့်ဆိုသော် သူတို့၏စိတ်အတွင်း၌ သမ္မာတရားအရေးပါမှုပျောက်ဆုံးလျှင် ထိုသူတို့၏ နှလုံးသည် ဉာဏ်ပညာအလင်းကွယ်ပြီး စင်ကြယ်ခြင်းအရိပ်လည်း မှေးမှိန်လေ၏။ ထိုအခါ သူတို့သည် ဝိညာဉ်ရေးရာဆုံးရှုံးကြ၏။ အသက်ရှင်သော ဒေသနာအားဖြင့် နှုတ်ကပတ်စကားများသည်လည်း သူတို့၌ခွန်အားဖြစ်မလာတော့ပါ။ လောကအတွေးများနှင့်လောကစီးပွားရေးလုပ်ငန်းများသည် သူတို့စိတ်ထဲမှာ အမြဲတစေစိုးမိုးကြစည်ရှိနေလျှင် သူတို့ဘဝ၌ ဝိညာဉ်အကြောင်းအရာများကို စွန့်ပစ်ပေတော့မည်။ (ဃ ၁၉၇.၂)

နှစ်စဉ်ပြုသောအစည်းအဝေးပွဲသို့ အသင်းသူ/အသင်းသားတိုင်းသည် ဖြစ်နိုင်လျှင် အားလုံးတက်ရောက်ပါဝင်ကြပါစို့။ ဘုရားသခင်သည် သူတို့ ကို ဤသို့ပြုရန် အလိုတော်ရှိသည်ဟု ခံယူကြပါစေ။ အကယ်၍ သူတို့သည် ဘုရားသခင်၏ကျေးဇူးတော်တန်ခိုးအောက်၌ရှိ၍ ကိုယ်တော်နှင့်အတူ ခွန်အားကောင်းမွန်လာစေရန် ပေးကမ်းတော်မူသည့် ဤအခွင့်အရေးကို သူတို့မရယူကြပါလျှင် သူတို့၌ အားနည်းသည်ထက် အားနည်းလာသည်နှင့်အမျှ သူတို့၏ဘဝအလုံးစုံကို ဘုရားသခင်ထံ ဆက်ကပ်အပ်နှံလိုခြင်းဆန္ဒသည်လည်း လျော့နည်းသည်ထက် လျော့နည်း၍လာပေလိမ့်မည်။ (ဃ ၁၉၇.၃)

ညီအစ်ကိုတော်များ၊ ညီအစ်မများတို့ ဤစုံညီစည်းဝေးမှုအထွတ်အမြတ်ပွဲသဘင်ဆီသို့ သခင်ယေရှုကိုတွေ့ရန် လာခဲ့ကြပါ။ ကိုယ်တော်သည် မျက်မှောက်ရောက်လာလိမ့်မည်။ သင်ပြုဖို့အလိုအပ်ဆုံးအရာကို ကိုယ်တော် ပြုစုပေးလိမ့်မည်။ သင့်လယ်ကွင်းဥစ္စာသည် သင့်ဝိညာဉ်အကျိုးမြင့်တက်လာဖို့ထက် သာ၍အဖိုးထိုက်တန်သည်ဟု မတွေးသင့်ပါ။ သင်ပိုင်ဆိုင်နေသော ရတနာများအားလုံးသည်လည်း အစဉ်အဖိုးတန်လျက်ရှိသည်ဖြစ်နေပါစေ၊

သင့်အဖို့လိုအပ်သောငြိမ်သက်ခြင်းနှင့်မျှော်လင့်ခြင်းဆိုသောထာဝရဥစ္စာကို ဝယ်ယူရန် ငွေမလုံမလောက်ဖြစ်လိမ့်မည်။ ထိုအရာအတွက် သင်ပိုင်ဆိုင်ရာ ပစ္စည်းအကုန်လုံးနှင့်အတူ သင့်သက်တမ်းအဆုံးထိတိုင် ဒုက္ခခံစားလုပ်ကိုင် ရသမျှအလုံးစုံကိုပုံချပေးအပ်လိုက်ရမည်။ ခွန်အားကောင်းစေ၍ ရှင်းရှင်းမြင် ရနိုင်သော ထာဝရအရာတစ်ခုနှင့် ခရစ်တော်၌အဆုံးစွန်စိတ်ရောက်လျက်ရှိသော နှလုံးသားတစ်ခုတို့သည် ဤလောက၌ရှိသောကြွယ်ဝမှု၊ ပျော်ရွှင်စေမှု၊ ကျော်ကြား မှုများအားလုံးထက်သာ၍ အဖိုးထိုက်တန်လှသောကောင်း ချီးမင်္ဂလာဖြစ်ပေသည်။(ဃ ၁၉၈.၁)

—၀—

# အခန်း (၁၉)
# ပြည်တွင်းပြည်ပသာသနာနယ်မြေ

## ပြည်ပသာသနာကဲ့သို့အရေးကြီးသောတန်းတူလုပ်ကွက်တစ်ခု

နိုးလော့၊ နိုးလော့၊ ညီအစ်ကို၊ ညီအစ်မတို့ တစ်ခါမျှမဝင်ရသေးသော အမေရိကန်ပြည်တွင်းရှိ သာသနာကွင်းများဆီသို့ ဝင်ကြပါစို့။ ပြည်ပသာသနာကွင်းများဆီသို့ တစ်စုံတစ်ရာကို သင်ပေးလှူပြီးခဲ့သည်နောက် သင့်တာဝန်ကျေလှပြီဟု မထင်လိုက်ပါလေနှင့်။ ပြည်ပသာသနာကွင်း၌လုပ်ကွက်ရှိပါသည်။ သို့သော် ထိုကဲ့သို့ပင် အရေးကြီးသောအမေရိကပြည်တွင်း၌လည်း လုပ်ဆောင်စရာရှိသေး၏။ အမေရိကန်ပြည်နယ်တစ်လွှားမြို့များ၌ ဘာသာစကားမျိုးစုံကိုပြောဆိုနေသည့် တိုင်းတစ်ပါးသားလူမျိုးများစွာနေထိုင်ကြသည်။ ဤသူတို့သည် အသင်းတော်၌ ကိုယ်တော်ပေးထားပြီးသည့် အလင်းရောင်ကို လိုအပ်နေကြပါသည်။ (ဃ ၁၉၉.၁)

ဝေးသောတိုင်းပြည်များ၌ နေထိုင်နေကြသောလူမျိုးအသီးသီးတို့ထံ သတင်းစကားရောက်စေရန် စီမံလုပ်ကိုင်နေသည့်အချိန်၌ပင် ကျွန်ုပ်တို့၏ ကမ်းခြေဒေသများသို့ ဝင်ရောက်လာကြသည့် တိုင်းတစ်ပါးသားများအတွက်လည်း များစွာလုပ်စရာရှိလာပါသည်။ တရုတ်တိုင်းပြည်၌ရှိသောဝိညာဉ်များသည် ကျွန်ုပ်တို့၏တံခါးဝအရိပ်အောက်ရောက်နေသည့်ဝိညာဉ်ထက်သာ၍ အရေးကြီးလှသည်မဟုတ်ပါ။ ဘုရားသခင်၏လူများသည် ဝေးသောတိုင်းပြည်များ၌ ကိုယ်တော်ပေးသောလမ်းမကြီးသည် ပွင့်နေပါလျှင် သစ္စာရှိစွာအမှုဆောင်ကြရမည်။ ထို့အတူ ဒေသချင်းကပ်လျက်ရှိသောမြို့ရွာဒေသအရပ်များ၌ နေထိုင်လျက်ရှိကြသောလူမျိုးပေါင်းစုံနိုင်ငံခြားသားများဆီ၌လည်း အမှုတော်ဆောင်ရန်တာဝန်ရှိပါသည်။ (ဃ ၁၉၉.၂)

နယူးယောက်မြို့၊ ချီကာဂိုမြို့၊ အခြားလူနေထူထပ်သည့်မြို့များ၌ နိုင်ငံခြားသားများအနေများသောကြောင့် လူမျိုးပေါင်းစုံသည်အစုအဝေးနှင့်

ရှိနေကြသည်။ ထိုသူများအား လက်တွေ့ထိထိရောက်ရောက်သတိပေးသတင်းစကားမရောက်သေးပါ။ သတ္တမနေ့မြော်လင့်ခြင်းအသင်းသည် စိတ်အားကြီးလျက် အလုပ်လုပ်နေပါသည်။ ပြည်ပနိုင်ငံများ၌ အမှုဆောင်ရန် နေရာများများမရှိတော့ဟူ၍ ကျွန်ုပ်ပြောနေသည်မဟုတ်ပါ။ ရပ်နီးမြို့များ၌လည်း အချိုးညီစွာဖြင့် စိတ်ပါလျက် အမှုဆောင်ကြပါလျှင် ဘုရားသခင်ကို ကြည်နူးဝမ်းမြောက်စေလိမ့်မည်ဖြစ်ပါသည်။ ကိုယ်တော့်လူများသည် အာရုံခံမိဖို့လို ၏။ ဤမြို့တွေမှာ ဝင်ရောက်အမှုတော်ဆောင်ရန် အပြင်းအထန်အလေးအနက်ထား၍ သူတို့ဆုံးဖြတ်ချက်ချဖို့လိုသည်။ အမှုဆောင်ရန် ဆက်ကပ်ပြီးသောပါရမီရှိသူများကို ထိုမြို့များသို့စေလွှတ်၍ အမှုတော်ဆောင်စေရမည်။ လုပ်ဆောင်သူလူတန်းစားများစွာသည် ထိုတိုင်းတစ်ပါးသားများအား သတိပေးသတင်းစကားကြားပြောရာ၌ ကြိုးစား၍လမ်းပြခံယူရာတွင် ညီညွတ်မှုရှိကြရမည်။ (ဃ ၁၉၉.၃)

## ကောင်းကင်ဘုံမှပေးသောအခွင့်အလမ်းတစ်ရပ်

ကျွန်ုပ်တို့၏တိုင်းပြည်ထဲ၌ နိုင်ငံတကာအရပ်ရပ်မှ ဘာသာစကားမျိုးစုံပြောသောလူထောင်ပေါင်းများစွာသည် နေထိုင်လျက်ရှိကြပြီး သူတို့သည် ပညာမတတ်သူများနှင့် အစွဲအလမ်းကြီးသူများဖြစ်ကြ၍ ကျမ်းစာဗဟုသုတမရှိကြ။ မြတ်သောဩဝါဒကိုလည်း မခံခဲ့ကြရသူများလှပါ၏။ ဘုရားသခင်အလိုတော်ရှိ၍သာ အမေရိကန်ပြည်သို့ သူတို့ရောက်လာကြရသည်ဖြစ်ရာ ကိုယ်တော်၏စကားသံတော်ကိုကြား၍ သမ္မာတရားအုပ်စိုးမှုအောက်၌ ဥာဏ်အလင်းရစေဖို့ သူတို့ကိုဆောင်ကြဉ်းယူတင်ကြရမည်။ ဘုရားသခင်၏ကယ်တင်ခြင်းယုံကြည်မှုအောက်သို့ သူတို့ကိုဝင်စားစေရပါမည်။ (ဃ ၂၀၀.၁)

ဘုရားသခင်မစတော်မူ၍သာ ကျွန်ုပ်တို့ရှိရာအရပ်သို့ သူတို့အားဘုရားသခင်ပို့ဆောင်ပေးခဲ့သည်ဖြစ်၍ သူတို့ကိုစိတ်ချယုံကြည်စွာလက်ခံပါ။ လက်ကမ်းကြိုဆိုပါ။ သမ္မာတရားကို သူတို့အား သင်ပေးကြရလိမ့်မည်။ သူတို့နှင့်ဘာသာစကားတူသူလူများအား အလင်းပေးအမှုဆောင်ခြင်းသည်

ကျွန်ုပ်တို့မတတ်နိုင်သည့်အလုပ်ဖြစ်သောကြောင့် ထိုအတွက် သူတို့သည် အရည်အချင်းရှိသူများဖြစ်လာကြပါလိမ့်မည်။ (ဃ ၂၀၀.၂)

ဘုရားသခင်မစတော်မူ၍သာလျှင် ကျွန်ုပ်တို့၏မြေပေါ်သို့ရောက်လာနေကြသောတိုင်းတစ်ပါးသားများစွာသည် ဤကာလ၌ သမ္မာတရားကို ကြားရဖို့အခွင့်ရှိကြပါသည်။ တစ်ချိန်ချိန်တွင် သူတို့မွေးရပ်မြေသို့ သူတို့ပြန်ကြလျှင် သူတို့သည် ကောင်းကင်ပလ္လင်ထက်မှ တောက်ပထွန်းလင်းသောအလင်းတိုင် ကို ကိုင်၍ပြန်နိုင်ကြရန် သမ္မာတရားကို ပြင်ဆင်လက်ခံယူနိုင်ကြသည်။(ဃ ၂၀၀.၃)

ကျွန်ုပ်တို့မြေပေါ်ရှိမြို့များ၌ ရောက်နေကြသောတိုင်းတစ်ပါးသားများအပေါ်၌ ယုံကြည်အားစိုက်၍သာ လုပ်သွားနိုင်ကြလျှင် ဝေးရပ်ဒေသရှိ ဘုရားသခင့်အမှုတော်ထဲတွင် အကျိုးကြီးစွာဖြစ်ထွန်းစေမည်။ သူတို့အထဲမှ အချို့သောယောကျ်ားမိန်းမတို့သည် သမ္မာတရားကို လက်ခံပြီးသည်နှင့် ဤပြည်တွင်းရှိသူတို့၏လူများနှင့် ပြည်ပနိုင်ငံများဆီသို့ပင် အမှုတော်ဆောင်ရန် မကြာခဏပြင်ဆင်နိုင်ကြပါလိမ့်မည်။ သူတို့အထဲက နေရပ်ပြန်လှည့်၍ မိတ်ဆွေအပေါင်းအသင်းများအား သမ္မာတရား၏မျှော်လင့်ခြင်းပေးကမ်းရန် လိုလားသူအများရှိတတ်ကြပါသည်။ သူတို့၏သွေးချင်းလူမျိုးများနှင့် နီးစပ်မိတ်ဆွေများကို သူတို့သာလျှင် ရှာတွေ့နိုင်ပြီး တတိယကောင်းကင်တမန်၏သတင်းစကားအကြောင်းကို ဖောက်သည်ချဆက်သွယ်ပြောပြနိုင်ကြပါသည်။ (ဃ ၂၀၀.၄)

## ပျင်းရိမေ့လျော့ပျက်ကွက်မှု

ကျွန်ုပ်တို့အထဲတွင် ပျင်းရိမေ့လျော့ပျက်ကွက်သောသူ၊ ယုံကြည်စိတ်ကင်းမဲ့သောဒုစရိုက်သားကောင်လိုလူမျိုးတစ်ယောက်ယောက်ရှိနေတတ်ပြီး ကျွန်ုပ်တို့သည် ဘုရားအမှုတော်ဆောင်ရာတွင် မလုပ်နိုင်အောင်ဆွဲချ၍ အခြားနိုင်ငံများရှိလူများဆီသို့ သာသနာ့အလင်းထွန်းပြပေးဖို့ သွားမည်ဆိုလျှင်လည်း နောက်ချန်ရစ်နေကြသူဖြစ်၏။ (ဃ ၂၀၀.၅)

လူသားတစ်ဦးကဲ့သို့ ကျွန်ုပ်ကိုယ်ကျွန်ုပ်မြင်မိပါ၏။ အခြားသောတိုင်းနိုင်ငံများရှိ လူအများတို့ရှေ့မှာ အလင်းပြပေးဖို့ အကြောင်းရှိလာလျှင် တာဝန်ချိန်တွင်ပင် ကျွန်ုပ်တို့အိပ်ပျော်နေကြကုန်၏။ (ဃ ၂၀၀.၆)

ဘုရားသခင်မှစ၍ ဖွင့်ပေးထားသောအရပ်တွင် ကျွန်ုပ်တို့ငြိမ်သက်ခြင်းမပေးနိုင်ကြသေးပါ။ သို့သော် ယေရှုနှင့်သူ၏ကောင်းကင်တမန်များသည် အလုပ်လုပ်လျက်ရှိသည်။ ကျွန်ုပ်တို့ရပ်ကြည့်နောက်ချန်ရစ်နေစဉ်တွင် ထိုအမှုတော်သည် ဆက်ဖြစ်လျက်ရှိနေပြီ။ အကယ်၍ ကျွန်ုပ်တို့သည် ဘုရားသခင်မှစ၍ ဖွင့်ပေးရာနောက်သို့လိုက်ခဲ့လျှင် ဖွင့်ပေးရာအရပ်ကို အလျင်အမြန်သိရှိကြပြီး ကျွန်ုပ်တို့လက်လှမ်းမီသမျှသောအခြားတိုင်းပြည်များသို့ သမ္မာတရားအလင်းကြဲဖြန့်ပေးနိုင်ရန် တစ်ပန်းသာ၍ လုပ်ဆောင်နိုင်ကြပေမည်။ (ဃ ၂၀၁.၁)

## လုပ်ဆောင်သူများ၏လက်များကိုအားကောင်းစေခြင်း

ယနေ့အချိန်တွင် ဘုရားသခင်၏လူများသည် အမေရိကန်ပြည်ရှိနိုင်ငံခြားသားများအား အတိတ်အချိန်ကထက် ပို၍သမ္မာတရားရစေရန် ပြပေးနိုင်ကြသည်ကို ဘုရားသခင်သည် မြင်၍ဝမ်းမြောက်ပေလိမ့်မည်။ ဤအမှုကိုလုပ်ဆောင်နေကြသောသင်းထောက်ကြီးအိုဆန်နှင့် သူ၏လုပ်ဖော်ကိုင်ဖက်များ၏လက်များကို အားကောင်းစေကြပါစို့။ (သင်းထောက်လူကြီးအိုဆန် (O. A. OLSEN) သည် အဖွဲ့ချုပ်ရုံးမြောက်အမေရိကတိုက်ပြည်ပရေးရာဌာနကြီး၏အထွေထွေအတွင်းရေးမှူးဖြစ်သည်။) သူတို့ပြုလုပ်နေသောအမှုတော်ကြီးထဲမှာ သူတို့လုံးပန်းအားထုတ်နေကြရာတွင် အားနည်းချွတ်ချော်မှုအနည်းငယ်လောက်နှင့် သူတို့အုပ်စုကလေးသက်သက်ရုန်းကန်ခံစားနေရစေရန် အခွင့်မပေးဘဲ သူတို့ကိုအကူအညီပေးကြပါစို့။ (ဃ ၂၀၁.၂)

အဲလ်ဒါအိုဆန်ကလည်း အီတလီပြည်၊ ဆာဗီးယားပြည်၊ ရိုမေးနီးယန်းပြည်၊ ရုရှားပြည်များမှအစ အခြားတိုင်းပြည်လူမျိုးများ၌ အားတက်ဖွယ်အစပြုခြင်းများအကြောင်းကို ပြောပြပါသည်။ လုပ်ခဲ့ပြီးသမျှအရာအားလုံးအတွက်

သူနှင့်အတူတကွ ကျွန်ုပ်တို့သည် ဝမ်းမြောက်ဝမ်းသာဖြစ်ရပါသည်။ သို့သော်လည်း ရည်ရွယ်လုပ်ဆောင်မှုမရှိခဲ့သောကြောင့် လုပ်ပြီးသင့်ပါလျက်နှင့်ပြီးစီးအောင်မလုပ်ဘဲ နောက်ချန်ထားသည်များကို လေ့လာမိသောအခါ ဝမ်းနည်းခံစားရပါ၏။ အမေရိကန်ပြည်တစ်ဝန်းရှိ ကျွန်ုပ်တို့၏အသင်းတော်များမှ ဤအမှုအတွက် ကောက်ခံပေးခဲ့သောအထူးအလှူငွေသည် ပြည်ပတိုင်းပြည်မြို့ကြီးများ၌ရှိသူများ တက်ကြွမာန်ပါလုပ်ဆောင်နိုင်ကြစေရန် ယင်း၌ာနကြီး၏ညီအစ်ကိုများအဖို့ စရိတ်စကလုံလောက်အောင်ပံ့ပိုးပေးထားခဲ့ပါသည်။ ပြောရလျှင် ကျွန်ုပ်တို့လုပ်ဆောင်နေသောတာဝန်ကို လွှဲပြောင်းယူ၍ လုပ်နိုင်သောသူများသည် သူတို့အထဲတွင် များစွာရှိနိုင်ပါသည်။ ထိုသူတို့အနက် ကျွန်ုပ်တို့မြေပေါ်၌ နေထိုင်ကြသောလူမျိုးစုတူသူတို့လူကို ပြည်ပရှိသူတို့တိုင်းပြည်လူမျိုးစုများဆီသို့ သတင်းကောင်းပြောပေးနိုင်ရန် ကျွန်ုပ်တို့၏လုပ်ဖော်ကိုင်ဖက်အမှုတော်ဆောင်များအဖြစ် လေ့ကျင့်မွေးထုတ်နိုင်ကြပါသည်။(ဃ ၂၀၁.၃)

## အခန်း (၂၀)
## ငွေကြေးရတတ်သူ၊ ဩဇာရှိသူများထံသို့လှမ်းရောက်ရှိခြင်း

ပေါ့ပေါ့ဆဆမနေပါနှင့်

လူချမ်းသာများအတွက် ပြောပြရန် အမှုဆောင်ချက်ရှိပါသည်။ကောင်းကင်ဘုံမှအပ်နှံပေးထားခဲ့သောဆုကျေးဇူးများအပေါ် သူတို့၌တာဝန်ရှိ မှုကို သူတို့နိုးနိုးကြားကြားသိနေဖို့လိုအပ်ပါသည်။ သူတို့အား သတိပေးရ မည်မှာ သေသောသူ၊ ရှင်သောသူနှစ်ဦးစလုံးကို စစ်ကြောစီရင်ပိုင်သောဘုရား သခင့်ထံ၌ သူတို့တာဝန်ခံမှုရှိကြရမည်အကြောင်းဖြစ်သည်။ ငွေကြေးချမ်းသာ သူများသည် ဘုရားသခင်ကိုချစ်၍ကြောက်ရွံ့သောသဘောရှိစေရန် သင်တို့ လှမ်းရောက်အမှုဆောင်ခြင်းကို သူတို့လိုအပ်နေပါသည်။ ထိုသူတို့သည် မကြာ ခဏဆိုသလို သူတို့၏စည်းစိမ်ဥစ္စာ၌ စိတ်ချမှုထားတတ်ကြပြီး အန္တရာယ် ရှိနေသည်ကိုမခံစားမိကြပါ။ သူတို့စိတ်နှလုံးမြင်ကွင်းထဲ၌ ထာဝရတည်တံ့ တန်ဖိုးရှိမည့်အရာများကို စွဲမှတ်သားမိစေရန် လိုအပ်ပါသည်။ (ဃ ၂၀၂.၁)

ပညာရေးကြောင့်၊ ကြွယ်ဝမှုကြောင့် (သို့မဟုတ်) ဘုရားသခင်ခေါ်ယူအမှုဆောင်စေခြင်းကြောင့် ယနေ့ကမ္ဘာ၌ ထိပ်ပိုင်းရောက်နေသူများသည် ဝိညာဉ်ကယ်တင်ရေး၌ စိတ်ပါဝင်တစားဟောပြောခြင်းကို ကြိုတောင့်ကြိုခဲသာပြုတတ်ကြသည်။ ခရစ်ယာန်အမှုဆောင်နေကြသူများသည် ထိုလူတန်းစားကို ချဉ်းကပ်ပြောဆိုရန် နောက်တွန့်နေတတ်ကြပါသည်။ လူတစ်ဦးတစ်ယောက်သည် ရေနစ်နေလျှင် ထိုသူသည် ရှေ့နေအကျိုးဆောင်ကြီးတစ်ယောက်ဖြစ်လို့၊ ကုန်သည်ကြီးတစ်ယောက်ဖြစ်လို့ (သို့မဟုတ်) တရားသူကြီးတစ်ယောက်ဖြစ်လို့ ဆိုပြီး သူ့ကိုမကယ်ဆယ်ဘဲ ရပ်ကြည့်နေမည်လော။ အကယ်၍ လူတွေချောက်ကမ်းပါးအစွန်းဆီသို့ ပြေးသွားနေသည်ကို ကျွန်ုပ်တို့တွေ့မြင်လျှင် သူတို့အဆင့်အတန်းနှင့် သူတို့သိက္ခာဘယ်လောက်ပဲကြီးမားပါစေ၊ သူတို့ကိုနောက်ပြန်ဆုတ်ခဲ့ဖို့ပြောရန် ကျွန်ုပ်တို့အချိန်မဆွဲသင့်ပါ။ ဝိညာဉ်သေဘေးအန္တရာယ်ရှိနေသူများကို သတိပေးစကားပြောကြားဖို့ ကျွန်ုပ်တို့အချိန်မဆွဲရ။

လောကီစည်းစိမ်ဥစ္စာများအပေါ် အထင်အရှားတပ်မက်စွဲလမ်းခြင်းရှိနေသူများကိုလည်း မေ့ချန်မထားဘဲ ပြောလိုက်ရမည်။ (ဃ ၂၀၂.၂)

ကျွန်ုပ်တို့သည် လူ့လောကကြီး၏အဆင့်မြင့်နေရာ၌ ရှိနေကြသူတို့အတွက် ဝိညာဉ်ဝေဒနာကို ခံစားကြရသည်။ မင်္ဂလာဆောင်စားပွဲသဘင်သို့ သူတို့ရောက်လာစေရန် ကြင်နာသောဖိတ်ခေါ်စကားနှင့်အတူ ထိုသူတို့ဆီသို့ ခြေဆန့်ရောက်ရှိကြရမည်။ (ဃ ၂၀၂.၃)

ငွေရတတ်သူများပြောင်းလဲခြင်းရှိဖို့ သခင်ဘုရားအလိုတော်ရှိခဲ့သည်။ သူတစ်ပါးဆီလက်ကမ်းပေးသောသခင်ဘုရား၏လက်တော်များကဲ့သို့ သူတို့ကိုအကူအညီပေးနိုင်ပါသည်။ ကိုယ်တော်သည် ပြန်လည်ပြောင်းလဲခြင်းနှင့် နဂိုမူလနေရာပြန်ရောက်ခြင်းအမှုတော်၌ အကူအညီပေးသူများကို အလိုတော်ရှိ၍ သူတို့ကိုအဖိုးတန်သမ္မာတရား၏အလင်းကိုမြင်စေပြီးစရိုက်လက္ခဏာအသွင်ပြောင်းလဲခြင်းသို့ရောက်စေတော်မူသည်။ သခင်ဘုရားအမှုတော်၌ သူတို့၏ ခွဲခန့်အပ်နှံထားသောငွေပင်ငွေရင်းများကိုလည်း အသုံးပြုစေလိုသည်။ သူတို့ထံဘုရားသခင်အငှားချပေးထားသည်ကို အကျိုးရှိရှိရင်းနှီးမြှုပ်နှံပြီး ကောင်းသောအမှုပြုရန် အနီးအဝေးရှိလူတန်းစားအသီးသီးတို့ထံ ဧဝံဂေလိတရားဟောပြောရောက်ရှိသောလမ်းခရီးကို ဖွင့်ပေးရန်တို့ကို ကိုယ်တော်လိုလားတော်မူသည်။

လောကအဖွဲ့အစည်းထဲ၌ အဆင့်အတန်းမြင့်မားသူများသည် ကြင်နာစွာချစ်ခြင်းနှင့် ဂုဏ်ပြုလေးစားခံယူလိုသောဆက်ဆံရေးကို လိုလားတတ်ကြသည်။ စီးပွားရေးလောက၌ရှိကြသူများ၊ ဂုဏ်မြင့်သူများ၊ မဟာတိထွင်သူကြီးများနှင့်သိပ္ပံအတတ်ပညာရှင်ကြီးများ၊ ပညာပါရမီရှင်များ၊ သမ္မာကျမ်းစာတတ်ဆရာကြီးများသည် ယနေ့ကာလတိုင်သမ္မာတရားထူးဆီသို့ သူတို့စိတ်မရောက်နိုင်ကြသေးလျှင် ခေါ်ယူတော်မူခြင်းကို သူတို့ပထမဦးဆုံးကြားဖို့လိုနေပြီ။ ဤသူတို့ကိုဖိတ်ခေါ်စာကမ်းလှမ်းပေးကြရမည်။ (ဃ ၂၀၃.၁)

သင်းအုပ်များနှင့်အဆင့်မြင့်လူတန်းစားများဆီသို့ သမ္မာတရားအမှန်သိစေဖို့ လမ်းစရှာဖွေခြင်းမပြုသည်မှာ အမှားဖြစ်သည်။ ကျွန်ုပ်တို့နှင့်ယှဉ်ကြည်

ခြင်းမတူသူများကို ကျွန်ုပ်တို့ရှောင်ဖယ်ရှောင်ဖယ်လုပ်လွန်းလှသည်။ ထိုသူတို့၏ပုံစံခွက်ထဲသို့မဝင်ရအောင် သူတို့နှင့်မဆက်ဆံလိုဘဲရှိနေစဉ်တွင် သူတို့အထဲတွင် ရိုးသားသောသူတစ်ဦးတစ်ယောက်ရှိနေတတ်ပါသည်။ ထိုသူကို သတိပြုမိ၍ ပညာစရိုက်နှင့်သူ့ဝိညာဉ်အသက်အတွက် မေတ္တာစိတ်အပြည့်ထားပြီး ဆက်ဆံလုပ်ဆောင်သင့်ပါ၏။ ပြည်တွင်းပြည်ပနေရာအရပ်ရပ်ရှိ ထိုအဆင့်မြင့်လူတန်းစားတို့အတွက် ဝင်ရောက်လုပ်ဆောင်ကြမည့်လူယောကျ်ားလူမိန်းမတို့အား ပညာပေးနိုင်ရန် ရန်ပုံငွေကိုတိုးမြှင့်ရှာဖွေသင့်သည်။ (ဃ ၂၀၃.၂)

### အမှုတော်ဆောင်များ၏အထူးအရည်အချင်း

အချို့သူများသည် အဆင့်မြင့်လူတန်းစားထဲမှာအမှုဆောင်ရန် အထူးသင့်လျော်ကြသည်။ ထိုသူများသည် အဆင့်မြင့်လူတန်းစားကို သာမန်ရင်းနှီးပေါင်းသင်းဖို့ သက်သက်မဟုတ်စေရဘဲ သူတို့အထဲ မည်သို့လှမ်းဝင်၍ရောက်ရမည့်အကြောင်း ပညာပေးပါရန် ဘုရားသခင်ထံ ဆုတောင်းကြရမည်။ ကိုယ်တိုင်အားစိုက်ထုတ်ပြီး ယုံကြည်ခြင်းဖြင့် အသက်ရှင်ပြခြင်းအားဖြင့် သူတို့ဝိညာဉ်နိုးထလာစေရန် ယေရှု၌ရှိသောသမ္မာတရားသိကျွမ်းရာဆီသို့ ရောက်လာစေရန် ရည်ရွယ်ပေါင်းသင်းဆက်ဆံရမည်။ (ဃ ၂၀၃.၃)

အဆင့်မြင့်လူတန်းစားတို့အတွက် အမှုဆောင်သူများသည် မိမိသိက္ခာမိမိမှန်စွာစောင့်ထိန်းပြီး ကောင်းကင်တမန်များနှင့် အပေါင်းအသင်းဝင်များဖြစ်သည်ဟု မိမိကိုယ်မိမိမှတ်ယူရမည်။ သူတို့၏စိတ်နှလုံးဘဏ္ဍာသိုက်ကို စောင့်၍ "ကျမ်းစာလာသည်အတိုင်း" အချက်နှင့်အညီ နှလုံးရည်ပြည့်ဝနေစေရမည်။ (ဃ ၂၀၃.၄)

အဆင့်မြင့်လူတန်းစားဆီသို့လှမ်းဝင်ရန် အစဉ်ကြိုးပမ်းခြင်းရှိသူအမှုတော်ဆောင်များသည် ယုံကြည်ခြင်းစိတ်အားကြီးရမည်။ အပြင်ပုံပန်းအားဖြင့် အတားအဆီးဖြစ်နေမည်မြင်ရသော်လည်း အမှောင်ဆုံးအချိန်၌ အထက်မှအလင်းသူ့၌ရှိလာလိမ့်မည်။ (ဃ ၂၀၃.၅)

ဘုရားသခင်သည် အဆင့်မြင့်လူတန်းစားဆီသို့ သတင်းကောင်းရောက်စေရန် စိတ်ထက်သန်၍ စိတ်နှလုံးနှိမ့်ချတတ်သူအမှုဆောင်များကိုခေါ်ယူနေပါသည်။ (ဃု ၂၀၃.၆)

အကျိုးရလဒ်စိတ်ချရ၏

စစ်မှန်သောပြောင်းလဲရောက်လာသူများ၌ နိမိတ်လက္ခဏာများရှိပါသည်။ ထိုနိမိတ်လက္ခဏာများကို ချက်ချင်းသိရမည်မဆိုလို။ ကမ္ဘာပေါ်ရှိလူပုဂ္ဂိုလ်ကြီးများသည် အံ့ဩဖွယ်ဘုရားသခင်၏ဘုန်းတော်ကို ကျော်လို့မရ ပါ။ ဘုရားသခင်နှင့်အတူ လုပ်ဆောင်သူများသည် သူတို့၏တာဝန်ကို ရဲရင့် စွာ၊ သစ္စာရှိစွာအမှုဆောင်ခြင်းနှင့် အခွင့်အရေးရှိကြသူများဖြစ်ကြသည်နှင့် အညီဘုရားသခင်သည်လည်း တာဝန်ရှိအဆင့်မြင့်ဥာဏ်ကြီးရှင်နှင့် ဩဇာတိက္ကမရှိသူများကို ပြောင်းလဲစေလိမ့်မည်။ သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးအားဖြင့် ကောင်းကင်ဘုံစည်းကမ်းများကို လူအများလက်ခံလာကြလိမ့်မည်။ ထိုသူတို့သည် သမ္မာတရားဘက်သို့ ပြောင်းလဲရောက်လာ၍အလင်းနှင့်ဆက်မိစေဖို့ ဘုရားသခင့်လက်တော်၌ရှိသောကိုယ်စားလှယ်များဖြစ်လာကြသည်။ ဤသို့မေ့လျော့ပစ်ပယ်ထားသည့်လူတန်းစားများ၏ဝိညာဉ်အတွက် ထိုသူတို့၌ အထူးဝန်ထုပ်ဖြစ်လာသည်။ အချိန်နှင့်ငွေသည်ဘုရားသခင့် အမှုတော်အဖို့ ဆက်ကပ်အပ်နှံကြရမည်။ ကျွမ်းကျင်မှုအသစ်နှင့်စွမ်းဆောင် နိုင်မှုများကို အသင်းတော်၌ ထည့်တွက်ရပေမည်။ (ဃု ၂၀၄.၁)

အဆင့်မြင့်ဆိုရှယ်လူတန်းစားအများသည် နှလုံးသားဒဏ်ရာနှင့်မာနဘဝင်မြင့်သောဝေဒနာခံစားနေရသည်။ သူတို့ကိုယ်၌ ရှာမရနိုင်သောငြိမ်းချမ်းခြင်းကို တမ်းတနေတတ်ကြပါသည်။ အဆင့်အမြင့်ဆုံးလူတန်းစားထဲ၌ဆိုလျှင်ကယ်တင်ခြင်းခံရဖို့အတွက် ဆာငတ်နေကြပါ၏။ သခင်ဘုရား၏အမှုဆောင်များသည် ထိုသူတို့ထံသို့ကြင်နာသောအမှုအရာ ခရစ်တော်၏မေတ္တာကရုဏာနှလုံးအားဖြင့် ပုဂ္ဂိုလ်ရေးချဉ်းကပ်ရောက်ရှိသွားပါက ကူညီမှုကို သူတို့တစ်တွေလက်ခံလာကြလိမ့်မည်။ (ဃု ၂၀၄.၂)

ပညာရှင်ကြီးများ၊ နိုင်ငံရေးသမားများ၊ ကမ္ဘာပေါ်၌ကျော်ကြားသူများသည် ဤနောက်ဆုံးနေ့ကာလများတွင် အမှောင်ဖုံးလျက်ရှိ၏။ အဘယ်ကြောင့်ဆိုသော် လောကပညာအားဖြင့် ဘုရားကိုမသိရနိုင်ဖြစ်နေကြသည်။ သို့သော် ဘုရားသခင့်အစေခံများက သူတို့အဖို့သမ္မာတရားကို ဆက်မိစေရန် အခွင့်အရေးရတိုင်း သက်သေခံပေးနေပါသည်။ အချို့သူများသည် ဘုရားသခင့်အရာများကို သူတို့မေ့လျော့နေခဲ့ကြကြောင်း အသိဝင်လာကြလိမ့်မည်။ ထိုအခါ ကြီးမြတ်သောဆရာယေရှု၏ခြေတော်ရင်း၌ နှိမ့်ချလေ့လာသူများကဲ့ သို့ သူတို့နေရာကျလာပေမည်။ (ဃ ၂၀၄.၃)

## သမ္မာကျမ်းထဲကကြွယ်ဝသူများ

အဲသယောပိအမတ်သည် ကျော်ကြားသူ၊ ဩဇာတိက္ကမရှိသူတစ်ဦးဖြစ်၏။ ထိုသူပြောင်းလဲရောက်ပြီးသောအခါ သူလက်ခံရရှိလိုက်သည့်အလင်းကို အခြားသူများအားပေးလိမ့်မည်ဟု သခင်ဘုရားမြင်တော်မူသည်။ ဧဝံဂေလိသတင်းကောင်းအကျိုးအတွက်လည်း အလွန်ဩဇာသုံး၍ အားစိုက်ဆောင်ရွက်လိမ့်မည်ဟု မြင်တော်မူသည်။ ဘုရားသခင်၏ကောင်းကင်တမန်သည် သမ္မာတရားအလင်းရှာဖွေသူနှင့်အတူရှိ၍ ကယ်တင်သောအရှင်ဆီသို့ ပို့ပေးခဲ့သည်။ သန့်ရှင်းသောဝိညာဉ်တော်၏လမ်းပြပို့ဆောင်သောအားဖြင့် သခင်ဘုရားသည် အမတ်ကြီးအား အလင်းသို့ဦးဆောင်ရှင်းပြပေးနိုင်သူတစ်စုံတစ်ယောက်နှင့် ထိတွေ့စေရန် ပို့ဆောင်ပေးခဲ့၏။ (ဃ ၂၀၄.၄)

ယုဒလူတို့သည် အသင်းတော်အသေးကလေးကို ဖျက်ဆီးပစ်ဖို့ ကြိုးစားနေစဉ်အခါတွင် အကာအကွယ်ပေးနိုင်ရန် နိကောဒင်ရှေ့ထွက်လာခဲ့သည်။ သူသည် တပည့်တော်တို့၏ယုံကြည်ခြင်းကိုအားရှိစေ၍ ထိုးနှက်မေးခွန်းများကိုသူတို့အားမမေးစေရန် တားဆီးပေးခဲ့သည်။ ယေရုရှလင်မြို့ရှိအသင်းတော်ကိုထောက်ကူမစသောအားဖြင့်လည်း သူ၏ကြွယ်ဝချမ်းသာခြင်းကိုသုံး၍ ဧဝံဂေလိအမှုတော်ကို ရှေ့တိုးစေခဲ့သည်။ ယခင်နေ့ရက်များအချိန်က အရိုသေပေးခံခဲ့ရသောကိုယ်တော်သည် ယခုသူ့ကိုမထီလေးစားပြု၍ ညှဉ်းဆဲနှိပ်စက်

ကြလေပြီ။ ဤလောကကြီးကောင်းကျိုးအတွက် ဆင်းရဲခံတော်မူခဲ့ရပါ၏။ သို့တိုင် ကိုယ်တော်သည် ယုံကြည်ခြင်းကိုကာကွယ်ရာ၌ မယိမ်းယိုင်သေး။(ဃ ၂၀၅.၁)

–၀–

အခန်း (၂၁)

## အိမ်ထောင်မိသားစုသည်သာသနာပြုစခန်းတစ်ခု

ပထမနေရာအရေးပါမှု

နေအိမ်သည် ကလေးသူငယ်များအဖို့ ပထမဦးဆုံးကျောင်းဖြစ်သည်။ တစ်သက်တာလုံးအတွက် ဆက်လက်လျှောက်လှမ်းနိုင်ရန် အခြေခံအုတ်မြစ်ချရာနေရာလည်းဖြစ်၏။ (ဃ ၂၀၆.၁)

သင့်ဘဝ၌ ပထမဆုံးလုပ်ရမည့်လုပ်ငန်းကြီးတစ်ခုသည် နေအိမ်မစ်ရှင်ဖြစ်ပါသည်။ (ဃ ၂၀၆.၂)

လူသားဆန်ဆန်နေရာချထားခြင်းနှင့် အဆင့်မြှင့်တင်ခြင်းသည် နေအိမ်မှစသည်၊ မိဘတို့၏အပြုအမူသည် အခြားသူတိုင်းတို့ကို အလေးအနက်ဖြစ်စေသည်။ လူ့အဖွဲ့အစည်းကောင်းစားရေး၊ အသင်းတော်အောင်မြင်ခြင်း၊ နိုင်ငံတော်စည်ပင်ခြင်းတို့သည် အိမ်ထြဇာသက်ရောက်မှုအပေါ် တည်လျက်ရှိသည်။ (ဃ ၂၀၆.၃)

မှန်သောသာသနာပြုစိတ်ပြည့်ဝခြင်းသည် နေအိမ်ထဲသို့စိမ့်ဝင်ခြင်းပို၍ပို၍ပြည့်စုံလာသည်နှင့်အမျှ ကလေးသူငယ်တို့၏ဘဝသည် တိုးတက်လာလိမ့်မည်။ သူတို့ကလေးများသည် အလုပ်လုပ်ရာ၌ ဝမ်းမြောက်ခြင်းကိုရှာဖွေလေ့လာနိုင်ကြပြီး အခြားသူများကောင်းကျိုးကို အနစ်နာခံဆောင်ရွက်လိုသည့်စိတ်ရှိလာကြမည်။ (ဃ ၂၀၆.၄)

နေအိမ်ရှိကလေးများအရှေ့၌ မစ်ရှင်ကွင်းကြီးရှိနေသည်ကို မိဘများမမေ့ကြနှင့်။ အမေ့စကားကို ကလေးများနားထောင်မှတ်သားစေခြင်းသည် ဘုရားသခင်ထံမှ အထွတ်အမြတ်ညွှန်ကြားချက်ဖြစ်ပါသည်။ “ဤသားကို ယူပါ၊ ဤသမီးကိုယူပါ” ဟု ဘုရားသခင်ဆိုပြီး “ငါ့အဖို့အလို့ငှါ ထိန်းကျောင်းပေးပါ။ သူ့စရိုက်လက္ခဏာကို တော်ဝင်နန်းထိုက်အောင်တိုက်ချွတ်ပြုပြင်ပေးပါလေ။ ထာဝရဘုရား၏ရင်ပြင်၌ အစဉ်အမြဲတောက်ပထိန်လင်းနေစေရမည်။” ဘုရားသခင့်ပလ္လင်ထက်မှ အလင်းနှင့်ဘုန်းတော်ရောင်ခြည်ထွန်းတောက်

နေသည်မှာ မိခင်က သူမ၏သားသမီးများအား စာတန်မာရ်နတ်လွှမ်းမိုးမှုကို တားဆီးနိုင်ဖို့ ကြိုးစားသွန်သင်ပေးခြင်းအပေါ်၌ တည်လျက်ရှိ၏။ (ဃ ၂၀၆.၅)

ကျွန်ုပ်တို့သည် ခရစ်တော်အတွက် အမှုဆောင်လျှင် မိသားစုနေအိမ်မှစတင်ရမည်။ ဤအမှုထက်ပို၍ အရေးကြီးသောသာသနာကွင်းမရှိပါ။ မပြောင်းလဲသူတို့ကို ဆက်ဆံရန် စည်းမျဉ်းပုံစံနှင့်တကွ မိဘသည် သားသမီးများကိုသွန်သင်ရ၏။ ကလေးသူငယ်များသည် များစွာသွန်သင်ခံယူလာရသောကြောင့် သက်ကြီးရွယ်အိုနှင့်ဝေဒနာဖိစီးခံစားနေရသူများကို ထောက်ထားစာနာတတ်လာလိမ့်မည်။ ဆင်းရဲသားများနှင့် ဒုက္ခသည်များ၏ခံစားရမှုများကိုလည်း သက်သာစေရန် လမ်းရှာဖွေလာကြမည်။ သူတို့ကိုမစ်ရှင်အမှုကြိုးစားပြုစုရန်သွန်သင်ပေးရမည်။ သူတို့ဘဝအစောဆုံးနှစ်များကတည်းက မိမိကိုယ်မိမိငြင်းပယ်နိုင်ပြီး ပရဟိတလုပ်ငန်းကို အနစ်နာခံဆောင်ရွက်စေခြင်းနှင့်အတူ ခရစ်တော်ကိုရ၍ ခရစ်တော်အတွက် အသက်ရှင်အမှုဆောင်နိုင်အောင် စွဲမှတ်သင်ကြားခံယူစေရပါမည်။ သို့မှသာ သူတို့ကလေးတွေဟာ ဘုရားသခင်နှင့်အတူ လုပ်ဆောင်သူတွေဖြစ်လာကြပါမည်။ သို့သော် သူတစ်ပါးအတွက် စစ်မှန်သောသာသနာအမှုကို ဆောင်ရွက်နိုင်ဖို့ မြဲစွာသင်ကြားခံယူကြမည်ဆိုလျှင် ပထမဦးစွာနေအိမ်မှာရှိသောတခြားသူများကို အစေခံလုပ်ဆောင်တတ်ဖို့ သင်ယူကြရမည်။ အဘယ်ကြောင့်ဆိုသော် နေအိမ်ရှိလူများသည် သူတို့၏ မေတ္တာရုံးခန်းထဲရှိ ကတိသစ္စာရှင်များဖြစ်သောကြောင့်တည်း။ (ဃ ၂၀၆.၆)

နေအိမ်မိသားစုများသည် စနစ်ရှိရမည်။ မစ်ရှင်လက်တွေ့လုပ်ငန်းခွင်ကဲ့သို့ မိသားစုအဖွဲ့ဝင်များအားလုံး၏လူတိုင်းအကျိုးအတွက် ကြိုးစားအားထုတ်လုပ်ဆောင်သွားကြရမည်။ ကျွန်ုပ်တို့၏သားသမီးများသည် ကယ်တင်ခြင်းမရကြသေးသူများအတွက် စိတ်အားထက်ထက်သန်သန်လုပ်ဆောင်ရာတွင် သနားကြင်နာစိတ်ဖြင့် ဖက်စပ်ပြုမိရအောင် ကျွန်ုပ်တို့ကြိုးစားပြီး သွန်သင်ပေးရမည်။ သူတို့သည် ခရစ်တော်အကြောင်းပြောကြားရန် အချိန်တိုင်း၊နေရာတိုင်းမှာ အကောင်းဆုံးလုပ်ဆောင်တတ်လာကြလိမ့်မည်။ (ဃ ၂၀၇.၁)

ကောင်းကင်တမန်မှတ်တမ်း

အကယ်၍ အိမ်ထောင်ရှင်ယောကျ်ားများ အလုပ်သွားရ၍ အိမ်ထောင်ရှင်မိန်းမများက နေအိမ်တွင် ကလေးငယ်များကို စောင့်ရှောက်ရန် ကျန်ရစ်ခဲ့လျှင် ဇနီးသည်မိခင်သည် ခင်ပွန်းဖခင်ကဲ့သို့ပင် ကြီးမားအရေးပါသော အလုပ်ကြီးတစ်ခုကို အပြည့်အဝလုပ်နေရခြင်းဖြစ်၏။ မစ်ရှင်ကွင်းထဲသို့ တစ်ယောက်ကရောက်ရှိသွားသော်လည်း အခြားတစ်ယောက်က အိမ်မစ်ရှင် တစ်ရပ်ကို တာဝန်ယူနေရသည်။ အိမ်တွင်း၌ ဂရုစိုက်ရ၊ စိုးရိမ်ရနှင့်မကြာမကြာရလိုက်သောဝန်ထုပ်များသည် ပြင်ပရောက်နေသည့်ခင်ပွန်းဖခင်တို့၏ ကြုံရခြင်းထက် ပိုလွန်ပါသည်။ သူမ၏အလုပ်သည် တစ်ဦးတည်းလုပ်နေရ ပြီး အရေးကြီးသော၊ အလုပ်တစ်ခုဖြစ်သောကလေးတို့၏စိတ်ဓါတ်နှင့်စရိုက်လက္ခဏာဟန်ပန်ကို ပုံစံဖော်ပေးရခြင်း၊ ယခုကောင်းမှနောင်ကောင်းမည့်အရေး အတွက် သွန်သင်ပေးရခြင်းဖြစ်သည်။ ခင်ပွန်းသည်သည် သာသနာကွင်း ကျယ်ထဲတွင် လူတို့၏ချီးမွမ်းသံများကို လက်ခံရနိုင်ကြသော်လည်း အိမ်ထဲမှာအိမ်ရှင်မအလုပ်ကို သိမ်းကျုံးလုပ်နေသောသူမအတွက် လောကပိုင်းဆိုင်ရာအကျိုးမခံရ။ သို့သော် သူမသည် မိသားစုအကျိုးအတွက် အကောင်းဆုံးလုပ်ခဲ့သည်ဖြစ်လျှင် မိသားစုကိုကောင်းကင်သားပုံစံစရိုက်လက္ခဏာပုံသွင်း ပြုစုပေးနိုင်ခဲ့သည်ဖြစ်၍ ကောင်းကင်တမန်၏မှတ်တမ်းစာရင်းတွင် အကြီးမားဆုံးကမ္ဘာ့မစ်ရှင်တစ်ယောက်အဖြစ် သူမ၏အမည်ကို ရေးသွင်းမှတ်သားပေး ခဲ့မည်ဖြစ်သည်။ ဘုရားသခင်သည် လူအာရုံခံကြည့်မြင်သကဲ့သို့ မြင်တော်မူသည်မဟုတ်။ (ဃ ၂၀၇.၂)

ဝိညာဉ်ရေးရာနှင့်ခန္ဓာဝန်ထုပ်ဝန်ပိုးများကိုကလေးများအားမျှဝေပေးခြင်း

လူတိုင်းက တစ်ခုခုလုပ်နိုင်ကြပါသည်။ သူတို့ကိုခွင့်လွှတ်နားလည်ပေးဖို့ တချို့လူတွေက ပြောတတ်ကြ၏။ "အိမ်အလုပ်တွေ၊ ကလေးတာဝန်တွေနဲ့ သူတို့အတွက်ပဲ လုပ်နေရ၊ ကျွန်ုပ်အချိန်လည်း ကုန်ပါလေရော" ဟူ၍

မိဘများသိထားကြပါသည်။ အိမ်ကသင့်ကလေးတွေဟာ အရှင်သခင်အတွက် အမှုဆောင်ရာမှာ သင်တို့၏အစွမ်းနှင့်အရည်အချင်းတိုးတက်လာစေဖို့အတွက် အကူအညီပေးနိုင်တဲ့ လက်တိုလက်တောင်းတွေဖြစ်သင့်၏။ ကလေးများသည် သခင်ဘုရားမိသားစုထဲတွင် ငယ်သောအဖွဲ့ဝင်များဖြစ်ကြသည်။ သူတို့ ကိုဖန်ဆင်းခြင်း၊ ရွေးနုတ်ခြင်းပြုတော်မူသောဘုရားသခင်ထံ သူတို့ ကိုယ်တိုင်ဆက်ကပ်အပ်နှံခံယူစေဖို့ ဦးဆောင်လမ်းပြပေးရမည်။ ကလေးတွေကို သူတို့၌ရှိသောခန္ဓာကိုယ်၊ စိတ်ဓာတ်နှင့်ဝိညာဉ်ရေးရာ များသည် ဘုရားသခင် ဖန်ဆင်းပေးအပ်ထားကြောင်းကို သင်ပေး ထားရမည်။ ကိုယ်ကျိုးမဲ့အလုပ် မျိုးစုံကို လုပ်ဆောင်တတ်အောင် သူတို့ကိုသွန်သင်ပေးထားသင့်၏။ သင့်ကလေးက သင့်ကိုတားဆီး နှောင့်ယှက်လုပ်လာတာမျိုးအခွင့်မပေးပါနှင့်။ သင့်ကလေးသည် သင်နှင့်အတူ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာတာဝန်များကို မျှဝေခံစားတတ်အောင်သင်ပေး ရမည်။ တခြားသူများအား အကူအညီပေးခြင်း အားဖြင့် သူတို့၌ပျော်ရွှင်မှု၊ အသုံးဝင်မှုကို တိုးတက်ခံယူတတ်ကြပါစေ။ (ဃု ၂၀၇.၃)

## အိမ်ဩဇာနယ်ပယ်ကျယ်ပြန့်ရောက်ရှိခြင်း

စနစ်ကောင်းသောခရစ်ယာန်အိမ်ထောင်စုတစ်ခုသည် ခရစ်ယာန် ဘာသာရေးသစ္စာမျက်နှာစာ၌ တန်ဖိုးပါသောအာဘော်တစ်ခုဖြစ်၏။ ယင်း အာဘော်ကို မိစ္ဆာဝါဒီများလာရောက်ငြင်းချက်မလုပ်နိုင်ကြ။ ယင်းမိသားစု ထဲတွင် ဩဇာတစ်ခုလှုပ်ရှားနေသည်ကို လူတိုင်းကမြင်ရပြီး သားသမီးများ အပေါ်သို့လွှမ်းမိုးနေပါသည်။ အာဗြဟံနှင့်ဘုရားသခင်သည် ထိုသူတို့နှင့် အတူရှိသည်ကိုတွေ့ကြရမည်။ အတိအလင်းကြေညာနေနိုင်သောခရစ်ယာန် များအသင်းတော်စုများသည် မှန်သောဘာသာရေးပုံစံ၌ရှိလျှင် ထိုသူတို့သည် ကောင်းကျိုးဆောင်ရွက်ရန် ဩဇာသတ္တိတစ်ရပ်ကို အသုံးပြုကြလိမ့်မည်။ အမှန်တော့သူတို့တစ်တွေဟာ “လောက၏အလင်း” ဖြစ်ကြပါ၏။ (ဃု ၂၀၈.၁)

အိမ်မစ်ရှင်သည် မိသားစုဝင်များကို ကျော်ထွက်သွားနိုင်သည်။ ခရစ်ယာန်အိမ်ထောင်သည် လက်တွေ့သင်ခန်းစာတစ်ခုဖြစ်၏။ အသက်တာမှန်သောအခြေခံစည်းမျဉ်းများ၏ပြောင်မြောက်သောလက်တွေ့သရုပ်ပြချက်လည်းဖြစ်သည်။ ယင်းလက်တွေ့သရုပ်ဖော်ချက်သည် လောကကောင်းကျိုးအတွက် အစွမ်းတစ်ရပ်ဖြစ်ပါသည်။ မည်သည့်ဟောပြောချက်များထက်မဆိုပို၍အားကောင်းတန်ခိုးပါသောဒေသနာသည် လူသားနှလုံးသားအတွင်းနှင့်အသက်ရှင်မှုအပေါ်၌ မှန်သောအိမ်ထောင်စုသြဇာအကြောင်းဖြစ်သည်။ လူငယ်တစ်ယောက်သည် ထိုအိမ်ထောင်စုမှအဝေးသို့ ရောက်သွားလျှင်လည်း သူတို့အား သွန်သင်ပေးလိုက်သောသင်ခန်းစာများပါသွားသည်။ ဘဝင်မြင့်မြတ်သောစည်းမျဉ်းများကို အခြားအိမ်ထောင်စုများဆီသို့ လက်ကမ်းပေးနိုင်၍ ရပ်ကွက်နယ်ပယ်တစ်ဝန်းတွင် သြဇာလွှမ်းမိုးမြှင့်တင်သွားနိုင်၏။ (ဃ ၂၀၈.၂)

ခရစ်ယာန်ဘာသာကိုးကွယ်မှု၏အစွမ်းကို အကြီးမားဆုံးသက်သေအဖြစ် လောကသို့တင်ဆက်နိုင်သည့်အရာမှာ စနစ်ကောင်းသော၊ စည်းကမ်းရှိသောမိသားစုတစ်ခုပင်ဖြစ်သည်။ ဤအချက်သည်ပင် သမ္မာတရားကိုထောက်ခံခြင်းဖြစ်၍ အခြားမရှိနိုင်။ အဘယ်ကြောင့်ဆိုသော် လူ့နှလုံးသားများအပေါ် လက်တွေ့တန်ခိုးပါသော၊ သက်ရှိသောသက်သေခံများဖြစ်သောကြောင့်တည်း။ (ဃ ၂၀၈.၃)

မြေကြီးပေါ်ရှိမိသားစုများသည် ကောင်းကင်ဘုံရှိမိသားစုအမှတ်လက္ခဏာဖြစ်ရမည်ဟူ၍ ထာဝရဘုရားပုံစံပြုထားသည်။ ခရစ်ယာန်အိမ်သည် ဘုရားစီမံတော်မူချက်အတိုင်း ဖွဲ့စည်းခြင်း၊ ညွှန်ပြခြင်းကိုခံယူသည်။ ခရစ်ယာန်စရိုက်လက္ခဏာများပုံစံတကျဖြစ်စေရန်နှင့် ဘုရားအမှုတော်ကိုရှေ့တိုးလုပ်ဆောင်နိုင်ရန်အလို့ငှါ ကိုယ်တော်၏အထိရောက်ဆုံးသော လုပ်ငန်းကြီးဖြစ်ပါသည်။(ဃ ၂၀၈.၄)

ကျွန်ုပ်တို့၏သြဇာသက်ရောက်မှုနယ်မြေသည် ကျဉ်းမြောင်းလာသည်။ ကျွန်ုပ်တို့၏စွမ်းရည်လည်း သေးနုပ်ပါသည်။ ကျွန်ုပ်တို့၌ အခွင့်အရေးလည်းနည်းပါသည်။ ကျွန်ုပ်တို့ရယူနိုင်တာလည်း အကန့်အသတ်ရှိ၏။ သို့တိုင်

အစွမ်းထက်သောဖြစ်နိုင်ချေများစွာသည် ကျွန်ုပ်တို့၌ရှိသည်ဖြစ်၍ ကိုယ်နေအိမ်များ၌ သစ္စာရှိ၍ အသုံးရသောအခွင့်အရေးများဖြစ်လာသည်။ အကယ်၍ ကျွန်ုပ်တို့သည် နှလုံးကိုဖွင့်၍ အိမ်များကိုအသက်ရှင်သောကောင်းကင်ဘုံစည်းကမ်းအတိုင်းနေထိုင်လျှင် အသက်ပေးသော၊ တန်ခိုးပါသောရေစီးလမ်းကြောင်းများဖြစ်လာပါလိမ့်မည်။ ကျွန်ုပ်တို့၏နေအိမ်များမှသည် အနာရောဂါငြိမ်းချမ်းခြင်းစီးဆင်းသွားလိမ့်မည်။ ယခုကာလအကျိုးမဲ့၍ လုံးပါးပါးနေရာမှသည် အသက်ရှင်မှု၊ လှပမှု၊ ကောင်းကျိုးအပြည့်ရှိမှုတို့ရောက်လာ မည်။ (ဃ ၂၀၉.၁)

## အိမ်နဖူးစည်းစာတန်းရွေးချယ်ခြင်း

စာတန်မာရ်နတ်သည် ဘုရားသခင်ရွေးနုတ်ခြင်းခံရသူဟု ကြွေးကြော်နေသောသူများ၏နေအိမ်နဖူးစည်း၌ သူ့စာတန်းကိုချိတ်ဆွဲရန် ကြံစည်နေသည်ဟု ကျွန်ုပ်မြင်မိသည်။ ထို့ကြောင့် အလင်းသို့ရောက်သူများသည် ပြိုင်ဘက် စာတန်၏အနက်ရောင်နဖူးစည်းစာတန်းနှင့် ခရစ်တော်၏သွေးစွန်းသော စာတန်းကို သိမှတ်ခွဲခြားထုတ်ယူနိုင်ရမည်။ (ဃ ၂၀၉.၂)

## မိသားစုဝတ်ပြုကိုးကွယ်မှု၏အရေးပါမှု

ဘုရားကိုချစ်ပါသည်ဟု ပြောသောသင်တို့သည် သွားလေရာရာ သခင်ယေရှုကို ယူတင်သွားပါ။ သက်ကြီးဦးစီးပြုသူရှေးလူများကဲ့သို့ တဲရှင်စခန်းစိုက်ရာအရပ်ရောက်တိုင်းတွင် ဘုရားသခင်၏ပူဇော်ယဇ်ပလ္လင်ကို ထူကြရမည်။ ဤကဲ့သို့အလေးအမြတ်ထားသောနေရာချထားရေးတစ်ခုလိုအပ်သည်။ လေးနက်သော၊ ကျယ်ဝန်းသောနေရာချထားရေးဖြစ်သည်။ (ဃ ၂၀၉.၃)

စာတန်မာရ်နတ်သည် လူတွေဘုရားသခင်ထံမှ ဝေးရာအရပ်ရောက်သွားဖို့ နည်းမျိုးစုံဖြင့် ကြိုးပမ်းနေပါသည်။ လူတွေရဲ့ဘာသာရေးကိုးကွယ် မှု၊ ဘဝအလုပ်စီးပွားလုပ်ငန်းအောက်ရောက်သွားသောအခါ စာတန်၏ရည်ရွယ်ချက်အောင်မြင်နေပါသည်။ လူ့စိတ်အာရုံကို စီးပွားရေးနယ်ပယ်အထဲမှာနစ်မြုပ်

ဝင်နေစေသောကြောင့် လူတွေကျမ်းစာဖတ်ရန် အချိန်မပေးနိုင်တော့ပါဘူး။ တိတ်ဆိတ်အရပ်သို့သွား၍ ဆုမတောင်းကြတော့ပါဘူး။ ကျေးဇူးတော်ကို ချီးမွမ်းခြင်းကိုဆက်လုပ်ဖို့နဲ့ နံနက်၊ ညနေဝတ်ပြုရာပလ္လင်တွေအပေါ်မှာ ကျေးဇူးတော်ယဇ်ကိုလည်း မပူဇော်နိုင်ကြတော့ပါ။ (ဃ ၂၀၉.၄)

မိသားစုဝတ်ပြုပွဲသည် ကြည်နူးဖွယ်၊ စိတ်ဝင်စားဖွယ်ဖြစ်ပါစေ။

သူတို့ကလေးတွေကို ဆုတောင်းချိန်မှာလေးစားမြတ်နိုးမှုရှိဖို့ သင်ပေးပါ။ နံနက်တိုင်း စောစောအိပ်ရာကထပြီး မိသားစုဆုတောင်းပွဲကို တက်ရောက်စေရမည်။ (ဃ ၂၀၉.၆)

ကလေးများသည် ဘာသာရေးကို စက်ဆုပ်တွန်းကန်မနေရအောင် ဆွဲဆောင်မှုရှိစေရပါမည်။ မိသားစုဝတ်ပြုပွဲအချိန်သည် နေ့တစ်နေ့၏ပျော်စရာအကောင်းဆုံးအချိန်ဖြစ်သင့်သည်။ ရွေကျမ်းချက်ဖတ်စေမည်ဆိုလည်း ရွေးရလွယ်ပြီး ရှင်းရှင်းလင်းလင်းရှိစေရမည်။ ကလေးတွေကို ဓမ္မသီချင်းဆိုခွင့်ပေးပါ။ တိုတိုတောင်းတောင်းအချက်ကျကျဆုတောင်းတတ်ပါစေ။ (ဃ ၂၁၀.၁)

မိသားစုအိမ်၊ မိသားစုဝတ်ပြုပွဲသို့ ဧည့်သည်များကိုလည်း ဖိတ်ခေါ်ပါက ဆုတောင်းချိန်ခါသည် ဖိတ်ခေါ်လာရောက်နားဆင်သူအဖို့ စိတ်ညွတ်စေပါသည်။ တစ်ကြိမ်တစ်ခါအလည်ရောက်သည်ပင်လျှင် ဝိညာဉ်တစ်ခုကို သေခြင်းမှကယ်တင်လိုက်နိုင်ပါသည်။ ဤအမှုတော်ကို ထာဝရဘုရားလက်ခံတော်မူ၏ဟု မိန့်ဆိုပါ၏။ “ငါသည် အပြစ်တရားကို စီရင်ပိုင်၏။” (ဃ ၂၁၀.၂)

ကလေးများသည် ဆုတောင်းချိန်ကို လေးစားမြတ်နိုးခြင်းရှိဖို့ သင်ပေးရမည်။ အလုပ်သွားဖို့နေအိမ်မှမထွက်ခွာသွားကြမီ မိသားစုအားလုံးကို စုဝေးခေါ်ယူ၍ အဖဘုရားသခင်၏မျက်မှောက်တော်၌ အဖေ၊ အမေဖြစ်သူတို့က မိသားစုကိုတစ်နေ့တာစောင့်ရှောက်တော်မူပါရန် စိတ်ထက်သန်စွာတောင်းပန်ဆုတောင်းရမည်။ စိတ်နှလုံးနူးညံ့ခြင်းနှင့် ကြင်နာသောနှလုံးကိုချီ၍ အပြစ်

သွေးဆောင်ခံရခြင်းနှင့်အန္တရာယ်ရှိခြင်းကို ထင်ရှားစေပြီး ယဇ်ပလ္လင်ထက်၌ သူတို့ကလေးတွေကို တင်လှူလိုက်သကဲ့သို့ ထာဝရဘုရားသည် သူတို့ကို စောင့်ရှောက်ကာကွယ်စေလိုတော်မူကြောင်း တောင်းပန်တိုးလျှိုး၍ ဆုတောင်းပေးပါ။ ထာဝရဘုရားသခင်ထံ၌ နှစ်မြှုပ်ဆက်ကပ်ထားကြသူကလေးများအား ကောင်းကင်တမန်များက ပြုစုစောင့်ရှောက်သွားလိမ့်မည်။ ဤအမှုသည် နံနက်ချိန်နှင့်ညနေခင်းချိန်ရောက်တိုင်းပြုလုပ်ရမည့် ခရစ်ယာန်မိဘများ၏တာဝန်ဖြစ်သည်။ အပြင်းအထန်ဆုတောင်းပေးခြင်းနှင့် ခွဲကောင်းကောင်းယုံကြည်ခြင်းရှိခြင်းအားဖြင့် ကလေးများကို ဘုရားသခင်ထံ၌ ကန့်သတ်မှုပြုရပါမည်။ ဘုရားသခင်ကို ကြည်နူးဝမ်းမြောက်စေအောင်ဘယ်လိုအသက်ရှင်နေထိုင်ရမည့်အကြောင်း ကြင်ကြင်နာနာနှင့်မမောမပန်းဆက်ဆက်သွန်သင်ပေးနေကြရမည်သာတည်း။ (ဃ ၂၁၀.၃)

"ထာဝရဘုရား၏အဆွေ" ဟုခေါ်ရသောအာဗြဟံသည် အဖိုးတန်သောနမူနာကို ချမှတ်ပေးခဲ့သည်။ လူ့ဘဝသည် ဆုတောင်းအသက်ရှင်မှုဘဝဖြစ်သည်။ သူသွား၍ ရောက်ရာအရပ်၌ တဲရှင်စိုက်ပြီးသည့်အခါတိုင်းမှာ ဘေးနားမှာယဇ်ပလ္လင်ကိုတည်ပြီး နံနက်၊ ညနေယဇ်ပူဇော်ချိန်ရောက်တိုင်း သူ့တဲစခန်းတွင်ရှိ လူတိုင်းကိုခေါ်ယူ၍ ဝတ်ပြုစေခဲ့သည်။ သူ့တဲစခန်းရွှေ့သွားသောအခါ ယဇ်ပလ္လင်ခုံကျန်ရစ်ခဲ့၏။ နောက်ပိုင်းနှစ်များ၌ အာဗြဟံ၏လမ်းညွှန်ခြင်းကိုနာခံခဲ့ရသူခါနာန်မျိုးနွယ်စုတို့သည် ရွှေ့ပြောင်းလှည့်လည်သွားလာရင်း ယင်းနေရာသို့ရောက်လာကြသောအခါ ယဇ်ပလ္လင်၌ပြုခဲ့သမျှကို မှတ်မိသိရှိသူတစ်ဦးဦးရှိနေခဲ့သည်ဖြစ်၍ သူ့တဲကိုသူစိုက်ပြီးလျှင် ယဇ်ပလ္လင်ကိုပြန်ပြုပြင်တတ်သည်။ ထိုနေရာတွင် အသက်ရှင်သောထာဝရဘုရားကို ရှိခိုးပူဇော်ကြကုန်၏။ (ဃ ၂၁၀.၄)

# အခန်း (၂၂)
# ဆုတောင်းခြင်းနှင့်မစ်ရှင်အစည်းအဝေး

ထိရောက်သောဆုတောင်းခြင်း၏လျှို့ဝှက်ချက်

ဘုရားသခင်၏နိုင်ငံတော်ကို တိုးတက်တည်ထောင်ခြင်းသည် လူသားအင်နီးအတာထဲ၌ သစ္စာရှိခြင်း (သို့မဟုတ်) သစ္စာမရှိခြင်းအခြေအနေအရ နှောင့်နှေးစေနိုင်သလို ရှေ့ဆက်ဆောင်ရွက်ကြရန်လည်း ဆော်ဩတိုက်တွန်းနိုင်သည်။ အမှုတော်မြတ်သည် ကောင်းကင်ဘုံရှင်နှင့်ပူးပေါင်းလုပ်ဆောင်ရန် လူသား၏ကျရှုံးခြင်းက အတားအဆီးဖြစ်နေသည်။ လူသားတို့ဆုတောင်းနိုင်ကြပါသည်။ "နိုင်ငံတော်တည်ထောင်ပါစေသော၊ အလိုတော်သည် ကောင်းကင်ဘုံ၌ ပြည့်စုံသကဲ့သို့ မြေကြီးပေါ်မှာပြည့်စုံပါစေသော" ဟူ၍။ သို့ရာတွင် သူတို့သည် ဤဆုတောင်းချက်ကို သူတို့ဘဝထဲ၌ လက်တွေ့အကောင်အထည်ဖော်ရန် ဆုံးရှုံးခဲ့လျှင် သူတို့တောင်းပန် စကားများသည် အကျိုးမဲ့လိမ့်မည် ဖြစ်သတည်း။ (ဃ ၂၁၁.၁)

ဆက်ကပ်လေ့ကျင့်မှုချိန်ခွင်လျှာ

မြေကြီးပေါ်မှာသက်ရှင်နေထိုင်သူများကို ကောင်းကင်ဘုံသည် ငုံ့ကြည့်လျက်ရှိ၏။ ကောင်းကင်ဘုံရှင်ဘုရားသခင်နှင့်ကောင်းကင်တမန်များသည် ခရစ်ယာန်ဟူ၍ မိမိကိုယ်မိမိကြွေးကြော်နေသူများကို စောင့်ကြည့်လျက်ရှိပြီး ထိုသူတို့၏ဆက်ကပ်လေ့ကျင့်ခြင်းကိုလည်း ချိန်တွယ်မှတ်သားနေပါသည်။ (ဃ ၂၁၁.၂)

အစည်းအဝေးကိုစိတ်ဝင်စားအောင်လုပ်ခြင်း

မစ်ရှင်အစည်းအဝေးများသည် တက်ရောက်လာသူများအား မည်သို့မစ်ရှင်အမှုဆောင်ရွက်ရမည့်အကြောင်းကို သွန်သင်ပေးခြင်းဖြင့် ရည်ရွယ် လုပ်ဆောင်ကြပါစို့။ (ဃ ၂၁၁.၃)

ကျွန်ုပ်တို့၏ဆုတောင်းခြင်း၊ ရင်းနှီးတွေ့ဆုံခြင်းများသည် အထူးကူညီမစခြင်းနှင့်အားပေးစကားပြောခြင်းအချိန်ကာလများဖြစ်ရမည်။ လူတိုင်းသည် ဤစုဝေးတွေ့ဆုံခြင်းကို စိတ်ပါဝင်စားကြပြီး ဖြစ်နိုင်ချေအကျိုးထွက်စေဖို့ပါဝင်လုပ်ဆောင်ကြရမည်။ ဤအမှုကိုဘုရားသခင်၏အရာများ၌ နေ့စဉ်လန်းဆန်းသောအတွေ့အကြုံများကို ခံယူခြင်းအားဖြင့် အကောင်းဆုံးလုပ်ဆောင်ကြရမည်။ ဘုရားသခင်၏လူများအရှေ့၌ ဘုရားသခင်၏မေတ္တာကရုဏာတော်အကြောင်းများပြောကြဖို့ တုံ့နှေးမနေသင့်ကြ။ သင်သည် အမှောင်တရားနှင့်မယုံကြည်ခြင်းကို သင့်စိတ်ထဲသို့သွင်းယူမလာခဲ့ပါလျှင် သင်ရှိသောအစည်းအဝေးများ၌ ထိုအရာများကို သူတို့ပြောနိုင်ကြလိမ့်မည်။ (ဃ ၂၁၁.၄)

အစည်းအဝေးများကို ကြီးစွာစိတ်ဝင်စားလျက် ပါဝင်သင့်၏။ ကောင်းကင်ဘုံအရပ်ထိတိုင်သို့ပင် သူတို့ပျံ့နှံ့ဝင်ရောက်လျက်ရှိသင့်ပါသည်။ စိတ်ဝင်စားစရာမကောင်းသောစကားကြာကြာပြောခြင်းနှင့်ထုံးစံအတိုင်းဆုတောင်းခြင်းများအားဖြင့် အချိန်ကုန်ဖို့သက်သက်မလုပ်ကြပါနှင့်။ လူတိုင်းသည် သူတို့ပါဝင်ရမည့်အပိုင်းကို ချက်ချင်းပါဝင်ဖို့အဆင်သင့်ဖြစ်နေစေရမည်။ အစီအစဉ်ပြီးသည်နှင့် အစည်းအဝေးကို ရုပ်သိမ်းသင့်သည်။ စိတ်ဝင်စားစရာအကြောင်းကို နောက်ဆုံးတင်ဆက်ရမည်။ ဤသို့ဘုရားသခင်ကိုဆက်ကပ်ခြင်းသည် လက်ခံဖွယ်သောဝတ်ပြုခြင်းဖြစ်သည်။ ကိုယ်တော်ရှင်ကိုဝတ်ပြုခြင်းသည် စိတ်ဝင်စားမှု၊ ဆွဲဆောင်မှုရှိရမည်။ ခြောက်သွေ့သောပုံစံနှင့်နောက်ပြန်ဆွဲသည်ကို ခွင့်မပြုသင့်ကြပါ။ ကျွန်ုပ်တို့သည် ခရစ်တော်အတွက်မိနစ်အလိုက်၊ နာရီအလိုက် တစ်ရက်ပြီးတစ်ရက် အသက်ရှင်နေကြရမည်။ ခရစ်တော်သည်လည်း ကျွန်ုပ်တို့အထဲ၌ တည်နေမည်။ ကျွန်ုပ်တို့သည် အတူတကွစည်းဝေးကြသောအခါ သခင်ဘုရား၏မေတ္တာတော်သည် ကျွန်ုပ်တို့၏နှလုံးသားအတွင်းသို့ရောက်ရှိပြီး ကန္တာရထဲ၌ စိမ့်စမ်းရေစီးနေသကဲ့သို့ တစ်ကိုယ်လုံးကို လန်းဆန်းစေလိမ့်မည်။ ပျက်စီးပျောက်ဆုံးလုနီးပါးဖြစ်နေသူများကို အသက်ရေသောက်စေရန် စိတ်အားထက်သန်စေလိမ့်မည်။ (ဃ ၂၁၁.၅)

မစ်ရှင်စည်းဝေးပွဲကိုတက်ရောက်ပြီး ဒေသနာကိုကြာရှည်ဟောပြော ခြင်းအားဖြင့် လူငယ်တို့၏စိတ်ဝင်စားမှုကို နိုးကြွစေလိမ့်မည်ဟူ၍ မတွေး လိုက်ပါနှင့်။ စိတ်ဝင်စားစေသောစီမံကိန်းလမ်းကြောင်းကသာ သူတို့ကိုနိုးကြွ စေပါသည်။ လူငယ်တွေမှာ အပတ်စဉ်တိုင်းသူတို့ရဲ့အစီရင်ခံစာများကို ယူလာ ခဲ့ကြသည်။ သခင်ဘုရားအတွက် ဘာတွေကြိုးစားလုပ်ဆောင်ခဲ့ကြောင်းနှင့် ဘာတွေအောင်မြင်ပြီးစီးခဲ့သည့်အကြောင်းများပါရှိသည်။ ဤကဲ့သို့သောအစီ ရင်ခံစာများကို အစည်းအဝေး၌ တင်သွင်းချိန်ရခဲ့လျှင် ပျင်းစရာ၊ ငြီးငွေ့စရာ၊ စိတ်မဝင်စားနိုင်စရာမရှိတော့ပါ။ စိတ်ဝင်စားခြင်းအပြည့်ဖြစ်ပြီး အစည်းအဝေး ပျက်ကွက်သူမရှိဖြစ်လာပါလိမ့်မည်။ (ဃ ၂၁၂.၁)

ခရစ်တော်အပေါ် ယုံကြည်ခြင်းရှိလာသောအခါ သမ္မာတရားသည် ဝိညာဉ်အဖို့ ဝမ်းမြောက်စရာဖြစ်၏။ ဘာသာရေးဝတ်ပြုပွဲများသည်လည်း ပျင်းစရာစိတ်မပါစရာမဖြစ်ပါ။ သင်တို့၏လူမှုရေးအစည်းအဝေးသည် ရိုးစင်း ၍ဝိညာဉ်သဘောမပါလျှင် သန့်ရှင်းသောဝိညာဉ်တော်နှင့် အသက်သွင်းပေး ရလိမ့်မည်။ ခရစ်ယာန်ဘာသာကိုးကွယ်ခြင်းကို သင်ကြွေးကြော်၍ လက်တွေ့ လုပ်ဆောင်နေသည်နှင့်အမျှ ကြွယ်ဝသောအတွေ့အထိကို သင်နေ့စဉ်ရလိမ့် မည်။ (ဃ ၂၁၂.၂)

## ကိုယ်တွေ့ဖြစ်ရပ်သက်သေခံခြင်း

ခရစ်တော်၏နောက်လိုက်များသည် ခရစ်ယာန်အသက်ရှင်မှု၌ ထုတ်ပြောသောစကားများအားဖြင့် တစ်ယောက်ကိုတစ်ယောက်ကူညီခြင်း၊ အားပေးခြင်းရှိရမည်။ လုပ်ဆောင်ခြင်းထက် ပိုပိုသာသာကျွန်ုပ်တို့၏အတွေ့ အကြုံများထဲက အဖိုးတန်အခန်းပိုင်းကို ပြောထုတ်တတ်ဖို့လိုပါသည်။ (ဃ ၂၁၂.၃)

အသင်းတော်သည် ဘုရားသခင်နှင့်အတူ ဘုန်းတော်ဝင်စားလေ့ရှိ သောအသင်းသူ/အသင်းသားများ၏လန်းဆန်းသော၊ အသက်ရှင်သောကြုံတွေ့ ရခြင်းများကို လိုအပ်သည်။ခြောက်သွေ့ငြီးငွေ့ဖွယ်သက်သေခံခြင်းနှင့်ဆုတောင်း

ခြင်းများ၊ ခရစ်တော်အကြောင်းကိုပြောဆိုခြင်းမရှိခြင်းများသည် လူတွေကို ကူညီရာရောက်မည်မဟုတ်။ အကယ်၍သာဘုရားသားသမီးများဖြစ်ကြသည်ဟု မိမိကိုယ်မိမိကြွေးကြော်နေကြသူများသည် ယုံကြည်ခြင်း၊ အလင်း၊ အသက် တို့နှင့်ပြည့်ဝနေခဲ့ကြပါသော် သမ္မာတရားသတင်းကောင်းကြားနာရန် ရောက်လာ ကြသည့်သူများအား အဘယ်မျှအံ့ဖွယ်သက်သေပေးနိုင်ကြလေမလဲ။ လူတွေ ကိုဘယ်လောက်များများခရစ်တော်ရစေလိုက်မလဲ။ (ဃ ၂၁၂.၄)

ကိုယ်တော်ရှင်၏ကတိသစ္စာတည်ခြင်းကို ကျွန်ုပ်တို့ဝန်ခံခြင်းသည် ဤကမ္ဘာကြီးအား ခရစ်တော်အကြောင်းဖော်ပြပေးရန် ကောင်းကင်ဘုံမှရွေးချယ် ခန့်အပ်ထားသောအင်အားစုဖြစ်သည်။ ထာဝရဘုရား၏ကျေးဇူးတော်ကို ရှေးကာလသန့်ရှင်းသူများမှတစ်ဆင့် ကျွန်ုပ်တို့သိရှိခဲ့ရပါသော်လည်း အထိ ရောက်ဆုံးအသိသည် ကိုယ်တွေ့ဖြစ်ရပ်များကို သက်သေခံခြင်းမှဖြစ်သည်။ ကောင်းကင်ဘုံမှတန်ခိုးဖြင့် ပြုစုတော်မူသည်ကို ကျွန်ုပ်တို့၏ကိုယ်၌ထင်ရှား လျှင် ကျွန်ုပ်တို့သည် ဘုရားသခင်၏သက်သေခံများဖြစ်ကြသည်။ ပုဂ္ဂိုလ် တိုင်းသည် အခြားသူများနှင့်မတူ ထူးခြားသောဘဝအတွေ့အကြုံတစ်ခုရှိတတ် ကြသည်။ တွေ့ကြုံရခြင်းများသည်လည်း အခြားသူများနှင့်မတူနိုင်ပါ။ ဘုရား သခင်အလိုတော်ရှိ၍ ကိုယ်တော်ကိုကျွန်ုပ်တို့ချီးမွမ်းသောအသံသည် အထက် သို့လျှံတက်ရောက်ရှိသွားသောအခါ လူပုဂ္ဂိုလ်တစ်ဦးချင်းအလိုက်ကို ကိုယ်တော် မှတ်သားတော်မူမည်။ ဤသို့မြတ်နိုးအပ်သောသိမှတ်တော်မူခြင်းသည် ကျေးဇူးတော်ဘုန်းအသရေကို ချီးမွမ်းခြင်းဖြစ်၍ ခရစ်တော်နည်းတူ အသက် ရှင်သောဘဝနှင့်ရပ်တည်လာသောအခါ တားဆီးမရနိုင်သောတန်ခိုးတော်စွမ်း အားသည် ဝိညာဉ်များကယ်တင်ခြင်းကို လုပ်ဆောင်၏။ (ဃ ၂၁၃.၁)

## ချီးမွမ်းခြင်းဝတ္တရားရှိသည့်အတိုင်း၊ ကျေးဇူးတော်ချီးမွမ်းပါ

စိတ်နှလုံးပါလျက်၊ အပြည့်အဝဘုရားသခင်ကိုချီးမွမ်းခြင်းသည် ဆုတောင်းခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် လောကနှင့်ကောင်းကင်နိုင်ငံသား တို့ကိုပြောပြရမည်မှာ ကျရှုံးသောလူသားများကို အံ့ဖွယ်မေတ္တာနှင့်ချစ်တော်

မူသည့်ထာဝရဘုရားအား ကျေးဇူးတင်ကြောင်းနှင့် ကိုယ်တော့်ထံမှ အနန္တ ပြည့်စုံတော်မူခြင်း၏ကောင်းချီးမင်္ဂလာကို ပို၍ပို၍မျှော်လင့်ခြင်းရှိကြောင်းပင် တည်း။ သန့်ရှင်းသောဝိညာဉ်တော်အထူးသွန်းလောင်းခြင်းခံရပြီးနောက် သခင် ဘုရား၌ ကျွန်ုပ်တို့၏ဝမ်းမြောက်ခြင်းနှင့်ကိုယ်တော့်အမှုတော်ကို ကျွမ်းကျွမ်း ကျင်ကျင်ဆောင်ရွက်နိုင်ခြင်းသည် အမွေခံသားသမီးများအပေါ်ဝယ် ကိုယ်တော် ၏ကောင်းမြတ်ခြင်းနှင့်အံ့ဖွယ်မစတော်မူခြင်းတို့ကို ဖြည့်စွက်ရေတွက်လျှင် များစွာတိုးပွားလာပါသည်။ ဤအလေ့အကျင့်သည် စာတန်မာရ်နတ်၏တန်ခိုး ကိုနောက်ဆုတ်သွားစေပါသည်။ ညည်းညူသံ၊ ဆင်ခြေပေးသံကို မောင်းထုတ် လျှင် ဒေါသသည် နေရာမရတတ်။ ထိုသူတို့သည် ပင်ကိုယ်စရိုက်လက္ခဏာ အရည်အချင်းကို ကောင်းကင်ဘုံအိမ်ကဲ့သို့ မြေကြီးပေါ်မှာ အခြေချနေရာ ကျစေရေးအတွက် ရိတ်သိမ်းယူတတ်ကြသည်။ ဤသက်သေသည် အခြား သူများကို လွှမ်းမိုးဩဇာသက်ရောက်လေသည်။ ခရစ်တော်ဆီသို့ ဝိညာဉ် များစွာအောင်နိုင်ပို့ဆောင်ရေးတွင် ဤနည်းအတိုင်း လုပ်ဆောင်ခြင်းထက် ပိုမိုထိရောက်သောအခြားနည်းမရှိတော့ပါ။ (ဃ ၂၁၃.၂)

ဘုရားသခင်သည် ကိုယ်တော်၏ကောင်းမြတ်ခြင်းကို ကျွန်ုပ်တို့ကို သိစေရန် အလိုတော်ရှိသလို တန်ခိုးတော်အကြောင်းလည်း ပြောဆိုရန် လိုလား သည်။ ကျွန်ုပ်တို့သည် ကိုယ်တော်ကိုချီးမွမ်းခြင်းနှင့် ကျေးဇူးတော်ချီးမွမ်း ခြင်းများအားဖြင့် ဂုဏ်ပြုခြင်းကိုခံယူတော်မူပါသည်။ “ကျေးဇူးတော်ချီးမွမ်း ခြင်းယဇ်ကို ပူဇော်သောသူသည် ငါ၏ဘုန်းကိုထင်ရှားစေသောသူဖြစ်၏” ဟု ဘုရားသခင်မိန့်တော်မူခဲ့ပါ၏။ ဣသရေလလူမျိုးတော်တို့သည် တောအရပ် ၌ ခရီးလှည့်လည်နေသည့်အခါ အထွတ်အမြတ်သီချင်းလုပ်ဆိုသွားကြသည်။ လမ်းခရီးတစ်လျှောက်လုံး၌ ချီးမွမ်းခြင်းသည် ဘုရားဖူးခရီးသွားသီချင်းဖြစ် ရ၏။ ခါနာန်ပြည်တွင် အထွတ်အမြတ်ပွဲသဘင်များကို သူတို့ကျင်းပတိုင်း ဘုရားသခင်၏အံ့ဩဖွယ်မစတော်မူခြင်းများဖြည့်စွက်ရေတွက်၍ ကြီးစွာ ကျေးဇူးတော်ချီးမွမ်းခဲ့ကြပါသည်။ ဤသို့ဖြင့် ထာဝရဘုရားသည် မိမိလူတို့ ၏အသက်တာကို ကျေးဇူးတော်ချီးမွမ်းခြင်းအသက်တာဖြစ်စေလို၏။ (ဃ ၂၁၃.၃)

အန္တရာယ်ပေါ်လစီတစ်ခု

အချို့သူတို့သည် မြေကြီးဘဏ္ဍာပျောက်ဆုံးလိမ့်မည်ဟူ၍ ကြောက်နေကြသည်။ သူတို့ကိုယ်သူတို့ဘုရားသခင်အားဝတ်ပြုရန်အတွက် စည်းဝေးသဘင်သို့သွားခြင်း၊ ဆုတောင်းခြင်းတို့ကို မေ့ထားလိုက်သည်။ ထိုအစား သူတို့၏လယ်မြေနှင့်စီးပွားလုပ်ငန်းခွင်ထဲ၌ အချိန်ပိုပေး၍ မြှုပ်ထားလိုက်ကြသည်။ မည်သည့်လောကအပေါ်၌ သူတို့အမြင့်ဆုံးတွက်ချက်နေရာချထားသည်ကို သူတို့အလုပ်က ပြောနေသည်။ သူတို့၏ဝိညာဉ်ရေးရာတိုးတက်ရေးအတွက် မရှိမဖြစ်လိုအပ်သောဘာသာရေးအခွင့်ထူးကို ဤဘဝအရာများရယူနိုင်ဖို့ သူတို့စွန့်ပစ်နေကြသည်။ ကောင်းကင်ဘုံအလိုတော်အသိတရားလက်ကိုင်ထားရန် ပျက်ကွက်ကြ၏။ ခရစ်ယာန်စရိုက်လက္ခဏာများလျော့ပါးလာကြသလို ဘုရားသခင်၏စံနှုန်းကိုလည်း မမီကြတော့ပါ။ သူတို့သည် လောကီရေးရာနှင့်လောကအကျိုးကိုသာ ရှေ့တန်းတင်သောကြောင့် ဘုရားသခင်၏ဝတ်ကိုပြုရသည့်ကိုယ်တော်၏အချိန်ကို ခိုးယူကြ၏။ ဤလူမျိုးကို ဘုရားသခင်မှတ်တော်မူပြီး ကိုယ်တော်ထံမှကောင်းချီးမင်္ဂလာရသည့်ထက် အကျိန်ကိုပဲရလိမ့်မည်။ (ဃ ၂၁၄.၁)

သက်သာခွင့်ပေးသောကတိတော်တစ်ရပ်

ဘုရားသခင်သည် လူတွေအတူတကွစည်းဝေး၍ နာမတော်၌ အာရုံခံနေကြသူများကို အောက်မေ့တော်မူသည်။ ထိုသူများကို လောင်မီးဘေးဒဏ်ကြီးဒုက္ခမှ ကယ်လွှတ်တော်မူလိမ့်မည်။ သူတို့ကိုလည်း မျက်မှောက်တော်၌ အဖိုးတန်ရတနာများဖြစ်သည်ဟု မှတ်ယူတော်မူလိမ့်မည်။ (ဃ ၂၁၄.၂)

## အခန်း (၂၃)
## သာသနာပြုလုပ်ငန်းဆိုင်ရာလမ်းကြောင်းများ

မျက်မမြင်အတွက်စဉ်းစားပေးခြင်း

တကယ့်မျက်စိမမြင်ကြသောဘုရားသားသမီးများအား ပြုစုပေးရန် ကောင်းကင်တမန်များကို ဘုရားစေလွှတ်ထားသည်။ ကောင်းကင်တမန်များသည် သူတို့၏ခြေလှမ်းများကို စောင့်ရှောက်၍ သူတို့မသိလိုက်သည့်ဘေးအန္တရာယ် ပေါင်းထောင်သောင်းများစွာမှ သူတို့အားကယ်နုတ်ပေးသည်။ သူတို့ကိုလမ်း ဖြောင့်ဖြောင့်သွားစေနိုင်ခဲ့သည်။ (ဃ ၂၁၅.၁)

ဘုရားသခင်၏လူများဆုတောင်းနေကြစဉ် မျက်မမြင်နှင့်ဖျားနာသူ များကို သူတို့အထဲမှဖယ်ထုတ်ထားပါက သူတို့၏ဆုတောင်းခြင်းများကို ကိုယ်တော်နားထောင်လိမ့်မည်မဟုတ်။ (ဃ ၂၁၅.၂)

အသင်းတော်ထဲတွင် မျက်စိမမြင်သူကို ထိမိ၍လဲစရာအကြောင်း လုပ်နေလျှင် ထိုသူကိုတရားခွင်တင်၍ စစ်ဆေးသင့်၏။ အဘယ်ကြောင့် ဆိုသော် ထာဝရဘုရားသည် ကျွန်ုပ်တို့ကိုမျက်မမြင်သူများ၊ ဒုက္ခရာဝေဒနာ သည်များ၊ မုဆိုးမများနှင့်မိဘမဲ့များအား စောင့်ရှောက်ပေးရန် ပညတ်တော် မှုထားသောကြောင့်ဖြစ်သည်။ ကျမ်းစာထဲ၌ ညွှန်းဆိုသော ထိမိ၍ လဲစရာ ကျောက် ဆိုသည်မှာ မျက်မမြင်ကိုလဲစေရအောင် သူ့ခြေထောက်ရှေ့၌ သစ်သား တန်းချထားသည်ဟုမဆိုလိုပါ။ အဓိပ္ပါယ်မှာ သူတို့အထဲရှိမျက်မမြင် ညီအစ်ကိုများ၏ရပ်တည်မှု၊ အကျိုးရှိမှု၊ (သို့မဟုတ်) မျက်မမြင် ပိုင်ဆိုင်ပစ္စည်းကို တားဆီးပစ်မှုစသည့်မျက်မမြင်များနစ်နာစေဖို့ လိုက်လုပ်နေသောမည်သည့်အလုပ်မျိုးကိုမဆို ဆိုလိုသည်။ (ဃ ၂၁၅.၃)

မျက်စိမမြင်သူတစ်ယောက်သည် အမြင်အာရုံဆုံးရှုံးနေသောကြောင့် ဘက်ပေါင်းစုံကို အာရုံမပြုနိုင်ကြပါ။ အမှောင်ပိတ်ဖုံးနေသောသူတို့ရဲ့ကမ္ဘာ

အထဲ၌ လမ်းခရီးကိုမမြင်မကန်းစမ်းသွားနေသည်ကို မြင်ရသည်မှာ သူတို့သည် သနားခြင်း၊ စာနာခြင်းခံလိုက်ရ၍ ရင်ခုန်မည့်နှလုံးရှိမည်မထင်ရပါ။ တကယ်မာကျောပါသည်။ ဘုရားကျေးဇူးတော်အားဖြင့်သာလျှင် သူတို့နှလုံးသားကိုပျော့ပျောင်းစေရပါမည်။ (ဃ ၂၁၅.၄)

မိဘမဲ့များအားစောင့်ရှောက်ရေး

အောင်ခြင်း၌ သေခြင်းဝါးမျိုမခံရမီတိုင်အောင် မိဘမဲ့များကိုစောင့်ရှောက်ပေးသွားကြရမည်သာတည်း။ ကျွန်ုပ်တို့၏အသင်းတော်ထဲမှလူများသည် ကြင်နာသနားခြင်း၊ စာနာမေတ္တာထားခြင်းဖြင့် သူတို့ကိုယ်စားသူတို့ကိုလေ့ကျင့်စောင့်ရှောက်ပေးမသွားကြဘူးဆိုလျှင် သူတို့သည် နည်းလမ်းပေါင်းစုံနှင့်ဒုက္ခကြုံရ၊ ခံစားရဖို့သာရှိပါသည်။ "စွန့်ပစ်ထားသောဆင်းရဲသားများကို နေအိမ်သို့ပြန်ခေါ်သွင်းခဲ့ကြ" ဟု ဘုရားသခင်မိန့်တော်မူပါ၏။ ခရစ်ယာန်ဘာသာဝင်များသည် အိုးအိမ်အခြေအနေမဲ့သူတစ်ဦးချင်းစီအတွက် အဖေများ၊ အမေများအဖြစ် နေရာယူပေးရကြမည်။ မုဆိုးမများနှင့်မိဘမဲ့များ အတွက် စာနာမေတ္တာထား၍ ဆုတောင်းခြင်းနှင့်လက်တွေ့ကူညီ ခြင်းပြုသူများကို ဘုရားသခင့်မျက်မှောက်၌ ကိုယ်တော်အောက်မေ့ တော်မူသဖြင့် အကျိုးကိုတစ်မျိုးပြီးတစ်မျိုးရကြလိမ့်မည်။ (ဃ ၂၁၅.၅)

ဆင်းရဲသားကိုကြည့်ရှုကူညီခြင်း၊ ဒုက္ခသည်နှင့်အဖိနှိပ်ခံရသူကို ကြင်နာသနားခြင်း၊ မိဘမဲ့သူနှင့်မိတ်ဆွေဖွဲ့ခြင်း၊ ဤသို့ဖြစ်လျှင် သင်သည် သခင်ယေရှုနှင့်နီးကပ်စွာဆက်ဆံနေသူဖြစ်၏။ (ဃ ၂၁၆.၁)

စောင့်ရှောက်ကူညီပေးရမည့်မိဘမဲ့များစွာရှိပါသည်။ သို့ရာတွင် လူတိုင်းက ထိုအလုပ်ကိုစွန့်စားလုပ်နေမည်တော့မဟုတ်ပါ။ ဂရုစိုက်လုပ်ရသည်ထက် ပိုမိုလုပ်ဆောင်ပေးစရာတွေရှိသောကြောင့်လည်း သူတို့စွန့်ပစ်ထားခဲ့သည်။ သို့သော် သူတို့ကိုယ်သူတို့ ပျော်စရာလုပ်ဖို့အချိန်နည်းနည်းတော့ရှိပါ၏။ သခင်ဘုရားဘုရင်ကြွလာတော်မူသောအခါ စုံစမ်းစစ်ဆေးခြင်းရှိ

လိမ့်မည်။ မိဘမဲ့များအတွက် ဘာမျှမလုပ်သူ၊ သဘောမကောင်းသူ၊ တွန့်တိုဆန် သောဝိညာဉ်ဆိုးရှိသူများ လေ့လာသိမှတ်ရမည်မှာ ကောင်းကင်ဘုံသည် ခရစ်တော်အတွက် မိမိကိုယ်ကိုငြင်းပယ်၍ တကယ်အလုပ်လုပ်သူများအတွက် သာဖြစ်ကြောင်းပင်တည်း။ မိမိကိုယ်ဖို့နှင့်မိမိအတွက်သာလျှင် အထူးဂရုစိုက်ချစ်တတ်ပြီး ကိုယ်ကျိုးမျှော်၍ အမြဲလုပ်ကိုင်နေသူများအတွက် မစကူညီရန် လျာထားပေးမထားပါ။ ဤအမှု၌ သခင်ဘုရားဘုရင်သည် လက်ဝဲတော်ဘက်သို့ရောက်လာသူများအားကြောက်ခမန်းလိလိပြစ်ဒဏ်ပေးမည်ဟု မာန်ပြင်တော်မူသည်မှာ ထိုသူတို့ပြုခဲ့သော ပြစ်မှုကြီးကြောင့် မဟုတ်ပါ။ ဤတွင် သူတို့လုပ်ခဲ့သောအပြစ်များအတွက် ပြစ်ဒဏ်ကျခံရသည်မဟုတ်ပါ။ သူတို့လုပ်သင့်လျက်နှင့် မလုပ်ခဲ့ကြ သည့်အတွက် ပြစ်ဒဏ်ခံကြရမည်ဖြစ်၏။ ကောင်းကင်ဘုံမှတာဝန် သတ်မှတ်ပေးသည့်အရာများကို သူတို့မလုပ်ခဲ့သည့် အတွက်ကြောင့်ဖြစ်သည်။ ထိုသူများသည် သူတို့ကိုယ်တိုင်အတွက်သာလျှင် ပျော်စရာရှာပြီး ကိုယ်တိုင် ပျော်စရာဖြစ်မည့်အပိုင်းကိုပဲ သူတို့ရွေးလုပ်တတ်ကြသည်။ (ဃ ၂၁၆.၂)

ခရစ်တော်သည် သူ့နောက်လိုက်များကို မိန့်တော်မူသည်မှာ ဘုရားသခင်ထံမှ ယုံကြည်အပ်နှံတော်မူသောမိဘမဲ့များကို လက်ခံပါဟုဆိုသည်။ သူတို့လေးတွေသည် ညစ်ပတ်စုတ်ပြတ်မသပ်မရပ်နှင့် ရိုင်းရိုင်းစိုင်းစိုင်းဖြစ်နေပြီး ဘက်ပေါင်းစုံ၌ စိတ်ဝင်စားဖွယ်မရှိမြင်ရမည်။ သို့တိုင်သူတို့သည် ဘုရားပိုင်ပစ္စည်းများဖြစ်၏။ သူတို့ကိုတန်ဖိုးနှင့်ဝယ်ယူတော်မူခဲ့သည်ဖြစ်၍ ကိုယ်တော့်မျက်မှောက်၌ ကျွန်ုပ်တို့ကဲ့သို့ပင် အဖိုးတန်ရတနာများဖြစ်ကြသည်။ ဘုရားသခင်၏မဟာအိမ်တော်သားများဖြစ်ကြသည်ဖြစ်၍ ဘဏ္ဍာတော်ထိန်းကဲ့သို့သောခရစ်ယာန်များသည် သူတို့အပေါ်၌ တာဝန်ရှိပါသည်။ "ထိုသို့ ကလေးတွေရဲ့ ဝိညာဉ်များသည် သင်တို့လက်ထဲမှာရှိဖို့ ငါအလိုတော်ရှိသည်" ဟု သခင်ဘုရားပြောနေပါသည်။ (ဃ ၂၁၆.၃)

ထိုမိဘမဲ့များကို တာဝန်ယူတတ်ရန် အသင်းတော်ရှိ အသင်းသားတိုင်းကို ဘုရားသခင်ခေါ်ယူနေပါသည်။ သို့သော် တာဝန်ရှိလို့သာ လုပ်ကိုင်

ပေးရသည်ဆိုပြီး မလုပ်ကြပါနှင့်။ သူတို့ကိုချစ်သောကြောင့်လည်းကောင်း၊ ခရစ်တော်သည် သူတို့ကိုကယ်တင်ခြင်းရစေဖို့ အသေခံတော်မူခဲ့သည်ကို လည်းကောင်း အမှုဆောင်သည့်အမြင်ရှိရမည်။ ခရစ်တော်သည် သူတို့၏ ဝိညာဉ်ကိုဝယ်ယူ၍ သင့်အားစောင့်ရှောက်ပေးရန် အပ်နှံထားခဲ့သည်။ သင့် အပြစ်နှင့်သင်ရိုင်းစိုင်းခဲ့သည်ကို ခွင့်လွှတ်၍ သင့်ကိုဘုရားသခင်ချစ်တော် မူသကဲ့သို့ သူတို့ကိုသင်ချစ်ရန် ကိုယ်တော်မျှော်လင့်ထားသည်။ (ဃ ၂၁၆.၄)

ဘုရားသခင်၏လူများဆုတောင်းနေကြစဉ် မိဘမဲ့၊ ဖခင်မဲ့၊ ကိုယ်လက် သေမသန်စွမ်းသူများ၊ မျက်မမြင်နှင့်ဖျားနာသူများကို သူတို့အထဲမှဖယ်ထုတ် ထားပါက သူတို့၏ဆုတောင်းခြင်းများကို ကိုယ်တော်နားထောင်လိမ့်မည် မဟုတ်ပါ။ (ဃ ၂၁၇.၁)

မဟာပညာဘွဲ့အတွက် စာတတ်သင်ယူနေကြသူတို့အဖို့ သူတို့ရှေ့မှာ ကွင်းကျယ်ကြီးတစ်ခုအဖြစ် ထိုသို့သောမိတ်ဆွေမဲ့ကလေးများ၊ လူငယ်များ ကိုစောင့်ရှောက်ရေးနှင့်သူတို့ကို ဘုရားသားသမီးများဖြစ်လာစေရန် အကျင့်စရိုက် ကောင်းကောင်းနှင့်အသွင်ပြောင်းလဲစေ၍ လူသူဝင်ဆန့်သောအဆင့်အတန်းထဲ၌ နေရာချထားပေးသွားကြရပါမည်။ သူတို့အထဲတွင် မေတ္တာငတ်၍ စိတ်ဓာတ် ကျမှိုင်တွေနေသောကလေးငယ်များရှိတတ်ပါသဖြင့် တစ်နည်းဆိုသော် အထီး ကျန်အပစ်ပယ်ခံဘဝနှင့် သူတို့ကြီးပြင်းလာရာ၌ ဒုစရိုက်ပြစ်မှုနယ်ထဲသို့ ဦးတည်ရောက်သွားကြသောကြောင့် သူတို့ကိုမျက်နှာသာပေးအလေးထားသည့် ဝန်းကျင်သို့ဆွဲယူပြီး ခရစ်တော်ထံသို့ ကယ်တင်ပို့ပေးနိုင်ရန် ခရစ်တော်နည်း တူသနားခြင်းမေတ္တာဖြင့် စောင့်ရှောက်သွားဖို့လိုပါလိမ့်မည်။ ဤသို့သူတစ်ပါး အတွက် အမှုတော်ဆောင်ခြင်းသည် ကြိုးစားမှု၊ မိမိကိုယ်မိမိငြင်းပယ်မှု၊ အနစ် နာခံလုပ်ဆောင်မှုရှိဖို့လိုအပ်သည်။ သို့တိုင် တစ်ပါးတည်းသောသားတော်ကို ပင်စွန့်လွှတ်ပေး၍ ကျွန်ုပ်တို့ရလိုက်သည့်ဘုရားသခင်၏ဆုလာဘ်ကြီးနှင့် နှိုင်းစာလျှင် ဤမျှလောက်သောအနစ်နာခံလုပ်ဆောင်မှုအနည်းအကျဉ်းကိုသာ ကျွန်ုပ်တို့လုပ်ဆောင်ပေးနိုင်ကြသည်မဟုတ်လော။ (ဃ ၂၁၇.၂)

အသားရောင်ကွဲပြားသောလူမျိုးစု

ဤနိုင်ငံအတွင်း၌ အမှုဆောင်မရောက်သေးသောကွင်းကြီးတစ်ခုရှိနေသည်။ အသားရောင်ကွဲပြားခြင်းရှိသူလူထောင်ပေါင်းများစွာသည် ခရစ်တော်၌ အမှန်တကယ်သက်ဝင်ယုံကြည်လူတိုင်းတို့ထံမှ သနားစိတ်နှင့်စဉ်းစားပေးဖို့တောင်းပန်နေကြပါသည်။ ဤလူတို့သည် ပြည်ပနိုင်ငံ၌ နေထိုင်နေသည်မဟုတ်။ သစ်သားရုပ်တု၊ ကျောက်ဆင်းတုများကို ဦးချကိုးကွယ်နေကြသူများလည်းမဟုတ်ပါ။ ကျွန်ုပ်တို့အထဲမှာ ပြည်တွင်း၌သာ ရှိနေပါသည်။ သန့်ရှင်းသောဝိညာဉ်တော်ဖော်ပြချက်အရ မေ့လျော့ပစ်ပယ်ခံထားရသူလူသားများရှိနေသေးကြောင်းနှင့်ထိုသူတို့အား ဂရုတစိုက်ပြုစုလုပ်ဆောင်ပေးဖို့ ကျွန်ုပ်တို့ကိုမကြာခဏဘုရားသခင်နှိုးဆော်လျက်ရှိသည်။ ဤကွင်းကျယ်ကြီးသည် ကျွန်ုပ်တို့ရှေ့မှောက်၌ပင် အမှုတော်မရောက်ဘဲဖြစ်နေသည်။ ဤကွင်းထဲမှာ ကျွန်ုပ်တို့အား စိတ်ချယုံကြည်လျက်ပေးထားသောအလင်းကို ထွန်းလင်းစေ ဖို့ ကျွန်ုပ်တို့ကိုဘုရားသခင်ခေါ်ယူနေပါသည်။ (ဃ ၂၁၇.၃)

အသားအရောင်အဖြူနှင့်အမည်း ခွဲခြားဆက်ဆံမှုနံရံကြီးရှိနေပါသည်။ ယေရိခေါမြို့ရိုးပြိုပျက်ကျခဲ့သည်ကို အမှတ်ရပါ။ ခရစ်ယာန်များသည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို နာခံ၍ ဖန်ဆင်းရှင်ကို အဆုံးစွန်ချစ်သွားပြီး နီးစပ်သူများကိုလည်း သမာသမတ်ကျကျချစ်တတ်သွားကြသောအခါ အစွဲကြီးသောထိုအသားရောင်ခွဲခြားသည့်နံရံကြီးသည် ကျွမ်းထိုးမှောက်ခုံဖြစ်သွားမည်။ ဤယနေ့တွင် သမ္မာတရားကို သက်ဝင်ယုံကြည်ကြပါသည်ဟု ကြွေးကြော်နေကြသောအသင်းတော်တိုင်းမှ အသင်းသားများသည် မေ့လျော့ပစ်ပယ်ခံရသောထိုလူတန်းစားနင်းပြားများကို ကြည့်ရှုကြပါ။ သူတို့သည် ကျွန်စနစ်မှလွတ်လာကြသူများဖြစ်ပြီး ကိုယ်ပိုင်တွေးခေါ်ခွင့်၊ ကိုယ်ပိုင်လုပ်ပိုင်ခွင့်များပိတ်ပင်ခံထားနေကြရပါသည်။ (ဃ ၂၁၇.၄)

တောင်ပိုင်းဒေသရှိလူတို့အတွက် အမှုတော်ဆောင်ရွက်ရန် ကျွန်ုပ်တို့စိတ်ဆုံးဖြတ်ကြပါစို့။ ထိုသူတို့သည် ဘယ်တော့မှတိုးတက်လာမည်မဟုတ်

ဆိုပြီး သမားရိုးကျဆွဲချအဖြေနှင့် သာမန်ကြည့်နေရုံဖြင့် ကျွန်ုပ်တို့ကျေနပ်မနေသင့်ကြပါ။ အသားရောင်ကွဲသောကျွန်ုပ်တို့၏ညီအစ်ကိုတော်များအား သောကဝေဒနာသက်သာခြင်းပေးရန် သခင်ဘုရား၏နှလုံးသားကို ယူတင်လျက် တစ်စုံတစ်ရာလုပ်ဆောင်ပေးကြပါစို့။ (ဃ ၂၁၈.၁)

အသားမည်းသူ၏နာမည်ကို အသက်စာရင်းစာစောင်ထဲတွင် အသားဖြူလူ၏နာမည်ဘေးမှာချရေးထားလိမ့်မည်။ လူတိုင်းသည် ခရစ်တော်၌ တစ်လုံးတစ်ဝတည်းရှိသည်။ မွေးရပ်နေထိုင်ရာလူမျိုး၊ လူတန်းစား၊ (သို့မဟုတ်) အာဖရိကလူတစ်ယောက်ယောက်သည် ဘုရားသခင်ကို နာခံခြင်းနှင့်ယုံကြည်ခြင်းအားဖြင့် သူ့နှလုံးသားကို ဆက်ကပ်ပူဇော်လေသော် ယေရှုသည် သူ့အသားရောင်ကို မကြည့်မမှတ်ဘဲ ချစ်မည်။ ထိုသူကိုလည်း ချစ်သောညီအစ်ကိုဟူ၍ ကိုယ်တော်ခေါ်ပါလိမ့်မည်။ (ဃ ၂၁၈.၂)

အစိုးရမင်းများနှင့်မြေကြီးပေါ်ရှိ ဘုရားချစ်သောလူများသည် ဧဝံဂေလိသတင်းကောင်းမျှော်လင့်ခြင်းဆီသို့ အခြေချရောက်လာကြသည့်ရိုးသားနိမ့်ချသောအာဖရိကမျိုးနွယ်လူများနှင့်အတူ ဝမ်းမြောက်ဝမ်းသာနေရာချင်းဖလှယ်ကြသည်ရှိသော် ထိုနေ့တစ်နေ့သည်လည်း ရောက်လို့လာနေပါပြီ။ (ဃ ၂၁၈.၃)

ဘုရားသခင်ကိုအစေခံခြင်း၌ အောင်မြင်စွာရောက်လာကြသောအာဖရိကလူမျိုးနွယ်တို့၏ဝိညာဉ်များကို ဘုရားသခင်သည် ဂရုစိုက်သည့်အရာမှာ အစ္စရေးကိုဂရုစိုက်သည်ထက် လျှော့ပါးမည်မဟုတ်ပါ။ ဘုရားသခင်သည် တောင်ပိုင်းရှိ အဆင့်အတန်းမျိုးစုံလူများ အထူးသဖြင့် အသားရောင်ကွဲလူများစွာတို့က မစ်ရှင်လုပ်ငန်းကို ဝင်ရောက်ဆက်ကပ်လုပ်ကိုင်နေသူများထက်ပို၍ ဘုရားသခင်သည် လူများစွာသာ၍ရောက်လာကြရန် တောင်းဆိုနေပါသည်။ ကျွန်ုပ်တို့သည် အဆင့်မြင့်သောမျက်နှာကြီးလူတွေထက် အသားရောင်ရှိလူတွေအတွက် ပို၍လုပ်ကိုင်ပေးရန် မဟာတာဝန်တစ်ရပ်အောက်မှာ မရှိကြသလော။ ထိုသူများကိုခိုင်းဖတ်ကျွန်လိုဖြစ်သွားအောင် ဘယ်သူတွေလုပ်ခဲ့ကြသလဲ။ မယဉ်ကျေးအောင်အဘယ်သူချည်နှောင်ထားသလဲ။ လူမျိုး

တစ်မျိုးအဆင့်အတန်းနိမ့်ကျသွား၍ သူတို့အလေ့အကျင့်အမှုအရာများသည် စက်ဆုပ်ရွံရှာဖွယ်ဖြစ်လာသောအခါ ဒီလိုဖြစ်သွားအောင် ဘယ်သူတွေက လုပ်ခဲ့ကြပါသလဲ။ သူတို့ဒီလိုဖြစ်သွားအောင် လူဖြူတွေက လုပ်ခဲ့ကြတာ မဟုတ်လား။ သူတို့အပေါ်မှာ အမှားကြီးမှားခဲ့ကြပြီးတဲ့နောက် ယခုသူတို့ ကိုပြန်မြှင့်တင်ဖို့ အားစိုက်မလုပ်သင့်ကြပေဘူးလား။ သူတို့ဆီကို သမ္မာတရား ပို့ပေးရမည်။ ဝိညာဉ်ကယ်တင်ခြင်းခံယူဖို့ ကျွန်ုပ်တို့ကဲ့သို့ သူတို့၌လည်းရှိ သည်။ (ဃ ၂၁၈.၄)

အရက်သေစာရှောင်ကြဉ်ခြင်း၌ပြုပြင်ပြောင်းလဲမှု

အရက်သေစာရှောင်ပါသည်ဟု ကြွေးကြော်နေကြသည့်လူများစာရင်း ကောက်ယူကြသည်ဆိုလျှင် ခရစ်တော်ကြွလာတော်မူသည်ကို မျှော်လင့်သော မြော်လင့်ခြင်းအသင်းသားများသည် ရှေ့တန်းက နေရာယူသင့်ပါသည်။

အရက်သေစာရှောင်ပါသလားဟု မေးခွန်းမေးလာသောအခါ ချီတုံ ချတုံမဖြစ်ပါနှင့်။ သင့်နေရာကိုသင်တက်ယူပါ။ ကျောက်တုံးကဲ့သို့ ခိုင်မြဲ တည်ကြည်နေရမည်။

ကျွန်ုပ်တို့သည် လူကြားထဲထုတ်ပြောနေခြင်းအစား အရက်သေစာ ရှောင်ကြဉ်ခြင်းသီလကို ကျင့်ပြကြရမည်။ ဤအခြေခံစည်းမျဉ်းကို ဝေစာနှင့် စာစောင်ထဲမှာ ဖော်ပြပေးရမည်။ ကျွန်ုပ်တို့၏လူများသည် သမ္မာတရားမသိ သူများနှင့်ဆက်မိစေရန် သူတို့လုပ်ဆောင်နေသည့်တာဝန်များအထဲတွင် ဖြစ်သည့်နည်းနှင့်တက်တက်ကြွကြွဖြစ်လာဖို့ လုပ်ပေးရမည်။ မစ်ရှင်အလုပ်ထဲ၌ ကျွန်ုပ်တို့ရလိုက်သောအောင်မြင်ခြင်းသည် ကျွန်ုပ်တို့လုပ်ခဲ့ကြသောမိမိကိုယ်ကို ငြင်းပယ်ခြင်း၊ မိမိကိုယ်တိုင်အနစ်နာခံကြိုးပမ်းခြင်းတို့နှင့် အချိုးညီစွာရှိခဲ့ပါ သည်။ သခင်ဘုရားရှေ့တော်၌ ကျွန်ုပ်တို့ကိုယ်ကိုနှိမ့်ချသောသူအဖြစ်နှင့် အဘယ်မျှအမှုပြီးစီးအောင်လုပ်ပြနိုင်ခဲ့သည်ကို ကိုယ်တော်တစ်ပါးတည်းသာ သိပါသည်။ ထို့အပြင် ရှင်းလင်းစွာ၊ ဖြောင့်တန်းစွာနှင့်အရက်သေစာရှောင် ခြင်းအတွက်ကိုလည်း ကျွန်ုပ်တို့ကြွေးကြော်ခဲ့ကြပါသည်။ (ဃ ၂၁၉.၂)

အရက်သေစာရှောင်ခြင်းမေးခွန်းကို ဘုရားလူများထံမှ ထောက်ခံဆုံးဖြတ်ပေးခြင်းဖြင့် လက်ခံကြရမည်။ မရှောင်နိုင်ဘူးဆိုသည်မှာ ချိုးနှိမ်ရခြင်းကို ကြိုးပမ်းရသည်နှင့်အတူ ကိုယ်တိုင်အရသာတွေ့ခြင်းတိုးလာသည်ဟု ဆိုရမည်။ ကျန်းမာရေးပြုပြင်ပြောင်းလဲရေးအကြောင်း စာပေထုတ်ဝေခြင်းသည် ကြီးစွာလိုအပ်ချက်ဖြစ်လာသည်။ ဤကိစ္စအကြောင်းရေးသားထုတ်ဝေထားသော စာပေသည် ဧဝံဂေလိသတင်းကောင်းအတွက် အဖွင့်ဖြစ်သည်။ ဝိညာဉ်များစွာကို သမ္မာတရားကောင်းစွာနားလည်လာစေရေးအတွက် ကျမ်းစာအုပ်ကို ရှာဖွေလာကြစေလိမ့်မည်။ အရက်သေစာသောက်စားစေသောစာတန်နတ်ဆိုးအကြောင်းကို သတိပေးထားသည့်ရေးစာများသည် ကျိုးကြောင်းခိုင်လုံ၍ ယုတ္တိရှိနေစေရမည်။ ဥပုသ်နေ့စောင့်သူအသင်းသားတိုင်းသည် ကျွန်ုပ်တို့ထုတ်ဝေသောကျန်းမာရေးစာစောင်များနှင့် ကျန်းမာရေးဆိုင်ရာ စာအုပ်စာတမ်းများကို လေ့လာပြီး လေ့ကျင့်နာယူသွားသင့်သည်။ ထိုထက်လည်း ပိုလုပ်ရမည်။ ဤကျန်းမာရေးဆိုင်ရာထုတ်ဝေထားသောစာစောင်များကို နီးစပ်မိတ်ဆွေများဆီသို့ ဖြန့်ဝေပေးရန် သူတို့စိတ်ပါလက်ပါကြိုးစားလုပ်ဆောင်သွားကြရမည်။(ဃ ၂၁၉.၃)

အသောက်အစားပျော်ပါးလိုက်စားမှုလုံးဝရှောင်ကြဉ်ခြင်းကတိကို တောင်းပါ။ အရက်၊ ဆေးလိပ်စသည့်အလားတူဖိမ်ခံလိုက်ပါဖို့ သူတို့သုံးခဲ့သောငွေမည်မျှရှိခဲ့သည်ကို မေးမြန်းပါ။ ထိုအရာများအစား ဝေဒနာသည်များ၊ လူဆင်းရဲများကို သက်သာစေမည့်လုပ်ငန်းများ၌ နစ်မြုပ်ဆက်ကပ်ပါရန် တိုက်တွန်းပါ။ (သို့မဟုတ်) ကလေးသူငယ်များနှင့်လူငယ်လူရွယ်တို့ကိုလောက၌အသုံးရလာစေရေးသင်တန်းပေးခြင်း၌ သုံးစွဲရန် တိုက်တွန်းပါ။ (ဃ ၂၁၉.၄)

## နောက်လိုက်ကြိုးပမ်းခြင်း၏အရေးပါမှု

အသင်းတော်ကြီးများ၌ အမှန်တရားကိုထုတ်ဖော်ခြင်းရလဒ်သည် စုံစမ်းမေးမြန်းလိုသည့်စိတ်ဓါတ်နိုးကြားလာခြင်းဖြစ်သည်။ ဤသို့စိတ်ပါဝင်

စားခြင်းသည် ပုဂ္ဂိုလ်တစ်ဦးချင်းဝန်ဆောင်မှု၌ နောက်လိုက်ဆောင်ရွက်ပေးရန် အထူးအရေးကြီးပါသည်။ အမှန်တရားကို စုံစမ်းစစ်ဆေးဖို့ လိုလားသူများသည် နှုတ်ကပတ်တရားတော်ကို လုံ့လဝီရိယထားလေ့လာရန် သွန်သင်ပေးခြင်းခံယူရမည်။ သူတို့ကိုသေချာသောအခြေခံအပေါ်၌ တည်ဆောက်မိစေရန် ဝင်ရောက်အကူအညီပေးရမည်။ သူတို့၏ဘာသာရေးအတွေ့အကြုံထဲ၌ ဤသို့အလွန်အရေးကြီးသောအချိန်တွင် သူတို့နားလည်သဘောပေါက်လာရန်လည်း အလွန်အရေးကြီးပါသည်။ ကျမ်းစာကိုတတ်ကျွမ်းနားလည်သူများက သူတို့ကိုရှင်းပြပေးကြရမည်။ ဘုရားသခင်၏နှုတ်ကပတ်တော်ထဲက ပညာရတနာကိုသူတို့ရယူဖို့ ဖွင့်ပေးကြရမည်။ (ဃ ၂၁၉.၅)

ရွှေရောင်ပျောက်၏။ ခံစားမှုသဘောထားရှိလည်း နောက်လိုက်ဆောင်ရွက်ခြင်းမပြု။ ဤသို့ဖြစ်လျှင် စိတ်ပါဝင်စားခြင်းမနိုးထလာသည်က ပိုကောင်းပေမည်။ အဘယ်ကြောင့်ဆိုသော် သက်ဝင်ယုံကြည်ခြင်းအတိုက်ခံ ရ၍ ရှုံးခဲ့လေသော် သမ္မာတရားသို့စိတ်ပြန်ရောက်လာဖို့ အလုပ်လုပ်ရခက်ခဲပေလိမ့်မည်။ (ဃ ၂၂၀.၁)

## ဘဏ္ဍာထိန်းအစီပွါယ်

ကျွန်ုပ်တို့၏သုံးစွဲကုန်ကျစရိတ်အားလုံး၌ ရည်စူးချက်သည် ခရစ်ယာန်များကြိုးပမ်းမှုအစနှင့်အဆုံးဖြစ်သော ကိုယ်တော်၏ရည်ရွယ်ချက်ကိုပြည့်စုံစေရန် ကျွန်ုပ်တို့ကြိုးစားလုပ်ဆောင်သွားဖို့သာဖြစ်ပါသည်။ (ဃ ၂၂၀.၂)

ငွေသည် တန်ဖိုးကြီးပါ၏။ အကြောင်းမှာကောင်းကျိုးကြီးစွာလုပ်ပေးနိုင်သောကြောင့်ဖြစ်သည်။ ဘုရားသခင်၏သားသမီးများ၏လက်ထဲ၌ ငွေသည် ငတ်မွတ်သူများအတွက် အစားအစာ၊ ရေငတ်သူများအတွက် သောက်ရန်ရေနှင့် အဝတ်အစားမရှိသူများအတွက် ဝတ်စရာပေးရန်ဖြစ်ပါသည်။ ငွေသည် အဖိအနှိပ်ခံနေရသူများအတွက် အားကိုးစရာနှင့်ဖျားနာသူများအတွက် အကူအညီပေးစရာဖြစ်ရပါမည်။ သို့ပါ

သော်လည်း ငွေသည်သဲပွင့်ထက်ပို၍တန်ဖိုးရှိလှသည်မဟုတ်ပါ။ သူတစ်ပါးတို့အား ကောင်းချီးပေးရာ၌ အသက်ရသွားစေရန်နှင့်ခရစ်တော်အတွက်ရှေ့တိုးလုပ်ဆောင်ရာ၌ ငွေကိုအသုံးပြုခြင်း၌သာလျှင် ငွေသည် တန်ဖိုးဖြစ်သည်။ (ဃ ၂၂၀.၃)

ဘုရားသခင်ကိုယ်တော်တိုင်သည် အမှုတော်၏အကျိုးအတွက် မူလကပင် စီမံပေးခဲ့သည်။ ကိုယ်တော်သည် အစွန်းထွက်တန်ဖိုးကို ဖန်တီးပေးခဲ့ပါသည်။ ကိုယ်တော်သည် သူ့လူများကိုမစရန် မေးမြန်းတော်မူသောအခါ သူတို့က "သခင်ဘုရား၊-- ကိုယ်တော်၏ငွေဖြင့် အခြားငွေများကို အမြတ်ရပါပြီ" ဟု ပြန်လည်ဖြေဆိုနိုင်ခဲ့ကြသည်။ (ဃ ၂၂၀.၄)

ငွေကိုနောင်ဘဝသို့ သယ်ယူသွားနိုင်ကြမည်မဟုတ်ပါ။ ထိုအရပ်၌ငွေမလိုအပ်။ သို့သော် ခရစ်တော်သို့ဝိညာဉ်များစွာပို့ဆောင်အောင်နိုင်ခဲ့သောအမှုတော်ကောင်းခြင်းများကိုမူ ကောင်းကင်ရင်ပြင်သို့ သယ်ယူသွားနိုင်သည်။ သို့ပါသော်လည်း ဘုရားပေးသောဆုကြေးများကို ကိုယ်ကျိုးအတွက်သာ သုံးစွဲခြင်း၊ မိတ်ဆွေသူဆင်းရဲများအား ထောက်ပံ့ပေးကမ်းခြင်းမပြုလိုခြင်းနှင့် ကမ္ဘာလောကကြီးထဲ၌ ဘုရားအမှုတော်အကျိုးကို ဘာတစ်ခုမျှမပြုစုခြင်းသည် မိမိဖန်ဆင်းရှင်ကို ရှုတ်ချသောသူဖြစ်၏။ သူတို့၏အမည်များကိုလည်း ကောင်းကင်စာရင်းစာအုပ်ထဲ၌ ဘုရားသခင်ကို လုယက်သူများစာရင်းစာစောင်ထဲတွင် ရေးမှတ်သွင်းထားလိမ့်မည်။ (ဃ ၂၂၀.၅)

ဤခေတ်ကာလ၌ ငွေတန်ဖိုးကို ဝိညာဉ်များတန်ဖိုးနှင့်နှိုင်းယှဉ်လျှင် ဘာများဖြစ်သွားလိမ့်မလဲ။ ကျွန်ုပ်တို့အသုံးပြုလိုက်သောငွေတစ်ပြားတစ်ချပ်တိုင်းသည် ကျွန်ုပ်တို့မပိုင်သောသခင့်ဥစ္စာအဖြစ် မှတ်ယူသုံးစွဲသင့်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ကိုမြတ်နိုးယုံကြည်သကဲ့သို့ ငွေကိုမလိုအပ်သောလောကီဇိမ်ခံရန် မသုံးဖြုန်းလိုက်ကြဘဲ ဘုရားသခင်အတွက်သော်လည်းကောင်း၊ လူအပေါင်းတို့ပျက်သုဉ်းခြင်းမှကယ်တင်သောအမှုတော်အတွက်သော်လည်းကောင်း အသေအချာတန်ဖိုးထားတွက်ချက်သုံးစွဲကြရမည်။ (ဃ ၂၂၀.၆)

ဤလောကထဲ၌ ကျွန်ုပ်တို့၏လွှမ်းမိုးခြင်းနှင့် အထောက်အပံ့ရှိစေရေးအတွက် လုံလောက်သောတန်ဖိုးနှင့်မစ်ရှင်အမှုကို ကျွန်ုပ်တို့လုပ်ဆောင်

နေကြသည်မဟုတ်လော။ သမ္မာတရားကို အခြားတိုင်းပြည်များသို့ရောက်စေရန် နှင့်ပြည်တွင်းမစ်ရှင်အဖွဲ့များသည်လည်း ထောက်ပံ့လုပ်ဆောင်နိုင်စေဖို့ ကျွန်ုပ်တို့၏လက်ဖွာသုံးဖြုန်းခြင်းများကို ကိုယ်တိုင်ကိုယ်ကိုငြင်းပယ်ခြင်း၊ ကျွန်ုပ်တို့၏ဆုကြေးငွေများကိုလည်း သခင့်ဘဏ္ဍာတိုက်ထဲသို့ပစ်သွင်းခြင်းများ မပြုသင့်ပြီလော။ ဤသို့ပြုလျှင် ကောင်းကင်သက်သေမရပြီလော။ ဤနောက်ဆုံးသောနေ့ရက်များ၌ ပြုသောအမှုဆောင်ခြင်းသည် အမွေအနှစ်ပစ္စည်းကြီးအထောက်အပံ့အားဖြင့်မဟုတ်။ လောကသြဇာအာဏာရှိခြင်းအားဖြင့်လည်း လုပ်ဆောင်နေကြရသည်မဟုတ်ပါ။ ဤအမှုသည် မိမိကိုယ်မိမိငြင်းပယ်ခြင်းဖြင့်ရသောအကျိုး၊ အနစ်နာခံပြုစုသောစိတ်ဓာတ်စသည့်ဆုကျေးဇူးအားဖြင့် ထမ်းဆောင်နိုင်စွမ်းရှိခဲ့သည်။ ဤတွင်ဘုရားသခင်သည် ကျွန်ုပ်တို့အား ခရစ်တော်ခံစားရခြင်း၌ ပါဝင်ရခြင်းအခွင့်ထူးကို ပေးခဲ့ပါသည်။ ကိုယ်တော်သည် အသစ်ဖန်ဆင်းမည်ဖြစ်သောမြေကြီးသစ်အထဲ၌ အမွေခံတစ်ဦးအဖြစ် ရပိုင်ခွင့်ကို ကျွန်ုပ်တို့အားပေးကမ်းခဲ့ပါ၏။ (ဃ ၂၂၁.၁)

မှတ်တမ်းပြုစုသောကောင်းကင်တမန်သည် ဘုရားသခင်အတွက် ဆက်ကပ်အပ်နှံသည့်အမှုတိုင်းကို သစ္စာရှိစွာရေးသွင်းထားပြီး ဘဏ္ဍာတော်တိုက်ထဲ၌ သိမ်းဆည်းလေ၏။ နောက်ဆုံးအကျိုးထွက်များကိုလည်း ပေးကမ်းအပ်နှံခဲ့သည်။ ဘုရားသခင်၏မျက်ခြည်တော်သည်လည်း ကိုယ်တော်၏အမှုတော်ကို အလေးမထားဟာသပြုချက်တိုင်းနှင့် စွန့်ကြဲပေးကမ်းခြင်း၌ ဝန်တိုမှုတိုင်းတို့အပေါ်သို့ ကြည့်မြင်ပြီးဖြစ်လေ၏။ ပေးကမ်းခြင်း၌ စိတ်ထက်သန်မှုကိုလည်း မှတ်တမ်းထိုးပေးပါသည်။ ဘုရားသခင်၏ပစ္စည်းဥစ္စာများကို ဘုရားပိုင်၍ လိုအပ်သည့်အခါ ပေးဆောင်နိုင်ကြသူ၊ ကိုယ်တိုင် အနစ်နာခံ၍ ဆက်ကပ်မှုရှိကြသူတိုင်းသည် သူတို့ပြုသောအကျင့် အတိုင်းအကျိုးကိုခံစားရလိမ့်မည်။ ဆက်ကပ်မှုသည် ရည်ရွယ်ချက် အတိုင်းမဟုတ်ဘဲ အခြားတစ်နည်းနည်းသို့ရောက်၍ ပေးလှူသူ၏မြင်ကွင်း၌ ပြီးပြည့်စုံခြင်းမရှိသည့်တိုင် ထိုသူသည် ဝိညာဉ်စေတနာစိတ်အရင်းခံဖြင့် ပေးလှူခဲ့ သည်ဖြစ်၍ ဘုရားသခင်၏ဘုန်းတော်နှင့်ဝိညာဉ်များကယ်တင်ခြင်းကို ထင်ရှား

စေပါသောကြောင့် ဘုရားသခင်၏ဘုန်းတန်ခိုးမျက်မှောက်တော်အောက်ဝယ် သူတို့အကျိုးသူတို့၌ မပျက်စေရပါ။ (ဃ ၂၂၁.၂)

ညီအစ်ကိုတစ်ယောက်ဆင်းရဲခံရခြင်း၌ ကူညီမစရန် (သို့မဟုတ်) သမ္မာ တရားသတင်းပြန့်ပွားစေရေးအတွက် ဘုရားအမှုတော်၌ ကူညီပေးရန် အခွင့် ရတိုင်း ပါဝင်ခြင်းသည် ရှေ့ကိုကြို၍ ကောင်းကင်ဘဏ်တိုက်ထဲတွင် ပုလဲ တစ်လုံးကို လုံခြုံစွာထည့်သွင်းသိမ်းဆည်းထားခြင်းဖြစ်လေသည်။ ဘုရားသခင် သည် သင့်အား စမ်းသပ်သက်သေပေးထားပြီးဖြစ်၏။ ယခုအခါ ကိုယ်တော် သည် ထိုအရာများကို သင်မည်သို့သုံးစွဲကြောင်း ကြည့်နေပါသည်။ ဆင်းရဲ သားများကို ကူညီထောက်ပံ့ရာ၌ သုံးစွဲနေပါသလား။ ထို့အပြင် ဝိညာဉ်များ ၏တန်ဖိုးကို သင်ခံစားမိ၍ သင့်၌ဘုရားသခင်မှစိတ်ချအပ်နှံထား သည်များကို အကျိုးရှိစွာသင်တတ်စွမ်းနိုင်သလားဆိုသည်ကို ကိုယ်တော် မြင်လိုပါသည်။ ထိုသို့အခွင့်အရေးတိုးရသည့်လုပ်ဆောင်မှုတိုင်းသည် သင့် ကောင်းကင်ဘဏ္ဍာ တိုက်ထဲသို့ဖြည့်သွင်းပေးခြင်းဖြစ်သည်။ (ဃ ၂၂၁.၃)

## ကောင်းကင်ဘုံသို့သတင်းပို့စနစ်

ကောင်းကင်တမန်များသည် လူတိုင်းပြုလုပ်ခဲ့သောအမှုများကို သစ္စာ ရှိရှိမှတ်တမ်းရေးထိုး တင်ထားပါသည်။ (ဃ ၂၂၂.၁)

မေတ္တာနှင့်ပြုသောအမှုတိုင်း၊ သနားကြင်နာစွာပြောသောစကားလုံး တိုင်း၊ ဒုက္ခရောက်သူ၊ ဖိနှိပ်ခံရသူများအတွက် ကိုယ်စားပြုဆုတောင်းပေးသော အချက်တိုင်းသည် ထာဝရဘုရား၏ပလ္လင်ရှေ့သို့ သတင်းပို့ရောက်၍ ကောင်းကင်ဘုံရှိမပျက်စီးနိုင်သောမှတ်တမ်းထဲ၌ ရေးသွင်းထားပါသည်။

သတင်းပို့ခြင်းတစ်ခုသည် အမှောင်ကိုလွင့်ပျောက်စေရန်နှင့်ခရစ်တော် ၏အကြောင်းကို ပြည်ပသို့ပျံ့နှံ့ရောက်သွားစေရေးအတွက် ကျွန်ုပ်တို့အောင်မြင် စွာကြိုးပမ်းမှုပြုချက်တိုင်းကို ကောင်းကင်ဘုံ၌ ပေါ်ထွန်းစေပါသည်။ အကျင့် တရားကို ခမည်းတော်ဘုရားသခင့်မျက်မှောက်တော်၌ အသေးစိတ်ပြောကြား

စေလိုက်တိုင်းမှာ ကောင်းကင်ဘုံသားများအားလုံးက ဝမ်းမြောက်ဝမ်းသာ မြည်ကျူးကြကုန်၏။ (ဃ ၂၂၂.၃)

ကောင်းကင်တမန်များသည် ကျွန်ုပ်တို့ကိုကူညီရန် စေစားခံထားကြရပါသည်။ ထိုသူများသည် လူသားသမီးတို့၏လုပ်ဆောင်ခဲ့ကြသောမှတ်တမ်းကိုသယ်ဆောင်၍ မြေကြီးမှကောင်းကင်ဘုံသို့ ပေးပို့နေကြသည်။ (ဃ ၂၂၂.၄)

ကောင်းပေသည်။ မှတ်မိစေရန် အမြင့်ဘုံ၌ မှတ်တမ်းရှိစေရပါမည်။ ထိုမှတ်တမ်းစာအုပ်ထဲ၌ ဖုံးကွယ်မှုမရှိ၊ အမှားမရှိသည်ဖြစ်၍ ထိုသို့သောအားဖြင့် သူတို့စစ်ကြောစီရင်ခံကြရပါလိမ့်မည်။ ဘုရားအမှုတော်ကို ဆောင်ရွက်ဖို့အခွင့်အရေးရှိလျက် ပစ်ပယ်မှုတိုင်းသည် မှတ်တမ်းရေးသွင်းခံရခြင်းရှိမည်။ ထို့အတူ ယုံကြည်ခြင်းနှင့်မေတ္တာဖြင့် ပြုသောအမှုတိုင်းကိုလည်း ထာဝရအမှတ်ရနေစေလိမ့်မည်။ (ဃ ၂၂၂.၅)

—ဝ—

# အခန်း (၂၄)
# ခရစ်ယာန်အမှုတော်ဆောင်အောင်မြင်ရေးအတွက် အရည်အချင်းများ

ကျွမ်းကျင်မှု

နံးချည့်ခြင်းနှင့်မတတ်ကျွမ်းခြင်းသည် ဘာသာတရားကို ရိုသေကိုင်းရှိုင်းခြင်းမဟုတ်။ ဘုရားသခင်အတွက် အမှုဆောင်နေသည်ဟု ကျွန်ုပ်တို့အမှန်သိလာကြသောအခါ ဝိညာဉ်ရေးရာအမှုကို ယခင်ကထက်ပို၍ ဦးစားပေးဆောင်ရွက်နေပါကြောင်း အမြင်အာရုံမြင့်မားစွာကျွန်ုပ်တို့၌ရှိနေကြရမည်။ ဤသို့အမှန်သိမြင်ခြင်းသည် ကျွန်ုပ်တို့၏အသက်တာဘဝကြိုးပမ်းမှုနှင့် မဆုတ်မနစ်သောဝီရိယစွမ်းအင်တို့ဖြင့် ကျရာတာဝန်တိုင်းကို ဆောင်ရွက်ခြင်းပြုကြလိမ့်မည်။ (ဃ ၂၂၃.၁)

အချိန်သည် ကျွမ်းကျင်မှုကြီးစွာနှင့်နစ်မြုပ်မှု၊ နက်ရှိုင်းမှုရှိဖို့ တောင်းဆိုနေသည်။ အိုဘုရားသခင်၊ ကျွန်ုပ်၌ ဤအကြောင်းပြည့်ဝစွာရှိ၍ ကိုယ်တော်အား ကျွန်ုပ်အော်ဟစ်တောင်းဆိုပါ၏။ "ထတော်မူပါ၊ ဘုရားသခင်၊ သတင်းပြောကြားသူများကို သူတို့တာဝန်ရှိမှုအမြင်အာရုံပြည့်နှင့် စေလွှတ်တော်မူပါ။ ဒုစရိုက်အလုံးစုံ၏အုတ်မြစ်ဖြစ်သောသူတို့ရဲ့အတ္တကိုးစားခြင်းစိတ်နှလုံးကို လက်ဝါးကပ်တိုင်၌ သူတို့တင်ရိုက်ပြီးခဲ့ပါပြီ။" (ဃ ၂၂၃.၂)

တပည့်တော်များဆက်ကပ်နစ်မြုပ်ထားသောအမှုတော်သည်ကျွမ်းကျင်မှုကြီးစွာလိုအပ်လိမ့်မည်။ အဘယ်ကြောင့်ဆိုသော် စာတန်မာရ်နတ် ၏ဒီရေသည် သူတို့ကိုတိုက်ထိရန် နက်ရှိုင်းပြင်းထန်စွာပြေးဝင်လာနေသည်။(ဃ ၂၂၃.၃)

ယဉ်ကျေးမှုဆိုင်ရာဟောပြောခြင်း

မှန်ကန်သောယဉ်ကျေးမှုနှင့် ဟောပြောခြင်းအစွမ်းကိုသုံးရာ၌ ခရစ်ယာန်အကျင့်တရား၏စည်းမျဉ်းလမ်းကြောင်းအတိုင်း ဖြစ်စေရ

သောအသံနှင့် ဘာသာစကားကို မှန်မှန်ကန်ကန်နှင့်ပီပီသသပြောဆိုခြင်း၊ ကြင်နာစွာ၊ ယဉ်ကျေးစွာစကားလုံးများသုံး၍ ပြောဆိုခြင်းသည် ကျွန်ုပ်တို့၌ ကျင့်သားရနေစေရမည်။ (ဃ ၂၂၃.၄)

ခေါင်းဆောင်သင်းအုပ်တိုင်းနှင့် ကျမ်းစာသင်ဆရာတိုင်း၏စိတ်ထဲ၌ ရှိထားရမည်မှာ လူအပေါင်းတို့အား သူပြောပေးနေသောသတင်းစကားသည် ထာဝရအကျိုးအတွက် ဖြစ်နေစေရမည်။ သူတို့ထုတ်ပြောဆိုခဲ့သောသမ္မာ တရားသတင်းစကားသည် နောက်ဆုံးမှန်းဆနေကြသောနေ့ကြီး၌ သူတို့ကို စစ်ကြောပါလိမ့်မည်။ သတင်းဖြန့်ဝေသူ၏အမှုအရာနှင့်အတူ ဝိညာဉ်အချို့ တို့သည် လက်ခံခြင်း၊ (သို့မဟုတ်) ငြင်းပယ်ခြင်းကို အဆုံးအဖြတ်ပြုလိမ့်မည်။ သဘောပေါက်လက်ခံခြင်းနှင့် စိတ်နှလုံးကစွဲမှတ်နေရမည့်အကြောင်း အယူ ခံဝင်ခြင်းကို စကားလုံးများက ထုတ်ပြောပါလေစေ။ အေးအေးဆေးဆေးနှင့် ထူးခြားစွာ၊ တည်ငြိမ်စွာထုတ်ပြောစေရမည်။ သို့တိုင်အရေးတကြီးတောင်းဆို ခြင်းကဲ့သို့ အပြင်းအထန်သဲကြီးမဲကြီးပြောလာပါစေ။ (ဃ ၂၂၃.၅)

ဘုရားသခင်၏မေတ္တာတော်အတွင်းသို့ သူတစ်ပါးကို သင်ရှာဖွေ ဆွဲခေါ်ယူသောအခါများ၌ သင်၏ဘာသာစကားပြောဆိုမှုသည် စစ်မှန်ပီသ ပါစေ။ အတ္တကင်းသောသင်၏အမှုတော်ဆောင်ချက်၊ သင်၏ကိုယ်နှုတ်အမူ အရာသည် ဝမ်းမြောက်မှုအပြည့်ရှိခြင်းတို့နှင့်အတူ ဘုရားသခင်၏ကျေးဇူး တော်တန်ခိုးအောက်သို့ သက်သေခံမွေးဖွားပေးရမည်။ (ဃ ၂၂၄.၁)

ခရစ်ယာန်တိုင်းသည် ခရစ်တော်ကိုရှာ၍ မကုန်ခန်းနိုင်သောကြွယ်ဝ မှုကို အခြားသူများသိစေအောင် ဆောင်ရွက်ဖို့ခေါ်ယူခြင်းခံရသည်။ ထို့ကြောင့် သူသည် စကားပြောဆိုရာ၌ ပြည့်စုံခြင်းကိုရှာရမည်။ ဘုရားသခင်၏နှုတ်ကပတ် စကားကို နားထောင်သူများအား ချီးကျူးဖွယ်ဖြစ်စေသောနည်းဖြင့် သူပြော ဆိုနိုင်ရမည်။ ဘုရားသခင်သည် ကိုယ်တော်ဖန်ဆင်းခဲ့သောလူများပြောစကား များ၌ ရိုင်းစိုင်းမှုပါရှိရအောင် ပုံစံချပေးခဲ့သည်မဟုတ်ပါ။ဘုရားသခင်မှတစ်ဆင့် လောကသို့စီးဆင်းသွားသောကောင်းကင်ဘာသာစကားရေစီးကြောင်းကို လူသား တို့က သေးသိမ်ယုတ်ညံ့သွားအောင် လုပ်ကြစေရန် ကိုယ်တော်အလိုတော် မရှိပါ။ (ဃ ၂၂၄.၂)

ထိုသူတို့သည် စိတ်ရှည်ခြင်း၊ ကြင်နာခြင်း၊ ဖော်ရွေခြင်းနှင့်အကူအညီပေးတတ်ခြင်းတို့ကို လေ့လာသင်ယူရလိမ့်မည်။ သူတို့သည် ခရစ်ယာန်ပီသသောလောကဝတ်ကို လေ့ကျင့်ရမည်။ ခရစ်တော်၌ရှိသူအဖြစ် စိတ်မွေးရမည်။ သူတို့၏အပေါင်းအသင်းများကို ခက်ထန်သော၊ မကြင်နာသောစကားဖြင့် (သို့မဟုတ်) ခံစားလိုက်ရစေခြင်းတို့ကို မပြုလုပ်စေရပါ။ သူတို့ပြောသောစကားများသည်လည်း စင်ကြယ်ရမည်။ ဟောပြောမှုစွမ်းရည်သည်လည်း တန်ဖိုးရှိသောပါရမီတစ်ရပ်ကဲ့သို့ သတ်မှတ်ခံရပြီး အဆင့်မြင့်ရှင်သန်သောအမှုတော်တစ်ခု ဆောင်ရွက်ရန် အားဖြည့်ပေးခြင်းရှိရမည်။ (ဃ ၂၂၄.၃)

## စိတ်ပိုင်းဆိုင်ရာယဉ်ကျေးမှု

စိတ်ပိုင်းဆိုင်ရာယဉ်ကျေးမှုသည် လူတစ်ယောက်အနေဖြင့် လိုအပ်ချက်ဖြစ်ပြီး အချိန်ကာလတောင်းဆိုချက်အရလည်း ပြည့်မီစေရန် ကျွန်ုပ်တို့၌ရှိကိုရှိရမည့်အရာဖြစ်သည်။ (ဃ ၂၂၄.၄)

သခင်ဘုရား၏အမှုတော်ထဲသို့ ကျွန်ုပ်တို့ဖြစ်ကတတ်ဆန်းကြံရာကျပန်းဝင်ရောက်ပြီး အောင်မြင်မှုကိုမျှော်လင့်နေကြရမည်မဟုတ်။ သခင်ဘုရားသည် စိတ်ပါဝင်စားသူ၊ အတွေးအခေါ်ရှိသူလူများကို လိုချင်သည်။ ယေရှုသည် လုပ်ဖော်ကိုင်ဖက်ကို ခေါ်ယူသည်။ စမ်းတဝါးဝါးအမှားလုပ်တတ်သူကိုခေါ်ယူနေသည်မဟုတ်ပါ။ ဘုရားသခင်သည် ဖြောင့်မတ်စွာတွေးခေါ်တတ်သူ၊ ဉာဏ်ထက်သူများကို ဝိညာဉ်ကယ်တင်ရေးအတွက် လိုအပ်သောအမှုတော်မြတ်ကြီးကို ဝင်ရောက်လုပ်ကိုင်စေရန် လိုလားတော်မူသည်။ (ဃ ၂၂၄.၅)

အချို့လူများအား စိတ်ပါဝင်စားလာအောင် လေ့ကျင့်ပေးခြင်းအား ဖြင့် ထိန်းသိမ်းကြပ်မတ်ပေးရန် လိုသည်။ တွေးခေါ်တတ်ဖို့ သူတို့အားစိုက်ကြရမည်။ သူတို့၏အခက်အခဲများကို ဖြေရှင်းပေးရန်အလို့ငှာ သူတို့အတွက်စဉ်းစားပေးဖို့ တစ်စုံတစ်ယောက်ကို မှီခိုနေကြရပါသည်။ သူတို့၏စိတ်ပိုင်း

ဆိုင်ရာအတွေးအခေါ်သည် သဘောမပေါက်၊ မှတ်ဉာဏ်သည်လည်း မစွမ်းနိုင်။ သူတို့၌ ရှေ့ဆက်ခွဲခြားသတ်မှတ်ခံရခြင်းဆက်ဖြစ်နေပါလိမ့်မည်။ စိတ်ဓာတ်ရေးရာသင်ယူခြင်း၌ ကြိုးစားအားထုတ်မှုကို လူတစ်ဦးတစ်ယောက်စီတိုင်းက ပြုလုပ်ရမည်။ (ယှ ၂၂၄.၆)

ဘုရားသခင်သည် ပျင်းရိခြင်း၊ စိတ်ပိုင်းဆိုင်ရာထိန်းသိမ်းမှုမရှိခြင်း၊ အတွေးအခေါ်ထုံထိုင်းခြင်းနှင့် မှတ်ဉာဏ်သည်းခြေမရှိခြင်းတို့၌ ကျေနပ်နေကြသူများကို လိုလားတော်မမူပါ။ (ယှ ၂၂၄.၇)

ဘုရားသခင်၏လူများသည် သင်ယူခြင်း၌ လုံ့လဝီရိယရှိရမည်။ ဉာဏ်ပညာရှာဖွေရာ၌ ကြိုးစားရမည်။ နာရီတစ်နာရီကိုပင် အချိန်ဖြုန်းပစ်ခြင်း မရှိစေရ။ သူတို့၏စိတ်ရှည်အားစိုက်ကြိုးပမ်းမှုများမှတစ်ဆင့် လူတစ်ယောက်၏ အစွမ်းနှင့်သြဇာရှိခြင်းကဲ့သို့ ခရစ်ယာန်တစ်ယောက်၏ထင်ပေါ်သောအဆင့် အကောင်းဆုံးသို့ တက်လှမ်းရောက်နိုင်ရမည်။ (ယှ ၂၂၅.၁)

အခါအခွင့်သည် အဖိုးတန်၏။ အချိန်သည် ခရီးသွားလျက် ကုန်နေသည်။ အစာစားဖို့ စောင့်ဆိုင်းနေရသောတစ်ခဏအချိန်၊ ချိန်းတွေ့ခြင်းကို စောင့်နေရာ၌ နောက်ကျရောက်လာသူကို မျှော်နေရချိန်၊ အကယ်၍သာ လက်ထဲမှာစာအုပ်တစ်အုပ်ရှိလျှင် ယင်းအချိန်ပိုင်းကလေးအတွင်း သင်ယူခြင်း၊ စာဖတ်ခြင်း (သို့မဟုတ်) ဂရုတစိုက်တွေးခေါ်ခြင်းတို့ကို လုပ်နိုင်သည်။ ဘာဖြစ် လို့မလုပ်နိုင်ကြရမှာလဲ။ (ယှ ၂၂၅.၂)

ဆုံးဖြတ်ချက်ခိုင်မာသောရည်ရွယ်ချက်တစ်ရပ် ဖွဲ့ကောင်းသောအလုပ်ခွင်နှင့်စေ့စပ်သေချာသောစီးပွားရေးအလုပ်လုပ်ချိန်တို့သည် လူတွေကိုသူတို့ သြဇာနှင့်အသုံးဝင်မှုအဆင့် အကောင်းဆုံးအရည်အချင်းပြည့်မီစေသောဉာဏ်ပညာရှာမှီးခြင်းနှင့် စိတ်ပိုင်းဆိုင်ရာစည်းကမ်းကောင်းခြင်းတို့ကို တတ်စွမ်းနိုင်သည်။ (ယှ ၂၂၅.၃)

တာဝန်ယူတတ်သည့်အဆင့်၌ရှိသောလူများသည် စဉ်ဆက်မပြတ်တိုးတက်နေရမည်။ သူတို့သည် အတွေ့အကြုံကောင်းများအပေါ်၌ ကျောက်ချမှတ်ယူမနေရ။ သိပ္ပံပညာစူးစမ်းရှာဖွေရေးသမားများဖြစ်လာဖို့ မလိုအပ်ဟူ၍

လည်းတွေးမနေသင့်ပါ။ ဘုရားသခင်ဖန်ဆင်းသောသတ္တဝါများအနက် အကူအညီအမဲ့ဆုံးဖြစ်သောလူသည် လောကအထဲဝင်ရောက်လာသောအခါ သူ၏သဘာဝအတိုင်း အဖောက်ပြန်ဆုံးဖြစ်လင့်ကစား အတောမသတ်တိုးတက် မှုကိုစွမ်းဆောင်နိုင်ကြသည်။ လူသည် သိပ္ပံပညာအားဖြင့် ဉာဏ်အလင်းရနိုင်သကဲ့သို့ စင်ကြယ်သောအကျင့်သီလအားဖြင့်လည်း မျိုးဂုဏ်မြင့်နေနိုင်ကြ၏။ စိတ်ပိုင်းဆိုင်ရာတိုးတက်ခြင်း၊ အကျင့်သိက္ခာကောင်းခြင်းတို့ကို ဉာဏ်ရည်ဉာဏ်စွမ်းအပြည့်ဝဆုံးနှင့် စာရိတ္တစင်ကြယ်မှုကာလမရောက်မချင်း လူတွေကြိုးစားလုပ်နိုင်ကြသည်။ သို့သော် လူတို့သည် ကောင်းကင်တမန်များ၏ပြည့်စုံမှုနှင့်စင်ကြယ်မှုအောက်တစ်ဆင့်နိမ့်လျက်သာရှိပါသေး၏။ (ဃ ၂၂၅.၄)

ဘုရားသခင်နှင့်အတူတကွ လုပ်ဆောင်ကြသူများသည် ကိုယ်ခန္ဓာအစိတ်အပိုင်းတိုင်း၌ ကျန်းမာခြင်းနှင့်စိတ်ပိုင်းဆိုင်ရာအရည်အသွေးပြည့်စုံခြင်းတို့အတွက် ကြိုးစားပြုစုနေကြရမည်။ မှန်မှန်ကန်ကန်ပညာသင်ယူခြင်းသည်ကျရာတာဝန်ကို ထမ်းဆောင်နိုင်ရေးအတွက် ကိုယ်၊ စိတ်နှင့်စာရိတ္တစွမ်းအင်များကို ပြင်ဆင်ခြင်းဖြစ်သည်။ ဤအမှုသည်လည်း ဘုရားသခင်၏တာဝန်ကိုဆောင်ရွက်နိုင်ဖို့အတွက် ကိုယ်စိတ်နှလုံးသုံးပါးကို သွန်သင်ခြင်းဖြစ်၏။ ဤသို့ပညာသင်ကြားခံယူခြင်းသည် ထာဝရအသက်ကို တည်တံ့ခိုင်မြဲစေလိမ့်မည်။ (ဃ ၂၂၅.၅)

စက်ပြင်အင်ဂျင်နီယာများ၊ ဥပဒေသမားများ၊ ကုန်သည်များ၊ အလုပ်မျိုးစုံနှင့်အသက်မွေးဝမ်းကျောင်းပြုသူလူအားလုံးသည် သူတို့အလုပ်အသီးသီး ၌ကျွမ်းကျင်သူများဖြစ်ဖို့ သူတို့ကိုယ်တိုင်က ပညာသင်ယူခဲ့ကြရ၏။ ခရစ်တော်၏နောက်လိုက်ဆိုသူများသည် ဉာဏ်နည်းနေရမည်လော။ အမှုတော်ဆောင်သောသက်မွေးမှုသည် ဆက်ကပ်ရှိစဉ်အခါ အလုပ်ခန့်ထားနိုင်ဖို့လမ်းကြောင်းနှင့်ရည်ရွယ်ချက်ကို မသိကျိုးကျွန်ပြုနေရအံ့လော။ ထာဝရအသက်ကိုရစေဖို့ လုပ်သောလုပ်ငန်းသည် မြေကြီးပေါ်ရှိတွေးမိသမျှသောလုပ်ငန်းများ၏အထက်၌ရှိသည်။ ယေရှုထံသို့ ဝိညာဉ်များကိုခေါ်သွင်းဖို့ပေးနိုင်ဖို့ဆိုသည်မှာ လူ့သဘောကိုသိကျွမ်းရခြင်းနှင့် လူ့စိတ်ပညာကိုလေ့လာရခြင်း

ပြီးစီးမှုရှိနေရမည်။ သမ္မာတရားအကြောင်းအရာသာမက အမှုတော်ကိုလူ ယောကျ်ား၊ လူမိန်းမတို့ထံရောက်ရှိ၍ သိစေရန်ဆိုသည်မှာ စေ့စပ်သေချာသော အတွေးနှင့်စိတ်ပါလက်ပါဆုတောင်းခြင်းများစွာလိုအပ်ပါသည်။ (ဃ ၂၂၅.၆)

ခရစ်ယာန်သိက္ခာနှင့်ယဉ်ကျေးပျူငှာမှု

ဥပုသ်နေ့စောင့်သူများ၊ အသင်းဝင်များ၌ လူ့သိက္ခာတရားနှင့်ခရစ်ယာန်၏ရည်မွန်ခြင်းမျိုးမရှိသောသူများသည် ကျွန်ုပ်တို့ကိုဆန့်ကျင်သူများဖြစ်၍ သမ္မာတရားအတိုင်းကယ်တင်ခြင်းမခံရဟု ကျွန်ုပ်တို့ထုတ်ပြောရလိမ့်မည်။ ထိုသူကိုစိတ်ပိုင်းဆိုင်ရာနှင့် အမှုအရာသွန်သင်ပေးခြင်းအမှုကို ပြည့်ဝလာသည်အထိ ရှေ့ဆက်လုပ်ပေးရမည်။ သမ္မာတရားကို ယုံကြည်ကိုးကွယ်ပါသည်ဟုဆိုသောသူများသည် ယေရှုခရစ်၌ လူယောကျ်ား၊ လူမိန်းမတို့၏ ဂုဏ်အင်္ဂါအပြည့်ကြီးထွားလာစေနိုင်ရန် သူတို့ရှိအထူးအခွင့်အရေးနှင့်အခွင့်အလမ်းများကို ယခုပင်တိုးအောင်မလုပ်ဆောင်ကြဘူးဆိုလျှင် သမ္မာတရားလမ်းကြောင်း၌ သူတို့၏ဂုဏ်မရှိ။ ခရစ်တော်၌လည်း လေးစားခြင်းမခံရနိုင်။ (ဃ ၂၂၆.၁)

အကျင့်သိက္ခာကို စနစ်တကျရှိသောအသက်တာနှင့်ဘုရားသခင့်အလိုတော်အတိုင်း စကားပြောဆိုခြင်းအားဖြင့် ထိန်းသိမ်းနေထိုင်တတ်ဖို့ သေချာပါစေ။ အဆင့်မြင့်မြင့်သို့တက်လှမ်းနေထိုင်သွားသည်ကို မည်သည့်အခါမျှမကြောက်ပါနှင့်။ ကြမ်းကြမ်းတမ်းတမ်းနှင့် ရိုင်းစိုင်းစွာပြုခြင်းအလုံးစုံသည် ကျွန်ုပ်တို့နှင့်ဝေးစေရမည်။ ယဉ်ကျေးမှု၊ ရည်မွန်မှုနှင့်ခရစ်ယာန်တစ်ဦးအဖြစ် ဖော်ရွေမှုတို့ကိုကျွန်ုပ်တို့ရင်ဝယ်ပိုက်ထားကြရမည်။ ကြွပ်ဆတ်ခြင်း၊ တုံးတိပြောဆိုခြင်းတို့ကို ရှောင်ကြဉ်စောင့်ထိန်းပါ။ ယင်းကဲ့သို့ထူးခြားကွဲပြားမှုကို သူတော်ကောင်းတရားကဲ့သို့ မမှတ်ယူပါနှင့်။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်သည် ထိုအရာများကို အသိအမှတ်မပြုပါ။ မလိုအပ်သောထိုအမှုတစ်ခုတလေကိုမျှ မှားယွင်းမိစေရန် မကြိုးစားပါနှင့်။ (ဃ ၂၂၆.၂)

ဘုရားသခင်၏အလိုတော်ကို သိကျွမ်းပြီးကြသည့်လူယောကျ်ား၊ လူမိန်းမများသည် ကိုယ်တော်၏အမှုတော်ကို အောင်မြင်စွာလုပ်ဆောင်နိုင်ရန် အကြီးမားဆုံးလိုအပ်ချက်ရှိပါသေးသည်။ သူတို့သည် မွမ်းမံပြုပြင်ခြင်းရှိသူများ၊ နားလည်မှုရှိသူများ၊ ပြင်ပမှတ်စုများအားဖြင့် လှည့်ဖြားမခံယူခြင်း၊ ထို့ပြင်လောက ဟန်ဆောင်မှုလှောင်ပြုံးပြုံးနေသည့်အမူအရာမျိုးမရှိသူများဖြစ်ကြရပါမည်။ ကောင်းကင်ဘုံကယ်တင်ခြင်းသို့ရောက်သည့်သူများသည် ရည်မွန်သူ၊ လောကဝတ်ကျေပွန်သူများဖြစ်ကြ၏။ သူတို့သည် ဘုရားသခင်၏သဘောတော်နှင့်အညီ ပါဝင်ဆင်နွှဲသူဖြစ်လျှင် ခရစ်ယာန်တိုင်းထိုသို့ဖြစ်လိမ့်မည်။ (ဃ ၂၂၆.၃)

ကျွန်ုပ်တို့၏ဤလောကသို့ အစဉ်ပေးကမ်းတော်မူထားသည့်အကြီးမြတ်ဆုံးသမ္မာတရားနှင့်မျှော်လင့်ခြင်း၊ အကြီးမားဆုံးယုံကြည်ခြင်းများကို ကျွန်ုပ်တို့ရရှိထားကြသည်။ ဤအရာများကို ပီတိဝေဖြာသောစရိုက်လက္ခဏာဖြင့် လောကသို့ကျွန်ုပ်တို့ဖြန့်ဝေပေးနေကြသည်။ ကျွန်ုပ်တို့ဖြန့်ဝေပေးလိုသောအရာများရှိသည်ဆိုပြီး လောကကိုအသနားခံတောင်းပန်ခြင်းပြုနေသည်ဟူ၍ ကျွန်ုပ်တို့အပေါ်၌ မယူဆစေလိုပါ။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့သည် ဤအဖိုးတန်အထွတ်အမြတ်သစ္စာတရားကို ယုံကြည်ခြင်းဖြင့် စွန့်စားရယူခဲ့ကြရသောကြောင့်ဖြစ်သည်။ ဘုရားသခင်နှင့်အတူ စိတ်နှိမ့်ချစွာကျွန်ုပ်တို့အတူသွားလာနေကြပါသည်။ ကျွန်ုပ်တို့သည် ချည့်နဲ့သောကိုယ်တန်ဆာပလာများဖြစ်သော်လည်း အရေးအကြီးဆုံး၊ စိတ်ပါဝင်စားစရာအကောင်းဆုံးအကြောင်းကို ကျွန်ုပ်တို့လက်ကိုင်ရရှိထားပြီးဖြစ်သော်လည်း လောကီရေးရာနှင့်လောကအရေးကြီးသောအရာများထက် ပို၍မြင့်စွာ ကျွန်ုပ်တို့ပီတိဝေဖြာနေကြရပါသော်လည်း ကျွန်ုပ်တို့သည် အမြင့်ဆုံးသောဘုရား၏သားသမီးများကဲ့သို့ ကိုယ်တိုင်ကျင့်ကြံနေထိုင်လိုသူများဖြစ်ကြပါသည်။ (ဃ ၂၂၆.၄)

ဝိညာဉ်များအတွက် ဝန်ဆောင်သူသည် ဆက်ကပ်ခြင်း၊ ဂုဏ်သမာဓိ၊ အသိဉာဏ်ပညာ၊ လုပ်ငန်း၊ စွမ်းအင်နှင့်လိမ္မာပါးနပ်မှုများလိုအပ်သည်။ ဤအရည်အချင်းများပြည့်မီသူသည် အဆင့်နိမ့်သည့်လူတစ်ဦးအဖြစ်သို့

ဘယ်တော့မှရောက်မသွားနိုင်ပါ။ သူသည် ထိုထက်ကောင်းသောအမှုအတွက် ဦးစီးလုပ်ဆောင်နိုင်သူတစ်ဦးဖြစ်လာလိမ့်မည်။ (ဃ ၂၂၇.၁)

သွန်သင်ခြင်းကို ခံယူလိုစိတ်ရှိသူများသည် လူပုဂ္ဂိုလ်တစ်ဦးချင်းနှင့် မိသားစုများသို့ အကောင်းဆုံးချဉ်းကပ်ရောက်ရှိခြင်းဖြင့် အမှုဆောင်အလုပ်ခွင်ထဲ၌ ရှိနေရမည်။ သူတို့သည် သပ်သပ်ရပ်ရပ်ဝတ်စားတတ်ရမည်။ ပေါ်ကြော့ နေထိုင်သည်မဖြစ်ရ။ သူတို့၏အမှုအရာသည် လူတွေရဲ့စက်ဆုပ်ရွံရှာဖွယ် မဖြစ်စေရ။ လူထဲကလူတစ်ယောက်အနေဖြင့် အမှန်အကန်ယဉ်ကျေးသိမ်မွေ့မှုသည် ကြီးစွာသောလိုအပ်ချက်ဖြစ်သည်။ မစ်ရှင်အမှုတော်ကိုဆောင်ရွက်နေကြ သောသူကို လူအားလုံးသည် ဤသို့နည်းယူလိုက်နာစေသင့်ပါသည်။ (ဃ ၂၂၇.၂)

## အစစ်အမှန်ဖြစ်ခြင်း

ကျွန်ုပ်တို့တာဝန်ထမ်းဆောင်ရန် ခေါ်ယူတော်မူခြင်းခံရသကဲ့သို့ သတင်းကောင်းတရားကို အလေးအမြတ်ထား၍ လေးနက်စွာအမှုဆောင်ရွက်နေကြသူတို့၏အသက်တာ၌ ဟန်ဆောင်ခြင်းမရှိပါချေ။ လောကကြီးသည် သတ္တမနေ့မြော်လင့်ခြင်းအသင်းကို စောင့်ကြည့်နေသည်။ အဘယ်ကြောင့်ဆိုသော် အသင်းတော်၏ယုံကြည်ချက်ထုတ်ဖော်ခြင်းအကြောင်းနှင့် အဆင့်မြင့်စံနှုန်းကို လောကကြီးကသိထားသည်။ ပြောသည့်အတိုင်း နေထိုင်ခြင်းမရှိဟူ၍ လောကကြီးကမြင်လျှင် အထင်သေးမဲ့ရွဲ့ခြင်းဖြင့် လက်ညှိုးထိုးလာကြလိမ့်မည်။ (ဃ ၂၂၇.၃)

လူသားတို့၌ ထူးကဲသောဆုကျေးဇူးများ၊ ကောင်းစွာလုပ်နိုင်သောအရည်အချင်း၊ ခမ်းနားခြင်း၊ အရည်အသွေးကောင်းခြင်းတို့ရှိကြ၏။ သို့ရာတွင် ချွတ်ယွင်းချက်တစ်ခု၊ အမှောင်ဒုစရိုက်သို့စိတ်အလိုလိုက်မှုတစ်ရပ်ကြောင့် သင်္ဘောဝမ်းတွင်းကြမ်းခင်းပျဉ်သစ်ချောင်းတစ်ချောင်းကို ပိုးထိုးသလိုလုံးလုံးလျားလျားကပ်ဆိုက်မှုနှင့် ပျက်စီးခြင်းမျိုးဖြင့် သူ၌စရိုက်လက္ခဏာက သက်သေပြပါလိမ့်မည်။ (ဃ ၂၂၇.၄)

တမန်တော်ရှင်ပေါလုသည် သူနှင့်အတူ ကောင်းကင်ဘုံဝန်းကျင်ကို ယူပြလာခဲ့သည်။ သူနှင့်အပေါင်းအသင်းဝင်သူအားလုံးသည် သူ့ကိုယ်နှင့် ခရစ်တော်ပေါင်းစပ်မှုအရှိန်အဝါကို ကြုံတွေ့ခံစားကြရသည်။ အမှန်ဆိုရလျှင် သူ၏အသက်ရှင်မှုဘဝသည် သူကြေညာပြောဆိုနေသောသမ္မာတရားကို ပုံနမူနာ ဆောင်ယူပြနေခြင်းဖြစ်သည်။ သူ၏ဟောပြောချက်၌ ယုံကြည်လောက်သော တန်ခိုးကိုပြနေသည်။ သမ္မာတရား၏တန်ခိုးသည် ထိုအရာ၌လည်း မှီနေပါ သည်။ မလေ့ကျက်မိ၊ သတိမမူမိဘဲ သန့်ရှင်းသောအသက်တာ၏ဩဇာ သက်ရောက်မှုသည် ခရစ်ယာန်ဘာသာရေးလောက၌ လူအများဘဝင်အကျဆုံး ဒေသနာတရားဖြစ်လာရသည်။ ငြင်းချက်များနှင့်အဖြေထွက်နိုင်သည့်အရာများ သည် ဆန့်ကျင်မှုသက်သက်ကိုသာ နှိုးဆွပေးနိုင်သည်။ သို့ရာတွင် ဘုရားသခင့် အလိုတော်နှင့်ညီသောပုံသက်သေဆောင်ခြင်းသည် လူအပေါင်းတို့ ဆီးတားရန် မဖြစ်နိုင်သောတန်ခိုးအစွမ်းတစ်ရပ်အဖြစ် ရှိနေပါ၏။)

မှန်သောစရိုက်လက္ခဏာသည် အပြင်ဘက်မှသွင်းယူပုံဖေါ်ချထား သည်မဟုတ်ပါ။ အတွင်းမှရောင်ခြည်ကဲ့သို့ ဖြာထွက်ပါသည်။ အကယ်၍ ဖြောင့်မတ်ခြင်းလမ်းကို သူတစ်ပါးအား ကျွန်ုပ်တို့လမ်းညွှန်ပြပေးလိုသည်ဖြစ် လျှင် ဖြောင့်မတ်ခြင်း၏အခြေခံသဘောတရားသည် ကျွန်ုပ်တို့၏နှလုံးသား ထဲမှာ အမြတ်တနိုးရှိသည့်အရာဖြစ်နေရမည်။ ယုံကြည်ခြင်းကို ကျွန်ုပ်တို့ ထုတ်ဖေါ်ခြင်းသည် ဘာသာရေးသီအိုရီကို ကြေညာခြင်းဖြစ်၏။ ဤသို့ကျွန်ုပ် တို့၏လက်တွေ့ဘာသာရေးကိုးကွယ်ခြင်းသည် နှုတ်ကပတ်တော်သစ္စာ၌တည် ၏။ အပြောင်းအလဲမရှိသောအသက်ရှင်ခြင်း၊ သန့်ရှင်းသောဘာသာစကားကို ပြောဆိုခြင်း၊ ဂုဏ်သိက္ခာတည်မြဲခြင်း၊ လူ့ပ်ရှားလုပ်ဆောင်နေခြင်း၊ စေတနာ စိတ်ထက်သန်ခြင်း၊ ဘုရားသခင်အလိုတော်နှင့်ညီသောနေထိုင်မှုပုံစံရှိခြင်း စသည်ဖြင့် ဤလက္ခဏာများသည် လောကသို့အလင်းပို့လွှတ်ထုတ်ပေးနိုင် သောကြားခံဆက်သွယ်ရေးတန်ဆာပလာများဖြစ်ကြပါ၏။ (ဃ ၂၂၈.၁)

ဆုတောင်းခြင်းကို တွန်းအားပေးခြင်းနှင့်အပြောအဟောစကားများ သည် ဈေးပေါသောအသီးဖြစ်၍ မကြာမကြာချည်နှောင်လုပ်ဆောင်နေတတ်

ပါသည်။ ကောင်းသောအလုပ်များကို ဦးတည်လုပ်ဆောင်ခြင်းသည် အစစ်အမှန်အကျင့်များဖြစ်သည်။ ဆင်းရဲသားများ၊ မုဆိုးမများနှင့်မိဘမဲ့များအား ထောက်ပံ့ပေးခြင်း၊ ဂရုစိုက်ပေးခြင်းသည် ကောင်းသောသစ်ပင်တစ်ပင်၌ သဘာဝအတိုင်းကြီးထွားသည့်အတိုင်း အသီးကောင်းများသီးကြမည်။ (ဃ၃ ၂၂၈.၂)

## တက်ကြွထက်သန်မှု

ဘုရားသခင်သည် ကိုယ်တော်၏သမ္မာတရားရှေ့တိုးစေရန် ယေဘုယျအားဖြင့် နိမိတ်လက္ခဏာများပြတော်မမူပါ။ အိမ်ထောင်ဦးစီးလင်ယောကျ်ားသည် မြေကိုထွန်ယက်ဖို့ မေ့လျော့နေခဲ့လျှင် ဘုရားသခင်သည်လည်း အမှန်ရှိနေသည်ကို တိုက်လှန်ရန် နိမိတ်တန်ခိုးမသုံးပါ။ ကိုယ်တော်သည် ကျွန်ုပ်တို့အား အသိပေးပြီးဖြစ်သောအခြေခံစည်းမျဉ်းကြီးအတိုင်း လုပ်ဆောင်ပေးသည်။ ကျွန်ုပ်တို့အပိုင်း၌ ရင့်ကျက်သော၊ ကောင်းသောအကြံအစည်နှင့် ဘုရားသခင်အမှန်တကယ်အကျိုးပေးလိမ့်မည်ဖြစ်သောဘုရားသခင့်အလိုတော်ကိုစီမံပြုလုပ်ကြရမည်။ ဆုံးဖြတ်ချက်နှင့်ကြိုးစားလုပ်ကိုင်လိုခြင်းမရှိသောသူများသည် သန့်ရှင်းသောဝိညာဉ်တော်က သူတို့အား အနိုင်အထက်ပြု၍ မစပေးလိမ့်မည်ဟု တမင်တကာစောင့်မျှော်နေသည်ဖြစ်၍ ထိုသူတို့သည် အမှောင်ထဲ၌ပျက်စီးခြင်းသို့ရောက်လိမ့်မည်။ သင်သည် ဘုရားသခင်၏အမှုတော်၌ ဘာမျှလုပ်ဆောင်ချက်မရှိဘဲ မလှုပ်မယှက်ထိုင်မနေရ။ (ဃ၃ ၂၂၈.၃)

မစ်ရှင်အမှုဆောင်အလုပ်ထဲ၌ရှိကြသောသူအချို့သည် အားနည်းခြင်း၊ အာရုံမရဖြစ်ခြင်း၊ ဝိညာဉ်သဘောမရှိခြင်းအပြင် အလွယ်တကူလည်း စိတ်ပျက်တတ်ကြသည်။ တွန်းကန်အား သူတို့၌မရှိ။ တစ်စုံတစ်ရာလုပ်ကိုင်ရန် စွမ်းအားပေးသောအကောင်းမြင်ဉာဏ်စရိုက်လက္ခဏာလည်း သူတို့၌မရှိကြပါ။ စိတ်အားထက်သန်စေရန် မီးမွေးပေးနိုင်သောစိတ်စွမ်းအင်လည်း သူတို့၌ မရှိကြပါ။ အောင်မြင်မှုကိုရယူလိုသူတိုင်းသည် သတ္တိရှိရမည်။ မျှော်လင့်ခြင်း ရှိရမည်။ သူတို့သည် အကောင်းမြင်မှုသက်သက်ချည်းကိုသာရှာကြသည်

မဟုတ်။ သူတို့၏စင်ကြယ်သောအကျင့်သီလကိုလည်း ရှင်သန်နေစေသည်။

ဘုရားသခင်သည် ခရစ်တော်၏လက်ဝါးကပ်တိုင်အောင်ပွဲကိုရှေ့တန်းတင်သောအမှုတော်ဆောင်များကို အလိုရှိတော်မူသည်။ (ဃ ၂၂၈.၅)

ရိုးစင်းလွန်း၍ အသက်မပါသောလုစ်လုပ်မိန့်ဆိုသောစကားများအားဖြင့် သတင်းစကားဟောပြောနေရသည်မဟုတ်။ ရှင်းရှင်းလင်းလင်းနှင့်ဆုံးဖြတ်ချက်ပိုင်ပိုင်နိုင်နိုင်လှုံ့ဆော်ခြင်းအဆိုအမိန့်များဖြစ်စေရမည်။ (ဃ ၂၂၉.၁)

ဤသတင်းစကားကိုဟောပြောရန်အာဝဇ္ဇန်းရွှင်ရွှင်သူတစ်ပါးကျလောက်အောင် စကားပြောကောင်းသူများမလိုအပ်ပါ။ သမ္မာတရား၏ပြင်းထန်ထိရောက်မှုအလုံးစုံကိုသာ ဟောပြောရမည်။ နိုးကြားတက်ကြွသောသူများလိုအပ်သည်။ အသင်းတော်များစင်ကြယ်ရေးနှင့် လောကသို့သတိပေးစကားများကို အားသွန်ခွန်စိုက်မရပ်မနားစွမ်းအင်ဖြင့် လုပ်ဆောင်ကြသူများကို လိုအပ်နေသည်။ (ဃ ၂၂၉.၂)

ဘုရားသခင်၏အမှုတော်ထဲ၌ ပျင်းရိသူများကို ဘုရားသခင်မသုံးပါ။ ကိုယ်တော်သည် အတွေးကောင်းသူ၊ ကြင်နာသူ၊ စာနာတတ်သူ၊ ကြိုးစားလုပ်ဆောင်သူများကို အလိုတော်ရှိ၏။ (ဃ ၂၂၉.၃)

## စိတ်ပိုင်းဖြတ်ခြင်း

ဘုရားသခင်၏အမှုတော်၌ရှိသူသည် ဝိညာဉ်များစွာကို အောင်နိုင်သောအလုပ်ထဲ၌ သက်ဝင်လှုပ်ရှားခြင်း၊ စိတ်ပိုင်းဖြတ်ခြင်းကို ပြနိုင်ရမည်။ ဘုရားသခင်၏တန်ဆာပလာများဖြစ်သောကျွန်ုပ်တို့သည် ကျရှုံးခြင်းမရှိ၊ စိတ်ပျက်အားလျော့ခြင်းမရှိဘဲ စိတ်ဆုံးဖြတ်ချက်ခိုင်မာစွာဖြင့် အမှုတော်မြတ်ကိုလုပ်ဆောင်ခြင်းမပြုလျှင် ပျက်စီးသွားမည့်ဝိညာဉ်များစွာရှိလာလိမ့်မည်ကို အမှတ်သတိရကြပါ။ (ဃ ၂၂၉.၄)

ဘုရားသခင်သည် ကြီးမြတ်တော်မူသောအမှုတော်ကို လုပ်ဆောင်ရန်ကျွန်ုပ်တို့အား အခွင့်ပေးတော်မူ၏။ တိတိကျကျနှင့်စိတ်ပိုင်းဖြတ်ခြင်းဖြင့်

လုပ်ဆောင်ကြပါစို့။ သမ္မာတရားသည် ကျွန်ုပ်တို့အပေါ်၌ ပြုတော်မူခဲ့သည့် အတိုင်း ကျွန်ုပ်တို့၏အသက်ရှင်ခြင်းကို ဖွင့်ပြသကြပါစို့။ (ဃ ၂၂၉.၅)

စိတ်အားကြီးခြင်း

ကြိုးစားသောခရစ်ယာန်များ၌ စိတ်အားကြီးမှုလိုအပ်သည်။ စိတ်အားကြီးခြင်းကို တစ်စုံတစ်ရာလုပ်ပြခြင်းအားဖြင့် ဖော်ပြရလိမ့်မည်။ ခရစ်တော်ကိုပိုင်ဆိုင်ရလိုသောဝိညာဉ်လူအားလုံးသည် ကိုယ်တော်ကိုဝန်ခံပြောဆိုရန် မည်သည့်အရာကမျှ အတားအဆီးမပြုနိုင်ပါ။ နိုင်အဂ္ဂရာ (ငြဲါမေ) ရေတံခွန်ကြီး၌ စီးကျသည့်ရေကို ဆီးတား၍ရချင်ရနိုင်မည်ဖြစ်သော်လည်း ထိုသူကိုတားမရနိုင်။ (ဃ ၂၂၉.၆)

ခရစ်တော်ကိုကယ်တင်ရှင်အဖြစ် ဝန်ခံသူအယောက်စီတိုင်းသည် ဘုရားသခင်၏အစေကိုခံရန် အထူးအခွင့်ရှိကြောင်း စွဲလမ်းနေကြရမည်။ သူ့အတွက် ကောင်းကင်ဘုံက ပြုစုခဲ့သည်များကို စိတ်ကူးမှန်းဆကြည့်လိုက်သော် သူ့နှလုံးသားသည် အကန့်အသတ်မဲ့အချစ်စိတ်လှုပ်ရှား၍ မြတ်နိုးစွာ ဖြင့်ကျေးဇူးတရားကို နားလည်ရသည်။ ထိုသူသည် ဘုရားသခင်၏အစေကိုခံယူရန် စိတ်တမ်း၍ သူ၏ကျေးဇူးသိခြင်းသည်လည်း အချက်ပြပေးရန် လိုလားပါသည်။ ခရစ်တော်ကိုချစ်သောသူ့စိတ်စွဲလမ်းမှုကိုပြလာသည်။ သူသည် အလုပ်ကြမ်း၊ ခက်ခဲပင်ပန်းမှု၊ စွန့်လွှတ်အနစ်နာခံခြင်းစသည်တို့ကို ငမ်းငမ်းတက်လုပ်ချင်လာသည်။ (ဃ ၂၂၉.၇)

မာသ (မြဲအ့ေ) လိုလူတွေအဖို့ တက်ကြွသောဘာသာရေးအလုပ် ထဲမှာ သူတို့၌စိတ်အားကြီးခြင်းနှင့်အတူ ကွင်းပြင်ကျယ်ကြီးတစ်ခုရှိခဲ့သည်။ သို့သော်လည်း မာရိ (မြဲပ) နှင့်အတူ ယေရှု၏ခြေတော်ရင်း၌ ပထမသူတို့ဝင်ထိုင်လာကြပါစေဦး။ ကြိုးပမ်းအားထုတ်ခြင်း၊ အထောက်အမနှင့်စွမ်းအင်သည် ခရစ်တော်၏ကျေးဇူးတော်အားဖြင့် စင်ကြယ်စေရသည်။ ထိုနောက် အသက်ရှင်သောသင့်ဘဝသည် ကောင်းကျိုးဆောင်ခြင်း၌ တားဆီးနှိပ်ကွပ်မရနိုင်သည့်တန်ခိုးတစ်ခုဖြစ်လာလိမ့်မည်။ (ဃ ၂၃၀.၁)

ဘုရားသခင်၏နာမ၌ ခရစ်တော်၏အမှုကိုဆောင်ရန် ကိုယ်တော်ပေးသော၊ မမောနိုင်မပန်းနိုင်သောစိတ်ရှည်ခြင်းနှင့် ဦးလည်မသုန်စိတ်အားကြီးခြင်းတို့နှင့်တကွ ကျွန်ုပ်တို့သည် သခင်ဘုရား၏စေစားချက်ကို ရှေ့ဆက်သယ်ဆောင်သွားနေကြသည်။ (ဃ ၂၃၀.၂)

ကျွန်ုပ်တို့၏ဘာသာရေးအလုပ်၌ ငြီးငွေ့ဖွယ်ထပ်တလဲလဲဖြစ်နေခြင်းကိုရိုက်ချိုးပစ်ရန်လိုသည်။ ကျွန်ုပ်တို့သည် လောကအတွင်းတွင် အလုပ်တစ်ခုကိုလုပ်နေကြရ၏။ သို့သော်လည်း လုံလောက်သောတက်ကြွမှုနှင့်စိတ်အားကြီးမှုကို မပြသနိုင်ကြပါ။ အကယ်၍သာ ကျွန်ုပ်တို့သည် ပို၍ကြိုးစားလုပ်လာကြလျှင် လူအများသည် ကျွန်ုပ်တို့၏သစ္စာတရားသတင်းစကားကို လက်ခံယုံကြည်လာကြလိမ့်မည်။ ဘုရားသခင်အတွက် ကျွန်ုပ်တို့အမှုဆောင်နေခြင်းသည် ရိုးလွန်း၍ ငြီးငွေ့ဖွယ်ဖြစ်ခြင်းကြောင့် အဆင့်မြင့်လူတန်းစားအလွှာတစ်ခု၏ဝိညာဉ်များစွာကို တွန်းထုတ်သလိုဖြစ်နေသည်။ သူတို့သည် ကျွန်ုပ်တို့၌မြင်လိုသည်မှာ လေးလေးနက်နက်ကြိုးပမ်းအားထုတ်ခြင်းနှင့်စိတ်အားကြီးသောစင်ကြယ်ခြင်းများဖြစ်ပါသည်။ (ဃ ၂၃၀.၃)

## စိတ်ရှည်ခြင်း

ယေရှုနှင့်အတူလုပ်ဖော်ကိုင်ဖက်တစ်ဦးဖြစ်လာစေရန် သင်သည် ဝန်ဆောင်လုပ်ပေးသူတို့နှင့်ဆက်ဆံရာ၌ စိတ်ရှည်မှုအပြည့်ရှိနေရမည်။ လုပ်ဆောင်ချက်အလွယ်ကလေးတစ်ခုကိုပင်လျှင် အရေးမစိုက်မှုမရှိစေဘဲ ထိုမှကောင်းချီးရလဒ်များကို ကြည့်မျှော်နေတတ်ရမည်။ သင်ဝင်ရောက်လုပ်ဆောင်ပေးခဲ့သူသည် သင့်စိတ်အလိုကျတိတိပပဖြစ်မလာသောအခါ သင့်စိတ်နှလုံးထဲ၌ မကြာခဏရွတ်ဆိုနေမည်။ "သွားပလေ့စေ၊ သူတို့ဟာ ကယ်တင်ရန်မထိုက်တန်ပါကလား" ဟူ၍ ဆိုလိမ့်မည်။ တကယ်လို့ ခရစ်တော်သည် ထိုနည်းတူ သင်၏အမူအရာမျိုးဖြင့် အပယ်ခံဆင်းရဲသားများကို ဆက်ဆံခဲ့သော် ဘယ်လိုလုပ်မလဲ။ ကိုယ်တော်သည် အလွန်ဆိုးသောအပြစ်သားများအတွက် အသေခံပေးခဲ့သည်မဟုတ်လော။ သင်သည် သင်လိုက်ပါနေသည့်

ကိုယ်တော်၏နမူနာအတိုင်း တူညီသောစိတ်၊ တူညီသောအမူအရာဖြင့် အမှုတော်ကိုလုပ်ဆောင်ပေး၍ အကျိုးထွက်ရလဒ်ကိုလည်း ဘုရားသခင်ထံ၌သာ အပ်နှံပါလျှင် ဤသင့်ဘဝ၌ ပြီးစီးအောင်ပြုခဲ့သည့်ကောင်းမှုကုသိုလ်များသည် အတိုင်းအဆမရှိလေပြီ။ (ဃ ၂၃၀.၄)

သင်အဆက်အသွယ်ရထားသူများအားလုံးအတွက် ကိုယ်ကျိုးမပါသောချစ်ခြင်းမေတ္တာဖြင့် စိတ်ရှည်ရှည်ထား၍ လုပ်ပေးပါ။ စိတ်မရှည်သည်း မခံနိုင်သည်ကို မပြပါနှင့်။ မကြင်နာသောစကားတစ်လုံးမျှမထွက်ပါစေနှင့်။ ခရစ်တော်ကို ချစ်သောစိတ်သင့်နှလုံး၌ အမြစ်တွယ်နေပါစေ။ အကြင်နာတရားဥပဒေစကားများသာ သင့်နှုတ်ခမ်း၌ သီးနေပါစေ။ (ဃ ၂၃၀.၅)

## လိမ္မာပါးနပ်မှု

ဘုရားသခင်ထံ၌ အရာအားလုံးကို အညှံ့ခံအပ်နှံရောက်ရှိသူသည် တွေးခေါ်ခြင်း၊ ဆုတောင်းခြင်း၊ ကြိုးစားအားထုတ်ခြင်းရှိလာကြမည်။ သူတို့အလုပ်လုပ်သောအခါ လိမ္မာပါးနပ်စွာဆက်ကပ်လုပ်ဆောင်ကြလိမ့်မည်။ (ဃ ၂၃၀.၆)

လူတစ်ယောက်သည် လိမ္မာပါးနပ်မှု၊ လုပ်ငန်းခွင်ကြိုးစားမှုနှင့် စိတ်အားထက်သန်မှုရှိခဲ့လျှင် လောကီစီးပွားရေးကို အောင်မြင်စွာထိုသူလုပ်ဆောင်နိုင်ပါလိမ့်မည်။ ထိုနည်းအရည်အချင်းအတိုင်း ဘုရားအမှုတော်ကို ဆက်ကပ်လုပ်ဆောင်လျှင် နှစ်ဆတိုးသောအစွမ်းကိုပင် သူပြနိုင်လိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်၏တန်ခိုးသည် လူသားကြိုးစားမှုနှင့် ပေါင်းစပ်ပေးလိုက်သောကြောင့် ဖြစ်သည်။ (ဃ ၂၃၁.၁)

ဝိညာဉ်အောင်နိုင်ခြင်းအမှု၌ ကြီးစွာသောလိမ္မာပါးနပ်မှုနှင့်ဉာဏ်ပညာလိုအပ်၏။ ကယ်တင်ရှင်သည် သမ္မာတရားကိုဘယ်တော့မှ ထိန်းချုပ်မထားပါ။ မေတ္တာတော်၌ အမြဲတမ်းကိုယ်တော်ဖွင့်ဟထားပေးသည်။ အခြားသူများနှင့်ကိုယ်တော်ဆက်ဆံရာတွင် ကြီးစွာသောလိမ္မာပါးနပ်မှုကို လေ့ကျင့်တော်မူသည်။ ကိုယ်တော်သည် အမြဲကြင်နာသနားတတ်ပြီးဘယ်တော့မှရိုင်းစိုင်းသည့်

အမှုမပြု။ ကြမ်းတမ်းသောစကားတစ်ခွန်းကိုမျှ မလိုအပ်ဘဲမပြော။ အထိ မခံသောဝိညာဉ်တစ်လုံးကို မလိုအပ်ဘဲ နစ်နာစေရအောင် ကိုယ်တော်ဘယ်တော့မှမလုပ်ပါ။ လူသားတို့၏အားနည်းချက်များကို ပြစ်တင်ဝေဖန်ခြင်းလည်း ကိုယ်တော်မလုပ်ပါ။ ကိုယ်တော်သည် ကြောင်သူတော်ဖြစ်ခြင်း၊ မယုံကြည်ခြင်း၊ ဒုစရိုက်ပြုခြင်းများကို ပြစ်တင်ရှုတ်ချတော်မူလေ၏။ သို့တိုင် ကိုယ်တော်သည် ပစ်ပစ်ခါခါဆုံးမပြောဆိုလိုက်သောစကားသံတော်ထဲ၌ မျက်ရည်ကျတတ်သူဖြစ်သည်။ ကိုယ်တော်သည် သမ္မာတရားတော်အားဖြင့် ဘယ်တော့မှအနာတရမဖြစ်စေခဲ့ပါ။ လူ့လောကအတွက် သနားကြင်နာမှုကို နက်ရှိုင်းစွာအမြဲပေါ်လွင်ထင်ရှားစေခဲ့သည်။ ဝိညာဉ်တိုင်းကို မျက်မှောက်တော်၌ တန်ဖိုးထားတတ်သည်။ ကိုယ်တော်သည် ဘုရားသခင်ဖြစ်ခြင်းဂုဏ်တော်နှင့်အညီ ရပ်တည်နေခဲ့ပါသော်လည်း ဘုရားသခင်၏မိသားစုဝင်တစ်ယောက်စီတိုင်းအပေါ် ကြင်နာသနားတတ်သောကရုဏာမေတ္တာတော်ဖြင့် ဦးညွှတ်၍ လေးစားခဲ့သည်။ လူသားအားလုံးကို ကိုယ်တော်၏မစ်ရှင်၌ ကယ်တင်ခြင်းပေးအပ်သည့်ဝိညာဉ်များဟု မြင်တော်မူခဲ့၏။ (ဃ ၂၃၁.၂)

အချို့သောင်းကျန်းမည်၊ အချို့စိတ်လိုက်မာန်ပါရှိမည်။ သို့သော် လူသာမန်တို့၏ဝိညာဉ်များဖြစ်ကြသည်။ ထိရောက်သောအကျယ်တဝင့်အလေးအနက်ထားဟောပြောခြင်းကို သူတို့ရလိုက်တဲ့အခါ အလွန်ကြွပ်ဆတ်ဆတ်အမူအရာနှင့် ကျွန်ုပ်တို့ဆီသို့ ချဉ်းကပ်ဝင်လာမြူဆွယ်ကြလိမ့်မည်။ ထိုအခါ ထိုသူတို့သည် ရွံရှာဖွယ်ဖြစ်သော်လည်း ကျွန်ုပ်တို့သည် သူတို့အား လက်ခံရစေလိုသည့်သမ္မာတရားကို ပေးအပ်ကြရမည်။ "အကြောင်းမူကား လောကီသားတို့သည် မိမိတို့အမှုကို ဆောင်ရွက်ရာတွင် အလင်းသို့ရောက်သောသူတို့ထက် သာ၍လိမ္မာကြ၏။" (လုကာ ၁၆း၈)။ စီးပွားရေးသမားများနှင့် နိုင်ငံရေးသမားတို့သည် လောကဝတ်စကားများသင်ယူကြသည်။ ဤအရာမှာသူတို့သည် သူတို့ကိုယ်သူတို့အဆွဲဆောင်နိုင်ဆုံးဖြစ်အောင် ပြုလုပ်သောဝါဒဖြစ်သည်။ သူတို့၏အဟောအပြောနှင့် အမူအရာများသည် သူတို့၏ဝန်းကျင်လူအုပ်ကို အကြီးမားဆုံးသြဇာသက်ရောက်စေဖို့ အကျိုးထွက်ရှိစေရန်

သူတို့သင်ယူကြပါ၏။ ဤရည်မှန်းချက်ရောက်စေဖို့အတွက်လည်း အဖြစ်နိုင်ဆုံးကျွမ်းကျင်မှုဖြင့် သူတို့၏ဉာဏ်ပညာနှင့်တတ်နိုင်စွမ်းရည်ကို ထုတ်သုံးတတ်ကြလေသည်။ (ယှ ၂၃၁.၃)

ဤသတင်းစကားကို ပြောဆိုကြရမည်။ သို့သော်လည်း ပြောနေစဉ်အခါ၌ ကျွန်ုပ်တို့ရသလိုအလင်းမရကြသေးသောသူများကို တွန်းထိုးဖိခိုင်းပြစ်တင်ဝေဖန်ခြင်းများ မလုပ်မိရလေအောင် သတိထားနေသင့်သည်။ ကျွန်ုပ်တို့သည် ကာသိုလစ်သင်းဝင်သူများအား ခပ်ပြင်းပြင်းထိုးဖေါက်ဝင်ရောက်နေသောလမ်းကြောင်းမှ ဖယ်ခွာထွက်မသွားသင့်ကြပါ။ ကာသိုလစ်သင်းဝင်သူများအထဲတွင် တာဝန်သိအမြင်ကြည်လင်သူခရစ်ယာန်အများကြီးရှိနေနိုင်ပါသည်။ ထိုသူများသည် သူတို့အပေါ်သို့ ဖြာဆင်းထွန်းလင်းပေးနေသောအလင်းရောင်နှင့်အတူ သွားလာနေကြသူများဖြစ်သောကြောင့် ဘုရားသခင်သည် သူတို့ကိုမစတော်မူခြင်းရှိပါလိမ့်မည်။ (ယှ ၂၃၁.၄)

## သစ္စာမြဲမြံမှု

ဘုရားသခင်အတွက် မှန်သောခရစ်ယာန်အမှုကိုဆောင်သူသည် စိတ်လိုက်မာန်ပါစိတ်ရူးထပြီး လုပ်ကိုင်နေသည်မဟုတ်ဘဲ အခြေခံမှုဖြင့်လုပ်ဆောင်ကြ၏။ တစ်ရက်၊ တစ်လလောက်အချိန်အတွက် ကန့်သတ်လုပ်ကိုင်နေကြသည်မဟုတ်ဘဲ တစ်သက်တာလုံးလုပ်ကိုင်နေကြသည်။ (ယှ ၂၃၂.၁)

ကယ်တင်သောအရှင်သည် မဆုတ်မနစ်လုပ်ဆောင်နေသူဖြစ်ပါသည်။ ကိုယ်တော်သည် အမှုတော်ကိုနာရီပိုင်းနှင့် ကန့်သတ်တော်မူသည်မဟုတ်။ ကိုယ်တော်၏အချိန်၊ ကိုယ်တော်၏နှလုံးသား၊ ကိုယ်တော်၏စွမ်းအား အားလုံးကို လူသားအကျိုးအတွက် ထမ်းရွက်ဆက်ကပ်ခဲ့သည်။ နေ့စဉ်နှင့်အမျှတစ်နေ့တာလုံးအမှုတော်၌ စိတ်တမ်းထား၍ ညစဉ်၌လည်း တစ်ညတာလုံး၌ဆုတောင်းခြင်းကို အချိန်ယူထားသောကိုယ်တော်သည် စဉ်းလဲ၍ ဉာဏ်များသောရန်သူ၏လှည့်စားလုပ်ဆောင်ခြင်းကို ထိန်းချုပ်ထားနိုင်သကဲ့သို့ လူသားမျိုးနွယ်ကို မြှောက်တင်ပေးခြင်းနှင့်အတူ နဂိုမူလလူသားအဖြစ် ပြန်ရောက်

လာစေရေးအမှုတော်အတွက်လည်း အခိုင်အမာထောက်မပေးတော်မူခဲ့သည်။ ထာဝရဘုရားကိုချစ်သောသူတို့သည် မိမိ၏အလုပ်ကို တစ်နေ့ရှစ်နာရီနှင့် မတိုင်းထွာမကန့်သတ်ထားပါ။ နှစ်ဆယ့်လေးနာရီလုံးလုံး မိမိ၌တာဝန်ရှိသည်ဟု မှတ်ယူပါသည်။ အခွင့်အရေးရသမျှ၌ ကောင်းမှုကိုလုပ်၏။ နေရာအနှံ့၊ အချိန်တိုင်း၊ နေရာတိုင်းမှာ ထာဝရဘုရားအတွက် အခွင့်အရေးရှာပြီး အလုပ်လုပ်ပါသည်။ နေရာတိုင်းမှာ ထာဝရဘုရားအတွက် အခွင့်အရေးရှာပြီး အလုပ်လုပ်ပါသည်။ သူသွားလေသမျှနေရာတိုင်းမှာ မွေးရနံ့သင်းစေပါသည်။(ဃ ၂၃၂.၂)

သတိလက်လွတ်မိမိထင်ရာပြုသူသည် ထာဝရဘုရားကို အမျက်တော်ဖွင့်စေရာရောက်၏။ ၎င်းအပြင် မိမိ၏လုပ်ဖော်ကိုင်ဖက်များကိုလည်း အင်အားလျော့ပါးစေသည်။ ထိုသူ၏အကျင့်စရိုက်သည်လည်း အလွယ်တကူဖယ်ရှားမရနိုင်သောအညစ်အစွန်းဖြစ်ရသည်။ မိမိ၏ရှေ့ရေးအသုံးတော်ခံခြင်း၌လည်း ကြီးမားသောဆူးငြောင့်ခလုတ်ဖြစ်စေပါသည်။ (ဃ ၂၃၂.၃)

“ငါ့ထမ်းပိုးကိုတင်၍ထမ်းကြလော့”ဟုယေရှုမိန့်တော်မူခဲ့သည်။ထမ်းပိုးသည် အမှုတော်ဆောင်ခြင်း၏တန်ဆာပလာတစ်ခုဖြစ်သည်။ နွားကို အလုပ်လုပ်စေရန် ထမ်းပိုးတင်ကြသည်။ ထမ်းပိုးသည် သူတို့ထိရောက်စွာလုပ်ဆောင်နိုင်စေဖို့ လိုအပ်ချက်ဖြစ်၏။ ဤသရုပ်ဖော်ချက်အရ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့အသက်ရှင်နေထိုင်သည့်ကာလတစ်လျှောက်လုံး၌ အမှုတော်ကိုထမ်းဆောင်ရန် ခေါ်ယူခြင်းခံကြရမည်ဟု ခရစ်တော်သွန်သင်ပေးနေခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် ကိုယ်တော်၏ထမ်းပိုးကို ကျွန်ုပ်တို့အပေါ်၌တင်၍ ထမ်းကြလျှင် ကိုယ်တော်နှင့်အတူ လုပ်ဆောင်ကြသူများဖြစ်လာနိုင်ကြသည်။(ဃ ၂၃၂.၄)

## ထောက်ထားစာနာခြင်းနှင့်လူမှုရေးနားလည်ပေးခြင်း

ဘုရားသခင်၏အမှုတော်အခန်းတိုင်းမှာ လူသားတို့ပူဆွေးဒုက္ခရောက်ရခြင်းအတွက် စာနာသနားစိတ်ရှိသောလူယောကျ်ား၊ လူမိန်းမများရှိနေဖို့လိုအပ်ပါသည်။ ယင်းသို့စာနာသနားတတ်ခြင်းရှားပါးနေသေး၏။ (ဃ ၂၃၂.၅)

ကျွန်ုပ်တို့သည် ခရစ်တော်နည်းတူ ထောက်ထားစာနာခြင်းရှိဖို့လိုအပ် နေပါသည်။ ကျွန်ုပ်တို့အရှေ့သို့ရောက်လာသောအနာအဆာမရှိသူများကို သာမန်စာနာထောက်ထားခြင်းမျိုးမဟုတ်ဘဲ ဆင်းရဲသားများ၊ ဒဏ်ရာအနာတရ ရှိကြသူများ၊ ဝိညာဉ်ရေး၌ ကုန်းရုန်းနေကြရသူများသည် မကြာမကြာအမှား လုပ်မိခြင်း၊ အပြစ်လုပ်မိခြင်းနှင့်နောင်တရနေခြင်း၊ အပြစ်လုပ်မိစေရန် သွေးဆောင်ခံနေရခြင်းနှင့် စိတ်ပျက်အားလျော့ခြင်းဖြစ်နေရကြလျှင် ထိုသူ အပေါင်းတို့အား စာနာသနားပေးရန်လိုအပ်သည်။ ကျွန်ုပ်တို့၏အပေါင်း အသင်းများဆီသို့သွား၍ သူတို့ရဲ့အားနည်းချည့်နဲ့ခြင်းများကို မျှဝေခံစားချက် များဖြင့် အမြင့်ဆုံးသောမေတ္တာကရုဏာတော်ရှင်ယဇ်ပုရောဟိတ်မင်းကဲ့သို့ သူတို့ကိုထိတွေ့ဆက်ဆံကြရမည်။(ဃ ၂၃၂.၆)

လူတစ်ယောက်အနေဖြင့် တစ်ဦးအပေါ်တစ်ဦးထားရှိရမည့်သနား ညှာတာမှုနှင့်လူ့ထုံးတမ်းလိုက်နာမှုတို့သည် အလွန်ချွတ်ယွင်းနေသည်။ လူတစ်ယောက်သည် လွတ်လပ်မှုရှိသည်ပြောပြီး သူ့တံခါးသူပြန်ပိတ်ထား လျှင် ဘုရားသခင်က သူ့ကိုပုံစံချပေးထားသည့်အဆင့်သို့ သူမရောက်ဟု ဆိုရမည်။ ကျွန်ုပ်တို့သည် ဘုရားသားသမီးများဖြစ်ကြ၍။ ပျော်ရွှင်မှုအတွက်တစ်ဦးအပေါ်၌ တစ်ဦးမှီတစွာမှီခိုနေကြရသည်။ ဘုရားသခင်အကြောင်းပြော ၍ လူသားပီသမှု ကျွန်ုပ်တို့၌ရှိရမည်။ ဤဘဝအသက်ရှင်စဉ် ကျွန်ုပ်တို့၏ အပိုင်းကို ကျွန်ုပ်တို့ အားလုံး လုပ်ကြရမည်။ ဤအချက်သည် ကျွန်ုပ်တို့၏ ညီအစ်ကိုများ၌ စာနာစိတ်ကို ဖြစ်ပေါ်စေသောလူ့သဘောသဘာဝ၏လူမှုရေး လိုအပ်ချက်များကို မှန်မှန်ကန်ကန်ရိတ်သိမ်းခြင်းဖြစ်သည်။ ဤသို့ဖြင့် တခြား သူများအား ကောင်းချီးပေးရန် ကျွန်ုပ်တို့၏ကြိုးပမ်းခြင်းသည် ကျွန်ုပ်တို့အား ပျော်ရွှင်မှုကို ပေးပါသည်။ (ဃ ၂၃၃.၁)

ကယ်တင်ရှင်သည် ဖါရိရှဲတစ်ယောက်တည်ခင်းသောကျွေးမွေးဧည့်ခံ ပွဲတစ်ခု၌ ဧည့်သည်တစ်ဦးဖြစ်ခဲ့သည်။ ကိုယ်တော်သည် လူချမ်းသာ၏ ဖိတ်ကြားချက်ကို လက်ခံတော်မူသကဲ့သို့ လူဆင်းရဲ၏ဖိတ်ကြားခြင်းကိုလည်း လက်ခံတော်မူသည်။ ထိုအခါ ကိုယ်တော်ပြုသောထုံးစံတော်ရှိသည့်အတိုင်း

ရှေ့တော်မှောက်ရောက်လာကြသူများအား သမ္မာတရားသင်ခန်းစာများကို သွန်သင်ပေးလေ၏။ (ဃ ၂၃၃.၂)

## ရိုးရှင်းမှု

ခရစ်တော်သည် တပည့်တော်များကို မိန့်တော်မူသောအခါ ငါ့နာမဖြင့် သင်တို့သွား၍ ယုံကြည်သောသူများကို အသင်းတော်၌ စုစည်းထားပါဟူ၍ဖြစ်သည်။ ကိုယ်တော်သည် ရိုးရိုးရှင်းရှင်းရှိသည့်လိုအပ်ချက်ကို သူတို့အရှေ့မှာ လွယ်လွယ်ချခင်းပေးခဲ့သည်။ ဝင့်ဝါခြင်းနှင့်ပြစားခြင်းမျိုးကိုလျှော့ပေါ့စေ၍ သူတို့လုပ်သည့်ကောင်းကွက်၌ သူတို့ဩဇာလွှမ်းမိုးခြင်းကို ကြီးမားစေလိုသည်။ တပည့်တော်များသည် ခရစ်တော်ပြောသည့်အတိုင်း ရိုးရှင်းမှုရှိသည့်နည်းတူ ပြောဆိုလုပ်ဆောင်သင့်ကြ၏။ (ဃ ၂၃၃.၃)

ရိုးရိုးလေးနှင့်နှိမ့်ချမှုအရှိဆုံးလမ်းထဲသို့ လူထောင်ပေါင်းများစွာရောက်လာနိုင်သည်။ ဤကမ္ဘာပေါ်ရှိ အထုံပါရမီအရှိဆုံးဟူ၍ အသိအမှတ်ပြုခြင်းခံရသောလူယောကျ်ား၊ လူမိန်းမဉာဏ်ကြီးရှင်များသည် ဘုရားကိုချစ်သောသူတစ်ဦးဦး၏ရိုးသားသောပြောစကားအားဖြင့် မကြာခဏသူတို့၌ အားသစ်ဖြစ်စေခဲ့သည်။ ထိုသူသည် လောကသားတို့ပြောဆိုနေကျစကားများအထဲ တွင် မေတ္တာနှင့်သူပြောလိုက်သည့်အခါ သူ့ကိုလေးလေးစားစားနှင့် စိတ်ပါဝင်တစားရှိလာစေသည်။ ကောင်းစွာပြင်ဆင်၍ လေ့ကျင့်ထားပြီး ပြောဆိုသောစကားများသည် မကြာခဏဩဇာသက်ရောက်မှုနည်းနေတတ်သည်။ သို့သော် ဘုရားသားသမီးတစ်ယောက်၏မှန်မှန်ကန်ကန်နှင့် ရိုးသားစွာခံစားထုတ်ဖော်၍ သဘာဝအတိုင်း ရိုးရိုးရှင်းရှင်းပြောဆိုမှုသည် ခရစ်တော်အကြောင်းနှင့်မေတ္တာတော်ကိုမကြားလို၍ ကြာမြင့်စွာပိတ်ထားခဲ့သည့် နှလုံးသားတံခါးများကို ဖွင့်ပေးနိုင်သောတန်ခိုးရှိလေ၏။ (ဃ ၂၃၃.၄)

## ယုံကြည်ခြင်း

ဘုရားအမှုတော်ဆောင်များသည် ဘုရားသခင်၌ယုံကြည်ခြင်းရှိဖို့လိုသည်။ သူတို့၏ဝန်ဆောင်ခြင်းကို ကိုယ်တော်သည် မေ့၍မထား။ သူတို့

ပြုသောအမှုကိုတန်ဖိုးထားတော်မူ၏။ ကောင်းကင်ကိုယ်စားလှယ်များကိုလည်း ဘုရားသခင်နှင့်အတူတကွ လုပ်ဆောင်ကြသူများနှင့် ပူးပေါင်းပါဝင်လာစေ ရန် ခန့်ထားတော်မူသည်။ ဘုရားသခင်သည် ပြောသည့်အတိုင်းမလုပ်၊ ငှပ်ဆောင်သူများကိုလည်း သတိထားရန် အချိန်မရှိဟူ၍ တွေးတောနေသော သူသည် သူ၏ဖန်ဆင်းရှင်ကို ရှုတ်ချသူဖြစ်၏။ (ဃ ၂၃၃.၅)

ဘုရားသခင်အတွက် အမှုဆောင်သူသည် အားကောင်းသောယုံကြည်ခြင်းရှိဖို့လို၏။ ပုံပန်းအားဖြင့် ကြောက်စရာအသွင်ရှိမည်ဟု ထင်ရသည်။ သို့သော်လည်း အမှောင်လွှမ်းသောကာလ၌ အလင်းပေါ်ထွန်းလာမည်။ ယုံကြည်ခြင်းနှင့်မေတ္တာထား၍ ဘုရားအမှုကိုဆောင်သူတို့၏အားမာန်သည် တစ်နေ့ပြီးတစ်နေ့အသစ်နိုးထလာလိမ့်မည်။ (ဃ ၂၃၄.၁)

စစ်မှန်သောယုံကြည်ခြင်း၌ ဖော့ဂုဏ်တစ်ရပ်ရှိသည်။ ၎င်းမှာအခြေခံသဘောတရားမဖေါက်ပြန်မှုနှင့်ရည်ရွယ်ချက်ပုံသေရှိမှုတို့ဖြစ်ပြီး အချိန်အားဖြင့်လည်းကောင်း၊ အလုပ်အားဖြင့်လည်းကောင်း၊ အားနည်းခြင်းသို့မရောက်နိုင်ပါ။ (ဃ ၂၃၄.၂)

ခရစ်ယာန်အသက်တာသည် မကြာခဏအန္တရာယ်များနှင့်ပတ်ချာဝိုင်းနေတတ်၏။ တာဝန်ကိုလည်း ထမ်းဆောင်ရခက်သည်ဟု ထင်ရစေ၏။ ရှေ့မှာအဆွေးရပ်ပုံများပျက်သုဉ်းခြင်းဖြစ်လာ၏။ နောက်မှာလည်း ကျေးကျွန်ဘဝ (သို့မဟုတ်) သေဆုံးခြင်းရှိ၏။ သို့တိုင်ဘုရားစကားအသံတော်က ရှင်းလင်း စွာပြောလာသည်။ ရှေ့ဆက်သွားပါ။ ကျွန်ုပ်တို့၏မျက်လုံးများက အမှောင် ကိုထိုးဖေါက်မမြင်ရနိုင်သော်လည်းဤအမိန့်ကိုကျွန်ုပ်တို့နာခံကြရမည်။ ကျွန်ုပ် တို့၏ခြေဖျားများအေးစက်ခံစားရနိုင်သည်။ ကျွန်ုပ်တို့၏တိုးတက်မှုကို တားဆီး လာသောအခက်အခဲများသည် အထစ်ထစ်အငေါ့ငေါ့နှင့် သံသယ စိတ်ဖြင့် ဘယ်သောအခါမျှပျောက်ကွယ်၍ သွားမည်မဟုတ်။မသေချာခြင်းအရိပ် အားလုံး ပျောက်ကွယ်သွားသည့်တိုင်အောင် နာခံမှုကိုရွှေ့ဆိုင်းလိုက်သူသည် ရှုံးနိမ့် ခြင်း သို့မဟုတ် အနိုင်ယူခြင်းကို အရဲစွန့်မလုပ်နိုင်ဘဲကျန်ရစ်ခဲ့သော ကြောင့်ဘယ်တော့မှလုံးဝနာခံခြင်းရှိလာလိမ့်မည်မဟုတ်တော့ပါ။
မယုံကြည်စိတ်နှင့်

တိုးတိုးပြောတတ်သည်။ ပိတ်ဆို့မှုများကို ဖယ်ထုတ်လိုက်သည့်တိုင် ကျွန်ုပ်တို့စောင့်နေကြပါစို့။ ဒါမှလမ်းကိုကျွန်ုပ်တို့ရှင်းရှင်းလင်းလင်းမြင်ရနိုင်သည်။ သို့သော် ယုံကြည်ခြင်းသည် ရှေ့တိုးရန် သတ္တိရှိရှိတိုက်တွန်း၏။ အရာရာကိုမျှော်လင့်ခြင်း၊ အရာရာကိုယုံကြည်ခြင်းရှိနေရမည်။ (ဃ ၂၃၄.၃)

သတ္တိ

အလုပ်ကြီးတစ်ခုပြီးစီးဖို့လိုသည်။ စီမံကိန်းကျယ်ကျယ်ပြန့်ပြန့်ရေးချရမည်။ လူမျိုးတကာကိုအိပ်ရာမှနိုးစေဖို့ အသံတစ်ခုကြွေလွှတ်ရမည်။ ယုံကြည်ခြင်းအားနည်းပြီး ယိမ်းယိုင်နေသောလူများသည် ဤသို့အရေးကြီးသောသေရေးရှင်ရေးကာလ၌ အလုပ်ကိုရှေ့ဆက်သယ်ယူသွားနိုင်ကြသူများမဟုတ်ကြပါချေ။ ကျွန်ုပ်တို့သည် သူရဲကောင်းတို့၏သတ္တိမျိုးနှင့်အာဇာနည်များ၏ယုံကြည်ခြင်းရှိဖို့လိုအပ်သည်။ (ဃ ၂၃၄.၄)

ကျွန်ုပ်တို့သည် ယုံကြည်ခြင်းဖြင့် ကိုယ်တော်၏ခွန်အားကို ကိုင်စွဲလုပ်ဆောင်သောအခါ ပြောင်းလဲပေးတော်မူလိမ့်မည်။ မျှော်လင့်ခြင်းအကင်းမဲ့ဆုံးနှင့်စိတ်ပျက်စရာမြင်ကွင်းများကို အံ့ဩဖွယ်ပြောင်းလဲစေခြင်းဖြစ်လာမည်။ ဤသို့ကိုယ်တော်ပြုသည်မှာ နာမတော်၊ ဘုန်းတော်ထင်ရှားစေဖို့ဖြစ်၏။ ဘုရားသခင်၌ ယုံကြည်သူ၊ သစ္စာခံသူတစ်ဦးချင်းစီတိုင်းသည် မယုံကြည်သူ၊ မျှော်လင့်ခြင်းကင်းမဲ့နေသူများအား သတ္တိမွေးဖို့ အားပေးပြောဆိုရန် ကိုယ်တော်ခေါ်ယူနေပါသည်။ ကျွန်ုပ်တို့သည် ယုံကြည်ခြင်း၌ အသက်ရှင်ခြင်းအားဖြင့် တစ်ဦးကိုတစ်ဦးအကူအညီပေးကြရန်နှင့် သက်သေခံနိုင်ရန် ဘုရားသခင်ကူညီမစတော်မူပါစေသတည်း။ (ဃ ၂၃၄.၅)

မျှော်လင့်ခြင်းနှင့်သတ္တိရှိခြင်းသည် ဘုရားသခင်အတွက် စုံလင်စွာဆောင်ရွက်သောအမှုတော်၌ လိုအပ်ချက်ဖြစ်သည်။ ဤအရာများသည် ယုံကြည်ခြင်း၏အသီးအနှံဖြစ်ပါ၏။ မျှော်လင့်ချက်ကင်းမဲ့ခံစားနေခြင်းသည် ဒုစရိုက်ဖြစ်၏။ အဓိပ္ပါယ်လည်းမရှိ။ (ဃ ၂၃၅.၁)

သတ္တိ၊ စွမ်းအင်နှင့်စိတ်ရှည်မှုတို့ကိုရယူထားရမည်။ သိသိသာသာ ဖြစ်နိုင်ချေကင်းမဲ့ခြင်းသည် သူတို့၏လမ်းကို တားဆီးနေသည့်တိုင်ကျေးဇူး တော်အားဖြင့် သူတို့ရှေ့ဆက်ချီတက်ကြလိမ့်မည်။ အခက်အခဲများကြောင့် သူတို့အံ့သြတုန်လှုပ်နေကြရမည့်အစား သူတို့ကိုကျော်လွှားနိုင်ရန် ပန်ကြား ကြမည်။ သူတို့၌မည်သည့်အရာမျှ စိတ်ပျက်ရသည်မရှိစေဘဲ အရာရာ၌ မျှော်လင့်ခြင်းရှိစေရမည်။ ခရစ်တော်သည် အနှိုင်းမဲ့မေတ္တာတော်ရွှေကြိုးဖြင့် ဘုရားသခင်၏ပလ္လင်တော်၌ သူတို့ကိုချည်နှောင်ထားပါသည်။ တန်ခိုးတော် အရပ်ရပ်၏အရင်းအမြစ်မှစီးဆင်းလာသော စကြဝဠာအနှံ့အမြင့်ဆုံးလွှမ်းမိုး အုပ်စိုးခြင်းသည် ဘုရားသခင်၏အကြံအစည်တော်ဖြစ်၍ ထိုသူတို့အတွက် ဖြစ်လာရသည်။ စာတန်မာရ်နတ်ကိုတားဆီးနိုင်သောတန်ခိုးကို သူတို့လက်ခံ ရလိုက်၏။ မြေကြီးသော်လည်းကောင်း၊ သေခြင်းသော်လည်းကောင်း၊ ငရဲ သော်လည်းကောင်း သူတို့ကိုမနိုင်သောတန်ခိုးဖြစ်၏။ ခရစ်တော်သည် အောင်နိုင်သကဲ့သို့ သူတို့သည်လည်း အောင်နိုင်ရယူမည်ဖြစ်သောတန်ခိုးလည်း ဖြစ်၏။ (ဃ ၂၃၅.၂)

ဆက်ကပ်မြှုပ်နှံခြင်း

မှန်ကန်သောသန့်ရှင်းခြင်းသည် ဘုရားအမှုတော်ဆောင်ခြင်းအလုံးစုံ ဖြစ်၏။ ဤအခြေအနေသည် မှန်သောခရစ်ယာန်အသက်ရှင်ခြင်းဖြစ်၏။ ခရစ်တော်သည် လုံးလုံးလျားလျားဆက်ကပ်မြှုပ်နှံခြင်းတစ်ခုနှင့်တစိုက်မတ်မတ် အမှုဆောင်ခြင်းကို တောင်းဆို၏။ ကိုယ်တော်သည် နှလုံးသား၊ စိတ်ဓာတ်၊ ဝိညာဉ်နှင့်ခွန်အားတို့ကိုဆက်ကပ်ရန်လည်း တောင်းဆိုသည်။ အတ္တကို ရင်ဝယ်ပိုက်မြတ်နိုးကြရမည်မဟုတ်။ မိမိအတွက် မိမိနေထိုင်အသက်ရှင်သော သူသည် ခရစ်ယာန်တစ်ယောက်မဟုတ်ပါ။ (ဃ ၂၃၅.၃)

ဘုရားသခင်နှင့်အတူတကွလုပ်ဆောင်သူဖြစ်မည့်သူအားလုံးတို့ ဦးစွာ လေ့လာရမည့်အရာမှာ မိမိကိုယ်မိမိစိတ်ချမှုမရှိသည့်သင်ခန်းစာဖြစ်သည်။ ထိုနောက် သူတို့ကိုခရစ်တော်၏စရိုက်လက္ခဏာမျိုးဖန်တီးပေးရန် ပြင်ဆင်

ပေးရမည်။ ဤအရာသည် လောကသိပ္ပံကျောင်းများ၌ သင်ယူ၍ရနိုင်သည့် အရာမဟုတ်။ ကောင်းကင်ဘုံဆရာသခင်တစ်ပါးတည်းထံမှသာလျှင် သင်ယူရနိုင်သည့်ဥာဏ်ပညာ၏အသီးဖြစ်၏။ (ဃ ၂၃၅.၄)

လူတစ်ယောက်သည် အထူးအံ့ဖွယ်အခြေအနေကြောင့် ဝိညာဉ်ဘဝင်ခိုက်ရသည်ဟု သူပြောနိုင်သောကြောင့် ထိုသူခရစ်ယာန်တစ်ယောက်ဖြစ်သည်ဆိုသည်မှာ မငြင်းသာအောင်ခိုင်လုံသည့်သက်သေမဖြစ်ပါ။ သန့်ရှင်းခြင်းသည် ချီဆောင်ခြင်းမဟုတ်ပါ။ ဘုရားသခင်အား လုံးလုံးလျားလျားအညံ့ခံအပ်နှံသည့်ဆန္ဒတစ်ရပ်ဖြစ်သည်။ ဘုရားသခင်မိန့်တော်မူသမျှအားဖြင့် အသက်မွေးရှင်သန်ခြင်းဖြစ်သည်။ ကောင်းကင်ဘုံရှင်ခမည်းတော်၏အလိုတော်ကိုဆောင်ရွက်ခြင်းဖြစ်သည်။ စစ်ကြောခံရခြင်းရှိသည်ဖြစ်စေ၊ အလင်း (သို့မဟုတ်) အမှောင်ထဲ၌ရှိသည်ဖြစ်စေ၊ ဘုရားသခင်အား ယုံကြည်အပ်နှံခြင်းဖြစ်၏။ မျက်မှောက်အမြင်ဖြင့်မဟုတ်။ယုံကြည်မျှော်လင့်ခြင်း၌ လျှောက်လှမ်းနေခြင်း ဖြစ်သည်။ ဘုရားသခင်ကို အမေးမထုတ်ဘဲ စိတ်ချအပ်နှံခြင်းနှင့်မေတ္တာတော် အောက်ဝင်ရောက်နားခိုခြင်းတို့ဖြင့် ဘုရားသခင်ကိုအမှီပြုနေခြင်းဖြစ်သည်။(ဃ ၂၃၅.၅)

## လုံးလုံးလျားလျားစိတ်နှလုံးပါခြင်း

ဘုရားသခင်၏လူများသည် ကိုယ်တော်၌ ပြည့်ဝစွာအမှုဆောင်ခြင်း၊ လုံးလုံးလျားလျားစိတ်နှလုံးပါခြင်းနှင့် မိမိကိုယ်မိမိချီးမြှောက်ခြင်းအမှုကို မလုပ်ထိုက်သောလူတစ်ယောက်ဖြစ်ပါသည်ဟု ခွဲခြားသိမှတ်ထားရမည်။ အခန့်ညားဆုံးပဋိညာဉ်တစ်ရပ်အားဖြင့် သူတို့ကိုသူတို့ချည်နှောင်လျက် ဘုရားသခင်တစ်ပါး တည်းကိုသာလျှင် အစေခံနေပါသည်ဟု မှတ်ယူနေရမည်။ (ဃ ၂၃၆.၁)

လုံးလုံးလျားလျားစိတ်ပါလျက် အသေအချာစိတ်ဆုံးဖြတ်ပြီးသူ လူယောကျ်ား၊ လူမိန်းမတို့သည် ယခုမတ်တတ်ရပ်ပြကြရလိမ့်မည်။ ခရစ်တော်သည် သူ၏နောက်လိုက်များကို အကြိမ်ကြိမ်အခါခါ ဆန်ခါချရွေးချယ်

ခဲ့ပါသည်။ နောက်ဆုံးအချိန်တစ်ချိန်၌ လူတစ်ဆယ့်တစ်ယောက်နှင့် သစ္စာရှိသောအမျိုးသမီးအနည်းအကျဉ်းလောက်သာလျှင် ခရစ်တော်၏အသင်းတော်အခြေခံအုတ်မြစ်ကို ချပေးနိုင်ခဲ့ကြသည်။ ဝန်ထုပ်တင်ထမ်းရမည်ဆိုသောအခါ အချို့သူများနောက်ဆုတ်ကြပါလိမ့်မည်။ သို့သော် အသင်းတော်သည် အပြည့်ထွန်းတောက်တည်ရှိလာသောအခါ အသင်းသားများသည် တက်ကြွစွာ သီချင်းဟစ်ကျူးလျက် ချီကြွလာတတ်ကြသည်။ သို့သော် သူတို့ကိုကြည့်လိုက်ပါ။ သူတို့၌ စိတ်အားထက်သန်မှု ကုန်ခန်းသွားသည်နှင့် သစ္စာရှိရှိလိုက်ပါလာသောလူကာလက် (ဃ၉၉၈) လိုလူတချို့သာလျှင် ရှေ့ထွက်လာ ပြီး မဆုတ်မနစ်သောဖွဲ့နှင့်အခြေခံသဘောတရားကို စွဲကိုင်ပြထားကြသည်။ ထိုသူများသည် ကယ်တင်ရှင်ထိန်းသိမ်းပေးထားသည့် သားများဖြစ်ကြ၏။ အမှုတော်သည် ကြိုးစား၍ရှေ့ဆက်သောအခါ အသင်းတော်သည် သစ္စာတည်သောကူညီသူများကို တိုးတက်ထုတ်လုပ်သည်။ (ဃ ၂၃၆.၂)

ဘုရားသခင်၏အမှုတော်ထဲတွင် စိတ်နှလုံးအပြည့်သာမရှိလျှင် မည်သူတစ်ဦးတစ်ယောက်မျှမအောင်မြင်နိုင်။ ထိုသူသည် အရာရာကိုတန်ဖိုးထားမည်ဆိုလျှင် ခရစ်တော်ကိုသိကျွမ်းခြင်း၏ထူးချွန်မှုသူ၌ပျောက်လေ၏။ တစ်စုံတရာခြွင်းချက်ထားသောသူတစ်ဦးတစ်ယောက်မျှ ခရစ်တော်၏တပည့်တော်ဖြစ်မလာနိုင်ပါ။ ထို့အတူ ကိုယ်တော်နှင့်တွဲဘက်လုပ်ဆောင်သောသူလည်းဖြစ်မလာနိုင်ပါ။ (ဃ ၂၃၆.၃)

ထိုသူသည် ထင်ကြေးအပေးခံရခြင်းကိုမရသကဲ့သို့ မယုံကြည်သူများအုပ်စုနှင့်အတူ စီးပွားရေးလုပ်ငန်းခွင်ဝင်ရောက်ရန်လည်း မစွမ်းနိုင်ကြပါ။ အဘယ်ကြောင့်ဆိုသော် ဤလောကကြီးသည် ဘုရားပေးထားသောသူတို့အလုပ်ကိုသူတို့လုပ်ဆောင်ရာ၌ သူတို့ကိုဟန့်တားထားပါသည်။ (ဃ ၂၃၆.၄)

ရွေးနုတ်တော်မူသောသူသည် ခွဲခြားကန့်သတ်အလုပ်လုပ်သည်ကို လက်ခံတော်မူမည်မဟုတ်။ ဘုရားအတွက် နေ့စဉ်အလုပ်လုပ်နေသူသည် မိမိကိုယ်မိမိအညွှန်ငြင်းပယ်ခြင်းအစီပွါယ်ကို လေ့လာရမည်။ (ဃ ၂၃၆.၅)

သစ္စာရှိခြင်း

ဘုရားသခင်သည် ကိုယ်တော်၏အမှုတော်၌ သေရေးရှင်ရေးကာလအတွင်း ဥပေက္ခာပြုခြင်း၊ သစ္စာမရှိခြင်းကို ရွံရှာတော်မူ၏။ စကြဝဠာလောကတစ်ခွင်လုံးသည် ပြောမပြတတ်အောင်ဖြစ်သောစိတ်ဝင်စားမှုဖြင့် အကောင်းနှင့်အဆိုးအကြား ပဋိပက္ခထိပ်တိုက်ဖြစ်မှုကြီးကို စောင့်ကြည့်နေပါ၏။ ဘုရားသခင်၏လူများသည် ထာဝရကမ္ဘာ၏နယ်နိမိတ်သို့ ရောက်လုနီးနေကြပြီ။ သူတို့၌ကောင်းကင်ဘုံရှင်ဘုရားသခင်ကို သစ္စာခံခြင်းထက် ပိုအရေးပါသောအရာဘာရှိနိုင်သလဲ။ ခေတ်ကာလတစ်လျှောက်လုံး၌ ဘုရားသခင်သည် အကျင့်သူရဲကောင်းများကို စုမိခဲ့ပြီး ယခုလည်း စုမိထားခဲ့ပြီ။ ယောဟန်ကဲ့သို့၊ ဧလိယကဲ့သို့၊ ဒံယေလကဲ့သို့နည်းတူဖြစ်လာသူများသည် ကိုယ်တော်၏တစ်မူထူးခြားသူများအဖြစ် သူတို့ကိုယ်သူတို့ သိမှတ်ခံယူကြရန် ရှက်ကြောက်ရမည်မဟုတ်။ ဘုရားသခင်၏အထူးကောင်းချီးမင်္ဂလာသည် လှုပ်ရှားလုပ်ဆောင်သူများအပေါ်၌ လိုက်ပါနေ၏။ ထိုသူများသည် တာဝန်မျဉ်းကြောင်းလမ်းမှသွေဖည်မသွားသူများဖြစ်၍ ဘုရားသခင်ဆိုင်ရာစွမ်းအင်တော်၏အမေးကို ခံယူ၏။ "ဘုရားသခင်ဘက်၌ အဘယ်သူရှိသနည်း။" ထိုသူများသည်လည်း အမေးခံခြင်းသက်သက်နှင့် သူတို့ရပ်နေကြမည်မဟုတ်။ သူတို့ကိုယ်သူတို့ ဘုရားသခင်၏လူများဟူ၍ ခွဲခြားသိမှတ်ခံယူပြီးသောသူများသည် ရှေ့သို့တက်၍ ဘုရင်တကာတို့၏ဘုရင်၊ သခင်တကာတို့၏သခင်ဖြစ်တော်မူသောပုဂ္ဂိုလ်၌ သစ္စာခံခြင်းကို အမှားမရှိဖွင့်ပြကြလိမ့်မည်။ ယင်းသို့သောလူများသည် သူတို့၏ဆန္ဒနှင့်အကြံအစည်များကို ပညတ်တော်နှင့်အညီ ပြုစုကြမည်။ ဘုရားသခင်ကို ချစ်ကြသည်ဖြစ်၍ သူတို့အသက်များကို သူတို့အတွက် အမြတ်တနိုးတန်ဖိုးထားကြလိမ့်မည်မဟုတ်။ သူတို့၏အလုပ်သည် ဘုရားနှုတ်ကပတ်တော်မှ အလင်းကိုဖမ်းယူရန်ဖြစ်သည်။ ထိုအလင်းကို လောကသို့ရှင်းလင်းစွာနှင့်ရောင်ခြည်ဖြာလျက် တောက်ပစွာထွန်းညှိပေးရန်ဖြစ်၏။ ဘုရားကိုချစ်ခြင်းသည် သူတို့၏ဆောင်ပုဒ်ဖြစ်သည်။ (ယု ၂၃၆.၆)

ကျွမ်းကျင်လိမ္မာခြင်း

စနစ်တကျရှိခြင်း၊ စေ့စပ်သေချာခြင်းနှင့် အစီရင်ခံခြင်းစသည့်ကျင့်ဝတ်လိုအပ်ချက်များသည် ခရစ်ယာန်တိုင်း၏တာဝန်ဖြစ်သည်။ အမှုတော်၌နှေးကွေးပြီးအလွဲလွဲအချော်ချော်ဖြစ်နေသောလက္ခဏာသည် ခွင့်ပြုချက်ပေးရမည့်အရာများမဟုတ်။ လူတစ်ယောက်သည် အလုပ်လုပ်တိုင်း အလုပ်ကိုဘယ်တော့မှပြီးအောင်လုပ်မသွားနိုင်ဆိုသည်မှာ သူ၏စိတ်နှလုံးသည် အလုပ်ထဲ၌မရှိသူသာဖြစ်၏။ အလုပ်လုပ်နေသည်မှာ နှေးကွေးနေပြီး အလုပ်ထဲက အကျိုးထွက်မလာဘဲဖြစ်နေကြသူများသည် ယင်းအမှားကို မှန်အောင်လုပ်ဖို့လိုကြောင်းသိစေအပ်သည်။ ထိုသူသည် ကောင်းကျိုးသေချာစေရန် အချိန်ကိုမည်သို့အသုံးပြုရမည့်အကြောင်း ရေးဆွဲရမည်။ စီမံချက်ထဲ၌ သူ့စိတ်ကိုလေ့ကျင့်ပေးသွားဖို့ လိုအပ်မည်။ ပါးနပ်မှုနှင့်စနစ်ကျမှုရှိခြင်းအားဖြင့် လူတချို့သည် အခြားသူများဆယ်နာရီကြာကြာလုပ်ရမည့်အလုပ်ကို အချိန်ငါးနာရီနှင့်ပြီးစီးအောင်လုပ်နိုင်ကြသည်။ အချို့သူများသည် အိမ်အလုပ်ထဲ၌ အလုပ်နှင့်လက်မပြတ်တမ်းရှိနေကြသည်။ သူတို့၌ လုပ်စရာအလုပ်အများကြီးရှိနေ၍မဟုတ်။ အချိန်ကာမိအောင် သူတို့စီမံခြင်းမရှိသောကြောင့်ဖြစ်သည်။ သူတို့၏နှေးကွေးကြန့်ကြာသောနည်းလမ်းဖြင့် သူတို့အလုပ်ကို နည်းနည်းချင်းပဲ ပြီးအောင်လုပ်နေကြသည်။ သို့သော် စိတ်ရှိသူအားလုံးသည် ဤသို့ဇီဇာကြောင်အချိန်ဆွဲနေတတ်သောအကျင့်ကို အောင်ရနိုင်သည်။ အလုပ်ထဲ၌ တိကျသောရည်စူးချက်ကို ထားပေးပါ။ ပေးထားသည့်တာဝန်၌ ပြီးအောင်လုပ်ရန် အချိန်မည်မျှလိုအပ်သည်ကို ဆုံးဖြတ်လုပ်ကိုင်ပါ။ ထို့နောက်ရထားသည့်အချိန်အတွင်းအလုပ်ကိုပြီးစီးအောင်ရှေးရှု၍ ကြိုးပမ်းလုပ်ကိုင်သွားပါ။ စိတ်ဓာတ်အားကိုလေ့ကျင့်ခြင်းသည် လက်များကိုကျွမ်းကျင်ပိုင်နိုင်စွာလှုပ်ရှားနိုင်၏။ (ဃ ၂၇၇.၁)

ခရစ်တော်အတွက် အမှုဆောင်ခြင်းသည် နာခံမှုကိုလက်ငင်းတောင်းဆို၏။

သခင်ဘုရားတောင်းဆိုသည်မှာ ကိုယ်တော်၏အစေခံအမှုဆောင်များသည် ဝိညာဉ်များ၏တန်ဖိုးကိုခံစားမိရာ၌ လျင်မြန်သောစိတ်ရှိကြရမည်။ တာဝန်ကိုပြီးစီးအောင်မြင်စေရန် အသိစိတ်လျင်မြန်စွာရှိရကြမည်။ သခင်ဘုရားမှသူတို့အပေါ်၌ တင်ပေးထားသောတာဝန်များကို လက်ခံတုံ့ပြန်ရာ၌ လျင်မြန်ရမည်။ (ဃ ၂၃၈.၁)

ဘုရားပေးသောတာဝန်ထဲက လုပ်ငန်းခွင်သည် မှန်သောဘာသာရေး၏အရေးကြီးသောအပိုင်းဖြစ်သည်။ လူသည် အလိုတော်ကို လုပ်ဆောင်ရန် ဘုရားသခင်၏တန်ဆာပလာများကဲ့သို့ အခြေအနေကို ဆုပ်ကိုင်ထားရမည်။ မှန်ကန်သောအချိန်၌ ချက်ချင်းနှင့်ဆုံးဖြတ်ချက်ချလှုပ်ရှားခြင်းသည် ဘုန်းတော်ထင်ရှားသောအောင်ပွဲကို ရလိမ့်မည်။ နှေးကွေးနောက်ကျဘေးချထားခြင်းသည် အရှုံးနှင့်ရင်ဆိုင်ရပြီး ဘုရားသခင်၏အသရေကို ရှုတ်ချ၏။ (ဃ ၂၃၈.၂)

## အဆင့်မြင့်စံနှုန်းကိုထိန်းသိမ်းခြင်း

ပြောင်မြောက်စွာလုပ်နိုင်သည့် အရည်အချင်းရှိသူများစွာသည် နည်းနည်းလေးပဲ အလုပ်ပြီးအောင်လုပ်နိုင်ကြသည်မှာ သူတို့၌ကြိုးစည်အားထုတ်မှုနည်းနည်းလေးသာရှိသောကြောင့်ဖြစ်၏။ လူထောင်ပေါင်းများစွာသည်လည်း သူတို့ဘဝကို ကြီးမားသောရည်ရွယ်ချက်ဖြင့် နေထိုင်ရန်မရှိဘဲ ကုန်လွန်သွားခဲ့ကြသည်။ သူတို့အရောက်သွားရမည့်အဆင့်မြင့်စံနှုန်းကိုလည်း မထားရှိကြပါ။ ဤသို့ဖြစ်ရသောအကြောင်းတစ်ရပ်မှာ သူတို့အပေါ်မှာ သူတို့ထားသောအဆင့်နိမ့်ခန့်မှန်းချက်တစ်ခုကြောင့်ဖြစ်၏။ ခရစ်တော်သည် ကျွန်ုပ်တို့အတွက် အကန့်အသတ်မဲ့အနန္တတန်ဖိုးတစ်ခုကို ပေးခဲ့သည်။ ပေးခဲ့သောတန်ဖိုးအတိုင်း ကျွန်ုပ်တို့သည် ကိုယ်တိုင်၌ တန်ဖိုးထားတတ်ရန် ကိုယ်တော်လိုလားတော်မူ၏။ (ဃ ၂၃၈.၃)

မြေကြီးပေါ်တွင် ယေရှုအသက်ရှင်စဉ် ကာလတစ်လျှောက်လုံး၌ ကိုယ်တော်သည် ကြိုးစား၍ အတိအကျအလုပ်လုပ်သူတစ်ယောက်ဖြစ်ပါသည်။ ကိုယ်တော်သည် များစွာမျှော်လင့်ခဲ့၏။ ထို့ကြောင့်များစွာကြိုးစားခဲ့သည်။ (ဃ ၂၃၈.၄)

သခင့်အတွက် အစေခံအမှုဆောင်ပါဝင်နေသူသည် လူအများ၌ရှိသည်ဟု သူတို့တွေးဆနေသည်ထက် ပို၍အဆင့်မြင့်သော၊ နက်ရှိုင်းသော၊ ကျယ်ပြန့်သောအတွေ့အကြုံရှိဖို့လိုအပ်သည်။ ဘုရားသခင့်မိသားစုကြီးတစ်ခု၏အဖွဲ့သားများစွာသည် ဘုရားသခင်၏ဘုန်းတော်ကို ထင်ရှားစေရမည်ဆိုသည်ကို အနည်းအကျဉ်းလောက်သာလျှင် နားလည်ကြသေးသည်။ ဘုန်းတော်ဆင့်ကဲထွန်းတောက်စေရမည်ဆိုသည်ကိုလည်း မသိကြပါ။ ခရစ်တော်၏ထူးကဲခြင်းကိုလည်း မပြတ်မသားနားလည်မှုအသိအမြင်၌သာ ရှိထားကြပါသေး၏။ သူတို့နှလုံးသားများ၌ ဝမ်းမြောက်ခြင်းတုန်ခါမြည်ဟည်းနေပါလိမ့်မည်။ ထို့အပြင် သူတို့သည် ကယ်တင်ရှင်၏မေတ္တာတော်ကို အပြည့်အဝနက်နက်ရှိုင်းရှိုင်းရဖို့အတွက် မျှော်လင့်နေပါလိမ့်မည်။ ဝိညာဉ်များကို ယုယမြတ်နိုးခြင်းသည် ဘုရားရှင်နောက်၌ သူတို့တစ်တွေရှိနေကြပါစေသော်။(ဃ၃ ၂၃၈.၅)

ကျွန်ုပ်တို့၏ခေါင်းဆောင်သင်းအုပ်များ၊ သိပ္ပံပညာရှင်များနှင့်ဆရာဆရာမများ၊ အခြားသူများအားလုံးသည် သခင့်အတွက်အစေခံသောမည်သည့်လမ်းပေါ်၌မဆို ရှိနေသည်ဆိုလျှင် သူတို့အတွက် အကျွန်ုပ်သတင်းစကားပြောရန်ရှိပါသည်။ သခင်ဘုရားသည် သင်တို့အား အဆင့်မြင့်မြင့်တက်လာရန်၊ သန့်ရှင်းခြင်းစံနှုန်းအဆင့်တစ်ခုအထိ ရောက်လာဖို့ဖိတ်ခေါ်နေပါ၏။ သင်သည် သင့်၌ရှိသည်ဟု သင်တွေးဆနေသည်ထက်ပို၍ နက်ရှိုင်းသောအတွေ့အကြုံရှိရမည်။ ဘုရားသခင်၏မိသားစုကြီးအဖွဲ့ဝင်ဖြစ်ပြီးသောသူများစွာသည် ကိုယ်တော်၏ဘုန်းတော်ထင်ရှားစေရမည်နှင့် ဘုန်းတော်ဆင့်ကဲထွန်းတောက်နေစေရမည်ဆိုသည်ကို အနည်းအကျဉ်းလောက်သာလျှင် နားလည်ကြပါသေးသည်။ ခရစ်တော်၏ထူးကဲခြင်းကိုလည်း မပြတ်မသားနားလည်မှုအသိအမြင်၌သာ ရှိကြပါသေး၏။ သူတို့၏နှလုံးသားများ၌ ဝမ်းမြောက်မှုတုန်ခါမြည်ဟည်းနေပါလိမ့်မည်။ သူတို့သည် ကယ်တင်ရှင်၏မေတ္တာတော်ကိုအပြည့်အဝနက်နက်ရှိုင်းရှိုင်းရဖို့အတွက် မျှော်လင့်နေပါလိမ့်မည်။ သင်သည် အလိုမပြည့်စုံနိုင်ပါ။ သို့သော် စိတ်ပျက်အားလျော့ခြင်းမရှိပါစေနှင့်။ ယေရှု

ဘုရားအား အကောင်းဆုံးနှလုံးနှင့်အသန့်ရှင်းဆုံးချစ်ခင်မှုကို ပေးအပ်ပါ။ အလင်းတန်းအားလုံးကို တန်ဖိုးထားတတ်ပါ။ ဘုရားရှင်ပြီးလျှင် သင်သည် ဝိညာဉ်များကို ဆန္ဒတပ်မက်၍ ယုယမြတ်နိုးချစ်ခင်ပါ။ သင့်ကိုယ်ကိုဝိညာဉ် အတွေးအခေါ်နှင့် သန့်ရှင်းသောလက်ပွန်းတတီးပြုခြင်းထုံးစံဖြင့် ဆက်ကပ် ပူဇော်ပါ။ သင်သည် ဘုရားဘုန်းတော်အရုဏ်ဦး ပထမအလင်းတန်းကို မြင်ခဲ့ရသူဖြစ်သည်။ သခင်ဘုရားအား သိကျွမ်းခြင်း၌ သင်လိုက်ပါနေသူဖြစ် လျှင် ကိုယ်တော်ထင်ရှားပြခြင်းသည် ကြွရောက်လာတော့မည်ကို ပြင်ဆင် နေခြင်းဖြစ်သည်ဟု သင်သိလာလိမ့်မည်။ "အရုဏ်ဦးအလင်းကဲ့သို့သော ဖြောင့်မတ်ခြင်းတရားလမ်းသည် ပြည့်ဝသောနေ့တစ်နေ့ဆီသို့ပို၍ပို၍ တောက်ပ ထွန်းလင်းပြပေးနေပါ၏။" ကျွန်ုပ်တို့၏အပြစ်များကို နောင်တရခြင်း၊ အပြစ် ဝန်ခံခြင်း၊ ခွင့်လွှတ်ခံရခြင်းအားဖြင့် ဧဝံဂေလိယုံကြည်ချက်၏ပြည့်ဝသော မွန်းတည့်ဒီရေအမြင့်ဆုံးထိ ကျွန်ုပ်တို့ရောက်မသွားမချင်း၊ ကျွန်ုပ်တို့သည် ခရစ်တော်ကို လေ့လာခြင်း၌ ဆက်လက်ရှိနေကြမည်။ (ဃ ၂၃၈.၆)

## ဆင်ခြင်မျှော်တွေးမှုနှင့်အမြော်အမြင်

ပုရောဖက်နေဟမိသည် ဘုရားရှင့်အကူအညီကို နှုးညွတ်တောင်းခံ ယူစဉ် ယေရုရှလင်မြို့ကို ပြန်လည်တည်ဆောက်ရန် အကြံရှိသည့်အတိုင်း သွားလုပ်ဖို့တာဝန်သည် သူ၌သာလျှင် ပို၍တာဝန်ရှိသည်မဟုတ်ဆိုသည့် အတွေးနှင့်သူလက်ပိုက်နေခဲ့သည်မဟုတ်ပါ။ လက်ခံနိုင်သောဆင်ခြင်တွေးမြော် မှု၊ အမြော်အမြင်နှင့်တကွ လုပ်ငန်းအောင်မြင်ရေးသေချာစေရန် လိုအပ်သော စီစဉ်ပြင်ဆင်မှုအားလုံးကို သူဆက်လုပ်ခဲ့သည်။ သူလုပ်သောလှုပ်ရှားမှုတိုင်း ကိုသတိကြီးစွာဖြင့် မှတ်သားလုပ်ကိုင်၏။ (ဃ ၂၃၉.၁)

ဤသန့်ရှင်းသောလူ (နေဟမိ) ၏နမူနာသည် ဘုရားသခင်၏ လူအားလုံးတို့အတွက် သင်ခန်းစာတစ်ခုဖြစ်ရမည်။ သူတို့သည် ယုံကြည် ခြင်းနှင့်ဆုတောင်းနေခြင်းသက်သက်သာမကဘဲ လုံ့လဝီရိယထားခြင်း၊ သစ္စာ ရှိခြင်းဖြင့် အလုပ်လုပ်ကြရမည်။ အခက်အခဲများကို ကျွန်ုပ်တို့အဘယ်မျှ

ရင်ဆိုင်ခဲ့ကြရသနည်း။ ကျွန်ုပ်တို့ကိုယ်စားဘုရားရှင်မစတော်မူခြင်းကျေးဇူးကို ကျွန်ုပ်တို့မကြာမကြာ အဘယ်မျှတားဆီးမိခဲ့သနည်း။ အဘယ်ကြောင့်နည်း ဟူမူကား၊ ဆင်ခြင်မြော်တွေးခြင်း၊ အမြော်အမြင်ထားခြင်းနှင့် ဒဏ်ချက်ခံစားခြင်းသည် ဘာသာရေးဆောင်ရွက်ခြင်း၌ အနည်းငယ်သာ မှတ်ယူခံစားခဲ့ကြသောကြောင့်တည်း။ ဤအချက်သည် သေရာပါအမှားတစ်ခုဖြစ်၏။ ဘုရားသခင်အတွက် ပို၍ထိရောက်သောအမှုဆောင်များဖြစ်လာစေနိုင်သောစွမ်းအားအကုန်သုံး၍ ချဉ်းကပ်လေ့ကျင့်ရန်မှာ ကျွန်ုပ်တို့၏တာဝန်ဖြစ်သည်။ အသေအချာတွေးဆခြင်းနှင့် ကောင်းစွာရင့်ကျက်မှုရစေမည့်စီမံခြင်းများသည် နေဟမိအချိန်၌ကကဲ့သို့ အထွတ်အမြတ်ထားသောလုပ်ငန်းကြီးအောင်မြင်ရေးအတွက် လိုအပ်ချက်ဖြစ်ပါသည်။ (ဃ ၂၃၉.၂)

## စိတ်ပျက်အားလျော့မှုကိုဘယ်လိုချေဖျက်မလဲ

သခင်ဘုရား၏အစေခံများသည် စိတ်ပျက်စရာမျိုးစုံကို ရင်ဆိုင်ကြရမည်။ သူတို့သည် ရန်သူ၏အမျက်ဒေါသ၊ အထင်သေးခြင်းနှင့်ရက်စက်ခြင်းတို့ဖြင့် အစမ်းသပ်ခံကြရမည်။ ထိုထက်မက ပျင်းရိခြင်း၊ ရှေ့နောက်မညီဖြစ်ခြင်း၊ မတက်မကြွရှိခြင်းနှင့် မိတ်ဆွေများ၊ အကူအညီပေးသူများ၏သစ္စာမဲ့လုပ်ရပ်များကိုလည်း ရင်ဆိုင်ကြရမည်။ အချို့ရှိသေးသည်။ ဘုရားအမှုတော်၌ အောင်မြင်စွာလုပ်ကိုင်လိုသောဆန္ဒရှိသူများထံမှ သူတို့၏အစီရင်ခံချက်များ၊ ကြားနာရခြင်းများ၌ တစ်ဝက်တစ်ပျက်ယုံကြည်ချက်နှင့်အသရေဖျက်ပြောဆိုခြင်း၊ ဝါကြွားပြောဆိုခြင်းတို့ကို ရန်သူတို့၏ခြိမ်းခြောက်မှုနှင့်အတူရောက်လာ၍ လက်တစ်ဆုပ်စာကိုယ်တော်၏အမှုတော်ဆောင်များကို အားလျော့စေနိုင်သေး၏။ ပုရောဖက်နေဟမိသည် စိတ်ပျက်စရာကြီးစွာဖြစ်နေစဉ် ဘုရားသခင်ကိုစိတ်ချယုံကြည်၍ ဆောင်ရွက်ခဲ့၏။ ဤအကြောင်းသည် ကျွန်ုပ်တို့၏အကွယ်အကာဖြစ်လာသည်။ ကျွန်ုပ်တို့အတွက် ဘုရားသခင်လုပ်ပေးခဲ့သည့်အကြောင်းအရာများကို အမှတ်ရခြင်းသည် ဘေးအန္တရာယ်အပေါင်းကြုံလာရသောအခါ အထောက်အပံ့သက်သေဖြစ်လိမ့်မည်။ “မိမိသားတော်

ရင်းကိုမနှမြောဘဲ ငါတို့ရှိသမျှအဖို့အလို့ငှာ စွန့်တော်မူသောသူသည် သားတော်နှင့်တကွ ခပ်သိမ်းသောအရာတို့ကို ငါတို့အား မပေးဘဲ အဘယ်သို့နေတော်မူမည်နည်း။" (ရောမ ၈း၃၂)။ ထို့အပြင် "ဘုရားသခင်သည် ငါတို့ဘက်၌ ရှိတော်မူလျှင် အဘယ်သူသည် ငါတို့တစ်ဘက်၌ နေနိုင်မည်နည်း။" စာတန်မာရ်နတ်၏လျှို့ဝှက်အကြံသည် မည်သို့ပင်ပရိယာယ်ကြွယ်ကြွယ် သူ့အပေါင်းအသင်းနတ်ဆိုးတို့ ခင်းချလိုက်သမျှကို ဘုရားသခင်သည် အကုန်အစင်သိသည်ဖြစ်သောကြောင့် သူတို့လုပ်ကြံပြောလာသောအရာအားလုံးသည် အချည်းနှီးဖြစ်ပါ၏။ (ဃ ၂၃၉.၃)

အတိုက်အခိုက်ရှိသောရှေ့တန်း၌ ရောက်နေသောသူများသည် အထူးအမှုတော်တစ်ရပ်ကို လုပ်ဆောင်ရန် သန့်ရှင်းသောဝိညာဉ်တော်စေ့ဆော်ခြင်း ခံရသည်ဖြစ်၍ သူတို့၌ဖိအားဖယ်ထုတ်ခံရသောအခါ တုံ့ပြန်မှုတစ်ခုကို ခံစားရလိမ့်မည်။ စိတ်မချမ်းမြေ့ခြင်းသည် အရဲရင့်ဆုံးသောယုံကြည်ခြင်းကို ကိုင်လှုပ်လိမ့်မည်။ အခိုင်မြဲဆုံးသောအလိုဆန္ဒကိုလည်း အားလျော့စေ၏။ သို့သော် ဘုရားသခင်သိပါသည်။ ကိုယ်တော်သည် သနားကြင်နာချစ်မေတ္တာထားရှိပါသည်။ ကိုယ်တော်သည် လှုပ်ရှားမှုကိုကြည့်၍ နှလုံးအကြံအစည်ကိုမြင်ပါသည်။ စိတ်ရှည်သည်းခံစောင့်ဆိုင်းရန်၊ အရာရာအမှောင်ဖုံးလွှမ်းသော်လည်း ယုံကြည်စိတ်ချရပ်တည်နိုင်ရန်ဆိုသည်မှာ ဘုရားအမှုတော်ဆောင်များလေ့လာရန် သင်ခန်းစာပင်တည်း။ သူတို့ဒုက္ခခံရသောနေ့ရက်များ၌ ကောင်းကင်ဘုံသည် သူတို့အဖို့ မဆုံးရှုံးစေရပါ။ ဝိညာဉ်သည် နတ္ထိဗလာခံစားမိသောအခါ ဘုရားသခင်အပေါ်ဝယ် လုံးလုံးလျားလျားမှီခိုရသည်ထက် သိသိသာသာပို၍ အကာအကွယ်မဲ့သောအရာ၊ သို့တိုင်ကျော်လွှား၍မရနိုင်သောအရာအမှန်ဘာမျှ မရှိပါချေ။ (ဃ ၂၄၀.၁)

ဘုရားသခင်သည် အရှုံးမပေးတတ်၊ စိတ်အားမပျက်တတ်သော် လည်း အလုပ်ထဲတွင် မနှစ်မြို့စရာအင်္ဂါရပ်များအားလုံးနှင့် လက်ခံလုပ်ကိုင်လိုသူစစ်သည်တော်များကို ခေါ်ယူနေပါသည်။ ကျွန်ုပ်တို့၏ပုံစံကို ခရစ်တော်ပြုစုသမျှ အားလုံးဖြင့် ကိုယ်တော်သည် ကျွန်ုပ်တို့၌ရှိစေလိုတော်မူသည်။ (ဃ ၂၄၀.၂)

ယနေ့ကာလ၌ လူကြိုက်မများသောသမ္မာတရားကို သွန်သင်နေကြသူများသည် အကယ်၍ အချိန်နှင့်အမျှ မျက်နှာသာမပေးသောတုံ့ပြန်ခြင်းခံရသည့်အပြင် ခရစ်ယာန်များဟု ပြောသောသူများထံမှလည်း အားပေးခြင်းမခံရဟုဆိုလျှင် တမန်တော်ပေါလုနှင့် သူ့နောက်လိုက်လုပ်ဖော်ကိုင်ဖက်များကသူတို့ဝန်ဆောင်ပေးနေသူများထံမှ ထိုကဲ့သို့ရင်ဆိုင်ရခြင်းထက် ပို၍စိတ်ပျက်အားလျှော့ရန် မလိုပါ။ လက်ဝါးကပ်တိုင်တရားသတင်းစကားပြောသူများသည်ဂရုစိုက်ကြည့်ရှုခြင်းနှင့် ဆုတောင်းခြင်းအားဖြင့် သူတို့ကိုယ်ကိုတန်ဆာဆင်ထားရမည်။ ယုံကြည်ခြင်းနှင့်သတ္တိရှိခြင်းဖြင့် ရှေ့တိုးလှုပ်ရှားရမည်။ ယေရှု၏နာမ၌ အမြဲတမ်းအမှုဆောင်နေကြရမည်။ (ယှ ၂၄၀.၃)

## နူးညံ့သိမ်မွေ့ခြင်း

ရန်စမှုအောက်၌ သိမ်မွေ့ခြင်းကို ထိန်းရမည်ဖြစ်သောစိတ်သည် မည်သည့်အငြင်းပွားခြင်းထက်မဆို သမ္မာတရားမျက်နှာစာကို ပို၍ထိရောက်စွာပြောဆိုလိမ့်မည်။ မည်သို့ပင်ဖြစ်စေ၊ ဖွတ်အတင်းပြောဆိုပါလိမ့်မည်။ (ယှ

ခြောက်သွေ့ညှိုးနွမ်းသောစိုက်ခင်းအပေါ်သို့ နှင်းရည်နှင့်မိုးရေကျသကဲ့သို့မှားယွင်းခြင်းထဲမှ လူအများကို ရှာဖွေရရှိရန် စကားလုံးကို သိမ်မွေ့စွာပြောတတ်ရမည်။ ဘုရားသခင်၏စီမံတော်မူချက်သည် ပထမ၌နှလုံးသားဆီသို့ရောက်ဖို့ဖြစ်၏။ ကျွန်ုပ်တို့သည် သမ္မာတရားကိုမေတ္တာဖြင့် ပြောဆိုရမည်။ အသက်တာများပြောင်းလဲရောက်ရှိရေးအတွက် တန်ခိုးပေးသောကိုယ်တော်၌ ယုံကြည်စိတ်ချမှုထားရမည်။ သန့်ရှင်းသောဝိညာဉ်တော်သည်မေတ္တာဖြင့် ပြောသောစကားဖြင့် ဝိညာဉ်များဆီသို့ သက်ရောက်စေလိမ့်မည်။(ယှ

ကြင်နာသနားတတ်သောစိတ်ရှိခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ ကိုယ်ဟန်အမူအရာကောင်းခြင်းတို့သည် မှားယွင်းနေသူများကို ကယ်တင်နိုင်သည်။ ကြီးမားသောအပြစ်ကိုလည်း ဖုံးအုပ်တတ်သည်။ သင့်စရိုက်လက္ခဏာ၌ခရစ်တော်ထင်ရှားခြင်းသည် သင်ထိတွေ့ဆက်ဆံသူအားလုံးအပေါ်တွင် တန်ခိုး

ဖြင့် အသွင်ပြောင်းပေးလိမ့်မည်။ ခရစ်တော်သည် သင့်အပေါ်ဝယ် နေ့စဉ်နှင့် အမျှ တည်ရှိနေတော်မူပါစေ။ ကိုယ်တော်သည် စကားသံတော်အားဖြင့် ဖန်တီးပေးသောစွမ်းအင်ကို သင့်အပေါ်၌ ဖွင့်ပြတော်မူလိမ့်မည်။ နူးညံ့သိမ်မွေ့ ခြင်း၊ ဆွဲဆောင်မှုရှိခြင်းသည် ငါတို့ဘုရားသခင်ခရစ်တော်၏အလုအအပအောက် ၌ ဝိညာဉ်များစွာကို ပြန်လည်ဖန်တီးပေးရန် ကြီးမားသောအစွမ်းနှင့်လွှမ်းမိုးခြင်း ရှိလိမ့်သတည်း။ (ဃ ၂၄၁.၃)

မျက်နှာမလိုက်သမာသမတ်ကျခြင်း

ကျွန်ုပ်တို့၏ကယ်တင်ရှင်သည် လူတွေအကြား မြေပေါ်မှာအသက် ရှင်နေထိုင်စဉ်တစ်လျှောက်လုံးဆင်းရဲသားအများကြီးကို ဝေမျှပေးခဲ့သည်။ ထိုသူတို့၏သောကနှင့် အခက်အခဲများကို အတွေ့အကြုံအားဖြင့် ကိုယ်တော် သိသည်ဖြစ်၍ စိတ်နှိမ့်ချစွာလုပ်ဆောင်လျက်ရှိကြသူများအား သက်သာမှု ပေးခြင်း၊ ခွန်အားပေးခြင်းကို ကိုယ်တော်ပြုနိုင်ခဲ့သည်။ သခင်ဘုရား၏ဘဝ သဘောထားအကြောင်း သြဝါဒအမှန်ကို သန္ဓေတည်ရလိုက်သောသူတို့သည် အဖိုးတန်ဆင်းရဲသားများအကြား လူချမ်းသာများကို ချီးမြှောက်ကြရမည်ဆို သောလူတန်းစားအတွင်း ခွဲခြားသည့်ထူးခြားခြင်းအမြင်ကို ဘယ်သောအခါမျှ မခံယူကြပါ။ (ဃ ၂၄၁.၄)

သင်သည် ဆင်းရဲဒုက္ခရောက်နေသူများ၊ စိတ်ဝင်စားစရာမကောင်း သောလူများဟုမြင်၍ သူတို့ထံမှလှည့်ထွက်ရှောင်သွားခဲ့လေသော် ခရစ်တော် ရှာဖွေနေသောဝိညာဉ်များကို သင်လျစ်လျူရှုခဲ့လိုက်ပြီကို သင်အမှန်သိပါရဲ့ လား။ သူတို့ထံမှသင်လှည့်ထွက်ခဲ့သည့်အချိန်၌ပင် သင်၏အကြင်နာကို သူတို့ သည် ကြီးစွာလိုအပ်လျက်ရှိနေနိုင်သည်။ ကိုးကွယ်ဝတ်ပြုခြင်းအစည်းအဝေး တိုင်းတွင် ဝိညာဉ်များစွာသည် နားခိုမှု၊ ငြိမ်သက်မှုကိုမျှော်နေကြပါ၏။ သူတို့သည် ဂရုတစိုက်ခံရခြင်းမရှိ အသက်ရှင်နေထိုင်သူများအဖြစ် ပေါ်လွင် နေပါလိမ့်မည်။ သို့သော် သူတို့အားလုံးသည် သန့်ရှင်းသောဝိညာဉ်တော်၏ လွှမ်းမိုးခြင်းကို အာရုံခံမရမရှိနိုင်ပါ။ ထိုသူများအနက် လူများစွာကိုခရစ်တော် ထံသို့ ရောက်အောင်ပို့နိုင်ကြပါ၏။ (ဃ ၂၄၁.၅)

ဧဝံဂေလိဖိတ်ခေါ်ခြင်းသည် သေးသိမ်နိမ့်ကျသွားစေ၍ ကျွန်ုပ်တို့ စိတ်မှတ်ရွေးချယ်ထားသူလူအနည်းငယ်ကိုသာ ဖိတ်ခေါ်သောအခါ သူတို့ လက်ခံလာလျှင် ကျွန်ုပ်တို့၌ဂုဏ်ယူဖွယ်ဖြစ်ရသည်ဟု မတင်ဆက်ရ။ သတင်းကောင်းစကားကို လူတိုင်းအား ပြောကြားပေးရမည်။ နှလုံးသားများသည် သမ္မာတရားကို လက်ခံရန် ပွင့်လင်းခြင်းရှိသည့်အခါတိုင်း ခရစ်တော်သည် သူတို့အား လမ်းပြပေးရန် အသင့်ရှိနေပါသည်။ (ဃ ၂၄၂.၁)

## ရိုးသားခြင်း၊ သစ္စာစောင့်သိခြင်း၊ ကြိုးစားအားထုတ်ခြင်း

တာဝန်ရှိမှုကို လူတစ်ဦးတစ်ယောက်ချင်းစီ၌ စိတ်ချအပ်နှံသောအခါ မေးရမည့်မေးခွန်းသည် ထိုသူအဟောအပြောကောင်းသလား (သို့မဟုတ်) ချမ်းသာသလားဟူ၍ မဟုတ်ဘဲ ရိုးသားသလား။ သစ္စာစောင့်သိသလား။ လုပ်ငန်းကြိုးစားလုပ်ဆောင်သလားဟု မေးစမ်းကြရမည်။ အဘယ်ကြောင့်ဆိုသော် ဤအရည်အချင်းမရှိဘဲ သူပြုလုပ်ပြီးစီးသည့်အရာများမည်သို့ပင်ဖြစ်နေပါစေ၊ ထိုသူသည် စိတ်ချရမှုအဆင့်တစ်စုံတစ်ခုအတွက် လုံးလုံးလျားလျားသတ်မှတ်မခံရနိုင်သူဖြစ်၏။ (ဃ ၂၄၂.၂)

## တစ်ကိုယ်ကောင်းမဆန်ခြင်း

ခရစ်တော်၏အမှုတော်မြတ်သည် ကျွန်ုပ်တို့နမူနာပုံစံဖြစ်သည်။ ကိုယ်တော်သည် ကောင်းသောအမှုကို အမြဲတမ်းပြုလုပ်ခဲ့သည်။ ဗိမာန်တော်နှင့်တရားဇရပ်များပေါ်၌လည်းကောင်း၊ မြို့များ၏လမ်းများပေါ်၌လည်းကောင်း၊ ဈေးရင်ပြင်နှင့်အလုပ်ခွင်များ၌လည်းကောင်း ကိုယ်တော်သည် သတင်းကောင်းတရားကို ဟောပြော၍ ဖျားနာသူများအား အနာငြိမ်းပေးခဲ့ပါသည်။ ကိုယ်တော်၏အသက်တာသည် တစ်ကိုယ်ကောင်းမဆန်သောအစေခံမှုတစ်ခုဖြစ်ပါ၏။ ဤအချက်များသည် ကျွန်ုပ်တို့၏သင်ခန်းစာစာအုပ်ဖြစ်ခဲ့သည်။ ကိုယ်တော်၏စာနာသနားတတ်ခြင်း၊ ချစ်သနားစိတ်ရှိခြင်းသည် ကျွန်ုပ်တို့၏တစ်ကိုယ်ကောင်းဆန်ခြင်းနှင့်နှလုံးသားကင်းမဲ့ခြင်းတို့ကို ဆုံးမခဲ့ပါ၏။ (ဃ ၂၄၂.၃)

သခင်ဘုရားအတွက် အမှုတော်ဆောင်ရန် ကျွန်ုပ်တို့အား လက်ငင်းစေ့ဆော်ပေးသောရည်ရွယ်ချက်၌ ကိုယ်ကျိုးပြုစုခြင်းအကြောင်း နီးစပ်ဆက်နွယ်မှုဘာမျှရှိမထားသင့်ပါ။ အတ္တကင်းသောဆက်ကပ်ခြင်းနှင့် အနစ်နာခံသောစိတ်ဓာတ်သည် အမှုဆောင်ခြင်း၏လက်ခံနိုင်သော၊ ပထမဆုံးသောလိုအပ်ချက်အမြဲတမ်းဖြစ်ရသကဲ့သို့ အမြဲတမ်းလည်းရှိနေရမည့်အချက်ဖြစ်၏။ ကျွန်ုပ်တို့၏သခင်ဆရာသည် အမှုတော်မြတ်အထဲရောက်လာသောသူ၌ ကိုယ်ကျိုးရှာခြင်း၊ ဆံခြည်တစ်ပင်မျှ မရှိရလေအောင် ပုံစံချပေးထားခဲ့သည်။ ကျွန်ုပ်တို့၏ကြိုးပမ်းခြင်းထဲသို့ ကျွန်ုပ်တို့၏လိမ္မာပါးနပ်မှု၊ ကျွမ်းကျင်မှု၊ အတိအကျလုပ်ဆောင်မှုနှင့် ပညာဉာဏ်တို့ကိုယူဆောင်ပေးလာကြရမည်။ ပြည့်ဝစုံလင်သောဘုရားသခင်သည် မြေကြီးတဲတော်တည်ဆောက်သူများကို အလိုတော်ရှိ၏။ သို့တိုင် ကျွန်ုပ်တို့၏လုပ်ဆောင်မှုအရပ်ရပ်ကို ကျွန်ုပ်တို့အမှတ်ရနေရမည်မှာ အတ္တကိုယဇ်ပလ္လင်ထက်တွင်ခင်း၍ အသက်ရှင်အသုံးရသောယဇ်အဖြစ် တင်လှူပူဇော်သောအခါမှသာ အကြီးမြတ်ဆုံးပင်ကိုယ်စွမ်းရည်သို့တည်းမဟုတ် အခမ်းနားဆုံးသောအမှုဆောင်ခြင်းဟူ၍ လက်ခံနိုင်ခြေရှိလာပေမည်။ (ဃ ၂၄၂.၄)

ကမ္ဘာပေါ်၌ ရှိရှိသမျှလူအားလုံးထဲတွင် ပြန်လည်တည်ဆောက်ရေးသမားများသည် အတ္တအကင်းဆုံး၊ အကြင်နာဆုံး၊ ရည်မွန်မှုအရှိဆုံးလူများဖြစ်ကြ၏။ သူတို့အသက်ရှင်မှုထဲတွင် တစ်ကိုယ်ကောင်းမဆန်သောအကျင့်၏မှန်ကန်သောကောင်းမြတ်ခြင်းကို တွေ့ရပါ၏။ (ဃ ၂၄၂.၅)

## စိုးရိမ်ခြင်းကိုရပ်ပစ်ခြင်း

ဆက်ကပ်မြှုပ်နှံခြင်းမရှိသောအမှုဆောင်များကြောင့် မှားယွင်းခြင်းဖြစ်နေရပါသည်။ ဤသို့ရလဒ်ထွက်သည့်အပေါ် သင်သည် ဝမ်းနည်းမျက်ရည်ကျနိုင်၏။ သို့သော် မစိုးရိမ်ပါနှင့်။ ကောင်းချီးသွန်းလောင်းတော်မူသောသခင်သည် ကိုယ်တော်၏ကျွမ်းကျင်သောကြီးကြပ်မှုအောက်၌ ကိုယ်တော်၏အမှုတော်ကို အဆုံးထိတိုင်ထားတော်မူ၏။ အမှုဆောင်များ၌ ကိုယ်တော်တောင်းဆို

သည့်အရာသည် သူတို့ရသည့်အမိန့်အတိုင်း လမ်းညွှန်မှုကိုနာခံရောက်ရှိလာခြင်းပင်တည်း။ ကျွန်ုပ်တို့၏အသင်းတော်များ၊ ကျွန်ုပ်တို့၏သာသနာပြုခြင်းများ၊ ကျွန်ုပ်တို့၏သတ္တမနေ့ဥပုသ်စာဖြေကျောင်းများ၊ ကျွန်ုပ်တို့၏ကျမ်းစာသင်ကျောင်းများအားလုံးသည် ကိုယ်တော်ဘုရားနှလုံးသားအပေါ်သို့ ယူတင်ထားရှိကြရမည်။ အဘယ်ကြောင့်စိုးရိမ်သနည်း။ အသင်းတော်သည် အသက်ရှင်သောအသင်းတော်အဖြစ် ဘုရားသခင်ပုံစံချသည့်အတိုင်း အလင်းထွန်းလင်းနေသည်ကိုမြင်ရရန် ကျွန်ုပ်တို့အပြင်းအထန်စောင့်မျှော်နေခြင်းဖြင့် ဘုရားသခင်၌ လုံးလုံးစိတ်ချယုံကြည်စိတ်ရှိနေကြရမည်။ (ဃ ၂၄၃.၁)

အေးအေးလူလူအပြည့်အ၀အနားယူခြင်းကို အကျင့်လုပ်ပါ။ သင့်ဝိညာဉ်ထိန်းသိမ်းစောင့်ရှောက်ခြင်းကို ဘုရားသခင်ထံ ပို့သောအခါ သစ္စာရှိသောဖန်ဆင်းရှင်ထံသို့ ပို့သည်ဟုမှတ်ပါ။ ကိုယ်တော်၏ယုံကြည်မှုကို အပ်နှံသွင်းသည်အတိုင်း ကိုယ်တော်ထိန်းသိမ်းပေးလိမ့်မည်။ ကျွန်ုပ်တို့၏မကျေမနပ်၊ ဆင်ခြေဆင်လက်များကို ယဇ်ပလ္လင်အပေါ်သို့ ဖုံးအုပ်တင်လာလျှင် ကိုယ်တော်သည် နှစ်သက်တော်မူမည်မဟုတ်။ သင်သည် အခြားဝိညာဉ်ပြောင်းလဲသည်ကို မမြင်ရလျှင်လည်း ဘုရားသခင်၏ကျေးဇူးတော်ချီးမွမ်းခြင်းရှိခဲ့သည်ကို ကျေနပ်နေရမည်။ သို့ရာတွင် သင်ရှေ့ဆက်သွားလိုလျှင် ကောင်းသောအလုပ်များကို လုပ်ရလိမ့်မည်။ အရာရာကို သင့်ကိုယ်ပိုင်အတွေးအဆနှင့်ချိန်ညှိသွားရန် မကြိုးစားပါနှင့်။ ငြိမ်သက်ခြင်းအရှင်ဘုရားသခင်သည် သင့်နှလုံးကို အုပ်စိုးပါလေစေ။ သင်သည် ကျေးဇူးတော်ကို ချီးမွမ်းပါ။ သင့်ဘ၀ထဲ၌ ဘုရားသခင်လုပ်ဆောင်တော်မူပါလေစေ။ ကိုယ်တော့်လမ်းခရီးကိုမပိတ်ဆို့ပါနှင့်။ ကျွန်ုပ်တို့သည် ဘုရားသခင်ကိုအခွင့်ပေးလျှင် ကိုယ်တော်လုပ်နိုင်သည်၊ လုပ်ပေးလိမ့်မည်ဖြစ်သတည်း။ (ဃ ၂၄၃.၂)

## ဘုရားသခင်၏ဇာတိအဖြစ်တော်ကိုဖေါ်ဆောင်ခြင်း

ဘုရားသခင်သည် လူ့ဝိညာဉ်ဗိမာန်တော်အထဲသို့ သန့်ရှင်းသောဝိညာဉ်တော်ကိုမှုတ်သွင်း၍ လူတိုင်းကိုအချိုးကျအသုံးပြုနိုင်၏။ ကိုယ်တော်

လက်ခံသောအမှုသည် ကိုယ်တော်၏ပုံသဏ္ဍာန်တော်ကို ရောင်ပြန်ဟပ်စေသောအလုပ်ဖြစ်သည်။ ကိုယ်တော်၏နောက်လိုက်များသည် ထာဝရဘုရား၏မသေသောဇာတိအဖြစ်တော်မေးမိုန်ပျောက်ကွယ်မသွားနိုင်ကြောင်းကို ဤလောကသို့ သက်သေခံဖော်ပြ၍ သယ်ဆောင်သွားကြရပါမည်။ (ဃ ၂၄၃.၃)

ခရစ်တော်၏နာမသည် သူတို့၏ဆောင်ပုဒ်၊ သူတို့၏ထူးခြားချက်တံဆိပ်၊ သူတို့၏ပေါင်းစည်းမှုသံယောဇဉ်၊ သူတို့၏လှုပ်ရှားမှုကိစ္စ၌ အာဏာနှင့်သူတို့၏အောင်မြင်ခြင်း၌ မှီငြမ်းစရာများဖြစ်ကြသည်။ နာမတော်မြတ်နှင့်ထိပ်စီးအက္ခရာစာမတင်သောဘုရားသခင်၏နိုင်ငံတော်အထဲရှိ မည်သည့်အရာမျှအသိအမှတ်ပြုခံရဖွယ်မရှိ။ (ဃ ၂၄၃.၄)

## အသေးစိတ်ဂရုစိုက်သူ

သင့်ကိုအမှောင်ထဲမှ အံ့ဖွယ်ကောင်းသောအလင်းထဲသို့ ခေါ်ယူတော်မူခဲ့သောဘုရားသခင်ကို သစ္စာရှိရှိအသေးစိတ်ဂရုတစိုက်ပြုခြင်းဖြင့် ရှေ့ဆက်ကျေးဇူးတော်ချီးမွမ်းခြင်းပြုပါလေ။ (ဃ ၂၄၃.၅)

ဘုရားသခင်၏အစေခံသည် အသေးစိတ်ဂရုစိုက်တတ်သူဖြစ်ရမည်။ ကိုယ်တော်၏မစတော်မူခြင်းကို လမ်းဖွင့်ပေးရန် အမြန်ဆုံးလှုပ်ရှားနိုင်ဖို့ အမြဲတမ်းအဆင်သင့်ရှိပါစေ။ လူတွေသူတို့အပိုင်း၌ နှေးကွေးမှုတစ်ခုခုရှိလျှင် သူတို့ကိုရှုံးစေဖို့ စာတန်၏တိုက်ခိုက်မှုကို အချိန်ပေးလိုက်သည်ဖြစ်၏။

ဘုရားသခင်၏ပညတ်တော်ကို စောင့်ရှောက်သောသူများသည် အမှုတော်ဆောင်ရန်အတွက် တစ်သမတ်တည်း အဆင်သင့်ရပ်နေကြ၏။ (ဃ ၂၄၄.၂)

ခရစ်တော်၏မှန်ကန်သောကိုယ်စားလှယ်များသည် အခြားသူများ၏ကောင်းကျိုးအတွက် လုပ်ဆောင်ကြသည်။ သူတို့သည် ပြည်တွင်းပြည်ပနစ်ရပ်စလုံး၌ ဘုရားသခင်အမှုတော်ရှေ့တိုးလုပ်ဆောင်ခြင်း၌ ဝမ်းမြောက်

ပျော်ရွှင်ကြ၏။ ဆုတောင်းအစည်းအဝေးများ၌ သူတို့၏လုပ်ဆောင်ချက် ထိရောက်မှုကို သူတို့ကြားရမြင်ရ၍ ခံစားကြ၏။ သူတို့လုပ်ဆောင်ရန် မစွမ်းသော်လည်း သင်းအုပ်ခြင်းအမှုကို နေရာဝင်ယူလုပ်ကိုင်နိုင်ရန် ကြိုးစားကြသည်။ မိမိကိုယ်ကိုချီးမြှောက်ရန်မရှာ။ မြတ်သောအမှုကို လုပ်ရသည့်အတွက်လည်း ဂုဏ်ပြုမှတ်တမ်းတင်ခံယူလိုခြင်းကို လက်ခံမယူကြပါ။ စိတ်နှိမ့်ချ ခြင်း၊ အောက်ကျို့ခံခြင်း၊ သစ္စာစောင့်သိခြင်း၊ အမှားနည်းအောင်နေခြင်းနှင့် အလုပ်ကြီးလုပ်ကိုင်ခြင်းတို့ကို လိုအပ်လျှင် လိုအပ်သလို လုပ်ဆောင်ကြ၏။ အကြောင်းမှာ ခရစ်တော်သည် သူတို့အတွက် များစွာလုပ်ဆောင်ပေးခဲ့ပြီး ဖြစ်သောကြောင့်တည်း။ (ဃ ၂၄၄.၃)

## ရဲရင့်မှုနှင့်မှန်ကန်မှု

ဘေးဒဏ်သင့်သောနေ့ရက်များအတွင်း အသင်းတော်၌ လိုအပ်သည့်အရာမှာ တပ်မကြီးတစ်ခု၏စစ်သားများဖြစ်သည်။ ပေါလုကဲ့သို့ အသုံးတော်ခံယူရန် ကိုယ်တိုင်စာသင်ကြားတတ်မြောက်ခဲ့သူများ၊ ဘုရားသခင့်အမှုတော် ၌ နက်နက်ရှိုင်းရှိုင်းအတွေ့အကြုံရှိခဲ့သူများ၊ အလွန်စိတ်ထက်သန်ခြင်းနှင့် စိတ်တမ်းခြင်းအပြည့်ရှိသူများကို လိုအပ်သည်။ စင်ကြယ်ပြီးသူ၊ ကိုယ်တိုင် အနစ်နာခံသူလူများကို လိုအပ်သည်။ စမ်းသပ်ခံရခြင်းကို မပိတ်ပင်ဘဲ တာဝန် ယူတတ်သူများ၊ ရဲရင့်ပြီးမှန်ကန်စွာရပ်တည်နေနိုင်သူများ၊ "ဘုန်းတော်ကို မျှော်လင့်ခြင်း" ဖြင့် ခရစ်တော်ပုံသွင်းပေးသောနှလုံးသားပိုင်ရှင်များနှင့် သူတို့ နှုတ်ခမ်းသည် သန့်ရှင်းသောမီးနှင့်အတို့ခံခဲ့ရသူများသည် "နှုတ်ကပတ်တော် ကိုဟောပြောကြလိမ့်မည်။" ယင်းသို့သောလုပ်သားများချို့တဲ့နေလျှင် ဘုရား သခင်အမှုတော်တိုးတက်မှုကျဆင်း၏။ သေတတ်သောအဆိပ်နှင့်တူ၍ သေရာ ပါအမှားများဖြစ်သောကြောင့် စာရိတ္တပိုင်း၌ အမည်းစွန်းထင်း၏။ လူသား မျိုးနွယ်အပိုင်းကြီးတစ်ပိုင်း၏မျှော်လင့်ခြင်းကို ပျက်စီးဆုတ်ယုတ်စေပါလိမ့် မည်။ (ဃ ၂၄၄.၄)

တက်ကြွထက်သန်သောတိုက်ပွဲဆင်နွှဲခြင်းအားဖြင့် ဆန့်ကျင်ဘက်တို့အလယ်တွင် ဘေးသင့်မှု၊ ဆုံးရှုံးမှုနှင့်လူသားဒုက္ခခံစားရမှုတို့ရှိလည်း ဝိညာဉ်ကယ်တင်ခြင်းအမှုကိုမူ ရှေ့ဆက်ဆောင်ရွက်သွားကြရလိမ့်မည်။ တိုက်ပွဲတိုက်နေစဉ်အတွင်း တိုက်ပွဲဝင်တပ်မကြီးတစ်ခုသည် ရန်သူအုပ်ကြီး၏တိုက်ခိုက်ခြင်းကိုခံလိုက်ရ၍ ရှုံးနိမ့်သွားသောအခါ ဒုတပ်မှူးသည် ရှုံးနိမ့်ဆုတ်ခွာနေသောတပ်သားအရှေ့စစ်မြေပြင်ပေါ်သို့တက်ရပ်၏။ ခေါင်းဆောင်တပ်မှူးကြီးက "တပ်အလံကိုနုတ်ယူခဲ့ကြ" ဟုအော်ဟစ်နေစဉ် ဒုတပ်မှူးသည် ပြန်ဟစ်အော်လိုက်ပါသည်။ "လူတွေကို အလံထိပ်ဆီကိုယူတင်ခဲ့ကြ" ဟူ၍ဖြစ်သည်။ ဤကဲ့သို့လုပ်ရခြင်းသည် သစ္စာစောင့်သိသောစံနှုန်းအဆင့်ရှိသူတိုင်းက လွှဲယူရမည့်အလုပ်ဖြစ်ပေသည်။ လူတွေကိုရှေ့တန်းအလံထိပ်ဆီသို့ပို့လိုက်ကြရမည်။ သခင်ဘုရားသည် လုံးလုံးလျားလျားစိတ်နှလုံးပါသူများကိုခေါ်ယူနေပါသည်။ ခရစ်ယာန်များပါဟုပြောနေကြသူလူများစွာအထဲမှာ သတ္တိမရှိဖြစ်နေကြသူများစွာကို ကျွန်ုပ်တို့သိကြပါသည်။ အားယူဖို့သူတို့ကိုခေါ်လိုက်ပါ။ စံနှုန်းအဆင့်မီရောက်လာဖို့ သူတို့ကိုဆက်သွယ်ခေါ်ယူရမည်။ (ဃ ၂၄၄.၅)

ဘေးအန္တရာယ်အဆင့်သို့ရောက်သောအချိန်၌ အစွမ်းသတ္တိနှင့်သြဇာအပြည့်သုံး၍ တိုက်ခိုက်ဖို့လိုအပ်နေသည့်အချိန်မှာ ကိုယ့်နေရာမှန်၌ တည်မြဲစွာရပ်နေရန် ကြောက်ရွံ့ကြသောသူများကို ဘုရားသခင်မသုံးပါ။ ကိုယ်တော်ခေါ်ယူအသုံးပြုသောသူများသည် မိစ္ဆာကိုရင်ဆိုင်၍ သစ္စာရှိစွာတိုက်ပွဲဝင်လိုသူများဖြစ်ကြ၏။ သူတို့သည် အထွတ်အမြတ်တို့ကိုလည်းကောင်း၊ အာဏာစက်တို့ကိုလည်းကောင်း၊ လောကီမှောင်မိုက်၌အစိုးတရပြုတတ်သောမင်းတို့နှင့်လည်းကောင်း၊ မိုးကောင်းကင်၌နေသောနတ်ဆိုးတို့နှင့်လည်းကောင်း တိုက်ပွဲဝင်ဆင်နွှဲနေကြ၏။ ထိုသူတို့ကို ကိုယ်တော်သည် စကားအသံတော်ဖြင့်ချီးမွမ်းလိမ့်မည်။ "သာဓု၊ သစ္စာရှိသောငယ်သားကောင်း။" (ဃ ၂၄၅.၁)

ဘုရားသခင်ခေါ်ယူသောသူများသည် ဧလိယ၊ နာသန်၊ နှစ်ခြင်းဆရာယောဟန်လိုလူမျိုးများဖြစ်သည်။ သူတို့သည် ဘုရားသခင်၏သတင်းစကားကို သစ္စာစောင့်သိစွာဖြင့် သယ်ဆောင်ယူသွားသည့်လူများဖြစ်ကြသည်။

အခြေအနေကို ဂရုမထားသူများ၊ ရဲရင့်စွာသမ္မာတရားကို ဟောပြောကြသည့် လူများ၊ ထိုသို့ခေါ်ယူခံရသည့်အတွက် သူတို့၌ရှိသည့်အရာများအားလုံးကို စွန့်လွှတ်ပစ်ခဲ့နိုင်သူများဖြစ်ကြပါသည်။ (ဃ ၂၄၅.၂)

## သိုးထိန်းဂရုစိုက်မှု

သိုးထိန်းသည် သိုးအုပ်အထဲ၌ သိုးတစ်ကောင်ပျောက်ဆုံးနေသည် ကို သိလိုက်သော်လည်း သိုးခြံထဲမှလုံခြုံစွာရောက်နှင့်ပြီးသောသိုးအုပ်ကိုကြည့် ၍ အလေးမထားစကားဆိုမည်။ "ကိုးဆယ်ကိုးကောင်ရောက်ပြီ၊ နောက်ကျန် နေတဲ့သိုးတစ်ကောင်ကိုလိုက်ရှာဖို့ ငါပင်ပန်းမယ်။ သူပြန်လာပါစေ။ သိုးခြံ တံခါးကိုငါဖွင့်ထားပေးမယ်။ သူပြန်ရောက်လာရင် ဝင်လာပါစေ။ ဒီလိုမပြော သင့်။ သိုးအုပ်ထဲက သိုးတွေပျောက်နေပြီဆိုသည်နှင့် သိုးထိန်းသည် ဝမ်းနည်း ပြီး စိတ်ပူပန်တတ်ပါ၏။ သူပျင်းရိနေမည်မဟုတ်။ သိုးထိန်းသည် ကိုးဆယ့် ကိုးကောင်ကို သိုးခြံအထဲလှောင်ထားခဲ့ပြီး ပျောက်သောသိုးကိုလိုက်ရှာဖို့ ထွက်သွားမည်ဖြစ်သည်။ အမှောင်ရောက်ပြီး ညဘက်မိုးသက်မုန်တိုင်းကျလာ ချိန်၊ လမ်းကလည်းပို၍ဘေးသင့်ခြင်းဖြစ်လာနေစဉ် သိုးထိန်း၏ပူပန်မှုသည် လည်း ပိုကြီးမားလာခဲ့သည်။ ပျောက်သောသိုးကိုလည်း သဲကြီးမဲကြီးပို၍ပို၍ သူရှာဖွေလေတော့၏။ သိုးထိန်းသည် ပျောက်သောသိုးတစ်ကောင်ကိုတွေ့ရန် ကြိုးပမ်းမှုတိုင်းကိုပြုလုပ်၏။ (ဃ ၂၄၅.၃)

သိုးထိန်းသည် ခပ်လှမ်းလှမ်းက အားပျော့ပျော့အော်သံကို ပထမ ကြားလိုက်လျှင် စိတ်သက်သာခြင်းရလိုက်၏။ အသံကြားရာနောက်သို့လိုက်၍ မတ်စောက်သောအမြင့်ကို သူတွယ်တက်၏။ ချောက်ကမ်းပါးအစွန်းတိုင်းကို သူအရောက်သွားကြည့်ခဲ့သည်။ သူ့အသက်ကို သူစွန့်စားလုပ်ဆောင်ရသည်။ သူကြိုးစားရှာစဉ် သိုးအော်သံသည် ပို၍သိမ်ဝင်လာနေသည်ကိုကြား၍ ထိုသိုးကလေးသည် သေလုနီးဖြစ်နေသည်ကို သူသိနေသည်။ သူကြိုးစား ခြင်းသည် ထိုက်တန်ပါသည်။ ပျောက်သောသိုးကိုတွေ့ပြီ။ ထိုအခါ ထိုသိုး ကိုသူမအော်မငေါက်ပါ။ အကြောင်းမှာ သိုးကိုများစွာအန္တရာယ်မပေးလို၍

ဖြစ်၏။ သိုးကိုကြိမ်တို့၍ မောင်းထုတ်မည်လည်းမဟုတ်။ အိမ်ပြန်ဖို့သိုးကို လမ်းပေါ်တင်ပြီး မောင်းသွားမည်လည်းမဟုတ်။ သိုးထိန်းသည် ဝမ်းသာ လွန်းသောကြောင့် တုန်တုန်ယင်ယင်ဖြစ်နေသောသိုးငယ်ကို သူ့ပခုံးပေါ်တင် ထမ်းမည်။ သိုးငယ်သည် ကုတ်ခြစ်ဒဏ်ရာအနာများဖြစ်နေသည်ကိုမြင်လျှင် လက်မောင်းနှင့်ချီပွေ့၍ သူ့ရင်ခွင်အထဲ သွင်းပိုက်ဖိထားလိုက်ခြင်းအားဖြင့် သူ့နှလုံးသားအပူငွေ့သည် သိုးကလေးကို အသက်ဆက်စေလိမ့်မည်။ သူရှာဖွေ တွေ့ရှိလိုက်သည်မှာ အလဟဿမဖြစ်သောကျေးဇူးခံစားခြင်းဖြင့် ထိုပျောက် သောသိုးကို သိုးခြံထဲသို့ ပြန်ထည့်သွင်းပို့ဆောင်ပေးနိုင်ခဲ့ခြင်းဖြစ်သည်။ (ဃ ၂၄၅.၄)

## စိတ်နှိမ့်ချခြင်း

ဘုရားသခင်သည် အမှုတော်ဆောင်ရန်အတွက် လူယောကျ်ား မိန်းမတို့ကိုရွေးချယ်ရာ၌ သူတို့ဘယ်လောက်ပညာတတ်သည်ကိုလည်းကောင်း၊ ဟောပြောတတ်သည်ကိုလည်းကောင်း၊ လောကချမ်းသာနှင့်ပြည့်စုံသည် ကိုလည်းကောင်း သူတို့၌ပိုင်ဆိုင်မှုရှိ၏၊ မရှိ၏ဟူ၍ မေးခွန်းထုတ်လိမ့် မည်မဟုတ်။ ကိုယ်တော်မေးမည်မှာ "ငါ၏တရားလမ်းကို သူတို့အား သင်ပေးနိုင်ရန် သူတို့သည် စိတ်နှိမ့်ချခြင်းရှိပါသလား။ ငါ့စကားသံတွေ ကိုသူတို့နှုတ်ခမ်းအထဲသို့ ငါသွင်းပေးနိုင်ပါ့မလား။ ငါ့ကိုကိုယ်စားပြု၍ သူတို့ လုပ်ဆောင်ကြမလား။ (ဃ ၂၄၆.၁)

ဆင်းရဲသူများ၊ အထင်သေးခံရသူများ၊ အပစ်ပယ်ခံရသူများအား အကူအညီပေးရန် ကြိုးစားရာတွင် သင်၏သိက္ခာရှိမှုနှင့် အဆင့်အတန်းမြင့် မှုဆိုသောထောင့်တိုင်ပေါ်တင်ရန် သူတို့၌ မလုပ်ဆောင်ပါနှင့်။ အဘယ်ကြောင့် ဆိုသော် ထိုနည်းအားဖြင့် သင်သည် ပြီးမြောက်အောင်ဘာမျှလုပ်နိုင်မည် မဟုတ်၍ဖြစ်သည်။ (ဃ ၂၄၆.၂)

ကျွန်ုပ်တို့၏အသင်းတော်များကို သူတို့၏ကြိုးစားမှုဖြင့် အားမာန် တက်ကြွလာစေ၍ အောင်မြင်အောင်လုပ်ပေးနိုင်သည်ဆိုသည်မှာ ပျာယာခတ်

အလုပ်ရှုပ်ခြင်းမရှိဘဲ အေးအေးဆေးဆေးနှင့်စိတ်နှိမ့်ချလုပ်ကိုင်ခြင်းအားဖြင့် လည်းကောင်း၊ ဝင့်ဝါပြစားခြင်းနှင့်အရည်မရအဖတ်မရလူအထင်ကြီးစရာ စကားလုံးများကို မပြောမလုပ်ဘဲ သည်းခံခြင်း၊ ဆုတောင်းနေခြင်း၊ ဖွဲနပဲ ဖြင့်ကြိုးစားအားထုတ်ခြင်းအားဖြင့်လည်းကောင်း သူတို့ပြုလုပ်ကြခြင်းကြောင့် ဖြစ်သည်။ (ဃ ၂၄၆.၃)

ရှုံးနိမ့်၍အရှက်ရခြင်းသည် ဘုရားသခင်အကူအညီကိုမရဘဲ အလို တော်ကိုဆောင်ရွက်ရန် ကျွန်ုပ်တို့၌မဖြစ်နိုင်ကြောင်းကိုပြသသည်ဖြစ်၍ ကောင်းချီးတစ်ခု မကြာခဏသက်သေရပါ၏။ (ဃ ၂၄၆.၄)

စိတ်နှလုံးနှိမ့်ချ၍ အိမ်ငယ်ကလေးများ၌ နေထိုင်သူတို့၏ပင်ကိုယ် စွမ်းရည်မျိုးကို တစ်အိမ်ဆင်းတစ်အိမ်တက်အမှုဆောင်လုပ်ငန်းခွင်၌ လိုအပ် သည်။ အလွန်တောက်ပြောင်သောဆုကျေးဇူးထက် ဤအမှုဆောင်လုပ်ငန်း သည် ပို၍ပြီးမြောက်စေနိုင်သည်။ (ဃ ၂၄၆.၅)

ကောင်းကင်ဘုံတစ်ခွင်လုံးက စိတ်ပါဝင်စားသည်မှာ ဤအမှုတော် ကိုနာဇရက်မြို့သားယေရှုခရစ်၏နာမ၌ ဘုရားသခင်၏သတင်းစကားပြောသော တမန်များသည် ရှေ့သို့သယ်ယူပို့ဆောင်ပေးနေခြင်းဖြစ်သည်။ ဤအမှုတော် သည် ကြီးမြတ်သောအမှုတော်ဖြစ်၏။ ညီအစ်ကို နှမ အစ်မများတို့၊ ကျွန်ုပ်တို့ သည် ဘုရားသခင်ရှေ့တော်မှောက်၌ မိမိကိုယ်ကိုနေ့စဉ် နှိမ့်ချနေကြရမည်။ ကျွန်ုပ်တို့၏ဉာဏ်ပညာသည် ပြည့်ဝစုံလင်သည်ဟူ၍ မမှတ်ယူသင့်။ ဤအမှု တော်ကို အလွန်စိတ်ထက်သန်စွာကိုင်တွယ်လုပ်ဆောင်သင့်ကြ၏။ ကျွန်ုပ်တို့ ၌ နှိမ့်ချစိတ်ပေးရန် ဘုရားသခင်ထံ ဆုမတောင်းယူသင့်ကြပါ။ အကြောင်း မှာ ကျွန်ုပ်တို့သည် ဘုရားသခင်၏လက်တော်ထဲ၌ရှိနေလျှင် ကျွန်ုပ်တို့အား ကိုယ်တော်ပေးသောနှိမ့်ချခြင်းသည် ကျွန်ုပ်တို့၌ အရသာတွေ့လောက်သော လမ်းမဟုတ်။ သို့ရာတွင် ကျွန်ုပ်တို့သည် ခွန်အားကြီးတော်မူသောဘုရားသခင် ၏လက်တော်အောက်၌ မိမိတို့ကိုယ်တိုင်နေ့စဉ်နှင့်အမျှ စိတ်နှိမ့်ချနေသွားနိုင် ကြရမည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ကိုယ်တိုင်အတွက် ကယ်တင်ခြင်းကို ဘုရားသခင်အား ကြောက်ရွံ့ခြင်း၊ တုန်လှုပ်ခြင်းနှင့်တကွ လုပ်ယူသွားနိုင်

ကြရမည်။ ဘုရားသခင်သည် ကျွန်ုပ်တို့၌ ကိုယ်တော်ကောင်းစွာနှစ်သက်သောအမှုကို ကျွန်ုပ်တို့အား ဆန္ဒရှိစေ၊ လုပ်ဆောင်နိုင်စေတော်မူပါလျှင် ကျွန်ုပ်တို့မှတစ်ဆင့် အလုပ်လုပ်နေသောဘုရားသခင်နှင့်အတူ ကျွန်ုပ်တို့ဖက်စပ်လုပ်ဆောင်သွားကြရမည်။ (ဃ ၂၄၆.၆)

ကျွန်ုပ်တို့သည် ဖြောင့်တန်းသောတံခါးပေါက်ဆီသို့ဝင်နိုင်ရန် ကြိုးပမ်းလုပ်ဆောင်ကြရ၏။ ဤတံခါးပေါက်သည် အလွယ်တကူဖွင့်နိုင်သော၊ ပတ္တာချောင်နေသောတံခါးမဟုတ်။ သံသယစရိုက်အတွေးရှိသူများဝင်ခွင့်မရနိုင်ပါ။ ထာဝရအသက်အတွက် ယခုအပြင်းအထန်ကြိုးစားကြရမည်။ ၎င်းသည် ကျွန်ုပ်တို့အရှေ့ရောက်လာမည့်ဆုတန်ဖိုးနှင့်အချိုးညီပါသည်။ ၎င်းသည် ငွေမဟုတ်၊ မြေယာမဟုတ်၊ အဆင့်အတန်းမဟုတ်၊ ခရစ်တော်နည်းတူလက္ခဏာ များကို ပိုင်ဆိုင်ခြင်းဖြစ်သည်။ ထိုအရာသည် ပရဒိသုဘုံတံခါးပေါက်ကို ကျွန်ုပ်တို့အား ဖွင့်ပေးလိမ့်မည်။ ဂုဏ်သိက္ခာလည်းမဟုတ်။ ဉာဏ်ပညာကို ကြိုးစားရယူခြင်းလည်းမဟုတ်။ မသေသောအသက်သရဖူကို ကျွန်ုပ်တို့အတွက် အနိုင်ရလိုက်ခြင်းဖြစ်၏။ စိတ်နူးညံ့သိမ်မွေ့ခြင်းနှင့် နှိမ့်ချနေထိုင်ခြင်းရှိကြ သူအယောက်စီတိုင်းသာလျှင် သူတို့၏ဘုရားသခင်ကို သူတို့ကောင်းစွာသိ ကြသူများဖြစ်သောကြောင့် ဤဆုကိုလက်ခံရကြလိမ့်မည်ဖြစ်သတည်း။ (ဃ ၂၄၇.၁)

သင်သည် သာသနာပြုအလုပ်ခွင်ထဲမှ ပြန်လာသောအခါ သင့်ကိုယ်သင်မချီးမြှောက်ပါနှင့်၊ ယေရှုကိုသာချီးမြှောက်ပါ။ လက်ဝါးကပ်တိုင်တော်ကိုမြှောက်တင်ပူဇော်ပါ။ (ဃ ၂၄၇.၂)

ချီးမြှောက်ခြင်းအလျှင် စိတ်နှိမ့်ချခြင်းရှိ၏။ လူတို့အရှေ့၌ မြင့်သောနေရာကိုပြည့်စေရန် ကောင်းကင်ဘုံသည် ဘုရားရှေ့မှောက်၌ နိမ့်သောနေရာကိုယူသောနှစ်ခြင်းဆရာယောဟန်ကဲ့သို့ အမှုဆောင်များကို ရွေးကောက်တင်ထားလိမ့်မည်။ ကလေးငယ်ကဲ့သို့ အဖြစ်ဆုံးတပည့်တော်သည် ဘုရားအတွက် အမှုဆောင်ရာ၌ အကျွမ်းကျင်ဆုံးဖြစ်၏။ ကောင်းကင်ဉာဏ်ကြီးရှင်တမန်များသည် ကိုယ်ကိုကိုယ်ချီးမြှောက်ခြင်းမခံယူဘဲ ဝိညာဉ်ကယ်တင်ခြင်းကိုရှာသောသူတို့နှင့်အတူ ပူးပေါင်းလုပ်ဆောင်ကြလိမ့်မည်။ (ဃ ၂၄၇.၃)

ခြိုးခြံခြင်း၊ ဆင်ခြင်ခြင်း

ဘုရားသားသမီးတိုင်းသည် သူ၏စားခြင်း၊ ဝတ်ခြင်းနှင့်လုပ်ကိုင်ခြင်းအရပ်ရပ်တို့၌ ဆင်ခြင်လုပ်ကိုင်ရန် လိုအပ်ချက်နှင့်အညီ လူလေးစားခံရပြီး ထိုသို့ဖြင့် သူသည် ဘုရားသခင်၏အမှုတော်ကို အကောင်းဆုံးလုပ်ဆောင်နိုင်ပေလိမ့်မည်။ အမှုတော်ဆောင်တစ်ယောက်သည် အလုပ်၏ဖိစီးမှုနှင့်ဂရုစိုက်ခြင်းအောက်၌ ကိုယ်စိတ်နှစ်ပါးဝန်ပိလာခဲ့လျှင် သူသည် ဘေးဖယ်၍ခေတ္တနားနေဖို့လိုအပ်သည်။ ဤသို့ပြုသည်မှာ ကိုယ်ကျိုးအတွက် အားရကျေနပ်စေရန်မဟုတ်ဘဲ အနာဂတ်တာဝန်ကို ကောင်းစွာပြင်ဆင်နိုင်ဖို့ဖြစ်သည်။ ကျွန်ုပ်တို့အပေါ် အားစိုက်လုပ်နေသောရန်သူရှိသည်။ ထိုရန်သူသည် ကျွန်ုပ်တို့၏လမ်းကြောင်းပေါ်၌ အမြဲရှိ၍ ကျွန်ုပ်တို့၏အားနည်းချက်ကို အခွင့်ကောင်းယူတတ်သည်။ ထိရောက်သောသွေးဆောင်ခြင်းဖြင့် စာတန်မာရ်နတ်အတွက် သူအလုပ်လုပ်နေသည်။ စိတ်သည် အားကုန်ခန်းညှောင်းညာလာမည်။ ရုပ်ခန္ဓာသည် တုန်ယင်လာမည်ဆိုလျှင် ရန်သူသည် ဤအခွင့်ကောင်းကိုယူ၍ လူ၏စိတ်ဝိညာဉ်ကို ရက်စက်သောသွေးဆောင်ခြင်းဖြင့် ဖိချလေ ၏။ ဤသို့ဖြင့် ဘုရားသားသမီးများကျရှုံးကြရသည်။ ဘုရားသခင်အတွက် လုပ်ဆောင်နေသူများသည် ခွန်အားကိုဂရုတစိုက်ပြုစုရမည်။ သူ့အပေါ်သို့ အလုပ်တာဝန်ပိ၍ နွမ်းနယ်လာသောအခါ သူသည် ဘေးဖယ်၍ အနားယူခြင်းဖြင့် ယေရှုနှင့်အတူ ရှိနေရမည်။ (ဃ ၂၄၇.၄)

ကျွန်ုပ်တို့၏ရုပ်ခန္ဓာစွမ်းအင်များကို တလွဲအသုံးပြုခြင်းသည် ဘုရားဘုန်းတော်ထင်ရှားစေရန် အသက်ရှင်နေထိုင်ရသောကျွန်ုပ်တို့၏အသက်တာအချိန်ကို တိုစေသည်။ ဤသို့ဖြင့် ဘုရားပေးသောအလုပ်ကို ကျွန်ုပ်တို့ပြီးစီးအောင်လုပ်ရန်မဖြစ်နိုင်တော့ပါ။ မှားယွင်းသောလေ့ကျင့်မှုများကို ကိုယ်တိုင်ခွင့်ပြုလေ့ကျင့်နေခြင်းအားဖြင့်လည်းကောင်း၊ နောက်ကျအိပ်ရာဝင်ခြင်းအားဖြင့်လည်းကောင်း၊ ကျန်းမာရေးတန်ဖိုးနေရာ၌ အစားကျူးလျက် ကျေနပ်အားရနေခြင်းအားဖြင့် သော်လည်းကောင်း၊ ကိုယ်ခန္ဓာတုန်တုန်ယင်ယင်ဖြစ်ဖို့အုတ်မြစ်

ကိုကျွန်ုပ်တို့လုပ်နေကြခြင်းဖြစ်လိမ့်မည်။ ကိုယ်ကာယလေ့ကျင့်ခန်းကို ဘေးဖယ်ချထားလိုက်ပြီး ကိုယ် (သို့မဟုတ်) စိတ်ကို အပိုဝန်ပိအောင် လုပ်ကိုင်နေလျှင်လည်း ကျွန်ုပ်တို့၏အာရုံကြောစနစ်ကို မညီမညွတ်ဖြစ်စေသည်။ သဘာဝတရားကြီးကို အလေးမထားသဖြင့် အမှုဆောင်လုပ်ရန် မသင့်လျော်ဘဲ အသက်တိုတိုနှင့် ဤဘဝမှထွက်ခွာသွားကြသူများသည် ဘုရားသခင်ကို လုယက်သောအပြစ်ရှိကြသည်။ သူတို့သည် လုပ်ဖော်ကိုင်ဖက်များကိုလည်း လုယက်ကြသည်။ အခြားသူများအား ကောင်းချီးပေးရန် အခွင့်အရေးရှိပြီး သူတို့ကိုလောကအထဲသို့ ဘုရားသခင်စေလွှတ်၍ ပြုစုရန် အမှုဆောင်ချက်များသည် သူတို့ကိုယ်တိုင်ပြုသောအမှုကြောင့် တိုတောင်းစွာဖြတ်တောက်ခံလိုက်ရသည်။ သူတို့ကိုယ်တိုင်သည်လည်း တိုတောင်းသောအသက်တာကာလအတွင်း သူတို့အမှုကို သူတို့ပြီးစီးအောင် လုပ်ဖို့ပင်မသင့်မလျော်ဖြစ်ပါ၏။ ကျွန်ုပ်တို့၏နစ်နာစေသောအကျင့်များသည် လောကကောင်းကျိုးကို ပိတ်ပင်ခြင်းဖြစ်လာသောအခါ ကျွန်ုပ်တို့၌ပြစ်ဒဏ်ကို ဘုရားသခင်စီရင်လိမ့်မည်။ (ဃ ၂၄၈.၁)

ကျွန်ုပ်တို့၏ဘုရားသခင်သည် သနားကြင်နာခြင်းအမြဲရှိပြီး ကရုဏာမေတ္တာတော်အပြည့်ရှိ၏။ အလိုတော်အားလုံးနီးပါးသည်လည်း မျှတခြင်းရှိ ၏။ ကိုယ်တော်အလိုမရှိသည်မှာ ကျွန်ုပ်တို့၏ကျန်းမာရေးထိခိုက်သွားလောက်အောင် အရာရာနောက်ကို လိုက်ပါလုပ်ဆောင်နေခြင်း (သို့မဟုတ်) စိတ်ဓာတ်အင်အားတုန်ချည့်သွားလောက်အောင်ဖြစ်သွားခြင်းတို့ဖြစ်သည်။ ဖိအားတစ်ခုအောက်၌ ကျွန်ုပ်တို့လုပ်နေရသည်ကိုသော်လည်းကောင်း၊ အားကုန်သည့်တိုင်လုပ်ရန်အရုပ်ကြိုးပြတ်ကျခြင်းနှင့် အာရုံကြောနုံးချည့်ခွေယိုင်သွားခြင်းကိုသော်လည်းကောင်း ကိုယ်တော်မဖြစ်စေလိုပါ။ ဘုရားသခင်သည် ကျွန်ုပ်တို့အား ဆင်ခြင်တုံဉာဏ်ပေးထားသည်။ ကိုယ်တော်မျှော်လင့်သည်မှာ ကျွန်ုပ်တို့သည် ထိုဆင်ခြင်တုံဉာဏ်ကို လေ့ကျင့်ခြင်းဖြင့် ကျွန်ုပ်တို့၏ခန္ဓာကိုယ်ထဲသို့ ထည့်သွင်းပေးထားသောအသက်ဆိုင်ရာ ပညတ်တော်တို့နှင့်လိုက်လျောညီထွေပြုမှုကာ ပညတ်တော်တို့ကို စောင့်ရှောက်ခြင်းနှင့်အတူ တည်ကြည်

မျှတသောအဖွဲ့အစည်းတစ်ခုကို ရနိုင်ပါမည့်အကြောင်းဖြစ်၏။ တစ်ရက်ကုန်၍ တစ်ရက်ပြောင်းမည်။ တာဝန်ယူခြင်းနှင့်တာဝန်များလည်းနေ့စဉ်ရှိနေဦးမည်။ သို့သော် နက်ဖြန်နေ့၌ လုပ်ရမည့်အလုပ်များကို ယနေ့လုပ်ဖို့စုပုံမထားရပါ။ ဘုရားသခင်အမှုတော်ဆောင်အလုပ်သမားများသည် အလုပ်ကိစ္စများ၌ ဘယ်လို အမြတ်တနိုးရှိရမည်ကို သိသင့်၏။ သူတို့သည် နက်ဖြန်နေ့၏အလုပ်ကို ယနေ့သူတို့၏အမြော်အမြင်ရှိစွာလုပ်ကိုင်ခဲ့ခြင်းစွမ်းအားဖြင့် ပြင်ဆင်ထားရပါမည်။ (ဃ ၂၄၈.၂)

အနားယူခြင်းနှင့်အလေးအနက်စဉ်းစားခြင်း

ယေရှု၏တပည့်များသည် သူတို့ဘယ်လိုအလုပ်လုပ်ရမည်။ ဘယ်လို အနားယူသင့်သည်ကို လေ့လာသင်ယူရန် လိုအပ်သည်။ ယနေ့လိုအပ်ချက် တစ်ခုမှာ ဘုရားသခင်ရွေးချယ်ထားသောအမှုတော်ဆောင်များသည် ခရစ်တော် မိန့်တော်မူသည်အတိုင်း "သွားရန်သီးခြားနှင့်နားရန်ခေတ္တ" ဆိုသည်ကို နားလည်သင့်၏။ ဤစေစားမိန့်ကို လျစ်လျူရှုခဲ့၍ အဖိုးတန်အသက်များစွာ အနာခံဆုံးရှုံးခဲ့ရပြီးဖြစ်သည်။ ရိတ်သိမ်းရန် များစွာရှိပြီး လုပ်ဆောင်သူနည်း လှသည်ဆိုသော်လည်း ကျန်းမာခြင်းနှင့်အသက်ကို စွန့်လွှတ်လိုက်ခြင်းဖြင့် ဘာမျှအမြတ်မထွက်နိုင်ပါ။ အားအင်ကုန်ခန်းပြီး ဖတ်ဖတ်မောလက်ပန်းကျ လုပ်ဆောင်သူတွေများစွာရှိလာနေသည်။ သူတို့သည် များစွာလုပ်ဆောင် လျက်ရှိနေသည်ကိုကြည့်ပြီး နည်းနည်းလေးသာလုပ်၍ပြီးစီးခဲ့သည်ကို ကြီးစွာ စိတ်ပျက်ခံစားနေကြရသည်။ သူတို့များစွာအလုပ်ပြီးစီးစေဖို့ ကိုယ်ခန္ဓာအင်အား ကိုမလိုချင်ကြဘူးလား။ ထို့ကြောင့် ဤသို့လုပ်နေသောလူစားမျိုးကို ယေရှု ပြောရသည်။ ကိုယ်တော်ကလည်း တော၌ဆိတ်ကွယ်ရာအရပ်သို့လာကြ။ ခဏအားဖြည့်၍ ငြိမ်သက်စွာနေကြဟု မိန့်တော်မူ၏။" (မာကု ၆း၃၁)။ (ဃ ၂၄၉.၁)

ခရစ်ယာန်တို့၏အသက်ရှင်နေထိုင်မှုသည် မရပ်မနားလုပ်နေရန် (သို့မဟုတ်) စဉ်ဆက်မပြတ် တရားအကျင့်ကျင့်ရန်တို့အတွက် ဖန်တီးထားသည်မဟုတ်ပါ။ ခရစ်ယာန်များသည် ပျောက်သောသူတို့ကို ကယ်တင်ခြင်းပေးရန် ကြိုးစားလုပ်ဆောင်ရမည်။ ထို့အတူ တရားဆင်ခြင်အာရုံပြုခြင်း၊ ဆုတောင်းခြင်းနှင့် နှုတ်ကပတ်တော်လေ့လာခြင်းတို့ကိုလည်း အချိန်ယူလုပ်ဆောင်ကြရမည်။ သူတို့သည် အလုပ်ထဲတရားလွန်အားစိုက်လုပ်ခြင်းနှင့် စိတ်လှုပ်ရှားခြင်းအောက်၌ အမြဲရှိနေကြရမည်မဟုတ်။ အဘယ်ကြောင့်ဆိုသော် ဤနည်းသည် ပုဂ္ဂိုလ်ရေးဘုရားတရားကိုးကွယ်ခြင်းကို ပစ်ပယ်လိုက်ခြင်းဖြစ်၍ ကိုယ်ခန္ဓာနှင့်စိတ်စွမ်းအားကို ဒဏ်ရာရစေပါသည်။ (ဃ ၂၄၉.၂)

ဘုရားသခင်၏လေ့ကျင့်သွန်သင်ခြင်းကို ခံယူကြသူများအားလုံးသည် သူတို့၏နှလုံးသားနှင့်အတူ၊ သဘာဝနှင့်အတူ၊ ဘုရားသခင်နှင့်အတူ တစ်ကိုယ်တည်းတိတ်ဆိတ်စွာအာရုံခံစားရယူသည့်အချိန်လိုအပ်သည်။ ထိုသူတို့၌ ထင်ဟပ်ပေါ်လွင်နေရမည့်ဘဝတစ်ခုသည် လောကနှင့်သော်လည်းကောင်း၊ ဓလေ့ထုံးတမ်းနှင့်သော်လည်းကောင်း (သို့မဟုတ်) လေ့ကျင့်ခန်းများအားဖြင့်လည်းကောင်း၊ လိုက်ဖက်ညီနေရမည်ဟု မဆိုလို။ သူတို့၌လိုအပ်သည်မှာ ဘုရားသခင်အလိုတော်၌ သိကျွမ်းခြင်းကိုရနိုင်သောပုဂ္ဂိုလ်ရေးအတွေ့အကြုံများဖြစ်သည်။ ကျွန်ုပ်တို့၏နှလုံးသားအတွင်းသို့ ဘုရားသခင်ပြောသည်ကိုကြားရန် ကျွန်ုပ်တို့၌သီးသန့်အချိန်လိုအပ်သည်။ အခြားသောအသံများအားလုံးသည် တိတ်ဆိတ်နေစဉ်အခါ ဘုရားသခင်အရှေ့၌ ကျွန်ုပ်တို့သည် တိတ်ဆိတ်စွာစောင့်နေလျှင် ကျွန်ုပ်တို့၏ဝိညာဉ်ဆိတ်ငြိမ်ခြင်းသည် ဘုရားသခင်စကားပြောသံကို ပို၍ခွဲခြားသိနိုင်ပါလိမ့်မည်။ ကိုယ်တော်မိန့်တော်မူခဲ့သည်။ "ငြိမ်ဝပ်လျက်နေကြလော့၊ ငါကား ဘုရားသခင်ဖြစ်သည်ဟု သိမှတ်ကြလော့။" ဤအချက်သည် ဘုရားသခင်အတွက်လုပ်သောအလုပ်အားလုံး အတွက် ထိရောက်သောပြင်ဆင်ချက်ဖြစ်သည်။ စုပြုံတိုးနေကြသောလူအုပ် ကြီးအလယ်တွင် အပြင်းအထန်လှုပ်ရှားရသောဘဝအမောအတွက် အားသစ်

လောင်းအနားယူတတ်သူဖြစ်လျှင် အလင်းရောင်နှင့်ငြိမ်းချမ်းခြင်းပတ်ဝန်းကျင်တစ်ရပ်သည် ထိုသူကိုဝိုင်းပတ်လျက် ရှိနေပါလိမ့်မည်။ သူသည် ရုပ်ခန္ဓာပိုင်းနှင့် စိတ်ပိုင်းအင်အားနှစ်ခုစလုံး၌ အသစ်ပံ့ပိုးမှုကို လက်ခံရရှိလိမ့်မည်။ သူ့ဘဝသည် နှာဖျားမှမွှေးရနံ့ထွက်၍ လူတို့၏နှလုံးအိမ်ထဲသို့ ရောက်မည်ဖြစ်သော ဘုရားသခင်၏တန်ခိုးတော်ထင်ရှားပေါ်ထွန်းနေပါလိမ့်မည်။(ဃ ၂၄၉.၃)

–ဝ–

# အခန်း (၂၅)
# သန့်ရှင်းသောဝိညာဉ်တော်

ကတိတော်

ယနေ့ ကျွန်ုပ်တို့သည် ကနဦးတပည့်တော်များကို အမှန်အကန် ပြောဆိုခဲ့သည့်အတိုင်း သန့်ရှင်းသောဝိညာဉ်တော်၏ကတိတော်နှင့်သက်ဆိုင်ပါသည်။ ပင်တေကုတ္တေပွဲနေ့ရက်တစ်ရက်က ကယ်တင်ခြင်းစကားကို ကြားခဲ့ကြသည့်သူများအား ဘုရားသခင်အပ်နှင်းထားတော်မူသည့်အတိုင်း ဘုရားသခင်သည် လူယောကျ်ား၊ လူမိန်းမများအပေါ်သို့ အထက်အရပ်မှ တန်ခိုးနှင့်ယနေ့အပ်နှင်းလိမ့်မည်။ ထိုနာရီအချိန်အခါ၌ ဘုရားသခင်၏ဝိညာဉ်တော်နှင့်ကျေးဇူးတော်သည် အလိုရှိသူများအားလုံးအတွက်ဖြစ်၍ စကားသံတော်အားဖြင့် ဘုရားသခင်ကို ယူတင်လိမ့်မည်။ (ဃ ၂၅၀.၁)

သန့်ရှင်းသောဝိညာဉ်တော်၏ကတိတော်သည် အသက်အရွယ်အလိုက်၊ လူမျိုးအလိုက်ကန့်သတ်၍ပေးထားသည်မဟုတ်။ သန့်ရှင်းသောဝိညာဉ်တော် ဘုရားသခင်၏အုပ်စိုးခြင်းသည် ကပ်ကမ္ဘာကုန်သည့်တိုင် ကိုယ်တော်၏တပည့်တော်များနှင့်အတူရှိမည်ဟု ခရစ်တော်ကြေညာခဲ့သည်။ ပင်တေကုတ္တေပွဲနေ့မှသည် ယနေ့ကာလတိုင်အောင် သခင်ဘုရားနှင့်အမှုတော်မြတ်ထဲ၌ သူတို့ကိုယ်သူတို့အပြည့်အဝအပ်နှံကြသူများအားလုံးဆီသို့ သက်သာခြင်းပေးသော အရှင်ဥပဇ္ဈာယ်ဆရာတော်ကို စေလွှတ်ပေးတော်မူခဲ့ပါ၏။ (ဃ ၂၅၀.၂)

ဘုရားသခင်သည် သန့်ရှင်းသောဝိညာဉ်တော်ဆုကျေးဇူးအားဖြင့် ကိုယ်တော့်လူများကို ပြန်လည်လန်းဆန်းစေလိုသည်။ မေတ္တာတော်အောက်၌ သူတို့ကိုလူသစ်အဖြစ် နှစ်ခြင်းပေးလိုသည်။ အသင်းတော်သည် သန့်ရှင်းသောဝိညာဉ်တော်ရှားပါးမှုကို မလိုချင်ပါ။ ခရစ်တော်တက်ကြွတော်မူပြီးသောအခါ သန့်ရှင်းသောဝိညာဉ်တော်သည် ဆုတောင်းခြင်းဖြင့် စောင့်နေကြကုန်သောယုံကြည်သူတပည့်တော်များအပေါ်သို့ တန်ခိုးဖြင့် အပြည့်အဝဆင်းသက်

လာပြီး နှလုံးသားတိုင်းဆီသို့ ထိုးဖေါက်ရောက်ရှိခဲ့သည်။ အနာဂတ်ကာလ မြေကြီးသည် ဘုရားသခင်၏တန်ခိုးတော်ဖြင့် ထွန်းလင်းနေမည်။ ဘုရားသခင်၏ဩဇာလွှမ်းမိုးခြင်းသည် သမ္မာတရားအားဖြင့် စင်ကြယ်စေသောသူတို့မှတစ်ဆင့် လောကကြီးအပေါ်သို့ သက်ရောက်နေမည်။ မြေကြီးသည်လည်း ကျေးဇူးတော်တရားနှင့်ဝိုင်းပတ်လည်နေလိမ့်မည်။ သန့်ရှင်းသောဝိညာဉ်တော်သည် လူသားတို့စိတ်နှလုံးအထဲ၌ အလုပ်လုပ်၍ ဘုရားသခင်၏အရာကိုယူထုတ်ပြီး လူသားများအပေါ်တွင် ပြသနေလိမ့်မည်။ (ဃ ၂၅၀.၃)

နောက်ဆုံးအချိန်ကာလ၌ ဖြစ်ရပ်မှန်တစ်ခုမှာ ဘုရားသခင်၏အမှုတော်ပိတ်လုနီးချိန်တွင် သန့်ရှင်းသောဝိညာဉ်တော်၏လမ်းညွှန်မှုအောက်၌ ဆက်ကပ်မြှုပ်နှံခဲ့ကြသောယုံကြည်သူများ၏အပြင်းအထန်ကြိုးပမ်းလုပ်ဆောင်မှုသည် ဘုရားသခင်မျက်နှာသာပေးသောအထူးတိုကင်လက်မှတ်နှင့်အတူပါရှိလာလိမ့်မည်။ အစောပိုင်းနှင့်နောက်ပိုင်းစာရင်းအရ အရှေ့နယ်မြေစုံ၌ သီးနှံစိုက်ချိန်နှင့်ရိတ်သိမ်းချိန်တွင် ကျဆင်းသောမိုးရေသည် ဘုရားသခင်၏အသင်းတော်အပေါ်သို့ ထူးကဲသောအတိုင်းအဆနှင့် ဝိညာဉ်ကျေးဇူးတော်အပ်နှင်းရှိစေမည်ဖြစ်ကြောင်း ဟေဗြဲလူပုရောဖက်များက ကြိုတင်နိမိတ်ပေးခဲ့ကြပါသည်။ တမန်တော်များနေ့ရက်များ၌ ဖျန်းချပေးခဲ့သောဝိညာဉ်တော်သည် ကနဦးအစပိုင်း၌ (သို့မဟုတ်) ကျပြီးသောရှေးယခင်မိုးရေကဲ့သို့ဖြစ်၏။ ဘုန်းတော်ထွန်းတောက်ခြင်းသည် အကျိုးထွက်ခဲ့သည်။ နောက်ဆုံးသောအချိန်၌ ဝိညာဉ်တော်ထင်ရှားခြင်းသည် မှန်သောအသင်းတော်နှင့်အတူရှိနေမည်။ (ဃ ၂၅၀.၄)

သန့်ရှင်းသောဝိညာဉ်တော်သွန်းလောင်းခြင်းသည် တမန်တော်ကြီးများအချိန်၌ "ရှေးယခင်ကမိုးရေ" ဖြစ်ပြီး ဘုန်းတော်ထင်ရှားခြင်းအကျိုးထွက်ခဲ့သည်။ သို့သော်နောက်ပိုင်းမိုးရေသည် အလျှံပယ်ကြွယ်ဝစွာရှိပါလိမ့်မည်။ ထိုနေ့ရက်ကာလ၌ အသက်ရှင်နေထိုင်သူများအတွက် မည်သည့်ကတိတော်ရှိခဲ့လေသနည်း။ "အချုပ်ခံ၍ မျှော်လင့်သောသူတို့၊ ရဲတိုက်သို့ပြန်လာကြလော့။ ငါသည် နှစ်ဆသောကျေးဇူးကိုပြုဦးမည်ဟု ယနေ့ပင်ပြောထား၏။"

——— “နောက်မိုးရွာရာကာလတွင် မိုးရွာစေမည်အကြောင်း ထာဝရဘုရား ထံတော်၌ ဆုတောင်းကြလော့။ ထာဝရဘုရားသခင်သည် လျှပ်စစ်ကိုပြင်ဆင်၍ များစွာမိုးရွာသဖြင့် ခပ်သိမ်းသောလူတို့အဖို့ လယ်ပြင်၌အပင်ပေါက်စေတော်မူမည်။” (ဇာခရိ ၉း၁၂။ ၁၀း၁) (ဃ ၂၅၁.၁)

အပ်နှင်းရန်ဘုရားသခင်အလိုတော်ရှိသည်

ဘုရားသခင်သည် မိဘများက သူတို့သားသမီးတို့အား ကောင်းသောလက်ဆောင်ပစ္စည်းများပေးသည်ထက်ပိုပြီး ကိုယ်တော်ကိုအစေခံကြသူများ အားသန့်ရှင်းသောဝိညာဉ်တော်ကိုပေးရန် ပိုမိုလိုလားတော်မူ၏။ (ဃ ၂၅၁.၂)

အချိန်တိုင်းမှာ၊ နေရာတိုင်းမှာ၊ ဝမ်းနည်းခြင်းဖြစ်ရလေတိုင်း၊ ဝေဒနာခံစားလိုက်ရတိုင်း အမှောင်ထုထဲသို့ တိုးဝင်လိုက်ရသကဲ့သို့ စိတ်ရှုပ်စရာများကိုအနာဂတ်ကာလ၌ ကြုံရလေသောအခါ ကျွန်ုပ်တို့၌ အကူအညီကင်းမဲ့၍အထီးကျန်ခံစားလိုက်ရ၏။ ထိုအခါ၌ ယုံကြည်ခြင်းဖြင့် ဆုတောင်းသောသူထံသို့ သက်သာစေသောအရှင် ဝိညာဉ်တော်ဘုရားသခင်ရောက်လာကြောင်းအဖြေရလိမ့်မည်။ မြေကြီးမိတ်ဆွေများအားလုံးသည် ကျွန်ုပ်တို့ထံမှ ခွဲခွာသွားမည့်အခြေအနေရှိနိုင်သော်လည်း ကောင်းကင်ဘုံမှရောက်လာသောသက်သာစေသောအရှင်ဥပဓ္ဈာယ်ဆရာသည် ကျွန်ုပ်တို့နှင့်ခွဲထွက်မည့်အခြေအနေမရှိ။ အကွာအဝေးမရှိ။ ကျွန်ုပ်တို့ဘယ်မှာရှိနေနေ၊ ဘယ်ကိုပဲသွားသွား၊ ကိုယ်တော်သည် ကျွန်ုပ်တို့၏ညာဘက်၌ အမြဲရှိ၍ အထောက်အပံ့ပေးနေမည်။ ထောက်မပေးနေမည်။ စောင့်ထိန်းပေးနေမည်။ ကောင်းချီးဩဘာပေးနေမည်ဖြစ်၏။(ဃ ၂၅၁.၃)

စိတ်ထဲညည်းတွားရင်း၊ ညည်းတွားရင်းဖြင့် ဧဝံဂေလိရှေ့တော်ပြေးများသည် ဘုရားသခင်ရှေ့တော်မှောက်၌ ဒူးထောက်၍ ကိုယ်တော့်ထံ သူတို့၏အပ်နှံခြင်းကို အသစ်ပြန်လည်မွမ်းမံ‌ပြုပ်နှံကြသည်။ ဘုရားသခင်သည် သူတို့ကိုနိုးကြားသော၊ စင်ကြယ်သောတန်ခိုးနှင့်တကွ သန့်ရှင်းသောဝိညာဉ်တော် ကိုအပ်ပေးတော်မူလိမ့်မည်။ သူတို့သည်လည်း နေ့စဉ်တာဝန်များကို ရှေ့ဆက်

လုပ်ဆောင်လေတိုင်းမှာ မျက်မြင်မရအမှုဆောင်နေသောသန့်ရှင်းသောဝိညာဉ်တော်သည် သူတို့ကို "ဘုရားသခင်နှင့်အတူတကွလုပ်ဆောင်နေသူများ" ဖြစ်သည်ဟူ၍ အာမခံပေးတော်မူလိမ့်မည်။ (ဃ ၂၅၁.၄)

ကျွန်ုပ်တို့သည် သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးတော်ကာလ၌ အသက်ရှင်နေထိုင်သူများဖြစ်ကြသည်။ ဤသို့ဖြင့် လူလူချင်းသနားကြင်နာခြင်းအမှုကို ပျံ့နှံ့စေရန် ရှာဖွေလုပ်ဆောင်နေကြသည်ဖြစ်၍ ဤလောကသို့ သြဇာလွှမ်းမိုးခြင်းတိုးစေပါသည်။ (ဃ ၂၅၁.၅)

## လက်ခံရရှိခြင်း၏အခြေအနေ

သန့်ရှင်းသောဝိညာဉ်တော်သည် သူတို့၏နီးစပ်ရာမိတ်ဆွေများအား ပေးကမ်းရန် အသက်မှန့်တောင်းခံကြသူများအားလုံးဆီသို့ ရောက်လာပါလိမ့်မည်။ (ဃ ၂၅၂.၁)

ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏နှလုံးသားများကို ခရစ်တော်နှင့်အတူပေါင်းစည်း၍ အသက်တာများကိုလည်း ကိုယ်တော်၏အမှုတော်နှင့်ဖက်စပ်ထားရှိကြသောအခါ ပင်တေကုတ္တေနေ့၌ တပည့်တော်များအပေါ်သို့ ဆင်းသက်ခဲ့သောဝိညာဉ်တော်သည် ကျွန်ုပ်တို့အပေါ်သို့ ကျလာလိမ့်မည်။

ဘုရားသခင်၏ကျေးဇူးတော်ကြွယ်ဝမှုသည် လူတို့ရှိရာမြေကြီးသို့ ကျရောက်မလာသည်မှာ ဘုရားသခင်ဘက်မှ ကန့်သတ်ချက်တစ်စုံတစ်ရာရှိသောကြောင့်မဟုတ်ပါ။ (ဃ ၂၅၂.၃)

ဝိညာဉ်တော်သည် ကျွန်ုပ်တို့၏တောင်းဆိုမှုနှင့်လက်ခံမှုကို စောင့်နေပါ၏။

ကျွန်ုပ်တို့သည် ထိုအရာအားဖြင့် တန်ခိုးတော်လက်ခံရသည်ဟုဆိုလျှင် ဝိညာဉ်တော်ဆုကျေးဇူးကို ကျွန်ုပ်တို့အဘယ်ကြောင့်မဆာမငတ်နေကြရသနည်း။ ထိုအကြောင်းအရာကိုမပြော၊ ထိုအရာအတွက်လည်း ဆုမတောင်း၊ ထိုအရာနှင့်ပတ်သက်သောဟောပြောခြင်းကိုလည်းမပြု။ ဒီလိုဘာကြောင့် နေနေကြသလဲ။(ChS 252.5)

ကတိတော်ပြည့်စုံခြင်းသည် ဆိုသည့်အတိုင်းမမြင်ရလျှင် ဤသို့ဖြစ်ရသည့်အကြောင်းမှာ ကတိတော်သည် ရှိသင့်သည့်အတိုင်း အသိအမှတ်ပြုမခံရသောကြောင့်ဖြစ်သည်။ အကယ်၍ လူတိုင်းက ဆန္ဒရှိကြသော် လူအားလုံးသည် ဝိညာဉ်တော်နှင့်ပြည့်ဝကြလိမ့်မည်။ (ဃ ၂၅၂.၆)

ဝိညာဉ်တော်ဗတ္တိဇံကို နေ့စဉ်ခံယူလိုသူအမှုဆောင်တိုင်းသည် ဘုရားသခင်ထံ အသနားခံဆုပန်နေကြရမည်။ ခရစ်ယာန်အမှုဆောင်များ အုပ်စုသည် ပညာသားပါပါ စီမံကိန်းချမှတ်၍ ပြီးစီးအောင်လုပ်နိုင်ရန် မည်ကဲ့သို့ သူတို့သိနိုင်ပါမည့်အကြောင်း အထူးအကူအညီနှင့်ကောင်းကင်ဆိုင်ရာပညာကိုရဖို့ သူတို့စုပေါင်း၍ ဆုတောင်းကြရမည်။ ဘုရားသခင်သည် သာသနာ နာကွင်း၌ရှိကြသော ကိုယ်တော်ရွေးထားသောသံတမန်များကို ဝိညာဉ်တော် အတိုင်းအဆကြွယ်ဝစွာဖြင့် ဗတ္တိဇံပေးပါမည့်အကြောင်းလည်း အထူးသဖြင့် သူတို့ဆုတောင်းကြရမည်။ (ဃ ၂၅၂.၇)

ခရစ်ယာန်များသည် ပြင်းပြင်းထန်ထန်သဘောထားကွဲလွဲမှုများအားလုံးကို ဘေးဖယ်ထုတ်လိုက်ကြပါစို့။ ပျောက်သောသူများအား ကယ်တင်ခြင်းပေးနိုင်ရန် သူတို့ကိုယ်သူတို့ဘုရားသခင်ထံ အပ်နှံထားလိုက်ကြရမည်။ ကောင်းချီးပေးမည့်ကတိတော်ကို ယုံကြည်ခြင်းဖြင့် သူတို့ဆုတောင်းယူကြပါစို့။ ကောင်းချီးရောက်လာပါလိမ့်မည်။ (ဃ ၂၅၂.၈)

တပည့်တော်များသည် သူတို့ကိုယ်ဖို့အတွက် ကောင်းချီးရရန် ဆုတောင်းခဲ့ကြသည်မဟုတ်။ ဝိညာဉ်ဝန်ထုပ်ကို သူတို့ထမ်းရွက်ခဲ့ကြရ၏။ သတင်းကောင်းကို မြေကြီးစွန်းတိုင်အောင် သယ်ဆောင်သွားခဲ့ကြ၏။ သူတို့သည် ခရစ်တော်ကတိပြုခဲ့သောတန်ခိုးတော်အပ်နှင်းခြင်းကို ကြွေးကြော်ခဲ့ကြ၏။ ထို့နောက် သူတို့အပေါ်သို့ သန့်ရှင်းသောဝိညာဉ်တော်သွန်းချခြင်းခံယူခဲ့ကြရ၏။ တစ်ရက်တည်း၌ လူထောင်ချီပြောင်းလဲခဲ့ကြ၏။ (ဃ ၂၅၂.၉)

ခရစ်တော်သည် ကိုယ်တော်၏အသင်းတော်အား သန့်ရှင်းသော ဝိညာဉ်တော်ဆုကျေးဇူးပေးရန် ကတိတော်ထားရှိခဲ့သည်။ ကတိတော်သည် ကနဦးတပည့်တော်များခံယူခဲ့ကြရသည်အတိုင်း ကျွန်ုပ်တို့နှင့်လည်း သက်ဆိုင်

ပါသည်။ သို့သော် အခြားသောကတိတော်များနည်းတူ စည်းကမ်းချက်ဖြင့် ပေးကမ်းတော်မူ၏။ ဘုရားသခင်၏ကတိတော်ရှိသည်ကို ယုံကြည်ပါသည် ဟူ၍ ပြောဆိုကြွေးကြော်နေသူများရှိကြပါသည်။ သူတို့သည် ခရစ်တော်နှင့် သန့်ရှင်းသောဝိညာဉ်တော်အကြောင်းကို ပြောဆိုကြသော်လည်း အကျိုးခံစား ရသည်ဟူ၍ မရှိသေး။ သူတို့သည် ဘုရားသခင့်ကိုယ်စားလှယ်တမန်များ၏ လမ်းညွှန်မှု၊ ထိန်းချုပ်မှုများကို မခံမယူလိုကြပါ။ ကျွန်ုပ်တို့သည် သန့်ရှင်း သောဝိညာဉ်တော်ကိုသုံးလျှင်မရနိုင်။ သန့်ရှင်းသောဝိညာဉ်တော်သည် သာလျှင် ကျွန်ုပ်တို့ကိုအသုံးပြုသွားလိမ့်မည်။ သန့်ရှင်းသောဝိညာဉ် တော်မှတစ်ဆင့် ဘုရားသခင်သည် သူ့လူများ၌ "ဘုရားသခင်ကောင်းစွာ နှစ်သက်တော်မူ စေခြင်းငှာ ဆန္ဒရှိစေ၊ ပြုလုပ်စေရန်" လုပ်ဆောင်တော်မူ သည်။ သို့သော် လူအတော်များများသည် ဤသို့အပ်နှံလိုစိတ်မရှိတတ်ကြ ပါ။ သူတို့ကိုယ် သူတို့ကိုယ်တိုင်လုပ်ကိုင်သွားလိုကြမည်။ ဤသို့ဖြင့် သူတို့ သည် ကောင်းကင် ဘုံဆုကျေးဇူးကို လက်ခံမရနိုင်ကြခြင်းဖြစ်သည်။ ဘုရား သခင်ကို စိတ်နှ လုံးနှိမ့်ချလျက် စောင့်မျှော်နေကြသူများ၊ ဘုရားသခင်လမ်းညွှန် မှုနှင့်ကျေးဇူး တော်ကို မျှော်ကြည့်နေကြသူတို့အားသာလျှင် ဝိညာဉ်တော် ပေးအပ်ခြင်းခံ ရပါသည်။ ဘုရားသခင်တန်ခိုးတော်သည် သူတို့၏တောင်းဆို မှု၊ လက်ခံမှုတို့ ကိုစောင့်နေပါသည်။ ဤကတိတော်ကောင်းချီးမင်္ဂလာသည် ယုံကြည်ခြင်း အားဖြင့်ရသည်ဖြစ်၍ အခြားကောင်းချီးများလည်း တွဲလျက်၊ ချိတ်လျက်ရောက် လာကြကုန်၏။ ဤသည်မှာ ခရစ်တော်၏ကျေးဇူးတော် ကြွယ်ဝမှုအတိုင်း ရောက်လာခြင်းဖြစ်ပါသည်။ ကိုယ်တော်သည် ဝိညာဉ် တော်၏လက်ခံနိုင် စွမ်းအတိုင်းအတာပမာဏအလိုက် ပေးကမ်းရန် အဆင်သင့် ရှိနေပါသည်။

ဘုရားသခင်၏ဘုန်းတော်ရောင်ခြည်မြေကြီးတစ်ခွင်တစ်ပြင်သို့ ထွန်းလင်းစေနိုင်သောဝိညာဉ်တော်သွန်းလောင်းမှုကြီးသည် ကျွန်ုပ်တို့၌ ဉာဏ် အလင်းရသောလူများရှိမလာမချင်း ဖြစ်လာလိမ့်မည်မဟုတ်ပါ။ ထိုသူတို့သည် အတွေ့အကြုံအားဖြင့် ဘုရားသခင်နှင့်အတူတကွ လုပ်ဆောင်ခြင်းအဓိပ္ပါယ်ကို

သိကြသူများဖြစ်ကြ၏။ ခရစ်တော်၏အစေကိုခံရန် ကျွန်ုပ်တို့သည် လုံးလုံးလျားလျားစိတ်ပါလက်ပါဆက်ကပ်မြှုပ်နှံခြင်းရှိသော် ဘုရားသခင်သည် အတိုင်းအဆမရှိ ဝိညာဉ်တော်သွန်းလောင်းခြင်းကို အမှန်အသိအမှတ်ပြုလာလိမ့်မည်။ သို့သော် အသင်းတော်၏အပိုင်းကြီးတစ်ပိုင်းက ဘုရားသခင်နှင့် အတူတကွ လုပ်ဆောင်မှုမရှိလျှင်လည်းဤအရာဖြစ်လာလိမ့်မည်မဟုတ်ပါချေ။

## အောင်မြင်ခြင်းအတွက်လိုအပ်ချက်

ဘုရားသခင်အမှုတော်ဆောင်များနှင့်အတူ ဝိညာဉ်တော်ပါရှိမှုသည် လောကကြီးက ပေးနိုင်သည့်ချီးမွမ်းဂုဏ်ပြုခြင်းအရပ်ရပ်၌မရှိသောသမ္မာတရားကြွေးကြော်ခြင်းတန်ခိုးတော်တစ်ခုကို ပေးလိမ့်မည်။ (ဃ ၂၅၃.၃)

ဘုရားသခင်သည် ကျွန်ုပ်တို့အရှေ့၌ ချပေးထားသောအလုပ်ကို ကျွန်ုပ်တို့၏ကိုယ်ပိုင်အားနှင့်လုပ်ရန် ပြောနေသည်မဟုတ်။ ကိုယ်တော်သည် လူသားအရင်းအမြစ်ဖြင့် မညီမျှနိုင်သောအရေးပေါ်လိုအင်အားလုံးအတွက် ဘုရားသခင်၏မစတော်မူခြင်းကို ပေးကမ်းနေပါသည်။ ကိုယ်တော်သည် ကျွန်ုပ်တို့၏အကျပ်အတည်းအားလုံး၌ ကူညီရန်၊ ကျွန်ုပ်တို့၏ မျှော်လင့်ခြင်း၊ စိတ်ချရခြင်းကို တောင့်တင်းစေရန်နှင့် ကျွန်ုပ်တို့၏စိတ်ကို အလင်းပေးခြင်းနှင့်နှလုံးသားများကို သန့်စင်စေရန်တို့အတွက် သန့်ရှင်းသောဝိညာဉ်တော်ကိုပေးကမ်းထားသည်။ (ဃ ၂၅၃.၄)

သန့်ရှင်းသောဝိညာဉ်တော်ဆင်းကြွလာပြီးသောအခါတွင် တပည့်တော်များသည် သူတို့အတွက် အသေခံတော်မူခဲ့သောကိုယ်တော်၌ ချစ်ခြင်းမေတ္တာနှင့်ပြည့်ဝလျက်ရှိလေ၏။ သူတို့ပြောသောစကားများအားဖြင့်လည်းကောင်း၊ သူတို့ပြုသောဆုတောင်းခြင်းများအားဖြင့်လည်းကောင်း၊ သူ့နှလုံးသားများအရည်ပျော်ကျခဲ့လေ၏။ သူတို့သည် ဝိညာဉ်တော်တန်ခိုးဖြင့် စကားပြောခဲ့သည်။ ထိုတန်ခိုးတော်လွှမ်းမိုးခြင်းအောက်၌ ထောင်ဂဏန်းချီ၍လူများပြောင်းလဲခဲ့သည်။ (ဃ ၂၅၄.၁)

ကိုယ်ကျိုးကိုဘေးဖယ်၍ နှလုံးသားအပေါ်၌ သန့်ရှင်းသောဝိညာဉ်တော်လုပ်ဆောင်စေရန် နေရာပေးထားသူသည် ဘုရားသခင်ထံ အပြည့်အဝပေးဆပ်အပ်နှံသောဘဝဖြင့် အသက်ရှင်နေထိုင်ခြင်းကြောင့် ထိုသူတစ်ဦးတစ်ယောက်၏အသုံးဝင်မှုသည် အကန့်အသတ်မဲ့ဖြစ်လေသည်။ (ဃ ၂၅၄.၂)

ပင်တေကုတ္တေနေ့၌ ဆင်းသက်သောဝိညာဉ်တော်၏အကျိုးကားအဘယ်နည်း။ ရှင်ပြန်ထမြောက်တော်မူသောကယ်တင်ရှင်၏အကြောင်း၌ ဝမ်းမြောက်မှုစိတ်သည် ကမ္ဘာကြီးတစ်ဖက်စွန်းအထိ သိသာအောင်သယ်ဆောင်ပေးခဲ့သည်။ သူတို့၏လုပ်ဆောင်ချက်ဖြင့် အရွေးချယ်ခံလူများအား အသင်းတော်သို့ ထည့်ပေါင်းပေးခဲ့သည်။ အရွေးချယ်ခံလူများသည် အသက်ရှင်သောနှုတ်ကပတ်တော်ကို လက်ခံရရှိခဲ့ကြပြီး သူတို့နှလုံးသားထဲသို့ ပြည့်ဝစေခဲ့သောငြိမ်သက်ခြင်းနှင့်ဝမ်းမြောက်ခြင်းကို အခြားသူများအား ဖြန့်ဝေပေးနိုင် ရန်ရည်စူးလျက် သူတို့၏အသက်တာကို အပ်နှံခဲ့ကြသူများဖြစ်ကြ၏။သတင်းစကားကို လူရာပေါင်းများစွာကြွေးကြော်ခဲ့ကြသည်။ "ဘုရားသခင်၏ နိုင်ငံတော်သည် လက်ထဲသို့ရောက်ပြီ။" ထိုသူတို့သည် ခြိမ်းခြောက်ခံရခြင်း၌ နောက်မတွန့်မကြောက်ရွံ့ခဲ့ကြပါ။ သခင်ဘုရားသည် သူတို့မှတစ်ဆင့် သူတို့ ရောက်လေရာရာ၌ ဖျားနာသူများအား ရောဂါပျောက်ကင်းစေခဲ့သည်။ ဆင်းရဲ သူများအား သတင်းကောင်းပြောခဲ့ကြသည်။ လူသည် သန့်ရှင်းသောဝိညာဉ် တော်၏ ထိန်းချုပ်ခြင်းကို ကိုယ်တိုင်ခံယူလေသော် ဘုရားသခင်သည် သူတို့ အပေါ်မှာ ကြီးစွာလုပ်ဆောင်ပေးလေ၏။ (ဃ ၂၅၄.၃)

သန့်ရှင်းသောဝိညာဉ်တော်သည် နာမ်ခန္ဓာထဲ၌ စိတ်ဝိညာဉ်ဆိုင်ရာဇီဝအသက်ဖြစ်၏။ စိတ်ဝိညာဉ်ဖန်တီးပေးခြင်းသည် ခရစ်တော်၏အသက်တာကို ဖန်တီးပေးခြင်းဖြစ်သည်။ လက်ခံသူကို ခရစ်တော်၏ဂုဏ်တော်အင်္ဂါရပ်များစိမ့်ဝင်စေသည်။ ဘုရားသခင်သွန်သင်သောသူများသာလျှင် သူတို့အတွင်း၌လုပ်ဆောင်နေသောဝိညာဉ်တော်ကို ပိုင်ဆိုင်ရသည်ဖြစ်၍ ခရစ်တော်နည်းတူဘဝဖြင့် အသက်ရှင်နေကြသောသူတို့သည် အသင်းတော်ကိုကိုယ်စားပြု၍

သင်းအုပ်အမှုကို လုပ်ဆောင်နိုင်ကြသောကိုယ်စားလှယ်တော်ကြီးများအဖြစ် ရပ်တည်နိုင်ကြရပါ၏။ (ဃ ၂၅၄.၄)

ထူးဆန်းခြင်းနှင့်ရုတ်ခြည်းပြောင်းလဲခြင်းသည် အမြန်ရောက်လာလိမ့်မည်။ ဘုရားသခင်၏လူများသည် သန့်ရှင်းသောဝိညာဉ်တော်အပ်နှင်းခြင်းခံရသည်ဖြစ်၍ ကောင်းကင်ဘုံပညာဉာဏ်ဖြင့် ဤကပ်ကမ္ဘာ၏အရေးတကြီးအခြင်းအရာများကို သူတို့ကြုံတွေ့ကြရလိမ့်မည်။ လောက၏အကျင့်စာရိတ္တယိုယွင်းပျက်သုဉ်းမှုကြီးကိုလည်း အတတ်နိုင်ဆုံးသူတို့တိုက်ဖျက်ကြလိမ့်မည်။ အကယ်၍ အသင်းတော်သည် အိပ်ပျော်နေသည်မဟုတ်ဘဲ ခရစ်တော်၏နောက်လိုက်များသည်လည်း မျှော်လင့်ခြင်း၊ ဆုတောင်းခြင်းရှိနေကြလျှင် သူတို့သည် ရန်သူ၏လုပ်ရပ်များကို သဘောပေါက်သိမြင်သောအလင်းရရှိကြမည်။ (ဃ ၂၅၄.၅)

## ကတိတော်ကိုတန်ဖိုးမထားတတ်ခြင်း

ကောင်းကင်ဘုံ၏ဝိညာဉ်တော်လွှမ်းမိုးခြင်းသည် နောက်ဆုံး၌ ခရစ်တော်၏နောက်လိုက်များနှင့်အတူရှိမည်ဟူ၍ ခရစ်တော်ကြေညာခဲ့ပါသည်။ သို့သော် ကတိတော်ကို တန်ဖိုးထားသင့်သည်အတိုင်း တန်ဖိုးမထားခဲ့လျှင် ကတိတော်ပြည့်စုံခြင်းကို မြင်သင့်သည်တိုင်း မြင်ကြရမည်မဟုတ်ပါ။ ဝိညာဉ်တော်ကတိသည် အနည်းငယ်သာတွေးမိသောအရာဖြစ်လျှင် အကျိုးထွက်သည်လည်း မျှော်လင့်သည့်အတိုင်းသာရှိတတ်၏။ ဥပမာ– ဝိညာဉ်ရေးရာခေါင်းပါးခြင်း၊ ဝိညာဉ်ရေးရာအမှောင်လွှမ်းခြင်း၊ ဝိညာဉ်ရေးရာစွန့်ပစ်ခြင်းနှင့်သေဆုံးခြင်းဖြစ်၏။ အသေးစားအရာများ၌သာ စိတ်ဝင်စားမှုလွှမ်းခြုံထား၍နေမည်ဆိုလျှင် အသင်းတော်ကြီးထွားခြင်း၊ ကောင်းစားခြင်းအတွက် လိုအပ်ချက်ဖြစ်သည့် ကောင်းကင်တန်ခိုးတော်နှင့် တန်ခိုးတော်အားဖြင့် အစဉ်တစိုက်ရောက်လာမည့်ကောင်းချီးမင်္ဂလာအားလုံးသည် အတိုင်းအဆမရှိ အလျှံပယ်ပေးကမ်းလာသည်ဖြစ်နေပါစေ မရနိုင်၊ ဆုံးရှုံးလိမ့်မည်။ (ဃ ၂၅၅.၁)

လန်းဆန်းနေသောအချိန်ကိုအကြောင်းမဲ့သက်သက်စောင့်စားနေကြသူတချို့ရှိ

လူတချို့တို့သည် လက်ရှိအခွင့်အရေးများကို ဉာဏ်သုံး၍ တိုးတက်အောင်လုပ်နေရမည့်အစား ဝိညာဉ်ရေးရာလန်းဆန်းစေမည့်အထူးကာလကို အကြောင်းမဲ့သက်သက်စောင့်နေကြရင်း ထိုသို့သောအားဖြင့် အခြားသူများကို အလင်းပေးနိုင်သောသူတို့၏အရည်အချင်းကြီးစွာတိုးလာမည်ဟု ထင်နေတတ်ကြသည်။ သူတို့ဘက်က တစ်စုံတစ်ရာကြိုးပမ်းမှုပြုစရာမလိုသည့်အချိန်တစ်ခု ရောက်လာမည်ကို ကြည့်မျှော်နေကြရင်း သူတို့သည် အထူးကောင်းချီးကို လက်ခံရရှိသူများဖြစ်လာကြမည်နှင့် ထိုသို့သောအားဖြင့် သူတို့သည် အသွင်ပြောင်းခြင်းသို့ရောက်ကြ၍ အမှုတော်ဆောင်ရန် သင့်လျော်လိမ့်မည်ဟု အထင်ရောက်သောအခါ လက်ရှိတာဝန်နှင့်အခွင့်အရေးများကိုလည်း သူတို့ဖယ်ထုတ်ပစ်လိုက်ကြသည်။ သူတို့၏အလင်းကိုလည်း မှိန်မှိန်လေးသာထွန်းညှိထားကြသည်။ (ဃ ၂၅၅.၂)

ခရစ်တော်အားဆက်ခံသူ

သန့်ရှင်းသောဝိညာဉ်တော်သည် ခရစ်တော်ကိုကိုယ်စားပြုသူဖြစ်၏။ သို့သော်လူသားပုဂ္ဂိုလ်ဖြစ်ခြင်းကို ခွာချွတ်ခြင်းနှင့်လွတ်လပ်စွာရှိခဲ့သည်။ လူသားကိုယ်နှင့်နှောင်ကြိုးလေးကန်မှုကြောင့် ခရစ်တော်သည် ပုဂ္ဂိုလ်ရေးအရ နေရာတိုင်းသို့ မရောက်နိုင်ခဲ့ပါ။ ထို့ကြောင့် ထိုသူတို့၏အကျိုးအတွက် ကိုယ်တော်သည် ခမည်းတော်ထံသို့ သွားရမည်။ ဝိညာဉ်တော်ကို မြေကြီးပေါ်သို့ ကိုယ်တော်ကိုဆက်ခံသူအဖြစ် စေလွှတ်မည် ဟုဆိုခဲ့သည်။ မည်သူတစ်ဦး တစ်ယောက်မျှနေရာအရပ် (သို့မဟုတ်) ကိုယ်ပိုင်ဆက်သွယ် ခြင်းဖြင့် ခရစ်တော်နှင့်အဆက်ရရန် မတတ်နိုင်ကြပါ။ သို့သော် ဝိညာဉ်တော် ကယ်တင်ရှင်သည် လူတိုင်းဆီသို့ရောက်နိုင်သည်။ ဤအာရုံအားဖြင့် ကိုယ်တော်သည်အထက်သို့တက်ကြွတော်မမူမီအချိန်ကထက် လူတို့နှင့်နီးစွာရှိတော်မူလိမ့်မည်။ (ဃ ၂၅၅.၃)

## အစဦးစွာကပင်အလုပ်လုပ်နေသောသန့်ရှင်းသောဝိညာဉ်တော်

အစအဦး၌ ဘုရားသခင်သည် ကျဆုံးသောလူမျိုးနွယ်အတွက် ကိုယ်တော်၏အကြံအစည်တော်ပြီးစီးစေရန် လူသားတန်ဆာပလာမှတစ်ဆင့် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် အလုပ်လုပ်ခဲ့သည်။ ဤအမှုသည် ရှေ့ဟောင်းဖခင်ကြီးများ၏အသက်ရှင်ခြင်းများ၌ တွေ့ခဲ့ရပါသည်။ တောထဲ၌ လှည့်လည်ပုန်းအောင်းနေသောလူမျိုးစု၌လည်းကောင်း၊ မောရှေလက်ထက်ကာလ၌လည်းကောင်း ဘုရားသခင်သည် ကိုယ်တော်၏ "ကောင်းသောဝိညာဉ်ဖြင့် ထိုသူတို့ကိုလမ်းပြပေးခဲ့ပါသည်။" ထို့နောက် တမန်တော်တို့၏နေ့ရက်များ၌လည်း ကိုယ်တော်ဘုရားသခင်၏အသင်းတော်အတွက် သန့်ရှင်းသောဝိညာဉ်တော်သည် ခွန်အားကြီးစွာဖြင့် ပို့ဆောင်ပေးခဲ့သည်။ တန်ခိုးတော် သည် ရှေ့ဟောင်းဖခင်ကြီးများအား ထောက်မပေးခဲ့သည်နည်းတူ "ကာလက်နှင့်ယောရှု" တို့အား ယုံကြည်ခြင်းနှင့်ရဲရင့်ခြင်းများကို ပေးခဲ့သည်ဖြစ်၍ တမန်တော်တို့၏အသင်းတော်များကိုလည်း ထိရောက်မှုရှိစေခဲ့ပြီးလျှင် ရှေ့ဆက်ရောက်လာသည့်ခေတ်ကာလတစ်လျှောက်၌ ဘုရားသခင်၏ယုံကြည်ခြင်းသားသမီးများကို ထိန်းသိမ်းပြုစုပေးခဲ့ပါ၏။ ယင်းသန့်ရှင်းသောဝိညာဉ်တော်အားဖြင့်သာလျှင် ဝေါဒင်ဆီယန်ခရစ်ယာန်များ (Waldensian Christians) သည် အမှောင်ခေတ်ကာလအတွင်း၌ ပြန်လည်ပြုပြင်ရေးသာသနာ လမ်းကို ပြင်ဆင်နေထိုင်နိုင်ခဲ့ကြသည်။ ထိုနည်းတူ ယင်းတန်ခိုးအားဖြင့်သာ လျှင် ခေတ်သစ်မစ်ရှင်သာသနာတည်ထောင်ရန် လမ်းခရီးကို ရှေ့ဆောင်ရှေ့ရွက်ပြုခဲ့ကြသူဂုဏ်သရေရှိအမျိုးသား၊ အမျိုးသမီးများသည် အောင်မြင်စွာကြိုးပမ်းနိုင်ခဲ့ကြသည်။ ယင်းတန်ခိုးအားဖြင့်သာလျှင် သမ္မာကျမ်းစာကို တိုင်းပြည်လူမျိုးအသီးသီး၏ဘာသာစကားအမျိုးမျိုးသို့ ဘာသာပြန်ဆိုပေးနိုင်ခဲ့ကြသည်။ (ဃ ၂၅၆.၁)

—၀—

# အခန်း (၂၆)
# အောင်မြင်ခြင်းစိတ်ချရမှု

ကောင်းကင်ဘုံရှင်၏အာမခံချက်

အကယ်၍ ကျွန်ုပ်တို့သည် ဘုရားသခင်အတွက် တန်ဆာပလာများအဖြစ် ဖြည့်ဆည်းပေးကြမည်ဆိုလျှင် ကိုယ်တော်သည် မစလုပ်ဆောင်ပေးတော်မူလိမ့်မည်။ (ဃ ၂၅၇.၁)

ဘုရားသခင်သည် စိတ်ပါလက်ပါအမှုဆောင်သည်ကို လက်ခံတော်မူမည်။ လျော့နည်းလစ်ဟာလျှင်လည်း ကိုယ်တော်တိုင်ဖြည့်ဆည်းပေးပါလိမ့်မည်။ (ဃ ၂၅၇.၂)

ဖြောင့်မတ်စွာပြုသောအမှုတိုင်းသည် ပြုသောသူက တစ်စုံတစ်ရာတန်ဖိုးဖြင့် အမှတ်သားပြုခဲ့သည်ဟု သူ၌မခံစားမိသော်လည်း သူပြုသောအမှုကိုမော်ကွန်းတင်ထိုးထားလိမ့်မည်။ (ဃ ၂၅၇.၃)

သင်သည် အမှန်တကယ်ဆက်ကပ်မြှုပ်နှံသူဖြစ်လျှင် ဘုရားသခင်သည် သင်၏တန်ဆာပလာအားဖြင့် အခြားသူများကို သမ္မာတရားလမ်းသို့ပို့ပေးလိမ့်မည်။ ထိုသူများသည်လည်း အမှောင်ထဲ၌ စမ်းတဝါးဝါးလျှောက်လှမ်းနေကြသူများစွာကို အလင်းတရားသယ်ဆောင်သွားစေရန် လမ်းကြောင်းမကြီးများကဲ့သို့ ဘုရားသခင်အသုံးပြုမည်။ (ဃ ၂၅၇.၄)

သမ္မာတရားသည် မကြာမီဝင့်ကြွားစွာအောင်ပွဲခံလိမ့်မည်။ ဘုရားသခင်နှင့်အတူတကွလုပ်ဆောင်ရန် ရွေးချယ်ကြသူယခုလူအားလုံးသည်လည်း ထိုသမ္မာတရားနှင့်အတူ အောင်ပွဲခံလိမ့်မည်။ (ဃ ၂၅၇.၅)

ဘုရားသခင်၏အမှုတော်အတွက် သူတို့ကိုယ်သူတို့ဆက်ကပ်ထားကြသူအယောက်စီတိုင်းသည် ဘာတစ်ခုကိုမျှ ထိန်ချန်ထားခြင်းမရှိလျှင် အတိုင်းအဆမရှိအကျိုးပေးသောတန်ခိုးကို ပေးအပ်ခြင်းခံကြရမည်။ (ဃ ၂၅၇.၆)

ကျွန်ုပ်တို့၏အပေါင်းအသင်းဝင်လူများအား ကယ်တင်ခြင်းပေးနိုင် ရန် ကျွန်ုပ်တို့ဝီရိယစိုက်၍ လုပ်ဆောင်ကြသောအခါ ကျွန်ုပ်တို့၏ကြိုးပမ်းမှု ကို ဘုရားသခင်သည် အောင်မြင်စေလိမ့်မည်။ (ဃ ၂၅၇.၇)

ဘုရားသခင်သည် သူ၏အကြံအစည်တော်ကြီးထဲ၌ လူတိုင်း ကို နေရာတစ်နေရာပေးထားသည်။ မလိုလားအပ်သောပင်ကိုယ် အစွမ်းများကို အပ်နှင်းတော်မမူပါ။ ပင်ကိုယ်စွမ်းရည်နည်းသည်ဆိုပါစို့။ ထိုအတွက် ဘုရားသခင်သည် တစ်နေရာစာပြင်ဆင်ပေးထားသည်။ ယင်းပင်ကိုယ်စွမ်း ရည်နည်းနည်းလေးကိုပင် ယုံကြည်ခြင်းအပြည့်နှင့်အသုံးချခဲ့ လျှင် ဘုရားသခင် ပုံစံချပေးခဲ့အလုပ်ကိုပြီးစီးသင့်သည်အထိ ပြီးစီးအောင်လုပ်ဆောင်နိုင်ပါလိမ့်မည်။

ခရစ်တော်နှင့်အတူ ပူးတွဲလုပ်ဆောင်သူ အနှိမ့်ချဆုံးသောအမှုတော် ဆောင်များသည် မြေကြီးစွန်းရောက်သည့်တိုင်အောင် တုန်ဟည်းသွားစေသည့် လက်ကွက်ကြိုးကိုတီးခတ်လိမ့်မည်။ ထာဝရကမ္ဘာရောက်သည့်တိုင်အောင်လည်း သံစဉ်မြည်နေလိမ့်မည်။ (ဃ ၂၅၇.၉)

အမှုတော်ဆောင်မျဉ်းကြောင်းတစ်ခု၌ မှန်ကန်သောအောင်မြင်မှုသည် အခွင့်အရေး (သို့မဟုတ်) မတော်တဆဖြစ်မှု (သို့မဟုတ်) အကြောင်းတိုက်ဆိုင် မှုတို့ကြောင့် ရလိုက်သောအကျိုးထွက်မဟုတ်ပါ။ ဘုရားသခင်စောင့်ရှောက် မစလုပ်ဆောင်တော်မူသောအမှုဖြစ်သည်။ ယုံကြည်မှုရှိခြင်းနှင့် လိမ္မာသိသိပ် မှုရှိခြင်း၊ စင်ကြယ်သောအကျင့်ရှိခြင်းနှင့်သည်းခံခြင်းတို့၏အကျိုးပေးလည်း ဖြစ်ပါသည်။ စိတ်ပိုင်းဆိုင်ရာအရည်အသွေးကောင်းခြင်းနှင့်အဆင့်မြင့်ကိုယ်ကျင့် တရားစောင့်ထိန်းခြင်းတို့သည် မတော်တဆရလာသည်မဟုတ်ပါ။ ဘုရားသခင် အခွင့်အရေးပေးပါသည်။ အောင်မြင်မှုသည် ထိုအရာများကို ဆောက်တည် နိုင်ခြင်းအပေါ် မူတည်ပါသည်။ (ဃ ၂၅၇.၁၀)

အမှုတော်လုပ်ငန်းသို့ဝင်ရန် သဘောကျသောသူများတွင် ပြည်တွင်း၌ဖြစ်စေ၊ နယ်ကျော်အဝေးရပ်သို့ဖြစ်စေ၊ သခင်ဘုရား၏နာမဖြင့် ရှေ့ဆက် တက်လှမ်းကြသည်။ သူတို့သည် ကျေးဇူးတော်နှင့်ခွန်အားအတွက် ဘုရား

သခင်အပေါ်၌မှီခိုလျှင် သူတို့အောင်မြင်ပါလိမ့်မည်။ အစပိုင်း၌ သူတို့ပြုသော အမှုသည် သေးငယ်နိုင်ပါသည်။ သို့သော် သူတို့သည် ဘုရားသခင်၏စီမံ ချက်များနောက်သို့လိုက်လျှင် ကျယ်ဝန်းလာလိမ့်မည်။ ဘုရားသခင်အသက် ရှင်နေပါသည်။ ကိုယ်ကျိုးမရှာ၊ ကိုယ်တိုင်စွန့်လွှတ်အနစ်နာခံလုပ်ဆောင်သူ တို့အတွက် ဘယ်သူဖြစ်ဖြစ်၊ ဘယ်နေရာရောက်ရောက် ဘုရားသခင်သည် မစလုပ်ဆောင်ပေးတော်မူလိမ့်မည်။ (ဃ ၂၅၈.၁)

## ကောင်းကင်ဘုံကိုယ်စားလှယ်တမန်များပူးပေါင်းလုပ်ဆောင်ခြင်း

ကောင်းကင်တမန်များ၏မစ်ရှင်အလုပ်ကို ကျွန်ုပ်တို့နားလည်သည် ထက် ပို၍ကောင်းစွာနားလည်ထားဖို့လိုအပ်သည်။ ဘုရားသခင်၏မှန်သော သားသမီးတိုင်းသည် ကောင်းကင်ကိုယ်ခန္ဓာများနှင့်ပူးပေါင်းလုပ်ဆောင်နေကြ သည်ဟု အမှတ်တရရှိနေဖို့ကောင်းသည်။ အလင်းနှင့်တန်ခိုးရှင်၏မျက်မြင် မရတပ်မကြီးသည် ဘုရားသခင်ကတိတော်များကိုယုံကြည်၍ တွေးကြော် နေကြသောအောက်ကျို့သည်းခံ၊ စိတ်နှိမ့်ချသူလူတိုင်းနှင့်အတူရှိနေသည်။ ခေရုဗိမ်နှင့်ကောင်းကင်တမန်သရပ်များ၊ ကောင်းကင်တမန်များသည် သာလွန်ထူးချွန်သောအင်အားနှင့် ဘုရားသခင်၏လက်ယာဘက်၌ရပ်နေကြ ၏။ "[၁၄]ကောင်းကင်တမန်များတို့ကား၊ ကယ်တင်တော်မူခြင်းကျေးဇူးကို အမွေ ခံလတ္တံ့သောသူတို့ကို ပြုစုစေခြင်းငှါ စေလွှတ်တော်မူသောအစေခံနာမ်ဝိညာဉ် ဖြစ်ကြသည်။" (ဃ ၂၅၈.၂)

သခင်ယေရှုသည် အစေခံလုပ်သားဖြစ်သည်ကို သတိရပါ။ ကိုယ်တော်သည် စိုက်ပျိုးထားသောမျိုးစေ့ကို ရေလောင်းသူဖြစ်သည်။ သင့် စိတ်နှလုံးထဲသို့ရောက်စေမည့်တရားစကားကို သင့်စိတ်ထဲသို့ ကိုယ်တော် ထည့်သွင်းပေးတော်မူသည်။ (ဃ ၂၅၈.၃)

ဘုရားသခင်အမှုတော်ထဲသို့ သင့်ကိုယ်ကိုအလုံးစုံဆက်ကပ်မြှုပ်နှံပါ။ ကိုယ်တော်သည် သင်၏ခွန်အားဖြစ်သည်။ ကိုယ်တော်သည် သင်၏ညာဘက် ၌ရှိတော်မူ၍ သူ၏ကရုဏာပုံစံကို သယ်ဆောင်ရန် သင့်ကိုကူညီနေပါ၏။(ဃ ၂၅၈.၄)

ကောင်းကင်ဥာဏ်ကြီးရှင်တမန်များသည် စရိုက်လက္ခဏာပြည့်စုံခြင်းကို လှုပ်ရှားမှု၌ ပြည့်စုံခြင်းရောက်သည့်တိုင် အလျှော့မပေးသောယုံကြည်ချက်ဖြင့် ရှာဖွေနေကြသောလူသားကိုယ်စားလှယ်များနှင့်အတူ လုပ်ဆောင်ကြလိမ့်မည်။ ဤအမှုတော်၌ ပါဝင်နေသူတစ်ဦးချင်းစီတိုင်းကို "ငါသည် သင့်ကို ကူညီရန် သင်၏ညာဘက်၌ရှိသည်" ဟု ခရစ်တော်ဆိုလေ၏။

လူ၏အလိုသည် ဘုရားသခင်၏အလိုတော်နှင့်အတူ ပူးပေါင်းလုပ်ဆောင်လာသောအခါ ဘုရားသခင်၏အနန္တတန်ခိုးဖြစ်လာသည်။ အမိန့်တော်ပညတ်ချက်များကို ဆောင်ရွက်လေတိုင်း ဘုရားသခင့်ခွန်အားဖြင့် ပြီးစီးစေလိမ့်မည်။ (ယှ ၂၅၈.၆)

ပျက်စီးသူများကို ကယ်တင်ခြင်းအမှုတော်၌ ကောင်းကင်တမန်များ၏ပူးပေါင်းလုပ်ဆောင်မှုသည် သင်နှင့်အတူရှိ၏။ ထောင်သောင်းမကများစွာသောကောင်းကင်တမန်များသည် ကျွန်ုပ်တို့အား ဘုရားသခင်မှရက်ရောစွာပေးကမ်းထားသည့်အလင်းကို ဆောင်ယူကြသောကျွန်ုပ်တို့၏အသင်းတော်မှ အသင်းသားများနှင့်ပူးပေါင်းလုပ်ဆောင်ရန် စောင့်နေကြပါသည်။ ထိုသို့အားဖြင့် လူတစ်ယောက်သည် ခရစ်တော်ကြွလာတော်မူမည်ကို ပြင်ဆင်ထားနိုင်၏။

ကောင်းကင်တမန်များအားလုံးသည် ဤအမှုတော်၌ ပူးပေါင်းပါဝင်ကြရန် အသင့်ရှိနေသည်။ ကောင်းကင်ဘုံရှိ အရင်းအမြစ်အားလုံးသည် ပျောက်သောသူကိုကယ်တင်ရန် ရှာဖွေနေကြသူတို့၏အမိန့်အောက်၌ ရှိနေသည်။ ကောင်းကင်တမန်များသည် ဂရုမစိုက်ဆုံး၊ အခက်ထန်ဆုံးသောသူတို့ဆီသို့ရောက်ရှိသွားရန် သင့်အားကူညီပါလိမ့်မည်။ ထိုအထဲကတစ်ယောက်ယောက်သည် ဘုရားသခင်ထံသို့ ပြန်လှည့်၍ ရောက်လာသောအခါ ကောင်းကင်ဘုံသားများအားလုံးသည် ဝမ်းမြောက်ခြင်းရှိ၍ ကောင်းကင်တမန် သရပ်နှင့်ခေရုဗိမ်တို့သည် သူတို့၏ရွှေစောင်းကိုတီးခတ်လိမ့်မည်။ လူသား

သမီးတို့ကိုကရုဏာထား၍ ချစ်ခင်ကြင်နာတော်မူသောဘုရားသခင်နှင့်သိုးသငယ်တို့ကိုချီးမွမ်းသီချင်းသီဆိုဆက်သွင်းကြမည်။ (ယု ၂၅၉.၂)

ဂါလိလဲရေအိုင်မှ တံငါသည်များကို ခေါ်ယူခဲ့သောကိုယ်တော်သည် အမှုတော်ထဲသို့ဝင်ရန် လူများကိုခေါ်ယူနေဆဲဖြစ်သည်။ တန်ခိုးတော်သည် ကနဦးတပည့်တော်များ၌ တည်သကဲ့သို့ ကျွန်ုပ်တို့အပေါ်၌လည်း တည်ရှိစေရန် လိုလားတော်မူ၏။ ကျွန်ုပ်တို့သည် မပြည့်မဝနှင့်အပြစ်သားများဖြစ်ကြသည့်တိုင် သခင်ဘုရားသည် သူနှင့်လုပ်ဖော်ကိုင်ဖက်အဖြစ် ဝင်လာရန်နှင့်ခရစ်တော်၏အလုပ်သင်အဖြစ်လည်း အသိအမှတ်ပြုထားပါသည်။ ကိုယ်တော်သည် ဘုရားသခင်၏လမ်းညွှန်မှုအောက်သို့ရောက်လာဖို့ ကျွန်ုပ်တို့ကိုခေါ်ဖိတ်နေသည်ဖြစ်၍ ခရစ်တော်နှင့်ပေါင်းစည်းကာ ဘုရားသခင်အမှုတော်ရပ်များကို ကျွန်ုပ်တို့ဆောင်ရွက်နိုင်ကြသည်။ (ယု ၂၅၉.၃)

ခရစ်တော်သည် သူ့အတွက် လုံးလုံးလျားလျားအသက်ရှင်နေသူများကို တန်ဖိုးထားသည်ဟု သင်မတွေးမိသလော။ ကိုယ်တော်ချစ်သောတပည့်ယောဟန်ကဲ့သို့ သခင်ဘုရားအတွက် ကြိုးစွာကြိုးစားနေရာရှာသူများကို ကိုယ်တော်သည် ကိုယ်ထင်ပြ၍ ကြွရောက်တော်မူမည်ဟု သင်မတွေးမိသလော။ ကိုယ်တော်သည် သစ္စာစောင့်သိသောသူအယောက်တိုင်းကိုမြင်၏။ သူတို့နှင့်ဝင်စား၏။ သူတို့အား တိုက်တွန်းခြင်း၊ အားပေးခြင်းကိုပြု၏။ ဘုရားသခင်၏ကောင်းကင်တမန်များသည် ခွန်အားအပြည့်နှင့်အမှန်တရားကို မသိသေးသောသူများအား ကြားသိစေရန် ဟောပြောနေကြသည့်ကိုယ်တော်၏လူသားအမှုတော်ဆောင်များကို အစေခံရန် စေလွှတ်တော်မူထားပါသည်။(ယု

ကောင်းကင်ဘုံသားများအားလုံးသည် လှုပ်ရှားတက်ကြွနေကြသည်။ ကောင်းကင်တမန်များသည် ခရစ်တော်အသေခံပေးခဲ့သောဝိညာဉ်များ၌ ဝမ်းမြောက်ဖွယ်ကယ်တင်ခြင်းသတင်းစကားကို နားကြားစေရန် စီမံချက်ရေးဆွဲကြသူအားလုံးတို့နှင့်အတူ ပူးပေါင်းလုပ်ကိုင်ပေးရန် စောင့်မျှော်နေကြကုန်၏။ ကယ်တင်ခြင်းအမွေခံဖြစ်ကြသူတို့ကို အစေခံပြုစုနေကြသောကောင်းကင်

တမန်များသည် မှန်သောသန့်ရှင်းသူအားလုံးကို ပြောနေပါသည်။ "[၂၀]ဗိမာန်တော်၌ရပ်၍ အသက်ရှင်ခြင်းတရားစကားအလုံးစုံကို လူများတို့အား ဟောပြောကြလော့ဟု မှာထား၏။ (တ ၅း၂၀)" အမှာခံရသောသူများသည် ဤအမိန့်စာကိုနာခံရကြသည်ဆိုလျှင် ဘုရားသခင်သည် မည်သူနှင့်မည်သို့သွားရမည်ကို ပိုင်ပိုင်နိုင်နိုင်သူတို့၌ရှိစေလျက် သူတို့အရှေ့၌ လမ်းကိုပြင်ဆင်ပေးထားပါလိမ့်မည်။ (ဃ ၂၅၉.၅)

ဤသို့သောအချိန်မျိုးတွင် ဘုရားသခင်သားသမီးများအားလုံးသည် အခြားသူများကို ကူညီရာ၌ တက်ကြွစွာပါဝင်နေကြသည်။ ကျမ်းစာသမ္မာတရားကို နားလည်ကြကုန်သောသူများသည် တရားအလင်းကို မျှော်လင့်နေကြကုန်သောလူယောကျ်ား၊ လူမိန်းမများကို ကြိုးစားရှာဖွေသောအခါ ကောင်းကင်တမန်များသည် သူတို့ကိုဂရုတစိုက်ကူညီကြလိမ့်မည်။ ကောင်းကင်တမန်များရောက်သွားသည့်နေရာသို့ ရှေ့တက်၍နေရာယူရန် မည်သူမျှကြောက်ရွံ့နေရန်မလိုပါ။ ဆက်ကပ်အပ်နှံပြီးကြသူအမှုဆောင်များ၏ယုံကြည်ခြင်းအပြည့်နှင့် ကြိုးပမ်းမှုရလဒ်သည် လူများစွာတို့ကို၊ ရုပ်တုကိုကိုးကွယ်နေခြင်းမှသည် အသက်ရှင်သောဘုရားသခင်ကိုကိုးကွယ်ခြင်းသို့ ရောက်ရှိလာစေလိမ့်မည်။ လူများစွာသည် လူလုပ်သောဓလေ့ထုံးတမ်းအဖွဲ့အစည်းများအား ဦးချဝတ်ပြုနေခြင်းကို ရပ်ပစ်ကြလိမ့်မည်။ ဖန်ဆင်းရှင်ဘုရားသခင်နှင့်ပညတ်တော်ဘက်၌ အကြောက်အလန့်မရှိသူတို့ ရပ်တည်လာကြပါလိမ့်မည်။ (ဃ ၂၆၀.၁)

ကောင်းကင်ဘုံ၏အထွတ်အမြတ်နှင့်အာဏာတန်ခိုးတို့သည် ဘုရားသခင်အစေခံများငိုငိုယိုယိုနှင့် သိသိသာသာစိတ်ပျက်အားလျော့နေကြသည့်အခြေအနေအောက်ရှိစစ်ပွဲကို စောင့်ကြည့်နေကြ၏။ ခရစ်ယာန်များသည် သူတို့ကိုရွေးနုတ်ကယ်တင်သောအရှင်၏အလံတော်အောက်၌ စုရုံးချီတက်လျက် ယုံကြည်ခြင်းနှင့်ကောင်းစွာတိုက်လှန်ခြင်းဖြင့် ရှေ့ဆက်တိုက်ပွဲဝင်လေတိုင်းအောင်ပွဲအသစ်ရလာသည်။ ဂုဏ်ပြုခြင်းများရှိလာသည်။ ကောင်းကင်ဘုံရှိကောင်းကင်တမန်များအားလုံးသည် စိတ်နှလုံးနှိမ့်ချသူ၊ ဘုရားသခင်ကိုယုံကြည်

သူလူများကို အစေခံပြုစုလျက်ရှိသည်။ အောက်အရပ်မြေပြင်ရှိ ဘုရားသခင်၏အမှုဆောင်တပ်မကြီးသည် ချီးမွမ်းသီချင်းကို သီဆိုဟစ်ကြွေးကြ၏။ အထက်အရပ်ရှိ ခမ္မတေးသံစုံကျူးအဖွဲ့သည်လည်း ဘုရားသခင်နှင့်တစ်ပါးတည်း သောသားတော်အကြောင်းကို ပေါ်လွင်စွာချီးမွမ်းခြင်းအားဖြင့် အောက်အရပ်နှင့်ဆက်သွယ်သီကြွေးကြကုန်၏။ (ဃ ၂၆၀.၂)

အမှုတော်ရပ်များအောင်မြင်စေသည့်အရာမှာ လူမှုထုတ်လွှတ်သော တန်ခိုးကြောင့်မဟုတ်ပါ။ အမှုတော်ရပ်များကို ပြည့်စုံစေအောင်လုပ်ပေးသော လူသားကိုယ်စားလှယ်များနှင့်အတူ လုပ်ဆောင်ကြသည့်ကောင်းကင်တမန်များ၏တန်ခိုးကြောင့်ဖြစ်သည်။ ပေါလုကဲ့သို့လူတစ်ယောက်က စိုက်ပျိုး၏။ အာပေါလုကဲ့သို့ လူတစ်ယောက်က ရေလောင်းပေး၏။ သို့သော် ကြီးထွားတိုးတက်စေရန် လုပ်ပေးသူမှာ ဘုရားသခင်သာဖြစ်ပေသည်။ လူသည် ဘုရားသခင်၏အပိုင်းကိုမလုပ်နိုင်ပါ။ လူသားကိုယ်စားလှယ်တစ်ယောက်အနေနှင့် သူသည် ဘုရားသခင်၏ကောင်းကင်တမန်များနှင့်သာ ပူးပေါင်းလုပ်ဆောင်နိုင်ကြပါသည်။ ရိုးသားမှုနှင့်ကျိုးနွံမှုက သူ့ကိုအကောင်းဆုံးလုပ်ဆောင်နိုင်စေ၍ ဘုရားသခင်သည်သာလျှင် အကြီးဆုံးလုပ်ဆောင်သူသခင်ဖြစ်ကြောင်း ကို အမှတ်ရစေပါသည်။ လုပ်သားများသည် သေဆုံးကုန်လွန်ကြမည်ဖြစ်သော်လည်း အလုပ်သည် ရပ်တန့်သွားလိမ့်မည်မဟုတ်။ ပြီးစီးသည့်တိုင် လုပ်ဆောင်သွားကြလိမ့်မည်ဖြစ်သတည်း။ (ဃ ၂၆၀.၃)

ခရစ်ယာန်သည် ဘုရားသခင်၌ အားကြီးစွာကူညီသူတစ်ယောက်ကိုအမြဲတမ်းရရှိ၏။ ဘုရားသခင်ကူညီသောလမ်းကြောင်းကို ကျွန်ုပ်တို့မသိရနိုင်ပါ။ သို့သော် ကိုယ်တော်၌ စိတ်ချအပ်နှံသူသည် မည်သည့်အခါမျှ ဆုံးရှုံးလိမ့်မည်မဟုတ်ကြောင်းကို ကျွန်ုပ်တို့သိရပါသည်။ ခရစ်ယာန်များသည် သူတို့လမ်းကြောင်းထဲ၌ သူတို့ကိုလာတိုက်သည့်ရန်သူတို့၏အကြံအစည် မအောင်မြင်နိုင်ကြောင်းကိုလည်းကောင်း၊ သူတို့သည်လည်း မညည်းမညူဘဲ ထိမိ ၍ လဲခြင်းမရှိခဲ့သည်ကိုလည်းကောင်း၊ ဘုရားသခင်သည် အကြိမ်မည်မျှလောက် တည့်မတ်ပေးခဲ့သည်ကိုလည်းကောင်း သူတို့သိကြ၏။ သူတို့၏ ယုံကြည်ခြင်း

သည် ဘုရားသခင်အပေါ်၌ရှိနေသည်။ သူတို့ကိုရွှေ့ထုတ်ရန် မည်သည့် စမ်းသပ်ခြင်းမျှမစွမ်းနိုင်ပါ။ ဘုရားသခင်ကို သူတို့၏ဥာဏ်ပညာနှင့်အစွမ်း တန်ခိုးတော်ဟူ၍ အမှတ်ထားကြသည်။ သူတို့ကိုသုံး၍ အမှုဆောင်စေရန် ကိုယ်တော်အလိုတော်ရှိသောအခါ ထိုအရာများကို သူတို့၌ယူတင်ပေးလေ၏။

မစ်ရှင်အမှုတော်၌ ပါဝင်လုပ်ဆောင်သူအားလုံးသည် ဘုရားသခင်၏လက်သုံးတော်ဖြစ်ကြသည်။ သူတို့သည် ကောင်းကင်တမန်များနှင့်အတူ လုပ်ဖော်ကိုင်ဖက်များလည်း ဖြစ်ကြ၏။ ထိုထက်ကောင်းကင်တမန်များက သူတို့၏မစ်ရှင်အလုပ်ကို ပြီးစီးစေရန် သုံးသောလူသားကိုယ်စားလှယ်များ ဖြစ်ကြ၏။ ကောင်းကင်တမန်များသည် သူတို့၏စကားသံဖြင့် စကားပြော လေ၏။ လူသားသည် လက်ဖြင့်အလုပ်လုပ်ကြရ၏။ လူသားအမှုဆောင် များသည် ကောင်းကင်ကိုယ်စားလှယ်ကောင်းကင်တမန်များနှင့် ပူးပေါင်း လုပ်ဆောင်ကြသည်ဖြစ်၍ အထက်အရပ်၏ပညာရေးနှင့် အတွေ့အကြုံအကျိုး တရားများကို ရကြပါသည်။ (ဃ ၂၆၁.၁)

ခရစ်တော်သည် သူ၏ဖြောင့်မတ်ခြင်းလက်နက်ကို ဝတ်ဆင်၍ စတင်အလုပ်လုပ်ရန် လူယောကျ်ား၊ လူမိန်းမတိုင်းကို ခေါ်ယူနေပါသည်။ "သင့်ကိုကူညီရန် သင့်ညာဘက်၌ ငါရှိသည်" ဟု ကိုယ်တော်ဆိုနေသည်။ သင်၏စမ်းသပ်ခံရမှုနှင့်စိတ်ရှုပ်စရာအားလုံးကို ဘုရားသခင်အား ပြောပြ လိုက်ပါ။ သင်၏ယုံကြည်စိတ်ချမှုကို ကိုယ်တော်ဘယ်တော့မှ သစ္စာမဖောက် ပါ။ ကိုယ်တော်ဝယ်ယူ၍ ပိုင်ဆိုင်ခဲ့သောအသင်းတော်နှင့်သမ္မာတရားမျိုးစေ့ များကို ကြဲဖြန့်လုပ်ဆောင်နေကြသည့်အလုပ်သမားများသည် ခရစ်တော် အတွက် ထိုအရာများထက် ပို၍အဖိုးတန်သည့်အရာများဘာမျှမရှိတော့ချေ။ ယေရှုကိုစေ့စေ့တွေးကြည့်ပါ။ ကိုယ်တော်သည် သန့်ရှင်းရာဌာန၌ရှိသည်။ တစ်ကိုယ်တည်းအခြေအနေ၌ရှိသည်မဟုတ်။ ထောင်သောင်းချီသောကောင်း ကင်တမန်များပတ်ဝိုင်းလျက် ကိုယ်တော်စေခိုင်းသည်ကို လုပ်ဆောင်ရန် စောင့်မျှော်နေကြပါ၏။ ဘုရားသခင်သည် သူ့ထံယုံကြည်ခြင်းကို စိတ်ချ

အပ်နှံထားသောသူ၊ အားအနည်းဆုံးသန့်ရှင်းသောသူများအတွက် သွားရောက်လုပ်ဆောင်ပေးရန် စေစားပါသည်။ အမြင့်ဖြစ်စေ၊ အနိမ့်ဖြစ်စေ၊ လူချမ်းသာဖြစ်စေ၊ လူဆင်းရဲဖြစ်စေနည်းတူ အကူအညီများကို ပေးကမ်းတော်မူပါ၏။

## ရှုံးနိမ့်သည့်အတွေးမရှိသင့်ပါပြီ

ခရစ်တော်အတွက် လုပ်ဆောင်သူများသည် စကားအနည်းငယ်အားဖြင့်ဖြစ်စေ၊ သူတို့၏အမှုတော်လုပ်ငန်းရှုံးနိမ့်ခဲ့သည်ဟူ၍ ဘယ်တော့မှမတွေးရပါ။ သခင်ယေရှုသည် အရာအားလုံး၌ ကျွန်ုပ်တို့၏စွမ်းရည်ဖြစ်သည်။ ကိုယ်တော်၏ဝိညာဉ်သည် ကျွန်ုပ်တို့၏ဉာဏ်ကွန့်မြူးခြင်းဖြစ်၏။ ကျွန်ုပ်တို့၏ကိုယ်ကို အလင်းလမ်းကြောင်းဖြစ်စေအံ့သောငှာ လက်တော်ထဲထည့်ထားသောအခါ ကျွန်ုပ်တို့ရည်ရွယ်ပြုလုပ်သောကောင်းသောအမှု၌ ပင်ပန်းနွမ်းနယ်သည်ဟူ၍ ဘယ်တော့မှမဖြစ်။ ကျွန်ုပ်တို့သည် ကိုယ်တော်၏ပြည့်စုံမှုကို ဆွဲယူသုံးနိုင်သည်။ အကန့်အသတ်မရှိသောကျေးဇူးတော်ကို လက်ခံရယူနိုင်သည်။ (ဃ ၂၆၁.၃)

ကျွန်ုပ်တို့သည် မိမိကိုယ်ကိုဘုရားသခင်အား လုံးလုံးလျားလျားပေးအပ်လိုက်သောအခါ ကိုယ်တော်ညွှန်ကြားချက်ဖြင့်ပြုရသော ကျွန်ုပ်တို့၏အမှုတော်ထဲ၌ ပြီးစီးသည်အထိ ဘုရားသခင်ကိုယ်တော်တိုင် တာဝန်ယူပေးပါသည်။ ကျွန်ုပ်တို့၏ရိုးသားစွာကြိုးစား၍ရလိုက်သောအောင်မြင်ခြင်းကို ထင်ကြေးအဖြစ် ကျွန်ုပ်တို့၌ ကိုယ်တော်ရှိစေလိုတော်မူသည်မဟုတ်။ ရှုံးနိမ့်သည့်အတွေးကိုပင် ကျွန်ုပ်တို့၌ တစ်ကြိမ်တစ်ခါမျှမရှိစေလိုပါ။ ကျွန်ုပ်တို့သည် ရှုံးနိမ့်ခြင်းမရှိကြောင်းကို သိတော်မူသောကိုယ်တော်တစ်ပါးတည်းနှင့်သာပူးပေါင်းကြရမည်။ (ဃ ၂၆၁.၄)

သခင်ဘုရားသည် သူ့လူများက သူတို့ကိုယ်တိုင်အဆင့်နိမ့်နေရာသို့ဆင်း၍နေကြသည်ကို စိတ်ပျက်ပါသည်။ ကိုယ်တော်၏အရွေးချယ်ခံ၊ အမွေခံများသည် ကိုယ်တော်သူတို့ကိုတန်ဖိုးပေး၍ ဝယ်ယူခဲ့သည့်အတိုင်း သူတို့

ကိုယ်သူတို့ တန်ဖိုးထားတတ်ကြရန် လိုလားတော်မူသည်။ ဘုရားသခင်သည် သူတို့ကိုအလိုရှိသည်။ သို့မဟုတ်လျှင် သူတို့ကိုရွေးနုတ်ကယ်တင်ဖို့ တစ်ပါးတည်းသောသားတော်အဖိုးတန်လက်စွဲတော်ကို စေစားတော်မူခဲ့မည်မဟုတ်ပါ။ သူတို့ကိုကိုယ်တော်အသုံးချလို၏။ သူတို့သည် ဘုရားသခင်တန်ခိုးတော်ထင်ရှားစေလိုသောကြောင့် ဘုရားသခင်ထံမှ အမြင့်ဆုံးသောလိုအပ်ချက်များတောင်းဆိုသည်ဖြစ်၍ ကိုယ်တော်သည် ကောင်းစွာကျေနပ်နေပါသည်။ ဘုရားသခင်ကတိတော်၌ သူတို့ယုံကြည်ခြင်းရှိလျှင် ကြီးသောအရာများကို သူတို့မျှော်လင့်နိုင်ကြသည်။ (ဃ ၂၆၂.၁)

## အချိုးညီစွာအောင်မြင်ခြင်း

ဘုရားသခင်သည် အမှုတော်တစ်ရပ်ပြီးစီးစေရန်နှင့် အောင်မြင်ခြင်းကိုစိတ်ချလက်ချပေးနိုင်ရန် လမ်းဖွင့်ပေးသောအခါ အရွေးချယ်ခံတန်ဆာပလာသည် ကတိတော်ရှိသည့်အတိုင်း အကျိုးရစေဖို့ တန်ခိုးအစွမ်းရှိသမျှကို အကုန်သုံးရမည်။ အမှုတော်ကို ရှေ့ဆက်သယ်ဆောင်သောစိတ်အားထက်သန်မှုနှင့်စိတ်ရှည်မှုတို့၏အချိုးညီခြင်းသည် ပေးထားသောအောင်မြင်မှုကို ရစေလိမ့်မည်။ (ဃ ၂၆၂.၂)

## အောင်မြင်သောအမှုတော်၌ငုပ်နေသောအကြောင်းရင်းများ

စစ်မှန်သောချစ်ခြင်းမေတ္တာဖြင့် လုပ်ဆောင်ပြီးသောအရာမှန်သမျှသည် အမြဲသေးနုပ်ခြင်း၊ (သို့မဟုတ်) လူ့အမြင်၌ အထင်သေးဖွယ်ဖြစ်ခြင်းရှိသော်လည်း လုံးဝအကျိုးကျေးဇူးရှိလှ၏။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်သည် လူတစ်ယောက်အဘယ်မျှလုပ်ဆောင်ပြီးစီးသည်ထက် ထိုသူ၏မေတ္တာဖြင့်လုပ်သောအမှုတစ်ခုအတွက် လေးစားတန်ဖိုးထားတော်မူ၏။ (ဃ ၂၆၂.၃)

အစစ်အမှန်ပြောင်းလဲသူ၊ လုပ်ကိုင်လိုစိတ်ရှိသူ၊ အတ္တကင်းသူအမှုတော်ဆောင်ဆယ်ယောက်သည် ပုံစံချ၍ ဘောင်ခတ်ကြိုးပမ်းသူများ၊ စက်ရုံစည်းကမ်းမျိုးထိန်းသူများ၊ ဝိညာဉ်များအတွက် နက်နက်ရှိုင်းရှိုင်းမေတ္တာမရှိဘဲ

အလုပ်လုပ်နေကြသူများထဲမှ လူအယောက်တစ်ရာထက်ပိုပြီး မစ်ရှင်ကွင်းထဲ၌ အလုပ်လုပ်နိုင်ကြပါသည်။ (ဃ ၂၆၂.၄)

သင့်ကိုအောင်မြင်ခြင်းပေးသည်မှာ ယခုသင်ပိုင်ထားသော (သို့မဟုတ်) သင်၌အမြဲရှိနေသောလုပ်ကိုင်နိုင်စွမ်းကြောင့်မဟုတ်ပါ။ ဤအမှုသည် သင့်အတွက် ဘုရားသခင်လုပ်ပေးသည့်အရာဖြစ်သည်။ ကျွန်ုပ်တို့သည် လူကလုပ်ပေးနိုင်သောအရာများ၌ စိတ်ချယုံကြည်မှုနည်းနိုင်သမျှနည်းဖို့လိုအပ်သည်။ သို့သော် ယုံကြည်သူဝိညာဉ်တိုင်းအတွက် ဘုရားသခင်လုပ်ပေးသောအရာများ၌မူကား ပို၍ပို၍ ယုံကြည်စိတ်ချမှုရှိကြရမည်။ သင်သည် ယုံကြည်ခြင်းအားဖြင့် ဘုရားသခင်ဆီသို့အရောက်လှမ်းရန် ကိုယ်တော်မျှော်လင့်နေပါသည်။ ထိုနည်းတူ သင့်လောကီရေးရာများကို နားလည်သကဲ့သို့ ဝိညာဉ်ရေးရာကိစ္စများကိုလည်း နားလည်ပေးရန် ကိုယ်တော်မျှော်လင့်နေပါသည်။ ဉာဏ်ရည်ကို ကိုယ်တော်သွေးပေးနိုင်သည်။ လိမ္မာပါးနပ်မှုနှင့် ကျွမ်းကျင်မှုကိုလည်း ကိုယ်တော်လုပ်ပေးနိုင်သည်။ သင်၏ကိုယ်ပိုင်အစွမ်းကို အမှုတော်မြတ်၌ ဆက်ကပ်လိုက်ပါ။ ဉာဏ်ပညာအတွက် ဘုရားသခင်ထံဆုတောင်းပါ။ သင့်အားပေးသနားတော်မူလိမ့်မည်။ (ဃ ၂၆၂.၅)

ကျေးဇူးတော်ဘိသိက်သည် လူတွေကိုသတ္တိပေး၏။ သူတို့အား ဘုရားသခင်ပေးထားသောအလုပ်များကို သူတို့နေ့စဉ်လုပ်ကိုင်နိုင်ရန် တွန်းအားပေးသည်။ မိုက်သောအပျိုကညာငါးယောက်သည် မီးအိမ်ရှိသည်။ (မီးအိမ်သည် သမ္မာကျမ်းစာဗဟုသုတကိုဆိုလိုသည်။) သို့သော် သူတို့၌ ခရစ်တော်၏ကျေးဇူးတော်မရှိ၊ နေ့စဉ်နေ့တိုင်းသူတို့သည် ပွဲသဘင်နှင့်အပြင်တာဝန်များကို လှည့်ပတ်လုပ်ကိုင်ခဲ့ကြသည်။ သို့သော် သူတို့အမှုဆောင်မှု၌ အသက်မရှိ။ ခရစ်တော်၏ဖြောင့်မတ်ခြင်းတရားလည်း ကင်းမဲ့၏။ ဖြောင့်မတ်ခြင်းနေမင်းသည် သူတို့၏နှလုံး၊ သူတို့၏စိတ်ထဲ၌ မထွန်းမလင်း။ ခရစ်တော် ၏အသက်တာနှင့်စရိုက်လက္ခဏာ၊ ပုံသဏ္ဍာန်နှင့်မိန့်ဆိုတော်မူချက်များနှင့်ကိုက်ညီသောသမ္မာတရားကို သူတို့မြတ်နိုးခြင်းလည်းမရှိ။ ကျေးဇူးတော်သည် သူတို့၏အားထုတ်မှုနှင့် မရောမနှောခဲ့ပါ။ သူတို့၏

ဘာသာတရားသည် အစေ့မရှိသောအခွံခြောက်သက်သက်ဖြစ်၏။ သူတို့သည် ဝါဒပုံစံခွက်အထဲမြဲစွာချည်နှောင်ကြ၏။ သို့သော်လည်း သူတို့၏ခရစ်ယာန် အသက်တာသည် လှည့်ဖြားခံကြရ၏။ ကိုယ့်အားကိုယ်ကိုးဖြောင့်မတ်ခြင်းနှင့် အပြည့်ရှိကြ၏။ ခရစ်တော်၏ကျောင်း၌ သင်ခန်းစာများကို လေ့လာရန် ကျရှုံးခဲ့ကြသည်။ အကယ်၍သာ သင်ခန်းစာများကို လေ့ကျင့်ခဲ့ကြပါလျှင် ကယ်တင်ခြင်းရသောဉာဏ်အလင်းသို့ သူတို့ရောက်ခဲ့ကြပါလိမ့်မည်။ (ဃု ၂၆၃.၁)

ဘုရားသခင်၏အမှုတော်မြတ်သည် ဘုရားသခင်နှင့်လူသား ကိုယ်စားလှယ်တော်များ ပူးပေါင်းလုပ်ဆောင်ခြင်းအားဖြင့် ပြီးပြည့်စုံခြင်းသို့ ရောက်နိုင်ပါသည်။ မိမိကိုယ်၌မိမိပြည့်စုံလုံလောက်သူများသည် ဘုရားသခင် အမှုတော်ထဲ၌ နိုးကြားနေသည်ထင်ရသော်လည်း ဆုတောင်းခြင်းမရှိက သူတို့ ၏လှုပ်ရှားမှုသည် အရာမထင်ပါ။ သက်တံခုံးအုပ်မိုးထားသောပလ္လင်တော် အရှေ့ရှိရွှေယဇ်ပလ္လင်နံဘေး၌ ရပ်လျက်ရှိကြသောကောင်းကင်တမန်များ၏ လင်ပန်းကို သူတို့ကြည့်ရှုလျှင် သခင်ယေရှု၏ကောင်းမြတ်ခြင်းသည် ကျွန်ုပ် တို့၏ဆုတောင်းခြင်းနှင့်ကြိုးပမ်းလုပ်ဆောင်ခြင်းတို့ဖြင့် ရောနှောလျက်ရှိနေ သည်ကို သူတို့မြင်တွေ့ကြလိမ့်မည်ဖြစ်သည်။ သို့မဟုတ်လျှင် သူတို့သည် ကာလနတ်ပူဇော်သကဲ့သို့ တန်ဖိုးမဲ့ဖြစ်လေပြီ။ ကျွန်ုပ်တို့သည် ဘုရားသခင် ရှေ့တော်၌ ထင်ရှားလာသောလူသားတန်ဆာပလာများ၏လှုပ်ရှားမှုအလုံးစုံ ကို မြင်ပါသလား။ အမှုတော်ပြီးစီးခြင်းသည် များစွာဆုတောင်းခြင်းအားဖြင့် သာဖြစ်ကြောင်းနှင့် ခရစ်တော်၏ကောင်းမြတ်ခြင်းအားဖြင့်သာ စင်ကြယ်ခြင်း သို့ရောက်ကြောင်းကို ကျွန်ုပ်တို့မြင်ရနိုင်ပါသဖြင့် စစ်ကြောစီရင်ခြင်းကိုလည်း စမ်းသပ်ခံယူနိုင်ပါလိမ့်မည်။ ကြီးမားသောမဟာပြန်လည်သုံးသပ်ခြင်းပြုလာ ကြသောအခါ ဘုရားသခင်ကို အစေခံသူနှင့်ဘုရားသခင်ကို အစေမခံသူတို့ အကြား၌ သင်သည် သူတို့ကိုခွဲခြားကြည့်၍ သိမြင်လာပါလိမ့်မည်။ (ဃု ၂၆၃.၂)

ပညတ်အခြေခံသောဘာသာရေးသည် ဤခေတ်ကာလတွင် အဖြေမဟုတ်ပါ။ ကျွန်ုပ်တို့သည် အပြင်ပိုင်းဝန်ဆောင်မှုအရာအားလုံးကို ခင်းကျင်းပြသနိုင်ကြသည့်တိုင် ဂိလဗော (၄၄ဘသ၈) တောင်ပေါ်၌ နှင်းရည်နှင့်မိုးရည်စက်ကင်းမဲ့သကဲ့သို့ သန့်ရှင်းသောဝိညာဉ်တော်အရှိန်မြှင့်လွှမ်းမိုးခြင်းကင်းမဲ့နေပါသေး၏။ ကျွန်ုပ်တို့အားလုံးသည် ဝိညာဉ်တော်ရေငွေ့ကို လိုအပ်ကြသည်။ ထိုနည်းတူ ကျွန်ုပ်တို့၏စိတ်နှလုံးကို ပျော့ပျောင်းစေ၍ ချုပ်ထိန်းခြင်းရှိနေစေရန် ဖြောင့်မတ်ခြင်းနေမင်း၏တောက်ပသောရောင်ခြည်ကိုလည်း လိုပါသည်။ ကျွန်ုပ်တို့သည် ကျောက်ကဲ့သို့မာသောအခြေခံသဘောတရား အမြဲရှိနေရမည်။ သမ္မာကျမ်းစာအခြေခံသဘောတရား၏သွန်သင်ခြင်းကို ခံယူ၍ သန့်ရှင်းသောလေ့ကျင့်မှုများအားဖြင့် ထောက်မထားရမည်။(ဃ၃ ၂၆၃.၃)

အောင်မြင်မှုသည် စွမ်းအင်နှင့်ဆန္ဒအပေါ်၌ကဲ့သို့ ကိုယ်ပိုင်အစွမ်း၌များစွာတည်နေသည်မဟုတ်။ လက်ခံနိုင်လောက်သောအမှုတော်ကိုတင်ဆက် ရန် ကျွန်ုပ်တို့၌ တတ်နိုင်စွမ်းသောခမ်းနားသည့်ကိုယ်ပိုင်စွမ်းရည်ကို ပိုင်ဆိုင်သောကြောင့်လည်းမဟုတ်ပါ။ နေ့စဉ်တာဝန်များကို ထမ်းဆောင်ရာ၌ တာဝန်ကျေပွန်ခြင်း၊ ကျေနပ်ရောင့်ရဲသောစိတ်ရှိခြင်း၊ မတုန်မလှုပ်ရှိခြင်းနှင့် အခြားသူများ၏အရေးအခင်း၌ စေတနာစိတ်ထား၍ လုပ်ဆောင်ပေးခြင်းများကို တွေ့ကြရမည်။ ပုံမှန်ပြုသောလုပ်ငန်းများ၊ ချစ်သောစိတ်နှင့်ယုံကြည်မှုအပြည့်ဖော်ဆောင်ပေးခြင်းများသည် ဘုရားသခင်မျက်မှောက်တော်၌ အလှအပများဖြစ်ပါသည်။ (ဃ၃ ၂၆၄.၁)

အားကောင်း၍လှပသောစရိုက်လက္ခဏာတစ်ခု၏နည်းစနစ်တကျဖွဲ့စည်းခြင်းသည် ပုဂ္ဂိုလ်ရေးဆိုင်ရာတာဝန်လုပ်ဆောင်ခြင်းအားဖြင့်တည်ဆောက် ထားသည်။ သစ္စာစောင့်သိခြင်းသည် အသေးစိတ်လက္ခဏာ အနည်းဆုံးသော် လည်းကောင်း၊ အများဆုံးသော်လည်းကောင်း ကျွန်ုပ်တို့၏ ဘဝစရိုက်ကို ပေါ်လွင်စေပါသည်။ ငယ်သောအရာများ၌ တည်ကြည်မှု၊ သစ္စာရှိစွာပြုသော အမှုငယ်နှင့်ကြင်နာစွာပြုသောအမှုငယ်တို့ကို တင်ဆက်ခြင်းသည် ဘဝလမ်း

ကြောင်းကို ဝမ်းမြောက်ခြင်းရှိစေလိမ့်မည်။ မြေကြီးပေါ်၌ ကျွန်ုပ်တို့အမှုဆောင်ခြင်းကုန်ဆုံးသောအခါ ထိုသို့ငယ်သောတာဝန်များကို ကျွန်ုပ်တို့သစ္စာအပြည့်နှင့်လုပ်ဆောင်ခဲ့သောအမှုတိုင်းသည် ကောင်းစွာသောဩဇာလွှမ်းမိုးခြင်းတစ်ရပ်ကို အားထုတ်ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။ ဘယ်သောအခါမျှ မပျက်စီးနိုင်သောဩဇာလွှမ်းမိုးခြင်းလည်း ဖြစ်ပါသည်။ (ဃ ၂၆၄.၂)

ဘုရားသခင်ထံတော်၌အကျိုးရလဒ်အပ်ထားလိုက်ပါ

ကောင်းသောမျိုးစေ့သည် အချိန်အတိုင်းအတာတစ်ခုအတွင်း အေးအေးဆေးဆေးတစ်ကိုယ်ကောင်းစိတ်နှင့် လောကဆန်ဆန်နှလုံးသားဖြင့် မြေတွင်းထဲ၌ အမြစ်ပေါက်နေသည်ဟု သက်သေမပေးဘဲ မသိမသာရှိနေပါလိမ့်မည်။ သို့သော် နောက်ပိုင်းရောက်သောအခါ လူ့ကိုယ်အထဲ ဘုရားသခင်ဝိညာဉ်တော်မှုတ်သွင်းတော်မူသကဲ့သို့ ဖုံးအုပ်နေသောမျိုးစေ့သည် အညှောက်ပေါက်ထွက်၍ အပင်ဖြစ်လာပြီး နောက်ဆုံးတွင် ဘုရားသခင်တန်ခိုးတော်ထင်ရှားစေသောအသီးသီးခြင်းရှိလာ၏။ ကျွန်ုပ်တို့၏ဘဝအသက်တာထဲ၌လည်း ထိုအရာ၊ ဤအရာ၊ မည်သည့်အရာများကောင်းစားခြင်းရှိလာမည်ကို မသိရကြပါ။ ဤအချက်သည် ကျွန်ုပ်တို့အတွက် အဖြေရှာရန် မေးခွန်းတစ်ခု မဟုတ်။ ကျွန်ုပ်တို့သည် ကိုယ့်အလုပ်ကို ကိုယ်လုပ်နေကြရမည် သာဖြစ်သည်။ အကျိုးထွက်ရှိခြင်းကို ဘုရားသခင်၌သာ အပ်ထား ရမည်။ "နံနက်အချိန်၌မျိုးစေ့ကိုကြဲလော့။ ညဦးအချိန်၌လည်း မကြဲဘဲမနေ နှင့်။" ဘုရားသခင်၏ကြီးမြတ်တော်မူသောပဋိညာဉ်တရားကြွေးကြော်သည် ကား "မြေကြီးတည်နေစဉ်အခါ---- မျိုးစေ့ကြဲချိန်နှင့်ရိတ်သိမ်းချိန်တို့သည် မပျောက်မပျက်စေရ" ဟူ၏။ ဤကတိတော်၌ စိတ်ချယုံကြည်သူအိမ်ထောင်ဦးစီးယောကျ်ားသည် ထွန်ယက်ခြင်း၊ မျိုးစေ့ကြဲခြင်းပြုနေ၏။ ဝိညာဉ်မျိုးစေ့ကြဲခြင်းအမှုကိုဆောင်သူ ကျွန်ုပ်တို့သည် ထိုသို့စိတ်ချယုံကြည်မှုထက် မလျော့စေဘဲ ကိုယ်တော်ပေးသောအာမခံချက်၌ စိတ်ချအပ်နှင်းခြင်း ရှိရမည်။ "ထို့အတူ ငါ၏နှုတ်ကပတ်တော်စကားသည် ဖြစ်လိမ့်မည်။

အကျိုးမရှိဘဲ ငါ့ထံသို့မပြန်ရ။ ငါ့အလိုကို ပြည့်စုံစေမည်။ငါစေခိုင်းသောအမှု၌ အောင်လိမ့်မည်။"---"မျက်ရည်ကျလျက်ကြဲရန် မျိုးစေ့ကိုဆောင်၍ ထွက်သွားသောသူသည် ကောက်လှိုင်းများကိုဆောင်လျက် ရွှင်လန်းသောစိတ်နှင့်အမှန်ပြန်လာလိမ့်မည်။" (ဆာ ၁၂၆း၆)

–o–

## အခန်း (၂၇)
# အမှုတော်မြတ်၌ပါဝင်ခြင်းအတွက်အကျိုးရခြင်း

### တန်ဖိုးမဖြတ်နိုင်

ဘုရားသခင်၏အစေကိုခံခြင်းသည် အကျိုးမဲ့အရာမဖြစ်ပါ။ သူတို့ဘဝ၌ ဘုရားသခင်၏အစေခံအမှုတော်ကိုဆောင်ရန် စိတ်တမ်းလျက်ရှိသူများအတွက် တန်ဖိုးမဖြတ်နိုင်သောအကျိုးရှိပါ၏။ (ဃှ ၂၆၆.၁)

ဘုရားသခင်၏အမှုတော်ထဲ၌ စွန့်လွှတ်အနစ်နာခံခြင်းအမှုတိုင်းသည် "ကျေးဇူးတော်အလွန်ကြွယ်ဝသည့်အတိုင်း" ဆုလာဘ်ချီးမြှင့်ခြင်းခံရကြလိမ့်မည်။ (ဃှ ၂၆၆.၂)

ဤလောက၌ ခရစ်တော်နှင့်အတူတကွ လုပ်ဆောင်ခြင်းအတွက် ကျွန်ုပ်တို့ရရှိသည့်အကျိုးသည် နောင်လာမည့်အနာဂတ်ကမ္ဘာ၌ ကိုယ်တော်နှင့်အတူလုပ်ဆောင်ခြင်း၏ကြီးစွာသောတန်ခိုးနှင့်အခွင့်ထူးကို ရခြင်းဖြစ်ပါ ၏။

### တန်ဖိုးထားမှုအခြေခံ

ဘုရားသခင်အား အစေခံပေးအပ်ခြင်း၏တန်ဖိုးသည် အမှုဆောင်ခြင်း၌သုံးသောကာလရှည်ကြာခြင်းထက် ပေးဆပ်လိုက်ရသောစိတ်ဝိညာဉ်ဖြင့်တိုင်းတာယူပါသည်။ (ဃှ ၂၆၆.၄)

ဘုရားသခင်အလိုတော်ဘဝ၌ သူတို့ရှေ့ဆက်အောင်မြင်မှုရခြင်းသည် သူတို့ကိုအားဖြည့်ပေးသောကိုယ်ပိုင်စွမ်းရည်တိုးတက်ခြင်းအပေါ်၌ မူတည်ပါ၏။ သူတို့အတွက် အနာဂတ်အကျိုးသည် သူတို့သခင်အား အစေခံဆောင်ရွက်ပေးနေသောဂုဏ်ရည်သမာဓိနှင့် ကြိုးပမ်းအားထုတ်ခြင်းအပေါ်၌ အချိုးကျရှိစေပါလိမ့်မည်။ (ဃှ ၂၆၆.၅)

ဘုရားသခင်သည် အမှုတော်မြတ်ကြီးတစ်ခုကို ပြီးစီးအောင်လုပ်ဆောင်ရန်ရှိပါ၏။ လက်ရှိဘဝ၌ သစ္စာအရှိဆုံးနှင့်အမှုတော်ကို ဆောင်ရွက်လိုသောဆန္ဒရှိသူများအား နောင်ဘဝ၌ သူတို့အတွက် အကောင်းဆုံးအမွေခံသေတမ်းစာကို ဘုရားသခင်ရေးပေးခဲ့လိမ့်မည်။ (ဃ ၂၆၆.၆)

စပျစ်ဥယျာဉ်ခြံအတွင်းသို့ ဆယ့်တစ်နာရီအချိန်၌ အလုပ်လုပ်ရန်ဝင်လာသူသည် အလုပ်လုပ်ခွင့်ရလိုက်သည့်အတွက် ကျေးဇူးတင်စိတ်ရှိလိမ့်မည်။ သူတို့စိတ်နှလုံးသည် သူတို့ကိုလက်ခံသောသူတစ်ယောက်ကို ကျေးဇူးတင်စိတ်အပြည့်ရှိနေသည်။ အလုပ်လုပ်သောထိုနေ့ရက်အဆုံး၌ အိမ်ရှင်သည် သူတို့အား တစ်ရက်စာလုပ်ခအပြည့်ထုတ်ပေးလာသည်ကို သူတို့သည် ကြီးစွာအံ့သြရလေ၏။ သူတို့၌ ယင်းလုပ်ခငွေမရထိုက်သည်ကို သူတို့သိရှိကြပါသည်။ အလုပ်ရှင်၏မျက်နှာထားပေါ်မှာ ကြင်နာမှုဖော်ပြနေသည်ကို သူတို့တွေ့ရ၍လည်း ဝမ်းမြောက်ဝမ်းသာဖြစ်နေကြသည်။ သူတို့သည် အိမ်ရှင်၏ကောင်းမြတ်ခြင်းကို ဘယ်တော့မှမမေ့တော့ပါ။ သူတို့ရရှိခဲ့သည့်ရက်ရက်ရောရောပေးကမ်းလာသောလုပ်ခဆုကျေးကိုလည်း သူတို့မမေ့နိုင်ပါချေ။

ဆိုရလျှင် သခင်၏စပျစ်ဥယျာဉ်ထဲသို့ ဆယ့်တစ်နာရီအချိန်ဝင်လာသောသူတစ်ဦးသည် အပြစ်သားဖြစ်၍ သူ၌မထိုက်မတန်သည်ကို သိနေသူဖြစ်သည်။ သူလုပ်ရသောအချိန်သည် အလွန်တိုတောင်းသောကြောင့် လုပ်ခအကျိုးရဖို့မထိုက်သည်ကို ခံစားမိသော်လည်း သူသည် ဘုရားသခင်က သူ့ကိုလုံးလုံးလက်ခံထားသည့်အတွက် ဝမ်းမြောက်စိတ်နှင့်ပြည့်နေသူဖြစ်၏။ ထို့ကြောင့် သူသည် နှိမ့်ချခြင်း၊ စိတ်ချယုံကြည်ခြင်းဖြင့် ခရစ်တော်နှင့်အတူလုပ်ဖော်ကိုင်ဖက်တစ်ယောက်ဖြစ်ရခြင်းအခွင့်ထူးအတွက် ကျေးဇူးတင်စိတ်ဖြင့်အမှုတော်ကို ထမ်းရွက်ခဲ့၏။ ဤစိတ်ဝိညာဉ်သည် ချီးမွမ်းခံယူရန် ဘုရားသခင်နှစ်သက်ကျေနပ်တော်မူခြင်းဖြစ်သည်။ (ဃ ၂၆၇.၁)

သေချာသောအကျိုး

"လူတိုင်း ကိုယ်အလုပ် ကိုယ်လုပ်စေရမည်" ဟူ၍ လူတို့တတ်နိုင်စွမ်းအလိုက် ခွဲခန့်ထားတော်မူခဲ့သောပုဂ္ဂိုလ်သည် တာဝန်ကိုသစ္စာသိစွာလုပ်ဆောင်ခဲ့ကြသူများအား အကျိုးမပေးဘဲ ဘယ်အခါမျှရှိစေမည်မဟုတ်။ သစ္စာတရားနှင့်ယုံကြည်ခြင်းအားဖြင့် ပြုသောအမှုတိုင်းသည် ဘုရားသခင်ထံမှ မျက်နှာရခြင်း၊ သဘောကျခြင်းအထူးလက်မှတ်ဖြင့် သရဖူဆောင်းကြရလိမ့်မည်။ လုပ်ဆောင်သူတိုင်းသည် ကတိတော်ကို ရထားကြသည်။ "မျက်ရည်ကျလျက်ကြဲရန် မျိုးစေ့ကိုဆောင်၍ ထွက်သွားသောသူသည် ကောက်လှိုင်းများကိုဆောင်လျက် ရွှင်လန်းသောစိတ်နှင့်အမှန်ပြန်လာလိမ့်မည်။" (ဃ ၂၆၇.၂)

အမှုဆောင်ကာလတိုတောင်းသည် (သို့မဟုတ်) စိတ်နှိမ့်ချလုပ်ကိုင်ခဲ့သည်ဟူ၍ မည်သို့ပင်ဖြစ်စေ၊ ကျွန်ုပ်တို့သည် ခရစ်တော်နောက်သို့ ရိုးရိုးယုံကြည်ခြင်းနှင့်လိုက်ပါလျှင် အကျိုးရရန် ကျွန်ုပ်တို့စိတ်ပျက်ကြရမည်မဟုတ်။ ကြီးမြတ်သူနှင့်ဉာဏ်ကြီးရှင်တွေက လုပ်၍မရနိုင်ဖြစ်ရသည်ပင်လျှင် အားနည်းသူနှင့် စိတ်အနှိမ့်ချဆုံးလူများသည် လက်ခံရကြလိမ့်မည်။ ကောင်းကင်ဘုံရွှေတံခါးကြီးသည် ကိုယ့်ဘာသာကိုယ်ချီးမြှောက်သူတို့အားဖွင့်ပေးလိမ့်မည်မဟုတ်ပါ။ စိတ်ဓာတ်မာနကြီးသူများအတွက်လည်း တံခါးကြီးကမပွင့်။ သို့သော် ထာဝရတံခါးမုခ်ဝသည် ငယ်သောသူတစ်ယောက်၏တုန်ယင်ထိတွေ့လာသောလက်ကို ကျယ်စွာဖွင့်ပေးလိမ့်မည်။ ဘုရားသခင်ကိုရိုးရိုးယုံကြည်ခြင်းနှင့် ချစ်ခြင်းရှိသောသူများအတွက် ကောင်းချီးမင်္ဂလာသည် ကျေးဇူးတော်ချီးမြှင့်ငွေရခြင်းဖြစ်လိမ့်မည်။ (ဃ ၂၆၇.၃)

ဤအမှုတော်ကို လုပ်ဆောင်နေကြသူများ၏နဖူးစည်းသည် မာတုရယဇ်သရဖူကို ဆင်မြန်းရကြလိမ့်မည်။ သို့သော်လည်း သူတို့ရရှိမည့်အကျိုး ကိုသူတို့လက်ခံရကြသည်သာတည်း။ (ဃ ၂၆၇.၄)

ဘုရားသခင်အတွက် လုပ်ဆောင်သူတိုင်း၌ ဤအတွေးသည် သွေးကြွစေသည့်အရာတစ်ခု၊ အားတက်စေသည့်အရာတစ်ခုဖြစ်ပါလိမ့်မည်။ ဤဘဝ၌

သခင်ဘုရားအတွက် ကျွန်ုပ်တို့လုပ်နေသောအလုပ်သည် အကျိုးမရှိပြီဟု မကြာမကြာထင်ရကြ၏။ ကောင်းသောအမှုကို ကျွန်ုပ်တို့ကြိုးစားလုပ်ဆောင်ရာတွင် စိတ်ပါလက်ပါနှင့်ထိန်းထားနိုင်ခဲ့ကြ၏။ သို့တိုင်လည်း အကျိုးထွက်သည်ကို သက်သေပေးရန် အခွင့်မရခဲ့ကြပါ။ ဤတွင် ကျွန်ုပ်တို့၏ကြိုးစားခြင်းပျောက်ဆုံးသွားပြီဟု ထင်ရနိုင်သည်။ သို့သော်လည်း ကယ်တင်သောအရှင်သခင်သည် ကျွန်ုပ်တို့၏အလုပ်ကို ကောင်းကင်ဘုံ၌ ရေးမှတ်ထားကြောင်း အာမခံပေးသည်။ ကျွန်ုပ်တို့ရမည့်ဆုလာဘ်သည် မဆုံးရှုံးနိုင်ပါ။ (ဃ ၂၆၇.၅)

တရားမျှတမှု၊ ကြင်နာမှုနှင့်စေတနာစိတ်ဖြင့်ပြုသောအမှုတိုင်း၊ အကျင့်တိုင်းသည် ကောင်းကင်ဘုံ၌ ဂီတသံများဖြစ်လေ၏။ ပလ္လင်ထက်ရှိ ခမည်းတော်ဘုရားသခင်သည် သူတို့၏တင်ဆက်ခြင်းကို ကိုယ်တော်၏အဖိုးတန်ဆုံးရတနာများအဖြစ် ရှုမြင်ရေတွက်တော်မူလေ၏။ "ငါ၏ကျောက်မျက်ရတနာများအဖြစ် သူတို့သည် ငါ၏ဥစ္စာဖြစ်ကြ၏ဟု ကောင်းကင်ဗိုလ်ခြေအရှင်ဘုရားသခင်မိန့်တော်မူ၏။" ဆင်းရဲသူများနှင့်ဒုက္ခခံနေကြသူများအား စာနာသနားခြင်းဖြင့် ပြုသောအမှုတိုင်းသည် ယေရှုကိုပြုသည်ဖြစ်၏။ ဆင်းရဲသားများကို စောင့်မကြည့်ရှုသူ၊ ဒုက္ခရောက်သူနှင့် ဖိနှိပ်ခံကြရသူများကို ညှာတာထောက်ထားသူနှင့် မိဘမဲ့များနှင့်မိတ်ဆွေဖွဲ့သူများသည် သူတို့ကိုယ်ကိုသူတို့ယေရှုနှင့်ပို၍နီးကပ်စွာဆက်ဆံနေကြသူများဖြစ်ကြလေ၏။ (ဃ ၂၆၈.၁)

အကြောင်းမလှသူ၊ မျက်စိမမြင်၊ ခြေကျိုး၊ ဖျားနာသူများနှင့် မုဆိုးမများ၊ မိဘမဲ့များအပေါ်၌ သနားကြင်နာခြင်း၊ စေတနာထားခြင်းနှင့်အတူတွေးဆထောက်ထားပြုစုသောအမှုတိုင်းသည် ခရစ်တော်ကိုပြုစုသကဲ့သို့ကိုယ်တော်မှတ်ယူလေ၏။ ဤအမှုများကို ကောင်းကင်ဘုံမှတ်တမ်း၌ ထိန်းသိမ်းထားသည်ဖြစ်၍ အကျိုးကိုရကြလိမ့်မည်။ (ဃ ၂၆၈.၂)

## တရားမျှတသောအကျိုးတစ်ရပ်

ဘုရားသခင်သည် ကောင်းမြတ်တော်မူသည်။ ကိုယ်တော်သည် သနားခြင်းကရုဏာတော်နှင့်ကြင်နာသောနှလုံးသားရှိတော်မူ၏။ ကိုယ်တော်

သည် ဘုရားသခင်သားသမီးတစ်ယောက်စီတိုင်းနှင့် ရင်းနှီးစွာဆက်ဆံသည်။ ကျွန်ုပ်တို့တစ်ယောက်ချင်းစီတိုင်းက ဘာလုပ်နေကြသည်ကိုလည်း သိရှိတော်မူသည်။ တစ်ယောက်ချင်းစီကိုလည်း မည်ရွေ့မည်မျှချီးမွမ်းအမှတ်ပေးရမည်ဆိုသည်ကို သိတော်မူ၏။ သင်၌ရမည့်ကောင်းကျိုးအမှတ်စာရင်းနှင့် ရှုတ်ချအမှတ်စာရင်းတို့ကိုချခင်း၍ ဘုရားသခင်ကိုယ်တိုင်ပြုစုစေရန် မအပ်ပြီလော။ အကယ်၍ သင်သည် ဘုရားသခင်ပေးအပ်သည့်အလုပ်ကို နာခံပြုစုလျှင် ဘုန်းဦးရစ်သရဖူကို သင်ဆောင်းရလိမ့်မည်။ (ဃ ၂၆၈.၃)

ဘုရားသခင်သည် ကျွန်ုပ်တို့ရမည့်အကျိုးပမာဏကို မေးခွန်းမထုတ်ဘဲ ကိုယ်တော်ထံ၌ အနားယူရန် ကျွန်ုပ်တို့ကိုလိုလားတော်မူသည်။ ခရစ်တော်သည် ဝိညာဉ်ရေးကိုစောင့်သောအခါ အကျိုးအတွက် အတွေးကိုအမြင့်ဆုံး၌ထားသည်မဟုတ်။ ဤအရာသည် ကျွန်ုပ်တို့အမှုဆောင်ရခြင်း၏အကြောင်း၏ရည်ရွယ်ချက်မဟုတ်ပါ။ (ဃ ၂၆၈.၄)

အမိုးအောက်ထပ်ခိုးမှ၊ တဲစုတ်ထဲမှ၊ မြေအောက်အကျဉ်းတိုက်ထဲမှ၊ ကြိုးစင်ပေါ်မှ၊ တောင်ပေါ်နှင့်သဲကန္တာရအတွင်းမှ၊ မြေကြီးတွင်းဂူနှင့်ပင်လယ်လိုဏ်ဂူကြီးအတွင်းမှ ဘုရားသခင်သားသမီးများအားလုံးကို ခရစ်တော်ကိုယ်တိုင်ခေါ်ယူစုစည်းပါလိမ့်မည်။ ထိုသူများသည် မြေကြီးပေါ်၌ ခိုကိုးရာမဲ့ဖြစ်ခြင်း၊ ဒဏ်ရာအနာတရရှိခြင်းနှင့် အလွန်အမင်းစိတ်ဆင်းရဲခြင်းရှိခဲ့ကြသည်။ လူသန်းပေါင်းများစွာသည် သင်္ချိုင်းတွင်းထဲသို့ အရှက်တရချသွင်းခြင်းခံနေကြရ၏။ အကြောင်းမှာစာတန်လုပ်စေလိုသောလှည့်ဖြားခြင်းကို လွန်ဆန်၍ သူတို့ငြင်းဆိုခဲ့ကြသောကြောင့်ဖြစ်သည်။ လူသားတရားခွင်၌ ဘုရားသခင်သားသမီးများကို အဆိုးရွားဆုံးရာဇဝတ်ကောင်များအဖြစ် စီရင်ချက်ချမှတ်တတ်ကြသည်။ "ဘုရားသခင်သည် ကိုယ်တိုင်တရားစီရင်တော်မူမည်" ဆိုသောနေ့ရက်ရောက်လုနီးပါပြီ။ ထိုအခါ မြေကြီးစီရင်ချက်သည် ကပြောင်းကပြန်ဖြစ်ပေမည်။ "ကိုယ်တော်၏လူများကို ဆုံးမခြင်းအမှုကို ကိုယ်တော်ယူထုတ်ပစ် မည်။ ဖြူသောဝတ်ရုံကို သူတို့တစ်ယောက်ချင်းစီတိုင်းအား ပေးအပ်မည်။

ထို့နောက် "သူတို့ကိုသန့်ရှင်းသောသူ၊ ဘုရားသခင်ရွေးနုတ်ကယ်တင်သော သူ" ဟူ၍ ခေါ်ဆိုကြလိမ့်မည်။ (ဃ ၂၆၈.၅)

လက်ငင်းအကျိုး

ပျော်ရွှင်ဝမ်းမြောက်ခြင်း။ ခရစ်တော်နည်းတူ သာသနာပြုခြင်း၌ သူတို့၏ဘဝများကို အပ်နှံကြသူများသည် စစ်မှန်သောဝမ်းမြောက်ခြင်း၏ အဓိပ္ပါယ်ကိုသိကြသည်။ သူတို့စိတ်ဝင်စားမှုနှင့်ဆုတောင်းခြင်းများသည် ကိုယ်ကျိုးကိုကျော်၍ ဝေးစွာရောက်၏။ အခြားသူများအား အကူအညီပေးရန် သူတို့ကြိုးစားသည်နှင့်အမျှ သူတို့ကိုယ်တိုင်ကြီးထွားလာခဲ့ကြသည်။ သူတို့သည် ကြီးမားသောစီမံကိန်းများနှင့်သော်လည်းကောင်း၊ အလှူဆော်ဆုံးသောလုပ်ငန်း ရပ်များနှင့်သော်လည်းကောင်း ရင်းနှီးလာကြစဉ် ဘုရားသခင့်အလင်းတော်နှင့် ကောင်းချီးမင်္ဂလာလမ်းမပေါ်၌ သူတို့ကိုယ်တိုင်နေရာယူလာကြသောအခါ အဘယ်ကဲ့သို့သူတို့ကြီးထွားလာနိုင်ကြပါသလဲ။ ထိုသူအယောက်တိုင်းသည် ကောင်းကင်ဘုံမှဉာဏ်ကို လက်ခံရခဲ့ကြ၏။ သူတို့သည် ခရစ်တော်နှင့်အတူ အကြံအစည်တော်ရပ်များအားလုံးကို ပို၍ပို၍ခွဲခြားသိမြင်လာခဲ့ကြသည်။ ဝိညာဉ်ရေးဓောက်ထိုးကျသွားမည့်အရေး တွေးမပူရတော့ပါ။ (ဃ ၂၆၉.၁)

ဤအမှုတော်မြတ်ထဲ၌ အောင်မြင်ခြင်းရသောအသင်းတော်သည် ဝမ်းမြောက်သောအသင်းတော်တစ်ပါးဖြစ်ပါသည်။ ထိုယောကျ်ား၊ ထိုမိန်းမတို့၏စိတ်ဝိညာဉ်သည် အမှားလုပ်သူတို့ကို ကရုဏာမေတ္တာနှင့်ချစ်ခြင်း၌ နစ်လျက်ရှိ၍ ထိုသူများအား သိုးထိန်းကြီး၏ထိန်းသိမ်းမှုအောက်သို့ရောက်စေရန် ပို့ပေးနေသောသူတို့သည် မင်္ဂလာရှိသောအမှုတော်၌ ပါဝင်သူများဖြစ်ကြသည်။ အိုအဘယ်မျှရွှေဘဝင်ခိုက်စေလိုက်ပါသလဲ။ အပြစ်သားတစ်ယောက်ကို ပြန်လည်သိမ်းဆည်းရမိလိုက်သောအခါ ကိုးဆယ့်ကိုးယောက်သောအခြား လူတွေအပေါ်မှာထက် ကောင်းကင်ဘုံ၌ ဝမ်းမြောက်ခြင်းပိုရလေပြီ။ (ဃ ၂၆၉.၂)

ဘုရားသခင်အလိုတော်သို့ အပ်နှံပြီးသူတစ်ယောက်သည် ငြီးငွေ့ဖွယ် တကုပ်ကုပ်လုပ်ရသောအလုပ်ဟူ၍ ဘာတစ်ခုမျှမရှိတော့ပါ။ "ဘုရားသခင် အတွက် လုပ်ဆောင်ပါ" ဆိုသည့်အမြင်တစ်ခုသည် သူ့ကိုဘုရားသခင် ပေးသောအလုပ် ဘာအလုပ်မဆိုလုပ်နေရခြင်း၌ နှစ်လိုဖွယ်အရာတစ်ခုကို ရလိုက်ခြင်းဖြစ်၏။ (ဃ ၂၆၉.၃)

ခရစ်ယာန်ဝန်ဆောင်များသည် ကောင်းကင်မှပေးလာသောသူ့အလုပ် ထဲ၌ ငြီးငွေ့ဖွယ်တကုပ်ကုပ်လုပ်ရသည့်အလုပ်မရှိဟု သိထားကြသည်။ သူသည် အပြစ်၏ကျေးကျွန်အဖြစ်မှ လွတ်မြောက်သွားသောဝိညာဉ်များစွာကို မြင်ရ၍ သခင်ဘုရားနှင့်အတူ ဝမ်းမြောက်ခြင်းသို့ ဝင်စားနိုင်သူဖြစ်၏။ ဤဝမ်းမြောက် ခြင်းသည် မိမိကိုယ်ကိုမိမိငြင်းပယ်ခြင်းပြုသည့်အခါတိုင်း၌ လုပ်ရကျိုးနပ်စေ ပါသည်။ (ဃ ၂၆၉.၄)

အလုပ်ကြမ်းလုပ်သူတစ်ယောက်ဖြစ်လာခြင်းနှင့် မိမိကိုယ်ကိုမိမိ ငြင်းပယ်၍ လုပ်ဆောင်သူအဖြစ် အခေါ်ခံရသူတို့၏ကောင်းသောအမှုပြုခြင်း၌ စိတ်ရှည်မှုဆက်ဆက်ရှိခြင်းသည် ကောင်းကင်ဘုံမှ အပြုံးပေးသောဂုဏ်ဝင့် ဖွယ်အလုပ်ဖြစ်သည်။ (ဃ ၂၆၉.၅)

သိသိသာသာမျှော်လင့်ခြင်းမဲ့၍ စာတန်တန်ဖိုးထားရန် အလား အလာမရှိသူများကို ခရစ်တော်သည် လက်ခံရန် ဝမ်းမြောက်ကျေနပ်သူဖြစ် သည်။ ကိုယ်တော်သည် ထိုသူတို့မှတစ်ဆင့် အလုပ်လုပ်ရန် သူတို့ကိုကျေးဇူး တော်လွှမ်းမိုးခြင်းအောက်သို့ရောက်စေတော်မူ၏။ ကိုယ်တော်သည် သူ၏ သားသမီးများကို အမှုတော်မြတ်ပြီးစီးစေခြင်း၌ ကိုယ်စားလှယ်တော်များဖြစ် စေသည်။ အောင်မြင်ခြင်း၌ သူတို့သည် ဤဘဝ၌ပင်လျှင် အဖိုးတန်အကျိုး များရကြ၏။

ကောင်းချီးမင်္ဂလာ။ ခရစ်တော်အတွက် ကြိုးပမ်းဆောင်ရွက်မှုတိုင်းသည် ကျွန်ုပ်တို့အပေါ်၌ ကောင်းချီးမင်္ဂလာအဖြစ် တုံ့ပြန်ရောက်လာလိမ့်မည်။

လုပ်ဆောင်ပြီးသောတာဝန်တိုင်းနှင့် ယေရှုနာမ၌ အနစ်နာခံပြုစုသော အမှုတိုင်းသည် အလွန့်အလွန်အကျိုးကြီးမားစွာယူလာပေးပါသည်။ တာဝန် ယူပြုစုသောအမှုတိုင်း၌လည်း ဘုရားသခင်စကားပြော၍ ကောင်းချီးပေးပါ ၏။ (ဃ ၂၇၀.၂)

ကျွန်ုပ်တို့သည် ကယ်တင်ရှင်ဆီသို့ ဝိညာဉ်များအရောက်ပို့ပေးရန် ဤလောကထဲ၌ အသက်ရှင်နေကြရ၏။ အခြားသူများကို ကျွန်ုပ်တို့နာကျင် စေလျှင် ကျွန်ုပ်တို့ကိုယ်တိုင်လည်း နာကျင်ရပါသည်။ အခြားသူများအား ကျွန်ုပ်တို့ကောင်းချီးပေးလျှင် ကျွန်ုပ်တို့ကိုယ်တိုင်လည်း ကောင်းချီးခံစားရပါ သည်။ အကြောင်းမှာ ကောင်းသောအကျင့်၏ဩဇာသက်ရောက်မှုတိုင်းသည် ကျွန်ုပ်တို့၏နှလုံးသားအပေါ်ဝယ် ရောင်ပြန်ဟပ်နေပါသည်။ (ဃ ၂၇၀.၃)

အခြားသူများအပေါ်သို့ အလင်း၏ရောင်ခြည်ဖြန့်ချလေတိုင်း ကျွန်ုပ် တို့၏နှလုံးသားအပေါ်သို့ ရောင်ပြန်ဟပ်ရောက်လာပါလိမ့်မည်။ ဝမ်းနည်း ပက်လက်ခံစားနေရသူကို အကြင်နာမေတ္တာစကားပြောလေတိုင်း၌လည်းကောင်း၊ ဖိနှိပ်ခံရသူကို သက်သာစေသောအမှုတိုင်းနှင့် ကျွန်ုပ်တို့၏အပေါင်းအသင်း များ၏လိုအင်ကို ဖြည့်ဆည်းပေးသောလက်ဆောင်ပစ္စည်းတိုင်း၌လည်းကောင်း၊ ဘုရားသခင်၏ဘုန်းတော်မျက်မှောက်၌ ပေးသည်၊ ပြုသည်ဖြစ်၍ ပေးကမ်း သူများကိုကောင်းချီးအကျိုးရစေလိမ့်မည်။ ဤသို့ဖြင့် ကောင်းကင်ပညတ် တော်တစ်ချက်ကို လိုက်နာရန် လုပ်ဆောင်သောသူသည် ဘုရားသခင်၏ သက်သေကို လက်ခံရရှိလိမ့်မည်။ (ဃ ၂၇၀.၄)

ခရစ်တော်ကြွရောက်လာသောအခါ၌ နောက်ဆုံးဆုကြီး ပေးကမ်းစဉ် တွင် ဘုရားသခင်အတွက် မှန်သောနှလုံးသားဖြင့် လုပ်ဆောင်သူသည် ဤဘဝအသက်ရှင်စဉ်၌ပင်လျှင် အကျိုးကိုရ လိမ့်မည်။ အတားအဆီးများ၊ ဆန့်ကျင်ရင်ဆိုင်ရမှုများနှင့်ခါးသီးမုန်းတီးခြင်း၊ အသည်းကွဲရခြင်း၊ ဇာတိပျက် အားလျှော့ရခြင်းများကို လုပ်ဆောင်သူများ ကြုံကြရပါလိမ့်မည်။ သူကြိုးစား လုပ်ခဲ့သောအကျိုးကျေးဇူးကို သူမမြင်ရနိုင်ပါ။ သို့သော်ထိုမျက်နှာစာ အားလုံး ထဲရှိ သူလုပ်ဆောင်ခဲ့သည်များ၌

ကောင်းချီးဆုလာဘ်ကိုသူတွေ့ရမည်။ လူသားချင်းစာနာမှုအတွက် ကိုယ်ကျိုးကင်းစွာလုပ်ဆောင်လျက် ဘုရားသခင့်ထံ သူတို့ကိုယ်သူတို့ အပ်နှံကြသူအားလုံးသည် ဘုရားသခင်ဘုန်းတော်နှင့်အတူ ဝင်စားလုပ်ဆောင်သူများဖြစ်ကြ၏။ ဤအမြင်သည် အလုပ်ကြမ်းအားလုံးကို ချိုမြိန်စေ၏။ ဆန္ဒများကိုစောင့်ထိန်းထား၏။ ပြိုလဲမည့်အခါတိုင်း စိတ်တင်းလျက် သတ္တိမွေးနိုင်ပါသည်။

ကျန်းမာရေး။ ကောင်းစွာပြုခြင်းသည် ရောဂါကိုထက်မြက်စွာကုစားခြင်းတစ်ရပ်ဖြစ်၏။ အမှုတော်ထဲ၌ ပါဝင်နေကြသူများသည် ဘုရားသခင်ခေါ်ယူဖိတ်ကြားခြင်းခံရသူဖြစ်သည်။ သူတို့ကိုအဖြေပေးရန် ဘုရားသခင်ကိုယ်တော်တိုင်ကတိထားတော်မူ၏။ သူတို့၏စိတ်ဝိညာဉ်များသည် ခေါင်းပါးသောကာလ၌ပင် ကျေနပ်နေကြလိမ့်မည်။ သူတို့သည် ရေလောင်းသောဥယျာဉ်နှင့်တူလိမ့်မည်။ ရေငတ်သည်ဟူ၍မရှိရ။ (ဃု ၂၇၀.၆)

ဘုရားသခင်နှင့်အတူ၊ ခရစ်တော်နှင့်အတူ၊ သန့်ရှင်းသောကောင်းကင်တမန်များနှင့်အတူ မိတ်သဟာယပြုသူသည် ကောင်းကင်ဘုံသွင်ပြင်အခြေအနေတစ်ခုနှင့်အတူ ဝန်းရံခံရ၏။ ယင်းသွင်ပြင်အခြေအနေသည် ခန္ဓာကိုယ်ကိုကျန်းမာစေ၏။ ဥာဏ်ကိုသွက်လက်စေ၏။ စိတ်ဝိညာဉ်ဝမ်းမြောက်ရ၏။

အခြားသူများကို ကောင်းစားစေသောအမှုပြုခြင်း၌ ဝမ်းမြောက်ဝမ်းသာဖြစ်ခြင်းသည် အာရုံကြောများကိုနှိုးဆွပေးသောစိတ်ခံစားမှုများ၌ ပီတိဖြာစေသည်။ သွေးလေလည်ပတ်မှုသွက်လက်စေသည်။ စိတ်ကျန်းမာခြင်း၊ ကိုယ်ကျန်းမာခြင်းဖြစ်စေသည်။ (ဃု ၂၇၁.၂)

ခွန်အားစွမ်းပကား။ အားကြီးသောသူတစ်ယောက်ကို အလုပ်လုပ်ခွင့်ပိတ်ထားလိုက်လျှင် ထိုသူတုန်ယင်လာမည်။ အသင်းတော် (သို့မဟုတ်) လူတစ်စု သည် အခြားသူများအတွက် ဝန်ဆောင်နေခြင်းမှ သူတို့ကိုယ်သူတို့ ရပ်ပစ် လိုက်ခြင်း၊ သူတို့ကိုယ်တိုင်ကလည်း ပိတ်ပစ်ခြင်းရှိလျှင် မကြာမီဝိညာဉ်ရေးရာ ကတုန်ကယင်ခံစားလာကြလိမ့်မည်။ အလုပ်သည် အားရှိသူကိုဆက်လက်

အားရှိနေစေဖို့ ထိန်းပေးခြင်းဖြစ်သည်။ ဝိညာဉ်ရေးဝန်ဆောင်မှု၊ အလုပ်ကြိုးစားမှုနှင့်ဝန်ကို တင်ထမ်းခြင်းအမှုများသည် ခရစ်တော်၏အသင်းတော်ကို စွမ်းပကားရှိစေလိမ့်မည်။ (ဃ ၂၇၁.၃)

ငြိမ်သက်ခြင်း။ အခြားသူများအတွက် လုပ်ဆောင်ရာ၌ ချိုမြိန်သောအားရကျေနပ်ခြင်းရရှိကြလိမ့်မည်။ ကိုယ်တွင်း၌ ငြိမ်သက်ခြင်းသည် လုံလောက်သောအကျိုးကိုဖြစ်စေသည်။ အခြားသူများအတွက် ကောင်းသောအမှုလုပ်ပေးရန် အထက်တန်းမြင့်မြတ်သောဆန္ဒနှိုးဆော်ခံရသူများသည် အသက်လမ်းတာဝန်များကို သစ္စာရှိစွာဆောင်ရွက်ခြင်း၌ စစ်မှန်သောဝမ်းမြောက်ပျော်ရွှင်ခြင်းကို တွေ့ရပါလိမ့်မည်။ ဤအရာသည် မြေကြီးပေါ်၌ရသောအကျိုးထက်ပို၍ရပါ၏။ အကြောင်းမှာ သစ္စာစောင့်ခြင်း၊ အတ္တကင်းလျက်တာဝန်ထမ်းဆောင်ခြင်းအကြိမ်တိုင်းသည် ကောင်းကင်တမန်များသိမှတ်၍အသက်စာရင်းမှတ်တမ်းထဲ၌ ထွန်းလင်းနေမည်။ (ဃ ၂၇၁.၄)

အနာဂတ်အကျိုးရမှု

ထာဝရအသက်။ စိတ်ထက်သန်ခြင်း၊ ကြိုးစားတွေးဆခြင်းအားဖြင့်ကူညီရမည့်အရာများကို အကူအညီပေးရန်လိုအပ်သည်။ စစ်မှန်သောခရစ်ယာန်သည် ဘုရားသခင်အတွက်နှင့် သူ့မိတ်ဆွေအပေါင်းအသင်းများအား မေတ္တာထားကြောင်းပြသရမည်။ သူသည် အမှုတော်ဆောင်စဉ်မှာ အသက်ဆုံးရှုံးနိုင်သည်။ သို့ရာတွင် ခရစ်တော်သည် ကိုယ်တော်၏ရတနာများကို ကိုယ်တော်တိုင်ရွေးကောက်ယူရန် ကြွလာတော်မူသောအခါ သူ့အသက်ကိုပင် သူတစ်ဖန်ပြန်ရလိမ့်မည်။ (ဃ ၂၇၁.၅)

သနားခြင်းကရုဏာတရားဖြင့်အိမ်တော်မှကြိုဆိုခြင်း။ ထာဝရအသက်၏လက်တစ်ကမ်းပေါ်မှာ ရပ်နေပါ။ ဤဘဝ၌ခရစ်တော်နှင့်ပူးပေါင်းလုပ်ဆောင်၍ ကိုယ်တော်အတွက် အနာခံရခြင်း၌ အခွင့်ထူးနှင့်ဂုဏ်ပုဒ်အဖြစ် မှတ်ယူကြသူတို့အား သနားခြင်းကရုဏာဖြင့် ကြိုဆိုခေါ်ယူနေသည်ကို နားကြားပါ။

ထိုအရပ်၌ ရွေးနုတ်သူဘုရားသခင်သည် သူတို့ကိုကြိုဆို၍ မြှောက်ယူတင်ထားသောကယ်တင်ရှင်ထံသို့ အရောက်လမ်းပြပေးခဲ့သည်။ သူတို့သည် ဘုရားသခင်ပေးသောအသက်အတိုင်းအဆအတိုင်း အသက်ရကြသည့်လူသားတို့အတွက် အသေခံပေးခဲ့သူကိုယ်တော်တစ်ပါးကို ကျေးဇူးတင်ချီးမွမ်းရင်းတညီတညွတ်တည်းရှိခဲ့ကြသည်။ ပဋိပက္ခဖြစ်မှုပြီးဆုံးသွားလေပြီ။ အားလုံးသောဘေးဒဏ်ကြီးများနှင့် ခိုက်ရန်ဒေါသတို့သည် အဆုံးရောက်ချေပြီ။ ကောင်းကင်ဘုံတစ်ခွင်၌ အောင်ခြင်းသီကျူးသံပြည့်နေပါ၏။ ရွေးနုတ်ခံရသူများသည် ဘုရားသခင်၏ပလ္လင်တော်ကို ဝန်းရံနေကြပါ၏။ အားလုံးသည် ဝမ်းမြောက်ခြင်းဗီဇကို ယူတင်လိုက်ကြ၏။ "အသေသတ်ခြင်းကိုခံခဲ့ပြီးသောသိုးသငယ်သည် ---ကောင်းချီးမင်္ဂလာကို ခံထိုက်တော်မူ၏။" ကိုယ်တော်သည် ကျွန်ုပ်တို့ကိုဘုရားသခင်ထံသို့ ရွေးနုတ်တင်ပေးလေသည်။ (ဃ ၂၇၁.၆)

မှတ်တမ်းစာစောင်ထဲတွင် ရေးထားသည့်အတိုင်းသာ သူတို့၏ဘဝဖြစ်ပါလျှင် သူတို့၏စရိုက်လက္ခဏာသည် ကြင်နာသနားခြင်း၊ ကိုယ့်ကိုကိုယ်ငြင်းပယ်ခြင်းနှင့် စေတနာစိတ်ရှိကြသည်ဟူ၍ မှတ်သားခံကြရပါမည်။ ထို့ကြောင့် သူတို့သည် ကောင်းချီးကြွယ်ဝ၍ ခရစ်တော်ထံမှဘိသိက်ပေးခြင်းခံရကြပါလိမ့်မည်။ "သာဓု–ငယ်သားကောင်း" "လာကြ၊ ငါ၏ခမည်းတော်ဘုရားသခင်ကောင်းချီးပေးပါစေသော်၊ ကမ္ဘာအစတည်ကတည်းက သင့်အတွက်ပြင်ဆင်ပေးသောနိုင်ငံတော်သို့ ဝင်စားကြလော့။" (ဃ ၂၇၂.၁)

ကောင်းကင်ဘုံပတ်ဝန်းကျင်။ ယခု၌အသင်းတော်သည် စစ်သူရဲကဲ့သို့ဖြစ် ၏။ ယခုပင် ကျွန်ုပ်တို့သည် အမှောင်လောကထဲ၌ ရုပ်ပုံကိုလုံးလုံးလျားလျားဦးချနေကြသူများနှင့်ထိပ်တိုက်တွေ့ဆုံနေကြရကုန်၏။ သို့သော် တိုက်ပွဲကိုတိုက်၍ အောင်နိုင်မည့်နေ့ရက်သို့ ရောက်လာနေပါပြီ။ ဘုရားသခင့်အလိုတော်သည် ကောင်းကင်ဘုံ၌ ပြည့်စုံသကဲ့သို့မြေကြီးပေါ်၌လည်း ပြည့်စုံလိမ့်မည်။ ကယ်တင်ခြင်းရသောတိုင်းနိုင်ငံများသည် ကောင်းကင်ဘုံဥပဒေထက်

အခြားဥပဒေကို သိကြရလိမ့်မည်မဟုတ်။ လူအားလုံးသည် ဝမ်းမြောက်ခြင်း၊ မိသားစုပေါင်းစည်းမိခြင်းဖြင့် ချီးမွမ်းခြင်းနှင့်ကျေးဇူးတင်ခြင်းအဝတ်ကို ဝတ်ဆင် ကြသည်။ ထိုအဝတ်သည်ခရစ်တော်၏ဖြောင့်မတ်ခြင်းအဝတ်တန်ဆာ ဖြစ် လေ၏။ ထူးကဲချစ်စဖွယ်သောသဘာဝကြီးသည် ဘုရားသခင်ကိုချီးမွမ်း ဂုဏ် ပြုခြင်းနှင့် ကြည်ညိုခြင်းဖြင့် ဆက်ကပ်အပ်နှံလာကြမည်။ လောကကြီး သည် ကောင်းကင်ဘုံအလင်းအောက်သို့ နစ်ဝင်လိမ့်မည်။ လ၏အလင်းသည် လည်း နေ၏အလင်းကဲ့သို့ဖြစ်၏။ လ၏အလင်းသည် ယခုလက်ရှိထက် ခုနစ်ဆသာ၍ လင်းလိမ့်မည်။ နှစ်များသည် ဝမ်းမြောက်ခြင်းဖြင့် ရွေ့သွား၏။ မြင်ကွင်း ပေါ်၌ မိုးသောက်ကြယ်များသည် အတူတကွသီချင်းဆိုလိမ့်မည်။ ဘုရားသခင် သားများသည်လည်း ဝမ်းမြောက်ခြင်းဖြင့် ဟစ်ကြွေးကြ လိမ့်မည်။ထိုအခါ ဘုရားသခင်နှင့်ခရစ်တော် သည် တညီတညွတ်တည်း ကြေညာလိုက်ကြလိမ့်မည်။"အပြစ်တရားမရှိတော့၊ သေခြင်းလည်းမရှိတော့ပြီ။"

ဥသျှံဝမ်းမြောက်ခြင်း။ ခရစ်တော်၏ဝမ်းမြောက်ခြင်းထဲသို့ဝင်စားရန်မှာ ကိုယ်တော်၏လုပ်သားများရရှိမည့်အကျိုးဖြစ်သည်။ ထိုဝမ်းမြောက်မှုမျိုးကို သခင်သည် ကျွန်ုပ်တို့အား ပေးလိုသည်မှာ ကြာလှပါပြီ။ ခမည်းတော်ဘုရား သခင်ထံသို့လည်း ယေရှုသည် ဤသို့တင်ပြတောင်းခံခဲ့ပါသည်။ "အကျွန်ုပ် အားပေးအပ်ထားသော ဤသူတို့ကို အကျွန်ုပ်နှင့်အတူ နေရပါမည်အကြောင်း အကျွန်ုပ်တောင်းလျှောက်ပါ၏။" (ယော ၁၇၂၄)

မြေကြီးပေါ်မှာ ဤအရပ်ကျွန်ုပ်တို့ဘဝထဲမှာ အပြစ်တရားကန့်သတ် ချက်ရှိနေသော်လည်း ကြီးစွာဝမ်းမြောက်ခြင်းနှင့်အမြင့်ဆုံးပညာရေးသည် အလုပ်ထဲ၌ရှိသည်။ အပြစ်လုပ်တတ်သောလူသားတို့၏ကန့်သတ်ချက်ဖြင့် နောင်ကြီးမဲ့အနာဂတ်အခြေအနေတွင် ကျွန်ုပ်တို့၏ကြီးစွာဝမ်းမြောက်ခြင်းနှင့် အမြင့်ဆုံးပညာရေးကို အလုပ်ခွင်ထဲ၌ပင် တွေ့ကြရမည်။ သက်သေခံခြင်း နှင့်သက်သေရရန် အသစ်လေ့လာခြင်းအမြဲရှိနေလိမ့်မည်။ "ဤနက်နဲသော အရာနှင့်ဆိုင်သောမဟာစည်းစိမ်ကား" "ဘုန်းအသရေကို မျှော်လင့်ခြင်း

အကြောင်းတည်းဟူသောသင်တို့အထဲ၌ တည်တော်မူသောခရစ်တော်ပေ
တည်း။ (ဃ ၂၇၂.၄)

ခရစ်တော်၏ဆင်းရဲခံတော်မူခြင်းကို သူတို့ဆက်ဆံကြ၏။ ထိုနည်း တူ ခရစ်တော်၏ဘုန်းတော်ထင်ရှားခြင်းကိုလည်း သူတို့ဆက်ဆံကြလိမ့်မည်။ ဘုရားသခင်၏အမှုတော်ထဲ၌ ကိုယ်တော်နှင့်အတူ ရှိသူတစ်ယောက်ချင်းသည် ဝမ်းနည်းခြင်းခွက်ဖလားကို ကိုယ်တော်နှင့်အတူသောက်ခြင်းဖြင့် ထိုသူများသည် ကိုယ်တော်၏ဝမ်းမြောက်တော်မူခြင်းကိုလည်း ပါဝင်ဆင်နွှဲကြပါသည်။

သီးနှံအောင်သောမျိုးစေ့ကိုကြဲခြင်း။ သန့်ရှင်းသောဝိညာဉ်တော်၏ စေ့ဆော်မှုတိုင်းသည် ကောင်းမြတ်ခြင်းဖြင့် လူကိုဦးဆောင်၍ ဘုရားသခင် ထံရောက်စေ၏။ ကောင်းကင်နိုင်ငံစာရင်းထဲသို့လည်း ရေးသွင်းလေ၏။ ဘုရားသခင်၏နေ့ရက်၌ သန့်ရှင်းသောဝိညာဉ်တော်၏အမှုဆောင်ခြင်းအတွက် သူတို့ကိုယ်သူတို့ကိုယ်တိုင်အပ်နှံခဲ့ကြသူတိုင်းသည် သူတို့ဘဝသူတို့အခြေအနေမည်သို့ဖြစ်လာမည်ကိုရှုမြင်ရန် အခွင့်ရကြလိမ့်မည်။ (ဃ ၂၇၃.၂)

ရွေးနုတ်ကယ်တင်ခံရကြသူတို့သည် ဘုရားသခင်ရှေ့တော်မှောက်သို့ ရောက်ကြသောအခါ အဖိုးတန်ဝိညာဉ်များသည် ထိုအရပ်၌ စာရင်းဝင်ပြီးသောသူတို့၏အမည်များကိုခေါ်လျှင် ထူးလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် သူတို့သည် သစ္စာစောင့်ခြင်း၊ သူတို့ကိုယ်အတွက် သူတို့စိတ်ရှည်ရှည်ထားကြိုးပမ်းခဲ့ကြခြင်း၊ အမာခံနယ်မြေထဲသို့ဝင်ရန် အသနားခံခြင်းနှင့် စိတ်ထက်သန်စွာစည်းရုံးခြင်းကို ပြုခဲ့ကြခြင်းတို့ကြောင့်ဖြစ်သည်။ ဆိုရလျှင် လောကအထဲရှိစဉ်က ဘုရားသခင်နှင့်အတူတကွ လုပ်ဆောင်ခဲ့ကြသောသူများသည် သူတို့အကျိုးကို သူတို့လက်ခံရရှိကြလိမ့်မည်။ (ဃ ၂၇၃.၃)

ရွေးနုတ်ကယ်တင်ခံရသူအယောက်တိုင်းသည် သူတို့ကိုယ်စားဝန်ထုပ်ထမ်းပေးခဲ့သူလူများကို တွေ့ဆုံကြိုဆိုရလေသော် အဘယ်မျှဝမ်းမြောက်လိုက်ကြလေမလဲ။ သူတို့ကိုယ်သူတို့ အားရကျေနပ်မနေပါ။ ကောင်းချီးအရနည်း၍

အကြောင်းမလှသူများအား ကောင်းချီးပေးခြင်းဖြင့် အသက်ရှင်နေထိုင်ခဲ့ကြသူများသည် စိတ်ကျေနပ်ခြင်းဖြင့် သူတို့နှလုံးသားအဘယ်မျှတုန်ခါပြည့်ကျူးနေပါလိမ့်မလဲ။ ထိုသူများသည် ကတိတော်စကားသံကို အမှတ်ရကြလိမ့် မည်။ "သူတို့ကောင်းချီးမင်္ဂလာခံစားကြရမည်။ သူတို့ကိုယ်သူတို့ဆုလာဘ် မပေးနိုင်။ တရားမျှတခြင်းပြန်လည်ရှင်သန်လာသောအခါ သူတို့သည် ဆုလာဘ်များစွာကို ရကြလိမ့်မည်။ (ဃ ၂၇၃.၄)

ကျွန်ုပ်တို့ကူညီခဲ့ရသောလူငယ်ကို ကောင်းကင်ဘုံ၌ မြင်ကြရမည်။ ထိုသူကိုကျွန်ုပ်တို့နေအိမ်သို့ ဖိတ်ခေါ်၍ လှည့်ဖြားသွေးဆောင်ခံရခြင်းမှ ကျွန်ုပ်တို့ခေါ်ထုတ်နိုင်ခဲ့သူဖြစ်ပေ၏။ ကျွန်ုပ်တို့သည် သူတို့၏မျက်နှာပေါ်ဝယ် ဘုရားသခင်၏ဘုန်းတော်ရောင်ခြည်ဖြာထွက်နေသည်ကို မြင်ကြရမည်။ (ဃ ၂၇၃.၅)

ကယ်တင်ခြင်းမဟာအကြံအစည်တော်၌ ခရစ်တော်နှင့်အတူ ကောင်းကင်တမန်များနှင့်တကွ လုပ်ဖော်ကိုင်ဖက်တစ်ယောက်ဖြစ်ပါစေ။ ဤအလုပ်နှင့်တစ်စုံတစ်ရာနှိုင်းယှဉ်နိုင်သောအလုပ်ဘာရှိသလဲ။ ကယ်တင်ခြင်း ခံရသောဝိညာဉ်တိုင်းဆီမှ ဘုန်းတန်ခိုးတော်၏အခွန်တော်ငွေသည် ဘုရားသခင် ထံသို့အပ်နှံရောက်လာ၏။ ယင်းသည်လည်း ကယ်တင်ခြင်းခံရသူတစ်ယောက် အပေါ်သို့ ရောင်ပြန်ဟပ်လေမည်။ ထို့အတူ ထိုသူ၏ကယ်တင်ခံရခြင်း၌ တန်ဆာပလာဖြစ်ခဲ့သူတစ်ဦးအပေါ်သို့လည်း ရောင်ပြန်ဟပ်ပါ၏။ (ဃ ၂၇၃.၆)

ရွေးနုတ်ခံရသူများသည် မြောက်တင်ထားသောကယ်တင်ရှင်ဆီသို့ ရောက်စေရန် သူတို့ဂရုတစိုက်ပြုစုခဲ့သူများကိုမှတ်မိ၍ တွေ့ဆုံရလိမ့်မည်။ ထိုဝိညာဉ်များနှင့်စကားစမြည်ပြောရခြင်းသည် ဘယ်လောက်မင်္ဂလာရှိလိုက် ပါသလဲ။ "ကျွန်ုပ်အပြစ်သားတစ်ယောက်ဖြစ်ခဲ့ပါတယ်" လို့သူတို့ပြောလာ ကြလိမ့်မည်။ "ကျွန်ုပ်ဆီမှာ ဘုရားမရှိ၊ မျှော်လင့်ခြင်းမရှိခဲ့ပါဘူး။ သင်က ကျွန်ုပ်ဆီရောက်လာပြီး တစ်ခုတည်းသောကျွန်ုပ်၏မျှော်လင့်ရာကယ်တင်ရှင် ဆီသို့ ကျွန်ုပ်ရဲ့အာရုံကို ပို့ပေးခဲ့တယ်။ ကယ်တင်ရှင်ဘုရားသခင်ကို ကျွန်ုပ်

ယုံကြည်ခဲ့ပါတယ်။ ကျွန်ုပ်ရဲ့အပြစ်တွေကို နောင်တရခဲ့ပါတယ်။ အခု ကောင်းကင်ဘုံမှာ ယေရှုခရစ်နာမအောက်၌ ကိုယ်တော်၏သန့်ရှင်းသူများ နှင့်အတူ ထိုင်ခွင့်ရခဲ့ပါတယ်။" နောက်တစ်ယောက်ကလည်း ပြောပြပြန်သည်။ "ကျွန်ုပ်ဟာ ဘာသာတရားမရှိတဲ့နယ်မြေထဲက ဘုရားတရားမယုံကြည်သူ တစ်ယောက်ဖြစ်ပါတယ်။ သင်ဟာ သင့်မိတ်ဆွေ၊ သင့်နေအိမ်ကို စွန့်ခွာ ခဲ့ပြီး ကျွန်ုပ်တို့ဆီမှာ ယေရှုသခင်ကို ရှာတွေ့ဖို့လာပြောပြခဲ့တယ်။ စစ်မှန် တဲ့တစ်ခုတည်းသောဘုရားသခင်ကို ယုံကြည်ဖို့ သင်လာရောက်သွန်သင်ပေး ခဲ့တယ်။ ကျွန်ုပ်ကလည်း ရုပ်တုတွေကိုစွန့်ပစ်ပြီး ထာဝရဘုရားသခင်ကို ရှာတွေ့ခဲ့တယ်။ အခုမျက်မှောက်တော်၌ ကျွန်ုပ်တွေ့ရပါပြီ။ ကျွန်ုပ်ကယ်တင် ခြင်းရခဲ့ပြီး ထာဝရကယ်တင်ခြင်းရလိုက်တာဖြစ်တယ်။ ကျွန်ုပ်ချစ်တဲ့ဘုရား သခင်ကိုလည်း ကျွန်ုပ်ဖူးမြော်ပူဇော်ခွင့်ရပါပြီ။ ယခင်က ကိုယ်တော်ကို ယုံကြည်ခြင်းမျက်စိနှင့်သာ မြင်ခဲ့ရသော်လည်း ယခုအခါ ကိုယ်တော်ရှိသည့် အတိုင်း ကိုယ်တော့်ကိုကျွန်ုပ်မြင်တွေ့ရပါပြီ။ ကိုယ်တော်သည် ကျွန်ုပ်ကို ချစ်၍ အသွေးတော်မြတ်နှင့် ကျွန်ုပ်၏အပြစ်များကို ဆေးကြောပေးတော်မူ ခဲ့သော၊ ရွေးနုတ်တော်မူသောမဟာကရုဏာတော်ကို ကျွန်ုပ်ကျေးဇူးတင် ချီးမွမ်းပါကြောင်း ယခုဖွင့်ပြောနိုင်ပါပြီ။

အခြားသူများကလည်း အစာငတ်သူများကိုကျွေးမွေး၍ အဝတ်မရှိ သူကိုအဝတ်နှင့် ဆင်ပေးခဲ့ကြသည့်သူများကို ကျေးဇူးတင်ကြောင်း ဖွင့်ပြော နေကြလိမ့်မည်။ "မျှော်လင့်ချက်ပျက်သုဉ်းခြင်းဟာ မယုံကြည်စိတ်နှင့် ကျွန်ုပ် ၏ပတ်လည်မှာချည်နှောင်လျက်ရှိစဉ် ကျွန်ုပ်ဆီသို့ သင့်ကိုဘုရားသခင်စေလွှတ် ခဲ့တယ်" လို့သူတို့ပြောကြ၏။ "မျှော်လင့်ခြင်းအကြောင်းပြောဖို့၊ သက်သာရာ ရစေဖို့ သင်ရောက်လာတာဖြစ်တယ်။ သင်ဟာ ကျွန်ုပ်ရဲ့ခန္ဓာကိုယ်လိုအင် အတွက် အစားအစာယူလာပေးတယ်။ ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ကို ဖွင့်သင်ပေးတယ်။ ဒါဟာ ကျွန်ုပ်ရဲ့ဝိညာဉ်ခန္ဓာနိုးကြားဖို့ လိုအပ်ချက်ပါပဲ။ သင်ဟာ ကျွန်ုပ်ကိုညီအစ်ကိုတစ်ယောက်လို သဘောထားခဲ့တယ်။ ကျွန်ုပ် ၏ဝမ်းနည်းမျက်ရည်ကိုလည်း ကိုယ်ချင်းစာသနားပြီး ကျွန်ုပ်ရဲ့အနာတွေ

ကို သင်ဟာ ဆေးကြောပေးတယ်။ ကျွန်ုပ်ရဲ့ဝိညာဉ်ဒဏ်ရာကို သင်ဟာ ပြန်လည်လန်းဆန်းစေခဲ့သောကြောင့် ကျွန်ုပ်ကိုကယ်တင်ဖို့ လက်လှမ်းရောက်နိုင်တဲ့ ခရစ်တော်၏လက်ကို ကျွန်ုပ်ဆုပ်ကိုင်ရမိလိုက်ပါတယ်။ ကျွန်ုပ်မိုက်မဲတဲ့အခါမှာလည်း သင်ဟာ ကောင်းကင်ဘုံ၌ ကျွန်ုပ်ကိုဂရုစိုက်သောဘုရားသခင်ရှိကြောင်း စိတ်ရှည်ရှည်နဲ့သွန်သင်ပေးခဲ့တယ်။ ဘုရားသခင်နှုတ်ကပတ်တော်ထဲက တန်ဖိုးရှိတဲ့ကတိတော်များကိုလည်း ကျွန်ုပ်ကိုသင်ဖတ်ပြပေးခဲ့တယ်။ ဘုရားသခင်ကျွန်ုပ်ကိုကယ်တင်နိုင်ကြောင်း သင်ဟာ ကျွန်ုပ်၏ယုံကြည်စိတ်ကို နှိုးဆော်ပေးခဲ့တယ်။ ကျွန်ုပ်အတွက် ခရစ်တော်မည်မျှစွန့်လွှတ်အနစ်နာခံခဲ့ရသည်ကို အာရုံပြုမိသောအခါ ကျွန်ုပ်၏နှလုံးသားဟာနူးညံ့လာခဲ့တယ်။ ထိန်းချုပ်နိုင်ခဲ့တယ်။ ကြေကွဲခဲ့ရပါတယ်။ ကျွန်ုပ်ဟာအသက်မုန့်ကိုဆာငတ်လာခဲ့ပါပြီ။ သမ္မာတရားသည် ကျွန်ုပ်၏ဝိညာဉ်အဖို့အဖိုးတန်လှပါ၏။ ကျွန်ုပ်ဟာ အခုဒီမှာ ကယ်တင်ခြင်းခံရပါပြီ။ ထာဝရစိတ်ချစွာဖြင့် ကိုယ်တော်၏မျက်မှောက်တော်အောက်၌နေရသည့်အခါ ကျွန်ုပ်အတွက် အသက်ကိုပေးခဲ့သောသခင်ဘုရား၏ကျေးဇူးတော်ကို ချီးမွမ်းခွင့်ရပါပြီ။ (ဃ ၂၇၄.၂)

## ဆုရရန်အတွက်စိတ်ရှည်သည်းခံစွာစောင့်ဆိုင်းပါ

အကယ်၍ ကျွန်ုပ်တို့၏ကယ်တင်သောအရှင်ကြွလာတော်မူမည်ကို စောင့်မျှော်ရသည်မှာ ကြာရှည်လွန်းသည်ဟုထင်မိလျှင် ဆိုပါစို့၊ ဒဏ်ရာဝေဒနာများနှင့် ခေါင်းငိုက်ကျလျက် အလုပ်ကြမ်းလုပ်ရလွန်းလို့ စုတ်ပြဲနေခဲ့ပါလျှင် ကျွန်ုပ်တို့သည် စိတ်မရှည်တော့ပြီ။ ကျွန်ုပ်တို့လုပ်ဆောင်နေသောမဟာအမှုတော်မျက်နှာစာကိုပိတ်၍ တိုက်ပွဲမှစွန့်ခွာပြီး ဂုဏ်ပြုမှတ်တမ်းလက်ခံယူလိုက်ကြမည်ဆိုလျှင် ကျွန်ုပ်တို့သတိတရမှတ်သားကြပါစို့။ ညည်းသံကြားရလေတိုင်း သတိထားရမည်ကို စစ်ဆေးကြည့်ကြပါစို့။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်သည် ကျွန်ုပ်တို့ကိုမြေကြီးပေါ်၌ မုန်တိုင်းနှင့်အတူ လူသားဒုက္ခများကို ရင်ဆိုင်ရကြဖို့ ထားရစ်ခဲ့သည်မှာ ကျွန်ုပ်တို့သည် ခရစ်တော်၏

စရိုက်လက္ခဏာနှင့်ပြည့်ဝစေရန် ကျွန်ုပ်တို့၏ခမည်းတော်ဘုရားသခင်နှင့် ညီအစ်ကိုတော်ကြီးခရစ်တော်ကို ပို၍ရင်းနှီးကျွမ်းဝင်လာစေရန် ဝိညာဉ်များစွာကို ခရစ်တော်ဆီသို့ အောင်မြင်စွာပို့ပေးခြင်းဖြင့် သခင့်အတွက် အမှုတော်ဆောင်နိုင်ကြရန်ဖြစ်သည်။ ဤသို့ဖြင့် ကျွန်ုပ်တို့၏စိတ်နှလုံးသည် စကားသံတော်ကို ဝမ်းမြောက်ဝမ်းသာကြားရနိုင်ပါသည်။ "သာဓု–သစ္စာရှိသော ငယ်သားကောင်း၊ သင်၏သခင်နှင့်အတူ စည်းစိမ်ကိုဝင်စားကြလော့။"

စိတ်ရှည်ခြင်းရှိကြပါ။ စိတ်ရှည်သည်းခံကြပါစို့၊ ခရစ်ယာန်စစ်သည်များတို့၊ အချိန်အနည်းငယ်အတွင်းမှာ လာမည်ဆိုသောကိုယ်တော်သည် ရောက်လာပါလိမ့်မည်။ ကျွန်ုပ်တို့ပင်ပန်းစွာစောင့်ဆိုင်းနေရသော၊ မျှော်လင့်နေရသော၊ စိတ်မသာညည်းတွားနေကြရသောညသည် ကုန်လုနီးပါပြီ။ မကြာမီအကျိုးပေးခံရပေတော့မည်။ ထာဝရနေ့ရက်၏အရုဏ်တက်ချိန်ရောက်လာပါလိမ့်မည်။ ယခုအခါအိပ်နေရမည့်အချိန်မဟုတ်တော့ပါ။ အသုံးမရသောဝမ်းနည်းမှုများ၌ အလိုလိုက်ခံစားနေရန်လည်း မဟုတ်တော့ပါ။ ယခုအိပ်စက်ရေးကို ဦးစားပေးနေသူများသည် အလုပ်ကောင်းလုပ်နိုင်သည့်အဖိုးတန်အခွင့်အရေးကို ဆုံးရှုံးရကြလိမ့်မည်။ ကျွန်ုပ်တို့သည် ရိတ်သိမ်းချိန်ကြီး၌ ကောက်လှိုင်းများစုသိမ်းရန် ကောင်းချီးအခွင့်အရေးရတတ်ကြသည်။ ကယ်တင်ခြင်းခံရသောဝိညာဉ်အသီးတိုင်းသည် ကျွန်ုပ်တို့ချစ်သောရွေးနုတ်ကယ်တင်ရှင်သခင်ယေရှု၏သရဖူပေါ်၌ အပိုကြယ်တစ်လုံးစီဖြစ်လာလိမ့်မည်။ တိုက်ပွဲကိုနည်းနည်းအချိန်ပိုယူထိုးထွက်တိုက်ခိုက်ပြီးမှသာ လက်နက်စုံကို ချွတ်မည် ဟူ၍ စိတ်အားထက်သန်နေသောသူသည် အောင်ပွဲအသစ်ကိုရလိမ့်မည်။ ထာဝရအဖို့ဆုဖလားများကိုလည်း အသစ်စုဆောင်းမိကြလိမ့်မည်ဖြစ်သတည်း။(ဃ ၂၇၅.၁)

–ဝ–